| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **မာတိကာ** | |
| ၁ | အမှာစာ | ခ |
| ၂ | အထူးကျေးဇူးတင်လွှာ | ဖ |
| ၃ | နိဒါန်း | ဇ |
| | **စူရဟ်အလ်နိစာအ်** | |
| ၄ | **အာယသ် ၁-၂** ..... | ၁ |
| ၅ | အာယသ်တော်ဆက်စပ်မှု ..... | ၂ |
| ၆ | အကျယ်ဖွင့်ဆိုခြင်း<br>အနီးစပ်ဆုံးသောဆွေမျိုးသားချင်းများအား ကောင်းမွန်စွာပြုစုစောင့်ရှောက်ခြင်း | ၅ |
| ၇ | မိဘမဲ့ကလေးများ၏ ရပိုင်ခွင့်များနှင့်ဂုဏ်တို့၏ပစ္စည်းဥစ္စာများကို ကာကွယ်စောင့်ရှောက်ခြင်း | ၇ |
| ၈ | **အာယသ် ၃**<br>အာယသ်တော်၏ ဆက်စပ်မှု ..... | ၁၁ |
| ၉ | အကျယ်ဖွင့်ဆိုခြင်း<br>ဖမဲ့မိန်းကလေးတို့၏ ရပိုင်ခွင့်များ ဖေါက်ဖျက်ခြင်းနှင့် ယင်းကိုကာကွယ်ခြင်း | ၁၂ |
| ၁၀ | အရွယ်မရောက်သေးသောသူများနှင့် ထိမ်းမြားခြင်း | ၁၃ |
| ၁၁ | တစ်ပြိုင်တည်း ဇနီး/ခင်ပွန်းအများထားခြင်းနှင့်ယင်းအား အစွလာမ်မတိုင်မီကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်မှု ..... | ၁၄ |
| ၁၂ | တမန်တော်မြတ်(ﷺ)၏ မြင့်မြတ်သောဇနီးများ ..... | ၁၇ |
| ၁၃ | မတရားမမျှတမှုဖြစ်နိုင်ချေရှိသော် ဇနီးမယားတစ်ဦးတည်းသာ ..... | ၂၄ |
| ၁၄ | သံသယဖြစ်ဖွယ်ရာတစ်ခုနှင့်ယင်း၏အဖြေ ..... | ၂၇ |
| ၁၅ | **အာယသ် ၄**<br>အကျယ်ဖွင့်ဆိုခြင်း ..... | ၃၀ |
| ၁၆ | **အာယသ် ၅-၆** ..... | ၃၅ |
| ၁၇ | အာယသ်တော်၏ဆက်စပ်မှု ..... | ၃၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈ | အကျယ်ဖွင့်ဆိုခြင်း | |
| | အသင်ပိုင်ဆိုင်သည်ကို ကာကွယ်ထိန်းသိမ်းပါ ..... | ၃၆ |
| ၁၉ | ဥစ္စာပစ္စည်းများကို အသိအလိမ္မာဉာဏ်ပညာနည်းပါးသောသူများအား | |
| | လွှဲပြောင်းမပေးနှင့် ..... | ၃၇ |
| ၂၀ | အရွယ်မရောက်သေးသူ၏နားလည်မှုနှင့် အရည်အသွေးကို စမ်းသပ်ရန်တို့၏ | |
| | ပညတ်ချက် ..... | ၃၉ |
| ၂၁ | အရွယ်ရောက်သည့်အသက်အပိုင်းအခြား ..... | ၄၀ |
| ၂၂ | ဆင်ခြင်နိုင်သော အသိတရားကို သိမြင်ခြင်း၊ ယင်းကိုမည်သို့ရှာဖွေမည်နည်း | |
| | اٰنَسْتُمْ مِّنْهُمْ رُشْدًا ၏ ရှင်းလင်းချက် ..... | ၄၁ |
| ၂၃ | ဖမဲ့ကလေးများ၏ဥစ္စာပစ္စည်းများကို မလိုလားအပ်ဘဲသုံးစွဲခြင်းကို တားမြစ်ခြင်း | ၄၂ |
| ၂၄ | အကယ်၍ ဖမဲ့ကလေး၏အုပ်ထိန်းသူသည် ချို့တဲ့ပါက သူ၏ကုန်ကျစရိတ်အချို့ | |
| | ကို ဖမဲ့ကလေးပိုင်ဥစ္စာပစ္စည်းများထဲမှ ထုတ်ယူသုံးစွဲနိုင်သည်။ ..... | ၄၃ |
| ၂၅ | ပစ္စည်းလွှဲပြောင်းပေးစဉ်တွင် သက်သေများရှိနေစေခြင်း ..... | ၄၃ |
| ၂၆ | တိုင်းပြည်၊ အဖွဲ့အစည်းနှင့် “အောင်ကာဖ်” တို့ ဝန်ဆောင်မှုများအတွက် | |
| | အခကြေးငွေ ..... | ၄၄ |
| ၂၇ | **အာယသ် ၇-၁၀** ..... | ၄၅ |
| ၂၈ | အကျယ်ဖွင့်ဆိုခြင်း | |
| | မိဘများနှင့် ဆွေမျိုးရင်းချာများထံမှ အမွေဆက်ခံခွင့် ..... | ၄၇ |
| ၂၉ | အမွေဆက်ခံခြင်းစည်းမျဉ်းဥပဒေ ..... | ၄၈ |
| ၃၀ | ဖသက်ဆိုးမြေး၏ အမွေဆက်ခံခြင်းပြဿနာ ..... | ၅၀ |
| ၃၁ | သေဆုံးသူပိုင်သမျှ အရာရာတိုင်းတွင် အမွေဆက်ခံပိုင်ခွင့်ရှိသည် ..... | ၅၁ |
| ၃၂ | ပုံသေအမွေဝေစုသည် အလွှာဟ်အရှင်မြတ်က သတ်မှတ်ထားပြီးဖြစ်သည် .. | ၅၁ |
| ၃၃ | အမွေဆက်ခံခြင်းသည် ပိုင်ဆိုင်မှုကို မပြုမနေရလွှဲပြောင်းခြင်းတစ်ရပ်ဖြစ်သည် | ၅၂ |
| ၃၄ | အခြားသောဆွေမျိုးသားခြင်းတို့ကို စာနာထောက်ထားခြင်း ..... | ၅၂ |
| ၃၅ | အမွေများခွဲဝေချိန်တွင် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကုန် ..... | ၅၄ |
| ၃၆ | ဖမဲ့ကလေးများ၏ ပိုင်ဆိုင်ပစ္စည်းကို အလွဲသုံးစားပြုခြင်း ..... | ၅၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇ | ဥပဒေသ ..... | ၅၇ |
| ၃၈ | **အာယသ် ၁၁** ..... | ၅၉ |
| ၃၉ | အမွေဆက်ခံခြင်း | |
| | သေဆုံးသူ၏ ဥစ္စာပစ္စည်းများအပေါ် ပဏာမရပိုင်ခွင့်များ ..... | ၆၀ |
| ၄၀ | သားသမီးများ၏ဝေစု ..... | ၆၁ |
| ၄၁ | မိန်းကလေးများကို အမွေဝေစုပေးခြင်း၏ အရေးကြီးမှု ..... | ၆၂ |
| ၄၂ | မိဘများ၏ အမွေဝေစု ..... | ၆၄ |
| ၄၃ | **အာယသ် ၁၂** ..... | ၆၆ |
| ၄၄ | အကျယ်ဖွင့်ဆိုခြင်း | |
| | ခင်ပွန်းနှင့်ဇနီးသည်၏အမွေဝေစု ..... | ၆၇ |
| ၄၅ | ဥပဒေသ ..... | ၆၈ |
| ၄၆ | **အာယသ်တော်(၁၂)** ..... | ၆၈ |
| ၄၇ | [L*\| (ကလာလဟ်)၏ အမွေ ..... | ၆၉ |
| ၄၈ | ညီအစ်ကိုမောင်နှမ၏ အမွေဝေစု ..... | ၇၀ |
| ၄၉ | (ဝဆွီယသ်) သေတမ်းစာနှင့်ပတ်သက်သည့် ပညတ်ချက်များ ..... | ၇၁ |
| ၅၀ | သတ်မှတ်ထားသည့်ဝေစုများအားတိုင်း ဝေငှခြင်းအပေါ် အလေးအနက်ပြုခြင်း | ၇၄ |
| ၅၂ | **အာယသ် ၁၃-၁၄** | |
| | အကျယ်ဖွင့်ဆိုခြင်း ..... | ၇၅ |
| ၅၃ | အမွေနှင့်ပတ်သက်သည့် ထပ်ဆင့်ဥပဒေစည်းမျဉ်းအချို့ | |
| | မုစ်လင်မ်တစ်ဦးသည် ကာဖိရ်တစ်ဦးထံမှ အမွေမဆက်ခံနိုင်ပါ ..... | ၇၆ |
| ၅၄ | လူသတ်သမား၏ အမွေဆက်ခံခွင့် ..... | ၇၇ |
| ၅၅ | မမွေးဖွားရသေးသော ကလေး၏အမွေ ..... | ၇၇ |
| ၅၆ | အစ်ဒတ်ကာလတွင်ရှိအမျိုးသမီးတစ်ဦး၏ အမွေဆက်ခံခြင်း ..... | ၇၇ |
| ၅၇ | ဥပဒေသ ..... | ၇၈ |
| ၅၈ | အပ်စ်ဗသ်၏အမွေ ..... | ၇၈ |
| ၅၉ | ဥပဒေသများ ..... | ၇၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၀ | **အာယသ် ၁၇-၁၈** ..... | ၈၀ |
| ၆၁ | ဆက်စပ်မှု ..... | ၈၁ |
| ၆၂ | အကျယ်ဖွင့်ဆိုခြင်း ..... | ၈၁ |
| ၆၃ | လိင်တူဆက်ဆံခြင်း ..... | ၈၄ |
| ၆၄ | **အာယသ် ၁၇-၁၈** ..... | ၈၉ |
| ၆၅ | အကျယ်ဖွင့်ဆိုခြင်း | |
| | သိလျက်နှင့်ပြစ်မှုကျူးလွန်သူတစ်ယောက်၏ဝန်ချတောင်းပန်ခြင်း ..... | ၉၀ |
| ၆၆ | ဝန်ချတောင်းပန်ခြင်းဆိုသည်မှာ ဘာလဲ ..... | ၉၃ |
| ၆၇ | **အာယသ် ၁၉-၂၁** ..... | ၉၇ |
| ၆၈ | အာယသ်တော်များ၏ဆက်စပ်မှု ..... | ၉၈ |
| ၆၉ | အကျယ်ဖွင့်ဆိုခြင်း | |
| | အစ္စလာမ်သာသနာမထွန်းကားမီအလျင် အမျိုးသမီးများ၏အကြောင်း မတရား | |
| | မှုများ အမြစ်ပြတ်ဖယ်ရှားခြင်း ..... | ၉၈ |
| ၇၀ | **အာယသ် ၂၂-၂၄** ..... | ၁၀၄ |
| ၇၁ | အကျယ်ဖွင့်ဆိုခြင်း ..... | ၁၀၆ |
| ၇၂ | ဥပဒေသ ..... | ၁၀၇ |
| ၇၃ | ဥပဒေသများ ..... | ၁၀၉ |
| ၇၄ | ဥပဒေများ ..... | ၁၁၁ |
| ၇၅ | ဥပဒေများ ..... | ၁၁၂ |
| ၇၆ | ဥပဒေများ ..... | ၁၁၆ |
| ၇၇ | ဥပဒေ ..... | ၁၁၇ |
| ၇၈ | “မုသ်အဟ်၏ တရားမဝင်ခြင်း” ..... | ၁၁၉ |
| ၇၉ | ဥပဒေ ..... | ၁၂၂ |
| ၈၀ | **အာယသ် ၂၅** ..... | ၁၂၄ |
| ၈၁ | အကျယ်ဖွင့်ဆိုခြင်း ..... | ၁၂၅ |
| ၈၂ | အထူးမှတ်စု ..... | ၁၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၃ | **အာယသ် ၂၆-၂၈** ..... | ၁၃၀ |
| ၈၄ | အာယသ်တော်၏ဆက်စပ်မှု ..... | ၁၃၀ |
| ၈၅ | အကျယ်ဖွင့်ဆိုခြင်း ..... | ၁၃၁ |
| ၈၆ | **အာယသ် ၂၉-၃၀** ..... | ၁၃၃ |
| ၈၇ | အာယသ်တော်၏ဆက်စပ်မှု ..... | ၁၃၃ |
| ၈၈ | အကျယ်ဖွင့်ဆိုချက် ..... | ၁၃၄ |
| ၈၉ | ကျမ်းတော်မြတ်ကုရ်အာန်နှင့်ဟဒီးဆ်တော်ကရှင်းလင်းတင်ပြသော- "မတရားသော"နည်းများ ..... | ၁၃၅ |
| ၉၀ | ခွင့်ပြုသောနည်းလမ်းများ ..... | ၁၃၅ |
| ၉၁ | သန့်ရှင်းစင်ကြယ်သော ဥစ္စာပစ္စည်းများရှာဖွေစုဆောင်းရန်အတွက်- အထူးနည်းလမ်းများ ..... | ၁၃၆ |
| ၉၂ | ရောင်းဝယ်ဖောက်ကားခြင်းနှင့် အချင်းချင်းသဘောတူညီချက် ..... | ၁၃၇ |
| ၉၃ | အချင်းချင်းသဘောတူညီခြင်း၏ စစ်မှန်သောအခြေအနေ ..... | ၁၃၈ |
| ၉၄ | **အာယသ် ၃၁** ..... | ၁၄၁ |
| ၉၅ | ဖြောင့်မတ်မှန်ကန်သောလုပ်ရပ်များ သေးငယ်သောပြစ်မှုများအတွက် ကဖာရဟ်ပြုခြင်း ..... | ၁၄၁ |
| ၉၆ | ကြီးမားသောပြစ်မှုများအတွက် သောင်ဗဟ်ပြုခြင်းဖြင့်သာလျှင် ခွင့်လွှတ်ခြင်း ခံရပါမည် ..... | ၁၄၁ |
| ၉၇ | အပြစ်ဂုနာဟ်နှစ်မျိုးနှစ်စား ..... | ၁၄၂ |
| ၉၈ | ကြီးမားသောအပြစ်နှင့်သေးငယ်သော အပြစ်များကို ရှင်းလင်းခြင်း ..... | ၁၄၃ |
| ၉၉ | ကြီးမားသောပြစ်မှုများ ..... | ၁၄၄ |
| ၁၀၀ | **အာယသ် ၃၂-၃၃** ..... | ၁၄၈ |
| ၁၀၁ | အကျယ်ဖွင့်ဆိုခြင်း မရရှိနိုင်သည်ကို အာသာငမ်းငမ်းဖြစ်ခြင်း ..... | ၁၄၉ |
| ၁၀၂ | ကောင်းသောလုပ်ရပ်များလုပ်ဆောင်ရာတွင် အခြားသူများထက်သာအောင် ကြိုးစားခြင်းသည်ကား တစ်မျိုးဖြစ်သည် ..... | ၁၅၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၃ | အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို တောင်းခံခြင်းသည် စံပြနည်းလမ်း ဖြစ်သည် ..... | ၁၅၃ |
| ၁၀၄ | အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်နှင့်အသိပညာကို-ယုံကြည် ကိုးစားပါ ..... | ၁၅၄ |
| ၁၀၅ | အမွေဥပဒေ၊ ယင်းတွင်ပါရှိသော ဟိစ်က်မသ်အသိဉာဏ်ကို အထပ်ထပ်အခါခါ မိန့်ကြားတော်မူခြင်း ..... | ၁၅၄ |
| ၁၀၆ | ပဋိညာဉ်မှတစ်ဆင့် အမွေရရှိခြင်း ..... | ၁၅၅ |
| ၁၀၇ | **အာယသ် ၃၄-၃၅** ..... | ၁၅၆ |
| ၁၀၈ | အကျယ်ဖွင့်ဆိုခြင်း ..... | ၁၅၇ |
| ၁၀၉ | အမျိုးသားများ အသာရမှုကိုဖော်ပြရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ အာဝဇ္ဇန်းရွှင်မှု ..... | ၁၆၀ |
| ၁၁၀ | အမျိုးသားများနှင့်အမျိုးသမီးများတို့ တာဝန်ယူရသည့်အခန်းကဏ္ဍ၊ လုပ်ဆောင်မှုတို့၏မူ ..... | ၁၆၀ |
| ၁၁၁ | ဇနီးသည်ကောင်းဆိုသည်မှာ ..... | ၁၆၂ |
| ၁၁၂ | မနာခံသောဇနီးသည်တစ်ဦးအား ပြုပြင်နည်း ..... | ၁၆၃ |
| ၁၁၃ | နိဂုံး ..... | ၁၆၅ |
| ၁၁၄ | အငြင်းပွားမှုများအတွက် မိသားစုခုံသမာဓိ၏အခန်းကဏ္ဍ ..... | ၁၆၇ |
| ၁၁၅ | အခြားသောအငြင်းပွားမှုများတွင်လည်း ခုံသမာဓိအဖွဲ့ ဖွဲ့စည်းခြင်း ..... | ၁၇၀ |
| ၁၁၆ | **အာယသ် ၃၆-၃၈** ..... | ၁၇၃ |
| ၁၁၇ | အာယသ်တော်၏ဆက်စပ်မှု ..... | ၁၇၄ |
| ၁၁၈ | အကျယ်ဖွင့်ဆိုခြင်း သောင်ဟီးဒ်ကို အခွင့်အရေးများတွင် ဦးစားပေးခြင်းအကြောင်း ..... | ၁၇၄ |
| ၁၁၉ | သောင်ဟီးဒ်သတင်းစကားနောက် ဦးစွာပထမလာရှိသည်မှာ မိဘများ၏-အခွင့်အရေးပင်ဖြစ်သည် ..... | ၁၇၅ |
| ၁၂၀ | ဆွေမျိုးသားချင်းများအား ကောင်းမွန်စွာဆက်ဆံခြင်းအပေါ် အလေးအနက် ပြုခြင်း ..... | ၁၇၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၁ | ဖမဲ့ကလေးများနှင့် ချို့တဲ့သူများ၏အခွင့်အရေးများ ..... | ၁၇၇ |
| ၁၂၂ | အိမ်နီးချင်း၏အခွင့်အရေးများ ..... | ၁၇၈ |
| ၁၂၃ | အသင့်ဘေးတွင်ရှိသော အပေါင်းအဖော်၏အခွင့်အရေး ..... | ၁၇၉ |
| ၁၂၄ | လမ်းတွင်ကြုံသောသူ၏အခွင့်အရေး ..... | ၁၈၀ |
| ၁၂၅ | ကျေးကျွန်၊ ကျေးကျွန်မ၊ အစေခံနှင့် လုပ်ခစားတို့၏အခွင့်အရေးများ ..... | ၁၈၀ |
| ၁၂၆ | နိုင်လိုမင်းထက်ပြုခြင်းသည် အခွင့်အရေးများဖြည့်ဆည်းမှုကိုအနှောက်အယှက်ဖြစ်စေသည် ..... | ၁၈၀ |
| ၁၂၇ | **အာယသ် ၃၉-၄၂** ..... | ၁၈၆ |
| ၁၂၈ | အကျယ်ဖွင့်ဆိုချက် ..... | ၁၈၇ |
| ၁၂၉ | အထူးမှတ်စု ..... | ၁၈၉ |
| ၁၃၀ | **အာယသ် ၄၃** ..... | ၁၉၁ |
| ၁၃၁ | ဤအာယသ်တော်ကျရောက်ခြင်း၏ နောက်ခံအကြောင်း ..... | ၁၉၂ |
| ၁၃၂ | အကျယ်ဖွင့်ဆိုခြင်း<br>အရက်သေစာပိတ်ပင်ခြင်း၊ အမိန့်ပညတ်ချက်များ တဖြည်းဖြည်းနှင့်ထုတ်ပြန်လာခဲ့ခြင်း ..... | ၁၉၂ |
| ၁၃၃ | ဥပဒေသ ..... | ၁၉၃ |
| ၁၃၄ | အယ်ဒီတာ၏မှတ်စု ..... | ၁၉၄ |
| ၁၃၅ | တယမွမ်ဥပဒေသည်ကား ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်၍ မုစ်လင်မ်အုမ္မသ်ထု၏ ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည် ..... | ၁၉၆ |
| ၁၃၆ | **အာယသ် ၄၄-၄၆** ..... | ၁၉၇ |
| ၁၃၇ | **အာယသ် ၄၇**<br>အကျယ်ဖွင့်ဆိုခြင်း<br>မှတ်စု(၁) ..... | ၁၉၉ |
| ၁၃၈ | မှတ်စု(၂) ..... | ၂၀၀ |
| ၁၃၉ | **အာယသ် ၄၈-၅၀** ..... | ၂၀၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၀ | အကျယ်ဖွင့်ဆိုခြင်း | |
| | “ရှစ်ရိက်” အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အချို့သောအသွင်သဏ္ဌာန်များ ..... | ၂၀၂ |
| ၁၄၁ | အသိပညာတွင် ရှစ်ရိက်ဖြစ်ခြင်း ..... | ၂၀၂ |
| ၁၄၂ | တန်ခိုးအာဏာနှင့်ဆိုင်သော ရှစ်ရိက် ..... | ၂၀၂ |
| ၁၄၃ | အိဇာဒသ်ခဝတ်ကိုးကွယ်မှုပြုခြင်းနှင့် သက်ဆိုင်သော ရှစ်ရိက် ..... | ၂၀၃ |
| ၁၄၄ | မိမိကိုယ်မိမိ အမွှမ်းတင်ခြင်း၌မွေ့လျော်ခြင်း ..... | ၂၀၃ |
| ၁၄၅ | ဥပဒေသ ..... | ၂၀၄ |
| ၁၄၆ | **အာယသ် ၅၁-၅၂** ..... | ၂၀၅ |
| ၁၄၇ | အကျယ်ဖွင့်ဆိုခြင်း | |
| | ဂျိဗ်သ်နှင့်သွာဃူသ်ဆိုသည်မှာ ဘာလဲ ..... | ၂၀၅ |
| ၁၄၈ | လက်ရှိအာယသ်တော်များနှင့်ယင်းတို့၏ကျရောက်ခြင်းနောက်ခံအကြောင်း .. | ၂၀၆ |
| ၁၄၉ | ရုပ်ဝတ္ထုအကျိုးစီးပွားနောက်သို့ မျက်စိစုံမိတ်လိုက်ခြင်းသည် တစ်ခါတစ်ရံတွင် | |
| | လူသားတစ်ဦးအား ဘာသာတရားနှင့်အီမာန်ယုံကြည်မှု စွန့်ခွာသွားစေပါသည် | ၂၀၇ |
| ၁၅၀ | အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်မှ ကင်းဝေးစေခြင်းသည် ဤကမ္ဘာလောက | |
| | နှင့်တမလွန်အာခိရသ်တွင်ပါ ဂုဏ်သရေယုတ်လျော့စေပါသည် ..... | ၂၀၈ |
| ၁၅၁ | အလ္လာဟ်အရှင့်“လအ်နသ်”နှင့် မည်သူထိုက်သင့်သနည်း ..... | ၂၀၉ |
| ၁၅၂ | “လအ်နသ်”နှင့်ဆိုင်သော စည်းမျဉ်းဥပဒေများ ..... | ၂၁၂ |
| ၁၅၃ | ဥပဒေများ ..... | ၂၁၃ |
| ၁၅၄ | **အာယသ် ၅၃-၅၅** ..... | ၂၁၅ |
| ၁၅၅ | အကျယ်ဖွင့်ဆိုခြင်း | |
| | ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မနာလိုဝန်တိုမှုဖြစ်ခြင်းအတွက် ဂျူးတို့အား | |
| | ဆုံးမသတိပေး ..... | ၂၁၆ |
| ၁၅၆ | မနာလိုဝန်တိုမှု၏အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဥပဒေသများ ..... | ၂၁၆ |
| ၁၅၇ | **အာယသ် ၅၆-၅၇** ..... | ၂၁၈ |
| ၁၅၈ | အကျယ်ဖွင့်ဆိုခြင်း ..... | ၂၁၉ |
| ၁၅၉ | သန့်ရှင်းစင်ကြယ်သော ဇနီးမိန်းမများ၏ရှင်းလင်းဖော်ပြချက်တစ်ရပ် ..... | ၂၁၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၀ | **အာယသ် ၅၈-၅၉** ..... | ၂၂၁ |
| ၁၆၁ | အကျယ်ဖွင့်ဆိုခြင်း ..... | ၂၂၂ |
| ၁၆၂ | ယုံကြည်အပ်နှံမှုနှင့်ပတ်သက်၍ ချမှတ်ထားသော တာဝန်ဝတ္တရားများဖြည့်ဆည်းခြင်းအပေါ် အလေးအနက်ထားခြင်း ..... | ၂၂၄ |
| ၁၆၃ | ယုံကြည်အပ်နှံမှုချိုးဖောက်ခြင်းသည် အရေခြုံခြင်း၏လက္ခဏာတစ်ရပ် .... | ၂၂၅ |
| ၁၆၄ | ယုံကြည်အပ်နှံမှုဆိုင်ရာ တာဝန်များ၏အမျိုးအစားများ ..... | ၂၂၅ |
| ၁၆၅ | အခွင့်အာဏာနှင့်အုပ်ချုပ်မှုရာထူးများသည် အလွှာဟ်အရှင်မြတ်၏ ယုံကြည်အပ်နှံမှုများဖြစ်သည် ..... | ၂၂၅ |
| ၁၆၆ | မည်သည့်ရာထူးကိုမဆို မထိုက်တန်သူတစ်စုံတစ်ဦးအား ခန့်အပ်သူသည် လအ်နသ်ကရုဏာတော်မှကင်းဝေးပါစေ ..... | ၂၂၆ |
| ၁၆၇ | သာတူညီမျှခြင်းနှင့်တရားမျှတခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အာမခံသည် | ၂၂၈ |
| ၁၆၈ | အစိုးရရာထူးရာခံများကို ဒေသဆိုင်ရာ(သို့) နယ်ပယ်ဆိုင်ရာအပေါ် အခြေခံ၍ ပေးခြင်းသည် စည်းမျဉ်းမှားယွင်းခြင်းတစ်ရပ်ဖြစ်သည် ..... | ၂၃၀ |
| ၁၆၉ | အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အချို့သောရွှေစည်းမျဉ်းများ | ၂၃၀ |
| ၁၇၀ | အာဏာပိုင်များ ..... | ၂၃၁ |
| ၁၇၁ | အလွှာဟ်အရှင်မြတ်၏ အမိန့်တော်နာခံခြင်းနည်းလမ်းများ ..... | ၂၃၂ |
| ၁၇၂ | ရှရီအသ်တရားတော်နှင့်ဆန့်ကျင်သည့်လုပ်ရပ်များအတွက် အာဏာပိုင်များ၏ အမိန့်နာခံခြင်းခွင့်မပြု ..... | ၂၃၅ |
| ၁၇၃ | တရားမျှတသောသူသည် အလွှာဟ်အရှင်မြတ်၏ အရေးပေးခြင်းခံရသော ကျေးကျွန်ဖြစ်သည် ..... | ၂၃၆ |
| ၁၇၄ | အိဂျ်သိဟာဒ်နှင့်ကိယားစ်၏သက်သေသာဓက ..... | ၂၃၆ |
| ၁၇၅ | **အာယသ် ၆၀-၆၄** ..... | ၂၃၇ |
| ၁၇၆ | အကျယ်ဖွင့်ဆိုခြင်း ဤအာယသ်တော်များကျရောက်ရသည့်နောက်ခံအကြောင်း ..... | ၂၃၉ |
| ၁၇၇ | အာယသ်တော်များ၏ ရှင်းလင်းချက် ..... | ၂၄၀ |
| ၁၇၈ | **အာယသ် ၆၅** ..... | ၂၄၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၉ | အကျယ်ဖွင့်ဆိုခြင်း | |
| | တမန်တော်မြတ်(ﷺ)၏ အဆုံးအဖြတ်ကိုလက်မခံခြင်းသည် ကာဖိရ်ဖြစ်သည် | ၂၄၅ |
| ၁၈၀ | တမန်တော်မြတ်(ﷺ)သခင်၏ အခွင့်အာဏာသည် ခေတ်အခါသမယတိုင်း အတွက်ဖြစ်သည် ..... | ၂၄၆ |
| ၁၈၁ | ပြဿနာအချို့နှင့်ယင်းတို့အား ဖြေရှင်းနည်းများ ..... | ၂၄၆ |
| ၁၈၂ | အထူးမှတ်ချက် ..... | ၂၄၈ |
| ၁၈၃ | **အာယသ် ၆၆-၆၈** ..... | ၂၅၀ |
| ၁၈၄ | **အာယသ် ၆၉-၇၀** ..... | ၂၅၃ |
| ၁၈၅ | အကျယ်ဖွင့်ဆိုခြင်း | |
| | ဂျန္နသ်သုခဘုံတွင်ရှိရမည့်အဆင့်အတန်းတို့၏ စံသည် ကောင်းမှုကောင်းရာ လုပ်ရပ်တို့ပင်ဖြစ်ပါလိမ့်မည် ..... | ၂၅၄ |
| ၁၈၆ | အာယသ်တော်ကျရောက်ရခြင်း၏ နောက်ခံအကြောင်း ..... | ၂၅၄ |
| ၁၈၇ | ဂျန္နသ်သုခဘုံတွင် တစ်ဦးနှင့်တစ်ဦးဆုံတွေ့ရခြင်းပုံစံအချို့ ..... | ၂၅၅ |
| ၁၈၈ | ချစ်ခင်မြတ်နိုးခြင်းသည် နီးကပ်မှုအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည် | ၂၅၇ |
| ၁၈၉ | တမန်တော်မြတ်(ﷺ)သခင်နှင့်အတူရှိနေရအတွက် မည်သည့်အသားအရောင် ကိုဖြစ်စေ၊ လူမျိုးနွယ်စုကိုဖြစ်စေ သတ်မှတ်ကန့်သတ်ထားချက်မရှိပါ ..... | ၂၅၇ |
| ၁၉၀ | ဂျန္နသ်၏အဆင့်အတန်းများ၊ ယင်းတို့၏အသေးစိတ်အချက်အလက်အချို့ ... | ၂၅၉ |
| ၁၉၁ | ဆွစ်ဒ်ဒီးကွိုးန်၏ အဓိပ္ပာယ်ဖော်ပြချက် ..... | ၂၆၀ |
| ၁၉၂ | ရှို့ဟဒါများ၏အဓိပ္ပာယ်ဖွင့်ဆိုချက် ..... | ၂၆၁ |
| ၁၉၃ | ဆွလိဟီန်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက် ..... | ၂၆၁ |
| ၁၉၄ | **အာယသ် ၇၁-၇၄** ..... | ၂၆၂ |
| ၁၉၅ | အကျယ်ဖွင့်ဆိုချက် | |
| | အရေးကြီးသောမှတ်စုများ ..... | ၂၆၃ |
| ၂၉၆ | **အာယသ် ၇၅-၇၆** ..... | ၂၆၅ |
| ၂၉၇ | အကျယ်ဖွင့်ဆိုချက် | |
| | အဖိနှိပ်ခံများတို့၏ဆုတောင်းပြည့်ခြင်း ..... | ၂၆၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉၈ | အလွာဟ်အရှင်မြတ်ထံ ဆုမွန်ဒုအာတောင်းခံခြင်းသည် အလုံးစုံသော အခက်အခဲများအတွက် ဆေးတစ်လက်ဖြစ်သည် ..... | ၂၆၇ |
| ၂၉၉ | စစ်တိုက်ရခြင်း၏ ရည်ရွယ်ချက်များ ..... | ၂၆၇ |
| ၃၀၀ | ရှိုင်တွာန်၏ပရိယာယ်သည် ချည့်နဲ့သည် ..... | ၂၆၇ |
| ၃၀၁ | **အာယသ် ၇၇-၇၉** ..... | ၂၆၉ |
| ၃၀၂ | အကျယ်ဖွင့်ဆိုချက် ဝဟီကျရောက်ခြင်း၏ နောက်ခံအကြောင်း ..... | ၂၇၁ |
| ၃၀၃ | မုစ်လင်မ်များသည် "ဂျိဟားဒ်"စစ်ပွဲရွေ့ဆိုင်းရန်အတွက် အဘယ်ကြောင့်ဆန္ဒပြုခဲ့ကြသနည်း ..... | ၂၇၂ |
| ၃၀၄ | မိမိကိုယ်ကိုမိမိပြုပြင်ခြင်းသည် စုပေါင်းပြုပြင်ခြင်း၏အလျင်ဖြစ်သင့်ပါသည် | ၂၇၂ |
| ၃၀၅ | ဤကမ္ဘာလောကတွင်ရရှိသော ကောင်းချီးမင်္ဂလာများနှင့် နောင်တမလွန်ဘဝတွင်ရရှိမည့် ကောင်းချီးမင်္ဂလာများ၏ ခြားနားချက် ..... | ၂၇၃ |
| ၃၀၆ | သေခြင်းတရားမှ မလွတ်မြောက်နိုင် ..... | ၂၇၄ |
| ၃၀၇ | လုံခြုံစိတ်ချရသောအိမ်များဆောက်လုပ်ခြင်းသည်"သဝပ်ကလ်"နှင့်မဆန့်ကျင်ပါ | ၂၇၆ |
| ၃၀၈ | ကောင်းချီးမင်္ဂလာများသည် အလွာဟ်အရှင်မြတ်၏ကရုဏာတော်၊ ကျေးဇူးတော်များအရသာ ကျရောက်သည် ..... | ၂၇၆ |
| ၃၀၉ | ဘေးဒုက္ခအပေါင်းတို့သည် မကောင်းသောလုပ်ရပ်တို့၏ ရလဒ်ဖြစ်သည် ... | ၂၇၇ |
| ၃၁၀ | အစ္စလာမ့်တမန်တော်ကြီးသည် စကြဝဠာတစ်ခုလုံးအတွက် တမန်တော်ဖြစ်ခြင်း | ၂၇၈ |
| ၃၁၁ | **အာယသ် ၈၀** ..... | ၂၇၉ |
| ၃၁၂ | **အာယသ် ၈၁-၈၂** ..... | ၂၈၀ |
| ၃၁၃ | အကျယ်ဖွင့်ဆိုခြင်း ..... | ၂၈၁ |
| ၃၁၄ | ခေါင်းဆောင်တစ်ဦးအတွက် အရေးကြီးသည့် ညွှန်ကြားချက် ..... | ၂၈၁ |
| ၃၁၅ | ကျမ်းတော်မြတ်ကုရ်အာန်ကို စဉ်းစားတွေးခေါ်ခြင်း ..... | ၂၈၂ |
| ၃၁၆ | တစ်ဦးခြင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့၏ ဋီကာအကျယ်ဖွင့်ဆိုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာရှင်းလင်းခြင်းတို့တွင် ချုပ်ကိုင်အုပ်စီးခြင်းမရှိရ။ သို့ရာတွင် ယင်းကိစ္စအတွက် စည်းကမ်းချက်များရှိသည် ... | ၂၈၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | Ǩay-Ǫ_ ကိယား(စ်)၏ သက်သေပြချက် ..... | ၂၈၄ |
| ၃၁၇ | မြောက်များစွာသောကွဲလွဲမှု ..... | ၂၈၅ |
| ၃၁၈ | **အာယသ် ၈၃** ..... | ၂၈၆ |
| | အကျယ်ဖွင့်ဆိုခြင်း ..... | ၂၈၆ |
| | ဝဟီပို့ချခြင်း၏ နောက်ခံအကြောင်း ..... | ၂၈၆ |
| ၃၁၉ | ဟုတ်မဟုတ်မှန်မမှန် မစစ်ဆေးဘဲ ကောလာဟာလပျံ့နှံ့စေခြင်း ..... | ၂၈၇ |
| ၃၂၀ | ဩဇာအာဏာရှိသူများဆိုသည်မှာ မည်သူများနည်း ..... | ၂၈၇ |
| ၃၂၁ | မျက်မှောက်ခေတ်ပြဿနာများအတွက် “ကိယားစ်”နှင့်အိဂျ်သိဟားဒ် ..... | ၂၈၈ |
| ၃၂၂ | အမိန့်ပညတ်ချက်ထုတ်နှုတ်ခြင်းဆိုင်ရာ တမန်တော်တာဝန် ..... | ၂၈၉ |
| ၃၂၃ | အရေးကြီးသောမှတ်စု ..... | ၂၉၀ |
| ၃၂၄ | အိဂျ်သိဟားဒ်၏ရလဒ် ..... | ၂၉၀ |
| ၃၂၅ | **အာယသ် ၈၄** ..... | ၂၉၁ |
| ၃၂၆ | အကျယ်ဖွင့်ဆိုခြင်း | |
| | အာယသ်တော်ကျရောက်ရခြင်း၏ နောက်ခံအကြောင်း ..... | ၂၉၁ |
| ၃၂၇ | ကုရ်အာန်ကျမ်းတော်မြတ်ပါ အမိန့်ပညတ်ချက်များ၏ အာဝဇ္ဇန်းရှင်သည့်ဟန် | ၂၉၂ |
| ၃၂၈ | **အာယသ် ၈၅-၈၇** ..... | ၂၉၃ |
| ၃၂၉ | အကျယ်ဖွင့်ဆိုခြင်း | |
| | ကြားဝင်အကြံပေးခြင်းနှင့် ပတ်သက်သော စစ်မှန်ချက်နှင့်ယင်းတို့၏ | |
| | ဥပဒေများနှင့် အမျိုးအစားများ ..... | ၂၉၄ |
| ၃၃၀ | ကြားဝင်အကြံဥာဏ်ပေးမှုတစ်ခုအတွက် အခကြေးငွေလက်ခံရယူခြင်းသည် | |
| | လာဘ်စားခြင်းပင်ဖြစ်သောကြောင့် လုံးဝတားမြစ်သည် ..... | ၂၉၈ |
| ၃၃၁ | “စလာမ်နှင့်အစ္စလာမ်” မုစ်လင်မ်နှုတ်ခွန်းဆက်သခြင်း၏ ချမ်းသာသုခ .... | ၂၉၉ |
| ၃၃၂ | တစ်မူထူးခြားသော အစ္စလာမ့်နှုတ်ခွန်းဆက်နည်း ..... | ၃၀၀ |
| ၃၃၃ | **အာယသ် ၈၈-၉၁** ..... | ၃၀၂ |
| ၃၃၄ | အကျယ်ဖွင့်ဆိုခြင်း ..... | ၃၀၉ |
| ၃၃၅ | မိမိတို့၏အိမ်ယာများကို စွန့်ခွာပြောင်းရွှေ့ခြင်းပုံစံအမျိုးမျိုးနှင့်ယင်းတို့၏ | |
| | ဥပဒေများ ..... | ၃၁၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃၆ | **အာယသ် ၉၂-၉၃** ..... | ၃၁၄ |
| ၃၃၇ | အကျယ်ဖွင့်ဆိုခြင်း | |
| | အာယသ်တော်၏ဆက်စပ်မှု ..... | ၃၁၅ |
| ၃၃၈ | လူသတ်မှု(၃)မျိုးနှင့် ယင်းနှင့်ပတ်သက်သောအမိန့်ပညတ်ချက်များ ..... | ၃၁၇ |
| ၃၃၉ | ဥပဒေ ..... | ၃၁၈ |
| ၃၄၀ | **အာယသ် ၉၄-၉၆** ..... | ၃၂၀ |
| ၃၄၁ | အကျယ်ဖွင့်ဆိုခြင်း | |
| | အာယသ်တော်ဆက်စပ်မှု ..... | ၃၂၁ |
| ၃၄၂ | မုစ်လင်မ်တစ်ဦးဟုဖော်ထုတ်ရန် အစွမ်းလမ့်လက္ခဏာများကလုံလောက်ပေသည် | ၃၂၂ |
| ၃၄၃ | အဖြစ်အပျက်တစ်ခုနှင့်ပတ်သက်သော အချက်အလက်များကို စုံစမ်းစစ်ဆေး | |
| | ခြင်းမပြုလုပ်ဘဲ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခြင်းခွင့်မပြုချေ။ ..... | ၃၂၄ |
| ၃၄၄ | မုစ်လင်မ်တစ်ဦးကို ကာဖိရ်တစ်ဦးအဖြစ် မမှတ်ယူရဟူသည်၏ဆိုလိုရင်း .... | ၃၂၅ |
| ၃၄၅ | ဂျိဟားဒ်နှင့်ပတ်သက်သော ပညတ်ချက်အချို့ ..... | ၃၂၇ |
| ၃၄၆ | ဖရသွဲကိဖာယဟ်ကိုရှင်းလင်းဖော်ပြခြင်း ..... | ၃၂၇ |
| ၃၄၇ | ဥပဒေ ..... | ၃၂၉ |
| ၃၄၈ | **အာယသ် ၉၇-၁၀၀** ..... | ၃၃၀ |
| ၃၄၉ | အကျယ်ဖွင့်ဆိုခြင်း | |
| | "ဟိဂျ်ရသ်"အကြောင်းရှင်းလင်းချက် ..... | ၃၃၁ |
| ၃၅၀ | "ဟိဂျ်ရသ်"၏ကောင်းချီးမင်္ဂလာများ ..... | ၃၃၃ |
| ၃၅၁ | ဟိဂျ်ရသ်လုပ်ခြင်း၏ ကောင်းချီးမင်္ဂလာများ ..... | ၃၃၄ |
| ၃၅၂ | **အာယသ် ၁၀၁-၁၀၄** ..... | ၃၃၈ |
| ၃၅၃ | အကျယ်ဖွင့်ဆိုခြင်း | |
| | ခရီးစဉ်တွင်ပေးထားသော လျှော့ပေါ့ပေးမှုများ ..... | ၃၄၀ |
| | ဥပဒေသ ..... | ၃၄၀ |
| ၃၅၄ | **အာယသ် ၁၀၅-၁၁၃** ..... | ၃၄၃ |
| ၃၅၅ | ဆက်စပ်မှု ..... | ၃၄၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅၆ | ဤအာယသ်တော်များကျရောက်ခြင်း၏ နောက်ခံအကြောင်းရင်း ..... | ၃၄၆ |
| ၃၅၇ | တမန်တော်မြတ်(ﷺ)သခင်နှင့်အိဂျ်သိဟာဒ် ..... | ၃၅၀ |
| ၃၅၈ | ဝန်ချတောင်းပန် သောင်ဗဟ်ပြုခြင်း၏စစ်မှန်မှု ..... | ၃၅၂ |
| ၃၅၉ | တစ်စုံတစ်ဦးအပြစ်များကို အခြားသူများအပေါ်သို့ ပုံချခြင်းသည် ထပ်ဆင့် | |
| | အပြစ်ဒဏ်ရစေသည် ..... | ၃၅၂ |
| | ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်တို့၏ စစ်မှန်ခြင်း ..... | ၃၅၃ |
| ၃၆၀ | **အာယသ် ၁၁၄-၁၁၅** ..... | ၃၅၄ |
| ၃၆၁ | အာယသ်တော်ဆက်စပ်မှု | |
| | အကျယ်ဖွင့်ဆိုခြင်း ..... | ၃၅၅ |
| ၃၆၂ | ငြိမ်းချမ်းရေးပြုလုပ်ခြင်း၏ ထူးမြတ်မှုများ ..... | ၃၅၆ |
| ၃၆၃ | အုမ္မသ်ထု၏ တညီတညွတ်တည်းသဘောတူညီချက်များသည် ခိုင်လုံသော | |
| | ဘာသာရေးဆိုင်ရာ အခွင့်အာဏာဖြစ်သည် ..... | ၃၅၇ |
| ၃၆၄ | **အာယသ် ၁၁၆-၁၂၁** ..... | ၃၅၈ |
| ၃၆၅ | ဆက်စပ်မှု ..... | ၃၅၉ |
| ၃၆၆ | အကျယ်ဖွင့်ဆိုချက် ..... | ၃၆၀ |
| ၃၆၇ | ရှိရ်ရစ်က်နှင့်ကုဖ်ရ်ပြစ်မှုအတွက် ပြစ်ဒဏ်ခံရခြင်းသည် အမြဲထာဝရဖြစ်သည် | ၃၆၁ |
| | ဇူလ်လွန်မ် ..... | ၃၆၁ |
| ၃၆၈ | ရှိရ်ရစ်က်၏စစ်မှန်ခြင်းမှာ မည်သည်နည်း ..... | ၃၆၂ |
| ၃၆၉ | **အာယသ် ၁၂၂-၁၂၆** ..... | ၃၆၃ |
| ၃၇၀ | အကျယ်ဖွင့်ဆိုခြင်း | |
| | တစ်ဦးကိုတစ်ဦး အပြိုင်အဆိုင်ဂုဏ်ပေးရန်အတွက် ရှေးကျမ်းရသူများနှင့် | |
| | မုစ်လင်မ်များအကြား အချီအချစကားပြောဆိုခြင်း ..... | ၃၆၄ |
| ၃၇၁ | အလ္လာဟ်အရှင်မြတ်လက်ခံသဘောတူညီရန်အတွက် “စံ”တစ်ရပ် ..... | ၃၆၇ |
| ၃၇၂ | ဖြူစင်ရိုးသားမှုချို့တဲ့ခြင်းကြောင့်ဖြစ်စေ၊ မှန်ကန်စွာ မလုပ်ဆောင်၍ဖြစ်စေ | |
| | အမျိုးသားထုတစ်ရပ်လုံးလမ်းမှားသို့ ရောက်စေသည် ..... | ၃၆၈ |
| ၃၇၃ | **အာယသ် ၁၂၇-၁၃၀** ..... | ၃၇၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇၄ | အကျယ်ဖွင့်ဆိုခြင်း<br>အိမ်ထောင်သည်ဘဝနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏အချို့သောညွှန်ကြားချက်များ ..... | ၃၇၄ |
| ၃၇၅ | အိမ်ထောင်ရေးအငြင်းပွားမှုတစ်ရပ်၌ အခြားသူများ၏ဝင်ရောက်စွက်ဖက်မှု | ၃၇၆ |
| ၃၇၆ | ဖော်ပြပြီးခဲ့သည့် မှတ်ချက်များ၏ အကျဉ်းချုပ် ..... | ၃၇၇ |
| ၃၇၇ | လမ်းညွှန်မှု၏ အနှစ်သာရ<br>ညှိနှိုင်းဆွေးနွေးခြင်း (အကောင်းဆုံးရွေးချယ်မှု) ..... | ၃၇၈ |
| ၃၇၈ | မည်သူတစ်ဦးတစ်ယောက်တွင်မှ ၎င်းထိန်းချုပ်နိုင်သည်ထက် တာဝန်မတင်ရှိချေ ..... | ၃၈၁ |
| ၃၇၉ | ဤအာယသ်တော်သည် ဇနီးအများယူခြင်းအား ဆန့်ကျင်ရန်အသုံးမပြုနိုင်ချေ | ၃၈၃ |
| ၃၈၀ | **အာယသ် ၁၃၁-၁၃၄** ..... | ၃၈၅ |
| ၃၈၁ | အာယသ်တော်၏ဆက်စပ်မှု<br>ပေါ်လွင်ထင်ရှားသည့် ကောက်ချက်များ ..... | ၃၈၆ |
| ၃၈၂ | **အာယသ် ၁၃၅**<br>တမန်တော်များစေလွှတ်ခြင်းနှင့်ကျမ်းတော်များချပေးခြင်း၏စစ်မှန်သောရည်ရွယ်ချက် ..... | ၃၈၈ |
| ၃၈၃ | တရားမျှတမှုကို လိုက်နာကျင့်သုံးခြင်းသည် အုပ်ချုပ်သူတို့အတွက်သာမဟုတ် | ၃၈၉ |
| ၃၈၄ | တမလွန်ဘဝကိုယုံကြည်ခြင်းနှင့်အလွှာဟ်အရှင်မြတ်ကိုကြောက်ရွံ့ခြင်းသည်သာစကြဝဠာလုံးဆိုင်ရာ ငြိမ်းချမ်းသာယာမှုအတွက်တစ်ခုတည်းသောအာမခံချက်ဖြစ်သည် ..... | ၃၉၁ |
| ၃၈၅ | ရှင်းလင်းချက် ..... | ၃၉၄ |
| ၃၈၆ | တရားမျှတမှုအတွက် အဟန့်အတားများ ..... | ၃၉၅ |
| ၃၈၇ | ကုရ်အာန်ကျမ်းတော်မြတ်၏ စကြဝဠာလုံးဆိုင်ရာ တရားမျှတမှု၏အခြေခံမူများ | ၃၉၆ |
| ၃၈၈ | **အာယသ် ၁၃၆-၁၃၇**<br>အာယသ်တော်၏ဆက်စပ်မှု ..... | ၃၉၈ |
| ၃၈၉ | အရေးပါသည့်မှတ်စုများ ..... | ၃၉၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉၀ | **အာယသ် ၁၃၈-၁၄၁** ..... | ၄၀၀ |
| ၃၉၁ | အကျယ်ဖွင့်ဆိုခြင်း ..... | ၄၀၁ |
| ၃၉၂ | ဂုဏ်ဒြပ်ကိုအလွှာဟ်အရှင်မြတ်ထံတော်မှသာရယူပါ ..... | ၄၀၂ |
| ၃၉၃ | ကုရ်အာန်ကျမ်းတော်မြတ်အား ထင်မြင်ချက်များအပေါ် အခြေခံပြီးရှင်းလင်းထားသည်များကို နားထောင်ခြင်းခွင့်မပြု ..... | ၄၀၅ |
| | မကောင်းသောအသိုင်းအဝိုင်းတွင်ရှိနေခြင်းထက် တစ်ကိုယ်တည်းရှိနေခြင်းကသာ၍ကောင်းသည် ..... | ၄၀၇ |
| ၃၉၄ | အချုပ်ဆိုရသော် မယုံကြည်သွေဖည်ငြင်းပယ်မှုကို လိုက်လျောကူညီခြင်းသည် မယုံကြည်သွေဖည်ငြင်းပယ်မှုဖြစ်သည် ..... | ၄၀၈ |
| ၃၉၅ | **အာယသ် ၁၄၂-၁၄၄** ..... | ၄၀၉ |
| ၃၉၆ | **အာယသ် ၁၄၅-၁၄၇** ..... | ၄၁၁ |
| ၃၉၇ | ဖြူစင်ရိုးသားခြင်း၏အဓိပ္ပာယ် ..... | ၄၁၂ |
| ၃၉၈ | **အာယသ် ၁၄၈-၁၅၂** ..... | ၄၁၃ |
| ၃၉၉ | အကျယ်ဖွင့်ဆိုခြင်း ..... | ၄၁၄ |
| ၄၀၀ | နောင်တမလွန်ဘဝ၌ ကယ်တင်ခံရခြင်းသည် အစွမ်းလာမ်အပေါ်၌မူတည်သည် | ၄၁၇ |
| ၄၀၁ | **အာယသ် ၁၅၃-၁၅၄** ..... | ၄၂၀ |
| ၄၀၂ | အကျယ်ဖွင့်ဆိုခြင်း ..... | ၄၂၁ |
| ၄၀၃ | **အာယသ် ၁၅၅-၁၅၉** ..... | ၄၂၃ |
| ၄၀၄ | အကျယ်ဖွင့်ဆိုခြင်း ဂျူးများသည် ရုပ်ဆင်းသဏ္ဌာန်တူသူနှင့်အဘယ်သို့လှည့်စားခံကြရသနည်း ... | ၄၂၅ |
| ၄၀၅ | အီစာ(ﷺ)နောင်တစ်ချိန်တွင် လာရောက်မည်ဆိုသည့် ယုံကြည်ချက်သည် မူစ်လင်မ်များတညီတညွတ်တည်းနှင့် အကြွင်းမဲ့စွဲကိုင်ထားကြပါသည်။ ယင်းကို ငြင်းပယ်သူသည် အစွမ်းလာမ့်ဘောင်အပြင်ဘက်သို့ရောက်သွားပါသည်။..... | ၄၃၁ |
| ၄၀၆ | **အာယသ် ၁၆၀-၁၆၁** ..... | ၄၃၂ |
| ၄၀၇ | **အာယသ် ၁၆၂** ..... | ၄၃၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀၈ | **အာယသ် ၁၆၃-၁၆၉** ..... | ၄၃၆ |
| ၄၀၉ | အကျယ်ဖွင့်ဆိုခြင်း ..... | ၄၃၉ |
| ၄၁၀ | **အာယသ် ၁၇၀** ..... | ၄၄၂ |
| ၄၁၁ | **အာယသ် ၁၇၁** ..... | ၄၄၃ |
| ၄၁၂ | အကျယ်ဖွင့်ဆိုခြင်း ..... | ၄၄၄ |
| ၄၁၃ | လိမ္မာပါးနပ်သောပြောဆိုချက်တစ်ရပ် ..... | ၄၄၆ |
| ၄၁၄ | ကုရ်အာန်ကျမ်းတော်မြတ်နှင့်သုံးပါးတစ်ဆူအယူဝါဒ ..... | ၄၄၇ |
| ၄၁၅ | ယုံကြည်မှုလွန်ကဲခြင်းများ ..... | ၄၄၉ |
| | လမ်းညွှန်မှု၏အရေးပါသော ဥပဒေများ | |
| ၄၁၆ | ရုပ်ဝါဒအတွက် ကန့်သတ်ချက်များ ..... | ၄၅၁ |
| ၄၁၇ | “စွန္ဒသ်”တော်နှင့် “ဗိဒ်အသ်”တို့အတွက် ကန့်သတ်ချက်များ ..... | ၄၅၂ |
| ၄၁၈ | ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များကို ဂုဏ်ပေးခြင်းနှင့်ငင်းတို့နောက်လိုက်ခြင်းအတွက် အလယ်အလတ်နည်းလမ်း ..... | ၄၅၃ |
| ၄၁၉ | စံပြအဖြေ ..... | ၄၅၅ |
| ၄၂၀ | **အာယသ် ၁၇၂-၁၇၃** ..... | ၄၅၆ |
| ၄၂၁ | အကျယ်ဖွင့်ဆိုခြင်း<br>အလွှာဟ်အရှင်မြတ်ကျေးကျွန်တစ်ယောက်ဖြစ်ရခြင်း၏ဂုဏ်ကျက်သရေ .... | ၄၅၇ |
| ၄၂၂ | **အာယသ် ၄၇၄-၄၇၅** ..... | ၄၅၈ |
| ၄၂၃ | ဗုရ်ဟန်ဆိုသည်မှာ ဘာလဲ ..... | ၄၅၉ |
| ၄၂၄ | **အာယသ် ၄၇၆** ..... | ၄၆၀ |
| ၄၂၅ | ပေးထားသောဥပဒေများ၏အကျဉ်းချုပ် ..... | ၄၆၁ |
| ၄၂၆ | အရေးကြီးမှတ်စုများ ..... | ၄၆၂ |
| ၄၂၇ | အညွှန်း ..... | ၄၆၅ |
| ၄၂၈ | အမှားပြင်ဆင်ချက် ..... | ၄၇၃ |

بسم الله الرحمن الرحيم

الحمدلله و كفى، و سلام على عباده الذين اصطفى

**မအာရိဖုလ်ကုရ်အာန်ကျမ်း – မြန်မာဘာသာပြန်အဖွဲ့**

**၏**

# အမှာစာ

အလ်ဟမ်ဒုလစ်လ္လာဟ်- မြန်မာစာဖတ်ပရိသတ်၏ အားပေးမှုကြောင့် မအာရိဖုလ်ကုရ်အာန်ကျမ်း၊ မြန်မာဘာသာပြန်(အတွဲ-၄)ကို ထုတ်ဝေလိုက်ပါပြီ။ ဤ (အတွဲ-၄)ကို အင်ရှာအလ္လာဟ် စာရှူသူများကျေနပ် နှစ်သက်လိမ့်မည်ဟု မျှော်လင့်ပါသည်။ (အတွဲ-၁)နှင့်(အတွဲ-၂)သည် အင်္ဂလိပ်(မူရင်း) ပထမတွဲကို မြန်မာဘာသာပြန်နှစ်တွဲအဖြစ်ခွဲ၍ ထုတ်ခြင်းဖြစ်သည်။ (အတွဲ-၃)သည် အင်္ဂလိပ်မူရင်းဒုတိယတွဲမှ စူရဟ်အာလိအင်မ်ရာန်ကို အဆုံးထိ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ယခု(အတွဲ-၄)သည် အင်္ဂလိပ်မူရင်းဒုတိယတွဲမှ စူရဟ်အလ်နိစာအ်ကို ပြန်ဆိုထားပါသည်။ အင်ရှာအလ္လာဟ် မကြာမီ(အတွဲ-၅) စူရဟ်အလ်မာအိဒဟ်မြန်မာဘာသာပြန်ကို ထုတ်ဝေနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ အင်္ဂလိပ်မူ၏ ကုရ်အာန်ကျမ်းတော်မြတ် လုံးကောက်အဓိပ္ပာယ်နှင့် စကားပြေအဓိပ္ပာယ်တို့ကို ဘာသာပြန်ကော်မတီဖွဲ့၍ ပါမောက္ခရှမီးမ်၊ မုဟမ္မဒ် ဝလီရာဇီနှင့် မုဖ်သီသကီးအုဆ်မာနီတို့ ပါဝင်ပြန်ဆိုထားပါသည်။ ကျွန်ုပ်တို့၏ မြန်မာဘာသာပြန်တွင်မူ သိဗ်ယာနုလ် ကုရ်အာန် (ဝါ) အလင်းပြကျမ်းမှ ယူငင်သုံးစွဲထားပါသည်။

မြန်မာဘာသာပြန်ဆိုရာတွင် ပါဝင်သူများသည် အာလင်မ်သာသနာ့ပညာရှင်များ၊ အင်္ဂလိပ်၊ မြန်မာစာပေပညာရှင်များ မဟုတ်ကြဘဲ အလ္လာဟ်အရှင်မြတ်၏ ကုရ်အာန်ကျမ်းတော်မြတ်အပေါ် တတ်နိုင်သမျှအလုပ်အကျွေးပြုလိုကြသူများသာ ဖြစ်ကြပါသည်။ တက္ကသိုလ်အသီးသီးတွင် သက်ဆိုင်ရာပညာရပ်များ သင်ယူခဲ့ကြပြီးနောက်၊ သာသနာ့အကျိုးသယ်ပိုးလိုသူ၊ စိတ်သဘောထားတူညီသူတို့အချင်းချင်း ပြန်လည်ဆုံဆည်းမိကြပြီး အစွမ်းလာမ့်စာပေလုပ်ငန်းကိုလည်း အစပြုပျိုးထောင်ခဲ့သူများဖြစ်ကြကာ၊ ၎င်းတို့သည် တမာမြေစာသင်ဝိုင်းနှင့် ဟုဒိုင်ဗီယာစာပေတိုက် စသောစာပေလုပ်ငန်းများတွင် ပါဝင်ခဲ့သူများဖြစ်ကြပါသည်။ တမာမြေစာသင်ဝိုင်းအနေဖြင့် တောင်အာဖရိကနိုင်ငံမှထုတ်ဝေသော “အလ်ဗလားဂ်” ပုံစံကို မှီးကာ လစဉ်ထုတ်အစွမ်းလာမ့်ဂျာနယ်တစ်စောင်အဖြစ် ရည်ရွယ်ပြီး “အစွမ်းလာမ့်ပဲ့တင်သံ” စာစောင်ကို ထုတ်ဝေခဲ့ကြပါသည်။ ယင်းစာစဉ်သည် အခါအားလျော်စွာထွက်ရှိလာပြီး အမှတ်စဉ်(၁)မှ အမှတ် စဉ်(၈)ထိ ထုတ်ဝေနိုင်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ သဘောတူညီမှုအရ ယင်းစာစဉ်ကို အမျှားစာဖတ် ပရိသတ်က လက်ခံခဲ့ကြသည်။

ဤတွင် ကျွန်ုပ်တို့၏ စိတ်နှလုံးသားကို အလွှာဟ်အရှင်မြတ် တစ်မျိုးလှည့်ပေးတော်မူပါသည်။ ကျွန်ုပ်တို့သည် မော်လာနာ မုဟမ္မဒ် ရှဖီး၏ မအာရိဖုလ်ကုရ်အာန် အင်္ဂလိပ်မူမှ အာယသ်တော်အချို့ကို ရွေးချယ်ဘာသာပြန်ဆိုပြီး အစ္စလာမ့်ပဲ့တင်သံတွင် ထည့်ရန်ကြိုးပမ်းရင်း စာမြီးပြန်ဆိုခဲ့ကြရာမှ ကြုံကန့်သတ်ပြီး မြန်မာနိုင်ငံတွင် မြန်မာစာဖတ်ပရိသတ်များအတွက် မအာရိဖုလ်ကုရ်အာန်ကျမ်းကို စုပေါင်းဘာသာပြန်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ တစ်ချိန်တည်းတွင် အစ္စလာမ့်ပဲ့တင်သံသည်လည်း ရပ်စဲသွားခဲ့ပါသည်။

မအာရိဖုလ်ကုရ်အာန် ဘာသာပြန်လုပ်ငန်းကို ၂၀၀၀ ပြည့်နှစ်မတိုင်မီကပင် စတင်ခဲ့ပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ ကြုံတွေ့ရသော အခက်အခဲများကို သည်းခံစိတ်ရှည်စွာဖြင့် ကျော်ဖြတ်ခဲ့၍ အလွှာဟ်အရှင်မြတ်၏ကူညီစောင်မမှုဖြင့် ၂၀၀၅-ခုနှစ်တွင် မအာရိဖုလ်ကုရ်အာန် (အတွဲ-၁)ကို စတင်ထုတ်ဝေနိုင်ခဲ့ပါသည်။ ၂၀၀၆-ခုနှစ်တွင်(အတွဲ-၂)ကို ထုတ်ဝေနိုင်ခဲ့ပြီး အလွှာဟ်အရှင်မြတ် အသနားတော်ဖြင့် ၂၀၀၈-ခုနှစ်တွင် (အတွဲ-၃) ကို ထုတ်ဝေသည်။ (အတွဲ-၃) စာအုပ်နှင့်အတူ စာဖတ်ပရိသတ်၏ တောင်းဆိုချက်အရ ပထမ (အတွဲ-၁)ကို လိုအပ်သည်များ ထပ်မံပြင်ဆင်ပြီး ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါသည်။ ယခု ၂၀၀၉ ခုနှစ်တွင် အလွှာဟ်အရှင့်အလိုတော်နှင့်(အတွဲ-၄) စူရဟ်အလ်နိစာအ်ကို ထုတ်ဝေလိုက်ပါပြီ။ ယခုအခါ စာအုပ်ဆိုင်များတွင် မအာရိဖုလ်ကုရ်အာန် (အတွဲ-၁)၊ (အတွဲ-၂)၊ (အတွဲ-၃)နှင့် (အတွဲ-၄)တို့ တစ်ပြိုင်နက်တည်း ရနိုင်ပါလိမ့်မည်။

ဤသို့ပြန်ဆိုရာတွင် ဤမြန်မာဘာသာပြန်အား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြန်ဆို၍ လက်လွတ်စပယ် ထုတ်ဝေသည်မဟုတ်ဘဲ အာလင်မ်သာသနာ့ပညာရှင်များထံတွင် မူရင်းအူရဒူ၊ မူရင်းအင်္ဂလိပ်ကျမ်းများ၊ ပေးအပ်ကာ ဝါကျတစ်ခုစီအား တစ်အုပ်လုံးဖတ်ရှုစိစစ်ပြီးမှ ထုတ်ဝေခြင်းဖြစ်ပါသည်။ သို့သော်လည်း လူသားများဖြစ်သည့်အားလျော်စွာ အမှားအယွင်းရှိခဲ့ပါလျှင် မူရင်းပညာရှင်များနှင့် စိစစ်ပေးသော သာသနာ့ပညာရှင်များ၏ အမှားမဟုတ်ဘဲ ကျွန်ုပ်တို့မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့၏ မှားယွင်းချွတ်ချော်မှုသာဖြစ်၍ ခွင့်လွှတ်ပြီး မှားယွင်းမှုကို ထောက်ပြပေးစေလိုပါသည်။ ယင်းသို့ထောက်ပြခဲ့ပါလျှင် သာသနာ့ပညာရှင်များနှင့် တိုင်ပင်၍ ပြင်ဆင်ရန်လိုအပ်လျှင် ပြင်ဆင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ ဘာသာပြန်ဆိုရာတွင် ကော်မတီတစ်ရပ်ဖွဲ့စည်း၍ လုပ်ဆောင်ခဲ့ရာ အောက်ပါပုဂ္ဂိုလ်များ ပါဝင်ကြပါသည်။

၁။ ဒေါက်တာ ဦးလှရွှေ M.B.B.S;D.A မွေဆေးဆရာဝန်ကြီး (ငြိမ်း)

၂။ အလ်ဟာဂျ် မော်လာနာ ဒေါက်တာ စိုးဝင်းမြင့် B.D.S

၃။ ဦးလှထွန်း B.E (E.P)

၄။ ဟာဂျီ ဦးခင်မောင်ကြီး B.Sc;H.G.P;R.L;D.A (တရားရုံးချုပ်ရှေ့နေ)

၅။ ဟာဂျီ ဦးခင်မောင်လတ် B.Sc;H.G.P;R.L (တရားရုံးချုပ်ရှေ့နေ)

၆။ ဟာဂျီ ဦးကိုကိုကြီး B.Sc

ယခု ကျွန်ုပ်တို့ မြန်မာပြန်ဆိုထားသောကျမ်းကို သာသနာ့ပညာရှင်များဖြစ်သော -

၁။ အလ်ဟာဂျ် မော်လာနာ မုဖ်သီ နူးရ်မုဟမ္မဒ် (ဦးကိုလေး)က စိတ်ဓာတ်ရေးရာအားပေးကူညီခဲ့ပြီး၊

၂။ အလ်ဟာဂျ် မော်လာနာ ဟာရူးန်လူလာသ် . . . (အုလမာသာသနာ့ပညာရှင်များ အဖွဲ့ချုပ်)က မအားလပ်သည့်ကြားမှ ဖတ်ရှုစိစစ်ပေးခဲ့ပါသည်။

ဤကျမ်းဖြစ်မြောက်ရေးအတွက် အခကြေးငွေမပါဘဲ အကူအညီပေးသော အာလင်မ်သာသနာ့ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူပြုကြသော မန္တလေးမြို့မှ တရားရုံးချုပ်ရှေ့နေ ဟာဂျီ ဦးအောင်မြင့် L.LB (တရားရုံးချုပ်ရှေ့နေ)၊ ဟာဂျီ ဦးမျိုးဝင်း (ရွှေအင်းဝ တွင်စက်ကိရိယာ) မန္တလေး၊ ကျွန်ုပ်တို့မိတ်ဆွေကြီးဟာဂျီဆပ်(မော်လမြိုင်မြို့)၊ ဦးမြင့်ဝင်း၊ ဟာဂျီမ ဒေါ်ခင်ခင်၊ သမီးဒေါက်တာဖြူဇင်ဝင်း(မိသားစု) Central Motel ကလောမြို့နှင့် အခြားမိတ်ဆွေများ အားလုံးတို့ကို အလ္လာဟ်အရှင်မြတ်၏ အကောင်းဆုံးဆုလာဘ်များ ဤကမ္ဘာလောကနှင့် နောင်တမလွန်အာခိရသ်တွင်ပါ ပေးသနားတော်မူပါစေ။ အလ္လာဟ်အရှင်မြတ်၏လက်ခံမှုဖြင့် ကျွန်ုပ်တို့လုပ်ငန်းစဉ်အပေါ် ကောင်းချီးမင်္ဂလာကျရောက်၍ နောက်ဆုံးအတွဲထိထွက်နိုင်ကာ အုမ္မသ်ထုသည်လည်း ဤကျမ်းမှအကျိုးအမြတ် ဖြစ်ထွန်းရယူနိုင်ပါစေ။

(အာမီးန်)

**မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့**
၂၀၀၉ ခုနှစ်၊ ဇူလိုင်လ။

arsmvemkzfoDrk[r®'fSL;

\

# မအာရိဖုလ်ကုရ်အာန်

t*Fvyfbonjyef

ygarmcrk[r®'f&SD;rf

wnf;jzwfol

ygpöwefEkdifiHwm;olBuD;

rkzfoDrk[r®'fouD;tkqfrneD

**အတွဲ (၄)**

# pl&[f tvfeqpmtf

rtm&dkvfuk&frefusrf;jrefrmbonjyeftzGUubonjyefonf??

[d*sf&D1430-dkESpf?&SufAmefv/

**(ကန့်သတ်)**

# အမှားပြင်ဆင်ချက်

မအာရိဖုလ်ကုရ်အာန် အတွဲ(၃)ပါ **"အလ်အင်မ်ရာန်"** ဟူသော စာလုံးတိုင်းကို

**"အာလိအင်မ်ရာန်"** ဟု ပြင်ဆင်ဖတ်ရှုကြပါ။

بسم الله الرحمن الرحيم

الحمدلله رب العالمين ، والعاقبة للمتقين ، والصلاة والسلام على سيد المرسلين،

وعلى آله واصحابه اجمعين ، وعلى كل من تبعهم

باحسان الى يوم الدين

**တရားသူကြီး မော်လာနာ မုဟမ္မဒ် သကီးအုဆ်မာနီ**

**၏**

# နိဒါန်း

မအာရိဖုလ်ကုရ်အာန် ဒုတိယတွဲထွက်လာခြင်းသည် ကျွန်တော်အတွက် ဂုဏ်ယူစရာနှင့် အခွင့်အရေး တစ်ရပ်ပင် ဖြစ်ပါသည်။ ပထမတွဲသည် ကမ္ဘာပေါ်ရှိ စာဖတ်ပရိသတ်အများက လက်ခံခဲ့သောကြောင့် ပထမ အကြိမ်ရိုက်နှိပ်ထုတ်ဝေသော စာအုပ်များသည် တိုတောင်းလှသော အချိန်ကာလအတွင်းမှာ ကုန်သွားပါသည်။ ဤသည်က ခိုင်လုံပြီးအသေးစိတ်ကျသော ကုရ်အာန်ကျမ်းတော်မြတ်၏ အကျယ်ဖွင့်ဆိုသောကျမ်းအပေါ် ၌ ထားရှိ သော စာဖတ်သူများတို့၏ ကြီးမားသောစိတ်ဝင်စားမှုနှင့် စိတ်အားထက်သန်မှုကို ပြသပါသည်။ တစ်ချိန်တည်း မှာပင် ကျန်ရှိသော အတွဲများကို မြန်မြန်ဆန်ဆန် ပုံနှိပ်ထုတ်ပေးပါရန် တောင်းဆိုမှုများသည်လည်း တစ်နေ့ တစ်ခြားတိုးပွားလာပါသည်။ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ဖြင့် ကျွန်ုပ်တို့သည် ဒုတိယနှင့် တတိယတွဲ တို့ကို တစ်ပြိုင်နက်နီးနီး ပြီးမြောက်အောင်ပြုစုနိုင်ခဲ့ပြီး အင်ရှာအလ္လာဟ် ဤဒုတိယတွဲ၏ နောက်များမကြာမီ တတိယတွဲကိုလည်း ထုတ်ဝေပါတော့မည်။

ပထမတွဲပါ ကျွန်ုပ်၏နိဒါန်းတွင် ရှင်းလင်းပြခဲ့သည့်အတိုင်း ပထမတွဲ ဘာသာပြန်ဆိုခြင်းသည် ပါမောက္ခ ဟာစန်အက်စ်ခရီနှင့် ပါမောက္ခ မုဟမ္မဒ်ရှမီးမ် နှစ်ဦးတို့၏ ပူးပေါင်းကြိုးပမ်းမှုဖြစ်ပါသည်။ ဒုတိယတွဲကိုမူ ပါမောက္ခ မုဟမ္မဒ် ရှမီးမ်တစ်ဦးတည်း ဘာသာပြန်ဆိုခဲ့ပါသည်။ ကျွန်ုပ်ကမူ စာမူတစ်ခုလုံးကို ပြန်လည်စစ်ဆေးခြင်း နှင့် တည်းဖြတ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ်သည် ပါမောက္ခ မုဟမ္မဒ် ရှမီးမ်အား အလွန်ကျေးဇူးတင်ပါသည်။ သူသည် ဘာသာပြန်ဆိုခြင်းကို သူ၏ဓလေ့ဖြစ်သော ရည်မှန်းချက်ရှိရှိနှင့် ဇွဲနဲဘဲကြီးကြီးဖြင့် လုပ်ဆောင်ခဲ့ရုံ မျှမက စာမူများအတွက် ကျွန်ုပ်၏အကြံပြုသော ပြင်ဆင်ချက်များကိုလည်း လက်ခံခဲ့ပါသည်။ ကုရ်အာန်ကျမ်း တော်မြတ်၏ စာသားများကို ဘာသာပြန်ဆိုရန်အတွက် သုံးဦးပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းကာ လုပ်

ဆောင်ခဲ့သည်။ ယင်းကော်မတီတွင် ပါမောက္ခ မုဟမ္မဒ် ရှမီးမ်၊ မုဟမ္မဒ် ဝလီရာဇီနှင့် ကျွန်ုပ်ကိုယ်တိုင် ဖြစ်ကြပါသည်။

ပထမတွဲနှင့် ပတ်သက်၍ ကျေနပ်နှစ်သက်ကြောင်း စာရေးအကြောင်းကြားသူများနှင့် အလွန်အဖိုးတန်သော အကြံပြုချက်များ ပေးပို့သောသူများကိုလည်း အထူးကျေးဇူးတင်ပါသည်။ ထိုကဲ့သို့သော စာရေးသားပေးပို့သူများကြောင့် ကျွန်ုပ်တို့အားလုံး အားတက်ရပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းသွက်လက်မြန်ဆန်စေသော မစ္စတာ ယူစွဖ်နူးရ် နှင့် မစ္စတာ အစ္စဟားက်နူးရ်တို့၏ အဖိုးမဖြတ်နိုင်သော ကူညီပံ့ပိုးမှုကို အသိအမှတ်ပြုပါသည်။ ထိုသူများအားလုံးအပေါ်၌ ဤကမ္ဘာလောကနှင့် နောင်တမလွန် အာခိရတ်တွင်ပါ အလွှာဟ်အရှင်မြတ်၏ အကောင်းဆုံးသော ကောင်းချီးမင်္ဂလာများ ကျရောက်ပါစေ။

ဤအတွဲကိုလည်း စာဖတ်သူများ ကြိုက်နှစ်သက်ကြပါလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ဤကြိုးပမ်းအားထုတ်မှုကို အလွှာဟ်အရှင်မြတ် လက်ခံတော်မူပါ။ ၎င်းပြင်ဤကြိုးပမ်းမှုမှ အမှုသံထုသည်လည်း အကျိုးအမြတ်ရရှိစေတော်မူပါ။

(အာမီးန်)

**မုဟမ္မဒ် သကီးအုဆ်မာနီ**
ဒါရုလ်အုလူမ်၊ ကရာချီ (၁၄)၊
၂၇ မုဟရ်ရမ် ၁၄၁၉၊
၂၄ မေလ ၁၉၉၈။

# အထူးကျေးဇူးတင်လွှာ

ဤမအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်ကို ကြီးလေးသော သာသနာ့တာဝန်များနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကြားမှ၊ အထူးအချိန်ပေး၍-

❖ စိတ်ဓာတ်ရေးရာ အားပေးမြှင့်တင်ပြီး အကြံဉာဏ်ကောင်းများပေးသော

(၁) အလ်ဟာဂ်ျ မော်လာနာ မုဖ်သီ နူးရ်မုဟမ္မဒ် (ဦးကိုလေး)

❖ မူရင်းအင်္ဂလိပ်စာအုပ်နှင့် တိုက်ဆိုင်စိစစ်ဖတ်ရှုပေးသော

(၂) အလ်ဟာဂ်ျ မော်လာနာ ဟာရူးန်လူလာသ်

❖ (အတွဲ-၁)ပထမအကြိမ်ထုတ်စာအုပ်ပါ ချွတ်ယွင်းချက်များကို ထောက်ပြပြုပြင်ပေးသော

(၃) အလ်ဟာဂ်ျမောင်လာနာ ဟာဖိဇ်ကာရီ အတ်ဆ်မဒ်ဒုလ္လာဟ်(မော်လမြိုင်)နှင့် အထက်ပါပြုပြင်အကြံပေးချက်များကို ကျွန်ုပ်တို့အဖွဲ့ကိုယ်စား လက်ခံနာယူပြီး ပြန်ကြားပေးသော

(၄) ဟာဖိဇ်မုဟမ္မဒ်ရဖီ B.Sc(Bot;), H.G.P (ပုသိမ်)

စသော ပညာရှင်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်တွင် အမှားအယွင်းနှင့် ချို့ယွင်းချက်များပါရှိခဲ့ပါက၊ မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အကယ်၍ ချို့ယွင်းချက်များကိုအကြံပြုထောက်ပြခဲ့ပါလျှင် ပညာရှင်များနှင့် တိုင်ပင်၍ ပြင်ဆင်ရန်လိုအပ်လျှင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့**

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ။

# سورة النسآء

စူရတ် အလ်နိစာအ်

# စူရဟ်အလ်နိစာအ်

## အမျိုးသမီးများကဏ္ဍ

### အာယသ် (၁-၂)

بسم الله الرحمن الرحيم

"အစဉ်မပြတ် သနားကြင်နာညှာတာတော်မူထသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။"

يَٰٓأَيُّهَا ٱلنَّاسُ ٱتَّقُوا۟ رَبَّكُمُ ٱلَّذِى خَلَقَكُم مِّن نَّفْسٍ
وَٰحِدَةٍ وَخَلَقَ مِنْهَا زَوْجَهَا وَبَثَّ مِنْهُمَا رِجَالًا كَثِيرًا
وَنِسَآءً ۚ وَٱتَّقُوا۟ ٱللَّهَ ٱلَّذِى تَسَآءَلُونَ بِهِۦ وَٱلْأَرْحَامَ ۚ
إِنَّ ٱللَّهَ كَانَ عَلَيْكُمْ رَقِيبًا ﴿١﴾ وَءَاتُوا۟ ٱلْيَتَٰمَىٰٓ أَمْوَٰلَهُمْ
وَلَا تَتَبَدَّلُوا۟ ٱلْخَبِيثَ بِٱلطَّيِّبِ ۖ وَلَا تَأْكُلُوٓا۟ أَمْوَٰلَهُمْ
إِلَىٰٓ أَمْوَٰلِكُمْ ۚ إِنَّهُۥ كَانَ حُوبًا كَبِيرًا ﴿٢﴾

အို-မနုဿလူသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်ကို ကြောက်ရွံ့(ရိုသေ)ကြကုန်လော့။ ထိုအရှင်မြတ် သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ထိုအသက်တစ်ချောင်းတည်းမှပင် ၎င်း၏ကြင်ရာ ကြင်ဖက်ကိုလည်း ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းနောက် ထို(လူသား) နှစ်ဦးတို့မှ များပြားလှစွာသော ယောကျ်ားမိန်းမတို့ကို ပြန့်ပွားစေတော်မူခဲ့လေ သည်။ သို့ဖြစ်ပေရာ အသင်တို့သည် အကြင်အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်လော့။ အသင်တို့သည် ထိုအရှင်မြတ်အား အကြောင်းပြု၍ မိမိတို့အချင်းချင်း (မိမိတို့၏ အခွင့်အရေးများကို) တောင်းဆိုကြကုန်၏။ ၎င်းပြင် အသင်တို့သည် ဆွေမျိုးညာတကာတို့ (၏အခွင့်အရေးများကို ဆုံးရှုံး နစ်နာစေခြင်း)မှလည်း ကြဉ်ရှောင်ကြကုန်လော့။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် ဧကန်စင်စစ် ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက် ကြည့်ရှု တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄း၁)

**ထို့ပြင်တစ်ဝ အသင်တို့သည် အဖမဲ့ကလေးတို့အား ထိုသူတို့၏ ဥစ္စာပစ္စည်းများကို (သစ္စာရှိစွာဖြင့်) ပြန်၍ပေးကြကုန်လော့။ ၎င်းပြင် အသင်တို့သည်(မိမိတို့၏ပစ္စည်း) အညှဉ်ကို (အဖမဲ့တို့၏ပစ္စည်း) အကောင်းနှင့် လဲလှယ်ခြင်း မပြုကြကုန်လင့်။ ၎င်းပြင်အသင်တို့သည် ထိုအဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်း များကို မိမိတို့၏ဥစ္စာပစ္စည်းများနှင့် ရောနှောစားသုံးခြင်းကိုလည်း မပြုကြကုန်လင့်။ ယင်းကဲ့သို့ပြုမူခြင်းသည် စင်စစ်ဧကန် ကြီးစွာသောအပြစ်ပင် ဖြစ်ချေ၏။ (၄း၂)**

## အာယသ်တော်၏ဆက်စပ်မှု

စူရဟ်အာလိအင်မ်ရာန်၏ နောက်ဆုံးအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းကို နှိုးဆော်တိုက်တွန်းထားသည့်အနေဖြင့် အဆုံးသတ်ထားသည်။ လက်ရှိစူရဟ်ထဲတွင် သတ်ဂ်ဝါကို အမိန့်ပေးသည့် ပုံစံဖြင့် စတင်ထားသည်။ ပြီးခဲ့သောစူရဟ်ထဲတွင် စစ်ပွဲအချို့အကြောင်း ဖော်ပြကာ ဆန့်ကျင်သူများနှင့် ဆက်ဆံ ရမည့် ပုံစံကိုလည်း ဖော်ပြထားသည်။ စစ်အောင်နိုင်၍ရသောသံ့ရပစ္စည်းများအား အလွဲသုံးစားပြုလုပ်ခြင်းကို ရှုတ်ချထားပြီး အခြားကိစ္စရပ်များလည်း ဖော်ပြထားသည်။ လက်ရှိစူရဟ်၏ အစောပိုင်းသည် မိမိတို့အချင်းချင်း၏ ရပိုင်ခွင့်များ၊ ယင်းရပိုင်ခွင့်များကို အသက်ရှင်စဉ် ဖြည့်ဆည်းရမည့် အမိန့်ပညတ်ချက်များ၊ ယင်းတို့နှင့် အပြန်အလှန်ဆက်သွယ်နေသော ကိစ္စများဖြစ်သည့် ဖမဲ့သားသမီးများ၊ ဆွေမျိုးညာတိများနှင့် ဇနီးသည်များ (အလ္လာဟ်အရှင်မြတ် ကျေးကျွန်များ၏ အခွင့်အရေး) DabiLA"oqH တို့နှင့် သက်ဆိုင်သည့် အမိန့်ပညတ်ချက်များဖြစ်ကြသည်။ သို့သော်လည်း အချို့သောရပိုင်ခွင့်များသည် ဥပဒေနှင့်အညီ ပြုလုပ်ဖြေရှင်းနိုင်သည်။ ယင်းတို့မှာ ရောင်းခြင်းဝယ်ခြင်းကဲ့သို့သော သမားရိုးကျရောင်းဝယ်မှုများတွင် ယင်းကိုဖြည့်ဆည်းရန် ဥပဒေကြောင်းမှတစ်ဆင့်လိုက်နာစေနိုင်သည်။ ဌားရမ်းခြင်း၊ သီးစားချခြင်း၊ လုပ်ခကြေးငွေနှင့် သက်ဆိုင်သော ရပိုင်ခွင့်များနှင့်ပတ်သက်၍ သဘောတူညီပြီးသောအချက်ကိုတစ်ဖက်မှဖြည့်ဆည်းရန်ပျက်ကွက်ခဲ့လျှင် နှစ်ဦးနှစ်ဖက်ကြား သဘောတူညီချက်များနှင့် ခုံသမာဓိဖြေရှင်းချက်များကတစ်ဆင့်ဖြေရှင်းနိုင်သည်။ ဤရပိုင်ခွင့် များကို ဥပဒေကြောင်းနှင့် ပြန်လည်ရယူ၍ ဥပဒေအတိုင်း လိုက်နာစေသည်။ သို့သော်လည်း မိမိတွင်တာဝန်ရှိသော သားသမီးများ၊ မိဘများ၊ ခင်ပွန်းနှင့်ဇနီး၊ ဖမဲ့သားသမီးများနှင့် အခြားဆွေမျိုးသားချင်းများ၏ ရပိုင်ခွင့်များသည် ၎င်းတို့ တစ်ဦးချင်းအပေါ်၌ တာဝန်တင်ရှိကြသည်။ ယင်းတာဝန်တင်ရှိသူများအပေါ်တွင် ယဉ်ကျေးသော အပြုအမူ၊ ရိုသေကိုင်းရှိုင်းခြင်း၊ ချစ်ခင်ခြင်းနှင့်ကြည့်ရှုစောင့်ရှောက်ခြင်းတို့ကိုမူတည်၍ ၎င်းတို့၏ကောင်းကျိုးကို နှလုံးသားမှ စစ်မှန်သောဆန္ဒဖြင့် လုပ်ဆောင်ဖြည့်ဆည်း ရမည်။ ဤအပြုအမူပုံစံများသည် ချိန်ခွင်တွင် ချိန်တွယ်၍မရသောကိစ္စဖြစ်သည်။ ယင်းရပိုင်ခွင့်များကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်များဖြင့် အပြည့်အဝနှင့် ပြည့်ပြည့်စုံစုံ ဆုံးဖြတ်ရန်မှာလည်း အလွန်ခက်ခဲလေသည်။ ထို့ကြောင့် ယင်းရပိုင်ခွင့်များ ဖြည့်ဆည်းရာ၌ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းနှင့် နောင်လာမည့်ဘဝတွင် ဘာဖြစ်မည်ဟူသည်ကို ကြောက်ရွံ့ခြင်းမှအပ အခြားနည်းလမ်း မရှိတော့ပြီ။ ဤသည်ကို သတ်ဂ်ဝါဟု ခေါ်သည်။ အကြောင်းအရာ၏ အမှန်တရားမှာကား သတ်ဂ်ဝါ၏စွမ်းပကားသည် အစိုးရနှင့် ဥပဒေအာဏာနှစ်ရပ်ပေါင်းထက်ပင် အကျိုးသက်ရောက်မှု ပိုရှိလေသည်။

ထို့ကြောင့် သတ်ဂ်ဝါ၏ အမိန့်တော်နှင့် စူရဟ်ကို ဖွင့်ထားသည်မှာ يَـٰٓأَيُّهَا ٱلنَّاسُ ٱتَّقُوا۟ رَبَّكُمُ "အို-လူသားအပေါင်းတို့ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ကြောက်ရွံ့(ရိုသေ) ကြကုန်လော့" ဟူ၍ ဖြစ်သည်။

ဤနေရာ၌ "ကြောက်ရွံ့ခြင်း"ဟု အဓိပ္ပာယ်ပြန်ထားသော "အိသ်သကူ" OqTA ဟူသာစကားလုံးက ဆိုလိုသည်မှာ "အသင်၏ အရှင်သခင်အား ဆန့်ကျင်၍လုပ်ဆောင်ခြင်းကို ကြောက်ရွံ့ခြင်း"ဟူ၍ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ်ﷺသခင်သည် မင်္ဂလာထိမ်းမြားလက်ထပ်မှုတစ်ခုကို ထုံးတန်းစဉ်လာနှင့်အညီ ထိမ်းမြားမင်္ဂလာဆောင်ရာတွင် ကိုယ်တော်၏မိန့်ခွန်းတော် တစ်စိတ်တစ်ဒေသအနေဖြင့် ဤအာယသ်တော်ကို ရွတ်ဆိုလေ့ရှိသည်။ ထို့ကြောင့် နိကာဟ်ခုသ်ဗဟ်တွင် ထိုအာယသ်တော်ရွတ်ဖတ်သရစ္ဈာယ်ခြင်းသည် စွန္နသ်တော်အရ ထာဝရရှင်သန်စေခြင်းဖြစ်သည်။ ဤနေရာတွင် အာယသ်ထဲ၌ ဦးတည်မိန့်ကြားထားပုံကို သတိမူသင့်သည်။ အာယသ် တော်က မိန့်ကြားထားသည်မှာ- يَـٰٓأَيُّهَا ٱلنَّاسُ (အို-မနုဿလူသားအပေါင်းတို့) တွင် လူသားများအားလုံးယောက်ျား ဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကုန်အာန်ကျမ်းတော်မြတ် ကျရောက်စဉ်က ရှိခဲ့သောသူများဖြစ်စေ၊ ကိယာမတ် တရားစီရင်မည့်နေ့တိုင် မွေးဖွားလာမည့်သူများဖြစ်စေအားလုံး အကျုံးဝင်စေသည်။ ထို့နောက်OqTA "အိသ်သကူ" ကြောက်ရွံ့ခြင်းဟူသော အမိန့်နှင့် ယှဉ်တွဲ၍ သုံးနှုန်းထားသောစကားလုံးမှာ „R 'ရဗ်' ဖြစ်သည်။ ယင်းစကားလုံးသည် အလ္လာဟ်အရှင်မြတ်၏ အလွန်လှပတင့်တယ်သော နာမတော်များထဲမှ ရွေးထုတ်ထားသော စကားလုံးပင်ဖြစ်သည်။ ဤသည်က ညွှန်ပြသည်မှာ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြဟု အမိန့်ပေးထားရာတွင် ကျိုးကြောင်းပြချက်တစ်ရပ်နှင့် အသိဉာဏ်ပါဝင်သည်။ ထိုအရှင်သည် လူသားတစ်ဦးအား ကျွေးမွေးပြုစုပျိုးထောင်ခြင်းကို လုံးဝဥဿုံတာဝန်ယူထား၍၊ ထိုအရှင်သခင်သည် အရှင်သခင်အနေဖြင့် ထိုက်တန်ကြောင်းထင်ရှားစေသည့်အချက်ကို၊ လူသားဘဝ၏ အခြိန်တိုင်းတွင် တွေ့ရှိရသောကြောင့်၊ စင်စစ် လူသားသည် အစွမ်းကုန်လေးစားခန့်ညားထိုက်ပေသည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ဆန့်ကျင်ဘက်ပြုခြင်းနှင့် အာခံခြင်း ပြုလုပ်နိုင်သည်ဟုတွေးခြင်းသည် အလွန်အန္တရာယ်ကြီးမားပေသည်။

တစ်ဆက်တည်းမှာပင် မူရင်းစာသားများက အလ္လာဟ်အရှင်မြတ်၏ အမြင့်မားဆုံးသော ခန့်ညားထည်ဝါမှုကို ထင်ရှားပြတ်သားစွာမြင်စေသည်။ မိန့်ကြားထားသည်မှာ ထိုအရှင်မြတ်သည် လူသားများအားလုံးကို အရှင်မြတ်၏ အသိဉာဏ်နှင့် အသနားတော်ဖြင့် ဖန်ဆင်းထားခဲ့သည်။ ဤနေရာတွင် မည်သည့်အရာဖြစ်စေ ဖန်ဆင်းရန်နှင့် တည်ရှိရန်တို့မှာ နည်းလမ်းတစ်ရပ်ထက်မက သာပိုမည်မှာကား လုံးဝဖြစ်နိုင်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် နည်းလမ်းတစ်ရပ်နှင့် ပုံစံတစ်ခုကိုသာ ရွေးချယ်ခဲ့ပါသည်။ ယင်းမှာအလွန်ထူးခြားသော ပုံစံဖြစ်၍ အလ္လာဟ်အရှင်မြတ်သည် အားလုံးသောသူများကို တစ်ဦးတည်းသော လူသားဖြစ်သည့် စိုက်ယိဒိနာ အာဒမ်ﷺသခင်တစ်ပါးတည်းမှ ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် ထိုလူသားအားလုံးကို ညီရင်းအစ်ကို ဟူသော အလွန်ခိုင်မြဲသည့်ကြိုးဖြင့် စည်းနှောင်ထားသည်မှာ ထိုအရှင်မြတ်သည်သာဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းနှင့် အာခီရသ်(တမလွန်)ကို ကြောက်ရွံ့ခြင်းက ဖန်ဆင်းခံအားလုံး၏ အရှင်သခင်ကို လူသားက သစ္စာခံစေသည်။ သို့သာမက လူသားများကြား ညီရင်းအစ်ကိုအဖြစ် စည်းနှောင်ထားမှုသည်လည်း လူသားထုအခွင့်အရေးများဖြစ်သော အပြန်အလှန် စာနာထောက်ထားခြင်း၊ ကောင်းမြတ်စေခြင်းနှင့် အများအကျိုးဖြစ်စေခြင်းများကိုလည်း ပြည့်ပြည့်ဝဝ လုပ်ဆောင်ရန်လိုအပ်သည်။ ထို့ကြောင့် လူတစ်ဦးနှင့်

တစ်ဦးကြား လူမျိုးနွယ်စုကြောင့်ဖြစ်စေ၊ ဇာတ်နိမ့်ဇာတ်မြင့်ကြောင့်ဖြစ်စေ၊ အသွေးအရောင်ကြောင့်ဖြစ်စေ၊ ဘာသာစကားတို့ကြောင့်ဖြစ်စေ တစ်ဦးသည် တစ်ဦးထက်နိမ့်သည် မြင့်သည်ဟူ၍ မရှိစေရ။ ထို့ပြင် ထိုကဲ့သို့သော ခွဲခြားမှုအားလုံးသည် ကောင်း၏၊ ဆိုး၏၊ မြင့်မြတ်၏၊ နိမ့်ကြ၏၊ ဟူသည်တို့၏ စံအဖြစ် မည်သည့်အခါမျှ မပြုလုပ်ကြရပါ။

ထို့ကြောင့်မိန့်ကြားထားသည်မှာ-**الَّذِىْ خَلَقَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ وَّخَلَقَ مِنْهَا زَوْجَهَا وَبَثَّ مِنْهُمَا رِجَالاً كَثِيْرًا وَّنِسَآءً** ဆိုလိုသည်မှာ "ထိုအရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့ပါ သည်။" (ယင်းအသက် တစ်ချောင်းဆိုသည်မှာ စိုက်ယိဒိနာ အာဒမ်﴿عليه السلام﴾သခင်ဖြစ်ပြီး လူသားအားလုံး၏ ဖခင်ကြီး ဖြစ်သည်။) ထို့နောက် ထိုအသက်တစ်ချောင်းမှပင် ယင်းအတွက် လိုက်ဖက်သော (ဆိုလိုသည်မှာ အာဒမ်﴿عليه السلام﴾ သခင်၏ဇနီးဟောင်ဝါ) ကိုဖန်ဆင်းခဲ့ပါသည်။ ထို့ပြင် ၎င်းတို့နှစ်ဦးမှ ကမ္ဘာလောကကြီးတွင် မြောက်မြားစွာသော အမျိုးသားနှင့် အမျိုးသမီးများ ပြန့်ပွားစေခဲ့ပါသည်။

အချုပ်မှာ ဤအာယသ်တော်သည် ဤစူရတ်ထဲတွင် ဖော်ပြမည့်အမိန့် ပညတ်ချက်များ၏ နိဒါန်းပင်ဖြစ်သည်။ ဤတွင် ရည်ရွယ်ရင်းမှာ လူသားတို့သည် အလ္လာဟ်အရှင်မြတ်၏ အခွင့်အရေးကို အလွဲသုံးစားပြုသူများ ဖြစ်မလာစေရန် ဖျောင်းဖျပြောဆိုခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့အားလုံးသည် ဖခင်တစ်ဦးတည်းမှ ပေါက်ဖွားလာသောသားသမီးများဖြစ်ကြသည်ဟု ပြောကြားခြင်းသည် လူသားတို့၏ အံ့သြဖွယ် အချစ်ပမာဏ၊ အပြန်အလှန်စာနာထောက်ထားမှုနှင့် ပူပင်သောကထားမှုတို့ကို ယေဘုယျဘဝနေထိုင်မှုတွင် ကျင့်သုံးရမည့် အကြင်နာတရားထားရှိသော လက်တွေ့ကျသော အယူအဆအဖြစ် ပေးအပ်ခဲ့သည်။ သို့မှသာ ဆွေမျိုးအချင်းချင်း၊ ဖမဲ့ကလေးများနှင့်ဇနီး မောင်နှံတို့၏ အပြန်အလှန်ရပိုင်ခွင့်များကို အနိမ့်ဆုံးအဆင့်အထိ နှလုံးသားမှ ဖြည့်ဆည်း နိုင်လိမ့်မည်ဖြစ်သည်။

အာယသ်တော်(၁) ဆုံးကာနီးတွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရန်ဟူသော နှိုးဆော်ချက်ကို အခြားရှုထောင့်တစ်ခုမှနေ၍ လူသားကို မီးမောင်းထိုးပြနေသည်။ လူသားသည် အခြားသူထံမှ ၎င်း၏ရပိုင်ခွင့်များကို အလ္လာဟ်အရှင်မြတ်နာမတော်ဖြင့် သူလိုသည်များရရန် တောင်းဆိုသည်မဟုတ်ပါလော။ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် အခြားသူများ အလ္လာဟ်အရှင်မြတ်ကိုကြောက်ရွံ့ရန် မျှော်လင့်ခဲ့ လျှင် ၎င်းကိုယ်တိုင် အရှင်မြတ်ကို ကြောက်ရွံ့ရပေမည်။ နောက်ဆုံးစကားဖြစ်သော (âaHR&AO) "ဝလ်အရ်ဟမ်" ကို သုံးနှုန်းထားခြင်းသည် တစ်စုံတစ်ဦး၏ အဖေဘက်မှဖြစ်စေ၊ အမေဘက်မှဖြစ်စေ ဆွေမျိုးရင်းချာစောင့်ရှောက်ရာတွင် အားနည်း ချွတ်ချော်ခြင်းကို ရှောင်ရှားသင့်ကြောင်း သတိပေးထားသည်။

ဒုတိယ အာယသ်တော်က မိဘမဲ့ကလေးများ၏ ရပိုင်ခွင့်များကို အလေးအနက်ပြုထားပြီး ယင်းတို့၏ ဥစ္စာပစ္စည်းများအား ကာကွယ်သည့်ဥပဒေများအား ပြဋ္ဌားနှံထားပါသည်။

ဆက်လက်ရေးသားမည့် အကျယ်ဖွင့်ဆိုချက်တွင် ဆွေမျိုးရင်းချာများနှင့် မိဘမဲ့ကလေးများ၏ အကြောင်းအရာနှစ်ရပ်ကို အသေးစိတ်အချို့ဖြင့် ဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုခြင်း

## အနီးစပ်ဆုံးသော ဆွေမျိုးသားချင်းများအား ကောင်းမွန်စွာပြုစု စောင့်ရှောက်ခြင်း

အာယသ်တော် (၁)တွင် ပါဝင်သော "အလ်အရ်ဟမ်" ဟူသောစကားလုံးသည် "ရဟိမ်"၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ "ရဟိမ်" ၏အဓိပ္ပာယ်မှာ သားအိမ်ဖြစ်သည်။ မမွေးဖွားမီအထိ မိခင်၏သားအိမ်သည် ကလေး၏အိမ် ဖြစ်သည်။ ဤသားအိမ်သည် သွေးသားဆက်သွယ်မှု၏ အရင်းအမြစ်ဖြစ်သောကြောင့် ထိုနည်းအတိုင်း ဆက်သွယ် မှုထားရှိခြင်းကို အရဗီစကားအရ "စိလာသွရ်ရဟီမ်" ဟုခေါ်သည်။ (ဝေါဟာရအသုံးအနှုန်းအရ ချက်ကြိုးဖြင့် ဆက်သွယ်ခြင်းကိုဖြစ်စေ၊ အနှောင်အဖွဲ့ကိုဖြစ်စေ ဆက်နွယ်ပုံကိုဖြစ်စေ ခေါ်ပါသည်။) ဤသည်နှင့် ဆန့်ကျင် သည်မှာ သွေးသားတော်စပ်မှုအပေါ် အခြေခံထားသည့် သဘာဝဆက်စက်မှုကို ဂရုမပြုဥပက္ခာပြုခြင်းကို "ကတ္တလ်ရဟီမ်" ဟုခေါ်သည်။ (ဝေါဟာရ အသုံးအနှုန်းအရ ချက်ကြိုးဖြင့် ဆက်နွယ်မှုကိုဖြတ်ခြင်း၊ ဆိုလိုသည် မှာ တစ်စုံတစ်ဦး၏ ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ဖြတ်ခြင်း ဖြစ်သည်။)

မြင့်မြတ်သော ဟဒီးဆ်တော်တစ်ရပ်တွင် ဆွေမျိုးသားချင်းများနှင့် ဆက်သွယ်မှုကို အလွန်အလေးအနက် ပြုထားပါသည်။

တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ -

من احب ان يبسط له فى رزقه وينسأله فى اثره فليصل رحمه

**မည်သူမဆို မိမိ၏စားဝတ်နေရေးချောင်လည်ပြီး အသက်ရှည်စေလိုလျှင် အနီးစပ်ဆုံးသော ဆွေမျိုးများနှင့် ကောင်းမွန်သော ဆက်သွယ်မှုများ ထားသင့်သည်။ (မစ်ရှ်ကာသ်၊ စာ-၄၁၉)**

အနီးစပ်ဆုံးဆွေမျိုးသားချင်းများအား ကောင်းမွန်စွာပြုစုစောင့်ရှောက်မှုကြောင့် ပေါ်ထွက်လာသော အကျိုးကျေးဇူးနှစ်ရပ်ကို ဤဟဒီးဆ်တော်က ကျွန်ုပ်တို့အားပြောပြပါသည်။ နောင်တမလွန်ဘဝ၏ အကျိုးကျေးဇူး များ ပေးသနားခံရမည့်အပြင် ဤကဲ့သို့ဆွေမျိုးသားချင်းများကို မျှမျှတတ ကြည့်ရှုစောင့်ရှောက်မှုအတွက် ဤဘဝ တွင်လည်း ကောင်းကျိုးများရှိပါသည်။ ၎င်းတို့မှာ သူ၏စားဝတ်နေရေးအတွက် အခက်အခဲများဖယ်ရှားပေးခြင်းနှင့် သူ၏သက်တမ်းရှည်စေခြင်းဖြင့် ကောင်းချီးပေးခြင်း ခံရပါမည်။

စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိစလာမ်﴿ﷺ﴾ ကပြောသည်မှာ တမန်တော်မြတ်﴿ﷺ﴾ မဒီနဟ်အလ် တွိုင်ယိဗဟ်မြို့သို့ ကြွရောက်လာသောအခါတွင် ကျွန်ုပ်သွားရောက်တွေ့ဆုံခဲ့ပါသည်။ တမန်တော်မြတ်﴿ﷺ﴾ ဦးစွာ ပထမမိန့်ကြားတော်မူသော စကားလုံးများကို ကျွန်ုပ်ကြားသိရသည်မှာ -

يا ايها الناس افشوا السلام ٭ واطعموا الطعام وصلوا الارحام، وصلوا
بالليل والناس ينام، تدخلوا الجنة بسلام

**"အို-လူသားတို့ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာတွင် စလာမ်ဆို၍နှုတ်ဆက်ခြင်း၊ (အလ္လာဟ် အရှင်မြတ်နှစ်သက်စေရန်) လူအများအား ကျွေးမွေးခြင်း၊ အနီးစပ်ဆုံးဆွေမျိုးသားချင်းများအား ကောင်း**

**မွန်စွာ ပြုစုစောင့်ရှောက်ခြင်းနှင့် ညဥ့်အချိန် လူအများအိပ်စက်နေသောအခါတွင် ဆွေလာသ်ပြုခြင်း စသည့်လုပ်ဆောင်မှုတို့ကို အလေ့အကျင့်ပြုလုပ်ကြပါ။ အသင်သည် ဂျန္နသ်သုခဘုံသို့ အေးချမ်းသာယာစွာဝင်ရောက်နိုင်ပါလိမ့်မည်။" (မစ်ရှ်ကားသ်၊ စာ-၁၀၈)**

အခြားသော ဟဒီးဆ်တော်တစ်ပုဒ်တွင်ပါရှိသည်မှာ "အုမ်မုလ်မုအ်မိနီ" (ယုံကြည်သူများ၏မိခင်) စိုက်ယိဒါဟ် မိုင်မွန်နာသည် သူမ၏အမျိုးသမီး ကျေးကျွန်များအား လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ကြောင်းကို တင်ပြထားပါသည်။ ယင်းအကြောင်းကို သူမသည် တမန်တော်မြတ်﴿ﷺ﴾ အား ပြောကြားခဲ့ရာတွင် တမန်တော်မြတ်﴿ﷺ﴾ က မိန့်ကြားသည်မှာ - **لو اعطيتها اخوالك كان اعظم لا جرك**

**"အကယ်၍သာ အသင်သည် သူမအား အသင်၏မိခင်ဘက်မှ တော်စပ်သောဦးလေးကို ပေးခဲ့ပါလျှင်၊ အသင့်အတွက် ဆုလာဘ်များ ပိုမိုများပြားပါလိမ့်မည်"။ (မစ်ရှ်ကားသ်၊ စာ-၁၇၁)**

အစ္စလာမ်သာသနာက လူများကို ကျေးကျွန်များအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် နှိုးဆော်ထားပြီး၊ ယင်းကဲ့သို့လုပ်ဆောင်ခြင်းကို အကောင်းဆုံးသော ကောင်းမှုကုသိုလ်လုပ်ခြင်းနှင့် တစ်တန်းတစ်စားတည်းထားခဲ့သော်လည်း ဆွေမျိုးများအား ကောင်းမွန်စွာပြုစုစောင့်ရှောက်ခြင်းလုပ်ရပ်ကို ပိုမိုအလေးပေးထားပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ နောက်ထပ်ဆင့်ပြန်ချက်တစ်ခုတွင် တမန်တော်မြတ်﴿ﷺ﴾ က မိန့်ကြားထားသည်မှာ -

**الصدقة على المسكين صدقة وهى على ذى الرحم ثنتان ؛ صدقة وصلة**

**"ချို့တဲ့သူများကို ပေးကမ်းလှူဒါန်းခြင်းတွင် ပေးကမ်းလှူဒါန်းခြင်း၏ အကျိုးသာရပါမည်။ သို့ရာတွင် အနီးစပ်ဆုံးဆွေမျိုးသားခြင်းနှင့် ပတ်သက်လာလျှင် ပေးကမ်းခြင်းနှင့် ဆွေမျိုးတော်စပ်ခြင်းတို့ကြောင့် အကျိုးစဝါဗ်နှစ်ဆ ရရှိပါလိမ့်မည်။" (မစ်ရှ်ကားသ်၊ စာ-၁၇၁)**

ထို့ကြောင့် ပေးကမ်းလှူဒါန်းခြင်း၏ အဆုံးသတ်လုပ်ဆောင်မှုကို ရိုးရှင်းစွာပြောင်းလဲမှုတစ်ခုက အကျိုးကျေးဇူးနှစ်ရပ်ထွက်ပေါ်လာပါသည်။

ဤသည်နှင့်ဆန့်ကျင်၍ အေးတိအေးစက်နှင့် သွေးသားတော်စပ်မှုကို ဖြတ်တောက်သည့် အနေအထားလည်းရှိပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဟဒီးဆ်တော်များတွင်ပါဝင်သော သတိပေးချက်များသည် မည်မျှပြင်းထန်ကြောင်းကို အောက်ဖော်ပြပါဟဒီးဆ်တော်နှစ်ပုဒ်အရ စဉ်းစားကြည့်နိုင်ပါသည်။

တမန်တော်မြတ်﴿ﷺ﴾ က မိန့်ကြားသည်မှာ - **لايدخل الجنَة قاطعٌ** (၁)

(၁) **"သွေးသားတော်မှုကို ဖြတ်တောက်သောသူသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရလိမ့်မည်မဟုတ်ပါ။" (မစ်ရှ်ကသ်၊ စာ-၄၁၉)**

**(٢) لاتنزل الرحمة على قوم فيه قاطع رحم**

(၂) **(အလ္လာဟ်အရှင်မြတ်၏) အသနားတော်သည် သွေးသားတော်စပ်မှုကို ဖြတ်တောက်သူတစ်ဦးရှိသော လူတစ်စုပေါ်၌ ကျရောက်လိမ့်မည် မဟုတ်ပါ။" (မစ်ရှ်ကသ်၊ စာ-၄၂၀)**

အဆိုအမိန့်- إِنَّ اللَّهَ كَانَ عَلَيْكُمْ رَقِيبًا **"အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် ကောန်စင်စစ် ကြီးကြပ်ထိန်းသိမ်းစောင့် ရှောက်ကြည့်ရှုတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။"**

က လူသားတို့နှလုံးသားကို အခြားသူများ၏ ရပိုင်ခွင့်အား အချိန်ကျရောက်လျှင် ဖြည့်ဆည်းပေးရန် လှုံ့ဆော်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ ကြည့်ရှုစောင့်ရှောက်ထိန်းသိမ်းခြင်းဆိုသည်က လူသားများတို့၏ နှလုံးများတွင်ရှိသော ရည်ရွယ်ချက်များ၊ သိက္ခာစောင့်စည်းမှုများ၊ စေ့ဆော်မှုများ၏ အရာရာတိုင်းကို သိမြင်ခြင်းဟုဆိုလိုပါသည်။ ကိစ္စရပ်တိုင်းကို စိတ်မပါတစ်ပါ လုပ်ဆောင်ခြင်း၊ ဝတ်ကျေတမ်းကျေ လုပ်ဆောင်ခြင်းကိုလည်းကောင်း၊ အလုပ်အကျွေးပြုရန် စစ်မှန်သော စိတ်ဆန္ဒမရှိဘဲ ဖြစ်နိုင်ခြေရှိသော အနှောင့်အယှက်များကို ကြောက်ရွံ့ခြင်းကြောင့် လုပ်ဆောင်ခြင်းကိုလည်းကောင်း စသည့်လုပ်ရပ်များတို့သည် အလ္လာဟ်အရှင်မြတ် လက်ခံတော်မမူသော လုပ်ရပ်များဖြစ်နေပါလိမ့်မည်။ ဤသည်မှ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား အဘယ်ကြောင့်ကြောက်ရသည်ဆိုသည်ကို တွေ့ရှိရပါသည်။ အကြောင်းမှာ ထိုအရှင်သည် လူတိုင်းအပေါ်၌ အမြဲတစေ စောင့်ရှောက်ကြည့်ရှုနေတော်မူသောကြောင့် ဖြစ်သည်။ အခြားသောနေရာများ၌ ညွှန်ပြထားသကဲ့သို့ ဤသည်မှာလည်း ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးခြားသည့် ဟန်ပန်ပင်ဖြစ်သည်။ ယင်းသည်ကမ္ဘာလောကရှိ အစိုးရများတို့၏ ဥပဒေများကဲ့သို့ စာရွက်ပေါ်တွင် ရိုက်နှိပ်ထုတ်ပြန်ထားရုံသက်သက် မဟုတ်ဘဲ၊ ယင်းဥပဒေများကို ဥပဒေ၏ စာသားများအတိုင်း ကန့်သတ်မထားဘဲ ပညာပေးခြင်း၊ လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ချစ်ခင်ကြင်နာခြင်းအနေအထားများတို့ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၎င်းကို စိတ်ဓာတ်များနှင့် နှစ်လုံးသားများပါပျိုးထောင်ပေးခြင်းနှင့် ပေါင်းစပ်ပေးထားပါသည်။

## မိဘမဲ့ကလေးများ၏ ရပိုင်ခွင့်များနှင့် ၎င်းတို့၏ပစ္စည်းဥစ္စာများကို ကာကွယ်စောင့်ရှောက်ခြင်း

ဆွေမျိုးသားချင်းများကို ပြုစုစောင့်ရှောက်ခြင်းနှင့် သောကထားခြင်းအကြောင်းကို ပထမအာယသ်တော်တွင် အလေးပေးဖော်ပြထားသည်။ ၎င်းနောက် ယင်းမှပေါ်ထွက်လာသောရပိုင်ခွင့်များ ဖြည့်ဆည်းပေးခြင်းအကြောင်းကို ယေဘုယျ အလေးအနက်ပြုထားပါသည်။ ဒုတိယအာယသ်တော်တွင် မိဘမဲ့ကလေးများတို့၏ ဥစ္စာပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ယင်းပစ္စည်းများကို အလွဲသုံးစားပြုခြင်းအား တားမြစ်ကြောင်း အမိန့်ပါရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မိဖမဲ့ကလေးတစ်ဦးအား ထိန်းသိမ်းစောင့်ရှောက်သူသည် များသောအားဖြင့် သူ၏ဆွေမျိုးသားချင်းတစ်ဦးဦးပင်ဖြစ်ပါသည်။ ထို့ကြောင့်ဤကိစ္စသည်လည်း ဆွေမျိုးသားချင်းများ၏ ရပိုင်ခွင့်များကို ဖြည့်ဆည်းခြင်းနှင့် အလားတူပင် ဖြစ်ပါတော့သည်။

အာယသ်တော်အမှတ်(၂)၏ ပထမစာကြောင်း- وَآتُوا الْيَتَامَىٰ أَمْوَالَهُمْ **"ထို့ပြင်တစ်ဝ အသင်တို့သည် အဖမဲ့ကလေးများတို့အား ထိုသူတို့၏ ဥစ္စာပစ္စည်းများကို (သစ္စာရှိစွာဖြင့်) ပြန်၍ပေးကြကုန်လော့"** ထဲတွင်ပါဝင်သော "အလ်ယသာမာ" ဟူသောစကားလုံးသည် "အလ်ယသင်မ်"(ဖမဲ့ကလေး)၏ ဗဟုဝုစ်ကိန်း

ဖြစ်ပါသည်။ ဝေါဟာရအရအထီးကျန် (သို့) တစ်ဦးတည်းဟု အဓိပ္ပာယ်ပေါက်ပါသည်။ ထို့ကြောင့် မုတ်ကောင်ထဲတွင်တည်ရှိနေသည့် တစ်လုံးတည်းသောပုလဲကို "အဒ်ဒုးရ် ရုလ်ရသီမ်" (ဝေါဟာရအရ တစ်လုံးတည်းသော ပုလဲဟုခေါ်သည်။) အစ္စလာမ်ဥပဒေ အသုံးအနှုန်းအရ 'ယသင်မ်' ဆိုသည်မှာ အဖေသေဆုံးသွားသောကလေးငယ်ကို ခေါ်သည်။ တိုက်ဆိုင်စွာဖြင့် တိရစ္ဆာန်များတွင် အမေသေဆုံးသွားသည့် သားငယ်အား 'ယသင်မ်'ဟု ခေါ်ပါသည်။ (ကာမုစ်) ကလေးသူငယ်သည် ကြီးပြင်းလာသောအခါ ဆိုလိုသည်မှာ အရွယ်ရောက်လာသောအခါ အစ္စလာမ့်တရားတော် အသုံးအနှုန်းတွင် "ယသင်မ်" ဟု မရည်ညွှန်းတော့ပါ။ ထိုအကြောင်းကို ဟဒီးဆ်တော်တစ်ပုဒ်တွင် ရှင်းလင်းထားသည်မှာ- **لا يتم بعد احتلام "အဖမဲ့ဖြစ်ခြင်းသည် အရွယ်ရောက်သည်နှင့် အဆုံးသတ်သွားပါသည်။" (မစ်ရှ်ကသ်၊ စာ-၂၈၄)**

တစ်စုံတစ်ဦးထံမှ အမွေရ၍ဖြစ်စေ လက်ဆောက်အဖြစ်ရရှိသည်ဖြစ်စေ၊ အကယ်၍ ဖမဲ့ကလေးများတွင် ပစ္စည်းဥစ္စာများရှိပါက ဖမဲ့ကလေးနှင့် သူ၏ဥစ္စာပစ္စည်းများကိုပါ ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည် ဖမဲ့ကလေး၏ အုပ်ထိန်းသူအပေါ် ကျရောက်သည်။ ဖမဲ့ကလေးအုပ်ထိန်းသူသည် ကလေး၏ဖခင်က ၎င်းမသေဆုံးမီက ခန့်အပ်ခဲ့သည်ဖြစ်စေ၊ အာဏာပိုင်အဖွဲ့က ခန့်အပ်သည်ဖြစ်စေ အကြောင်းမဟုတ်ပါ။ အုပ်ထိန်းသူ၏ တာဝန်ဝတ္တရား တစ်စိတ်တစ်ပိုင်းမှာ အဖမဲ့ကလေးအား လိုအပ်သည့် ကျွေးမွေးစောင့်ရှောက်မှုအတွက် ကုန်ကျစရိတ်အားလုံးကိုသူ၏ ပိုင်ဆိုင်မှုမှ မုချဧကန် ကုန်ကျခံရပါမည်။ သူသည် ဖမဲ့ကလေးအရွယ်မရောက်မီ ထိုကလေးပိုင်ဆိုင်မှုအားလုံးကို ကလေးအား မပေးအပ်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် ကလေးသည် ရင့်ကျက်မှုမရှိသေးသည့် ကလေးသူငယ်ဖြစ်သောကြောင့် ဥစ္စာပစ္စည်းများ ဆုံးရှုံးသွားနိုင်ပါသည်။ ထို့ကြောင့် ဤအာယသ်တော်ပါ "အသင်တို့သည် ဖမဲ့ကလေးတို့အား ထိုသူတို့၏ ဥစ္စာပစ္စည်းများကို (သစ္စာရှိစွာဖြင့်) ပြန်၍ပေးကြကုန်လော့။" ဟူသော အဆိုအမိန့်ကို လာမည့်အာယသ်တော်အမှတ်(၅)ထဲတွင် ရှင်းလင်းထားသည်မှာ ဖမဲ့ကလေးများရင့်ကျက်ပြီး အရွယ်ရောက်ခါ သူတို့အတွက် မည်သည့်အရာက ကောင်းသည်၊ မည်သည့်အရာက မကောင်းဟူသည်ကို ခွဲခြားနိုင်သည့် စွမ်းရည်ရှိကြောင်း သေချာမှသာ ၎င်းပိုင်ဥစ္စာပစ္စည်းများကို ၎င်းတို့အား ပေးအပ်သင့်သည်ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် ဤအာယသ်တော်ပါ "အသင်တို့သည် ဖမဲ့ကလေးတို့အား သူတို့၏ ဥစ္စာပစ္စည်းများကို (သစ္စာရှိစွာဖြင့်) ပြန်၍ပေးကြကုန်လော့" ဟူသည်၏ အဓိပ္ပာယ်ကို ၎င်းတို့၏ဥစ္စာပစ္စည်း ကာကွယ်ထိန်းသိမ်းမှု သဘောအရဆိုလျှင် ယင်းပစ္စည်းများကို သူတို့အား သင့်လျော်သည့်အချိန်တွင် ပြန်လည်ပေးအပ်နိုင်သည်ဟူ၍ မှတ်ယူရမည်။ ဖမဲ့ကလေး၏ကောင်းကျိုးအတွက် အုပ်ထိန်းသူတွင် မည်မျှအထိ တာဝန်ရှိကြောင်းကို ဤစာတမ်းထဲတွင် ထင်ရှားသော အညွှန်းပါရှိသည်။ အာယသ်တော်တွင် မိန့်ကြားထားသည်မှာ အုပ်ထိန်းသူ၏ တာဝန်ဝတ္တရားကို ဖမဲ့ကလေးတို့ ဥစ္စာပစ္စည်းများကို ဖြုန်းတီးခြင်းကိုလည်းကောင်း၊ သူကိုယ်တိုင် သုံးစွဲပစ်ခြင်းတို့ကိုလည်းကောင်း ရှောင်ကြဉ်ရန်ဟူ၍သာ ကန့်သတ်မထားပါ။ သို့ရာတွင် ဖမဲ့ကလေးအရွယ်ရောက်ပြီးသည့်နောက် သူပိုင်ပစ္စည်းများအား လွှဲပြောင်းပေးရပေးမည့်အချိန်တွင် ယင်းဥစ္စာပစ္စည်းများသည် အကောင်းဆုံးသော အနေအထားတွင် ရှိနေစေရန်အတွက် ကာကွယ်ခြင်း၊ စောင့်ရှောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်ဖြစ်နိုင်သမျှ အလုံးစုံတို့ကို လုပ်ဆောင်သင့်သည်မှာလည်း သူ၏ တာဝန်ဝတ္တရားများအနက်မှ ခွဲထုတ်၍မရသော အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည်။

ဒုတိယစာကြောင်း- وَلَا تَتَبَدَّلُوا الْخَبِيثَ بِالطَّيِّبِ **"ၔင်းပြင် အသင်တို့သည် (မိမိတို့၏ပစ္စည်း) အညံ့ကို(ဖမဲ့တို့၏) အကောင်းနှင့် လဲလှယ်ခြင်း မပြုကြကုန်လင့်။"** ဟူသည်က ကောင်းသောပစ္စည်းကို မကောင်းသောပစ္စည်းနှင့် အစားထိုးမှုတားမြစ်ထားသည်။ လူတို့သည် ဖမဲ့ကလေးများပိုင်သည့် ဥစ္စာပစ္စည်း အရေအတွက်ကို လျော့နည်းမှုမရှိရန်ထိန်းသိမ်းကြပါသည်။ သို့ရာတွင် ဖမဲ့ကလေးများပိုင် ကောင်းသောပစ္စည်း များကို သူတို့ပိုင်ညံ့ဖျင်းသော ပစ္စည်းများနှင့်လဲလှယ်ယူတတ်ကြသည်။ ပမာဆိုသော် ဝဖြိုးသောဆိတ်နှင့် ကြုံလျှီသောဆိတ်တစ်ကောင်အားလည်းကောင်း၊ ကောင်းသောငွေကြေးကို မကောင်းသောငွေကြေးဖြင့် လည်းကောင်း လဲလှယ်ခြင်းစသည်တို့ဖြစ်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည်လည်း ဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းနှင့် ပတ်သက်သော ယုံမှတ်အပ်နှံမှု ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ၎င်းပြင် တစ်စုံတစ်ဦးသည် သူ၏ ဆိုးသွမ်းသောဉာဉ်ဖြင့် ဖမဲ့ကလေးပိုင်ဆိုင်သည်တို့ကို "ယူငင်" ခြင်းမဟုတ်ပါ။ "လဲလှယ်" ခြင်းမျှသာဖြစ်ပါသည်ဟု ဆင်ခြေပေးသောအချိန်များရှိပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က ထိုကဲ့သို့ပြုလုပ်ခြင်းကို ရှင်းလင်းပြတ်သားစွာ တားမြစ်ထားပါသည်။ ဤတားမြစ်ချက်သည် ဖတဆိုး၏ကောင်းသောပစ္စည်းနှင့် တစ်စုံတစ်ဦး၏မကောင်းသောပစ္စည်းများ လဲလှယ်ခြင်းကို အကျုံးဝင်ရုံသာမက ဖမဲ့ကလေးကိုဆုံးရှုံးနစ်နာ စေနိုင်သော အုပ်ထိန်းသူနှင့် အခြားသူတစ်ဦးတစ်ယောက်တို့ ရောင်းဝယ်ဖောက်ကားမှုပြုရန် ကြိုးပမ်းမှုလည်း အကျုံးဝင်စေပါသည်။

တတိယစာကြောင်း-وَلَا تَأْكُلُوا أَمْوَالَهُمْ إِلَىٰ أَمْوَالِكُمْ **"ၔင်းပြင် အသင်တို့သည် ထိုဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းများကို မိမိတို့၏ ဥစ္စာပစ္စည်းများနှင့် ရောနှောစားသုံးခြင်းကိုလည်း မပြုကြကုန်လင့်။"** ဟူသည်က ဖမဲ့ကလေးများပိုင် ဥစ္စာပစ္စည်းများကို သီးခြားထိန်းသိမ်း စောင့်ရှောက်ထားသည်မှ ယူငင်သုံးစွဲသည်ဖြစ်စေ၊ အုပ်ထိန်းသူနှင့် ဖမဲ့ကလေး ပူးတွဲပိုင်ဆိုင်သည်မှ ယူငင်သုံးစွဲသည်ဖြစ်စေ၊ ခွင့်မပြုသော နည်းလမ်းများဖြင့် ဖမဲ့ကလေး၏ ဥစ္စာပစ္စည်းကို ယူငင်သုံးစွဲခြင်းအား တားမြစ်ရန် ဦးတည်ကြောင်း ထင်ရှားပါသည်။ သို့ရာတွင် ယေဘုယျလုပ်ရိုးလုပ်စဉ်မှာ အုပ်ထိန်းသူသည် ဖမဲ့ ကလေးပိုင်ဆိုင်မှုများနှင့် သူ၏ကိုယ်ပိုင် ပိုင်ဆိုင်မှုများအတူတကွ ထိန်းသိမ်းထားကာ၊ မိမိအတွက် ယူငင်သုံးစွဲသကဲ့သို့ ဖမဲ့ကလေးကိုလည်း ထိုနည်းတူယူငင်သုံးစွဲစေပါသည်။ ထိုကဲ့သို့ပြုလုပ်ရာတွင် စာရင်းဇယားများ မထားသောကြောင့် ဘာသာတရား ကိုင်းရှိုင်းသော မုစ်လင်မ်တစ်ဦးသည်ပင် ထိုကဲ့သို့လုပ်ဆောင်ခြင်းကို အပြစ် မရှိဟု တွေးထင်သွားနိုင်ပါသည်။ ဤသီးခြားအကြောင်းကြောင့် ဖမဲ့ကလေးပိုင်ပစ္စည်းကို တစ်စုံတစ်ဦးပိုင်နှင့် ရောထွေးကာ ယူငင်သုံးစွဲခြင်းကို တားမြစ်ထားပါသည်။ ဖမဲ့ကလေး၏ ဥစ္စာပစ္စည်းများကို လုံးဝသီးခြားထားရှိပြီး ယင်းမှ ကလေးအတွက် ယူငင်သုံးစွဲခဲ့လျှင် ပိုမိုသုံးမိခြင်း အန္တရာယ်မှ ကင်းလွတ်စေနိုင်သောကြောင့် ဖမဲ့ကလေး ပိုင်ဥစ္စာပစ္စည်းကို လုံးဝဥဿုံ သီးခြားထားရန်၊ (သို့မဟုတ်) တစ်စုံတစ်ဦးသည် ကုန်ကျစရိတ်ကို ပူးတွဲကျခံစေသည့်စနစ် ရွေးချယ်ခဲ့ပါလျှင်၊ ဖမဲ့ကလေးပိုင်ဆိုင်မှုထဲမှ မည်သည့်အရာကိုမျှ အုပ်ထိန်းသူ၏ ကိုယ်ကျိုးအတွက် သုံးစွဲမထား ကြောင်း ရှင်းလင်းပြတ်သားသော စာရင်းဇယားထားရှိရန် သတိပေးထားပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းချက်- وَاللَّهُ يَعْلَمُ الْمُفْسِدَ مِنَ الْمُصْلِحِ စူရဟ်အလ်ဘကရဟ်၏ ရကူအ်(၂၇)၊ အာယသ် (၂၂၀) ဤဘာသာပြန်(အတွဲ-၂)တွင် ဖော်ပြထားပြီးဖြစ်သည်။

ဖမဲ့ကလေးတို့၏ ပစ္စည်းများကို အလွဲသုံးစားလုပ်သူများသည် ယေဘုယျအားဖြင့် ၎င်းတို့ကိုယ်ပိုင်ပစ္စည်းရှိသူများဖြစ်ကြောင်းကို ဤအာယသ်တော်၏ ဖော်ပြချက်ဟန်ပန်က ရည်ညွှန်းပါသည်။ ထို့ကြောင့် မိမိတို့၏ ဥစ္စာပစ္စည်းများ တရားဝင်ပိုင်ဆိုင် လက်ဝယ်ရှိသူများသည် ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းကို တရားမဝင် သုံးစွဲခြင်းအား သွယ်ဝိုက်သောနည်းအားဖြင့် ပြစ်တင်ရှုတ်ချထားပါသည်။ ယင်းသည် ရှက်ဖွယ်လိလိ လုပ်ရပ်ပင်တည်း။

အာယသ်တော်အမှတ်(၂)က ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းကို "စားသုံးခြင်း"မှ တားဖြစ်ကြောင်း ဖော်ပြချက်ကို သတိမူမိပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် "စားသုံးခြင်း" သည် တစ်စုံတစ်ဦးပိုင်ဆိုင်မှုကို အဆုံးအသတ် အသုံးပြုနည်း တစ်နည်းပင်ဖြစ်သည်။ သို့ရာတွင် ယေဘုယျ သုံးစွဲမှုတွင် အသုံးချခြင်းအပြုအမူတိုင်း၊ သုံးစွဲခြင်းအပြုအမူတိုင်းနှင့် ကုန်ခန်းစေခြင်းအပြုအမူတိုင်းကို အသုံးပြုသည်ဖြစ်စေ၊ စားသည်ဖြစ်စေ၊ ယင်းလုပ်ရပ်တို့ကို "စားပစ်လိုက်သည်"ဟု ရည်ညွှန်းပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ `Ao^l<|< a^T–¾O– ဝလာသအ်ကုလူ"အသင်တို့သည် စားသုံးခြင်းမပြုကြကုန်လင့်"ဟူသောဖော်ပြချက်သည် အသုံးပြုခြင်းဟု အဓိပ္ပာယ်ဖော်ဆောင်ပါသည်။ ယင်းတွင်ခွင့်မပြုသော နည်းလမ်းအားလုံးအကျုံးဝင်စေပါသည်။ ထို့ကြောင့် တရားမဝင်သောမည်သည့်နည်းဖြင့်မဆို ဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းကိုသုံးစွဲခြင်းအားလုံးဝဥဿံ "ဟရမ်"(တားမြစ်ထားသည်)။

အာယသ်တော်သည်- **إِنَّهُ كَانَ حُوبًا كَبِيرًا "ယင်းကဲ့သို့ပြုမူခြင်းသည် စင်စစ်ဧကန် ကြီးစွာသော အပြစ်ပင်ဖြစ်ချေသည်"** ဟူသည့် ဆုံးမပဲ့ပြင်ခြင်းဖြင့်အဆုံးသတ်ထားပါသည်။ စိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ်အဆိုအရ ဤစာကြောင်းတွင်ပါဝင်သော aBOH(ဟူဗ်)ဟုဆိုသော စကားလုံးသည် အီသီယိုးပီးယား ဘာသာစကားမှလာသောစကားလုံးဖြစ်သည်။ ယင်းသည်"ကြီးမားသောအပြစ်"ဟု အဓိပ္ပာယ်သက်ရောက်သည်။ အရဗီဘာသာတွင်လည်း ယင်းအဓိပ္ပာယ်အတိုင်းသုံးစွဲထားသည်။ ဆိုလိုသည်မှာ ဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းများကို တရားမဝင် စီမံခန့်ခွဲခြင်းကိုလည်းကောင်း၊ အသုံးပြုခြင်း ထိန်းသိမ်းကွပ်ကဲမှုပေါ့လျော့ခြင်း၊ ကောင်းသည့်အရာနှင့် မကောင်းသည့်အရာ အစားထိုးခြင်းကိုလည်းကောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့် ဖမဲ့ကလေးများတို့ ပိုင်ဆိုင်မှုတို့ကို ရောထွေးထားကာ သုံးစွဲခြင်းများကိုလည်းကောင်း အဆုံးတွင်"ကြီးမားသောအပြစ်"ပင် ဖြစ်ပါတော့သည်။ ဖမဲ့ကလေးတို့၏ ပစ္စည်းများကို စားသုံးသူတို့အား အလေးအနက် သတိပေးထားခြင်းကို ဤရကူ(၄း၁၀) ဆုံးကာနီးအထိဖော်ပြထားပါသည်။

❁❁❁❁❁❁❁❁❁❁❁

**အာယသ် (၃)**

وَإِنْ خِفْتُمْ أَلَّا
تُقْسِطُوا فِي الْيَتَامَىٰ فَانْكِحُوا مَا طَابَ لَكُمْ مِنَ
النِّسَاءِ مَثْنَىٰ وَثُلَاثَ وَرُبَاعَ ۖ فَإِنْ خِفْتُمْ أَلَّا تَعْدِلُوا
فَوَاحِدَةً أَوْ مَا مَلَكَتْ أَيْمَانُكُمْ ۚ ذَٰلِكَ أَدْنَىٰ أَلَّا تَعُولُوا ﴿٣﴾

**သို့ရာတွင်အကယ်၍ အသင်တို့သည် ဖမဲ့မိန်းကလေးများနှင့် (ထိမ်းမြားရာတွင် ထိုမိန်းကလေးတို့၏ အခွင့်အရေးများနှင့်) ပတ်သက်၍ တရားမျှတအောင် ပြုလုပ်နိုင်ကြမည်မဟုတ်ဟုစိုးရိမ်ကြသော်(ထိုမိန်းကလေးများနှင့် မထိမ်းမြားကြနှင့်) မိမိတို့နှစ်ခြိုက်သော (အခြား) အမျိုးသမီးများအနက် (ယောကျ်ားတစ်ဦးလျှင်) မိန်းမနှစ်ယောက်စီနှင့်ဖြစ်စေ၊ သို့မဟုတ် မိန်းမသုံးယောက်စီနှင့်ဖြစ်စေ၊ သို့မဟုတ် မိန်းမလေးယောက်စီနှင့်ဖြစ်စေ ထိမ်းမြားကြကုန်။ တစ်ဖန် အကယ်၍ အသင်တို့သည် (မိန်းမတစ်ယောက်ထက်ပို၍ ထိမ်းမြားရာတွင်) တရားမျှတမှုကိုပြုနိုင်ကြမည်မဟုတ်ဟု စိုးရိမ်မကင်းဖြစ်ကြပြန်သော် (ဇနီးမိန်းမ) တစ်ဦးတည်းနှင့်ပင်(တင်းတိမ်ကြရမည်)။ သို့မဟုတ်ပါမူ (တရားတော်အရ) မိမိတို့လက်အောက် ပိုင်ဆိုင်သောကျွန်မိန်းမနှင့်ပင် တင်းတိမ်ကြရမည်။ ဤသည် အသင်တို့ စည်းကမ်းကျူးလွန်မှု မပြုကြရန် အနီးစပ်ဆုံး (အသင့်လျော်ဆုံးနည်းပင်) ဖြစ်ချေသည်။ (၄:၃)**

## အာယသ်တော်၏ ဆက်စပ်မှု

ပြီးခဲ့သောအာယသ်တော်ထဲတွင် ဖမဲ့ကလေးတို့၏ ပစ္စည်းဥစ္စာများကို နည်းနည်းချင်း ကဲ့ဝှက်ခိုးယူခြင်းဖြစ်စေ၊ အလွဲသုံးစားပြုခြင်းကိုဖြစ်စေ ပြုလုပ်ခြင်းများတို့နှင့်ပတ်သက်၍ အုပ်ထိန်းသူများအား သတိပေးထားပါသည်။ လက်ရှိအာယသ်သည် အခြေခံအမိန့်ပညတ်ချက်အား အခြားသောရှုထောင့်မှနေ၍ တိုးချဲ့ထားခြင်းဖြစ်သည်။ ဤအာယသ်တော်ထဲတွင် အုပ်ထိန်းသူများအား ၎င်းတို့တာဝန်ယူအုပ်ထိန်းရသော ဖမဲ့မိန်းကလေးများကို ၎င်းတို့နှင့် ထိမ်းမြားရန် မည်သည့်ကြိုးပမ်းမှုမဆို သတိပေးထားပါသည်။ ထိုထိန်းသိမ်းသူများတို့သည် မိမိတို့စိတ်ကြိုက် မဟရ်ဒွေသတ်မှတ်ကာ ဖမဲ့မိန်းကလေးများပိုင်ပစ္စည်းများကို ထပ်ဆောင်းအကျိုးအမြတ်ရလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် လုပ်ဆောင်ကြသည်။

ထို့ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်က ဖမဲ့ကလေးများပိုင်ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ရန်အတွက် ကြံစည်ပြုလုပ်ထားသည့် နည်းလမ်းကိုလည်းကောင်း၊ နည်းဗျူဟာကိုလည်းကောင်း၊ အလုံးစုံသော ဆင်ခြေများကိုလည်းကောင်း ခွင့်မပြုကြောင်း အလွန်ရှင်းလင်းစွာ ကြေညာထားခဲ့ပါသည်။ ဖမဲ့ကလေးများတို့၏ရပိုင်ခွင့်များကို ရိုးသားစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အုပ်ထိန်းသူများ၏ တာဝန်ဖြစ်သည်။

## အကျယ်ဖွင့်ဆိုခြင်း
## ဖမဲ့မိန်းကလေးတို့၏ ရပိုင်ခွင့်များ ဖောက်ဖျက်ခြင်းနှင့် ယင်းကိုကာကွယ်ခြင်း

ဂျာဟိလိယဟ်အမှောင်ခေတ်အချိန်က ဖမဲ့မိန်းကလေးများအား အုပ်ထိန်းရန် တာဝန်ပေးခြင်းခံရသော အုပ်ထိန်းသူတို့သည် ရုပ်ရည်သားနားသော (သို့) အဖိုးတန်ပစ္စည်းဥစ္စာများပိုင်ဆိုင်သော မိန်းကလေးများကို ရွေးချယ်ကာ ၎င်းတို့ကိုယ်တိုင်နှင့်ဖြစ်စေ၊ ၎င်းတို့သားများနှင့်ဖြစ်စေ ထိမ်းမြားလေ့ရှိပါသည်။ ၎င်းတို့သည် မဟရ်ငွေကို မိမိတို့စိတ်ကြိုက်သတ်မှတ်ကြသည်။ ယင်းသတ်မှတ်ချက်သည် အစဉ်သဖြင့်အနည်းဆုံးပင်ဖြစ်သည်။ ထိုဖမဲ့မိန်းကလေးများအား ၎င်းတို့စိတ်ကြိုက်နည်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ထိန်းသိမ်းစောင့်ရှောက်သောသူများ ဖြစ်ကြသောကြောင့်ပင်ဖြစ်သည်။ ထိုမိန်းကလေးများ၏ ရပိုင်ခွင့်များကို တာဝန်ယူလုပ်ဆောင်ပေးမည့် ဖခင်များမရှိကြပါ။ အကယ်၍ ဖခင်များသာရှိခဲ့လျှင် အိမ်ထောင်သည်ဘဝတွင် သမီးတစ်ယောက်ရင်ဆိုင်ရမည့် ကိစ္စရပ်များကို ပြည့်စုံစွာကြိုတင်စဉ်းစားပြီးမှ သင့်တော်သောသူတစ်ဦးနှင့် ထိမ်းမြားပေးမည်မှာ မုချပင်ဖြစ်သည်။ ၎င်းနောက် ထိုမိန်းကလေးများ ပျော်ရွှင်စွာနှင့် ကောင်းမွန်လုံခြုံစွာရှိစေရန် ပြုလုပ်ပါလိမ့်မည်။

စိုက်ယိဒဟ် အာအိရှာ(ﷺ) ၏ ဆင့်ပြန်ချက်ကို ဆွတီအလ်ဗုခါရီတွင် ဖော်ပြထားသည်မှာ ဤကဲ့သို့ သဘောသဘာဝရှိသော အဖြစ်အပျက်တစ်ခု တမန်တော်မြတ်(ﷺ) သခင်၏ အခါသမယက ဖြစ်ပျက်ခဲ့ပါသည်။ ဖမဲ့မိန်းကလေးတစ်ဦးအား ထိန်းသိမ်းစောင့်ရှောက်ရသူတစ်ဦး ရှိခဲ့ပါသည်။ သူ့တွင် သစ်သီးဥယျာဉ်ခြံတစ်ခြံရှိပြီး၊ ယင်းခြံကို ဤမိန်းကလေးလည်း အစုစပ်ပိုင်ဆိုင်ပါသည်။ ထိုသူသည် ဖမဲ့မိန်းကလေးအား ထိမ်းမြားလက်ထပ်ပြီးသည့်နောက် သူမအား မဟရ်ငွေနှင့် သူ့ပိုင်ပစ္စည်းအချို့ကိုပေးရမည့်အစား၊ သစ်သီးခြံတွင် သူမထည့်ထားသည့် အစုစပ်ပိုင်ဆိုင်မှုအားလုံးကိုလည်း သိမ်းယူလိုက်ပါသည်။ ထို့ကြောင့် အောက်ဖော်ပြပါ အာယသ်တော်ကျရောက်ခဲ့ပါသည်။

وَاِنۡ خِفۡتُمۡ اَلَّا تُقۡسِطُوۡا فِی الۡیَتٰمٰی فَانۡکِحُوۡا مَا طَابَ لَکُمۡ مِّنَ النِّسَآءِ

**“သို့ရာတွင် အကယ်၍ အသင်တို့သည် ဖမဲ့မိန်းကလေးများနှင့် (ထိမ်းမြားရာတွင် ထိုမိန်းကလေးတို့၏ အခွင့်အရေးများနှင့်) ပတ်သက်၍ တရားမျှတအောင် ပြုလုပ်နိုင်ကြမည်မဟုတ်ဟု စိုးရိမ်ကြသော် (ထိုမိန်းကလေးများနှင့် မထိမ်းမြားကြနှင့်) မိမိတို့နှစ်ခြိုက်သော (အခြား) အမျိုးသမီးနှင့် ထိမ်းမြားကြကုန်။” (၄:၃)**

ဆိုလိုသည်မှာ အကယ်၍ အသင်သည် မိမိအုပ်ထိန်းထားသော မိန်းကလေးများအား ထိမ်းမြားပြီးသည့်နောက် သူမ၏ ရုပိုင်ခွင့်များကို တရားမျှတအောင် အသင်မဆောင်ရွက်နိုင်မှန်း သိရှိနားလည်ခဲ့ပါလျှင် သူမအား ထိမ်းမြားမည့်အစား အသင်နှစ်သက်ရာ အခြားသောအမျိုးသမီးကို ထိမ်းမြားသင့်ပါသည်။

## အရွယ်မရောက်သေးသောသူများနှင့် ထိမ်းမြားခြင်း

ဤအာယသ်တော်ပါ (ýM'atY) "ယသာမာ" ဟူသောစကားလုံးသည် ဖမဲ့မိန်းကလေးများဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ အစ္စလာမ့်ရှရီအသ်၏ အသုံးအနှုန်း ယတီမ် (ùtY) ဆိုသည်မှာ အရွယ်မရောက်သေးသော ယောကျ်ား(သို့) မိန်းကလေးကိုခေါ်သည်။ ထို့ကြောင့် မိမိအုပ်ထိန်းထားသော ဖမဲ့မိန်းကလေးကို အရွယ်မရောက်မီ အုပ်ထိန်းသူက လက်ထပ်ထိမ်းမြားပေးခွင့်မရှိကြောင်း ဤအာယသ်တော်က သက်သေပြပါသည်။ သို့ရာတွင် မိန်းကလေး၏ အနာဂတ်ကောင်းစားရေးနှင့် အသိဉာဏ်အပေါ် အခြေခံထားသည့်အကြောင်းကြောင့် လက်ထပ်ထိမ်းမြားရန် အဆုံးအဖြတ်ပေးထားသည်။ ဤသည်က အချို့သောအသိုင်းအဝိုင်းတို့တွင် အစဉ်အလာဖြစ်နေသော တရားမမျှတသည့်လုပ်နည်းလုပ်ဟန်ကို ရှောင်ရှားရန်ဖြစ်သည်။ ယင်းအသိုင်းအဝိုင်းသည် အရွယ်ရောက်ပြီးသော မိန်းကလေးတစ်ဦးအား အသက်အရွယ်ကွာခြားချက်ကိုဖြစ်စေ၊ နေထိုင်ပုံစနစ်ဖြစ်စေ၊ ယောကျ်ားလေး၏ အကျင့်စာရိတ္တကိုဖြစ်စေ၊ ဂရုမပြုမစုံစမ်းမစစ်ဆေးဘဲနှင့် ယောကျ်ားငယ်ကလေးတစ်ဦးနှင့် ထိမ်းမြားပေးလေ့ရှိပါသည်။

အရွယ်ရောက်ပြီးသော ဖမဲ့မိန်းကလေးတို့သည် သူတို့အရွယ်ရောက်ခြင်းကြောင့် သူတို့၏အိမ်ထောင်ဖက်များကို လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ရှိသည်ဆိုသည်မှာ သံသယမရှိပါ။ သို့ပါသော်လည်း (ရှေးရိုးအစဉ်လာကို ကျင့်သုံးသောအစ္စလာမ့်အသိုင်းအဝိုင်း၌) မိန်းကလေးများတို့သည် ရှက်ကြောက်ခြင်း၊ ကွန်ဖြေကြီးခြင်းတို့ကြောင့် သူတို့၏ထိမ်းမြားခြင်းကိစ္စတို့တွင် အရွယ်ရောက်ခြင်းနှင့် ရွေးချယ်ပိုင်ခွင့်ရှိသည့်တိုင် သူတို့၏ထင်မြင်ချက်ကို လွတ်လပ်ခိုင်မာစွာ ဖော်ထုတ်ပြောကြားလေ့မရှိကြပါ။ ရလဒ်မှာ သူတို့၏ကောင်းကျိုးအတွက် အုပ်ထိန်းသူများက ပြုမူဆောင်ရွက်ခြင်းကို လက်ခံသွားကြပါသည်။ ထိုသို့ဆိုလျှင် ဖမဲ့မိန်းကလေးတို့၏ ရုပိုင်ခွင့်များကို ချိုးဖောက်စေသည့် လုပ်ရပ်များမှ ကင်းရှင်းအောင် ဆောင်ရွက်ခြင်းသည် အုပ်ထိန်းသူတို့၏ မပြုမနေရတာဝန်တစ်ရပ်ဖြစ်ပေသည်။

အတိုချုပ်ဆိုရသော် ဖမဲ့မိန်းကလေးတို့၏ ထိမ်းမြားခြင်းဆိုင်ရာ ရုပိုင်ခွင့်များကို မည်သည့်နည်းနှင့်မျှ မချိုးဖောက်မိစေရန် လုံးဝသတိမူရမည်ဟူသည့် အမိန့်ပညတ်ချက်ကို ဤအာယသ်တော်ကချမှတ်ပါသည်။ အစိုးရများထုတ်ပြန်ခဲ့သော ဥပဒေသည် အတည်ပြုလုပ်ဆောင်ရာတွင် အစိုးရများအပေါ်၌ တာဝန်ရှိသော်လည်း ဤအမိန့်ပညတ်ချက်ကို အတည်ပြုရန်တာဝန်မှာ၊ အစိုးရများအပေါ်တွင် တာဝန်မရှိပါ။ ထိုကဲ့သို့မဟုတ်မူဘဲ လူအများကို အလွှာဟ်အရှင်မြတ်အားကြောက်ရွံ့ပြီး မှန်ကန်သည်ကို လုပ်ဆောင်ရန် အမိန့်ပေးထားသည်။ ဆိုလိုသည်မှာ အဖမဲ့မိန်းကလေးများ ထိမ်းမြားရာတွင် တရားမျှတမှုမရှိကြောင်း ၎င်းတို့သိရှိနားလည်ခဲ့ပါလျှင် ယင်းအကြံအစည်က ကျယ်ကျယ်ပြန့်ပြန့်ရွေးချယ်နိုင်သည့်အထဲမှ ရွေးချယ်ပြီး လက်ထပ်ပေးနိုင်သည်။

ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် အလွှာဟ်အရှင်မြတ်၏ စေ့ဆော်ချက်ကို ထပ်ဆောင်းသည့်အနေဖြင့် အစိုးရအဖွဲ့အတွင်းရှိ ကြီးကြပ်သောအဖွဲ့အစည်းများအား တာဝန်အပ်နှင်းထားပါသည်။ ထိုသူတို့၏ တာဝန်ဝတ္တရာများမှာ လူ့အသိုင်းအဝိုင်းအတွင်း ထိုကဲ့သို့ရပိုင်ခွင့်များ ချိုးဖောက်မှု မပေါ်ပေါက်စေရန် ကြီးကြပ်ပေးရန်ဖြစ်သည်။ အကယ်၍ ချိုးဖောက်မှုရှိခဲ့ပါလျှင် ထိုသူများသည် ဥပဒေ၏အခွင့်အာဏာကို အသုံးပြုကာ အခွင့်အရေးများ အပြည့်အဝရှိစေရန်ဆောင်ရွက်ပေးရမည်။

## တစ်ဖြိုင်တည်း ဇနီး/ခင်ပွန်းအများထားခြင်းနှင့် ယင်းအား အစွလာမ်မတိုင်မီကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်မှု

အစွလာမ်ဘာသာ မပေါ်ပေါက်မီကပင်လျှင် အမျိုးသားတစ်ဦးသည် ဇနီးမယားတစ်ဦးထက်ပို၍ ယူခြင်းကို ကမ္ဘာပေါ်ရှိ ဘာသာတရားအားလုံးက ခွင့်ပြုနိုင်သည်ဟု မှတ်ယူထားသောအရာပင်ဖြစ်သည်။ ထိုဓလေ့သည် အာရေးဗီးယား၊ အိန္ဒိယ၊ အီရန်၊ အီဂျစ်၊ ဗာဗီလုံနှင့် အချို့နေရာရှိ လူထုအတွင်းတွင်လည်း ခေတ်စားပါသည်။ ယင်း၏သဘာဝအားဖြင့် ခိုင်မာမှုသည် ယနေ့တိုင် ငြင်းဆို၍မရပါ။ မျက်မှောက်ခေတ် ဥရောပတိုက်သားတို့သည် ၎င်းတို့၏ဘိုးဘွားဘီဘင်တို့ လုပ်နည်းလုပ်ထုံးမှ ခွဲထွက်ကာ မယားအများအပြားယူခြင်းကို ခွင့်မပြုပါ။ ယင်းကြောင့် အမြောင်မယားအများအပြားထားခြင်းနှင့် တရားဝင်လက်မထပ်ဘဲ မိန်းကလေးများနှင့်အတူတကွ နေထိုင်ခြင်းတို့ ဖြစ်ပေါ်စေပါသည်။ ဤသဘာဝခိုင်မာမှုကြောင့် အနောက်တိုင်းတွင် မိန်းမအများအပြားယူခြင်း၏ အကျိုးသက်ရောက်မှုကိုအသိအမှတ်ပြုသည့် (ထင်သလောက်တော့အကျိုးမသက်ရောက်ပါ) အတွေးအခေါ် များကို စုဆောင်းထားသည့်ဘဏ်များလည်း ရှိခဲ့ပါသည်။ ကျော်ကြားသော ခရစ်ယန်စာရေးဆရာ ဒေဗင်ပို့က သမ္မာကျမ်းစာမှ ကောက်နှုတ်တင်ပြသည်မှာ ဇနီးအများအပြားထားရှိခြင်းသည် သင့်လျော်ရုံသာမက ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာ အရင်းအမြစ်လည်းဖြစ်ပါသည်။ အခြားပုဂ္ဂိုလ်များဖြစ်ကြသော ဘုန်းတော်ကြီးနစ်ခ်ဆင်၊ ဂျွန်မစ်လ်တန်နှင့် အိုစက်တေလာတို့ကလည်း ဤအယူအဆကို ခိုင်ခိုင်မာမာထောက်ခံကြပါသည်။ ဗေဒင်ပညာ(ဟူးရားကျမ်း)၏ သင်ကြားမှုများက မယားအကန့်အသတ်မရှိယူခြင်းကို ခွင့်ပြုပါသည်။ တစ်ချိန်တည်းမှာပင် (၁၀)ဦး၊ (၁၃)ဦး၊ (၂၇) ဦးထိတိုင်အောင် ခွင့်ပြုပါသည်။ ဟိန္ဒူများထဲမှ အလွန်ကြည်ညိုခြင်းခံရသော သူတော်စင်ကြီးဖြစ်သည့် ရှရီခရစ်နားတွင် ဇနီးရာပေါင်းများစွာရှိသည်။

ဤကိစ္စရပ်၏ အမှန်တရားမှာ ဘာသာတရားတစ်ခုတွင်ဖြစ်စေ၊ ဥပဒေတစ်ရပ်တွင်ဖြစ်စေ၊ ဖြူဖြူစင်စင်နှင့် ကာယိန္ဒြေကြောင့် ထိမ်းမြားခြင်း၏ အခြေခံအဆောက်အအုံတစ်ရပ် တည်ဆောက်ရန်ရည်မှန်း၍ လော်လီဖောက်ပြားခြင်းကို သုတ်သင်ပယ်ရှားမည်ဟု တွေးတောယူဆခဲ့လျှင် ဇနီးအများယူခွင့်ပြုခြင်းမှအပ အခြားနည်းလမ်းမရှိချေ။ လော်လီဖောက်ပြားခြင်းများ ကာကွယ်သည့်နည်းဖြစ်ရုံမျှမက မိန်းမများသည် ယောကျ်ားများထက် ပိုပိုများပြားသော အချို့ဒေသများ၏ ပြဿနာအတွက် ကုစားရန်နည်းလမ်းတစ်ရပ်လည်းဖြစ်သည်။ အကယ်၍သာ ထိုသို့ခွင့်ပြုချက်မပေးခဲ့လျှင် အမြောင်မယားထားခြင်းနှင့် ပြည့်တန်ဆာများ ပွားများလာပါလိမ့်မည်။ ထို့ကြောင့် မိန်းမအများယူခြင်း ခွင့်မပြုနိုင်သည့်နိုင်ငံများတွင် အိမ်ထောင်ရေးဖောက်ပြားမှု အထိမ်းအကွက်မရှိဖြစ်ပွားနေပါလိမ့်မည်။ (ယင်းအိမ်ထောင်ရေးဖောက်ပြားမှုကို ကာမဆိုင်ရာလွတ်လပ်မှုခေါ်ရုံမျှဖြင့် အမှန်တရားသည် ပြောင်းလဲမသွားချေ။)

ယခုခေတ်ကျွန်ုပ်တို့ကာလတွင်ပင် အကယ်၍ ဥရောပနှင့် အမေရိကနိုင်ငံများကိုကြည့်လျှင် ၎င်းတို့က မိန်းမအများယူသည်ကို ရှုတ်ချ၍ ဇနီးအများယူခြင်းအား တားမြစ်ခဲ့သည်ကို ကျွန်ုပ်တို့တွေ့ရပါလိမ့်မည်။ သို့သော်လည်း ၎င်းတို့သည် "မိတ်ဖြစ်ဆွေဖြစ်"ဟူသည်ကို အကာအကွယ်ယူ၍ ယောကျ်ားတစ်ဦးသည် ၎င်းရနိုင်သမျှ မိန်းမများစွာနှင့် အိမ်ထောင်ရေးဖောက်ပြားမှုကိုကား ခွင့်ပြုထားကြသည်။ (တားဆီးမှုကိုရှောင်နိုင်ရန် စကားနုစကားယဉ် အမည်များကို တီထွင်ထားကြသည်။ ပမာအားဖြင့် "ပေါင်းသင်းဆက်ဆံရေး" "အရေးအရာ" "အရွယ်ရောက်သူများ၏ အချင်းချင်းသဘောတူညီချက်" "ပေါင်းစည်းခြင်း" "အပေါင်းအဖော်" စသည်တို့ဖြစ်သည်။) လက်ထပ်ထိမ်းမြားခြင်းကိုကန့်ကွက်၍ အိမ်ထောင်ရေးဖောက်ပြားမှုကို ခွင့်ပြုသည်မှာကား အလွန်ပင် ထူးဆန်းဖွယ်ရာတည်း။

အတိုချုပ်ဆိုရလျှင် ဇနီးမြောက်များစွာယူခြင်းဓလေ့သည် အစ္စလာမ်သာသနာ မထွန်းကားမီအလျင်က မည်သည့်ကန့်သတ်ချက်မျှမရှိဘဲ ခေတ်စားခဲ့သည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ နိုင်ငံများနှင့် ယုံကြည်မှုများ၏ သမိုင်းကပြနေသည်မှာ ဤကိစ္စနှင့်ပတ်သက်၍ မည်သည့်ဘာသာကလည်းကောင်း၊ မည်သည့်ဥပဒေကလည်းကောင်း၊ စည်းခြားသတ်မှတ် မထားခဲ့ပါ။ ဂျူးများ၊ ခရစ်ယာန်များ၊ ဟိန္ဒူနှင့် အာရိယန် (သို့) ဇိရာစတီရင်များကလည်း စည်းခြားမထားခဲ့ကြပါ။

အစ္စလာမ်သာသနာ၏ အစောပိုင်းကာလများတွင် ဤဓလေ့ထုံးစံသည် ကန့်သတ်မှုမရှိဘဲ တည်ရှိလျက်ရှိခဲ့ပါသည်။ အကျိုးရလဒ်ကား လူအများသည် ဇနီးအများရယူကာ ၎င်းတို့၏တတ်မက်ခြင်းလောဘများကို ဖြေဖျောက်ခဲ့ကြပါ သည်။ နောင်တွင် ၎င်းတို့သည် သူတို့၏ဇနီးများအပေါ် တရားမျှတစွာ မပြုလုပ်နိုင်သောအခါ လက်ထပ်ထိမ်းမြား ခြင်း၏ သံကြိုးဖြင့်တုတ်နှောင်၍ အကျဉ်းသားကဲ့သို့နေထိုင်ခဲ့ကြရသည်။ ထိုအခြေအနေမျိုးတွင် ဇနီးများကို သာတူညီမျှဆက်ဆံရေးအတွေးအခေါ်သည်လည်း လက်တွေ့တွင်မတည်ရှိတော့ပါ။ ဤသာတူညီမျှဆက်ဆံရေးတို့မှာ ကိုယ်ရေး ကိုယ်တာရွေးချယ်မှုတစ်ရပ် (သို့) ပေါက်ပေါက်ရှာရှာ စိတ်ကူးယဉ်မှုတစ်ရပ်ဖြစ်ကာ အနာဂတ်ဒဏ္ဍာရီမှာပဲ အချစ်ကိုပျော်ရွှင်စေနိုင်ပါလိမ့်မည်။ ဇနီးသည်တို့၏ ရပိုင်ခွင့်များရရှိစေရန်သောကထားမှုကား အလှမ်းဝေးကွာလှသည်။

ကုရ်အာန်ကျမ်းတော်မြတ်ကသာလျှင် လူအသိုင်းအဝိုင်းတွင် ကျယ်ပြန့်စွာ ခေတ်စားနေသည့် မတရားမှုကြီးကို ရပ်ဆိုင်းစေခဲ့ပါသည်။ ဇနီးမယား (၄) ဦးထက်ပို၍ ထိမ်းမြားလက်ထပ်ခြင်းကို (ဟရာမ်) တားမြစ်ပိတ်ပင်သည်ဟူသော ကြေညာချက်ဖြင့် ဇနီးအများယူခြင်းကို ကန့်သတ်ထားသည်။

ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ဆန့်ကျင်၍ မည်သည့်နည်းဖြင့် ဖီဆန်မှုကိုမဆို လေးနက်စွာသတိပေးထားသည်မှာ လက်ထပ်ထိမ်းမြား၍ယူထားသော ဇနီးများအပေါ်တွင် ရပိုင်ခွင့်ဖြည့်ဆည်းရာ၌ သာတူညီမျှရှိစေရန်နှင့် တစ်ချိန်တည်း သစ္စာရှိစွာဖြည့်ဆည်းမှုကို ထိမ်းသိမ်းရထားမည်ဟူ၍ ဖြစ်သည်။

အာယသ်တော်လာ စာသားများမှာ ဤအတိုင်းဖြစ်သည်-

فَانْكِحُوْا مَا طَابَ لَكُمْ مِّنَ النِّسَآءِ مَثْنٰى وَثُلٰثَ وَرُبٰعَ

ဤအာယသ်တော်ပါ ,,–aP–aM– "မာသွာဗ" ဟူသော အသုံးအနှုန်းသည် ø#–H–aM– "မာဟလ်လ" (အသင်တို့အတွက် ကာမပိုင်ဇနီးများဖြစ်သော)ကို ဆိုလိုကြောင်း ဟစန်အလ်ဗစွရီ၊ အိဗ်နိဂျူပိုင်းရ်နှင့် အိဗ်နိမာလိက်တို့က မိန့်ကြားခဲ့ပါသည်။

,,–aP–aM– "မာသွာဗ" ဟူသည်ကို ဝေါဟာရစကားလုံးအတိုင်း အဓိပ္ပာယ်ကောက်ယူကာ "အသင်တို့ကြိုက်နှစ်သက်သော မည်သူ့ကိုမဆို" ဟု ဆိုလိုကြောင်းကို အချို့သောသူများက ရှင်းလင်းကြသည်။ သို့ရာတွင် ဤနေရာ၌ အဓိပ္ပာယ်ပြန်ဆိုချက်နှစ်ခုသည် တစ်ခုနှင့်တစ်ခု မဆန့်ကျင်ပါ။ ဤသည်က ရိုးရိုးလေးဆိုထားသည်မှာ "သဘာဝအလျောက် ကြိုက်နှစ်သက်သူ အမျိုးသမီးများအနက်မှဖြစ်ပြီး ယင်းတို့သည် ရှရီအသ်၏ စည်းမျဉ်းစည်းကမ်းအတိုင်း အသင်အတွက် တရားဝင်သူများဖြစ်ရမည်" ဟူ၍ ဆိုလိုသည်။

တစ်ဖက်တွင် ဤအာယသ်တော်ထဲ၌ ပေးထားသောခွင့်ပြုချက်၊ ဇနီးမယားတစ်ဦးထက်ပို၍ နှစ်ယောက်ဖြစ်စေ၊ သုံးယောက်ဖြစ်စေ၊ လေးယောက်ဖြစ်စေ လက်ထပ်ထိမ်းမြားကာ ပေါင်းသင်းခွင့် ရှိသော်လည်း လေးယောက်ပြည့်သွားသောအခါတစ်ချိန်တည်းတွင်လေးယောက်ထက်မပိုရဟူသော ကန့်သတ်ချက်ထားရှိပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤသီးခြားကန့်သတ်ချက်ကို တမန်တော်မြတ်﴿ﷺ﴾ ထုတ်ပြန်ခဲ့သော ဥပဒေတစ်ခုက ပိုမိုရှင်းလင်းစေသည်။ ဆင့်ပြန်ချက်မှာ ဤအာယသ်တော်ကျရောက်ပြီးသည့်နောက် ဂေလန် အိဗ်နိအပ်စလာမာအလ်သကာဖီ သည် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်လာပါသည်။ ထိုအချိန်တွင်သူ့၌ ဇနီးမယား(၁၀)ဦးရှိကာ ထိုဇနီးမယားများလည်း အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်လာကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်တော်အတိုင်း လိုက်နာကျင့်ဆောက်တည်သော တမန်တော်မြတ်﴿ﷺ﴾သည် ထို့သူအား ဇနီးမယား(၁၀)ဦးအနက်မှ (၄)ဦးကိုရွေးချယ်ကာ ကျန်သူတို့ကို ကွာရှင်းပြတ်စဲစေခဲ့ပါသည်။ဂေလန်အိဗ်နိအပ်စလာမာအလ်သကာဖီသည် တမန်တော်မြတ်﴿ﷺ﴾၏ အမိန့်တော်ကိုနာခံကာ မယား(၄)ဦးကိုရွေးချယ်ပြီး ကျန်သူတို့ကို ကွာရှင်းပြတ်စဲခဲ့လေသည်။ **(အလ်သရ်မီဇီနှင့် အိဗ်နိမာဂျာဟ်ကို ရည်ညွှန်းလျက် မစ်ရှ်ကာသ်၊ စာ-၂၇၄)** အိမာမ်အဟ်မဒ်၏ မုစ်နဒ်ကျမ်းတွင် ဖော်ပြထားသည့်နောက်ထပ် အဖြစ်အပျက်တစ်ခုသည် အထက်ဖော်ပြချက်ကို ဖြည့်စွက်မှုတစ်ရပ်ဖြစ်ပြီး အံဝင်ဂွင်ကျ မဖြစ်ဟုမဆိုသာပါ။ အဘယ်ကြောင့်ဆိုသော် ယင်းအဖြစ်အပျက် သည် အမျိုးသမီးများ၏ ရပိုင်ခွင့်များနှင့် သက်ဆိုင်နေသောကြောင့်ဖြစ်သည်။

ဤဆင့်ပြန်ချက်အရဆိုလျှင် ဂေလန်အိဗ်နိအလ်စလာမာသည် ရှရီအသ်၏ ဥပဒေနှင့်အညီ အမျိုးသမီး(၄)ဦးနှင့်သာ ပေါင်းသင်းနေထိုင်ခဲ့ပါ သည်။ သို့ရာတွင် စိုက်ယိဒိနာအုမရ်﴿ﷺ﴾သခင်၏ လက်ထပ်တွင်သူသည် ထိုအမျိုးသမီး(၄)ဦးကိုလည်း ကွာရှင်းခဲ့ကာ သူ၏ဥစ္စာပစ္စည်းများကို သားများအား ခွဲဝေပေးခဲ့သည်။ ဤအကြောင်းကို စိုက်ယိဒိနာအုမရ် ﴿ﷺ﴾ သိရှိသောအခါတွင် ၎င်းအား ဆင့်ခေါ်ခဲ့ပြီး မိန့်ကြားသည်မှာ အသင်၏အလုပ်သည် အမွေများအား ဤအမျိုးသမီးများ မခံစားရစေရန် ပြုလုပ်သကဲ့သို့ ဖြစ်ပါသည်။ ယင်းသည် အလွန်ကြီးမားသော တရားမမျှတမှုပင်ဖြစ်သည်။ ထို့ကြောင့် ထိုအမျိုးသမီးများနှင့် ကွာရှင်းပြတ်စဲမှုကို ပြန်လည်ရုတ်သိမ်းပါ။ ၎င်းနောက် အသင်၏သားများထံမှအမွေများကို ပြန်လည်သိမ်းယူပါ။ အကယ်၍ အသင်ဤကဲ့သို့ မလုပ်ဆောင်ခဲ့ပါလျှင် ကြီးလေးသော အပြစ်ဒဏ်ကို သတိချပ်ပါ။

ကိုက်(စ်)အိဗ်နိအလ်ဟာရစ်သ်အလ်အဆာဒီ﴿ﷺ﴾က ပြောသည်မှာ ကျွန်ုပ်အစ္စလာမ်ဘာသာသို့ ဝင်ရောက် ခြိန်တွင် ကျွန်ုပ်၌ဇနီး(၈)ယောက်ရှိပါသည်။ ဤကိစ္စကို ကျွန်ုပ်သည် တမန်တော်မြတ်﴿ﷺ﴾ အား ဖော်ပြလျှောက် ထားခဲ့ပါသည်။ တမန်တော်မြတ်﴿ﷺ﴾ က မိန့်ကြားသည်မှာ ၎င်းတို့အနက်မှ (၄)ဦးကို ဆက်လက်ပေါင်းသင်း ပြီး ကျန်သူများကို ကွာရှင်းပြတ်စဲလိုက်ပါဟူ၍ဖြစ်သည်။ **(အဗူဒါဝူး၌၊ စာ-၃၀၄)**

မုစ်နဒ်အလ်အိမာမ်အလ်ရှာဖိအီ၏ ဆင့်ပြန်ချက်တစ်ခုအရ စိုက်ယိဒိနာ နော်ဖလ်အိဗ်နိမုအာဝိယဟ် အလ်ဒိုင်လမီ ﴿ﷺ﴾ အစ္စလာမ်ဘာသာသို့ သက်ဝင်ယုံကြည်သောအခါတွင် သူ့တွင်လက်ထပ်ထားသော မိန်းမ(၅)ဦးရှိပါသည်။ သူ့ကိုလည်း တမန်တော်မြတ်﴿ﷺ﴾ က အမျိုးသမီးတစ်ဦးကို ကွာရှင်းပြတ်စဲရန် မိန့်ကြားခဲ့သည်။ ဤအဖြစ်အပျက်သည် ရှရဟ်အလ်စွန္နာကျမ်းကို မှီငြမ်းခါ မစ်ရှ်ကာသ်ကျမ်း၊ စာမျက်နှာ(၂၇၄)တွင်လည်း ပါရှိသည်။ အတိုချုပ်ဆိုရသော် တမန်တော်မြတ်﴿ﷺ﴾ နှင့် ဆွဟာဗဟ်ကြီးများတို့၏ ဤမြင့်မြတ်သောအလေ့အကျင့်က အာယသ်တော်၏အဓိပ္ပာယ်ကို ရှင်းလင်းစွာ သရုပ်ဖော်ပြခဲ့ပါသည်။ ယင်းမှာ မဂ်လာဆောင်နှင်း၍ ပေါင်းသင်းရာတွင် အမျိုးသမီး(၄)ဦးထက် ပိုခြင်းကို "ဟရာမ်" တားမြစ်သည်ဟူ၍ ဖြစ်သည်။

## တမန်တော်မြတ်﴿ﷺ﴾ ၏ မြင့်မြတ်သော ဇနီးများ

ကိုယ်တော်မြတ်၏ပုဂ္ဂိုလ်ရေး အဆင့်အတန်းနှင့် ကိုယ်တော်၏သီလပါရမီတို့ သာလွန်ကောင်းမွန်ခြင်းတို့က တမန်တော်မြတ်﴿ﷺ﴾သည် ကြင်နာခြင်းနှင့်ကောင်းချီးမင်္ဂလာဖြစ်ကြောင်း အကောင်းဆုံးသရုပ်ဖော်ဆောင်သူတစ်ဦး ဖြစ်စေခဲ့ပါသည်။ ဤကမ္ဘာလောကတွင် တမန်တော်မြတ်﴿ﷺ﴾ ဘဝ၏ အဓိကရည်ရွယ်ချက်သည် အစ္စလာမ်ဖိတ်ခေါ် ချက်ကို ဖြန့်ချိရန်နှင့် လူအများအား ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်စေရန်ဖြစ်ပြီး ကုရ်အာန်ကျမ်းတော်မြတ်အား သင်ကြားပို့ချရန်လည်းဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾ မိန့်ကြားချက်နှင့် လုပ်ဆောင်မှုများက အစ္စလာမ်ဘာသာတရား၏ သင်ကြားပို့ချက်များကို တစ်ကမ္ဘာလုံးသို့ ဖြာထွက်ပျံ့နှံ့စေပါသည်။ ကိုယ်တော်၏ပြိုင်ဘက်ကင်းသော ဟန်ပန်မှာသူများကို သင်ကြားပို့ချသကဲ့သို့ ကိုယ်တိုင်လည်း လုပ်ဆောင်ကျင့်မူခဲ့ကြောင်းပြသပါသည်။ သို့ပါသောကြောင့် လူသားဘဝ၏ မည်သည့်အခန်းကဏ္ဍတိုင်းတွင်မဆို တမန်တော်တစ်ပါး၏ ညွှန်ကြားပြသမှု မလိုဟူ၍ မပြောဆိုနိုင်ပါ။ ထို့ကြောင့် လူစုလူဝေးနှင့် ဆွလာသ်ဝတ်ပြုခြင်းကို ပြဋ္ဌာန်းသည်မှ ဇနီးမယားများနှင့် ကောင်းသောဆက်ဆံရေးများထားရှိရန်အထိ၊ သားသမီးများအား ပြုစုပျိုးထောင်ခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ပြီးသည်နောက် လူသားများတို့၏ သန့်ရှင်းစင်ကြယ်မှုဆိုင်ရာကိစ္စများအတွက်ပင်လျှင် နှုတ်အားဖြင့်လည်းကောင်း၊ လက်တွေ့ကျင့်ဆောင်မှုဖြင့်လည်းကောင်း ညွှန်ကြားချက်များကို စာရင်းဇယားဖြင့် တမန်တော်မြတ်﴿ﷺ﴾က ဟဒီးဆ်စာအုပ်တွင် ချန်ထားခဲ့ပါသည်။ ယင်းဟဒီးဆ်စာအုပ်များက တမန်တော်မြတ်﴿ﷺ﴾ သူ၏အိမ်တွင်း၌ လုပ်ဆောင်မှုများ၊ သူ၏ဇနီးများနှင့် မည်ကဲ့သို့ဆက်ဆံကြောင်းနှင့် ယင်းကိစ္စအတွက် တမန်တော်မြတ်ကြီး အိမ်တော်သို့လာရောက်ခါ မေးမြန်းသော အမျိုးသမီးတို့၏ မေးခွန်းများကို တမန်တော် မြတ်ကြီးက မည်ကဲ့သို့ ဖြေကြားကြောင်း ကျွန်ုပ်တို့အား အသေးစိတ်ပြောပြပါသည်။ ထိုကဲ့သို့သော မေးခွန်းများသည် အရေအတွက်အားဖြင့် ရာပေါင်းများစွာရှိပြီး ယင်းမေးခွန်းများသည် တမန်တော်မြတ်﴿ﷺ﴾၏ မြင့်မြတ်သော ဇနီးသည်တို့၏ ကြားဝင်ဆောင်ရွက်မှုကို

မီးမောင်းထိုးပြပါသည်။ ယင်းလုပ်ဆောင်မှုက မုစ်လင်မ် အုမ္မသ်ထုအတွက် လိုအပ်သောလမ်းညွှန်မှုကို ရရှိခဲ့ပါသည်။ ဤရည်မှန်းချက်ကို အခြားသောပုံစံဖြင့် အကောင် အထည်ဖော်ရန် အခက်အခဲရှိခဲ့သည်။ ထို့ကြောင့် ဤကဲ့သို့ဘာသာရေးဆိုင်ရာ အရေးကြီးလိုအပ်ချက်များ ဖြစ်သော လေ့ကျင့်ပျိုးထောင်ခြင်း၊ သင်ကြားပို့ချခြင်း၊ ဖြန့်ဝေခြင်း စသည့်လိုအပ်ချက်တို့ကြောင့် တမန်တော်မြတ်ﷺ သည် ဇနီးသည်များနှင့် ထိမ်းမြားခြင်းမှာ ပိုမို၍ မလွဲမရှောင်သာသော အချက်ပင်ဖြစ်ပါတော့သည်။ စိုက်ယိဒဟ် အာအိရှဟ်رضي الله عنها သခင်မကြီး၏ အကြောင်းကို စဉ်းစားကြည့်စမ်းပါ။ သူမဆင့်ပြန်ထားသော ဟဒီးဆ်တော်များသည် နှစ်ထောင်နှင့်တစ်ဆယ် ရှိခဲ့ပါသည်။ ယင်းတို့တွင် အကြောင်းအရာအမျိုးမျိုးဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်ပါ အမိန့်ပညတ်ချက်များအား ရှင်းလင်းပြသခြင်း၊ ဘာသာရေးဆိုင်ရာ မေးခွန်းများနှင့် ယင်းတို့၏ အဖြေများ၊ ကိုယ်ကျင့်တရားများ အကြောင်းနှင့် အစ္စလာမ်တမန်တော်ကြီး၏"စီရာဟ်"များအကြောင်း တို့ပါဝင်ပါသည်။ စိုက်ယိဒဟ် အုမ္မိစလ်မာﷺ ၏ ဆင့်ပြန်ချက်များသည် သုံးရာခုနစ်ဆယ်ရှစ်ပုဒ် ရှိသည်။ ဤသည်များကို ဟဒီးဆ်စာအုပ်များတွင် အလွယ်တကူ တွေ့ရှိနိုင်ပေသည်။ အလ်မုလ်မုဝပ်ကီအင်ကျမ်း(အတွဲ-၁၊ စာ-၉)တွင် ဟာဖိဇ်အိဗ်နိအလ်ကိုင်ယိမ်က ပြောကြားသည်မှာ အကယ်၍ တမန်တော်မြတ်ﷺ ကွယ်လွန်ပြီး သည့်နောက်တွင် စိုက်ယိဒဟ် အုမ္မိစလ်မဟ်ﷺ ဖြေကြားခဲ့သော "ဖသ်ဝါ" ဘာသာရေးဆိုင်ရာ ဓမ္မသတ်များ ကို စုဆောင်းခဲ့ပါလျှင် ကျမ်းကြီးတစ်စောင်ပင် ဖြစ်သွားနိုင်ပါသည်။

အာအိရှဟ်رضي الله عنها သခင်မကြီးတွင်ရှိသော ဆင့်ပြန်ခြင်း၊ ဟဒီးဆ်တော်များ၊ ဓမ္မသတ်များနှင့် ပတ်သက်သော အသိပညာသည် အဆင့်အတန်းမြင့်မားပြီးကျော်ကြားသောကြောင့် ဤနေရာတွင် ထပ်မံမဖော်ပြတော့ပါ။ သူမ၏ နောက်လိုက်တပည့်များသည် နှစ်ရာခန့် ရှိပါသည်။ တမန်တော်မြတ်ကြီး ကွယ်လွန်ပြီးသည့်နောက် နှစ်ပေါင်း(၄၈)နှစ်တိုင်တိုင် ဘာသာရေးဆိုင်ရာ အသိပညာတွင် မီးရှူးတန်ဆောင် ဖြစ်ခဲ့ပါသည်။ ၎င်းပြင် တမန်တော်မြတ်ﷺ သခင်၏ လုပ်ငန်းစဉ် တိုးတက်စေရန်အတွက် များစွာအကျိုးသက်ရောက်ခဲ့ပါသည်။

ဤနေရာတွင် တင်ပြထားသော တမန်တော်မြတ်ﷺ ၏ မြင့်မြတ်သော ဇနီးသည်နှစ်ဦးတို့နှင့် ပတ်သက်သော ဤအတိုချုပ်မှတ်ချက်များတို့သည် နမူနာအဖြစ်သာ တင်ပြခြင်းဖြစ်ပါသည်။ သို့မဟုတ်ပါမူ ပိုမိုများပြားသော ဟဒီးဆ်ဆင့်ပြန်ချက်များကို အခြားသူများထံမှလည်း လာရှိနိုင်သည်။ ထင်ရှားသည်မှာ ထိုကဲ့သို့သော ဘာသာရေးဆိုင်ရာ သင်ကြားပို့ချမှုများ ဟောကြားမှုများတို့၏ အကျိုးသည် ဤမြင့်မြတ်သော အမျိုးသမီးတို့၏ အကူအညီများမှတစ်ဆင့် ပေါ်ထွက်လာခြင်းပင် ဖြစ်သည်။

အစ္စလာမ်တမန်တော်ကြီးသည် အလွန်ဂုဏ်တင် ခီးကျူးထိုက်သော ရည်မှန်းချက်များ မျက်ခြေမပြတ်ရှိခြင်း၊ မြတ်နိုးဖွယ်ရာ ကြီးကျယ်သော တမန်တော်ကြီးများကဲ့သို့ တမန်တော်အဖြစ်ပေါ်ထွန်းလာသည်။ ထို့ကြောင့် တမန်တော်ကြီးသည် ကမ္ဘာကြီးကို တစ်စုတစ်စည်းတည်း ရှုမြင်ပြီး၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ လူအများစုပေါင်း၍ လည်းကောင်း၊ အိမ်ထောင်စုများကိုလည်းကောင်း၊ တိုင်းနိုင်ငံများကိုလည်းကောင်း၊ လူသားအချင်းချင်း ဆက်ဆံ ရေးများကို ပြုပြင်ရန် တွေးတောမှုသည် ခေတ်သစ်လူသားများအတွက် နာမ်ပိုင်းဆိုင်ရာ စံနမူနာများပင် ဖြစ်ပါသည်။ ဆန္ဒ၏စေ့ဆော်ခြင်းခံရသည့် စက်ရုပ် ကဲ့သို့သော ဤခေတ်သစ်လူသားသည် ယင်းကဲ့သို့သောကိစ္စမျိုးကို လုပ်ဆောင်ရန် မဆိုထားဘိ၊ စိတ်ကူးဖြင့် ရုပ်လုံးပေါ်အောင် တွေးတောမှုကိုပင်

တတ်စွမ်းနိုင်ခြင်းမရှိပါ။ သူ (သို့) သူမတစ်ဦးဦး အများဆုံးလုပ်ဆောင်နိုင်မှာ လူတိုင်းလူတိုင်းအား သူ(သို့) သူမနှင့် တူညီသည့်အပေါ် အခြေခံ၍စဉ်းစားခြင်းပင်ဖြစ်သည်။ ဘာသာမဲ့များနှင့် အရှေ့တိုင်းဆန်သော အနောက်တိုင်းသားတို့၏ အသိဉာဏ်အနေအထားတွင်ရှိသော နာတာရှည်ရောဂါဆိုးကြီး က ယင်းတို့အား အလွဲလွဲအမှားမှားဖြစ်မှုတွင် နေသားတစ်ကျဖြစ်နေစေပါသည်။ ယင်း၏ နောက်ဆုံးရလဒ်သည် တုနိုင်းမရသော တမန်တော်မြတ်ﷺ ၏ စာရိတ္တကို မှားယွင်းစွာဆန်းစစ်ခြင်းပင် ဖြစ်တော့သည်။ ၎င်းတို့၏ "ယဉ်ကျေးသော" တွေးခေါ်မှု၏ မူဘောင်အရ တမန်တော်မြတ်ကြီး၏ များစွာသောထိမ်းမြားခြင်းတို့သည် တမန်တော်ကြီး၏ ကာမဆန္ဒသက်သက်သာဖြစ်သည်။ (ထိုကဲ့သို့သော အတွေးဝင်ခြင်းမျိုးမှ ကျွန်တော်မျိုးတို့အား ကာကွယ်စောင့်ရှောက်တော်မူပါ။) အကယ်၍သာ ထိုသူတို့သည် စိတ်မှန်သောသူဖြစ်ပြီး တမန်တော်မြတ်ﷺ ၏ အကျင့်စာရိတ္တနှင့် ဘဝအကြောင်းကို စောင်းငဲ့ကြည့်လိုက်ပါက တမန်တော်မြတ်ကြီး၏ ထိမ်းမြားမှုများတို့သည် ထိုကဲ့သို့သော (ကာမဆန္ဒ) အရင်းအမြစ်မှ ထွက်ပေါ်လာသည်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးကို မည်သည့်အခါတွင်မျှ မလုပ်နိုင်ကြောင်းကိုတော့ အနည်းဆုံးပြောနိုင်ပါသည်။

မက္ကာဟ်မြို့တော်ရှိ ကုရိုက်ရှ်လူမျိုးတို့၏ရှေ့တွင် တမန်တော်မြတ်ﷺ သခင်သည် အပြစ်ကင်းသော ဘဝဖြင့်နေထိုင်လာကာ သက်တော်(၂၅)နှစ်တွင် သားသမီးများရှိပြီး အသက်ကြီးသော မုဆိုးမ (ယခင်အိမ်ထောင်နှစ်ဆက်မှလင်ယောကျ်ားများသေဆုံးပြီးဖြစ်သူ) နှင့် အိမ်ထောင်ကျကာ (၂၅)နှစ်တိုင်တိုင် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ဤအချိန်အခါသမယအတွင်းတွင် တမန်တော်ကြီးသည် အိမ်မှစွန့်ခွာလေ့ရှိပြီး တစ်ခါတစ်ရံတစ်လကြာသည်အထိ ဟီရာလိုဏ်ဂူထဲတွင် တစ်ဦးတည်းနေထိုင်၍ သူ၏မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အား သတိရခြင်းအမှုကို အချိန်တိုင်း ပြုလုပ်နေခဲ့ပါသည်။ တမန်တော်မြတ်ကြီး၏ ထိမ်းမြားမှုများသည် သက်တော်(၅၀) ကျော်မှ ပြုလုပ်ခဲ့ပါသည်။ တမန်တော်ကြီး၏ဘဝ ပထမနှစ်(၅၀)အထူးသဖြင့် ငယ်ရွယ်နုပျိုသော နှစ်များအားလုံးကို မက္ကာဟ်မြို့ရှိလူများအားလုံး မြင်တွေ့ခဲ့ကြပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ၊ ရန်သူတစ်ဦးတစ်ယောက်ကပင်လျှင် တမန်တော်မြတ်ကြီး၏ သန့်စင်သောဘုရားတရားကြည်ညိုလေးစားခြင်း၊ စင်ကြယ်ခြင်းတို့နှင့် ပတ်သက်၍ သံသယဝင်ကာ လက်ညှိုးထိုး စွပ်စွဲစရာအကြောင်း မည်သည့်အခါကမျှ မပေါ်ပေါက်ခဲ့ပါ။ ၎င်း၏ ရန်သူများက နည်းမျိုးစုံဖြင့် စမ်းသပ်ခဲ့ကြပါသည်။ တမန်တော်မြတ်၏ ရန်သူများက ၎င်းအားမျက်လှည့်ဆရာ၊ မှော် ဆရာ၊ ကဗျာဆရာ၊ သူရူး၊ လူလိမ်၊ လုပ်ကြံပြောဆိုသူဟူ၍ စွပ်စွဲကြပါသည်။ သို့ရာတွင် ၎င်းတို့သည် တမန်တော်ကြီး ၏ အပြစ်ကင်းစင်သောဘဝအကြောင်း၊ အိမ်ထောင်ရေးဖောက်ပြားခြင်း (သို့) စိတ်ဆန္ဒတို့နှင့် ပတ်သက်၍မှားယွင်းသော အကြောင်းအရာများကို စကားလုံးတစ်လုံးသော်မှ မပြောရဲခဲ့ကြပါ။

ဤကဲ့သို့သော အခြေအနေများအရဆိုလျှင် တစ်စုံတစ်ဦးသည် ဘဝ၏အနှစ်(၅၀)ကို ဖြောင့်မတ်မှန်ကန်ခြင်း၊ ဘုရားတရားကြည်ညိုလေးစားခြင်းနှင့် ဘဝ၏ကောင်းသောအရာများကို အေးချမ်းစွာဖြင့် ရှောင်ကြဉ်ခဲ့သောသူသည် တစ်ကြိမ်ထက်ပို၍ ထိမ်းမြားလက်ထပ်ရခြင်းအကြောင်းကို စူးစမ်းရှာဖွေရန် မထိုက်ပေဘူးလား။ စိတ်၏စေ့ဆော်မှုက အဘယ်အရာနည်း။ တစ်စုံတစ်ဦးတွင် မျှတမှုအနည်းငယ်မျှရှိသည်ဆိုပါက ထိုကဲ့သို့ များပြားလှစွာသော ထိမ်းမြားမှု၏ နောက်ကွယ်၌ရှိသော အကြောင်းရင်းသည် ဤနေရာ၌ ဖော်ပြထားသောအကြောင်းရင်းကလွဲ၍ အခြားမည်သည့်အကြောင်းမျှ မရှိကြောင်းကိုတွေ့ရှိရပါလိမ့်မည်။ ယခုကျွန်ုပ်တို့ အနည်းငယ်ရှေ့ဆက်ကြည့်ကြပါစို့။ ဤထိမ်းမြားမှုတို့ မည်ကဲ့သို့ဖြစ်ပေါ်လာရခြင်း၏အစစ်အမှန်ကို ကျွန်ုပ်တို့လေ့လာကြပါစို့။

တမန်တော်မြတ်၏ သက်တော်(၂၅)နှစ်မှ သက်တော်နှစ်(၅၀)ထိတိုင်အောင် စိုက်ယိဒဟ် ခတီဂျာ﴿ﷺ﴾ သခင်မကြီးသည် တစ်ဦးတည်းသော ဇနီးမယားအဖြစ် တမန်တော်မြတ်﴿ﷺ﴾ သခင်နှင့်အတူ နေထိုင်ခဲ့ပါသည်။ သူမကွယ်လွန်သောအခါ စိုက်ယိဒဟ် စောင်ဒဟ်﴿ﷺ﴾နှင့် စိုက်ယိဒဟ် အာအိရှဟ်﴿ﷺ﴾သခင်မတို့ကို ရှရီအသ်နှင့်အညီ ထိမ်းမြားခဲ့ပါသည်။ သို့ရာတွင် စိုက်ယိဒဟ်စောင်ဒဟ်﴿ﷺ﴾သခင်မကြီးသည် တမန်တော်မြတ်﴿ﷺ﴾နှင့်နေထိုင်သော်လည်း စိုက်ယိဒဟ် အာအိရှဟ်﴿ﷺ﴾သခင်မသည် အရွယ်မရောက်သေးဘဲ ငယ်ရွယ်သူဖြစ်သောကြောင့် သူမ၏ဖခင်နှင့်အတူ ဆက်လက်နေထိုင်ခဲ့ပါသည်။ နှစ်အတန်ကြာပြီးသည့်နောက် (ဟိဂျ်ရီသက္ကရာဇ် (၂)ခုနှစ်တွင်မှသာ အာအိရှဟ်﴿ﷺ﴾သခင်မသည် တမန်တော်မြတ်﴿ﷺ﴾ နှင့်အတူနေထိုင်ရန် မဒီနဟ်မုနောင်ဝရဟ်သို့ လာရောက်ခဲ့ပါသည်။ ဤအချိန်တွင် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် သက်တော်(၅၄)နှစ်ရှိပြီး၊ ထိုအချိန်၌ ဇနီးနှစ်ဦးရှိပါသည်။ မြောက်မြားစွာမင်္ဂလာဆောင်နှင်းခြင်းဆိုသည်က ထိုအချိန်မှစတင်ခဲ့ပါသည်။ တစ်နှစ်ကြာပြီးသည့်နောက် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် စိုက်ယိဒဟ် ဟဖ်စာဟ်﴿ﷺ﴾သခင်မနှင့် ထိမ်းမြားခဲ့ပါသည်။ လအတန်ကြာသောအခါ စိုက်ယိဒဟ် ဇိုင်နသ်ဗင်ခိုဇိုင်မဟ်﴿ﷺ﴾သခင်မကြီးနှင့် နေကဟ်ပြုခဲ့ပါသည်။ သို့ရာတွင် သခင်မကြီးသည် (၁၈)လအကြာတွင် ကွယ်လွန်ခဲ့သည်။ ဆင့်ပြန်ချက်တစ်ခုအရ သုံးလသာ တမန်တော်မြတ်၏ ဇနီးအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သည်။ ၎င်းနောက် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဟိဂျ်ရီ(၄)ခုနှစ်တွင် စိုက်ယိဒဟ်အုမ်မိစလ်မဟ်﴿ﷺ﴾သခင်မနှင့် ထိမ်းမြားခဲ့ပြီး၊ ဟိဂျ်ရီသက္ကရာဇ်(၅)ခုနှစ်တွင် ဇိုင်နဗ်ဘင်ဂျဟရှ်﴿ﷺ﴾သခင်မနှင့် လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ဤအချိန်တွင် တမန်တော်မြတ်﴿ﷺ﴾သခင် သည် သက်တော်(၅၈)နှစ်ရှိနေပြီ ဖြစ်ပါသည်။ မုစ်လင်မ်များအား ကုရ်အာန်ကျမ်းတော်မြတ်က အကယ်၍ လိုအပ်ခဲ့ပါလျှင် ဇနီးမယား(၄)ဦးအထိ ယူနိုင်သည်ဟူသော ခွင့်ပြုချက်အရ တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဇနီးမယား(၄)ဦးကို တစ်ပြိုင်နက်တည်း ယူနိုင်သော်လည်း သခင်သည် အသက်အရွယ်အတန်အသင့်ကြီးရင့်မှ ဇနီးမယား(၄)ဦးသာ ရှိခဲ့ပါသည်။ သို့သော် တမန်တော်မြတ်﴿ﷺ﴾ သည် ထိုကဲ့သို့ မလုပ်ဆောင်ခဲ့ပါ။ နောက်ပိုင်းတွင် ဟိဂျ်ရီသက္ကရာဇ် (၆)ခုနှစ်တွင် စိုက်ယိဒဟ် ဂျွိုင်ဒီယာ၊ ဟိဂျ်ရီသက္ကရာဇ်(၇)ခုနှစ်တွင် စိုက်ယိဒဟ် အုမ်မိဟဗီဗဟ်နှင့် စိုက်ယိဒါဟ် စဖီယဟ်တို့နှင့်လည်းကောင်း၊ ယင်းနှစ်နောက်ပိုင်းတွင် စိုက်ယိဒဟ်မိုင်မွန်နဟ်﴿ﷺ﴾သခင်မကြီးနှင့်လည်းကောင်း ထိမ်းမြားခဲ့ပါသည်။

အချုပ်ပြောရလျှင် တမန်တော်မြတ်﴿ﷺ﴾သခင်သည် သက်တော်(၅၄)နှစ်ထိ ဇနီးတစ်ဦးတည်းဖြင့်သာ ပေါင်းသင်းနေထိုင်ခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရပါသည်။ တစ်နည်းဆိုရသော် တမန်တော်ကြီးသည် စိုက်ယိဒဟ် ခတီဂျာ﴿ﷺ﴾သခင်မနှင့် (၂၅)နှစ်၊ ၎င်းနောက် စိုက်ယိဒဟ်စောင်ဒဟ်﴿ﷺ﴾သခင်မကြီးနှင့်လေးငါးနှစ်ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ထို့နောက် တမန်တော်မြတ်﴿ﷺ﴾သခင်သက်တော် (၅၈)နှစ်တွင် ဇနီး(၄)ဦးရှိခဲ့ပါသည်။ ကျန်ရှိသော မြင့်မြတ်သည့်ဇနီးသည်တို့သည် တမန်တော်မြတ်﴿ﷺ﴾သခင်နှင့် (၂)နှစ်၊ (၃)နှစ်အတွင်းတွင် ပေါင်းသင်နေထိုင်ခဲ့သည်။

ဤနေရာတွင် ဖော်ပြသင့်သည်မှာ ဇနီးများအားလုံးထဲတွင် တစ်ဦးသာ အပျိုစင်အဖြစ်နှင့် တမန်တော်ကြီး ထိမ်းမြားခဲ့ပါသည်။ ယင်းသည်ကား အီမာန်ရှင်တို့၏ မိခင်ကြီးဖြစ်သော စိုက်ယိဒဟ်﴿ﷺ﴾အာအိရှဟ် သခင်မကြီးပင် ဖြစ်တော့သည်။ သခင်မကြီးမှအပ အားလုံးသောဇနီး (အလ္လာဟ်အရှင် ၎င်းတို့၏ဂုဏ်သိက္ခာကို

ဖြူစင်သန့်ရှင်းပါစေ) တို့သည် မုဆိုးမများဖြစ်ကြပါသည်။ (ဇိုင်နဗ်ဗင်ဂျဟရှ်သခင်မကြီးမှအပ) အချို့သောဇနီးများတို့သည် နှစ်ကြိမ်တိုင်တိုင် လပ်ထပ်ထိမ်းမြားခဲ့ပြီး၊ ယင်းတို့၏ လင်ယောကျ်ားများကွယ်လွန်သေဆုံးကြပြီး သူများဖြစ်ကြပါသည်။ ဤများပြားခြင်းဆိုသည်က တမန်တော်မြတ်ﷺသခင်၏ နောက်ပိုင်းဘဝများတွင် ဖြစ်ခဲ့ပါသည်။

အစ္စလာမ်နိုင်ငံတော်တွင် မြင်တွေ့ခဲ့ကြရသော တမန်တော်ကြီး၏ သာဝကများဖြစ်ကြသော အမျိုးသမီးများနှင့် အမျိုးသားတို့သည် တမန်တော်မြတ်ﷺသခင်အား နှစ်နှစ်ကာကာ ချစ်ခင်ကြသည်ကို ကျွန်ုပ်တို့ သတိချပ်ကြရမည်။ တမန်တော်မြတ်ကြီး အမိန့်တစ်ချက်ပေးရုံဖြင့် သူတို့၏အသက်များကို စွန့်လွှတ်မည့်သူများဖြစ်ကြပါသည်။ အကယ်၍သာ တမန်တော်ကြီး ဆန္ဒရှိခဲ့ပါလျှင် အပျိုစင်ဇနီးများမှလွဲ၍ အခြားမည်သည်နှင့်မျှ လက်ထပ်ထိမ်းမြားရန် မလိုပါ။ တကယ်တန်းဆိုလျှင် ဇနီးသည်တစ်ဦးအား တစ်လနှစ်လသာ ပေါင်းသင်းပြီး၊ ၎င်းနောက် အသစ်တစ်ဦးနှင့် အစားထိုးခဲ့ပါက ယင်းလုပ်ရပ်ကို အဘယ်အရာကမျှ မတားဆီး၊ မပိတ်ပင်နိုင်ပါ။ သို့ရာတွင် တမန်တော်မြတ်ကြီးသည် ထိုကဲ့သို့ မပြုလုပ်ခဲ့ပါ။

ဤနေရာတွင် နောက်ထပ်အချက်တစ်ချက်ကိုလည်း ဖော်ပြသင့်ပါသည်။ ကျွန်ုပ်တို့၏ ရှေ့ဆောင်လမ်းပြကြီး စိုက်ယိဒိနာ မုဟမ္မဒ် အလ်မုစ်သဖာﷺသည် အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သောတမန်တော်တစ်ပါး ဖြစ်ပြီး တမန်တော်ဆိုသည်မှာ သာမန်လူသားတစ်ဦး မဟုတ်ပါ။ ကိုယ်တော်သည် ကိုယ်တော်၏ဆန္ဒများနောက်သို့ ဘယ်တော့မှ မလိုက်ပါ။ ကိုယ်တော်လုပ်ဆောင်သမျှတို့သည် အလ္လာဟ်အရှင်မြတ်၏ သဘောတော်နှင့် ခွင့်ပြုချက်အရသာဖြစ်သည်။ ကိုယ်တော်၏တမန်တော်ဘဝကို လက်ခံရရှိပြီးသည်နှင့် တစ်ပြိုင်နက်တည်း ကန့်ကွက်ပြောဆိုမှုများအားလုံး အစဉ်ဖယ်ရှား ပြီးဖြစ်သွားပါသည်။ သို့ရာတွင် တစ်စုံတစ်ဦးသည် တမန်တော်တစ်ဦးကို တမန်တော်အဖြစ်လက်ခံရန် ငြင်းဆိုရုံသာမက သူသည် ရှေ့တစ်လှမ်းတိုးကာ ထိုတမန်တော်သည် ကာမဆန္ဒများဖြေဖျောက်ရန်အတွက် ဇနီးမယား အမြောက်အများယူသည်ဟု စွပ်စွဲခဲ့ပါက၊ ထိုကဲ့သို့သောသူအား ပြောပြရမည်မှာ "အကယ်၍ ထိုကဲ့သို့ဖြစ်ခဲ့ပါလျှင် အဘယ်အတွက်ကြောင့် မြင့်မြတ်သောတမန်တော်သည် မိန်းမအများအပြားယူသည့်ကိစ္စနှင့် ပတ်သက်၍ ကိုယ်တိုင်အတွက် ကန့်သတ်ချက်များ ကြေညာခဲ့ရသနည်း။ ယင်းကို အောက်ပါအာယသ်ထဲတွင် ဖော်ပြထားကြောင်း တွေ့ရှိ ရသည်။ **لايحل لك النساء من بعد "ဤသည်နောက်တွင် (အထက်ဖော်ပြပါအင်္ဂါရပ်များနှင့် မညီသော) အခြားအမျိုးသမီးများသည် အသင့်အဖို့ရာ တရားမဝင်တော့ပြီး။"** (၃၃း၅၂) ကိုယ်တော်အတွက် ဤကန့်သတ်ချက်ကို ကြေညာသည်က ကိုယ်တော်လုပ်သမျှတို့သည် ဖန်ဆင်းရှင်၏ ဆန္ဒတော်နှင့် ခွင့်ပြုချက်အရ ပြုလုပ်ကြောင်းကို ပွင့်ပွင့်လင်းလင်းနှင့် အပြီးအပြတ်သက်သေပြပါသည်။ အစောပိုင်းက ထောက်ပြသကဲ့သို့ ထိမ်းမြားမှုမြောက်မြားခြင်းကြောင့်၊ မုစ်လင်မ် အုမ္မသ်ထုအပေါ် ပညာရေးဆိုင်ရာအကျိုးအမြတ်များ သက်ရောက်စေပါသည်။ ယင်းအကျိုးအမြတ်ထဲတွင် အစ္စလာမ်အမိန့်ပညတ်ချက်များသာမက၊ များပြားသောကိစ္စရပ်များအတွက် များစွာသောအသေးစိတ် အချက်အလက်များကို ဤနေရာတွင် ၎င်းတို့အား အတိုချုံ့၍ပင် ဖော်ပြ၍မရနိုင်ပါ။ ဤအဆိုအမိန့်၏ မှန်ကန်ချက်ကို ဟဒီးဆ်ကျမ်းစာအုပ်များကို လေ့လာဆည်းပူးသူများသိရှိပါလိမ့်မည်။ သို့သော်လည်း ညွှန်ပြချက်များအဖြစ် အချို့သောမှတ်စုအကျဉ်းချုပ်များကို တင်ပြထားသည်။

တမန်တော်မြတ်﴿ﷺ﴾သခင်သည် စိုက်ယိဒဟ် အုမ္မိစလ်မာ﴿ﷺ﴾အား သူမ၏ခင်ပွန်း စိုက်ယိဒိနာ အဗူစလ်မာ﴿ﷺ﴾သခင် ကွယ်လွန်သေဆုံးပြီးမှ လက်ထပ်ခဲ့ပါသည်။ သူမ တမန်တော်မြတ်ကြီးနှင့် အတူတကွ နေထိုင်ရန် တမန်တော်မြတ်﴿ﷺ﴾သခင်၏ အိမ်သို့လာရောက်ခဲ့ရာတွင် ယခင်အိမ်ထောင်နှင့်ရခဲ့သော သူမ၏ သားသမီးများပါ ခေါ်ဆောင်လာခဲ့ပါသည်။ တမန်တော်မြတ်﴿ﷺ﴾သခင်သည် သူမ၏ သားသမီးများအား ချစ်ခင် မြတ်နိုးခြင်း၊ သောကထားခြင်းတို့ဖြင့် ကြီးပြင်းအောင်စောင့်ရှောက်ခဲ့ပါသည်။ မွေးစားသားသမီးများအား ကြီးပြင်း အောင်စောင့်ရှောက်ရာတွင် တစ်စုံတစ်ဦးလိုက်နာရမည့် ချစ်ခင်ခြင်း၊ ကရုဏာထားခြင်းနည်းကို တမန်တော် မြတ်ကြီး﴿ﷺ﴾က ကိုယ်တော်၏ လုပ်ဆောင်ချက်ဖြင့် ပြသခဲ့သည်။ တမန်တော်မြတ်ကြီး﴿ﷺ﴾သခင်၏ မြင့်မြတ်သောဇနီးများအနက်၊သူမသာလျှင် သားသမီးပါလာသူ ဖြစ်ပါသည်။ အကယ်၍ သူမသည် အခြားခြားသော ဇနီးများနှင့်တူခဲ့ပါလျှင် မွေးစားသားသမီးများကို ကြီးပြင်းအောင်ပြုစုစောင့်ရှောက် ခြင်းနှင့် ပတ်သက်သည်တို့ကို လက်တွေ့ပြသနိုင်ခြင်း မရှိဖြစ်ကာ မုစ်လင်မ်အုမ္မသ်ထုသည် ယင်းကိစ္စနှင့်ပတ်သက်၍ လမ်းညွှန်မှု လက်မဲ့ ဖြစ်ခဲ့ပါလိမ့်မည်။ သူမ၏ သားဖြစ်သူ အုမ္မရ်အိဗ်နိအဘီစလ်မာ﴿ﷺ﴾သခင်က ပြောသည်မှာ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ကြီး﴿ﷺ﴾သခင်၏ လက်ပေါ်တွင် ကြီးပြင်းခဲ့ပါသည်။ တစ်ချိန်က တမန်တော်မြတ်﴿ﷺ﴾သခင်နှင့် အတူစားသောက်ရာတွင် ကျွန်ုပ်၏လက်မှ မုန့်ဖြင့်ဟင်းခွက်၏နေရာတိုင်းကို တို့ခဲ့ပါသည်။ တမန်တော်မြတ်﴿ﷺ﴾သခင်က မိန့်ကြားသည်မှာ-**سم الله و كل** بيمينك **و كل مما** يليك (အလ္လာဟ် အရှင်မြတ်၏ နာမည်တော်ကို တသကာ၊ အသင်၏ညာဘက်ဖြင့် အသင့်ရှေ့တွင်ရှိသည်ကိုသာစားသုံးပါလေ။) ဟူ၍ဖြစ်သည်။ **(မစ်ရှ်ကာသ်၊စာ-၃၆၃) ကိုးကား၍ ဗုခါရီနှင့် မုစ်လင်မ်ကျမ်း)**

စိုက်ယိဒဟ် ဂျဝိုင်ဒီယဟ်သည် ဂိုဟားဒ်စစ်ပွဲတစ်ခု၏ သုံးပန့်အဖြစ် ရောက်ရှိခဲ့ပါသည်။ အခြားသော သုံ့ပန်းများကဲ့သို့ ဝေပုံကျခွဲဝေမှုတွင်ပါဝင်ကာ စာဗစ်အိဗ်နိကိုက်စ်﴿ﷺ﴾(သို့) သူညီအစ်ကိုဝမ်းကွဲ၏ ဝေပုံတွင် ပါဝင်သွားပါသည်။ သို့ရာတွင် သူမသည် သူမ၏ဆရာနှင့် အပေးအယူတစ်ခုပြုလုပ်ရာတွင် အောင်မြင်ခဲ့ပါ သည်။ ယင်းအပေးအယူမှာ သူမအား လွတ်ငြိမ်းခွင့်ပေးခဲ့ပါလျှင် သူမသည် သူမ၏ဆရာအား ငွေကြေးအချို့ ပေးရန်ဖြစ်ပါသည်။ ဤအစီအစဉ်ပြုလုပ်ပြီးသည့်နောက် သူမသည် တမန်တော်မြတ်﴿ﷺ﴾သခင်ထံရောက်ရှိ လာကာ ငွေကြေးအကူအညီတောင်းခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾သခင်က မိန့်ကြားသည်မှာ ဤအစီအစဉ်ထက် သာလွန်ကောင်းမွန်သည့် အစီအမံတစ်ခုကို အသင့်အား ပြောပြရမည်လား။ ယင်းမှာ မင်းအတွက်ငွေကြေးကား ကျွန်ုပ်က သင်မကို လက်ထပ်ယူမည်ဟူ၍ဖြစ်သည်။ သူမဝမ်းမြောက်ဝမ်းသာစွာဖြင့် သဘောတူခဲ့ပါသည်။ သူမ အတွက် ကျသင့်သည့်ငွေကြေးတို့ကို ပေးဆပ်ကာ သူမအားလက်ထပ်ထိမ်းမြားခဲ့ပါသည်။ ဤသည်က တမူထူးခြား သည့် အကျိုးဖြစ်ထွန်းမှုဖြစ်ပေါ်ခဲ့ပါသည်။ ထိုအချိန်တွင် စိုက်ယိဒဟ် ဂျဝိုင်ဒီယဟ်၏ ရာပေါင်းများစွာသော လူများသည် ဆွဟာဗဟ်သာဝကကြီးများတို့ လက်သို့ရောက်ရှိပိုင်ဆိုင်နေကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့အားလုံးသည် စစ်သုံ့ပန်းများဖြစ်ခဲ့သောကြောင့်တည်း။ ဆွဟာဗဟ်သာဝကကြီးများတို့သည် သူမအား တမန် တော်မြတ်﴿ﷺ﴾သခင် လက်ထပ်ထိမ်းမြားလိုက်ကြောင်း သိရှိရသောအခါတွင် လိုက်လျှောသည့်အနေဖြင့် သူတို့ ပိုင်ဆိုင်သည့်ကျေးကျွန်များအား လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ကြပါသည်။ သူတို့၏ ကြီးကျယ်ခန်းနားပြီး ရည်မွန် သည့်အပြုအမူသည် မည်မျှစစ်မှန်ကြောင်း မည်မျှသိမ်မွေ့နူးညံ့ကြောင်း စဉ်းစားကြည့်စမ်းပါ။ သုံ့ပန်းအားလုံး တို့သည် တမန်တော်မြတ်﴿ﷺ﴾သခင်မိသားစုနှင့် ဆက်နွယ်သွားကြောင်း စိတ်လှုပ်ရှားစွာဖြင့် သိရှိရသောအခါတွင်

ဆွဟာဗဟ်သာဝကြီးများသည် ၎င်းတို့အား ကျေးကျွန်အဖြစ်မထားဝံ့တော့ပါ။ ထို့ကြောင့်၎င်းတို့အားလုံးအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါသည်။ ဤအဖြစ်အပျက်နှင့် ပတ်သက်၍ အာအိရှဟ်﴿ﷺ﴾သခင်မကြီးက ပြောပြသည်မှာ -

**فلقد اعتق بتزويجه ايّاها مائة اهل بيت من بنى امصطلق فما اعلم امر أة اعظم بر كة على قومها منها**

တမန်တော်မြတ်﴿ﷺ﴾သခင်သည် ဂျုဝိုင်ဒီယဟ်နှင့် လက်ထပ်ခဲ့သောကြောင့် ဗနူအလ်မုစ်သလစ်မျိုးနွယ်စုမှ မိသားစုတစ်ရာခန့် လွတ်ငြိမ်းချမ်းသာခွင့် ရရှိသွားကြပါသည်။ သူမ၏လူများအတွက် ကြီးမားသောကောင်းချီးပေးရာတွင် သူမကလွဲ၍ အခြားသူမရှိကြောင်း သက်သေပြပြီး ဖြစ်ပါသည်။

စိုက်ယိဒဟ် အုမ္မိဟဗီဗာဟ်﴿ﷺ﴾သည် သူမ၏ခင်ပွန်းနှင့်အတူ အစ္စလာမ်ခေတ်ဦးပိုင်းကတည်းက မက္ကဟ်တွင် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ခဲ့ကြပါသည်။ နောက်ပိုင်းတွင် ဇနီးမောင်နှံနှစ်ဦးသည် အမျိုးသား၊ အမျိုးသမီး အတော်အတန်ပါဝင်သည့် ခရီးသွားတစ်စုနှင့်အတူ အီသီယိုးပီးယားသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အီသီယိုးပီးယားသို့ရောက်ရှိပြီးနောက် သူမ၏ခင်ပွန်းသည် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားခဲ့ပါသည်။ ယင်းကဲ့သို့ ဘာသာကူးပြောင်းပြီးရက်များ မကြာမီ သူကွယ်လွန်သေဆုံးခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾သခင်သည်နဂျာရှီရုံးတော်များ (အီသီယိုးပီးယားပြည့်ရှင်နိဂတ်စ်၏ရုံးများ)မှတစ်ဆင့် အုမ္မိဟဗီဗာဟ်﴿ﷺ﴾သခင်မအား စကားကမ်းလှမ်းရာ သူမကလက်ခံခဲ့သည်။ ၎င်းနောက် အီသီယိုးပီးယားပြည်တွင် ဤနဂျာရှီရုံးများကပင် သူမအား တမန်တော်မြတ်﴿ﷺ﴾သခင် နှင့် ထိမ်းမြားခွင့်ပေးခဲ့ပါသည်။ စိုက်ယိဒဟ် အုမ္မိဟဗီဗာဟ်﴿ﷺ﴾သည် စိုက်ယိဒိနာ အဗူစွဖ်ယာမ်﴿ﷺ﴾သခင်၏ သမီးဖြစ်သည်ကို စိတ်ဝင်တစား မှတ်သားသင့်ပါသည်။ သူသည် ထိုအချိန်က ဘဝသက်တမ်းတွင် အဓိက ရည်ရွယ်ချက်အဖြစ် အစ္စလာမ်ဘာသာကို ရန်ပြုခြင်းဟု မှတ်ယူထားသော အုပ်စု၏ခေါင်းဆောင်ပင်ဖြစ်သည်။ ထိုသူများတို့သည် မုစ်လင်မ်များအား ထိခိုက်အနာတရဖြစ်ခြင်းနှင့် အလွှာဟ်အရှင်၏ တမန်တော်အား ညှင်းပန်း နှိပ်စက်ရန် အကြောင်းရှာနေသူများ ဖြစ်ကြသည်။ အကယ်၍ သူတို့သည် အခွင့်အလမ်းသာပါက တမန်တော် အား တစ်ခါတည်းနှင့် အပြတ်ရှင်းရန် ဝန်မလေးသောသူများ ဖြစ်ကြပါသည်။ ဤမင်္ဂလာဆောင်နှင်းသည့် ကိစ္စကို သူကြားသိရသောအခါ အောက်ဖော်ပြပါစကားများကို အလန့်တကြား အော်ပြောမိပါသည်။ **هو الفحل لا يجدع انفه** ယင်းဝေါ ဟာရများ၏အဓိပ္ပာယ်မှာ "သူသည် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောသူဖြစ်သည်။ သူ့ကိုရန်မူ၍ မရ" ဆိုလိုရင်း အဓိပ္ပာယ်မှာ တမန်တော်မြတ်﴿ﷺ﴾သခင်သည် ဂုဏ်သရေရှိသောသူဖြစ်သည်။ သူ့အား ဂုဏ်သရေမဲ့အောင် လုပ်ရန်မှာ မလွယ်ကူပါ။ ကျွန်ုပ်တို့သည် သူ့အား သိက္ခာမဲ့စေရန် အစွမ်းကုန်ကြိုးစားနေစဉ်တွင် ကျွန်ုပ်တို့၏ မျက်စေ့အောက်၌ ကျွန်ုပ်တို့၏ သမီးပျိုသည် သူဇနီးသည် ဖြစ်သွားပါသည်။

အတိုချုပ်ဆိုရသော် ဤလက်ထပ်ထိမ်းမြားမှုသည် စိတ်ဓာတ်စစ်ဆင်ရေးလက်နက် ဖြစ်သွားကြောင်း သက်သေပြပါသည်။ ကာဖိရ်ခေါင်းဆောင်၏ မုစ်စလင်မ်များအားရန်ပြုရန်ဆိုသည့် ရည်မှန်းချက်များသည် အချည်းနှီးဖြစ်သွားရပါသည်။ ဤလက်ထပ်ထိမ်းမြားမှု ပြီးစီးချိန်ကစ၍ အစ္စလာမ်ဘာသာအတွက် နိုင်ငံရေး

ဆိုင်ရာ အကျိုးအမြတ် ရရှိခဲ့သည်ဆိုသည်ကတော့ ယင်း၏အရေးပါပုံနှင့် လိုအပ်ချက်များအရ မုစ်စလင်မ်များ ငြင်းဆို၍မရပါ။ ဤအကျိုးအမြတ်သည် အလ္လာဟ်အရှင်မြတ်၏ အမြင်ကျယ်ပြီး အသိပညာ ကြွယ်ဝသော တမန်တော်ကြီး၏ မျက်ခြေမပြတ် ဂရုပြုမှုဖြစ်သည်ဆိုသည်မှာ မုချကောန်ပင် ဖြစ်သည်။

ယခုအကျဉ်းချုပ် တင်ပြထားသော ရှုမြင်ချက်အပြင် "စီရသ်" ...ryS ၏ နက်နဲမှုကို လက်လှမ်းမီသော သူတို့အနက် တမန်တော်ကြီး၏ မြောက်မြားစွာထိမ်းမြားမှုနောက်ကွယ်တွင် အသိဉာဏ်များစွာပါရှိကြောင်း တွေ့ရှိရပေလိမ့်မည်။ ကျွန်ုပ်၏ လေးစားရပါသော ဆရာ မော်လာနာ အရှ်ရဖ်အလီထာနဝီ ပြုစုသော ခတ်သရာတွလ် အဇ်ဝဂ်လီ စဟီဗီလ်မိရာဂ်ကျမ်းသည် ဤအကြောင်းအရာအတွက် အသုံးဝင်ပါသည်။

ဤတွင် ကျွန်ုပ်တို့ တင်ပြထားသော အသေးစိတ်တို့သည် အရှေ့တိုင်းသားများနှင့် ဘာသာမဲ့တို့ ဆင် ထားသောရွှေထောင်ချောက်ကို ဖယ်ရှားရန်ဖြစ်သည်။ ပညာတတ်သော်လည်း၊ အသိဉာဏ်မဲ့သော မုစ်စလင်မ် မြောက်မြားစွာတို့သည် ဤထောင်ချောက်အတွင်းသို့ သက်ဆင်းသွားသည်မှာ ကံမကောင်း အကြောင်းမလှသော်လည်း အမှန်တရားပင်ဖြစ်သည်။ ၎င်းတို့ပင့်ကူအိမ်အတွင်း ကျဆင်းသွားပါက ပြန်၍ မထွက်ကြပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တမန်တော်မြတ်ကြီး၏ "စီရသ်" နှင့် အစ္စလာမ့်သမိုင်းကို ခိုင်လုံသော အရင်း အမြစ်များမှတစ်ဆင့် တိုက်ရိုက်မသိကြသောကြောင့်ဖြစ်သည်။ သူတို့သိရှိသော အစ္စလာမ်နှင့်ပတ်သက်သည့် အရာဟူသမျှတို့သည် အရှေ့တိုင်းသားများရေးသားသော (အစ္စလာမ်ဆန့်ကျင်ရေး) စာအုပ်များမှတစ်ဆင့် ရရှိသောကြောင့်ပင် ဖြစ်သည်။

## မတရား မမျှတမှုဖြစ်နိုင်ချေရှိခဲ့သော် ဇနီးမယားတစ်ဦးတည်းသာ

ဇနီး(၄)ဦးအထိ ခွင့်ပြုပြီးသည့်နောက် ကျမ်းတော်မြတ်ကုရ်အာန်က မည်ကဲ့သို့မိန့်ကြားထားသည်ကို ကျွန်ုပ်တို့ ကြည့်ကြစို့။

فَإِنْ خِفْتُمْ أَلَّا تَعْدِلُوا فَوَاحِدَةً أَوْ مَا مَلَكَتْ أَيْمَانُكُمْ

**"အကယ်၍ အသင်တို့သည် (မိန်းမတစ်ယောက်ထက်ပို၍ ထိမ်းမြားရာတွင်) တရားမျှတမှုကို ပြုနိုင်ကြမည် မဟုတ်ဟု စိုးရိမ်မကင်း ဖြစ်ကြပြန်သော် (ဇနီးမိန်း) တစ်ဦးတည်းနှင့်ပင် (တင်းတိမ်ကြ ရမည်) သို့မဟုတ်ပါမူ (တရားတော်အရ) မိမိတို့လက်အောက် ပိုင်ဆိုင်သော ကျွန်မိန်းမနှင့်ပင် တင်းတိမ် ကြရမည်။" (၄း၃)**

ဤသည်မှ ကျွန်ုပ်တို့တွေ့ရှိရသည်မှာ ဇနီးတစ်ဦးထက် ပိုမိုထားရှိခြင်းကို ခွင့်ပြုခြင်း၊ လျော်ကန်သင့် မြတ်စေရန်အတွက် အချက်တစ်ချက်ပေါ်တွင် မူတည်ပါသည်။ ယင်းအချက်မှာ ဇနီးသည်များအကြားတွင် အစ္စလာမ်ရှရီအသ်က ပြဋ္ဌာန်းသည့်အတိုင်း တန်းတူရည်တူထားရှိခြင်းနှင့် ၎င်းတို့အားလုံးတို့၏ ရပိုင်ခွင့်များကို စနစ်တကျ ဖြည့်ဆည်းပေးနိုင်ခြင်းပင်ဖြစ်သည်။ တစ်စုံတစ်ဦးသည် ဤနည်းအတိုင်း သူ၏မပြုမနေရ တာဝန် များကို ထမ်းဆောင်နိုင်စွမ်း မရှိပါလျှင် ဥပဒေမှာ ဇနီးသည်တစ်ဦးတည်း ထားရှိရန်ဖြစ်သည်။ ဇနီးသည်များ၏ ရပိုင်ခွင့်များကို မည်သို့မှတွေးတောဆင်ခြင်ခြင်းမရှိဘဲ ဂျာဟီလိယဟ် အမျောင်ခေတ်က မြောက်မြားစွာ ထိမ်းမြား

မင်္ဂလာပြုဆောင်ခြင်း၏ တရားမမျှတမှုသည် လူမှုဆက်ဆံရေးနယ်ပယ်ကို ပြောင်လျောင်သရော်ဖွယ်ရာ ဖြစ်သွားပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်တော်မှာ အကယ်၍အသင်သည် ဇနီးသည်များအကြား ပြီးပြည့်စုံသော တရားမျှတမှုကို မစွမ်းဆောင်နိုင်ပါက ဇနီးသည်တစ်ဦးထက် မပိုစေရန် အသင့်ကိုအသင် ကန့်သတ်ပါ။ သို့မဟုတ်ပါမူ မိမိလက်အောက်ပိုင်ဆိုင်သော ကျွန်မိန်းမနှင့် ပေါင်းသင်းပါ။

ဤနေရာတွင် စွဲမှတ်ထားရမည်မှာ "မိမိလက်အောက်တွင်ပိုင်ဆိုင်သော ကျွန်မဟု အဓိပ္ပာယ်သက်ရောက်သော ကုရ်အာန်ကျမ်းတော်မြတ်အသုံးအနှုန်း" **مَا مَلَكَتْ اَيْمَانُكُمْ**တွင်ပါ အလွန်ထူးခြားသော စည်းကမ်းချက်များ ပါဝင်ပါသည်။ ထိုစည်းကမ်းချက်များအရသာ ထိုကဲ့သို့သော ပိုင်ဆိုင်မှုမျိုးများ ဖြစ်နိုင်ချေရှိပါသည်။ ယင်းစည်းကမ်းချက်များအတိုင်း ယခုခေတ်အခါတွင် မရှိတော့ပါ။ ထို့ကြောင့် တစ်စုံတစ်ဦး အမျိုးသမီးတစ်ဦးအား မိမိပိုင်ဆိုင်သည့် "ကျေးကျွန်" ဟု ကြေညာပြီး မင်္ဂလာဆောင်နှင်းခြင်း မပြုဘဲ ထိုသူမနှင့် ပေါင်းသင်းနေထိုင်ခြင်းသည် အစွလာမ့်ရှရီအသ်က ခွင့်ပြုထားသယောင်ရှိသော်လည်း ဆင်ခြင်သုံးသပ်တွေးယူ၍ မရသောကြောင့် အတည်ပြုတားမြစ်ချက် "ဟရာမ်" ဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ထိုထက်ပိုကာ ဤနေရာတွင် မဆွေးနွေးတော့ပါ။

ရလဒ် (တစ်ခုလုံးအနေနှင့် ခြုံကြည့်ရလျှင်)မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ဇနီးလေးဦးအား ထိမ်းမြားယူခြင်းကို ခွင့်ပြုခဲ့ပါသည်။ ဆိုလိုသည်မှာ ဤကန့်သတ်ချက်ဘောင်ဝင်သော လက်ထပ်ထိမ်းမြားမှုတို့သည် မှန်ကန်ပြီး ခွင့်ပြုပါသည်။ သို့ရာတွင် ထိုအခြေအနေများတွင် ဇနီးသည်တစ်ဦးထက်ပို၍ ထားရှိပါက ၎င်းတို့အကြား တရားမျှတခြင်းနှင့် သာတူညီမျှရှိခြင်းတို့သည် မပြုမနေရ (ဝါဂျိဗ်) ဖြစ်သည်။ ယင်းကဲ့သို့ မလုပ်ဆောင်ခဲ့ပါလျှင် အလွန်ကြီးလေးသော အပြစ်ဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် ဇနီးသည်တစ်ဦးထက်ပို၍ယူရန် စိတ်ကူးပါက မိမိထမ်းဆောင်ရမည့် ဤအချက်အလက်များနှင့် စည်းကမ်းများကို ဦးစွာပထမစဉ်းစားဆင်ခြင်သင့်ပါသည်။ ပိုမို၍ အရေးကြီးသည်မှာ ဇနီးသည်များ၏ ရပိုင်ခွင့်များကို အနည်းငယ်မျှ ထိပါးခြင်းမရှိဘဲ အားလုံးတို့အား သာတူညီမျှ မျှမျှတတ ဆက်ဆံနိုင်စေမည့် အရည်အချင်း (သို့) အစွမ်း မိမိတွင်ရှိမရှိကို ချင့်ချိန်ပါ။ တွေးတောပါ။ မှန်ကန်စွာ တွက်ချက်ပါ။ အကယ်၍ တစ်စုံတစ်ဦးသည် သတ်မှတ်ထားသော စံချိန်များအတိုင်း မလုပ်ဆောင်နိုင်သည်ကို ခိုင်မာသည့် ဖြစ်နိုင်ခြေရှိပါလျက်နှင့် တစ်ဦးထက်ပို၍ ထိမ်းမြားခြင်းကို ရဲတင်းစွာပြုလုပ်ခြင်းသည် အမှန်မှာ အပြစ်ဂုနာဟ်ကြီးထဲသို့ အသိဉာဏ်ကင်းမဲ့စွာ ခုန်ဆင်းခြင်းပင်ဖြစ်သည်။ တစ်စုံတစ်ဦးသည် ဤကဲ့သို့သော လုပ်ဆောင်ခြင်းမျိုးမှ ရှောင်ကြဉ်ရပါမည်။ ၎င်းနောက်လူသား၏ အခြေအနေသည် မည်သို့ပင်ဖြစ်ပါစေ ဇနီးသည်တစ်ဦးဖြင့် ပေါင်းသင်းနေထိုင်ခြင်းကို လုံလောက်သည်ဟု မှတ်ယူသင့်ပါသည်။

ဥပဒေကြောင်းအရပြောရလျှင် အကယ်၍ တစ်စုံတစ်ဦးသည် တစ်ကြိမ်တည်း ကမ်းလှမ်းမှုနှင့် တစ်ကြိမ်တည်း လက်ခံမှုတို့အရ အမျိုးသမီး(၄)ဦးထက်ပို၍ ထိမ်းမြားခဲ့ပါက ထိုကဲ့သို့ ထိမ်းမြားမှုသည် ကနဦးအစကတည်းက တရားမဝင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မည်သူမျှ ဇနီးသည်(၄)ဦးထက်ပို၍ ထားပိုင်ခွင့်မရှိပါ။ (၄)ယောက်ဟူသော ဘောင်အတွင်း ထိမ်းမြားမှုများသည် တရားဝင်ပါသည်။ သို့ရာတွင် ဇနီးသည်အား သာတူညီမျှ မျှမျှတတ ဆက်ဆံမှုများချို့တဲ့ပါက ယင်းသည်ကြီးလေးသော အပြစ်ဖြစ်သွားပါလိမ့်မည်။ ထို့ပြင်ဇနီးသည်တစ်ဦး၏ရပိုင်ခွင့်များအား မည်ကဲ့သို့သော ထိပါးမှုမျိုးကိုမဆို အစွလာမ့်ခုံရုံးတော်တွင် တရားစွဲဆိုနိုင်ပြီး နစ်နာ

သောဇနီးသည် လျော်ကြေးငွေ ရရှိနိုင်ပါသည်။

ဇနီးသည်များ အားလုံးကြားတွင် ပြည့်ဝသော သာတူညီမျှမှုနှင့် တရားမျှတမှုတို့ကို ထိန်းသိမ်းထားရှိရန် တမန်တော်မြတ်﴿ﷺ﴾သခင်က အလေးအနက်ပြုထားခဲ့ပါသည်။ ထို့ပြင် ထိုသို့မလုပ်ဆောင်သူများကို ပြင်းထန်သော သတိပေးချက်များလည်းပြုထားပါသည်။ တမန်တော်မြတ်﴿ﷺ﴾သခင်သည် ကိုယ်တော်၏ လုပ်ဆောင်ချက်များမှတစ်ဆင့် နှစ်လိုဖွယ် စံနမူနာများလည်း ပြသခဲ့ပါသည်။ မည်သည်အထိ ပြသခဲ့သနည်းဆိုလျှင် သာတူညီမျှမှုမလိုသောကိစ္စများတွင်ပင် သာတူညီမျှမှု၏ ကန့်သတ်ဘောင်အထိ လုပ်ဆောင်ပြသခဲ့သည်။

ဟဒီးဆ်တော်တစ်ပုဒ်တွင် တမန်တော်မြတ်﴿ﷺ﴾သခင်မိန့်ကြားခဲ့သည်မှာ "မည်သူတစ်စုံတစ်ဦးမဆို ဇနီးသည်နှစ်ဦးရှိ၍ ၎င်းတို့၏ ရပိုင်ခွင့်များကို သာတူညီမျှစွာနှင့် တရားမျှတစွာ မဖြည့်ဆည်းနိုင်ခဲ့လျှင် ကိယာမသ် တရားစီရင်မည့်နေ့တွင် ၎င်း၏ပုခုံးတစ်ဖက် နိမ့်ကျလျက်ရှိသောအနေအထားဖြင့် ပြန်လည်ရှင်ပြန်ထရလိမ့်မည် ဖြစ်သည်။ **(မစ်ရှ်ကတ်၊ စာ-၂၇၈)**

သို့သော်လည်း ကျွန်ုပ်တို့ သတိချပ်ရမည်မှာ ဤသာတူညီမျှဆက်ဆံခြင်းသည် လူသားတစ်ဦးထိမ်းချုပ်နိုင်စွမ်းသည့်အတွင်းရှိ အရာများအတွက်သာလျှင် လိုအပ်သည်။ ပမာဆိုသော် ဇနီးသည်၏ တစ်ကိုယ်ရေကုန်ကျစရိတ်နှင့် ညအိပ်စက်ရာတွင် သာတူညီမျှရှိခြင်းတို့ ဖြစ်သည်။ လူသားထိမ်းချုပ်နိုင်မှုအောက်တွင်မရှိသော ဇနီးသည် တစ်ဦးဦးကို သဘာဝအရ တိမ်းညွတ်မှုရှိနေခြင်းကဲ့သို့သော ကိစ္စရပ်များတွင်မူ တာဝန်မရှိချေ။ အဘယ်ကြောင့်ဆိုသော် ယင်းကိစ္စသည် ရွေးချယ်၍ရကောင်းသောကိစ္စ မဟုတ်ချေ။ သို့သော်လည်း ဤတိမ်းညွတ်မှုသည် လူသားထိမ်းချုပ်နိုင်သည့်ဘောင်အတွင်းရှိသော ကိစ္စရပ်များအပေါ် သက်ရောက်မှုမရှိသင့်သော အခြေအနေဖြစ်ရမည်။ ကျွန်ုပ်တို့၏ မြင့်မြတ်တော်မူသော တမန်တော်မြတ်﴿ﷺ﴾သခင်သည် ကိုယ်တော်၏ မြင့်မြတ်သောဇနီးသည်များအား ထိမ်းချုပ်နိုင်သော အရာရာတိုင်းတွင် ပြည့်ဝသော သာတူညီမျှမှုဖြင့် ဆက်ဆံခဲ့သော်လည်း ကိုယ်တော်၏ မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်ထံ အသနားခံလျှောက်ထားခဲ့သည်မှာ -

اَللّٰهُمَّ هٰذَا قسمی فِيْمَا اَمْلِكُ فَلاَ تلمنی فِيْمَا تَمْلِكَ وَلاَ اَمْلِكُ

**"အို-အလ္လာဟ်အရှင်မြတ် ဤသည်ပင် ကျွန်တော်မျိုးထိမ်းချုပ်နိုင်သော သာတူညီမျှမှုပင် ဖြစ်ပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သာလျှင် ထိမ်းချုပ်တော်မူ၍ ကျွန်တော်မျိုးမထိမ်းချုပ်နိုင်သော ကိစ္စများတွင် ကျွန်တော်မျိုးအပေါ် တာဝန်မတင်ရှိစေတော်မူပါနှင့်။"**

ထင်ရှားသည်မှာ အမှားအယွင်းကင်းသော အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်ကြီးပင်လျှင် အချို့ကိစ္စများလုပ်ဆောင်နိုင်စွမ်းမရှိခဲ့လျှင် တစ်စုံတစ်ဦးသည် ထိုကိစ္စကိုလုပ်ဆောင်နိုင်စွမ်းရှိသည်ဟု မည်သူပြောနိုင်အံ့နည်း။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တစ်ခုထဲတွင် ဤ "လူသားထိမ်းချုပ်နိုင်စွမ်းဘောင်အပြင်မှကိစ္စ" ကို အောက်ပါစကားလုံးများဖြင့် ဖော်ပြထားသည်-

وَلَنْ تَسْتَطِيْعُوْٓا اَنْ تَعْدِلُوْا بَيْنَ النِّسَآءِ

**“ထို့မှတစ်ပါးတုံ့ အသင်တို့သည် (မည်မျှပင် တရားမျှတစေရန်) ဆန္ဒထားရှိကြသော်လည်း (မိမိတို့၏ တစ်ဦးထက်ပိုသော) ဇနီးမိန်းမတို့၏စပ်ကြားဝယ် အဖက်ဖက်မှ) တရားမျှတအောင် အလျဉ်းပြုနိုင်ကြမည် မဟုတ်ချေ။” (၄း၁၂၉)**

ဤတွင် ချစ်ခင်ခြင်းနှင့် နှလုံးသား၏ တိမ်းညွတ်မှုမှာ လူသားမထိမ်းချုပ်နိုင်သော ကိစ္စဖြစ်ကြောင်း ရှင်းလင်းစေပါသည်။ နှလုံးသားနယ်ပယ်မှလာသည့် ကိစ္စများအတွက် ပြီးပြည့်စုံသည့် သာတူညီမှုဖြင့် ဆက်ဆံခြင်းရရှိစေရန်ကား လူသား၏အစွမ်းဘောင်အပြင်ဖက်မှဖြစ်သည်။ သို့သော်လည်း ဤမရည်ရွယ်ဘဲ လုပ်ဆောင်ချက်ကို လက်လွတ်စပယ်နှင့်မမျှမတ ပစ်ပယ်ထားသည်တော့ မဟုတ်ချေ။ ယင်းကိုပြုပြင်နိုင်ရန် မိန့်ကြားထားသည်မှာ - فَلَا تَمِيلُوا كُلَّ الْمَيْلِ **“သို့ဖြစ်ပေရာ အသင်တို့သည်(ဇနီးမိန်းမတစ်ဦးဦးဘက်သို့) လုံးဝတစ်ဖက်သတ်ယိမ်းယိုင်မသွားကြကုန်လင့်။”(၄း၁၂၉)** ဆိုလိုသည်မှာ အကယ်၍အသင်သည် ဇနီးများထဲမှ တစ်ဦးကိုပို၍ ချစ်မြတ်နိုးသည်ဆိုလျှင် ယင်းကိစ္စကိုပင် မည်သို့မျှမတတ်နိုင်ချေ။ သို့ရာတွင် ဤကဲ့သို့သော အခြေအနေမျိုးတွင်ပင် အခြားဇနီးများကို လုံးဝဥသုံ အလေးမထားခြင်းနှင့် ဂရုမမူခြင်းကိုကား ခွင့်မပြုချေ။ တရားမျှတမှုနှင့် သာတူညီမျှမှုတို့အကြောင်းဖော်ပြထားသော- فَإِنْ خِفْتُمْ أَلَّا تَعْدِلُوا فَوَاحِدَةً (အကယ်၍ အသင်တို့သည် (မိန်းမတစ်ယောက်ထက်ပို၍ ထိမ်းမြားရာတွင်) တရားမျှတမှုကိုပြုနိုင်ကြမည်မဟုတ်ဟု စိုးရိမ်းမကင်းဖြစ်ကြပြန်သော် (ဇနီးမိန်းမ) တစ်ဦးတည်းနှင့်ပင် (တင်းတိမ်ကြရမည်) ဟူသော ဝါကျကရည်ညွှန်းသည်မှာ မိမိစိတ်ကြိုက် မိမိရွေးချယ်သည့်ကိစ္စရပ်များတွင် တရားမျှတမှုရှိရမည်ဟု ဆိုလိုသည်။ ထိုကိစ္စတွင် မည်သည့်ကွာဟချက်မဆို ကြီးမားသောဂုနာဟ်အပြစ် ဖြစ်လေသည်။ ဤသို့သောကြောင့် လူတစ်ဦးသည် ဤအပြစ်ဂုနာဟ်ကြီးဖြစ်နိုင်သည့် အန္တရာယ်မြင်တွေ့ရလျှင် အမျိုးသမီးတစ်ဦးထက်ပို၍ လက်ထပ်ထိမ်းမြားခြင်းမပြုရန် ညွှန်ကြားထားခဲ့သည်။

## သံသယဖြစ်ဖွယ်ရာတစ်ခုနှင့် ယင်း၏အဖြေ

အချို့သောသူများတို့သည် အထက်တွင်ဖော်ပြထားသော အသေးစိတ်အချက်အလက်များကို မျက်ခြေပြတ်သွားသောကြောင့် အလွန်ထူးဆန်းသော အမှားတစ်ခုဖြစ်စေခဲ့ပါသည်။ ၎င်းတို့သည် ယခုလက်ရှိဆွေးနွေးနေသော အာယသ်တော် (၄း၃) နှင့် အစောပိုင်းက ကိုးကားခဲ့သော အာယသ်တော် (၄း၁၂၉) ကိုနှိုင်းယှဉ်သော အခါ သူတို့ရှုပ်ထွေးသွားခဲ့ပါသည်။ သူတို့အထင်မှာ စူရဟ်အလ်နိစာအ်၏ ဤအာယသ်တော်တွင်ပါဝင်သော အမိန့်မှာ “တစ်ဖန် အကယ်၍အသင်တို့သည် (မိန်းမတစ်ယောက်ထက်ပို၍ ထိမ်းမြားရာတွင်) တရားမျှတမှုကို ပြုနိုင်ကြမည်မဟုတ်ဟု စိုးရိမ်မကင်းဖြစ်ကြပြန်သော် (ဇနီးမိန်းမ) တစ်ဦးတည်းနှင့်ပင် (တင်းတိမ်ကြရမည်။) ထို့နောက် ဤဒုတိယအာယသ်တော်ထဲတွင် သေချာပြတ်သားစွာ မိန့်ထားသည်မှာ “ဇနီးများအကြား” တရားမျှတမှုနှင့် သာတူညီမျှမှုတို့သည် မဖြစ်နိုင်” ဟူ၍ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ဇနီးတစ်ဦးထက်ပို၍ ထားရှိခြင်းကို ခွင့်မပြုသင့်ဟု သံသယဖြစ်စေပါသည်။ သို့ရာတွင် ထိုကဲ့သို့သောသူများသည် မိမိတို့ကိုယ်ကို မိမိတို့မေးမြန်းသင့်ပါသည်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် ဤအာယသ်တော်များမှတစ်ဆင့် လက်ထပ်ထိမ်းမြားခြင်းတစ်ခုထက်ပိုသည်တို့ကိုကို ထိမ်းချုပ်ရန် ရွယ်ခဲ့ပါလျှင် ဤကဲ့သို့သော အသေးစိတ်များကို အဘယ်

ကြောင့်ဖော်ပြခဲ့သနည်း။ အဘယ်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က-

فَانْكِحُوْا مَاطَابَ لَكُمْ مِّنَ النِّسَآءِ مَثْنٰى وَثُلٰثَ وَرُبٰعَ

**"မိမိကြိုက်နှစ်သက်သော (အခြား) အမျိုးသမီးများအနက် (ယောကျ်ားတစ်ဦးလျှင်) မိန်းမနှစ်ယောက်စီနှင့်ဖြစ်စေ၊ သို့မဟုတ် မိန်းမသုံးယောက်စီနှင့်ဖြစ်စေ၊ သို့မဟုတ် မိန်းမလေးယောက်စီနှင့်ဖြစ်စေ ထိမ်းမြားကြကုန်"** ဟူ၍ မိန့်ထားရပါသနည်း။

ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသော - **فَاِنْ خِفْتُمْ اَلَّا تَعْدِلُوْا တစ်ဖန် အကယ်၍ အသင်တို့သည် (မိန်းမတစ်ယောက်ထက်ပို၍ ထိမ်းမြားရာတွင်) တရားမျှတမှုကို ပြုနိုင်ကြမည်မဟုတ်ဟု စိုးရိမ်မကင်းဖြစ်ကြပြန်သော်"** ဟူသည်က ဘာကိုဆိုလိုပါသနည်း။ ယင်းသို့ မိန့်ကြားထားရခြင်းမှာ ဤကဲ့သို့သော အခြေအနေမျိုးတွင် တရားမျှတမှုမရှိနိုင်ကြောင်း မုချကောန်ဖြစ်သောကြောင့်တည်း။ သို့ဆိုပါလျှင် အဓိပ္ပာယ်မဲ့ ဖြစ်သွားနိုင်သော စိုးရိမ်ကြောက်ရွံ့မှု၏ အကြောင်းချင်းရာများကို ကျွန်ုပ်တို့ မည်ကဲ့သို့ ရှင်းနိုင်အံ့နည်း။

ဤသည်အပြင် တမန်တော်မြတ်﴿ﷺ﴾နှင့် ဆွာဟာဗတ်﴿رضي الله عنهم﴾တို့၏ ဟောကြားချက်များ လုပ်ဆောင်ချက်များနှင့် ၎င်းတို့၏ တစ်သမတ်တည်းသော အလေ့အကျင့်တို့က အစွလာမ်ဘာသာတွင် ဇနီး မယားတစ်ဦးထက်ပို၍ (လေးဦးထိ) ထားရှိခြင်းကို မည်သည့်အခါကမျှ တားမြစ်မထားသည်ကို သက်သေပြပါ သည်။ အစောပိုင်းက ဖော်ပြခဲ့သည့်ထဲတွင်ပါရှိသော အမှန်တရားမှာ စူရဟ်အလ်နိစာအ်၏ ပထမအာယသ်သည် တရားမျှတမှုနှင့် သာတူညီမျှတို့သည် လူသားရွေးချယ်လုပ်ကိုင်နိုင်ကြောင်း မိန့်ထားပြီး ဒုတိယအာယသ်တော်ထဲတွင် ချစ်ချင်စုံမက်မှုနှင့် စိတ်ခံစားမှုတိမ်းညွတ်ခြင်းအကြောင်းတို့နှင့် ပတ်သက်ကာ တန်းတူရည်တူဖြစ်မှုကို လူသားတွင် ထိမ်းချုပ်နိုင်စွမ်းမရှိကြောင်း ထောက်ပြပါသည်။ ထို့ကြောင့် ဤအာယသ်တော်နှစ်ခုတို့သည် တစ်ခုနှင့်တစ်ခု မဆန့်ကျင်ကြသကဲ့သို့ ထိမ်းမြားလက်ထပ် မှုများပြားခြင်းကို လုံးဝဥဿုံ တားမြစ်ထားသည်ဟူ၍လည်း သက်သေမပြပါ။

အာယသ်တော်ဆုံးကာနီးတွင် မိန့်ကြားထားသည်မှာ- **ذٰلِكَ اَدْنٰٓى اَلَّا تَعُوْلُوْا "ဤသည် အသင်တို့စည်းကမ်းကျူးလွန်မှု မပြုကြရန် အနီးစပ်ဆုံး (သင့်လျော်ဆုံးနည်းပင်) ဖြစ်ချေသည်"** ဟူ၍ဖြစ်သည်။ ဤအာယသ်တော်တွင် **اَدْنٰى**(အဒ်နာ) ဟူသောစကားလုံးသည် **دُنُوٌّ** (ဒို့နူဝန်) ဟူသော စကားလုံးမှဆင်းသက်လာပြီး "အနီးစပ်ဆုံး"ဟု ဆိုလိုပါသည်။ ၎င်းနောက် အခြားစကားလုံးဖြစ်သော **لاتَعُوْلُوْا** (လာသအူလူ)သည် **عَالَ يَعُوْلُ، مَالَ يَمِيْلُ** မှ ဆင်းသက်လာပြီး တိမ်းညွတ်ခြင်း၊ ယိမ်းယိုင်ခြင်းဟု ဆိုလိုပါသည်။ ဤအာယသ်တော်ထဲတွင် ထိုစကာလုံးကို တရားမမျှတမှုနှင့် အမှားလုပ်ဆောင်မှုတို့ကို အထွတ်အထိပ်သို့ ရောက်စေသည့်တိမ်းညွတ်မှုများကို ခွင့်မပြုဟူသော အဓိပ္ပာယ်နှင့်သုံးထားပါသည်။

ဆိုလိုသည်မှာ ဤအာယသ်တော်ထဲတွင် သင့်အားမိန့်ထားသော (တရားမျှတမှုကို မလုပ်နိုင်သောအခါတွင် ဇနီးတစ်ဦးတည်းနှင့် (သို့) မိမိလက်အောက်ပိုင်ဆိုင်သော ကျွန်မိန်းမတစ်ဦးနှင့် ပေါင်းသင်းခြင်း)ကို အသင်လိုက်နာရန် ရွေးချယ်ခဲ့ပါလျှင် ယင်းရွေးချယ်မှုသည် အသင့်အား မည်သည့်တရားမမျှတမှုများ လုပ်ဆောင်

ခြင်းမှ ကင်းရှင်းလုံခြုံစွာနေနိုင်စေပြီး၊ ထပ်ဆောင်းဖိနှိပ်မှုများ စည်းဘောင်ကျော်လွန်မှုများကိုလည်း ဖယ်ရှားပြီး ဖြစ်သွားပါလိမ့်မည်။

လူတစ်ဦးတွင် ဇနီးတစ်ဦးသာရှိခဲ့ပါလျှင် တရားမျှတမှုမရှိနိုင်ဟူသော သံသယလည်း ရှိပါသည်။ သို့ဆိုပါလျှင် အဘယ်ကြောင့် "အဒ်နာ" ဟူသော စကားလုံးကိုဆောင်းခါ "ဤသည် အသင်တို့စည်းကမ်းကျူးလွန်မှု မပြုကြရန် အနီးစပ်ဆုံး (အသင့်လျော်ဆုံးနည်းပင်) ဖြစ်ချေသည်" ဟူ၍ မိန့်ထားရပါသနည်း။ သို့မဟုတ်ပါမူ အဆိုအမိန့်သည် အသင့်အား တရားမမျှတမှုမှ လုံးဝဥဿုံကာကွယ်ထားသည်ဟူ၍ မိန့်ထားသင့်ပါသည်။ အဖြေလွှာစာသားတွင် "အဒ်နာ" (အနီးစပ်ဆုံး) ဟူသော စကားလုံးထည့်ထားခြင်းသည် ဇနီးတစ်ယောက်တည်း သာရှိလျက်နှင့်ပင် အလုံးစုံသော တရားမမျှတမှုများ ပြုလုပ်ရန် ဝန်မလေးသောသူများအား ထောက်ပြရန်ဖြစ်သည်။ ထို့ကြောင့် တရားမမျှတမှုတို့၏ ဤအရင်းအမြစ်ကို တားဆီးရန်မှာ ဇနီးမယားတစ်ဦးထက်ပိုမိုမှု မရှိသည့် တိုင်အောင် မလုံလောက်ပါ။ သို့သော် ဤကဲ့သို့သော အခြေအနေမျိုးတွင် တရားမမျှတမှု အန္တရာယ်သည် လျော့နည်းပြီး အသင်တရားမျှတမှုဆီသို့ အနီးစပ်ဆုံးရောက်နိုင်သည့် ဖြစ်နိုင်ချေရှိပါသည်။ သို့ရာတွင် တရားမမျှတမှုနှင့် ဖိနှိပ်ခြင်းတို့မှ ပြည့်စုံစွာ လွတ်မြောက်ခြင်းသည် ဇနီးသည်တစ်ဦး၏ ရုပိုင်ခွင့်များကို လုံးဝဥဿုံ ပြည့်ပြည့်ဝဝပေးပြီး သူမအား မျှမျှတတ ရက်ရက်ရောရောဆက်ဆံကာ သူမ၏ချို့ယွင်းမှုများကို ခွင့်လွှတ်၍ သူမ၏ မရိုးဖြောင့်သော နည်းလမ်းများကို သည်းခံမှသာလျှင် ဖြစ်နိုင်ပါသည်။

❁❁❁❁❁❁❁❁❁❁❁

**အာယသ် (၄)**

وَاٰتُوا النِّسَآءَ صَدُقٰتِهِنَّ نِحْلَةً ؕ فَاِنْ طِبْنَ لَكُمْ
عَنْ شَیْءٍ مِّنْهُ نَفْسًا فَكُلُوْهُ هَنِیْٓـًٔا مَّرِیْٓـًٔا ۝۴

**ထို့ပြင်တစ်ဝ အသင်တို့သည် (မိမိတို့၏) ဇနီးမိန်းမတို့အား ၎င်းတို့၏ "မဟရ်"ကို ကြည်ဖြူစွာပေးကြကုန်လော့။ သို့ရာတွင် အကယ်၍ ထိုဇနီးမိန်းမတို့က ယင်း "မဟရ်" အနက်မှ အချို့အဝက်ကို (သော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း) အသင်တို့အဖို့ စိတ်ကြည်ဖြူစွာနှင့် စွန့်လွှတ်ကြပါလျှင် အသင်တို့သည် (စွန့်လွှတ်သော) ထို "မဟရ်" ကို အရသာရှိရှိ မြိန်ရှက်စွာ စားသုံးနိုင်ကြသည်။ (၄:၄)**

ပြီးခဲ့သောအာယသ်တော်သည် မြောက်မြားစွာ ထိမ်းမြားလက်ထပ်ခြင်းမှတစ်ဆင့် အမျိုးသမီးများကို တရားမျှတအောင် မပြုလုပ်ခြင်းအား ပယ်ရှားရန်ဟူသောရည်ရွယ်ချက်ဖြစ်သည်။ ဤအာယသ်တော်သည် အမျိုးသမီးများ၏ သီးသန့်အခွင့်အရေးတစ်ခုအကြောင်းနှင့် ယင်းကိုစွန့်ပတ်သက်၍ ပြုလေ့ပြုထရှိသော တရားမမျှတမှုကို ပယ်ရှားရန် ဖော်ပြထားသည်။ ဤသည်ကား "မဟရ်" (ခန်းဝင်ကြေး) အခွင့်အရေးပင်ဖြစ်သည်။

## အကျယ်ဖွင့်ဆိုခြင်း

အစ္စလာမ်သာသနာ မပေါ်ထွန်းမီ အာရေးဗီးယားတွင် မဟရ်ခန်းဝင်ကြေးပေးဆောင်ရာ၌ တရားမမျှတမှုများ အသွင်အမျိုးမျိုးရှိခဲ့ကြသည်။

၁။ အစပြုမည်ဆိုလျှင် လက်ထပ်ထိမ်းမြားရာ၌ အမျိုးသမီး၏ရပိုင်ခွင့်ဖြစ်သော မဟရ်ခန်းဝင်ကြေးကို သူမအား မပေးပါ။ မဟရ်ခန်းဝင်ကြေးကို အမျိုးသမီး၏ အုပ်ထိန်းသူများက ခင်ပွန်းသည်ထံမှ တိုက်ရိုက်လက်ခံယူလိုက်သည်။ ဤသည်မှာ တရားမမျှတခြင်းပင် ဖြစ်သည်။ ဤဓလေ့ကို ပယ်ရှားပစ်ရန်အတွက် ကုရ်အာန်ကျမ်းတော်တွင် وَاٰتُوا النِّسَآءَ صَدُقٰتِهِنَّ **"ထို့ပြင်တစ်ဝ အသင်တို့သည်(မိမိတို့၏)ဇနီးမိန်းမတို့အား ၎င်းတို့၏ 'မဟရ်' ကို ကြည်ဖြူစွာပေးကြကုန်လော့။"** ဟုမိန့်ကြားထားသည်။ ဤအမိန့်သည် ခင်ပွန်းများကို ဦးတည်မိန့်ကြား ထားသည်။ သို့မှသာ ၎င်းတို့သည် ဇနီးသည်တို့၏ မဟရ်ခန်းဝင်ကြေးကို အခြားသူများအား မပေးအပ်စေဘဲ ကိုယ်တိုင်ဇနီးမိန်းမအား ပေးအပ်စေပါသည်။ ၎င်းပြင် ဤအမိန့်သည် မိန်းကလေးများ၏ အုပ်ထိန်းသူများကိုလည်း ညွှန်ကြားချက်ဖြင့် ဦးတည်မိန့်ကြားထားသည်။ ယင်းညွှန်ကြားချက်မှာ အကယ်၍ အမျိုးသမီးများ၏ မဟရ် ခန်းဝင်ကြေးကို လက်ခံမိပါက အမျိုးသမီးများကို တန်းတန်းမတ်မတ်ပေးအပ်ရမည်။ ထို့ပြင် အမျိုးသမီးများ၏ ခွင့်ပြုချက်မပါဘဲ ၎င်းငွေကြေးကို ပုဂ္ဂိုလ်ရေးသုံးစွဲမှု မရှိစေရချေ။

၂။ အခြားတရားမမျှတမှုမှာ မဟရ်ခန်းဝင်ကြေးပေးအပ်သူ၏ သဘောထားနှင့် သက်ဆိုင်ပတ်သက်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် မဟရ်ခန်းဝင်ကြေး ပေးရမည်ဖြစ်ပြီး ယင်းကိုရှောင်ဖယ်ရန် နည်းလမ်းမရှိမှန်း သိသောအခါ ခါးသီးရွံမုန်း၍ မပျော်မရွှင်ဖြစ်ကာ ဒဏ်ကြေးပေးဆောင်သကဲ့သို့ စိတ်လက်မပါဘဲပေးခြင်းမျိုး ဖြစ်သည်။ ဤတရားမမျှတမှုအား (]=Þl-h^N_) "နိဟ်လာဟ်" ဟူသောစကားလုံးသုံးစွဲ၍ ပယ်ရှားပစ်ခဲ့သည်။ (]=Þl-h^N_) "နိဟ်လာဟ်" ဟူသည်မှာ အရဗီဘာသာ အသုံးအနှုန်းအရ တစ်စုံတစ်ဦးကို ကြည်ဖြူစွာ ပေးကမ်းခြင်းဟု ဆိုလိုသည်။

ထို့ကြောင့် ဤအာယသ်တော်က အမျိုးသမီးများ၏ မဟရ်ခန်းဝင်ကြေးသည် ၎င်းတို့၏ရပိုင်ခွင့်ဖြစ်ကာ ယင်းကို မပြုမနေရကိစ္စတစ်ရပ်အဖြစ် မှတ်ယူ၍ မုချဖြည့်ဆည်းရမည်ဖြစ်ကြောင်း သင်ကြားပေးထားသည်။ ထုံးတမ်းစဉ်လာအရ အားလုံးသောမပြုမနေရ ရပိုင်ခွင့်များသည် ကြည်ဖြူစွာ ထမ်းဆောင်ရမည်ဖြစ်သော ကြောင့် မဟရ် ခန်းဝင်ကြေးကိစ္စတွင်လည်း ထိုကဲ့သို့ပင် ဖြစ်သင့်ပေသည်။ ယင်းအားကောင်းမွန်ကြည်ဖြူစွာ ပေးကမ်းခြင်းဖြစ်သည်။

၃။ မဟရ်ခန်းဝင်ကြေးပေးခြင်းနှင့် ပတ်သက်၍ နောက်ထပ်အခြားမတရားမှုလည်း ရှိပါသေးသည်။ ယင်းမှာ များစွာသောခင်ပွန်းသည်တို့သည် ဇနီးသည်၏ အားနည်းချက်အပေါ် အခွင့်အရေးယူ၍ ဖိအားသုံးကာ ပေးရမည့် မဟရ်ခန်းဝင်ကြေးကို စွန့်လွှတ်၍ လျော်ပစ်ရန်ပြုလုပ်ကြသည်။ ၎င်းတို့၏ ဤလုပ်ဆောင်ချက်တွင် ဇနီးသည်၏ အစဉ်ရပိုင်ခွင့် အား စစ်မှန်သော ခွင့်လွှတ်ခြင်းမပါချေ။ သို့သော်လည်း ၎င်းတို့သည် မဟရ်ခန်းဝင်ကြေးနှင့် ပတ်သက်၍ ရှင်းသွားပြီဟု မှတ်ယူကာ "ခွင့်လွှတ်ခြင်း" အဖြစ် ၎င်းတို့ကိုယ်၎င်းတို့ ထင်မှတ်ထားခဲ့သည်။

ဤမတရားမှုကို ဖယ်ရှားရန်အာယသ်တော်တွင် **فَإِنْ طِبْنَ لَكُمْ عَنْ شَيْءٍ مِّنْهُ نَفْسًا فَكُلُوْهُ هَنِيْئًا مَّرِيْئًا "အကယ်၍ထို ဇနီးမိန်းမတို့က ယင်းမဟရ်အနက်မှအချို့အဝက်ကို(သော်လည်းကောင်း၊ အားလုံးကို သော်လည်းကောင်း) အသင်တို့အဖို့ သဒ္ဓါကြည်ဖြူစွာနှင့်စွန့်လွှတ်ကြပါလျှင် အသင်တို့သည် (စွန့်လွှတ် သော) ထိုမဟရ်ကို အရသာရှိရှိ မြိန်ရှက်စွာ စားသုံးနိုင်ကြသည်"** ဟု မိန့်ကြားထားသည်။

ဆိုလိုရင်းအချက်မှာ ခွင့်လွှတ်မှုကို ဖိအားဖြင့်ဖြစ်စေ၊ အတင်းအကြပ်ဖြစ်စေ စိတ်မပါသော ဇနီးသည် ထံမှ အတင်းအကြပ် တောင်းခံခြင်းသည် မိုက်မဲသောလုပ်ရပ်ဖြစ်သည်။ ဤနည်းသည် ခွင့်လွှတ်မှုမရှိချေ။ သို့သော်လည်း စစ်မှန်သည့်အဓိပ္ပာယ်ရှိသော လွှတ်လပ်သည့်စိတ်ဆန္ဒနှင့် လွှတ်လပ်စွာရွေးချယ်၍ မဟရ်ကြေးငွေကို လက်ခံ၍ ပြန်လည်ပေးရန်သော်လည်းကောင်း၊ မဟရ်ကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ခွင့်လွှတ်ရန် (သို့) ပလပ်ရန်ကိုလည်းကောင်း လုပ်ဆောင်ခြင်းဖြစ်လျှင် ခင်ပွန်းသည်များအတွက် လုပ်ပိုင်ခွင့်ရှိပါသည်။ မှန်လည်း မှန်ကန်ပါသည်။

ဤအာယသ်ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်က ဖယ်ရှားရန် ရည်စူးသည့် ဤတရားမမျှတမှုတို့သည် ဂျဟိလိယဟ် အမှောင်ခေတ်အတွင်း အထွတ်အထိပ်တိုင် ခေတ်စားခဲ့သည်မှာ သေချာပေသည်။ သို့သော်လည်း အစွလာမ်မပေါ်ထွန်းမီ ခေတ်ကာလက ဤဓလေ့တို့သည် မုစ်လင်မ်များအကြား ဆက်လက်ရှင်သန်နေသည်မှာ အလွန်ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ လူမျိုးစုများ ဒေသများတွင် ယင်းကဲ့သို့သော မတရားမှုများ တစ်ခုမဟုတ်

တစ်ခုတွေ့ရန် မခက်ခဲပေ။ အားလုံးသောမုစ်လင်မ်တို့သည် ထိုကဲ့သို့သော တရားမမျှတမှုလုပ်သူ များထဲတွင် မပါဝင်စေရန် ရှောင်ရှားရမည်။

ဤအာယသ်တော်ထဲတွင် ဖော်ပြထားသော "သဒ္ဓါစိတ်ကြည်ဖြူခဲ့ပါလျှင်" ဟူသော ကန့်သတ်ချက်ထဲတွင် လျှို့ဝှက်ချက်တစ်ခု ပါဝင်သည်။ ကိစ္စရပ်၏ အမှန်တရားကား အစ္စလာမ်ရှရီအသ်၏ စံသတ်မှတ်ဥပဒေအရဆိုလျှင် တစ်စုံတစ်ဦးပိုင်ဆိုင်သည့်အထဲမှ အသေးငယ်ဆုံးအစိတ်အပိုင်းကိုပင်လျှင် ပိုင်ဆိုင်သူ၏ ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုချက်မရှိဘဲ အခြားတစ်စုံတစ်ဦးအတွက် ယင်းကို စားသုံးခြင်းမှာ တရားနည်းလမ်းကျသည် မဟုတ်ချေ။

တမန်တော်မြတ်ﷺ သခင်က သတ်မှတ်ဥပဒေပြဋ္ဌာန်း၍ မိန့်ကြားခဲ့သည်မှာ -

اَلا لا تَظْلِمُوْا، اَلا لا يَحِلُّ مَالُ امْرَءٍ اِلَّا بِطِيْبِ نَفْسٍ مِّنْهُ (مشكوة شريف ص ٢٥٥)

**"မည်သည့်တရားမမျှတမှုမျှ မလုပ်ကြရန် သတိမူကြကုန်လော့။ မှတ်သားရမည်မှာ ပိုင်ဆိုင်သူ၏ သဒ္ဓါစိတ်ကြည်ဖြူမှုဖြင့် မဟုတ်ခဲ့လျှင် ထိုသူ၏ ပိုင်ဆိုင်ပစ္စည်းသည် (အခြားသူတစ်ဦးအတွက်) တရားမဝင်ချေ။" (မစ်ရှ်ကတ်ကျမ်း၊ စာ-၂၅၅)**

ဤသည်ကား ကြီးမားသောမူဖြစ်၍ ယင်းမှ အသေးစိတ်အချက်အလက် အမြောက်အမြားပေါ်ထွက်ခဲ့ ပါသည်။

ကျွန်ုပ်တို့ခေတ်တွင်ပင် ၎င်းတို့၏ မဟရ်ခန်းဝင်ကြေး ရမှရပါမည်လောဟူ၍ သံသယဖြစ်နေသော အမျိုးသမီးများရှိနေကြပါသည်။ ယင်းမဟရ်ခန်းဝင်ကြေး တောင်းလိုက်လျှင် တစ်စုံတစ်ဦးက မနှစ်မြို့ဖွယ်ဖြစ်သွားမည်လော၊ မဟရ်ခန်းဝင်ကြေး ပေးအပ်ခြင်းကို ခွင့်လွှတ်ရန်ငြင်းပယ်လိုက်လျှင် တစ်စုံတစ်ဦးအား မပျော်မရွှင်ဖြစ်သွားစေမည်လောဟူ၍ အမျိုးသမီးများက တွေးထင်ခဲ့ကြသည်။ ထို့ကြောင့် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အမျိုးသမီးများသည် ခန်းဝင်ကြေးကို မေ့မေ့ပျော်ပျော်နှင့် စွန့်လွှတ်ခဲ့ကြသည်။ ဤကဲ့သို့သော ခွင့်လွှတ်မှုမျိုးသည် ယုံစားထိုက်သော ခွင့်လွှတ်မှုမျိုးမဟုတ်ချေ။ စာရေးသူ မော်လာနာ မုဟမ္မဒ်ရှဖီး၏ ကြည်ညိုလေးစားဖွယ် ဆရာသခင် မော်လာနာ အရှ်ရဖ်အလီထာနဝီသခင်က ပြောလေ့ရှိသည်မှာ ဝမ်းမြောက်ဝမ်းသာစွာ ခွင့်လွှတ်ခြင်း၏ စစ်မှန်သောမှတ်ကျောက်ကား ပိုင်ရှင်ဖြစ်သူ ဇနီးသည်၏လက်ထဲသို့ မဟရ်ခန်းဝင်ကြေးကို ဦးစွာပေးအပ်ရမည်။ ထို့နောက်မှ မည်သည့်ဖိအားပေးခြင်းမှမပါဘဲ သူမ၏သဒ္ဓါကြည်ဖြူစိတ်ဖြင့် ခင်ပွန်းသည်ကို ခန်းဝင်ကြေး ပြန်လည်ပေးအပ်နိုင်သည်။ ဤကဲ့သို့ ဝမ်းမြောက်ဝမ်းသာစွာပေးသည့် သဘောထားမျိုးသည် ညီမ၊ အစ်မများနှင့် ဇနီးသည်များ အမွေဆက်ခံရာတွင် ကျင့်သုံးသင့်သည့်မူတစ်ရပ် ဖြစ်သင့်ပေသည်။ အမိ (သို့) အဖသေဆုံးပြီးနောက် သားချင်းများက ဥစ္စာပစ္စည်းအားလုံးကို သိမ်းယူကာ အမျိုးသမီးများ၏ ဝေစုကို မပေးသည့် ကိစ္စမျိုးမှာ မထူးဆန်းသောကိစ္စဖြစ်ပေသည်။ အကယ်၍ အလွဲသုံးစားပြုသူများသည် ကိုယ်ကျင့်တရားအရသော်လည်းကောင်း၊ ဘာသာရေးဆိုင်ရာ တွေးတောဆင်ခြင်မှုအရသော်လည်းကောင်း ဂရုပြုမိမည်ဆိုလျှင် ၎င်းတို့အလုပ်နိုင်ဆုံးမှာ အမ၊ ညီမများထံတွင် ၎င်းတို့ကိုယ်တိုင် ခွင့်လွှတ်ဖို့ တောင်းခံနိုင်ပေသည်။

ဤကဲ့သို့သော အခြေအနေမျိုးတွင် အမ၊ ညီမများသည် ၎င်းတို့၏ ဝေစုကို မည်သည့်နည်းနှင့်မျှ မရနိုင်ကြောင်းသိရှိ၍ စိတ်ဆန္ဒကိုဆန့်ကျင်ကာ ရေလိုက်ငါးလိုက်နှင့် ခွင့်လွှတ်ကြပေမည်။ အဖေသေဆုံးပြီးနောက် အသက်ရှင်ကျန်ရစ်သော ဇနီးသည်အား သူမ၏ဝေစုမပေးခြင်းပင် ဖြစ်သည်။ အထူးသဖြင့် မိထွေးတစ်ဦးသည် ၎င်း၏ဝေစုကို မရပါ။ ဤသည်တို့အားလုံးသည် အခြားသူ၏ရပိုင်ခွင့်ကို ပြောင်ပြောင်တင်းတင်း အလွဲသုံးစားပြုခြင်းပင်ဖြစ်သည်။ တစ်ခုတည်းသော ခွင်းချက်မှာကား တစ်စုံတစ်ဦးသည် ဝမ်းမြောက်ဝမ်းသာခွင့်လွှတ်ပါကယင်းသည်ဖြစ်နိုင်ချေရှိ၍ တရားလည်းဝင်သည်။

ဟဇရသ်ထာနဝီက အာယသ်တော်၏ စာသားသည် တစ်စုံတစ်ဦး၏ ပိုင်ဆိုင်ပစ္စည်းသည် အခြားသူတစ်ဦးအတွက် တရားဝင်စေရန်ဆိုသည်မှာ နှလုံးသား၏ ပျော်ရွှင်မှုသက်သက်သာမဟုတ်ဘဲ လူသားကိုယ်တိုင် လိုလိုလားလားစိတ်ဆန္ဒရှိခြင်းအကြောင်းကို မိန့်ဆိုနေခြင်းဖြစ်ကြောင်း ထောက်ပြသည်။ လူအများသည် တန်စိုးလက်ဆောင်(သို့) အတိုးနှင့်မြောက်မြားစွာသော အပေါ်ရံအကျိုးအမြတ်ရမည့်ကိစ္စများတွင် ကောင်းမွန်စွာတွက်ချက်တွေးဆ၍ငွေကြေးများပေးကြပါသည်။ သို့ရာတွင် ဤသည်မှာ ဝမ်းမြောက်ဝမ်းသာစွာပေးခြင်း မဟုတ်ပါ။ ထို့ပြင် ယုံစားထိုက်သည်လည်း မဟုတ်ချေ။ အကယ်၍သာ ယင်းကဲ့သို့သောသူများသည် ၎င်းတို့၏ အသိစိတ်ကိုစမ်းစစ်ပြီး သစ္စာတရားကိုရရှိပါက ယင်းသစ္စာတရားသည် ၎င်းတို့ကိုယ်တိုင် ထိုကဲ့သို့ပေးခြင်းအားပြတ်သားစွာငြင်းပယ်ပေလိမ့်မည်။ ထို့ကြောင့် သဒ္ဓါကြည်ဖြူခြင်းဆိုသည်ကို အဆုံးအဖြတ်ပေးသည့်ကဏ္ဍာဟု သတ်မှတ်ထားသည်။

အကယ်၍ ဗလီဝတ်ကျောင်းတော်များ၊ ဘာသာရေးစာသင်ကျောင်းများတွက် (သို့) အခြားလိုအပ်ချက်များအတွက် အလှူငွေများ ရှာကြံခဲ့သော် လှူဒါန်းပေးကမ်းသူသည် လှူဒါန်းခြင်းကို ပျော်ရွှင်လွတ်လပ်စွာလုပ်ဆောင်ရမည်မှာ လိုအပ်ချက်ပင်ဖြစ်သည်။ အကယ်၍ လှူဒါန်းပေးကမ်းသူ၏ လွတ်လပ်စွာရွေးချယ်မှုစိတ်ဆန္ဒကျေနပ်မှုမပါဘဲ လူမျိုးနွယ်စု၊ လူမှုရေးဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ အာဏာတို့လွှမ်းမိုးမှုတို့ကြောင့် လှူဒါန်းပေးကမ်းခြင်းဖြစ်လျှင် ယင်းသို့သော လှူဒါန်းခြင်းကို လက်ခံသုံးစွဲခြင်း တရားမဝင်ချေ။ ယင်းအလှူကို လှူဒါန်းပေးကမ်းသူထံသို့ ပြန်လည်ပေးအပ်ရမည်။

အာယသ်တော်ထဲတွင်ပါသော (..._aQ–d<U–) (ဆွဒကာသ်) ဟူသောစကားလုံးသည် ဆွဒကဟ်၏ အများကိန်းဖြစ်သည်။ ဆွဒကဟ်နှင့် စုဒတ်က်စကားလုံးတို့သည် အမျိုးသမီးများ၏ မဟရ်ခန်းဝင်ကြေးကို ရည်ညွှန်းသည်။ မုလ္လာအလီကာရီက မစ်ရှ်ကတ်ကျမ်း၏ ရှရဟ်မိရ်ကတ်တွင် ရေးသားထားသည်မှာ- **وَسُمِّيَ بِهِ لِأَنَّهُ يطهر به: صدق ميل الرجل الى المر أة** ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ မဟရ်ခန်းဝင်ကြေးကို ဆွဒကဟ် (သို့) စုဒတ်က်ဟု ရည်ညွှန်းသည်မှာ ယင်းစကားလုံး၏ရင်းမြစ်ဖြစ်သော (''dU) "ဆွဒကာ"သည် သစ္စာတရားဟု ဖော်ကျူးထားသည်။ မဟရ်ခန်းဝင်ကြေးသည် သူ၏ဇနီးသည်အား ခင်ပွန်းသည်၏စစ်မှန်သော သဘောထားပြသခြင်းဖြစ်၍ အဓိပ္ပာယ်ထပ်တူထပ်မျှဖြစ်ခြင်းကြောင့် မဟရ်ခန်းဝင်ကြေးကို ဆွဒတ်က်(သို့)ဆွဒကာဟု ခေါ်ဆိုရန် လုံလောက်ပေသည်။

အာယသ်ထော်အဆုံး၌ပါဝင်သော (a@=y^n_E–)ဟနီအန်နှင့် (a@=Y^r_M–) မဒီအန်ဟူသောစကားလုံးသည် နာမ်ကိုအထူးပြုသော ဝိသေသနဖြစ်သည်။ ဟနီးအန် (ဟန်နာ၊ ဟနုအာ၊ ဟနိယာ)မှ ဆင်းသက်လာသော

စကားလုံး၏ဆိုလိုရင်းမှာတစ်စုံတစ်ရာကို ပင်ပန်းကြီးစွာနှင့်ဒုက္ခသုက္ခမခံရဘဲရရှိခြင်းဖြစ်သည်။ ဤစကားလုံးသည် အစားအသောက်အတွက်ရည်ညွှန်းပါက အဓိပ္ပာယ်မှာ ကောင်းမွန်သောစားသောက်ဖွယ်ရာကို စားသောက်ကာ လွယ်ကူကြေညက်၍ လူခန္ဓာကိုယ်အစိတ်အပိုင်း ကျန်းမာလာစေသည်။ မရီးအမ် ဟူသောစကားလုံးသည် မရာအ်မ ဆင်းသက်ကာ ကောင်းကျိုးဖြစ်စေသော အာဟာရဖြစ်စေသော အဓိပ္ပာယ်ဖြစ်၍ တူညီသောအဓိပ္ပာယ်ဖြစ်ကာ ယင်းတို့သည်တစ်ခုနှင့်တစ်ခုအလွန်နီးကပ်ကြပေသည်။ ဤအကြောင်းကြောင့်ပင် အချို့သောဘာသာပြန်သူများသည် စကားလုံးတစ်လုံးတည်းသာသုံး၍ ယင်းသည်ကောင်းကျိုးဖြစ်စေသော အာဟာရဖြစ်စေသော အဓိပ္ပာယ်နှစ်မျိုးစလုံး သက်ရောက်ပေသည်။

❁❁❁❁❁❁❁❁❁❁❁

**အာယသ် (၅-၆)**

وَلَا تُؤْتُوا
السُّفَهَآءَ اَمْوَالَكُمُ الَّتِىْ جَعَلَ اللّٰهُ لَكُمْ قِيٰمًا وَّارْزُقُوْهُمْ
فِيْهَا وَاكْسُوْهُمْ وَقُوْلُوْا لَهُمْ قَوْلًا مَّعْرُوْفًا ۝٥
وَابْتَلُوا الْيَتٰمٰى حَتّٰٓى اِذَا بَلَغُوا النِّكَاحَ ۚ فَاِنْ اٰنَسْتُمْ
مِّنْهُمْ رُشْدًا فَادْفَعُوْٓا اِلَيْهِمْ اَمْوَالَهُمْ ۚ وَلَا تَاْكُلُوْهَآ
اِسْرَافًا وَّبِدَارًا اَنْ يَّكْبَرُوْا ۭ وَمَنْ كَانَ غَنِيًّا
فَلْيَسْتَعْفِفْ ۚ وَمَنْ كَانَ فَقِيْرًا فَلْيَاْكُلْ بِالْمَعْرُوْفِ ۭ
فَاِذَا دَفَعْتُمْ اِلَيْهِمْ اَمْوَالَهُمْ فَاَشْهِدُوْا عَلَيْهِمْ ۭ
وَكَفٰى بِاللّٰهِ حَسِيْبًا ۝٦

ၚင်းပြင် အသင်တို့သည် မိမိတို့(ထံ၌ ထိန်းသိမ်းထားသော ဖမဲ့ကလေးများ၏) ဥစ္စာပစ္စည်းများကို အသိအလိမ္မာဉာဏ်ပညာနည်းပါးသော သူတို့အား မပေးကြကုန်လင့်။ အလ္လာဟ်အရှင်မြတ်သည် ထိုဥစ္စာပစ္စည်းများကို အသင်တို့အဖို့ အသက်မွေးဝမ်းကျောင်းမှုအတွက် အရင်းအနှီးအဖြစ် ပြုထားတော်မူသည်။ သို့ရာတွင် အသင်တို့သည် ထိုဥစ္စာပစ္စည်းများအနက်မှ ထိုသူတို့အား ကျွေးမွေးကြလေကုန်။ ၚင်းပြင် ထိုသူတို့အား ဝတ်စားတန်ဆာ ဆင်ယင်ပေးကြလေကုန်။ ၚင်းပြင် ထိုသူတို့အား ကောင်းမွန်သောစကားကို ပြောဆိုသွန်သင်ဆုံးမကြလေကုန်။ (၄း၅)

ၚင်းပြင် အသင်တို့သည် ဖမဲ့ကလေးများ (၏ အသိအလိမ္မာဉာဏ်ပညာ)ကို ထိမ်းမြားရန် အချိန်အရွယ်သို့ ရောက်ရှိလာကြသည့်တိုင်အောင် စမ်းသပ်ကြလေကုန်။ ထို့နောက် အကယ်၍ အသင်တို့သည် ထိုဖမဲ့ကလေးတို့၌ ဆင်ခြင်နိုင်သောအသိတရား(ရှိသည်)ကိုတွေ့ရှိသော် ထိုဖမဲ့ကလေးတို့အား ထိုကလေးများ၏ ဥစ္စာပစ္စည်းများကို ပေးအပ်ကြလေကုန်။ ၚင်းပြင် အသင်တို့သည် ထိုဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို ထိုကလေးများ ကြီးပြင်းလာမည်ကို

**စိုးရိမ်၍ အလဟဿသုံးဖြုန်းခြင်းအားဖြင့် လည်းကောင်း၊ လျင်မြန်စွာ သုံးစွဲခြင်းဖြင့်လည်းကောင်း စားသုံးခြင်းမပြုကြကုန်လင့်။ ၎င်း ပြင်(ဖမဲ့ကလေးတို့အား အုပ်ထိန်းသော) အကြင်သူသည် ချမ်းသာကြွယ်ဝသူဖြစ်လျှင် ထိုသူသည် (ထိုဖမဲ့လေးတို့၏ ဥစ္စာပစ္စည်းများကို စားသုံးခြင်းမှ) ကြဉ် ရှောင်ရပေမည်။ သို့ရာတွင် (ဖမဲ့ကလေးတို့အား အုပ်ထိန်းသော) အကြင်သူသည် ဆင်းရဲနွမ်းပါးသူဖြစ်ပါလျှင် ထိုသူသည် (ထိုဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်း အနက်မှ) မလွဲမရှောင်နိုင်သောကိစ္စများအတွက် အသင့်အတင့် စားသုံးနိုင်ပေသည်။ တစ်ဖန် အသင်တို့သည် ထိုဖမဲ့ကလေးတို့အား ထိုကလေးများ၏ ဥစ္စာပစ္စည်းများကို ပြန်လည်ပေးအပ်ကြသောအခါ ထိုသူတို့(အားပြန်လည်ပေးအပ် ခြင်း) အပေါ်၌ အသိသက်သေများထားကြလေကုန်။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည်ပင် တွက်ချက်စစ်ဆေးတော်မူသည့်အရှင်အဖြစ် လုံလောက်တော်မူပေသတည်း။ (၄:၆)**

## အာယသ်တော်၏ ဆက်စပ်မှု

အမျိုးသမီးများအား ၎င်းတို့၏ မဟရ်ခန်းဝင်ကြေးကိုပေးရန်နှင့် ဖမဲ့ကလေးများအား သူတို့၏ ဥစ္စာပစ္စည်းများကို ပေးအပ်ရန်ဟူသော အမိန့်ပညတ်ချက်သည် ပြီးခဲ့သော အာယသ်တော်များထဲတွင် ဖော်ပြပြီးဖြစ်သည်။ ဤသည်က အမျိုးသမီးများနှင့် ဖမဲ့ကလေးများတို့သည် ၎င်းတို့၏ဥစ္စာပစ္စည်းများကို ထိန်းသိမ်းနိုင်စွမ်းရှိခြင်းနှင့် လျော်ကန်သင့်မြတ်သော ရောင်းဝယ်ဖောက်ကားမှု လုပ်ဆောင်နိုင်ခြင်းတို့ မရှိပါဘဲနှင့် ယင်းတို့ပိုင် ဥစ္စာပစ္စည်းများကို ၎င်းတို့အား မည်သည့်အခြေအနေတွင်မဆို ပေးအပ်ရမည်ဟု တစ်စုံတစ်ဦးက ထင်မှတ်သွားစေနိုင်သည်။ ဤနားလည်မှုမှားယွင်းခြင်းကိုဖယ်ရှားရန် ဤအာယသ်တော်များထဲတွင် ဥစ္စာပစ္စည်းများကို အသိအလိမ္မာဉာဏ်ပညာနည်းပါးသူတို့အား လွှဲပြောင်းမပေးသင့်ဟူ၍ မိန့်ကြားထားသည်။ သူတို့၏ ဥစ္စာပစ္စည်းများကို ထိန်းသိမ်းနိုင်စွမ်းရှိကာ အသိပညာဉာဏ်အမြော်အမြင်နှင့် သုံးစွဲနိုင်စွမ်းရှိသော အသက်နှင့်အချိန်အခါရောက်ပြီဟု ဆုံးဖြတ်နိုင်ရန် ၎င်းတို့ကို စောင့်ကြည့်စစ်ဆေးသင့်ပေသည်။ ထိုသို့ဆုံးဖြတ်ပြီးမှသာလျှင် ၎င်းတို့ပိုင်ပစ္စည်းများအား ၎င်းတို့ထံ လွှဲပြောင်းပေးအပ်သင့်ပေသည်။

## အကျယ်ဖွင့်ဆိုခြင်း
## အသင်ပိုင်ဆိုင်သည်ကို ကာကွယ်ထိန်းသိမ်းပါ

လူသား၏ စီးပွားရေးဆိုင်ရာ ကြိုးပမ်းမှုတွင် ဥစ္စာပစ္စည်းအခန်းကဏ္ဍအကြောင်း ဤအာယသ်တော်က အတည်ပြုထားသည်။ ယင်းကြိုးပမ်းမှုကြောင့် ဥစ္စာပစ္စည်းကို ထိန်းသိမ်းရန်ဆန္ဒဖြစ်စေပါသည်။ ထို့ပြင် တစ်ချိန်တည်း၌ ဥစ္စာပစ္စည်းထိန်းသိမ်းစောင့်ရှောက်ရာတွင်ရှိသော ယေဘုယျအားနည်းချက်ကို ပြင်ဆင်ထားပါသည်။

သဘာဝအလျောက် ချစ်ခင်မြတ်နိုးခြင်း အတွေ့အကြုံနည်းကာ အရွယ်မရောက်သေးသော ကလေးသူငယ်နှင့် အသိဉာဏ်နည်းပါးသော အမျိုးသမီးများအား ဥစ္စာပစ္စည်းလွှဲပြောင်းပေးသောသူများလည်း ရှိကြပါသည်။ ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းကြောင့် အများအားဖြင့် ဥစ္စာပစ္စည်းများ အလဟဿဖြစ်ကာ ၎င်းတို့သည် နောက်ဆုံး၌ အလျင်အမြန် ဆင်းရဲနွမ်းပါးသွားကြသည်။

## ဥစ္စာပစ္စည်းများကို အသိအလိမ္မာဉာဏ်ပညာနည်းပါးသူများအား လွှဲပြောင်းမပေးနှင့်

အလွန်လေးစားထိုက်သော ကုရ်အာန်ကျမ်းတော်မြတ် အဖွင့်ဋီကာရှင်ဖြစ်သည့် စိုက်ယိဒိနာအဗ်ဒုလ္လာဟ် အိဗ်နိအဗ္ဗာစ်﴿ﷺ﴾ သခင်ကမိန့်သည်မှာ "ဤအာယသ်တော်ထဲ၌ ကုရ်အာန်ကျမ်းတော်မြတ်က လမ်းညွှန်မှုပေးသည်မှာ အသိအလိမ္မာဉာဏ်ပညာနည်းပါးသော ကလေးသူငယ်များနှင့် အမျိုးသမီးများအား အသင်၏ ဥစ္စာပစ္စည်းများအားလုံး လွှဲပြောင်းပေးလိုက်ခြင်းဖြင့် ၎င်းတို့အပေါ် မှီခိုသူမဖြစ်ပါစေနှင့်။" အလ္လာဟ်အရှင်မြတ်သည် အသင့်အား အုပ်ထိန်းသူနှင့် စီမံခန့်ခွဲသူအဖြစ် ပြုလုပ်ထားသောကြောင့် ဥစ္စာပစ္စည်းများကို လုံခြုံစိတ်ချစွာ သိမ်းဆည်းထားပြီး ၎င်းတို့အားကျွေးမွေးရန်နှင့် အဝတ်တန်ဆာဆင်ယင်ခြင်းတို့ဖြင့် လိုအပ်သလို သုံးစွဲနေရမည်။ အကယ်၍ ၎င်းတို့က ဥစ္စာပစ္စည်းပိုင်ဆိုင်မှုကို တောင်းဆိုလာလျှင် ဥစ္စာပစ္စည်းကို ဖြုန်းတီးပျက်စီးမှုမဖြစ်စေရန်နှင့် ၎င်းတို့အားလည်း စိတ်ထိခိုက်မှု မဖြစ်စေရန် ရိုးသားမျှတစွာနှင့် ဆင်ခြင်တုန်တရားရှိစွာ ရှင်းလင်းပြပါ။ ပမာဆိုသော် "ဤအရာများအားလုံးသည် အသင့်အတွက်ဖြစ်သည်။ နည်းနည်းကြီးပြင်းအောင် စောင့် ဆိုင်းလိုက်ပါ အားလုံးရရပါစေမည်" ဟု ပြောကြားလိုက်ပါ။

စိုက်ယိဒိနာ အိဗ်နိအဗ္ဗာစ်﴿ﷺ﴾သခင်၏ ဤသဖိစီရ်အကျယ်ဖွင့်ဆိုခြင်းအပေါ် အခြေပြု၍ အာယသ်တော်၏ ဆိုလိုချက်တွင် အတွေ့အကြုံမရှိဘဲ အသိအလိမ္မာ ဉာဏ်ပညာနည်းပါးသည့်အားလုံးသော ကလေးများနှင့် အမျိုးသမီးများ အကျုံးဝင်ပေသည်။ ထိုသူတို့အား ပစ္စည်းဥစ္စာလွှဲပြောင်းပေးအပ်ခြင်းသည် ပျက်စီးဆုံးရှုံးနိုင်သော အန္တရာယ်ရှိပေသည်။ ထို့ကြောင့် ဥစ္စာပစ္စည်းထိန်းသိမ်းသူသည် ထိုအချိန်အခါမျိုးတွင် မိမိကလေးအား လည်းကောင်း၊ ဖမဲ့ကလေးများအားလည်းကောင်း လွှဲပြောင်းပေးအပ်ခြင်း မပြုနှင့်ဟု ဆိုလိုသည်။ ယင်းပစ္စည်းများသည် ကလေးငယ်များနှင့် ဖမဲ့ကလေးပိုင် ပစ္စည်းဥစ္စာဖြစ်ပါစေ အုပ်ထိန်းသူသည် လွှဲပြောင်းပေးအပ်ခြင်း မပြုနှင့်ဟု ဆိုလိုသည်။ ဤတူညီသော အကျယ်ဖွင့်သဖိစီရ်ကိုပင် စိုက်ယိဒိနာ အဗူမူစာအလ်အရှ်အရီ﴿ﷺ﴾သခင်က တင်ပြခဲ့သည်။ ထို့ပြင် ကျော်ကြားသော မုဖတ်စိရ်အကျယ်ပြန်သူ အလ်သဗာရီကလည်း ဤအမြင်ကို လိုက်နာကျင့်သုံးသည်။

အစောပိုင်းနှင့် နောက်ပိုင်းအာယသ်တော်ပါ မူရင်းစာသားတို့ကြောင့် ဤအမိန့်ပညတ်ချက်သည်လည်း ဖမဲ့ကလေးများအတွက်သာ အထူးသီးသန့်ဖြစ်သည်ဟု မှတ်ယူနိုင်သော်လည်း စကားလုံးများ၏ ယေဘုယျဖြစ်မှုကြောင့် ဖမဲ့ကလေးများ၊ မိစုံဘစုံရှိသော ကလေးများနှင့် အားလုံးသောကလေးများ အကျုံးဝင်ရန် အကြောင်းရှိလေသည်။ ထို့ပြင် "အမ်မဝါလုကုမ်" (အသင်တို့၏ အကြင်ဥစ္စာပစ္စည်း) ဟူသည့် ဦးတည်မိန့်ကြားချက်မျိုးတွင် အထူးဟစ်က်မသ်အသိဉာဏ်ရှိနိုင်ပေသည်။ ဥစ္စာပစ္စည်းများဟု ဆိုရာတွင် ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို ဆိုလိုသကဲ့သို့ အုပ်ထိန်းသူ၏ ဥစ္စာပစ္စည်းများလည်း အကျုံးဝင်သည်။ ဖမဲ့ကလေးများပိုင်ဆိုင်သော

ပစ္စည်းဥစ္စာတို့သည် ၎င်းကလေးတို့ရင့်ကျက်၍ကောင်းစွာသိနားလည်သည့်အချိန်တိုင်အုပ်ထိန်းသူ၏လုံခြုံစိတ်ချစွာသိမ်းဆည်းထားမှု အောက်တွင်ရှိပြီး အုပ်ထိန်းသူသည် မိမိဥစ္စာပစ္စည်းကဲ့သို့ပင် ကာကွယ်စောင့်ရှောက်ရမည်ဟု အကြံပြုထား သည်။ ကိစ္စရပ်၏ အစစ်အမှန်ကို ပြန်လည်သတိရမည်ဆိုလျှင် ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို ၎င်းတို့အား ပေးအပ်ရမည်ဆိုသည်ကို အာယသ်တော်(၂)တွင်- **وَاٰتُوا الْيَتٰمٰٓى اَمْوَالَهُمْ "ထို့ပြင်တစ်ဝ အသင်တို့သည်ဖမဲ့ကလေးတို့အား ထိုသူတို့၏ဥစ္စာပစ္စည်းများကို (သစ္စာရှိစွာဖြင့်)ပြန်၍ပေးကြကုန်လော့"**ဟု ရှင်းလင်းစွာမိန့်ကြားထားသည်။ ဤသည်နောက်၌ မည်သည့်သံသယမှဖြစ်ဖွယ်အကြောင်းမရှိချေ။

ဥစ္စာပစ္စည်း ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် လိုအပ်သည်။ ယင်းကို ဖြုန်းတီးခြင်းသည် အပြစ်ဂုနာဟ် ဖြစ်သည်။ လူတစ်ဦးသည် ၎င်း၏ ဥစ္စာပစ္စည်းကို ကာကွယ်ရင်းသေဆုံးသွားခဲ့ပါက ၎င်းသည် ရှဟီးဒ် (သာသနာ့အာဇာနည်)ဖြစ်သည်။ ဤသည်မှာ ရှဟာဒတ် (သာသနာ့အာဇာနည်) ဖြစ်ခြင်းဆိုသည့် ကြီးမားသည့် ဆုလာဘ်နှင့် ထိုက်တန်စေသည့် မိမိအသက်ကို ခုခံကာကွယ်ရင်း သေဆုံးသွားသည်နှင့် အတူတူပင်ဖြစ်သည်။ တမန်တော်မြတ်ﷺသခင် မိန့်ကြားတော်မူခဲ့သည်မှာ- **مَنْ قُتِلَ دُوْنَ مَالِهٖ فَهُوَ شَهِيْدٌ "မည်သူမဆို ၎င်း၏ဥစ္စာပစ္စည်းကို ခုခံကာကွယ်ရင်း အသတ်ခံခဲ့ရလျှင်ရှဟီဒ်တစ်ဦးဖြစ်ပေသည်။"** (ဆိုလိုသည်မှာ မုစ်လင်မ်များထဲမှာ သာသနာ့အာဇာနည်များအားပေးမည့် အလွှာဟ်အရှင်မြတ်၏ ဆုလာဘ်တော် ကို ၎င်းလည်း ရရှိပေမည်။) **(ဗိုခါရီ၊ အတွဲ(၁)၊ စာ(၃၃၇)၊ မုစ်လင်မ်၊ အတွဲ(၁)၊ စာ(၈၁)**

တမန်တော်မြတ်က မိန့်ကြားထားသည်မှာ- **نعما بالمال الصالح للرجل الصالح** "လူကောင်းတစ်ယောက်အတွက် ၎င်း၏ကောင်းမွန်၍ သန့်စင်သော ဥစ္စာပစ္စည်းများသည် သူ့ဘဝအတွက် အကောင်းဆုံးအကျိုးဖြစ်ထွန်းရာဖြစ်သည်။" **(မစ်ရှ်ကတ်၊ စာ-၃၂၆)**

တမန်တော်မြတ်၏ အခြားမိန့်ကြားချက်မှာ - **لَابَأْسَ بِالْغِنٰى لِمَنِ اتَّقَى اللّٰهَ عَزَّوَجَلَّ** "ကြီးကျယ်မြတ်ထွတ်တော်မူသော အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေသူအတွက် ကြွယ်ဝချမ်းသာ ခြင်းသည် အန္တရာယ်မရှိချေ။ **(မစ်ရှ်ကတ်၊ စာ-၄၉၁)**

အထက်တွင် ဖော်ပြခဲ့သော ဟဒီးဆ်တော်နှစ်ခုမှ ကျွန်ုပ်တို့အားပြောသည်မှာ ဖြောင့်မတ်မှန်ကန်၍ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သူတစ်ဦးသည် စည်းစိမ်ဥစ္စာများပိုင်ဆိုင်ပါက ၎င်းအတွက်ဒုက္ခမဖြစ်စေပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့သောသူသည် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းထူးမြတ်မှုကြောင့် အပြစ်ဂုနာဟ်ဖြစ်သည့်သုံးစွဲခြင်းမှ ရှောင်ကြဉ်ပါလိမ့်မည်။ များစွာသောမုစ်လင်မ်သူတော်စင်များနှင့် ထူးဆန်းသော အသိဉာဏ်ရ ပုဂ္ဂိုလ်များက ဥစ္စာဓနကြွယ်ဝချမ်းသာမှုကို ဆန့်ကျင်ရန်သင်ကြားမှုများ ပြုခဲ့ကြသည်။ ယင်းသို့ဆန့်ကျင်ရန်သင်ကြားမှုသည် လောဘရမက်ကြီးစွာ ရှာဖွေစုဆောင်းထားသော စီးပွားဥစ္စာတို့ကို အပြစ်ဂုနာဟ်ဖြစ်စေသော နေရာတွင်သုံးစွဲကာ နောင်တမလွန်ဘဝတွင် အပြစ်ကျခံရစေသော အကြောင်းရင်းဖြစ်စေသောသူများကိုသာ ရည်ညွှန်းပါသည်။ ထို့ပြင်လူသားသည် ကြွယ်ဝချမ်းသာလာသည်နှင့်တစ်ပြိုင်နက်သုံးစွဲမှုတွင် မျှမျှတတရှိစေခြင်းဟူသော ပူပန်မှုနှင့် အခြားပြစ်မှုဂုနာဟ်ဖြစ်သည့် အရာများမှ ရှောင်ကြဉ်စေခြင်းဟူသည်တို့ကို စွန့်လွှတ်ရန် သဘာဝကိုယ်၌က တိမ်းညွတ်တတ်ပေသည်။ ထို့ကြောင့် လူအများသည် တရားတော်နှင့်အညီ ရှာဖွေစုဆောင်း၍ရရှိသည်ကို ထိန်းသိမ်းထားရန်မှာ အလွန်အရေးကြီးပေသည်။ ထိုကဲ့သို့သောသူများအတွက်

ကိုယ်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြားခဲ့သည်မှာ - **كَادَالْفَقْرُ اَنْ يَّكُوْنَ كُفْرًا** "ဆင်းရဲမွဲတေခြင်းသည် တစ်စုံတစ်ဦးကို မယုံကြည်သွေဖည်ခြင်းပယ်သူတစ်ဦးဖြစ်လုနီးပါးရောက်စေတတ်သည်။" **(မစ်ရှ်ကတ်၊ စာ-၄၃၉)**

စိုက်ယိဒိနာ စုဖ်ယာမ်အလ်စောင်ရီ﴿ﷺ﴾သခင်က ဤသည်ကို အကျယ်ချဲ့၍ မိန့်ထားသည်မှာ- **كان المال فيمامضى يكره، فامااليوم فهو ترس المؤمن** "ရှေးယခင်က ဥစ္စာပစ္စည်းပိုင်ဆိုင်ခြင်းနှင့်ထိမ်းမြားလက်ထပ်ခြင်းကို ကောင်းသည်ဟုမမှတ်ယူခဲ့ကြပါ။ သို့သော် ယနေ့ခေတ်တွင်မူ ဤဥစ္စာဓနသည် စစ်မှန်သော မုစ်လင်မ်၏ ဒိုင်းတစ်ခုဖြစ်သွားသည်။"

ၦင်းက ထပ်မံမိန့်ကြားသည်မှာ -

**مَنْ كَانَ فِيْ يَدِهٖ مِنْ هٰذِهٖ شَيْئًا فَلْيُصْلِحْهُ، فَاِنَّهٗ زَمَانٌ اِنِ احْتَاجَ كَانَ اَوَّلَ من يبذل دِيْنَهٗ**

"မည်သူမဆို ဤ(ဥစ္စာပစ္စည်း) ၦင်းလက်ဝယ်ရှိပါက သူ့အားကောင်းစွာ အလုပ်အကျွေးပြုသင့်သည်။ အဘယ်ကြောင့်ဆိုသော် လိုအပ်ချက်အချို့ရှိလာသောအခါန်တွင် လိုအပ်ချက်ဖြည့်ဆည်းရန် ၦင်း၏အီမာန်ယုံကြည်မှုကို ဦးစွာပထမသုံးစွဲသည့် အခါန်အခါမျိုးလည်း ရှိပေသည်။ (ယင်းမှာ တစ်စုံတစ်ဦး၏ အီမာန်ယုံကြည်မှုကို လိုက်နာရန် တာဝန်ထက် တစ်စုံတစ်ဦး၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းရန်ဆိုသည့် ဆန္ဒက ပို၍အရေးကြီးသွားသည်။) **(မစ်ရှ်ကတ်၊ စာ-၄၉၁)**

## အရွယ်မရောက်သေးသူ၏ နားလည်မှုနှင့် အရည်အသွေးကို စမ်းသပ်ရန်တို့၏ ပညတ်ချက်

အာယသ်တော် (၅) အရ အရွယ်မရောက်သူများအား ကောင်းစွာသိမြင်၍ ဆုံးဖြတ်နိုင်သည့်အရည်အသွေးကို သက်သေပြပြီးသည့်အခါန်မတိုင်မီ ဥစ္စာပစ္စည်းများကို ယုံမှတ်အပ်နှံခြင်း မပြုသင့်သည်ကို ကျွန်ုပ်တို့သိရှိရသည်နှင့်တစ်ပြိုင်နက် အာယသ်တော်(၆)တွင် ယင်းကဲ့သို့သော ကလေးသူငယ်များအား ၦင်းတို့၏အရည်အချင်းကို ဆုံးဖြတ်နိုင်ရန် စမ်းသပ်ခြင်းနှင့် ပညာသင်ခြင်းနှင့်ဆိုင်သော အမိန့်ပညတ်ချက်များ ပါဝင်သည်။

အာယသ်တော် (၆)တွင်- **وَابْتَلُوا الْيَتٰمٰى حَتّٰٓى اِذَا بَلَغُوا النِّكَاحَ** **"ၦင်းပြင် အသင်တို့သည် ဖမဲ့ကလေးများ (၏ အသိအလိမ္မာဉာဏ်ပညာ)ကို ထိမ်းမြားရန်အချိန်အရွယ်သို့ ရောက်သည့်တိုင်အောင် စမ်းသပ်ကြလေကုန်"**ဟူသည်က ဆိုလိုသည်မှာ ၦင်းတို့အရွယ်ရောက်၍ လက်ထပ်ထိမ်းမြားနိုင်သည့် အချိန်မရောက်သေးသော ဖမဲ့ကလေးငယ်များအား နောင်တွင်ၦင်းတို့ကိုယ်တိုင် ရောင်းဝယ်ဖောက်ကားမှုလုပ်နိုင်စွမ်းရှိမရှိဆုံးဖြတ်နိုင်ရန်အတွက် အရောင်းအဝယ်အသေးအမွှားများပြုလုပ်ခိုင်း၍ စမ်းသပ်တာဝန်ပေးသင့်ပေသည်။ ဤလက်တွေ့စမ်းသပ်ခြင်းလုပ်ငန်းစဉ်ကို ၦင်းတို့လက်ထပ်နိုင်စွမ်းရှိသည့်တိုင် ပြုလုပ်သင့်သည်။ ၦင်းတို့ရင့်ကျက်၍ အရွယ်ရောက်သည့်အချိန်တိုင်ဟုဆိုလိုသည်။ ဤသည်ကား အထူးအကဲ ဖြတ်ချိန်ဖြစ်ပေသည်။ ၦင်းတို့ကိစ္စရပ်များတွင် ၦင်းတို့ကိုယ်တိုင် ဖြတ်လတ်သွက်လက်၍ မိမိကိုယ်ကိုမိမိယုံကြည် မှုရှိလာပြီလောဟူသည်ကို ဆုံးဖြတ်သင့်ပေသည်။ ဤသည်ကို စိတ်ချရပြီဟု ခံစားသိရှိလာလျှင် ဤအချိန်သည် ၦင်းတို့ဥစ္စာပစ္စည်းကို ၦင်းတို့ထံ

လွှဲပြောင်းပေးရမည့်အချိန် ဖြစ်သည်။

အချုပ်မှာ ကလေးသူငယ်များ၏ သဘာဝ၊ ၎င်းတို့၏ ဆင်ခြင်တုံတရား အသိဉာဏ်ဖွံ့ဖြိုးမှုနှင့် ပတ်သက်သော အချက်အလက်များအရ (၃)မျိုး(၃)စားခွဲခြားထားသည်။

၁။ အရွယ်မရောက်မီ

၂။ အရွယ်ရောက်ပြီး

၃။ မိမိကိုယ်မိမိ ယုံကြည်ခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ လုပ်ဆောင်ရာတွင်ဆင်ဆင်ခြင်ခြင်ရှိခြင်း။

ì-f-U- ဆွဖဟာဟ်နှင့် ဆန့်ကျင်၍ Ad=W^R< ရှုန့် တို့ရှိပြီးနောက်

ပထမအမျိုးအစားတွင် ၎င်းတို့အတွက် လက်ဆင့်ကမ်းအတွေ့အကြုံများပေးခြင်းအားဖြင့် ၎င်းတို့အား သင်ကြားပြီး လေ့ကျင့်စေရန် အုပ်ထိမ်းသူများအား ညွှန်ကြားထားသည်။ ဆိုလိုသည်မှာ ၎င်းတို့ကိုယ်တိုင် သေးငယ်သော ရောင်းဝယ်ခြင်းကိုလုပ်ဆောင်၍ ချက်ချာပါးနပ်လာပါစေ။ ဤအာယသ်တော်ပါ- **وَابْتَلُوا الْيَتٰمٰى** (၎င်းပြင် အသင်တို့သည် ဖမဲ့ကလေးများ(၏ အသိအလိမ္မာဉာဏ်ပညာ)ကိုစမ်းသပ်ကြလေကုန်) ဟူသော အသုံးအနှုန်းက ဤသည်ကိုပင် အတိအကျဆိုလိုသည်။ ဤသည်မှ အီမာမ်အဗူဟနီဖာဟ် ( [ylI.A]mHR) သခင်က ဥပဒေထုတ်နှုတ်ခဲ့သည်မှာ အရွယ်မရောက်သေးသူ ကလေးငယ်များ၏ အုပ်ထိန်းသူခွင့်ပြုချက်ဖြင့် လုပ်ဆောင်သော အရွယ်မရောက်သေးသောကလေးငယ်များ ရောင်းဝယ်ခြင်းကိစ္စရပ်များသည် ခိုင်မာသည်၊ တရားဝင်သည် လုပ်ဆောင်နိုင်သည်ဟူ၍ ဖြစ်သည်။

အခြားအမိန့်ပညတ်ချက်များနှင့်အညီ ကလေးငယ်များရင့်ကျက် အရွယ်ရောက်ကာ ထိမ်းမြားလက်ထပ်နိုင်သည့်အချိန်ရောက်သည့်အခါ ထိုအချိန်၌ ၎င်းတို့၏ ဖွံ့ဖြိုးမှုအခြေအနေကို အတွေ့အကြုံ၊ အသိဉာဏ်ပညာနှင့် ဆက်ဆံရေးတို့တွင် မည်သို့ရှိသည်ဆိုကြောင်း စစ်ဆေးသင့်ပေသည်။ ထို့နောက် ၎င်းတို့သည် သူတို့၏ အရှုံးအမြတ်ကို နားလည်သဘောပေါက်၍ ၎င်းတို့၏ ကိစ္စရပ်များတွင် စိတ်ကျေနပ်ဖွယ်ကိုင်တွယ်နိုင်ကြောင်းကို ရှင်းလင်းလာသောအခါတွင်၎င်းတို့ဥစ္စာပစ္စည်းများကို သူတို့လက်ဝယ်လွှဲပြောင်းပေးအပ်သင့်ပေသည်။

## အရွယ်ရောက်သည့်အသက်အပိုင်းအခြား

ဤအာယတ်တော်ပါ ( 'olB) "ပုလူယ်"အရွယ်ရောက်ခြင်းအမိန့်ပညတ်နှင့်အတူ ကုန်အာန်ကျမ်းတော်မြတ်သည် ကလေးငယ်တစ်ဦး မည်သည့်အသက်အရွယ်တွင် အရွယ်ရောက်ကြောင်း မှတ်ယူရမည်ဆိုသည့် မေးခွန်းအား အောက်ပါအတိုင်း ဖြေကြားထားခဲ့သည်- **اِذَا بَلَغُوا النِّكَاحَ "ဖမဲ့ကလေးများကို ထိမ်းမြားရန် အချိန် အရွယ်သို့ရောက်ရှိလာကြသည့်တိုင်အောင်"** ဤတွင်စစ်မှန်သော အရွယ်ရောက်မှုသည် နှစ်အရေအတွက်နှင့် မဆက်နွယ်ကြောင်း ညွှန်ပြထားသည်။ အရွယ်ရောက်ပြီးသူများကြုံတွေ့ခဲ့ရသော ထူးခြားသည့် အညွှန်းနှင့် လက္ခဏာများအပေါ် မူတည်၍ အရွယ်ရောက်ခြင်းကို သတ်မှတ်သည်။ ဤအညွှန်းများနှင့်

လက္ခဏာများအရ ၎င်းတို့အသက်သည် တစ်ဆယ့်သုံးနှစ် (သို့)တစ်ဆယ့်လေးနှစ်မကျော်စေကာမူ အိမ်ထောင်ပြုရန် သင့်တော်သည်ဟု မှတ်ယူခဲ့ပါလျှင် ရင့်ကျက်အရွယ် ရောက်ပြီဟု မှတ်ယူရပေမည်။ သို့သော်လည်း အချို့ကလေးများတွင် ထိုကဲ့သို့သောရင့်ကျက်အရွယ်ရောက်ခြင်း လက္ခဏာများမပြသခဲ့လျှင် ၎င်း၏အရွယ်ရောက်မှုကို အသက်အပိုင်းအခြားနှင့် သတ်မှတ်ပါလိမ့်မည်။ သို့သတ်မှတ်ခြင်းနှင့်ပတ်သက်၍ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များကြားတွင် အကွဲအပြားရှိကြပါသည်။ အချို့ပညာရှင်များက ယောကျ်ားလေးအရွယ်ရောက်ခြင်းကို တစ်ဆယ့်ရှစ်နှစ်နှင့် မိန်းကလေးအရွယ်ရောက်ခြင်းကို တစ်ဆယ့်ခုနှစ်နှစ်ဟုသတ်မှတ်ကြသည်။ အချို့က ယောကျ်ားလေး၊ မိန်းကလေးနှစ်ဦးစလုံး အသက်တစ်ဆယ့်ငါးနှစ်ရောက်လျှင် အရွယ်ရောက်သည်ဟု သတ်မှတ်သည်။ ဟန်နဖီဖသ်ဝါ အရဆိုလျှင် ရင့်ကျက်အရွယ်ရောက်သည့် လက္ခဏာတွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ယောကျ်ားလေးရော၊ မိန်းကလေးပါ အသက်တစ်ဆယ့်ငါးနှစ်ပြည့်ပြီးပါက အစ္စလာမ့်တရားတော်အရ ၎င်းတို့အားရင့်ကျက်အရွယ်ရောက်သည်ဟု မှတ်ယူသင့်သည်ဟုဆိုသည်။

## ဆင်ခြင်နိုင်သော အသိတရားကိုသိမြင်ခြင်း၊ ယင်းကိုမည်သို့ရှာဖွေမည်နည်း– ٱنَسْتُمْ مِّنْهُمْ رُشْدًا ၏ ရှင်းလင်းချက်တစ်ရပ်

ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်မှာ "ထို့နောက်အသင်တို့သည် ထိုဖဲ့ကလေးတို့၌ ဆင်ခြင်နိုင်သော အသိတရား(ရှိသည်)ကိုတွေ့ရှိသော်"ဟူ၍ဖြစ်သည်။ ဤဆင်ခြင်နိုင်သော အသိတရား(Acd=W^R<) ရုရှ်ဒ်သည် မည်သည့်အချိန်နည်း။ ကုရ်အာန်ကျမ်းတော်မြတ်က ဤကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးအချိန် သတ်မှတ်ချက်ကို အကျယ်ဖွင့်မထားပါ။ ထို့ကြောင့် အချို့သောမုစ်လင်မ်ဓမ္မသတ်ပညာရှင်များတို့သည် ၎င်းတို့တွင် ဆင်ခြင်နိုင်သောအသိတရားပြည့်ဝစွာရရှိပြီဟု ဆုံးဖြတ်ချက်ချပြီးသည့်အချိန်မတိုင်မီ ၎င်းတို့၏ဥစ္စာပစ္စည်းများကို လွှဲပြောင်းခြင်းမပြုရဟူသော အယူအဆကို ဦးစားပေးကြပါသည်။ ဤကဲ့သို့သောအခြေအနေများသည် ဘဝ၏ ကျန်သည့်အပိုင်းအခြားထိ တည်ရှိနေသည့်တိုင်အောင် ဥစ္စာပစ္စည်းတို့သည် ယခင်အတိုင်း အုပ်ထိန်းသူအောက်တွင် လုံခြုံစိတ်ချစွာထားရှိရမည်။ သို့ရာတွင် ဤကိစ္စရပ်နှင့်ပတ်သက်၍ အိမာမ်အဗူဟနီဖဟ် ([ylI.A]mHR) ၏ စစ်ဆေးတွေ့ရှိချက်အရဆိုလျှင် ဤနေရာတွင်"တတ်သိနားလည်မှု"မရှိခြင်းဆိုသည်မှာ ကလေးဘဝ၏ထိခိုက်မှုအခြေအနေကို ရည်ညွှန်းသည်။ ရင့်ကျက်အရွယ်ရောက်ပြီးသည့် ဆယ်နှစ်ပတ်ဝန်းကျင်တွင် ကလေးဘဝအကျိုးသက်ရောက်မှုများ မရှိတော့ပါ။ ထို့ကြောင့် ရင့်ကျက်အရွယ်ရောက်ခြင်း"ဗုလုဃ်" အပိုင်းအခြားသည် တစ်ဆယ့်ငါးနှစ်ဖြစ်ပြီး တတ်သိနားလည်ခြင်း (ရုရှ်ဒ်)၏ နှစ်အပိုင်းအခြားသည် တစ်ဆယ်နှစ်ဖြစ်ပါသည်။ ဤနှစ်ဆယ့်ငါးနှစ်ရောက်သည်နှင့်တစ်ပြိုင်နက် ထိုကဲ့သို့ တတ်သိနားလည်းခြင်းမျိုးရရှိရန်မှာ အလွန်ဖြစ်နိုင်ပါသည်။ သို့သော်ကလေးနှင့် ငယ်ရွယ်စဉ်ဘဝတို့၏ အတားအဆီးများတို့ကြောင့် တတ်သိနားလည်ခြင်းမျိုးရရှိရန်မဖြစ်နိုင်ပါ။ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်တွင် သုံးစွဲထားသော "ရုရှ်ဒန်" စကားလုံးကို သတိပြုသင့်ပါသည်။ ယင်းစကားလုံးကို မတိကျသောပုံစံဖြင့် သုံးစွဲထားခြင်းကပြည့်ဝသော နားလည်ခြင်းနှင့်ပြီးပြည့်စုံသော အသိတို့သည်အကြွင်းမဲ့အကြောင်းခံများ မဟုတ်ကြောင်း ရည်ညွှန်းပါသည်။ ဤကိစ္စအတွက်ဆိုလျှင် အသင့်အတင့်တတ်သိနားလည်မှုသည်လုံလောက်ပါသည်။ ယင်းအပေါ်အခြေခံ၍ ၎င်းတို့အား ၎င်းတို့ပိုင်

ပစ္စည်းများကို လွှဲပြောင်းပေးအပ်နိုင်ပါသည်။ ထို့ကြောင့် နှစ်ဆယ့်ငါးနှစ်တိုင်တိုင် ကြာရှည်စွာစောင့်စား ပြီးသည့်နောက် ပြီးပြည့်စုံသော တတ်သိနားလည်မှုများ မရရှိလင့်ကစား သူတို့၏ ပစ္စည်းများကို လွှဲပြောင်းပေးရပါမည်။ ပြီးပြည့်စုံသော တတ်သိနားလည်မှု အသိဉာဏ်နှင့် ပတ်သက်လာလျှင် သူတို့၏ ဘဝတစ်ခုလုံး ကုန်ဆုံးသည့်တိုင် အသိဉာဏ် မရှိသူများလည်းရှိပါသည်။ ထိုသူများ တို့သည် အမြဲတစေ ရိုးရိုးအအ နှင့် အပြစ်ကင်းစင်ပြီး အရှက်အကြောက်ပိုကာ လက်တွေ့ဆက်ဆံရေးတွင် နှေးကွေးကြသည်။ ဤသည်အတွက် ကြောင့် ၎င်းတို့သည် ၎င်းတို့ပစ္စည်းများမှ လက်မဲ့ ဖြစ်စေလိမ့်မည်မဟုတ်ပါ။ သို့သော်တစ်စုံတစ်ဦးသည် သွက်သွက် ခါအောင် ရူးသွပ်နေပါက သူ့အားသီးခြားဥပဒေဖြင့် အုပ်ချုပ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ သောသူသည် မရင့်ကျက်သေးသော ကလေးသူငယ်များ အတန်းအစားတွင် အမြဲရှိနေသောကြောင့်ဖြစ်သည်။ သူသည် ရူးသွပ်သူအဖြစ်နှင့် သေဆုံးသည့်တိုင် သူ၏ရူးသွပ်မှုမပျောက်သ၍ သူ့အားသူ၏ပစ္စည်းများ ဘယ်သော အခါမျှ လွှဲပြောင်းမပေးပါ။

## ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို မလိုလားအပ်ဘဲ သုံးစွဲခြင်းကို တားမြစ်ခြင်း

အာယသ်တော်က ဖမဲ့ကလေးများတွင် အတွေ့အကြုံနှင့် အသိတရားကို အတိုင်းအတာတစ်ရပ်အထိ ၎င်းတို့မရရှိသေးသမျှ ပစ္စည်းဥစ္စာများကို လွှဲပြောင်းမပေးသင့်ဟု ညွှန်ကြားထားသည်ကို ကျွန်ုပ်တို့သိရှိရပါသည်။ ဤရည်မှန်းချက်အတွက် တစ်စုံတစ်ဦးသည် အချိန်တော်တော်ကြာအောင် စောင့်ဆိုင်းရမည်မှာ သဘာဝကျပါ သည်။ ထိုကဲ့သို့သောကိစ္စရပ်မျိုးတွင် ဖမဲ့ကလေးတို့၏ အုပ်ထိန်းသူသည် ကလေးတို့၏အကျိုးနှင့်စာလျှင် ပိုမိုသုံးစွဲမှုဖြစ်နိုင်ပါသည်။ ထို့ကြောင့် အာယသ်တော်က မိန့်ကြားထားသည်မှာ -

وَلَا تَأْكُلُوهَآ اِسْرَافًا وَّبِدَارًا اَنْ يَّكْبَرُوْا

**၎င်းပြင် အသင်တို့သည် ထိုဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို ထိုကလေးများကြီးပြင်းလာ ကြမည်ကို စိုးရိမ်၍ အလဟဿ သုံးဖြုန်းခြင်းအားဖြင့်လည်းကောင်း၊ လျင်မြန်စွာသုံးစွဲခြင်းဖြင့်လည်း ကောင်း စားသုံးခြင်းမပြုကြကုန်လင့်။**

ဤနေရာတွင် ဖမဲ့ကလေးများကို အုပ်ထိန်းသူများအား အောက်ပါအချက်နှစ်ချက်ကို လုပ်ဆောင်ခြင်းမှ တားမြစ်ထားပါသည်။ ပထမမှာ ၎င်းတို့၏ ဥစ္စာပစ္စည်းများအား အလဟဿဖြုန်းတီးသည့်အနေနှင့် သုံးစွဲခြင်း၊ ဆိုလိုသည်မှာ သာမန်လိုအပ်သည်ထက် ကျော်လွန်၍ သုံးစွဲခြင်းဖြစ်သည်။ ဒုတိယမှာ ဖမဲ့ကလေးတို့သည် မကြာမီကြီးပြင်းလာကြ၍ ၎င်းတို့၏ ဥစ္စာပစ္စည်းများကို ၎င်းတို့အားပေးအပ်ကာ အုပ်ထိန်းသူများ၏ ထိန်းချုပ်မှု လွတ်ကင်းသွားတော့မည်ဟု ထင်မှတ်၍ သူတို့၏ဥစ္စာပစ္စည်းများထဲမှ သုံးစွဲရန်အချိန်မကျရောက်မီ မြန်မြန် ဆန်ဆန် စတင်သုံးစွဲခြင်းတို့ဖြစ်သည်။

**အကယ်၍ ဖမဲ့ကလေး၏ အုပ်ထိန်းသူသည် ချို့တဲ့ပါက သူ၏ကုန်ကျစရိတ်အချို့ကို ဖမဲ့ကလေးပိုင် ဥစ္စာပစ္စည်းများထဲမှ ထုတ်ယူသုံးစွဲနိုင်သည်။**

ဖမဲ့ကလေး၏ ဥစ္စာပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရန် အာရုံစူးစိုက်ပြီး ထိုကလေးကြီးပြင်းလာသည် အထိ သူ၏အချိန်နှင့် လုပ်အားကို အသုံးချခဲ့သောသူသည် သူ၏လုပ်ဆောင်မှုများအတွက် ကလေးပိုင်ဥစ္စာပစ္စည်းများထဲမှ ခြီးမြှင့်ငွေယူပိုင်ခွင့်ရှိပါသလား။ ဥပဒေကို အာယသ်တော်၏ နောက်ပိုင်းတွင်ဖော်ပြထားသည်မှာ- وَمَنْ كَانَ غَنِيًّا فَلْيَسْتَعْفِفْ **"၎င်းပြင် (ဖမဲ့ကလေးတို့အား အုပ်ထိန်းသော) အကြင်သူသည် ချမ်းသာကြွယ်ဝသူဖြစ်လျှင် ထိုသူသည် (ဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းများကိုစားသုံးခြင်းမှ) ကြဉ်ရှောင်ရပေမည်"** ဟုဖြစ်သည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် သူ၏လိုအပ်ချက်များကိုဖြည့်ဆည်းရန်အတွက် အခြားသောနည်းလမ်းများရှိပြီး သူသည်မလိုအပ်ပါက သူ၏လုပ်ဆောင်မှုအတွက် ဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းများထဲမှ မည်သည့်အခကြေးငွေကိုမျှ မယူသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့လုပ်ဆောင်မှုသည် သူ၏အပေါ်တွင် မပြုမနေရ တာဝန်တစ်ရပ်ဖြစ်သည်။ လုပ်ဆောင်မှုအတွက် အခကြေးငွေရယူခြင်းကို ခွင့်မပြုပါ။ ထို့နောက် အာယသ်တော်က ဆက်လက်မိန့်ကြားထားသည်မှာ - وَمَنْ كَانَ فَقِيرًا فَلْيَأْكُلْ بِالْمَعْرُوفِ **"သို့ရာတွင် (ဖမဲ့ကလေးတို့အား အုပ်ထိန်းထားသော) အကြင်သူသည် ဆင်းရဲနွမ်းပါးသူဖြစ်ပါလျှင် ထိုသူသည် (ထိုဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းအနက်မှ) မလွဲမရှောင်သာနိုင်သောကိစ္စများအတွက် အသင့်အတင့်စားသုံးနိုင်ပေသည်"** ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ဖမဲ့ကလေးများအား အုပ်ထိန်းသူသည် ဆင်းရဲနွမ်းပါးပြီး သူ၏ဝမ်းစာအတွက် မည်သည့်နည်းလမ်းမျှလည်းမရှိခဲ့ပါက သူသည်ဖမဲ့ကလေးပိုင်ပစ္စည်းများထဲမှ စားဝတ်နေရေးအတွက် သူ့လိုအပ်ချက်များကို ဖြည့်ဆည်းရုံမျှအနေအထားဖြင့်သာ ယူငင်စားသောက်နိုင်သည်။

**ပစ္စည်းဥစ္စာများ လွှဲပြောင်းပေးစဉ်တွင် သက်သေများရှိနေစေခြင်း**

အာယသ်တော်က အဆုံးသတ်ထားသည်မှာ-း فَإِذَا دَفَعْتُمْ إِلَيْهِمْ أَمْوَالَهُمْ فَأَشْهِدُوا عَلَيْهِمْ، وَكَفَىٰ بِاللَّهِ حَسِيبًا ဆိုလိုသည်မှာ**"(စစ်ဆေးခြင်း၊ စမ်းသပ်ခြင်း အချိန်ကာလကျော်လွန်ပြီးသည့်နောက်) အသင်သည် ဖမဲ့ကလေးများတို့၏ဥစ္စာပစ္စည်းများကိုလွှဲပြောင်းပေးရာတွင် (ယုံကြည်စိတ်ချရပြီး၊ ဘုရားတရားကြည်ညိုသောသူများ) သက်သေများအဖြစ်ရှိနေပါစေ။ (သို့မှသာနောင်တွင်ငြင်းခုံမှုများမရှိနိုင်ပေ။) ၎င်းနောက် (သတိချပ်ရမည်မှာ) အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည်ပင် တွက်ချက်စစ်ဆေးတော်မူသည့်အရှင်အဖြစ် လုံလောက်တော်မူပေသတည်း။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်တွင် အရာရာတိုင်းတို့အတွက် စာရင်းရှိတော်မူသည်။)"**

## တိုင်းပြည်၊ အဖွဲ့အစည်းနှင့် 'အောင်ကာဖ်' တို့ ဝန်ဆောင်မှုများအတွက် အခကြေးငွေ

အာယသ်တော်၏ စာသားများကို အကျယ်ချဲ့ခြင်းမှ အရေးကြီးသော ဥပဒေနှင့် မူတစ်ခုကိုရရှိပါသည်။ ဤမူသည် 'အောင်ကာဖ်' (ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် ငွေပဒေသာပင်စိုက်ထူခြင်း၊ ယုံမှတ်အပ်နှံမှုနှင့် အိမ်ယာမြေအဆောက်အဦများ)ကိုလည်းကောင်း၊ ဗလီများနှင့် ဘာသာရေးဆိုင်ရာ ကျောင်းများကို လည်းကောင်း၊ မုစ်လင်မ်အစိုးရများ၏ ဌာနများကိုလည်းကောင်း၊ တိုင်းပြည်နှင့် အဖွဲ့အစည်းများ၏ အလားတူလုပ်ဆောင်မှုများကိုလည်းကောင်း တာဝန်ယူကြီးကြပ်လုပ်ဆောင်သောသူများနှင့် သက်ဆိုင်ပါသည်။ ယင်းကဲ့သို့ဝန်ဆောင်မှုများလုပ်ကိုင်ခြင်းကို အစွမ်းအသုံးအနှုန်းအရ ဖရသ်အလ်ကိဖာယယ် (တာဝန်တစ်ရပ်ဖြစ်ပြီး၊ ယင်းတာဝန်ကို တစ်စုံတစ်ဦးက တာဝန်ယူလိုက်ပါက အခြားသူများတာဝန်ကင်းစေပါသည်) ဟုခေါ်ပါသည်။ ဤပုဂ္ဂိုလ်များ အတွက်လည်း အကယ်၍သူတို့တွင် မိသားစုများအဖို့ လိုအပ်သောကုန်ကျစရိတ်များကို တာဝန်ယူနိုင်ပါက ၎င်းတို့သည် ဤအဖွဲ့အစည်းများမှသော်လည်းကောင်း၊ အစိုးရဘဏ္ဍာတိုက်မှသော်လည်းကောင်း မည်သည်ကိုမျှ မယူသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ဤလုပ်ဆောင်မှုသည် အဆင့်အတန်းအလွန်မြင့်ပြီး ကုသိုလ်များစွာရနိုင်သော လုပ်ရပ်ပင်ဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏ စားဝတ်နေရေးအတွက် ငွေးကြေးမပြည့်စုံသော်လည်း သူတို့၏စားဝတ်နေရေးအတွက် ရှာဖွေရမည့်အချိန်တွင် ဤကဲ့သို့သော ဝန်ဆောင်မှုများနှင့်သက်ဆိုင်သော လုပ်ဆောင်မှုများ၌ မိမိ၏အချိန်၊ စွမ်းအားစသည် တို့ကို လုံးလုံးလျားလျားမြှပ်နှံပြီး ထမ်းဆောင်ပါက ထိုအဖွဲ့အစည်းများမှ(သူလိုအပ်သမျှသာ ယူပိုင်ခွင့်ရှိသည်။)"လိုအပ်သမျှ" ဆိုသည့် အခြေအနေကို ဂရုပြုရပါမည်။ လူများစွာတို့သည် တရားဥပဒေ၏လိုအပ်ချက်အရ မပြောပလောက်သော လစာငွေစာရင်းကို ဝန်ဆောင်မှုအတွက် ဖော်ပြထားသော်လည်းနည်းမျိုးစုံဖြင့် ယင်းတို့နှင့် ယင်းတို့၏မိသားစုအတွက်ပါ လက်လွတ်စပယ် ထုတ်ယူသုံးစွဲကြပါသည်။ အလ္လာဟ်အရှင်မြတ်အား အကြောက်တရားထားခြင်းမှအပ ဤကဲ့သို့သော ဂရုပြုမှုနည်းပါးခြင်းအတွက် ကုထုံးမရှိပါ။ အာယသ်တော်၏ နောက်ဆုံးစကားလုံးများဖြစ်သော- **وَكَفَىٰ بِاللَّهِ حَسِيبًا "အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည်ပင်တွက်ချက်စစ်ဆေးတော်မူသည့် အရှင်အဖြစ် လုံလောက်တော်မူပေသတည်း။"** နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ စစ်ဆေးခြင်းကို ကြောက်ရွံ့သောသူများသာလျှင် ဤကဲ့သို့တရားမဝင်ရယူခြင်းမျိုးကို မည်သို့မျှလက်ဖျားနှင့်မတို့မထိသူများသာဖြစ်ကြသည်ကို လူတိုင်းလူတိုင်း၊ အုပ်စုတိုင်းနှင့် အလွှာတိုင်းတို့အား သတိမူမိစေပါသည်။ **وبالله التوفيق** ၎င်းပြင်ထိုကဲ့သို့ပြုနိုင်သော စွမ်းအားသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ လာရှိပါသည်။

v v v v v v v

အာယသ် (၇-၁၀)

لِلرِّجَالِ نَصِيبٌ مِّمَّا تَرَكَ
الْوَالِدَانِ وَالْأَقْرَبُونَ ۪ وَلِلنِّسَاءِ نَصِيبٌ مِّمَّا
تَرَكَ الْوَالِدَانِ وَالْأَقْرَبُونَ مِمَّا قَلَّ مِنْهُ أَوْ كَثُرَ ۚ
نَصِيبًا مَّفْرُوضًا ۝٧ وَإِذَا حَضَرَ الْقِسْمَةَ أُولُو
الْقُرْبَىٰ وَالْيَتَامَىٰ وَالْمَسَاكِينُ فَارْزُقُوهُم مِّنْهُ
وَقُولُوا لَهُمْ قَوْلًا مَّعْرُوفًا ۝٨ وَلْيَخْشَ الَّذِينَ
لَوْ تَرَكُوا مِنْ خَلْفِهِمْ ذُرِّيَّةً ضِعَافًا خَافُوا
عَلَيْهِمْ ۖ فَلْيَتَّقُوا اللَّهَ وَلْيَقُولُوا قَوْلًا سَدِيدًا ۝٩
إِنَّ الَّذِينَ يَأْكُلُونَ أَمْوَالَ الْيَتَامَىٰ ظُلْمًا إِنَّمَا
يَأْكُلُونَ فِي بُطُونِهِمْ نَارًا ۖ وَسَيَصْلَوْنَ سَعِيرًا ۝١٠

(ကြီးငယ်မဆို) ယောကျ်ားများအဖို့ မိဘနှစ်ပါးနှင့် (သွေးချင်းနီးစပ်သော) ဆွေမျိုးညာတကာတို့က ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများအနက်မှ ဝေစုဝေပုံသည် (သတ်မှတ်ပြီး) ဖြစ်၏။ ၎င်းပြင် (ကြီးငယ်မဆို) မိန်းမများအဖို့လည်း မိဘနှစ်ပါးနှင့် သွေးချင်းနီးစပ်သော ဆွေမျိုးညာတကာတို့က ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများအနက်မှ ဝေစုဝေပုံသည် (သတ်မှတ်ပြီး) ဖြစ်၏။ ထို(အမွေ) ပစ္စည်းသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ (အလွှာဟ်အရှင်မြတ်အထံတော်မှ) သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော ဝေစုဝေပုံတစ်ရပ် ဖြစ်ပေသတည်း။ (၄း၇)

၎င်းပြင် (အမွေပစ္စည်း) ခွဲဝေချ၌ (အမွေမရထိုက်သော) ဆွေမျိုးညာတကာတို့သည်လည်းကောင်း၊ မိဘမဲ့ကလေးတို့သည်လည်းကောင်း၊ သူဆင်းရဲတို့သည်လည်းကောင်း ရှေ့မှောက်တွင် အသင့်ရောက်ရှိလာကြသည်ရှိသော် အသင်တို့သည် ထိုသူတို့အားလည်း ယင်း(အမွေပစ္စည်း)ထဲမှ (အနည်းငယ်မျှ) ကျွေးမွေးပေးကမ်းကြကုန်။ ၎င်းပြင် အသင်တို့သည် ထိုသူတို့အား ကောင်းမွန်စွာ ပြောဆိုကြလေကုန်။ (၄း၈)

**၎င်းပြင် အကြင်သူများသည် ကြောက်ရွံ့ကြရပေမည်။ အကယ်၍ ထိုသူများသည် မိမိတို့နောက်၌ အင်အားချိနဲ့သော ကလေးများကိုစွန့်ထား(၍သေဆုံး)ကြရသည်ရှိသော် ထိုကလေးများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြပေမည်။ သို့ဖြစ်ပေရာ ထိုသူတို့သည် (ဖမဲ့ကလေးများနှင့်ပတ်သက်၍) အလွှာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြရပေမည်။ ၎င်းပြင် (တရားမျှတသော) ဖြောင့်မတ်မှန်ကန်သော စကားကို ပြောဆိုကြရပေမည်။ (၄း၉)**

**မုချဧကန် အကြင်သူများသည် ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြ၏။ မုချဧကန် ထိုသူများသည် မိမိတို့ဝမ်းတွင်းသို့ မီး(ကျီးမီးခဲ) ကိုသာလျှင် (ထည့်သွင်း) စားသုံးကြ၏။ ၎င်းပြင် ထိုသူများသည် မကြာမြင့်မီအတွင်း အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲသို့ သက်ဆင်းဝင်ရောက်လာကြရပေမည်။ (၄း၁၀)**

စူရဟ်အလ်နိစာအ် စတင်သည်မှစ၍ စကြဝဠာလုံးဆိုင်ရာ လူသားများ၏ ရပိုင်ခွင့်များ အထူးသဖြင့် မိသားစုဘဝနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဆက်တိုက်ဖော်ပြခဲ့ပါသည်။ ထိုအာယသ်တော်များ၏ အလျင်ကလည်း ဖမဲ့ကလေးများတို့၏ ရပိုင်ခွင့်များအကြောင်းကို ဖော်ပြခဲ့သည်။ ယခုအာယသ်တော်လေးခုတွင်လည်း အမွေဆက်ခံခွင့်နှင့် ပတ်သက်သော အမျိုးသမီးများနှင့် ဖမဲ့ကလေးများတို့၏ သီးခြားရပိုင်ခွင့်များကို ဖော်ပြထားသည်။ ပထမအာယသ်တော် အမှတ်(၇)သည် ဂျာဟီယသ်အမျောင်ခေတ်၏ ဓလေ့ထုံးတမ်းစဉ်လာဖြစ်သော အမျိုးသမီးများအမွေဆက်ခံပိုင်ခွင့်မရှိခြင်းသည် မမှန်ကန်ကြောင်းကို ငြင်းဆိုထားပါသည်။ အာယသ်တော်က အစ္စလာမ့်တရားတော်အတိုင်း သတ်မှတ်ထားသည့် ၎င်းတို့ဝေစုရပိုင်ခွင့်ရှိကြောင်းနှင့် ရပိုင်ခွင့်ကို လျှော့နည်းစေမည့် မည်သည့်ကြိုးပမ်းမှုများကိုမဆို တင်းကြပ်စွာ တားမြစ်ကြောင်း ကြေညာပါသည်။ ဤအကြောင်းအရာသည် အမွေဆက်ခံရာတွင် သတ်မှတ်ထားသည့် ဝေစုရရှိသူများနှင့်ဆိုင်သောကြောင့်၊ အမွေခွဲဝေမှုပြုလုပ်သည့်အချိန်တွင် ဆွေမျိုးသားချင်းထဲမှ ဆင်းရဲသူများနှင့် ဖမဲ့ကလေးများလာရောက်ကြသည်မှာ ဖြစ်လေ့ဖြစ်ထရှိပါသည်။ ထို့ကြောင့် အာယသ်တော်အမှတ်(၈)သည် ၎င်းတို့အား ကြင်နာစွာဆက်ဆံရန် ဥပဒေချမှတ်ပါသည်။ သို့သော် ဤအမိန့်သည် မလုပ်မနေရတာဝန်တစ်ရပ် မဟုတ်သော်လည်း နှစ်သက်လက်ခံဖွယ်ရာဖြစ်ပါသည်။

တတိယနှင့် စတုတ္ထအာယသ်များဖြစ်သော အာယသ် (၉၊ ၁၀) သည်လည်း ဖမဲ့ကလေးများနှင့် သက်ဆိုင်သော အမိန့်ပညတ်ချက်များတို့၏ အရေးကြီးမှုကို အလေးအနက်ပြုထားပါသည်။

## အကျယ်ဖွင့်ဆိုခြင်း
## မိဘများနှင့်ဆွေမျိုးရင်းချာများထံမှ အမွေဆက်ခံခွင့်

အစ္စလာမ်မထွန်းကားမီက လူသားအစဉ်အဆက်တွင် အမျိုးသမီးများနှင့် ဖမဲ့ကလေးများတို့သည် အားနည်းသောလူသားကွင်းဆက်များဖြစ်ကာ မတရားမှုအလုံးစုံတို့၏ သားကောင်ဖြစ်ခဲ့ရပါသည်။ အစပြုရလျှင် ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းတို့၏ရပိုင်ခွင့်ဘာတစ်ခုမျှ အသိအမှတ်ပြုခြင်း မခံခဲ့ရပါ။ အကယ်၍ ရပိုင်ခွင့်များထဲမှ တစ်ခုကို ခွင့်ပြုခဲ့လျှင်သော်မှ ယောကျ်ားသားများထံမှ မည်သူကယူပေးကာ ယင်းကိုလုံခြုံစိတ်ချစွာ ပိုင်ဆိုင်လိမ့်မည်ဟု မည်သူက မျှော်လင့်နိုင်ပါအံ့နည်း။ ယင်းကဲ့သို့အစွမ်းနှင့် အာဏာသည် မတည်ရှိခဲ့ပါ။

ယင်းဖြစ်ရပ်၏အောင်နိုင်မှုသည် ၎င်းတို့အတွက် အစ္စလာမ်ဘာသာက ဦးဆောင်ဦးရွက်ပြုကာ ရပိုင်ခွင့်များကို တရားဝင်ဖြစ်စေခဲ့ပြီး ယင်းရပိုင်ခွင့်များ ၎င်းတို့ထံ လုံခြုံစိတ်ချစွာရှိစေရန် အနှောက်အယှက်အဖျက်ဆီးများမှ အကာအကွယ်ပေးသည့်နည်းစနစ်များကို ပြုလုပ်ပေးခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းရှိနိုင်ငံများက လူ့အသိုင်းအဝိုင်းတွင် ဤအားနည်းသော အစုနှစ်စုကို ၎င်းတို့အတွက် သဘာဝလည်းကျပြီး မပေးမနေရဖြစ်သော ရပိုင်ခွင့်များကို လက်မဲ့ဖြစ်စေမှုအား ခွင့်ပြုနေခဲ့ကြခြင်းဖြစ်ပါသည်။ ယင်းသည်ကား အမွေဆက်ခံခြင်းဥပဒေပင်ဖြစ်တော့သည်။ အစ္စလာမ်မပေါ်ပေါက်မီက အရစ်များတို့သည် မြင်းစီးနိုင်သူ၊ ရန်သူကို တိုက်ခိုက်နိုင်သူ၊ စစ်အောင်နိုင်ပစ္စည်းများကို သိမ်းဆည်းနိုင်သောသူများသာ အမွေဆက်ခံထိုက်သူဟူသောမူကို လက်ခံခဲ့ဟန်တူပါသည်။ **(ရူဟုလ်အလ်မအာနီ၊ အတွဲ-၄၊ စာ-၂၁)** မိန်းမသားများနှင့် ကလေးများတို့သည် ဤမူကိုလက်မခံနိုင်ဆိုသည်မှာ ထင်ရှားပါသည်။ ထို့ကြောင့် သူတို့၏အမွေဆက်ခံမှု မူအရဆိုလျှင် ငယ်ရွယ်သော ယောကျ်ားကလေးများနှင့် အရွယ်ရောက်ပြီး မိန်းကလေးတစ်ဦးအား အရွယ်ရောက်သည်ဖြစ်စေ၊ အရွယ်မရောက်သည်ဖြစ်စေ၊ ဤကိစ္စအတွက် လုံးဝထည့်သွင်းစဉ်းစားခြင်း မခံရပါ။ ယောကျ်ားကလေးတစ်ဦး သည်ပင် အရွယ်မရောက်သေးဘဲ မရင့်ကျက်သေးပါက အမွေဆက်ခံခြင်းနှင့် ထိုက်တန်လိမ့်မည် မဟုတ်ပါ။

တမန်တော်မြတ်ﷺလက်ထက်တွင် ဆွဟာဗဟ်ကြီးတစ်ပါးဖြစ်သော စိုက်ယိဒနာ အောက်စ်အိဗ်နဆာဗစ်ﷺ ကွယ်လွန်သေဆုံးစဉ်က အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ပါသည်။ သူသေဆုံးစဉ်က အမွေဆက်ခံသူများအဖြစ် ၎င်း၏ဇနီး၊ သမီးနှစ်ယောက်နှင့် အရွယ်မရောက်သေးသော သားငယ်တစ်ဦးကျန်ရစ်ခဲ့ပါသည်။ သို့ရာတွင် အရစ်တို့၏ ဓလေ့ထုံးစံဟောင်းကဲ့သို့ သေဆုံးသူဖခင်၏ဘက်မှ တော်စပ်သော ညီဝမ်းကွဲနှစ်ယောက်က ပစ္စည်းဥစ္စာအားလုံးတို့ကို သူတို့၏ပိုင်ဆိုင်မှုအနေဖြင့် သိမ်းဆည်းယူငင်သွားကာ သေဆုံးသောဂုဏ်တို့၏အစ်ကို့ဇနီးနှင့် သားသမီးများအတွက် မည်သည်မျှ ပေးကမ်းခဲ့ခြင်းမရှိပါ။ ဤကဲ့သို့ဖြစ်သွားသည်ကလည်း သူတို့၏လုပ်လေ့လုပ်ထရှိသော ဓလေ့ထုံးတမ်းအရ အမျိုးသမီးတစ်ဦးသည် အရွယ်ရောက်ပြီးဖြစ်စေ အရွယ်မရောက်သေးသည်ဖြစ်စေ အမွေဆက်ခံသူများအသိုင်းအဝိုင်းတွင် လုံးဝမပါဝင်ပါ။ ဤသည်ကြောင့် ဇနီးသည်နှင့် သမီးပျိုနှစ်ယောက်တို့သည် ညင်သာစွာဖယ်ထုတ်ပြီးဖြစ်သွားပါသည်။ ယောကျ်ားလေးနှင့်ပတ်သက်လာလျှင် သူသည် အရွယ်မရောက်သေးသောကြောင့် အမွေဆက်ခံခြင်းမှ ဖယ်ထုတ်ပြီးဖြစ်သွားပါသည်။ ထို့ကြောင့် အဖေဘက်မှ တော်စပ်သော ညီဝမ်းကွဲတို့သည် ပစ္စည်းဥစ္စာများအားလုံးတို့၏ အမွေဆက်ခံသူများ ဖြစ်သွားကြသည်။

ဘာပဲဖြစ်ခဲ့လင့်ကစား စိုက်ယိဒိနာ အောက်စ်အိပ်နိဆာဗစ်﴿ﷺ﴾ ၏ကျန်ရစ်သော ဇနီးသည်က သေဆုံးသူ သူ့ခင်ပွန်းချန်ရစ်ခဲ့သော ပစ္စည်းအလုံးစုံတို့ကိုယူသွားသည့် ညီအစ်ကိုဝမ်းကွဲများအား ဖတဆိုးသမီးပျိုကလေးများအား လက်ထပ်ထိမ်းမြားယူစေချင်ပါသည်။ သို့မှသာ သူမသည် သမီးပျိုများ လက်ထပ်ထိမ်းမြားရေး ပူပင်သောကမှ ကင်းဝေးပါလိမ့်မည်။ သို့သော် သူမ၏အဆိုပြုချက်ကို ၎င်းတို့ကလက်မခံသောကြောင့် တမန်တော်မြတ်﴿ﷺ﴾ ထံသွားရောက်ကာ သူမ၏ဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်ကို လျှောက်ထားခဲ့ပြီး သူမကလေးများ၏ဆင်းရဲမွဲတေမှုကို ရှင်းလင်းပြခဲ့ပါသည်။ ထိုအချိန်တွင် အမွေဆက်ခံခြင်းနှင့်သက်ဆိုင်သော အာယသ်တော်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင်ပါရှိစေရန် "ဝဟီ" ကျရောက်ခြင်းမရှိသေးသောကြောင့် တမန်တော်မြတ်﴿ﷺ﴾ သည် သူ၏ထုတ်ပြန်ချက်ကို ဆိုင်းငံ့ထားခဲ့ပါသည်။ တမန်တော်မြတ်﴿ﷺ﴾ ၏ နှလုံးသားသည် အေးချမ်းသာယာစွာရှိခဲ့ပါသည်။ "ဝဟီ"မှတစ်ဆင့် ဤမတရားသော ဓလေ့ထုံးစံကို ဖယ်ရှားပစ်နိုင်လိမ့်မည်ဟု တမန်တော်မြတ်﴿ﷺ﴾ က ယုံကြည်ခဲ့ပါသည်။ ထိုစဉ် အောက်ပါအာယသ်တော် ကျရောက်ခဲ့ပါသည်။

لِلرِّجَالِ نَصِيبٌ مِّمَا تَرَكَ الْوَالِدٰنِ وَالْاَقْرَبُوْنَ وَلِلنِّسَآءِ نَصِيبٌ مِّمَّا تَرَكَ الْوَالِدٰنِ وَالْاَقْرَبُوْنَ مِمَّا قَلَّ مِنْهُ اَوْ كَثُرَ نَصِيبًا مَّفْرُوْضًا

**(ကြီးငယ်မဆို) ယောကျ်ားများအဖို့ မိဘနှစ်ပါးနှင့် (သွေးချင်းနီးစပ်သော) ဆွေမျိုးညာတကာတို့က ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများအနက်မှ ဝေစု ဝေပုံသည် (သတ်မှတ်ပြီး) ဖြစ်၏။ ၎င်းပြင် (ကြီးငယ်မဆို) မိန်းမများအဖို့လည်း မိဘနှစ်ပါးနှင့် သွေးချင်းနီးစပ်သော ဆွေမျိုးညာတကာတို့က ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများအနက်မှ ဝေစုဝေပုံသည် (သတ်မှတ်ပြီး) ဖြစ်၏။ ထို(အမွေ) ပစ္စည်းသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ (အလ္လာဟ်အရှင်မြတ်အထံတော်မှ) သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော ဝေစုဝေပုံတစ်ရပ် ဖြစ်ပေသတည်း။**

ထို့နောက် အမွေဆက်ခံခြင်းဆိုင်ရာ ဒုတိယအာယသ်တော်ကျရောက်လာခဲ့ကာ ဝေစုများတို့၏ အသေးစိတ်များပါဝင်ပါသည်။ ဤစူရဟ်၏ ဒုတိယပါဒတွင် ဤအသေးစိတ်များ ပါဝင်ပါသည်။ ထို့ကြောင့် တမန်တော်မြတ်﴿ﷺ﴾ က ကုရ်အာန်ကျမ်းတော်မြတ်ပါ အမိန့်ပညတ်ချက်များကို လိုက်နာပြီး ဇနီးသည်အား အမွေအားလုံးတို့၏ ရှစ်ပုံတစ်ပုံပေးအပ်သည်။ ကျန်သည့်ပစ္စည်းများကို သမီးများနှင့် သားအတွက် ခွဲဝေပေးခဲ့ပါသည်။ ခွဲဝေပေးသည်နည်းမှာ အမေအားပေးပြီးကျန်သည့်အနက် တစ်ဝက်ကို သားအားပေးအပ်ပြီး၊ ကျန်တစ်ဝက်ကို သမီး(၂)ယောက်အား ပေးခဲ့သည်။ သမီးများကလည်း ၎င်းတို့ရရှိသည်ကို အညီအမျှခွဲဝေယူသည်။ ညီဝမ်းကွဲများအတွက်မှာ ၎င်းတို့သည် သားသမီးများနှင့် ယှဉ်လိုက်ပါက အနီးစပ်ဆုံးသွေးသားမဟုတ်သောကြောင့် ဖယ်ထုတ်ခဲ့ပါသည်။ **(ရူဟုလ်မအာနီ)**

## အမွေဆက်ခံခြင်း စည်းမျဉ်းဥပဒေ

ဤအာယသ်တော်သည် အမွေဆက်ခံခြင်းဥပဒေနှင့် ပတ်သက်သည့် စည်းမျဉ်းများကို အချို့သော အမိန့်ပညတ်ချက်များ၏ဆင့်ပွားအဖြစ်ချမှတ်ထားသည်။ ယင်းမှာ- **مِمَّا تَرَكَ الْوَالِدٰنِ وَالْاَقْرَبُوْنَ** "မိဘနှစ်ပါးနှင့်

သွေးချင်းနီးစပ်သောမွေမျိုးညာတကာတို့ကထားရှိခဲ့ကြသော(အမွေ)ပစ္စည်းများ. . ”ဟူ၍ဖြစ်သည်။ အလ်ဝါးလီဒန် –d'L_Ao–L^A–(မိဘနှစ်ပါး)နှင့် –o^B<r–Q^¾^A– အလ်အကရဗွန်(သွေးချင်းနီးစပ်သောဆွေမျိုးညာတကာ)ဟူသော စကားလုံးနှစ်ခုသည် အမွေဆက်ခံခြင်း၏ အခြေခံမူနှစ်ခုဖြစ်စေပါသည်။ ပထမတစ်ခုသည် အဖေ၊ အမေနှင့် သားသမီးကြားတည်ရှိသည့် ရင်နှစ်သည်းချာဆက်သွယ်မှုဖြစ်ပြီး ယင်းကို“အလ်ဝါလီဒန်” ဟူ၍ ဖော်ပြထားခဲ့သည်။ ဒုတိယတစ်ခုမှာ ယေဘုယျဆွေမျိုးတော်စပ်ခြင်းဖြစ်၍ “အလ်အကရဗွန်” ၏ ဆိုလိုရင်းဖြစ်သည်။ မှန်ကန်သော အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် အလ်အကရဗွန်ဟူသောစကားလုံးသည် မိသားစုဆွေမျိုးတော်စပ်မှု အလုံးစုံအကျုံးဝင်သည်။ မိဘများနှင့် ကလေးတို့၏တော်စပ်မှုမှာ ရင်နှစ်သည်းချာကြောင့်ဖြစ်နိုင်သကဲ့သို့ ယေဘုယျ မိသားစုဆွေမျိုးတော်စပ်မှုကဲ့သို့သော အခြားအမျိုးအစားလည်း ဖြစ်နိုင်သည်။ သို့မဟုတ် လက်ထပ်ထိမ်းမြားဆက်သွယ်မှုမှတစ်ဆင့် အတည်ပြုထားခဲ့သော ဆွေမျိုးတော်စပ်မှုများလည်း ဖြစ်နိုင်သည်။ “အလ်အကရဗွန်” ဟူသော စကားလုံးသည် အားလုံးအကျုံးဝင်သည်။ သို့သော် မိဘများကို ၎င်းတို့၏ အရေးပါမှုကြောင့် သီးသန့် ဖယ်ရှားထားပါသည်။ ထို့နောက် ဤစကားလုံးသည် အမွေဆက်ခံခြင်း အခြားမူကိုလည်း အတည်ပြုခဲ့ပါသည်။ ယင်းမှာ ဆွေမျိုးတော်စပ်ရုံသက်သက်မျှဖြင့် အမွေဆက်ခံရန် အခိုင်အမာပြုမူတစ်ရပ်အတွက်ကား မလုံလောက်ချေ။ အမွေဆက်ခံမည့်သူသည် အနီးစပ်ဆုံး သွေးချင်းဖြစ်ရန်ကား လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ နီးစပ်မှုအဆင့်ကို စံပြုအခြေအနေအဖြစ် မသတ် မှတ်ခဲ့လျှင် သေဆုံးသူတိုင်း၏ အမွေဆက်ခံသူအဖြစ် ဤကမ္ဘာလုံးရှိ လူသားအားလုံးကို မျှဝေပေးစေရမည် ဖြစ်သည်။ အကြောင်းကား နားလည်ရန်လွယ်ကူပါသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းသည် အာဒမ်﴿عليه السلام﴾နှင့် ဟောင်ဝါ﴿رضي الله عنها﴾ဖြစ်သော တစ်မိတစ်ဖတည်းမှဆင်းသက်လာသောကြောင့်ဖြစ်သည်။ နီးစပ်သည်ဖြစ်စေ၊ မနီးစပ်သည်ဖြစ်စေလူတိုင်းသည် တစ်ဦးနှင့်တစ်ဦး တစ်မျိုးမဟုတ်တစ်မျိုး ဆွေးမျိုးတော်စပ်သောကြောင့်ဖြစ်သည်။ အမွေပစ္စည်းများခွဲဝေခြင်းနှင့် ပတ်သက်လာလျှင်မူ စပြောရလျှင် ဖြစ်နိုင်သည့်ဘောင်ထက်ကျော်နေပေသည်။ သို့သော်လည်း သဘောတရားအရပြောလျှင် အကယ်၍ ယင်းကဲ့သို့သော အစီအမံတစ်ရပ်ကို တစ်နည်းနည်းနှင့် လုပ်ခဲ့လျှင် ဖြစ်ပေါ်လာသော ဥစ္စာပစ္စည်းများခွဲဝေမှုသည် လူတိုင်းတစ်ဦးစီအတွက် မပြောပလောက်သော ပမာဏလေးသာ ရရှိ၍ ယင်းသည်မည်သူ့ကိုမျှ ကောင်းကျိုးမဖြစ်စေပါ။ ထို့ကြောင့် အမွေခွဲဝေမှုနှင့် ပတ်သက်လျှင် အချက်အခြာကျသော သွေးသားတော်စပ်မှုအရ ရွေးချယ်ခြင်းဖြင့်ဖြစ်သင့်သောမူမှာ အကယ်၍အကွဲကွဲအပြားပြားသော ဆွေမျိုးသားချင်းများထဲမှ ရွေးချယ်ရမည်ဆိုလျှင် သွေးဝေးသောသူများထက် သွေးချင်းနီးသောသူများကိုဦးစားပေးရပေမည်။ ထို့နောက် သွေးနီးသော ဆွေမျိုးသားချင်းရှိနေလျှင် သွေးဝေးသောသူများကို အမွေဝေစုမပေးသင့်ချေ။ သို့သော်လည်း တစ်ချိန်တည်းတွင် ဆွေမျိုးသားချင်းများက ၎င်းတို့သည်အနီးစပ်ဆုံးဖြစ်ပါသည်ဟုကြေညာခဲ့လျှင် အကယ်၍ ၎င်းတို့၏နီးစပ်မှုသဘာဝကွဲပြားပါစေ အားလုံးတို့သည်အမွေပစ္စည်းများပေါ်တွင် ဝေစုထိုက်သင့်စွာရသင့်လိမ့်မည်။ ယင်းသို့ဆိုလျှင် ပမာအားဖြင့် အဖေနှင့် အမေသည် သားသမီးများနှင့်အတူလည်းကောင်း (သို့) ဇနီးသည်နှင့်အတူလည်းကောင်း နီးစပ်မှုသဘာဝ ကွဲပြားခြားနားသော်လည်း အနီးစပ်ဆုံးသူများဖြစ်သည်ဟူ၍ဝေစုအတူရကြမည်။

ထို့ပြင် ဤစကားလုံး ‘အလ်အကရဗွန်’ က အမွေဆက်ခံရာတွင် ယောကျ်ားများဝေစုရှင်ဖြစ်သကဲ့သို့ မိန်းမနှင့် ကလေးများသည်လည်း ဝေစုရှင်များဖြစ်ကြောင်း အတည်ပြုပေးသည်။ ယင်းမိန်းမနှင့် ကလေးများသည်လည်း ဤရပိုင်ခွင့်လက်မဲ့ မဖြစ်စေရချေ။ အဘယ်ကြောင့်ဆိုသော် ဆွေးမျိုးတော်စပ်ခြင်းနှင့် ပတ်သက်လာ

လျှင် ကလေးငယ်များသည် ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ ၎င်းတို့သည် မိဘများ (သို့)အခြားသူ များနှင့် တော်စပ်မှုမှာ အတူတူပင်ဖြစ်သည်။ ယောကျ်ားလေးသည် မိဘနှစ်ပါးမှ မွေးဖွားသကဲ့သို့ မိန်းကလေး သည်လည်း မိဘနှစ်ပါးမှပင် မွေးဖွားပါသည်။ အမွေဆက်ခံပိုင်ခွင့်သည် ဆွေမျိုးတော်စပ်မှုပေါ် တည်မှီသည်ဟု ဆိုခဲ့ပါလျှင် ကလေးငယ်တစ်ဦး (သို့) မိန်းကလေးတစ်ဦးအား လက်မဲ့ဖြစ်စေခြင်းမှာ အဓိပ္ပာယ်မရှိချေ။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဟန်ပန်ဖြစ်သော အခြားအကြောင်းတစ်ခုကို ဤနေရာ၌ မှတ်သား သင့်ပေသည်။ အမျိုးသမီး၏ရပိုင်ခွင့် သီးခြားဝါကျတစ်ခုဖြင့် မဖော်ပြဘဲ ယောကျ်ားများ၏ ရပိုင်ခွင့်နှင့် လွယ်လင့် တကူပေါင်းစည်း၍ ဝါကျတစ်ခုတည်း ဖြင့် "အမျိုးသားများနှင့် အမျိုးသမီးများအတွက် ဝေစုဝေပုံရှိကြသည်"ဟု မိန့်ကြားနိုင်ပါသည်။ သို့သော် ကုရ်အာန် ကျမ်းတော်မြတ်သည် အမျိုးသားများနှင့် အမျိုးသမီး လိင်နှစ်မျိုးစလုံး၏ ရပိုင်ခွင့်ကို ဖော်ပြရာ၌ ထပ်ဆင့်မိန့်ကြား ဟန်ရှိသော်လည်း သီးခြားလွတ်လပ်သော ဝါကျနှစ်ခုနှင့် ဖော်ပြရန် ရွေးချယ်ခဲ့ပါသည်။ ဤသည်ကား အမွေဆက်ခံမှုတွင် အမျိုးသမီးများ၏ ရပိုင်ခွင့်သည် လုံးဝအမှီခိုကင်း၍ အမျိုးသားများ၏ ရပိုင်ခွင့်ကဲ့သို့ အရေးကြီးသည်ဟု အလေးအနက်ပြုရန် ဖြစ်သည်။

ထို့ပြင် ဤစကားလုံး "အလ်အကရဗွန်" ကလည်း ကျန်ရစ်သောဥစ္စာပစ္စည်းခွဲဝေရာတွင် လိုအပ်ချက် စံပေါ်၌ အခြေမခံဘဲ ဆွေမျိုးသားချင်း သွေးနီးစပ်မှုစံအပေါ် အခြေခံသည်ဟု ကျွန်ုပ်တို့အား ပြောပြနေသည်။ ထို့ကြောင့် ဆွေမျိုးသားချင်းများထဲမှ ပို၍ချို့တဲ့သူသည် အမွေဆက်ခံခြင်းတွင် ဝေစုပို၍ထိုက်တန်သူဖြစ်သည်ဟု မသတ်မှတ် နိုင်ပါ။ ဤသည်နှင့်ဆန့်ကျင်စွာ အမွေဆက်ခံမှုတွင် ဝေစုမှာသွေးဝေးသူထက် သွေးနီးသူက ပိုမိုထိုက်တန်လိမ့် မည်။ သို့ထိုက်တန်သည်ဆိုရာ၌ သွေးဝေးသူသည် ပို၍ဆင်းရဲကာ ပို၍လိုအပ်သူဖြစ်သည့်တိုင် သွေးနီးသူထံသို့ သာ အမွေဝေစုရောက်ရှိစေပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ဆွေမျိုးတော်စပ်မှုတွင် သွေးနီးစပ်မှုကို ဘေးဖယ်ကာ လိုအပ်ချက် (သို့) အချို့သောဆွေမျိုးသားချင်းများအတွက် ကောင်းကျိုး ဖြစ်စေမည်ဟူသော စံကို အသုံးပြုမည်ဆိုလျှင် ယင်းစံသည် စည်းမျဉ်းစည်းကမ်းတစ်ခု ဖြစ်မလာသကဲ့သို့ အခြေကျသည့် ခိုင်မာသောဥပဒေ တစ်ရပ်လည်း ဖြစ်မလာနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဆွေမျိုးတော်စပ်ခြင်း၌ သွေးနီးစပ်မှုစံမှအပ မည်သည့်စံမျှမတည်မြဲချေ။ အဘယ်ကြောင့်ဆိုသော် အခြားစံများသည် ထင်မြင်ယူဆချက် အပေါ် အခြေခံထားသောကြောင့် ယင်းစံသည် မလွဲမရှောင် ယာယီမျှသာဖြစ်ပေလိမ့်မည်။ ဆင်းရဲမှုနှင့် လိုအပ်မှု (သို့) အသုံးဝင်မှုတို့သည် အမြဲထာဝရမဟုတ်ကြချေ။ အခြေအနေများသည် ပြောင်းလဲပါသည်။ အဆင့်အတန်းများ သည် ပြောင်းလဲပါသည်။ ထိုကဲ့သို့သော အခြေအနေများအောက်၌ အမွေတောင်းခံမှုများ တသီတစ်တန်း ပေါ်ပေါက်လာကာ ဖြေရှင်းရန် တာဝန်ရှိသူများအတွက် ဆုံးဖြတ်ရန် ခက်ခဲသည့်အချိန် ဖြစ်လာလိမ့်မည်။

## ဖသက်ဆိုးမြေး၏ အမွေဆက်ခံခြင်း ပြဿနာ

အကယ်၍ ဤကုရ်အာန်ကျမ်းတော်မြတ်၏မူကို ရှင်းလင်းစွာနားလည်သဘောပေါက်ခဲ့ပါလျှင် အခြေ အမြစ်မရှိဘဲ အငြင်းပွားစရာကိစ္စဟု မှတ်ထင်ရသော ဖသက်ဆိုးမြေး၏ အမွေဆက်ခံခြင်းပြဿနာသည် ပြတ် သားတိကျသော ဆုံးဖြတ်ချက်အပေါ် အခြေခံထား၍ အလိုအလျောက် ရှင်းလင်းပြီးဖြစ်ပေသည်။ တစ်နည်းဆို

ရလျှင် အကယ်၍ ဖသက်ဆိုးမြေးသည် သားနှင့်ယှဉ်လျှင် ပို၍ချို့တဲ့သော်လည်း "အလ်အကရဗွန်" (သွေးချင်းနီးစပ်မှု) ဥပဒေအရဆိုလျှင် ၎င်းမြေးသည် အမွေဝေစု မတောင်းခံနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သားရှိနေခဲ့လျှင် ၎င်းမြေးသည် (သွေးချင်းနီးစပ်ဆုံး) မဟုတ်တော့ပါ။ မြေး၏လိုအပ်ချက်များကို အခြားအစီအစဉ်များလုပ်၍ ကြည့်ရှုစောင့်ရှောက်ရမည်။ ထိုကဲ့သို့သော အစီအစဉ်သည် နောက်လာမည့် အာယသ်တော်တွင် လာပါလိမ့်မည်။

ဤဘာသာရေးရပ်တည်မှုကို မည်သူမျှ မဆန့်ကျင်ဘဲ အနောက်တိုင်းဆန်၍ ခေတ်မီသောခေတ်ပြိုင်လူအချို့ကသာလျှင် ဆန့်ကျင်ကြပါသည်။ ထိုသူတို့မှအပ မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံးသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များက ရှင်းလင်းပြပြီးသော ထိုယုံကြည်မှုကို ဆုတ်ကိုင်ထားကြသည်။ ကွယ်လွန်သူတွင် သားကျန်ရစ်ခဲ့၍ မြေးသည် ၎င်းဘခင်သေဆုံးခဲ့လျှင်ဖြစ်စေ၊ အသက်ရှင်လျက်ဖြစ်စေ ရှိနေလျှင် ၎င်းမြေးသည် အမွေဆက်ခံခွင့် မရှိချေ။

## သေဆုံးသူပိုင်သမျှ အရာရာတိုင်းတွင် အမွေဆက်ခံပိုင်ခွင့် ရှိသည်

ဤအာယသ်တော်ပါစကားစု-**مِمَّا قَلَّ مِنْهُ اَوْ كَثُرَ** **"(အမွေ)ပစ္စည်းသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ"**က အချို့သောအရာများ(သို့) ပစ္စည်းဥစ္စာများသည် အထူးအမွေဆက်ခံသူများအတွက် သတ်မှတ်ထားသည်ဟု အချို့မသိနားမလည်သောသူများ ကျင့်သုံးသည့် အခြားဓလေ့ထုံးစံကို ပြုပြင်ထားသည်။ ပမာဆိုသော် မြင်း တစ်ကောင် (သို့) ဓားကဲ့သို့သော အချို့လက်နက်တို့သည် ငယ်ရွယ်ပျိုမြစ်သော ယောကျ်ားများက သာအမွေဆက်ခံပိုင်ခွင့်ရှိသည်ဟူသည်မျိုး ဖြစ်သည်။ အခြားသူများသည် ဤဆက်ခံပိုင်ခွင့်မှ လက်မဲ့ဖြစ်စေပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ဤကိစ္စနှင့်ပတ်သက်၍ အလွန်ရှင်းလင်းစွာ ညွှန်ကြားထားသည်မှာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သေဆုံးသူပိုင်ဆိုင်သမျှ အားလုံးတို့ကို အမွေဆက်ခံပိုင်ခွင့်ရှိသူအားလုံးက ရပိုင်ခွင့်ရှိသည်။ အမွေပစ္စည်း အလုံးစုံတို့ကို စည်းမျဉ်းဥပဒေများနှင့်အညီ မခွဲဝေမီ မည်သည့်အမွေစားအမွေခံတစ်ဦးကမျှ တစ်စုံတစ်ရာကို ၎င်းအတွက်သီးသန့်သိမ်းဆည်းထားခွင့်မရှိချေ။

## ပုံသေအမွေစုသည် အလ္လာဟ်အရှင်မြတ်က သတ်မှတ်ထားပြီးဖြစ်သည်

အာယသ်တော်(၇) ၏ နောက်ဆုံးစာပိုဒ်ဖြစ်သည့်-**نَصِيبًا مَّفْرُوضًا** **"သတ်မှတ်ပြဋ္ဌာန်းထားသော ဝေစုဝေပုံတစ်ရပ်)**သည် ကွဲပြားသောအမွေဆက်ခံသူများအတွက် မတူညီခြားနားသောဝေစုများ ပုံသေသတ်မှတ်ထားမှုကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ်ကထိုကဲ့သို့ပင်သတ်မှတ်ထားသည်ဟု အလေးအနက်ဖော်ပြထားသည်။ ပုံတူကောက်ချက်ချခြင်း (သို့) ပုဂ္ဂိုလ်ရေးဆိုင်ရာ ထင်မြင်ယူဆချက်တို့ဖြင့် မည်သူကမျှ ဤသတ်မှတ်ပြီးသော အမွေဝေစုရပိုင်ခွင့်ကို ထပ်ပေါင်းထည့်ခြင်းကိုဖြစ်စေ၊ လျော့နည်းစေခြင်းကိုဖြစ်စေ၊ လဲလှယ်ခြင်းကိုဖြစ်စေ၊ ပြောင်းလဲခြင်းကိုဖြစ်စေ စသည်တို့လုပ်ခွင့်မရှိချေ။

## အမွေဆက်ခံခြင်းသည် ပိုင်ဆိုင်မှုကို မပြုမနေရ လွှဲပြောင်းခြင်းတစ်ရပ်ဖြစ်သည်

a=V0^r<f^M– (မဖ်ရူဿွန်) (သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော) ဟူသည့် ဤထူးခြားသော စကားလုံးက အခြားမူတစ်ခုကို မီးမောင်းထိုးပြသည်။ ယင်းမှာ အမွေဆက်ခံခြင်းသည် အလိုအလျောက်နှင့် မပြုမနေရပင်ဖြစ်သည်။ ယင်းကိစ္စအတွက် အမွေဆက်ခံသူ၏ သဘောတူညီချက် (သို့) လက်ခံမှုမလိုအပ်သကဲ့သို့ ဤကိစ္စအတွက် ၎င်းကျေနပ်နှစ်သက်ရန်လည်း မလိုချေ။ စစ်မှန်သည့်အချက်ကား သူသည်သူ၏ အမွေဝေစုကို ယူလိမ့်မည်မဟုတ်ကြောင်း ရှင်းလင်းသည့် ကြေညာချက်တစ်ခုပြုလုပ်လျှင်ပင် ရှရီအသ်တရားတော်အမြင်အရ ၎င်းသည် သူ့အမွေစု၏ ပိုင်ရှင်ပင်ဖြစ်နေပေဦးမည်။ သို့သော်လည်း အကယ်၍ ၎င်းသည်အမွေဝေစု၏ ပိုင်ဆိုင်သူဖြစ်ပြီးနောက် ၎င်းကသူ၏ဝေစုကို လက်ထဲမထားလိုလျှင် ရှရီအသ်တရားတော်၏ စည်းမျဉ်းဥပဒေနှင့်အညီ တစ်စုံတစ်ဦးအား လက်ဆောင်ပေးခြင်းကိုဖြစ်စေ၊ ရောင်းချခြင်းကိုဖြစ်စေ၊ ဝေငှခြင်းတို့ကိုဖြစ်စေ ပြုလုပ်နိုင်သည်။

## အခြားသောဆွေမျိုးသားချင်းတို့ကို စာနာထောက်ထားခြင်း

ရှရီအသ်တရားတော်၏ စည်းမျဉ်းဥပဒေများအရ သေဆုံးသူ၏ အမွေမှဝေစုမရနိုင်သော ဆွေမျိုးသားချင်းအချို့ရှိသည်မှာ ဖြစ်နိုင်သည်။ တစ်ချိန်တည်းမှာ အမွေပုံဝေစုခွဲဝေခြင်းစနစ်၏ အသေးစိတ်များကို ဆွေမျိုးသားချင်းတိုင်း သိကြသည်မှာ ထင်ရှားပါသည်။ ယေဘုယျအနေဖြင့် အမွေပစ္စည်း၏ ဝေစုအချို့ကို ဆွေမျိုးတိုင်းက ရယူချင်ကြပါသည်။ ထို့ကြောင့် အစ္စလာမ့်အမွေခွဲဝေခြင်းဥပဒေ၏ ပြဋ္ဌာန်းချက်အရ ဖယ်ထုတ်ခံရသော ဆွေမျိုးသားချင်းများသည် ထိုအချိန်၌ ကိုယ်တိုင်ရှိနေကြသဖြင့် စိတ်လက်မချမ်းမသာဖြစ်ကြပါလိမ့်မည်။ ပိုဆိုးသည်မှာ ယင်းတို့အထဲ၌ ဖမဲ့ကလေးအချို့နှင့် ဆင်းရဲချို့တဲ့သူအချို့ ပါဝင်ကြပါလိမ့်မည်။ အခြားသော ဆွေမျိုးသားချင်းများ အမွေဝေစုဝေပုံကျရ၍ ထွက်ခွာသွားသောအခါ ၎င်းတို့က ကြည့်နေရုံမျှ ကြည့်နေရခြင်း မြင်ကွင်းကား ဆိုးဝါးလှပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ကိစ္စရပ်များစီစဉ်မှုတွင် လှပ၍ နူးညံ့သိမ်မွေ့မှုကို ယခုကြည့်ကြစို့။ တစ်ဖက်တွင် သွေးနီးစပ်သူများသည် သွေးဝေးသူများကို ဖယ်ထုတ်လိမ့်မည်ဟူသည့် ကုရ်အာန်ကျမ်းတော်မြတ်က ပေးထားသောမျှတသည့် တရားဥပဒေရှိပေသည်။ အခြားတစ်ဖက်တွင်မူ "သွေးဝေ၍ ဖယ်ထုတ်ခြင်းခံရသောသူများ" ၏ စိတ်လက်မချမ်းမသာဖြစ်မှုအတွက် အံ့ဩဖွယ်ပူပင်သောကရှိပေသည်။ ထို့ကြောင့် ဤအခြေအနေကို မည်သို့ကိုင်တွယ်ရမည်ဆိုသည့် လိုအပ်သောညွှန်ကြားချက်မှာ အာယသ်တော်(၈)တွင်ပါဝင်သည်။

وَاِذَا حَضَرَ الْقِسْمَةَ اُولُوا الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنُ فَارْزُقُوْهُمْ مِّنْهُ وَقُوْلُوْا لَهُمْ قَوْلًا مَّعْرُوْفًا

ဆိုလိုသည်မှာ အမွေဝေစုရခြင်းမှ ဖယ်ထုတ်ခံရသော သွေးဝေးဆွေမျိုးများဖြစ်သည့် ဖတဆိုးများနှင့် ချို့တဲ့သူများသည် အမွေခွဲဝေချိန်၌ ရှိနေခဲ့ပါလျှင် အမွေဝေစုရသည့်သူများသည် မိမိရသည့်ဝေစုမှ ကိုယ့်အသိ

စိတ်နှင့်ကိုယ် ၎င်းတို့အား ပေးခြင်းသည် ကိုယ်ကျင့် တရားအရ တာဝန်ဖြစ်ပေသည်။ ယင်းသို့ပေးကမ်းခြင်းသည် လျှဒါန်းခြင်းအပြုအမူဖြစ်၍ အလ္လာဟ်အရှင်မြတ်ထံမှ ဆုလာဘ်ရရှိသည့်နည်းတစ်ရပ်ပင်ဖြစ်သည်။ ၎င်းတို့ ကြိုးပမ်းလုပ်ဆောင်မှုမရှိဘဲ အလ္လာဟ်အရှင်မြတ်၏ အသနားတော်သက်သက်ဖြင့် ဥစ္စာဓနများရရှိသော ဤကဲ့သို့ သောအချိန်အခါမျိုးတွင် အလ္လာဟ်အရှင်မြတ်လမ်းတော် အတွက်ဟု ရည်စူး၍ တတ်နိုင်သမျှပေးကမ်းရန်အတွက် ၎င်းတို့နှလုံးသားတွင် ဆန္ဒပြင်းပြနေသင့်သည်။ ယင်းကဲ့သို့သော ဥပမာတစ်ခုကို နောက်အခြား အာယသ်တော် ဖြစ်သော (အလ်အန်အမ် ၆း၁၄၁) တွင် ပါဝင်၍ အောက်ပါအတိုင်း ဖော်ပြထားသည်။

كُلُوا مِنْ ثَمَرِهِۦٓ إِذَآ أَثْمَرَ وَءَاتُوا حَقَّهُۥ يَوْمَ حَصَادِهِۦ

**“အသင်တို့သည် ယင်းအပင်များ၏ အသီးအနှံများကို သီးပွင့်သောအခါ စားသုံးကြလေကုန်။ ထို့ပြင်တစ်ဝ အသင်တို့သည် ၎င်းအသီးအနှံများ ဆွတ်ခူးရိတ်သိမ်းသောနေ့တွင် ၎င်း (အသီးအနှံများနှင့် စပ်လျဉ်း၍ တရားတော်က ပြဋ္ဌာန်းထားသော) တာဝန်ကို ပေးဆပ်ကြလေကုန်။”**

အချုပ်မှာ အမွေခွဲဝေသည့်အချိန်တွင် သွေးဝေးသည့် ဆွေမျိုးသားချင်းများဖြစ်သော ဖတဆိုးများနှင့် ဆင်းရဲသူများ စုရုံးရောက်ရှိလာခြင်းကို ကသိကအောက်ဖြစ်စေခြင်းအကြောင်းဟု မမှတ်ယူသင့်ချေ။ ဤသည်နှင့် ဆန့်ကျင်၍ မိမိဘာမျှ မလုပ်ဆောင်ရဘဲ အလ္လာဟ်အရှင်မြတ်ချီးမြှင့်ပေးအပ်မှုကြောင့် ရရှိခြင်းကို ကျေးဇူးတင် သည့်အနေဖြင့် မိမိရရှိသည်အထဲမှ အချို့အဝက်ကို ပေးကမ်းခြင်းသည် မွန်မြတ်ပေလိမ့်မည်။ မိမိရရှိသည်မှ အနည်းငယ်ပေးကမ်းခြင်းအားဖြင့် ဤသူများရင်ဆိုင်ကြုံတွေ့သည့် လက်မဲ့ဖြစ်ခြင်းခံစားမှုကို ပြေဖျောက်စေခြင်း သည် အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသော အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရပေမည်။ ဤလုပ်ရပ်တွင် အမွေဝေစုမှ ဖယ်ထုတ်ခြင်းခံရသော သေဆုံးသူ၏ မြေးသည်လည်း အကျုံးဝင်ပေမည်။

ဖတဆိုးကလေး၏ ဦးလေးများနှင့် အဖေဘက်မှ တော်စပ်သောအဒေါ်များတို့သည် ၎င်းတို့၏ဝေစုများထဲမှ အချို့အဝက်ကို ကလေးအားပေးရခြင်းကြောင့် အမှန်ကျေနပ်နှစ်သိမ့်သင့်ပေသည်။

အာယသ်တော်(၈)အဆုံးတွင်ရှိသော အဓိန့်တော်-**وَقُولُوا لَهُمْ قَوْلًا مَّعْرُوفًا “၎င်းပြင် အသင်တို့သည် ထိုသူတို့အား ကောင်းမွန်စွာ ပြောဆိုကြလေကုန်”** က လမ်းညွှန်ချက်ပေးသည်မှာ အမွေဝေစုရှင်တို့ ပေးကမ်း၍ အချို့အဝက်ရသော သွေးဝေးသူများသည် ၎င်းတို့ရရှိသည့် အရေ အတွက်နှင့် အနေအထားကို မရောင့်ရဲဘဲ အခြားသူများသို့ အမွေဝေစုတောင်းခံလာခဲ့ပါက ဤတောင်းခံမှုသည် တရားမျှတမှုမရှိဘဲ ရှရီအသ်တရားတော်နှင့်လည်း ဆန့်ကျင်သည်။ ယင်းကိုကျေနပ်ရောင့်ရဲစေရန် နည်းလမ်းမရှိချေ။ သို့သော်လည်း ၎င်းတို့ကို ထိခိုက်နစ်နာမည့် ရိုင်းစိုင်းမှုနှင့်ဆက်ဆံရမည့်အစား ရှရီအသ်တရားတော်၏ စစ်မှန်သော စည်းမျဉ်းစည်းကမ်းအရဆိုလျှင် ၎င်းတို့အား ယဉ်ကျေးသိမ်မွေ့စွာရှင်းလင်းတင်ပြသင့်ပေသည်။ အစ္စလာမ့်ဥပဒေ စည်းမျဉ်းစည်းကမ်းအရ အမွေခွဲဝေမှုတွင် ၎င်းတို့အတွက် သတ်မှတ်ချက်အဖြစ် အမွေဝေစုမရှိပါ။ ၎င်းတို့အား အမွေရှင်များကပေးအပ်သည်တို့မှာ လက်ဆောင်အဖြစ်ပေးအပ်ခြင်းသာဖြစ်သည်ဟု ၎င်းတို့အားပြောနိုင်ပါသည်။ ဤနေရာတွင်ထိုသူများကို လက်ဆောင်(သို့)အလျှဒါနပြုခြင်းသည် အမွေပစ္စည်းအလုံးစုံထဲမှ မဖြစ်စေရ ဟူသည်ကိုကား သေချာစေရပေမည်။ ဤနေရာတွင် အလျှဒါနသည် အရွယ်ရောက်ပြီးသူဖြစ်၍ အမွေခွဲဝေစဉ်

ကိုယ်တိုင်ရှိနေသူဖြစ်ရန် အရေးကြီးသည်။ အရွယ်မရောက်သေးသူနှင့် အမွေခွဲဝေချိန် မရှိသူ၏ဝေစုမှ ယင်းကဲ့သို့ လက်ဆောင်အဖြစ်ပေးခြင်းကို ရှရီအသ်တရားတော်က ခွင့်မပြုချေ။

## အမွေများခွဲဝေချိန်တွင် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကုန်

တတိယအာယသ်တော်(၉)က ယေဘုယျအနေဖြင့် မုစ်လင်မ်များအား ဦးတည်မိန့်ကြားသည်မှာ သေဆုံးသူ၏ အမွေပစ္စည်းများသည် ၎င်းတို့သားသမီးများထံ မျှတ၍ ပြည့်ဝစွာရောက်ရှိစေရန် နှိုးဆော်ထားသည်။ ၎င်းတို့သည် ကလေးငယ်များ၏ ဝေစုဝေပုံကို ထိခိုက်စေမည့် လုပ်နည်းလုပ်ဟန်မှ ရှောင်ကြဉ်ရမည်။ မုစ်လင်မ် တစ်ဦးသည် သေတမ်းစာပြုလုပ်ခြင်းကိုလည်းကောင်း၊ ဥစ္စာပစ္စည်းများကို ဖယ်ရှားရှင်းလင်းခြင်းကြောင့် ၎င်း၏ သားသမီးများနှင့် အခြားအမွေဆက်ခံသူများကိုနစ်နာစေခြင်း၊ ဆုံးရှုံးစေခြင်းကိုလည်းကောင်း ပြုလုပ်သည်ကို တစ်စုံတစ်ဦးမြင်ရက ယင်းမြင်သူသည် မည်သို့ပြုမူရမည်ဆိုခြင်းမှာ အာယသ်တော်၏ ဆိုလိုရင်းဖြစ်သည်။ သို့ဆိုလျှင် မြင်တွေ့သူသည် သေတမ်းစာပြုလုပ်ခြင်း(သို့)ဖယ်ရှားရှင်းလင်းခြင်းများကို မလုပ်ဆောင်ရန် ရပ်ဆိုင်းစေရမည်။ တမန်တော်မြတ်ﷺသခင်က စိုက်ယိဒနာ စအဒ်အိဗ်နိအဗီဝကားစ္ဂ်ﷺသခင်အား ရပ်ဆိုင်းစေသကဲ့သို့နည်းဖြင့် ရပ်ဆိုင်းစေရမည်။ စိုက်ယိဒနာ စအဒ်အိဗ်နိအဗီဝကားစ္ဂ်ﷺသခင်က ၎င်းပိုင်ပစ္စည်းအားလုံး(သို့) တစ်ဝက်ကို (ဆွဒကဟ်) အလျှဒါနအဖြစ် ပေးလျှမည်ဟုပြောရာ ကိုယ်တော်မြတ်ﷺ သခင်က သုံးပုံတစ်ပုံသာလျှင် လျှဒါန်းပေးကမ်းရန် ခွင့်ပြုခဲ့သည်။ **(မစ်ရှ်ကတ်၊ ဘာဗွလ်ဝစာယာ၊ စာ-၂၆၅)** အဘယ်ကြောင့်ဆိုသော် အကယ်၍ ဥစ္စာပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်ဝက်ကိုဖြစ်စေ လျှဒါန်းပေးကမ်းခဲ့လျှင် အမွေဆက်ခံသူ၏ ဝေစုသည် လုံးဝမရခြင်း (သို့) လျော့နည်းသွားခြင်း ဖြစ်ပေလိမ့်မည်။

အာယသ်တော်၏ ယေဘုယျဆိုလိုရင်းတွင်အကျုံးဝင်သည်မှာ ဘမဲ့ကလေးငယ်များကို အုပ်ထိန်းသူများသည် ၎င်းတို့၏ဥစ္စာပစ္စည်းများကို ကာကွယ်စောင့်ရှောက်၍ အရွယ်ရောက်ရင့်ကျက်လာသောအခါ အပြည့်အဝ ပေးအပ်ရမည်ဟုဆိုခြင်းဖြစ်သည်။ အုပ်ထိမ်းသူများသည် ဤယုံမှတ်အပ်နှံသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် ဒုက္ခခံသင့်ပေသည်။ ထို့ပြင်အုပ်ထိန်းသူများ၏ တာဝန်ကိုထိခိုက်စေမည့် စိုးစဉ်းမျှသော လျစ်လျူရှုမှု မရှိရချေ။ အကယ်၍ အုပ်ထိန်းသူများသည် ၎င်းတို့မရှိတော့သည်အခါ မိမိကလေးငယ်များအား ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်စေလိုသော ဆန္ဒမျိုးရှိမည်ဆိုလျှင် (မတရားမှုများ၊ ဘေးအန္တရာယ်များ ကင်းရှင်း၍) သူတစ်ပါး၏ ဖမဲ့သားသမီးများကို ထိုနည်းအတိုင်း ကြည့်ရှုစောင့်ရှောက်ရပေမည်။

## ဖမဲ့ကလေးများ၏ ပိုင်ဆိုင်ပစ္စည်းကို အလွဲသုံးစားပြုခြင်း

စတုတ္ထအာယသ်တော်ဖြစ်သော အာယသ် (၁၀)ထဲတွင် ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို တရားမဝင် အသုံးချခြင်းကိုလည်းကောင်း၊ တစ်တိတစ်တိကဲ့ယူခြင်းကိုလည်းကောင်း စသော လုပ်ဆောင်မှုများအတွက် ပြင်းထန်သော သတိပေးချက်ပါဝင်သည်။ **"မုချကေန် အကြင်သူများသည် ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြ၏။ မုချကေန် ထိုသူများသည် မိမိတို့ဝမ်းတွင်းသို့ (မီးကျီးခဲ) ကို**

**သာလျှင် (ထည့်သွင်း) စားသုံးကြ၏။ ၎င်းပြင်ထိုသူ များသည် မကြာမြင့်မီအတွင်း အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲသို့သက်ဆင်းဝင်ရောက် လာကြရပေမည်”** ဟု ကြေညာထားသည်။ ဤအာယသ်တော်က ဖမဲ့ကလေးများ၏ ပစ္စည်းဥစ္စာကို ဂျဟန္နမ်မီးနှင့်တူညီသည်ဟုဖော်ပြထားသည်။ မြောက်များစွာသော ဋီကာရှင်များက ဤတင်စားမှုကို အဓိပ္ပာယ်ပြန်ထားသည်။ ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းကို မတရားစားသုံးခြင်းသည် လူတစ်ဦးဝမ်းပိုက်ထဲသို့ မီးကျီမီးခဲ သွတ်သွင်းသည်နှင့် တူညီသည်။ အဘယ်ကြောင့် ဆိုသော် နောင်တမလွန်ဘဝ၌ဤအတိုင်းပင် ၎င်းဖြစ်ပေလိမ့်မည်။ သို့သော်လည်း အချို့သော နက်နက်နဲနဲ ထိုးကွင်းသိမြင်၍ သက်သေသာဓကရှိသူများကမူ ဤစကားအား တင်စားမှုအချို့ရှိသည်ဟု မထောက်ခံချေ။ ၎င်းတို့အဆိုအရ ဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းကို မတရားစားသုံးခြင်းသည် စားသုံးခြိန်၌ မီးကျီးခဲနှင့်မတူသော်လည်း စင်စစ် မီးကျီးခဲမှအပ ဘာမျှမဖြစ်နိုင်ပါ။ ဤသည်မှာ တစ်စုံတစ်ဦးက ၎င်းလက်ထဲရှိ မီးခြစ်ဗူးသည် မီး(သို့)အဆိပ် (သို့) သေစေသည့်အရာဟုပြောခြင်းနှင့် အလားသဏ္ဌာန်တူသည်။ ထင်ရှားသည်မှာ မီးခြစ်ဗူးကိုကိုင်ထားရုံမျှဖြင့် လက်ကိုလည်း မလောင်ကျွမ်းနိုင်၊ အဆိပ်ကလည်းကိုင်ထားရုံမျှဖြင့် မသေစေနိုင်ပါ။ သို့သော်လည်းအနည်းငယ်မျှ မီးခြစ်လိုက်လျှင် မီးခြစ်ဗူးကား မီးဟုခေါ်သူက မှန်ပေလိမ့်မည်။ အလားတူပင် အဆိပ်သည် လည်ချောင်းမှ အောက်ဆင်းသွားလိုက်လျှင် အဆိပ်ကိုသေစေသည့်အရာဟု ပြောသူမှန်ပေလိမ့် မည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ယေဘုယျခြုံငုံသုံးသပ်ချက်အရလည်း ဤရှုမြင်ချက်ကိုထောက်ခံသည်။ လူသားလုပ်ဆောင်သမျှ ကောင်းမှုမကောင်းမှုများသည် သစ်ပင်များဖြစ်ကြကာ ဂျန္နသ်သုခဘုံ၏ ပန်းမန်သစ်သီးဝလံအဖြစ်လည်းကောင်း၊ ဂျဟန္နမ်ငရဲမီး၏ မီးကျီးခဲအဖြစ်လည်းကောင်းဖြစ်ကြပေမည်။ ဤနေရာ၌ ၎င်းတို့၏ အသွင်သဏ္ဌာန်ကွဲပြားကြသော်လည်း ကိယာမသ်တရားစီရင်မည့်နေ့၌ ယင်းတို့၏ပုံသဏ္ဌာန်အစစ်အမှန်မှာပြောင်းလဲ၍ ပေါ်ထွက်လာလိမ့်မည်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်က **وَوَجَدُوْا مَا عَمِلُوْا حَاضِرًا “ထိုမှ တစ်ပါး ၎င်းတို့သည် မိမိတို့ကျင့်မူခဲ့သမျှတို့ကိုလည်း (မိမိတို့) ရှေ့ဝယ် အသင့်ရောက်ရှိနေသည်ကို တွေ့ရှိကြရပေမည်” (ကဟဖ်၊ ၁၈း၄၉)** ဟု မိန့်ကြားထားသည်။ တစ်နည်းဆိုရလျှင် ၎င်းတို့တွေ့ရှိကြရမည့် ပြစ်ဒဏ်ပေးခြင်းနှင့် ဆုလာဘ်ပေးခြင်းကို ၎င်းတို့မြင်တွေ့ရပေလိမ့်မည်။ စင်စစ်၎င်းတို့၏ လုပ်ရပ်များ၏ရလဒ်ပင် ဖြစ်သည်။

အချို့ဆင့်ပြန်ချက်များထဲတွင် ပါရှိသည်မှာ ဖမဲ့ကလေး၏ ဥစ္စာပစ္စည်းကို မတရားသဖြင့် စားသုံးသူတို့သည် ကိယာမသ် တရားစီရင်မည့်နေ့၌ ၎င်းတို့ကိုယ်ခန္ဓာအတွင်းမှ မီးတောက်မီးလျှံများသည် ပါးစပ်များ၊ နှာခေါင်းများ၊ နားများနှင့် မျက်စိများမှတစ်ဆင့် ပေါ်ထွက်နေသည့်အနေအထားဖြင့် ပြန်လည်ရှင်ပြန်ထရပါလိမ့်မည်။

ထို့နောက်တမန်တော်မြတ်ﷺ သခင် မိန့်ကြားတော်မူသည်မှာ ကိယာမသ်နေ့၌ လူတစ်ဦးသည် ၎င်းတို့၏ ပါးစပ်များမှ မီးတောက်မီးလျှံများထွက်နေသည့်အဖြစ်နှင့် ရှင်ပြန်ထရလိမ့်မည်။ ကိုယ်တော်မြတ်၏ ဆွေတော်မျိုးများက ၎င်းသူတို့သည် မည်သူများဖြစ်နိုင်ကြပါမည်နည်းဟု မေးလျှောက်ခဲ့ကြသည်။ တမန်တော်မြတ်ﷺ မိန့်ကြားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏- **اِنَّ الَّذِيْنَ يَاْكُلُوْنَ اَمْوَالَ الْيَتٰمٰى ظُلْمًا “မုချဧကန် အကြောင်သူများသည် ဖမဲ့ကလေး များ၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြ၏”** ဟူသည်ကို သင်တို့မဖတ်ဘူးကြသလော။ **(အိဗ်နိကဆီး၏၊ အတွဲ-၁၊ စာ-၄၅၆)**

ဤအာယသ်တော်ဆိုလိုရင်း အကျဉ်းချုပ်မှာ ထိုအချိန်တွင် မခံစားရသည့်တိုင် ဖမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းကို မတရားသဖြင့် စားသုံးသူသည် စင်စစ်ဂျဟန္နမ်ငရဲ၏ မီးကျီးခဲကို စားနေခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် ဤကိစ္စနှင့်ပတ်သက်၍ အလွန်တင်းတင်းကြပ်ကြပ် ဂရုပြုစေရန် အလွန်ရှင်းလင်းသည့် ညွှန်ကြားချက်များ ပေးခဲ့ပါသည်။ စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်﴿ﷺ﴾ သခင် ဆင့်ပြန်ခဲ့သည် တမန်တော်မြတ်﴿ﷺ﴾ မိန့်ကြားခဲ့သည်မှာ-**أُحَرِّجُ مَالَ الضَّعِيْفَيْنِ الْمَرْأَةَ وَالْيَتِيْمِ (အားနွဲ့သောသူနှစ်ဦးဖြစ်ကြသည့် အမျိုးသမီးများနှင့်ဖမဲ့ကလေးတို့၏ဥစ္စာပစ္စည်းမှ အသင်တို့ရှောင်ရှားရန် ကျွန်ုပ်သတိပေးသည်။) (အိဗ်နိကဆီး၌၊ အတွဲ-၁၊ စာ-၄၅၆)**

ဤနေရာတွင် ပြန်လည်သုံးသပ်ချက်ကပြသည်မှာ စူရဟ်အလ်နိစာအ်၏ ပထမပါဒတစ်ခုလုံးသည် ဖမဲ့ကလေးများနှင့် ပတ်သက်သောအမိန့်ပညတ်ချက်များ ပါဝင်ကြောင်းပင်ဖြစ်သည်။ ယင်းပညတ်ချက်များက ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် မိန့်မှာထားသည်။ ၎င်းတို့ပိုင်ပစ္စည်းများကို မိမိပိုင်ပစ္စည်းများကဲ့သို့ ထိပါးခြင်း (လက်ဝါးကြီးအုပ်ခြင်းမှ) ရှောင်ကြဉ်ရန်နှင့် ဖမဲ့ကလေးများ၏ အမွေပုံမှ ဝေစုရရှိသည့်ပစ္စည်းများကို ၎င်းတို့အားပြန်လည်ပေးအပ်ရန်တို့မှာကြားသည်။ ထို့နောက်ယင်းအမိန့်ပညတ်ချက်များကပင် ဖမဲ့ကလေးများ ရင့်ကျက်ကြီးပြင်းကာ ၎င်းတို့ပစ္စည်း ၎င်းတို့ထိန်းသိမ်းမှုအောက်ရောက်သွားမည်စိုး၍ ဖမဲ့ကလေးများ၏ ပစ္စည်းများကို မြန်မြန်ထက်ထက် သုံးစွဲပစ်လိုက်ခြင်းကိုလည်းကောင်း၊ ဖမဲ့မိန်းကလေးများအား မဟရ်ဒွေခန်းဝင်ကြေးအနည်းငယ်ဖြင့် လက်ထပ်ထိမ်းမြားခြင်းကိုလည်းကောင်း၊ ၎င်းတို့ပိုင်ပစ္စည်းဥစ္စာများကို အလွဲသုံးစားပြုခြင်းကိုလည်းကောင်း တားမြစ်ထားသည်။ အဆုံးတွင် မူရင်းစာသားက မိန့်ကြားသည်မှာ ဖမဲ့ကလေး၏ ဥစ္စာပစ္စည်းကို မတရားစားသုံးခြင်းသည် ဝမ်းဗိုက်တွင် မီးကျီးခဲဖြင့်ဖြည့်ခြင်းနှင့်တူသည်ဟု မိန့်ထားသည်။ အဘယ်ကြောင့်ဆိုသော် သေဆုံးပြီးနောက်ယင်းသူတို့သည် ၎င်းတို့၏ဝမ်းဗိုက်တွင် မီးကျီးခဲဖြင့်ဖြည့်ခြင်းဖြင့် ပြစ်ဒဏ်ပေးခံရပါလိမ့်မည်။ (ယအ်ကုလုန) ဆိုသည်စကားလုံးသုံးစွဲထားခြင်းနှင့် ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို သုံးဖြုန်းပစ်သူများအား သတိပေးထားခြင်းတို့ကို မှတ်သားပါ။ ဆိုလိုသည်မှာ ဖမဲ့ကလေးတို့၏ ပစ္စည်းများကို စားခြင်း၊ သောက်ခြင်း၊ သုံးစွဲခြင်း၊ အသုံးချခြင်း စသည့်မည်သည့်နည်းဖြင့် သုံးသည်ဖြစ်စေ ယင်းတို့သည်လုံးဝမတရားပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏အမျက်တော်ရှစေမည့် သေချာသောအကြောင်းရင်းတစ်ခုလည်းဖြစ်သည်။ မည်သည့် အခွင့်အရေးမျှမရှိဘဲ တစ်ပါးသူပိုင်ဆိုင်သည်ကို မတရားသဖြင့် သုံးစွဲခြင်းအတွက် အပြစ်ဒဏ်ပေးရာတွင် သုံးစွဲနည်းအလုံးစုံပါဝင်သည်။

တစ်စုံတစ်ဦးသေဆုံးလျှင် အမွေဆက်ခံသူတိုင်း၏ ရပိုင်ခွင့်သည် သေဆုံးသူပိုင် အကြီးအသေးတိုင်းနှင့် ဆက်စပ်ပတ်သက်ပေသည်။ သေဆုံးသူ၏ အရွယ်မရောက်သေးသော သားသမီးများသည် ဖမဲ့ကလေးများဖြစ်သွားသည်ဆိုသည်မှာ ကြေကွဲဝမ်းနည်းစရာပင်ဖြစ်သည်။ များသောအားဖြင့် အိမ်တိုင်းအိမ်တိုင်း၌ ထိုကဲ့သို့သောကလေးများသည် မတရားမှုနှင့် လွန်ကဲမှုကို အတိုင်းအတာတစ်ရပ်အထိ ရင်ဆိုင်ကြရပါသည်။ ၎င်းပြင်ဤကလေးတို့၏ ဖခင်သေဆုံးပြီးနောက် ၎င်းတို့ပစ္စည်းဥစ္စာများကို ထိမ်းချုပ်မှုရယူသူတိုင်းသည် ဦးလေးဖြစ်စေ၊ အစ်ကို အကြီးဆုံးဖြစ်စေ၊ မိခင်ဖြစ်စေ၊ အချို့သောအုပ်ထိန်းသူဖြစ်စေယုံမှတ်အပ်နှံခံရသူဖြစ်စေ၎င်းတို့သည် ဤပါဒထဲတွင် တားမြစ်ထားသည်များကို လုပ်ဆောင်ကြပါသည်။ စရမည်ဆိုလျှင် ၎င်းတို့သည်အမွေခွဲဝေခြင်းကို နှစ်တော်တော်ကြာရွှေ့ဆိုင်းခြင်း၊ ဤကလေးများအပေါ် ကျွေးမွေးခြင်းနှင့် အဝတ်အစားဆင်ယင်ခြင်းတို့ကို ဟိုနည်းနည်း

ဒီနည်းနည်းမျှသာ သုံးစွဲစေကြသည်။ ထို့နောက် ၎င်းတို့သည် ဤပူးတွဲထိန်းသိမ်းထားသည် ဥစ္စာပစ္စည်းများကို လက်လွတ်စပယ်သုံးစွဲနိုင်ရန်အတွက် ဘာသာရေးအရ လက်မခံနိုင်သော ကျင့်သုံးမှုများ ဓလေ့ထုံးစံများနှင့် အလဟဿဖြစ်စေသည့် သုံးစွဲမှုခေါင်းစဉ်တပ်၍ စာရင်းဖွင့်ကြသည်။ ၎င်းတို့သည် ကိုယ်ကျိုးအတွက် သုံးစွဲလာကာ တရားဝင်စာချုပ်စာတမ်းများ၌ ဖမဲ့ကလေးများနေရာတွင် ၎င်းတို့၏ သားသမီးအမည်ပင် ထည့်သွင်းလုပ်ဆောင်လာခဲ့ကြပါသည်။ ဤကဲ့သို့သော ထိခိုက်သည့်ကိစ္စများနှင့် လွတ်ကင်းသည့်အိမ်ကား ရှာမှရှားပင်ဖြစ်သည်။

ဘာသာရေးကျောင်းများနှင့် မိဘမဲ့ဂေဟာများရှိ ဖမဲ့ကလေးများကို အလှူအတန်းပြုရာတွင် ၎င်းတို့အတွက်သာ သုံးစွဲရမည်။ ဤအလှူငွေများကို ဖမဲ့ကလေးများအတွက် မသုံးစွဲခြင်းသည် ဖမဲ့ကလေးပိုင်ပစ္စည်းဥစ္စာများကို စားသုံးပစ်ခြင်းတစ်နည်းဖြစ်သည်။

## ဥပဒေသ

၁။ အမွေတွင်သေဆုံးသူပိုင်ဆိုင်သည့် အရာအားလုံးပါဝင်၍ သေဆုံးသူကိုယ်ပေါ်တွင်ဝတ်ဆင်ထားသော အဝတ်အစားများပင် အကျုံးဝင်သည်။ ယင်းအဝတ်အစားများသည် သေဆုံးသူပိုင်ဆိုင်၍ ချန်ရစ်ခဲ့သည်ကို သတိမမူမိဘဲ လူအများကလှူဒါန်းပေးကမ်းပစ်လိုက်ကြပါသည်။ တရားနည်းလမ်းအတိုင်း ပစ္စည်းအလုံးစုံကို မခွဲဝေမီကပင် သေဆုံးသူ၏ကြေးထည်အသုံးအဆောင်ပစ္စည်းများကို မရှိဆင်းရဲသားတို့အား ပေးပစ်လိုက်သော နေရာများပင်ရှိသည်။ ယင်းပစ္စည်းများသည် အမွေဆက်ခံသူများအနက် အရွယ်မရောက်သေးသောကလေးနှင့်ထို အခြိန်၌မရှိကြသော အမွေရှင်များကလည်း ထိုပစ္စည်းများကို ပိုင်ဆိုင်ပါသည်။ မှန်ကန်သောနည်းလမ်းကား အမွေနှင့်ပတ်သက်သော အစ္စလာမ့်တရားဥပဒေပြဋ္ဌာန်းချက်နှင့်အညီ သားသမီးများ၊ ဇနီးများ၊ မိဘများ၊ ညီမအစ်မများနှင့် မည်သူမဆိုတို့အား ၎င်းတို့ရသင့်သည်တို့ကို ဦးစွာပထမခွဲဝေပေးရမည်။ ဝေစုရှင်များဆီသို့ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုရောက်သည်နှင့် တစ်ပြိုင်နက် အကယ်၍ ၎င်းတို့ဆန္ဒရှိလျှင် သေဆုံးသူအတွက်ရည်စူး၍ ပစ္စည်းအချို့ကို အလှူအတန်းလုပ်နိုင်သည်။ အကယ်၍ ထိုအမွေဝေစုရရှိထားသူများသည် ပူးတွဲအလှူဒါနပြုလုပ်လိုပါက ၎င်းတို့အားလုံး အရွယ်ရောက်ပြီးဖြစ်ရမည်။ အဘယ်ကြောင့်ဆိုသော် အရွယ်မရောက်သေးသူ၏ ခွင့်ပြုချက်သည် တရားမဝင်အတည်မဖြစ်ပါ။ အမွေခွဲစဉ်မရှိသောသူနှင့် ပတ်သက်လာလျှင် ၎င်းတို့၏ ခွင့်ပြုချက်မပါလျှင် ၎င်းတို့အမွေဝေစုမှ ဘာမျှယူ၍မရပါ။

၂။ သေဆုံးသူအား သချိုင်းသို့ သယ်ဆောင်သွားရာတွင် ဂျနာဇာပေါ်၌ ဖုံးလွှမ်းထားသော အဝတ်သည် ကဖန်ထုတ်ရာတွင် ထည့်သွင်းရမည့်လိုအပ်သော အစိတ်အပိုင်းမဟုတ်ချေ။ ယင်းအဝတ်ကို သေဆုံးသူ၏ ကျန်ရစ်ပစ္စည်းများနှင့် ဝယ်ခွင့်မရှိချေ။ အဘယ်ကြောင့်ဆိုသော် ယင်းကျန်ရစ်ပစ္စည်းများသည် အမွေဆိုင်များပူးတွဲသက်ဆိုင်သောကြောင့်ဖြစ်သည်။ သို့သော်လည်း အကယ်၍ တစ်စုံတစ်ဦးက ထိုကုန်ကျစရိတ်ကို ကျခံမည်ဆိုပါက လုပ်ပိုင်ခွင့်ရှိသည်။ ကဖန်အတွက်ဝယ်ထားသော အဝတ်စမှ ဂျနာဇာဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် ရှေ့ဆောင်အဖြစ်ဆောင်ရွက်သော အိမာမ်ကို ဇာနမာဇ် (အခင်း) အဖြစ်အသုံးပြုရန်ဖြတ်ထုတ်သည်။ နောက်ပိုင်းတွင် အီမာမ်သို့ ထိုဇာနမာဇ် (အခင်း)ကိုပေးလိုက်သည်။ ထိုဇာနမာဇ်(အခင်း)ကြောင့် စရိတ်သည် ကဖန်အဝတ်လိုအပ်ချက်စရိတ်ထက်ပိုသွားသည်။ သို့အပိုဝယ်ခြင်းသည် အမွေဆိုင်များယခုတိုင်ပူးတွဲ ပိုင်ဆိုင်နေခြင်းကြောင့် ခွင့်မပြုချေ။

၃။ အချို့သောနယ်မြေတို့၌ သေဆုံးသူအားရေချိုးပေးရန်အတွက် အသုံးအဆောင်ပစ္စည်းအသစ်များ ဝယ်ခြမ်းကာ သုံးစွဲပြီးနောက် ယင်းတို့ကို ချိုးဖဲ့ဖျက်ဆီးပစ်လိုက်သည်။ ဦးစွာပထမ ပစ္စည်းအသစ်များဝယ်ရန်မလို။ ရေချိုးရန်အိမ်တွင်းရှိ သုံးစွဲနေသည့်ပစ္စည်းများနှင့် လုပ်နိုင်ပါသည်။ ထို့နောက် အကြောင်းကြောင်းကြောင့် ဝယ်ရမည်ဆိုလျှင်လည်း သုံးစွဲပြီးလျှင် ယင်းတို့ကို ဖျက်ဆီးခြင်း ခွင့်မပြုချေ။ ယင်းသို့လုပ်ခြင်းသည် ဥစ္စာပစ္စည်းဖြုန်းတီးခြင်းပြုသည်သာမက ပစ္စည်းအလုံးစုံအပေါ်၌ ရပိုင်ခွင့်ရှိသော မျက်ကွယ်ရှိနေသည့်အမွေဆိုင်နှင့် ဖမဲ့ကလေးများတို့အား ဆုံးရှုံးမှုဖြစ်စေသည်ဟုလည်း အဓိပ္ပာယ်သက်ရောက်သည်။

၄။ အမွေခွဲဝေခြင်းမပြုမီ ဧည့်သည်များအား ဧည့်ခံခြင်း (သို့) အလှူအတန်းပြုခြင်းစသော ကုန်ကျမှုများအတွက်လည်း လုံးဝသုံးစွဲခွင့်မရှိချေ။ ထိုကဲ့သို့ အလှူအတန်းပြုလုပ်ခြင်းသည် သေဆုံးသူအတွက် မည်သည့်ထူးမြတ်ခြင်းသော်လည်းကောင်း၊ အကျိုးစဝါးဗ်သော်လည်းကောင်း ရရှိစေမည့်အပြုအမူမဟုတ်ပါ။ စင်စစ် သေဆုံးသူအတွက် ကောင်းကျိုးဖြစ်စေမည်ဟု အထင်ဖြင့် ထိုသို့ပေးကမ်းခြင်းသည် ကြီးမားသောအပြစ်ဂုနာဟ်ပင်ဖြစ်သည်။ အကြောင်းကားရှင်းပေသည်။ လူတစ်ဦးသေဆုံးသွားလျှင် အလုံးစုံသော ၎င်း၏ဥစ္စာပစ္စည်းများသည် ရပိုင်ခွင့်အချိုးအစားအလိုက် အမွေဆက်ခံသူများသာပိုင်ဆိုင်ပေသည်။ ထို့ပြင် ထိုအမွေစားအမွေခံများတွင် ဖမဲ့ကလေးများလည်း ပါဝင်သည်။ ဖမဲ့ကလေး၏အမွေဝေစုပါဝင်သော အမွေဆိုင်ပစ္စည်းများထဲမှ အလှူအတန်းပေးခြင်းသည် တစ်စုံတစ်ဦး၏ ဥစ္စာပစ္စည်းကို ခိုးယူ၍ သေဆုံးသူအတွက် အလှူပေးခြင်းနှင့်တူပေသည်။ ဤသို့လုပ်ခြင်းသည် မမှန်ကန်ချေ။ ဥစ္စာပစ္စည်းကို ဦးစွာပထမ ခွဲဝေရမည်။ ထို့နောက် အကယ်၍ ၎င်းတို့ဆန္ဒရှိခဲ့လျှင် အမွေရသူတို့သည် ၎င်းတို့၏အမွေဝေစုမှ သေဆုံးသူကောင်းမှုကုသိုလ်ရစေရန်အတွက် အလှူဒါနပေးကမ်းနိုင်ပါသည်။

အမွေရသူများ၏ ခွင့်ပြုချက်ရသည့်တိုင် အများပိုင်ဆိုင်သည့် ပစ္စည်းများကိုခွဲဝေခြင်းမပြုမီ အလှူအတန်းမပြုလျှင် ပိုကောင်းပေသည်။ အဘယ်ကြောင့်ဆိုသော် အမွေဆက်ခံသူများတွင် ဖမဲ့ကလေးတစ်ယောက် ပါဝင်မည်ဆိုလျှင် ယင်းသည် အစကတည်းက တရားမဝင် အတည်မဖြစ်ချေ။ အရွယ်ရောက်သူအတွက်မူ ၎င်းတို့၏ ခွင့်ပြုချက်သည် စိတ်လိုလက်ရပေးခြင်းဖြစ်ရန်ကိုကား မလိုအပ်ချေ။ ဖြစ်နိုင်သည်မှာ အများသူငှာ ရှေ့မှောက်တွင် ၎င်းတို့သိက္ခာမကျစေရန်အတွက် ထိုသို့ခွင့်ပြုချက်ပေးရန်မှအပ ဘာမျှမရှိ၍ဖြစ်သည်။ တစ်နည်းဆိုရလျှင် အရှက်မရစေရန် ၎င်းတို့စိတ်နှလုံးမသာမယာနှင့် ဟုတ်ကဲ့ဟု ပြောခြင်းမျိုး ဖြစ်ပေလိမ့်မည်။

ဤကိစ္စကို ပိုမိုရှင်းလင်းစေရန် ဘာသာရေးကိုင်းရှိုင်းသော အကြီးအကဲတစ်ဦး၏ ပုံတိုပတ်စတစ်ခုကို ကြည့်ကြစို့။ ဤဘာသာရေးကိုင်းရှိုင်းသော သက်ကြီးရွယ်အိုတစ်ဦးသည် နာမကျန်းဖြစ်နေသော မုဆိုးမတစ်ဦးအား လူမမာမေး သွားခဲ့သည်။ ၎င်းသူလူနာဘေး၌ ထိုင်နေစဉ်ခဏအတွင်း လူနာသေဆုံးခဲ့သည်။ ထိုပညာရှိအဖိုးဘိုသည် ရုတ်တရက်ချက်ခြင်း မီးအိမ်ကိုမီးငြိမ်းလိုက်၍ မီးအိမ်ကို ပြန်လည်ထွန်းညှိရန် တစ်စုံတစ်ယောက်အား ဆိုဝယ်ရန်ခိုင်းလိုက်သည်။ သူ့ပတ်ဝန်းကျင်ရှိ လူများက အဘယ်ကြောင့်ထိုကဲ့သို့ လုပ်လိုက်သနည်းဟု မေးမြန်းရာ ၎င်းက ဤမီးအိမ်သည် ဤလူအသက်ရှင်စဉ်ကာလပတ်လုံး သူ၏ပိုင်ဆိုင်မှုအောက်တွင်ရှိ၍ ဤမီးအိမ်မှ အသုံးချခြင်းသည် မှန်ကန်ပါသည်။ ယခုအခါ ၎င်းသေဆုံးသူသည် ဤကမ္ဘာလောကမှ စွန့်ခွာသွားပြီဖြစ်သောကြောင့် သူပိုင်ဆိုင်သမျှအားလုံးတို့သည် အမွေဆက်ခံသူများတို့၏ ရပိုင်ခွင့်ဖြစ်သွားပါသည်။ ထို့ကြောင့် အမွေဆက်ခံသူအားလုံး၏ ခွင့်ပြုချက်ဖြင့်သာ ဤမီးအိမ်ကို ကျွန်ုပ်တို့အသုံးပြုနိုင်ပါသည်။ ထို့ပြင်အမွေဆက်ခံသူအားလုံး ဤနေရာ၌မရှိသောကြောင့် ဤမီးအိမ်အား ကိုယ်ပိုင်စရိတ်ဖြင့် ထွန်းညှိခဲ့ပါသည်။

**အာယသ် (၁၁)**

يُوصِيكُمُ اللَّهُ فِي أَوْلَادِكُمْ لِلذَّكَرِ مِثْلُ حَظِّ الْأُنْثَيَيْنِ ۚ فَإِنْ كُنَّ
نِسَاءً فَوْقَ اثْنَتَيْنِ فَلَهُنَّ ثُلُثَا مَا تَرَكَ ۖ وَإِنْ كَانَتْ وَاحِدَةً فَلَهَا
النِّصْفُ ۚ وَلِأَبَوَيْهِ لِكُلِّ وَاحِدٍ مِنْهُمَا السُّدُسُ مِمَّا تَرَكَ إِنْ
كَانَ لَهُ وَلَدٌ ۚ فَإِنْ لَمْ يَكُنْ لَهُ وَلَدٌ وَوَرِثَهُ أَبَوَاهُ فَلِأُمِّهِ الثُّلُثُ ۚ
فَإِنْ كَانَ لَهُ إِخْوَةٌ فَلِأُمِّهِ السُّدُسُ مِنْ بَعْدِ وَصِيَّةٍ يُوصِي
بِهَا أَوْ دَيْنٍ ۗ آبَاؤُكُمْ وَأَبْنَاؤُكُمْ لَا تَدْرُونَ أَيُّهُمْ أَقْرَبُ لَكُمْ
نَفْعًا ۚ فَرِيضَةً مِنَ اللَّهِ ۗ إِنَّ اللَّهَ كَانَ عَلِيمًا حَكِيمًا ﴿١١﴾

(အို-"မုအ်မင်နိ်" သက်ဝင်ယုံကြည်သူ အပေါင်းတို့) အလ္လာဟ်ရှင်မြတ်သည် အသင်တို့အား၊ အသင်တို့၏သားသမီးတို့နှင့်ပတ်သက်၍ (ဤ သို့)အမိန့်ပေးတော်မူလေသည်။ (သား) ယောကျ်ားအတွက် (သမီး)မိန်းမနှစ်ယောက်၏ ဝေစုဝေပုံနှင့် ထပ်တူထပ်မျှ [(ဝါ) ယောကျ်ားကလေး၏ ဝေစုဝေပုံမှာ မိန်းကလေး၏ဝေစုဝေပုံ၏ နှစ်ဆ] ဖြစ်သည်။ တစ်ဖန်အကယ်၍ (သမီး) မိန်းမများသည် နှစ်ဦးထက်ပိုခဲ့လျှင် ထိုသူတို့အတွက် (ကွယ်လွန်သူ) ထားရှိခဲ့သော (အမွေ) ပစ္စည်း၏ သုံးပုံနှစ်ပုံ ဖြစ်ပေသည်။ သို့ရာတွင် ယင်း (သမီး) မိန်းမသည် တစ်ဦးတည်းသာ ဖြစ်ခဲ့ပါမူ ၎င်း၏အဖို့ (ကွယ်လွန်သူ ထားရှိခဲ့သော အမွေပစ္စည်း၏) ထက်ဝက်ပင် ဖြစ်ချေသည်။ ၎င်းပြင် အကယ်၍ ယင်း (ကွယ်လွန်သူ)၌ သားသမီး တစုံတယောက် ရှိခဲ့ပါမူ ထို (ကွယ်လွန်)သူ၏မိဘနှစ်ပါးတို့အနက် အသီးသီးတို့အတွက် (ကွယ်လွန်သူ၏ အမွေပစ္စည်းအနက်မှ) ခြောက်ပုံတပုံစီဖြစ်၏။ သို့ရာတွင် အကယ်၍ ထို (ကွယ်လွန်)သူ၌ သားသမီး တစုံတယောက်မျှမရှိ၍ မိဘနှစ်ပါးတို့သည်(သာလျှင်) ယင်း (ကွယ်လွန်သူ၏ အမွေကို ဆက်ခံခဲ့ကြပါမူ သို့ဖြစ်လျှင် ၎င်း (ကွယ်လွန်သူ)၏ အမိအဖို့မှာ သုံးပုံတစ်ပုံဖြစ်သည်။ တစ်ဖန် (အကယ်၍) ယင်း(ကွယ်လွန်သူ) ၌ (မိဘနှစ်ပါးအပြင်) ညီအစ်ကို၊ မောင်နှမများလည်းရှိကြပါသော် ထို(ကွယ်လွန်)သူ၏ အမိအဖို့မှာကား ခြောက်ပုံတပုံသာ ဖြစ်၏။ (ယင်းကဲ့သို့ အမွေခွဲဝေခြင်းကိစ္စသည်) ထို(ကွယ်လွန်)သူ မှာကြားခဲ့သော သေတမ်းစာအရ ဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်ပြီးနောက်၊ သို့တည်းမဟုတ် (ကွယ်လွန်သူ၏အပေါ်၌

**တင်ရှိသော) ကြွေးမြီပေးဆပ်ပြီးမှသာလျှင် ခွဲဝေကြရမည်ဖြစ်သည်။ (စင်စစ်မှာ မူကား) အသင်တို့၏အဘ (ဘိုး၊ ဘေး) များနှင့် အသင်တို့၏ သား(မြေး၊ မြစ်)များအနက် မည်သူသည် အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းတွင် အသင်တို့နှင့် အနီးစပ်ဆုံးဖြစ်သည်ကို အသင်တို့သည် မသိနိုင်ကြချေ။ (သို့ဖြစ်ပေရာဤ အမွေခွဲတမ်းသည်) အလ္လာဟ်အသျှင်မြတ်အထံတော်မှ (အသင်တို့၏ကောင်းကျိုးကို ထောက်ထားကာ) ပြဋ္ဌာန်းပြီးဖြစ်သော တာဝန်တစ်ရပ်ပင်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအသျှင်၊ အကျိုး အကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄:၁၁)**

ပြီးခဲ့သောအာယသ်တော်တွင်ပါဝင်သော အာယသ်တော်(၇)ထဲတွင် အမွေဆက်ခံထိုက်သောသူများ အကြောင်း အကျဉ်းချုပ်ဖော်ပြခဲ့ပြီး ယင်းအာယသ်တော်ထဲတွင်ပင် ရပိုင်ခွင့်ရှိသည့် လူအမျိုးအစားအချို့ အကြောင်းကိုလည်း ဖော်ပြထားသည်။ ကွဲပြားခြားနားသောအခြေအနေများအရ ၎င်းတို့ရရှိသည့်အမွေဝေစု အကြောင်းလည်း ဖော်ပြထားသည်။ ယင်းနှင့်ပတ်သက်၍ ပိုများသောအသေးစိတ်အကြောင်းအရာများ ဤစူရဟ် အဆုံးတွင်ဖော်ပြပါလိမ့်မည်။ ကျန်ရှိသည့် အမွေဝေစုများကိုမူ ဟဒီးဆ်တော်များတွင် ဖော်ပြထားသည်။ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်ဩဝါဒတော်ပါ အမွေနှင့် ပတ်သက်သည့်စည်းမျဉ်းဥပဒေသများ အသေးစိတ်အလုံးစုံကို စုစည်းကာ စနစ်တကျ စီစဉ်ရေးသားပြဋ္ဌာန်းထားသည်။ ယင်းကို အမြဲတမ်းတည်တံ့သည့် ပညာရပ်တစ်ခု၏အဆင့်အတန်းဖြစ်စေပြီး အစ္စလာမ့်ဝေါဟာရအရမူ အိလ်မုလ်ဖရာအိသ် (အမွေဆက်ခံခြင်းဥပဒေပညာရပ်) ဟုခေါ်သည်။

ယခုလက်ရှိအာယသ် (၁၁) တွင် သားသမီးများနှင့် မိဘတို့၏ အမွေဝေစုများနှင့်အတူ အမွေဆက်ခံခြင်းနှင့် နှီးနွယ်သောအကြောင်းအရာအချို့ကိုလည်း ဖော်ပြထားသည်။

## အမွေဆက်ခံခြင်း

### သေဆုံးသူ၏ ဥစ္စာပစ္စည်းများအပေါ် ပထာမရပိုင်ခွင့်များ

အစ္စလာမ့်ဥပဒေ၏ စည်းမျဉ်းများအရ သေဆုံးသွားသော မုစ်လင်မ်တစ်ဦးအား ကဖန်ထုတ်ရန်နှင့် မြုပ်နှံရန်ကုန်ကျငွေကို သေဆုံးသူချန်ရစ်ခဲ့သော ဥစ္စာပစ္စည်းထဲမှ ပထမဦးစွာ ပေးချေရမည်။ ဤသည်ကို လွန်မင်းစွာ ဗုံးပေါလအောနှင့်လည်းကောင်း၊ ခြစ်ခြစ်ကုတ်ကုတ်နှင့် စေးနဲစွာလည်းမဟုတ်ဘဲလည်းကောင်း ရှရီအသ်နှင့်အညီ လုပ်ဆောင်သင့်သည်။ ထို့နောက်မှ သေဆုံးသူ၏ ကြွေးမြီများလည်းပေးဆပ်ရပေမည်။ အကယ်၍ ၎င်းပေးဆပ်ရမည့်ကြွေးမြီသည် ချန်ရစ်ခဲ့သောဥစ္စာပစ္စည်းနှင့်အညီအမျှသော်လည်းကောင်း ပိုများနေလျှင်လည်းကောင်းဖြစ်ခဲ့လျှင် အမွေခွဲဝေခြင်းနှင့် သေတမ်းစာအရ လုပ်ဆောင်ခြင်းတို့မှာ မရှိတော့ချေ။ အကယ်၍ ကြွေးမြီပေးဆပ်ရန်လည်းမရှိလျှင်လည်းကောင်း၊ ကြွေးမြီပေးဆပ်ပြီးနောက်လည်းကောင်း ဥစ္စာပစ္စည်းအချို့

ကျန်ရစ်ခဲ့လျှင် အပြစ်ဂုနာဟ်ဖြစ်စေမည့် သေတမ်းစာမဟုတ်သော ၎င်းလုပ်ခဲ့သော သေတမ်းစာအတိုင်း လုပ်ဆောင်ရပါမည်။ ထိုသေတမ်းစာအရလုပ်ဆောင်ရာတွင် ကျန်ရစ်ပစ္စည်း၏သုံးပုံတစ်ပုံအထိ လုပ်ဆောင်ရမည်။ အကယ်၍ တစ်စုံတစ်ဦးသည် ၎င်းပိုင်ပစ္စည်းအားလုံးအတွက် သေတမ်းစာလုပ်ထားလျှင် ၎င်းသေတမ်းစာသည် အကျိုးသက်ရောက်မှုမရှိချေ။ ထိုကဲ့သို့သောသေတမ်းစာမျိုးသည် ၎င်း၏ဥစ္စာပစ္စည်းများ၏သုံးပုံတစ်ပုံသာ တရားဝင်အတည်ဖြစ်သည်ဟုမှတ်ယူရမည်။ အကြောင်းမှာဥစ္စာပစ္စည်း၏သုံးပုံတစ်ပုံထက်ပိုသောအတိုင်းအတာထက် ကျော်၍ သေတမ်းစာလုပ်ခြင်းသည်မလျော်ကန်ချေ။ ထို့ပြင် အကယ်၍အမွေဆက်ခံသူများကို ဖယ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့်ပြုလုပ်ခဲ့သည်ဆိုလျှင် ယင်းသည်အပြစ်ဂုနာဟ်တစ်ခုဖြစ်ပေသည်။ ကြွေးမြီများပေးဆပ်ပြီးဖြစ်၍ ပစ္စည်းများ၏ သုံးပုံတစ်ပုံအတွင်းဟူသောမူအရ သေတမ်းစာကိုဆောင်ရွက်ပြီးခဲ့လျှင် ကျန်ရှိဥစ္စာပစ္စည်းများကို တရားဝင်အမွေဆက်ခံသူများအား အမွေခွဲဝေပေးသင့်သည်။ ယင်းကိစ္စအသေးစိတ်ကို မုစ်လင်မ်အမွေဆက်ခံခြင်း ဥပဒေ ဖရာအိသ်ွကျမ်းစာအုပ်များမှရယူနိုင်ပါသည်။ အကယ်၍သေဆုံးသူသည် သေတမ်းစာမထားခဲ့လျှင် ကြွေးမြီများပေးဆပ်ပြီးနောက် ကျန်ရှိပစ္စည်းအားလုံးကို အမွေအနေဖြင့်ခွဲဝေသင့်ပေသည်။

## သားသမီးများ၏ ဝေစု

ပြီးခဲ့သည် ပါဒထဲတွင်ဖော်ပြခဲ့သည့်အတိုင်း အမွေခွဲဝေခြင်းကို **الاقرب فالا قرب** (သွေးနီးသူများ၊ ထို့နောက် သွေးနီးသူများ)ဟူသည့်မူအရလုပ်ဆောင်ရမည်။ သေဆုံးသူ၏သားသမီးများနှင့်သေဆုံးသူ၏မိဘတို့မှာ သွေးအနီးစပ်ဆုံးဖြစ်၍ မည်သည့်အခြေအနေမျိုးမဆို ၎င်းတို့အမွေဆက်ခံရပါမည်။ ဤတော်စပ်မှုများမှာ လူသားများသွေးသားတော်စပ်မှုအလုံးစုံတွင် အလွန်ပင်နီးစပ်၍ တိုက်ရိုက်ကျသောတော်စပ်မှုဖြစ်သည်။ အခြားသောသွေးသားတော်စပ်မှုမှာ တစ်ဆင့်ခံတော်စပ်မှုသာဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် သားသမီးများ၏ဝေစုအကြောင်းဖြင့်အစပြုကာ ၎င်းတို့အမွေဝေစုအကြောင်း ပထမအနေဖြင့် ဖော်ပြထားသည်မှာ-

يُوْصِيْكُمُ اللّٰهُ فِيْٓ اَوْلَادِكُمْ لِلذَّكَرِ مِثْلُ حَظِّ الْاُنْثَيَيْنِ

**“အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အသင်တို့၏ သားသမီးတို့နှင့်ပတ်သက်၍ (ဤသို့) အမိန့်ပေးတော်မူလေသည်။ (သား) ယောကျ်ားအတွက် (သမီး) မိန်းမနှစ်ယောက်၏ ဝေစုဝေပုံနှင့်ထပ်တူထပ်မျှ [(၀ါ) ယောကျ်ားကလေး၏ ဝေစုဝေပုံမှာ မိန်းကလေး၏ဝေစုဝေပုံ၏ နှစ်ဆ] ဖြစ်သည်။”**

ဤသည်မှာ ယောကျ်ာလေးများနှင့် မိန်းကလေးများတို့ နှစ်မျိုးလုံးသည် အမွေဆက်ခံထိုက်စေသည့် ကမ္ဘာလုံးဆိုင်ရာဥပဒေဖြစ်၍ တစ်ဦးစီ၏ ဝေစုကိုလည်း သတ်မှတ်ပေးပါသည်။ ၎င်းနောက် တစ်ချိန်တည်းမှာပင် သေဆုံးသူသည် သားယောကျ်ားနှင့် သမီးမိန်းကလေးများကျန်ရစ်ခဲ့လျှင် ဥစ္စာပစ္စည်းခွဲဝေရာ၌ ယောကျ်ားကလေးတစ်ဦးသည် မိန်းကလေးတစ်ဦးထက် (၂-ဆ) ရသည်ဟူသော ကျင့်သုံးနည်းတစ်ရပ်လည်း ဖြစ်ပါသည်။ ပမာဆိုသော် တစ်စုံတစ်ဦးသည် သားတစ်ဦး၊ သမီးနှစ်ဦးကျန်ရစ်ခဲ့လျှင် ဥစ္စာပစ္စည်းကို လေးပုံ (သို့) လေးစုခွဲဝေပြီး ယင်းမှ သားသည် (၂/၄) သမီးတစ်ဦးလျှင် (၁/၄) စီရကြပါလိမ့်မည်။

## မိန်းကလေးများကို အမွေဝေစုများပေးခြင်း၏ အရေးကြီးမှု

ယောကျ်ားကလေးများ၏ အမွေဝေစုကို သတ်မှတ်ရန်အတွက် မိန်းကလေးများ၏ အမွေဝေစုကိုအခြေခံ၍ ဖော်ပြထားသည်။ ယင်းသို့ဖော်ပြရခြင်းကပင် ကုရ်အာန်ကျမ်းတော်မြတ်က မိန်းကလေးများသည် ၎င်းတို့အမွေဝေစုပေးခံရမည်ဖြစ်ကြောင်း သေချာစေရေးအတွက် မြင်သာသောသောကထားမှုကို ပြသခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် "အမျိုးသမီးနှစ်ဦး၏ ဝေစုဝေပုံသည် အမျိုးသားတစ်ဦး၏ ဝေစုဝေပုံနှင့်တူညီသည်"ဟု ပြောရမည့်အစား ကုရ်အာန်ကျမ်းတော်မြတ်က အောက်ပါအတိုင်း-**لِلذَّكَرِ مِثْلُ حَظِّ الْأُنْثَيَيْنِ**"(သား) ယောကျ်ား အတွက်(သမီး)မိန်းမနှစ်ယောက်၏ဝေစုဝေပုံနှင့်ထပ်တူထပ်မျှဖြစ်သည်ဟု) မိန့်ကြားရန်ရွေးချယ်ခဲ့သည်။ သူမတို့၏ ဝေစုဝေပုံ ကို မပေးသောသူများသည် အမှားကျူးလွန်သူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ အစ်မနှမများသည် များသောအားဖြင့် သူတို့၏ရပိုင်ခွင့်များကို စိတ်ပါလက်ပါစွန့်လွှတ်ကြမည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ ၎င်းတို့ဘာမျှမရနိုင်ဟု သိရှိသောကြောင့် စိတ်ပါလက်ပါမဟုတ်ဘဲ သဘောတူခဲ့ကြခြင်းဖြစ်သည်။ သူမတို့က အစ်မနှမများနှင့် အစ်ကိုမောင်များကြား အဘယ်ကြောင့်သွေးကွဲအောင်လုပ်ရမည်နည်းဟု တွေးကြသည်။ ထိုကဲ့သို့သော ခွင့်လွှတ်ခြင်းမျိုးသည် အစ္စလာမ့်ဥပဒေအရ တရားမဝင်အတည်မဖြစ်ချေ။ ၎င်းသူမတို့တွင် အစ်ကိုမောင်တို့အပေါ်တွင်တောင်းခံနိုင်မှု အမြဲရှိနေပါသည်။ အမွေကိုအလွဲသုံးစားပြုသူများတို့သည် ကြောက်မက်ဖွယ်ရာကောင်းသော အပြစ်ကျူးလွန်သူများဖြစ်ကြသည်။ ထိုသို့အမွေဆက်ခံမှုမျိုးတွင် အရွယ်မရောက်သေးသူ မိန်းကလေးဝေစုရပိုင်ခွင့်ရှိနေပါက ၎င်းတို့ဝေစုဝေပုံကို မပေးဘဲထားခြင်းသည် အပြစ်ဂုနာဟ်နှစ်ထပ်ကွမ်း ကျူးလွန်ခြင်းဖြစ်သည်။ တစ်ခုမှာ တရားဝင်အမွေဆက်ခံထိုက်သူ၏ အမွေဝေစုကို အလွဲသုံးစားပြုခြင်းဖြစ်၍ နောက်တစ်ခုမှာ ဖမဲ့ကလေး၏ဥစ္စာပစ္စည်းကို စားသုံးခြင်းဖြစ်သည်။

နောက်ပိုင်းတွင်ပြုလုပ်မည့် ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းမှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် မိန်းကလေးများ၏ အမွေဝေစုကို ဖော်ပြရှင်းလင်း၍ မိန့်ကြားထားသည်မှာ -

**فَإِنْ كُنَّ نِسَآءً فَوْقَ اثْنَتَيْنِ فَلَهُنَّ ثُلُثَا مَاتَرَكَ**

"ဆိုလိုသည်မှာ အကယ်၍ ယောကျ်ားလေးမရှိဘဲ မိန်းကလေးသာလျှင်ရှိ၍ တစ်ဦးထက်ပိုလျှင် အမွေပစ္စည်း၏ သုံးပုံနှစ်ပုံကိုသာ ရရှိကြမည်ဖြစ်၍ ယင်းသုံးပုံနှစ်ပုံကို မိန်းကလေးများအညီအမျှ ခွဲဝေရရှိမည်။ ကျန်ရှိသော အမွေ၏ သုံးပုံတစ်ပုံသည် အခြားအမွေရထိုက်သောသူများဖြစ်သည့် သေဆုံးသူ၏ မိဘများ၊ ဇနီး (သို့) ခင်ပွန်းကို ပေးအပ်ရမည်။ မိန်းကလေးနှစ်ဦးနှင့် ယင်းထက်ပိုသော မိန်းကလေးများ သည် အမွေ၏ သုံးပုံနှစ်ပုံကို အညီအမျှ ခွဲဝေယူကြရမည်။"

"နှစ်ဦးအထက်" မိန်းကလေးများ၏ အမွေဝေစုကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှင်းလင်းစွာ မိန့်ကြားထားသည်မှာ-**فَوْقَ اثْنَتَيْنِ** (မိန်းမ) နှစ်ဦးအထက်" ဟူ၍ဖြစ်သည်။ သို့သော်လည်း မိန်းကလေးနှစ်ဦးတည်းသာရှိခဲ့ပါလျှင် မိန်းကလေးနှစ်ဦးထက်ပိုသော ဥပဒေအရပင် ထိုနှစ်ဦးအပေါ် ကျင့်သုံးရမည်။ သက်သေသာဓကမှာ ဟဒီးဆ်တော်တွင် ရှိသည်-

**عَنْ جَابِرِبْنِ عَبْدِاللّٰهِ قَالَ خَرَجْنَا مَعَ رَسُوْلِ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ حَتّٰى جِئْنَااِمْرَءَ ةً مِنَ الْاَنْصَارِ فِى الاسواف فجاء ت المرء ة بابنتين لها فقالت يا رسول اللّٰه هاتان بنتاثابت بن قيس قتل** معك **يوم احد وقد استفاء عمهما مـالهـمـاوميـراثهماكله ولم يدع مالا الااخذه فما ترى يارسول اللّٰه فواللّٰه لاتـنـكـحـان ابـدا الا ولهـمـا مال، فقال رسول اللّٰه صلى اللّٰه عليه وسلم: يقضى اللّٰه فى ذلك وقال نزلت سورة النسآء "يوصيكم اللّٰه فى اولادكم" الا ية فـقـال رسـول الـله صلى اللّٰه عليه وسلم ادعوا لى المرء ة وصاحبها فـقـال لـعـمهـمـا اعطهما الثلثين واعط امهما الثمن وما بقى** فلك،(ابو داؤد كتاب الفرائض، وبمعناه فى الترمذى ابواب الفرائض)

စိုက်ယိဒိနာ ဂျာဗီရ်အိဗ်နိအဗ်ဒုလ္လာဟ်က အောက်ပါအဖြစ်အပျက်ကို တင်ပြထားခဲ့သည်။ "တစ်ခါက ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်ﷺသခင်နှင့် ခရီးသွားစဉ် အတ်စဝါဖ်ဝန်းကျင်၌ အန်ဆွာရီအမျိုးသမီးတစ်ဦးနှင့် ကြုံဆုံခဲ့ရသည်။ အမျိုးသမီးကြီးသည် သူ၏သမီး မိန်းကလေးနှစ်ဦးနှင့်အတူ လျှောက်လာ၍ ပြောကြားသည်မှာ "အို အလ္လာဟ်အရှင်မြတ်၏ တမန်တော် ဤမိန်းကလေးနှစ်ဦးသည် စာဗစ်အိဗ်နိကိုက်စ်မည်သော (ကျွန်မယောကျ်ား)၏ သမီးများဖြစ်ကြပါသည်။ ကျွန်မခင်ပွန်းသည် ကိုယ်တော်နှင့်အတူ အုဟုဒ်စစ်ပွဲဆင်နွှဲစဉ်တွင် ရှဟီဒ်ဖြစ်ကျဆုံးသွားသောသူဖြစ်ပါသည်။ ဤမိန်းကလေးများ၏ ဦးလေးသည် ၎င်းတို့ ရမည့်အမွေအားလုံးကို ယူဆောင်သွား၍ ၎င်းတို့အတွက်ဘာတစ်ခုမှ မကျန်ရစ်ခဲ့တော့ပါ။ အို-အလ္လာဟ်တမန် တော် ဤကိစ္စနှင့်ပတ်သက်၍ ကိုယ်တော်မည်သို့မိန့်ကြားတော်မူမည်နည်း။ ဤမိန်းကလေးငယ်များသည် ပစ္စည်းဥစ္စာမရှိသဖြင့် မည်သူကမျှ ၎င်းတို့ကိုထိမ်းမြားလက်ထပ်လိမ့်မည်ဟု မမျှော်လင့်နိုင်တော့ပါ" ထို့နောက် တမန်တော်မြတ်ﷺသခင်က မိန့်တော်မူသည်မှာ "ဤကိစ္စကို အလ္လာဟ်အရှင်မြတ် ဆုံးဖြတ်တော်မူလိမ့်မည်။"

စိုက်ယိဒိနာဂျာဗီရ်ﷺသခင်ကမိန့်သည်မှာ စူရတွလ်နိစာအ်၏ဤအာယသ်တော်-း **يُوْصِيْكُمُ اللّٰهُ فِىْٓ اَوْلَادِكُمْ** ကျရောက်သောအခါ တမန်တော်မြတ်ကထိုအမျိုးသမီးနှင့် သူမညွှန်းဆိုပြောကြားသော အမျိုးသားကိုသွားခေါ်ခေျ။ (ထိုအမျိုးသားသည် ကွန်လွန်သူ၏အစ်ကိုဖြစ်ပြီး ပစ္စည်းဥစ္စာအလုံးစုံ ယူဆောင်သွားသူဖြစ်သည်)ဟု မိန့်ကြားသည်။ တမန်တော်မြတ်ﷺသခင်က မိန်းကလေးတို့၏ ဦးလေးအား မိန့်ကြားသည်မှာ ပစ္စည်းဥစ္စာအလုံးစုံ၏ သုံးပုံနှစ်ပုံကို မိန်းကလေးများအားပေးလော့။ သူတို့မိခင်ကို ရှစ်ပုံတစ်ပုံပေး၍ ကျန်တာကိုသင်ယူလော့"ဟူ၍ ဖြစ်သည်။ **(အဗူဒါဝူးဒ်ကျမ်းမှ ကိသာဗုလ် ဖရာအီသ်နှင့် သိရ်မိဇီကျမ်းမှ အဗ်ဝါဗလ် ဖရာအိသ်)**

ဟဒီးဆ်တော်ပါဖော်ပြသည့် အကြောင်းကိစ္စတွင် တမန်တော်မြတ်﴿ﷺ﴾ သခင်သည် မိန်းကလေးနှစ်ဦး အား သုံးပုံနှစ်ပုံပေးခဲ့သည်။ သို့ပြုလုပ်ခြင်းသည် ယခုကျွန်ုပ်တို့ဆွေးနွေးနေသော ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်ထဲပါ မိန်းကလေးနှစ်ဦးထက်ပိုသော ဥပဒေအတိုင်း လိုက်နာကျင့်သုံးခြင်းဖြစ်သည်။

ထို့နောက် မိန့်ထားသည်မှာ-**وَإِنْ كَانَتْ وَاحِدَةً فَلَهَا النِّصْفُ** ဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ သေဆုံးသူသည် အခြားသားသမီး များမရှိဘဲ သမီးတစ်ယောက်တည်းသာကျန်ရစ်ပါက ၎င်းသူမ၏ အဖေ (သို့) အမေကျန်ရစ်ခဲ့သော အမွေ၏ထက်ဝက်ကို ရရှိလိမ့်မည်။ ကျန်သည်များသည် အခြားအမွေဆက်ခံသူများ ရရှိကြလိမ့်မည်။

## မိဘများ၏ အမွေဝေစု

သေဆုံးသူ၏ မိဘများအမွေဝေစုအကြောင်းအရာ၌မူရင်းစာသားသည် အခြေအနေ(၃)ရပ်ကိုဖော်ပြထားသည်။

(၁) ပထမအနေဖြင့် သေဆုံးသူ၏ မိဘများအသက်ရှင်လျက်ကျန်ရစ်ကာ သားသမီးသည်လည်း ယောကျ်ား လေးတစ်ဦးဖြစ်စေ၊ မိန်းကလေးတစ်ဦးဖြစ်စေကျန်ရစ်လျှင် အမိနှင့်အဖသည် တစ်ဦးလျှင် ၆-ပုံ ၁-ပုံစီ ရပါလိမ့်မည်။ ကျန်ရစ်သော အမွေအနှစ်များသည် သားသမီးများ၊ ဇနီး (သို့) ခင်ပွန်းကရရှိမည်။ အချို့သော အမွေကျန်များသည် ဖခင်ဆီသို့ပြန်လည်ရောက်ရှိလာ၍ ထိုဖခင်အတွက် သတ်မှတ်ထားသော ၆-ပုံ ၁-ပုံထက်ပို၍ ရရှိသော သီခြားအခြေအနေများလည်း ရှိပါသည်။ ထိုကဲ့သို့သောရပိုင်ခွင့်ကို အိလ်မုလ်ဖရာအိသွ် (အမွေဆက်ခံခြင်းဥပဒေပညာရပ်) ဝေါဟာရအသုံးအနှုန်းအရ "သအ်ဆ်ဗ်" (ɛyuiT) (အဖဘက်ဆန်တက်သောဆွေမျိုးဆက်) ဟူ၍ ဖြစ်သည်။

(၂) ဒုတိယအနေဖြင့် သေဆုံးသူ၌ သားသမီးများ၊ ညီအစ်ကိုမောင်နှမများမရှိသည့် အခြေအနေတစ်ရပ် ဖြစ်ကာ မိဘများသည် အသက်ထင်ရှားရှိနေလျှင် မိခင်သည် အမွေ၏သုံးပုံတစ်ပုံရရှိ၍ ဖခင်သည်ကျန်သော သုံးပုံနှစ်ပုံကို ရရှိလိမ့်မည်။ ဤစည်းမျဉ်းဥပဒေကို သေဆုံးသူ၏ အမွေခွဲဝေချိန်တွင် အမွေရပိုင်ခွင့်ရှိသည့် ဇနီး (သို့) ခင်ပွန်းအသက်ထင်ရှားမရှိသည့် အခြေအနေမျိုးက လွှမ်းမိုးထားသည်။ အကယ်၍ ဇနီး (သို့) ခင်ပွန်း အသက်ထင်ရှားရှိလျှင် ဦးစွာပထမ ၎င်းတို့၏အမွေဝေစုကိုယူစေ၍ ကျန်ရှိသည်မှ သုံးပုံတစ်ပုံကို မိခင်အား လည်းကောင်း၊ သုံးပုံ နှစ်ပုံကို ဖခင်အားလည်းကောင်း ယူစေရမည်။

(၃) တတိယအနေဖြင့် သေဆုံးသူတွင် သားသမီးမကျန်ရစ်သော်လည်း အစ်ကိုမောင်နှင့်ညီမ အစ်မတို့မှာ နှစ်ဦးဖြစ်၍ ယင်းနှစ်ဦးမှာ အစ်ကိုမောင်နှစ်ဦး (သို့) အစ်မညီမနှစ်ဦး (သို့) နှစ်ဦးထက်ပိုလျှင် ထိုအခြေအနေ၌ အမေသည် အမွေ၏ ၆-ပုံ ၁-ပုံသာရရှိပါမည်။ ထို့ပြင်အကယ်၍ အခြားအမွေဆက်ခံသူမရှိခဲ့ပါလျှင် ကျန်ရှိသော ၆-ပုံ ၅-ပုံကို ဖခင်ကရရှိလိမ့်မည်။ မြင်တွေ့ရသည့် အခြေအနေအတိုင်း ညီအစ်ကိုမောင်နှမများရှိခြင်းကြောင့် မိခင်၏ဝေစုမှာ လျော့နည်းသွားပါသည်။ သို့ရာတွင် ညီအစ်ကိုမောင်နှမများမှာမူ ဘာမျှရမည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ညီအစ်ကိုမောင်နှမများနှင့်ယှဉ်လျှင် ဖခင်မှာ ပို၍သွေးနီးသောကြောင့်ဖြစ်သည်။ ကျန်ရှိသည်များ ဖခင်ရပါလိမ့်မည်။ ဤသို့သော အခြေအနေမျိုးတွင် အမိ၏ဝေစုသည် ၃-ပုံ ၁-ပုံအစား ၆-ပုံ ၁-ပုံဖြစ်သွားလိမ့်မည်။ ဤသည်ကို ဖရာအိသွ်၏ ဝေါဟာရအရ "ဟဂျ်ဗ်ဗီလ်နုပ်က်ဆွာန်" ဟုခေါ်သည်။ မိဘများ၏

အမွေကို လျော့နည်းစေသည့် ဤညီအစ်ကိုမောင်နှမများရှိခြင်းဆိုရာတွင် တစ်ဖအေ တစ်မအေတည်းမှ သက်ဆင်းသည်ဖြစ်စေ၊ အဖေတူ အမေကွဲဖြစ်စေ၊ အမေတူ အဖေကွဲဖြစ်ပါစေ ၎င်းတို့ရှိနေလျှင် မိခင်၏အမွေဝေစုမှာ လျော့နည်းသွားပေမည်။ ယင်းညီအစ်ကိုမောင်နှမများဆိုရာ၌ တစ်ဦးထက်ပိုရန်ကား အရေးကြီးသည်။

မူရင်းစာသားသည် သတ်မှတ်ထားသည့် ဝေစုအကြောင်း ဖော်ပြထားသည်မှာ -

اٰبَآؤُكُمْ وَاَبْنَآؤُكُمْ لَا تَدْرُوْنَ اَيُّهُمْ اَقْرَبُ لَكُمْ نَفْعًا فَرِيْضَةً مِّنَ اللّٰهِ اِنَّ اللّٰهَ كَانَ عَلِيْمًا حَكِيْمًا

ဆိုလိုသည်မှာ **"မိဘများနှင့် သားသမီးများတို့အတွက် ဤဝေစုများသည် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် အရှင်မြတ်၏ အဆုံးအစမရှိသော ဟစ်က်မတ်ဉာဏ်တော်ဖြင့် သတ်မှတ်ပြီးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်သည် အသိဉာဏ်ကြွယ်ဝပြီး အရာရာခပ်သိမ်းကို အကြွင်းမဲ့သိရှိတော်မူသောအရှင်ဖြစ်သောကြောင့်ပင်တည်း"** သတ်မှတ်ထားသော ဝေစုများနောက်ကွယ်တွင် ကြီးမားသော တွေးတောဆင်ခြင်မှုများ ရှိလေသည်။ အကယ်၍ အမွေခွဲဝေခြင်းကို အသင်၏ ထင်မြင်ယူဆချက်ဖြင့် ပြုလုပ်ခွင့်ပြုလိုက်ပါက အသင်သည် ထိုကဲ့သို့ခွဲဝေမှုတွင် အကျိုးဖြစ်ထွန်းမှုကို "စံ" အဖြစ်အသုံးပြုပါလိမ့်မည်။ သို့သော်လည်း မည်သူက စစ်မှန်သောအကျိုးဖြစ်ထွန်းစေမည် မည်သူက စစ်မှန်သောအကျိုးရစေမည်ဆိုခြင်းကို သေချာသော တိုင်းတာမှုဖြင့် သိအောင်သေချာစေရန် လုပ်ဖို့ကား အသင့် အတွက်ခက်ခဲပေလိမ့်မည်။ ထို့ကြောင့် အမိန့်ပညတ်ချက်၏ "စံ" ဟု သတ်မှတ်ရာတွင် "အကျိုးဖြစ်ထွန်းခြင်း" အစား "အနီးစပ်ဆုံးဆွေမျိုးသားချင်း" ဆိုသည်ကို နှစ်သက်ခဲ့ခြင်းဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်က အလ္လာဟ်အရှင်မြတ်သတ်မှတ်ထားသည့် အမွေဝေစုများသည် အလ္လာဟ်အရှင်မြတ်၏ အတည်ပြုပြီးသော အမိန့်ပညတ်ချက်များဖြစ်ကြောင်း ရှင်းလင်းစွာ ကြေညာထားသည်။ မည်သူကမျှ အကြံပြုခြင်း ယင်းပြဋ္ဌာန်းချက်များကို တိုးခြင်း လျော့ခြင်းလုပ်ပိုင်ခွင့် မရှိချေ။ ဤသည်တို့ကို စိတ်ရောကိုယ်ပါ လက်ခံသင့်သည်။ လူတိုင်းလူတိုင်း၏ မွေးမြူဖန်ဆင်းတော်မူသော အရှင်သခင့်အမိန့်သည် လူသားများအတွက် ကောင်းကျိုးဖြစ်ခြင်းနှင့် အသိဉာဏ်ဖြစ်ခြင်းအပေါ် အခြေခံထားသည်။ အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်အဝန်းအဝိုင်းအပြင်၌ အကျိုးဖြစ်ထွန်းမှုဟူသည်ကား မရှိချေ။ အလ္လာဟ်အရှင်မြတ် ပေးသမျှသော အမိန့်တော်တိုင်းတွင် အသိဉာဏ်ဖြစ်စေသောအရာ မရှိဟူသည်ကား မရှိချေ။ လူသားသည် ၎င်းကိုယ်တိုင်၏ အစစ်အမှန် အရှုံးအမြတ်ကို သိနားလည်နိုင်စွမ်းမရှိချေ။ အကယ်၍ ဤအမွေခွဲဝေခြင်းဟူသည့် ကိစ္စကို လူသား၏ပုဂ္ဂိုလ်ရေး ထင်မြင်ယူဆချက်နှင့် လုပ်ဆောင်ခဲ့လျှင် ထိုသူသည် မှန်ကန်စွာဆုံးဖြတ်နိုင်မည် မဟုတ်သည်ကား သေချာသည်။ အဘယ်ကြောင့်ဆိုသော် တရားမျှတမှုနှင့် ညီမျှမှုတွင် လျော့နည်းနေပေမည်။ ယင်းအတွက်ကြောင့် အမွေခွဲဝေမှုတွင် ထိခိုက်နိုင်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အလွန်မြင့်မားသော ဂုဏ်တော်ဖြင့် ဤတာဝန်ကို ကိုယ်တော်တိုင်ပြဋ္ဌာန်းသည်။ ထို့ကြောင့်သေဆုံးသူ ကျန်ရစ်ခဲ့သော အရင်းအနှီးနှင့် ဥစ္စာပစ္စည်းများ ဝေခွဲရာတွင် တရားမျှတမှုနှင့် သာတူညီမျှရှိမှုတွင် မကိုင်္ခသရဖူဆောင်းနိုင်သည်။ ထို့ပြင် ကျန်ရစ်ခဲ့သော အရင်းအနှီးတို့သည် အရည်အချင်းပြည့်သော အမွေဆက်ခံသူများ လက်ဝယ်တရားမျှတစွာနှင့် သာတူညီမျှစွာ ရောက်ရှိသွားပေမည်။

**အာယသ် (၁၂).....**

وَلَكُمْ
نِصْفُ مَا تَرَكَ أَزْوَاجُكُمْ إِن لَّمْ يَكُن لَّهُنَّ وَلَدٌ ۚ فَإِن كَانَ
لَهُنَّ وَلَدٌ فَلَكُمُ الرُّبُعُ مِمَّا تَرَكْنَ مِن بَعْدِ وَصِيَّةٍ يُوصِينَ بِهَا
أَوْ دَيْنٍ ۚ وَلَهُنَّ الرُّبُعُ مِمَّا تَرَكْتُمْ إِن لَّمْ يَكُن لَّكُمْ وَلَدٌ ۚ فَإِن
كَانَ لَكُمْ وَلَدٌ فَلَهُنَّ الثُّمُنُ مِمَّا تَرَكْتُم مِّن بَعْدِ وَصِيَّةٍ
تُوصُونَ بِهَا أَوْ دَيْنٍ ۗ

ၵင်းပြင် အသင်တို့အတွက် အကယ်၍သာ အသင်တို့၏ဇနီးမိန်းမများ၌ သားသမီးတစုံ တစ်ယောက်မျှ မရှိခဲ့လျှင်၊ ထိုဇနီးမိန်းမများ ထားရှိခဲ့ကြသော (အမွေ)ပစ္စည်း၏ ထက်ဝက်ပင်ဖြစ်သည်။ တစ်ဖန် အကယ်၍ ယင်းဇနီး မိန်းမတို့၌ သားသမီးတစ်စုံတစ်ယောက်ရှိခဲ့ပါမူ အသင်တို့အတွက် ထိုဇနီး မိန်းမများ ထားရှိခဲ့ကြသော(အမွေ) ပစ္စည်းများအနက်မှ လေးပုံတစ်ပုံသာ ဖြစ်ချေသည်။ (သို့ရာတွင် ၎င်းအမွေပစ္စည်း တို့ကို) ထိုဇနီးမိန်းမများက မှာကြားခဲ့ကြသော သေတမ်းစကား (သို့မဟုတ် သေတမ်းစာအရ ဆောင်ရွက် ရန်ကိစ္စများ) ကို ဆောင်ရွက်ပြီးနောက်၎င်း (ထိုဇနီးသည်တို့ အပေါ်ဝယ် တင်ရှိနေသော) ကြွေးမြီများကို ဆပ်ပြီးနောက်တွင်၎င်း၊ (ခွဲဝေရပေမည်)။ ၎င်းပြင် အကယ်၍ အသင်တို့၌ သားသမီး တစ်စုံတစ်ယောက် မရှိခဲ့ပါလျှင်၊ အသင်တို့ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများအနက်မှ ၎င်းဇနီး မိန်းမတို့အတွက် လေးပုံတစ်ပုံသည် ဖြစ်သည်။ တစ်ဖန် အကယ်၍ အသင်တို့၌ သား သမီး တစ်စုံတစ်ယောက်ရှိခဲ့ပါသော် ထိုဇနီးမိန်းမတို့အတွက် အသင်တို့ ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများ အနက်မှ ရှစ်ပုံတစ်ပုံ (သာ)ဖြစ်သည်။ (သို့ရာတွင်ယင်းအမွေပစ္စည်း တို့ကို) အသင်တို့မှာကြားခဲ့သော သေတမ်းစကား (သို့မဟုတ် သေတမ်းစာအရ ဆောင်ရွက်ရန်ကိစ္စများ)ကို ဆောင်ရွက်ပြီးနောက် လည်းကောင်း၊ (အသင်တို့အပေါ်ဝယ် တင်ရှိသော) ကြွေးမြီကို ပေးဆပ်ပြီးနောက် လည်းကောင်း ခွဲဝေရမည်။ .....

ယခုအချိန်အထိ မူရင်းစာသားက သေဆုံးသူနှင့် မျိုးရိုးစဉ်ဆက်အရတော်စပ်ကာ အရည်အချင်းပြည့်သော အမွေရထိုက်သူများတို့၏ အမွေဝေစုအကြောင်းသာ ဖော်ပြခဲ့သည်။ လက်ရှိအာယသ်တော်သည် မျိုးရိုးစဉ်ဆက်အရ မတော်စပ်သော်လည်း အရည်အချင်းပြည့်ဝသော အမွေဆက်ခံထိုက်သူများအကြောင်း မိန့်ကြားထားသည်။ ၎င်းတို့မှာ လက်ထပ်ထိမ်းမြားခြင်းဖြင့် တော်စပ်သူများဖြစ်သည်။ အသေးစိတ်ကို အကျယ်ဖွင့်ဆိုရာတွင် ပါရှိသည်။

## အကျယ်ဖွင့်ဆိုခြင်း
## ခင်ပွန်းနှင့် ဇနီးသည်၏ အမွေဝေစု

ဤအာယသ်တော်ထဲတွင် ခင်ပွန်းနှင့်ဇနီး၏ အမွေဝေစုမှာ သတ်မှတ်ပြီးဖြစ်သည်။ ခင်ပွန်း၏ အမွေဝေစုကို အလျင်ဖော်ပြထားခြင်းမှာ ၎င်း၏အရေးပါမှုကို ပြသရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဇနီးသေဆုံးပြီးနောက် ခင်ပွန်းသည် အခြားမိသားစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သွားသောကြောင့် ဖြစ်သည်။ အကယ်၍ ဇနီးသည် သူမမိဘအိမ်၌ သေဆုံးခဲ့၍ သူမ၏ဥစ္စာပစ္စည်းများ ယင်းတွင်ပင်ရှိခဲ့လျှင် သူမ၏ဆွေမျိုးသားချင်းများက ခင်ပွန်း ရထိုက်သည့်အမွေဝေစုမပေးဘဲ ရှောင်ရှားနိုင်သည်။ ခင်ပွန်း၏ ရပိုင်ခွင့်ကို ပထမဖော်ပြခြင်းက ကုရ်အာန်ကျမ်းတော်မြတ်သည် ဤလုပ်ရပ်ကို ပြစ်တင်ရှုတ်ချနိုင်ချေရှိသည်။ အသေးစိတ်ရှင်းရလျှင် သေဆုံးသူဇနီး၌ သားသမီးမကျန်ရစ်ခဲ့လျှင် ကြွေးမြီများပေးဆပ်ခြင်းနှင့် သေတမ်းစာအရ ဆောင်ရွက်ခြင်းပြုပြီးနောက် သေဆုံးသူကျန်ရစ်ခဲ့သည့် အမွေဥစ္စည်းအားလုံး၏ တစ်ဝက်ကို ခင်ပွန်းရရှိလိမ့်မည်။ ကျန်ရှိသောတစ်ဝက်ကို အခြားအမွေဆက်ခံသူများဖြစ်သည့် သေဆုံးသူ၏ မိဘများ၊ သူမ၏မောင်နှမများသည် ၎င်းတို့အတွက် ပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေနှင့်အညီ အမွေဝေစုများ ရကြပါလိမ့်မည်။

အကယ်၍ သေဆုံးသူဇနီးတွင် ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ တစ်ဦး (သို့) နှစ်ဦး (သို့) နှစ်ဦးထက်ပိုလျှင်ဖြစ်စေ ယင်းကလေးများသည် လက်ရှိအိမ်ထောင်မှထွန်းကားသော သားသမီးဖြစ်လျှင်ဖြစ်စေ ယခင်အိမ်ထောင်နှင့် ထွန်းကားခဲ့သော သားသမီးဖြစ်လျှင်ဖြစ်စေ ကျန်ရစ်ခဲ့ပါမူ ကြွေးမြီများပေးဆပ်ခြင်းနှင့် သေတမ်းစာအရ ဆောင်ရွက်ခြင်းပြုလုပ်ပြီးနောက် သေဆုံးသူဇနီး ကျန်ရစ်သော အမွေဥစ္စာပစ္စည်းအားလုံး၏ လေးပုံတစ်ပုံကို ခင်ပွန်းရရှိပါလိမ့်မည်။ ကျန်ရှိသော လေးပုံသုံးပုံမှ အမွေဝေစုကို အခြားအမွေဆိုင်များ ရရှိပါလိမ့်မည်။

အကယ်၍ ခင်ပွန်းသေဆုံး၍ သားသမီးမထွန်းကားဘဲ ဇနီးသာကျန်ရစ်ခဲ့လျှင် ကြွေးမြီများပေးဆပ်ခြင်းနှင့် သေတမ်းစာအရဆောင်ရွက်ခြင်းတို့ ပြုလုပ်ပြီးနောက် ထိုဇနီးသည် သေဆုံးသူကျန်ရစ်သောပစ္စည်းအားလုံး၏ လေးပုံတစ်ပုံ ရရှိလိမ့်မည်။ ထို့ပြင် အကယ်၍ သေဆုံးသူ၌ ယခုအိမ်ထောင်နှင့်ဖြစ်စေ၊ ယခင်အိမ်ထောင်နှင့်ဖြစ်စေ သားသမီးတစ်ဦးဦးကျန်ရစ်ခဲ့ပါက ကြွေးမြီများပေးဆပ်ခြင်းနှင့် သေတမ်းစာအရဆောင်ရွက်ခြင်းတို့ ပြုလုပ်ပြီးနောက် အမွေဝေစုရှစ်ပုံတစ်ပုံ ရရှိမည်။ ထို့ပြင် အကယ်၍ သေဆုံးသူခင်ပွန်း၌ ဇနီးတစ်ဦးထက်ပိုရှိပြီးအားလုံးမှာ ၎င်းသေဆုံးစဉ် သက်ရှိထင်ရှားရှိနေပါက လုပ်ဆောင်ရမည့်အသေးစိတ်မှာ အတူတူပင်ဖြစ်ပါလိမ့်မည်။ သို့သော်လည်း "ဇနီး" အတွက် ပြဋ္ဌာန်းထားသည့်ဝေပုံ (လေးပုံတစ်ပုံဖြစ်စေ၊ ရှစ်ပုံတစ်ပုံဖြစ်စေ) ကို

ဇနီးသည်အားလုံး အညီအမျှ ခွဲဝေယူရပါမည်။ တစ်နည်းဆိုသော် ဇနီးသည်တိုင်းသည် အမွေဝေစု၏ (လေးပုံတစ်ပုံနှင့် ရှစ်ပုံတစ်ပုံ) ကို ရရှိကြလိမ့်မည် မဟုတ်ပါ။ သို့သော် ဇနီးသည်အားလုံးသည် ရရှိသောအမွေဝေစု (လေးပုံ တစ်ပုံနှင့် ရှစ်ပုံတစ်ပုံ)ကို အညီအမျှခွဲဝေယူရမည်။ ထို့နောက် ဤအခြေအနေမျိုးနှစ်ခုတွင် ဇနီး/ခင်ပွန်းတို့၏ အမွေဝေစုကို ရှင်းလင်းပေးပြီးသည့်နောက် ကျန်ရှိသည်များကို အခြားအမွေဆက်ခံသူများအား ခွဲဝေပေးရပါမည်။

**ဥပဒေသ**

အမွေခွဲဝေမပေးမီ၊ ဇနီးသည်၏ မဟရ် (ခန်းဝင်ကြေး) ပေးပြီးဖြစ်ကြောင်း သေချာစေရပါမည်။ အကယ်၍ သေဆုံးသူသည် ဇနီး၏မဟရ်ငွေကို မပေးရသေးလျှင် ဤငွေကို အကြွေးဟုသတ်မှတ်လိမ့်မည်။ အခြားသော အကြွေးများကဲ့သို့ ယင်းကိုဦးစွာကပထမ ကျန်ရစ်ပစ္စည်းများအားလုံးအနက်မှ ပေးရပါလိမ့်မည်။ အမွေခွဲဝေခြင်းကို ဤကိစ္စပြီးမြောက်မှသာလျှင် လုပ်ဆောင်ရပါမည်။ မှတ်သားသင့်သည်မှာ အမျိုးသမီးသည် သူမ၏မဟရ်ကို လက်ခံရယူပြီးနောက် အရည်အချင်းပြည့်သော အမွေဆက်ခံသူတစ်ဦးအနေဖြင့် အမွေပစ္စည်းများထဲမှ သူမအတွက် သတ်မှတ်ထားသော အမွေဝေစုကို ရရှိပါလိမ့်မည်။ အကယ်၍ သေဆုံးသူချန်ရစ်ခဲ့သောပစ္စည်းများသည် မဟရ်(ခန်းဝင်ကြေး)ပမာဏထက် မကျော်လွန်ခဲ့ပါလျှင် အမျိုးသမီးအား အခြားကြွေးမြီများပေးဆပ်သကဲ့သို့ ပစ္စည်းများအားလုံး ပေးအပ်ရမည်။ ထိုကဲ့သို့လုပ်ဆောင် ပြီးသည့်နောက် မည်သည်မျှ မကျန်ရှိပါက အမွေဆိုင်တို့သည် အမွေဝေစုရရှိလိမ့်မည် မဟုတ်ပါ။

**အာယသ်တော် (၁၂)**

..... وَإِنْ كَانَ رَجُلٌ يُّوْرَثُ كَلٰلَةً أَوِ امْرَأَةٌ
وَّلَهٗ أَخٌ أَوْ أُخْتٌ فَلِكُلِّ وَاحِدٍ مِّنْهُمَا السُّدُسُ ۚ فَإِنْ كَانُوْٓا أَكْثَرَ
مِنْ ذٰلِكَ فَهُمْ شُرَكَآءُ فِي الثُّلُثِ مِنْ بَعْدِ وَصِيَّةٍ يُّوْصٰى بِهَآ
أَوْ دَيْنٍ ۙ غَيْرَ مُضَآرٍّ ۚ وَصِيَّةً مِّنَ اللّٰهِ ۗ وَاللّٰهُ عَلِيْمٌ حَلِيْمٌ ﴿١٢﴾

**. . . ထို့ပြင်တစ်ဝ အမွေထားရှိခဲ့သော အကြင် ယောကျ်ားတစ်ဦးတစ်ယောက် ဖြစ်စေ၊ အကြင်မိန်းမ တစ်ဦးတစ်ယောက်ဖြစ်စေ၊ (မိဘနှင့် သားသမီး မရှိဘဲ) ထိုသူ (သို့မဟုတ် ထိုသူမ)၌ (မိတူဘကွဲ)ညီ (သို့မဟုတ် မောင် သို့မဟုတ်) အစ်ကိုတစ်ဦးတစ်ယောက် သော်၎င်း၊ (မိတူဘကွဲ)နှမ (သို့မဟုတ် ညီ သို့မဟုတ် အစ်မ) တစ်ဦးတစ်ယောက်သော်၎င်း ရှိခဲ့သော်၊ ထို (အစ်ကို၊မောင်၊**

**နှစ်မ) နှစ်ဦးတို့အနက် အသီးသီးတို့အတွက် ခြောက်ပုံတစ်ပုံစီဖြစ်၏။ တစ်ဖန် အကယ်၍ ယင်း (မိတူဘကွဲ ညီအစ်ကို၊ မောင်၊ နှမ)တို့သည် တစ်ဦးထက် ပို၍ပါမူ ၎င်းတို့သည် သုံးပုံတစ်ပုံတွင် (ညီတူညီမျှ သက်ဆိုင်သော) အစုရှင်များ ဖြစ်ကြကုန်၏။ (ယင်းသို့ ခွဲဝေခြင်းကို) မှာကြားပြီးဖြစ်သော သေတမ်းစကား (သို့မဟုတ် သေတမ်းစာအရ ဆောင်ရွက်ရန်ရှိသော ကိစ္စများ)ကို ဆောင်ရွက်ပြီးနောက်၎င်း၊ (ပေးဆပ်ရန်ရှိသော) ကြွေးမြီများကို ပေးဆပ်ပြီးနောက်၎င်း၊ ပြုရပေမည်။ သို့ရာတွင် (မှာကြားသွားသူသည်) (သက်ဆိုင်ရာ အမွေစားတို့အား မိမိမှာကြားခြင်းဖြင့် နစ်နာဆုံးရှုံးအောင် မဖြစ်စေခဲ့သည် ရှိသော်)။ (ဤသည်ကား) အလ္လာဟ်အသျှင်မြတ် အထံတော်မှ (ထုတ်ပြန်တော်မူသော) အမိန့်တော် ပင်တည်း။ စင်စစ်သော်ကား အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော် မူသောအသျှင်၊ အလွန်တရာမျှသည်းခံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄း၁၂)**

မျိုးရိုးစဉ်ဆက်နှင့် လက်ထပ်ထိမ်းမြားခြင်းမှ တော်စပ်သူများ၏ ရပိုင်ခွင့်များအကြောင်း အကျဉ်းဖော်ပြပြီးသည့်နောက် မူရင်းစာသားသည် သားသမီးများဖြစ်စေ၊ မိဘများဖြစ်စေ မကျန်သောသေဆုံးသူ၏ အမွေပစ္စည်းများနှင့် ပတ်သက်သော အမိန့်ပညတ်ချက်များကို ဖော်ပြထားခဲ့ပါသည်။ အသေးစိတ်များကို အောက်တွင် ဖော်ပြထားသည်။

## [ L* | (ကလာလဟ်)၏ အမွေ

အာယသ်တော်၏နောက်ပိုင်းတွင် ကလာလဟ်၏ အမွေနှင့် ပတ်သက်သော အမိန့်ပညတ်ချက် ဖော်ပြထားသည်။ ကလာလဟ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက် မြောက်မြားစွာရှိသည်။ အလ်ကုရ်သုဒီက သူ၏သဖီရ်တွင် ဤ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တင်ပြထားသည်။ လူသိများသော အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် ကလာလဟ်ဆိုသည်မှာ တစ်စုံတစ်ဦးသေဆုံးရာတွင် အထက်အဆက်လည်းမကျန်ရစ်၊ အောက်အဆက်လည်းမကျန်ရစ်သော သူကို ဆိုပါသည်။

ရူဟုလ်မအာနီကျမ်းရှင် အလ္လာဟ်မဟ်အလ်အာလူစီက မိန့်ကြားသည် 'ကလာလဟ်' ဆိုသည်မှာ ကြိယာနာမ်ဖြစ်ပြီး 'ကလားလ်' အဓိပ္ပာယ်ဆောင်သည့် အနေဖြင့် သုံးစွဲထားပါသည်။ 'ကလားလ်' ၏အဓိပ္ပာယ်မှာ 'ကုန်ခန်းသွားစေခြင်း' ဖြစ်ပြီး 'ချိနဲ့ခြင်း' ကို ဖော်ကျူးသည်။ 'ကလာလာဟ်' ဆိုသည်မှာ အဖေနှင့်သားတော်စပ်မှုမှအပ အခြားတော်စပ်မှုအားလုံးအတွက် သုံးနှုန်းသည်။ ယင်းတော်စပ်မှုမှာ အဖေနှင့်သားတော်စပ်မှုနှင့် နှိုင်းစာလျှင် အင်အားနည်းသည်။ ၎င်းပြင် 'ကလာလာဟ်' ဆိုသည့်စကားလုံးကို အမွေဆက်ခံရန် အဖေ (သို့) သားမကျန်သော သေဆုံးသူအတွက် သုံးစွဲရုံသာမက အမွေဆက်ခံသူသည် သေဆုံးသူ၏ အဖလည်းမဟုတ်

သားလည်း မဟုတ်သောသူအတွက်လည်း သုံးနှုန်းပါသည်။ 'ကလာလာဟ်' ၏ ဝေါဟာရစကားလုံး ဆင်းသက်မှုအရဆိုလျှင် 'OX' ဇူဟူသော စကားလုံးလိုအပ်ပါသည်။ ရှင်းရှင်းလင်းလင်းဖော်ပြမထားသော်လည်း နားလည်ပြီးဖြစ်သည်ဟု ယူဆရမည်။ ထို့နောက် "ကလာလာဟ်" ဟူသော စကားလုံးကို "ဇူကလာလာဟ်"ဟုယူရပါမည်။ နောက်ပိုင်း တွင်ထိုစကားလုံးကို အဖေလည်းမကျန်ရစ်၊ သားလည်းမကျန်ရစ်သောသေဆုံးသူ၏ ကျန်ရစ်သော အမွေပစ္စည်းများအတွက်လည်း သုံးပါသည်။

အတိုချုပ်ဆိုရသော် အကယ်၍ လူတစ်ဦးအမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေသေဆုံး၍ အဖေ (သို့) အဘိုး (သို့) သားသမီးမကျန်ရစ်ခဲ့သော်လည်း အမေတူ ဖအေကွဲမှ ညီအစ်ကိုနှင့် မောင်တစ်ဦးသော်လည်း ကောင်း (သို့) အမ၊ ညီမတစ်ဦးသော်လည်းကောင်း ကျန်ရစ်ခဲ့လျှင် တစ်ဦးတည်းသော ညီ၊ အစ်ကို၊ မောင်သည် ၆-ပုံ ၁-ပုံရရှိမည်။ မည်သူမျှ မရှိလျှင် တစ်ဦးတည်းသော အစ်မ၊ ညီမသည် ၆-ပုံ ၁-ပုံရရှိမည်။ သို့သော်လည်း အကယ်၍ ကျန်ရစ်သူမှာ တစ်ဦးထက်ပိုက (ပမာဆိုသော် ညီ၊ အစ်ကိုမောင်တစ်ဦးနှင့် ညီမအစ်မတစ်ဦးဖြစ်စေ) (သို့မဟုတ်) ညီ၊ အစ်ကို၊ မောင်နှစ်ဦးနှင့် ညီမ၊ အစ်မ နှစ်ဦးဖြစ်စေ) ကျန်ရစ်လျှင် ၎င်းတို့အားလုံးသည် သေဆုံးသူကျန်ရစ် သည့်ပစ္စည်းအလုံးစုံ၏ သုံးပုံတစ်ပုံကို ခွဲဝေယူကြရလိမ့်မည်။ ဤတွင် အမျိုးသားသည် အမျိုးသမီးထက် နှစ်ဆရလိမ့်မည်မဟုတ်ချေ။

အလ္လာမဟ် အလ်ကုရ်သုဒီက ပြောသည်မှာ-

وَلَيْسَ فِي الْفَرَائِضِ مَوْضِعٌ يَكُونُ فِيهِ الذَّكَرُ وَالْأُنْثَىٰ سَوَاءً إِلَّا فِي مِيرَاثِ الْأَخَوَّةِ لِلْأُمِّ

## ညီအစ်ကိုမောင်နှမ၏ အမွေဝေစု

ဤအာယသ်တော်သည် 'အခ်ယာဖီ' မိတူဖကွဲ မောင်နှမများ၏ ဝေစုကို ရည်ညွှန်းကြောင်းကို ရှင်းလင်းစွာနားလည်ထားရမည်။ ဤကန့်သတ်ချက်ကို လက်ရှိအာယသ်တော်တွင် ဖော်ပြမထားသော်လည်း ဤသည်ကို ပင် တညီတညွတ်တည်း သဘောတူလက်ခံကြသည်။ ဤအာယသ်တော်တွင် စိုက်ယိဒိနာ စအဒ်အိဗ်နိအဗီဝကားစ်﴿ﷺ﴾၏ ကိရအသ် (}áArQ) ဖတ်နည်းအရ-وَلَهُ أَخٌ أَوْ أُخْتٌ مِنْ أُمِّهِ (ထို့ပြင်သူတွင် အမိဘက်မှ မောင်၊ ညီအစ်ကို (သို့) နှစ်မ၊ အစ်မ၊ ညီမ) တွင် ဝါကျနောက်၌ (Ú#_Â–Aú–M_) "အမိဘက်မှ" ဟူသောပုဒ် ပါရှိလေသည်။ အလ်ကုရ်ဂုဏီ၊ အလ် အလုစီ၊ အလ် ဂျဆွဲ ဆွဲးဆွဲ နှင့် အခြားသူများကလည်း ဤအတိုင်းတင်ပြထားခဲ့သည်။ ဤကိရာအသ်ဖတ်နည်းကို ကွန်ပ်တို့ထံသို့ 'သဝါသူရ်' (ခေတ်အဆက်ဆက်တွင် လူအများစုကြိုး၏ တညီတညွတ်တည်း ဆင့်ပြန်ချက်)မှတစ်ဆင့် ရောက်လာခြင်း မဟုတ်သော်လည်း မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံး၏ တညီတညွတ်တည်း လက်ခံမှုကြောင့် လိုက်နာကျင့်သုံး ထိုက်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် စူရတ် အလ်နိစာအ်၏ နောက်ဆုံး၌ 'ကလာလာဟ်' အမွေအကြောင်း ဖော်ပြခြင်းသည် နောက်ထပ်ထင်ရှားသည့် သက်သေသာဓကတစ်ခုပင်ဖြစ်သည်။ အကယ်၍ ထိုအာယသ်တော်ထဲ၌ မိန့်ထားသကဲ့သို့ ညီမအစ်မ တစ်ဦးတည်းသာရှိခဲ့လျှင် ၎င်းသည် အမွေတစ်ဝက်ရရှိပါမည်။ ထို့ပြင် အကယ်၍ အစ်ကိုမောင်တစ်ဦးတည်းသာရှိခဲ့လျှင် ၎င်းသည် အစ်မညီမ၏ ဥစ္စာပစ္စည်းအလုံးစုံ ကို အမွေဆက်ခံရရှိပါလိမ့်မည်။ ထို့ပြင် အကယ်၍

ညီမအစ်မနှစ်ဦးရှိလျှင် ၎င်းတို့သည် သုံးပုံနှစ်ပုံရရှိပါလိမ့် မည်။ ၎င်းပြင် အကယ်၍ ညီအစ်ကိုမောင်နှမ အတော်များများရှိခဲ့လျှင် အမျိုးသားတို့သည် အမျိုးသမီးတို့ အမွေ ဝေစု၏ နှစ်ဆပေးအပ်ခံရမည်။ စူရဟ်၏ အဆုံးတွင်ပါဝင်သော ဤအမိန့်ပညတ်ချက်သည် (အိုင်နီ) မိတူဘတူ ညီအစ်ကိုမောင်နှမများနှင့် (အလ္လာဇီ) ဖတူမိကွဲ ညီအစ်ကိုမောင်နှမများကို ရည်ညွှန်းသည်။ အကယ်၍ အလ္လာဇီ နှင့် အိုင်နီ ညီအစ်ကိုမောင်နှမများကို ထည့်သွင်းမည်ဆိုလျှင် ယင်းသည် အမိန့်ပညတ်ချက်များနှင့် ဆန့်ကျင်ဘက် ဖြစ်သွားပေလိမ့်မည်။

## (ဝဆ္ဆီယသ်) သေတမ်းစာနှင့်ပတ်သက်သည့် ပညတ်ချက်များ

ဤပါဒထဲတွင် အမွေဝေစုအကြောင်း သုံးကြိမ်မျှ ဖော်ပြခဲ့ပြီး မိန့်ထားသည်မှာ သေတမ်းစာနှင့် ပတ်သက်သည်များကို ဆောင်ရွက်ခြင်းနှင့် ကြွေးမြီများပေးဆပ်ခြင်း၊ ပြီးနောက်မှသာလျှင် အမွေဝေစုခွဲဝေခြင်းအကြောင်း ဖော်ပြထားသည်။ သေဆုံးသူသဂြိုလ်စရိတ်များနှင့် ကြွေးမြီပေးဆပ်ပြီးသည့်နောက်တွင် သေသူ၏ သေတမ်းစာကို ဆောင်ရွက်ရမည်။ ယင်းသေတမ်းစာကို ဆောင်ရွက်ရာ၌ ကျန်ရှိပစ္စည်း၏ သုံးပုံတစ်ပုံကိုသာလျှင် ဆောင်ရွက်နိုင်ကြောင်း အစောပိုင်းက ဖော်ပြခဲ့ပြီးဖြစ်သည်။ အကယ်၍ သေတမ်းစာမှာ သုံးပုံတစ်ပုံထက်ကျော်လွန်ခဲ့သော် ယင်းကို တရားဝင်အတင်းအကြပ် လုပ်ဆောင်၍မရပါ။ ရှရီအသ်တရားတော်စည်းမျဉ်းဥပဒေအရ ကြွေးမြီပေးဆပ်ခြင်းကို သေတမ်းစာအလျှင် ပြုလုပ်ရမည်။

အကယ်၍ ဥစ္စာပစ္စည်းအလုံးစုံသည် ကြွေးမြီပေးဆပ်ခြင်းဖြင့် ကုန်ခမ်းသွားလျှင် သေတမ်းစာအတိုင်း ဆောင်ရွက်ရန်လည်းမရှိ၊ ခွဲဝေရန်လည်း ဥစ္စာပစ္စည်းမရှိချေ။ 'သေတမ်းစာ' အကြောင်း ဖော်ပြသည့် (၃) နေရာစလုံးတွင် "ကြွေးမြီများ" ရှေ့တွင် "ထို" ဟူသောစကားလုံးရှိသည်။ ဤသည်က သေတမ်းစာ၏ ရပိုင်ခွင့်သည် ကြွေးမြီများအလျှင်ဖြစ်သည်ဟု ထင်မြင်ချက်ဖြစ်စေသည်မှာ ထင်ရှားသည်။ ယင်းသို့နားလည်မှုမှားယွင်းခြင်းကို ဖယ်ရှားသည့်အနေဖြင့် စိုက်ယိဒိနာ အလီသခင်﴿ﷺ﴾မိန့်ကြားသည်မှာ -

**انكم تقرأون هذه الا ية مِنْ بَعْدِ وَصِيَّةٍ تُوْصُوْنَ بِهَآ اَوْدَيْنٍ، وَان رسول الله صلى الله عليه وسلم قضى بالدين قبل الو صية.** (مشكوة بحواله ترمذى ص ٢٦٤)

အသင်ဤအာယသ်တော်-**مِنْ بَعْدِ وَصِيَّةٍ تُوْصُوْنَ بِهَآ اَوْدَيْنٍ**(ယင်းသို့ခွဲဝေခြင်းကို) မှာကြားပြီးဖြစ်သော သေတမ်းစကား (သို့) သေတမ်းစာအရဆောင်ရွက်ရန်ရှိသောကိစ္စများ) ကို ဆောင်ရွက်ပြီးနောက်၊ ၎င်း(ပေးဆပ်ရန်ရှိသော) ကြွေးမြီများကို ပေးဆပ်ပြီးနောက်လည်းကောင်း)ကို ဖတ်ရွတ်ရာတွင် (သေတမ်းစာကို အလျှင်ဖော်ပြထားသည်) သို့သော်လည်း (လက်တွေ့တွင်မူ) တမန်တော်မြတ်﴿ﷺ﴾သခင်က ကြွေးမြီသည် သေတမ်းစာအလျှင်ဖြစ်ကြောင်း ရှင်းလင်းထားခဲ့သည်။

စကားလုံးအနေဖြင့် သေတမ်းစာကို ကြွေးမြီ၏အလျှင် အစောပိုင်းက ဖော်ပြခဲ့သော်လည်း လက်တွေ့တွင်မူ သေတမ်းစာကို ကြွေးမြီ၏နောက်၌ အဘယ်ကြောင့် ဆောင်ရွက်ရသနည်းဟူသော အချက်အား ကျွန်ုပ်တို့ သိရှိရန်လိုသည်။ ဤသည်နှင့် ပတ်သက်၍ ရူဟုလ်မအာနီကျမ်းရှင်က ဤသို့ မိန့်ကြားထားသည်။

**اوتقديم الوصية على الدين ذكراً مع ان الدين مقدم عليها حكمالاظهار كمال العنا ية بتنفيذها لكونها مظنة للتفر يط فى ادائها الخ.**

ဤအာယသ်တော်ထဲတွင် သေတမ်းစာကို ကြွေးမြီအလျင် ဖော်ပြထားခြင်းမှာ သေတမ်းစာများကို ဥပေဒအရလိုက်နာလုပ်ဆောင်ရန် အလေးအနက်ပြုခြင်းကို ဆိုလိုသည်။ သေတမ်းစာတစ်ခုကြောင့် အကျိုးရှိသူသည် ယင်းအကျိုးအမြတ်အတွက် မည်သည့်အဖိုးအခမှလည်းမပေးရ။ များသောအားဖြင့် သေတမ်းစာပြုသူနှင့်လည်း မည်သို့မျှ ဆွေမျိုးတော်စပ်ခြင်း မရှိဘဲ အမွေရသောကြောင့်ဖြစ်နိုင်သည်မှာ အမွေဆက်ခံသူများသည် ထိုသေတမ်းစာကို လျစ်လျူရှုခြင်းသော်လည်းကောင်း။" အနည်းဆုံး ယင်းသေတမ်းစာကိုဆောင်ရွက်ရန် မလိုလားအပ် သည့်ကြန့်ကြာမှုဖြစ်စေနိုင်သောကြောင့်လည်းကောင်း ဖော်ပြထားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမွေဆိုင်သူများသည် တစ်စုံတစ်ဦးထံ ၎င်းတို့ရမည့်ဥစ္စာပစ္စည်းများ ရောက်ရှိသွားမည်ကို မရှုစိမ့်သောဌာဖြစ်ပေသည်။ ထို့ကြောင့် သေတမ်းစာ၏အရေးကြီးမှုကို ထိန်းသိမ်းထားနိုင်ရန်အတွက် ကြွေးမြီများအလျင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထို့နောက်လူတိုင်းသည် ပေးဆပ်ရန် ကြွေးမြီတင်ရှိမှလည်းတင်ပေမည်။ ဘဝတစ်လျှောက်တွင် ကြွေးမြီရှိပင်ရှိငြားလည်း သေဆုံးချိန်၌ ကြွေးမြီပေးဆပ်ရန် အချိန်ဆိုက်ရောက်လျှင်ပင် ကြွေးရှင်များထံမှ ကြွေးမြီတောင်းခံခြင်းကို အမွေဆက်ခံသူများက မငြင်းပယ်နိုင်။ ကြွေးတောင်းသော ကြွေးရှင်ရှိနေလျှင် ဤကိစ္စမျိုး၌ ပေါ့လျော့မှုမရှိနိုင်။ ဤသည်နှင့် ဆန့်ကျင်သော သေတမ်းစာမှာ သေဆုံးသူသည် ၎င်း၏ဥစ္စာပစ္စည်း အစိတ်အပိုင်း အချို့ကို သေတမ်းစာပြု၍ ကောင်းရာမွန်ရာ တစ်စုံတစ်ရာတွင် ရင်းနှီးမြှုပ်နှံကာ ထိုမှပေါ်ထွက်သော အဆက်မပြတ်ရမည့် ကောင်းကျိုး(ဆွဒကာဂျာရီယာ)ကို သေဆုံးသူရစေရန်ဟူသည့် ဆန္ဒပြုထားသည်။ ဤကဲ့သို့ သေတမ်းစာပြုထားသည့် ဥစ္စာပစ္စည်းမျိုးကို မည်သည့်ဘက်မှတောင်းဆိုရန် အကြောင်းမရှိ၍ အမွေဆိုင်များကိုယ်တိုင် ဤကိစ္စနှင့်ပတ်သက်၍ အချို့သောပေါ့လျော့မှု ဖြစ်သွားနိုင်ချေရှိသည်။ ထို့ကြောင့် သို့ဖြစ်နိုင်ချေရှိမှုကို ကာမိစေရန် သေတမ်းစာကို အထူးအစီအစဉ်ဖြင့် ဦးစွာဖော်ပြခြင်းဖြစ်သည်။

**ဥပဒေသ**

(၁) အကယ်၍ ကြွေးမြီလည်းမရှိ၊ သေတမ်းစာလည်းမထားရစ်ခဲ့လျှင် သင်္ကြိုလ်စရိတ်နှုတ်ပြီးက ပစ္စည်းဥစ္စာအလုံးစုံကို အမွေဆိုင်များအား ခွဲဝေပေးရလိမ့်မည်။

(၂) အမွေဆိုင်တစ်ဦးအကျိုးအတွက် သေတမ်းစာထားခဲ့ခြင်း တရားမဝင်ချေ။ အကယ်၍ တစ်စုံတစ်ဦးသည် သူ၏သား၊ သမီး၊ ခင်ပွန်း (သို့) ဇနီး (သို့) အမွေပစ္စည်းမှ အမွေဝေစုရမည့်သူတစ်ဦးဦးအတွက် သေတမ်းစာပြုလုပ်ခဲ့ပါလျှင်လည်း ဤသေတမ်းစာကို တရားဥပဒေအရ မလိုက်နာစေနိုင်ပါ။ အမွေဆိုင်များသည် အမွေပုံပစ္စည်းထဲမှ ၎င်းတို့အတွက် အမွေဝေစုဟု သတ်မှတ်ထားသည်ကိုသာ ရရှိပါလိမ့်မည်။ ထို့ထက်ပို၍ ၎င်းတို့ရပိုင်ခွင့်မရှိချေ။ တမန်တော်မြတ်ﷺ သခင်၏ နောက်ဆုံးဟဂျ်တွင် မိန့်ကြားထားသော ကျော်ကြားသည့်မိန့်ခွန်းတော်၌ မိန့်ကြားထားသည်မှာ-

اِنَّ اللّٰهَ قَدۡ اَعۡطٰی کُلَّ ذِیۡ حَقٍّ حَقَّهٗ فَلَا وَصِیَّةَ لِوَارِثٍ. (مشکوة بحواله ابوداؤد ص ٢٦٥)

"မုခ္ဓေကန် အလ္လာဟ်အရှင်မြတ်သည် လူတိုင်းလူတိုင်း၊ သူ(သို့) သူမ၏ရပိုင်ခွင့်ကို ပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အမွေဆက်ခံသူတစ်ဦးအတွက် သေတမ်းစာမရှိချေ။" **(အဗူဒါဝူးဒ်၊စာ-၂၆၅ ကိုရည်ညွှန်းလျက် မစ်ရှ်ကသ်)**

သို့သော်လည်း အခြားသောအမွေဆိုင်များက ခွင့်ပြုခဲ့ပါလျှင် သီးခြားအမွေဆိုင်တစ်ဦး၏ အကျိုးအတွက် ပြုလုပ်ထားသော သေတမ်းစာကို ဦးစွာပထမလုပ်ဆောင်နိုင်ပါသည်။ ၎င်းနောက်ရှရီအသ်၏ နည်းလမ်းနှင့်အညီ ကျန်ရှိပစ္စည်းအားလုံးတို့ကို ခွဲဝေပေးရပါမည်။ ယင်းကြောင့် သီးခြားအမွေဆိုင်သည် ကျန်ရှိအမွေထဲမှ သူ၏ သတ်မှတ်ထားသော ဝေစုကိုလည်းရရှိပါလိမ့်မည်။ အချို့သော ဆင့်ပြန်ချက်များတွင်- **اِلَّاۤ اَنۡ یَّشَآءَ الۡوَرَثَةَ** "အမွေဆက်ခံသူများ ဆန္ဒရှိခဲ့ပါလျှင်" ဟူသော ချွင်းချက်ပါဝင်သည်။ **(အလ်ဟေဒါယဟ်ကျမ်းပါအတိုင်း)**

"ကလာလဟ်"၏ အမွေနှင့်ပတ်သက်သော စည်းမျဉ်းဥပဒေ၏နောက်တွင် ဖော်ပြထားသော-**غَیۡرَ مُضَآرٍّ** "နစ်နာဆုံးရှုံးမှုမရှိစေရ"ဟူသော စကားလုံးများတို့တွင် ထူးခြားသိသာထင်ရှားမှုများပါဝင်သည်။ သေတမ်းစာများဆောင်ရွက်ခြင်းနှင့် ကြွေးမြီများပေးဆပ်ခြင်းတို့သည် အမွေဆိုင်များတို့၏ ဝေစုများမခွဲဝေမီအလျင် လုပ်ဆောင်ရသည်ဖြစ်သော်လည်း စစ်မှန်သောအမွေဆိုင်များအား ထိခိုက်နစ်နာမှုဖြစ်စေရန် ဤနည်းလမ်းကို အလွဲသုံးစားမပြုရန် သတိပေးထားသည်။

အကယ်၍ တစ်စုံတစ်ဦးသည် အမွေဆိုင်များလက်မဲ့ဖြစ်စေရန်အတွက် သေတမ်းစာတစ်ခုပြုလုပ်ခြင်းကိုဖြစ်စေ ပေးဆပ်ရန်ကြွေးမြီများရှိကြောင်း လိမ်လည်ဝန်ခံမှုပြုလုပ်ခဲ့လျှင်ဖြစ်စေ ၎င်းသူသည်တင်းကြပ်စွာ တားမြစ်ထားသည်ကို ပြုလုပ်သည်ဖြစ်သောကြောင့် အလွန်ကြီးလေးသော အပြစ်ကျူးလွန်ခြင်းဖြစ်သည်။

ကြွေးမြီနှင့် သေတမ်းစာတို့မှတစ်ဆင့် ထိခိုက်နစ်နာစေအောင်ပြုလုပ်နိုင်သောနည်းလမ်းပေါင်းများစွာရှိသည်။ ပမာဆိုသော် တစ်စုံတစ်ဦး (သို့) မိတ်ဆွေတစ်ဦးအားပေးနိုင်စေရန်အတွက် သူ့တွင် ကြွေးမြီများရှိသည်ဟု ဖြောင်လိမ်ခြင်း၊ သို့မဟုတ်ပါလျှင် အလုံးစုံသော အမွေပစ္စည်းများထဲတွင် မပါဝင်စေရန်အတွက် သေဆုံးသူကိုယ်တိုင် ပိုင်ဆိုင်သည့် အလွန်ထူးခြားသောအရာတစ်ခုကို တစ်စုံတစ်ဦးအတွက် ယုံကြည်အပ်နှံထားသည်ဟုတင်ပြခြင်း၊ သို့မဟုတ်ပါမူ တစ်ဦးတစ်ယောက်၏ ပစ္စည်းဥစ္စာကို သုံးပုံတစ်ပုံဟူသော အတိုင်းအတာကိုကျော်လွန်၍ သေတမ်းစာပြုလုပ်ခြင်း၊ သို့မဟုတ်လျှင် မရရှိသေးသည့် ကြွေးငွေများကို ပြန်လည်ပေးဆပ်ပြီးပြီဟု လိမ်ညာပြောဆိုကာ အမွေရှင်များလက်သို့မရောက်ရှိစေခြင်း၊ သို့မဟုတ်တစ်ဦးတစ်ယောက်သည် ရောဂါ ကြောင့် သေလုမျောပါးဖြစ်နေချိန်တွင်-**مرض الموت** တစ်စုံတစ်ဦးအမည်ဖြင့် သုံးပုံတစ်ပုံထက်ပိုသော ပစ္စည်းဥစ္စာ များကို လက်ဆောင်အဖြစ်ပေးခြင်း။

ဤသည်တို့ကား ထိခိုက်နစ်နာမှုဖြစ်စေနိုင်သော ပုံစံများပင်ဖြစ်သည်။ ဤကမ္ဘာမှ ခွဲခွာသွားရတော့မည့် သေတမ်းစာပြုလုပ်သူတိုင်းသည် ၎င်းတို့ဘဝ၏နောက်ဆုံးအချိန်များတွင် ဤကဲ့သို့ထိခိုက်နစ်နာမှု ဖြစ်စေခြင်းများကို အစွမ်းကုန်ရှောင်ကြဉ်သင့်သည်။

"ထိခိုက်နစ်နာမှု မဖြစ်စေရ" ဟူသောစကားလုံးသည် "ကလာလဟ်" နှင့်ပတ်သက်သော စည်းကမ်းဥပဒေများနှင့်အတူ ဖော်ပြခဲ့သော်လည်း ယင်းအတွက်ချမှတ်ထားသော စည်းကမ်းဥပဒေသည် ယေဘုယျဖြစ်ပြီး ဤအာယသ်တော်များထဲတွင် နှစ်နေရာ၌ ဖော်ပြထားသော သေတမ်းစာနှင့် ကြွေးမြီများကို အလျင်ဦးစွာ လုပ်ဆောင်ရမည်ဖြစ်ကြောင်းကို နားလည်ပြီးသားဟု သတိမူသင့်ပါသည်။ ထို့ကြောင့် "ကလာလဟ်" သည်သာသူ၏အမွေဆက်ခံသူများအား ထိခိုက်နစ်နာမှုကို ရှောင်ကြဉ်သင့်သည်ဟု မဟုတ်မူဘဲ ဤစည်းမျဉ်းဥပဒေသည် သေတမ်းစာပြုလုပ်ရန် ဆန္ဒရှိသည့် အားလုံးသောသူများနှင့် သက်ဆိုင်သည်။

## သတ်မှတ်ထားသည့် ဝေစုများအတိုင်း ဝေငှခြင်းအပေါ် အလေးအနက်ပြုခြင်း

အမွေ၏ဝေစုဝေပုံများအကြောင်း ဖော်ပြပြီးသည့်နောက် အာယသ်တော်အဆုံးတွင် အလ္လာဟ်အရှင်မြတ်က မိန့်ကြားထားသည်မှာ-وَصِيَّةً مِّنَ اللَّهِ **"(ဤသည်ကား) အလ္လာဟ်အရှင်မြတ်အထံတော်မှ (ထုတ်ပြန်တော်မူသော) အမိန့်တော်ပင်တည်း"**ဟူ၍ဖြစ်သည်။ အလေးအနက်ပြုထားသော သတ်မှတ်ထားသော ဝေစုဝေပုံများ၊ ကြွေးမြီများပေးဆပ်ခြင်းနှင့် သေတမ်းစာအရလုပ်ဆောင်ခြင်းတို့နှင့် ပတ်သက်သောအမိန့်တော်များသည် မလွဲ မသွေလုပ်ဆောင်ရမည်ဟူ၍ ဆိုလိုပါသည်။ အလွန်အလွန် သိသာထင်ရှားသည့်အမိန့်နှင့် အမိန့်ပညတ်ချက်များကို တစ်စုံတစ်ဦးသည် ယင်းတို့နှင့် ဆန့်ကျင်သည့် မည်သည့်အရာကိုမျှ မလုပ်သင့်ပေ။ ၎င်းပြင် ထပ်ဆင့်သတိပေးချက်အနေဖြင့် မိန့်ကြားထားသည်မှာ-وَاللَّهُ عَلِيمٌ حَلِيمٌ **"**အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်၊ အလွန်တရာမျှသည်းခံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း" ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကိုသိရှိနားလည်တော်မူသည်။ ၎င်းပြင်အလ္လာဟ်အရှင်မြတ်၏ ဟိစ်မသ်ဉာဏ်တော်အရ လူတိုင်းလူတိုင်းတို့၏ စစ်မှန်သောအခြေအနေကိုသိရှိကာ ဤဝေစုများကို အလ္လာဟ်အရှင်မြတ်က ဝေချမ်းပေးခဲ့သည်။ မည်သူမဆို ဤအမိန့်ပညတ်ချက်များကို နာခံ၍ ယင်းတို့နှင့်အညီလုပ်ဆောင်ပါက သူ၏ကောင်းမှုလုပ်ရပ်တို့သည် အလ္လာဟ်အရှင်မြတ်မသိသည်မရှိချေ။ ၎င်းပြင် မည်သူမဆို ဤအမိန့်ပညတ်ချက်များကို ဆန့်ကျင်လုပ်ဆောင်ပါက မုချဧကန်အလ္လာဟ်အရှင်မြတ်သိရှိတော်မူပြီး ယင်းအတွက်သူသည် စစ်ဆေးမေးမြန်းခြင်းခံရပါလိမ့်မည်။

ဤနေရာတွင်မက အကယ်၍ သေဆုံးသွားသူသည် သူ၏အမွေဆိုင်များအား ကြွေးမြီ (သို့) သေတမ်းစာမှတစ်ဆင့် နစ်နာဆုံးရှုံးမှုဖြစ်စေခဲ့မည်ဆိုလျှင်လည်း အလ္လာဟ်အရှင်မြတ် သိရှိတော်မူပေသည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ပေးမှုမှ ကြောက်ရွံ့မှုကင်းမဲ့ မနေသင့်ချေ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အား ဤလောကကြီးမှာပင် ပြစ်ဒဏ်ခတ်လိမ့်မည်မဟုတ်ဆိုသည်ကား လုံးဝဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်သည် အလွန်တရာမျှ သည်းခံတော်မူသောအရှင်ဖြစ်တော်မူသည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် အမိန့်ပညတ်ချက်ကို မနာခံဘဲ ဆန့်ကျင်ဖီလာလုပ်ဆောင်ခဲ့လျှင်သူသည် အမှန်တကယ်လွတ်မြောက်လိမ့်မည်ထင်၍ မိမိကိုယ်မိမိ မလှည့်စားသင့်ချေ။

V V V V V V V

**အာယသ် (၁၃-၁၄)**

تِلْكَ حُدُوْدُ اللّٰهِ ؕ وَمَنْ يُّطِعِ اللّٰهَ وَرَسُوْلَهٗ يُدْخِلْهُ جَنّٰتٍ
تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا وَذٰلِكَ الْفَوْزُ
الْعَظِيْمُ ﴿١٣﴾ وَمَنْ يَّعْصِ اللّٰهَ وَرَسُوْلَهٗ وَيَتَعَدَّ حُدُوْدَهٗ
يُدْخِلْهُ نَارًا خَالِدًا فِيْهَا وَلَهٗ عَذَابٌ مُّهِيْنٌ ﴿١٤﴾

ဤသည်တို့သည် အလ္လာဟ်အရှင်မြတ် (သတ်မှတ်ပြဋ္ဌာန်းတော်မူသော) စည်းမျဉ်းဥပဒေများပင်တည်း။ အမှန်သော်ကား အကြင်မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏အမိန့်တော်များကိုလည်းကောင်း လိုက်နာပါမူ ထိုအရှင်မြတ်သည် ၎င်းအား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူအံ့။ ယင်းဥယျာဉ်များအောက်၌ စမ်းရေ ချောင်းများသည် စီးတွေလျက် ရှိသည်။ ထိုသူတို့သည် ၎င်းဥယျာဉ်များ၌ နေထိုင် စံမြန်းလျက် ရှိကြမည်။ အမှန်စင်စစ် ဤ(ကဲ့သို့ ဝင်ရောက်နေထိုင် စံမြန်းရခြင်း)သည်ကား ကြီးကျယ်လှစွာသော အောင်မြင်မှုပင်တည်း။ (၄း၁၃)

သို့ရာတွင် အကြင်မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း၊ သွေဖည်ငြင်းပယ်၍ ထိုအရှင်မြတ်၏ စည်းမျဉ်းဥပဒေများကိုလည်း ကျူးကျော်ဖောက်ဖျက်သည်ရှိသော် ထိုအရှင်မြတ် သည် ၎င်းသူအား (ငရဲ) မီးထဲသို့ ဝင်ရောက် စေတော်မူအံ့။ ထိုသူသည် ယင်း (ငရဲမီး) ထဲ၌ ထာဝစဉ် နေထိုင်ရပေမည်။ ၎င်းပြင် ထိုသူအဖို့ ဂုဏ်အသရေ ပျက်ပြားစေသော အပြစ်ဒဏ်သည်လည်းရှိအံ့။ (၄း၁၄)

## အကျယ်ဖွင့်ဆိုခြင်း

အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းတော်မူသော အမိန့်ပညတ်ချက်နှင့် ယုံကြည်ချက်များအကြောင်း ဖော်ပြပြီးသည့်နောက် ဆုလာဘ်တော်၏ ကတိတော်ကိုလည်းကောင်း၊ ပြစ်ဒဏ်ပေးမည့် သတိပေးချက်တို့ကို လည်းကောင်း ဆက်လက်ဖော်ပြသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်သမတ်တည်းသောဟန်ပန်ဖြစ်သည်။

ဤအာယသ်တော်နှစ်ခုထဲတွင် အမွေနှင့် ပတ်သက်သော စည်းမျဉ်းဥပဒေများဖော်ပြပြီးနောက် ထိုအတိုင်း ပင်ဖော်ပြထားသည်။ ရည်ရွယ်ချက်မှာကား ဤအမိန့်ပညတ်ချက်များကို မုစ်လင်မ်များ အလေးအနက်နာခံလိုက်နာစေရန်ဖြစ်သည်။

## အမွေနှင့်ပတ်သက်သည့် ထပ်ဆင့်ဥပဒေစည်းမျဉ်းအချို့

### မုစ်လင်မ်တစ်ဦးသည် ကာဖိရ်တစ်ဦးထံမှ အမွေမဆက်ခံနိုင်ပါ

အမွေခွဲဝေခြင်းသည် သွေးသားနီးစပ်မှုအပေါ် အခြေခံထားသော်လည်း ဤစည်းမျဉ်းဥပဒေအတွက် အချို့သော ခွင်းချက်များရှိသည်။ ဦးစွာပထမ သေဆုံးသူနှင့် သူ၏အမွေဆက်ခံခွင့်ရှိသူတို့မှာ ကွဲပြားခြားနားသော ဘာသာနှစ်ခုမှ မဖြစ်သင့်ချေ။ ထို့ကြောင့် ၎င်းတို့နှစ်ဦးကြား မည်ကဲ့သို့ဆွေမျိုးစဉ်ဆက် တော်စပ်သည်ဖြစ်စေ၊ မည်သည့်ကာဖိရ်တစ်ဦးမှ မုစ်လင်မ်တစ်ဦး၏ အမွေမဆက်ခံနိုင်သကဲ့သို့ မည်သည်မုစ်လင်မ်တစ်ဦးကမှ ကာဖိရ်တစ်ဦးထံမှ အမွေမဆက်ခံနိုင်ချေ။ တမန်တော်မြတ်ﷺ သခင် မိန့်ကြားသည်မှာ -

لاَ يَرِثُ الْمُسْلِمُ الْكَافِرَ وَلاَ الْكَافِرُ الْمُسْلِمُ (مشكوة ص٢٦٣)

"မုစ်လင်မ်သည် ကာဖိရ်ထံမှ အမွေမဆက်ခံနိုင်သကဲ့သို့ ကာဖိရ်သည် မုစ်လင်မ်ထံမှ အမွေမဆက်ခံနိုင်ပါ။" **(မစ်ရှ်ကသ်၊ စာ-၂၆၃)**

ဤဥပဒေသည် တစ်စုံတစ်ဦး မုစ်လင်မ်အဖြစ်နှင့်လည်းကောင်း၊ ကာဖိရ်အဖြစ်နှင့်လည်းကောင်း မွေးဖွားခြင်းနှင့် နှီးနွှယ်ပတ်သက်သည်။ သို့သော်လည်း အကယ်၍ လူတစ်ဦးသည် ဦးစွာပထမ မုစ်လင်မ်ဖြစ်ကာ အစွလာမ်သာသနာမှ စွန့်ခွာသွား၍ ထိုအခြေအနေ၌ပင် အသတ်ခံရခြင်း (သို့) သေဆုံးကွယ်လွန်ခဲ့ပါက ၎င်းသူ မုစ်လင်မ်အဖြစ်နှင့် ရှာဖွေစုဆောင်းထားသမျှသည် သူ၏မုစ်လင်မ်အမွေဆက်ခံထိုက်သူများက ရရှိကြမည်။ ဘာသာစွန့်ပြီးနောက် ရှာဖွေစုဆောင်းထားမှုများသည် "amLAéyB 'ဗိုလ်သုလ်မာလ်' ပြည်သူ့ဘဏ္ဍာတိုက်သို့ အပ်နှံရမည်။

သို့သော်အကယ်၍ အမျိုးသမီးတစ်ဦးသည် အစွလာမ်ဘာသာမှ စွန့်ခွာသွားပြီးနောက် သေဆုံးသွားပါက သူမမုစ်လင်မ်ဖြစ်နေစဉ်အတွင်းကသော်လည်းကောင်း၊ အစွလာမ်ဘာသာကို စွန့်ခွာသွားပြီးမှသော်လည်းကောင်း သူမရှာဖွေစုဆောင်းရရှိသမျှ ပစ္စည်းဥစ္စာအလုံးစုံသည် သူမ၏မုစ်လင်မ်အမွေခံထိုက်သူများ ရရှိလိမ့်မည်။ သို့သော်လည်း ဘာသာစွန့်ခွာသူယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အစွလာမ်ဘာသာစွန့်ခွာသွားသည့် အနေအထား ရှိပါက မည်သည့်မုစ်လင်မ်တစ်ဦးထံကမှအမွေဆက်ခံနိုင်ခြင်းမရှိသကဲ့သို့ အခြားမည်သည့် အစွလာမ်ဘာသာ စွန့်ခွာသွားသူထံမှလည်း အမွေမဆက်ခံနိုင်ပါ။

## လူသတ်သမား၏ အမွေဆက်ခံခွင့်

အကယ်၍ တစ်စုံတစ်ဦးသည် အမွေပေးမည့် အမွေရှင်တစ်ဦးအား သတ်ဖြတ်ခဲ့လျှင် သတ်သူသည် အမွေဆက်ခံသူတစ်ဦးအဖြစ် မရှိတော့ဘဲ သေဆုံးသူ၏ အမွေစားအမွေခံအဖြစ်မှလည်း ပယ်ထုတ်ခံရပေမည်။

တမန်တော်မြတ်﴿ﷺ﴾ သခင် မိန့်ကြားတော်မူသည်မှာ (مشكوة ص ٢٦٣) **اَلْقَاتِلُ لاَ يَرِثُ** (လူသတ်သမားသည် အမွေဆက်ခံရ လိမ့်မည်မဟုတ်) **(မစ်ရှ်ကတ်၊စာ-၂၆၃)** သို့သော်လည်း apK øtQ "ကသ်လ်ခတွာ" (မတော်တဆ(သို့)မရည်ရွယ်သောလူသတ်မှု)၏အချို့ပုံစံများမှာ ဤဥပဒေ၏ခွင်းချက်များဖြစ်သည်။ အသေးစိတ်များ ဖိကဟ်ကျမ်းများတွင် ပါရှိသည်။

## မမွေးဖွားရသေးသော ကလေး၏အမွေ

အကယ်၍ လူတစ်ဦးသည် သားသမီးအချို့နှင့် ပဋိသန္ဓေရှိသော ဇနီးကျန်ရစ်ခဲ့ပါက မမွေးဖွားရသေးသော ကလေးသည်လည်း အမွေဆက်ခံသူများတွင် ပါဝင်သူအဖြစ် မှတ်ယူရမည်။ သို့သော်လည်း မိခင်၏ ဝမ်းဗိုက်ထဲတွင်ရှိသောကလေး၏ အရေအတွက် (သို့) ၎င်းတို့၏ လိင်ခွဲခြားမှုကိုဆုံးဖြတ်ရန်အတွက် မရေရာ မသေချာခြင်း၊ ခက်ခဲခြင်းတို့ကြောင့် ကလေးမွေးဖွားပြီးသည်အထိ အမွေခွဲဝေခြင်း ရွေ့ဆိုင်းထားခြင်းက လျော်ကန်သင့်မြတ်သည်။ အကယ်၍ ပစ္စည်းဥစ္စာခွဲဝေမှုကို လိုအပ်သဖြင့် လုပ်ဆောင်ရမည်ဆိုလျှင် မူနှင့်ဆန့်ကျင်သော်လည်း အခြေအနေအရ လုပ်ဆောင်ရသဖြင့် ယောကျ်ားလေးကော မိန်းကလေးပါ ဖြစ်နိုင်သည့် အခြေအနေနှစ်ရပ်အနက်မှ အမွေဆိုင်များအား အနည်းဆုံးလျှော့နည်းရမည့် အခြေအနေမှတ်ယူ၍ ခွဲဝေပါ။ ကျန်သည်များကို မမွေးဖွားရသေးသော ကလေးအတွက်ချန်ထားရမည်။

## အစ်ဒတ်ကာလတွင်ရှိ အမျိုးသမီးတစ်ဦး၏ အမွေဆက်ခံခြင်း

လူတစ်ဦးသည် သူ၏ဇနီးအား ကွာရှင်းပြတ်စဲ၍ ယင်းကွာရှင်းပြတ်စဲမှုသည် ပြန်လည်ရူတ်သိမ်းနိုင်သော ကွာရှင်းပြတ်စဲမှုဖြစ်ကာ ၎င်းသည်ပြန်လည်ရူတ်သိမ်းမှုမပြုမီ၊ ဇနီး၏အစ်ဒတ်စောင့်ဆိုင်းရက်လည်း မကုန်ဆုံးသေးမီ ကွယ်လွန်ခဲ့ပါက ဤအမျိုးသမီးသည် အမွေဝေစုရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လက်ထပ်ထိမ်းမြားမှုသည် တရားဝင်ဖြစ်သောကြောင့် ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ဦးသည် နေထိုင်မကောင်း၍ သေလုမျောပါးဖြစ်နေစဉ်အတွင်း သူ၏ဇနီးကို ကွာရှင်းပြတ်စဲခဲ့လျှင် ကွာရှင်းပြတ်စဲမှုမှာ သုံးကြိမ်သုံးခါ သုံးတွလာက်ဖြစ်ပါစေ၊ ပြန်လည်ရုပ်သိမ်းမရသော ကွာရှင်းပြတ်စဲမှုဖြစ်ပါစေ အမျိုးသမီး၏ အစ်ဒတ်စောင့်ဆိုင်းရက် မကုန်ဆုံးမီ ၎င်းသူကွယ်လွန်ခဲ့ပါက အမျိုးသမီးသည် အမွေပစ္စည်း၏ အမွေဝေစုရရှိမည်ဖြစ်သည်။ သူမ အမွေဆက်ခံနိုင်ရန်အလို့ငှာ စောင့်ဆိုင်းချိန်နှစ်မျိုးအနက်မှ ပိုမိုရှည်လျားသည့် စောင့်ဆိုင်းချိန်ကို စောင့်ဆိုင်းလုပ်ဆောင်ရန်ဟု မှတ်ယူ၍ အောက်ပါအတိုင်း လုပ်ဆောင်ရမည်။

ကွာရှင်းပြီးနောက် စောင့်ဆိုင်းချိန်သည် ရာသီပန်း(၃)ကြိမ်ပွင့်ပြီးသည့်အချိန်ဖြစ်ပြီး လင်ယောကျ်ား သေဆုံးပြီးနောက် စောင့်ဆိုင်းချိန်သည် (၄)လနှင့်(၁၀)ရက်ဖြစ်သည်။ စောင့်ဆိုင်းချိန်နှစ်မျိုးအနက်မှ ထိုအမျိုးသမီးအတွက် စောင့်ဆိုင်းချိန်ကို ပိုမိုရှည်လျားသော စောင့်ဆိုင်းချိန်အဖြစ် သတ်မှတ်ပေးရမည်။ သို့မှသာ ထိုအမျိုးသမီးသည် အမွေပုံမှ အမွေဝေစုကို ရရှိရန်အခွင့်သာပေလိမ့်မည်။

ထို့ပြင် အကယ်၍ တစ်စုံတစ်ဦးသည် နာမကျန်းနှင့် သေလုမျောပါးမရှိသောအခါမျိုးတွင် ဇနီးသည်အား သုံးကြိမ်သုံးခါ (သုံးတွလာက်) ကွာရှင်းခြင်း (သို့) ရုပ်သိမ်းပိုင်ခွင့်မရှိသော ပြတ်စဲမှုမျိုးဖြင့် ပြတ်စဲခဲ့ပြီး ရက်အနည်းငယ်ကြာပြီးနောက် ဇနီး၏ အစ်ဒတ်စောင့်ဆိုင်းချိန်မကုန်ဆုံးမီအတွင်း ကွယ်လွန်ခဲ့လျှင် ထိုအခြေအနေမျိုး၌ သူမသည် အမွေပုံတွင် ဝေစုရမည်မဟုတ်ချေ။ သို့သော်လည်း အကယ်၍ ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ရှိသော ကွာရှင်းပြတ်စဲမှုမျိုး ပြတ်စဲခဲ့သည်ဆိုလျှင် သူမ အမွေရမည်ဖြစ်သည်။

## ဥပဒေသ

အကယ်၍ ခင်ပွန်းနေထိုင်မကောင်း၍ သေလုမျောပါးဖြစ်နေချိန်တွင် သူမသဘော (ôlK ခုလာဟ်)နှင့် ကွာရှင်းမှုရရှိပြီးနောက် သူမ၏အစ်ဒတ်စောင့်ဆိုင်းကာလအတွင်း ခင်ပွန်းကွယ်လွန်ခဲ့လျှင်ပင် သူမအမွေဆက်ခံသူတစ်ဦး မဖြစ်နိုင်ပေ။

## အပ်စ်ဗသ်၏ အမွေ

အမွေဆိုင် တစ်ဆယ့်နှစ်ဦး ရှိသည်။ ၎င်းတို့အတွက် သီးခြားသတ်မှတ်ထားသည့် အမွေဝေစုဝေပုံများကို ရှရီအသ်က သတ်မှတ်ပြီးဖြေရှင်းထားသည်။ ယင်းရှရီအသ်သတ်မှတ်ဖြေရှင်းချက်ကို “ဖရာအိဒ်” ဟုခေါ်သည်။ ဤအမွေခံများအား OrfLA „ahUA “အဆွဲဟာဗုလ် ဖိုရွဲဇ်”ဟုခေါ်ပါသည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်က သတ်မှတ်ပြီးဖြစ်သော “မပေးမနေရ အမွေဝေစုများတို့၏ ပိုင်ရှင်များ” ဟူ၍ဖြစ်သည်။ ဤသည်တို့ကို အစောပိုင်းက ရှင်းလင်းတင်ပြပြီးဖြစ်ပါသည်။ ဤသည်တို့ “အဆွဲဟာဗုလ်ဖိုရွဲဇ်” တန်းဝင် အမွေဆက်ခံသူတစ်ဦးတစ်လေမှ မရှိခဲ့လျှင်သော်လည်းကောင်း၊ “အဆွဲဟာဗုလ်ဖိုရွဲဇ်” အတန်းအစားဝင် အမွေဆက်ခံသူများအား ယင်းတို့၏ဝေစုပေးပြီးသည့်နောက် ပစ္စည်းအချို့ကျန်သေးလျှင် ဤအကျန်(သို့) လက်ကျန်များကို “အပ်စ်ဗဟ်” (မျိုးရိုးစဉ်ဆက်အရ တော်စပ်သော သူများ) အားပေးရပါမည်။ တစ်ဦးတစ်ယောက်တည်းအနေဖြင့် အထက်ပါအတန်းအစားနှစ်မျိုးစလုံးတွင် အကျုံးဝင်ကာ အမွေရရှိသည့် အခါမျိုးများလည်းရှိပါသည်။ သေဆုံးသူ၏ သားသမီးများနှင့် ၎င်း၏ဖခင်တို့သည် “အပ်စ်ဗဟ်” ဖြစ်သွားနိုင်သလို ယင်းဖခင်၏ သားများ (ဆိုလိုသည်မှာ သေဆုံးသူ၏ ညီအစ်ကိုတို့သည်လည်း “အပ်စ်ဗဟ်” ဖြစ်သွားသော အခြေအနေမျိုးလည်းရှိပါသည်။)

“အပ်စ်ဗဟ်” မျိုးရိုးစဉ်ဆက်အရ တော်စပ်ခြင်းတို့တွင် အမျိုးအစား အမြောက်အမြားရှိပါသည်။ ၎င်းတို့အသေးစိတ်များကို “ဖရာအိဒ်” ကျမ်းများတွင် ပါဝင်သည်။ သက်သေပြရန်အတွက် ဥပမာတစ်ခုကို ဖော်ပြ

ထားသည်။ ဇိုက်သေဆုံးသွားသောအခါ အမွေဆက်ခံသူ (၄) ဦးကျန်ရစ်ခဲ့ပါသည်။ ၎င်းတို့မှာ ဇနီး၊ သမီး၊ အမေနှင့် ဦးလေးတို့ဖြစ်ကြသည်။ ဇိုက်၏ပစ္စည်း၁၉ခုများကို စုစုပေါင်း(၂၄)ပုံပုံရပါမည်။ အမွေပုံ၏ တစ်ဝက် ဖြစ်သော (၁၂)ပုံကို သမီးက ရရှိပါလိမ့်မည်။ ဇနီးသည် သူမ၏ရပိုင်ခွင့် ရှစ်ပုံတစ်ပုံအရ (၃) ပုံရပါမည်။ အမေသည် သူမ၏ရပိုင်ခွင့် ခြောက်ပုံတစ်ပုံအရ အမွေ(၄)ပုံရပါမည်။ ကျန်ရှိသော (၅)ပုံသည် 'အပ်စ်ဗဟ်' မျိုးရိုးစဉ်ဆက်အရတော်စပ်ခြင်းတွင် အနီးစပ်ဆုံး အမျိုးသားဖြစ်သော ဦးလေးကရရှိပါလိမ့်မည်။

**ဥပဒေသများ**

(၁) အကယ်၍ "အပ်စ်ဗဟ်" (မျိုးရိုးစဉ်ဆက်အရ တော်စပ်သောအမွေခံများ) မရှိခဲ့လျှင် "အဆ်ဟာဗုလ် ဖိုရူဇ်" တို့၏ ဝေစုများကိုဝေပြီးသည့်နောက် ကျန်ရှိဥစ္စာပစ္စည်းများကို ၎င်းတို့ကိုပင်ပေးရပါမည်။ "အိလ်မုလ် ဖရာအိဒ်" ၏ အသုံးအနှုန်းရဆိုလျှင် ဤသည်ကို "ရဒ်" (ပြန်လာခြင်း) မူဟု ခေါ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ကျန်ပစ္စည်းတို့သည် ၎င်းတို့၏ဝေစုများနှင့်အချိုးညီစွာ ၎င်းတို့ထံ (ပြန်လာခြင်း) ဟုခေါ်ပါသည်။ သို့သော်လည်း ခင်ပွန်း (သို့) ဇနီးသည်တို့သည် ဤ (ဤပြန်လာခြင်း) လက်ကျန်ပစ္စည်းများကို မခံစားနိုင်ပါ။ ၎င်းတို့အတွက် သတ်မှတ်ထားသောဝေစုများထက်ပို၍ မပေးနိုင်ပါ။

(၂) အကယ်၍ "အဆ်ဟာဗုလ်ဖိုရူဇ်" အမျိုးအစားမှသော်လည်းကောင်း "အပ်စ်ဗတ်" အမျိုးအစားမှသော်လည်းကောင်း အမွေဆက်ခံသူတစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါလျှင် အမွေပစ္စည်းများတို့က "ဇဝိလ်အရ်ဟမ်" (မိခင်ဘက်မှတော်စပ်သူများ)ကို ပေးရပါမည်။ "ဇဝိလ်အရ်ဟမ်" တွင် အမြောက်အမြားပါဝင်သည်။ ၎င်းတို့မှာ အမိဘက်မှမြေးယောကျ်ားကလေးများနှင့် မြေးမိန်းကလေးများ၊ ညီအစ်ကိုများတို့၏ သားသမီးများ၊ ဖခင်ဘက်မှ အဒေါ်များ ဖြစ်ကြပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ အသေးစိတ်မြောက်မြားစွာရှိပါသေးသည်။ ယင်းတို့ကို ဤနေရာ၌ ဖော်ပြရန်မဖြစ်နိုင်ပါ။ ဖော်ပြပြီးမှတ်ချက်များဖြင့် လုံလောက်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

v v v v v v v

## အာယသ် (၁၅-၁၆)

وَالّٰتِيْ
يَاْتِيْنَ الْفَاحِشَةَ مِنْ نِّسَآئِكُمْ فَاسْتَشْهِدُوْا
عَلَيْهِنَّ اَرْبَعَةً مِّنْكُمْ ۚ فَاِنْ شَهِدُوْا فَاَمْسِكُوْهُنَّ فِى
الْبُيُوْتِ حَتّٰى يَتَوَفّٰىهُنَّ الْمَوْتُ اَوْ يَجْعَلَ اللّٰهُ لَهُنَّ
سَبِيْلًا ﴿١٥﴾ وَالَّذٰنِ يَاْتِيٰنِهَا مِنْكُمْ فَاٰذُوْهُمَا ۚ فَاِنْ تَابَا
وَاَصْلَحَا فَاَعْرِضُوْا عَنْهُمَا ۗ اِنَّ اللّٰهَ كَانَ تَوَّابًا رَّحِيْمًا ﴿١٦﴾

ထို့ပြင်တစ်ဝ အသင်တို့၏ ဇနီးမိန်းမတို့ အနက်မှ အကြင်မိန်းမတို့သည် ကာမေသုမိစ္ဆာစာရကံ ကို ကျူးလွန်ကြပါလျှင်၊ အသင်တို့သည် ထိုဇနီးမိန်းမများအပေါ်၌ မိမိတို့အနက်မှ (ယောကျ်ား) လေးယောက်တို့ကို သက်သေထားရှိကြလေကုန်။ အကယ်၍ ထိုသူ လေးဦးတို့က (အမှန်အကန်) သက်သေခံခဲ့ကြပါမူ အသင်တို့သည် ယင်းမိန်းမတို့အား အိမ်များအတွင်း၌ ထိုသူမတို့ အသက်သေဆုံးသည်တိုင်အောင်ဖြစ်စေ၊ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည် ထိုသူမတို့အဖို့ တစ်စုံတစ်ရာသော နည်းလမ်းကို ပြုလုပ်ပေးသည့်တိုင်အောင်ဖြစ်စေ၊ အကျဉ်းချထားကြလေကုန်။ (၄း၁၅)

ထင်းပြင် အသင်တို့အနက်မှ အကြင်သူ နှစ်ဦးတို့သည် ယင်း ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ကြပါမူ အသင်တို့သည် ထိုသူနှစ်ဦးကို ဒုက္ခပေးကြလေကုန်။ တစ်ဖန် အကယ်၍ ထိုသူတို့နှစ်ဦးသည် (နောင်တတရားရရှိကာ မိမိတို့အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခြင်းငှါ) ဝန်ချတောင်းပန်ကြ၍ (မိမိတို့ကိုယ်ကို) ပြုပြင်သွားခဲ့ကြပါမူ အသင်တို့ သည် ယင်းသူတို့နှစ်ဦး(အား ဒုက္ခပေးခြင်း)မှ ရှောင်ရှားကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (ဝန်ချတောင်းပန်သူများဘက်သို့) အကြိမ်ကြိမ် ကရုဏာတော်နှင့် ပြန်လှည့်တော်မူသော အရှင်၊ အလွန် သနားညှာတာတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူလေသတည်း။ (၄း၁၆)

## ဆက်စပ်မှု

ပြီးခဲ့သောအာယသ်တော်များတွင် အမှောင်ခေတ်အတွင်းက ဖမဲ့ကလေးများအပေါ်၌ အမွေကိစ္စရပ်များတွင် ပြုကျင့်ခဲ့သော မသမာမှု (အကျင့်ဆိုး) ဓလ့ဆိုးများကို ပြုပြင်ရန်ဟူသော ရည်ရွယ်ချက်ပါရှိသည်။ အမှောင် ခေတ်က လူများတို့သည် အမျိုးသမီးများအား ညှင်းပန်းနှိပ်စက်မှုများကို ခံစားစေခဲ့ကြသည်။ တားမြစ်ထားသော အမျိုးသမီးများကို လက်ထပ်ထိမ်းမြားခြင်းစသည့် ဆိုးရွားလှသော ဓလ့ဆိုးများကို ကျင့်သုံးကြပါသည်။ လက်ရှိ အာယသ်များတို့သည် ထိုကဲ့သို့သော ဓလ့ထုံးစံများပြုပြင်ရန်ဟု ရည်စူးပါသည်။ သို့သော်လည်း အကယ်၍ အမျိုးသမီးတစ်ဦးသည် ပြစ်မှုတစ်ခုကျူးလွန်ကြောင်း သက်သေပြနိုင်ပါက သူမအား အပြစ်ဒဏ်ပေးခြင်းကို ခွင့်ပြုခဲ့သည်။ ဓလ့ဆိုးများကို ပြင်ဆင်ခြင်းဆိုသည့်အကြောင်းကို နောက်လာမည့် နှစ်ပါဒ၊ သုံးပါဒ အထိပါဝင်ပါလိမ့်မည်။

## အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်များသည် aNzLA "ဇိနာ" (ကာမေသုမိစ္ဆာစာရကံ) ကို ကျူးလွန်သော အမျိုးသမီးများနှင့် အမျိုးသားများတို့အား ပြစ်ဒဏ်ပေးခြင်းအကြောင်း ဖော်ပြထားသည်။ ပထမအာယသ်တော်အရ aNzLA "ဇိနာ" ကို အမျိုးသမီးများကျူးလွန်ခဲ့ပါက ယင်းကိုသက်သေပြရန် အမျိုးသားသက်သေလေးဦး လိုအပ်ပါသည်။ ဆိုလိုသည်မှာ ယင်းအမှုကို ကြားနာ စစ်ဆေးမှုမပြုမီ "ဇိနာ" ဖြစ်ကြောင်း သက်သေပြရန် အရည်အချင်းပြည့်သည့် သက်သေလေးဦးလိုအပ်ပါသည်။ ထို့နောက်သက်သေများအားလုံးတို့သည် အမျိုးသားများဖြစ်စေရမည်။ ဤသည်နှင့်ပတ်သက်၍ အမျိုးသမီးများတို့၏ သက်သေထွက်ချက်သည်မခိုင်လုံပါ။ "ဇိနာ"ပြစ်မှုသည် အလွန့်အလွန် အရေးကြီး စိုးရိမ်ဖွယ်သဘာဝဖြစ်ပါသည်။ ယင်းသည် ဂုဏ်သိက္ခာနှင့်ကာအိန္ဒြေကို ချိုးဖောက်ရုံသာမက မိသားစုကိုပါ နာမည်ပျက်စေသည်။ အစ္စလာမ်ဘာသာသည် ဤပြစ်မှုကိုသက်သေပြရန်အတွက် သက်သေထွက်ချက်အဆင့်အတန်းကို သတ်မှတ်ရာတွင် အလွန်တင်းကြပ်သော သဘောထားရှိပါသည်။ ပထမအနေဖြင့် သက်သေများတို့သည် အမျိုးသားများဖြစ်ရမည်ဟူသော သတ်မှတ်ချက်ဖြစ်သည်။ အမျိုးသမီးများတို့ သက်သေထွက်ဆိုချက်သည် ခိုင်လုံသည်ဟုမယူဆပါ။ ဒုတိယအနေဖြင့် လိုအပ်သောသက်သေတို့၏ အရေအတွက်ကို လေးဦးအထိတိုးမြှင့်ထားပါသည်။ ထင်ရှားသည်မှာ ဤကဲ့သို့သတ်မှတ်ချက်ပြည့်မှီရန် အလွန်အခက်အခဲဖြစ်ပါသည်။ ဤသည်မှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်သည်။ ဤတင်းကြပ်သော ချဉ်းကပ်မှုမျိုး ပြုလုပ်ထားရခြင်းမှာ အမျိုးသမီး၏ခင်ပွန်း၊ ခင်ပွန်း၏အမေ(သို့)ခင်ပွန်း၏အခြားဇနီးတစ်ယောက် (သို့) ခင်ပွန်း၏အစ်မ၊ ညီမတို့သည်သူမအားပုဂ္ဂိုလ်ရေးအရ မုန်းတီးသောကြောင့် မလိုလားအပ်သောစွပ်စွဲချက်များ မပြုလုပ်နိုင်ရန် ဖြစ်သည်။ သူမအပေါ် စိတ်စေတနာကောင်းမရှိသောသူများက သူတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ရန်လိုမှုကို ထုတ်ဖော်ရန်အနေနှင့် သူမအား မမှန်မကန်စွပ်စွဲချက်များကို တားဆီးဟန့်တားရန်အတွက်လည်း ဖြစ်ပါသည်။ "ဇိနာ" ပြစ်မှုအတွက် သက်သေခံရာတွင် လေးဦးထက်လျှော့နည်းခြင်းသည် ၎င်းတို့၏ သက်သေခံခြင်းကို တရားမဝင် ဖြစ်စေပါသည်။ သို့ဆိုလျှင် တိုင်ကြားသူနှင့် သက်သေများတို့ကို လူလိမ်များဟု စွဲချက်တင်နိုင်ပြီး "ကဇ်ဖ်" ၏ "ဟာဒ်" လိမ်လည်စွပ်စွဲမှုအတွက် ပြစ်ဒဏ်အရ မုစ်လင်မ်တစ်ဦးအား မမှန်မကန်စွပ်စွဲခြင်းအတွက် ၎င်းတို့အား ပြစ်ဒဏ်ပေးနိုင်ပါသည်။

စူရတ်သွန်နူရ်(၂၄း၁၃)တွင် အလွန်ရှင်းလင်းစွာ မိန့်ထားသည်မှာ-

لَوْلَا جَآ ءُ وْا عَلَيْهِ بِاَرْبَعَةِ شُهَدَآءَ فَاِذْلَمْ يَاْتُوْا بِا لشُّهَدَآءِ فَاُو لٰئِكَ عِنْدَ اللّٰهِ هُمُ الْكَاذِبُوْنَ

ဟူ၍ ဖြစ်သည်။

ဆိုလိုသည်မှာ သက်သေလေးဦးမပြနိုင်သောသူများသည် လူလိမ်များဖြစ်ကြသည်။

သက်သေလေးဦးလိုအပ်ချက်၏ နောက်ကွယ်တွင်ရှိ အသိဉာဏ်အကြောင်း ဖော်ပြရာ၌ လေးစားရပါသော အကြီးအကဲအချို့က ပြောသည်မှာ ဤအမှုတွင် အမျိုးသားနှင့် အမျိုးသမီးဟူသော ပုဂ္ဂိုလ်နှစ်ဦးပါဝင်ပတ်သက်ခြင်းကြောင့် အမှုသည် အမှုတစ်မှုအနေနှင့် လာသော်လည်း ဥပဒေတစ်ရပ်အရ အမှုနှစ်ခုဟု ပြောနိုင်ပေသည်။ အမှုတစ်ခုစီအတွက် သက်သေနှစ်ဦးလိုအပ်သောကြောင့် ဤအမှုတွင် သက်သေလေးဦးလိုအပ်ပေသည်။

အာယသ်တော်အဆုံးတွင် မိန့်ထားသည်မှာ ၎င်းတို့နှစ်ဦးစလုံး နောင်တရပြီး ၎င်းတို့ကိုယ်တိုင် အမှားပြင်ဆင်ပြီးပါက လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ပါ။ ဆိုလိုသည်မှာ ပြစ်ဒဏ်ခံပြီးနောက် သူတို့နောင်တရခဲ့လျှင် ၎င်းတို့အား ဆက်၍ဂုဏ်အသရေမဲ့အောင် မပြုလုပ်ရ။ ထို့ပြင် ပြစ်ဒဏ်လည်း ထပ်မံ၍ မပေးသင့်တော့ပါ။ နောင်တရသည့် အပြုအမူကြောင့် ၎င်းတို့သည် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရသည်ဟု မဆိုလို။ အဘယ်ကြောင့်ဆိုသော် နောင်တရခြင်းကို ပြစ်ဒဏ်ပေးပြီးနောက်မှ ဖော်ပြထားသောကြောင့် ဖြစ်သည်။ ဤ ’ “ဖှ” အက္ခရာ၏ အဓိပ္ပာယ်ဖြာထွက်မှုမှ ထင်ရှားသည်။ (ဝေါဟာရအရ “ထိုအခါ အသင်တို့သည် ရှောင်ရှားကြလေကုန်” ဟူသည်မှာ လက်ရှိဘာသာပြန်ဆိုမှုတွင် နားလည်ပြီးဖြစ်သောကြောင့် ချန်လှပ်ခဲ့သည်။) သို့သော်လည်း နောင်တမရရှိခဲ့ပါလျှင် ပြစ်ဒဏ်ပေးပြီးနောက်တွင်လည်း ပြစ်တင်ဆုံးမရမည်။

တိကျပြတ်သားသော ပြစ်ဒဏ်ပေးမှု “ဟတ်ဒ်” ကို ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်နှစ်ခု၌ ဖော်ပြမထားပါ။ ဤနေရာ၌မိန့်ထားသည်မှာ ၎င်းတို့အား “ဒုက္ခပေးခြင်း” နှင့် “ကာအိန္ဒြေမဲ့သော အမျိုးသမီးများအား ၎င်းတို့အိမ်တွင်း၌သာ နေစေရမည်” ဟူ၍သာ ကန့်သတ်ထားသည်။ “ဒုက္ခပေးခြင်း” ၏ သီးသန့်နည်းလမ်းကိုလည်း ဖော်ပြမထားပါ။ ၎င်းပြင် ဤကိစ္စကို အခွင့်အာဏာရှိသူများ၏ လိမ္မာပါးနပ်မှုဖြင့် ဆောင်ရွက်စေပါသည်။ စိုက်ယိဒိနာ အိဗ်နိအဗ္ဗာစ်﴿ﷺ﴾သခင်က ပြောသည်မှာ ဤအာယသ်တော်ပါ “ဒုက္ခပေးခြင်း” ဆိုသည်မှာ ၎င်းတို့အား နှုတ်အားဖြင့် ပြစ်တင်ဆုံးမ၍ အရှက်ရစေရုံမျှမက ရုပ်ပိုင်းဆိုင်ရာ အပြစ်ဒဏ်ပေးခြင်းအဖြစ် လက်နှင့်ရိုက်ခြင်း၊ ဖိနပ်နှင့်ရိုက်ခြင်းတို့ကို ဆိုလိုသည်။ စိုက်ယိဒိနာ အိဗ်နိအဗ္ဗာစ်﴿ﷺ﴾မှ တင်ပြသော ဤ အဆိုအမိန့်သည် ရှင်းလင်းဟန်ရှိသည်။ စင်စစ် ဤကိစ္စရပ် တစ်ခုလုံးကို အခွင့်အာဏာရှိသူများက လိမ္မာပါးနပ်စွာ ဆောင်ရွက်စေခြင်း ဖြစ်သည်။

ဝဟီ၏ အစီအစဉ်၌ ဇိနာ (ကာမေသုမိစ္ဆာစာရကံ) ကျူးလွန်သူများအား ‘ဒုက္ခပေးရန်’ ဟူသည့် အဆိုအမိန့်ပညတ်ချက်ကို ဦးစွာဖော်ပြထားသည်။ ထို့နောက်မှ ဇိနာ (ကာမေသုမိစ္ဆာစာရကံ) ကျူးလွန်မှုတွင် အပြစ်ရှိသော အမျိုးသမီးများအား “၎င်းတို့အိမ်ထဲတွင် အကျဉ်းချထားရန်” ဟူ၍ အမိန့်ပေးထားသည်။ ဤ အမိန့်တော်ကို ပေးရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့အကျဉ်းချခံရမည့် အချိန်ကာလအတွက် ကန့်သတ်ချက်နှစ်ခု

ဖော်ပြထားခဲ့သည်။ "အသင်တို့သည် ယင်းမိန်းမတို့အား အိမ်များအတွင်း၌ ထိုသူမတို့ အသက်သေဆုံးသည့်တိုင် အောင်ဖြစ်စေ (သို့) အလ္လာဟ်အရှင်မြတ်သည် ထိုသူမတို့အဖို့ တစ်စုံတစ်ရာသောနည်းလမ်းကို ပြုလုပ်ပေးသည့် တိုင်အောင်ဖြစ်စေ အကျဉ်းချထားကြလေကုန်" ဟူသော စကားလုံးများ သုံးနှုန်း ထားသည်။ ဆိုလိုသည်မှာ ထိုကဲ့သို့သော အမျိုးသမီးများအား သေသည်အထိ ၎င်းတို့အိမ်များတွင် အကျဉ်း ချထားပါလိမ့်မည်။ သို့သော်လည်း အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အသက်ရှင်နေစဉ်အတွင်း ၎င်းတို့အတွက် အခြားပြစ်ဒဏ်ပေးမှု ပြဋ္ဌာန်းပါက အကျဉ်းချခြင်းပြစ်ဒဏ်အစား ထိုပြစ်ဒဏ်ကျခံစေရမည်။ ထိုမျှော်လင့်ဖွယ် ပြစ်ဒဏ်ပေးမှုအသစ်အား ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားတော် မူသော တစ်စုံတစ်ရာ သော နည်းလမ်းဟု ရည်ညွှန်းထားသည်။ နောက်ပိုင်းတွင် ဤအာယသ်တော်ထဲ၌ ကတိတော်ပြုထားသည့် "နည်းလမ်း" ဝဟီပို့ချ၍ ပြဋ္ဌာန်းခဲ့သည်။ ဤအာယသ်တော်ထဲတွင် သုံးနှုန်းထားသော "နည်းလမ်း"ဟူသည့် စကားလုံးကို အဓိပ္ပာယ် ဖွင့်ဆိုရာ၌ စိုက်ယိဒိနာအဗ္ဗားစ်﴿ﷺ﴾သခင်က မိန့်ကြားသည်မှာ- **يعنى الرجم للثيب والجلد للبكر** "ဆိုလိုသည်မှာ အိမ်ထောင်ရှင်များအတွက်သေဆုံးသည်အထိ ကျောက်ခဲနှင့်ပစ်ပေါက်သတ်ခြင်းနှင့် အိမ်ထောင် မရှိသူများအတွက် ကြိမ်ဒဏ်ပေးခြင်းဖြစ်သည်။" **(အလ်ဗုခါရီ၊ ကိသာဗုလ်သဖ်စီရ်၊ အတွဲ-၂၊စာ-၆၅၇)**

အိမ်ထောင်ရှင်များနှင့် အိမ်ထောင်ရှင်မဟုတ်သူများအတွက် ဖော်ပြထားသည့်နည်းလမ်းနှင့် ပတ်သက် သော အမိန့်ပညတ်ချက် တစ်သီးတစ်ခြားစီကို တမန်တော်မြတ်﴿ﷺ﴾သခင် ကိုယ်တော်တိုင်၏ ရှင်းလင်းသော အဆိုအမိန့်များမှာတစ်ဆင့် သက်သေပြပြီးဖြစ်သည်။ စိုက်ယိဒိနာ မာအိဇ်အိဗ်နိမာလစ်က်﴿ﷺ﴾သခင်နှင့် အာဇ်ဒ်မျိုးနွယ်စုမှ အမျိုးသမီးတစ်ဦး၏ ဇိနာမှုအတွက် တမန်တော်မြတ်﴿ﷺ﴾သခင်က ဟတ်ဒ်အပြစ်ပေးမှုကို ကြေညာခဲ့ပါသည်။ ၎င်းတို့နှစ်ဦးစလုံးသည် အိမ်ထောင်ရှင်များဖြစ်ကြသည့်အတွက် သေသည်အသိ ကျောက်ခဲ ဖြင့်ပစ်ပေါက်သတ်ခဲ့သည်။ ထို့ပြင် နောက်ထပ်မဒီနဟ်ရှိ ဂျူးများမှ အမျိုးသားအမျိုးသမီးစုံတွဲတစ်ခုအား ဇိနာ မှုအတွက် သေသည်အထိ ကျောက်ခဲဖြင့် ပေါက်သတ်ခဲ့သည်။ ဤတရားစီရင်မှုဆုံးဖြတ်ချက်သည် ၎င်းတို့အတွက် သောင်ရသ်ကျမ်းပါ အမိန့်ပညတ်ချက်တစ်ရပ်၏ အခွင့်အာဏာအပေါ် ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အိမ်ထောင်မပြုရသေးသူများ၏ ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်သော အမိန့်ပညတ်ချက်ကို ကုရ်အာန် ကျမ်းတော်မြတ်၏ စူရတ်အလ်နူးရ်တွင် ဖော်ပြထားသည်။

اَلزَّانِيَةُ وَالزَّانِىْ فَاجْلِدُوْا كُلَّ وَاحِدٍ مِّنْهُمَا مِائَةَ جَلْدَةٍ

**"ကာမေသုမိစ္ဆာစာရက် ကျူးလွန်သောမိန်းမသည်လည်းကောင်း၊ ကာမေသုမိစ္ဆာစာရက် ကျူးလွန် သော ယောကျ်ားသည်လည်းကောင်း၊ အသင်တို့သည် ၎င်းတို့နှစ်ဦးအနက် တစ်ဦးစီကို ကြိမ်ဒဏ်အချက် ပေါင်း တစ်ရာစီ ရိုက်ကြလေကုန်။" (၂၄း၂)**

ရဂျမ် (သေသည်အထိ ကျောက်ခဲပေါက်သတ်ခြင်း) အမိန့်ပညတ်ချက် အကျုံးဝင်စေရန် အစောပိုင်းက ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပုဒ် ကျရောက်ခဲ့သည်။ သို့သော်လည်း ယင်းအာယသ်တော် ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမှ ပယ်ဖျက်ခဲ့သည်။ သို့သော်လည်း အမိန့်ပညတ်ချက်အတိုင်း လိုက်နာကျင့်သုံးရန် ကိုမူကား ထိန်းသိမ်းထားသည်။

စိုက်ယိဒိနာ အုမရ်﴿ﷺ﴾သခင် မိန့်ကြားသည်မှာ -

اِنَّ اللّٰهَ بَعَثَ مُحَمَّدًا بِالْحَقِّ وَاَنْزَلَ عَلَيْهِ الْكِتٰبَ فَكَانَ مِمَّا اَنْزَلَ اللّٰهُ تَعَالٰى اٰيَةَ الرَّجْمِ رَجَمَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ وَرَجَمْنَابَعْدَهٗ والرَّجْمُ فِیْ كِتَابِ اللّٰهِ حَقٌّعَلٰى مَنْ زَنٰى اِذَا اَحْصَنَ مِنَ الرِّجَالِ وَالنِّسَآءِ(بخاری ومسلم:مشکوۃص۳۰۹)

(မုချဧကန် အလ္လာဟ်အရှင်မြတ်သည် မုဟမ္မဒ်﴿ﷺ﴾အား အမှန်တရားနှင့်တကွ စေလွှတ်တော်မူ၍ ကိုယ်တော့်ကိုကျမ်းစာတစ်စောင် ချပေးတော်မူခဲ့သည်။ ထို့နောက်ထိုကျမ်းတော်ထဲတွင် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် "ရဂျမ်"နှင့်ပတ်သက်သော အာယသ်တော်ကို ဝဟီချပေးတော်မူခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾သခင် လက်ထက်တွင် ဇိနာကျူးလွန်သူကို ကျောက်ခဲဖြင့် ပစ်ပေါက်ခဲ့ကြသည်။ ကိုယ်တော်မရှိသည့်နောက် ကျွန်ုပ်လည်းကျောက်ခဲဖြင့် ပစ်ပေါက်ခဲ့ကြသည်။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အိမ်ထောင်ရှိလျှက်နှင့် ဇိနာကျူးလွန်သူတိုင်းအတွက်"ရဂျမ်"နှင့်ပတ်သက်သော အမိန့်ပညတ်ချက်သည် အမြဲတည်ရှိနေပါသည်။) **(မစ်ရှ်ကတ်ကျမ်း၊ စာ-၃၀၉၊ မှာပါရှိကဲ့သို့ပင်၊ အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်း)**

အချုပ်မှာ ဤအာယသ်တော်များထဲတွင်ပါဝင်သော "ဒုက္ခပေးခြင်း" နှင့် "အိမ်တွင်းအကျဉ်းချခြင်း" ဆိုသည် အမိန့်ပညတ်ချက်သည် ဇိနာအတွက် တရားဝင်ဟားဒ်ပြစ်ဒဏ်ပေးမှုကျရောက်ခဲ့သောအခါ၌ ဖျက်သိမ်းခဲ့သည်။ ယင်းပြစ်ဒဏ်ပေးမှုမှာ "ရဂျမ်"ပြစ်မှု (သို့) ကြိမ်ဒဏ်အချက်တစ်ရာ ရိုက်ခြင်းကို မပြုမနေရ လိုက်နာဆောင်ရွက်ရလိမ့်မည်။ ဤအကြောင်းနှင့်ပတ်သက်သော ပို၍အသေးစိတ်သည့်အကြောင်းများ အင်ရှာအလ္လာဟ် စူရဟ်အလ်နူးရ်တွင် ပါဝင်ပါလိမ့်မည်။

## လိင်တူဆက်ဆံခြင်း

အထက်ပါဆွေးနွေးချက်သည် အာယသ်တော် ၁၅နှင့်၁၆ နှစ်ခုစလုံးတွင်ပါရှိသော ကာမဖောက်ပြန်မှု (သို့) အိမ်ထောင်ရေးဖောက်ပြန်မှုအကြောင်းတို့သည် ယောကျ်ားနှင့်မိန်းမကြား ကျူးလွန်စည်းဖောက်ခြင်းအပေါ် အခြေခံထားသည်။ သို့သော်လည်း ကာရီဆနာအုလ္လာဟ်ပါနီပသီ အပါအဝင် အချို့သောကုရ်အာန်ကျမ်းတော်မြတ်ဋီကာရှင်များက အာယသ်တော် ၁၆ သည် ယောကျ်ားနှစ်ဦးကြား လိင်တူဆက်ဆံမှုကျူးလွန်ခြင်းကို ရည်ညွှန်းသည်ဟူသော အယူအဆရှိကြသည်။ အာယသ်တော် ၁၆ ကို အောက်ပါအတိုင်း ဘာသာပြန်ထားခဲ့သည်။

**"ငင်းပြင် အသင်တို့အနက်မှ အကြင်သူနှစ်ဦးတို့သည် (ရှက်ဖွယ်လိလိဖြစ်သော) ယင်းကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ကြပါမူ အသင်တို့သည် ထိုသူနှစ်ဦးကို ဒုက္ခပေးကြလေကုန်"**

ဤတွင် "အကြင်သူနှစ်ဦး" အတွက် သုံးစွဲထားသော အရဗီစကားလုံးသည် ပုလ္လိင်နာမ်စားဖြစ်ကာ ကျူးလွန်သူနှစ်ဦးနှစ်ဝသည် ယောကျ်ားများသာဖြစ်သည်ဟု မှတ်ယူပါသည်။

ဤသည်ပေါ်အခြေခံ၍ ဤအာယသ်တော်သည် သဘာဝမကျ ရှက်ဖွယ်လိလိဖြစ်သော လိင်တူဆက်ဆံမှုကို အမျိုးသားနှစ်ဦးက ကျူးလွန်ကြောင်း ပြောပြသည်ဟု ဤဋီကာရှင်များက အကြံပြုသည်။ ဤအာယသ်တော်နှစ်ခုစလုံးသည် ကာမဖောက်ပြန်ခြင်းနှင့် အိမ်ထောင်ရေးဖောက်ပြန်မှုဟု ယူဆသော ဋီကာရှင်များက အထက်ကဖော်ပြချက်ကို မမှန်ကန်ကြောင်း ငြင်းဆိုသည်မှာ ယေဘုယျအသုံးအနှုန်းတွင် ပုလ္လိင်ဖော်ပြချက်သည် ကွတ္ထိလိင်လည်း ပါဝင်သောကြောင့်ဖြစ်သည်။ မည်သို့ပင်ရှိကြပါစေ ရှိကြပါစေတော့။ ဤအာယသ်တော်ထဲတွင် လိင်တူဆက်ဆံခြင်းကို ရည်ညွှန်းကြောင်း ဖြစ်နိုင်ချေကိုကား ဖယ်ထုတ်မရနိုင်ပါ။ ထို့ကြောင့် လိင်တူဆက်ဆံခြင်းကို ပြင်းပြင်းထန်ထန်တားမြစ်သည့် အချို့သောအသေးစိတ်များကို ဤနေရာတွင်ဖော်ပြလျှင် အံဝင်ကွင်းကျ ဖြစ်ပေမည်။ ဤအကြောင်းနှင့်ပတ်သက်၍ တမန်တော်မြတ်ﷺနှင့် ဆွဟာဗဟ်သာဝကကြီးတို့၏ ဓလေ့ထုံးစံများကို ဖော်ပြပါသည်။

**عن أبى هريرةرضى الله عنه أن رسول الله صلى الله عليه وسلم قال:لعن الله سبعة من خلقه من فوق سبع سموته وردّد اللعنة على واحدمنهم ثلاثاً ولعن كل واحد منهم لعنة تكفيه، قال : ملعون من عمل عمل قوم لوط، ملعون من عمل عمل قوم لوط، ملعون من عمل عمل قوم لوط،** .(الحديث)

"စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်ﷺသခင်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ်ﷺသခင်မိန့်ကြားသည်မှာ" အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်ခုနစ်ထပ်မှနေ၍ အရှင်မြတ်၏ ဖန်ဆင်းခံ(၇)မျိုးတို့အား ကျိန်ဆဲတော်မူခဲ့၏။ အလ္လာဟ်အရှင်မြတ်သည် အမျိုးအစားတစ်ခုအတွက် သုံးကြိမ်သုံးခါကျိန်ဆဲတော်မူကာ ကျန်အမျိုးအစားများကို တစ်ကြိမ်စီသာ ကျိန်ဆဲတော်မူ၍ ယင်းသည် ၎င်းတို့အတွက် လုံလောက်ပေသည်။ (သုံးကြိမ်သုံးခါ ကျိန်ဆဲခံရသောသူများအတွက်) အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ "လုဿ﴿عليه السلام﴾၏ လူများကဲ့သို့ ပြုလုပ်သူများ လအ်နတ်ကျရောက်ပါစေ။ "လုဿ﴿عليه السلام﴾၏ လူများကဲ့သို့ ပြုလုပ်သူများ လအ်နတ်ကျရောက်ပါစေ။ "လုဿ﴿عليه السلام﴾၏ လူများကဲ့သို့ ပြုလုပ်သူများ လအ်နတ်ကျရောက်ပါစေ။ **(အတ်သရ်ဂီးဗ်ဝတ်သရ်ဟီးဗ်)**

**وعن أبى هريرة رضى الله عنه عن النبى صلى الله عليه وسلم قال: أربعة يصبحون فى غضب الله ويمسون فى سخط الله، قلت:من هم يا رسول اللّه؟ قال: المتشبهون من الرجال بالنساء والمتشبهات من النساء بالرجال، والذى يأتى البهيمة، والذى يأتى الرجال.**

စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်ﷺသခင် ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်ﷺသခင် မိန့်ကြားတော်မူသည်မှာ "လေးမျိုးသောသူတို့သည် နေ့အစမှာ အလ္လာဟ်အရှင်မြတ် အမျက်တော်အောက်တွင်ရှိကြ၍ ညနေပိုင်းတွင် အလ္လာဟ်အရှင်မြတ်၏ ဒေါသအောက်တွင်ရှိကြသည်" ကျွန်ုပ်ကမေးခဲ့သည်။ "အိုတမန်တော်

ထိုသူများ မည်သူတို့နည်း" ကိုယ်တော်မြတ်ကမိန့်သည်မှာ "မိန်းမများကဲ့သို့ အယောင်ဆောင်သည့်ယောကျ်ား များနှင့် ယောကျ်ားများကဲ့သို့ အယောင်ဆောင်သောမိန်းမများနှင့် အကြင်သူ မိမိကာမရာဂစိတ်ကို ဖြေဖျောက် ရန် တိရစ္ဆာန်များထံသွားသူနှင့် အကြင်ယောကျ်ား မိမိကာမရာဂစိတ်ဖြေဖျောက်ရန် အမျိုးသားများထံသွားသူ)

**(အထက်ကိုးကားပြီးကျမ်း)**

**وَعن ابن عباس رضى اللّٰه عنهما قال: قل رسول اللّٰه صلى اللّٰه عليه وسلم: من وجدتموه يعمل عمل قوم لوط فاقتلوا الفاعل والمفعول به.**

စိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ်﴿ﷺ﴾သခင်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြား ခဲ့သည်မှာ "အကယ်၍ သင်သည် တမန်တော် လုသ်﴿عليه السلام﴾သခင်၏ လူများကဲ့သို့ လုပ်ဆောင်သူများကိုတွေ့ခဲ့ လျှင် လုပ်ဆောင်သူကော လုပ်ဆောင်ခံရသူကိုပါ သတ်ပစ်ပါ။ **(အထက်ကိုးကားပြီးကျမ်း)**

အထက်တွင် ကိုးကားခဲ့သော "အတ်သရ်ဂီးဗ် ဝတ်သရ်ဟီးဗ်" ကျမ်းထဲတွင် ဟာဖိဇ်ဇကီးအလ်ဒီးန် ကပြောသည်မှာ ခလီဖတ်လေးပါးဖြစ်သော စိုက်ယိဒိနာ အဗူဗကရ်၊ စိုက်ယိဒိနာ အလီ၊ စိုက်ယိဒိနာ အဗ္ဗဒွလ္လာဟ် အိဗ်နိ ဇိုဗိုင်းရ်နှင့် ဟိရှားမ်အိဗ်နိအဗ္ဗဒွလ်မာလစ်﴿ﷺ﴾တို့က ယောကျ်ားချင်းလိင်တူဆက်ဆံမှုကြောင့် အပြစ်ရှိ သူများ မီးတင်ရှို့သတ်စေခဲ့သည်။ ၎င်းကပင် မုဟမ္မဒ် အိဗ်နိအလ်မွန်ကဒိရ်၏ ဆင့်ပြန်ချက်အရ အဖြစ်အပျက် တစ်ခုကိုလည်း ပြန်လည်တင်ပြထားသည်။ ယင်းအဖြစ်အပျက်မှာ စိုက်ယိဒိနာ ခါလစ်ဒ်အိဗ်နိဝလီဒ်﴿ﷺ﴾ သခင်က စိုက်ယိဒိနာ အဗူဗကရ်﴿ﷺ﴾သခင်ထံစာရေးသား၍အစီရင်ခံသည်မှာ အာရေးဗီးယားတစ်နေရာတွင် ယောကျ်ား တစ်ဦးသည် အမျိုးသမီးများနှင့် စပ်ယှက်ဆက်ဆံသကဲ့သို့ အခြားယောကျ်ားများ၏ စပ်ယှက်ခြင်းကိုခံရသည်။ စိုက်ယိဒိနာ အဗူဗကရ်﴿ﷺ﴾သခင်သည် စိုက်ယိဒိနာ အလီ﴿ﷺ﴾သခင်အပါအဝင် ဆွဟာဗဟ် သာဝကကြီးများကို ဆင့်ခေါ်၍ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ စိုက်ယိဒိနာ အဗူဗကရ်﴿ﷺ﴾သခင်က ပြောသည်မှာ ဤသူမှအပ မည်သည့်လူသားအုပ်စုကမျှ ဤကဲ့သို့သော ပြစ်မှုမကျူးလွန်ကြပါ။ ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် ဤကဲ့သို့သောသူမျိုးကို မည်သို့ဆက်ဆံကြောင်း ၎င်းတို့အားလုံး သိကြပါသည်။ ဆွဟာဗဟ်ကြီးက ထိုလူကို မီးရှို့သတ်ပစ်ရန် အဆိုပြုခဲ့သည်။ အခြားသော သာဝကကြီးများက သဘောတူညီကြပြီး စိုက်ယိဒိနာ အဗူဗကရ်သည် ထိုအတိုင်း အမိန့်ချမှတ်ခဲ့သည်။

အထက်ပါ တင်ပြခဲ့သော ဟဒီးဆ်ဆင့်ပြန်ချက်များထဲတွင် တမန်တော် လုသ်﴿عليه السلام﴾၏ လူအများ ပြုကျင့်ခဲ့သည် အပြုအမူကို ထပ်ခါတလဲ ရည်ညွှန်းထားခဲ့သည်။ လုသ်﴿عليه السلام﴾သခင်အား ၎င်းတို့၏ တမန်တော် အဖြစ် စေလွှတ်ခံခဲ့ရသော လူများကို ရည်ညွှန်းထားသည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ သတင်းစကားနှင့် တမန်တော်ကို မယုံကြည်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အလုံးစုံယှဉ်တွဲ ကိုးကွယ်မှုများ လုပ်ကြသည့် အပြင် ၎င်းတို့သည် သဘာဝလည်းမကျ စက်ဆုပ်ဖွယ်လည်းကောင်းသည့် အလေ့အကျင့်ကို စွဲငြိနေကြသည်။ တမန်တော် လုသ်﴿عليه السلام﴾သခင်၏ ဟောကြားမှုနှင့် သင်ကြားပို့ချမှုများသည် ၎င်းတို့အပေါ် အကျိုးသက် ရောက်မှုမရှိသောအခါ အလ္လာဟ်အရှင်မြတ် အမိန့်ပေးတော်မူသကဲ့သို့ကောင်းကင်တမန်များက လုပ်ဆောင်ခဲ့ ကြသည်။ ကောင်းကင်စေတမန်များသည် ထိုသူများကို ၎င်းတို့နေထိုင်ရာ အိုးအိမ်များနှင့်အတူ မြေပြင်မှ မယူ၍

ပြောင်းပြန်လှန်ပစ်ချခဲ့လေသည်။ အသးစိတ်များ အင်ရှာအလ္လာဟ် စူရဟ်အလ်အအ်ရာဖ်၏ အကျယ်ဖွင့်ဆိုမှုတွင် ပါလိမ့်မည်ဖြစ်သည်။

အထက်ဖော်ပြခဲ့သော ဟဒီးဆ်ဆင့်ပြန်ချက်များသည် လိင်တူဆက်ဆံခြင်းနှင့် ပတ်သက်သည်။ မိန်းမများနှင့် ဆက်ဆံရာတွင် သဘာဝ အတိုင်းမဟုတ်သော နောက်ဘက်စအိမှ ဆက်ဆံခြင်းတွင် ယစ်မူးသည့်အတွက် ပြင်းထန်သော သတိပေးချက်များ ပါဝင်သည့်အခြားဟဒီးဆ်ဆင့်ပြန်ချက်များလည်း ရှိပါသည်။

**عن ابن عباس رضى اللّٰه عنهماأن رسول اللّٰه صلى اللّٰه عليه وسلم قال:**
**لاينظر اللّٰه عز وجل إلى رجل اتى رجلاً أو امرأة فى دبرها**

စိုက်ယိဒနာ အိဗ်နိအဗ္ဗားစ်﴿ﷺ﴾သခင်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ်﴿ﷺ﴾သခင်မိန့်ကြားခဲ့သည်မှာ "အမျိုးသမီးတစ်ဦးနှင့်ဖြစ်စေ အမျိုးသားတစ်ဦးနှင့်ဖြစ်စေ စအိုတွင် လိင်ဆက်ဆံခြင်းပြုသူအား အလ္လာဟ် အရှင်မြတ်သည် သနားဂရုဏာအရှုဖြင့် ကြည့်ရှုတော်မူမည်မဟုတ်"

**عن خزيمة بن ثابت قال: قال رسول اللّٰه صلى اللّٰه عليه وسلم: ان اللّٰه**
**لا يستحى من الحق، ثلاث مرات، لاتأ توا النساء فى أدبارهن**

စိုက်ယိဒနာ ခုဇိုင်မဟ် အိဗ်နိစာဗိတ်﴿ﷺ﴾သခင်က မိန့်ခဲ့သည် တမန်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြားခဲ့သည်မှာ "အမှန်တရားကို ထုတ်ဖော်ပြောဆိုခြင်း၌ အလ္လာဟ်အရှင်မြတ် ရှက်တော်မမူချေ။" ဤသည်ကို တမန်တော်မြတ်ကြီးက သုံးကြိမ်သုံးခါ မိန့်ကြားခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ်က မိန့်ကြားသည်မှာ "အမျိုးသမီးများနှင့် လိင်ဆက်ဆံရာတွင် စအိုမှမဆက်ဆံပါနှင့်" ဟူ၍ဖြစ်သည်။

**وعن أبى هريرة رضى اللّٰه عنه أن رسول اللّٰه صلى اللّٰه عليه وسلم قال:**
**ملعون من أتى امرأة فى دبرها**

စိုက်ယိဒနာ အဗူဟုရိုင်ရဟ်﴿ﷺ﴾သခင် ဆင့်ပြန်ချက်အရ တမန်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြားခဲ့သည်မှာ "အမျိုးသမီးများအား စအိုမှ ဆက်ဆံသူသည် လအ်နသ်ကျရောက်ပါစေ" ဟူ၍ ဖြစ်သည်။ **(အတ်သရ်ဂီးဗ်ဝတ်သရ်ဟိဗ်)**

**وعنه أن رسول اللّٰه صلى اللّٰه عليه وسلم قال : من اتى حائضاً أو امرأة فى**
**دبرها أو كاهنًا فصدّقه، فقد كفر بما انزل على محمد صلى اللّٰه عليه وسلم.**

စိုက်ယိဒနာ အဗူဟုရိုင်ရဟ်﴿ﷺ﴾သခင်ကပင် ဆင့်ပြန်ထားသည်။ တမန်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြားခဲ့သည်မှာ "အမျိုးသမီးတစ်ဦး ရာသီပန်းပွင့်ချိန် (သို့) သူမအား စအိုမှ လိင်ဆက်ဆံသူသည်လည်းကောင်း

(သို့) ဗေဒင်ဆရာ (ကာဟင်နှ်) တစ်ဦးထံသွားကာ မသိသောအရာများနှင့် ပတ်သက်သည်များ ပြောကြားမှုကို ယုံကြည်သူသည်လည်းကောင်း ထိုကဲ့သို့သောသူများသည် တမန်တော်မြတ်မုဟမ္မဒ်ﷺသခင်ထံ ဝဟီပို့ချပေး ခဲ့မှုအား ငြင်းပယ်သောသူများ ဖြစ်ပေသည်။

ဤမကောင်းမှုလုပ်ရပ်အတွက် သတ်မှတ်ထားသော ပြစ်ဒဏ်ပေးမှုတွင် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များကြား၌ ကွဲပြားခြားနားကြပါသည်။ အသေးစိတ်များ ဖိကဟ်ကျမ်းများတွင် ကြည့်ရှုနိုင်သည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့တင်ပြသည့် ပြစ်ဒဏ်များ၏ သဘာဝသည် အတတ်နိုင်ဆုံး ပြင်းထန်သည့် သဘောရှိသည်။ ပမာဆိုသော် မီးတင်ရှို့ခြင်း၊ အုတ်နံရံဖြင့် ဖြိုချဖိသတ်ခြင်း၊ အမြင့်တစ်နေရာမှ ပစ်ချခြင်း၊ ခဲဖြင့်ပစ်ပေါက်ခြင်းနှင့် ခေါင်းဖြတ်သတ်ခြင်းတို့ဖြစ်သည်။

V V V V V V V

**အာယသ် (၁၇-၁၈)**

إِنَّمَا التَّوْبَةُ عَلَى اللَّهِ لِلَّذِينَ يَعْمَلُونَ السُّوءَ بِجَهَالَةٍ
ثُمَّ يَتُوبُونَ مِن قَرِيبٍ فَأُولَٰئِكَ يَتُوبُ اللَّهُ
عَلَيْهِمْ ۗ وَكَانَ اللَّهُ عَلِيمًا حَكِيمًا ﴿١٧﴾ وَلَيْسَتِ التَّوْبَةُ
لِلَّذِينَ يَعْمَلُونَ السَّيِّئَاتِ ۖ حَتَّىٰ إِذَا حَضَرَ أَحَدَهُمُ
الْمَوْتُ قَالَ إِنِّي تُبْتُ الْآنَ وَلَا الَّذِينَ يَمُوتُونَ
وَهُمْ كُفَّارٌ ۚ أُولَٰئِكَ أَعْتَدْنَا لَهُمْ عَذَابًا أَلِيمًا ﴿١٨﴾

အလ္လာဟ်အသျင်မြတ်အပေါ်၌ အကြင်သူတို့၏ ဝန်ချတောင်းပန်ချက်ကိုသာလျှင် သဘောတူ လက်ခံတော်မူရန် တာဝန်ရှိပေသည်။ ထိုသူတို့သည် မသိမိုက်မဲမှုကြောင့် ဒုစရိုက်မှုကိုပြုမိကြ၏။ ထို့နောက် မကြာမီအတွင်း ထိုသူတို့သည် (သတိ သံဝေဂ နောင်တရရှိကာ) ဝန်ချတောင်းပန်ကြ၏။ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ဘက်သို့ (ကရုဏာတော်နှင့်) ပြန်လှည့်တော်မူလေ သည်။ စင်စစ် အလ္လာဟ်အသျင်မြတ်သည် အကြွင်းမဲ့သိရှိတော်မူသော အသျင်၊ အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအသျင် ဖြစ်တော်မူသည်။ (၄း၁၇)

သို့ရာတွင် အကြင်သူတို့အဖို့ ဝန်ချ တောင်းပန်ချက်ကား မရှိပေ။ ထိုသူတို့သည် ဒုစရိုက်မှုများကို ပြုကျင့်လျက်ရှိကြ၏။ (ယင်းကဲ့သို့ ဒုစရိုက်မှုများတွင် နစ်မွန်းလျက် ရှိကြပေရာ နောက်ဆုံးတွင်) ထိုသူတို့အနက် တစ်ဦးတစ်ယောက်ထံ သို့ သေခြင်းတရားသည် ရောက်ရှိလာလေတော့၏။ ထိုအခါ ထိုသူက "ကျွန်တော်မျိုးသည် ယခု မုချ တောင်းပန်ပါပြီ" ဟု လျှောက်ထားလေသည်။ ၎င်းပြင် အကြင်သူများအဖို့လည်း ဝန်ချတောင်းပန်ခြင်းကား မရှိပေ။ ထိုသူများသည် ကာဖိရ်များအဖြစ်နှင့်ပင် သေဆုံးသွားကြ၏။ ဤသူများ (ကာဖိရ်များ)အဖို့ ငါအသျင် မြတ်သည် ပြင်းပြ နာကြင်ဖွယ်ဖြစ်သော အပြစ်ဒဏ်ကို အသင့်ပြုလုပ်ထားတော်မူသည်။ (၄း၁၈)

နောင်တတရားရခြင်းကို ပြီးခဲ့သောအာယသ်တော်များတွင် ဖော်ပြခဲ့သည်။ ယခုမူ မည်သည့်ဝန်ချ တောင်းပန်းမှုကို လက်ခံမည်၊ မည်သည့်ဝန်ချတောင်းပန်မှုကို လက်မခံဟူသည့် စည်းကမ်းချက်များအကြောင်းကို လက်ရှိအာယသ်တော်နှစ်ခုတွင် ဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုခြင်း
## သိလျက်ပြစ်မှုကျူးလွန်သူတစ်ယောက်၏ ဝန်ချတောင်းပန်ခြင်း

ဤနေရာတွင် ကုရ်အာန်ကျမ်းတော်မြတ်တွင် "မသိမိုက်မဲမှု" ဟူသော စကားလုံးသုံးစွဲထားပုံကို သတိပြု သင့်သည်။ ယင်းသို့သုံးနှုန်းခြင်းအားဖြင့် အပြစ်ဂုနာဟ်တစ်ခုကို မရည်ရွယ်ဘဲနှင့်လည်းကောင်း မသိနား မလည်ဘဲနှင့်လည်းကောင်း ကျူးလွန်မိ၍ ဝန်ချတောင်းပန်လျှင်လက်ခံလိမ့်မည်ဟူသော ထင်မြင်ချက်တစ်ရပ်ကို အမြင်အားဖြင့်ပေးနေသည်။ သို့သော်လည်း အကယ်၍ ထိုပြစ်မှုကို တမင်သက်သက် သိလျက်ကျူးလွန်ပါက ဝန်ချတောင်းပန်မှုကိုလက်ခံလိမ့်မည်မဟုတ်။ မည်သို့ဆိုစေကာမူ ဆွဟာဗဟ်သာဝကကြီး ( úyimJA ùenI ÕA ýVR) များက ဤအာယသ်တော်နှင့်ပတ်သက်၍ ပေးသောရှင်းလင်းချက်အရဆိုလျှင် အာယသ်တော်ထဲတွင် သုံးနှုန်း ထားသော ] LaeJ 'ဂျဟာလဟ်'(မသိမိုက်မဲမှု)ဟူသောစကားလုံးသည် အပြစ်ဂုနာဟ်ကျူးလွန်သူတစ်ဦး အပြစ်ကို အပြစ်ဟု မသိခြင်းကိုလည်းကောင်း၊ ရည်ရွယ်ချက် (သို့) စိတ်ဆန္ဒအလျောက် အပြစ်ဂုနာဟ်ကျူးလွန် ခြင်းကိုလည်းကောင်း မဆိုလိုချေ။ ယင်းသို့မဟုတ်ပါဘဲ ထိုစကားလုံးက လူတစ်ဦးသည် အပြစ်ဂုနာဟ်၏ မကောင်းသောအဆုံးသတ်နှင့် ယင်းပြစ်မှုအတွက် အပြစ်ပေးခြင်း ကို ဂရုမမူခြင်း၊ အလေးမထားခြင်းတို့ကို ဆိုလိုသည်။ ယင်းကြောင့် ၎င်းသည်အပြစ်ကို အပြစ်မှန်းသိကာ ရည်ရွယ်ချက်နှင့် ရဲရဲတင်းတင်းလုပ်၍ ပြစ်မှုကျူးလွန်လေသည်။

တစ်နည်းဆိုရလျှင် ဤနေရာ၌ 'ဂျဟာလဟ်' (သို့) မသိမိုက်မဲမှုဟူသော စကားလုံးကို ဂရုမစိုက်ခြင်း (သို့) မိုက်မဲခြင်းဟူသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်။ ဤသည်ကို စူရဟ်ယူစုဖ်ပါ သက်သေသာဓကတစ်ခုက ထောက်ခံထားသည်။ စိုက်ယိဒိနာယူစုဖ်﴿عليه السلام﴾သခင်က သူ၏အစ်ကိုများကို -: **هَلْ عَلِمْتُمْ مَّافَعَلْتُمْ بِيُوْسُفَ وَاَخِيْهِ اِذْ اَنْتُمْ جَا هِلُوْنَ** ဟုပြောသည်။ ဤနေရာ၌ အစ်ကိုများကို ( –olEaJ) 'ဂျာဟိလွန်' မသိမိုက်မဲ သူများဟုခေါ်သည်မှာ ၎င်းတို့လုပ်ဆောင်မှု၏အများ (သို့) ပေါ့လျော့ခြင်း ရလဒ်ကြောင့်မဟုတ်ပါ။ သို့ရာတွင် ၎င်းတို့သည် သိလျက်တမင်ရည်ရွယ်၍ လုပ်ဆောင်ခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့လုပ်ရပ်၏ မကောင်းသော အဆုံးသတ်ကို ၎င်းတို့ဂရုမစိုက်ခြင်းကြောင့် သူတို့ကိုဂျာဟိလ်ဟုခေါ်ရခြင်းဖြစ်သည်။

အဗူအလ်အာလိယဟ်နှင့် ကသာဒဟ်﴿رضي الله عنهما﴾သခင်တို့က ဆင့်ပြန်ခဲ့သည်။ ဆွဟာဗဟ်သာဝကြီးများ﴿رضي الله عنهم﴾က-**كل ذنب اصابه عبد فهو جها لة عمدا كان أوغيره** အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များက မည်သည့် ပြစ်မှုဂုနာဟ်ကိုမဆို တမင်ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကျူးလွန် မိပါက ယင်းသည်မသိမိုက်မဲမှုအပြုအမူတစ်ရပ်ပင်ဖြစ်သည်ဟု သဘောတူညီကြသည်။

ဋီကာရှင်အကျော်အမော်တစ်ဦးဖြစ်သည့် မုဂျာဟစ်ဒ်သခင်က ပြောသည်မှာ-း**كل عامل بمعصية الله فهو جاهل حين عملها** "အလ္လာဟ်အရှင်မြတ်အမိန့်ဖီဆန်၍ မည်သည်ကိုပြုလုပ်သည်ဖြစ်စေ ထိုသို့လုပ်နေစဉ်အတွင်းတွင် ၎င်းသည်ပညာရှင်တစ်ဦးဖြစ်နေလင့်ကစား ယင်းကိစ္စသည် မသိမိုက်မဲမှုသာဖြစ်သည်။ **(အိဗ်နိကဆီး၏)**

အလ်ဗဟ်ရ်အလ်မုဟတ္တိကျမ်းရှင် အဗူဟိုင်ယမ်သည် ၎င်း၏သဖိစိရ်အကျယ်ဖွင့်ကျမ်းတွင် မိန့်ကြားထားသည်မှာ "ဤသည်မှာဟဒီးဆ်ဩဝါဒတော်တစ်ရပ်တွင် ဆင့်ပြန်ထားသည့်အတိုင်းပင်ဖြစ်သည်။" း**لا يزني الزاني وهو مؤمن** ယင်းမှာ ဇိနာ (ကာမေသုမိစ္ဆာစာရကံ) ကျူးလွန်သောသူတစ်ဦးသည် စစ်မှန်သော မုစ်လင်မ်တစ်ဦးအခြေအနေတွင်ရှိနေစဉ် ယင်းပြစ်မှုကျူးလွန်မည်မဟုတ်ချေ။ ဆိုလိုသည်မှာ သူသည် ဤမကောင်းမှုအပြုအမူ၏ဆွဲဆောင်မှုကို အလျော့ပေးသောအခိုန်ဖြစ်၍ ယင်းအခိုန်သည် အီမာန်ယုံကြည်မှု၏တောင်းဆိုချက်မှ ဖယ်ခွာနေသောအခိုန်လည်းဖြစ်သည်။ ထိုအကြောင်းကြောင့် စိုက်ယိဒိနာ အစ်က်ရမဟ် ﷺ **امور الدنيا كلها جهالة** "ဤကမ္ဘာလောကတွင် အလ္လာဟ်အရှင်မြတ်၏အမိန့်နာခံခြင်းဘောင်မှ ကျော်လွန်သမျှသည် မသိမိုက်မဲမှုသာဖြစ်သည်ဟု မိန့်ကြားခဲ့သည်။ ဤယုတ္တိဗေဒသည် အလွန်ထင်ရှားပါသည်။ အလ္လာဟ်အရှင်မြတ်အမိန့်ဖီဆန်သူသည် အမြဲထာဝရပျော်ရွှင်မှုများအစား ခဏပန်းပျော်ရွှင်မှုကို ကြိုက်နှစ်သက်သူများဖြစ်သည်။ ထိုနောက် အပြစ်ဒဏ်ပေးခံရခြင်းမှာ အမြဲထာဝရဖြစ်၍ ယင်းအပြစ်ပေးမှုကို တခဏတာပျော်ရွှင်မှုနှင့်လဲလှယ်သောသူကို ယျထာဘူတကျသူဆင်ခြင်တွေးတောတတ်သူ လူတော်ဟုမခေါ်ဆိုနိုင်ပါ။ အကယ်၍ ၎င်းသူသည် လုပ်ရပ်၏မကောင်းမှုကိုသိရှိပြီးနောက် ရည်ရွယ်ချက်နှင့်လုပ်ဆောင်ရန် သန္ဓိဋ္ဌာန်ချပြုမူသူကို မသိမိုက်မဲသူအဖြစ် တစ်လောကလုံးက သမုတ်ပေလိမ့်မည်။

ယခုအချိန်ထိ ဆွေးနွေးမှု၏ အချုပ်မှာ လူတစ်ဦးသည် ပြစ်မှုတစ်ခုကိုတမင်တကာဖြစ်စေ၊ မှားယွင်း၍ဖြစ်စေ ကျူးလွန်ခြင်းသည် 'ဂျဟာလဟ်' မသိမိုက်မဲမှုမှအပ အခြားဘာမှမဟုတ်ပါ။ ထို့ကြောင့် မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံး တညီတညွတ်တည်း သဘောတူညီသောမူမှာ ဂုနာဟ်ပြစ်မှုအချို့ကို တမင်သိလျက်ကျူးလွန်မိသောသူတစ်ဦး၏ ဝန်ချတောင်းပန်မှုသည်လည်း လက်ခံနိုင်သည်ဟူ၍ဖြစ်သည်။ **(အလ်ဗဟ်ရ် အလ်မုဟီတ်၏)**

ဝန်ချတောင်းပန်မှု လက်ခံခြင်းသည် တစ်စုံတစ်ဦးက နှောင့်နှေးခြင်းမရှိဘဲ ဝန်ချတောင်းပန်သည်ဟူသည့် အခြေအနေတစ်ရပ်ကို ဤအာယသ်တော်ထဲတွင် ဖော်ပြထားခြင်းက သတိမူထိုက်သောအချက်တစ်ချက်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများမှာ "မကြာမြင့်မီ၊ အနီး" ဟူ၍ဖြစ်သည်။ "မကြာမြင့်မီ၊ အနီး" ဟူသည်မှာ ဘာကိုဖော်ပြ၍ သတ်မှတ်သည့်အချိန် မည်မျှနည်း။ ဟဒီးဆ်ဩဝါဒတော်တစ်ရပ်တွင် တမန်တော်မြတ်ﷺသခင်က- **اِنَّ اللّٰهَ يَقْبَلُ تَوْبَةَ الْعَبْدِ مَا لَمْ يُغَرْغِرْ** ဟူသောစကားလုံးများဖြင့် ကိုယ်တော်တိုင်ရှင်းလင်းခဲ့သည်။ ဟဒီးဆ်တော်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်းတစ်ဦးဝန်ချတောင်းပန်မှုကို ထိုသူ သေလုမြောပါးဖြစ်နေချိန်နှင့် အသက်လည်ချောင်းဝမှ ထွက်လုဆဲဆဲအထိ လက်ခံသည်။

မုဟဒ်ဒီးဆ် အိဗ်နိ မရ်ဒူဝိယဟ်က စိုက်ယိဒိနာ အဗွဒုလ္လာဟ် အိဗ်နိအုမရ်ﷺသခင်မှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်ﷺသခင် မိန့်ကြားသည်ကိုကြားခဲ့ရသည်။ "အလ္လာဟ်အရှင်မြတ်၏ ယုံကြည်သက်ဝင်သူကျေးကျွန်တစ်ဦးက ၎င်းမသေမီတစ်လအလျင်ဖြစ်စေ၊ တစ်ရက်အလျင်ဖြစ်စေ၊ မသေဆုံးမီအခိုက်အတန့်

ကလေးတွင်ဖြစ်စေ နောင်တရခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် သူ၏ဝန်ချတောင်းပန်မှုကို လက်ခံလိမ့်မည် ဖြစ်သည်။ ထိုဝန်ချတောင်းပန်ခြင်းသည် စစ်မှန်၍ ရိုးသားဖြူစင်သော အခြေအနေမျိုးဖြစ်ရပေမည်။**"(အိဗ်နိကဆီး၏)**

အတိုချုပ်မှာ တမန်တော်မြတ်ﷺသခင် ကိုယ်တော်တိုင် "မင်ကရိုဲ" è+Y^r_Q–ú^M_(မကြာမီအတွင်း)၏ ရှင်းလင်း ချက်က ကျွန်ုပ်တို့အား ပြောပြသည်မှာ 'ကရိုးဗ်' ဟူသည်၏အောက်တွင် လူတစ်ဦး၏ သက်တမ်းတစ်ခုလုံး အကျုံးဝင်သည်။ သို့ပါ၍ မသေဆုံးမီ မည်သည့်နောင်တရခြင်းကိုမဆို ပြုလုပ်ခဲ့လျှင် လက်ခံလိမ့်မည်ဖြစ်သည်။ သို့သော်လည်း သေလုမျောပါးဖြစ်နေသူတစ်ဦး၏ ဝန်ချတောင်းပန်မှုကိုမူ လက်မခံပါ။ သဖိစိရ်ဗယာန္ဂလ် ကုရ်အာန်ကျမ်းရှင် မော်လာနာ အရှ်ရဖ်အလီထာနဝီက ဤအကြောင်းအကျယ်ချဲ့ပြောရာ၌ လူတစ်ဦးသည် သေဆုံး ကာနီးအချိန်၌ အခြေအနေနှစ်ရပ်ရင်ဆိုင်ရသည်။ ပထမမှာ လူသားသည် ဆေးဝါးနှင့် ကြိုးပမ်းမှုအားလုံး အကျိုးမသက်ရောက်တော့ဘဲ သေဆုံးခါနီးအချိန်အလွန်နီးကပ်ကာ သေဆုံးမည်ကိုသိရှိလာသော လုံးဝဥဿုံ မျှော်လင့်ချက်ကင်းမဲ့သောအခြေအနေဖြစ်သည်။ ဤသည်ကို"ĬaB"ဗားစ်အခြေအနေ (သိလျက်ခံစားရသော အခြေအနေ)ဟုခေါ်သည်။ ဒုတိယမှာ ပထမအခြေအနေပြီးနောက်မှ ဖြစ်ပျက်သည်နှင့်သက်ဆိုင်သည်။ ဆိုလိုသည်မှာ လူ့ဝိညာဉ်ထွက်ခွာခြင်းကြောင့် နာကျင်မှုများစတင်ခံစားရပြီး ကြမ္မာဆိုက်ရောက်ချိန်ဂရ်ဂရာဟ် (သေခါနီးဆဲဆဲ လူ၏လည်ချောင်းမှအသက်ငင်သောအသံထွက်လာသော) အချိန်နီးကပ်လာသော အခြေအနေမျိုး ဖြစ်သည်။ ဤသည်ကို "ĬaY"ယာ့စ် လုံးဝဥဿုံ စိတ်ပျက်လက်ပျက် လက်မှိုက်ချသောအခြေအနေဖြစ်သည်။ ပထမအခြေအနေဖြစ်သော သိလျက်ခံစားရမှုသည် "မင်ကရိုးဗ်" အဓိပ္ပာယ်သက်ရောက်မှုအတွင်းရှိသောကြောင့် ထိုအချိန်တွင် ပြုလုပ်သောနောင်တရဝန်ချတောင်းပန်မှုကိုလက်ခံသည်။ သို့သော်လည်း ဒုတိယအခြေအနေ ဖြစ်သော လုံးဝဥဿုံ စိတ်ပျက်လက်ပျက် လက်မှိုင်ချသော အခြေအနေတွင် ဝန်ချတောင်းပန်မှုကိုလက်မခံချေ။ အဘယ်ကြောင့်ဆိုသော် ထိုအခြေအနေမျိုးတွင် နောင်တမလွန်နှင့်ဆိုင်သောအရာများနှင့် ကောင်းကင် စေတမန်များသည် သေဆုံးသူရှေ့၌ စတင်ပေါ်ထွက်လာသောကြောင့်ဖြစ်သည်။ ယင်းတို့သည် "မင်ကရိုးဗ်"၏ အဓိပ္ပာယ်တွင် အကျုံးမဝင်ပါ။

ရှေ့လာမည့် အာယသ်တော် (၁၈)ထဲတွင် တမန်တော်မြတ်ﷺသခင် ရှင်းလင်းချက်ပေးထားခဲ့သည်ကို ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ညွှန်ပြထားခဲ့ပြီးဖြစ်သည်။ ယင်းအာယသ်တော်ထဲတွင် ရှင်းလင်းစွာ ဖော်ပြထားသည်မှာ သေဆုံးခြင်း၏သေချာသော နိမိတ်လက္ခဏာများမြင်တွေ့ရပြီးနောက် ဝန်ချတောင်းပန်မှုကို လက်မခံပါ။

ထို့ကြောင့် ဤရှင်းလင်းချက်၏ ဤရှုထောင့်အရ အာယသ်တော်ထဲတွင် "မင်ကရိုးဗ်" (မကြာမီအတွင်း)ဟု ထည့်ထားရခြင်းမှာ လူဘဝသက်တမ်းသည် အချိန်ကန့်သတ်ထားပြီးဖြစ်သည်။ ထို့နောက် ၎င်းသူဝေးသည်ဟု ထင်သောသေဆုံးမှုကား စင်စစ်အလွန်နီးပေလိမ့်မည်။

"အလ္လာဟ်အရှင်မြတ်အပေါ်၌ အကြင်သူတို့၏ ဝန်ချတောင်းပန်ချက်ကိုသာလျှင် သဘောတူလက်ခံ တော်မူရန် တာဝန်ရှိပေသည်" ဟူသည်မှာ ကတိတော်အသွင်သဏ္ဌာန်တစ်ရပ်ဖြစ်၍ ယင်းကိုဖြည့်ဆည်းမှုမှာ မုချကောန်ဖြစ်သည်။ သို့မဟုတ်လျှင် အမှန်သစ္စာကား အလ္လာဟ်အရှင်မြတ်တွင် မည်သူတစ်ဦးတစ်ယောက်၏ တာဝန်မျှမတင်ရှိ၍ မည်သူ့ကိုမျှ ပေးဆပ်ရန်မရှိပါ။

ဒုတိယအာယသ်တော် (၁၈)က အလ္လာဟ်အရှင်မြတ်လက်မခံသော ဝန်ချတောင်းပန်မှုများအကြောင်း ဖော်ပြထားသည်။ ၎င်းတို့သည် သက်တမ်းတစ်လျှောက် အကြောက်တရားမရှိဘဲ ပြစ်မှုများကိုတစ်လျှောက်လုံး ကျူးလွန်ပြီး သေခါနီးဆဲဆဲ ဝိညာဉ်နှုတ်ကာနီးဆဲဆဲနှင့် သေမင်းစေတမန်များကို စတင်မြင်တွေ့ရကာမှ ဝန်ချ တောင်းပန်ခြင်း စတင်လုပ်ဆောင်ကြသည်။ ဝန်ချတောင်းပန်ရန် အချိန်ရှိနေသော်လည်း ဝန်ချတောင်းပန်ခြင်း အခွင့်အရေးကိုဖြုန်းတီးပစ်၍ ဘဝတစ်လျှောက်လုံး စည်းလွတ်ဝါးလွတ်နေထိုင်ခဲ့သူများ၏ ဝန်ချတောင်းပန်ခြင်းကို မည်သို့လက်ခံနိုင်ပေမည်နည်း။ ဤသည်မှာ ဖစ်ရ်အောင်နှင့် ၎င်းလူများက ရေနစ်မြုပ်စဉ်တွင်မှ ၎င်းတို့သည် မူစာ﴿عليه السلام﴾သခင်နှင့် ဟာရွန်﴿عليه السلام﴾သခင်တို့၏ အရှင်မြတ်ကို ယုံကြည်လက်ခံရန် အဆင်သင့်ဖြစ်ပါပြီဟု အော်ဟစ်ပြောဆိုနေသည်နှင့်တူပေသည်။ ထိုအချိန်တွင် ၎င်းတို့အီမာန်ယုံကြည်ပါမည်ဟု ပြောဆိုခဲ့မှုသည် အကျိုး သက်ရောက်မှုမရှိတော့ကြောင်း ၎င်းတို့အားပြောကြားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အချိန်ကား နှောင်းခဲ့ ချေပြီ။

အာယသ်တော်၏ နောက်ဆုံးဝါကျတွင် ထိုအကြောင်းအရာကိုပင် ညွှန်ပြ၍ မိန့်ထားသည်မှာ အလ္လာဟ် အရှင်မြတ်သည် မယုံကြည်သွေဖည်ငြင်းပယ်သူအဖြစ်နှင့် သေဆုံးသောသူ၏ ဝန်ချတောင်းပန်မှုများကိုလည်း လက်မခံပါဟူ၍ ဖြစ်သည်။ ခန္ဓာကိုယ်မှ ဝိညာဉ်ထွက်ခွာရာတွင် နာကျင်မှုများကို ခံစားရ၍ သေမင်းနှင့်ရင်ဆိုင် ရသောအချိန်မှ အီမာန်ယုံကြည်လက်ခံကြောင်း ကြေညာခြင်းတစ်ရပ်ကား မည်သို့တန်ဘိုးရှိအံ့နည်း။ ဤသို့အီမာန် ယူခြင်း (သို့) အီမာန်ယူကြောင်း ကြေညာခြင်းသည် အချိန်နှင့် အံမဝင်သဖြင့် အသုံးမကျဖြစ်ကာ ၎င်းတို့အတွက် ပြစ်ဒဏ်ခပ်ရန်မှာလည်း ပြင်ဆင်ပြီးဖြစ်နေပေသည်။

## ဝန်ချတောင်းပန်ခြင်းဆိုသည်မှာဘာလဲ

ဤအာယသ်တော်နှစ်ခု၏ စာပေသဘောကို ရှင်းလင်းပြီးနောက် သောင်ဗဟ် (သို့) ဝန်ချတောင်းပန် ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် ယင်း၏စစ်မှန်သော သဘောသဘာဝနှင့် အနေအထားကို ဆုံးဖြတ်ပြဋ္ဌာန်းရန် လိုအပ်လာပါသည်။ အဲဟ်ယာအုလ်အုလူမ်ကျမ်းရှင် အီမာမ်အလ်ဂဇာလီက အပြစ်ဂုနာဟ်များကျူးလွန်ခြင်းနှင့် ပတ်သက်၍ ကွဲပြားခြားနားသော အခြေအနေ (၃) ရပ်ပြဋ္ဌာန်းထားသည်။

ပထမအခြေအနေသည် လုံးဝဥဿုံ အပြစ်ကင်းစင်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မည်သည့်အပြစ် ဂုနာဟ်ကိုမှ မည်သည့်အခါမျှ မကျူးလွန်ခဲ့ပါ။ ဤသည်မှာ ကောင်းကင်စေတမန်များ﴿عليهم السلام﴾(သို့) တမန်တော် များ﴿عليهم السلام﴾၏ အရည်အချင်းကောင်း အမှတ်လက္ခဏာဖြစ်သည်။ ဒုတိယအခြေအနေဖြစ်သော ဂုနာဟ်ပြစ်မှု ကျူးလွန်မိလာခြင်းသည် ၎င်းကိုယ်တိုင်ပြစ်မှုကျူးလွန်ချင်လာ၍ ရဲတင်းစွာကျူးလွန်ခြင်းဖြစ်ပြီး ထပ်တလဲလဲနှင့် စွဲစွဲမြဲမြဲ ကျူးလွန်ခြင်းဖြစ်သည်။ ယင်းအပြစ်ကျူးလွန်မှုနှင့် ပတ်သက်၍ ရှက်ကြောက်ခြင်းကိုလည်းကောင်း၊ နောင်တရခြင်းကိုလည်းကောင်း၊ ရပ်တန့်ခြင်းကိုလည်းကောင်း၊ စွန့်လွှတ်ခြင်းလုပ်ရန်ကိုလည်းကောင်း မည်သည့် အခါမျှ မစဉ်းစား မတွေးတောခြင်းတို့ဖြစ်သည်။ ဤသည်ကား ရှိုင်တွာန်မိစ္ဆာတို့၏ အဆင့်အတန်းပင်ဖြစ်သည်။ တတိယအခြေအနေသည် အာဒမ်﴿عليه السلام﴾သခင် ၏ သားသမီးများဖြစ်သော လူသားများနှင့်သက်ဆိုင်သည်။

ငင်းတို့သည် ပြစ်မှုဂုနာဟ်တစ်ခုကို ကျူးလွန်ပြီး သည်နှင့် တစ်ပြိုင်တည်း နောင်တရကာ အနာဂတ်တွင် ထိုပြစ်မှုများအနီးသို့ပင် မချဉ်းကပ်တော့ပါဟု ခိုင်မာစွာ သန္နိဋ္ဌာန်ချထားသော အခြေအနေဖြစ်သည်။

ဤသည်က ပြစ်မှုတစ်ခုကျူးလွန်ပြီးနောက် ဝန်ချတောင်းပန်ရန်ပျက်ကွက်ခြင်းသည် မကောင်းဆိုးဝါး တို့၏ သီးသန့်ဟန်ပန်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုပြောပါသည်။ ထို့ကြောင့်မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံး၏ တညီတညွတ်တည်းသဘောတူညီချက်အရ သောင်ဗဟ်သည် မပြုမနေရ တာဝန်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်က မိန့်သည်မှာ -

يَـٰٓأَيُّهَا الَّذِينَ اٰمَنُوا تُوبُوٓا اِلَى اللّٰهِ تَوْبَةً نَّصُوحًا ؕ عسٰى رَبُّكُمْ اَنْ يُّكَفِّرَ عَنْكُمْ سَيِّاٰتِكُمْ وَيُدْخِلَكُمْ جَنّٰتٍ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ

**"အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံ တော်၌ စစ်မှန်သော ဝန်ချတောင်းပန်ခြင်းမျိုးဖြင့် ဝန်ချတောင်းပန်ကြလေကုန်။ (သို့ပြုလုပ်ခြင်းအားဖြင့်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကို အသင်တို့မှ ပပျောက်စေတော်မူမည့်ပြင် အသင်တို့အား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူတန်ရာ၏။ ယင်းဥယျာဉ်များ၏အောက်မှ ချောင်းများသည် စီးတွေလျက်ရှိကြပေမည်။" (၆၆း၈)**

ကျွန်ုပ်တို့ ဖန်ဆင်းရှင်၏ ကြင်နာသနားခြင်းကား အလွန်ရက်ရောလှပေသည်။ လူတစ်ဦးသည် ငင်း၏ဘဝ တစ်သက်တာလုံး အရှင်မြတ်အမိန့်မနာခံမှုတွင် ကုန်ဆုံးခဲ့ပါသည်။ သို့သော်လည်း သူမသေဆုံးခင် ရိုးသားဖြူစင်စွာ တောင်းပန်ခဲ့ပါက ငင်း၏အပြစ်ဂုနာဟ်များ ခွင့်လွှတ်ချမ်းသာပေးသည်သာမက အလ္လာဟ် အရှင်မြတ်၏ မျက်နှာသာပေးခံရသော ကျေးကျွန်များအသိုင်းအဝိုင်းတွင် ဝင်ဆန့်စေကာ အကျိုးစဝါးဗ်ပိုမို ရရှိစေ၍ ဂျန္နသ် သုခဘုံ၏ အမွေခံတစ်ဦး ဖြစ်သွားပါတော့သည်။

ဟဒီးဆ်ဩဝါဒတော်တစ်ရပ်တွင် ဆင့်ပြန်ထားသည်။ တမန်တော်မြတ်ﷺသခင်မိန့်ကြားခဲ့သည်မှာ **اَلتَّائِبُ حَبِيْبُ اللّٰهِ وَالتَّائِبُ مِنَ الذَّنْبِ كَمَنْ لَّا ذَنْبَ لَهُ** "တစ်စုံတစ်ဦးသည် ပြစ်မှုဂုနာဟ်မှဝန်ချ တောင်းပန်လျှင် အလ္လာဟ်အရှင်မြတ်၏ချစ်ခင်မှုခံရကာ မည်သည့်အခါကမျှ ဂုနာဟ်အပြစ်မကျူးလွန်သော သူတစ်ဦးအလား ဖြစ်သွားသည်။ **(အိဗ်နိမာဂျာဟ်)**

အချို့သောဆင့်ပြန်ချက်များအရ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦးသည် ပြစ်မှု ဂုနာဟ် တစ်ရပ်မှ ဝန်ချတောင်းပန်ခဲ့၍ အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူခဲ့ပါလျှင် ငင်းသည်စာရင်းစစ်ဆေးမှုမှ လွတ်ငြိမ်းချမ်းသာခွင့် ရသည့်အပြင် ကောင်းကင်တမန်များက သူ၏စာအုပ်တွင် မှတ်တမ်းတင်ရေးသားထားသည် များကို ပယ်ဖျက်ထားပြီးဖြစ်လိမ့်မည်။ ထို့ကြောင့် ငင်းသည် ဂုဏ်အသရေမဲ့မည်လည်း မဟုတ်ချေ။

သို့သော်လည်း ဝန်ချတောင်းပန်ခြင်းသည် စစ်မှန်၍ ဖြူစင်ရိုးသားစွာ ပြုလုပ်ရန်လည်း လိုအပ်ပေ သည်။ ဤဝန်ချတောင်းပန်မှုမှာ မဏ္ဍိုင်(၃)ရပ်ပေါ်တည်ပေသည်။ ပထမအနေဖြင့် တစ်စုံတစ်ဦးသည် ဂုနာဟ် ပြစ်မှုကျူးလွန်သည့်အတွက် နောင်တရသင့်သည်။ ထို့နောက် သူ(သို့)သူမ ပြစ်မှုအတွက် ရှက်စိတ်ဝင်ရမည်။

ဟဒီးဆ်တော်အရ - **اِنَّمَا التَّوْبَةُ النَّدَم** "သောင်ဗဟ်ဆိုသည်မှာ (နောက်အမည်တစ်ခုကား) နောင်တရခြင်းဟူ၍ ဖြစ်သည်။ ဒုတိယအနေဖြင့် တစ်စုံတစ်ဦးသည် ပြစ်မှုဂုနာဟ်မှ ချက်ခြင်းစွန့်ခွာသင့်သည်။ ၎င်းပြင်သူသည် အနာဂတ်တွင် ထိုပြစ်မှုဂုနာဟ်မှ ကင်းရှင်းစွာနေမည်ဟု သန္နိဋ္ဌာန်ချမှတ်သင့်သည်။ တတိယအနေဖြင့် တစ်စုံတစ်ဦးသည် ပြီးခဲ့ သည်များကို ပြုပြင်ပြင်ဆင်မှုများပြုလုပ်ရန် စဉ်းစားသင့်သည်။ ပြစ်မှုဂုနာဟ်ကြောင့် ဖြစ်ပျက်ခဲ့သည်များကို အမှန်ဖြစ်အောင် ပြုပြင်ရန်နည်းလမ်းများ ရှာကြံ၍ အစွမ်းကုန် လုပ်ဆောင်သင့်ပေသည်။ ပမာဆိုသော် အကယ်၍သူသည် ဆွလာသ်တစ်ကြိမ် (သို့) ဥပုဒ်သီလတစ်ရက်ပျက်ကွက်ခဲ့လျှင် အစားပြန်ဖြည့်သည့် လုပ်ဆောင်မှုလုပ်သင့်သည်။ ယင်းကို ကဇွာ(အစားပြန်လည်ခဝတ်ကိုးကွယ်မှု)ဟုခေါ်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ပျက်ကွက်ခဲ့သောဆွလာသ်နှင့် ဥပုဒ်သီလ(ရိုဇာ)ကို အရေအတွက်မမှတ်မိခဲ့လျှင် စဉ်းစားတွက်ချက်၍ အနီးစပ်ဆုံးအရေအတွက်ဖြင့် ပျက်ကွက်ခဲ့သောကဇွာများကို အားလုံးလေးနက်စွာလုပ်ဆောင်ရမည်။ အကယ်၍တစ်စုံတစ်ဦးသည်'ကဇွာ'များကို တစ်ချိန်တည်း မဖြည့်ဆည်းနိုင်ပါက သတ်မှတ်သည့်ဆွလာသ်အချိန်တွင် ကျရောက်သော ပျက်ကွက်ခဲ့သည့်ဆွလာသ်တစ်ကြိမ်စီကို ဖြည့်ဆည်းနိုင်သည်။ ဤသည်ကို အွမ္မရီကဇွာဟု ခေါ်သည်။ ထိုနည်းအတိုင်းပင် လွတ်သွားသောမလုပ်မနေရ ဖရသ်ဥပုဒ်သီလများကို ကဇွာဖြည့်ဆည်းရာတွင် အဆင်ပြေသလို ဖြည့်ဆည်းသွားသင့်သည်။ မပေးမနေရ ဇကားသ်အလျှဒါနကြေးကို မပေးရသေးပါက မပေးမိခဲ့သော တာဝန်ရှိသည့် ဇကားသ်ငွေကို တစ်လုံးတစ်ခဲတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးဆောင်နိုင်ပါသည်။ အကယ်၍ တစ်စုံတစ်ယောက်သည် တစ်စုံတစ်ဦး၏ ရပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ခဲ့ပါက ၎င်းသူအား ပြန်လည်ပေးအပ်သင့်ပေသည်။ ထို့ပြင် အကယ်၍ သူသည် တစ်စုံတစ်ဦးကို ထိခိုက်နစ်နာအောင်ပြုလုပ်ခဲ့လျှင် ထိုသူထံမှ ခွင့်လွှတ်မှုတောင်းခံသင့်သည်။ ထိုအဖြစ်မျိုးမှ ကျွန်တော်မျိုးကင်းလွတ်ရပါလို၏။ သို့သော် သူတစ်ဦးသည် ၎င်းပြုလုပ်ခဲ့သည်အတွက် နောင်တလည်းမရ (သို့) နောင်တရသည့်တိုင် အနာဂတ်တွင်လည်း ထိုပြစ်မှုများမှ မစွန့်ခွာခဲ့လျှင် အကြိမ်တစ်ထောင် နောင်တရ တောင်းပန်မည်ဆိုလျှင်လည်း ယင်းသည်နောင်တရ သောင်ဗဟ်ဝန်ချတောင်းပန်မှုမဟုတ်ချေ။ ယင်းနှင့်ပတ်သက်၍ ပါရှန်ကဗျာဆရာတစ်ဦး စိတ်ကြူးနူးဖွယ် သီကုံးထားသည်မှာ-

توبہ بر لب سبحہ بر کف دل پُر از ذوقِ گناہ
معصیت راخندہ می آید از استغفار ما

နှလုံးသားမှာ အပြစ်ဂုနာစ်၏ အရသာအပြည့်ခံစား၍
လက်က စိတ်ပုတီးကို စိတ်၊ နှုတ်ဖျားက သောင်ဗဟ်ဝန်ချ တောင်းပန်စကားဆိုလျှင်
ကျွန်ုပ်တို့၏ ခွင့်လွှတ်ရန် တောင်းပန်မှု ဟန်ပန်ကား
အပြစ်ဂုနာဟ်က ရယ်သွမ်းသွေးပေလိမ့်မည်။

ဤနေရာ၌ ဆိုလိုသည်မှာ လူသားသည် ဂုနာဟ်အပြစ်မျိုးစုံ ကျူးလွန်ခဲ့လင့်ကစား အစောပိုင်းက မိန့်ကြားထားသကဲ့သို့ ဝန်ချတောင်းပန်လိုက်သည်နှင့် အလွှာဟ်အရှင်မြတ် ချစ်မြတ်နိုးသော ကျေးကျွန်တစ်ဦးဖြစ်သွားပါသည်။ လူသား၏ အားနည်းချက်အရ သောင်ဗဟ်အမှားဝန်ချတောင်းပန်၍ နောက်တစ်ကြိမ် ဂုနာဟ်ပြစ်မှုကျူးလွန်ပါက ဤအကြိမ်တွင် သူ၏ဝန်ချတောင်းပန်မှုကို လိုလား၍ မျှော်လင့်ကြိုးစွာဖြင့် ချက်ခြင်း အသစ်

တစ်ဖန်လုပ်ဆောင်ရပါမည်။ အခြားသော အချိန်တိုင်းလိုပင် အလွန်အလွန် ခွင့်လွှတ်သနားတော်မူသော အလ္လာဟ် အရှင်မြတ်သည် ၎င်းကို သက်ညှာထောက်ထားလာပါလိမ့်မည်။ အခြားသော ပါရှန်နှစ်ကြောင်းတွဲ ကဗျာတစ်ပုဒ်ဖြင့် နိဂုံးချုပ်ပါမည်။

**ایں درگہِ ما درگہِ نو میدی نیست صد بار اگر توبه شکستی بازآ**

ဤသည်ကား ကျွန်ုပ်အမြဲတစေရှိသည့် ရုံးတော်ဖြစ်သည်။
စိတ်ပျက်ဖွယ်ရုံးကား မဟုတ်။
အကယ်၍ အသင်သည် သင်၏ ဝန်ချတောင်းပန်မှု (တွင်ပေးထားသောကတိ) ကို
အကြိမ်တစ်ရာ ဖောက်ဖျက်သည့်တိုင်
ရုံးတော်သို့ တစ်ဖန်ပြန်လာလော့။

v v v v v v v

**အာယသ် (၁၉-၂၁)**

يَاَيُّهَا الَّذِيْنَ اٰمَنُوْا لَا يَحِلُّ لَكُمْ اَنْ تَرِثُوا النِّسَآءَ كَرْهًا ؕ وَلَا
تَعْضُلُوْهُنَّ لِتَذْهَبُوْا بِبَعْضِ مَآ اٰتَيْتُمُوْهُنَّ اِلَّآ اَنْ يَّاْتِيْنَ
بِفَاحِشَةٍ مُّبَيِّنَةٍ ۚ وَعَاشِرُوْهُنَّ بِالْمَعْرُوْفِ ۚ فَاِنْ كَرِهْتُمُوْهُنَّ
فَعَسٰٓى اَنْ تَكْرَهُوْا شَيْـًٔا وَّيَجْعَلَ اللّٰهُ فِيْهِ خَيْرًا كَثِيْرًا ﴿۱۹﴾ وَاِنْ
اَرَدْتُّمُ اسْتِبْدَالَ زَوْجٍ مَّكَانَ زَوْجٍ ۙ وَّاٰتَيْتُمْ اِحْدٰىهُنَّ قِنْطَارًا
فَلَا تَاْخُذُوْا مِنْهُ شَيْـًٔا ؕ اَتَاْخُذُوْنَهٗ بُهْتَانًا وَّاِثْمًا مُّبِيْنًا ﴿۲۰﴾ وَ
كَيْفَ تَاْخُذُوْنَهٗ وَقَدْ اَفْضٰى بَعْضُكُمْ اِلٰى بَعْضٍ وَّاَخَذْنَ مِنْكُمْ
مِّيْثَاقًا غَلِيْظًا ﴿۲۱﴾

အို-သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့အဖို့ မိန်းမတို့အား အဓမ္မ နည်းဖြင့် အမွေ (ပစ္စည်း)အဖြစ် သိမ်းပိုက်ခြင်းသည် တရားသက်ဝင်သည် မဟုတ်ပေ။ ၎င်းပြင် အသင်တို့သည် ထိုသူတို့အား ပေးခဲ့ဘူးသော ပစ္စည်း အချို့အဝက်ကို ပြန်လည်၍ ယူရန်အလို့ငှာ ထိုမိန်းမတို့အား (ထိမ်းမြားခြင်းမှ) ပိတ်ပင်တားဆီးခြင်းကိုလည်း မပြုကြလေနှင့်။ သို့ရာတွင် ထိုမိန်းမများသည် ထင်ရှားသောစက်ဆုပ် ရွံ့ရှာဖွယ် အမှုကိစ္စကို ပြုကျင့်သည်ရှိသော် (အသင်တို့သည် ထိုမိန်းမတို့အား ထိမ်းမြားခြင်းမှ ပိတ်ပင်တားဆီးနိုင်ကြပေသည်။ ထိုမိန်းမတို့၏ ဥစ္စာပစ္စည်းကို ယူပိုင်ကြပေသည်)။ ၎င်းပြင် အသင်တို့သည် ယင်းမိန်းမတို့နှင့် ကောင်းမွန်စွာ ဆက်ဆံကြလေကုန်။ တစ်ဖန် အကယ်၍ အသင်တို့သည် ထိုမိန်းမတို့ကို မနှစ်ခြိုက်ကြပါမူ (ခန္ဓိတရားထားရှိကြကာသည်းခံကြလေကုန်)။ အကြောင်းသော်ကား အသင်တို့သည် တစ်စုံတစ်ရာကို မနှစ်ခြိုက်ကြငြားလည်း အလ္လာဟ်အသျှင်မြတ်သည် ယင်းအရာများ၌ များစွာသောကောင်းမြတ်ခြင်းကို ပြုလုပ်တော်မူတန်ရာ၏။ (၄း၁၉)

ထို့ပြင်တစ်ဝ အကယ်၍ အသင်တို့သည် (ပေါင်းသင်းဆက်ဆံခြင်းငှာ မဖြစ်နိုင်၍) ဇနီးမိန်းမ တစ်ဦး(ကို ကွာရှင်းကာ ၎င်း)၏ နေရာ၌ အခြားမိန်းမ တဦးကို ပြောင်းလဲ(ထိမ်းမြား)ရန် ကြံရွယ်ရည်စူး ကြပါမူ၊ အသင်တို့သည် ထို (ပထမ)ဇနီးသည်ကို ပစ္စည်းအမြောက်အမြား ပေးထားခဲ့ကြလင့်ကစား ထို

ပစ္စည်းများအနက်မှ တစ်စုံတစ်ရာကိုမျှ ပြန်၍ မယူကြကုန်လင့်။ အသင်တို့သည် (မိမိတို့ပေးခဲ့ပြီးဖြစ်သော) ပစ္စည်းများကို မဟုတ်မမှန် ပြောဆို စွပ်စွဲ၍ ထင်ရှားသော ပြစ်မှုကို (ကျူးလွန်ကာ) ပြန်၍ ယူလိုကြပါသလော။ (၄း၂၀)

တစ်ဖန် အသင်တို့သည်ဥစ္စာပစ္စည်းများကို အဘယ်ကဲ့သို့ ပြန်၍ယူကြမည်နည်း။ ဧကန်စင်စစ် အသင်တို့သည် တစ်ဦးနှင့်တစ်ဦး (အကြင်ဇနီး မောင်နှံအဖြစ် ပေါင်းသင်းဆက်ဆံ) ရောနှော စပ်ယှက်ပြီး ဖြစ်ကြသည့်ပြင်၊ ယင်းဇနီးမိန်းမတို့သည် (မိမိတို့၏အခွင့်အရေးများနှင့်စပ်လျဉ်း၍) အသင်တို့ထံမှ ခိုင်မာသော ကတိသစ္စာ ပဋိညာဉ် ဝန်ခံချက်ကို ယူထားပြီးလည်း ဖြစ်ကြလေသတည်း။ (၄း၂၁)

## အာယသ်တော်များ၏ ဆက်စပ်မှု

ပြီးခဲ့သောအာယသ်တော်များထဲတွင် ဝန်ခံချတောင်းပန်ခြင်းအား မူရင်းစာသား၏ နှီးနွှယ်ပတ်သက်သော လိုအပ်ချက်ကို အချိုးညီစွာဖြင့် ဖော်ပြထားသည်။ ဤသည့်အလျင် အမျိုးသမီးများနှင့် ပတ်သက်သော အမိန့်ပညတ်ချက်အတော်များများ တင်ပြခဲ့သည်။ ယခုလက်ရှိအာယသ်တော်တွင်လည်း ခင်ပွန်းများသာမက အမွေခံများက အမျိုးသမီးများအပေါ် မတရားပြုကျင့်ခြင်းကို ကာကွယ်ရန်အလို့ငှာ မဖြစ်မနေ လိုက်နာရမည့် အကြောင်းများပါဝင်သည်။ အသေးစိတ်များ အကျယ်ဖွင့်ဆိုခြင်းတွင် ပါဝင်သည်။

ရည်ရွယ်ချက်မှာ ထိုကဲ့သို့သော လူမှုဆိုင်ရာ စနစ်တကျမဖြစ်ခြင်းကို ပြင်ဆင်ရန်ဖြစ်သည်။ ú#–E<O^r<W_aI– (ထိုမိန်းများနှင့် ဆက်ဆံကြလေကုန်) ဟူ၍ ခင်ပွန်းများကို အထူးတလည် ဦးတည်မိန့်ကြားကာ အာယသ် (၂၀ နှင့် ၂၁) တွင် ထိုကိစ္စနိဂုံးချုပ်ထားသည်ကို သတိပြုသင့်သည်။

## အကျယ်ဖွင့်ဆိုခြင်း
## အစွလာမ်သာသနာမထွန်းကားမီအလျင် အမျိုးသမီးများ၏အကြောင်း
## မတရားမှုများ အမြစ်ပြတ်ဖယ်ရှားခြင်း

ဤအာယသ်တော် (၃)ခုထဲတွင် အမျိုးသမီးများ ယေဘုယျခံစားရသော မတရားမှုများကို ဖယ်ရှားရန် အတွက် လုပ်ဆောင်ချက်များပေးထားသည်။

၁။ ဤမတရားမှုများထဲမှ အထင်ရှားဆုံးမှာ အမျိုးသားများသည် အမျိုးသမီးတို့၏ အသက်နှင့်ပစ္စည်းဥစ္စာများ၏ ပိုင်ရှင်များအဖြစ် ပြုမူကျင့်ကြံကြပါသည်။ မည်မျှထိပြုမူကြသနည်းဆိုလျှင် လက်ထပ်ထိမ်းမြား၍ ယူထားသော အမျိုးသမီးတစ်ဦးအားသူမခင်ပွန်းသေဆုံးလျှင် အမွေဆက်ခံသူများလက်သို့ အမွေပစ္စည်းသဖွယ် လွှဲပြောင်းပေးကြပါသည်။ အမွေခံများသည် အမွေပစ္စည်းများနှင့်တကွ ဇနီးကိုပါ ပိုင်ဆိုင်သူအသစ်များအဖြစ် မှတ်ယူထားကြသည်။ အကယ်၍ ယင်းအမွေခံများဆန္ဒရှိလျှင် သူမကို လက်ထပ်ထိမ်းမြားနိုင်သည်။ (သို့) အခြားသူတစ်ဦးကို

ငွေကြေးပေးစေ၍ သူမအား လက်ထပ်ထိမ်းမြားစေနိုင်သည်။ အဖေသေဆုံးလျှင် အဖေ၏ အခြားဇနီး၏သားက ဤအမျိုးသမီးကို လက်ထပ်ထိမ်းမြားနိုင်သည်။ သက်ရှိလူသားတစ်ဦးအား ပိုင်ဆိုင်ပစ္စည်းတစ်ခုအဖြစ် သတ်မှတ်မည်ဆိုလျှင် ပုံမှန်ပစ္စည်းများ ဘာဖြစ်သွားမည်ဟူသည်မှာ အလွန်ထင်ရှားပေသည်။ ဤအခြေခံကျသော လူမှုဆိုင်ရာမကောင်းမှုတစ်ရပ်ကြောင့် အမျိုးသမီးများအပေါ် ရာပေါင်းများစွာသော မတရားပြုကျင့်မှုများ ဖြစ်ပေါ်စေနိုင်သည်။ အချို့ကို အောက်တွင်ဖော်ပြထားသည်။

(က) အကယ်၍ အမျိုးသမီးတစ်ဦးသည် အမွေအနေဖြင့် အချို့သောဥစ္စာပစ္စည်းလက်ခံရရှိလျှင်သော်လည်းကောင်း (သို့) မိဘများထံမှ လက်ဆောင်အချို့ရခဲ့လျှင်သော်လည်းကောင်း ယင်းတို့မှ လက်မဲ့ဖြစ်ရပါသည်။ သူမအတွက် ရသမျှအားလုံးသည် ခင်ပွန်းအိမ်မှ အမျိုးသားများက အငမ်းမရ သုံးစွဲပစ်ပါလိမ့်မည်။

(ခ) အကယ်၍ အမျိုးသမီးသည် အမွေပစ္စည်းထဲမှ အမွေဝေစုကို တစ်နည်းနည်းဖြင့် ပိုင်ဆိုင်ရရှိလာပါက ထိုဝေစု အပြင်ရောက်မသွားစေရေးအတွက် သူမနောက်အိမ်ထောင်ပြု လက်ထပ်ခြင်းမှ အမျိုးသားများက တားဆီးကြပါလိမ့်မည်။ ၎င်းတို့က သူမအား ရှိရင်းစွဲနေရာတွင်သာ သေဆုံးစေလိုကြသည်။ သို့မှသာ သူမသေဆုံးပြီးနောက် ကျန်ရစ်ပစ္စည်းများ ၎င်းတို့ပိုင်ဆိုင်နိုင်ကြပါမည်။

(ဂ) အချို့သောနေရာများတွင် ဇနီး၏ချို့ယွင်းချက်ကြောင့်မဟုတ်ဘဲ စိတ်ကူးပေါက်ရာ အချက်အလက်များကြောင့် ဇနီးကို မနှစ်သက်ခဲ့လျှင် သူမအား ကွာရှင်းပြတ်စဲ၍ တွလာတ်ပေးကာ မစွန့်လွှတ်၊ ဇနီးသည် အဖြစ်လည်းဆက်ဆံမှုမလုပ်ဘဲ ပထားသည့်အကျင့်များရှိကြသည်။ ဤသို့ပထားသည်မှာ သူမအားပေးထား သည့် လက်ဝတ်လက်စားများနှင့် သူမအား ပေးထားသည့် မဟရ်ခန်းဝင်ကြေးများကို ပြန်လည်ပေးအပ်စေသည်အထိ ပြုကျင့်ထားသည်။ သို့မဟုတ်လျှင် အကယ်၍ သူမရသင့်ရထိုက်သည်များကို မပေးရသေးလျှင် ထိုမပေးရသေးသော ရပိုင်ခွင့်များကို သူမစွန့်လွှတ်သွားရန် မျှော်လင့်သည်အထိ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုမူထားသည်။ ခင်ပွန်းသည် သူမအား ကွာရှင်းပြတ်စဲပြီးလင့်ကစား ယင်းဇနီးကို ထပ်မံအိမ်ထောင်ပြုခွင့် မပြုစေဘဲ သူမအား စိတ်အားလျော့စေကာ သူမသည် ခင်ပွန်းပေးခဲ့သော မဟရ်ခန်းဝင်ကြေးကို ပြန်ပေးလိမ့်မည် (သို့) မပေးရသေးလျှင်လည်း စွန့်လွှတ်လိမ့်မည်ဟူသော အခြေအနေမျိုးလည်းရှိသည်။

(ဃ) သူမ၏ခင်ပွန်းသေဆုံးပြီးနောက် ခင်ပွန်း၏အမွေဆက်ခံသူများက မုဆိုးမကို နောက်ထပ်အိမ်ထောင်ပြုခွင့်မပေးသော အခြေအနေမျိုးများရှိသည်။ ဤသို့ပြုလုပ်ရခြင်းသည် ဂုဏ်သိက္ခာအတွက်ဟူသော မှားယွင်းသည့်အယူအဆအရဖြစ်သည်။ သို့မဟုတ်ပါမူ သူတို့အတွက် တစ်စုံတစ်ရာရရှိပြီးမှသာ သူမအား ယင်းကိစ္စလုပ်ဆောင်စေပါသည်။

အစောပိုင်းက ပြောကြားခဲ့သကဲ့သို့ ဤမတရားမှုအားလုံးသည် ယောကျ်ားများက အမျိုးသမီးများ၏ဥစ္စာပစ္စည်းသာမက အသက်ကိုပါ ပိုင်ဆိုင်သည်ဟူသော အချက်အချာကျသည့် ယူဆချက်ကို အခြေခံကျူးလွန်ခဲ့ခြင်းဖြစ်သည်။ အခြားသော မတရားမှုများပေါ်ထွက်စေသည့် ဤမကောင်းဆိုးဝါးခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်က တိုက်ခိုက်ချေမှုန်းပြီး ကြေညာထားသည်မှာ- **يَـٰٓأَيُّهَا الَّذِيْنَ اٰمَنُوْا لاَيَحِلُّ لَكُمْ اَنْ تَرِثُوا النِّسَآءَ كَرْهًا** "အိုသက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့အဖို့ မိန်းမတို့အားအဓမ္မနည်းဖြင့်အမွေ(ပစ္စည်း)အဖြစ် သိမ်းပိုက်ခြင်းသည် တရားဝင်သည်မဟုတ်ပေ။"

ဤနေရာတွင် "အဓမ္မနည်း" ဟူသော စကားလုံးက အမျိုးသမီးများ၏ ခွင့်ပြုချက်ဖြင့် ယောကျ်ားများသည် ယင်းအမျိုးသမီးတို့၏ ပိုင်ရှင်ဖြစ်သွားကြောင်း ထင်မြင်ယူဆစေသည့် အခြေအနေတစ်ရပ်အဖြစ် အသွင်မဆောင်ချေ။ သို့သော်လည်း ဤကန့်သတ်ချက်ကို အမှန်တရား၏ အဆိုအမိန့်တစ်ရပ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မည်သည့်တရားဝင်မှုကိုလည်းကောင်း၊ ကျိုးကြောင်းညီညွတ်မှုကိုလည်းကောင်း၊ အခြေခံဘာမျှမပါဘဲနှင့် အမျိုးသမီးများ၏ ဥစ္စာပစ္စည်းနှင့်အသက်ကို ပိုင်ဆိုင်သူအဖြစ် မိမိကိုယ်မိမိခန့်အပ်ကာ တာဝန်ယူလုပ်ဆောင်ခြင်းသည် "အဓမ္မနည်း"သာလျှင်ဖြစ်ကြောင်းထင်ရှားသည်။ ထိုကဲ့သို့သော အဆိုပြုချက်တစ်ရပ်ကို ပုံမှန်အသိဉာဏ်ရှိသူ အမျိုးသမီးကမည်သို့သဘောတူညီနိုင်အံ့နည်း။ **(အလ်ဗဟ်ရွလ်အလ်မုဟိတ္တ်)** ထို့ကြောင့် စွလာမ့် ရှရီအသ်က ဤကိစ္စတွင် သူမ၏သဘောတူညီမှုကို အကျိုးသက်ရောက်သည်ဟု လက်မခံချေ။ အကယ်၍ အဘယ်အမျိုးသမီးမဆို သူမကိုတစ်စုံတစ်ဦးကပိုင်ဆိုင်ကြောင်း သဘောတူလက်ခံပါလျှင် ရူးသွပ်သောကြောင့်သာဖြစ်ပြီး ဤအခြေအနေကို အစွလာမ့်ဥပဒေကလက်ခံရန် ဆန္ဒမရှိချေ။

မတရားမှုနှင့် စည်းစနစ်မကျမှုကို တားဆီးရန်အတွက် ယေဘုယျနည်းလမ်းကား တားမြစ်ချက်အမိန့်တစ်ရပ်အသုံးပြုရန်ဖြစ်သည်။ သို့သော်လည်း ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤယေဘုယျနည်းလမ်းအား ရှောင်ရှား၍ ဤလုပ်ရပ်၏ တရားဝင်မှုကို ငြင်းပယ်ကာတားမြစ်ခြင်း အခြေခံအပိုင်းကို ဖော်ပြပြီး မိန့်ထားသည်မှာ ù^\<L– ø#<h_Y–¾"အသင်တို့အတွက် ဟလာလ်တရားဝင်သည်မဟုတ်ပေ" ဟူ၍ဖြစ်သည်။ ဤနေရာ၌ ဤကိစ္စရပ်၏ အပြစ်ကြီးမားမှုကို အလေးအနက်ပြုပြီးသည့်ပြင် နောက်ထပ်ရည်ရွယ်ချက်ကိုလည်း ရည်ညွှန်းထားသည်။ ယင်းမှာ အရွယ်ရောက်ပြီးသော အမျိုးသမီးတစ်ဦးအား ၎င်း၏သဘောတူညီချက်နှင့် ခွင့်ပြုချက်မပါရှိဘဲ လက်ထပ်ထိမ်းမြားခြင်းသည် တရားဝင်မည်မဟုတ်သကဲ့သို့ စင်စစ်အတည်မဖြစ်ပျက်ပြယ်သည်။ လုံးဝဥဿုံ ကြောင်းကျိုးမညီညွတ်သောကြောင့် ထိုကဲ့သို့သော လက်ထပ်ထိမ်းမြားမှုမှ အမျိုးသားနှင့် အမျိုးသမီးကြား လင်နှင့်မယား ဆက်ဆံမှုအတည်မဖြစ် (လင်မယားအရာမမြောက်)ပါ။ ယင်းသို့ ပြုလုပ်ခြင်းမှ အမွေဆက်ခံခြင်းပညတ်ချက်များနှင့် မျိုးရိုးစဉ်ဆက်နှင့်ဆိုင်သော အမိန့်ပညတ်ချက်များသည်လည်း အတည်မဖြစ်ချေ။

အလားတူပင် အကယ်၍ တစ်စုံတစ်ဦးသည်ပေးထားသော မဟရ်ခန်းဝင်ကြေးကို အတင်းအဓမ္မပြန်လည်ယူခဲ့လျှင်လည်းကောင်း၊ မပေးရသေးသော မဟရ်ခန်းဝင်ကြေးအကြွေးကို စွန့်လွှတ်စေရန် အတင်းအကြပ်ပြုလျှင်လည်းကောင်း ထိုသို့ အတင်းအကြပ်ပြန်ပေးစေခြင်းကိုဖြစ်စေ ခွင့်လွှတ်စေခြင်းကိုဖြစ်စေ ရှရီအသ်တရားတော်အမြင်တွင် တရားမဝင် အတည်မဖြစ်ချေ။ ဤနည်းဖြင့် ငွေကြေး(သို့) ပစ္စည်းဥစ္စာကိုယူပါက ယင်းတို့သည် အမျိုးသားအတွက် တရားလည်းမဝင်၊ ခွင့်လွှတ်စေရန်အတွက်လည်း အခွင့်အရေး မဟုတ်ချေ။ ဤအကြောင်း အရာကို- **وَلَا تَعْضُلُوْهُنَّ لِتَذْهَبُوْا بِبَعْضِ مَآ اٰتَيْتُمُوْهُنَّ** ဟူသော အာယသ်တော်ထဲတွင် ပိုမို ရှင်းလင်းထားသည်။

ဆိုလိုသည်မှာ "အမျိုးသမီးများအား အသင်ပေးထားသည့် မဟရ်ခန်းဝင်ကြေး (သို့) ဆွေမျိုးသားချင်းကပေးထားသော လက်ဆောင်ပစ္စည်းကို ပြန်လည်ရယူရန်ဟူသော ရည်ရွယ်ချက်ဖြင့် သူမတို့စိတ်ကြိုက်ရွေးချယ်၍ လက်ထပ်ထိမ်းမြားခြင်းကို မတားဆီး မပိတ်ပင်နှင့်" ဟူ၍ဖြစ်သည်။ ထို့ကြောင့် မဟရ်ခန်းဝင်ကြေးပေးခြင်းနှင့်

ပြန်လည်ယူခြင်းတွင် သတ်မှတ်၍သဘောတူသော အချိန်ကျလျှင်ပေးရမည့် မဟရ်ခန်းဝင်ကြေးကို အမျိုးသမီးက ခွင့်လွှတ်စေခြင်းဟူသည့် အကြောင်းလည်းပါဝင်သည်။ ပေးအပ်ပြီးသော မဟရ်ခန်းဝင်ကြေးကို အမျိုးသမီးအားအတင်းအကြပ်ပြန်ပေးစေခြင်း၊ မပေးရသေးသော မဟရ်ခန်းဝင်ကြေးကို အတင်းအကြပ် စွန့်လွှတ် စေခြင်းနှစ်မျိုးစလုံးသည် အခွင့်မပြုသည့်အပြင် ထင်ထင်ရှားရှား ဟရာမ်တားမြစ်သည်။ အလားတူပင် ဇနီးအား လက်ဆောင်အဖြစ် ဘာပဲပေးထားပါစေ (သို့) သူမပိုင်ဆိုင်လာသည့် တစ်စုံတစ်ရာကို ခင်ပွန်း (သို့) အမွေခံကများက ပြန်လည်မယူနိုင်ချေ။ ဤသို့ပြုလုပ်ခြင်း သည် ၎င်းတို့အတွက် တရားမဝင်ချေ။ သို့သော်လည်း ဤစည်းမျဉ်းဥပဒေသည် မည်သည့်အရာကိုဖြစ်စေ သူမပိုင်အဖြစ်သတ်မှတ်ပေးပြီးသော အခြေအနေမျိုးတွင်သာ အကျုံးဝင်ပေသည်။ အကယ်၍ လက်ဝတ်လက်စား (သို့) အခြားမည်သည့်အရာကိုမဆို သူမပိုင်အဖြစ်မဟုတ်ဘဲ သူမယာယီသုံးစွဲရန်အတွက် ပေးအပ်ခံရလျှင် ယင်းသည်ဇနီး၏ ပိုင်ဆိုင်မှုမဟုတ်သောကြောင့် ယင်းကိုပြန်လည်တောင်းခြင်းအား မတားမြစ်ချေ။

ထို့နောက် မူရင်းစာသားတွင် ဆက်လက်၍ -اِلَّآ اَنۡ یَّاۡتِیۡنَ بِفَا حِشَةٍ مُّبَیِّنَةٍ မိန့်ထားခြင်းကြောင့် ထိုကဲ့သို့သော အခြေအနေမျိုးများတွင် ကင်းလွတ်ခွင့်ပေးထားသဖြင့် လင်ယောကျ်ားသည် မဟရ်ငွေကြေးအပြင် သူပေးထားသည်များကို ပြန်တောင်းပိုင်ခွင့်ရှိလာသည်။ ဆိုလိုသည်မှာ အမျိုးသမီးသည် ရှက်ဖွယ်လိလိ စက်ဆုတ်ရွံရှာဖွယ်ကိစ္စရပ်တစ်ခု ကို ထင်ရှားစွာကျူးလွန်သောကြောင့် အမျိုးသားသည် သူမကို မကွာရှင်းမပြတ်စဲလျှင် မဖြစ်သောအခြေအနေဖြစ်သွားသည်မှာ သဘာဝကျပါသည်။ ဤအခြေအနေမျိုးတွင် သူပေးထားသည့် မဟရ်ခန်းဝင်ကြေးကို သူမက ပြန်လည်မပေးမခြင်း (သို့) မပေးရသေးသော မဟရ်ခန်းဝင်ကြေးကို သူမ၏ ခွင့်လွှတ်မှုမရမခြင်း ကွာရှင်းပြတ်စဲမှုကို ဆိုင်းငံ့ထားခြင်းသည် အကြောင်းမဟုတ်ချေ။

စိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ်(ﷺ)သခင်၊ စိုက်ယိဒါဟ် အာအိရှာဟ်(رضي الله عنها)၊ ဟဇရတ် ဒဟ်ဟတ်က် ([ylI.A]mHR) သခင်နှင့် အခြားသူတို့၏အဆိုအရ ]+w-H_aF-'ဖှာဟိရှာ' (စက်ဆုတ်ရွံရှာဖွယ်အမှုကိစ္စဟု ဘာသာပြန်ထားသည်) ဟူသည့်စကားလုံးက ဤနေရာတွင် လင်ယောကျ်ားကို ဖီဆန်ခြင်းနှင့် လင်ယောကျ်ားကို မဖွယ်မရာဆဲရေး တိုင်းထွာခြင်းကိုဆိုလိုသည်။ အဗူကိလာဗဟ်နှင့် ဟစန်အလ်ဗဆွရီ ([ylI.A]mHR) တို့က ဤနေရာတွင် သုံးနှုန်းထားခြင်းမှာ ကာယဖြန့်ဖြူခြင်းနှင့် အိမ်ထောင်ရေးဖောက်ပြန်ခြင်းကို ဆိုလိုကြောင်း အဓိပ္ပာယ်ကောက်ယူသည်။ ထို့ကြောင့် အကယ်၍ ဤအမျိုးသမီးများတို့သည် စက်ဆုတ်ရွံရှာဖွယ်အမှုကိစ္စအချို့ ကျူးလွန်သည်ဖြစ်စေ၊ အဓိန့်ဖီဆန်၍ ရိုင်းရိုင်းပျပျဆဲရေးတိုင်းထွာလျှင်ဖြစ်စေ ခင်ပွန်းသည် ကွာရှင်းပြတ်စဲရန် စဉ်းစားခဲ့ရသည်။ သို့ဖြစ်ခြင်းသည် အမျိုးသမီး၏ အမှားကြောင့်ဖြစ်၍ ခင်ပွန်းသည်ပေးပြီး မဟရ်ခန်းဝင်ကြေး မရမချင်း (သို့) မပေးရသေးသောမဟရ်ခန်းဝင်ကြေးကို ခွင့်လွှတ်မှုမရမချင်း လက်ထပ်ထိမ်းမြားမှုကိုထိန်းထားနိုင်ခွင့်ရှိလေသည်ဟူသော အဓိပ္ပာယ်မျိုးဖြစ်လာပေသည်။

နောက်အာယသ်တော် (၂၀-၂၁) တို့သည်လည်း ဤအကြောင်းအရာကိုပင် အကျယ်ချဲ့ထားပါသည်။ ဤအာယသ်တော်ထဲတွင် မိန့်ကြားထားသည်မှာ အမျိုးသမီးက အမိန့်ဖီဆန်မှုကိုလည်းကောင်း၊ ကာယဖြန့်ဖြူမှုများကိုလည်းကောင်း မပြုသော်လည်း ခင်ပွန်းသည် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ စိတ်ဆန္ဒနှင့် ပျော်ရွှင်မှုအတွက် အမျိုးသမီးအစား အခြားအမျိုးသမီးကို လက်ထပ်ထိမ်းမြားရန် ရည်ရွယ်ပြီးခဲ့သော် မူလဇနီးနှင့် သူမထံပေးအပ်ပြီးသော

မည်သည့်အရာ ကိုမျှ ကွားရှင်းပြတ်စဲခြင်းနှင့် အလဲအလှယ်လုပ်ရန် ခွင့်မပြုချေ။ အလားတူပင် မပေးရသေးသော မဟရ်ခန်းဝင် ငွေကြေးကို သူမအား အတင်းအဓမ္မခွင့်လွှတ်စေခြင်းလည်း ခွင့်မပြုချေ။ ဤသည်မှာ အမျိုးသမီးတွင် အမှား အယွင်းမရှိသောကြောင့်ဖြစ်သည်။ အကြောင်းမှာ မဟရ်ခန်းဝင်ကြေးပေးရန်လည်း ဝါဂျိဗ်တာဝန်ရှိ၍ နိကာဟ် လက်ထပ်ထိမ်းမြားမှုမှာလည်း အတည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦးလည်း နှစ်ကိုယ်ကြား တွေ့ဆုံခဲ့ပြီးဖြစ်ကြသည်။ ယခုခင်ပွန်းက သူမအားပေးပြီးသမျှကို ပြန်လည်တောင်းပိုင်ခွင့်မရှိသကဲ့သို့ မပေးရသေးသော မဟရ်ခန်းဝင်ကြေးကိုလည်း သူမအား ခွင့်လွှတ်စေခိုင်းခွင့် မရှိချေ။

ဤသို့ပေးပြီးသမျှတို့ကို ပြန်လည်ယူခြင်းသည် မတရားမှုတစ်ရပ်ဖြစ်၍ အပြစ်ဂုနာဟ်ဖြစ်ကြောင်း နောက်ပိုင်းတွင် အဆင့်(၃)ဆင့်ဖြင့် ဖော်ပြထားသည်။

ပထမအနေဖြင့် မိန့်ကြားထားသည်မှာ- **اَتَاْخُذُوْنَهٗ بُهْتَانًا وَّاِثْمًا مُّبِيْنًا** "အသင်တို့သည် (မိမိတို့ပေးခဲ့ပြီးဖြစ်သော)ပစ္စည်းကို မဟုတ်မမှန်ပြောဆိုစွပ်စွဲ၍ထင်ရှားသောပြစ်မှုကို (ကျူးလွန်ကာ)ပြန်၍ယူလိုကြပါသလော။" ဟူ၍ဖြစ်သည်။

ဤဝါကျသည် ပြီးခဲ့သောအာယသ်တော်(၁၉)ကို ပြန်လည်ရည်ညွှန်းသည်။ ယင်းအာယသ်တော်ထဲတွင် ဇနီးသည် စက်ဆုတ်ရွံရှာဖွယ်အမှုကိစ္စကျူးလွန်ခဲ့ခြင်းမှအပ သူမထံမှ မဟရ်ခန်းဝင်ကြေးပြန်လည် တောင်းပိုင်ခွင့်မရှိချေ။ ဤစည်းမျဉ်းပေါ်အခြေခံ၍ လက်ရှိအာယသ်တော် (၂၀)တွင် မိန့်ကြားထားသည်မှာ အကယ်၍ သင်သည် ဇနီးထံမှ မဟရ်ခန်းဝင်ကြေးပြန်လည်ယူပါက သင်သည် သူမစက်ဆုတ်ရွံရှာဖွယ်အမှုကိစ္စတစ်ရပ် ကျူးလွန်သည်ဟု စွပ်စွဲကြောင်း ဆိုလိုလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော အခြေအနေ မျိုးတွင်သာ တောင်းဆိုမှုမှန်ကန်လိမ့်မည်ဖြစ်သည်။ သင်၏ ဇနီးသည် စက်ဆုတ်ရွံရှာဖွယ်အမှုကိစ္စတစ်ရပ် မကျူးလွန်သောကြောင့် သင်က မဟရ်ခန်းဝင်ကြေးပြန်လည်တောင်းခြင်းသည် မမှန်မကန်စွပ်စွဲမှုဖြစ်၍ ယင်းသည် ထင်ရှားသော ပြစ်မှုတစ်ရပ်ပင်ဖြစ်သည်။

ဒုတိယအနေဖြင့် အာယသ်တော်(၂၁)တွင် အောက်ပါဝါကျထဲ၌ မိန့်ကြားထားသည်မှာ-
**وَكَيْفَ تَاْخُذُوْنَهٗ وَقَدْ اَفْضٰى بَعْضُكُمْ اِلٰى بَعْضٍ** "လက်ထပ်ထိမ်းမြားခြင်းသည် တရားတော်နှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရုံသာမက တစ်ဦးနှင့်တစ်ဦးလည်း နှစ်ကိုယ်ကြားတွေ့ဆုံပြီးဖြစ်ခဲ့လျှင် သင်ပေးထားပြီးသမျှ ဘယ်လိုပြန်လည်ယူနိုင်အံ့နည်း။" အဘယ်ကြောင့်ဆိုသော် ဤသို့သောအခြေအနေမျိုးတွင် မဟရ်ခန်းဝင်ကြေးအတွက် ဘာပဲပေးခဲ့ပေးခဲ့ ယင်းသည်အမျိုးသမီးနှင့် မုချထိုက်တန်သော ကြောင့်ဖြစ်သည်။ ယခုအချိန်တွင် သူမသည် ယင်းတို့ကိုပိုင်ဆိုင်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် သူမသည် ခင်ပွန်းထံသူမကိုယ်သူမပုံအပ်ပြီးသောကြောင့်ဖြစ်သည်။ ယင်းတို့ကို ပြန်ပေးရမည်ဆိုသည်ကား အဓိပ္ပာယ် မဲ့လေသည်။ အကယ်၍ခင်ပွန်းသည်က ဤငွေကြေး(သို့)ဥစ္စာပစ္စည်းကို လက်ဆောင်အဖြစ်ပေးထားသည်ကိုပင်လျှင် ပြန်တောင်းဖို့မဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ဇနီးနှင့်ခင်ပွန်း တစ်ဦးကိုတစ်ဦး လက်ဆောင်အဖြစ် အပြန်အလှန်ပေးသည်ကို ပြန်လည်မတောင်းယူနိုင်ပါ။ ယင်းကဲ့သို့သော ပြန်လည်တောင်းဆိုမှုမျိုးကို ရှရီအသ်တရား တော်က ခွင့်မပြုသကဲ့သို့ ဥပဒေကြောင်းအရလည်း အတင်းအကြပ် မလုပ်ဆောင်နိုင်ပါ။ ထို့ကြောင့် ထိမ်းမြား လက်ထပ်မှုအနှောင်အဖွဲ့က လက်ဆောင်အဖြစ်ပေးထားခဲ့သည်တို့ကို ပြန်လည်ယူခြင်းအား တားဆီးထားသည်။

ဤအကြောင်းအရာကိုပင် အာယသ်တော်(၂၁)၏ နောက်ဆုံးဝါကျတွင် မိန့်ကြားထားသည်မှာ-
**واخذن منكم ميثاقاغليظا** "ယင်းဇနီးမိန်းမတို့သည် (မိမိတို့၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍) အသင်တို့ထံမှခိုင်မာသော ကတိသစ္စာ ပဋိညာဉ်ဝန်ခံချက်ကို ယူထားပြီးလည်းဖြစ်ကြလေသတည်း"ဟူ၍ ဖြစ်သည်။ ဤခိုင်မာသော ပဋိညာဉ်ဆိုသည်မှာ လက်ထပ်ထိမ်းမြားမှု အနှောင်အဖွဲ့ဖြစ်သည်။ ယင်းကိုနိကဟ်ခွသ်ဟတ်အပြီး လူအများရှေ့တွင် အလွာဟ်အရှင်မြတ်နာမတော်တသ၍ တရားတော်နှင့်အညီ မှန်ကန်ကြောင်း သက်သေခံပြီးဖြစ်သည်။

အချုပ်ဆိုရသော် ဤလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ပဋိညာဉ်ပြုပြီးသည်နှင့် ဇနီးမောင်နှံသည် တစ်ဦးနှင့်တစ်ဦး နှစ်ကိုယ်ချင်း နီးစပ်ကြပြီးနောက် အမျိုးသမီးအား ပေးပြီးသမျှကို အတင်းအကြပ်ပြန်လည်တောင်းခြင်းသည် ထင်ရှားသော မတရားမှုနှင့် နိုင်ထက်စီးနင်းလုပ်မှုဖြစ်သည်။ မုစ်လင်မ်များအားလုံး ဤသည်မှမုချရှောင်ရှားရပေမည်။

V V V V V V V

## အာယသ် (၂၂-၂၄)

وَلَا تَنْكِحُوْا مَا نَكَحَ اٰبَآؤُكُمْ مِّنَ النِّسَآءِ اِلَّا مَا قَدْ
سَلَفَ ؕ اِنَّهٗ كَانَ فَاحِشَةً وَّمَقْتًا ؕ وَسَآءَ سَبِيْلًا ﴿۲۲﴾ حُرِّمَتْ عَلَيْكُمْ
اُمَّهٰتُكُمْ وَبَنٰتُكُمْ وَاَخَوٰتُكُمْ وَعَمّٰتُكُمْ وَخٰلٰتُكُمْ وَبَنٰتُ الْاَخِ وَبَنٰتُ
الْاُخْتِ وَاُمَّهٰتُكُمُ الّٰتِيْٓ اَرْضَعْنَكُمْ وَاَخَوٰتُكُمْ مِّنَ الرَّضَاعَةِ وَ
اُمَّهٰتُ نِسَآئِكُمْ وَرَبَآئِبُكُمُ الّٰتِيْ فِيْ حُجُوْرِكُمْ مِّنْ نِّسَآئِكُمُ الّٰتِيْ
دَخَلْتُمْ بِهِنَّ ۫ فَاِنْ لَّمْ تَكُوْنُوْا دَخَلْتُمْ بِهِنَّ فَلَا جُنَاحَ عَلَيْكُمْ ۪
وَحَلَآئِلُ اَبْنَآئِكُمُ الَّذِيْنَ مِنْ اَصْلَابِكُمْ ۙ وَاَنْ تَجْمَعُوْا بَيْنَ
الْاُخْتَيْنِ اِلَّا مَا قَدْ سَلَفَ ؕ اِنَّ اللّٰهَ كَانَ غَفُوْرًا رَّحِيْمًا ﴿۲۳﴾
وَّالْمُحْصَنٰتُ مِنَ النِّسَآءِ اِلَّا مَا مَلَكَتْ اَيْمَانُكُمْ ۚ كِتٰبَ
اللّٰهِ عَلَيْكُمْ ۚ وَاُحِلَّ لَكُمْ مَّا وَرَآءَ ذٰلِكُمْ اَنْ تَبْتَغُوْا بِاَمْوَالِكُمْ
مُّحْصِنِيْنَ غَيْرَ مُسٰفِحِيْنَ ؕ فَمَا اسْتَمْتَعْتُمْ بِهٖ مِنْهُنَّ فَاٰتُوْهُنَّ
اُجُوْرَهُنَّ فَرِيْضَةً ؕ وَلَا جُنَاحَ عَلَيْكُمْ فِيْمَا تَرٰضَيْتُمْ بِهٖ مِنْۢ بَعْدِ
الْفَرِيْضَةِ ؕ اِنَّ اللّٰهَ كَانَ عَلِيْمًا حَكِيْمًا ﴿۲۴﴾

၄င်းပြင် အသင်တို့သည် မိမိတို့၏ ဖခင်များ ထိမ်းမြားခဲ့ကြကုန်သော မိန်းမတို့နှင့် ထိမ်းမြားခြင်းကို မပြုကြကုန်လင့်။ သို့ရာတွင် (ဤအမိန့်တော် မကျရောက်မီ) လွန်ခဲ့သော အမှုများကား (လွန်ခဲ့လေပြီ။) အကြောင်းသော်ကား ယင်းအမှုကိစ္စသည် ဧကန်စင်စစ် ယုတ်မာမှုတစ်ရပ်ဖြစ်သည့်ပြင် စက်ဆုတ်ရွံရှာဖွယ်လည်း ဖြစ်၏။ ဤမျှမက ယင်းကိစ္စသည် အလွန်ဆိုးရွားလှသော နည်းလမ်းတစ်ခုလည်း ဖြစ်ပေသေး၏။ (၄း၂၂)

(အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့) အသင်တို့အဖို့ ("နိကာဟ်" ထိမ်းမြား လက်ထပ်ခြင်းမပြုကြရန်) "ဟရာမ်" ဟူ၍ မြစ်တား

ထားပြီးဖြစ်သော မိန်းမများကား၊ အသင်တို့၏ မိခင်များသည်လည်းကောင်း၊ အသင်တို့၏ သမီးများသည်လည်းကောင်း၊ အသင်တို့၏အစ်မများ၊ နှမများသည်လည်းကောင်း၊ အသင်တို့၏ အရီးကြီး၊ အရီးကလေးသည်လည်းကောင်း၊ အသင်တို့၏ အမိကြီး၊ အမိထွေးတို့သည်လည်းကောင်း၊ ညီ (သို့မဟုတ်) အစ်ကို၏ သမီးများသည်လည်းကောင်း၊ အသင်တို့အား နို့ရည်တိုက်ကျွေးခဲ့ဘူးသော နို့ထိန်းသည် မိခင်တို့သည်လည်းကောင်း၊ အစ်မ၊ နှမ၏သမီးများသည်လည်းကောင်း၊ နို့စို့ ဘက်အစ်မ၊ နှမများသည်လည်းကောင်း၊ အသင်တို့၏ ဇနီးမိန်းမတို့၏ မိခင်များသည်ဂင်း၊ အသင်တို့ ပေါင်းသင်း စပ်ယှက်ခဲ့ဘူးကြသော ဇနီးမိန်းမတို့မှ ပေါက်ဖွားကြကုန်သော အသင်တို့၏ရင်ခွင်၌ ကြီးပြင်းကြသော မိမိတို့မယားပါ သမီးများသည် လည်းကောင်း၊ ဖြစ်ကြကုန်သတည်း။ သို့ရာတွင် အကယ်၍ အသင်တို့သည် ယင်းဇနီးမိန်းမတို့နှင့် ပေါင်းသင်းစပ်ယှက်ခြင်း မပြုခဲ့ကြပါမူ (ထိုမယားပါ သမီးများနှင့် ထိမ်းမြားခြင်းအားဖြင့်) အသင်တို့၌ အပြစ်တစုံတရာမျှ မရှိပေ။ ၄င်းပြင်အသင်တို့၏ သားရင်းတို့၏ ဇနီး မိန်းမတို့(နှင့် ထိမ်းမြားခြင်း)သည် လည်းကောင်း၊ ညီအစ်မနှစ်ယောက်တို့ကို (တစ်ချိန်တည်းထိမ်းမြား) ပေါင်းသင်းခြင်းသည် လည်းကောင်း၊ (မြစ်တားပြီး ဖြစ်ပေသည်)။ သို့ရာတွင် (ဤအမိန့်တော်မကျရောက်မီက) ပြုခဲ့သည်တို့သည် (ခွင့်လွှတ်ပြီး ဖြစ်ချေသည်) အကြောင်းတစ်မူကား အလ္လာဟ်အသျှင်မြတ် သည် (ပြစ်မှုဒုစရိုက်တို့မှ) အကြိမ်ကြိမ်လွတ်ငြိမ်း ချမ်းသာခွင့်ပေးသနားတော်မူသောအသျှင်၊ အလွန်တရာသနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူပေသတည်း။ (၄း၂၃)

၎င်းအပြင် အမျိုးသမီးများအနက် ထိန်းသိမ်း စောင့်ရှောက်ပြီးဖြစ်သော (၀ါ) လင်ရှိ မိန်းမများသည်လည်း (ထိမ်းမြားရန်မြစ်တားပြီး ဖြစ်ချေသည်)၊ သို့ရာတွင် အကြင်မိန်းမများသည် အသင်တို့ လက်တွင်းသို့ သုံ့ပန်းအဖြစ်နှင့် ရောက်ရှိလာကြသော် (ထိုသို့ လင်ရှိ သုံ့ပန်းမိန်းမများကိုပင် ထိမ်းမြား ပိုင်ခွင့်ရှိပေသည်)။ (ဤသည်) အသင်တို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ (အထံတော်မှ) သတ်မှတ် ပြဋ္ဌာန်းပြီးဖြစ်သောအမိန့်တော်ဖြစ်သည်။ ၎င်းအပြင် ထို (ဖော်ပြပါ) မိန်းမတို့မှတစ်ပါး အခြားသော မိန်းမများကို အသင်တို့အဖို့ “ဟလာလ်” ပြုလုပ် ထားတော်မူသည်။ ဆိုလိုသည်ကား အသင်တို့သည် (ထိုမိန်းမများကို) မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့် ကာမဂုဏ် လိုက်စားသူများအဖြစ်နှင့် မဟုတ်ဘဲ ထိန်းသိမ်း စောင့်ရှောက်သောသူများအဖြစ်နှင့် (၀ါ)ထိမ်းမြားလက်ထပ်ယူသောသူများအဖြစ်နှင့် ရှာဖွေတောင်းဆို (ထိမ်းမြား)

**ကြကုန်။ ပြီးနောက် အသင်တို့သည် ထိုမိန်းမများနှင့် (ဇနီးမောင်နှံအဖြစ်နှင့်) အကျိုးကျေးဇူး ခံစား ခဲ့ကြသည်ရှိသော် အသင်တို့သည် ထိုမိန်းမများအား သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော မဟ်ရ်ကိုပေးကြကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (ယင်းကဲ့သို့) မဟ်ရ်ကို သတ်မှတ်ပြဋ္ဌာန်းပြီးနောက်တွင် (ထိုမဟ်ရ်ကို တိုးခြင်း၊ လျှော့ခြင်း၊ လုံးဝ ခွင့်လွှတ်ခြင်း၌) မိမိတို့အချင်းချင်း သဘောတူ ကျေနပ်ကြပါမူ အသင်တို့အပေါ်၌ အပြစ်တစုံတရာ မရှိချေ။ အလ္လာဟ်အသျှင်မြတ်သည် မုချဧကန် အရာ ခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။ (၄း၂၄)**

လက်ရှိအာယသ်တော်များသည် အစောပိုင်းကဖော်ပြပြီးဖြစ်သော 'ဂျာဟိလိယဟ်' အမှောင်ခေတ်တွင် ခေတ်စားခဲ့သော ဆိုးဝါးသော အလေ့အကျင့်များကို ဆက်လက်ဖော်ပြထားခြင်းဖြစ်သည်။ အသေးစိတ် ဆွေးနွေးချက်များသည် အကျယ်ဖွင့်ဆိုခြင်း၌ ပါဝင်သည်။

## အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်များသည် "မုဟရ်ရမသ်" နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြထားသည်။ "မုဟရ်ရမသ်" ဆိုသည်မှာ လက်ထပ်ထိမ်းမြားခြင်းမှ တားမြစ်ပိတ်ပင်ထားသော အမျိုးသမီးများအကြောင်းဖြစ်သည်။ ယင်းတို့မှ အချို့သောသူများသည် ရာသက်ပန်တားမြစ်ပိတ်ပင်ခံရသူများဖြစ်၍ မည်သည့်အခြေအနေမျိုးတွင်မဆို မည်သည့်အခါမျှ တရားမဝင်ချေ။ အချို့သောသူများကား အမြဲတစေ တားမြစ်ပိတ်ပင်ထားသည်မဟုတ်။ အချို့သော ထူးခြားသည့်အခြေအနေများတွင် ၎င်းတို့နှင့် ထိမ်းမြားခြင်းတရားဝင်ပေသည်။

အမြဲတမ်းပိတ်ပင်တားမြစ်ခံရသော ပထမအတန်းအစားတွင် အမျိုးသမီး သုံးမျိုးသုံးစားရှိပေသည်။ ယင်းအမျိုးသမီးတို့မှာ သွေးသားတော်စပ်ခြင်းအားဖြင့်လည်းကောင်း၊ မွေးစားခြင်းအားဖြင့်လည်းကောင်း၊ လက်ထပ်ထိမ်းမြားခြင်းမှ ဆွေမျိုးတော်စပ်ခြင်းအားဖြင့်လည်းကောင်း ထာဝရပိတ်ပင်တားမြစ်သူများဖြစ်ကြသည်။ ဖော်ပြခဲ့သော အမျိုးအစားမှ နောက်ဆုံးတွင်ဖော်ပြခဲ့သောအမျိုးအစားသည် အခြားသူတစ်ပါးနှင့် လက်ထပ်ထိမ်းမြားခြင်းမပြုသေးသမျှ ၎င်းတို့နှင့် ထိမ်းမြားလက်ထပ်ခြင်း ပိတ်ပင်တားမြစ်ထားသည်။

အာယသ်တော်များ၏ ရှင်းလင်းချက်သည် ရှေ့အာယသ်တွင်ပါသော သက်ဆိုင်သည့်အပိုင်းကို နောက်အာယသ်တော်တွင် ရှင်းလင်းထားသည်။

**وَلَا تَنْكِحُوْا مَا نَكَحَ اٰبَآؤُكُمْ** "၎င်းပြင်အသင်တို့သည် မိမိတို့၏ဖခင်များထိမ်းမြားခဲ့ကြကုန်သော မိန်းမတို့နှင့်ထိမ်းမြားခြင်းကိုမပြုကြကုန်လင့်" (၄း၂၂) 'ဂျာဟိလိယဟ်' အမှောင်ခေတ်ကလူများသည် ဖခင်သေဆုံးသွားသည်နှင့် အဖေ၏ဇနီးကို စိတ်စနောင့် စနင်းမရှိဘဲ လက်ထပ်ထိမ်းမြားခဲ့ကြသည်။ ဤအာယသ်တော်ထဲတွင်

အလ္လာဟ်အရှင်မြတ်သည် ဤစက်ဆုတ် ရွံရှာဖွယ်ကောင်းသောအကျင့်ကိုတားမြစ်ခဲ့ပါသည်။ ယင်းသည် အလ္လာဟ်အရှင်မြတ်၏ အမျက်ဒေါသရှစေသော မကောင်းမှုတစ်ရပ်ဖြစ်သည်။ တစ်စုံတစ်ဦးသည် အမျိုးသမီးတစ်ဦးအား အချိန်ကြာမြင့်စွာ သူ၏အမေဟုခေါ်နေခဲ့ပြီး သူ၏ဖခင်သေဆုံးသွားပြီးနောက် သူမကိုသူဇနီးအဖြစ် အောက်တန်းကျစွာ မည်သို့ပြုအံ့နည်း။

**ဥပဒေသ**

(၁) ဖခင်၏တရားဝင် လက်ထပ်ထိမ်းမြားခဲ့သောဇနီးသည်ကို လက်ထပ်ထိမ်းမြားခြင်းအား ဤအာယသ်တော်ထဲတွင် တရားမဝင်ကြောင်း ကြေညာထားခဲ့ပါသည်။ ဖခင်သည် စပ်ယှက်ခြင်းပြုသည် မပြုသည်ကို ရည်ညွှန်းရန် ဤနေရာ၌ ကန့်သတ်ချက်မရှိပါ။ ထို့ကြောင့် စင်စစ်ဖခင်မှာ အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားပြီးသည်ဆိုသည့်အချက်ကပင် သားအား ထိုအမျိုးသမီးနှင့် လက်ထပ်ထိမ်းမြားခြင်းမှ တားမြစ်ရန်လုံလောက်သည်။ ယင်းသည် မည်သည့်အခါမျှ တရားဝင်မည်မဟုတ်။ အလားတူပင် အကယ်၍သားသည် ဇနီးနှင့် နိကာဟ်သမရိုးကျဖတ်ကာ ဇနီးသည် ၎င်းနှင့်အတူလာရောက်နေထိုင်ခြင်းမရှိသေးသည့်တိုင် ထိုသား၏ဇနီး(ခွေးမ)ကို ဖခင်က လက်ထပ်ထိမ်းမြားခြင်း မမှန်ကန်ချေ။ **(အိဗ်နိအဗီဒီန်)**

(၂) အကယ်၍ ဖခင်သည် အချို့သောအမျိုးသမီးနှင့် တရားမဝင်ပေါင်းသင်းခဲ့လျှင်ပင် သားသည်ထိုအမျိုးသမီးကို လက်ထပ်ထိမ်းမြားရန် ခွင့်ပြုလိမ့်မည်မဟုတ်။

**حُرِّمَتْ عَلَيْكُمْ أُمَّهَٰتُكُمْ "ဟရာမ်ဟူ၍ မြစ်တားပြီးဖြစ်သော မိန်းမများကား အသင်တို့၏ မိခင်များသည်လည်းကောင်း"** တစ်စုံတစ်ဦး၏မိခင်ရင်းနှင့် လက်ထပ်ထိမ်းမြားခြင်း တရားမဝင်ဟုဆိုသည်။ "အွမ္မဟာသုကုမ်" ü^\<t<e'M#-A<(အသင်တို့၏မိခင်များ)ဟူသောစကားလုံးထဲတွင် အမိဘက်မှလည်းကောင်း၊ အဖဘက်မှလည်းကောင်း တော်စပ်သောအဘွားများအားလုံးပါဝင်သည်။

**وَبَنَاتُكُمْ** (၎င်းပြင် အသင်တို့၏သမီးများသည်လည်းကောင်း)က မိမိ၏သမီးရင်းခေါက်ခေါက်၊ သမီး၏သမီး (မြေး) နှင့် သား၏သမီး (မြေး) နှင့် လက်ထပ်ထိမ်းမြားခြင်း တရားမဝင်ဟု ဆိုလိုသည်။

အတိုချုပ်အားဖြင့် သမီး၊ မြေး၊ မြစ်၊ အမိဘက်မှ၊ မြေး၊ မြစ်တို့နှင့် လက်ထပ်ထိမ်းမြားခြင်းအားလုံး တရားမဝင်ချေ။ မယားပါသမီးနှင့် လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သော အသေးစိတ်များကို နောင်တွင် ရှင်းလင်းပါမည်။ သွေးရင်းသားရင်းမဟုတ်ဘဲ မွေးစားသော သား(သို့) သမီးတို့နှင့်ပတ်သက်လျှင် ၎င်းတို့ကိုလည်းကောင်း (သို့) ၎င်းတို့မှ ပေါက်ဖွားလာသောသူများနှင့်လည်းကောင်း လက်ထပ်ထိမ်းမြားခြင်းကိုမူ အခြားအခြေအနေအချို့ကြောင့် တရားမဝင်မှုမရှိဟူသော ဥပဒေခြင်းချက်ပါလျှင် ခွင့်ပြုသည်။ အလားတူပင် အကယ်၍လူတစ်ဦးသည် အမျိုးသမီးတစ်ဦးနှင့် ဇနာကျူးလွန်၍သမီးတစ်ယောက်ရရှိပါက ယင်းသို့ရရှိသောမိန်းကလေးသည် သမီးရင်းနှင့်ဆိုင်သော ဥပဒေအရ အုပ်ထိန်းရလိမ့်မည်ဖြစ်၍ ယင်းသမီးနှင့် လက်ထပ်ထိမ်းမြားခြင်းသည်လည်း မမှန်ကန်ချေ။

**وَاَخَوٰتُكُمْ** (ငင်းပြင်အသင်တို့၏ အစ်မများနှမများ) တစ်စုံတစ်ဦးသည် မိတူဖတူ အစ်မ၊ ညီမများ 'အလ်လွာတီ' (ဖအေတူအမေကွဲ ညီမ၊ အစ်မ၊ 'အတ်ခ်ယာဖီ'(မအေတူအဖေကွဲ ညီမအစ်မများ)နှင့် ထိမ်းမြားခြင်းသည် တရားမဝင်ချေ။

**وَعَمّٰتُكُمْ** (ထိုနည်းတူ အသင်တို့၏ အရီးကြီး၊ အရီးလေးများ)တစ်စုံတစ်ဦးသည် ဖခင်ဘက်မှ တော်စပ်သော မိတူဖတူ အဖေ့အစ်မနှမ၊ ဖခင်၏ အဖေတူ အမေကွဲ ညီမ၊ အစ်မ။ အဖေ့၏ အမေတူအဖေကွဲ အစ်မ၊ ညီမများ နှင့် ထိမ်းမြားလက်ထပ်ခြင်းသည် တရားမဝင်ချေ။ ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် အဖေ့ဘက်မှ တော်စပ်သော အဒေါ် (အရီးကြီး၊ အရီးလေး) အထက်ဖော်ပြပါ သုံးမျိုးသုံးစားနှင့် လက်ထပ်ထိမ်းမြားခြင်းမပြုရပါ။

**وَخٰلٰتُكُمْ** (ထို့အတူ အသင်တို့၏ အမိကြီး၊ အမိထွေးများ) တစ်စုံတစ်ဦးသည် မိခင်ဘက်မှတော်စပ်သော မိခင်၏အစ်မ နှမများ၊ ၎င်းအဒေါ်များသည် မိခင်နှင့် မိတူဖတူ **ဟကီကီ**ဖြစ်စေ (သို့) မိခင်နှင့် ဖတူမိကွဲ **အလ္လာတီ** ညီမအစ်မဖြစ်စေ(သို့)မိခင်နှင့် အမေတူဖခင်ကွဲ အတ်ခ်ယာဖီ ညီမအစ်မများဖြစ်စေတို့နှင့်လက်ထပ်ထိမ်းမြားခြင်း တရားမဝင်ချေ။

**وَبَنٰتُ الْاَخِ** (ထိုမှတစ်ပါး ညီ (သို့) အစ်ကို၏သမီးများ) ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် တူမများနှင့် ထိမ်းမြားခြင်း တရားမဝင်ချေ။ ၎င်းတို့သည် ဟကီကီ၊ အလ္လာတီ (သို့) အတ်ခ်ယာဖီ မိတူဖတူ၊ ဖတူမိကွဲ။ မိတူဖကွဲ စသော အထက်ပါသုံးမျိုးသုံးစား ညီအစ်ကိုများ၏သမီးများနှင့် လက်ထပ်ထိမ်းမြားခြင်း တရားမဝင်ချေ။

**وَبَنٰتُ الْاُخْتِ** (ထို့ပြင် အစ်မ နှစ်မ၏ သမီးများ) ဆိုလိုသည်မှာ တူမများနှင့် ထိမ်းမြားလက်ထပ်ခြင်း တရားမဝင်ချေ။ ယင်းတူမများသည် အထက်ဖော်ပြခဲ့သော ဟကီကီ၊ အလ္လာတီ (သို့) **အတ်ခ်ယာဖီ**စသော အထက်ပါသုံးမျိုးသုံးစား ညီမအစ်မ၏ သမီးများဖြစ်ကာ လက်ထပ်ထိမ်းမြားခြင်း မပြုနိုင်ချေ။

**وَاُمَّهٰتُكُمُ الّٰتِیْٓ اَرْضَعْنَكُمْ** (အသင်တို့အား နို့ရည်တိုက်ကျွေးခဲ့ဘူးသော နို့ထိမ်းသည်မိခင်တို့သည် လည်းကောင်း)။ ဤသည်ကမိခင်ရင်းမဟုတ်သော်လည်း ရှရီအတ်တရားတော်ကမိခင်များကဲ့သို့သတ်မှတ်ထားသော အမျိုးသမီးများကိုရည်ညွှန်းသည်။ ဤသဘောအရ ၎င်းတို့နှင့်ထိမ်းမြားလက်ထပ်ခြင်းသည် မိခင်ရင်းနှင့် ထိမ်းမြားလက်ထပ်သကဲ့သို့ တားမြစ်ပိတ်ပင်သည်။ နို့ရည်တိုက်ကျွေးခဲ့သည့်ပမာဏနှင့် အကြိမ်အရေအတွက်သည် အကြောင်းမဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ တစ်ကြိမ်တစ်ခါနို့ရည်တိုက်မိခဲ့သည်ဆိုလျှင်ပင် ယင်းတို့နှင့် လက်ထပ်ထိမ်းမြားခြင်း တရားမဝင်ချေ။ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက ဤသည်ကိုမိခင်အဖြစ် နို့ချိုတိုက်ကျွေးခြင်းမှ တစ်ဆင့်ဖြစ်လာသော တရားမဝင်မှုဟု ရည်ညွှန်းသည်။

မည်သို့ပင်ဆိုစေကာမူ သတိချပ်ရမည်မှာ မိခင်နို့ရည်တိုက်ကျွေးခြင်းကြောင့် တရားမဝင်မှုသည် ကလေးဘဝမှာ မိခင်အဖြစ် နို့တိုက်ကျွေးချိန်မှစ၍ အတည်ဖြစ်ကြောင်းပင်တည်း။ တမန်တော်မြတ်ﷺသခင်မိန့်ကြားတော်မူသည်မှာ-**اِنَّمَا الرَّضَاعَةُ مِنَ الْمَجَاعَةِ**"မိခင်အဖြစ် နို့ချိုတိုက်ကျွေးခြင်းသည် ဆာလောင်မွတ်သိပ်၍သာဖြစ်သည်"ဆိုလိုသည်မှာ မိခင်အဖြစ်နို့တိုက်ကျွေးခြင်းမှတစ်ဆင့် တရားမဝင်အတည်ဖြစ်လာသည်မှာ ကလေးငယ်ကြီးထွားရှင်သန်ရေးတွင် နို့ချိုစို့သည်မှအပ မည်သည်မျှမရှိ၍ ထိုမိခင်နို့ကိုစတင်သောက်စို့လိုက်သည့်အချိန်မှစ၍ ကလေး၏နို့တိုက် မိခင်အဖြစ်အကျုံးဝင်သွားသည်။ **(အလ်ဗုခါရီနှင့် မုစ်လင်မ်)**

အိမာမ်အဗူဟနီဖာဟ်၏အဆိုအရ ဤနို့တိုက်ကျွေးသည့်အချိန်ကာလသည် ကလေးမွေးဖွားသည်မှ ထိုကလေး နှစ်နှစ်ခွဲအထိဖြစ်သည်။ အိမာမ်အဗူဟနီဖာဟ်၏ ထူးချွန်သည့်တပည့်များဖြစ်သော အိမာမ် အဗူယူစွဖ်နှင့် အိမာမ်မုဟမ္မဒ် ([ylI.A]mHR) အပါအဝင် အခြားမုစ်လင်မ်မမ္မသတ်ပညာရှင်များက နို့တိုက်ကျွေး သောကာလမှာ နှစ်နှစ်ထိသာဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့်အကယ်၍ အသက်နှစ်နှစ်အထက်ကျော်သော မိန်းကလေးဖြစ်စေ၊ ယောကျ်ားလေးဖြစ်စေသည် အမျိုးသမီးတစ်ဦး၏ နို့ကိုသောက်စို့ပါက မိခင်အဖြစ်နို့ချို သောက်သုံးခြင်းမှ ဖြစ်ပေါ်သော တားမြစ်ချက်သည် အကျုံးဝင် အကျိုးသက်ရောက်ခြင်းမရှိချေ။

**وَأَخَوَٰتُكُم مِّنَ الرَّضَاعَةِ** (ထို့ပြင် နို့စို့ဘက်ဖြစ်သော အစ်မနှစ်မများသည်လည်းကောင်း) ဆိုလိုသည်မှာ မိခင်အဖြစ် နို့ချိုတိုက်ကျွေးခြင်းအားဖြင့်တော်စပ်သော အစ်မနှစ်မများနှင့် လက်ထပ်ထိမ်းမြားခြင်း တရားမဝင်ချေ။ အသေးစိတ်ရလျှင် နို့စို့အရွယ် ယောကျ်ားလေးတစ်ယောက်(သို့) မိန်းကလေးတစ်ယောက်ကို နို့ချိုတိုက်ကျွေးသော အမျိုးသမီးသည် ၎င်းတို့၏မွေးစားမိခင်ဖြစ်လာသည်။ ထို့ပြင် အမျိုးသမီး၏ခင်ပွန်းသည် ကလေးငယ်တို့၏ မွေစားဖခင်ဖြစ်လာကာ ထိုဇနီးမောင်နှံ၏ သားသမီးများသည်လည်း နို့စို့ခဲ့သူတို့၏ ညီအစ်ကိုမောင်နှမများဖြစ်သွားသည်။ ထိုနို့တိုက် အမျိုးသမီး၏ အစ်မနှမများသည် နို့တိုက်ခံရသူများ၏ အဒေါ်များဖြစ်လာသကဲ့သို့ အစ်ကိုမောင်များသည် နို့တိုက်ခံရသူများ၏ မွေးစားဦးလေးများဖြစ်သွားကြပါသည်။ နို့တိုက်ကျွေးသူအမျိုးသမီး ခင်ပွန်း၏ အစ်မနှမများသည် ၎င်းတို့၏အဒေါ်များဖြစ်လာကြသည်။ ထို့ကြောင့် ထိုသူများကြား မိခင်အဖြစ် နို့တိုက်ကျွေးမှုမှတစ်ဆင့် တော်စပ်မှုကြောင့်ထိမ်းမြားလက်ထပ်ခြင်း တားမြစ်ချက်အတည်ဖြစ်သည်။ သွေးသားတော်စပ်မှုအပေါ် အခြေခံထားသည့် အချင်းချင်းလက်ထပ်ထိမ်းမြားမှု တရားမဝင်ခြင်းသည် နို့စို့ခြင်းအပေါ် အခြေခံသည့်တရားမဝင်မှုနှင့်အတူတူဖြစ်သွားသည်။ တမန်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြားခဲ့သည်မှာ- **يحرم من الرضاعة ما يحرم من الولادة** (ဗုခါရီ) (ယင်းမှာ သွေးသားတော်စပ်မှုကြောင့် တရားမဝင်ဖြစ်မှုသည် မိခင်အဖြစ် နို့တိုက်ကျွေးခြင်းကြောင့် တရားမဝင်မှုဖြစ်လာသည်။ မစ်ရ်ကတ်ကျမ်း စာမျက်နှာ ၂၇၃ မှာကဲ့သို့ ရှာဖီဒ်မုစ်လင်မ်ကျမ်းတွင် အခြားဆင့်ပြန်ချက်လာရှိသည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်မိန့်ကြားသည်- **ان الله حرم من الرضاعة ماحرم من النسب** "မုခ္ခဧကန် အလ္လာဟ်အရှင်မြတ် သည် သွေးသားတော်စပ်မှုကြောင့် တားမြစ်ပိတ်ပင်သကဲ့သို့ မိခင်အဖြစ် နို့တိုက်ကျွေးခြင်းမှတစ်ဆင့်တော်စပ်မှုကြောင့် ထိမ်းမြားခြင်းကိုလည်း ထိုကဲ့သို့ပင် တားမြစ်ထားသည်။

## ဥပဒေသများ

(၁) အကယ်၍ အမျိုးသမီးတစ်ဦးသည် ယောကျ်ားလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦးကို နို့ချိုတိုက်ကျွေးခဲ့ပါက ထိုနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး လက်ထပ်ထိမ်းမြားခြင်းမပြုနိုင်ချေ။ အလားတူပင် နို့စို့ဘက်အစ်ကို သမီး နို့စို့ဘက်အစ်မတို့၏ သမီးနှင့်လည်း လက်ထပ်ထိမ်းမြားခြင်း မပြုနိုင်ပါ။

(၂) နို့စို့ဘက်အစ်ကိုနှင့် နို့စို့ဘက်အစ်မ၏ အမေရင်းကို မောင်အစ်ကိုအရင်းက လက်ထပ်ထိမ်းမြားခွင့်ရှိသည်။ နို့စို့ဘက်အစ်မရဲ့ အမရင်းနှင့် အမရင်း၏ နို့စို့ဘက်အစ်မတို့ကို အစ်ကို/မောင်က လက်ထပ်ထိမ်းမြားနိုင်သည်။

(၃) အကယ်၍ ကလေးငယ်သည် နို့စို့ချိန်အတွင်း၌ နို့ကိုပါးစပ်နှင့်ဖြစ်စေ၊ နှာခေါင်းမှဖြစ်စေ ဝင်ရောက်စို့သောက်လိုက်ပါက လက်ထပ်ထိမ်းမြားမှု တရားမဝင်ခြင်း အတည်ဖြစ်လာသည်။ အကယ်၍ နို့ချိုကို ကလေးအား အခြားဝင်ပေါက်ဖြစ်စေ၊ ပိုက်ဖြင့်ပေးသွင်းစေခဲ့လျှင်ဖြစ်စေ မိခင်အဖြစ် နို့တိုက်ကျွေးခြင်းမှတစ်ဆင့် တရားမဝင်မှုအတည်မဖြစ်ချေ။

(၄) ကလေးငယ်စို့သောက်သော အမျိုးသမီးနို့ကိုသောက်စို့ခြင်းမှအပ အခြား (ဥပမာအားဖြင့် တိရစ္ဆာန်နို့နှင့် (သို့) အမျိုးသားနို့ရည်) နို့ရည်တို့သည် မိခင်အဖြစ် နို့ချိုတိုက်ကျွေးခြင်းမမည်ပေ။

(၅) အကယ်၍ အမျိုးသမီးနို့သည် ဆေးဝါးဖြင့် ရောစပ်သည်ဖြစ်စေ (သို့) ဆိတ်နို့၊ နွားနို့၊ ကျွဲနို့တို့နှင့် ရောစပ်သည်ဖြစ်စေ ရောနှော၍ ကလေးငယ်ကို တိုက်ကျွေးသည်ဖြစ်အံ့။ သို့နို့တိုက်ကျွေးမှုအပေါ် အခြေခံ၍ လက်ထပ်ထိမ်းမြားမှုတရားမဝင်ခြင်းသည် နို့တိုက်ကျွေးသည့်အမျိုးသမီး၏ နို့ပမာဏသည် တစ်ဝက် (သို့) တစ်ဝက်ထက်ပိုပါဝင်မှသာလျှင် အတည်ဖြစ်ပေသည်။ သို့သော်လည်း အကယ်၍ အမျိုးသမီး နို့ရည်သည် တစ်ဝက်ထက်လျော့နည်းပါဝင်ကာ ဤတရားမဝင်မှု အတည်မဖြစ်ချေ။

(၆) အကယ်၍ ယောကျ်ားနို့မှ နို့ထွက်ပါက ယင်းနို့စို့ခြင်းကြောင့် လက်ထပ်ထိမ်းမြားခြင်း တရားမဝင်မှုကို သက်သေပြ၍ မရချေ။

(၇) အကယ်၍ အမျိုးသမီးတစ်ဦးသည် ကလေးငယ်တစ်ဦးအား ၎င်း၏နို့သီးခေါင်းငုံမိစေခဲ့သော်လည်း ကလေးငယ်နို့စို့လိုက်သည် ဆိုသည်မှာကား မသေချာလျှင် နို့စို့ခြင်းမှတစ်ဆင့် တရားမဝင်မှုမှာ အတည်မဖြစ်ချေ။ ထို့ပြင် လက်ထပ်ထိမ်းမြားမှုတရားဝင်ခြင်းကိုလည်း မထိခိုက်ချေ။ အဘယ်ကြောင့်ဆိုသော် လက်ထပ်ထိမ်းမြားမှုတားမြစ်ချက်သည် အမှန်တကယ် နို့စို့ခြင်းအပေါ် သံသယဖြစ်ပါက အတည်မဖြစ်ချေ။

(၈) အကယ်၍ အမျိုးသားတစ်ဦးသည် အမျိုးသမီးတစ်ဦးအား လက်ထပ်ထိမ်းမြားသည်။ ထိုစဉ်အခြား အမျိုးသမီးတစ်ဦးက ၎င်းတို့နှစ်ဦးစလုံးအား သူမနို့တိုက်ခဲ့သည်ဟု အခိုင်အမာပြောဆိုလာလျှင် ကာယကံရှင် နှစ်ဦးစလုံးကလည်း ဤသည်အမှန်ဖြစ်ကြောင်း အတည်ပြုခဲ့လျှင် လက်ထပ်ထိမ်းမြားခြင်းသည် မမှန်ကန်ဟု ဆုံးဖြတ်ရပါလိမ့်မည်။ သို့သော်လည်း နှစ်ဦးစလုံးက ယင်းအခိုင်အမာပြောဆိုချက်ကို ငြင်းပယ်ပါက ထိုဇနီးမောင်နှံသည် လက်ထပ်ထိမ်းမြားခြင်းကို ဖျက်သိမ်းရန်တာဝန်မရှိချေ။ သို့သော်လည်း အကယ်၍ ထိုအမျိုးသမီးသည် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ၍ ဘာသာရေးကိုင်းရှိုင်းရိုသေသော မုစ်လင်မ်အမျိုးသမီးတစ်ဦးဖြစ်ပါက ဇနီးမောင်နှံအတွက် တွလာတ်ပေး၍ ခွဲခွာမှုကို ရွေးချယ်ခြင်းသည် နှစ်လိုဖွယ်ဖြစ်ပေသည်။

(၉) နို့တိုက်ကျွေးခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာသော တရားမဝင်မှုကို သက်သေပြရန် ဘာသာတရားကိုင်းရှိုင်းရိုသေသော မုစ်လင်မ်သက်သေနှစ်ဦးလိုအပ်သည်။ ဤသက်သေပြမှုကို အမျိုးသမီးတစ်ဦးတည်းနှင့်ဖြစ်စေ အမျိုးသားတစ်ဦးတည်းနှင့်ဖြစ်စေ သက်သေပြမရပါ။ သို့သော်လည်း ဤကိစ္စသည် အလွန်အရေးကြီး၍ ဘဝတစ်ခုလုံးဟရာမ် (သို့) ဟလာလ်ဖြစ်စေသောကြောင့် ဂရုပြုမှုအနေအထားရှိရမည်မှာ အမြဲတစေအတွက် အကြံပေးချက်ပင်ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် အကယ်၍ တစ်ဦးဦးသည် အမျိုးသမီးတစ်ဦးအား လက်ထပ်ရန်ရည်စူးခဲ့ကာ ဘာသာတရားကိုင်းရှိုင်းသော မုစ်လင်မ်တစ်ဦးတည်းက ၎င်းတို့သည် နို့စို့ဘက်မောင်နှမများဖြစ်ကြသည်ဟု

သက်သေခံခဲ့လျှင် ၎င်းတို့နှစ်ဦးအား လက်ထပ်ထိမ်းမြားမှုကိစ္စကို ခွင့်ပြုလိမ့်မည်မဟုတ်ဟု အချို့သောမုစ်လင်မ ဓမ္မသတ်ပညာရှင်များက ဥပဒေချမှတ်ခဲ့ကြသည်။ ထို့ပြင် အကယ်၍ ၎င်းတို့လက်ထပ်ထိမ်းမြားပြီးနောက်မှ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သက်သေတစ်ဦး၏ သက်သေထွက်ချက်ပေါ်လာခဲ့လျှင် ဆန္ဒအလျောက် တစ်သီးတစ်ခြားစီ ခွဲခွာနေထိုင်ရန်ရွေးချယ်ခြင်းသည် ၎င်းတို့အတွက် လုံခြုံစိတ်ချ၍ မြော်မြင်တတ်ခြင်းဖြစ်လိမ့်မည်။

(၁၀) သက်သေထွက်ဆိုခြင်းဆိုင်ရာ အသိအမှတ်ပြုခြင်းဥပဒေများအရဆိုလျှင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး၏ သက်သေခံချက်မှာ အမျိုးသားနှစ်ဦး သက်သေခံချက်နှင့် တူညီသည်။ ထို့ကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးက နို့စို့ခြင်း မှန်ကန်ကြောင်း သက်သေခံပါက နို့စို့ဘက်တော်စပ်မှုမှာ ထာဝရသက်သေခိုင်မာသည်။

ù^\<!_as×N_é<e'M#–A<O–(ထိုမှတစ်ပါး အသင်တို့၏ ဇနီးမိန်းမများ၏ မိခင်များ) ခင်ပွန်းများအတွက် ၎င်းတို့ဇနီးများ၏ မိခင်များသည်လည်း တရားမဝင်ချေ။ ဤတွင်လည်း 'အုမ္မဟာ' ae–M#–A< ဟူသောစကားလုံးက ဇနီးများ၏ အမေဘက်မှ ဖြစ်စေ၊ အဖေဘက်မှဖြစ်စေ မျိုးရိုးစဉ်ဆက်ကြောင့်ဖြစ်စေ နို့စို့ဘက်ကြောင့်ဖြစ်စေ အဘွားများအားလုံးပါဝင်သည်။

## ဥပဒေများ

(၁) တရားဝင်လက်ထပ်ပြီးသော ဇနီးသည်၏မိခင်ကို လက်ထပ်ထိမ်းမြားခြင်း တရားမဝင်သကဲ့သို့၊ ဤသည်နှင့် အလွန်တူပြီး တန်းတူတရားမဝင်သည်မှာ မိမိ၏ဇနီးသည်ဟု ထင်မှတ်ကာ (အမှန်မှာသူမသည် သူ၏ဇနီးမဟုတ်ပါ) အတူတကွ အိပ်စက်ဖူးခဲ့သော အမျိုးသမီးတစ်ဦး၏အမေသည်လည်းကောင်း၊ ဇနာပြစ်မှုကျူးလွန် (အိမ်ထောင်ရေးဖောက်ပြား)ခဲ့သော အမျိုးသမီး၏ အမေသည်လည်းကောင်း၊ တဏှာရာဂစိတ်ဖြင့် ထိတွေ့ခဲ့သော အမျိုးသမီး၏ အမေသည်လည်းကောင်း ယင်းတို့နှင့်လက်ထပ်ထိမ်းမြားခြင်း တရားမဝင်ပါ။

(၂) လက်ထပ်ထိမ်းမြားသည်ဆိုခြင်းကပင်လျှင် တစ်စုံတစ်ဦး၏ မိခင်ကို သူနှင့်ထိမ်းမြားရန် တရားမဝင်ပါ။ ဆိုလိုသည်မှာ အကယ်၍ ခင်ပွန်းသည် သူ၏ဇနီးနှင့်ဘယ်သောအခါမှ အတူမအိပ်စက်ခဲ့သည့်တိုင်အောင် သူမ၏အမေနှင့် လက်ထပ်ထိမ်းမြားခြင်း တရားမဝင်ပါ။

وَرَبَـٰٓئِبُكُمُ ٱلَّتِى فِى حُجُورِكُم مِّن نِّسَآئِكُمُ ٱلَّتِى دَخَلْتُم بِهِنَّ "အသင်တို့ပေါင်းသင်းစပ်ယှက်ခဲ့ဖူးသော ဇနီးမိန်းမတို့မှပေါက်ဖွားကြကုန်သော အသင်တို့၏ရင်ခွင်၌ကြီးပြင်းကြသော မိမိတို့မယားပါသမီးများသည်လည်းကောင်း" တစ်စုံတစ်ဦးသည် အမျိုးသမီး တစ်ဦးနှင့် ထိမ်းမြားလက်ထပ်ပြီးနောက် ၎င်းနှင့်အိပ်စက်ပြီးပါက အခြားအိမ်ထောင်နှင့်ရရှိခဲ့သော ထိုအမျိုးသမီး၏ သမီး(မယားပါသမီး)နှင့် လက်ထပ်ထိမ်းမြားခြင်း တရားမဝင်ပါ။ ၎င်းပြင် ဇနီးသည်၏ ဖခင်ဘက်မှဖြစ်စေ၊ မိခင်ဘက်မှဖြစ်စေ မြေးများနှင့်လည်း တရားမဝင်ပါ။ ၎င်းတို့နှင့် လက်ထပ်ခြင်းကို ခွင့်မပြုပါ။ သို့ရာတွင် သူသည် မင်္ဂလာဆောင်နှင်းပြီးသည့်နောက် သူ၏ဇနီးသည်နှင့်အတူမအိပ်စက်ရသေးမီသူမအားကွာရှင်းပြတ်စဲပါက သူမ၏သမီး၊ သူမ၏မြေးတို့သည် သူ့အတွက် လက်ထပ်ထိမ်းမြားခြင်း တရားမဝင်မဟုတ်တော့ပါ။ သို့သော် တစ်စုံတစ်ဦးသည် လက်ထပ်ထိမ်းမြားပြီးသည့်နောက်

သူ၏ဇနီးသည်အား တဏှာရာဂစိတ်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်း (သို့) သူမ၏ (အရှက်) မြင်အပ်သည်အရာကို ကာမဆန္ဒဖြင့်ကြည့်ရှုပါက ဤသည်တို့သည် သူမနှင့် စပ်ယှက်ခြင်းပြုသည်ဟု မှတ်ယူရပါမည်။ ထို့ကြောင့် သူမ၏သမီးနှင့် လက်ထပ်ခြင်းသည် တရားမဝင်ပါ။

ဤအာယသ်တော်၏စာသားတွင် သုံးနှုန်းထားသော အသင်တို့၏ "အမျိုးသမီးများ" ဟူသော အသုံးအနှုန်းသည် ယေဘုယျသာဖြစ်ပါသည်။ ထို့ကြောင့် တရားဝင်လက်ထပ်ထိမ်းမြားထားသော ဇနီးသည်၏ သမီးသာလျှင် တရားမဝင်သည်မဟုတ်ပါ။ ဤဥပဒေသည် တရားဝင်ထိမ်းမြားခြင်းမရှိဘဲ မိမိ၏ဇနီးသည်ဟု ထင်မှတ်မှားကာ အိပ်စက်ခဲ့ဘူးသော အမျိုးသမီး (သို့) ဇနာပြုကျင့်ခဲ့သော အမျိုးသမီးတို့ကိုလည်း အကျုံးဝင်စေပါသည်။ ထိုကဲ့သို့သော အမျိုးသမီးတို့၏ သမီးနှင့် မြေးတို့သည် ယင်းသူနှင့်ထိမ်းမြားခြင်း တရားမဝင်ဖြစ်သွားပါလိမ့်မည်။

وَحَلَٰٓئِلُ اَبۡنَآئِكُمُ الَّذِيۡنَ مِنۡ اَصۡلَابِكُمۡ "ငင်းပြင် အသင်တို့၏သားရင်းတို့၏ ဇနီးမိန်းမတို့(နှင့်ထိမ်းမြားခြင်း)သည်လည်းကောင်း" တစ်စုံတစ်ဦး၏ သားအရင်း၏ဇနီးနှင့် လက်ထပ်ထိမ်းမြားခြင်းသည် တရားမဝင်ပါ။ "သား" ဟူသောစကားလုံးသည် အမျှားသူငါ လက်ခံမှုအရမြေးမျှားလည်း အကျုံးဝင်ပါသည်။ ဖခင်ဘက်မှဖြစ်စေ၊ မိခင်ဘက်မှဖြစ်စေ မြေးများတို့နှင့် လက်ထပ်ခြင်းလည်း ခွင့်မပြုပါ။

مِنۡ اَصۡلَابِكُمۡ "အသင်တို့၏ သားရင်းများ" ဤနေရာတွင် ဤကဲ့သို့သီးသန့် ကန့်သတ်စကားလုံးကိုသုံးစွဲထားခြင်းသည် မွေးစားသားမပါဝင်စေရန်ဖြစ်သည်။ မွေးစားသား၏ ဇနီးသည်နှင့် လက်ထပ်ခြင်းသည် တရားဝင်ပါသည်။ နို့စို့ဖက်၏ သားနှင့်ပတ်သက်လာလျှင်မူ ၎င်းကိုမျိုးရိုးစဉ်လာအရ ပေါက်ပွားလာသောသားကို ထိန်းချုပ်သော ဥပဒေတိုင်း ထိန်းချုပ်ထားကြောင်း ၎င်း၏ဇနီးနှင့် လက်ထပ်ခြင်းသည် တရားမဝင်ပါ။

وَاَنۡ تَجۡمَعُوۡا بَيۡنَ الۡاُخۡتَيۡنِ ညီမနှစ်ယောက်ကို(တစ်ချိန်တည်းထိမ်းမြား)ပေါင်းသင်းခြင်း။ ညီမနှစ်ယောက်ကို တစ်ပြိုင်နက် လက်ထပ်ထိမ်းမြားပေါင်းသင်းခြင်းသည်လည်း တရားမဝင်ပါ။ ထိုညီအစ်မများတို့သည် အရင်းအချာများဖြစ်စေ၊ ဖအေတူအမေကွဲဖြစ်စေ၊ အမေတူ အဖေကွဲဖြစ်စေ (ဟကီကီ၊ အလ္လာတီ၊ အတ်ခ်ယာဖီ) တို့ဖြစ်နိုင်ပါသည်။ ၎င်းတို့သည် ဆွေစဉ်မျိုးဆက်အရတော်စပ်သော(သို့) နို့စို့ဘက်ဖြစ်ခြင်းကြောင့် တော်စပ်သော ညီအစ်မများဖြစ်နိုင်ပါသည်။ ဤဥပဒေသည် ယင်းတို့အားလုံးအား အကျုံးဝင်စေပါသည်။ သို့သော်လည်း ထိုညီအစ်မနှစ်ယောက်အနက်မှ တစ်ဦးအားကွာရှင်းပြတ်စဲပြီးမှသာလျှင် နောက်တစ်ဦးကို ထိမ်းမြားခွင့်ရှိပါသည်။ သို့သော်လည်း ဤခွင့်ပြုချက်သည် "အစ်ဒတ်" စောင့်ဆိုင်းရက်ကုန်ဆုံးမှသာလျှင် အကျိုးသက်ရောက်ပါမည်။ "အစ်ဒတ်" စောင့်ဆိုင်းရက်အတွင်း ထိမ်းမြားခြင်းကို ခွင့်မပြုပါ။

## ဥပဒေများ

(၁) ညီအစ်မနှစ်ယောက်အား တစ်ပြိုင်နက်တည်း လက်ထပ်ထိမ်းမြားခြင်း မလုပ်နိုင်သကဲ့သို့ ဖခင်ဘက်မှတော်စပ်သော အဒေါ်နှင့်တူမကိုလည်းကောင်းလည်း၊ မိခင်ဘက်တော်စပ်သော အဒေါ်နှင့် တူမတို့ကိုလည်းကောင်း တစ်ပြိုင်နက်တည်း လက်ထပ်ထိမ်းမြားခြင်းသည် တရားမဝင်ချေ။ အဒေါ်နှင့်တူမ နှစ်ဦးစလုံးကိုလည်း

တစ်ပြိုင်နက်တည်း လက်ထပ်ထိမ်းမြားနိုင်ခွင့်မရှိပါ။ ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတို့တွင် တင်ပြထားခဲ့သည်။ တမန်တော်မြတ်ﷺသခင် မိန့်ကြားခဲ့သည်မှာ -

لاَ يُجْمَعُ بَيْنَ الْمَرْأَةِ وَعَمَّتِهَا وَلاَ بَيْنَ الْمَرْأَةِ وَخَالَتِهَا (بخارى ومسلم)

**"အမျိုးသမီးတစ်ဦးအား သူမအဖေဘက်မှ သော်လည်းကောင်း၊ အမေဘက်မှသော်လည်းကောင်း အဒေါ်နှင့် တစ်ပြိုင်နက်တည်း လက်ထပ်ထိမ်းမြားခွင့်မပြုရ။"**

(၂) မည်သည့်အမျိုးသမီးနှစ်ဦးမဆို အကယ်၍ တစ်ဦးသည် ယောကျ်ားရှာကဲ့သို့ဖြစ်နေပါက ၎င်းတို့နှစ်ဦး လက်ထပ်ထိမ်းမြားခြင်း အစ္စလာမ်ဥပဒေအရမမှန်ကန်ဟု မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက ယေဘုယျ စည်းကမ်းသတ်မှတ်ဖော်ပြထားသည်။ ထို့ကြောင့် ထိုကဲ့သို့သောအမျိုးသမီးနှစ်ဦးအား အမျိုးသားတစ်ဦးက တစ်ပြိုင်နက်တည်း လက်မထပ်နိုင်ပါ။ **الا ماقد سلف** သို့ရာတွင်(ဤအမိန့်တော်မကျရောက်မီက)ပြုခဲ့သည်တို့သည် (ခွင့်လွှတ်ပြီး ဖြစ်ချေသည်။) ဆိုလိုသည်မှာ ဂျာဟိလိယတ်အမှောင်ခေတ်ကလုပ်ပြီးခဲ့သော မည်သည့်လုပ်ရပ်မဆို စစ်ဆေးမေးမြန်းခံရလိမ့်မည်မဟုတ်။ ဤစကားလုံးများသည် အာယသ်တော် (၂၂)တွင်လည်း ပါဝင်ခဲ့ပါသည်။ ထိုအာယသ်တော်၌လည်း အဓိပ္ပာယ်သည်အတူတူပင်ဖြစ်သည်။ ယင်းမှာ ဂျာဟိလိယတ်အမှောင်ခေတ်က ဖြစ်ပျက်ခဲ့ပြီးသမျှသည် လွန်ခဲ့ချေပြီ။ ယခုအခါ အစ္စလာမ်သာသနာအား သက်ဝင်ယုံကြည်ပြီးသည့်နောက် အတိတ်ကလုပ်ရပ်များပြန်လည်စစ်ဆေးလိမ့်မည် မဟုတ်ချေ။ သို့သော်လည်း အနာဂတ်၌ထိုလုပ်ရပ်များမှာ ရှောင်ကြဉ်ရန်လိုအပ်သည်။

ထိုနည်းတူစွာပင် မည်သည်တို့သည် တရားမဝင်ကြောင်း ဝဟီကျသည့်အချိန်တွင် အကယ်၍ တစ်စုံတစ်ဦးသည် ၎င်းဖခင်၏ဇနီးနှင့်သော်လည်းကောင်း၊ ညီအစ်မ နှစ်ဦးကိုသော်လည်းကောင်း လက်ထပ်ထိမ်းမြားခဲ့ပါက ခွဲခွာရန်လိုအပ်သည်။ ညီအစ်မနှစ်ဦးနှင့် လက်ထပ်ထိမ်းမြားထားသောကိစ္စတွင်မူ တစ်ဦးကိုမုချမလွဲမသွေ ခွဲခွာရပေမည်။

ဆွဟာဗဟ်သာဝကကြီး စိုက်ယိဒနာဗရာရ် အိဗ်နိအာဇီးဗ်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ်ﷺသခင်သည် စိုက်ယိဒနာ အဗူဗူရ်ဒါဟ် အိဗ်နိနီယာရ်ကို လူတစ်ဦးအား သုတ်သင်ကွပ်မျက်ရန် စေလွှတ်တော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသူသည်အဖေ၏ဇနီးကို လက်ထပ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ **(မစ်ရှ်ကတ်၊စာ ၂၇၄)**

အိဗ်နိဖီဒုဇ် ဒိုင်လာမိက ၎င်း၏ဖခင်မှတစ်ဆင့်ဆင့်ပြန်ခဲ့သည်မှာ "ကျွန်ုပ်အစ္စလာမ်သာသနာ သက်ဝင်ယုံကြည်သောအခါတွင် ကျွန်ုပ်မှာ ညီအစ်မနှစ်ဦးနှင့် လက်ထပ်ထိမ်းမြားပြီးဖြစ်ခဲ့သည်။ ကျွန်ုပ်သည် ယင်းကိစ္စနှင့်ပတ်သက်၍ တမန်တော်မြတ်ﷺသခင်ထံ သွားရောက်ခဲ့သည်။ ကိုယ်တော်မြတ်ﷺသခင်က "တစ်ဦးအားကွာရှင်းပြတ်စဲကာခွဲခွာ၍ အခြားတစ်ဦးကိုပေါင်းသင်းနေထိုင်ပါ"ဟူ၍မိန့်ကြားခဲ့သည်။ **(မစ်ရှ်ကတ်၊ စာ-၂၇၄)**

ဤဆင့်ပြန်ချက်များက ကျွန်ုပ်တို့ကိုပြောသည်မှာ အစ္စလာမ်သာသနာ သက်ဝင်ယုံကြည်ပြီးနောက် ဖခင်၏ဇနီးကို လပ်ထပ်ခြင်း (သို့) ညီအစ်မနှစ်ဦးအား တစ်ပြိုင်တည်း လက်ထပ်ထိမ်းမြားခြင်း တရားမဝင်သကဲ့သို့ အစ္စလာမ်သာသနာ မသက်ဝင်မယုံကြည်မီကပြုလုပ်ထားခဲ့သော အထက်ဖော်ပြပါကိစ္စများကို ဆက်လက်ပေါင်းသင်းနေထိုင်ခြင်းသည်လည်း တရားမဝင်ချေ။

اِنَّ اللّٰهَ كَانَ غَفُوْرًا رَّحِيْمًا (ဧကန်အမှန်အလ္လာဟ်အရှင်မြတ်သည် (ပြစ်မှုဒုစရိုက်တို့မှ) အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာသနားကြင်နာ ညှာတာတော်မူသောအရှင်၊ မဟာကရုဏာတော်ရှင်ဖြစ်တော်မူပေသတည်း) ဆိုလိုသည်မှာ အစ္စလာမ်သာသနာမထွန်းကာမီက လူအများ မှားယွင်းစွာပြုခဲ့သည့် မည်သည်ကိုမဆို ၎င်းတို့သည် အစ္စလာမ်သာသနာသက်ဝင်ယုံကြည်သည်နှင့် တစ်ပြိုင်နက် အလ္လာဟ်အရှင်မြတ်သည် ယင်းကိစ္စများအတွက် အပြစ်မယူခွင့်လွှတ်တော်မူလေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ဘက်သို့ကြီးမားသော ကရုဏာတော်နှင့် လှည့်တော်မူမည်ဆိုသည်မှာ မုချဧကန်ဖြစ်သည်။

وَالْمُحْصَنٰتُ مِنَ النِّسَآءِ **"၎င်းပြင် အမျိုးသမီးများအနက် ထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်သော (၀၊) လင်ရှိမိန်းများ သည်လည်း ထိမ်းမြားရန် တားမြစ်ပြီးဖြစ်ချေသည်။"** ဆိုလိုသည်မှာ ခင်ပွန်းရှိပြီးသော အမျိုးသမီးများအတွက်လည်း တရားမဝင်ပြုလုပ်ထားသည်။ အမျိုးသမီးတစ်ဦးသည် လူတစ်ဦးကို လက်ထပ်ထိမ်းမြားထားပါက မည်သူကမျှသူမကိုလက်ထပ်ထိမ်းမြားခြင်းမပြုနိုင်ပါ။ ဤသည်မှာ အမျိုးသမီးတစ်ဦးသည် တစ်ဦးထက်ပိုသော ခင်ပွန်းများနှင့် တစ်ပြိုင်နက်တည်း ပေါင်းသင်းခွင့်မရှိချေ။ ကျွန်ုပ်တို့အချိန်တွင်ရှိသော မသိနားမလည်ပြီး အာပေါင်အာရင်းသန်သန်ပြောသောလူများက အမျိုးသားများကိုဇနီးတစ်ဦးထက်ပိုမိုယူရန် ခွင့်ပြုခဲ့လျှင် အမျိုးသမီးများသည်လည်း ခင်ပွန်းတစ်ဦးထက်ပို၍ယူခွင့်ပေးသင့်သည်ဟု စတင်ပြောလာကြပါသည်။ ဤအနှစ်သာရမဲ့သော သင်္ကြန်အမြောက်ပစ်ခြင်းကား ဤမြင့်မြတ်သောအာယသ်တော်နှင့် လုံးဝဥဿုံ ဖီလာဆန့်ကျင်နေပေသည်။ ဤကဲ့သို့ မသိနားမလည်မှုကို ပေါ့ပေါ့တန်တန်ပြသောလူများ မမြင်မသိကြသည်မှာ ဇနီးအများယူခြင်းသည် ဘာသာတရားအားလုံးနှင့် လူမှုအသိုက်အဝန်းအားလုံးက သမိုင်းတွင်ခဲ့သော အတည်ပြုပြီးခဲ့သည့် ကောင်းချီးတစ်ရပ်ဖြစ်ခဲ့ကြောင်း ၎င်းတို့မသိ၍ဖြစ်သည်။ သို့သော်လည်း အမျိုးသမီးတစ်ဦးအတွက် တစ်ချိန်တည်းတွင်တစ်ဦးထက်ပိုသော ခင်ပွန်းရှိခြင်းသည် ၎င်းအတွက်ခေါင်းခဲစရာဖြစ်ရုံမျှမက အမျိုးသမီးတစ်ဦး၏ ခင်ပွန်းနှစ်ဦးဖြစ်သူတို့အတွက်လည်း ရှက်ဖွယ်လိလိဖြစ်သည်။ ဤဓမ္မတာအတိုင်းမဟုတ်သော စီစဉ်မှုသည် အရှက်ကင်းမဲ့သည်သာမက မွေးဖွားလာသည့်ကလေး၏ မျိုးရိုးစဉ်ဆက်ခိုင်မာမှုလည်း မရှိနိုင်ချေ။ အမျိုးသမီးတစ်ဦးသည် ယောကျ်ားတကာနှင့်ပေါင်းသင်းခဲ့ပါလျှင် မွေးလာသောကလေးသည် ပေါင်းသည့်သူထဲမှ မည်သူ့ကလေးဖြစ်ကြောင်းဆိုသည်ကို ခွဲခြားသည့်နည်းကားမရှိချေ။ ယင်းကဲ့သို့သော စက်ဆုတ်ရွံရှာဖွယ်အမှုကို လူသားထု၏ ဂုဏ်အသရေတင့်တယ်မှု အား လုံးဝဥဿုံရန်လိုသော အရှက်ကင်းမဲ့သူများကသာ ပြုလုပ်ကြသည်။ ထိုသူများသည် အသိအမှတ်ပြုပြီးသော မိဘနှင့်သားသမီးများ၏ အပြန်အလှန်ရပိုင်ခွင့်ဆိုသည့် လူသားများ၏ ကောင်းချီးမင်္ဂလာများကင်းမဲ့စေရန်အတွက် လုပ်ဆောင်ခြင်းကို ထောက်ခံအားပေးသူများသာဖြစ်သည်။ မျိုးရိုးစဉ်ဆက်ကိုသက်သေမပြနိုင်သောအခါ အချင်းချင်းရပိုင်ခွင့်များနှင့် ဝတ္တရားများကိုလုပ်ဆောင်ရန် တာဝန်ဘယ်သူပေါ်တင်ရှိမည်နည်း။

ဤကိစ္စကို သဘာဝတရားသက်သက်အရလည်းကောင်း၊ ဆင်ခြင်တုံတရားအရလည်းကောင်း၊ ကြည့်မည်ဆိုလျှင် အမျိုးသမီးတစ်ဦးအတွက် လင်သားအများအပြားရှိခြင်းသည် တရားမျှတဟန်မရှိချေ။

၁။ လက်ထပ်ထိမ်းမြားခြင်း၏ အခြေခံရည်ရွယ်ချက်မှာ သားသမီးထွန်းကားရေးဖြစ်သည်။ ဤရှုထောင့်မှ ကြည့်လျှင်အမျိုးသမီးအတော်များများသည် အမျိုးသားတစ်ဦးနှင့်ပဋိသန္ဓေရှိလာနိုင်သည်မှာ မုချဧကန်ဖြစ်သည်။

သို့သော်လည်း အမျိုးသမီးတစ်ဦးသည် ယောကျ်ားအများနှင့် ပဋိသန္ဓေရှိမလာနိုင်ချေ။ သူမပဋိသန္ဓေ ရှိလာလျှင်ပင် ယင်းသည်တစ်ဦးတည်းသောယောကျ်ားမှသာ ဖြစ်လိမ့်မည်။ အမျိုးသမီးတစ်ဦးတွင် လင်ယောကျ်ား အများရှိ၍ လင်သားအားလုံးက သားသမီးထွန်းကားနိုင်စွမ်းရှိသော်လည်း ယောကျ်ားတစ်ဦးကသာလျှင် ပဋိသန္ဓေတည်စေနိုင်၍ ကျန်သူများ၏ သားသမီးထွန်းကားနိုင်စွမ်းသည် လုံးဝဥဿုံအချည်းအနှီးဖြစ်ပေမည်။ ထိုသူများတို့သည် ၎င်းတို့၏ ကာမဆန္ဒပြေပျောက်စေသည်မှလွဲ၍ မည်သည်မျှအကျိုးသက်ရောက်ခြင်းမရှိဘဲ အဆုံးသတ်သွားမည်။

၂။ အတွေ့အကြုံများအရ အမျိုးသမီးတစ်ဦးသည် အမျိုးသားထက် ပို၍နူးညံ့သိမ်မွေ့သော အတန်းအစားတစ်ရပ်ဖြစ်သည်။ တစ်နှစ်တာကာလအတွင်း များသောအားဖြင့် ရင်းနှီးမှုအခြေခံ၍ သူမ၏ရုပ်ပိုင်းဆိုင်ရာကို အသုံးပြုနိုင်သော အခြေအနေမရှိပါ။ လင်ယောကျ်ားအတော်များများက သူမ၏ရုပ်ပိုင်းဆိုင်ရာကို အသုံးချမှုမဆိုထားဘိ၊ အိမ်ထောင်သည်ဘဝတွင် သူမသည် ခင်ပွန်းတစ်ဦး၏ ရုပိုင်ခွင့်များကိုပင် ဖြည့်ဆည်းရန် မဖြစ်နိုင်သည့် အခြေအနေနှင့် အချိန်အခါရှိသည်။

၃။ ရုပ်ပိုင်းဆိုင်ရာ အင်အားတွင် အမျိုးသမီးနှင့် အမျိုးသားနှိုင်းယှဉ်ကြည့်လျှင် အမျိုးသားသည် ပို၍ကျန်းမာသန်စွမ်းသောကြောင့် အကယ်၍ အမျိုးသား၏ ကာမစွမ်းအားသည် သာမန်ထက်ပြင်းထန်၍ အမျိုးသမီးတစ်ဦးတည်းနှင့် ကျေနပ်နှစ်သိမ့်မှုမရလျှင် ခွင့်ပြုထားသော နည်းလမ်းများနှင့်အညီဖြစ်ကာ အခွင့်အလမ်းသာခဲ့ပါက နှစ်ကြိမ်၊ သုံးကြိမ် လက်ထပ်ထိမ်းမြားနိုင်သည်။ အကယ်၍ဤသည်ကို ခွင့်မပြုခဲ့ပါလျှင် ၎င်းသည် သူ၏ဆန္ဒကို ခွင့်မပြုနိုင်သော နည်းလမ်းများဖြင့် ဖြေဖျောက်ပါလိမ့်မည်။ သို့ပြုလုပ်ပါလျှင် ၎င်းသည် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအား ပျက်စီးစေပါလိမ့်မည်။ သို့သော်လည်း အမျိုးသမီးတစ်ဦးကြောင့် ယင်းသို့ပျက်စီးစေမှုမျိုးမှာကား ဖြစ်ရန် အလွန်ခဲယဉ်းပေသည်။

အစ္စလာမ့်ရှရီအသ်တရားတော်တွင် ဤကိစ္စသည် အလွန်အရေးပါသောကြောင့် အမျိုးသမီးတစ်ဦးသည် တစ်စုံတစ်ဦးနှင့် လက်ထပ်ထိမ်းမြားပြီးလျှင် ဒုတိယအကြိမ် လက်ထပ်ထိမ်းမြားခြင်းကို တရားမဝင်ဟု ဥပဒေသတ်မှတ်ထားသည်သာမက ခင်ပွန်းက သူမအား ကွာရှင်းခြင်း (သို့) ခင်ပွန်းသေဆုံးခဲ့လျှင်ပင်သူမ၏ အစ်ဒတ် စောင့်ဆိုင်းချိန်မကုန်ဆုံးမီ နောက်ထပ်ထိမ်းမြားခြင်းကို မပြုလုပ်နိုင်ကြောင်း ဆက်လက်၍ ဥပဒေသတ်မှတ်ထားသည်။

**اِلَّا مَا مَلَكَتۡ اَيۡمَانُكُمۡ** "သို့ရာတွင် အကြင်မိန်းမများသည် အသင်တို့လက်တွင်းသို့ သုံ့ပန်းအဖြစ်နှင့် ရောက်ရှိလာကြသော်" ဤဝါကျသည် **وَالۡمُحۡصَنٰتُ مِنَ النِّسَآءِ** "၎င်းပြင် အမျိုးသမီးများအနက် ထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်သော(ဝါ) လင်ရှိမိန်းမများသည်လည်း" တွင် ပြဋ္ဌာန်းထားသောဥပဒေမှ ခြွင်းချက်တစ်ရပ်ဖြစ်သည်။

အသင်တို့လက်တွင်းသို့ သုံ့ပန်းအဖြစ်ရောက်ရှိလာကြသောအမျိုးသမီးမှအပ ခင်ပွန်းရှိပြီးသော အမျိုးသမီးတစ်ဦးကို အခြားအမျိုးသားတစ်ဦးက လက်ထပ်ထိမ်းမြားခွင့်မပြုဟု ဆိုလိုသည်။ ဒါရှလ်ဟရ်ဗ်ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် မုစ်လင်မ်များ ဂျီဟာဒ်စစ်ပွဲဖြစ်ပွားစဉ်ကဖြစ်ခဲ့သည်။ (ဒါရှလ်ဟရ်ဗ်ဆိုသည်မှာ မုစ်လင်မ်များနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုမထားသော မုစ်လင်မ်မဟုတ်သည့်တိုင်းပြည်ဖြစ်သည်) တရားသောစစ်ပွဲတစ်ပွဲ၏ ရလဒ်အဖြစ် အမျိုးသမီးသုံ့ပန်းများကို အစ္စလာမ့်တိုင်းပြည်သို့ ခေါ်ဆောင်လာခဲ့ဟန်

ရှိသည်။ အကယ်၍ သူမတို့၏ မုစ်လင်မ်မဟုတ်သော ခင်ပွန်းတို့သည် ၎င်းတို့မူရင်းမုစ်လင်မ်မဟုတ်သောနိုင်ငံတွင် ကျန်ရစ်ခဲ့ကာ သူမတို့သည် အစ္စလာမ်နိုင်ငံတွင်းသို့ဝင်သည်နှင့် ၎င်းတို့ထိမ်းမြားလက်ထပ်မှုသည်လည်း အဆုံးသတ်သွားလေ့ရှိသည်။ အကယ်၍ ထိုသူမသည် ခရစ်ယာန်တစ်ဦး၊ ဂျူးတစ်ဦး (သို့) အစ္စလာမ်သာသနာသို့ ဝင်ရောက်ခဲ့လျှင် မုစ်လင်မ်တစ်ဦးက ထိုသူမကို လက်ထပ်ထိမ်းမြားခြင်းသည် တရားဝင်သည်။ အလားတူပင် အကယ်၍ အစ္စလာမ်နိုင်ငံတော်အကြီးအကဲသည် စစ်ပွဲဆင်နွှဲသူတစ်ဦးအား စစ်အောင်နိုင်ပစ္စည်းဝေစုအဖြစ် သူမအားပေးခဲ့ပါလျှင် ၎င်းသည်သူမနှင့်အတူတကွ ပေါင်းသင်းနေထိုင်နိုင်ပါသည်။ သို့သော်လည်း အစ္စလာမ့်နိုင်ငံအတွင်းသို့ သူမဝင်ပြီးနောက် အနည်းဆုံးရာသီပန်းတစ်ကြိမ်ပွင့်ပြီးနောက်တွင်မှ ဤလက်ထပ်ထိမ်းမြား (သို့) ပေါင်းသင်းဆက်ဆံခြင်း ခွင့်ပြုပေသည်။ အကယ်၍ ယခင်ခင်ပွန်းနှင့် ပဋိသန္ဓေတည်ရှိခဲ့လျှင် သူမကလေးမွေးဖွားပြီးသည်အထိ စောင့်ဆိုင်းရန် လိုအပ်သည်။

**ဥပဒေသများ**

၁။ အကယ်၍ မယုံကြည်သွေဖည်သူအမျိုးသမီးတစ်ဦးသည် ဒါရူလ်ဟရ်ဗ်တွင် အစ္စလာမ့်သာသနာသက်ဝင်ယုံကြည်၍ သူမခင်ပွန်းသည် မယုံကြည်သွေဖည်သူအဖြစ် ဆက်လက်ဖြစ်နေလျှင် ရာသီပန်းသုံးကြိမ်ပွင့်ပြီးသည့်နှင့်တစ်ပြိုင်နက်တည်း ၎င်းတို့၏ လက်ထပ်ထိမ်းမြားခြင်းမှ သူမသည် ကင်းလွတ်သွားပါလိမ့်မည်။

၂။ အကယ်၍ မယုံကြည်သွေဖည်ငြင်းပယ်သူ အမျိုးသမီးတစ်ဦးသည် ဒါရူလ်အစ္စလာမ်နိုင်ငံတွင် အစ္စလာမ်သာသနာသက်ဝင်ယုံကြည်၍ သူမခင်ပွန်းမှာ မယုံကြည်သွေဖည်သူအဖြစ်ဆက်ရှိနေလျှင် ဒေသဆိုင်ရာအာဏာပိုင်တို့က ခင်ပွန်းကို အစ္စလာမ်သာသနာ ယုံကြည်လက်ခံလာစေရန် ဖျောင်းဖျသင့်ပေသည်။ အကယ်၍ သူက မုစ်လင်မ်ဖြစ်လာရန် ငြင်းဆိုခဲ့လျှင် မုစ်လင်မ်တရားသူကြီးက ၎င်းတို့နှစ်ဦးကြား ခွဲခြားခြင်းတစ်ရပ်ပြုလုပ်ဆောင်ရွက်သင့်သည်။ ဤခွဲခွာခြင်းကို ကွာရှင်းပြတ်စဲမှုအဖြစ် မှတ်ယူရမည်။ ကွာရှင်းပြတ်စဲပြီးနောက် အမျိုးသမီးသည် သူမ၏အစ်ဒတ်စောင့်ဆိုင်းကာလ ပြီးမြောက်ခဲ့လျှင် သူမစိတ်ကြိုက်မည်သည့်မုစ်လင်မ်ကိုမဆို လွတ်လပ်စွာ ရွေးချယ်လက်ထပ်ထိမ်းမြားနိုင်ပေသည်။

كِتٰبَ اللّٰهِ عَلَيْكُمْ "အသင်တို့အပေါ်၌ အလ္လာဟ်အရှင်မြတ်၏(အထံတော်မှ) သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သောအမိန့်တော်ဖြစ်သည်" ဆိုလိုသည်မှာ ထိမ်းမြားလက်ထပ်ရန် တရားမဝင်သည့်အမျိုးသမီးများကို ဖော်ထုတ်ပြသခြင်းသည် အလ္လာဟ်အရှင်စီရင်ပြဋ္ဌာန်းတော်မူခြင်းပင်ဖြစ်သည်။

وَاُحِلَّ لَكُمْ مَّاوَرَآءَ ذٰلِكُمْ "၎င်းပြင် ထို(ဖော်ပြပါ) မိန်းမတို့မှတစ်ပါး အခြားသောမိန်းများကို အသင်တို့အဖို့"ဟလာဟ်"ပြုလုပ်ထားတော်မူသည်" ဆိုလိုသည်မှာ ယခုအချိန်ထိဖော်ပြပြီးဖြစ်သော လက်ထပ်ရန် တရားမဝင်သည့် အမျိုးသမီးများမှအပ အခြားသောအမျိုးများတို့သည် အသင့်အတွက်တရားဝင်ပါသည်။ ပမာဆိုသော် ဦးလေး၏သမီး၊ အမေဘက်မှတော်စပ်သော အဒေါ်၏သမီး၊ အမေဘက်မှတော်စပ်သော ဦးလေး၏သမီး၊ လက်ထပ်ထိမ်းမြားရန်အတွက် အခြားသော တားမြစ်ချက်များမရှိပါက အဖေဘက်မှဖြစ်စေ၊ အမေဘက်မှဖြစ်စေ တော်စပ်သော ဦးလေးများတို့၏ ဇနီးများကို၊ ခင်ပွန်းများသေဆုံးသည်ဖြစ်စေ၊

ကွာရှင်းပြတ်စဲခဲ့လျှင်ဖြစ်စေ။ ထိုဦးလေးတို့၏ ဇနီးများနှင့် လက်ထပ်ထိမ်းမြားခြင်း တရားဝင်သည်။ မွေစားသားသေဆုံး၍ဖြစ်စေ၊ ၎င်းကကွာရှင်းပြတ်စဲသည် ဖြစ်စေ၊ ယင်းမွေးစားသား၏ဇနီးကို လက်ထပ်ထိမ်းမြားခြင်းတရားဝင်သည်။ ထို့အတူ တစ်စုံတစ်ဦး၏ ဇနီး သေဆုံးသွားပါက သေသူဇနီး၏အစ်မ (သို့) ညီမနှင့် လက်ထပ်ထိမ်းမြားနိုင်သည်။ ဤသည်တို့မှာ ရရှိနိုင်သမျှသောတရားဝင်ရွေးချယ်ပိုင်ခွင့်ရှိသည်တို့အနက်မှ အချို့ပင် ဖြစ်သည်။ ဤတရားဝင်ဖြစ်မှုများသည်-**مَاوَرَآءَ ذٰلِكُمْ**"၎င်းပြင် ထိုဖော်ပြပါ မိန်းမတို့မှတစ်ပါး" အာယသ်တော်၏ ယေဘုယျအဆိုအမိန့်များအောက်တွင် အကျုံးဝင်သွားပါသည်။

**ဥပဒေ**

လေးဦးထက်ပိုသော ဇနီးများကို တစ်ပြိုင်နက်တည်း ပေါင်းသင်းနေထိုင်ခြင်း ခွင့်မပြုပါ။ ဤအကြောင်းအရာနှင့် ပတ်သက်သော အကျယ်ဖွင့်ဆိုချက် အသေးစိတ်များကို စူရတ်အလ်နိစား၏အစတွင် ဖော်ပြခဲ့ပြီးဖြစ်ပေသည်။ လက်ရှိအာယသ်တော်များတို့၏ စာသားများထဲတွင် ဤအကြောင်းအရာနှင့်ပတ်သက်၍ မည်သည့်ရည်ညွှန်းချက်မျှ မပါဝင်ခြင်းနှင့် **مَاوَرَآءَ ذٰلِكُمْ** "ထို(ဖော်ပြပါ) မိန်းမတို့မှတစ်ပါး" ဟူသည့်အဆိုအမိန့်က ယေဘုယျကျခြင်းတို့ကြောင့် အမျိုးသမီးများနှင့်အကန့်အသတ်မရှိ ထိမ်းမြားခွင့်ပြုသည်ဟူ၍ တစ်စုံတစ်ဦးက နားလည်မှု မလွဲမှားသင့်ပါ။ လက်ထပ်ထိမ်းမြားရန် တရားမဝင်ဖြစ်သည့် အမျိုးသမီးများအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်က ကြေညာထားသည့်အပြင် ဟဒီးစ်တော်များစွာတို့တွင်လည်း ဖော်ပြထားသည်။ ယင်းဟဒီးဆ်တော်များ၏ အညွှန်းကိုကုရ်အာန်ကျမ်းတော်မြတ်အာယသ်တော်များ၏ အကျယ်ဖွင့်ဆိုချက်တွင် ကျွန်ုပ်တို့ထောက်ပြခဲ့ပြီးဖြစ်သည်။

**اَنْ تَبْتَغُوْا بِاَمْوَالِكُمْ** "အသင်တို့သည် (ထိုမိန်းမများကို)မိမိတို့၏ဥစ္စာပစ္စည်းများဖြင့် ထိမ်းမြားလက်ထပ်ယူသောသူများအဖြစ်နှင့် ရှာဖွေတောင်းဆို(ထိမ်းမြား)ကြကုန်" ဆိုလိုသည်မှာ လက်ထပ်ရန် တရားမဝင်သော အမျိုးသမီးများအကြောင်းကို ရေးသားဖော်ပြထားခြင်းသည် အသင်၏ဥစ္စာပစ္စည်းများတို့ဖြင့် တရားဝင်သော အမျိုးသမီးများကိုရှာဖွေကာ ၎င်းတို့နှင့် လက်ထပ်ထိမ်းမြားရန် အသင့်အားဖျော်ဖြထားသည်။ အဟ်ကာမုလ်ကုရ်အာန်ကျမ်းထဲတွင် အဗူဗကရ်အလ်ဂျဆ်ဇွားဆ် ( [ylI.A]mHR) ကအာယသ်တော်၏ ဤအပိုင်းက ကျွန်ုပ်တို့အား အကြောင်းနှစ်ခုကို ပြောပြပါသည်။ ပထမအနေဖြင့် လက်ထပ်ထိမ်းမြားခြင်းသည် မဟရ်ပေးခြင်းမရှိပါက အကောင်အထည်မဖော်နိုင်ပါ။ (အကယ်၍ လက်ထပ်မည့်သူနှစ်ဦးက မဟရ်ငွေမပါဘဲနှင့် လက်ထပ်ပါမည်ဟုသဘောတူဆုံးဖြတ်ခဲ့သည့်တိုင် မဟရ်ငွေသည်လိုအပ်ပါသည်။ အသေးစိတ်များကို ဖေကာဟ်စာအုပ်များတွင် ကြည့်ရှုနိုင်ပါသည်။) ဒုတိယအနေဖြင့်မဟရ်သည် 'မာလ်' (ကြွယ်ဝချမ်းသာမှု၊ ဥစ္စာဓန၊ ပိုင်ဆိုင်မှုစသည့်) အရာများဖြစ်ရပါမည်။ ဟန္နဖီမသဟဗ်အရ မဟရ်သည် တစ်ဆယ် 'ဒိရ်ဟမ်' ထက်မနည်းသင့်ပါ။ တစ်'ဒိရ်ဟမ်' သည် ထရိုင်ချိန်တွယ်နည်းအရ ၃ ⅓× ၁၇ ဂရိန်ရှိငွေသားအချိန်နှင့် ညီမျှသည်။

**مُحْصِنِيْنَ غَيْرَ مُسَا فِحِيْنَ** "ကာမဂုဏ်လိုက်စားသူများအဖြစ်နှင့် မဟုတ်ဘဲ ထိန်းသိမ်းစောင့်ရှောက်သောသူများအဖြစ်နှင့်"ဟူသည်က ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် မိမိပိုင်ဆိုင်သောပစ္စည်းဥစ္စာများဖြင့် တရားဝင်ခွင့်ပြုထားသော အမျိုးသမီးများကိုရှာဖွေသင့်ပါသည်။ ၎င်းပြင် အမျိုးသမီးကို ရှာဖွေခြင်းသည် ကာယ်ရွှေ့ရှိခြင်းနှင့်

ဖြူစင်ခြင်း ကိုကာကွယ်ထိန်းသိမ်းရန်အတွက် ဖြစ်သည်ဆိုသည်ကို ရှင်းလင်းစွာ နားလည်ရပါမည်။ ယင်းသည်သာ လက်ထပ် ထိမ်းမြားခြင်း၏ အရေးကြီးဆုံးရည်ရွယ်ချက်ပင်ဖြစ်ပါသည်။ လက်ထပ်ထိမ်းမြားခြင်းဖြင့်သာလျှင် ဆန္ဒပြုထားသော ရည်မှန်းချက်ကိုရယူသင့်ပါသည်။ ငွေကြေးများ သုံးစွဲကာ "ဇနာ"အပြစ်ကျူးလွန်ရန်အတွက် မိန်းမများ မရှာဖွေရ ဆိုသည်မှာ သေချာပါသည်။ ဤသည်က ကျွန်ုပ်တို့အားပြောပြသည်မှာ ဇနာပြစ်မှုကျူးလွန်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်ပစ္စည်းဥစ္စာများသုံးစွဲသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ သို့ရာတွင် ထိုကဲ့သို့ သုံးစွဲခြင်းများသည် အစဉ်သဖြင့် တရားမဝင်ပါ။ ထိုကဲ့သို့သုံးစွဲခြင်းဖြင့် အမျိုးသမီးတစ်ဦးထံမှရရှိသော အကျိုးကျေးဇူးတို့သည်လည်း မည်သည့်အခါမျှ တရားမဝင်ထိ။ ဤအာယသ်ဆော်ထဲတွင် ú–y^h_f_s'MKr–y^G–"ကာမဂုဏ်လိုက်စားသူအဖြစ်မဟုတ်ဘဲ"ကိုထည့်ထားခြင်းသည် ရည်ရွယ်ချက်နှစ်ခုကြောင့် ထည့်ထားခြင်းဖြစ်သည်။ ထင်ရှားသည်မှာ အထက်ပါအဆိုအမိန့်က ဇနာပြစ်မှုကျူးလွန်ခြင်းကို တားမြစ်ထားသကဲ့သို့ ဇနာပြုခြင်း၏ ရည်ရွယ်ချက်သည် ကာမဂုဏ်၏အာရုံနောက်လိုက်ခြင်းမှအပ မည်သည်မျှဖြစ်မလာဘဲ တစ်စုံတစ်ဦး၏ သုတ်ရည် (မနီ)ကို တရားမဝင်သော ပျော်ရွှင်မှုအတွက် ဖြုန်းတီးခြင်းသာဖြစ်ကြောင်း ထောက်ပြပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ဆောင်ရွက်ခြင်းသည် သားသမီးများရရှိရန်နှင့်လူသားမျိုးနွယ်ကို ထိန်းသိမ်းရန်ဟူသော ရည်ရွယ်ချက်မရှိသောကြောင့်ဖြစ်သည်။ မုစ်လင်မ်တို့သည် ကာယိန္ဒြေစောင့်စည်းပြီးနေရပါမည်။ အသုံးပြုသင့်သည့် နေရာဖြစ်သော လူသားမျိုးနွယ်ပြန့်ပွားရေးတွင်သာ မိမိတို့၏ စွမ်းအားကိုအသုံးပြုသင့်ပါသည်။ နည်းလမ်းမှာ လက်ထပ်ထိမ်းမြားထားသော ဇနီးသည်တစ်ဦးနှင့်ဖြစ်စေ၊ မိမိလက်ဝယ်ရှိ ကျွန်မိန်းမနှင့်ဖြစ်စေ နေထိုင်သင့်ပါသည်။

**فَمَا اسْتَمْتَعْتُمْ بِهٖ مِنْهُنَّ فَاٰتُوْهُنَّ اُجُوْرَهُنَّ فَرِيْضَةً** "ပြီးနောက် အသင်တို့သည်ထိုမိန်းမများနှင့် (ဇနီးမောင်နှံအဖြစ်နှင့်) အကျိုးကျေးဇူးခံစားခဲ့ကြသည်ရှိသော် အသင်တို့သည် ထိုမိန်းမများအား သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သောမဟရ်ကိုပေးကြကုန်" ဤအာယသ်တော်ပါ "အကျိုးကျေးဇူးခံစားခြင်း"ဟူသည်ကာမစပ်ယှက်ခြင်းကိုရည်ညွှန်းပါသည်။ ဆိုလိုသည်မှာ သူမနှင့် အတူနေထိုင်အကျိုးကျေးဇူးခံစားရခြင်းရှိမှသာလျှင် ခင်ပွန်းသည် မဟရ်အပြည့်အဝပေးခြင်းပြုရပါမည်။ အကယ်၍ လက်ထပ်ထိမ်းမြားပြီးသည့်နောက် ဇနီးသည် ခင်ပွန်းနှင့် လာရောက်မနေထိုင်ပါက ခင်ပွန်းသည် အကျိုးကျေးဇူးခံစားရရှိခြင်း အခွင့်အလမ်းမရှိ ဖြစ်သွားသည်။ ၎င်းနောက်ခင်ပွန်းသည် ထို"အကျိုးကျေးဇူး ခံစားရရှိခြင်း" မရှိမီ သူမအားကွာရှင်းပြတ်စဲခဲ့ပါက သူပေးရမည့် မဟရ်ငွေသည် တစ်ဝက်သာဖြစ်သွားပါသည်။ ဤ "အကျိုးကျေးဇူးခံစားရခြင်း"ကို အချို့သော အမျိုးသမီးထံမှ ရရှိပြီးသည်နှင့်တစ်ပြိုင်နက် မည်သည့်အကြောင်း ကြောင့်ဖြစ်စေ သူမအား မဟရ်ပေးခြင်းသည် မပြုမနေရ တာဝန်တစ်ရပ်ဖြစ်သွားသည့် အခြေအနေမျိုးကို အထူးသတိပြုစေရန် အာယသ်တော်တွင် ဖော်ပြထားသည်။ ထိုကဲ့သို့ လုပ်ဆောင်ရန် ချို့ယွင်းခြင်းသည် မုစ်လင်မ် ဥပဒေပါစကားလုံးများ၏ ဆိုလိုရင်းနှင့် ဆန့်ကျင်ပါသည်။ ထို့ပြင် စကြဝဠာလုံးဆိုင်ရာလူသားတို့၏ ဂုဏ်သိက္ခာအရ လက်ထပ်ထိမ်းမြားခြင်း၏ရည်ရွယ်ချက်ကို ရရှိပြီးသည်နှင့် သူမအား ပေးရမည်တို့ကို ပေးအပ်ခြင်းတွင်ပျက်ကွက်ခြင်း၊ နှောင့်နှေးခြင်းတို့ မဖြစ်သင့်ပါ။ သို့သော်လည်းရှရီအသ်က အမျိုးသမီးကို ထပ်ဆင့်ရပိုင်ခွင့် တစ်ခုပေးအပ်ထားသည်မှာ အကယ်၍ မဟရ်သည် လက်ငင်း "မုအဂ်ျလ်" ပေးသော်လည်း သူမ၏လက်ဝယ် မရောက်မချင်း ခင်ပွန်းသည်ထံသို့ သွားရန်ငြင်းဆိုခွင့် ရှိသည်။

## "မုသ်အဟ်၏ တရားမဝင်ခြင်း"

atmtSA (အစ်သင်မ်သအ်)ဟူသော အရဗီစကားလုံး၏ရင်းမြစ်သည် ~ ... ~ • (မင်မ်-သာ-အိုင်န်) ဖြစ်သည်။ ဆိုလိုရင်းမှာ အကျိုးအမြတ်ရရှိစေရန်ဖြစ်သည်။ လူတစ်ဦးထံမှဖြစ်စေ၊ ဥစ္စာဓနမှဖြစ်စေ ရပိုင်ခွင့်မှ ဖြစ်စေ စသည်တို့မှရသည့်မည်သို့သောအကျိုးအမြတ်ကိုမဆို အိစ်သင်မ်သအ်ဟုခေါ်သည်။ အရဗီသဒ္ဒါအရ မည်သည့်စကားလုံး၏ အရင်းအမြစ်ကို ပင်ဖြစ်စေ (ဒ် ~ ...) "စင်နှ်နှင့်သာ" ဟူသော အက္ခရာကို တပ်လိုက်လျှင် ရှာဖွေစုဆောင်းခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ဤဝေါဟာရ၏ ရှင်းလင်းချက်အပေါ် အခြေခံ၍ ကုရ်အာန်ကျမ်းတော်မြတ်၏ ရိုးရှင်းသောဖော်ပြချက်ဖြစ်သည့် اِسْتَمْتَعْتُمْ (အသင်တို့သည် အကျိုးကျေးဇူးခံစားခဲ့ကြလေသည်)ကို အစောပိုင်းက လေးစားကြည်ညိုဖွယ် အကြီးအကဲတို့အဆိုအရ မုစ်လင်မ်အုမ္မသ်ထုတစ်ခုလုံးသည် ကျွန်ုပ်တို့အစောပိုင်းတင်ပြထားသကဲ့သို့ပင် နားလည် သဘောပေါက်ကြပါသည်။ သို့သော်လည်း ဂိုဏ်းတစ်ဂိုဏ်း (ရှီအာများ) ကပြောသည်မှာ ယင်း၏ဆိုလိုရင်းမှာ သမရိုးကျ "မုသ်အဟ်" ကိုဆိုလိုသည်။ ထိုဂိုဏ်းသားများက ဤအာယသ်တော်အရ မုသ်အဟ်သည် ဟလာဟ် တရားဝင်သည်ဟု သက်သေထူကြသည်။ ထို့ကြောင့် ဤနေရာ၌ မုသ်အဟ်နှင့် ၎င်း၏တရားမဝင်အကြောင်း အတိုချုပ်ဖော်ပြခြင်းသည် ဆီလျော်ပါလိမ့်မည်။

အစ္စလာမ်သာသနာ မထွန်းကားမီက ခေတ်စားခဲ့သော "မုသ်အဟ်"ဆိုသည်မှာ အမျိုးသားနှင့် အမျိုးသမီးတို့သည် ကာမစက်ယှက်ရန်အတွက် ယာယီသဘောတူညီချက်ဖြစ်သည်။ ယင်းဆက်ဆံမှုတွင် အမျိုးသားက အမျိုးသမီးကို အချိန်ကာလ ကန့်သတ်ချက်နှင့် ငွေကြေး(သို့) ပစ္စည်းဥစ္စာပေးရန်ဟူသော အချက်ပါဝင်သည်။ ဤသို့သောသဘောတူညီချက်တွင် လက်ထပ်ထိမ်းမြားခြင်း၏ မပြုမနေရတာဝန်များနှင့် အမြဲတမ်းရပိုင်ခွင့်များ ဖြစ်ပေါ်စေရန် မည်သည့်အခါတွင်မျှ မရည်ရွယ်ခဲ့၍ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့က ရှင်းလင်းစွာတားမြစ်ပိတ်ပင်ထားသည်။ သို့သော်လည်း ဤသီးခြားဂိုဏ်းကမူ ယင်းသည် ဟလာဟ်(ခွင့်ပြုသည်)ဟု အခိုင်အမာပြောဆိုလျက်ရှိပေသည်။ ဤအာယသ်တော်ထဲတွင် သုံးနှုန်းထာသည့်-اِسْتَمْتَعْتُمْ ဟူသော စကားလုံးဆင်းသက်လာသောအရင်းအမြစ်မှပင် မုသ်အဟ်ဟူသော စကားလုံး ဆင်းသက်လာသည်ဟုအကြောင်းပြ၍ ၎င်း၏ပြောဆိုချက်ကို ရံဖန်ရံခါ အထောက်အကူ ရယူကြသည်။ ဤငြင်းဆိုချက်ကား အလွန်ပင်အလှမ်းဝေးလှသည်မှာ ထင်ရှားပေသည်။ ထို့ပြင်လက်ရှိအာယသ်တော်ကပင်လျှင် ယင်းသည် မမှန်ကန်ကြောင်းငြင်းဆိုရန် လုံလောက်ပေသည်။ အဘယ်ကြောင့်ဆိုသော်-اِسْتَمْتَعْتُمْ ဟူသော စကားလုံးရှေ့တွင် ကုရ်အာန်ကျမ်းတော်မြတ်သည် مُحْصِنِيْنَ غَيْرَ مُسَا فِحِيْنَ မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့် ကာမဂုဏ်လိုက်စားသူများအဖြစ်နှင့်မဟုတ်ဘဲ ထိန်းသိမ်းစောင့်ရှောက်သူများအဖြစ်နှင့်) ဟူသော စကားလုံးသုံးနှုန်းထားပါသည်။ ယင်းက ရှင်းလင်းစွာသက်သေပြသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကအတည်ပြုထားခဲ့သည့် ကာမဆက်ဆံမှုသည် လက်ထပ်ထိမ်းမြား၍ အမြဲတမ်းထိန်းသိမ်းစောင့်ရှောက်သော ကာယိန္ဒြေစောင့်ထိန်းခြင်းကို ရည်ရွယ်ထားခြင်းဖြစ်ပြီး ယာယီအချိန်ကာလတစ်ခုအတွက် ကာမဆန္ဒဖြေဖျောက်ရန်(ကာလရေကြည် ထုတ်ပစ်ခြင်း)ပေါ် အခြေခံသည့်ဆက်ဆံရေးတစ်ရပ်မဟုတ်ချေ။

"မုသ်အဟ်"သဘောတူညီချက်သည် ဤအယူအဆနှင့် မည်သို့မျှမသက်ဆိုင်ကြောင်းမှာ ထင်ရှားပေသည်။ ယင်းသည် အမြဲတမ်းရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ မဖန်တီးသကဲ့သို့ မိသားစုတစ်စုထူထောင်ခြင်းလည်း မဖြစ်စေပါ။ သားသမီးရရှိ၍ ကာယိန္ဒြေစောင့်ထိန်းရန်ဟူသည်ကိုလည်း မရည်ရွယ်ချေ။ ယင်းသည် တိုတောင်းသော ကာလတစ်ရပ်အတွက် ကာမဆန္ဒဖြေပျောက်ရန်မှလွဲ၍အခြားဘာမျှ မဟုတ်ပါ။

ရလဒ်အဖြစ် မုသ်အဟ်ပြုခံရသော အမျိုးသမီးမှာ ၎င်း၏လက်ငင်းအကျိုးကိုသာ အလေးထားသည့် အဖော်ထံမှ ဇနီးသည်တစ်ဦး၏ အဆင့်အတန်းလည်းမရ။ အမွေဆက်ခံခွင့်လည်း မရချေ။ ဤအတွက်ကြောင့် အဖော်၏ အသိအမှတ်ပြုဇနီးများစာရင်းတွင်လည်း မပါဝင်နိုင်ပါ။ အကြောင်းကား အလွန်ရှင်းပေသည်။ ရည်ရွယ်ချက်မှာ ကာမဆန္ဒဖြေဖျောက်ရန်မှအပ အခြားမရှိ၍ဖြစ်သည်။ ယင်းသဘောထားသည် အမျိုးသားနှင့် အမျိုးသမီးကြားယာယီအချိန်တိုကာမဆက်ဆံမှု အဖော်သစ်များရှာဖွေစေပါသည်။ ဤအတိုင်းသာဆိုလျှင် "မုသ်ဟဟ်"(ယာယီထိမ်းမြားခြင်းဟုညွှန်းထားသည့်)သည် ကာယိန္ဒြေစောင့်ထိန်းခြင်းနှင့် ဖြူစင်ခြင်းတို့၏ အာမခံပေးသူများအဖြစ် မည်သည့်အခါမျှ မမှတ်ယူနိုင်ပါ။ ယင်းနှင့် ဆန့်ကျင်၍ ၎င်း၏ရန်သူများပင် ဖြစ်သွားပေမည်။

ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏- **مُحْصِنِيْنَ غَيْرَ مُسَا فِحِيْنَ**စကားလုံးများသည် လက်ရှိအာယသ်တော်ကဆိုလိုသော မုသ်ဟဟ်၏ဖြစ်နိုင်ခြေများကို ပယ်ချထားရန်လိုသည်ထက်ပင်ပိုနေပါသည်။

ဟိဒါယဟ်ကျမ်းရှင်က အိမာမ်မာလိစ်ကို အကြောင်းပြု၍ "မုသ်အဟ်"သည် ခွင့်ပြုသည်ဟုဆိုသည်။ ဤအကြောင်းပြချက်မှာ လုံးဝဥဿံ မမှန်ကန်ချေ။ ဟိဒါယဟ်ကျမ်း အကျယ်ဖွင့်သူများနှင့် အခြားလေးစားကြည်ညိုဖွယ်ဆရာသခင်များက ဟိဒါယဟ်ကျမ်းရှင်သည် ဤအယူအဆအား အိမာမ်မာလိစ်ကို အမှုမဲ့အမှတ်မဲ့ရည်ညွှန်းခြင်းပင်ဖြစ်သည်။

သို့သော်လည်း စိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ်﴿ﷺ﴾သခင်သည် ၎င်း၏နောက်ဆုံးပိုင်းနှစ်ထိအောင် "မုသ်အဟ်"တရားဝင်သည်ဟု ယုံကြည်ခဲ့ကြောင်း အချို့သူများက ငြင်းခုန်သော်လည်း ယင်းသို့လုံးဝမဟုတ်ကြချေ။ အိမာမ် သိရ်မိဇီက "မုသ်အဟ်"နှင့် ပတ်သက်သော ကဏ္ဍတစ်ခုရေးသားရာတွင် ဟဒီးဆ်တော်နှစ်ပုဒ်ကို တင်ပြခဲ့သည်။ ပထမဟဒီးဆ်တော်မှာ အောက်ပါအတိုင်းဖြစ်သည်-

**عن على بن أبى طالب أن النبى صلى اللّه عليه وسلم نهى عن متعة النساء وعن لحوم الحمرا لأهلية زمن خيبر**

အလီအိဗ်နိအဗီတွာလစ်ဗ်﴿ﷺ﴾သခင် ဆင့်ပြန်ချက်အရ ခိုင်ဗရ်စစ်ပွဲအတွင်းတွင် တမန်တော်မြတ်﴿ﷺ﴾သခင်က အမျိုးသမီးများနှင့် "မုသ်အဟ်" ပြုလုပ်ခြင်းနှင့် အိမ်တွင်မွေးမြူထားသော မြည်းများ၏အသားကိုစားခြင်းတို့အား တားမြစ်ခဲ့ပါသည်။ ဤဟဒီးဆ်တော်သည် မုစ်လင်မ်ကျမ်းနှင့် ဗုခါရီကျမ်းတို့တွင်လည်း ပါရှိပါသည်။ အိမာမ်အလ်သိရ်မိဇီတင်ပြခဲ့သော ဒုတိယဟဒီးဆ်တော်မှာ အောက်ပါအတိုင်းဖြစ်သည်-

**عن ابن عباس قال: إنما كانت المتعة فى أول الإ سلام حتى إذا نزلت الا ية الا على ازواجهم اوما ملكت ايمانهم ؕ قال ابن عباس: فكل فرج سو اهما فهو حرام**

အိဗ်နိအဗ်ဗားစ်က﴿ﷺ﴾သခင်ကပြောကြားခဲ့သည်မှာ 'မုသ်အဟ်'- **: اِلَّا عَلٰٓى اَزْوَاجِهِمْ اَوْمَا مَلَكَتْ اَيْمَانُهُمْ** သည် အာယသ်တော်မကျရောက်မီအလျင် အစွမ်းလမ်သာသနာ၏ အစောပိုင်းအခါနိကသာလျင် ရှိခဲ့ပါသည်။ (တရားဝင်လက်ထပ်ထိမ်းမြားထားသော ဇနီးသည်နှင့်တစ်စုံတစ်ဦး၏ လက်အောက်ရှိပိုင်ဆိုင်ကျေးကျွန်)တို့၏ဖုံးအုပ်ထားသော ကာယိန္ဒြေတို့မှအပ အခြားသူတို့၏ဖုံးအုပ်ထားသော ကာယိန္ဒြေတို့သည် တရားမဝင်ပါ။ သို့ပင်ငြားလည်း စိုက်ယိဒနာ အိဗ်နိအဗ္ဘားစ်﴿ﷺ﴾သခင်သည် မုသ်အဟ်ကို အခိုန်အတိုင်းအတာတစ်ခုအထိ ခွင့်ပြုကြောင်း မှတ်ယူခဲ့သည်ဟု ပြောကြားနိုင်ပါသည်။ သိရိမိဇီကျမ်းပါ ဖော်ပြချက်များက ရည်ညွှန်းသည်မှာ စိုက်ယိဒနာ အိဗ်နိအဗ္ဘားစ်﴿ﷺ﴾သခင်သည် စိုက်ယိဒနာ အလီ﴿ﷺ﴾သခင်၏ ကောင်းမြတ်သော အကြံပြုချက် **(ဆွဟီးမုစ်လင်မ်၊ အတွဲ-၁၊စာ-၄၅၂)** အရနှင့် အာယသ်တော် **اِلَّا عَلٰٓى اَزْوَاجِهِمْ اَوْمَا مَلَكَتْ اَيْمَانُهُمْ** (၇၀း၃၀)၏ ဆုံးမပဲ့ပြင်စွမ်းအားကြောင့် သူ၏အစောပိုင်းရပ်တည်မှုကိုပြောင်းလဲခဲ့ပါသည်။

အလွန်ထူးဆန်းသည်မှာ "မုသ်အဟ်"တရားဝင်ခြင်းကို ယုံကြည်သောဂိုဏ်းသည် စိုက်ယိဒနာ အလီ﴿ﷺ﴾သခင်အား ချစ်ခင်မြတ်နိုးရိုသေပါသည်ဟုအခိုင်အမာပြောဆိုကြသော်လည်း ဤကိစ္စနှင့်ပတ်သက်လာသော အခါ စိုက်ယိဒနာအလီ﴿ﷺ﴾သခင်ကဲ့သို့သောပုဂ္ဂိုလ်ကြီးကိုပင် ဆန့်ကျင်ကြသည်။

ကာသွီအယဒ်မှတစ်ဆင့် ရူဟုလ်မအာနီကျမ်းရှင်က တင်ပြထားသည်မှာ "မုသ်အဟ်"သည် ခိုင်ဗရ်စစ်ပွဲမဖြစ်မီကသာလျင် တရားဝင်ခဲ့ပါသည်။ သို့သော် စစ်ဖြစ်နေစဉ်အခိုန်၌ ယင်းကိုတရားမဝင်ဟု သတ်မှတ်ခဲ့ပါသည်။ မက္ကာဟ်မြို့တော်အောင်နိုင်သောနေ့၌ ယင်းကိုတရားဝင်ကြောင်း ကြေညာခဲ့ပါသည်။ သို့သော်လည်း ထိုကဲ့သို့ကြေညာပြီး သုံးရက်မြောက်သောနေ့ "မုသ်အဟ်"တရားမဝင်ခြင်းသည် ရာသက်ပန်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

ကျွန်ုပ်တို့ဂရုပြုထိုက်သော နောက်ထပ်အချက်တစ်ချက်လည်းရှိပါသေးသည်။ ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားခဲ့သည်မှာ-

وَالَّذِيْنَ هُمْ لِفُرُوْجِهِمْ حَافِظُوْنَ اِلَّا عَلٰٓى اَزْوَاجِهِمْ اَوْمَا مَلَكَتْ اَيْمَانُهُمْ فَاِنَّهُمْ غَيْرُ مَلُوْمِيْنَ.

**ထိုမှတပါးထို("မုအ်မင်န်"သက်ဝင်ယုံကြည်)သူတို့သည် (ကာမေသုမိစ္ဆာစာရကံကျူးလွန်ခြင်းမှ) မိမိတို့၏အရှက်အင်္ဂါများကို စောင့်စည်းထိန်းသိမ်းသူများလည်း ဖြစ်ကြကုန်၏။ မိမိတို့၏ဇနီးကြင်ယာများသို့မဟုတ် မိမိတို့၏လက်ယာလက်များကပိုင်ဆိုင်သော (တရားဝင်) ကျွန်မိန်းမများမှတပါး၊ အကြောင်းမူကား(မိမိတို့ ဇနီးကြင်ယာများနှင့်သော်လည်းကောင်း၊ တရားဝင်ကျွန်မိန်းမများနှင့်သော်လည်းကောင်း၊ သံဝါသပြုခြင်းအားဖြင့်) ထိုသူတို့သည် ပြစ်တင်ခြင်းခံထိုက်သူများမဟုတ်သောကြောင့်ပင်။(၂၃း၅-၆)**

အထက်ပါအဆိုအမိန့်သည် အလွန်ရှင်းလင်းပြတ်သားသောကြောင့် အခြားသောအဓိပ္ပာယ်ဖွင့်ဆိုခြင်းမျိုးကို လက်မခံပါ။ ယင်းက "မုသ်အဟ်"၏ တရားမဝင်ကြောင်းကို အလွန်ထင်ရှားစွာ ပြဆိုပါသည်။ အချို့သော ရှားပါးပြီး ခိုင်လုံသော ရေးသားချက်ဖြင့် အလေးအနက်မဟုတ်သော ထောက်ခံချက်များကို ရှာဖွေရယူခြင်းသည် မှန်ကန်မှုမရှိပါ။

ကျွန်ုပ်တို့၏ အစောပိုင်းတင်ပြချက်များကို ခြုံငုံသုံးသပ်ရလျှင် ကုရ်အာန်ကျမ်းတော်မြတ်ပါ-**اِسۡتَمۡتَعۡتُمۡ** "အသင်တို့သည် အကျိုးကျေးဇူးခံခဲ့ကြလေသည်"က သမရိုးကျ"မုသ်အဟ်"ကို ရည်ညွှန်းသည်ဟူသော အယူအဆကို ထောက်ခံရန်အတွက် လုံးဝဥဿုံ သက်သေအထောက်အထားမရှိပေ။ ယင်းသည် ဖြစ်နိုင်ချေမရှိဆုံးသောအရာဖြစ်ပြီး အထက်ဖော်ပြပါ-**اِلَّا عَلٰٓى اَزۡوَاجِهِمۡ اَوۡ مَا مَلَكَتۡ اَيۡمَانُهُمۡ** တွင်ပါဝင်သော အကြွင်းမဲ့ သက်သေပြချက်ကိုမည်သည့်အခါမျှ မကျော်လွှားနိုင်ပါ။ အထူးသဖြင့် အစ္စလာမ့်ဓမ္မသတ်၏ ကောင်းမွန်စွာဆုံဖြတ်ပြီးသောမူကို ထောက်ရှု၍ စကားအခြေအတင်ပြောဆိုချက်နှစ်ရပ် (သို့) အဓိပ္ပာယ်ဖွင့်ဆိုချက်နှစ်ခုတို့တွင် ဖြစ်နိုင်ချေတန်းတူရည်တူရှိနေခဲ့ပါလျှင် တားမြစ်ခြင်းကိုထောက်ခံသည့်တစ်ခုကိုသာ ဦးစားပေးရပါမည်။

**ဥပဒေ**

'မုသ်အဟ်' ကဲ့သို့ပင် အချိန်အကန့်အသတ်ဖြင့် ထိမ်းမြားလက်ထပ်ခြင်းသည်လည်း တရားမဝင်ပါ။ အချိန်အကန့်အသတ်ဟူသော အစ္စလာမ်ဓမ္မသတ်အသုံးအနှုန်းအရ"နိကာဟ်အလ်မုဝါကတ်"သည် သတ်မှတ်ထားသောအချိန်တစ်ခုအတွက်သာ လက်ထပ်ထိမ်းမြားခြင်းဖြစ်သည်။ ယင်းတို့နှစ်ခု၏ကွာခြားချက်မှာ'မုသ်အဟ်' ကို ဆောင်ရွက်ရာတွင် 'မုသ်အဟ်' ၏ စကားလုံးများကို အသုံးပြု၍ဆောင်ရွက်ပါသည်။ အချိန်အကန့်အသတ်ဖြင့် လက်ထပ်ထိမ်းမြားခြင်းကိုပြုလုပ်ရာတွင် သမရိုးကျမင်္ဂလာဆောင်နှင်းမှုအတွက် အသုံးပြုနေကြသောစကားလုံးများကို အသုံးပြု၍ဆောင်ရွက်ပါသည်။

**وَلَا جُنَاحَ عَلَيۡكُمۡ فِيۡمَا تَرٰضَيۡتُمۡ بِهٖ مِنۡۢ بَعۡدِ الۡفَرِيۡضَةِ** (သို့ရာတွင် အကယ်၍အသင်တို့သည် (ယင်းကဲ့သို့) မဟရ်ကိုသတ်မှတ်ပြဋ္ဌာန်းပြီးနောက်တွင် (ထိုမဟရ်ကိုတိုးခြင်း၊ လျှော့ခြင်းလုံးဝခွင့်လွှတ်ခြင်း၌) မိမိတို့အချင်းချင်း သဘောတူကျေနပ်ကြပါမူ အသင်တို့အပေါ်၌ အပြစ်တစ်စုံတစ်ရာမရှိချေ။) အာယသ်တော်ထဲတွင်ပါရှိသော ဤဝါကျ၏ ဆိုလိုရင်းမှာ အချင်းချင်းသဘောတူ သတ်မှတ် ထားသည့် မဟရ်(သို့)ခန်းဝင်ကြေးသည် အမှန်စင်စစ် အကြွင်းမဲ့မဟုတ်၊ အတိအကျမဟုတ်၊ တိုးခြင်း၊ လျှော့ခြင်းလုပ်မရသော အရာများမဟုတ်ချေ။ ဆန့်ကျင်ဖက်အဖြစ် ခင်ပွန်းတစ်ဦးသည် ၎င်း၏သတ်မှတ်ထားသော မဟရ်ပေါ်တွင် ဆန္ဒအလျှောက် တိုးပေးနိုင်သည်။ ထို့ပြင် ဇနီးကလည်း အကယ်၍ဆန္ဒရှိခဲ့လျှင် စိတ်ပါလက်ပါပျော်ရွှင်စွာဖြင့် သူမ၏မဟရ်တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း စွန့်လွှတ်နိုင်ပေသည်။ စကားလုံးများ၏ယေဘုယျကျမှုသည် အခြေအနေတစ်ရပ်ကိုလည်း ခွင့်ပြုစေပါသည်။ ယင်းမှာ မူလက ခန်းဝင်ကြေးတစ်ရပ်ပေးဆောင်မှုကို ချက်ချင်းလက်ငင်းပေးရမည်ဖြစ်သော်လည်း သူမစိတ်ပါလက်ပါသဘောတူညီခဲ့လျှင် ရွှေ့ဆိုင်းပေးစေနိုင်သည်။

**اِنَّ اللّٰهَ كَانَ عَلِيۡمًا حَكِيۡمًا** "အလ္လာဟ်အရှင်မြတ်သည် မုချဧကန်အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ကျိုးကြောင်းဆင်ခြင်တုန်တရားနှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။" အာယသ်တော်အဆုံး၌ အထက်ပါဝါကျထည့်ထားခြင်းက ကျွန်ုပ်တို့အားအကြောင်းအရာနှစ်ခုကို မိန့်ကြားနေပါသည်။ ပထမဦးစွာ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုသိရှိသဘောပေါက်နားလည်တော်မူသော အရှင်ဖြစ်သည်။ ထိုအရှင်မြတ်၏ အမိန့်ပညတ်ချက်များသည် လိုက်နာဆောင်ရွက်ရန်သာဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ဤအမိန့်ပညတ်ချက်နှင့်ဆန့်ကျင်လုပ်ဆောင်ပါက တရားသူကြီးတစ်ဦး၊ အုပ်စိုးသူတစ်ဦး

(သို့) အခြားမည်သည့် လူသားတစ်ဦးကမျှ ယင်းအကြောင်းမသိရှိသည့်တိုင် အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်မြင့်မားတော်မူမှုကြောင့် ဤအကြောင်းနှင့် အခြားခပ်သိမ်းသောအကြောင်းအရာများကို သိရှိတော်မူလေသည်။ အလ္လာဟ်အရှင်မြတ်အား တစ်စုံတစ်ဦးသည် မည်သည့်အခြေအနေမျိုးတွင်မဆို ကြောက်ရွံ့ရိုသေနေရမည်။ ဒုတိယအနေဖြင့် အလ္လာဟ်အရှင်မြတ်ပို့ချခဲ့သော အမိန့်ပညတ်ချက်များသည် ဟစ်က်မတ် (သို့) အသိဉာဏ်အပေါ် အားလုံးအခြေခံထားသည်။ အနှစ်သာရမှာ (အလ္လာဟ်အရှင်မြတ်၏ဉာဏ်တော်) ဟစ်က်မသ်ကို လူတိုင်းနားလည်သဘောပေါက်ရန် သိမ်မွေ့နက်နဲပေသည်။ မည်သည်တို့သည် တရားဝင်၍ မည်သည်တို့မှာ တရားမဝင်ဟူသည်နှင့် ပတ်သက်သော အမိန့်ပညတ်ချက်များ ဤအာယသ်တော်ထဲတွင် ပါဝင်သည်။ ယင်းအမိန့်ပညတ်ချက်များ၏ အကြောင်းခံ၊ ဆင်ခြင်တုံတရား (သို့) တရားမျှတမှုတို့ကို တစ်စုံတစ်ဦး သိရှိနားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ ယင်းကိုယုံကြည်၍လက်ခံကာ လိုက်နာကြရမည်။ ဤသည်တို့မှာ အကြောင်းခံ၊ ဆင်ခြင်တုံတရား (သို့) တရားမျှတမှုတို့၏ ကျိုးကြောင်းညီညွတ်မှုကို ကျွန်ုပ်တို့ မသိသည်မှာ အကြောင်းမဟုတ်။ အရာခပ်သိမ်းကို သိရှိနားလည်၍ အလုံးစုံအကြွင်းမဲ့သိရှိတော်မူသော ကျိုးကြောင်းဆင်ခြင်ဉာဏ်နှင့် ပြည့်စုံတော်မူသော ဖန်ဆင်းရှင်နှင့် အမိန့်ပညတ်ချက်တို့၏ အရှင်သခင် အလ္လာဟ်အရှင်မြတ်သည်ကား ထိုအကြောင်းအရာခပ်သိမ်းကို မုချသိရှိတော်မူလေသည်။

အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များအကြောင်းရင်းကို မြေကြွက်များကဲ့သို့ ရှာဖွေနေသော ပညာတတ်အသိဉာဏ်မဲ့ မိုက်မဲသူများသည် မုစ်လင်မ်နှင့် မုစ်လင်မ်မဟုတ်သူ လူအသိုင်းအဝိုင်းတွင် ထင်ရှားမြင်သာစွာ အနှံ့အပြားရှိနေကြသည်။ ၎င်းတို့ဘာမျှမတွေ့သောအခါ အမိန့်ပညတ်ချက်များကို လိုက်နာရန် လိုအပ်ချက်ကိုလမ်းလွဲသည့်အနေနှင့် အလ္လာဟ်အရှင်မြတ်၏မိန့်ကြားချက်သည် ခေတ်သစ်ကာလ၏ လိုအပ်ချက်နှင့် ဖီလာဆန့်ကျင်ဖြစ်ရုံမက ပိုဆိုးသည်မှာမသင့်လျော်ချေဟု ပြောကြားကြသည်။ အလ္လာဟ်အရှင်မြတ် ထိုအဖြစ်မျိုးမှ ကျွန်ုပ်တို့အား ထိန်းသိမ်းကာကွယ်တော်မူပါ။ အာယသ်တော်ပါစကားလုံးများသည် ထိုကဲ့သို့သောသူများအား တစ်သက်လုံးနှုတ်ဆိတ်သွားစေရန် မိန့်ကြားသည်မှာ “အသင်တို့သည် အသိဉာဏ်မဲ့သူများဖြစ်ကြသည်။ သင်တို့၏ ဖန်ဆင်းရှင်သည် အရာခပ်သိမ်းကိုသိရှိတော်မူသည်။ အသင်တို့သည်သိနားလည်မှု၌ ချို့တဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကိုကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသည်။ အသင်တို့၏ ဆင်ခြင်တုံတရားကို အလ္လာဟ်အရှင်မြတ်၏ သစ္စာတရားမှတ်ကျောက်အဖြစ် မပြုလုပ်ပါနှင့်။”

V V V V V V V

အာယသ် (၂၅)

وَمَنْ لَّمْ يَسْتَطِعْ مِنْكُمْ
طَوْلًا اَنْ يَّنْكِحَ الْمُحْصَنٰتِ الْمُؤْمِنٰتِ فَمِنْ مَّا مَلَكَتْ اَيْمَانُكُمْ مِّنْ
فَتَيٰتِكُمُ الْمُؤْمِنٰتِ ؕ وَاللّٰهُ اَعْلَمُ بِاِيْمَانِكُمْ ؕ بَعْضُكُمْ مِّنْ بَعْضٍ ۚ
فَانْكِحُوْهُنَّ بِاِذْنِ اَهْلِهِنَّ وَاٰتُوْهُنَّ اُجُوْرَهُنَّ بِالْمَعْرُوْفِ مُحْصَنٰتٍ
غَيْرَ مُسٰفِحٰتٍ وَّلَا مُتَّخِذٰتِ اَخْدَانٍ ۚ فَاِذَاۤ اُحْصِنَّ فَاِنْ اَتَيْنَ
بِفَاحِشَةٍ فَعَلَيْهِنَّ نِصْفُ مَا عَلَى الْمُحْصَنٰتِ مِنَ الْعَذَابِ ؕ ذٰلِكَ
لِمَنْ خَشِيَ الْعَنَتَ مِنْكُمْ ؕ وَاَنْ تَصْبِرُوْا خَيْرٌ لَّكُمْ ؕ وَاللّٰهُ غَفُوْرٌ
رَّحِيْمٌ ﴿۲۵﴾

သို့ရာတွင် အသင်တို့အနက်မှ အကြင်သူ သည် လွတ်လပ်သော မုအ်မင်န် အမျိုးသမီးများနှင့် ထိမ်းမြားနိုင်ရန် (ကုံလုံကြွယ်ဝ) တတ်စွမ်းနိုင်ခြင်း မရှိခဲ့ပါလျှင် ထိုသို့သောသူသည် အသင်တို့ပိုင်ဆိုင်ကြသော မုအ်မင်န်ကျွန်မများ(နှင့် ထိမ်းမြားနိုင်ပေသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကို အသိဆုံးပင် ဖြစ်တော်မူပေသည်။ အသင်တို့သည် (အာဒမ်နှင့်ဟောင်ဝါမှ ဆင်းသက်လာသော) သားချင်းများပင်ဖြစ်ကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းကျွန်မတို့အား ပိုင်ဆိုင်ကြသော သခင်များ၏ ခွင့်ပြုချက်ဖြင့် ထိုကျွန်မများနှင့် ထိမ်းမြား လက်ထပ်ကြကုန်။ ၎င်းပြင် အသင်တို့သည် တရားဥပဒေနှင့် အညီ ထိုကျွန်မများအား ၎င်းတို့၏ မဟ်ရ်များကို ပေးကြကုန်၊ ထိုကျွန်မများသည် (ထိမ်းမြားခြင်းအားဖြင့် မိမိတို့၏)ဂုဏ်ရည်ကို ထိန်းသိမ်းစောင့်ရှောက်သူများ ဖြစ်ကြရပေမည်။ ကာမေသုမိစ္ဆာစာရကို ကျူးလွန်သူများ မဖြစ်ကြရပေ။ တိတ်တိတ်ပုံး မိတ်ဖွဲ့(လင်မြွောင်ထား) သူများလည်း မဖြစ်ကြရပေ။ ထို့ပြင် ထိုကျွန်မများသည် ဇနီးမိန်းမများအဖြစ် ထိမ်းမြားခြင်းခံရပြီးနောက် အကယ်၍ ကာမေသုမိစ္ဆာစာရကို ကျူးလွန်ခဲ့ကြသော် ထိုကျွန်မတို့အပေါ်၌ (စီရင် အပ်သော အပြစ်ဒဏ်သည်) လွတ်လပ်သော အမျိုး သမီးများအပေါ်၌ စီရင်အပ်သော အပြစ်ဒဏ်၏ ထက်ဝက်ဖြစ်သည်။ ဤ(ကဲ့သို့ ကျွန်မများနှင့် ထိမ်းမြားရန်) အမိန့်တော်သည်

**အသင်တို့အနက်မှ (ထိမ်းမြားခြင်း မပြုဘဲ နေခဲ့သည်ရှိသော်) ကာမသုမိစ္ဆာစာရ (ကျူးလွန်မိမည်)ကို စိုးရိမ်သောသူတို့အဖို့ဖြစ်၏။ ၎င်းပြင်အသင်တို့သည် (မိမိတို့၏ စိတ်များကို ချုပ်တည်း၍ ကျွန်မများနှင့်မထိမ်းမြားဘဲ) သည်းခံကြပါမူ အသင်တို့အဖို့ပို၍ပင်ကောင်းပေသည်။ အမှန်သော်ကား အလ္လာဟ်အသ္ဍင်မြတ်သည် (ပြစ်မှုများမှ) အလွန်တရာ ချမ်းသာခွင့်ပေးတော်မူသော အသ္ဍင်၊ အလွန်တရာ သနားညှာတာ ကရုဏာ ထားတော်မူသောအသ္ဍင် ဖြစ်တော်မူပေသတည်း။ (၄း၂၅)**

ဤအာယသ်တော်သည် အစောပိုင်းကဖော်ပြခဲ့သော လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များ၏ အဆက်ပင်ဖြစ်သည်။ ယခုမူရင်းစာသားသည် အစ္စလာမ့်ရှရီအသ်၏ စည်းကမ်းချက်အဖြစ် သတ်မှတ်မှုများအရ လက်ထပ်ပိုင်ခွင့်ရှိသော လက်အောက်ခံကျေးကျွန်များနှင့် လက်ထပ်ထိမ်းမြားရန် ရွေးချယ်မှုအကြောင်းဖြစ်သည်။ ထို့နောက် ၎င်းတို့နှင့် ပတ်သက်သည့် "ဟားဒ်" ပြစ်ဒဏ်ပေးမှုအမိန့်ပညတ်ချက်ကိုလည်း ထည့်သွင်းထားသည်။ လွတ်လပ်သောအမျိုးသား၊ အမျိုးသမီးတို့၏ အဆင့်အတန်းနှင့် လက်အောက်ခံကျေးကျွန်တို့၏ အဆင့်အတန်းတို့မှာ ကွဲပြားခြားနားသောကြောင့်လည်းဖြစ်သည်။ အသေးစိတ် ရှင်းလင်းချက်မှာ အောက်တွင်ဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုခြင်း

ကုရ်အာန်ကျမ်းတော်မြတ်စာသားပါ "%o^P< (တွောင်လ်)ဟူသောစကားလုံးသည် စွမ်းအားတတ်စွမ်းနိုင်မှုနှင့် နည်းလမ်းများကို ဖော်ကျူးသည်။ အာယသ်တော်က တစ်စုံတစ်ဦးသည် လွတ်လပ်သော မုစ်လင်မ်အမျိုးသမီးတစ်ဦးကို လက်ထပ်ထိမ်းမြားရန် မတတ်စွမ်းနိုင်ပါက လက်အောက်ခံမုစ်လင်မ်ကျေးကျွန်အမျိုးသမီးတစ်ဦးကို လက်ထပ်ထိမ်းမြားနိုင်သည်ဟု ဆိုလိုသည်။ ဤသည်က တစ်စုံတစ်ဦးသည် အဖြစ်နိုင်ဆုံး လွတ်လပ်သည့်အမျိုးသမီးတစ်ဦးကိုသာ လက်ထပ်ထိမ်းမြားသင့်သည်ဟု ရှင်းရှင်းလင်းလင်းရည်ညွှန်းသည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် လက်အောက်ခံကျေးကျွန်အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားရန်ဖြစ်လာပါက မုစ်လင်မ် လက်အောက်ခံကျေးကျွန်အမျိုးသမီးတစ်ဦးကိုသာ ရွာဖွေသင့်ပေသည်။

ဤသည်မှာ အိမာမ်အဗူဟနီဖာဟ်၏ ခမ္မသက်ဆိုင်ရာရပ်တည်မှုပင်ဖြစ်သည်။ ၎င်းအဆိုအရ လွတ်လပ်သော အမျိုးသမီးတစ်ဦးအား လက်ထပ်ရန် စွမ်းအားနှင့် နည်းလမ်းများရှိပါလျှက် အထူးသဖြင့် ကျမ်းရပုဂ္ဂိုလ်များ (ကျူးနှင့်ခရစ်ယာန်)ထဲမှ လက်အောက်ခံကျေးကျွန်အမျိုးသမီးကို လက်ထပ်ထိမ်းမြားခြင်းသည် 'မကရူဟ်' မနှစ်မြို့ဖွယ်ရာဖြစ်သည်။

အိမာမ်ရှာဖိအီနှင့် အခြားအိမာမ်များအဆိုအရ လွတ်လပ်သောအမျိုးသမီးတစ်ဦးကို လက်ထပ်ထိမ်းမြားရန်စွမ်းအားနှင့် နည်းလမ်းများရှိပါလျှက် လက်အောက်ခံကျေးကျွန်အမျိုးသမီးတစ်ဦးကို လက်ထပ်ထိမ်းမြား

ခြင်းသည် 'ဟရာမ်' တရားမဝင်ချေ။ ထို့ပြင် ကျမ်းရပုဂ္ဂိုလ်များထဲမှ လက်အောက်ခံကျေးကျွန်အမျိုးသမီးတစ်ဦးကို လက်ထပ်ထိမ်းမြားခြင်းအား လုံးဝခွင့်မပြုချေ။

အချုပ်မှာ မည်သည့်အခြေအနေမျိုးတွင်မဆို လွတ်လပ်သောအမျိုးသားတစ်ဦးအတွက် လက်အောက်ခံကျေးကျွန်အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခြင်းကို ရှောင်ကြဉ်ခြင်းသည် သာလွန်ကောင်းမွန်ပေသည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် ရွေးချယ်ရန်အခွင့်အလမ်းနည်းလျှင် လက်အောက်ခံမုစ်လင်မ်ကျေးကျွန်အမျိုးသမီးနှင့် လက်ထပ်ထိမ်းမြားခြင်းသည် သာပိုကောင်းမွန်ပေသည်။ အကြောင်းမှာ လက်အောက်ခံကျေးကျွန်အမျိုးသမီးနှင့် ထွန်းကားလာသောသားသမီးသည် လက်အောက်ခံ ကျေးကျွန်အမျိုးသမီးပိုင်ရှင်၏ လက်အောက် အလိုအလျောက်ပင် ရောက်သွားစေသောကြောင့်ဖြစ်သည်။ ထို့ပြင် မိခင်၏ စံနမူနာကိုယူကာ မုစ်လင်မ်မဟုတ်သော ကျေးကျွန်အမျိုးသမီးမှ မွေးဖွားလာသည့် သားသမီးသည် အစ္စလာမ်မှအပ အခြားဘာသာတစ်ခုကို ရွေးချယ်သွားနိုင်သည့် အန္တရာယ်လည်းရှိပေသည်။ ထို့ကြောင့် သားသမီးများအား အနှောင်အဖွဲ့မှကယ်တင်ရန်နှင့် ၎င်းတို့မုစ်လင်မ်အဖြစ်ရှိနေစေရန် မိခင်မှာလွတ်လပ်သူဖြစ်ရန် အရေးကြီးလိုအပ်သည်။ အကယ်၍ သူမသည် လက်အောက်ခံကျေးကျွန်အမျိုးသမီးအဖြစ်ရှိနေပါက အနည်းဆုံးသူမ မုစ်လင်မ်ဖြစ်ရပေမည်။ သို့မှသာ ကလေး၏အဓိမာန်ယုံကြည်ချက် ဆက်လက်ရှင်သန်ရန် စိတ်ချစေရပါမည်။ ဤအကြောင်းကြောင့် ကြည်ညိုလေးစားဖွယ်ပညာရှင်များက မိန့်ကြားသည်မှာ ကျမ်းရပုဂ္ဂိုလ်များထဲမှ လွတ်လပ်သောအမျိုးသမီးကို လက်ထပ်ထိမ်းမြားသည်မှာ မှန်ကန်သော်လည်း ရှောင်ရှားလျှင် သာပို၍ကောင်းပေသည်။ ထို့နောက် ဤသို့သောအချိန်အခါမျိုး၌ သို့ရှောင်ရှားခြင်း၏ လေးနက်မှုမှာ ထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်နှင့် ဂျူးအမျိုးသမီးများသည် မုစ်လင်မ်အမျိုးသားကို လက်ထပ်ထိမ်းမြားခြင်းမှာ များသောအားဖြင့် အမျိုးသားကိုလည်းကောင်း၊ သားသမီးများကိုလည်းကောင်း ၎င်းတို့ဘာသာထဲသို့ သွတ်သွင်းရန်ဖြစ်ကြသည်။

ဤမျှ အတည်ပြုပြဋ္ဌာန်းထားခဲ့၍ ကျမ်းတော်မြတ်ကမိန့်ကြားသည်မှာ-း **وَاللّٰهُ اَعْلَمُ بِاِيْمَانِكُمْ بَعْضُكُمْ مِّنْۢ بَعْضٍ** ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ယုံကြည်မှုကို အသိဆုံးပင်ဖြစ်တော်မူသည်။ အီမာန်(သို့)ယုံကြည်မှုသည် ဦးစားပေးစံသက်မှတ်ချက်ဖြစ်သည်။ လက်အောက်ခံကျေးကျွန်အမျိုးသမီး(သို့)အမျိုးသားတို့သည် ယုံကြည်မှုတွင် လွတ်လပ်သောအမျိုးသားနှင့်အမျိုးသမီးတို့ထက် သာလွန်ကောင်းသာလွန်နိုင်ပေသည်။ ထို့ကြောင့် မုစ်လင်မ် လက်အောက်ခံကျေးကျွန်အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားရန်ရွေးချယ်ခြင်းကို လုံးဝစက်ဆုတ်ဖွယ်ကောင်း သည်ဟု မမှတ်ယူသင့်ချေ။ စင်စစ်သူမသည် အစ္စလာမ်ဘာသာ သက်ဝင်ယုံကြည်သည်ဆိုလျှင်ပင် တန်ဖိုးထားသင့်ပေသည်။ အာယသ်အဆုံးတွင် ဖော်ပြထားသော- **بَعْضُكُمْ مِّنْۢ بَعْضٍ** (အသင်တို့သည် သားချင်းများပင်ဖြစ်ကြပေသည်)က ဆိုလိုသည်မှာ လွတ်လပ်သည်ဖြစ်စေ လက်အောက်ခံကျေးကျွန်ဖြစ်စေ လူသား တို့သည် တစ်မျိုးတစ်စားထဲမှ ဖြစ်ပေါ်လာကြ၍ အာဒမ်﴿عليه السلام﴾သခင်၏ သားသမီးများဖြစ်ကြကာ အားလုံးသည် အသက်တစ်ချောင်းတည်းမှ ပေါက်ဖွားလာသူများဖြစ်ကြသည်။ လူတစ်ဦးက တစ်ဦးထက်သာလွန်ခြင်းသည် အီမာန်ယုံကြည်ချက်နှင့် သတ်ဂ်ဝါ (ဖန်ဆင်းရှင်အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ၍ ဖြောင့်မတ်မှန်ကန်စွာလုပ်ဆောင်ခြင်း) ပေါ်တည်မှီသည်။ အလ်သဖ်စ်ရ်မဇ်ဟရီ၏အဆိုအရ ဤဝါကျနှစ်ခုသည် လက်အောက်ခံကျေးကျွန်အမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားခြင်းကို

လက်ခံအကျွမ်းဝင်စေရန်ဖြစ်၍ ယင်းသို့လက်ထပ် ထိမ်းမြားခြင်း၏ မနှစ်မြို့ဖွယ်သဘောထားကို ဖယ်ရှားရန် ဖြစ်သည်။

فَانْكِحُوْهُنَّ بِاِذْنِ اَهْلِهِنَّ وَاٰتُوْهُنَّ اُجُوْرَهُنَّ بِالْمَعْرُوْفِ

**"သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းကျွန်မတို့အား ပိုင်ဆိုင်ကြသောသခင်များ၏ ခွင့်ပြုချက်ဖြင့် ထိုကျွန်မ များကို ထိမ်းမြားလက်ထပ်ကြကုန်။ ၎င်းပြင် အသင်တို့သည် တရားဥပဒေနှင့်အညီ ထိုကျွန်မ များအား ၎င်းတို့၏ မဟရ်များကိုပေးကြကုန်။"** ကဆိုလိုသည်မှာ အကယ်၍ သခင်များကခွင့်ပြုရန်ငြင်းဆိုပါက ကျွန်မနှင့်လက်ထပ်ထိမ်းမြားမှုသည် မှန်ကန်လိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဤဥပဒေသည် ကျေးကျွန်နှင့်လည်း သက်ဆိုင်ပါသည်။ သူသည်လည်း သူ၏သခင်က ခွင့်မပြုခဲ့သော် လက်ထပ်ထိမ်းမြားခြင်း မပြုပိုင်ပေ။

ထို့နောက် မိန့်ကြားထားသည်မှာ ကျေးကျွန်မကို လက်ထပ်သောလူတစ်ဦးသည် သူမ၏မဟရ်ငွေကို ဂုဏ်ရှိရှိ ရိုးရိုးသားနှင့် ချက်ခြင်းလက်ငင်းပေးရမည်။ ဆိုလိုသည်မှာ ဝေ့လည်ကြောင်ပတ်လုပ်ခြင်းနှင့် နှောင့်နှေးကြန့်ကြာခြင်းမရှိစေရပါ။ ၎င်းပြင်ပေးရမည့်မဟရ်ကို ပြည့်ဝစွာပေးရပါမည်။ သူမသည် ကျေးကျွန်တစ်ဦးဖြစ်ခြင်းကြောင့် ဤမဟရ်ပေးခြင်းကိစ္စတွင် မည်သို့မျှပြဿနာများ မဖြစ်စေရပါ။ ဤမဟရ်ကိစ္စနှင့်ပတ်သက်၍ အိမာမ်မာလိက်၏ ဓမ္မသတ်ဆိုင်ရာ ရပ်တည်မှုမှာ မဟရ်ငွေသည် ကျေးကျွန်မ၏ရပိုင်ခွင့်ဖြစ်သည်။ အခြားသော အိမာမ်များ၏အဆိုမှာ ကျေးကျွန်မ၏ မဟရ်ငွေကို သူမ၏သခင်သည်သာလျှင် ပိုင်ဆိုင်သူဖြစ်ပါလိမ့်မည်။

مُحْصَنٰتٍ غَيْرَ مُسٰفِحٰتٍ وَّلَا مُتَّخِذٰتِ اَخْدَانٍ "ထိုကျွန်မများသည် (ထိမ်းမြားခြင်းအားဖြင့် မိမိတို့၏) ဂုဏ်ရည်ကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ကြရပေမည်။ ကာမေသုမိစ္ဆာစာရကို ကျူးလွန်သူများမဖြစ်ကြရပေ။" ဆိုလိုသည်မှာ မုစ်လင်မ်ကျွန်မတစ်ယောက်သည် ]h'f_s'M<"မုစာဖိဟသ်"ခေါ် ကာမေသုမိစ္ဆာစာရကို ပြောင်တင်းစွာကျူးလွန်သူ(သို့)တိတ်တိတ်ပုံးလင်မြောင်ထားခြင်း အခြေအနေမျိုးတွင် သူမနှင့်လက်ထပ်ထိမ်းမြားခြင်း မပြုလုပ်ရပါ။ ကာယိန္ဒြေစောင့်ထိန်း သူအနေနှင့်သာ လက်ထပ်ထိမ်းမြားရပေမည်။ မှတ်သားသင့်သည်မှာ စာသားသည် ဤနေရာ၌ လက်ထပ်ထိမ်း မြားရန်၊ ကာယိန္ဒြေကို စောင့်ထိန်းသောကျေးကျွန်မကို ရှာဖွေရန်ရည်ညွှန်းသော်လည်း ကာမေသုမိစ္ဆာစာရကို ကျူးလွန်သော လွတ်လပ်သည့်အမျိုးသမီးနှင့် လက်ထပ်ထိမ်းမြားခြင်းကို ရှောင်ကြဉ်ခြင်းသည်လည်း သာလွန်ကောင်းမွန်ကြောင်းရည်ညွှန်းပါသည်။

အကယ်၍ တစ်စုံတစ်ဦးသည် လွတ်လပ်သောအမျိုးသမီးတစ်ဦးကို ထိမ်းမြားရန် မတတ်စွမ်းနိုင်ပါက သူ့အတွက် ဒုတိယရွေးချယ်မှုသည် ကျေးကျွန်မတစ်ယောက်နှင့် လက်ထပ်ရန်ဟူ၍ ဤအာယသ်တော်က ကြေညာခဲ့ပါသည်။ ဤသည်ကလည်း [i-tM< "မုသ်အဟ်" ကို ခွင့်မပြုကြောင်း သက်သေပြပါသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍"မုသ်အဟ်"ခွင့်ပြုခဲ့ပါလျှင် လွတ်လပ်သောအမျိုးသမီးတစ်ဦးအား လက်ထပ်ရန် မတတ်စွမ်း နိုင်သောလူတစ်ဦးသည် အလွယ်ဆုံးအစားထိုး နည်းလမ်းဖြစ်သော "မုသ်အဟ်"ကို ပြုလုပ်ပါလိမ့်မည်။ ယင်းကဲ့သို့ "မုသ်အဟ်" ပြုလုပ်ခြင်းဖြင့် သူ၏ကာမဆန္ဒကို ပြည့်ဝရုံသာမက ပုံမှန်လက်ထပ် ထိမ်းမြားမှုတွင် အသုံးပြုသောငွေကြေးကုန်ကျမှုထက် "မုသ်အဟ်"ပြုခြင်းက ကုန်ကျမှုနည်းပါးပါသည်။ ("မုသ်အဟ်"နှင့်

ပတ်သက်သော အသေးစိတ် အချက်အလက်များကို အာယသ်(၂၄)အကျယ်ဖွင့်ဆိုချက်တွင် ကြည့်ရှုနိုင်သည်။) ဆက်လက်၍ مُحْصَنٰتٍ غَيْرَ مُسٰفِحٰتٍ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများက ကျေးကျွန်မတို့၏ အကျင့်စရိုက်ကို ဖော်ထုတ်ပြသသည်။ ထိမ်းမြားခြင်းအားဖြင့် ကာအိန္ဒြေကိုစောင့်ထိန်းသူများဖြစ်ရပြီး ကာမေသုမိစ္ဆာရကျူးလွန်သူများ မဖြစ်ရပါ။ (“မုသ်အဟ်” နှင့်ပတ်သက်လျှင်အားလုံး ˆaɛS “ဆဖဟ်” သာလျှင် ဖြစ်ပြီး ပြည့်တန်ဆာအဆင့်ရှိ၍ ယိုဖိတ်ခြင်းကလွဲ၍ မည်သည်မျှမဟုတ်ချေ။) တိုတောင်းသောအချိန်အတွင်းတွင် အမျိုးသမီးတစ်ဦးသည်များစွာသောအမျိုးသားများနှင့်ဆက်ဆံခြင်းခံရပါသည်။ အကယ်၍များ သားသမီးထွန်းကားခဲ့ပါလျှင် မည်သူ၏သားသမီးဖြစ်သည်ကို တိတိကျကျခိုင်ခိုင်လုံလုံ သတ်မှတ်၍မရပါ။ မျိုးဆက်ပြန့်ပွာခြင်းဟူသော အကျိုးကျေးဇူးသည် အချည်းအနှီး ဖြစ်သွားပါသည်။ ထိုကဲ့သို့သောသူများ ပိုင်ဆိုင်သောလူသား အရင်းမြစ်ထိန်းသိမ်းမှုသည် ကာမစိတ်ရိုင်းနောက်သို့ လိုက်ခြင်းအားဖြင့် (မြောင်းထဲသွန်ပစ်သကဲ့သို့) အချည်းအနှီးဖြစ်သွားပါသည်။

فَاِذَآ اُحْصِنَّ فَاِنْ اَتَيْنَ بِفَا حِشَةٍ فَعَلَيْهِنَّ نِصْفُ مَا عَلَى الْمُحْصَنٰتِ مِنَ الْعَذَابِ.

ဆိုလိုသည် ကျွန်အမျိုးသမီးများတို့သည် လက်ထပ်ထိမ်းမြားနှောင်ဖွဲ့ပြီးနောက် သူမတို့၏ ကာယိန္ဒြေကို ထိန်းသိမ်းရန်အတွက် လုံခြုံစိတ်ချရသည့် အကာအကွယ်ရရှိခဲ့ပြီးနောက် ရှက်ဖွယ်ကောင်းသော ဇေနာပြစ်မှုကို ကျူးလွန်ပါက လွတ်လပ်သောအမျိုးသမီးအတွက် သတ်မှတ်ထားသောပြစ်ဒဏ်တစ်ဝက်ကို ကျခံစေရပါမည်။ ဤသည်က လက်ထပ်မထိမ်းမြားရသော လွတ်လပ်သည့်အမျိုးသမီးတစ်ဦးအတွက် ပြဋ္ဌာန်းထားသောအပြစ်ဒဏ်ကို ရည်ညွှန်းပါသည်။ အကယ်၍ လက်ထပ်ထိမ်းမြားခြင်း မပြုရသေးသော လွတ်လပ်သည့် အမျိုးသားနှင့် အမျိုးသမီးတို့သည် ဇေနာပြစ်မှုကို ကျူးလွန်မိပါက အပြစ်ဒဏ်မှာ စူရတ်အလ်နူရ် (၂၄း၂)တွင်ရှိသည့်အတိုင်း ကြိမ် ဒဏ်(၁၀၀)ဒဏ်ခတ်ခြင်းပင် ဖြစ်ပါသည်။ လက်ထပ်ထိမ်းမြားပြီးဖြစ်သော အမျိုးသားနှင့် အမျိုးသမီးတို့သည် ဇေနာပြစ်မှုကျူးလွန်ပါက ပြစ်ဒဏ်သည် ɯJR “ရဂျမ်” ခေါ် သေသည်အထိ ခဲဖြင့်ပစ်ပေါက်ခြင်းပင်ဖြစ်သည်။ ဤသီးခြားပြစ်ဒဏ်သည် တစ်ဝက်ခွဲ၍မရသောကြောင့် ထိမ်းမြားပြီးသည်ဖြစ်စေ၊ လက်ထပ်ထိမ်းမြားခြင်း မပြုသေးသည်ဖြစ်စေ ကျွန်အမျိုးသားနှင့် ကျွန်မတို့သည် ဇေနာပြစ်မှုကျူးလွန်မိပါက ဤအခြေအနေတွင် အိမာမ်ကြီးလေးပါးစလုံးက အပြစ်ဒဏ်ကို ကြိမ်ဒဏ်(၅၀)စီဖြစ်သည်ဟု သဘောတူညီကြသည်။ ဤလက်ရှိအာယသ်တော်ထဲတွင် ကျွန်မတို့နှင့်ပတ်သက်သော အမိန့်ပညတ်ချက်ကို ဖော်ပြထားပါသည်။ သို့သော်ကျွန်အမျိုးသားနှင့် ပတ်သက်၍မူ ကုရ်အာန်ကျမ်းတော်မြတ်၏ စာသားပေါ်တွင် တူညီမှုအပေါ် အခြေခံသည့်ယူဆချက်အရ အပြစ်ဒဏ်မှာ အတူတူပင်ဖြစ်ကြောင်း ထင်ရှားပါသည်။

ذٰلِكَ لِمَنْ خَشِيَ الْعَنَتَ مِنْكُمْ ဆိုလိုသည်မှာ ကာမေသုမိစ္ဆာစာရကံကိုကျူးလွန်မိနိုင်ကြောင်း သိမြင်လာသောလူတစ်ဦးအတွက် ကျွန်မနှင့်လက်ထပ်ထိမ်းမြားခြင်းကို ခွင့်ပြုခြင်းဖြစ်သည်။

وَاَنْ تَصْبِرُوْا خَيْرٌ لَّكُمْ “ဤ (ကဲ့သို့ ကျွန်မများနှင့် ထိမ်းမြားရန်) အမိန့်တော်သည် အသင်တို့အနက်မှာ (ထိမ်းမြားခြင်းမပြုဘဲနေခဲ့သည်ရှိသော်) ကာမေသုမိစ္ဆာရ (ကျူးလွန်မိမည်)ကို စိုးရိမ်သောသူအဖို့ဖြစ်သည်။” “ဆိုလိုသည်မှာ အကယ်၍တစ်စုံတစ်ဦးသည် ဇေနာပြစ်မှုကျူးလွန်နိုင်ကြောင်း သိနားလည်သည့်တိုင် သူ၏ကာမ

ဆန္ဒတို့၏ ဆွေငင်မှုမှလွတ်ကင်းအောင်ပြုမူပြီး သူ၏ကိုယ်ကျင့်တရားများကို ဖြူစင်သန့်ရှင်းအောင် ထိန်းချုပ်နိုင်ခဲ့ပါလျှင် ဤကဲ့သို့သောအခြေအနေသည် ကျွန်မတစ်ဦးနှင့် လက်ထပ်ခြင်းထက် သာလွန်ကောင်းမွန်ပါသည်။

وَاللّٰهُ غَفُوْرٌ رَّحِيْمٌ "အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည်(ပြစ်မှုများမှ)အလွန်တရာ ချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်တရာ သနားညှာတာကရုဏာထားတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။" ဆိုလို သည်မှာ ကျွန်မတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ခြင်းသည် 'မကရူဟ်' (နှစ်လိုဖွယ်ရာမဟုတ်) ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိသော် တစ်စုံတစ်ဦးသည် ဤကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြုလုပ်မိသည့်တိုင် အလ္လာဟ်အရှင်မြတ်သည် သူ့ကိုခွင့်လွှတ်တော်မူပါလိမ့်မည်။ ထို့နောက် ထိုအရှင်မြတ်သည် အလွန်သနားကြင်နာတော်မူသောအရှင်လည်းဖြစ်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်သည် ကျေးကျွန်မများနှင့် လက်ထပ်ထိမ်းမြားခြင်းကို လုံးဝဥဿုံတားမြစ်ခြင်းမပြုဘဲ ခွင့်ပြုတော်မူခဲ့ပါသည်။

## အထူးမှတ်စု

ဤအာယသ်တော်ရှင်းလင်းချက်တွင် ဖော်ပြခဲ့သော ကျွန်အမျိုးသားနှင့် အမျိုးသမီးတို့သည် "ရှရ်အီ" ýIrW ကျေးကျွန်အမျိုးသားနှင့် အမျိုးသမီးတို့ကို ဆိုလိုပါသည်။ ဂျိဟားဒ်စစ်ပွဲအတွင်းက သုံ့ပန်းများအဖြစ် ခေါ်ဆောင်လာသော မယုံကြည်သွေဖည်ငြင်းပယ်သူ အမျိုးသားများနှင့် အမျိုးသမီးတို့ကို မုစ်လင်မ်များ၏ "အမီရုလ်မုအ်မိနီးမ်" မုစ်လင်မ်များ၏အကြီးအကဲက "မုဂျာဟိဒင်" များအား စစ်အောင်နိုင်ပစ္စည်းများ ဝေငှခြင်းအနေဖြင့် ခွဲဝေပေးခဲ့ပါသည်။ ဤစစ်သုံ့ပန်းများတို့သည် ကျေးကျွန်အမျိုးသားနှင့် ကျေးကျွန်မများဖြစ်သွားကြပါသည်။ သူတို့၏ သားသမီးများသည်လည်း ကျေးကျွန်များအဖြစ် ရောက်ရှိသွားကြပါသည်။ (အချို့သောကိစ္စရပ်များတွင် ကင်းလွတ်ခွင့်ရှိပါသည်။ ယင်းတို့နှင့်ပတ်သက်သော အသေးစိတ်များကို ဖွေကာဟ်စာအုပ်များတွင် ကြည့်ရှုနိုင်သည်။) ယခုအချိန်တွင် မုစ်လင်မ်များတို့သည် အစ္စလာမ်ရှရီအသ်၏ ပြဌာန်းထားသည့်နည်းအတိုင်း "ဂျိဟားဒ်"ကို ပါဝင်ဆင်နွှဲရန် စွန့်လွှတ်ကာ "ဂျိဟားဒ်" ၏ တောင်းဆိုချက်များကို မေ့လျော့ခဲ့ကြပါသည်။ သူတို့သည် သူတို့ဘာသာ၏ ရန်သူများလက်တွင်းသို့ ငြိမ်းချမ်းရေးနှင့် စစ်ဖြစ်ခြင်းဆိုသည့် ရွေးချယ်မှုကို ယုံပုံအပ်နှံကြပါသည်။ ယင်းသို့ပြုလုပ်ခြင်းကြောင့် အစ္စလာမ်ရှရီအသ်နှင့် မည်သို့မျှ မပတ်သက်သော စည်းမျဉ်းဝါဒများနှင့် တုတ်နှောင်ခြင်းခံကြပါသည်။ မုစ်လင်မ်များ ထိုမကျိုင်မှ စွန့်ခွာသွားသည့်အချိန်မှစပြီး ကျေးကျွန်အမျိုးသားနှင့် ကျေးကျွန်အမျိုးသမီးများဟုခေါ်သော အရာများမှ လက်မဲ့ဖြစ်စေခြင်းနှင့် အဆုံးသတ်ခဲ့ကြပါသည်။

ကျွန်ုပ်တို့အခါသမယတွင်ရှိသော အိမ်တွင်ခိုင်းစေသော အစေခံများတို့သည် ကျေးကျွန်အမျိုးသားများနှင့် ကျေးကျွန်အမျိုးသမီးတို့ မဟုတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လွတ်လပ်သောသူများဖြစ်ကြ၍ဖြစ်သည်။

ကမ္ဘာ၏ အချို့သော အပိုင်းတို့တွင် ကလေးသူငယ်များအား ရောင်းချခြင်း (သို့) ကျေးကျွန်ဖြစ်စေခြင်းဆိုသည်တို့ရှိပါသည်။ ဤလုပ်ရပ်သည် လုံးဝဥဿုံအကြွင်းမဲ့ "ဟရာမ်"တားမြစ်ချက်ဖြစ်သည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြင့် သူတို့သည် ကျေးကျွန်အမျိုးသားများနှင့် ကျေးကျွန်အမျိုးသမီးများဖြစ်မသွားကြပါ။

**အာယသ် (၂၆-၂၈)**

يُرِيدُ اللَّهُ لِيُبَيِّنَ لَكُمْ وَيَهْدِيَكُمْ سُنَنَ الَّذِينَ مِن
قَبْلِكُمْ وَيَتُوبَ عَلَيْكُمْ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿٢٦﴾ وَاللَّهُ يُرِيدُ أَن يَتُوبَ
عَلَيْكُمْ وَيُرِيدُ الَّذِينَ يَتَّبِعُونَ الشَّهَوَاتِ أَن تَمِيلُوا مَيْلًا عَظِيمًا ﴿٢٧﴾
يُرِيدُ اللَّهُ أَن يُخَفِّفَ عَنكُمْ ۚ وَخُلِقَ الْإِنسَانُ ضَعِيفًا ﴿٢٨﴾

အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့(မိမိအမိန့်တော်များကို) ရှင်းလင်းဖော်ပြတော်မူရန် လည်းကောင်း၊ အသင်တို့အလျင် ရှိခဲ့ကြသော သူ(တော်စင်)တို့၏ တရားနည်းလမ်းတို့ကို ညွှန်ကြားပြသတော်မူရန် လည်းကောင်း၊ (မိမိ) ကရုဏာတော်နှင့် အသင်တို့ဘက်သို့ ပြန်လှည့်တော်မူရန်လည်းကောင်း ရည်စူးတော်မူလေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်မြတ် ဖြစ်တော်မူပေသတည်း။ (၄း၂၆)

အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ဘက်သို့ (မိမိ) ကရုဏာတော်ဖြင့် လှည့်တော်မူရန် ရည်စူးတော်မူလေသည်။ သို့ရာတွင် မိမိတို့၏ စိတ်အလိုဆန္ဒများကို လိုက်စားကြကုန်သော သူတို့မှာကား အသင်တို့ (ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်မှ) အကြီးအကျယ် ယိမ်းယိုင်ချွတ်ချော်တိမ်းပါးခြင်းကိုသာ ရည်စူးကြကုန်သတည်း။ (၄း၂၇)

အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ဝန်ကို လျော့ပေါ့စေတော်မူရန် ရည်စူးတော်မူ၏၊ စင်စစ်တစ်မူကား လူသားတို့သည် အားအင်ချည့်နဲ့သူများ အဖြစ် ဖန်ဆင်းခြင်း ခံခဲ့ကြရလေသတည်း။ (၄း၂၈)

**အာယသ်တော်၏ ဆက်စပ်မှု**

ပြီးခဲ့သောအာယသ်တော်များထဲတွင် အမိန့်ပညတ်ချက်များ၏ အသေးစိတ်များကို ဖော်ပြခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်က လူသားအား အသင့်ကောင်းကျိုးအတွက် ဤအမိန့်ပညတ်ချက်တို့၏ ဖော်ပြချက်အသေးစိတ်များကို ကောင်းစွာနားလည်သဘောပေါက်ခြင်း မရှိနိုင်သော်လည်း မလုပ်မနေရလုပ်ဆောင်ရမည့်အကြောင်းမိန့်ကြားထားသည်။ ယခုအခါ လက်ရှိအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူမည့် ကောင်းချီး

မင်္ဂလာများနှင့် အခွင့်အရေးများကိုပါ ညွှန်ပြထားပါသည်။ ၎င်းနောက် ယင်းတို့နှင့်အတူ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို လိုက်နာစေရန် လှုံ့ဆော်တိုက်တွန်းချက်များလည်း ပါဝင်သည်။ အသင့်အားဖျက်လိုဖျက်ဆီးဖြစ်စေရန်နှင့် ဖြောင့်မတ်မှန်ကန်သောလမ်းစဉ်မှ သွေဖည်သွားစေရန် ဆန္ဒရှိသော မှားယွင်းစွာ ညွှန်ကြားခြင်းခံရသောသူတို့၏ မကောင်းသောစိတ်ဆန္ဒများတို့ကို အစဉ်သတိရှိနေရန်ဟူသော သတင်းစကားကို နောက်ဆုံးတွင် ဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုခြင်း

ထိမ်းမြားလက်ထပ်ခြင်းနှင့် ပတ်သက်သော အမိန့်ပညတ်ချက်များကိုစွာ ဖော်ပြပြီးသည့်နောက် အလ္လာဟ် အရှင်မြတ်သည် အသင်တို့အတွက် အမိန့်ပညတ်ချက်များကို အလွန်ရှင်းလင်းပြတ်သားစွာ ပြုလုပ်ထားတော်မူကြောင်းနှင့် ထိုအရှင်သည် အသင်တို့အား အသင်တို့အလျင်က ဖြောင့်မတ်မှန်ကန်သောသူများနှင့် မြင့်မြတ်သော စေတမန်များ﴿عليهم السلام﴾တို့၏ လမ်းစဉ်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ပြုလုပ်ထားတော်မူကြောင်း လက်ရှိ အာယသ်တော်များထဲတွင် မိန့်ကြားထားသည်။ မည်သည်များတို့သည် တရားမဝင်ဖြစ်ပြီး မည်သည်များတို့သည် တရားဝင်ဖြစ်သည်ဆိုသည့် ဤအသေးစိတ်ဖော်ပြချက်များတို့မှာ သင်တစ်ဦးတည်းအတွက်သာ ပြုလုပ်ထားသည်ဟု မထင်မှတ်လေနှင့် အမှန်မှာ အသင့်အလျင်က အုမ္မသ်ထုများတို့လည်း ဤကဲ့သို့သောအမိန့် ပညတ်ချက်များကို လိုက်နာစေခဲ့သည်။ ယင်းတို့နှင့်အညီ လုပ်ဆောင်သောသူများအား အလ္လာဟ်အရှင်မြတ်သည် အခွင့်အရေးများ ချီးမြှင့်ခဲ့ပါသည်။

မိမိတို့၏ စိတ်ဆန္ဒများ၏ စေစားရာနောက်သို့ လိုက်ပါသောသူများရှိကြပါသည်။ ယင်းတို့မှာ တရားဝင်ခြင်းနှင့် တရားမဝင်ခြင်းတို့ မခွဲခြား၊ ဟလာလ်နှင့် ဟရာမ် ကန့်သတ်ချက်များကို အသိအမှတ်မပြုမှားယွင်းသောအယူဝါဒများကို ဖက်တွယ်ထားသည့် လူများနှင့် တိုင်းပြည်များ၊ အိမ်ထောင်ရေး ဖောက်ပြန်ပြီး ကာမေသုမိစ္ဆာစာရကို ကျူးလွန်သောသူများဖြစ်ကြပါသည်။ ၎င်းတို့သည် အသင့်အားဖြောင့်မတ်မှန်ကန်သောလမ်းစဉ်မှ သွေဖည်သွားစေရန် အလွန်ဆန္ဒရှိသောကြောင့် သူတို့၏မှားယွင်းသောရည်ရွယ်ချက်များနှင့် မမှန်ကန်သောနည်းလမ်းများကို စတင်ပြောကြားလာပါလိမ့်မည်။ ယင်းသူတို့၏ အန္တရာယ်မှ အသင့်ကို အသင်ကာကွယ်ပါ။ လက်ထပ်ထိမ်းမြားခြင်းပြုရန် မလျော်ကန်မသင့်မြတ်သော အမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားခြင်း မှန်ကန်သည်ဟု မှတ်ယူသည့် အယူဝါဒများလည်း ရှိပါသေးသည်။ ယခုအချိန်အခါနှင့် အံမဝင်ဂွင်မကျဖြစ်သည်ဟုဆိုကာ လက်ထပ်ထိမ်းမြားခြင်းကိစ္စကို ဖယ်ရှားပစ်ရန် အလေးသာသော ဘာသာမဲ့များလည်း ရှိပါသေးသည်။ ၎င်းတို့အခေါ် "အတူတကွနေထိုင်ခြင်း" ဆိုသည်နှင့် မရောင့်ရဲနိုင်ကြဘဲ အချို့နိုင်ငံများတွင်ရှိလူအများက အမျိုးသမီးများတို့သည် ပျော်ရွှင်မှုအတွက် မျှဝေခံစားနိုင်သည့်ပစ္စည်းဟု စတင်ပြောကြားလာကြသည်။ ဤသည်တို့သည် မိမိ၏ဆန္ဒစေခိုင်းချက်များကို လိုက်နာသောသူများထဲမှ ထွက်ပေါ်လာခဲ့ပါသည်။ အစ္စလာမ်ဘာသာသက်ဝင်ယုံကြည်သော်လည်း အီမာန်ယုံကြည်မှုအားနည်းသော မုစ်လင်မ်အချို့တို့သည် ထိုကဲ့သို့သော တိမ်းညွတ်မှုများရှိသော မယုံကြည်သွေဖည်သူများ၊ ဘာသာမဲ့များနှင့် အပေါင်းအသင်းဖြစ်သွားသော အခါ ထိုသူတို့၏ ကာမရာဂပြင်းထန်သော ပြောဆိုချက်များ၏ သားကောင်များဖြစ်သွားကာ မိမိဘာသာ

တရားသည်ပင်လျှင် ခေတ်နောက်ကျပြီး ရန်သူ၏ရပ်တည်မှုသာလျှင် လူသားတိုးတက်မှု၏ စံနမူနာဖြစ်သည်ဟု စတင်တွေးခေါ်လာပါသည်။ ထိုကဲ့သို့သော အယူအဆရှိသောသူများသာ ခေတ်မီပြီး ရှေ့သို့တက်လှမ်းနေသော လူများဖြစ်ကြသည်ဟု ယုံကြည်စေရန် ၎င်းတို့ အသေအချာအကွက်ချလုပ်သည်ဆိုသည်ကို မုစ်လင်မ်များ သတိမမူကြပါ။ မုစ်လင်မ်တို့သည် ၎င်းတို့ဘာသာတရားက ခွင့်ပြုနိုင်သည်ဟု စတင်ထင်မှတ်လာကြသည်။ ထိုကဲ့သို့သောသတ္တိမရှိသည့် အရှုံးပေးရခြင်းမျိုးမှ ကင်းလွတ်စေရန် အလွှာဟ်အရှင်မြတ်ထံ ခိုလှုံပါ၏။ အကောင်းဆုံးလမ်းစဉ်မှာ အလွှာဟ်အရှင်မြတ်မိန့်တော်မူသော သတိပေးချက်များအတိုင်း လုပ်ဆောင်ရန်ဖြစ်ပြီး ထိုသူတို့၏ကောက်ကျစ်စဉ်းလဲသော နည်းလမ်းများ၊ အစီအမံများ၊ အတွေးအခေါ်များကို ရယူခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းတို့မှ ရှောင်ကြဉ်ရန်ဖြစ်သည်။

ဤသည့်နောက် အာယသ်တော်(၂၈)၏ ပထမပိုင်း၌ မိန့်ကြားထားသည်မှာ-**يُرِيْدُ اللّٰهُ اَنْ يُّخَفِّفَ عَنْكُمْ** ခန့်ညားထယ်ဝါမှုတွင် အလွန်ကြီးကျယ်တော်မူသော အလွှာဟ်အရှင်မြတ်သည် အသင်တို့အတွက် အရာရာတိုင်း လုပ်ဆောင်ရာ၌လွယ်ကူမှုရှိစေရန် ရည်စူးထားတော်မူသည်။ ယင်းကား လူတိုင်းလိုက်နာရမည့် အမိန့်ပညတ်တော်များကို အသင်တို့လုပ်ဆောင်နိုင်သည့် အမိန့်ပညတ်ချက်များအဖြစ် ပြဋ္ဌာန်းတော်မူသည်။ အကယ်၍ တစ်စုံတစ်ဦးသည် လွတ်လပ်သောအမျိုးသမီးတစ်ဦးကို လက်ထပ်နိုင်စွမ်းမရှိပါက ကျေးကျွန်မများအား လက်ထပ်ထိမ်းမြားခွင့်ပြု ထားသည်။ လက်ထပ်ထိမ်းမြားမည့်သူများကိုလည်း အချင်းချင်းသဘောတူညီချက်ဖြင့် "မဟ်ရ်" ကို ညှိနှိုင်းဆုံးဖြတ် ခွင့်ပေးထားသည်။ အခြားအခွင့်အရေးတစ်ခုမှာ အခြေအနေများ၏ လိုအပ်ချက်ကြောင့် အမျိုးသမီးတစ်ဦးထက် ပို၍လက်ထပ်ထိမ်းမြားခွင့်ကိုလည်းပေးထားပါသည်။ သို့ရာတွင် တရားမျှတမှုရှိခြင်းကိုတော့ မထိပါးစေရပါ။

အာယသ်တော် (၂၈) ဒုတိယပိုင်းအဆုံး၌ စာသားများက မိန့်ကြားထားသည်မှာ-**وَخُلِقَ الْاِنْسَانُ ضَعِيْفًا** "စင်စစ်တစ်မူကား လူသားတို့သည် အားအင်ချည့်နဲ့သူများအဖြစ် ဖန်ဆင်းခြင်းခံခဲ့ကြရလေသတည်း။" (၄း၂၈) ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ လူသားစိတ်ဆန္ဒကို တိမ်းညွှန်သောသဘောဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ အကယ်၍ အမျိုးသားတစ်ဦးအား လုံးဝဥဿုံအကြွင်းမဲ့ အမျိုးသမီးများနှင့်ကင်းကွာနေရန် ပြောကြားခြင်းခံရလျှင် သူသည် အလွှာဟ်အရှင်မြတ်အမိန့်တော်များလိုက်နာကျင့်သုံးမှုတွင် လုံးဝအသုံးမကျသော လိုက်နာသူတစ်ဦးဖြစ်သွားပါလိမ့်မည်။ သူ၏အားအင်ချည့်နဲ့မှုနှင့် ကန့်သတ်ချက်များကြောင့်သူ့အား အမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားခွင့်ပေးထားရုံမျှမက ထိုကဲ့သို့ပြုလုပ်ရန်ကိုပင်စေ့ဆော်ထားသည်။ ပြောစရာမလိုသည်မှာ လက်ထပ်ထိမ်းမြားပြီးသောစုံတွဲတစ်စုံ၏ဘဝတွင် အချင်းချင်းသိနားလည်မှုဆိုသည့် ကြီးမားသောအကျိုးကျေးဇူးများရရှိပါသည်။ ၎င်းပြင် အစွန်းအထင်းမရှိသောမြင်ကွင်းတစ်ခုနှင့် အရောအနှောကင်းသောဘဝဆိုသည့် ကောင်းချီးမင်္ဂလာကိုခံစားရပါသည်။ ဤသို့သော ဇနီးမောင်နှံတို့၏ အပြန်အလှန်သန့်ရှင်းစင်ကြယ်မှုသည် ၎င်းတို့နှစ်ဦးဘဝတွင် ကိုယ်ကျင့်တရားအရည်အသွေးကို တိုးတက်စေပါသည်။ ယင်းကြောင့် ၎င်းတို့အား ခိုင်မာစေကာ မိမိကိုယ်မိမိ ယုံကြည်စိတ်ချစေ၍ ပျော်ရွှင်စေပါသည်။ ထို့ကြောင့် လက်ထပ်ထိမ်းမြားခြင်းသည် အမျိုးသားများနှင့် အမျိုးသမီးများကို ဒုက္ခပေးနိုင်သော မည်သည့်ချည့်နဲ့မှုမျိုးကိုမဆို ပယ်ရှားစေနိုင်သော သပ်ရပ်သည့်အချင်းချင်းသဘောတူပြုလုပ်သည့်ကိစ္စရပ်ပင်ဖြစ်သည်။ ဤသည်မှာပြိုင်ဘက်ကင်းသော နည်းလမ်းအမှန်တစ်ကယ်ပင်ဖြစ်ပါတော့သည်။

**အာယသ် (၂၉-၃၀)**

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَأْكُلُوٓا۟ أَمْوَٰلَكُم بَيْنَكُم بِٱلْبَٰطِلِ
إِلَّآ أَن تَكُونَ تِجَٰرَةً عَن تَرَاضٍ مِّنكُمْ ۚ وَلَا تَقْتُلُوٓا۟ أَنفُسَكُمْ ۚ
إِنَّ ٱللَّهَ كَانَ بِكُمْ رَحِيمًا ﴿٢٩﴾ وَمَن يَفْعَلْ ذَٰلِكَ عُدْوَٰنًا وَظُلْمًا
فَسَوْفَ نُصْلِيهِ نَارًا ۚ وَكَانَ ذَٰلِكَ عَلَى ٱللَّهِ يَسِيرًا ﴿٣٠﴾

အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ အချင်းချင်း တစ်ဖက်နှင့် တစ်ဖက် သဘောတူ ကျေနပ်မှုဖြင့် တစ်စုံတစ်ရာ ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်သည်မှတစ်ပါး မိမိ ဥစ္စာပစ္စည်းများကို မိမိတို့ အချင်းချင်း မတရားသောနည်းနှင့် စားသုံးခြင်းမပြုကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် မိမိတို့အချင်းချင်း သတ်ဖြတ်ခြင်း ကိုလည်း မပြုကြကုန်လင့်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် အလွန်သနားကြင်နာ ညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။(၄း၂၉)

သို့ရာတွင် အကြင်သူသည် ကျူးလွန်ခြင်း အားဖြင့်လည်းကောင်း၊ မတော်မတရား ညှဉ်းပန်း နှိပ်စက်ခြင်းအားဖြင့်လည်းကောင်း၊ ယင်းကဲ့သို့ ပြုလုပ်ပါမူ၊ ငါအရှင်မြတ်သည် ထိုသူအား မကြာ မြင့်မီ ငရဲထဲသို့ ထည့်သွင်းတော်မူအံ့။ အမှန်သော်ကား ဤ(ကဲ့သို့ ထည့်သွင်းခြင်း)သည် အလ္လာဟ် အရှင်မြတ်အဖို့ လွယ်ကူသောအမှုပင် ဖြစ်ချေသည်။ (၄း၃၀)

## အာယသ်တော်၏ ဆက်စပ်မှု

စူရဟ်အလ်နိစာအ်၏ အစမှစ၍ ပြန်ကြည့်ခဲ့လျှင် လူသားများအားလုံးတို့သည် ဖခင်တစ်ဦးတည်းနှင့် မိခင်တစ်ဦးတည်းမှ ဆင်းသက်လာကြောင်းထောက်ပြထားသည်ကို တွေ့ရပါလိမ့်မည်။ ၎င်းနောက်ထိုသူအားလုံးတို့သည် ညီအစ်ကိုမောင်နှစ်မဟူသည့် တစ်ခုတည်းသောချုပ်နှောင်မှုကြီးက လူသားများအားလုံးတို့၏ ရပိုင်ခွင့်များကိုစောင့်ထိန်းကာ အားလုံးကဖြည့်ဆည်းရမည်ဟု ရည်ညွှန်းပါသည်။ ၎င်းနောက် အမျိုးသမီးများ၊ ဖမဲ့ကလေးများတို့နှင့် ပတ်သက်သော အသေးစိတ်မိန့်ဆိုချက်များကို ဖော်ပြထားပါသည်။ ထို့နောက်တွင် အမွေဆက်ခံခြင်းနှင့် ပတ်သက်သောအမိန့်ပညတ်ချက်များကို ဖော်ပြရာတွင် အမျိုးသမီးများနှင့် ဖမဲ့ကလေးများတို့အပြင် အခြားသောဆွေမျိုးသားချင်းများတို့၏ ရပိုင်ခွင့်များကို ဖြည့်ဆည်းရန်အလေးအနက်ပြုထားပါသည်။ ဤသည်တို့မှ ဆက်လက်၍ လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များကို ဖော်ပြရာ၌ လက်ထပ်ထိမ်းမြားမှုတရားဝင်သော အမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားမှု တရားမဝင်သောအမျိုးသမီးတို့အကြောင်းကို

ဖော်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ထပ်ထိမ်းမြားခြင်းဆိုသည်မှာ တစ်စုံတစ်ဦးသည် အမျိုးသမီးတစ်ယောက်၏ဘဝနှင့် ပစ္စည်းဥစ္စာများပိုင်ဆိုင်ခွင့်ရရှိစေသော သဘောတူလုပ်ဆောင်ချက်ပင်ဖြစ်သည်။

လက်ရှိအာယသ်တော်များက လူသား၏ဘဝနှင့် ပစ္စည်းဥစ္စာတို့ ကာကွယ်စောင့်ရှောက်ခြင်းကို ဆောင်ရွက်စေ၍ ထိုနယ်ပယ်အတွင်းသို့ မလိုလားအပ်သော ကျူးကျော်ဝင်ရောက်မှုများအား တားမြစ်ပါသည်။ ဤလူသားများဆိုရာတွင် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဆွေမျိုးတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ စစ်မတိုက်ရန် စာချုပ်ချုပ်ဆိုထားသော မုစ်လင်မ်ကိုဖြစ်စေ၊ မုစ်လင်မ်မဟုတ်သူများကိုဖြစ်စေ အားလုံးကို ဆိုလိုပါသည်။ **(သဖ်စိရ်အလ်မဇ်ဟရီ)**

## အကျယ်ဖွင့်ဆိုချက်

အခြားသူများ၏ ဥစ္စာပစ္စည်းများကို စားသုံးပစ်ခြင်းအား တားမြစ်ရာ၌ အာယသ်တော်တွင်သုံးစွဲထားသော စကားလုံးတို့သည် ù^\<n–y^B– ù^\<L–Ao–M^A– ကို "အခွင့်ခွင့်တို့၏ ဥစ္စာပစ္စည်း" ဟု ဘာသာပြန်ထားပါသည်။ ယင်းအဓိပ္ပာယ်ပြန်ဆိုချက်သည် ဝေါဟာရအရအဓိပ္ပာယ်ဖွင့်ဆိုသော "အသင်ပိုင်ဆိုင်သောပစ္စည်း" ဆိုသည်နှင့် ဆန့်ကျင်နေ ပါသည်။ ဤစကားလုံးများတို့က မည်သူမဆို အခြားသူပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို မတရားသောနည်းလမ်းဖြင့် မစားသုံးသင့်ဟုဆိုလိုသည်မှာ မုခ္ဓကေန်ဖြစ်ကြောင်း အကျယ်ဖွင့်ဆိုသူများက တညီတညွတ်တည်း သဘောတူညီကြသည်။ သဖ်စီရ်အလ်ဗဟ်အလ်မုဟီတ်ွင်ကျမ်းတွင် အဗူဟိုင်ယန်က ရည်ညွှန်းသည်မှာ မိမိပိုင်ပစ္စည်းများကို ထိုနည်းလမ်းအတိုင်း (မတရားသဖြင့်) သုံးစွဲခြင်းလည်း အကျုံးဝင်သည်ဟု ဆိုလိုပါသည်။ ပမာဆိုသော် ဘာသာတရားအရ အပြစ်ဂုနာဟ်ဖြစ်သောကိစ္စရပ်တွင်သုံးစွဲခြင်း၊ အကြောင်းမဲ့ သက်သက်ဖြုန်းတီးခြင်းတို့ ဖြစ်ပါသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည်လည်း ဤအာယသ်တော်နှင့်အကျုံးဝင်သဖြင့် တားမြစ်သည်။

အာယသ်တော်ပါ Ao^l<|<a^T–¾ တို့သည် တိုက်ရိုက်လုံးချင်းကောက် အဓိပ္ပာယ်အရဆိုလျှင် အသင်တို့သည် "မစားသုံးကြနှင့်"ဟု ဆိုလိုသည်။ သို့ရာတွင် အများအသုံးအနှုန်းအရ အခြားသူတစ်ဦး၏ ပစ္စည်းဥစ္စာများကို စားခြင်းဖြင့်လည်းကောင်း၊ သောက်ခြင်းဖြင့်လည်းကောင်း အသုံးပြုခြင်းဖြင့်လည်းကောင်း မတရားသော နည်းဖြင့် စားသုံးခြင်းမပြုနှင့်ဟု ဆိုလိုပါသည်။ ယေဘုယျအသုံးအနှုန်းတွင် စားပစ်၍မရသည့်တိုင်အောင် တစ်စုံတစ်ဦးပိုင်ဆိုင်သည်များကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကို တားမြစ်လိုက်သည်" ဟူသောအထူးအသုံးအနှုန်းဖြင့် ရည်ညွှန်းပါသည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အုဒ်နှင့် ဆွဟာဗဟ်သာဝကြိုးများ၏ အယူအဆအရ "မတရားသောနည်း" ဟု ဘာသာပြန်ထားသော ØP_aB ဘာတွလ်ဟူသော စကားလုံးသည် ရှရီအသ်အရ တားမြစ်ပြီး ခွင့်မပြုသောပုံစံအမျိုးမျိုးတို့ကို အကျုံးဝင်စေပါသည်။ ယင်းတွင် အကျုံးဝင်သည်များမှာ ခိုးဝှက်ခြင်း၊ တိုက်ခိုက်လုယက်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ အတိုး၊ လောင်းကစားခြင်းနှင့် "မမှန်ကန်သော" လုပ်ဆောင်မှုအားလုံးတို့ ဖြစ်ကြသည်။ **(အလ်ဗဟ်အလ်မုဟီတ်ွ)**

## ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်က ရှင်းလင်းတင်ပြထားသော "မတရားသော"နည်းလမ်းများ

ကုရ်အာန်ကျမ်းတော်မြတ်က မတရားသောနည်းလမ်းများဖြင့် ရယူစုဆောင်းခဲ့သော ကြွယ်ဝချမ်းသာမှုနှင့် ပစ္စည်းဥစ္စာများတို့သည် တရားမဝင်ကြောင်းကို (မတရားသောနည်းလမ်း) များဖြင့်ဟူသော စကားလုံးတစ်လုံးကို အသုံးပြုကာဖြင့် ကြေညာခဲ့ပါသည်။ ထို့နောက် တမန်တော်မြတ်﴿ﷺ﴾သခင်အား ယင်းတို့၏ အသေးစိတ်များကို ပြဋ္ဌာန်းပေးရန် တာဝန်အပ်နှင်းခဲ့ပါသည်။ တမန်တော်မြတ်﴿ﷺ﴾သခင်သည်သာ အလုံးစုံသောခွင့်မပြုသည့် ရောင်းဝယ်ဖောက်ကားမှုတို့နှင့် သက်ဆိုင်သောအသေးစိတ်အချက်များကို ရှင်းလင်းပြသခဲ့ပါ သည်။ ဤသည်မှ ကျွန်ုပ်တို့တွေ့ရှိရသည်မှာ တမန်တော်မြတ်﴿ﷺ﴾သခင်၏ ဟဒီးဆ်တော်များထဲတွင် ဖော်ပြထားသော ရောင်းခြင်း၊ ဝယ်ခြင်းနှင့်ပတ်သက်သော ခွင့်မပြုသောနည်းလမ်းများတို့၏ အသေးစိတ်တို့သည် ကျမ်းတော်မြတ် ကုရ်အာန်၏ အမိန့်ပညတ်ချက်တို့ကို အကျယ်ချဲ့ထားခြင်းသာဖြစ်ပါသည်။ ထို့ကြောင့်ဟဒီးဆ်တော်ပါ ထိုအမိန့်ပညတ်ချက်များတို့သည် တစ်နည်းအားဖြင့်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များသာဖြစ်ပါသည်။ တမန်တော်မြတ်﴿ﷺ﴾သခင်၏ ဟဒီးဆ်တော်ပါ ရှရီအသ်ဆိုင်ရာ မည်သည့်ပညတ်ချက်တွင်မဆို ဘုံတူညီသောလက္ခဏာတစ်ရပ်ပါရှိပါသည်။ အားလုံးတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်တစ်ခုမဟုတ်တစ်ခုကို ရှင်းလင်းပြတ်သားစွာရှင်းပြထားခြင်းဖြစ်သည်။ ဤရှင်းလင်းချက်သည် မည်သည့် အာယသ်ကိုရှင်းလင်းသည်ဟု ကျွန်ုပ်တို့သိရှိခြင်း မသိရှိခြင်းသည် အကြောင်းမဟုတ်ပါ။

## ခွင့်ပြုသောနည်းလမ်းများ

အထက်တွင်ရှင်းပြပြီးဖြစ်သော အာယသ်တော်(၂၉)၏ ပထမပိုင်းက ကြေညာသည်မှာ အခြားသူတစ်ဦး၏ပစ္စည်းဥစ္စာကို မတရားသောနည်းလမ်းများ၊ ခွင့်မပြုသောနည်းလမ်းများဖြင့် "ဝါးမျိုပစ်ခြင်း" တရားမဝင်ဟု ကြေညာပါသည်။ ထို့နောက် တရားမဝင်ခြင်းစည်းမျဉ်းဥပဒေမှ ကင်းလွတ်ခွင့်ရစေရန် ခွင့်ပြုနည်းလမ်းများအတွက် အာယသ်တော်၏ ဒုတိယအပိုင်းတွင်-اِلَّاۤ اَنۡتَكُوۡنَ تِجَارَةً عَنۡ تَرَاضٍ مِّنۡكُمۡ ဟူ၍ မိန့်ကြားထားသည်။ ယင်းကဆိုလိုသည်မှာ နှစ်ဦးသဘောတူ ရောင်းဝယ်ဖောက်ကားမှုဖြင့် စုဆောင်းရရှိခဲ့သော အခြားသူများတို့၏ ဥစ္စာပစ္စည်းနှင့်ဓနတို့သည် တရားမဝင်သည်မဟုတ်ပါ။

ရောင်းဝယ်ဖောက်ကားမှုအပြင် အခြားသောမြောက်မြားစွာသော နည်းလမ်းများကိုလည်း ခွင့်ပြုထားပါသည်။ ပမာဆိုသော် ချေးငှားခြင်း၊ လက်ဆောင်ပေးခြင်း၊ အလှူဒါနပြုခြင်း၊ အမွေဆက်ခံခြင်းဖြစ်ပါသည်။ သို့ရာတွင် လူတစ်ဦး၏ပစ္စည်းဥစ္စာများကို အခြားသူတစ်ဦး၏ ပိုင်ဆိုင်ခြင်းနှင့် ထိန်းချုပ်မှုအောက်သို့ ရောက်သွားသည်မှာ အများအသိအမှတ်ပြုပြီး ယေဘုယျလုပ်ဆောင်လေ့ရှိသော အသွင်သည်ကား ရောင်းဝယ်ဖော်ကားခြင်းမှအပ မည်သည့်အရာမှမဖြစ်ပါ။ ထို့နောက်ရောင်းဝယ်ဖော်ကားခြင်းကို ယေဘုယျနားလည်သဘောပေါက်ထားသည်မှာ ရောင်းခြင်းဝယ်ခြင်းတို့ကို လုပ်ဆောင်ခြင်းဖြစ် သည်ဟူ၍ဖြစ်သည်။ သို့ရာတွင် သဖီစီရ်အလ်မဇ်ဟရီအဆိုအရ ရောင်းဝယ်ဖောက်ကားမှုတွင် ဝန်ဆောင်မှုပေးခြင်း၊ အလုပ်ကြမ်းလုပ်ခြင်း၊ သီးစားချထားခြင်းတို့အကျုံးဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ÔyB "ဘိုင်းအ်" ရောင်းဝယ်ဖောက်ကားမှုဆိုသည်မှာ (မားလ်) ပစ္စည်းဥစ္စာကို ပစ္စည်းဥစ္စာဖြင့် ရယူခြင်းဖြစ်သကဲ့သို့ "အိဂျာရဟ်"တွင် ပစ္စည်းဥစ္စာကို ဝန်ဆောင်မှုပေးခြင်း။ အလုပ်လုပ်

ပေးခြင်းဖြင့် ရယူပါသည်။ ရောင်းဝယ်ဖောက်ကားမှုသည် နှစ်ခုစလုံးအကျိုးဝင်စေပါသည်။

အခြားသူများထံမှ ပစ္စည်းဥစ္စာများနှင့် ဓနကြွေးငွေများ ရယူနိုင်သောခွင့်ပြုသည့် ပုံစံအမျိုးမျိုးရှိသည့် အနက်မှ ဤအာယသ်တော်ထဲတွင် ရောင်းဝယ်ဖောက်ကားခြင်းကို ရွေးထုတ်ဖော်ပြရခြင်းအကြောင်းမှာ လူသား၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လမ်းဖွင့်ထားသော နည်းလမ်းစုံတို့တွင် ရောင်းဝယ်ဖောက်ကားခြင်းနှင့် လုပ်ခစားလုပ်ခြင်းတို့သည် အကောင်းဆုံးဖြစ်သောကြောင့်တည်း။ စိုက်ယိဒိနာ ရဖီးအိဗ်နိခါဒိဂျ်﴿ﷺ﴾သခင်က ပြောကြားသည်မှာ တမန်တော်မြတ်﴿ﷺ﴾သခင်အား မည်သည့်အသက်မွေးဝမ်းကြောင်းမှုသည် အသန့်ရှင်းဆုံးနှင့် တရားဝင်ဆုံးဖြစ်ပါသနည်းဟု လျှောက်တင်သောအခါ တမန်တော်မြတ်﴿ﷺ﴾သခင်က မိန့်ကြားသည်မှာ

**عمل الرجل بيده و كل بيع مبرور** (مظهرى ترغيب و ترهيب)

"မိမိ၏ ကိုယ်တိုင်လက်ဖြင့် အလုပ်လုပ်ခြင်းနှင့် ရိုးသားဖြောင့်မတ်သည့် အားလုံးသော ရောင်းဝယ်ဖောက်ကားမှုတို့ပင် ဖြစ်သည်" ဟူဖြစ်ပါသည်။ (မမှန်ကန်သော လိမ်လည်လှည့်ဖြားခြင်းမျိုးများ မဟုတ်ပါ။) **(အလ်မွန်ဒဟီရီ၊ အလ်သရ်ဂီဗ်နှင့် မဇ်ဟရီ။)**

စိုက်ယိဒိနာ အဗူစအိဒ်အလ်ခွဒ်ရီ﴿ﷺ﴾သခင်က ဆင့်ပြန်ချက်တွင် တမန်တော်မြတ်﴿ﷺ﴾သခင်က အောက်ပါအတိုင်း မိန့်ကြားခဲ့သည်။

**التاجر الصدوق الا مين مع النبيين و الصديقين و الشهداء** (ترمذى)

ဖြောင့်မတ်မှန်ကန်ပြီး ယုံကြည်ကိုးစားထိုက်သောကုန်သည်များသည် တမန်တော်များ၊ ဖြောင့်မတ်မှန်ကန်သောသူများ၊ သာသနာ့အာဇာနည်များနှင့်အတူရှိနေပေလိမ့်မည်။ (သိရ်မိဇီ) စိုက်ယိဒိနာအနတ်စ်﴿ﷺ﴾သခင်၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ်﴿ﷺ﴾မိန့်ကြားထားသည်မှာ-

**التاجر الصدوق تحت ظل العرش يوم القيمة – رواه الا صبها نى** (ترغيب)

"ဖြောင့်မတ်မှန်ကန်သော ကုန်သည်သည် ကိယာမသ်တရားစီရင်မည့်နေ့၌ အလ္လာဟ်အရှင်မြတ်၏ အတ်ရ်ရှ်တော်အရိပ်အောက်တွင် ရှိနေပေလိမ့်မည်" ဟူ၍ ဖြစ်ပါသည်။ **(အစ္စဖဟာနီ၏ တင်ပြချက် အလ်သရ်ဂီးဗ်)**

## သန့်ရှင်းစင်ကြယ်သော ဥစ္စာပစ္စည်းရှာဖွေစုဆောင်းခြင်းအတွက် အထူးစည်းကမ်းချက်များ

စိုက်ယိဒိနာ မုအာဇ်အိဗ်နိဂျဗလ်﴿ﷺ﴾သခင်၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ်﴿ﷺ﴾သခင်က အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်။

> "စည်းကမ်းချက်များနှင့် ပြည့်စုံပါက၊ အသန့်အရှင်းဆုံးသော ဥစ္စာပစ္စည်းရှာဖွေမှုသည် ကုန်သည်များတို့၏ ဥစ္စာပစ္စည်းရှာဖွေမှုပင်ဖြစ်သည်။ ယင်းစည်းကမ်းချက်များမှာ ၎င်းတို့စကားပြောရာတွင် လိမ်လည်မှု မပါဝင်ပါ။ သူတို့အား ယုံကြည်မှုအရ တစ်စုံတစ်ခုကို ထိန်းသိမ်းရန် အပ်နှံရာတွင် သူတို့သည် ထိုယုံကြည်မှုကို မဖျက်ဆီးပါ။ သူတို့သည် တစ်စုံတစ်ဦးထံ တစ်စုံ

တစ်ရာဝယ်ယူရာတွင် ထိုအရာနှင့် ပတ်သက်၍ အပြစ်မရှာပါ။ သူတို့သည် သူတို့၏ ပစ္စည်းများရောင်းချရာတွင် ထိုပစ္စည်းကို အမွှန်းမတင်ပါ(မမှန်ကန်ဘဲ)။ တစ်ဖန်သူတို့သည် ကြွေးမြီပေးရန်ရှိပါလျှင်လည်း ထိုအကြွေးပေးဆောင်ရန် တာဝန်ကို မရှောင်ရှားပါ။ ၎င်းနောက် တစ်စုံတစ်ဦးထံမှ ရရန်ရှိသောကြွေးမြီများကို ပြန်လည်ရရှိအောင်လုပ်ဆောင်ရာတွင် ထိုသူအား စိတ်အနှောင့်အယှက်ဖြစ်စေရန် မပြုလုပ်ပါ။ **(မဇ်ဟရီကျမ်းကိုးကားချက်အရ အိဆွဖဟာနီ)**

ဤအကြောင်းကြောင့် အခြားသော ဟဒီးဆ်တော်တစ်ပုဒ်တွင် မိန့်ကြားထားသည်မှာ -

**ان التجار يبعثون يو القيمة فجارا الا من اتقى وبر وصدق** (اخرجه الحاكم عن رف عةبن رافع)

"အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့သော ဖြောင့်မတ်မှန်ကန်စွာလုပ်ဆောင်သော၊ မှန်ကန်သည်ကိုသာ ပြောဆိုသော ကုန်သည်များမှအပ အခြားသောကုန်သည်တို့သည် ကိယာမသ်တရားစီရင်မည့်နေ့၌ အပြစ်ဂုနာဟ် ကျူးလွန်သောသူများအဖြစ် ပြန်လည်ရှင်ပြန်ထကြရလိမ့်မည်"ဟူ၍ ဖြစ်ပါသည်။ **(ရဖအသ်ဗင်ရာဖိအီ ကျမ်းမှတစ်ဆင့် အလ်ဟာကင်မ်ကျမ်း)**

## ရောင်းဝယ်ဖောက်ကားခြင်းနှင့် အချင်းချင်းသဘောတူညီချက်

အာယသ်တော် (၂၉)တွင်ပါရှိသော "အချင်းချင်း တစ်ဖက်နှင့်တစ်ဖက် သဘောတူကျေနပ်မှုဖြင့် တစ်စုံတစ်ရာ ရောင်းဝယ်ဖောက်ကားမှုပြုလုပ်သည်မှတစ်ပါး" ဟူသည်တို့က ရောင်းဝယ်ဖောက်ကားခြင်းဖြင့် အခြားသူတစ်ဦး၏ ပစ္စည်းတို့ကို တရားဝင်ရယူခြင်း အခိုင်အမာဖြစ်စေရန်အတွက် စည်းကမ်းနှစ်ချက်ချမှတ်ထားပါသည်။ ပထမအနေဖြင့် ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းသည် ပစ္စည်းလဲလှယ်မှုမျိုး ဖြစ်ရပါမည်။ ထို့ကြောင့် လောင်းကစားခြင်း၊ အမြတ်ကိုမျှော်မှန်းပြီး ကြိုတင်လုပ်ဆောင်ခြင်း၊ အတိုးစားခြင်းလုပ်ငန်း (သို့မဟုတ်) ကုန်ပစ္စည်းလက်ဝယ်မရှိဘဲ ရောင်းချသောလုပ်ငန်းများတို့သည် ရှရီအသ်အရ အတည်မဖြစ်သောကြောင့် တားမြစ်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ရောင်းဝယ်ဖောက်ကားခြင်း အမည်နာမဖြင့် အကျိုးသက်ရောက်မှုရှိသော်လည်း ၎င်းတို့ကို ရောင်းဝယ်ဖောက်ကားခြင်းဟု မခေါ်ဆိုထိုက်ပါ။

ဒုတိယမှာ လုပ်ငန်းရပ်သည် သက်ဆိုင်သူတို့အချင်းချင်း သဘောတူညီချက်ဖြင့် အကျိုးသက်ရောက်စေရပါမည်။ ထို့ကြောင့် ရောင်းချရန်ပစ္စည်းရှိပြီး အရောင်းအဝယ်လည်းဖြစ်သွားခဲ့သည့်တိုင်အောင် ပါဝင်ပတ်သက်သူများအချင်းချင်း သဘောတူညီချက်မရှိပါက ရောင်းဝယ်မှုသည် ခိုင်လုံခြင်းလည်းမရှိ၊ ခွင့်လည်းမပြုနိုင်ပါ။ ထို့ကြောင့် ဤပုံစံနှစ်ခုစလုံးတို့သည် "အချင်းချင်းတို့၏ ဥစ္စာပစ္စည်းများကို မတရားသောနည်းလမ်းဖြင့် စားသုံးပစ်ခြင်း" ဟူသည်တွင် အကျုံးဝင်သွားပါသည်။ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက ပထမပုံစံကို "ဗိုင်းအေဗာသ္ဒိလ်" **البيع البطل** ဟုခေါ်ဆိုပြီး ဒုတိယပုံစံအား "ဗိုင်းအေဖာစိဒ်" **البيع الفسد** ဟု အမည် ပေးထားပါသည်။

ပထမအချက်ကိုရှင်းပြရန် ရောင်းဝယ်ဖောက်ကားခြင်းသည် ကုန်ပစ္စည်းခြင်းတစ်ခုနှင့်တစ်ခု လဲလှယ်ခြင်းကိုပေးထားသောအမည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ တစ်ဖက်တွင်ကုန်ပစ္စည်းရှိပြီး အခြားတစ်ဖက်တွင် ကုန်ပစ္စည်းမရှိပါက ရောင်းဝယ်ဖောက်ကားခြင်းမမည်ပါ။ ဤသည် လိမ်လည်လှည့်ဖြားခြင်းသာဖြစ်သည်။ အတိုး

အခြေခံသော လုပ်ငန်းများတွင် ချေးငွေတစ်ရပ်အပေါ်တွင် သတ်မှတ်ထားသော "အချိန်"အတိုင်းအတာတစ်ခု အတွက် အတိုးပေးရသည်ဖြစ်၍ "အချိန်" သည် ကုန်ပစ္စည်းမဟုတ်သောကြောင့် အထက်ပါအတိုင်း ရောင်းဝယ်ဖောက်ကားခြင်းမမည်ပါ။ လောင်းကစားခြင်းနှင့် အကျိုးအမြတ်ကို မျှော်မှန်းပြီး စျေးအတက်အကျကိုကြည့်ကာ ရောင်းဝယ်ခြင်းတို့သည်လည်း အလားတူပင်ဖြစ်သည်။ ဤတွင် တစ်ဖက်တွင်ကုန်ပစ္စည်းရှိပြီး အခြားတစ်ဖက်တွင်ကုန်ပစ္စည်းရှိသည်ဆိုသည်မှာ သံသယဖြစ်ဖွယ်ရှိပါသည်။ အလားတူစွာ ကြိုတင်မျှော်မှန်းရောင်းဝယ်ခြင်းအပေါ် အခြေခံသောလုပ်ငန်းရပ်များလည်းရှိပါသည်။ ကုန်ပစ္စည်းတော့မရှိပါ။ သို့ရာတွင်ရောင်းခြင်းဝယ်ခြင်း သဘောတူညီချက်ကတော့ ပြုလုပ်ခဲ့ပါသည်။ ဤတွင်လည်း တစ်ဖက်တွင်ကုန်ပစ္စည်းရှိပြီး အခြားတစ်ဖက်တွင်လည်း ကတိကဝတ်ကလွဲ၍ မည်သည်မျှမရှိပါ။ ထို့ကြောင့် မုစ်လင်မ်မမ္မသတ်ပညာရှင်များက ယင်းကို ôybLA– (အလ်ဗိုင်ဘ်)၊ øPabLA (အလ်ဗာတွလ်) အချည်းအနှီးဖြစ်သော ရောင်းဝယ်ခြင်းလုပ်ငန်းဟူ၍ ဥပဒေ သတ်မှတ်သည်။ ဤတွင် ပေးထားသောရှင်းလင်းချက်သည် ခွင့်မပြုသော အရောင်းအဝယ်လုပ်ငန်း ပုံစံအားလုံး တို့ကို ဖယ်ရှားပစ်စေပါသည်။

ဒုတိယအချက်ကို ရှင်းရမည်ဆိုလျှင် ကုန်ပစ္စည်းတစ်ခုကို အခြားကုန်ပစ္စည်းတစ်ခုနှင့် ဖလှယ်သည့် အခြေအနေကို အကျုံးဝင်စေပါသည်။ နှစ်ဖက်စလုံးတွင် ကုန်ပစ္စည်းရှိကြပါသည်။ သို့သော် ဖလှယ်သည့်လုပ်ငန်းလုပ်ဆောင်ရာတွင် အချင်းချင်း သဘောတူညီချက်မရှိခဲ့ကြပါ။ ဤသည်မှာ ရောင်းဝယ်ဖောက်ကားခြင်းဖြစ်သော်လည်း ဤသို့ရောင်းဝယ်ဖောက်ကားခြင်းသည် မှန်လည်းမမှန်ကန်၊ ခွင့်လည်းမပြုသော ရောင်းဝယ်ဖောက်ကားခြင်းပင် ဖြစ်ပါတော့သည်။ ထို့ကြောင့် ဤသည်ကို "ဖာစိဒ်" (မခိုင်လုံ) ဟု ခေါ်တွင်ပြီး ခွင့်လည်းမပြုပါ။

## အချင်းချင်းသဘောတူညီခြင်း၏ စစ်မှန်သောအခြေအနေ

တတိယအမျိုးအစားတစ်ခုလည်း ရှိပါသေးသည်။ ယင်းတွင် နှစ်ဖက်စလုံး၌ ကုန်ပစ္စည်းလည်းရှိပါသည်။ ၎င်းပြင် လုပ်ငန်းဆောင်တာများသည်လည်း နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် တစ်ဖက်၏ သဘောတူညီချက်ကို ၎င်း၏စိတ်ဆန္ဒအလျောက်မဟုတ်ဘဲ အကြပ်ကိုင်ခြင်း ဖိအားပေးခြင်းတို့ဖြင့် ရယူခဲ့သည်။ ထို့ကြောင့် ဤတတိယအမျိုးအစားကိုလည်း ဒုတိယအမျိုးအစားတွင် ထည့်သွင်းခဲ့ပါသည်။ ပမာဆိုသော် လူတစ်ဦးဖြစ်စေ၊ ကုမ္ပဏီတစ်ခုဖြစ်စေတို့က တစ်စျေးလုံးရှိ နေ့စဉ်သုံးပစ္စည်းများကို သိမ်းကျုံးဝယ်ယူကာ သိုလှောင်ပြီးသည့်နောက် စျေးကိုတိုးမြှင့်ကာ စတင်ရောင်းချပါသည်။ ဤပစ္စည်းသည် စျေး၏မည်သည့်နေရာတွင်မျှ မရရှိနိုင်သောကြောင့် စားသုံးသူသည် ရောင်းချသောမည်သည့်အဖိုးအခနှင့်မဆို ဝယ်ယူရန်မှအပ အခြားရွေးချယ်ရန်လမ်းမရှိပါ။ ဤအခြေအနေတွင် စားသုံးသူသည် မိမိဖာသာ စတိုးဆိုင်တွင်သို့ ဝင်ရောက်ခါသူ၏ "သဘောတူညီချက်" နှင့်ဝယ်ယူခဲ့သည်ဆိုသည်မှာ ထင်ရှားသော်လည်း ဤကဲ့သို့သော "သဘောတူညီချက်" သည် အတင်းအကြပ်ပြုလုပ်ခြင်း၏ ရလဒ်ဖြစ်ခြင်းကြောင့် တရားမဝင်ပါ။

အလားတူစွာ ခင်ပွန်းသည်တစ်ဦးက ဇနီးသည် သူနှင့်အတူတကွနေထိုင်စဉ် လုံးဝနေထိုင်မရသည့် အခြေအနေဖြစ်အောင် ပြုလုပ်၍ သူမ၏မဟ်ရ်ကို စွန့်လွှတ်စေရန်ပြုလုပ်ခဲ့ပါလျှင် သူမ၏စွန့်လွှတ်ခြင်းသည် စွန့်လွှတ်ခြင်း၏ စစ်မှန်သောအဓိပ္ပာယ်ဖြစ်သည်ဟု မမှတ်ယူပါ။

သို့မဟုတ်နောက်ထပ်ဥပမာတစ်ခုကို ကြည့်ကြစို့။ လူတစ်ဦးသည် သူ၏တရားဝင်လုပ်ငန်းတစ်ခုအတွက် လာဘ်မထိုးလျှင် မပြီးမြောက်နိုင်ကြောင်း သိရှိသောသူသည် လာဘ်ပေးရန်အဆင်သင့်ဖြစ်သွားပါသည်။ သို့ဆိုလျှင် ဤကဲ့သို့သော စိတ်ပါလက်ပါလာဘ်ထိုးခြင်းနှင့် သဘောတူညီချက်တို့သည် သူ၏လွတ်လပ်သောသဘောဆန္ဒမဟုတ်ပါ။ ထို့ကြောင့် ဤသည်မှာ ဥပဒေအရတရားမဝင်ပါ။

ထို့ကြောင့် ဤသည်က အလွန်ရှင်းလင်းလာပါသည်။ **اِلَّآ اَنۡ تَكُوۡنَ تِجَارَةً عَنۡ تَرَاضٍ مِّنۡكُمۡ** "အချင်းချင်း တစ်ဖက်နှင့်တစ်ဖက်သဘောတူကျေနပ်မှုဖြင့် တစ်စုံတစ်ရာရောင်းဝယ်ဖောက်ကား ပြုလုပ်သည်မှတစ်ပါး" ဟူသောအာယသ်တော်၏ ကန့်သတ်ချက်ကဝယ်ခြင်း၊ ရောင်းခြင်းနှင့် ကုန်သွယ်ခြင်းတို့သည် ထိုပုံစံများအတိုင်း သာလျှင်ဖြစ်ရပါမည်ဟု ရှင်းလင်းတင်ပြပါသည်။ ယင်းပုံစံအတိုင်း မှန်ကန်ကြောင်းကိုလည်း တမန်တော်မြတ် ﷺ သခင်၏ ဟဒီးဆ်သြဝါဒတော် များအရ သက်သေပြပြီးဖြစ်သည်။ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များကယင်းတို့ကိုစုစည်းရုံမျှသာစုစည်းခဲ့ပါသည်။ ထို့ကြောင့် အစ္စလာမ်ရှရီအသ်တရားတော်ကတားမြစ်ထားပြီးခွင့်မပြုသည့် အားလုံးသောဝယ်ခြင်း၊ ရောင်းခြင်းနှင့်ကုန်သွယ်ခြင်းတို့သည် ထောက်ခံအတည်ပြုထားသည့် အဓိကအချက်တွင် မပါဝင်ပါ။ ယင်းတို့ကို ဖယ်ထုတ်ထားခဲ့ပြီးဖြစ်သည်။ အချုပ်ဆိုရလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤစကားတစ်လုံးသည် မုစ်လင်မ်ဥပဒေအတတ်ပညာရပ်၏ အံ့ဖွယ်ရတနာသိုက်ဖြစ်သော အလ်ဗုယူနှင့် အလ်အိဂ်ျဂ်ျာရာ ဘာသာရပ်သေ့ချက် ဖြစ်သည်။

ပထမအာယသ်ဖြစ်သောအာယသ်(၂၉)၏တတိယစာကြောင်းကမိန့်ကြားထားသည်-**وَلَا تَقۡتُلُوۡۤا اَنۡفُسَكُمۡ** "ၔင်းပြင် အသင်တို့သည် မိမိတို့အချင်းချင်း သတ်ဖြတ်ခြင်းကိုလည်းမပြုကြကုန်လင့်"ဟူ၍ ဝေါဟာရအရ ဘာသာပြန်ဆိုထားသည်။ အကျယ်ဖွင့်ဆိုသူများတို့၏ သဘောတူညီချက်အရဆိုလျှင် မိမိကိုယ်ကိုမိမိသတ်သေခြင်းနှင့် တစ်ဦးနှင့်တစ်ဦး မတရားသဖြင့်သတ်ဖြတ်ခြင်းလည်း အကျုံးဝင်ပါသည်။ အာယသ်တော်၏ ပထမစာကြောင်းသည် လူသားအများတို့၏ ဥစ္စာပစ္စည်းရပိုင်ခွင့်တို့အကြောင်းကိုဖော်ပြပြီး ယင်းဥစ္စာပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရန် အလေးအနက်ပြုထားပါသည်။ ကျွန်ုပ်တို့၏ရှေ့မှောက်ရှိ ယခုတတိယဝါကျသည် လူသား၏အသက်နှင့်ဆိုင်သော အခွင့်အရေးများကို ခြုံငုံဖော်ပြထားသည်။ ဤအာယသ်တော်ထဲတွင် "အသက်" ထက် ဥစ္စာပစ္စည်းများကို ဦးစွာဖော်ပြထားရခြင်းမှာ ဥစ္စာပစ္စည်းရပိုင်ခွင့်နှင့်ဆိုင်သော ကိစ္စရပ်များတွင် မတရားမှုနှင့် မေ့လျော့မှုများ များပြားလှသောကြောင့် ဖြစ်ဟန်ရှိပါသည်။ မတရားသတ်ဖြတ်ခြင်းသည် ကြီးကျယ်သောကိစ္စရပ်ဖြစ်သော် လည်း ယင်း၏ဖြစ်လေ့ဖြစ်ထရှိသော နှုန်းထားသည် နည်းပါးပါသည်။ ထို့ကြောင့် ၔင်းကို နောက်မှဖော်ပြထားသည်။

အာယသ်တော် (၂၉) သည်-**اِنَّ اللّٰهَ كَانَ بِكُمۡ رَحِيۡمًا** ဟူသော အဆိုအမိန့်နှင့် အဆုံးသတ်ထားပါသည်။ ဆိုလိုသည်မှာ ဤအာယသ်တော်ပါ "မိမိဥစ္စာပစ္စည်းများကို မိမိတို့အချင်းချင်း မတရားသောနည်းနှင့် စားသုံးခြင်းမပြုကြကုန်လင့်။" သို့မဟုတ် "အသင်တို့သည် မိမိတို့အချင်းချင်း သတ်ဖြတ်ခြင်းကိုလည်း မပြုကြကုန်လင့်။" ဟူသော အမိန့်ပညတ်ချက်တို့သည် အလ္လာဟ်အရှင်မြတ်၏အသနားတော်အဖြစ် အသင်တို့ထံသို့ ရောက်ရှိလာသော အမိန့်ပညတ်ချက်များဖြစ်ပါသည်။ ဤမှားယွင်းသော လုပ်ရပ်များကို ကျူးလွန်မိပါက နောင်လာမည့်ဘဝတွင် အပြစ်ဒဏ်ခတ်ခြင်း ခံရနိုင်သောကြောင့် အသင့်ကိုယ်အသင်ကာကွယ်နိုင်ရန်ဖြစ်သည်။ ၔင်းပြင် ယင်းကဲ့သို့

ကာကွယ်နိုင်သောကြောင့် လက်ရှိဘဝမှာပင် အသင်ခံစားရနိုင်သောပြစ်ဒဏ်များမှ လုံခြုံစွာနေနိုင်မည်ဖြစ်သည်။

ထို့နောက်အာယသ်တော်(၃၀)က- **وَمَنْ يَّفْعَلْ ذٰلِكَ عُدْوَانًا وَّظُلْمًا فَسَوْفَ نُصْلِيْهِ نَارًا** ဟူ၍ မိန့်ကြားထားပါသည်။ ဆိုလိုသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ညွှန်ကြားချက်များနှင့် ဆန့်ကျင်စွာ တစ်စုံတစ်ဦးအား မတရားသဖြင့် သတ်ခြင်းဖြစ်စေ၊ တစ်စုံတစ်ဦး၏ ပိုင်ဆိုင်မှုကို ရယူခြင်းတို့ကိုဖြစ်စေ၊ သိလျက်နှင့်ကြမ်းကြုတ်စွာ မတရားသဖြင့်လုပ်ဆောင်ခဲ့ပါလျှင် အလွှာဟ်အရှင်မြတ်သည် သူ့အားဂျဟန္နမ်ငရဲမီးထဲသို့ ပစ်ချပါလိမ့်မည်။ ဤနေရာတွင် “ကြမ်းကြုတ်စွာ” နှင့် “မတရားသဖြင့်” ဆိုသော ကန့်သတ်ချက်ကဖော်ပြသည်မှာ အကယ်၍ ဤကိစ္စသည် မေ့လျော့ခြင်း၊ မှားယွင်းခြင်းတို့ကြောင့် ဖြစ်ပွားခဲ့ပါက ယင်းကိုဤသတိပေးချက်တွင် အကျုံးမဝင်စေပါ။

v v v v v v v

**အာယသ် (၃၁)**

إِن تَجْتَنِبُوا كَبَائِرَ مَا تُنْهَوْنَ عَنْهُ نُكَفِّرْ عَنكُمْ سَيِّئَاتِكُمْ وَنُدْخِلْكُم مُّدْخَلًا كَرِيمًا ﴿٣١﴾

**(အို-"မုအ်မင်န်" သင်ဝင်ယုံကြည်သူ အပေါင်းတို့၊) အကယ်၍ အသင်တို့သည် မိမိတို့အား မြစ်တားပြီးဖြစ်သော၊ ကြီးလေးသော ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်၍ နေကြပါမူ၊ ငါအရှင်မြတ်သည် အသင်တို့၏(သေးငယ်သော) မကောင်းမှုဒုစရိုက်တို့ကို အသင်တို့မှ ကျေအေးစေတော်မူ၍ အသင်တို့အား ဂုဏ်အသရေ ထူးကဲမွန်မြတ်သောဌာနသို့ ဝင်ရောက်စေတော်မူအံ့။(၄း၃၁)**

## ဖြောင့်မတ်မှန်ကန်သောလုပ်ရပ်များ
## သေးငယ်သော ပြစ်မှုဂုနာဟ်များအတွက် ကဖာရဟ်ပြုလုပ်ခြင်း

}R-af#-|-"ကဖာရဟ်" ဆိုသည်မှာ အမှားကိုပြုပြင်ခြင်းနှင့် ကျေအေးစေရန်လုပ်ဆောင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဆိုလိုရင်းသည် သေးငယ်သော ပြစ်မှုများအတွက် ဖြောင့်မတ်မှန်ကန်သော လုပ်ရပ်များကို "ကဖာရဟ်" ဟု မှတ်ယူလိမ့်မည်။ ယင်းကဲ့သို့လုပ်ဆောင်ခြင်းသည် သေးငယ်သော ပြစ်မှုဂုနာဟ်များအား ကျေအေးသွားစေကာ ပြစ်ဒဏ်ခံရခြင်းအစား ဆုလာဘ်ရခြင်းနှင့် ငရဲအစား ဂျန္နသ်သို့ဝင်ရောက်ရခြင်းကို ဖြစ်စေပါသည်။ ဤသည်မှာ ခိုင်လုံသော ဟဒီးဆ်တော်တစ်ပုဒ်အတိုင်းပင် ဖြစ်ပါသည်။ ယင်းတွင်မိန့်ကြားထားသည်မှာ လူတစ်ဦးသည် ဆွလာသ်ဝတ်ပြုရန်အတွက် ဝုသူသန့်ရှင်းစင်ကြယ်ခြင်းပြုလုပ်ရာတွင် သူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်းတိုင်းကို သန့်ရှင်းစေရန်ပြုလုပ်ခြင်းသည် သူ၏ပြစ်မှုဂုနာဟ်များအတွက် ကဖာရဟ် ဖြစ်စေပါသည်။ မျက်နှာကိုသန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ခြင်းအားဖြင့် မျက်စေ့၊ နားနှင့် နှာခေါင်းတို့ဖြင့် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ကဖာရဟ် ဖြစ်စေပါသည်။ ဂရ်ဂါ (နှုတ်ကျင်း)လုပ်ခြင်းသည် နှုတ်လျှာဖြင့် ကျူးလွန်မိသော ပြစ်မှုများအတွက် ကဖာရဟ်ဖြစ်စေပါသည်။ ခြေထောက်များကို ဆေးကြောခြင်းဖြင့် ခြေထောက်များဖြင့် ကျူးလွန်မိသော အပြစ်များအတွက် ကဖာရဟ်ဖြစ်စေပါသည်။ ၎င်းပြင် သူသည် ဗလီဝတ်ကျောင်းတော်သို့ လမ်းလျှောက်သွားရာ၌ ကျူးလွန်ထားခဲ့သော အပြစ်များအတွက် ကဖာရဟ်ဖြစ်စေပါသည်။

## ကြီးမားသော ပြစ်မှုများအတွက် သောင်ဗဟ်ပြုခြင်းဖြင့်သာလျှင် ခွင့်လွှတ်ခြင်းခံရပါမည်

ဤအာယသ်တော်မှ ကျွန်ုပ်တို့တွေ့ရှိရသည်မှာ ဟဒီးဆ်တော်ပါအပြစ်များ ပြေငြိမ်းစေသော ဖြောင့်မတ်မှန်ကန်သည့်လုပ်ရပ်များဖြစ်သော ဝုဇူ၊ ဆွလာသ်နှင့် အခြားသောလုပ်ရပ်များသည်သေးငယ်သော အပြစ်များ

အတွက်သာ ဖြစ်ပါသည်။ ကြီးမားသော အပြစ်ဂုနာဟ်များအတွက် သောင်ဗဟ်ဝန်ချတောင်းပန်ခြင်း မပြုလုပ်ပါက ၎င်းတို့အား ခွင့်မလွှတ်ပါ။ သေးငယ်သောအပြစ်များအတွက်မှာ တစ်စုံတစ်ဦးသည် ကြီးမားသော ပြစ်မှုများမှ ရှောင်ကြဉ်ရန်ကြိုးပမ်းအားထုတ်ခြင်းနှင့် အမှုကိုကျူးလွန်မိခြင်းမှ လုံခြုံစိတ်ချစွာနေသင့်သည်ဟူသော အချက်ပင်ဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့အတွက် သတိပေးမှုတစ်ရပ်ဖြစ်စေပါသည်။ အကယ်၍ တစ်စုံတစ်ဦးသည် ကြီးမားသောအပြစ်များကို ကျူးလွန်နေပြီး ဝုသူပြုလုပ်ကာ ဆွလာသ်ဝတ်ပြုသည့်တိုင်အောင် ဤဝိုသူ၊ ဆွလာသ်နှင့် အခြားသော ဖြောင့်မတ်မှန်ကန်သောလုပ်ရပ်တို့သည် ကြီးမားသောအပြစ်များကို မဆိုထားဘိ၊ သူ၏သေးငယ်သော ပြစ်မှုများကိုပင် လုံးဝပြေအေးစေလိမ့်မည် မဟုတ်ပါ။ သူ၏ကြမ္မာကိုအဆုံးအဖြတ်ပေးမည့် ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ သူ၏ကြီးမားသောပြစ်မှုများ၊ သေးငယ်သောပြစ်မှုများဟူသော လေးလံသော ဝန်ထုတ်ကြီးကို ထမ်းရွက်စဉ် ဝန်ထုတ်ပေါ့ပါးစေရန် မည်သူမျှ ကူညီလိမ့်မည်မဟုတ်ဟူသော သတိပေးချက်ပင် ဖြစ်သည်။

ပြီးခဲ့သောအာယသ်တော်များထဲတွင် အချို့သောကြီးမားသော ပြစ်မှုဂုနာဟ်များအကြောင်း ယင်းတို့ကို ကျူးလွန်သောသူများအား ပြင်းထန်သည့်ပြစ်ဒဏ်ပေးခြင်း ခံရလိမ့်မည်ဆိုသော သတိပေးချက်ဖော်ပြထားခဲ့သည်ကို ပြန်လည်သတိရပါလိမ့်မည်။ ပြစ်မှုတစ်ခုအတွက် ပြစ်ဒဏ်ပေးမည်ဟု သတိပေးရာတွင် နာခံခြင်းဘက်ဆီသို့ အချို့သောဆွဲဆောင်သည့် အသွင်နှင့် ဆက်လက်ဖော်ပြထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးခြားသော ဟန်ပန်ပင်ဖြစ်သည်။

လက်ရှိအာယသ်တော်တွင်လည်း အလ္လာဟ်အရှင်မြတ်၏ သီးသန့်ဆုလာဘ်တစ်ခုကို ဖော်ပြထားသည်။ ထို့ပြင် လူအများအား ကြီးမားသောအပြစ်ဂုနာဟ်ရှောင်ကြဉ်ခြင်းအားဖြင့် ထိုဆုလာဘ်ရစေနိုင်ကြောင်း ဆွဲဆောင်ထားသည်။ ထိုဆုလာဘ်ရရှိလျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏သေးငယ်သော ပြစ်မှုဂုနာဟ်များကိုလည်း အရှင်မြတ်အလိုတော်အရ ခွင့်လွှတ်ပါလိမ့်မည်။ ထို့ကြောင့် အပြစ်အကြီးအသေးအားလုံး ကင်းစင်သွားကာ ငြိမ်းချမ်း၍ ဂုဏ်တင့်တယ်သော ဂျန္နသ်သုခဘုံသို့ ဝင်ရောက်နိုင်ရန် မျှော်မှန်းနိုင်ပေသည်။

## အပြစ်ဂုနာဟ် နှစ်မျိုးနှစ်စား

ဤအာယသ်တော်က ဂုနာဟ်အပြစ်နှစ်မျိုးနှစ်စားရှိသည်ဟု ကျွန်ုပ်တို့အား ပြောကြားသည်။ ယင်းတို့မှ အချို့မှာကဗီရဟ်ဟူသည့် ကြီးမားသောအပြစ်များဖြစ်ကာ အခြားတို့မှာ ဆွဂီရဟ်(အာယသ်တော်ထဲတွင် ] @-y#_S- စိုင်ယိအဟ်ဟူသောဝေါဟာရအဖြစ် ဖော်ပြထားသည်) ခေါ် သေးငယ်သောအပြစ်များဖြစ်ကြသည်။ တစ်စုံတစ်ဦးသည် ကြီးမားသော အပြစ်များမှ ရှောင်ကြဉ်ခြင်းတွင် သတ္တိမွေးကာ အောင်မြင်အောင်ရှောင်ရှားနိုင်မည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်အလိုတော်နှင့် ၎င်း၏သေးငယ်သော ပြစ်မှုဂုနာဟ်များကိုလည်း ခွင့်လွှတ်တော်မူလိမ့်မည်ဟု ကတိတော်ပြုထားခဲ့သည်။

ကြီးမားသောပြစ်မှုဂုနာဟ်များမှ ရှောင်ကြဉ်ရာတွင် အားလုံးသောမပြုမနေရ တာဝန်(ဖရသ်ဖ်နှင့် ဝါဂ်ဗိ) တာဝန်များ ဖြည့်ဆည်းခြင်းလည်း ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့ကို လျစ်လျူရှုခြင်းနှင့် စွန့်လွှတ်ခြင်း

သည်ပင်လျှင် ကြီးမားသောအပြစ်တစ်ခုဖြစ်သောကြောင့်ပင်တည်း။ ထို့ကြောင့် ကျွန်ုပ်တို့နိဂုံးချုပ်ဆိုရလျှင် အကယ်၍ တစ်စုံတစ်ဦးသည် မပြုမနေရတာဝန်အားလုံးကို ကျေပွန်စွာဖြည့်ဆည်း၍ အားလုံးသော ပြစ်မှုဂိုနာဟ် ကြီးများမှ ရှောင်ကြဉ်လျှင် အလွှာဟ်အရှင်မြတ်သည် ၎င်း၏သေးငယ်သော ဂုနာဟ်အပြစ်များကို အပြစ်မယူ ခွင့်လွှတ်တော်မူလိမ့်မည်ဖြစ်သည်။

## ကြီးမားသောအပြစ်နှင့် သေးငယ်သောအပြစ်များကို ရှင်းလင်းခြင်း

ဤအာယသ်တော်တွင် သုံးနှုန်းထားသော r#!_a`b-|- ကဗာအိရ်ဟူသည့် စကားလုံးသည် ကြီးမားသောအပြစ်များ ဆိုသည့် ကဗီရဟ်၏ အများကိန်းဖြစ်သည်။ ကျွန်ုပ်တို့ရှေ့မဆက်မီ "ကြီးမားသောအပြစ်ဂုနာဟ်"၏ သဘာဝနှင့် မည်သည်တို့ဖြစ်သည်ကို နားလည်ထားသင့်သည်။ သေးငယ်သော အပြစ်ဂုနာဟ်များတို့၏ ရှင်းလင်းချက်နှင့် ယင်းတို့၏ အရေအတွက်များကိုလည်း ကျွန်ုပ်တို့ သိသင့်ပေသည်။ အရေးကြီးသည့် အကြောင်း ဖြစ်သည့်အလျှောက် မုစ်လင်မ်အုမ္မသ်ထုမှ ပညာရှင်များသည် ဤအကြောင်းကို ရှင်းလင်းစေရန် ထောင့်ပေါင်းစုံမှ စာအုပ်စာတမ်းများ ပုံမှန်ထုတ်ဝေခဲ့သည်။

ဦးစွာပထမ ကျွန်ုပ်တို့သိရှိရမည်မှာ အကြွင်းမဲ့အဓိပ္ပာယ်အရ "ဂုနာဟ်အပြစ်"ဟူသည် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်နှင့် ဆန္ဒတော်ကို ဆန့်ကျင်၍လုပ်ဆောင်သော အပြုအမူတစ်ရပ်၏ အမည်ပင်ဖြစ်သည်။ ဤသီခြားအချက်မှစရမည်ဆိုလျှင် r-y^g_U- "ဆွဂီရဟ်"ဟု ကျွန်ုပ်တို့သိသော အပြစ်ဖြစ်သည့် ဘာသာရပ်ဆိုင်ရာ သေးငယ် သောအပြစ်ဟူသည်မှာ စင်စစ်ယင်းကိစ္စသည် အပြစ်ဂုနာဟ်နှင့် ပတ်သက်လျှင် သေးငယ်သောအပြစ်ဟု မခေါ် ဆိုနိုင်ကြောင်း ကျွန်ုပ်တို့မြင်နိုင်ပါသည်။ အလွှာဟ်အရှင်မြတ် အမိန့်မနာခံခြင်းနှင့် အရှင်မြတ်ဆန္ဒတော်ကို ဆန့်ကျင်ဖီဆန်ခြင်းသည် မလွဲမသွေကြီးမားသော ပြစ်မှုကြီးဖြစ်ပေသည်။ ထို့ကြောင့် ဤအမြင်ပေါ် အခြေခံ၍ မုစ်လင်မ်အုမ္မသ်ထု၏ ပညာရှင်အများစုက အလွှာဟ်အရှင်မြတ်အမိန့်မနာခံမှုတိုင်းနှင့် အရှင်မြတ်ဆန္ဒတော်ကို ဆန့်ကျင်မှုတိုင်းသည် ကဗီရဟ်ခေါ် ကြီးမားသောပြစ်မှုဂုနာဟ်မှအပ အခြားမည်သည်မျှမဟုတ်ဟု ဥပဒေထုတ်ပြန်ခဲ့ကြသည်။ ကဗီရဟ်နှင့် ဆွဂီရဟ်ကြီးမားသောအပြစ်နှင့် သေးငယ်သောအပြစ်ဟု ခွဲခြားခြင်းသည် ယင်းတို့နှစ်ခုကြား တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ရန်အတွက်သာဖြစ်သည်။ ဤအယူအဆအရ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိ အဗ္ဗာစ်﴿ رضي الله عنهما ﴾သခင်က တင်ပြခဲ့သည်မှာ-**كل مانهى عنه فهو كبيرة** ဆိုလိုသည်မှာ ရှရီအသ်တရားတော်က တားမြစ်ထားသော မည်သည့်လုပ်ရပ်မျိုးကိုမဆို ကျူးလွန်ပါက ယင်းသည် ကြီးမားသောအပြစ်တစ်ခု ဖြစ်သည်။

အချုပ်မှာ ပညာရပ်ဆိုင်ရာ ဝေါဟာရအရ သေးငယ်သောအပြစ်ဆိုသည့် ဂုနာဟ်ကိုလူအများသည် ပေါ့လျော့စွာ ပျင်းရိစွာ (သို့) ဤသည်မှာ သာမန်ကိစ္စပါဟုဆို၍ လျစ်လျူရှုကာ မကျူးလွန်သင့်ချေ။ ဤသည်နှင့် ဆန့်ကျင်စွာ ပြောရလျှင် သေးငယ်သော အပြစ်ဂုနာဟ်တစ်ခုကို အကယ်၍ အရှက်အကြောက်ကင်းမဲ့စွာ (သို့) ဂရုမစိုက်ဘဲ လုပ်ဆောင်ခဲ့လျှင် သေးငယ်သောအပြစ်သည် ကြီးမားသောအပြစ်တစ်ခုဖြစ်လာမည်။ အချို့သော ပညာရှိများက ကြီးသော အပြစ်တစ်ခုနှင့် သေးငယ်သောအပြစ်တစ်ခု၏ ကောင်းမွန်သောဥပမာတစ်ရပ်ကို ပေးထားသည်မှာ ကင်းမြီးကောက်အကြီးဖြစ်စေ၊ ကင်းမြီးကောက်အသေးဖြစ်စေ(သို့) ကြီးမားသော မီးကျီးခဲနှင့် မီးပွားလေးတို့ကြောင့်ဖြစ်စေဖြစ်ပေါ်လာသော လူသားတို့၏ နာကျင်ခံစားမှုတွင် ကြီးကြီးသေးသေးအတူတူပင်

ဖြစ်သည်ဟု ဥပမာပြကြသည်။ ထို့ကြောင့် မုဟမ္မဒ်အိဗ်နိကအဗ်အလ်ကုရာဇီက ပြောသည်မှာ အလ္လာဟ်အရှင်မြတ်အတွက် အကြီးမားဆုံးသောခဝတ်ကိုးကွယ်မှုပြုခြင်းသည် ပြစ်မှုများကိုရှောင်ကြဉ်ခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ကို အောက်မေ့သတိရတသ၍ ဝတ်ပြုဆောက်တည်နေသူများသည် ပြစ်မှုများကို မရှောင်ကြဉ်လျှင် ယင်းတို့၏ အိဗာဒသ်ခဝတ် ကိုးကွယ်မှုကို လက်ခံမည် မဟုတ်ချေ။ ဟဇရသ် ဖဇ်ဒိုင်းအိဗ်နိအိယားဇ် ပြောခဲ့သည်မှာ သင်သည်ပြစ်မှုတစ်ခုကို ပေါ့ပေါ့တန်တန်ဟု မှတ်ယူလေလေ အလ္လာဟ် အရှင်မြတ်နှင့်ပတ်သက်လျှင် ထိုပြစ်မှုသည် အပြစ်ကြီးလေလေ ဖြစ်ပေသည်။ မုစ်လင်မ်အုမ္မသ်ထု၏ အလွန်ဖြောင့်မတ်မှန်ကန်ဆုံးသော အကြီးအကဲများက ပြောကြားလေ့ရှိသည်မှာ အပြစ်ဂုနာဟ်တိုင်းသည် ကုဖုရ်ဖြစ်စေသော ဆက်သားဖြစ်သည်။ ယင်းသည် လူအများအား မယုံ ကြည်သွေဖည်ငြင်းပယ်သူများ၏ ညာဉ်ဖြစ်သော ကိုယ်ကျင့်တရားနှင့် အပြုအမူများဆီသို့ ဖိတ်ခေါ်သည်။

မုစ်နတ်အဟ်မဒ်ကျမ်းအရ စိုက်ယိဒါဟ် အာအိရှာဟ်﴿ﷺ﴾သခင်မသည် စိုက်ယိဒိနာ မုအာဝိယဟ်﴿ﷺ﴾သခင်ထံ ရေးသားသောစာတစ်စောင်တွင် အလ္လာဟ်အရှင်မြတ်အမိန့်မနာခံသော အလ္လာဟ်ကျေးကျွန်တစ်ဦးသည် သူ၏ဘက်တော်သားများက အပြစ်ကိုရှာသူများဖြစ်လာကြကာ မိတ်ဆွေများသည် ရန်သူများဖြစ်လာသည်ကို တွေ့ရှိရကြောင်း မိန့်ကြားခဲ့သည်။ အပြစ်များကို ဂရုမစိုက်ခြင်းသည် လူတစ်ယောက် ထာဝရပျက်စီးစေခြင်း၏ အကြောင်းရင်း ဖြစ်သွားပါသည်။ ခိုင်လုံသောဟဒီးဆ်တော်တစ်ရပ်တွင်လာရှိသည်မှာ တမန်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြားခဲ့သည်၊ စစ်မှန်သောယုံကြည်သူတစ်ဦးသည် အပြစ်ဂုနာဟ်ကျူးလွန်လိုက်လျှင် ၎င်း၏နှလုံးသား၌ အမဲစက်တစ်စက်ပေါ်လာပါသည်။ အကယ်၍ သူသည်ပြစ်မှုကျူးလွန်၍ အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာမှု တောင်းခံရယူခဲ့လျှင် ဤအစက်အပျောက်သည်ကွယ်ပျောက်သွားလေသည်။ အကယ်၍ သူသည် သောင်ဗဟ်ဝန်ချ တောင်းပန်ခြင်းမပြုလုပ်ပါက ဤအမဲစက်သည် တစ်ဖြည်းဖြည်းကြီးလာကာ ၎င်း၏နှလုံးသားတစ်ခုလုံး ဖုံးလွှမ်းလာပါလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ ဤအစက်အပျောက်ကို ရာန် ––AR– (စဉ်း၁၄) တွင် မိန့်ကြားထားသည်မှာ كَلَّا بَلْ رَانَ عَلَىٰ قُلُوبِهِم مَّا كَانُوا يَكْسِبُونَ ဟူ၍ဖြစ်ကာ ဆိုလိုသည်မှာ သူတို့၏ မကောင်းမှုလုပ်ရပ်များသည် ၎င်းတို့၏ နှလုံးသားများကို သံချေးတက်စေသည်ဟု ဖြစ်သည်။

သို့သော်လည်း အပြစ်များကြောင့် ဖြစ်ပေါ်လာသည့် အကျင့်စရိုက်ပျက်ယွင်းမှုများ၊ သူတို့ကြောင့်ဖြစ်ပေါ်လာသော မကောင်းသည့်ရလဒ်များနှင့် ၎င်းတို့ကြောင့်ဖြစ်ပေါ်လာသော ဆိုးကျိုးများကိုသိရှိရန် နည်းလမ်းတစ်ရပ်ရှိရန်ကားလိုအပ်သည်။ ထို့ကြောင့် ဤခွဲခြားရန် လိုအပ်ချက်အရ အချို့သောပြစ်မှုများသည်ကြီးမား၍ အချို့သောပြစ်မှုများသည် သေးငယ်သည်ဟုခေါ်ဆိုသည်။

## ကြီးမားသော ပြစ်မှုများ

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်တို့တွင် ညွှန်းထားသကဲ့သို့ အလွန်လေးစားဖွယ်ကောင်းသော အကြီးအကဲများ၏ ရှင်းလင်းချက်အရ “ကဗာအိရ်”၏ အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ ထိုပြစ်မှုသည် ကုရ်အာန်ကျမ်းတော်မြတ် (သို့) စွန္နသ်တော်တို့က ဤလက်ရှိဘဝတွင် ကျင့်သုံးရန် ဟတ်ဒ်(သို့) အပြစ်ဒဏ်ခတ်မှု သတ်မှတ်ဖော်ပြပြီးဖြစ်ခြင်း၊ ဤပြစ်မှုအတွက် “လအ်နတ်”ကျိန်စာပေးပြီးဖြစ်ခြင်း၊ ဤပြစ်မှုအတွက်ဂျဟန္နမ်ငရဲမီးတွင် အပြစ်ပေး

ခံရမည်ဖြစ်ကြောင်း လေးနက်သည့်သတိပေးမှုဖော်ပြ ပြီးဖြစ်ခြင်းတို့သည် ကြီးမားသောပြစ်မှုများဖြစ်ကြသည်။ အလားတူပင် အပြစ်ဂုနာဟ်တိုင်း၏ မကောင်းမှုရလဒ်သည် ကြီးမားသောပြစ်မှုထက်သာလွန်ခြင်း (သို့) တူညီခြင်း ဖြစ်ပါက ယင်းကိုကြီးလေးသောပြစ်မှုဟု မှတ်ယူရမည်။ ပြစ်မှုတစ်ခုကို ပုန်ကန်သည့်သဘောနှင့် ပြုလုပ်ခြင်း၊ ပြစ်မှုတစ်ခုကို အမြဲတစေအကျင့်ဓလေ့အဖြစ် ပြုလုပ်ခြင်းတို့သည်လည်း ကြီးလေးသောအပြစ်များတွင် အကျုံးဝင်သည်။

တစ်စုံတစ်ဦးသည် စိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ်﴿ﷺ﴾သခင်ရှေ့တွင် ကြီးမားသောပြစ်မှုသည် (၇)ခု ရှိသည်ဟု ပြောကြားခဲ့သည်။ ဆွဟာဗဟ်ကြီးက "ခုနှစ်ခုမဟုတ်၊ ခုနှစ်ရာဟု ပြောလျှင်ပို၍ လျော်ကန်ပေသည်" ဟု မိန့်ကြားခဲ့သည်။ အိမာမ် အိဗ်နိဟဂ်ျရ်အလ်မက္ကီသည် ၎င်း၏ကျမ်းအလ်ဇဝါဂ်ျရ်တွင် အထက်ပါရှင်းလင်းချက်အရ"ကဗာအိရ်"တွင်အကျုံးဝင်သော ပြစ်မှုဂုနာဟ်များတို့ကို ယင်းတို့၏ပြည့်စုံသော ရှင်းလင်းချက်နှင့်အတူ စာရင်းတစ်ခု ဖော်ပြထားပါသည်။ သူ၏ကျမ်းထဲတွင် ကြီးမားသောပြစ်မှုဂုနာဟ်စာရင်းမှာ (၄၆၇) အထိပင်ရှိသည်။ ဤကိစ္စရပ်၏အမှန်တရားမှာ အချို့သောပညာရှင်များက ပေါ်လွင်ထင်ရှားသည့်ကြီးမားသော ပြစ်မှုဂုနာဟ်များကိုရည်တွက်လျှင် လုံလောက်ကြောင်းယူဆ၍ ၎င်းတို့ပြုစုသောစာရင်းမှာ အရေအတွက်အားဖြင့် နည်းပေသည်။ အခြားပညာရှင်များကမူ ပြစ်မှုဂုနာဟ်များကို အသေးစိတ်၍ အဆင့်ခွဲခြင်း၊ ထပ်ဆင့်ခွဲခြမ်းစိတ်ဖြာခြင်းတို့ကြောင်း ၎င်းတို့စာရင်း၏ အရေအတွက်မှာ ပို၍များပြားပေသည်။ ထို့ကြောင့် ဤကိစ္စတွင် ဝိရောဓိ (တစ်ခုနှင့်တစ်ခု ဆန့်ကျင်မှု) မဖြစ်ကြပါ။ တမန်တော်မြတ်﴿ﷺ﴾သခင်ကိုယ်တိုင်က မြောက်မြားစွာသော ပြစ်မှုဂုနာဟ်များကို ကြီးမားသောပြစ်မှုဂုနာဟ်များအဖြစ် ထောက်ပြခဲ့ပေသည်။ ထို့နောက် ကိုယ်တော်မြတ်﴿ﷺ﴾သခင်သည် အခြေ အနေနှင့် လျော်ညီစွာ သုံးခု၊ ခြောက်ခု၊ ခုနှစ်ခု (သို့) အချို့နေရာတွင် ပိုများစွာသတ်မှတ်ဖော်ပြခဲ့ပါသည်။ ဤသည်မှ မုစ်လင်မ်အုမ္မတ်ထု၏ ပညာရှင်များက ကောက်ချက်ချကြသည်မှာ ယင်းအရေအတွက်သည် ကမ္ဘာလုံးဆိုင်ရာမိန့်ဆိုချက်တစ်ရပ်အဖြစ် သတ်မှတ်ဖော်ပြခြင်းမဟုတ်ကြောင်း ရည်ရွယ်ရင်းဖြစ်ပေသည်။ ဟဒီးဆ်တော်တစ်ရပ်ပါ အရည်အတွက်တစ်ခုစီသည် ယင်းအချိန်အခါအတွက်ဖြစ်ကာ ထိုအချိန်၌ လိုက်လျောညီထွေသော အရေအတွက်သာဖြစ်သည်။

မုစ်လင်မ်နှင့် အလ်ဗုခါရီကျမ်း၏ ဟဒီးဆ်တော်တစ်ရပ်တွင် ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﴿ﷺ﴾ သခင်မိန့်ကြားခဲ့သည်မှာ ကြီးမားသောပြစ်မှုစာရင်းတွင် ထိပ်မှပါဝင်သောပြစ်မှုဂုနာဟ်ကို ကျွန်ုပ်သင့်ကို သတိပေးပါသည်။ ယင်းတို့မှာ သုံးခုရှိ၍ (၁) အဖန်ဆင်းခံတစ်ဦးဦးအား အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲခြင်း (၂) မိဘအမိန့်ဖီဆန်ခြင်းနှင့် (၃) လိမ်လည်ခြင်း (သို့) မမှန်သက်သေထွက်ခြင်းတို့ဖြစ်သည်။ ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတို့တွင်ပင် အခြားဆင့်ပြန်မှု၌ တင်ပြထားသည်မှာ တစ်စုံတစ်ဦးသည် တမန်တော်မြတ်﴿ﷺ﴾သခင်ထံမေးမြန်းလျောက်ထားသည်မှာ ဂုနာဟ်အားလုံးတွင် မည်သည့်ပြစ်မှုဂုနာဟ်သည် အကြီးမားဆုံးနည်းဟု မေးခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾သခင်မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်သည် အသင့်အားဖန်ဆင်းခဲ့သော်လည်း အသင်သည် အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲကိုးကွယ်ခြင်းကိုပြုလုပ်ခဲ့သည်။ ထိုပြစ်မှုကြီး၏နောက်တွင် ပြစ်မှုအပေါင်းတို့ထက် မည်သည့်ပြစ်မှုသည် အပြစ်ကြီးဆုံးဖြစ်ပါသနည်းဟု မေးလျှောက်ခဲ့သည်။ မိမိ၏ဝမ်းထဲမှ ကလေးအားကျွေးမွေးစောင့်ရှောက်ရမည်ကိုကြောက်သောကြောင့် မိမိကလေးကိုသတ်သောသူဟူ၍ မိန့်ကြားခဲ့ပါသည်။ ထိုသည်

၏နောက် အပြစ်အားလုံးတွင် မည်သည့်အပြစ်သည် အကြီးဆုံးပါနည်းဟု တမန်တော်မြတ်﴿ﷺ﴾သခင်အား လျှောက်ထားသည်။ တမန်တော်မြတ်﴿ﷺ﴾သခင်က မိန့်ကြားတော်မူသည်မှာ အိမ်နီးနားခြင်း၏ ဇနီးသည်နှင့် ကာမဆက်ဆံရကျိုးလွန်သောသူဖြစ်သည်။ မိမိ၏ မိသားစုကို ကာကွယ်စောင့်ရှောက်သကဲ့သို့ မိမိ၏ အိမ်နီးနားခြင်း၏ မိသားစုကိုလည်း ကာကွယ်စောင့်ရှောက်ခြင်းသည် လူသားများအားလုံး၏ တာဝန်ဝတ္တရားဖြစ်၍ ထိုပြစ်မှုကျူးလွန် ခြင်း၏ လေးနက်မှုသည် နှစ်ဆဖြစ်သွားပါသည်။

အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတွင် ဖော်ပြထားသော အခြားသောဟဒီးဆ်တော်တစ်ပုဒ်အရ တမန်တော်မြတ်﴿ﷺ﴾သခင်က မိန့်ကြားသည်မှာ မိမိ၏မိဘများအား ဆဲရေးတိုင်းထွာခြင်းသည်လည်း ကြီးမားသော ပြစ်မှုတစ်ခုပင်ဖြစ်သည်။ အံ့သြစွာဖြင့် ဆွေဟာဗဟ်သာဝကြီးများက တမန်တော်မြတ်﴿ﷺ﴾သခင်အား လျှောက်ထားသည်မှာ အို-အလ္လာဟ်အရှင်မြတ်၏ တမန်တော် တစ်စုံတစ်ဦးသည် မိမိ၏မိဘများကို ဆဲရေးတိုင်းထွာသည်မှာ မည်ကဲ့သို့ဖြစ်နိုင်ပါမည်နည်း။ တမန်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြားသည်မှာ ဖြစ်နိုင်ပါသည်။ ဟုတ်တယ် လူတစ်ယောက်သည် အခြားသူတစ်ယောက်၏ မိဘများကို ဆဲရေးတိုင်းထွာခြင်းကြောင့် အဆဲခံရသူသည် ဆဲရေးသူ၏မိဘများကိုလည်း ပြန်လည်ဆဲရေးတိုင်းထွာခဲ့ပါသည်။ ဤသည်တို့ကြောင့် အကယ်၍ စတင်ဆဲရေးသူသည် ၎င်းကြောင့် ပြန်အဆဲခံရကာ ကိုယ့်မိဘကိုထိသဖြင့် ကိုယ့်မိဘကို ဆဲသည်နှင့် တူပေသည်။

ရှဟီးဒ်အလ်ဗုခါရီကျမ်းပါ ဆင့်ပြန်ချက်တစ်ရပ်တွင် တမန်တော်မြတ်﴿ﷺ﴾သခင်က ရှိရ်ခ် (အလ္လာဟ်အရှင်မြတ်ကို တုဖက်ယှဉ်တွဲခြင်း)၊ မတရားသဖြင့် သတ်ဖြတ်ခြင်း၊ ဖမဲ့ကလေးတို့၏ ပစ္စည်းများကို မတရားသောနည်းလမ်းများဖြင့် စားသုံးခြင်း၊ အတိုးစားခြင်း၊ ဂျိဟားဒ်စစ်မြေပြင်မှထွက်ပြေးခြင်း၊ ကာယိန္ဒြေရှိအမျိုးသမီးများအား မမှန်မကန်စွပ်စွဲခြင်း၊ မိဘအမိန့်မနာခံခြင်းနှင့် ကအ်ဗဟ်ကျောင်းတော်ကြီးကို မလေးမစားပြုလုပ်ခြင်းတို့သည် ကြီးမားသောအပြစ်များ ဖြစ်ကြသည်ဟု ရေတွက်ဖော်ပြခဲ့သည်။ အချို့သောဟဒီးဆ်တော်တွင် ဆင့်ပြန်ခဲ့သည်မှာ လူတစ်ဦးသည် ကာဖိရ်များနေထိုင်သော နိုင်ငံ (ဒါရုလ်ကုဖုရ်)တွင် နေထိုင်ရာမှ ယုံကြည်သူများနေထိုင်သော နိုင်ငံ (ဒါရုလ်အစ္စလာမ်) သို့ ပြောင်းရွှေ့နေထိုင်ကာနောက်မှ တစ်ဖန်ပြန်၍ ကာဖိရ်နိုင်ငံသို့ပြန်လည်ပြောင်းရွှေ့နေထိုင်ခဲ့လျှင် ယင်းကိုလည်း ကြီးမားသောပြစ်မှုအဖြစ် ဥပဒေသတ်မှတ်ထားသည်။

အခြားသော ဟဒီးဆ်ဆင့်ပြန်ချက်များလည်းရှိသည်။ ယင်းတို့ထဲမှ အချို့သောအပြုအမူများကိုလည်း ကြီးလေးသောအပြစ်စာရင်းတွင် ထည့်သွင်းထားသည်။ ပမာဆိုသော် မမှန်မကန်ကျိန်ဆိုခြင်း၊ တစ်စုံတစ်ဦးလိုအပ်သည်ထက်ပို၍ ရေမျှားသိုလှောင်ထားကာ လိုအပ်သူများနှင့် မျှဝေသုံးစွဲရန် ငြင်းဆိုခြင်း၊ ဂျာဒူပရောဂ (စုန်းကဝေမှော်အတတ်) သင်ယူခြင်း၊ လက်တွေ့လုပ်ခြင်းတို့ဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြားခဲ့သည်မှာ အရက်သေစာသောက်စားခြင်းသည် ကြီးမားသောအပြစ်များတွင် အကြီးဆုံးသောအပြစ်ဖြစ်သည်။ ကိုယ်တော်မြတ်က ဆက်၍မိန့်ကြားသည်မှာ အရက်သေစာသောက်စားခြင်းသည် အားလုံးသောရှက်ဖွယ်ကိစ္စရပ်များ၏ မိခင်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အရက်မူးသည်နှင့်တစ်ပြိုင်နက် လူသည်မည်သည့်တွေးတောကြံဆနိုင်ဖွယ် မကောင်းမှုမဆိုပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။ အခြားဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်﴿ﷺ﴾သခင် မိန့်ကြားထားသည်မှာ မုစ်လင်မ်ညီနောင်တစ်ဦး၏ အကျင့်စာရိတ္တကို ထိပါးစေသော အပြစ်တစ်ခုနှင့် စပ်ဆိုင်စေခြင်းသည် ကြီးလေးသောပြစ်မှုများတွင် အကြီးလေးဆုံးဖြစ်သည်။ ဟဒီးဆ်တော်တစ်ရပ်အရ

တစ်စုံ တစ်ဦးသည်သူ့အချိန်နှင့်သူ ဝတ်ပြုဆောက်တည်ရမည့် ဆွလာသ်ဝတ်ပြုဆောက်တည်မှုနှစ်ခုကို ရှရီအသ်တရားတော်က အတည်ပြုထားသော ခွင့်ပြုချက်မရှိဘဲနှင့် တစ်ပေါင်းတည်းဝတ်ပြုဆောက်တည်ခြင်းသည် ကြီးလေးသောပြစ်မှုတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။ ဆိုလိုသည်မှာ ၎င်းသည် ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို သတ်မှတ် ထားသည့်အချိန်၌ မလုပ်ဆောင်ဘဲ အခြားဆွလာတ်ဝတ်ပြုမှုနှင့်အတူ ကသွာ (လွတ်သွားသော) ဝတ်ပြုမှုနှင့် လုပ်ဆောင်ခြင်းဖြစ်သည်။ အချို့သောဟဒီးဆ်တော် ဆင့်ပြန်ချက်များက အလ္လာဟ်အရှင်မြတ်၏ အသနားတော်ကို မက်ကင်းခြင်းသည်လည်း ကြီးလေးသောပြစ်မှုတစ်ရပ်အဖြစ် ကြေညာထားသည်။ ထို့ပြင်တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်ခတ်မှုနှင့် ထိုက်တန်သည့်အပြစ်ဒဏ်အကြောင်း အားလုံးကိုမေ့လျော့ ဂရုမပြု (သို့) ရဲတင်းခြင်းသည်လည်း ကြီးမားသောပြစ်မှုဖြစ်သည်။ အခြားဆင့်ပြန်ချက်တွင် တစ်စုံတစ်ဦးရရှိ မည့်အမွေကို ဆုံးရှုံးစေရန်လည်းကောင်း၊ လျော့နည်းစေရန်လည်းကောင်း သေတမ်းစာ ပြုလုပ်ခြင်းသည်လည်း ကြီးမားသောအပြစ်တွင် တစ်ခုအပါအဝင်ဖြစ်သည်။

ရှာဟီးဒ်မုစ်လင်မ်မှ ဆင့်ပြန်ချက်တစ်ရပ်တွင် တမန်တော်မြတ်ﷺသခင်သည် "ဆင်းရဲမွဲတေသူများ၊ ဆုံးရှုံးသူများတို့သည် ပျက်စီးသွားချေပြီ" ဟု မိန့်ကြားခဲ့သည်။ ယင်းကို ကိုယ်တော်မြတ်သည် သုံးကြိမ်သုံးခါ မိန့်ကြားခဲ့သည်။ စိုက်ယိဒိနာဟ် အဗူဇရ်အလ်ဂိုင်ဖာရီ﵁သခင်က "အိုအလ္လာဟ်တမန်တော် ထိုကံဆိုးသူများကား မည်သူများနည်း"ဟု မေးမြန်းလျှောက်ထားခဲ့သည်။ ကိုယ်တော်မြတ်က ပြန်ကြားခဲ့သည်မှာ " (၁) လူတစ်ဦးသည် သူ၏ဘောင်းဘီ၊ လုံချည် (သို့) ရှပ်အင်္ကျီ (သို့) ခြံထည်ကို ခြေမျက်စိဖုံးလွှမ်းစေခြင်း။ (၂) တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ် လမ်းတော်တွင် တစ်စုံတစ်ရာသုံးစွဲလျှဒါန်းခဲ့ကာ ထို့နောက် ၎င်း၏လုပ်ရပ်ကို လူအများသိရှိစေရန်ပြုလုပ်ခြင်း။ (၃) တစ်စုံတစ်ဦးသည် အသက်အရွယ်ကြီးရင့်လင့်ကစား ရှက်ဖွယ်အပြုအမူများကျူးလွန်ခြင်း (၄) တစ်စုံတစ်ဦး အခွင့်အာဏာပိုင်ဆိုင်သော အဆင့်အတန်းရှိသူတစ်ဦးဖြစ်လင့်ကစား မုသားပြောဆိုခြင်း (၅) တစ်စုံတစ်ဦးသည် မိသားစုတစ်ခုရှိလင့်ကစား မာန်မာနထောင်လွှားခြင်း (၆) တစ်စုံတစ်ဦးသည် လောကီအကျိုးအမြတ်အတွက်သာ အီမာမ် (သို့) ဆရာတစ်ဦးထံ ဗိုင်အတ်ပဋိညာဉ်ခံယူခြင်း။

ဤအကြောင်းအရာများကို နိဂုံးချုပ်ရမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဗုခါရီနှင့် မုစ်လင်မ်ကျမ်းမှ အခြားဟဒီးဆ်တစ်ရပ်ကို ရည်ညွှန်းရလျှင် နောက်ကွယ်အတင်းပြောသူသည် မည်သည့်အခါမျှ ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်မဟုတ်ကြောင်း ကြေညာထားသည်။ ထို့ပြင် နစာအီနှင့် မုစ်နတ်ဒ်အဟ်မဒ်ကျမ်းတွင် ဟဒီးဆ်တော်တစ်ရပ်၌ ယင်းအကြောင်းကို ချဲ့ထွင်ကာ မိန့်ထားသည်မှာ အချို့သောလူတို့သည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်စေရမည် မဟုတ်ချေ။ ယင်းတို့မှာ အရက်သေစာသောက်စားသူ၊ မိဘစကားမနာခံသူ၊ ဆွေမျိုးသားချင်းများနှင့် တရားနည်းလမ်းတကျ မဟုတ်ဘဲ အဆက်ဖြတ်ခြင်း၊ လုပ်ရပ်တစ်ခုအတွက် လူများသိရှိစေရန် ပြုလုပ်သူ၊ ဂျင်နမ်များ၊ ရှိုင်တွာန်များ၊ အခြားအကြောင်းခံများမှတစ်ဆင့် အကွယ်မှကိစ္စရပ်များကို အသိပေးသူ၊ †rYD ဒရူးဆ်ဟူသော မိမိ မိန်းမမြောက်မထားခြင်းကို လျစ်လျူရှုသူ။ ကြာခိုသောမိန်းမ၏ ယောကျ်ားသည် မည်မျှအရှက်မရှိသနည်းဆိုလျှင် မိမိဇနီးနှင့် မိသားစုဝင်များကို ကာယိန္ဒြေမဲ့သည့်လုပ်ရပ်များမှာ ရှောင်ရှားရန် မည်သည့်အခါမျှ မတားမြစ်သူ စသည်တို့သည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရလိမ့်မည် မဟုတ်ချေ။ ထို့ပြင် ရှာဟီးဒ်မုစ်လင်မ်မှ ဟဒီးဆ်တော်တစ်ရပ်တွင် မိန့်ကြားထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျိန်စာ (သို့) လအ်နသ်သည် တိရစ္ဆာန်တစ်ကောင်ကို အလ္လာဟ်အရှင်မြတ် နာမတော်မှအပ အခြားသူအမည်တသ၍ ဇဗာဟ်ပြုသတ်ဖြတ်သောသူအတွက်ဖြစ်သည်။

## အာယသ် (၃၂-၃၃)

وَلَا تَتَمَنَّوْا مَا فَضَّلَ اللّٰهُ بِهٖ بَعْضَكُمْ عَلٰى بَعْضٍ ؕ
لِلرِّجَالِ نَصِيْبٌ مِّمَّا اكْتَسَبُوْا ؕ وَلِلنِّسَآءِ نَصِيْبٌ مِّمَّا اكْتَسَبْنَ ؕ
وَسْـَٔلُوا اللّٰهَ مِنْ فَضْلِهٖ ؕ اِنَّ اللّٰهَ كَانَ بِكُلِّ شَیْءٍ عَلِيْمًا ﴿۳۲﴾ وَلِكُلٍّ
جَعَلْنَا مَوَالِيَ مِمَّا تَرَكَ الْوَالِدٰنِ وَالْاَقْرَبُوْنَ ؕ وَالَّذِيْنَ عَقَدَتْ
اَيْمَانُكُمْ فَاٰتُوْهُمْ نَصِيْبَهُمْ ؕ اِنَّ اللّٰهَ كَانَ عَلٰى كُلِّ شَیْءٍ شَهِيْدًا ﴿۳۳﴾

ထို့မှတစ်ပါးတဲ့ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အနက် အချို့ကို အချို့ထက် (အရည်အခြင်း -အဆင့်အတန်း) သာလွန်စေတော်မူခဲ့သည်ကို အသင် တို့သည် အာသာငမ်းငမ်း လောဘ မရှိကြကုန်လင့်။ ယောကျ်ားများအဖို့ ၎င်းတို့ရှာဖွေဆည်းပူး ခဲ့ကြသော “အမလ်” ကျင့်ဝတ်(တို့၏ ကုသိုလ်အကျိုး ဖြစ်သော) ဝေစုဝေပုံသည် ရှိ၏။ ထို့နည်းတူစွာ မိန်းမများ အဖို့လည်း ယင်း မိန်းမတို့ ရှာဖွေဆည်းပူးခဲ့သော “အမလ်” ကျင့်ဝတ် (တို့၏ ကုသိုလ် အကျိုး ဖြစ်သော) ဝေစုဝေပုံသည်ရှိ၏။ သို့ရာတွင် အသင်တို့သည် အလ္လာဟ်အရှင် မြတ်၏ ကျေးဇူးတော်ကို အသနားခံကြ လေကုန်။ အလ္လာဟ်အသျှင်မြတ်သည် ဧကန်အမှန် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသတည်း။ (၄း၃၂)

ထို့ပြင်တစ်ဝ မိဘနှစ်ပါးသည်ဂင်း၊ ဆွေမျိုး နီးစပ်တို့သည်လည်းကောင်း၊ ထားရှိခဲ့သော အမွေပစ္စည်းများနှင့် စပ်လျဉ်း၍ အားလုံး၌ (အသီးသီး အသက အသက သော) အမွေစားအမွေခံများကို ငါအသျှင်မြတ်သည် သတ်မှတ်၍ ထားတော်မူခဲ့လေပြီ။ ၎င်းပြင် အသင်တို့သည် မိမိတို့(၏ လက်ျာ လက်များဖြင့်) ပဋိညာဉ်ထုံးဖွဲ့ထားသော သူတို့အားလည်း ၎င်းတို့၏ (ထိုက်သင့်သော) ဝေစု ဝေပုံကို ပေးကြလေကုန်။ အလ္လာဟ်အသျှင်မြတ်သည် မုချဧကန် အရာခပ်သိမ်း တို့ကို (အကြွင်းမဲ့)သိမြင်တော် မူသောအရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။ (၄း၃၃)

ယခင်ဖော်ပြပြီးခဲ့သည့် အမွေနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များထဲတွင် အမျိုးသားတစ်ဦး၏ အမွေဝေစုသည် မိန်းကလေးနှစ်ဦးဝေစုနှင့်တူကြောင်း ဖော်ပြထားသည်။ အမျိုးသား၏သာလွန်မှုကို သက်သေ

ထူထားသည့် အခြားအကြောင်းများလည်းရှိသည်။ ထို့ကြောင့် စိုက်ယိဒဟ် အုမ်မေ့စလ်မဟ်﴿ﷺ﴾သခင်မက တမန်တော်မြတ်﴿ﷺ﴾သခင်ကို တစ်ချိန်ကပြောကြားခဲ့သည်မှာ "အမွေပစ္စည်းတွင် ကျွန်မတို့ဝေစုသည် တစ်ဝက်သာဖြစ်သည်။ ထို့ကြောင့် ကျွန်မတို့နှင့် အမျိုးသားများကြား၌ ထိုသို့ဤသို့ခြားနားမှု ရှိကြပါသေးသည်----"

သူမ၏ရည်ရွယ်ရင်းမှာ ကန့်ကွက်ချက်တစ်ရပ်တော့ မဟုတ်ချေ။ အမျိုးသားများအတွက် ကန့်သတ်ထားသော ကောင်းချီးများနှင့် ထိုက်တန်စေရန် သူမကအမျိုးသားတစ်ဦးဖြစ်လိုက်ချင်သော ဆန္ဒသာဖြစ်သည်။ အခြားသောအမျိုးသမီးများက ဆန္ဒရှိကြသည်မှာ "အကယ်၍ ကျွန်မတို့သည် အမျိုးသားများဖြစ်ခဲ့ပါလျှင် ဂျိဟားဒ်စစ်ပွဲ၌ ပါဝင်ဆင်နွှဲနိုင်လိမ့်မည်ဖြစ်၍ ဂျိဟားဒ်၏ မြင့်မြတ်သောကောင်းချီးများကို ကျွန်မတို့ရလိမ့်မည်ဖြစ်သည်။"

အမျိုးသမီးတစ်ဦးက တမန်တော်မြတ်﴿ﷺ﴾သခင်ကို လျှောက်ထားမေးမြန်းသည်မှာ "အမျိုးသားတစ်ဦးသည် အမွေဝေစုတွင် နှစ်ဆရကာ အမျိုးသားနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီး၏သက်သေဝင်မှုမှာ တစ်ဝက်သာဖြစ်ပေရာ ကျွန်မတို့၏ပြဿမျှသော အိဗာဒသ်ခဝတ်ကိုးကွယ်မှုအားလုံးအတွက် ဆုလာဘ်တစ်ဝက်သာရလိမ့်မည်ဟူသော အဓိပ္ပာယ်ဖြစ်ပါသလား။ ထိုစဉ် ယခုလက်ရှိအာယသ်တော်ကျရောက်ခဲ့၍ ဤအကြောင်းရပ်နှစ်ခုစလုံး၏အဖြေတစ်ရပ်ပေးပြီးဖြစ်ခဲ့သည်။ စိုက်ယိဒဟ်အုမ်မေ့စလ်မဟ်အတွက်အဖြေမှာ "ထိုမှတစ်ပါးတံု့ အသင်တို့ အာသာငမ်းငမ်းလောဘမရှိကြကုန်လင့် ဟူ၍ဖြစ်ပြီး နောက်ဆုံးတွင်ဖော်ပြထားသော အမျိုးသမီး၏အဖြေမှာ "ယောကျ်ားများအဖို့ ၎င်းတို့ရှာဖွေဆည်းပူးခဲ့ကြသော . . ကျင့်ဝတ်(တို့၏ကုသိုလ်အကျိုးဖြစ်သော) ဝေစုဝေပုံသည်ရှိ၏----" ဖြစ်သည်။

## အကျယ်ဖွင့်ဆိုခြင်း
## မရနိုင်သည်ကို အာသာငမ်းငမ်းဖြစ်ခြင်း

ဤအာယသ်တော် (၃၂)ထဲတွင် အခြားသူများအတွက် ပေးထားသောအရာများ၊ မြင့်မြတ်မှုနှင့် ထူးခြားသောအရည်အချင်းများကို တက်မက်၍ အာသာငမ်းငမ်းဖြစ်ခြင်းအား တားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ကြိုးပမ်း၍ရနိုင်သော အရာများမဟုတ်သောကြောင့်ဖြစ်သည်။ အကြောင်းမှာ လူတစ်ဦးသည် အခြားတစ်ဦးနှင့် နှိုင်းယှဉ်လျှင် ဥစ္စာဓန၊ စည်းစိမ်၊ လှုပတင့်တယ်မှု၊ မြင့်မြတ်ခြင်း၊ အသိပညာနှင့် အလားတူအခြားအကြောင်းကိစ္စများတွင် ချို့တဲ့ကြောင်းတွေ့ရလျှင် မနာလိုဝန်တိုမှုသည် တစ်ရှိန်ထိုးဖြစ်ပေါ်လာသည်မှာ သဘာဝပင်ဖြစ်ပေသည်။ ထိုမနာလိုမှုက အနည်းဆုံးအဆင့်တန်းတူဖြစ်ရေးကိုလည်းကောင်း၊ ဖြစ်နိုင်လျှင် သာလွန်စေရန်ကိုလည်းကောင်း စေ့ဆော်ပေသည်။ သို့သော်လည်း ၎င်း၏ဆန္ဒအကောင်အထည်ပေါ်လာရန်မှာ ၎င်းတွင် လုပ်ဆောင်နိုင်စွမ်း၊ စွမ်းရည်တို့ကား အစဉ်သဖြင့် မရှိချေ။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦး၏ ကြိုးပမ်းမှုနှင့် ရယူခြင်းတို့နှင့် သက်ဆိုင်သောမြင့်မြတ်ခြင်းနှင့် သာလွန်ခြင်းဆိုသည်များ ရှိလေသည်။ ယင်းတို့သည် သဘာဝအားဖြင့် ကောင်းချီးမင်္ဂလာသက်သက်ဖြစ်သည်။ ပမာဆိုသော် အမျိုးသားတစ်ဦးဖြစ်ခြင်း (သို့) တမန်တော်တစ်ပါး၏ မိသားစုအဆက်အနွယ်ဖြစ်ခြင်း (သို့) ဘုရင်တစ်ပါး၏ မိသားစုမှမွေးဖွားခြင်း (သို့) လှုပတင့်တယ်စွာမွေးဖွားလာခြင်းတို့ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးသည် သူ့ဘဝတစ်လျှောက်လုံး ထိုအရာများရရှိရေး မည်မျှ

ကြိုးပမ်းစေကာမူ မည်သို့မျှရနိုင်လိမ့်မည် မဟုတ်ချေ။ အမျိုးသမီးတစ်ဦးသည် အမျိုးသားဖြစ်မလာနိုင်သကဲ့သို့ တမန်တော် တစ်ပါး၏ မိသားစုမှမွေးဖွားလာစေရန်လည်း ရွေးချယ်၍မရနိုင်ပါ။ (သို့) သူစိတ်ကြိုက် လှပတင့်တယ်မှု သွင်ပြင်များ အားလုံးပါဝင်သော ထောင်ထောင်မောင်းမောင်း တင့်တယ်လှပသော ခန္ဓာကိုယ်ဖြစ်စေရန်အတွက် ပြင်ဆင်၍ မရပါ။ ဆေးဝါးများကုသမှုများ ပစ္စည်းများနှင့် သူမည်မျှပင်ကြိုးစားသည်ဖြစ်စေ ဤသည်တို့ကို အမှန်တကယ် မရနိုင်ချေ။ အကျိုးဆက်အားဖြင့် အခြားသူနှင့် သူသည် တန်းတူယှဉ်ပြိုင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိလာလျှင် ၎င်း၏အတွင်းအတွင်စိတ်သည် ထိုသူ့ထံတွင်ရှိသော ကောင်းချီးမင်္ဂလာများကို အရအမိရယူခြင်းဖြင့် ၎င်းသည်လည်း ထိုသူနှင့်တန်းတူရည်တူ (သို့) မိမိထက်နိမ့်ကျလျှင် မည်မျှကောင်းမည်နည်းဟူသော အတွေးများ ဝင်လာသည်။ ဤသည်ကား မနာလိုဝန်တိုမှုဖြစ်ကာ လူသားတို့၏ ကိုယ်ကျင့်တရားကို အလွန်ဆိုးဝါးစွာနှင့် ရှက်ဖွယ်လိလိပျက်စီးစေသည့် ဥဉ်တစ်ရပ်ဖြစ်လေသည်။ ယင်းသည် ဤကမ္ဘာလောကၦ အငြင်းပွားမှုများ၊ မငြိမ်မသက်မှုများ၊ သတ်ဖြတ်မှုများနှင့် ပျက်စီးဖြုန်းတီးစေမှု၏ အကြောင်းအရာပင်ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်သည် မငြိမ်မသက်မှုများ၏ တံခါးများပိတ်စေရန် မိန့်ကြားထားသည်မှာ- **وَلَا تَتَمَنَّوْا مَا فَضَّلَ اللّٰهُ بِهٖ بَعْضَكُمْ عَلٰى بَعْضٍ** ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏အဆုံးအစဝရှိသော ဟစ်က်မသ်ဉာဏ်တော်အရ လူသားများအား အားလုံးသော မြင့်မြတ်ခြင်း၊ သာလွန်ခြင်းများနှင့် ကောင်းချီးမင်္ဂလာပြုထားသည်။ ထိုအရှင်မြတ်သည် တစ်စုံတစ်ဦးအား ထူးခြားသည့်အရည်အချင်းတစ်ရပ် ပေးသနားတော်မူ၍ အခြားသူတစ်ဦးကို အခြားအရည်အချင်းတစ်ရပ် ချီးမြှင့်တော်မူခဲ့သည်။ အချို့ကို အနည်း ငယ်ပေးတော်မူ၍ အချို့ကိုမူ ပိုမို၍ပေးသနားတော်မူသည်။ ဤကိစ္စရပ်တွင် အခြားသူများ၏ မြင့်မြတ်ခြင်းနှင့် သာလွန်ကောင်းမွန်မှုကို ပိုင်ဆိုင်လာစေရန် မနာလိုဝန်တိုသည့်ဆန္ဒမှ ကင်းရှင်းစွာနေ၍ သူ (သို့) သူမ၏ ကြမ္မာကို ကျေနပ်နှစ်သိမ့်နေသင့်သည်။ အဘယ်ကြောင့်ဆိုသော် ဆန္ဒများ၏ အဆုံးရလဒ်မှာ ပုဂ္ဂိုလ်ရေးဆုံးရှုံး မှု၏ ပြင်းထန်သောခံစားမှုတစ်ရပ်နှင့် မနာလိုဝန်တိုခြင်းဟူသော စက်ဆုပ်ဖွယ် အပြစ်ဂုနာဟ်မှအပ မည်သည်မျှ မဖြစ်နိုင်ပါ။

ရိုးရှင်းလွန်းလှသည်ဟု ထင်ရသော်လည်း ကိစ္စရပ်၏ အမှန်တရားကား မည်သူတစ်ဦးတစ်ယောက်ကို မဆို အလ္လာဟ်အရှင်မြတ်က အမျိုးသားတစ်ဦးအဖြစ် ရွေးချယ်ဖန်ဆင်းထားခြင်းကို ကျေးဇူးတင်ရှိရမည်။ ထို့ပြင် မည်သူတစ်ဦးတစ်ယောက်ကိုမဆို အရှင်မြတ်က အမျိုးသမီးတစ်ဦးအဖြစ် ရွေးချယ်ဖန်ဆင်းထားသည်ကိုလည်း ကျေနပ်နှစ်သိမ့်သင့်သည်။ သတိရှိရမည်မှာ အကယ်၍ သူမအား အမျိုးသားတစ်ဦးအဖြစ် ဖန်ဆင်းလိုက်ပါက အမျိုးသားတစ်ဦးလုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများကို ဖြည့်ဆည်းနိုင်ခြင်းမရှိဘဲ အပြစ်ဂုနာဟ်ကျူးလွန်သော သူအဖြစ် အဆုံးသတ်သွားလိမ့်မည်။ ထို့နောက် မည်သူ့ကိုမဆို အလ္လာဟ်အရှင်မြတ်က လှပစွာဖန်ဆင်းခဲ့ပါလျှင် သို့ကောင်းချီးမင်္ဂလာပေးခံရမှုကြောင့် အလ္လာဟ်အရှင်မြတ်အား ပိုမို၍ ကျေးဇူးတင်သင့်ပေသည်။ ထို့ပြင် တစ်စုံတစ်ဦးအား ရုပ်ဆင်းအဂိါမလှပခဲ့ပါလျှင် ယင်းနောက်ကွယ်၌ ကောင်းချီးမင်္ဂလာတစ်ရပ်ရှိနိုင်သည်ဟု တွေးတော၍ ယင်းအခြေအနေ၌ ပူဆွေးမနေသင့်ချေ။ အဘယ်ကြောင့်ဆိုသော် လှပတင့်တယ်ခြင်းဖြင့် ကောင်းချီးမင်္ဂလာပေးခံရခြင်းသည် ကောင်းမြတ်သည်ဟူသော အာမခံချက်ရှိသည်ဟု မဆိုလိုချေ။

ရူပ်ရည်ရူပကာကောင်းခြင်းသည် မလိုလားအပ်သောစာရိတ္တပျက်ပြားခြင်း(သို့)အနှောင့် အယှက်ပေးခြင်း၏ အခြေအနေမျိုးရောက်နိုင်သည်။ တစ်ဖန်မည်သူမဆို တမန်တော်မြတ်﴿ﷺ﴾သခင်၏ စစ်မှန်သော မျိုးရိုးစဉ်ဆက်မှဆင်းသက်လာသည်ဖြစ်လျှင် ဤမျိုးရိုးစဉ်ဆက်ဆက်နွယ်မှု၏ ကြီးကျယ်သော ကောင်းချီးမင်္ဂလာအတွက် အလွှာဟ်အရှင်မြတ်အားကျေးဇူးတင့်သင့်ပေသည်။ ထို့နောက် မည်သူမဆို ဤဆက်နွယ်မှုမျိုးမရှိခဲ့လျှင် ယင်းအတွက်စိတ်သောကမရောက်သင့်သကဲ့သို့ ယင်းသို့ဖြစ်ရန်မျှော်မှန်း၍လည်း မနေသင့်ချေ။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သောကိစ္စရပ်သည် ကြိုးပမ်းလုပ်ဆောင်၍ ရယူနိုင်သောအရာလည်းမဟုတ်ချေ။ ၎င်းသူသည် အပြစ်ဂုနာဟ်ဖြစ်သည်မှအပ ဘာမျှရလိမ့်မည်မဟုတ်ချေ။ ထို့ပြင် နှလုံးသားကြေကွဲမှုနှင့် စိတ်နာကျဉ်းမှုရလဒ်မှအပ ဘာမျှရမည်မဟုတ်ချေ။ ထို့ကြောင့် တစ်စုံတစ်ဦးတွင်မရှိသော မျိုးရိုးစဉ်ဆက်တစ်ခုအတွက် တမ်းတလွမ်းဆွတ်နေမည့်အစား မိမိလုပ်ရပ်ကိုတွေးတောခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပေသည်။ ယင်းလုပ်ဆောင်မှုသည် ကောင်းမြတ်၍ဖြောင့်မတ်မှန်ကန်ပါစေ။ လူတစ်ဦးသည် ထိုကဲ့သို့သော နာမ်ပိုင်းဆိုင်ရာစွမ်းရည်တိုးမြှင့်လာသည်နှင့် တစ်ပြိုင်နက် ၎င်းသည် ကောင်းမွန်သော(သို့)မြင့်မားသောမျိုးရိုးစဉ်ဆက်ရှိသူများထက် သာလွန်နိုင်ပေသည်။

**ကောင်းသောလုပ်ရပ်များလုပ်ဆောင်ရာတွင် အခြားသူထက်သာအောင် ကြိုးစားခြင်းသည်ကား တစ်မျိုးဖြစ်သည်။**

ဤသည်တို့အတွက် ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ်﴿ﷺ﴾သခင်၏ မိန့်ကြားချက်များတွင် ကောင်းမှုလုပ်ရပ်များ၌ တစ်ဦးထက်တစ်ဦး သာလွန်ကောင်းအောင်လုပ်ဆောင်ရန် လူအများကို တိုက်တွန်းနှိုးဆော်ထားသည်။ တစ်နည်းဆိုရလျှင် ဤကိစ္စရပ်သည် အတားအဆီးမရှိသော နယ်ပယ်ဖြစ်၍ သာလွန်ခြင်းနှင့် မြင့်မြတ်ခြင်းကို စမ်းစစ်လေ့လာကြည့်ခြင်းကား မှန်ကန်သည်။ စင်စစ် ထိုကဲ့သို့သော သာလွန်ခြင်းနှင့် မြင့်မြတ်ခြင်းကို ရရှိရေးအတွက် ဖြစ်နိုင်သမျှ အလုံးစုံသော ကြိုးပမ်းမှုပြုလုပ်ရန် လူအများကို ဖျောင်းဖျသွေးဆောင်ထားသည်။ လူသားတစ်ဦး ထိန်းချုပ်မှုအောက်တွင်ရှိသော လုပ်ဆောင်မှုများနှင့်သာ သက်ဆိုင်သည်။ ထို့ပြင် ယင်းတို့ကို သင်ယူခြင်း၊ လေ့ကျင့်ခြင်းနှင့် လုပ်ကိုင်ခြင်းအားဖြင့် ရရှိနိုင်သည်။ ပမာဆိုသော် အကယ်၍ လူတစ်ဦးသည် တစ်စုံတစ်ဦး၏ အသိဉာဏ်ပညာဆိုင်ရာ မြင့်မြတ်မှု။ လက်တွေ့ဘဝနှင့် ကောင်းမွန်သောကိုယ်ကျင့်တရားကို အားကျပါက ဤအရည်အချင်းများ ရရှိစေရန် လုပ်ဆောင်နိုင်ပေသည်။ ဤသည်မှာ အလွန်နှစ်လိုဖွယ်ရာဖြစ်၍ ချီးကျူးထိုက်ပေသည်။ ထို့ကြောင့် လက်ရှိအာယသ်တော်သည် ယင်းကိစ္စနှင့် ဖိလာဆန့်ကျင်မဖြစ်ပါ။ စင်စစ် အာယသ်တော်(၃၂)နောက်ပိုင်းဖြစ်သော-**لِلرِّجَالِ نَصِيبٌ مِّمَّا اكْتَسَبُوا وَلِلنِّسَاءِ نَصِيبٌ مِّمَّا اكْتَسَبْنَ** သည် ဤအယူအဆကို ထောက်ခံထားသည်။ ဆိုလိုသည်မှာ အမျိုးသားများသည် သူတို့၏ ကြိုးပမ်းလုပ်ဆောင်သည်မှ ဝေစုရလိမ့်မည်ဖြစ်သည်။ အမျိုးသမီး များအတွက်လည်း ၎င်းတို့ကြိုးပမ်းလုပ်ဆောင်သည်မှ ဝေစုရလိမ့်မည်ဖြစ်ကြောင်းမှာ အလားတူမှန်ကန်ပါလိမ့် မည်။ တစ်စုံတစ်ဦးသည် ဤနေရာတွင် ပြီးပြည့်စုံခြင်းနှင့် မြင့်မြတ်ခြင်းများ ရရှိရေးကြိုးပမ်းလုပ်ဆောင်ခြင်းနှင့် ရုန်းကန်ခြင်းသည် အချည်းအနှီးမဖြစ်ဟူသော ညွှန်းဆိုချက်ကို မလွတ်သင့်ချေ။

ဤသည်နှင့်ဆန့်ကျင်၍ အမျိုးသားနှင့် အမျိုးသမီးတို့၏ ကြိုးပမ်းမှုဝေစုကို အစားပြန်ရမည်ဆိုခြင်းကား မုချဧကန်ဖြစ်သည်။ ဤမှ ကျွန်ုပ်တို့သိရသည်မှာ တစ်စုံတစ်ဦး အသိဉာဏ်ပညာ၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းတို့ကို သူ၏လက်တွေ့လုပ်ဆောင်မှုနှင့် ပေါင်းစပ်လိုသည့်ဆန္ဒရှိခြင်းနှင့် ကြိုးပမ်းခြင်း၊ ရုန်းကန်လှုပ်ရှားခြင်းဖြင့် ဤဆန္ဒများအကျိုးဖြစ်ထွန်းလာစေရန် လုပ်ဆောင်ခြင်းသည်ကား မုချနှစ်လိုဖွယ်ဖြစ်၏။ ဧကန် ချိုးကျူးထိုက်ပေသည်။ များစွာသောသူတို့သည် မိမိတို့ဘာလုပ်နေသည်ကိုမသိဘဲ လုပ်နေကာ ကျူးလွန်နေသည့်အမှားအား ဤကိစ္စရပ်မှ ဖယ်ရှားပစ်ရမည်။ မရနိုင်သော ကောင်းမြတ်ခြင်းများကို ရရှိစေရန်ဟူသည့် ၎င်းတို့ဆန္ဒနောက်တွင် ကောက် ကောက်ပါအောင်လိုက်နေသောသူများသည် ထိုသို့လုပ်ဆောင်ခြင်းကြောင့် ဤကမ္ဘာလောကတွင်ရှိသော ၎င်းတို့၏ ငြိမ်းချမ်းသာယာသောဘဝပင် ပျက်စီးစေပါသည်။ ထို့ပြင် အကယ်၍ မနာလိုဝန်တိုမှု ပေါက်ကွဲလာလျှင် ၎င်းတို့က အကယ်၍ကျွန်ုပ်တွင်ဤကောင်းချီးမင်္ဂလာမရဘူးဆိုလျှင် သူတို့ထံမှာရှိပြီးသော ကောင်းချီးမင်္ဂလာလည်း မရပါစေနှင့်တော့ဟု စတင်တွေးတောလာပါတော့သည်။ ယင်းကြောင့် နောင်တမလွန်ဘဝတွင် ကယ်တင်ခြင်းခံရမည်ဟူသော အခွင့်အလမ်းများသည် ၎င်းသူကျူးလွန်မိသော မနာလိုဝန်တိုခြင်းဟူသည့် ကြီးလေးသော အပြစ်ကြောင့် ပျက်စီးသွားခဲ့ရပါသည်။ ဤသည်ကား အလွန်ဆိုးဝါးပေသည်။

ထို့ပြင်နောက်ထပ်အခြားသော လူအမျိုးအစားလည်းရှိပါသေးသည်။ ၎င်းတို့သည် သတ္တိလည်းမရှိ၊ လုပ်ဆောင်မှုလည်းမရှိသည့်ပြင် ဂုဏ်သိက္ခာနှင့်အရှက်တရားကိုလည်း နားလည်ခံယူတတ်ခြင်းမရှိကြပါ။ ထိုသူတို့သည် ရရှိနိုင်သည့်ကောင်းမှုကုသိုလ်ကိုပင်လျှင် ရယူရန်မကြိုးစားခဲ့ကြပါ။ ထိုကဲ့သို့သောသူတို့သည် ကောင်းသောအကြံဉာဏ်များအပေးခံရသောအခါ သူတို့၏ဘဝ၊ ကံကြမ္မာကိုအပြစ်တင်ကာချက်ခြင်းတုံ့ပြန်ပါလိမ့်မည်။ ယင်းလုပ်ရပ်သည် ၎င်းတို့၏သူရဲဘောကြောင်မှုနှင့်မလုပ်ဆောင်လိုမှုကိုဖုံးကွယ်ရန် ကြိုးစားသည်ထက် ဘာမျှမပိုပါ။ အသိဉာဏ်ရှိ၍ တရားမျှတသော ဥပဒေတစ်ရပ်ကို စတင်ခြင်းဖြင့် လက်ရှိ အာယသ်တော်က ဤပြဿနာကို ဖြေရှင်းခဲ့ပါသည်။ လှုပတင့်တယ်ခြင်းနှင့် မြင့်မားသောအဆင့်အတန်းမှ မွေးဖွားခြင်းကဲ့သို့သော လူသားမထိန်းချုပ်နိုင်သည့် မြင့်မြတ်မှုကို ရယူရာ၌ လူကြိုးစားမှုသည် ထိရောက်မှုမရှိချေ။ ဤကဲ့သို့သော မြင့်မြတ်မှုများကို ကံကြမ္မာအပေါ်၌သာ ပုံချသင့်သည်။ ထို့နောက် အလွာဟ်အရှင်မြတ် ဆုံးဖြတ်ထားပြီးဖြစ်တော်မူသော ၎င်း၏လက်ရှိဘဝကို တင်းတိမ်ရောင့်ရဲရမည်ဖြစ်၍ အရှင်မြတ်ကို ကျေးဇူးတင်ရှိရပေမည်။ ထို့ထက်ပို၍ အာသာ ငမ်းငမ်းတက်မက်ခြင်းသည် မိုက်မဲခြင်း၊ မထိရောက်ခြင်း၊ စွက်ဖက်တတ်ခြင်းတို့ဖြစ်ကာ ဝမ်းနည်းကြေကွဲမှုမှအပ မည်သည်မျှ ဖြစ်မလာချေ။

ကြိုးပမ်းအားထုတ်၍ ရယူနိုင်သော မြင့်မြတ်မှုများအတွက်ဆိုလျှင် ယင်းကိုရယူရန်အတွက်လိုအပ်သည့် ရုန်းကန်လှုပ်ရှားမှုနှင့် ယှဉ်၍ဆန္ဒထားမည်ဆိုလျှင် အသုံးကျပေသည်။ ကျွန်ုပ်တို့စိတ်တွင် မှတ်ရမည်မှာကား အာယသ်တော်က သူ (သို့) သူမလုပ်ဆောင်ခဲ့သည်တို့အတွက် ဝေစုရရှိလိမ့်မည်ဖြစ်ကြောင်းနှင့် ကြိုးပမ်းအားထုတ်မှုအတွက် အချည်းအနှီးမဖြစ်ဟူသော ကတိတော်ပါဝင်ပါသည်။

အာယသ်တော် (၂၉)ပါ တစ်စုံတစ်ဦး၏ ဥစ္စာပစ္စည်းကို မတရားသဖြင့်သုံးစွဲခြင်းနှင့် တစ်စုံတစ်ဦးအသက်ကို မတရားသဖြင့် သတ်ခြင်းတို့ကို ပိတ်ပင်တားမြစ်သည့် အမိန့်ပညတ်ချက်များအကြောင်းကို ပြန်လည်ရည်ညွှန်းကာ သဖ်စ်ရ်အလ်ဗဟ်ရူလ်အလ်မုဟိတ်ကျမ်းက ထောက်ပြထားသည်မှာ ဤအာယသ်တော်သည် ထိုပြစ်မှုများ၏

ရင်းမြစ်ကို အဆုံးသတ်စေရန် ရည်ရွယ်သည်။ ထိုရည်ရွယ်ချက်အရ မိမိတို့ထက် ဥစ္စာပစ္စည်းတွင်လည်းကောင်း၊ စည်းစိမ်တွင်လည်းကောင်း၊ ဩဇာအာဏာတွင်လည်းကောင်း၊ သာလွန်သူများကိုကြည့်၍ လူအများအာသာ ငမ်းငမ်းဖြစ်ခြင်းမှ ရပ်တန့်ရန်ညွှန်ကြားချက်များပေးထားသည်။ အနည်းငယ်စဉ်းစားရုံမျှဖြင့် တွေ့နိုင်သည်မှာ ခိုးခြင်း၊ မားပြတိုက်ခြင်းနှင့် အခြားသောတရားမဝင်နည်းလမ်းများဖြင့် သူတစ်ပါး၏ ပိုင်ဆိုင်ပစ္စည်းကို အလွဲသုံးစားပြုခြင်း (သို့) သက်ဖြတ်ခြင်းနှင့် ဖျက်ဆီးခြင်းဟူသောပြစ်မှုများတို့သည် တစ်စုံတစ်ဦး၏ သီးခြားစိတ်လှုပ်ရှားမှုသဘောထားကြောင့် ဖြစ်ပေါ်ခြင်းဖြစ်သည်။ လူတစ်ဦးက အခြားသူသည် သူ့ထက်ဥစ္စာဓနတွင်လည်းကောင်း၊ အခြားရုပ်ပိုင်းဆိုင်ရာပိုင်ဆိုင်မှုများတွင်လည်း သာလွန်သည်ကိုတွေ့ရှိရသောအခါ သူနှင့်တန်းတူရည်တူဖြစ်ရန် (သို့) သူ့ထက်သာလွန်စေရန် ဆန္ဒဖြစ်မှုသည် သူနှလုံးသားတွင် ထပမဦးစွာခံစားလာရမည်။ ထို့နောက် ဤစိတ်ဆန္ဒပြင်းပြမှုသည် ဤပြစ်မှုများကျူးလွန်စေရန် သူ့ကိုတွန်းအားပေးပါသည်။ အစောပိုင်းက မိန့်ထားသကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤပြစ်မှုများ၏ အရင်းအမြစ်ကို ပိတ်ပင်သည့်အနေဖြင့် ဘဝ၏ မရရှိနိုင်သောအရာများ ဆန္ဒထားခြင်းကို ပိတ်ပင်ခဲ့ပါသည်။

**အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို တောင်းခံခြင်းသည် စံပြနည်းလမ်းဖြစ်သည်။**

ထို့နောက်အာယသ်တော်ကညွှန်ကြား၍ မိန့်ထားသည်မှာ- وَاسْئَلُوا اللّٰهَ مِنْ فَضْلِهِ "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကို အသနားခံကြလေကုန်"ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ သင်သည် တစ်စုံတစ်ဦးက အသင်ထက်တစ်ခုခုမှာသာလွန်နေသည်(သို့)ဘဝ၏ အခြားကျေးဇူးတော်တွင် သင့်ထက်သာလွန်နေလျှင် စံပြလုပ်ဆောင်မှုမှာ ထိုသူ၏ သီးခြားသာလွန်မှုနှင့်ပတ်သက်၍ ထိုသူနှင့်တန်းတူရည်တူဖြစ်ရန် ဆန္ဒမထားသင့်ချေ။ သို့သော်လည်း သင်သည်အလ္လာဟ်အရှင်မြတ်ထံမှ ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာများအတွက် ဒုအာတောင်းခံသင့်ပေသည်။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သည် လူတိုင်းအပေါ်တွင် ပုံစံအမျိုးမျိုးနှင့် ရှိနေကြ၍ဖြစ်သည်။ အချို့ သူအတွက်ဆိုလျှင် ဥစ္စာဓနသည် အလ္လာဟ်အရှင်မြတ်ထံမှ ကောင်းချီးမင်္ဂလာတစ်ရပ်အတွက်ဖြစ်သည်။ အကယ်၍ ထိုသူများသည် ဆင်းရဲနွမ်းပါးသူများအဖြစ် ရှိနေခဲ့လျှင် ၎င်းတို့သည် ပြစ်မှုဂုနာဟ်သားကောင်ဘဝရောက်ရှိခြင်းနှင့် မယုံကြည်သွေဖည်သူအဖြစ် ရောက်ရှိနိုင်ခြင်းတို့ ဖြစ်သွားနိုင်သာကြောင့် ဖြစ်သည်။ အချို့သောအခြားသူများအတွက် ဆိုလျှင် ကျေးဇူးတော်သည် ၎င်းတို့နှင့် ပတ်သက်သောဝေကြေးအခြေအနေများ ပေါ်တည်နေသည်။ အဘယ် ကြောင့်ဆိုသော် အကယ်၍ ၎င်းတို့ကို သူဌေးအဖြစ်ပြောင်းလဲပစ်လိုက်လျှင် ၎င်းတို့သည် ထောင်ပေါင်းများစွာသော ပြစ်မှုဂုနာဟ်များ ကျူးလွန်စေနိုင်သောကြောင့် ဖြစ်သည်။ အလားတူပင် အချို့အတွက်ဆိုလျှင် ကျေးဇူးတော်သည် ဩဇာအာဏာပုံစံဖြစ်ပြီး အချို့မှာမူကား မေ့လျော့ကာပြစ်ပယ်ခံများအဖြစ် ရှိနေစေပါသည်။ ယင်းအခြေအနေသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို ထင်ရှားပြသခြင်းဖြစ်သည်။ပတ်ဝန်းကျင်ရှိအရာများ၏ စစ်မှန်မှုကို ကြည့်မည်ဆိုလျှင် အကယ်၍ ၎င်းကိုဩဇာအာဏာသာပေးလိုက်ပါက ၎င်းသည် ပြစ်မှုများစွာကျူးလွန်သူတစ်ဦး ဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် အာယသ်တော်က ညွှန်ကြားသည်မှာ အရှင်မြတ်ထံ သင်သည်ဒုအာတောင်းခံလျှင် ဘဝ၏မပြောင်းလဲသော အရည်အချင်းအချို့ကို မတောင်းခံဘဲ အရှင်မြတ်၏ကျေးဇူးတော်ကိုသာ တောင်းခံပါ။

သို့မှသာ ထိုအရှင်မြတ်က အရှင်မြတ်၏ ဆုံးစမရှိသော ဟစ်က်မသ်ဉာဏ်တော်နှင့် သင့်အပေါ်တွင် ကောင်းချီးမင်္ဂလာများ ချပေးသနားတော်မူလိမ့်မည်။

## အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်နှင့် အသိပညာကို ယုံကြည်ကိုးစားပါ

အာယသ်တော်က နိဂုံးချုပ်မိန့်ကြားသည်မှာ- إِنَّ اللَّهَ كَانَ بِكُلِّ شَيْءٍ عَلِيمًا "အလ္လာဟ်အရှင်မြတ်သည် ဧကန်အမှန်အရာ ခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ဖြစ်တော်မူသတည်း" ဟူ၍ ဖြစ်သည်။ ဤထဲတွင် ညွှန်းထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ စီမံမှုများသည် ဟစ်က်မသ်ဉာဏ်တော်နှင့် တရားမျှတမှု၏ အထွတ်အထိပ်ဖြစ်တော်မူသည်။ မည်သူ့ကိုမဆိုမည်သည့်အခြေအနေမျိုးတွင် ဖန်ဆင်းမွေးမြူကျွေးမွေးစောင့်ရှောက်ထားခဲ့လျှင် ယင်းသည် ဟစ်က်မသ်ဉာဏ်တော်နှင့် တရားမျှတမှု စံပြတောင်းဆိုချက်နှင့် ပြီးပြည့်စုံသော လိုက်လျောညီထွေသည့် အစီအမံတစ်ရပ်ပင်ဖြစ်သည်။ သို့သော်လည်း လူသားသည်၎င်းလုပ်သမျှ၏ အကျိုးဆက်ကို ပြည့်စုံစွာသတိမမူပါ။ ဤသည်ကို အလ္လာဟ်အရှင်မြတ်ကသာ အကောင်းဆုံးသိရှိတော်မူသော အရှင်ဖြစ်၍ လူတစ်ဦးအားအခြေအနေတစ်ရပ်တွင်ထားရန် မည်မျှသင့်လျော်ကြောင်းကိုလည်း ထိုအရှင်သာလျှင် အသိတော်မူဆုံးဖြစ်သည်။

## အမွေဥပဒေ၊ ယင်းတွင်ပါရှိသော ဟစ်က်မသ်အသိဉာဏ်ကို အထပ်ထပ်အခါခါ မိန့်ကြားတော်မူခြင်း

အကျယ်ဖွင့်ဆိုချက်၏ အလျင်ဖြစ်သော နိဒါန်းမှတ်ချက်များမှ လက်ရှိအာယသ်တော်ကျရောက်သည့် နောက်ကြောင်းကို ဖော်ပြရာတွင် မိန့်ကြားထားသည်မှာ အချို့သောအမျိုးသမီးတို့သည် အမျိုးသားတစ်ဦး၏ ဝေစုကို အမျိုးသမီးနှစ်ဦးတို့၏ ဝေစုနှင့်တူညီဝေစု ပေးထားကြောင်းတွေ့ရသောအခါ ၎င်းတို့လည်း ဝေစုနှစ်ဆ ရစေရန်အတွက် အမျိုးသားဖြစ်သွားစေရန် ဆန္ဒပြုကြသည်။ ထင်ရှားသည့်အနေဖြင့် အာယသ်တော်(၄၃)တွင် အမွေနှင့်ပတ်သက်သော ဥပဒေကိုတစ်ဖန် ထပ်ခါဖော်ပြထားပါသည်။ ယင်းတွင် ပေပြစ်စွာ မိန့်ကြားထားသည်မှာ အားလုံးသောဝေစုတို့သည် ပြီးပြည့်စုံသောဉာဏ်နှင့် တရားမျှတမှုတို့အပေါ် အခြေခံ၍ စီရင်ဆုံးဖြတ်ထားသည်။ လူသား၏ဆင်ခြင်တုံတရားသည် ဖန်ဆင်းခံစကြဝဠာကြီး၏အေးချမ်းသာယာခြင်းကိုလည်းကောင်း၊ မငြိမ်မသက်ဖြစ်ခြင်းကိုလည်းကောင်း၊ ဖြစ်ပွားစေသောအကြောင်းအရာ အားလုံးတို့ကို ခြုံငုံသိနိုင်စွမ်းမရှိသောကြောင့် အလ္လာဟ်အရှင်မြတ်ဥပဒေများ စီရင်ပြဋ္ဌာန်းရာတွင် အသုံးပြုသော ဟစ်က်မသ်ဉာဏ်တော်၏ အစိတ်အပိုင်းများကို တိကျစွာနားလည်နိုင်စွမ်း မရှိသည်မှာထင်ရှားပါသည်။ ထို့ကြောင့် မည်သူမဆိုဝေပုံကျရရှိသမျှဝေစုနှင့် ကျေနပ်သင့်ပါသည်။ ၎င်းပြင် ယင်းကဲ့သို့ရရှိခြင်းအတွက် ကျေးဇူးတင်သင့်ပါသည်။

## ပဋိညာဉ်မှတစ်ဆင့် အမွေရရှိခြင်း

အာယသ်တော် (၃၃) ၏အဆုံးတွင် ဖော်ပြထားသော ပဋိညာဉ်ကို အခြေခံ၍ ဝေစုဝေပုံပေးခြင်းသည် အစ္စလာမ်ဘာသာ၏ အစောပိုင်းတွင်ရှိသော လုပ်ဆောင်ခြင်းတစ်မျိုးကို ရည်ညွှန်းပါသည်။ ဤသို့လုပ်ဆောင်ခြင်းကို နောင်တွင်အောက်ပါအာယသ်တော်အရ ဖျက်သိမ်းခဲ့ပါသည်။ **أُولُوا الْأَرْحَامِ بَعْضُهُمْ أَوْلَىٰ بِبَعْضٍ** "ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်၌ သွေးရင်းသားရင်းတော်စပ်သူတို့မှာ အချင်းချင်းတစ်ဦးနှင့်တစ်ဦး အခြား "မုအ်မင်န်" သက်ဝင်ယုံ ကြည်သူတို့ထက်လည်းကောင်း" (၃၃း၆) အကယ်၍ အမွေဆက်ခံသူများရှိနေပါက ပဋိညာဉ်တစ်ခုပြုလုပ်ခြင်း ကိုဖြစ်စေ အချင်းချင်းသဘောတူစာချုပ်ပြုလုပ်ချုပ်ဆိုခြင်းကိုဖြစ်စေ အမွေဆက်ခံရာတွင် မည်သို့သောနည်းနှင့်မျှ အကျိုးသက်ရောက်မှုမရှိပါ။

v v v v v v v

## အာယသ် (၃၄-၃၅)

اَلرِّجَالُ قَوَّامُوْنَ عَلَى النِّسَآءِ بِمَا فَضَّلَ اللّٰهُ بَعْضَهُمْ عَلٰى
بَعْضٍ وَّبِمَآ اَنْفَقُوْا مِنْ اَمْوَالِهِمْ ؕ فَالصّٰلِحٰتُ قٰنِتٰتٌ حٰفِظٰتٌ
لِّلْغَيْبِ بِمَا حَفِظَ اللّٰهُ ؕ وَالّٰتِيْ تَخَافُوْنَ نُشُوْزَهُنَّ فَعِظُوْهُنَّ
وَاهْجُرُوْهُنَّ فِي الْمَضَاجِعِ وَاضْرِبُوْهُنَّ ۚ فَاِنْ اَطَعْنَكُمْ
فَلَا تَبْغُوْا عَلَيْهِنَّ سَبِيْلًا ؕ اِنَّ اللّٰهَ كَانَ عَلِيًّا كَبِيْرًا ﴿۳۴﴾
وَاِنْ خِفْتُمْ شِقَاقَ بَيْنِهِمَا فَابْعَثُوْا حَكَمًا مِّنْ اَهْلِهٖ
وَحَكَمًا مِّنْ اَهْلِهَا ۚ اِنْ يُّرِيْدَآ اِصْلَاحًا يُّوَفِّقِ اللّٰهُ بَيْنَهُمَا ؕ
اِنَّ اللّٰهَ كَانَ عَلِيْمًا خَبِيْرًا ﴿۳۵﴾

အလ္လာဟ်အရှင်မြတ်သည် (ယောကျ်ားနှင့် မိန်းမတို့အနက်) အချို့ကို (ယောကျ်ားများကို) အချို့ထက် (မိန်းမများထက်)ပင် အရည်အချင်း၊ အဆင့်အတန်း၊ သာလွန်စေတော်မူခဲ့သောကြောင့်ဂင်း၊ ယောကျ်ားများသည် မိမိတို့၏ ဥစ္စာပစ္စည်းများကို (မိန်းမတို့အား ကျွေးမွေးထောက်ပံ့ရာတွင်) သုံးစွဲသောကြောင့်လည်းကောင်း၊ ယောကျ်ားများသည် မိန်းမတို့ အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူများဖြစ်ကြသည်။ သို့ဖြစ်ပေရာ သူတော်ကောင်း အမျိုးသမီးတို့သည် (လင်ခင်ပွန်းသည်တို့၏) အမိန့်ကို နာယူသူများသည်လည်းကောင်း၊ ဆိတ်ကွယ်ရာတွင် (လင်ခင်ပွန်းသည်တို့၏ဥစ္စာပစ္စည်းနှင့် မိမိတို့၏ ကာယိန္ဒြိသိက္ခာများကို) အလ္လာဟ်အရှင်မြတ်၏ (ကူညီ) စောင့်ရှောက်မှုဖြင့် ထိန်းသိမ်းသူများသည် လည်းကောင်း၊ ဖြစ်ကြကုန်၏။ သို့ရာတွင် အသင်တို့သည် (အခြေအနေကို ထောက်ထားသုံးသပ် အကဲခပ်ခြင်းအားဖြင့်) အကြင် ဇနီးသည်တို့၏သွေဖည် ပုန်ကန်မှုကို (အကယ်စင်စစ်) စိုးရိမ်ကြသော် (ဦးစွာပဌမ) အသင်တို့သည် ယင်း မိန်းမတို့အား (ယဉ်ကျေးသိမ်မွေ့စွာဖြင့်) သွန်သင်ဆုံးမပဲ့ပြင်ကြလေကုန်။ ထို့နောက် (အကယ်၍ နာယူခြင်းမရှိကြသေးပါမူ) အသင်တို့သည် ထိုမိန်းမတို့အား (ယဉ်ကျေးသိမ်မွေ့စွာဖြင့်) သွန်သင်ဆုံးမပဲ့ပြင်ကြလေကုန်။ ထို့နောက် (အကယ်၍ နာယူခြင်းမရှိကြသေးပါမူ) အသင်တို့သည် ထိုမိန်းမတို့အား အိပ်ခန်းများတွင် (အိပ်ရာများတွင် တစ်ဦးထီးတည်းခွဲခွါ) စွန့်ပစ်ထားကြလေကုန်။ ထို့နောက် (အကယ်၍ လိမ္မာရေးခြားမရှိကြသေးပါမူ) အသင်တို့သည် ထိုမိန်းမတို့အား (လွန်ကျူးခြင်းမရှိစေကြဘဲ ဆုံးမသော

အနေနှင့်) ရိုက်နှက်ကြလေကုန်။ တစ်ဖန် အကယ်၍ ထိုမိန်းမတို့သည် အသင်တို့၏အမိန့်ကို နာခံကြပါမူ အသင်တို့သည် ၎င်းတို့နှင့် ဆန့်ကျင်၍ မည်သည့်နည်းလမ်းကိုမျှ မရှာကြကုန်လင့်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်မြင့်မြတ်တော်မူသော၊ ကြီးကဲတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄း၃၄)

ထိုမှတစ်ပါး အကယ်၍ အသင်တို့သည် ယင်းဇနီးမောင်နှံနှစ်ဦးတို့၏ အကြားဝယ် (အကြီးအကျယ်) ပဋိပက္ခ ဖြစ်ပွားမည်ကို စိုးရိမ်ခဲ့ကြပါသော် (၎င်းဇနီးမောင်နှံ နှစ်ဦးတို့၏ ပြဿနာများကို ဖြေရှင်းနိုင်ခြင်းငှါ) ထိုလင်ယောကျ်ား၏ ဆွေမျိုး သားချင်းတို့အနက်မှ ခုံသမာဓိလူကြီးတစ်ယောက်ကိုလည်းကောင်း၊ ထိုဇနီးမိန်းမ၏ဆွေမျိုးသားချင်းတို့အနက်မှ ခုံသမာဓိလူကြီးတယောက်ကိုဂင်း၊ ခန့်အပ်(၍ ယင်းပြဿနာကို ဖြေရှင်းစေ) ကြလေကုန်။ အကယ်၍သာ ယင်း(ခုံသမာဓိလူကြီး)နှစ်ဦးတို့သည် (စိတ်ရော ကိုယ်ပါ) ထိုဇနီးမောင်နှံနှစ်ဦးတို့၏ အခြေအနေကို ပြုပြင်ရန်အတွက် ရည်စူးကြပါသော်၊ အလ္လာဟ် အရှင်မြတ်သည် ယင်း (ဇနီးမောင်နှံ) နှစ်ဦးတို့၏ အကြားတွင် (မလွဲဧကန်)သင့်တင့်စေတော်မူအံ့။ အလ္လာဟ်အရှင်မြတ်သည် မချွတ်ဧကန် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ရှိသိတော်မူသော အရှင်၊ အလုံးစုံတို့ကို အကြွင်းမဲ့ကြားသိတော်မူ သောအရှင်ပင် ဖြစ်တော်မူပေသတည်း။ (၄း၃၅)

အစောပိုင်းကဖော်ပြခဲ့သော အမျိုးသမီးများနှင့် ပတ်သက်သည့်အမိန့်ပညတ်ချက်များထဲတွင် ၎င်းတို့အား ခွဲခြားဆက်ဆံသည့်အနေဖြင့် ၎င်းတို့၏ရပိုင်ခွင့်များကို ထိန်းချုပ်ထားခြင်းကိုလည်းကောင်း၊ ဖြုန်းတီးပြစ်ခြင်းကိုလည်းကောင်း တားမြစ်ထားသည်။ ယခုလက်ရှိအာယသ်တော်များထဲတွင် အမျိုးသားများ၏ ရပိုင်ခွင့်များကို ဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုခြင်း

အာယသ်တော်(၃၄)သည် အရေးကြီးသည့်အဆိုအမိန့်ဖြစ်သော **اَلرِّجَالُ قَوَّٰمُوْنَ عَلَى النِّسَآءِ** ဖြင့် ဖွင့်ဆိုထားသည်။ ယင်းကို"ယောကျ်ားများသည် မိန်းမတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူများဖြစ်ကြသည်"ဟု အဓိပ္ပာယ်ပြန်ဆိုထားပါသည်။

ကောင်ဝမ်၊ ကိုင်ယမ် သို့မဟုတ် ကိုင်ယင်မ် တို့သည် အရဗီဘာသာရပ်တွင် တာဝန်ရှိသောသူကိုလည်းကောင်း၊ စနစ်တစ်ခုကိုလုပ်ဆောင်ရန် (သို့) လုပ်ငန်းတစ်ခုကို စီမံခန့်ခွဲရန် တာဝန်ဝတ္တရားနှင့် လွှဲအပ်ခြင်းခံရသူကိုလည်းကောင်း၊ လုပ်ဆောင်ရမည့်တစ်စုံတစ်ခုကို ယင်းနှင့်ပတ်သက်သည့်အကြောင်းအရာများကို

ထိန်းချုပ်ကာ တာဝန်ယူရသောသူကိုလည်းကောင်း ညွှန်းပါသည်။ အမျိုးသမီးများနှင့် ပတ်သက်၍ အမျိုးသားတစ်ဦး၏ စံပြအနေအထားကို ဤအာယသ်တော်ပါ "ကောင်ဝမ်"ဟူသော စကားလုံးမှတစ်ဆင့် ဖော်ပြထားပါသည်။ ယင်းစကားလုံးကို နည်းမျိုးစုံဖြင့် ဘာသာ ပြန်ခဲ့ပြီး အသုံးများသည်မှာ "ဟာကင်မ်" ဟူသောအနက်ကို ဆောင်ပါသည်။ "ဟာကင်မ်"ဆိုသည်မှာ အုပ်ချုပ်သူ၊ စီမံခန့်ခွဲသူ (သို့) အဆုံးအဖြတ်ပေးသူဟူ၍ ဖြစ်ပါသည်။ အခြားသော အစားထိုးအဓိပ္ပာယ်များမှာ အုပ်ထိန်းသူ များ စောင့်ရှောက်သူ၊ ကြပ်မတ်သူနှင့် အကာအကွယ်ပေးသူများ ဖြစ်ကြသည်။ စောင့်ရှောက်သူဟူသော အနက် အဓိပ္ပာယ်ကို မှတ်ယူမည်ဆိုလျှင် အလုပ်သဘောအရ အကြီးအကဲသာဖြစ်ပြီး နိုင်ငံရေးအရ အုပ်ချုပ်သူ (သို့) အာဏာရှင်မဟုတ်ပါ။ ကုရ်အာန်ကျမ်းတော်မြတ်ပါ "ကောင်ဝမ်" (သို့) "ဟာကင်မ်" ဆိုသော စကားလုံးတို့သည် ယေဘုယျအတွေ့အကြုံမှ တတ်သိနားလည်ခြင်းဟူသည့် အခြေခံကိုပေးပါသည်။ ကြီးသော၊ ငယ်သော အစု အဝေးဖြင့် နေထိုင်ခြင်း (သို့) ဖွဲ့စည်းထားသော မည်သည့်စနစ်တွင်မဆို ယထာဘူတကျပြီး အစဉ်အလာဖြစ်သည် မှာ ယင်းအုပ်စု (သို့) စနစ်တွင် အကြီးအကဲ (သို့) ခေါင်းဆောင် (သို့) အာဏာပိုင်ရှိရမည်ဆိုသည်မှာ ထင်ရှား ပါသည်။ သို့မှသာ ထိုသူသည် ကွဲပြားခြားနားမှု တစ်ခုဖြစ်ချိန်တွင် ကြားဝင်စေ့စပ်နိုင်ပြီး ကိစ္စရပ်များ ချောမွေ့စွာ လုပ်ကိုင်နိုင်ရန် ဝင်စေ့စပ်နိုင်ပြီးကိစ္စရပ်များ ချောမွေ့စွာ လုပ်ကိုင်နိုင်ရန်အတွက် ဆုံးဖြတ်ချက်များ ချနိုင်ပါလိမ့်မည်။ ထိုကဲ့သို့သော အာဏာပိုင်ကို တိုင်းပြည်များ၊ အစိုးရများ ပြည်နည်များကို အုပ်ချုပ်ရာတွင် လိုအပ်သည်ဆိုသည်ကို တစ်ကမ္ဘာလုံးက လက်ခံခဲ့ကြပြီး လက်တွေ့ ကျင့်သုံးခဲ့ကြပါသည်။ ကျွန်ုပ်တို့ခေတ်တွင် ဤလိုအပ်ချက်ကို သိရှိနားလည်ခဲ့ကြသကဲ့သို့ ရှေးယခင်က လူမျိုး နွယ်စု အဖွဲ့အစည်းများကလည်း လိုအပ်ကြောင်း သိခဲ့ကြပါသည်။ ထို့ကြောင့် လူမျိုးနွယ်စုတစ်စု၏ အကြီးအကဲသည် ထိုလူမျိုးနွယ်စု၏ အာဏာပိုင်ပင် ဖြစ်ပါတော့သည်။ ကြီးမားသော အဖွဲ့အစည်းတို့၏ အသေးစားနမူနာ ဖြစ်သော မိသားစုအစုအဖွဲ့ကိုထိန်းသိမ်းအုပ်ချုပ်ရန် တစ်စုံတစ်ဦးအား ဦးဆောင်စေရန် အဘယ်ကြောင့် မလိုလားအပ်ပါမည်နည်း။ ထိုနေရာတွင်လည်း လိုအပ်ချက်အတွက် ရှိပါသည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်သည် ထိုအရှင်၏ အဆုံးအစမရှိသော ဟစ်က်မသ်ဉာဏ်တော်အရ ဤတာဝန်ကိုအပ်နှင်းရန် အမျိုးသားများအား ရွေးချယ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားတို့၏ သဘာဝစွမ်းဆောင်နိုင်မှုတို့သည် အမျိုးသမီးများနှင့် ကလေးသူငယ်များတို့ထက် ပိုမိုပေါ်လွင်ထင်ရှား သောကြောင့် ဖြစ်ပါသည်။

ဤသည်မှာ လူဘဝတွင်ထင်ရှားပွင့်လင်းသောအမှန်တရားဖြစ်၍ အမျိုးသားဖြစ်စေ အမျိုးသမီးဖြစ်စေ စစ်မှန်သောလူသားသည် ဤသည်ကိုမငြင်းနိုင်ပါ။ ထို့ပြင် ယင်းကိုငြင်းဆန်ခြင်းဖြင့် အစစ်မှန်ကိုလည်း မပြောင်းလဲနိုင်ပါ။

ဤအကြောင်း၏အကျဉ်းချုပ်မှာ- **وَلِلرِّجَالِ عَلَيْهِنَّ دَرَجَةٌ** ယောကျ်ားများအဖို့မှာကား ထိုဇနီးမိန်းမများ အပေါ်ဝယ် သာလွန်ခြင်းတစ်ရပ်ရှိပေသည်။ (၂း၂၂၈)**"اَلرِّجَالُ قَوَّٰمُوْنَ عَلَى النِّسَآءِ** ယောကျ်ားများသည် မိန်းမတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူများ ဖြစ်ကြသည်။ ယင်းတွင် ပါရှိသည့်အတိုင်း အမျိုးသမီးများ၏အခွင့်အရေးသည် အမျိုးသားများအပေါ်တွင် ရှိသကဲ့သို့ အမျိုးသား၏အခွင့်အရေးသည်လည်း အမျိုးသမီးများအပေါ်တွင် ရှိပေသည်။ နှစ်ဦးစလုံးသည် တစ်ဦးစီအတွက် အခွင့်အရေးအလားတူရှိကြသည်။ ချွင်းချက်တစ်ခုသည်ကား

ယောကျ်ားများသည် လုပ်ငန်းဆိုင်ရာအခွင့်တွင် သာလွန်မှုအချို့ရှိလေသည်။ သို့သော်လည်း ဤသာလွန်မှုကို မျှတစေရန် အထိန်းအကွပ်လည်းရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်များတွင် ရှင်းလင်းထားသကဲ့သို့ အမျိုးသားများပခုံးပေါ်တွင်လွှမ်းခြုံထားသောအခွင့်အာဏာဆိုသည်မှာ အာဏာရှင်တစ်ဦးနှင့် ဘုရင်ဆိုးတစ်ပါး၏ အခွင့်အာဏာမျိုး မဟုတ်ချေ။ ဤအခွင့်အာဏာကျင့်သုံးရာတွင် အမျိုးသားကို အစွလာမ့်သာသနာ၏ အမြင့်မားဆုံးဥပဒေဖြစ်သော ရှရီအသ်ကထိန်းချုပ်ထားသည်။ အမျိုးသားသည် ဆွေးနွေးတိုင်ပင်မှုနည်းဖြင့်လုပ်ဆောင်၍ ကောင်းမွန်သောအကြံဉာဏ်များကိုလိုက်နာရပါမည်။ ၎င်းသည် စိတ်ရိုင်းနှင့်အလိုဆန္ဒအရ ထင်တိုင်းကြေ၍မရပါ။ သူကိုပေးထား သောအမိန့်မှာ-**وَعَاشِرُوْهُنَّ بِالْمَعْرُوْفِ** ဖြစ်သည်။ ဆိုလိုသည်မှာ အမျိုးသမီးများအား အသိအမှတ်ပြုထားပြီးသည့်အတိုင်း ကောင်းစွာဆက်ဆံရမည်ဟူ၍ဖြစ်သည်။

ဤအချင်းချင်းတိုင်ပင်ဆွေးနွေးခြင်းအကြောင်းမှာအခြား အာယသ်တော်(၂:၂၃၃) **عَنْ تَرَاضٍ مِّنْهُمَا وَتَشَاوُرٍ** တွင် မိန့်ကြားထားသည်။ ဤတွင်မိသားစုအရေးကိစ္စများကို ဇနီးသည်များနှင့် တိုင်ပင်ဆွေးနွေး၍ လုပ်ဆောင်ရန် အမျိုးသားများကို ညွှန်ကြားထားသည်။ ဤရှင်းလင်းချက်ပြီးနောက် အမျိုးသားတို့၏ အခွင့်အာဏာသည် အမျိုးသမီးများအတွက် မနာလိုဝန်တိုစိတ်ဖြင့် ရင်တွင်းဗလောင်ဆူနေစေသော ရင်းမြစ်တစ်ရပ် မဖြစ်သင့်ချေ။ သို့သာမက အမျိုးသမီးများသည် ဤအစီအစဉ်ကြောင့် စိတ်ညစ်ရမှုဖြစ်နိုင်ချေရှိနိုင်၍ အလွှာရှင် မြတ်သည်မူရင်းစာသား၌ ယောကျ်ားများ၏အခွင့်အာဏာကြေညာခြင်းကိုသာ ကန့်သတ်ဘောင်ခတ်မထားဘဲ ဤအခွင့်အာဏာအတွက် အကြောင်းပြချက်နှစ်ခုကို ရှင်းလင်းထားခဲ့သည်။ ပထမအကြောင်းမှာ မည်သည့်လူသားမှ ထိန်းချုပ်နိုင်စွမ်းမရှိသော ဖန်ဆင်းခြင်း၏ ဟစ်က်မသ်အသိဉာဏ်နှင့်ပတ်သက်ဆက်နွယ်ပြီး ဒုတိယအကြောင်းမှာ တစ်စုံတစ်ဦး၏ ကြိုးပမ်းအားထုတ်မှုမှ မရနိုင်သော အကြောင်းကို ရည်ညွှန်းသည်။

ပထမအကြောင်းကို-**بِمَا فَضَّلَ اللّٰهُ بَعْضَهُمْ عَلٰى بَعْضٍ** စကားလုံးများဖြင့်ဖော်ပြထားခဲ့သည်။ ဆိုလိုသည်မှာ အလွှာရှင်မြတ်သည် အရှင်မြတ်၏အလုံးစုံအကျိုးဝင်သည့် ဟစ်က်မသ်ဉာဏ်တော်နှင့် တွေးတောဆင်ခြင်မှုအရ အချို့တို့ကိုအခြားသူများထက်(အချို့အရည်အချင်းများတွင်)သာလွန်စေပါသည်။ ဤသည်မှာ မက္ကာဟ်၏မြင့်မြတ်သော ပရဝဏ်တွင်ဝတ်ပြုဆောက်တည်ရာ သီးခြားအိမ်တော်တစ်ခုအား အလွှာဟ်အရှင်မြတ်က အရှင်မြတ်၏အိမ်တော်နှင့် (မျက်နှာမူရာ) ကိဗလာဟ်အဖြစ် သတ်မှတ်ကြေညာပြောသကဲ့သို့ပင်ဖြစ်သည်။ ထို့ပြင် ဂျေရုစလင်မြို့ရှိ ဗိုင်သွလ်မု ကတ်ဒစ်ကို အထူးမြင့်မြတ်မှုတစ်ရပ်ချီးမြှင့်ခဲ့ပါသည်။ အမျိုးသားများအား အသာပေးမှုသည်လည်း ထိုကဲ့သို့ အလားတူပေသည်။ ဤသည်မှာ အလွှာဟ်အရှင်ပေးသနားတော်မူသော ကျေးဇူးတော်တစ်ရပ်ဖြစ်သည်။ အမျိုးသားများ ဘာမျှ မလုပ်ရဘဲရသော ယင်းကျေးဇူးတော်ကို အမျိုးသမီးများမရ၍လည်း ဘာမျှဖြစ်စရာမလိုချေ။ ယင်းသည် ဖန်ဆင်းခြင်း၏ဟစ်က်မသ်ဉာဏ်ပေါ်တွင် စိုးမိုးအခြေခံ၍ ဖန်ဆင်းရှင်၏ သီးသန့်အခွင့်ထူးတစ်ရပ်ပင်ဖြစ်သည်။

ဒုတိယအကြောင်းမှာကြိုးပမ်းရသောအရာနှင့်သက်ဆိုင်သည်။ ဤအကြောင်းကို **وَبِمَآ اَنْفَقُوْا مِنْ اَمْوَالِهِمْ** စကားလုံးများကထောက်ပြသည်မှာ အမျိုးသားများသည် ၎င်းတို့၏ငွေကြေးသုံးစွဲကာ မဟ်ရ်ခန်းဝင်ကြေးပေးခြင်းနှင့် အမျိုးသမီးများ၏လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးရန်တာဝန်ယူခြင်းဖြစ်သည်။ ထို့ကြောင့်အသာရခြင်းဖြစ်သည်။

ဤနေရာတွင် အိမာမ်အိဗနိဟိဗ်ဗန်၏ အလ်ဗဟ်ရုလ်အလ်မုဟီးတ်ွကျမ်းမှဝေဖန်ချက်ကို ဂရုမူထိုက်သည်။ ကျမ်းရှင်က ပြောကြားသည်မှာ "အမျိုးသားများ၏ အခွင့်အာဏာအထောက်အကူပြုသည့် ဤအကြောင်းနှစ်ရပ်က အခွင့်အာဏာ၏ရပိုင်ခွင့်သည် အတင်းအကျပ်သက်သက် အတည်ပြုထားခြင်း မဟုတ်ကြောင်း သက်သေပြနေပေသည်။ ဤရပိုင်ခွင့်သည် တစ်စုံတစ်ဦး၏ လုပ်ကိုင်နိုင်စွမ်းနှင့် အရည်အချင်းရှိမှပေါ်အခြေခံ၍ ထိုက်ထိုက်တန်တန်ရခြင်းဖြစ်သည်။

## အမျိုးသားများ အသာရမှုကိုဖော်ပြရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ အာဝိစ္စာန်းရှင်မှု

မှတ်သားထိုက်သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ယောကျ်ားများသာခြင်းအတွက် ပထမအကြောင်းပြချက်မိန့်ကြားရာတွင်- **فَضَّلَهُمْ عَلَيْهِنَّ** အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အမျိုးသားကို အမျိုးသမီးထက်သာလွန်စေခဲ့သည်ဟူသော အသုံးအနှုန်းမရွေးချယ်ခဲ့ပေ။ ယင်းနှင့်ဆန့်ကျင်၍ အမိန့်ကို နက်ရှိုင်းစွာပေါ်လွင်ထင်ရှားစေသည့်- **بَعْضَهُمْ عَلَىٰ بَعْضٍ** "၎င်းတို့အနက် အချို့ကိုအချို့ကထက် အလ္လာဟ်ရှင်မြတ်သည် သာလွန်စေတော်မူခဲ့သည်"ဟူသော အသုံးအနှုန်းကို ရွေးချယ်သုံးနှုန်းထားသည်။ ဤတွင် အသိဉာဏ်ဟစ်က်မသ်ကိုမြင်တွေ့ရန် မခဲယဉ်းချေ။ အရဗီအသုံးအနှုန်း- **بَعْضَهُمْ عَلَىٰ بَعْضٍ** တွင် အမျိုးသားနှင့် အမျိုးသမီးတို့မှာ တစ်ဦးသည်တစ်ဦး၏ အစိတ်အပိုင်းဖြစ်ကြောင်း သိမ်မွေ့သည့်ရည်ညွှန်းချက်တစ်ရပ် ပါဝင်သည်။ ထို့ကြောင့် အမျိုးသားများသာလွန်ကြောင်းကိုတစ်ခု(သို့) အခြားတစ်ခုတွင် သက်သေပြခဲ့ပြီးဖြစ်သော်လည်း အမျိုးသား၏ ဦးခေါင်းသည် လက်ထက်လည်ကောင်း၊ (သို့) အမျိုးသား၏ နှလုံးသားသည် ဝမ်းဗိုက်ထက်လည်းကောင်း သာလွန်သည်ဟူသည်နှင့် ဆင်တူဖြစ်ခြင်းထက် မပိုကြောင်း ညွှန်ကြားသည်။ ထို့ကြောင့် အမျိုးသား၏ခေါင်းသည် လက်ထက်သာသည်ဟုဆိုရာတွင် လက်၏အရေးပါမှုကလျော့နည်းမသွားပါ။ အလားတူပင် အမျိုးသမီး၏ သာလွန်မှုကြောင့် အမျိုးသား၏အဆင့်အတန်းမည်သို့မျှ လျော့နည်းမသွားချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့နှစ်ဦးစလုံးသည် တစ်ဦးသည် တစ်ဦး၏အစိတ်အပိုင်းများဖြစ်ကြ၍ ဖြစ်သည်။ အကယ်၍ အမျိုးသားသည် ဦးခေါင်းဖြစ်ပါက အမျိုးသမီးသည် ခန္ဓာကိုယ်ဖြစ်ပေမည်။

အချို့အကျယ်ဖွင့်ဆိုသူများ ဤနေရာတွင် နောက်ထပ်အညွှန်းတစ်ခုကို ဖော်ထုတ်ထားသည်။ ၎င်းတို့အဆိုအရ အမျိုးသမီးများထက် အမျိုးသားများသာလွန်မှုသည် အန္တယ်တူမျိုးကွဲစုကြောင့်ဖြစ်သည်။ တစ်ဦးချင်းအနေနှင့်ဆိုလျှင် အမျိုးသမီးတစ်ဦးသည် သူမ၏အရည်အချင်းနှင့် ထမြောက်အောင်မြင်မှုသည် အမျိုးသားတစ်ဦးထက်သာလွန်နိုင်သည်မှာ လုံးဝဖြစ်နိုင်ပေသည်။ မည်၍မည်မျှသာလွန်သည်ဆိုလျှင် အမျိုးသမီးတစ်ဦးသည် ကြီးကြပ်အုပ်ထိန်းမှုအရည်အချင်းတွင် အချို့အမျိုးသားတစ်ဦးချင်းထက်ပင် သာလွန်နိုင်ပေသည်။

## အမျိုးသားများနှင့်အမျိုးသမီးများတို့ တာဝန်ယူရသည့်အခန်းကဏ္ဍ၊ လုပ်ဆောင်မှုတို့၏မူ

အမျိုးသားများသာလွန်ခြင်းအတွက် ဒုတိယအကြောင်းပြချက်မှာ ၎င်းတို့သည် ရှာဖွေစုဆောင်းရသမျှကို အမျိုးသမီးတို့အားပြုစုစောင့်ရှောက်ရန်အတွက် သုံးစွဲခြင်းကြောင့်ဖြစ်သည်။ ဤနေရာ၌ စဉ်းစားဆင်ခြင်ရန်

အချို့အချက်အလက်များရှိပါသည်။ အမွေဆက်ခံခြင်းနှင့်ပတ်သက်သော အာယသ်တော်များထဲတွင် ရှင်းလင်းဖော်ပြထားသော အမျိုးသားများတို့၏ ဝေစုသည် အမျိုးသမီးတို့၏နှစ်ဆရခြင်းနှင့် ပတ်သက်၍ ဖြစ်လာနိုင်သော သံသယကို ဤအာယသ်တော်က ဖယ်ရှားပစ်ပါသည်။ ဤသည်နှင့် ပတ်သက်၍ လက်ရှိအာယသ်တော်က အလုံးစုံသော ငွေကြေးဆိုင်ရာတာဝန်ဝတ္တရားများတို့သည် အမျိုးသားများအပေါ်တွင် တာဝန်ရှိသည်ဟု ကြေညာခဲ့သည်။ အမျိုးသမီးများအတွက်မှာမူ သူမနှင့်ပတ်သက်သောအလုံးစုံသော ငွေကြေးဆိုင်ရာ တာဝန်ဝတ္တရားတို့သည် လက်ထပ်မထိမ်းမြားမီက သူမ၏ဖခင်အပေါ်တွင်သာရှိပြီး လက်ထပ်ထိမ်းမြားပြီးသည့်နောက်တွင် တာဝန်ဝတ္တရားများကို ခင်ပွန်းသည်အပေါ် လွှဲပြောင်းရောက်ရှိသွားခဲ့သည်။ ဤသည်အရ အမျိုးသားတစ်ဦးအား နှစ်ဆပေးခြင်းသည် တကယ်တမ်းမှာ သိပ်များလှသည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဤသည်တို့သည် အဆုံးတွင် အမျိုးသမီးထံသို့ရောက်ရှိခြင်းကြောင့်ဖြစ်သည်။ ယခုဘဝတွင် အရေးကြီးသည့်မူတစ်ခုနှင့် ပတ်သက်သော ဒုတိယအညွှန်းတစ်ခုဆီသို့ သွားကြပါစို့။ မူမှာအမျိုးသမီးတစ်ဦးသည် သူမ၏ဖန်ဆင်းခံရမှုနှင့် သဘောသဘာဝအရ အလုပ်လုပ်ကာ ဝမ်းစာကို ရှာဖွေရန်အတွက် သူမအားအပြင်သို့ ပေးမထွက်စေသင့်ပါ။ သူမ၏ လူသဘာဝများတို့သည် သက်မွေးဝမ်းကြောင်းမှုအတွက် ရုံးများ၊ စျေးများသို့ လှည့်လည်သွားရောက်ခြင်းနှင့် လုပ်ငန်း ဆောင်တာများလုပ်ကိုင်ခြင်းများတွင် အကျိုးဖြစ်နိုင်ခဲပါသည်။ အမျိုးသားများကဲ့သို့ ကြမ်းတမ်းစွာ အလုပ်အကိုင် လုပ်ဆောင်ခြင်းမျိုးမှ အမျိုးသမီးများအား လုံခြုံစွာရှိနေစေရန်အတွက် အလွှာအရှင်မြတ်သည် သူမ၏ အလုံးစုံသောတာဝန်ဝတ္တရားများကို အမျိုးသားများအပေါ်တွင် တင်ရှိစေပါသည်။ လက်ထပ်ထိမ်းမြားခြင်းမပြုမီက သူမအား သူမ၏ဖခင်က ပြုစုစောင့်ရှောက်ပါသည်။ လက်ထပ်ထိမ်းမြားပြီးသည့်နောက်တွင် သူမအား ခင်ပွန်းသည်က တာဝန်ယူရပါသည်။ အမျိုးသမီးတို့အား ဝင်ငွေရရှိရေး၊ ဘဝတက်လမ်းနှင့် လွတ်မြောက်ရေး အမည်ခံကာ လုပ်ငန်းခွင်များတွင် ပင်ပင်ပန်းပန်းလုပ်ဆောင်ရခြင်းမှ ဆန့်ကျင်၍ အမျိုးသမီးများကို မျိုးဆက်ပြန့်ပွားရေးတွင်သာ ပြုလုပ်ထားပါသည်။ ထို့နောက် မိခင်ဖြစ်သည့်အလျောက် သားသမီးများ အိုးအိမ်နှင့် မိသားစုတို့အား ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုသည့်တာဝန်ကိုသူမအား အပ်နှင်းခဲ့ပါသည်။ အမျိုးသားတို့သည် ဤနယ်ပယ်၏ တာဝန်ဝတ္တရား၊ ဝန်ထုပ်ဝန်ပိုးကို မထမ်းဆောင်နိုင်ပါ။

ဤအကြောင်းကြောင့် အမျိုးသမီးများတို့သည် သူမတို့၏ ကုန်ကျစရိတ်များကို အမျိုးသားများ အပေါ်မှာမှီခိုရခြင်းသည် သူမတို့အဆင့်အတန်းလျော့ကျသွားသည်ဟု ကောက်ချက်မချနိုင်ပါ။ ဤနေရာတွင် တန်ဖိုးမရှိသော ဆုံးဖြတ်ချက်တစ်ခုပြုလုပ်ထားပါသည်။ ယင်းမှာ အခြားသောနေရာများတွင် ရှိသကဲ့သို့ မိသားစုတစ်ခုတွင်လည်း လုပ်ငန်းတာဝန်ဝတ္တရားများကို ခွဲဝေလုပ်ဆောင်ရာတွင် လုပ်ငန်းသဘောအရ လုပ်ငန်းတစ်ခုသည်လုပ်ငန်းတစ်ခုထက်သာလွန်မှုရှိသကဲ့သို့ ဤနေရာတွင်လည်း ရှိသည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ လုပ်ငန်းဆောင်တာများကို ခွဲဝေလုပ်ဆောင်ရခြင်းကြောင့်ဖြစ်သည်။ အချုပ်အားဖြင့်ဖော်ပြပြီး အကြောင်းပြချက်နှစ်ခုကပြသသည်မှာ အမျိုးသားများတို့၏ သာလွန်ခြင်းသည် အမျိုးသမီးတို့၏ အဆင့်အတန်းကို မနိမ့်စေသကဲ့သို့ ဤသာလွန်ခြင်းတွင် သူတို့အတွက် မည်သည့်အကျိုးအမြတ်မျှမရှိပါ။ အကျိုးအမြတ်ရှိခဲ့လျှင်လည်း ယင်းအကျိုးအမြတ်သည် နောက်ဆုံး၌ အမျိုးသမီးဘက်သို့ လှည့်သွားပါသည်။

## ဓနီးသည်ကောင်းဆိုသည်မှာ

အာယသ်တော်သည် လုပ်ငန်းစဉ်းကမ်းဖြင့်အစပြုသည်မှာ အမျိုးသားသည် အမျိုးသမီးအပေါ်၌ တာဝန်ဝတ္တရားနှင့် ပတ်သက်သော အခွင့်အာဏာအပ်နှင်းထားသည်။ အာယသ်တော်သည် ကောင်းမြတ်သော အမျိုးသမီး၏အရည်အချင်းနှင့် အရည်အချင်းညံ့ဖျင်းသော အမျိုးသမီးတို့အကြောင်းကို ဖော်ပြထားသည်။ မိန့်ကြားသည်မှာ- **فَالصّٰلِحٰتُ قٰنِتٰتٌ حٰفِظٰتٌ لِّلْغَيْبِ بِمَا حَفِظَ اللّٰهُ** ဆိုလိုသည်မှာ ဖြောင့်မတ်မှန်ကန်သောအမျိုးသမီးများတို့သည် အမျိုးသားများက သာလွန်သည်ဆိုသည့် ဤစည်းကမ်းဥပဒေကိုလက်ခံကာ အမျိုးသားများအား နာခံပါသည်။ ထို့နောက် ခင်ပွန်းသည်တို့ ၎င်းတို့နှင့်နှင့်အတူမရှိစဉ်တွင် သူတို့ကိုယ်သူတို့ ထိန်းသိမ်းစောင့်ရှောက်ရုံသာမက မိသားစုအတွက် ခင်ပွန်းသည်ရှာဖွေစုဆောင်းထားသည်များကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါသည်။ အမျိုးသမီးတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ကာယိန္ဒြေအပြင် သူမတာဝန်ယူထားရသော အိမ်တွင်းရှိအရာရာတိုင်းကို ကာကွယ်စောင့်ရှောက်ခြင်းဆိုသည်မှာ အိမ်ထောင်စုတစ်ခုကို အောင်မြင်စွာစီမံခန့်ခွဲနိုင်မှု၏နောက်ကွယ်၌ရှိသော ပျော်ရွှင်ခြင်းတို့၏ အခြေခံဖြစ်သည်ဆိုသည်မှာပြောစရာမလိုပါ။ အမျိုးသမီးတစ်ဦး၏တာဝန်ဖြစ်သော မိမိကိုယ်ကိုထိန်းသိမ်းကာကွယ်ခြင်းနှင့် အိမ်အားကြည့်ရှုစောင့်ရှောက်ခြင်းတို့သည် ခင်ပွန်းသည်အိမ်၌ မရှိချိန်အတွက်သာ ကန့်သတ်ထားသည်မဟုတ်ပါ။ သူရှိနေစဉ်တွင်လည်း အလားတူလုပ်ဆောင်ရပါမည်။ သို့သော်ငြားလည်း ကျမ်းမြတ်ကုရ်အာန်သည် ခင်ပွန်းသည် "မရှိခိုက်"ဟူသည်ကိုသာ ဖော်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော် လင်ယောကျ်ားမရှိချိန်တွင် အမျိုးသမီးသည် ပျက်ကွက်လစ်ဟင်းတတ်ပါသည်။ ထို့ကြောင့် ဤအခြေအနေကို ရှင်းလင်းပြတ်သားသော အသုံးအနှုန်းဖြင့် ဖော်ပြထားခဲ့သည်။ သတင်းစကားမှာ ခင်ပွန်းသည်အိမ်၌ရှိနေချိန်တွင် ရှောင်ကျဉ်ရမည်များကို ဂရုစိုက်မှု၊ တက်ကြွမှုမြောက်မြားစွာတို့ဖြင့်လုပ်ဆောင်သော်လည်း လင်ယောကျ်ားအိမ်၌မရှိစဉ်တွင်မူ ဤလုပ်ဆောင်မှုဆိုင်ရာစည်းကမ်းချက်များနှင့်အညီ လုပ်ဆောင်ခြင်းကို လျစ်လျူရှုဂရုမမူကြပါ။

ထို့ကြောင့် ဤအာယသ်တော်ကို ရှင်းလင်းရာ၌ တမန်တော်မြတ်ﷺ သခင်ကမိန့်ကြားသည်မှာ-

**خَيْرُ النِّسَآءِ اِمْرَ أَةٌاِذَا نَظَرْتَ اِلَيْهَا سرتكَ، وَاِذَا اَمَرْتَهَا اطَاعَتكَ، وَاِذَا غبْتَ عَنْهَا** حفظتك **فى مالها ونفسها**

အမျိုးသမီးများတို့အနက် အကောင်းဆုံးသော အမျိုးသမီးဆိုသည်မှာ အသင်သူမကိုကြည့်လိုက်ချိန်တွင် အသင့်အားကြည်နူးနှစ်သိမ့်စေသူ၊ ၎င်းပြင် သူမအားတစ်စုံတစ်ရာစေခိုင်းရာတွင် အသင့်အားနာခံသူနှင့် အသင်မရှိခိုက်တွင် သူမကိုယ်သူမနှင့် သူမ၏ပိုင်ဆိုင်ခြင်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သောသူဖြစ်ပါသည်။

သူမတို့၏ကာယိန္ဒြေနှင့် သူမတို့အား တာဝန်ပေးအပ်ထားသည်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုသည့်အမျိုးသမီးတို့ တာဝန်ဝတ္တရားများသည် လုပ်ဆောင်ရာတွင် မလွယ်ကူလှပါ။ ထို့ကြောင့် အလ္လာအရှင်မြတ်သည် တာဝန်ဝတ္တရားများနောက်တွင် မိန့်ကြားထားသည်မှာ ÒAó-f_H-am-B_ ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ထိုကဲ့သို့ တာဝန်ကိုထိန်းသိမ်းကာကွယ်လုပ်ဆောင်သောအမျိုးသမီးများအား အလ္လာဟ်အရှင်

ကူညီတော်မူမည်။ အလ္လာဟ်အရှင်၏ "သောဝ်ဖီးက်"ဟုခေါ်တွင်သော ထောက်ပံ့မှုဖြင့်သာ ဤကြီးမားလှသော တာဝန်ဝတ္တရားများကိုနိုင်နိုင်နင်းနင်းဆောင်ရွက်ရာ၌ သူမတို့အောင်မြင်ခဲ့ကြပါသည်။ "သောင်ဖီးက်" အကူအညီပေးမှုမရှိခဲ့ပါလျှင် ရှိုင်တွာန်နှင့် မိမိစိတ်၏ဆွဲဆောင်မှုများသည် ယောကျ်ားတိုင်းမိန်းမတိုင်းတို့ကို တစ်ချိန်လုံးရစ်ပတ်ထားသည်။ ၎င်းနောက် အမျိုးသားများနှင့် ယှဉ်လျှင် စွမ်းဆောင်မှုဆိုင်ရာ၌ အချို့သောနယ်ပယ်တို့တွင် အမျိုးသမီးများတို့သည် ထူးခြားစွာ ချည့်နဲ့သော်လည်း ဤတာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ဟန်ရှိသည်။ ဤသည်မှာ အလ္လာရှင်မြတ်၏ သောင်ဖီးက်နှင့် အကူအညီပေးခြင်းတို့၏ ရလဒ်ပင်ဖြစ်သည်။ ဤသည်ကြောင့် ယေဘုယျအနေဖြင့် အမျိုးသားများနှင့် ယှဉ်လိုက်ပါက အမျိုးသမီးများတို့သည် ဂုနာဟ်ဖြစ်ဖွယ် ကာယိန္ဒြေမစောင့်စည်းမှုမျိုးများတွင် ပါဝင်ပတ်သက်မှုနည်းပါးပါသည်။

ဤအာယသ်တော်ကထင်ရှားစေသော ခင်ပွန်းသည်များနှင့် အတူပူးတွဲတာဝန်ယူခဲ့သော အမျိုးသမီးများ၏ ကောင်းချီးများကို ဟဒီးဆ်တော်များတွင် ကျယ်ကျယ်ပြန့်ပြန့်တင်ပြထားပါသည်။ ယင်းကဲ့သို့သော ဟဒီးဆ်တစ်ပုဒ်ထဲတွင် တမန်တော်မြတ် ﷺ က မိန့်ကြားသည့် ခင်ပွန်းသည်အပေါ်၌ တာဝန်ကျသော အမျိုးသမီးတစ်ဦးအား လေထဲရှိငှက်များ၊ ရေထဲရှိငါးများ၊ ကောင်းကင်ရှိ စေတမန်များနှင့် တောထဲတွင်းရှိ သားရဲတိရစ္ဆာန်များက သူမအား အလ္လာအရှင်မြတ်၏ }^r-f_ဎ^M- မဂ်ဖေ့ရသ် ခွင့်လွှတ်ငြိမ်းချမ်းသာယာမှု ပေးသနားစေရန် ဒုအာဆုတောင်းပေးကြပါသည်။ **(အလ်ဗဟ်ရုလ်မုဟီတ်ွ)**

## မနာခံသောဇနီးသည်တစ်ဦးအားပြုပြင်နည်း

စာသားသည် ခင်ပွန်းသည်တို့အား ပြောင်ပြောင်တင်းတင်းမနာခံသော (သို့) အိမ်ထောင်စုကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အသိအမှတ်ပြုပြီးသော နည်းလမ်းများဖြင့် ခင်ပွန်းသည်နှင့် ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သော အမျိုးသမီးများအကြောင်းကို ဖော်ပြထားပါသည်။ သူမတို့၏ အပြုအမူများကို ပြုပြင်ရန်အတွက် ကျမ်းတော်မြတ်ကုရ်အာန်သည် အမျိုးသားများအား နည်းလမ်းသုံးသွယ်ပေးထားပါသည်။ ဤနည်းလမ်းများကို ဖော်ပြထားသည့်အ စီအစဉ်အတိုင်း လိုက်နာကျင့်သုံးရပါမည်။ ထို့ကြောင့် အာယသ်တော်က **وَالّٰتِیۡ تَخَافُوۡنَ نُشُوۡزَهُنَّ فَعِظُوۡهُنَّ وَاهۡجُرُوۡهُنَّ فِی الۡمَضَاجِعِ واضۡرِبُوۡهُنَّ** ဟူ၍ မိန့်ကြားထားသည်။ ဆိုလိုသည်မှာ အသင်သည် အမျိုးသမီးများမနာခံလိမ့်မည်ဟု စိုးရိမ်မိ၍သော်လည်းကောင်း၊ မျက်ဝါးထင်ထင်ကြုံတွေ့ရသောအခါတွင်လည်းကောင်း ပြုပြင်ခြင်း၏ပထမအဆင့်မှာ သူမတို့အားကောင်းမွန်စွာနှင့် ညင်သာစွာ ဤကိစ္စအကြောင်းကိုပြောဆိုသင့်ပါသည်။ သို့တိုင်အောင် အကယ်၍သူမတို့သည် တွင်တွင်ငြင်းဆန်နေပြီး ဤကြေအေးဖွယ်အကြံပြုချက်တစ်ခုတည်းဖြင့် သူမတို့၏ သဘောထားကို မပြုပြင်ပါက နောက်တစ်ဆင့်သည် သူမတို့နှင့်အတူမအိပ်ခြင်းပင်ဖြစ်သည်။ သို့မှသာ ဤခွဲခွာခြင်းသင်္ကေတမှ တစ်ဆင့်ဖော်ပြ သောခင်ပွန်းသည်၏ မနှစ်မြို့မှုကို သူတို့ပြန်လည်သတိရစေပါမည်။ သူမတို့၏ လုပ်ရပ်အတွက်လည်း ဝမ်းနည်းစေ ပါမည်။ ဤနေရာ၌ ကျမ်းတော်မြတ်ကုရ်အာန်သည် ô_J_av-m-L^AýF_ ဟူသောစကားလုံးများ သုံးထားပါသည်။ အဓိပ္ပာယ်မှာ "အိပ်ယာများတွင်" ဟူ၍ဖြစ်ပါသည်။ ဤတွင် မုစ်လင်မ်မမ္မသတ် ပညာရှင်များက ကောက်နုတ်ချက်ချသည်မှာ ဤသို့ခွဲခွာရခြင်းသည် အိပ်ယာခွဲအိပ်ရန်သာဖြစ်စေသင့်ပြီး အိမ်မှခွဲခွာသွားရန် မဖြစ်စေသင့်ပါ။ တစ်နည်းအားဖြင့်

ဆိုရလျှင် အမျိုးသမီးအား အိမ်ထဲတွင် တစ်ဦးတည်းပစ်မထားသင့်ပါ။ ယင်းကဲ့သို့ လုပ်ဆောင် ခြင်းသည် လင်နှင့်မယား ဆက်ဆံရေးကို ပိုမိုတင်းမာနိုင်ခြေရှိသည်။ ဆွဟာဗဟ်သာဝကြီးတစ်ပါးတင်ပြခဲ့သည်မှာ-

قُلْتُ يَا رَسُوْلَ اللّٰهِ مَاحقُّ زَوْجَةِ اَحَدِنَا عَلَيْهِ قَالَ: اَنْ تُطْعِمَهَا اِذَاطَعِمْتَ وَتَكْسُوْ هَا اِذَا اكْتَسَبْتَ، وَلاَ تَضْرِبِ الْوَجْهَ وَلاَ تقبّح وَلاَ تَهْجُرُ اِلاَّ فِى الْبَيْتِ.(مشكوة،٢٨١)

ကျွန်ုပ်ကလျှောက်ထားခဲ့သည် "အိုအလ္လာဟ်ရှင်မြတ်၏တမန်တော် ကျွန်ုပ်တို့ပေါ်တွင် ကျွန်ုပ်တို့ ဇနီးများနှင့်ပတ်သက်၍ မည်သည့်အခွင့်အရေးရှိပါသနည်း။ ကိုယ်တော်မြတ်မိန့်ကြားသည်မှာ "သင်စားသောက်လျှင် သူတို့ကိုလည်းကျွေးမွေးပါ။ သင့်တွင် အဝတ်တန်ဆာများရှိလျှင် သူတို့ကိုဆင်ယင်ပေးကုန်။ သူတို့၏ မျက်နှာကို မရိုက်နှက်ပါနှင့် သူမတို့ကို ဆဲရေးတိုင်းထွာခြင်း မပြုနှင့်။ အိမ်ထဲတွင်မှအပ ၎င်းတို့နှင့် ခွဲခွာမနေနှင့်" **(မစ်ရှ်ကတ်၊ စာ-၂၈၁)**

အကယ်၍ ငြင်သာစွာဆိုဆုံးမမှုသည် မည်သို့မျှ အကျိုးမသက်ရောက်ခဲ့လျှင် မတတ်သာသည့်အဆုံး ပြုပြင်ဆုံးမသည့်အနေဖြင့် အနည်းငယ်ရိုက်နှက်ခြင်းကို ခွင့်ပြုထားခဲ့သည်။ သို့ရာတွင် ထိုသို့ရိုက်နှက်ရာ၌ ခန္ဓာကိုယ်ကို မထိခိုက်စေရပါ။ အရေပြား (သို့) အရိုးကို နာကျင်(သို့) ထိခိုက်ဒဏ်ရာရသည့် မလိုလားအပ်သော အဆင့်အထိ မရောက်စေရပါ။ ပါးရိုက်ခြင်း (သို့) မျက်နှာကိုရိုက်နှက်ခြင်းကိုမူ လုံးဝ တားမြစ်ပိတ်ပင်ထားသည်။

ဆိုဆုံးမခြင်း၏ ပထမနည်းလမ်းနှစ်ခုဖြစ်သော စည်းရုံးသိမ်းသွင်းရန်ကြိုးစားခြင်းနှင့် အိပ်ယာများမှ ခွဲခွာနေခြင်းသည် သိမ်မွေ့နူးညံ့သောလုပ်ရပ်တစ်ခုဖြစ်သည်။ တမန်တော်များနှင့် ၎င်းတို့၏ မှန်ကန်သော နောက်လိုက်များသည် ဤနည်းလမ်းများကို ထောက်ခံကြောင်း ပြောဆိုကြသည်။ ၎င်းတို့ဟောကြားသကဲ့သို့ လက်တွေ့လုပ်ဆောင်ခဲ့ခြင်းသည် မှန်ကန်သော သက်သေပြချက်ပင်ဖြစ်သည်။ သို့သော်လည်း ဆိုဆုံးမခြင်း၏ တတိယနည်းလမ်းဖြစ်သော ရိုက်နှက်ပေးခြင်းသည် သီးခြားနည်းလမ်းတစ်ရပ်တွင် မတတ်သာသည့် အခြေအနေတစ်ရပ်အဖြစ် ခွင့်ပြုထားခြင်းဖြစ်သည်။ အမျိုးသားများအား ဤရွေးချယ်ခွင့်ပေးထားစဉ်တွင် ဟဒီးဆ်တော် တစ်ရပ်၌ ပဲ^|<R<aY–K_„^r_v^Y#–ú^L–O–သို့ဟာအိန္ဒိယသည်၊ ဆိုကိုသည်မှာ "သင်တို့ကဲ့သို့မကောင်းမြတ်သော အမျိုးသားတို့သည် အမျိုးသမီးများကိုမည်သည့်အခါမျှ မရိုက်နှက်သူဖြစ်သည်။" ထို့ကြောင့် ထိုကဲ့သို့သော လုပ်ရပ်တစ်ခုကို အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးပေးခံရသော တမန်တော်များက မည်သည့်နေရာတွင်မျှ တင်ပြမထားပါ။

အိဗနိစအာဒ်နှင့် အလ်ဗိုင်ဟကီတို့ တင်ပြခဲ့သည်။ စိုက်ယိဒိနာအဗူဗကရ် ﴿ﷺ﴾ သခင်၏သမီးမှ ဆင့်ပြန်ချက်အရ အစ္စလာမ်သာသနာအစောပိုင်းကာလက အမျိုးသမီးများအား ရိုက်နှက်ခြင်းကို အကြွင်းမဲ့ တားမြစ်ထားခဲ့သည်။ သို့သော်လည်း ဤသည်ကြောင့် အမျိုးသမီးများသည် အလွန်အကျူး ရောင့်တက်လာသော ကြောင့် ရိုက်နှက်ခွင့်ပြုခဲ့ရသည်။

လက်ရှိ အာယသ်တော်သည် ထိုကဲ့သို့သော အဖြစ်အပျက်တစ်ခုကို ပြန်လည်ပြောထားသောကြောင့် ယင်းကို ဤအာယသ်တော်ကျရောက်ခြင်း၊ နောက်ခံအကြောင်း ဟုခေါ်ဆိုနိုင်ပါသည်။ စိုက်ယိဒိနာဇိုက်အိဗ်နိဇူဟိုင်﴿ﷺ﴾

သည် သူ၏သမီး စိုက်ယိဒဟ်ဟဗီဗာဟ် ﷺ ကို စိုက်ယိဒိနာ စအာဒ်အိဝ်နိရာဗိအ် ﷺသခင်နှင့် ထိမ်းမြားလက်ထပ်ပေးခဲ့သည်။ တစ်စုံတစ်ခုအတွက်အငြင်းအခုံဖြစ်စဉ် ခင်ပွန်းက သူမအားပါးရိုက်ခဲ့သောကြောင့် စိုက်ယိဒဟ်ဟဗီဗာဟ်သည် သူမဖခင်အား တိုင်တန်းခဲ့သည်။ ဖခင်က သူမအား တမန်တော်မြတ် ﷺ သခင်ထံ ခေါ်ဆောင်သွားခဲ့သည်။ တမန်တော်မြတ်က ဟဗီဗဟ်သည် စအာဒ်ကို ၎င်းရိုက်သကဲ့သို့ နာကျင်အောင်ရိုက်ခွင့် ရှိသည်ဟု ကြေညာခဲ့သည်။ ၎င်းတို့အရှင်သခင် ဤဆုံးဖြတ်ချက်ကို ကြားသိရသောအခါ စအာဒ်အား လက်တုန့်ပြန်ရန်အိမ်သို့ ပြန်သွားခဲ့ကြသည်။ ထိုစဉ် ဤအာယသ်တော်ကျရောက်လာ၍ယင်းတွင် အမျိုးသမီးများကို ရိုက်နှက်ခြင်းအား နောက်ဆုံးရွေးချယ်မှုအနေဖြင့်သာခွင့်ပြုကြောင်းနှင့် အမျိုးသားများအား လက်စားချေခြင်းကိုဖြစ်စေ၊ လက်တုန့်ပြန်ခြင်းကဖြစ်စေ၊ ခွင့်မပြုကြောင်းပါရှိလေသည်။ ထို့ကြောင့် ဤအာယသ်တော် ကျပြီးနောက် တမန်တော်မြတ် ﷺသခင်သည် ၎င်းတို့နှစ်ဦးအားပြန်လည်ခေါ်ယူကာ အလ္လာဟ်အရှင်မြတ်ထံမှ ကျရောက်လာသော အမိန့်ပညတ်တော်အတိုင်းဆောင်ရွက်ရန် ပြောကြားခဲ့သည်။ ထို့ပြင် ကိုယ်တော်မြတ်၏ ပထမည္ဆန်ကြားချက်ဖြစ်သော လက်စားချေခြင်းခွင့်ပြုချက်ကို ပယ်ဖျက်ခဲ့သည်။

အာယာသ်တော်ဆုံးကာနီးတွင် မိန့်ကြားထားသည်မှာ "တစ်ဖန်အကယ်၍ ထိုမိန်းမတို့သည် အသင်တို့၏ အမိန့်ကို နာခံကြပါမူ အသင်တို့သည် ၎င်းတို့နှင့် ဆန့်ကျင်၍မည်သည့်နည်းလမ်းကိုမျှ မရှာကြကုန်လင့်" ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ အမျိုးသမီးတို့သည် ထိုအဆင့် (၃)ဆင့်ပါသော ချည်းကပ်မှုအရ သူတို့ကိုယ်သူတို့ပြုပြင်ပါက အမျိုးသားတို့သည် မခိုင်လုံသောကိစ္စရပ်များတွင် အပြစ်ရှာခြင်းမှ ရှောင်ကြဉ်ရမည်။ အဘယ့်ကြောင့်ဆိုသော် အရာရာတိုင်းအပေါ် ထိန်းချုပ်နိုင်စွမ်းသည် အလ္လာဟ်အရှင်မြတ် ထံတော်တွင်ရှိသည်။

## နိဂုံး

ဤအာယသ်တော်မှ အခြေခံစည်းမျဉ်းတစ်ရပ်ပေါ်ထွက်လာသည်မှာ ပြီးခဲ့သောအာယသ်တော်များ၌ အသေးစိတ်ရှင်းလင်းထားသကဲ့သို့ အမျိုးသားနှင့် အမျိုးသမီးတို့၏ ရပိုင်ခွင့်များအတူတူဖြစ်သည်ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိသော်လည်း အမျိုးသမီးများသည် ၎င်းတို့၏ ရပိုင်ခွင့်များကို အမျိုးသားများထံမှ ရုပ်ပိုင်းဆိုင်ရာ စွမ်းအားဖြင့် မရနိုင်သည်ကတစ်ကြောင်း၊ အမျိုးသားများနှင့်ယှဉ်လျှင် အားနွဲ့သူဖြစ်သောကြောင့်တစ်ကြောင်း သူမတို့၏ ရပိုင်ခွင့်များကို တိတိကျကျ၊ ပြည့်ပြည့်ဝဝဖြည့်ဆည်းနိုင်ရေး သေချာစေရန်ကြီးစွာ ဂရုပြုထားပေသည်။ သို့သော်လည်း ရပိုင်ခွင့်တွင် ဤတူညီချက်မှာ ယောကျ်ားများနှင့် မိန်းမများကြားတွင်ရှိသော ကျေးဇူးပြုခြင်း (သို့)လုပ်ငန်းတာဝန်ဆိုင်ရာသာလွန်မှုတို့တွင် ခြားနားမှုမရှိသင့်ဟု မဆိုလိုချေ။ အမျိုးသမီးများအပေါ် အမျိုးသားများက သာလွန်မှုအဆင့်တစ်ရပ်ပေးထားခြင်းမှာ အလ္လာလ်ရှင်မြတ်၏ ဟစ်က်မသ်ညာဏ်တော်နှင့် တရားမျှတခြင်း၏ ပေါ်လွင်ထင်ရှားမှုတစ်ရပ်ပင်ဖြစ်သည်။ ဤအတွက်အကြောင်းပြချက်နှစ်ရပ်ရှိသည်။

၁။ အမျိုးသားများ၏ အနွယ်တူမျိုးကွဲအစုသည် အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသော အမျိုးသမီးများ၏ အနွယ်တူမျိုးကွဲအစုထက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့တွင် သာလွန်သည်ဆိုသည့်အမြင်အရ ယင်းတို့ကို ရယူရန်အမျိုးသမီးများအတွက် မဖြစ်နိုင်ချေ။ တစ်ဦးချင်းစီနှင့် ရှားရှားပါးပါး ကိစ္စရပ်များအတွက်မူ တစ်မျိုးတစ်ဘာသာဖြစ်သည်။

၂။ အမျိုးသားများသည် ၎င်းတို့ရှာဖွေရသမျှ အရာတိုင်းဖြင့် အမျိုးသမီးများ၏ လိုအပ်ချက်ကို တာဝန်ယူသည်။ အထက်ဖော်ပြထားသော ပထမအကြောင်းပြချက်သည် ယောကျ်ား (သို့) မိန်းမများ မစွမ်းဆောင်နိုင်သော အရာဖြစ်၍ ဒုတိယအကြောင်းပြချက်သည် ရွေးချယ်မှုနှင့် ကြိုးပမ်းအားထုတ်မှုအားဖြင့် လုပ်ဆောင်နိုင်ပါသည်။ ဤရေးရာတွင် သာမာန်အသိဉာဏ်နှင့် တရားမျှတမှုတို့အရ တစ်ဖအေ တစ်မအေတည်းမှ ပေါက်ဖွားသော သားသမီးများထဲတွင် မည်သူ့ကိုအခြားသူများအားစောင့်ရှောက်ရမည်ဟူသည့် အခွင့်အာဏာ အပ်နှင်းရန် ဆုံးဖြတ်ရေး၌ အချက်နှစ်ချက်ရှိသင့်သည်ဟူသည်ကိုပြောနိုင်ပေသည်။ ပထမအနေဖြင့် ထိုကဲ့သို့ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူသည် အခွင့်အာဏာအရ လုပ်ဆောင်ရာ၌ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင် နိုင်သူဖြစ်ရမည်။ ဒုတိယမှာ ထိုကဲ့သို့အခွင့်အာဏာအရ စောင့်ရှောက်ခံရသူ၏သဘောတူညီမှုနှင့် ကျေနပ် နှစ်သက်သူဖြစ်ရမည်။ ပထမအကြောင်းပြချက်ကို ဖော်ပြထားသည့် ကုရ်အာန်ကျမ်းတော်မြတ်မှာ- **بِمَا فَضَّلَ اللَّهُ بَعْضَهُمْ عَلَىٰ بَعْضٍ** ဤစကားလုံးများဖြစ်သည်။ ယင်းက ယောကျ်ားများသည် ထိုကဲ့သို့သော အခွင့်အာဏာဖြင့် လုပ်ဆောင်နိုင်စွမ်း ရှိကြောင်း မီးမောင်းထိုးပြသည်။ ဒုတိယအကြောင်းပြချက်ကို ဖော်ပြသောစကားလုံးများမှာ- **وَبِمَآ اَنْفَقُوْا مِنْ اَمْوَالِهِمْ** ဖြစ်သည်။ ယင်းက ထိုအခွင့်အာဏာတော်အရ လုပ်ဆောင်စေမည့်သူကလည်း ထိုသဘောတူညီမှုနှင့် ကျေနပ်နှစ်သိမ့်မှု ကို ပေးနိုင်သည်ဟု ရည်ညွှန်းသည်။ အမျိုးသမီးတစ်ဦးသည် မဟ်ရ်ခန်းဝင်ကြေးနှင့် အလုံးစုံသော စားဝတ်နေရေး တို့ကို စဉ်းစားဆင်ခြင်ပြီး လက်ထပ်ထိမ်းမြားလိုက်သည့် အချိန်တွင် သူမသည်ခင်ပွန်း၏ အခွင့်အာဏာကို သဘောတူ၍ ဝမ်းမြောက်စွာလက်ခံသည်ဆိုသည်မှာ ထင်ရှားသည်။

အချုပ်ဆိုရသော် လက်ရှိအာယသ်တော်၏ ပထမဝါကျတွင် ပေးထားသော မိသားစုဘဝ၏မူတွင် အရာရာတိုင်း၌ အမျိုးသမီးနှင့် အမျိုးသား၏ ရပိုင်ခွင့်များတူညီကြလင့်ကစား အမျိုးသားများအတွက် အမျိုးသမီးနှင့် နှိုင်းယှဉ်လျှင် အုပ်ချုပ်မှုနှင့်ဆိုင်သော သာလွန်မှုအချို့ရှိပေသည်။ ထို့ပြင် ၎င်းတို့သည် ထိုမူအောက်တွင် ကျင့်သုံးလုပ်ဆောင်ကြပါသည်။

ဤအခြေခံမူအောက်တွင် လက်တွေ့ဘဝ၌ အမျိုးသမီးအတန်းအစား နှစ်ရပ်ဖြစ်ပေါ်သည်။ ပထမတန်းအစားသည် ဤအခြေခံမူပေါ်တွင် ရပ်တည်ကာ ၎င်းတို့ ပဋိဉာဏ်အတိုင်း လိုက်နာခဲ့ကြသည်။ အသိဉာဏ်ကြွယ်ဝသော အလ္လာဟ်ရှင်မြတ်၏ စီမံမှုနှင့်အညီ အမျိုးသား၏လုပ်ငန်းဆိုင်ရာ အခွင့်အာဏာကို လက်ခံ၍ အမိန့်နာခံခဲ့သည်။ ဒုတိယအတန်းအစားရှိ အမျိုးသမီးများမှာ ဤမူကို အပြည့်အဝမလိုက်နာသော သူများဖြစ်ကြသည်။ ပထမဖော်ပြထားသော အတန်းအစားအတွက် မိသားစု၏ ငြိမ်းချမ်းသာယာခြင်း အပြည့်အဝ အာမခံချက်ရှိသည်။ ဤကဲ့သို့သောဘဝတွင် ပြုပြင်မှုမလိုချေ။

သို့သော်လည်း ထိုကဲ့သို့သော ပြုပြင်မှုကို ဒုတိယတန်းစား အမျိုးသမီးများအတွက် အလွန်လိုအပ်သည်။ ဤအတွက် အာယသ်တော်၏ဒုတိယဝါကျတွင် ပေးထားသောကျစ်လစ်သေသပ်သည့် စနစ်တစ်ခုသည် အိမ်တွင်း၌ လင်နှင့်မယားကြား လုံးထွေးသတ်ပုတ်အချင်းများခြင်းများကို ကြားလူမပါဘဲ တစ်သက်လုံးအတွက် ဖြေရှင်းနိုင်ပေသည်။ ထို့ကြောင့် အမျိုးသားများကို မိန့်ခွန်းသည်မှာ "အကယ်၍ အမျိုးသမီးများထံမှ ပူးပေါင်းဆောင်ရွက်မှုချို့တဲ့သည်ဆိုကြောင်းသင်သိလျှင် သူတို့၏ စိတ်ဓါတ်နှင့် သဘောထားပြောင်းလဲသွားစေမည့် အကြောင်းကို

ရှင်းလင်းပြောကြားခြင်းအား သင်ပထမဆုံးပြုလုပ်သင့်သည်။ အကယ်၍ ထိုကိစ္စသာ အလုပ်ဖြစ်မည်ဆိုလျှင် ပြဿနာ ဖြေရှင်းပြီးဖြစ်ပေမည်။ သို့ဆိုလျှင် အမျိုးသမီးသည် အမြဲတမ်းဖြစ်မည့် ဂုနာဟ်မှလည်းကောင်း၊ အမျိုးသားသည် စိတ်နှလုံးမသာမယာဖြစ်ခြင်းမှလည်းကောင်း၊ နှစ်ဦးလုံးအား နာကြည်းဖွယ်စိတ်ဝေဒနာခံစားရမှုမှ လည်းကောင်း၊ ကယ်တင်ပြီးဖြစ်ပေသည်။ အကယ်၍ ဤသို့တစ်ဦးနှင့်တစ်ဦးပြောဆိုခြင်း၊ မအောင်မြင်လျှင် ဒုတိယအဆင့် အနေဖြင့် သင်၏ စိတ်မချမ်းမြေ့မှုကို ပြသမှုတစ်ရပ်အဖြစ် အိပ်ယာခွဲခြား၍ တသီးတခြားအိပ်ပါ။ ထိုသို့ သတိပေးအချက်ပြခြင်းဖြင့် သူမသဘောထားပြောင်းလဲစေနိုင်သော လက်နက်လည်းဖြစ်သွားနိုင်ပါသည်။ ဤသည်မှာ သာမန်ပြုပြင်ပြောင်းလဲမှုဖြစ်သော်လည်း သတိပေးရန်အတွက် ကောင်းစွာလုံလောက်ပေသည်။ အကယ်၍ အမျိုးသမီးသည် နားလည်သဘောပေါက်ပါက အငြင်းပွားမှုသည် ထိုနေရာတွင် ပြီးဆုံးသွားပါမည်။ သို့သော်လည်း အကယ်၍ သူမသည် ပြုပြင်ခြင်း၏ ဤညွှန်ကြားချက်ကို လျစ်လျူရှုကာ သူမ၏ ကောက်ကျစ်သောနည်းလမ်းများဖြင့် ခေါင်းမာခဲ့လျှင် တတိယအဆင့်အဖြစ် စတိသဘောရိုက်နှက်ခြင်းကိုလည်း ခွင့်ပြုခဲ့သည်။ ခွင့်ပြုသည့်အတိုင်းအတာမှာ သူမခန္ဓာကိုယ်ပေါ်၌ ထိခိုက်ဒဏ်ရာမရသည်အထိဖြစ်သည်။ (အမျိုးသမီးအားရိုက်နှက်ခြင်း)ဆိုသည့် ဤဆုံးမပဲ့ပြင်ခြင်းနည်းသုံးခြင်းကို တမန်တော်မြတ်ﷺသခင် မနှစ်သက်ချေ။ ယင်းနှင့် ဆန့်ကျင်၍ လူကြီးလူကောင်းသည် ထိုသို့မပြုလုပ်ဟု မိန့်ကြားတော်မူခဲ့သည်။ သို့သော်လည်း အကယ်၍ နောက်ဆုံးနည်းလမ်းဖြစ်သောစတိအဖြစ် ပြင်းထန်စွာသတိပေးခြင်းဖြင့် ဆက်ဆံရေးပုံမှန်ရောက်သွားလျှင် အဓိကရည်ရွယ်ချယ်မှာ မည်သည့်နည်းဖြင့်မဆိုအောင်မြင်သွားပေသည်။ အမျိုးသမီးများအား ပြုပြင်ရန် အတွက် အမျိုးသားများအားပေးထားသော ဤအာယသ်ပါနည်းလမ်း(၃)ရပ်ကို အာယသ်တော်အဆုံးတွင် အောက်ပါစကားလုံးများနှင့် ပူးတွဲသုံးနှုန်းထားသည်။ فَإِنْ أَطَعْنَكُمْ فَلَا تَبْغُوا عَلَيْهِنَّ سَبِيلًا ဆိုလိုသည်မှာ ပြုပြင်ပြောင်းလဲခြင်း အဆင့်(၃)ဆင့် နည်းလမ်းတွင် အမျိုးသမီးများစတင်နားထောင်နာခံလာလျှင် ပို၍ စွပ်စွဲခြင်းနှင့် ကပ်သီးကပ်သပ် ပြောခြင်းများမလုပ်သင့်ချေ။ အလ္လာဟ်အရှင်မြတ်က သင့်အားပေးသနားထားသည့် အမျိုးသမီးများအပေါ် သာလွန်ခြင်းဟူသည့် အတိုင်းအတာသည် အကြွင်းမဲ့မဟုတ်သည်ကို သတိရခြင်းမှာ အကောင်းဆုံးဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ သာလွန်မှုသည် သင့်ပေါ်၌လွှမ်းမိုးထားပေသည်။ အကယ်၍ အသင်သည် ဘောင်ကျော် ပါက ပြစ်ဒဏ်ပေးခံရသောသူသည် သင်သာလျှင်ဖြစ်ပေတော့မည်။

## အငြင်းပွားမှုများအတွက် မိသားစုခုံသမာဓိ၏အခန်းကဏ္ဍ

ဖော်ပြပြီးခဲ့သမျှသော အစီအစဉ်တို့သည် လက်ထပ်ထိမ်းမြားထားသည့် အိမ်ထောင်ဘက်နှစ်ဦးအတွက်သာ ကန့်သတ်ပြီး အိမ်တွင်း၌ အမျှတ်ဒေါသများကို ပြေပျောက်သွားစေရန် အထောက်အကူပြုပါသည်။ သို့ရာတွင် မိသားစုရန်ပွဲသည် အချိန်ကြာညောင်းခဲ့သည့် အခါများလည်းရှိပါသည်။ ယင်းကဲ့သို့ ဖြစ်ရသည်မှာ အမျိုးသမီး၏ စိတ်နေသဘောထားသည် ခေါင်းမာခြင်း၊ အာဏာဖီဆန်တတ်ခြင်းတို့ကြောင့်လည်းကောင်း၊ အမျိုးသား၏ မတရားဖိနှိပ်ချုပ်ချယ်သော အပြစ်တို့ကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ အမှန်တကယ် မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ တစ်ခုသေချာသည်မှာ စိတ်မကောင်းဖွယ်ရာရန်ပွဲသည် အိမ်တွင်း၌သာ ကန့်သတ်တည်ရှိနေတော့မည်မဟုတ်ဘဲ အပြင်သို့အသေအချာပျံ့နှံ့သွားပါလိမ့်မည်။ ထို့နောက် ဖြစ်ရိုးဖြစ်စဉ်

အတိုင်း တစ်ဖက်ကိုထောက်ခံသောသူများက အခြားတစ်ဖက်အကြောင်းကို အမျိုးစုံသောစွပ်စွဲချက်များဖြင့် လှည့်လည်ကာ သွားပုပ်လေလွင့်ပြောပါလိမ့်မည်။ ဤသည်ကြောင့် နှစ်ဖက်သောသူတို့၏ ဒေါသများကို ပိုမိုထွက်စေပြီး လူနှစ်ဦး၏ သဘောမတူညီမှုမှစတင်ပြီး မိသားစုနှစ်ခုထိပ်တိုက်ရင်ဆိုင်ခြင်းများဖြစ်လာပါလိမ့်မည်။

ဆိုးဝါးသည့်မငြိမ်မသက်ဖြစ်စေသောလမ်းကို ပိတ်ဆို့ရန်အလို့ငှာ ကျမ်းတော်မြတ်ကုရ်အာန်၏ ဒုတိယ အာယသ်တော်တွင် ထိုအချိန်က အုပ်ချုပ်မှုအာဏာပိုင်များ၊ နှစ်ဖက်သောသူတို့၏ အုပ်ထိန်းသူများ၊ ထောက်ခံသူ များနှင့်မုစ်လင်မ်ထုကိုဦးတည်ကာ သင့်တင့်လျှောက်ပတ်သော နည်းလမ်းတစ်ခုကိုအကြံပြုထားပါသည်။ ယင်းနည်း လမ်းသည် အမျက်ဒေါသများကို ပြေအေးစေခြင်း၊ စွပ်စွဲချက်များရပ်တန့်စေခြင်းနှင့် ပတ်သက်သော သူတို့အား ညှိနှိုင်းစေခြင်းတို့ဖြစ်သည်။ ထို့နောက် ဇနီးမောင်နှံနှစ်ဦးတို့၏ အိမ်တွင်း၌သာကန့်သတ်မထားနိုင်သော ငြင်းခုံမှု သည် ၎င်းတို့၏မိသားစုနှစ်ခုအတွင်းဖြေရှင်းနိုင်ပြီး အများတကာသိသွားစေနိုင်သည့် ရုံးပြင်ကနားမရောက် သည်မှာ ထင်ရှားပါသည်။

ဤသီးသန့်နည်းလမ်းတွင် လိုအပ်သော အရည်အချင်း၊ သြဇာတိက္ကမနှင့် အခွင့်အာဏာရှိသော သက်ဆိုင်သောအာဏာပိုင်အများဖြစ်စေ၊ မုစ်လင်မ်ထုကဖြစ်စေ၊ တာဝန်ယူကာ စေ့စပ်ညှိနှိုင်းပေးနိုင်သော ခုံသမာဓိလူကြီးနှစ်ဦးအား ခန့်အပ်ရပါမည်။ တစ်ဦးမှာ အမျိုးသားဘက်မှဖြစ်ပြီး၊ နောက်တစ်ဦးမှာ အမျိုးသမီး ဘက်မှဖြစ်စေရပါမည်။ ဤနှစ်ဦးစလုံးသောခန့်အပ်ခြင်းခံရသူများအတွက် ကုရ်အာန်ကျမ်းတော်မြတ်က aɯ=\−H−“ဟကမ်”ဟူသော စကားလုံးသုံးထားသောကြောင့် ဤပုဂ္ဂိုလ်နှစ်ဦးတို့၏ မရှိမဖြစ်သော အရည်အချင်းများကို တိကျသေချာစေသည်။ ယင်းအရည်အချင်းတို့မှာ နှစ်ဦးနှစ်ဖက် အငြင်းပွားမှုကို ဆုံးဖြတ်နိုင်စွမ်းရှိရမည်။ ၎င်းပြင် ဤဆုံးဖြတ်နိုင်စွမ်းသည် တတ်သိနားလည်ပြီး၊ ယုံကြည်စိတ်ချ ရသောသူတစ်ဦးတွင်သာရှိမည်ဆိုသည်မှာ ထင်ရှားပါသည်။

အတိုချုပ်ဆိုရသော် ဤသည်မှာထွက်ပေါ်လာသော ဥပဒေမှာ အမျိုးသားအိမ်ထောင်စုမှ တစ်ဦးနှင့် အမျိုးသမီးအိမ်ထောင်စုတစ်ဦးဖြစ်သော “ဟကမ်” ခုံသဘာပတိလူကြီးတစ်ဦးစီခန့်အပ်ပြီး ဇနီးမောင်နှံ နှစ်ဦးတို့ထံသွားရောက်စေရပါသည်။ ဇနီးမောင်နှံနှစ်ဦးအား တွေ့ဆုံသည့်အခါ ၎င်းတို့မည်သည်တို့ကို လုပ်ဆောင် မည်ဆိုသည်နှင့် ဤကိစ္စရပ်တွင် သူတို့မည်သည့်အခွင့်အာဏာရှိသည်ဆိုသည်ကိုတော့ ကုရ်အာန်ကျမ်းတော်မြတ်က ဆုံးဖြတ်မထားပါ။ သို့သော်လည်း အာယသ်တော်၏အဆုံးတွင် မှတ်ချက်တစ်ခုထည့်သွင်းမိန့်ကြားထားသည်မှာ اِنۡ يُّرِيۡدَاۤ اِصۡلاَحًا يُّوَفِّقِ اللّٰهُ بَيۡنَهُمَا ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ဤခုံသမာဓိနှစ်ဦးတို့သည် ကိစ္စရပ် များကိုမှန်ကန်စွာဖြစ်စေရန် လုပ်ဆောင်လိုသောဆန္ဒရှိခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်သည် ခင်ပွန်းနှင့် ဇနီးသည် တို့အကြား စည်းလုံးညီညွတ်ခြင်းဖြစ်စေရန်အတွက် သူတို့အားကူညီပါလိမ့်မည်။ ထို့ကြောင့် ဤဝါကျမှ အကြောင်း အရာနှစ်ခုပေါ်ထွက်လာပါသည်။

၁။ အငြင်းပွားနေသော ဇနီးမောင်နှံအကြား ငြိမ်းချမ်းမှုရရန်အတွက် အကယ်၍ ခုံသမာဓိလူကြီးနှစ်ဦးတွင် ကောင်းမြတ်သော ရည်ရွယ်ချက်နှင့် စစ်မှန်သောဆန္ဒရှိပါက ၎င်းတို့လုပ်ငန်းစဉ်တွင်အောင်မြင်ရန် အလ္လာဟ် အရှင်မြတ်ထံက အကွယ်မှအကူအညီရရှိပါလိမ့်မည်။ ထို့နောက် ၎င်းတို့၏ ကြိုးပမ်းမှုမှတစ်ဆင့် ဇနီးမောင်နှံ၏ နှလုံးသားတွင် ချစ်ခင်မှုနှင့် သဟဇာတဖြစ်မှု အဆင်ပြေစေမှုများဖြစ်ပေါ်စေလိမ့်မည်ဖြစ်သည်။ ဤသည်မှ

နိဂုံးချုပ်နိုင်သည်မှာ အချင်းချင်းမနှီးစပ်နိုင်လျှင် ခုံသမာဓိလူကြီးတစ်ဦးသည် ငြိမ်းချမ်းရေးရရန် လုပ်ဆောင်ရာတွင် ပြီးပြည့်စုံသော ဖြူစင်ရိုးသားမှုတွင် ချို့တဲ့သောကြောင့်ဖြစ်ပေသည်။ ဤဝါကျမှ နားလည်သဘောပေါက်ထားသကဲ့သို့ ဤခုံသမာဓိလူကြီးနှစ်ဦးကို ခန့်အပ်ခြင်း၏ ရည်ရွယ်ချက်မှာ လင်နှင့် မယားကြား ငြိမ်းချမ်းမှုနှင့် ချစ်ကြည်မှုရရေးသာဖြစ်၍ ဤသည့်အပြင် အခြားမည်သည်မျှ မရှိပါ။ အကယ်၍သာ ခုံသမာဓိနှစ်ဦးသည် အချင်းချင်းအငြင်းပွားသူများက ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၎င်းတို့၏ ပြောရေးဆိုခွင့်ရှိသူအဖြစ်လည်းကောင်း သဘောတူညီခန့်ထားကာ အရာရာတိုင်းတွင် ထိုလူကြီးနှစ်ဦးအတူ ဆုံးဖြတ်သည်ကို လက်ခံ၍ မည်သည့်ဆုံးဖြတ်ချက်ချသည်ဖြစ်စေ ၎င်းတို့လက်ခံပြီးအတည်ပြုမည်ဟူသော သဘောတူညီထားသော အချက်သည်ကား တစ်မျိုးတစ်ဘာသာဖြစ်ပေသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ခုံသမာဓိလူကြီးနှစ်ဦးသည် ဇနီးမောင်နှံကိစ္စကို ဆုံးဖြတ်ရန် အကြွင်းမဲ့အခွင့်အာဏာရှိပါလိမ့်မည်။ အကယ်၍ အဖြေအဖြစ် နှစ်ဦးစလုံးက ကွာရှင်းပြတ်စဲရန် သဘောတူညီလျှင် ကွာရှင်းပြတ်စဲမှုတစ်ခုကို ခုံသမာဓိလူကြီး နှစ်ဦးကပြီးမြောက်အောင် လုပ်ပေးစေနိုင်သည်။ အကယ်၍ခုံသမာဓိနှစ်ဦးစလုံးသည် လက်ထပ်ထမ်းမြားခြင်းကို ဖျက်သိမ်းသော နည်းတစ်မျိုးဖြစ်သည့် ခုလ်ပုံစံဖြင့်အတည်ဖြစ်လာမည်ဖြစ်သည်။ ခုံသမာဓိနှစ်ဦး၏ ဆုံးဖြတ်ချက်သည် ဇနီးမောင်နှံ နှစ်ဦးအပေါ်တွင် အမျိုးသမီးအားလွတ်လပ်ခွင့်ပေးရမည်ဟု ဆုံးဖြတ်လျှင် ယင်းခုလ်ပုံစံ အတည်ဖြစ်လိမ့်မည်ဖြစ်သည်။ ဘာသာရေးကိုင်းရှိုင်း ရိုသေသောအကြီးအကဲများထဲမှ အိမာမ်အဗူဟနီဖာဟ်နှင့် ဟစံအလ်ဗစရီတို့သည် ထိုအယူအဆကို စွဲကိုင်ထားသည်။ **(ရူဟုလ်မအာနီစသည်ဖြင့်)**

စိုက်ယိဒိနာအလီ ([eJOÕA•r|) ၏ ရှေ့မှောက်တွင် ဤကိစ္စနှင့်ပတ်သက်၍ အဖြစ်အပျက် တစ်ရပ်ဖြစ်ပွားခဲ့သည်။ ခုံသမာဓိလူကြီး နှစ်ဦးသည် သက်ဆိုင်သူနှစ်ဦးက ၎င်းတို့ကိစ္စကို အသင့်တော်ဆုံးနှင့် ပြည့်ပြည့်ဝဝဆုံးဖြတ်ရန် အခွင့်အာဏာ အပြည့်ပေးထားသည့် လင်နှင့်မယားကြား ငြိမ်းချမ်းမှုရရေးပြုလုပ်ပေးရန်မှအပ အခြားမည်သည့်လုပ်ပိုင်ခွင့်မျှ မရှိကြောင်းကို ထိုအဖြစ်အပျက်ထဲတွင် သက်သေပြချက်အဖြစ် တွေ့နိုင်ပါသည်။ အုဗိုင်ဒတ်အလ်စလ်မာနီ၏ ဆင့်ပြန်ခဲ့သော ဤအဖြစ်အပျက်သည် အလ်ဗိုင်ဟကီ၏ စူန်နန် ကျမ်းတွင် ပါဝင်၍ အောက်တွင်ဖော်ပြထားသည်။

စိုက်ယိဒိနာအလီ ([eJOÕA•r|) ထံ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသည် လူတစ်စုနှင့် အတူတကွရောက်ရှိလာခဲ့သည်။ အမျိုးသားမိသားစုမှတစ်ဦး အမျိုးသမီးမိသားစုမှတစ်ဦး ခုံသမာဓိလူကြီးတစ်ဦးစီခန့်အပ်ရန် စိုက်ယိဒိနာအလီ ﴿ﷺ﴾ ကမိန့်ကြားခဲ့သည်။ ခုံသမာဓိများခန့်အပ်ပြီးနောက် ဆွဟာဗဟ်ကြီးက ၎င်းတို့နှစ်ဦးအား ဦးတည်ပြောကြားသည်မှာ "သင်တို့သည် သင်တို့၏ တာဝန်ဝတ္တရားများကို သိပါသလော၊ သင်တို့ဘာလုပ်ရမည်ဆိုသည်ကို သင်တို့သိပါသလော။ နားထောင် ကျွန်ုပ်ပြောမည်။ အကယ်၍ သင်တို့နှစ်ဦးစလုံးက ဇနီးနှင့် ခင်ပွန်းတို့ကြားအတူကွဖြစ်စေရန် ငြိမ်းချမ်းရေးပြုလုပ်မည်ဆိုလျှင် လုပ်လော့၊ ထို့ပြင်အကယ်၍ ဇနီးမောင်နှံနှစ်ဦးကြား ညှိနှိုင်းရာတွင် ၎င်းတို့နှစ်ဖက်ကြား ညှိနှိုင်း၍လည်းမရ၊ ညှိနှိုင်းရသော်လည်းနောင်မှာလည်း မပြေလည်နိုင်ဟု ဆုံးဖြတ်သည်ဆိုလျှင်လည်းကောင်း၊ သင်တို့နှစ်ဦးသည် ၎င်းတို့ဇနီးမောင်နှံနှစ်ဦးကြား တစ်ဦးစီခွဲခြားနေခြင်းသည် အသင့်တော်ဆုံးဖြစ်သည်ဟု သဘောရလျှင် လည်းကောင်း၊ ယင်းအတိုင်းဆုံးဖြတ်ပါ။ ဤသည်ကို အမျိုးသမီးက ကြားရသောအခါ "ဤအတိုင်း ကျွန်မလက်ခံပါသည်" ဟု ပြောကြား

ခဲ့သည်။ ကျွန်မ စိတ်ဆန္ဒနှင့် ကိုက်ညီသည်ဖြစ်စေ၊ ဆန့်ကျင်သည်ဖြစ်စေ ထိုခံုသမာဓိနှစ်ဦးက အလွှာဟ်အရှင်မြတ်၏ ဥပဒေနှင့်အညီ လုပ်ဆောင်သည်ဆိုလျှင် ကျွန်မသည် ၎င်းတို့ချမှတ်သော ဆုံးဖြတ်ချက်အတိုင်း ကျွန်မလက်ခံပါမည်။ သို့သော်လည်း ခင်ပွန်းက "ခွဲခွာနေခြင်းနှင့် ပြတ်စဲခြင်းတို့ကို ကျွန်တော်မည်သည့်နည်းနှင့်မျှ လက်မခံပါ။ သို့သော်လည်း ခံုသမာဓိများသည် ကျွန်တော့်ကို မည်မျှဒဏ်ကြေးပေးဆောင်ခိုင်းသည်ဆိုလျှင် ပေးဆောင်ရန်အခွင့်အာဏာပေးပါသည်။ ကျွန်တော့်ဇနီးကို ကျွန်တော့်ထံ ငြိမ်းချမ်းစွာပြန်လာစေ လိုပါသည်" ဟုပြောကြားခဲ့သည်။ စိုက်ယိဒိနာအလီ﴿ﷺ﴾သခင်က"မဟုတ် သင်သည်လည်း အမျိုးသမီးက ခံုသမာဓိ လူကြီးများကို အခွင့်အာဏာအပ်နှင်းသကဲ့သို့ အပ်နှင်းသင့်သည်" ဟု မိန့်ကြားခဲ့သည်။

ဤအဖြစ်အပျက်မှ အချို့သော မုဂ္ဂိသဟစ်ဒ်အီမာမ်များက မူထုတ်နှုတ်သည်မှာ နှစ်ဖက်တွင်ပါဝင်ပတ်သက်သူများကို စိုက်ယိဒိနာအလီ﴿ﷺ﴾ သခင်က ခံုသမာဓိလူကြီးများကို စီရင်ဆုံးဖြတ်ပိုင်ခွင့် အာဏာအပြည့်အဝပေးရန် ပြောကြားလုပ်ဆောင်ခဲ့သကဲ့သို့ ခံုသမာဓိလူကြီးများသည် ကွာရှင်းပြတ်စဲရန် အခွင့်အာဏာတစ်ရပ်ရှိသည်ဟူ၍ဖြစ်သည်။ သို့သော်လည်း အီမာမ်အဗူဟနီဖတ်နှင့်ဟာစံအလ်ဗဆွရီတို့ကမူ ခံုသမာဓိလူကြီးများသည် ကွာရှင်းပြတ်စဲရန် ပင်ကိုယ်အာဏာတစ်ရပ်သာရှိမည် ဆိုလျှင် စိုက်ယိဒိနာအလီ ( [eJ0Õ A • r | ) သခင်သည် ဇနီးမောင်နှံအား ထိုအခွင့်အာဏာအပ်နှင်းခိုင်းရန် မလိုဟူ၍ ကောက်ယူကြသည်။ နှစ်ဖက်သဘောတူညီချက်ကို ရှာဖွေကြိုးပမ်းရယူခြင်းက ဤနေရာတွင် ခံုသမာဓိလူကြီးများသည် ယင်းကဲ့သို့သော ပင်ကိုယ်အခွင့်အာဏာများမရှိခြင်း၏ သက်သေပြချက်ပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အကယ်၍ ခင်ပွန်းနှင့်ဇနီးတို့က ၎င်းတို့အားလိုအပ်သည့်အခွင့်အာဏာအပ်နှင်းခဲ့လျှင် ၎င်းတို့ ပြုလုပ်ရန် အခွင့်အာဏာ ရှိသွားပါသည်။

ဤကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားမှုက အချင်းချင်းအငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ထွက်ပေါက်သစ်တစ်ရပ်ဖွင့်ထားပေသည်။ ယင်းကြောင့် လူအများသည် ယင်းထွက်ပေါက်သစ်က ၎င်းတို့၏ အငြင်းပွားမှုနှင့် တောင်းဆိုမှုများကို မိသားစုနှင့်ဆိုင်သော ခံုသမာဓိဖွဲ့၍ လုပ်ဆောင်စေခိုင်းကာ လူအများသည် ရုံးပြင်ကနားသွားရခြင်း၊ အစိုးရအရာရှိများထံသွားရခြင်းစသော ဒုက္ခများကင်းဝေးစေပါသည်။

## အခြားသောအငြင်းပွားမှုများတွင်လည်း ခံုသမာဓိအဖွဲ့. ဖွဲ့စည်းခြင်း

မုစ်လင်မ်မမ္မသတ် ပညာရှင်များက အငြင်းပွားနေသော နှစ်ဖက်ကြား ငြိမ်းချမ်းရေးလုပ်ရာတွင် ခံုသမာဓိနှစ်ဦး ခန့်အပ်ထားခြင်းအား လင်နှင့်မယားကြား အငြင်းပွားမှုတွင်သာ ပြုလုပ်ရမည်ဟု ကန့်သတ်ဘောင်ခတ်မထားပါ။ အငြင်းပွားသည့်အခြားသောနယ်ပယ်များတွင်လည်း အကျိုးရှိစွာအသုံးပြုနိုင်ပေသည်။ စင်စစ်အငြင်းပွားသူနှစ်ဦးနှစ်ဖက်သည် ဆွေမျိုးတော်စပ်ကြလျှင် အထူးသဖြင့်ပို၍လုပ်သင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ရုံးတော်တစ်ခု၏ဆုံးဖြတ်ချက်သည် အခြေခံပြဿနာ၏ အချိန်တို ဖြေရှင်းမှုတစ်ရပ်သာဖြစ်သည်။ ယင်းကဲ့သို့သော ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ဘာဖြစ်မည်လဲဆိုလျှင် နှစ်ဦးနှစ်ဖက်၏နှလုံးသား၌ မုန်းတီးခြင်း၊ ရန်လိုခြင်းဟူသော ပိုးများကျန်ရစ်ကာ အချိန်ကြာလာလျှင်အလွန်မနှစ်မြို့ဖွယ်အသွင်ဖြစ်သွား စေပါသည်။ စိုက်ယိဒိနာအုမရ်﴿ﷺ﴾ သခင်သည် ၎င်း၏ တရားသူကြီးများအတွက် အမိန့်တစ်ရပ်ထုတ်ပြန် ကြေညာခဲ့သည်မှာ-

رُدُّوا القَضَاءَ بَيْنَ ذَوِى الْاَرْحَامِ حَتّٰى يَصْطَلِحُوْا فَاِنَّ فَصْلَ الْقَضَاءِ يُوْرِثُ الضَّغَائِنَ (معين الحكام، ص٢١٤)

"ဆွေမျိုးသားချင်းများကြား အငြင်းပွားမှုများ၌ သူတို့အချင်းချင်းတစ်ဦးကိုတစ်ဦး အကူအညီပေးခြင်းဖြင့် ဖြေရှင်းပါစေ၊ သို့မှသာလျှင် ၎င်းတို့သည်တစ်ဦးအပေါ်တစ်ဦး ပြေငြိမ်းမှုလုပ်ကြပေမည်။ ရုံးတော်တစ်ခု၏ ဆုံးဖြတ်ချက်သည် နှလုံးသားကိုလောင်ကျွမ်းစေခြင်းနှင့်ရန်လိုမှုများပွားများစေပါသည်။"

ဤအုပ်ရဖာရုကီ၏ ညွှန်ကြားမှုမှာ ဆွေမျိုးသားချင်းများကြား အငြင်းပွားမှုနှင့်ပတ်သက်သော်လည်း ညွှန်ကြားချက်ပါ အကြောင်းပြချက် (ရုံးတော်၏ ဆုံးဖြတ်ချက်များသည် နှလုံးသားထဲ၌ မုန်းတီးခြင်းနှင့် ရန်လိုခြင်း ဖြစ်ပွားစေနိုင်သည်။) သည်ဆွေမျိုးသားခြင်းများအတွက်သာမက ဆွေများသားချင်းမဟုတ်သူများအတွက်ပါ အကျုံးဝင်သည်။ ယင်းအသိဉာဏ်ကား အချင်းချင်းရန်လိုခြင်းနှင့် မုန်းတီးခြင်းမှ မုစ်လင်မ်များအားလုံးကို ကယ်တင်ရန်ဖြစ်သည်။ ထို့ကြောင့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ၏ အမြင်မှာ အရာရှိများနှင့် တရားသူကြီး များသည် အမှုကိုပုံမှန်မကြားနာမီအချင်းဖြစ်ပွားသူများအား စုစည်း၍ အချင်းချင်းပြန်လည် ပေါင်းစည်း စေမည့် နည်းလမ်းတစ်ရပ်ကြိုးစားရှာဖွေရန် ဆောင်ရွက်သင့်ပေသည်။ **(အလ်သရာဗလုစီ၊ မုအိနလ်ဟုက်ကမ် စာ-၂၁၄ ကြည့်၊ အိဗနိအလ် ရှာဟ်နာဟ်၏ လိဆာနုလ်ဟုက်ကာမ်ကျမ်းတွဲလည်းရှုပါ။)**

အကျဉ်းချုပ်မျှဖြစ်သော်လည်း ဤအာယသ်တော်နှစ်ခုသည် မိသားစုဘဝ၏ အလုံးစုံခြုံငုံမိသော စနစ်တစ်ရပ်ကို တင်ပြထားသည်။ အကယ်၍ လက်တွေ့ကျင့်သုံးပါက ကမ္ဘာပေါ်မှ မုန်းတီးမှုနှင့် ရန်လိုမှု၊ အငြင်းပွားမှုမြောက်မြားစွာတို့ကို ပယ်ရှားရာ၌ အကူအညီဖြစ်နိုင်ပါသည်။ အမျိုးသားနှင့် အမျိုးသမီးတို့သည် ၎င်းတို့မိသားစုများကြားတွင် ငြိမ်းချမ်းသာယာစွာဖြင့် နေထိုင်စေနိုင်မည်။ အပြည်ပြည်ဆိုင်ရာ၊ လူမျိုးရေးဆိုင်ရာ၊ လူမျိုးစုဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ ရန်ငြိုး ရန်စများဖြစ်ပွားစေသည့် ဒေသဆိုင်ရာသဘောကွဲလွဲမှုများမှ လုံခြုံမှုရရှိနိုင်ပေသည်။ အဆုံးတွင် မိသားစုရန်ငြိုး ရန်စကိုမည်သို့ချေမှုန်းရမည်ဟူသော ကြီးကျယ်လှသော ကုရ်အာန်ကျမ်းတော်မြတ်၏ နည်းစနစ်ကိုအတိုချုပ် ပြောကြပါစို့။ ယင်းနည်းစနစ်ကား ကမ္ဘာကြီးအတွက် ထာဝရလက်ဆောင်တစ်ရပ်ပင် ဖြစ်တော့သည်။

၁။ နည်းလမ်းတစ်ခုပြီးတစ်ခုသုံး၍ မိသားစုတွင်းအငြင်းပွားမှုကို အိမ်တွင်းမှာပင် ဖြေရှင်းပါ။

၂။ ဤသို့ မဖြစ်နိုင်လျှင် အစိုးရအရာရှိများ (သို့) ဆွေမျိုးသားချင်းများသည် ခုံသမာဓိနှစ်ဦးမှ တစ်ဆင့် အငြင်းပွားသည့် နှစ်ဦးနှစ်ဖက်ကြား ငြိမ်းချမ်းရေးရအောင်ပြုလုပ်ပါ။ သို့မှသာ အငြင်းပွားမှုသည် အိမ်ပြင်သို့ သူဖာသူရောက်သွားလျှင်သော်မှ ကြီးမားသော မိသားစုအဝန်းအဝိုင်းတွင်းမှ မထွက်သွားတော့ပါ။

၃။ ဤသည်လည်း မဖြစ်နိုင်လျှင် အဆုံးတွင် ဤကိစ္စရပ်သည် ရုံးတော်သို့ရောက်သွားသည်။ တရားရေးဆိုင်ရာ အာဏာပိုင်တို့၏ တာဝန်မှာ နှစ်ဦးနှစ်ဖက်၏အမှုဖြစ်အကြောင်းအရာနောက်ခံကို စုံစမ်းစစ်ဆေး၍ တရားမျှတသော ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရမည်။

သတိမူရမည်မှာ- اِنَّ اللّٰهَ كَانَ عَلِيْمًا كَبِيْرًا ၁ "အလ္လာဟ်အရှင်မြတ်သည် မချွတ်ဧကန် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင် အလုံးစုံကိုအကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူပေသတည်း" ဟူ၍ ခုံသမာဓိ လူကြီးနှစ်ဦးကို သတိပေးထားခဲ့သည်။ ခုံသမာဓိ လူကြီးတို့က ၎င်းတို့၏ တရားမမျှတမှုများ၊ ကောက်ကွေ့မှုများသည် ဂရုမမူဘဲ ပြီးသွားမည်မဟုတ် အကြွင်းမဲ့သိရှိတော်မူသော အလ္လာဟ်အရှင်ဆိုသည်ကို စိတ်ဝယ်စွဲမှတ်ထားကြစေလိုသည်ဟု သတိပေးထားသည်။

V V V V V V V

## အာယသ် (၃၆-၃၈)

وَاعْبُدُوا اللّٰهَ وَلَا تُشْرِكُوْا
بِهٖ شَيْـًٔا وَّبِالْوَالِدَيْنِ اِحْسَانًا وَّبِذِى الْقُرْبٰى وَالْيَتٰمٰى وَ
الْمَسٰكِيْنِ وَالْجَارِ ذِى الْقُرْبٰى وَالْجَارِ الْجُنُبِ وَالصَّاحِبِ
بِالْجَنْۢبِ وَابْنِ السَّبِيْلِ ۙ وَمَا مَلَكَتْ اَيْمَانُكُمْ ؕ اِنَّ اللّٰهَ لَا
يُحِبُّ مَنْ كَانَ مُخْتَالًا فَخُوْرَا ۙ﴿۳۶﴾ اِلَّذِيْنَ يَبْخَلُوْنَ وَيَاْمُرُوْنَ
النَّاسَ بِالْبُخْلِ وَيَكْتُمُوْنَ مَآ اٰتٰىهُمُ اللّٰهُ مِنْ فَضْلِهٖ ؕ وَ
اَعْتَدْنَا لِلْكٰفِرِيْنَ عَذَابًا مُّهِيْنًا ۚ﴿۳۷﴾ وَالَّذِيْنَ يُنْفِقُوْنَ
اَمْوَالَهُمْ رِئَآءَ النَّاسِ وَلَا يُؤْمِنُوْنَ بِاللّٰهِ وَلَا بِالْيَوْمِ الْاٰخِرِ ؕ
وَمَنْ يَّكُنِ الشَّيْطٰنُ لَهٗ قَرِيْنًا فَسَآءَ قَرِيْنًا ﴿۳۸﴾

ထို့ပြင် အသင်တို့သည် အလ္လာဟ်အ၌ မြတ်အား ခဝတ်ကိုးကွယ်ဆည်းကပ်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မည်သည့်တစ်စုံတစ်ရာကိုမျှ ထိုအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ခြင်းကို မပြုကြကုန်လင့်။ ထိုမှတစ်ပါးတံု အသင်တို့သည် အမိ၊ အဖ နှစ်ပါးတို့နှင့်လည်းကောင်း၊ ဆွေမျိုးနီးစပ်တို့နှင့်လည်းကောင်း၊ ဖမဲ့ကလေးတို့နှင့်လည်းကောင်း၊ အထီးကျန်သူဆင်းရဲတို့နှင့်လည်းကောင်း၊ (အိမ်ချင်း) နီးကပ်သော (တစ်နည်း) ဆွေမျိုးတော်စပ်သော အိမ်နီးချင်းတို့နှင့်လည်းကောင်း (အိမ်ချင်း) ဝေးလံသော (တစ်နည်း) ဆွေမျိုးတော်စပ်ခြင်းမရှိသော အိမ်နီးချင်းတို့နှင့်လည်းကောင်း၊ (မိမိတို့နှင့်အတူ နေထိုင်သွားလာကြကုန်သော) အပေါင်းအဖော်တို့နှင့်လည်းကောင်း၊ ခရီးသည်တို့နှင့်လည်းကောင်း၊ မိမိတို့၏လက်အောက်ဖြစ်သော (ဝါ) မိမိတို့ပိုင်ဆိုင်သော ကျေးကျွန်တို့နှင့် လည်းကောင်း၊ ကောင်းစွာဆက်ဆံပြုစုကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်ရှင်မြတ်သည် မာနထောင်လွှားသောသူ၊ ဝါကြွားပြောဆိုသောသူကို နှစ်သက်တော်မူသည်မဟုတ်။ (၄း၃၆)

အကြင်သူတို့သည်မိမိတို့ကိုယ်တိုင်လည်း စေးနဲ့ကြကုန်၏။ သူတစ်ပါးတို့အားလည်းစေးနဲ့ကြစေရန် ညွှန်ကြားကြ၏။ ထိုမျှသာမကသေး ယင်းသူတို့သည် ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်က မိမိကျေးဇူးတော်နှင့် ပေးသနားတော်မူခဲ့သော အရာများကိုလည်း (လျူဒါန်းသုံးစွဲခြင်းမပြုဘဲ) လျှို့ဝှက်ထိမ်ချန်ထားရှိကြ၏။ အမှန်စင်စစ် ငါအရှင်မြတ်သည် ကျေးဇူးကန်းသော သူတို့အဖို့ဝုဏ်အသရေပျက်စီးသောအပြစ်ဒဏ်ကိုအသင့်ပြင်ဆင်ထားရှိတော်မူသည်။ (၄း၃၇)

၎င်းပြင် အကြင်သူတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများကို လူအများတို့အားပြစားရန် အလို့ငှာ လျူဒါန်းသုံးစွဲကြကုန်၏။ သို့ရာတွင်မူကား ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ယုံကြည်ကြသည်မဟုတ်ပေ။ အမှန်စင်စစ် မည်သူမဆို "ရှိုင်တွာန်" မိစ္ဆာကောင်သည် ထိုသူ၏ အပေါင်းအဖော်ဖြစ်ခဲ့ပါမူ(ထို"ရှိုင်တွန်"သည်) အလွန်ဆိုးရွားလှသော အပေါင်းအဖော်ပင်ဖြစ်ချေသတည်း။ (၄း၃၈)

## အာယသ်တော်၏ဆက်စပ်မှု

ဤစူရဟ်စသည်မှ ယခုအထိ အဓိကဦးတည်ပြောကြားသည်မှာ လူသားများ၏ အခွင့်အရေးကိုသာဖြစ်ကြောင်း သတိမူမိပါလိမ့်မည်။ ဤသည်တို့မှာ ဖမဲ့ကလေးများ၊ အမျိုးသမီးများ၏ အမွေဆက်ခံခြင်း တို့နှင့်သက်ဆိုင်သည်။ ယခုမူ မိဘများ၊ ဆွေမျိုးသားချင်းများ၊ အိမ်နီးနားချင်းများနှင့် ယေဘုယျအားဖြင့် လူသားအားလုံး၏ အခွင့်အရေးများအကြောင်းဖြစ်သည်။ ဤအခွင့်အရေးများ ပြီးပြည့်စုံစွာ ဖြည့်ဆည်းနိုင်ရေးအတွက် အလ္လာဟ်ရှင်မြတ် အရှင်မြတ်တမန်တော်နှင့် နောက်ဆုံးနေ့၏အစစ်ဆေးခံရန် မှန်ကန် ခိုင်မာစွာ ယုံကြည်ခံယူထားသော သူများသာလျှင် ဖြည့်ဆည်းနိုင်ပေသည်။ ထိုသူသည် မှန်ကန်စွာ ကြိုးပမ်းမှုအားလုံး၏ အဟန့်အတားများဖြစ်သော စေးနဲ့ခြင်း၊ မာနထောင်လွှားခြင်း၊ ပြစားဟန်ဆောင်ခြင်းတို့ကို ရှောင်ရှားသူ ဖြစ်သည်။ မူရင်းစာသားသည် အလ္လာဟ်ရှင်တစ်ပါးတည်း တည်ရှိကြောင်း ယုံကြည်ရန်နှင့် အရှင်မြတ်နှင့် မည်သည့်ယှဉ်တွဲကိုးကွယ်မှုနှင့်မဆို ရှောင်ရှားခြင်း၊ နောက်ဆုံးနေ့တွင် အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံခြင်းကိုငြင်းပယ်မှုမှ ရှောင်ရှားရန်လိုကြောင်းတင်ပြထားသည်။ အလ္လာဟ်ရှင်မြတ်၏တမန်တော်ကို မနာခံသော မယုံကြည်သူများ၏ နည်းလမ်းများနှင့် ၎င်းတို့၏စေးနဲ့မှုများကို ထုတ်ဖော်ပြသထားသည်။

## အကျယ်ဖွင့်ဆိုခြင်း
## သောင်ဟီးဒ်ကို အခွင့်အရေးများတွင် ဦးစားပေးခြင်းအကြောင်း

အခွင့်အရေးများ အစီအစဉ် စာရင်းကိုဖွင့်ဆိုရာတွင် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းအား ခဝတ်ကိုးကွယ်ခြင်းနှင့် ခဝတ်ကိုးကွယ်ရာတွင် မည်သည်နှင့်မျှ တွဲဖက်ခြင်းမပြုရန်တို့ကို သတိပေးနှိုးဆော်ချက်

ပါရှိသည်။ ယင်းတွင် များစွာသောအသိဉာဏ်ကြွယ်သည့် စဉ်းစားတွေးတောဖွယ်ရာများ ရှိသည်။ အမှန်တကယ် အခြေခံကျသော ယင်းတို့ထဲမှတစ်ခုကား အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေပြီး အရှင်မြတ်ပြဋ္ဌာန်းထားသော တာဝန်ကို ထမ်းဆောင်ရန် ဂရုစိုက်ခြင်းနှင့် အရေးထားခြင်းဖြစ်ပေသည်။ ယင်းတာဝန်ဝတ္တရားများကို လျစ်လျူရှုသော သူတစ်ဦးသည် အခြားသူတစ်ဦး၏ အခွင့်အရေးကို ဖြည့်ဆည်းရန်ဆိုသည်ကား မျှော်လင့်ရန်ပင် ခက်ခဲလှပေသည်။ အစိုးရ၏ တရားဥပဒေမှလွတ်ကင်းရန် (သို့) လူ့အသိုင်းအဝိုင်းတွင် သူဝုဏ်သိက္ခာ ထိန်းသိမ်းရန်နှင့် အနီးစပ်ဆုံးဆွေမျိုးသားချင်းများနှင့် မိတ်ဆွေသင်္ဂဟများ၏ အသိုင်းအဝိုင်းမှ ကျေနပ်နှစ်သိမ့်စေရန်တို့အတွက် အကြောင်းပြချက်တစ်ခုမဟုတ် တစ်ခုရှာကြံနေလိမ့်မည်။ လူ့အခွင့်အရေးကို ဂုဏ်တင်ရန်အတွက် ၎င်းအား စောင့်ကြည့်သည်ဖြစ်စေ၊ စောင့်မကြည့်သည်ဖြစ်စေ၊ အစစ်အမှန်တွန်းအားပေးသည်မှာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်းနှင့် အရှင်မြတ်ရှေ့တော်မှောက်တွင် တာဝန်ထမ်းဆောင်ရမည့်အသိရှိခြင်းမှအပ အခြားမရှိပြီ။ ဤကြောက်ရွံ့ရိုသေမှုနှင့် "သတ်က်ဝါ"ဟူသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း တည်ရှိခြင်းကို ခိုင်မာစွာယုံကြည်၍ အခြားအလုံးစုံကို ပယ်ထုတ်ပြီးသော သောင်ဟီးဒ်ပင်ဖြစ်ပေသည်။ ထို့ကြောင့် ဆွေမျိုးသားချင်းများနှင့် အခြားသူများ၏ အခွင့်အရေးကို ဖော်ထုတ်မပြသမီ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း တည်ရှိခြင်းနှင့် ထိုအရှင်ကို ခဝတ်ကိုးကွယ်ရန်လိုအပ်ကြောင်းကို လူသားအား သတိပေးခြင်းကား လျော်ကန်သင့်မြတ်ပေသည်။

## သောင်ဟီးဒ်သတင်းစကားနောက် ဦးစွာပထမလာရှိသည်မှာ မိဘများ၏အခွင့်အရေးများပင်ဖြစ်သည်

အလ္လာဟ်အရှင်မြတ်ကို ခဝတ်ကိုးကွယ်ရန် အမိန့်ပညတ်ချက်နောက်၌ မိဘများ၏အခွင့်အရေးကို ဖော်ပြခြင်းသည်ကား အားလုံးသောကောင်ချီးမင်္ဂလာများနှင့် ဦးစားပေးခြင်းများသည် အလ္လာဟ်အရှင်မြတ် ထံမှလာရှိသည်ဆိုသည်ကား သံသယမရှိသော်လည်း လူသားလက်ခံရရှိသော ဦးစားပေးခြင်းတို့သည် ကမ္ဘာလောက၏အမြင်နှင့်ကြည့်လျှင် အလ္လာဟ်အရှင်မြတ်နောက် အနီးစပ်ဆုံးဖြစ်သောသူမှာ ၎င်း၏မိဘများပင်ဖြစ်သည်။ မိဘများသည် အကြောင်းတရား၏ကွင်းဆက်အရ ၎င်းလူဖြစ်ခြင်း၏ ဇစ်မြစ်ဖြစ်သောကြောင့်တည်း။ ထို့ပြင် စမ်းသပ်မှုအဆင့်ဆင့်ဖြစ်သော ကလေးတစ်ဦးမွေးဖွားသည်မှ ပျိုမြစ်သည်အထိ မိဘသည် ၎င်းကို ကြည့်ရှုမွေးမြူစောင့်ရှောက်သည်။ အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသောနည်းလမ်းစုံဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တာဝန်ယူလုပ်ဆောင်သည်မှာလည်း မိဘများပင်ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်ရှင်မြတ်အား ခဝတ်ကိုးကွယ်ရန်နှင့် အမိန့်နာခံရန် အမိန့်ပညတ်ချက်သည် မိဘများ၏ အခွင့်အရေးအကြောင်း ဖော်ပြချက်နှင့် အတူ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားနေရာများ၌လည်း တွေ့ရှိနိုင်သည်။ တစ်နေရာတွင် မိန့်တားသည်မှာ اَنِ اشْكُرْ لِيْ وَلِوَالِدَيْكَ (သို့ဖြစ်ပေရာ) အသင်သည် ငါအရှင်မြတ်အားလည်းကောင်း၊ အသင်၏မိဘနှစ်ပါးတို့ အားလည်းကောင်းကျေးဇူးတင်လော့။(၃၁း၁၄) အခြားတစ်နေရာတွင် မိန့်ထားသည်မှာ-

وَاِذْ اَخَذْنَا مِيْثَاقَ بَنِيْٓ اِسْرَآئِيْلَ لاَ تَعْبُدُوْنَ اِلاَّ اللّٰهَ وَبِالْوَلِدَيْنِ اِحْسَانً

**“ထို့ပြင်တစ်ဝ အခါတစ်ပါး၌ ငါအရှင်မြတ်သည် အစ္စရာအီလီမျိုးနွယ်များထံမှ အသင်တို့သည် အလွှာဟ်အရှင်မြတ်မှ အပမည်သည့် အရာကို မျှ ခဝတ်ရိုကျိုးရှိခိုးပူဇော်ကိုးကွယ်ဆည်းကပ်ခြင်း မပြုကြရမည့်အကြောင်း ထို့ပြင်မာတာပိတ မိဘနှစ်ပါးနှစ်ပါးကောင်းမှုပြုကြရမည့်အကြောင်းကတိဝန်ခံ ချက်ကို ယူတော်မူခဲ့လေသည်။”(၂း၈၃)**

အထက်၌ကိုးကားခဲ့သော အာယသ်တော်များတွင် မူရင်းစာသားက တစ်စုံတစ်ဦးသည် မိဘများ၏ အခွင့်အရေးကိုဖြည့်ဆည်းသင့်သည်။ (သို့) မိဘများကို အလုပ်အကျွေးပြုသင့်သည်ဟု မိန့်မထားပါ။ အာယသ် ထဲတွင် သုံးထားသည်မှာ aN=aS–H^A_ အဲဟ်စန် ကောင်းမှုပြုရမည်ဟူ၍ဖြစ်သည်။ ယင်းစကားလုံးသည် ပိုမိုပြီးပြည့်စုံ၍ လိုအပ်သည့်အချိန်တွင် ၎င်းတို့အား သုံးစွဲရန်ထောက်ပံ့ခြင်း၊ လိုအပ်လျှင် ၎င်းတို့အား ကိုယ်ထိလက်ရောက် ပြုစုခြင်း၊ အရှိအသေတန်သည့် အသံကျယ်ကျယ်ပြောခြင်း (သို့) စူးစူးရှရှပြောဆိုခြင်းတို့မှ ရှောင်ကျဉ်ခြင်း၊ ၎င်းတို့ နှလုံးသားကြေကွဲစေသောမည်သည့်အရာကိုမျှ မပြောဆိုခြင်း၊ မိဘတို့၏ မိတ်ဆွေများနှင့် ကောင်းရာ ကောင်းကျိုးလိုလားသူများအား ဆက်ဆံရာတွင်မိဘများကို ထိခိုက်စေသော အပြုအမူများမပြုလုပ်ခြင်းတို့ ပါဝင်သည်။ ယင်းတို့နှင့် ဆန့်ကျင်၍ မိဘများကျေနပ်နှစ်သိမ့်၍ သက်သောင့်သက်သာဖြစ်စေနိုင်သော အရာတိုင်း ပြုလုပ်သင့်သည်။ အကယ်၍ မိဘများသည် သားသမီးများရသင့်သော အခွင့်အရေးဖြည့်ဆည်းရာတွင် ချို့တဲ့လျှင်ပင် သားသမီးက ယင်းချို့တဲ့မှုကို ၎င်းတို့အပေါ် ဆိုးဝါးစွာ ဆက်ဆံရာတွင်ဆင်ခြေတစ်ရပ်အဖြစ် အကြောင်းမပြရပါ။

စိုက်ယိဒိနာမုအာဇ်အိဗ်နိဂျဗလ် ﷺသခင်က မိန့်ကြားခဲ့သည်မှာ တမန်တော်မြတ် ﷺ သခင်သည် (၁၀)ခုသောအရာကို ဂရုပြုရမည့်အကြောင်းကို မိန့်ကြားခဲ့သည့်အနက် ပထမမှာ “အကယ်၍ အသင့်အား သတ်ဖြတ်စေလျှင်(သို့) အရှင်လတ်လတ်မီးရှို့လျှင်ဖြစ်စေ အလ္လာဟ်အရှင်မြတ်ကို မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ယှဉ်တွဲ မကိုးကွယ်နှင့်၊ ထို့ပြင် ဒုတိယမှာ “အကယ်၍ သင့်မိဘများသည် သင့်အား သားသမီးများနှင့် မိသားစုကို စွန့်ခွာသွားရန် စေခိုင်းသည့်တိုင် သင့်၏မိဘအမိန့်ဖီဆန်ခြင်း (သို့) မိဘကိုထိခိုက်နစ်နာစေခြင်းမပြုရပါ။ **(မုစ်နဒ်အဟ်မဒ်)**

မိဘများ၏အမိန့်နာခံခြင်းနှင့် ၎င်းတို့ကို ကောင်းစွာဆက်ဆံခြင်းအကြောင်းကို အလွန်အလေးအနက် ပြုထားသည့်အပြင် ထိုသို့လုပ်ဆောင်သူများအတွက် ဆုလာဘ်အဆင့်အတန်းများနှင့် မရေတွက်နိုင်သော ကောင်းမြတ်မှုများကို တမန်တော်မြတ် ﷺ သခင်၏ မိန့်ကြားချက်များတွင် ကတိပြုထားတော်မူခဲ့သည်။ အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတွင် ဟဒီးဆ်တော်တစ်ရပ်၌ တင်ပြထားသည်။ တမန်တော်မြတ် ﷺ သခင် မိန့်ကြားခဲ့သည်မှာ “တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာဖြင့် ၎င်းစုဆောင်းရှာဖွေ ထားသည်များနှင့် သက်တမ်းကို တိုးပွားစေရန်ဆန္ဒရှိလျှင်သူ၏ဆွေမျိုးသားချင်းများ၏အခွင့်အရေးများကို ဖြည့်ဆည်းသင့်ပေသည်။ သိရိမိဇီကျမ်းတွင် ဆင့်ပြန်ချက်တစ်ခု၌ မိန့်ကြားထားသည်မှာ “အလ္လာဟ်အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုသည် ဖခင်၏နှစ်သက်ကျေနပ်မှုအပေါ်မူတည်၍ အလ္လာဟ်အရှင်မြတ်၏မနှစ်မြို့မှုသည် ဖခင်၏ မနှစ်မြို့မှုပေါ်မူတည်သည်။ ရှိအဗုလ်အီမာမ်ကျမ်းတွင် အလ်ဗိုင်ဟကီတင်ပြခဲ့သည်မှာ တမန်တော်မြတ် ﷺမိန့်ကြားခဲ့သည်။ “မိဘအမိန့်နာခံသောသားတစ်ဦးသည် ၎င်းတို့ကို ချစ်ခင်၍ ရိုသေကိုင်းရှိုင်းခြင်းဖြင့်

တစ်ကြိမ်ကြည့်ရှုလိုက်မည်ဆိုလျှင် ထိုသားတစ်ချက်ကြည့်လိုက်မှုတိုင်း အတွက် လက်ခံကုဗ္ဗလ်ပြုသော ဟာဂ်ျ တစ်ကြိမ်ပြုလုပ်သည့် စဝါဗ်ဆုလာဘ်ရရှိပေမည်။" အလ်ဗိုင်ဟကီက အခြားဆင့်ပြန်ချက်များအရ တမန်တော်မြတ် ﷺ သခင်မိန့်ကြားခဲ့သည်မှာ "အလ္လာဟ်အရှင်မြတ်သည် မြောက်မြားစွာသော အပြစ်ဂုနာဟ်များကို ခွင့်လွှတ်သော် လည်း မိဘအမိန့်ဖီဆန်သူနှင့် ထိခိုက်နစ်နာစေသူတစ်ဦးအတွက်မူ တမလွန်အာခိရသ်၏ အဆုံးစွန်စာရင်း စစ်ဆေးမှု မတိုင်မီ ဤကမ္ဘာလောကတွင်ပင် မမြင်တွေ့နိုင်သော ဒုက္ခသုက္ခများ ရင်ဆိုင်ကြုံတွေ့စေခြင်း၊ အပြစ်ပေးခံရမည်ဖြစ်သည်။

## ဆွေမျိုးသားချင်းများအား ကောင်းမွန်စွာ ဆက်ဆံခြင်းအပေါ် အလေးအနက်ပြုခြင်း

မိဘများနှင့် ပတ်သက်သည်များ ဖော်ပြပြီးနောက် အာယသ်တော်က ဆွေမျိုးသားချင်းများအားလုံးနှင့် ကောင်းစွာဆက်ဆံခြင်းအကြောင်း အလေးအနက်ပြုထားသည်။ တမန်တော်မြတ်﴿ﷺ﴾သည် ခွသ်ဗဟ်မိန့်ခွန်းအဆုံး၌ ဖတ်ရွတ်လေ့ရှိသော လူသိများ၍ အလွန်ရှင်းလင်း ပြတ်သားသည့် ကရ်အာန်အာယသ်တော်တင့်လည်းထိုအကြောင်းအရာကို အောက်ပါအတိုင်းတင်ပြထားသည်။ ယင်းမှာ-း **اِنَّ اللّٰهَ يَاْمُرُ بِالْعَدْلِ وَالْاِحْسَانِ وَاِيْتَآءِ ذِى الْقُرْبٰى** ကမ္ဘာတစ်ဝန်းလုံးတွင် သောကြာနေ့စွလာသ်ဝတ်ပြုဆောက်တည်ရာ ခွသ်ဗဟ်အတွင်း၌ ယနေ့တိုင်ရွတ်ဆိုခဲ့ပါ။ အာယသ်တော်က ဆိုလိုသည်မှာ "ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မျှတရန်လည်းကောင်း၊ ကောင်းမွန်စွာကျင့်မူဆက်ဆံရန်လည်းကောင်း၊ ဆွေမျိုးနီးစပ်တို့ကိုပေးကမ်းရန်လည်းကောင်း အမိန့်ပေးတော်မူလေသည်။"(၁၆း၉၀) ဤအမိန့်တွင် ဆွေမျိုးသားချင်းများအား အကောင်းဆုံးအစွမ်းပကားဖြင့် ပြုစုစောင့်ရှောက်ရန်နှင့် ၎င်းတို့နှင့် အမြဲထိတွေ့ဆက်ဆံနေရန်တို့ပါဝင်သည်။ စိုက်ယိဒိနာစလ်မာန်အိဗ်နိအာမီရ် တင်ပြခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ "ဆွဒကဟ်ကိုဆင်းရဲ၍ ချို့တဲ့သူကိုပေးအပ်ခဲ့လျှင် ယင်းလျူဒါန်းမှုအတွက် သတ်မှတ်ထားသော ဆုလာဘ်မုချဧကန်ရရှိပေမည်။ သို့သော်လည်း ဆွေမျိုးသားချင်းကို ဆွဒကဟ်ပေးခဲ့လျှင် ဆုလာဘ်နှစ်ဆရရှိပေမည်။ တစ်ခုမှာ ဆွဒကဟ်အလျူဒါနအတွက်ဖြစ်၍ နောက်တစ်ခုမှာ ဆွေမျိုးသားချင်းများအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော အခွင့်အရေးကို ဖြည့်ဆည်းခြင်းအတွက်ဖြစ်ပေသည်။ **(မုစ်နဒ်အဟ်မဒ်၊ နစာအီနှင့်သိရ်မိဇီ)**။

မိဘများ၏အခွင့်အရေးဖြည့်ဆည်းရန် ပထမဦးစားပေးဖြစ်ကာ ဆွေမျိုးသာချင်းများသည် နောက်မှဖြစ်ကြောင်းကို ကျွန်ုပ်တို့စိတ်ထဲ စွဲမှတ်ထားကြပါစို့။

## ဖမဲ့ကလေးများနှင့်ချို့တဲ့သူများ၏ အခွင့်အရေးများ

အာယသ်တော်ထဲတွင် တတိယအုပ်စုကိုဖော်ပြထားသည်မှာ ဖမဲ့ကလေးများနှင့် ဆင်းရဲချို့တဲ့သူများဖြစ်ကြသည်။ ယင်းတို့၏ အခွင့်အရေးများကို စူရဟ်၏အစောပိုင်းက အသေးစိတ်အချို့ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ထိုအကြောင်းကို ဆွေမျိုးသာချင်းများဟူသည့် ယေဘုယျခေါင်းစဉ်အောက်၌ ပြန်လည်တင်ပြခြင်းမှာ တစ်စုံတစ်ဦးသည် သူ (သို့) သူမ၏ဆွေမျိုးသားချင်းများအတွက်ပြုလုပ်သကဲ့သို့ ဖမဲ့ကလေးများနှင့်အကူအညီမဲ့နေသောသူများကိုလည်း ကူညီရန် စဉ်းစားသင့်ကြောင်းဖြစ်ပေသည်။

**အိမ်နီးချင်း၏အခွင့်အရေးများ**

ထို့နောက် အမှတ်စဉ်(၄)တွင် "အနီးနားရှိ အိမ်နီးချင်း အမှတ်စဉ်(၅)တွင် "ဝေးသောအိမ်နီးချင်း" တို့အကြောင်း ဖော်ပြကြသည်။ (R+aj-L^A-) စာလုံး "အလ်ဂျရ်" သည် အိမ်နီးချင်းဟု ဆိုလိုသည်။ အာယသ်တော်က အနီးနှင့် အဝေးဟူသော အမျိုးအစားနှစ်မျိုးကို ဖော်ပြထားသည်။ ဤနှစ်မျိုးအကြောင်း ဆွဟာဗဟ် ﷺ သခင်ကြီးများက အမျိုးမျိုးအဖုံဖုံ ရှင်းလင်းပြခဲ့ကြသည်။

ယေဘုယျအနေဖြင့် အကျယ်ဖွင့်ဆိုသူများမိန့်ကြားသည်မှာ"အနီးနားရှိအိမ်နီးချင်း"ဆိုသည်မှာ သင့်အိမ်နှင့် ကပ်လျက်နေသောသူဖြစ်၍ "ဝေးသောအိမ်နီးချင်း"ဆိုသည်မှာ သင့်အိမ်နှင့်အတန်ဝေးသောသူ"ကိုဆိုလိုသည်။

စိုက်ယိဒိနာ အဗ်ဒုလ်လွာဟ် အိဗ်နိ အဗ္ဗားစ် ﷺ သခင်က မိန့်ကြားသည်မှာ "အနီးနားရှိအိမ်နီးချင်း" ဆိုသည်မှာ အိမ်နီးချင်းလည်းဖြစ်၍ တစ်ချိန်တည်းမှာ ဆွေမျိုးသားချင်းလည်းဖြစ်ကာ ၎င်း၏ အခွင့် အရေးမှာ နှစ်ဆဖြစ်ပေသည်။ ထို့နောက် "ဝေးသောအိမ်နီးချင်း" ဆိုသည်မှာ အိမ်နီးချင်းသက်သက်သာဖြစ်၍ ဆွေမျိုး သားချင်းမတော်စပ်ပါ။ ထို့ကြောင့် နောက်မှ ဖော်ပြခဲ့ခြင်းဖြစ်သည်။

အချို့သော ဋီကာရှင်များက မိန့်ကြားသည်မှာ "အနီးနားရှိအိမ်နီးချင်း" ဆိုသည်မှာ မုစ်လင်မ် အသိုင်း အဝိုင်းမှ မုစ်လင်မ်တစ်ဦးဖြစ်၍ "အဝေးအိမ်နီးချင်း" ဆိုလိုသည်မှာ မုစ်လင်မ်မဟုတ်သည့်အိမ်နီးချင်းကို ဆိုလိုသည်။

အမှန်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများက ဤ မြတ်နိုးဖွယ်ရှိသောအဓိပ္ပာယ်အားလုံးကို ထောက်ခံလျက်ရှိသည်။ ၎င်းတို့ မုစ်လင်မ်ဖြစ်ခြင်း၊ မဖြစ်ခြင်းပေါ်  အခြေခံသည်ဖြစ်စေ၊ ၎င်းတို့နှင့် ဆွေမျိုး တော်စပ်သည် မတော်စပ်သည် ဆိုသည့်အပေါ်  အခြေခံသည်ဖြစ်စေ ကွဲပြားခြားနားသော အိမ်နီးချင်းများတွင် အဆင့်အမျိုးမျိုးကွဲပြားခြားနားမှုတစ်ရပ်ရှိသည်မှာ ကျိုးကြောင်းညီ၏။ တရားလည်းဝင်သည်ကား သံသယမရှိချေ။ မည်သို့ဆိုစေကာမူ အိမ်နီးချင်းတစ်ဦးသည် နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ ဆွေမျိုးတော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ မုစ်လင်မ်ဖြစ်စေ၊ မုစ်လင်မ်မဟုတ်သည်ဖြစ်စေ တစ်စုံတစ်ဦး၏ အကောင်းဆုံး စွမ်းဆောင်မှုဖြင့် ကူညီကာ စောင့်ရှောက်ရမည်ဆိုသည့်အဓိကအခွင့်အရေးရှိသည်ဆိုခြင်းကို သဘောတူညီပြီး ဖြစ်သည်။

သို့သော်လည်း အိမ်နီးနားချင်းတစ်ဦးဖြစ်သည့် အားလျော်စွာ ၎င်းတွင် အခွင့်အရေးရှိသည့်အပြင် အချို့သောအခြားအခွင့်အရေးရှိသူသည် အခြားသူများနှင့် နှိုင်းယှဉ်လျှင် သူတွင်သာလွန်သည့် အဆင့်တစ်ရပ် ကားရှိပါလိမ့်မည်။ ဤသည်နှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ သခင် ကိုယ်တိုင် ရှင်းလင်းခဲ့သည်မှာ "အချို့အိမ်နီးချင်းများတွင် အခွင့်အရေးတစ်ခုရှိ၍ အချို့မှာမူနှစ်ခုအချို့မှာ သုံးခုပင်ရှိကြသည်"။ အိမ်နီးချင်း ဖြစ်၍ မုစ်လင်မ်မဟုတ်၊ ဆွေမျိုးသားချင်းမတော်စပ်လျှင် အခွင့်အရေးတစ်ခုသာရှိသည်။ အိမ်နီးချင်း ဖြစ်ရုံသာမက မုစ်လင်မ်ဖြစ်လျှင် အခွင့်အရေးနှစ်ခုရှိသည်။ အိမ်နီးချင်းလည်းဖြစ် မုစ်လင်မ်လည်းဖြစ်ကာ ဆွေမျိုးသားချင်း တော်စပ်လျှင် အခွင့်အရေးသုံးခုရရှိသူသည် သုံးမျိုးစလုံး အရည်အချင်းတစ်ဦးတည်းရှိသူဖြစ်လေသည်"။
**(အိဗ်နိကဆီး၏)**

တမန်တော်မြတ် ﷺ သခင်က မိန့်ကြားခဲ့သည်။ ဂျိဗ်ရာအီလ်သည် ကျွန်ုပ်၏အိမ်နီးချင်းများကို ကူညီစောင့်ရှောက်ရန် အမြဲပြောဆိုလေ့ရှိသဖြင့် ၎င်းတို့အား အမွေဝေစုတွင် ဝေစုရှင်များအဖြစ် ထည့်သွင်း &r n tav mrf b n tu kwi fu Ekdpw i tawGawmv mcHk n f (အလ်ဗုခါနီ နှင့် မုစ်လင်မ်)

အလ်သိရ်မိဇီနှင့် မုစ်နဒ်အဟ်မဒ်ကျမ်းတွင် ဆင့်ပြန်ချက် တစ်ခုအရ တမန်တော်မြတ် ﷺ မိန့်ကြားခဲ့သည်မှာ "အကောင်းဆုံးနှင့် အမြင့်မားဆုံးသောသူဆိုသည်မှာ ၎င်း၏အိမ်နီးချင်းများနှင့် အကောင်းဆုံးဆက်ဆံရေးထားရှိသူပင်ဖြစ်သည်" ထို့ပြင် မုစ်နဒ်အဟ်မဒ်ကျမ်းတွင် ဟဒီးဆ် ဩဝါဒတစ်ပါး တင်ပြထားသည်မှာ "မိမိအိမ်နှင့်ကပ်လျက် အိမ်နီးချင်းတွင် ဆာလောင်ငတ်မွတ်နေချိန်၌ မိမိက ဝမ်းဗိုက်ပြည့် စားသောက်ခြင်း ခွင့်မပြုချေ"။

## အသင့်ဘေးတွင်ရှိသော အပေါင်းအဖော်၏အခွင့်အရေး

အမှတ်စဉ် (၆)တွင် ဖော်ပြထားသည်မှာ နံဘေးတွင်ရှိသော အပေါင်းအဖော်ဖြစ်သည်။ စာပေသဘော အရ ဘာသာပြန်ထားခဲ့ပြီး ယင်းတွင် မော်တော်ကားနှင့်ဖြစ်စေ၊ ဘတ်စ်ကားနှင့်ဖြစ်စေ၊ လေယာဉ်ပျံ၊ မီးရထားနှင့်ဖြစ်စေ သင့်ဘေးတွင် ထိုင်နေသောခရီးသွားဖော်များ အကျုံးဝင်သည်။ ထိုအထဲတွင် မည်သည့်သမရိုးကျ တွေ့ဆုံမှုတွင်မဆို သင်နှင့်အတူ ထိုင်နေသူလည်းပါဝင်သည်။

အစ္စလာမ့်ရှရီအသ်နည်းလမ်းတွင် ပုံမှန်အိမ်နီးချင်းများဆိုရာ၌ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ ၎င်းတို့၏အခွင့်အရေးသည်မလုပ်မနေရတာဝန်တစ်ရပ်အဖြစ် ပြုလုပ်ထားသည့်အတိုင်း နံဘေးတွင်ထိုင်နေသောသူများ၏ အခွင့်အရေး သည်လည်း အတူတူပင်ဖြစ်သည်။ နံဘေးတွင် ထိုင်သူဆိုရာ၌ တွေ့ဆုံမှုတွင် သော်လည်းကောင်း၊ ခရီးစဉ်တွင် သော်လည်းကောင်း၊ ခေတ္တတွေ့ဆုံသူများပါဝင်၍ ၎င်းတို့သည် မုစ်လင်မ်ဖြစ်သည်ဖြစ်စေ၊ မုစ်လင်မ်မဟုတ်သည်ဖြစ်စေ၊ ဆွေမျိုးတော်စပ်သည်ဖြစ်စေ၊ ဆွေမျိုးမတော်စပ်သည်ဖြစ်စေ အားလုံးအကျုံးဝင်စေ၍ တန်းတူညီမျှ ဖြစ်လေသည်။ ထိုကဲ့သို့သောသူတစ်ဦးကို ကောင်းမွန်စွာဆက်ဆံရန် ညွှန်ကြားချက်မှာ ထင်ရှားပါသည်။ အနိမ့်ဆုံး အဆင့်မှာ သင့်စကားကြောင့်ဖြစ်စေ၊ လုပ်ရပ်ကြောင့်ဖြစ်စေ မထိခိုက်စေခြင်းဖြစ်သည်။ အခြားသူ၏ ခံစားမှုကို ထိခိုက်စေသော စကားမပြောဆိုစေခြင်း၊ အခြားသူကို စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ဒေါသဖြစ်စေသော ဒုက္ခရောက်စေသော အပြုအမူများဖြစ်သည့် တစ်ပါးသူမျက်နှာဘက်သို့ စီးကရက်မီးခိုးမှုတ်ထုတ်ခြင်း၊ ဝါးပြီးသား အရာများသူတစ်ပါးအနီထွေးခြင်း၊ သင်ထိုင်သောပုံစံသည် တစ်ပါးသူထိုင်ရန် အတွက် ကျဉ်းကျပ်စေသော အပြုအမူများဖြစ်ပေသည်။

အကယ်၍သာ လူအများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤညွှန်ကြားချက်ကို စတင်လိုက်နာကြမည်ဆိုလျှင် အထူးသဖြင့် သယ်ယူပို့ဆောင်ရေးကြပ်ညပ်နေသော နိုင်ငံများတွင်ရှိ မီးရထားစီးခရီးသည်များကြား ယေဘုယျအငြင်းပွားမှုများ အပြီးသတ်သွားပါလိမ့်မည်။ အကယ်၍ လူတိုင်းသည် ၎င်းတစ်ယောက်ထိုင်သာသည့် နေရာကိုသာ စဉ်းစားမည်ဆိုလျှင် ထိုအငြင်းပွားမှု မရှိပြီ။ ထိုမျှနေရာသာလျှင် ၎င်း၏ အခွင့်အရေးဖြစ်သော်လည်း ယင်းထက်ပိုသော နေရာအကျယ်အဝန်းကိုမူ သူ့တွင်ရပိုင်ခွင့် မရှိချေ။ ၎င်းနံဘေး ထိုင်နေသူသည်လည်း ထိုရထားတွဲ၌ သူရသင့်သလောက် အခွင့်အရေးရပိုင်ခွင့်ရှိလေသည်။

အချို့သော ဋီကာရှင်များက ဝေးသောအိမ်နီးချင်းတွင် လုပ်ငန်းခွင်ရှိသူများ၊ စက်ရုံတွင် ရှိသူများ (သို့) အခစားများ၊ ရုံးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ချိန်၌လည်းကောင်း၊ ခရီးသွားစဉ်တွင်လည်းကောင်း ကြုံတွေ့ရသူအားလုံး အကျုံးဝင်သည်ဟုဆိုကြသည်။ **(ရှူအုလ်မအာနီ)**

## လမ်းတွင်ကြုံသောသူ၏ အခွင့်အရေး

ဤအကြောင်းအမှတ်စဉ်(၇)တွင် ဖော်ပြထားသည်။ လမ်းတွင်ကြုံသောသူဆိုသည်မှာ အသင်သွားနေစဉ် သင့်ထံလာသူကိုလည်းကောင်း၊ အသင့်၏ ဧည့်သည်ဖြစ်လာမည့်သူကိုလည်းကောင်း ခေါ်သည်။ မုစ်လင်မ်ဖြစ်စေ၊ မုစ်လင်မ်မဟုတ်သည်ဖြစ်စေ မိတ်ဆွေသင်္ဂဟလည်းမရှိသောအချိန်၌ ကုရ်အာန်ကျမ်းတော်မြတ်က လူသားတစ်ဦး အနေဖြင့် အခက်အခဲနှင့်ရင်ဆိုင်ရသော အခြေအနေဖြစ်၍ ၎င်း၏အခွင့်အရေးကို ဖြည့်ဆည်းပေးခြင်းအား မပြုမနေရတာဝန်တစ်ရပ် အဖြစ်ပြုထားသည်။ ဆိုလိုသည်မှာ ၎င်းအား ကောင်းစွာပြုစုဆက်ဆံ၍ ဖြစ်နိုင်သမျှ သက်သောင့်သက်သာ ရှိစေသင့်သည်ဟူ၍ဖြစ်သည်။

## ကျေးကျွန်၊ ကျေးကျွန်မ၊ အစေခံနှင့် လုပ်ခစားတို့၏ အခွင့်အရေးများ

စာရင်းအဆုံးနံပါတ်(၈)တွင်မိန့်ကြားသည်မှာ ù^\<N<am–Y^A–é^\–l–M–aM–O–"မိမိတို့လက်အောက်ဖြစ်သော (သို့) မိမိပိုင်ဆိုင်သော" ဆိုလိုသည်မှာ ပိုင်ဆိုင်သော ကျေးကျွန်ယောကျ်ားနှင့် ကျေးကျွန်မိန်းမတို့ဖြစ်သည်။ ၎င်းတို့အခွင့်အရေးဖြစ်သော သူတို့နှင့် ကောင်းစွာဆက်ဆံရေးသည်လည်း တူညီစွာ မပြုမနေရတာဝန်အဖြစ် ပြုလုပ်ထားသည်။ ဆိုလိုသည်မှာ ၎င်းတို့၏ စားသောက်ရေးနှင့် ဝတ်စားဆင်ယင်ရေးတွင် ချို့တဲ့မှုမရှိစေရန် သေချာစေသင့်သည်။ ထို့ပြင် ၎င်းတို့လုပ်နိုင်သည်ထက်ပို၍ တာဝန်မပိစေရပါ။

အာယသ်တော်၏ "ပိုင်ဆိုင်သော" ဟူသည်မှာ ဘာသာစကားတစ်ခု၏ ဝေါဟာရအရ ကျေးကျွန်မနှင့် ကျေးကျွန် ယောကျ်ားကို ရှင်းလင်းစွာရည်ညွှန်းသည်ဖြစ်သော်လည်း အလားတူသည်ကို အခြေခံ၍ တမန်တော်မြတ်ﷺ သခင်၏ ဩဝါဒတော်များအရ ဤဥပဒေများသည် အစေခံများနှင့် လုပ်ခစားများလည်း အကျုံးဝင်သည်။ ထို့ကြောင့် ၎င်းတို့တွင်လည်း တူညီသော အခွင့်အရေးရှိကြသည်။ ၎င်းတို့ရသင့်သော လစာ၊ အစားအသောက် စသည်များပေးရာတွင် နှောင့်နှေးခြင်း၊ နှမြောတွန့်တိုခြင်းမရှိစေရပါ။ ထို့ပြင် ၎င်းတို့ကို သူတို့တတ်နိုင်စွမ်း သည်ထက်ပို၍ မခိုင်းရပါ။

## နိုင်လိုမင်းထက်ပြုခြင်းသည် အခွင့်အရေးများဖြည့်ဆည်းမှုကို အနှောက်အယှက်ဖြစ်စေသည်

အာယသ်(၃၆)၏ နောက်ဆုံးဝါကျ-اِنَّ اللّٰهَ لاَ يُحِبُّ مَنْ كَانَ مُخْتَالاً فَخُوْرًا "ဧကန်စင်စစ် အလ္လာဟ်ရှင်မြတ်သည် မာနထောင်လွှားသူ၊ ဝါကြွားပြောဆိုသူကို နှစ်သက်တော်မူသည် မဟုတ်ပေ" ဟူသည်မှာ အစောပိုင်း မိန့်ထားခဲ့သည်များကို တစ်ပေါင်းတစ်စည်းတည်းဖြစ်ကာ ပြီးပြည့်စုံစေသည်။ တစ်နည်းအားဖြင့်ဆိုလျှင် အစောပိုင်းက နံပါတ်စဉ်လိုက်(၈)မျိုးသော သူတို့အခွင့်အရေးကို ဖြည့်ဆည်းရာတွင် ချို့တဲ့သောသူသည်

မာနထောင်လွှား၍ ဝါကြွားသောသူသာဖြစ်ရပေမည်။ ထိုသူတို့သည် နိုင်ထက်စီးနင်းနိုင်သောသူများဖြစ်၍ အခြားသူများအပေါ် ဆရာလုပ်လိုသူများဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်အားလုံးကို ယင်းအခြေအနေမျိုး မှ ကင်းဝေးစွာထားတော်မူပါစေ။

မာနထောင်လွှားခြင်း၊ အစွလာမ်သာသနာမတိုင်မီက ကြွားဝါမာန်တက်ခြင်းတို့နှင့် ပတ်သက်၍ ပြင်းထန်စွာ သတိပေးသော ဟဒီးဆ်တော်များစွာရှိသည်။

**عن ابن مسعود رضى الله عنه قال قال رسول اللّٰهﷺ لايد خل النار احد فى قلبه مثقال حبة من خردل من ايمان ولا يد خل الجنة احد فى قلبه مثقال حبة من خردل من كبر** (امشكوةص ٤٣٣ بحواله مسلم)

စိုက်ယိဒ်နာ အိဗ်နိမတ်စ်အူးဒ် ﴿ﷺ﴾ ဆင့်ပြန်ခဲ့သည် တမန်တော်မြတ် ﴿ﷺ﴾ မိန့်ကြားတော်မူခဲ့သည်မှာ နှလုံးသားတွင် မုံညင်းစေ့ခန့် အီမာန်ရှိလျှင် ထိုသူသည် ဂျဟန္နမ်ငရဲသို့ မကျနိုင်ပါ။ ထို့ပြင် နှလုံးသားတွင် မာနထောင်လွှားမှု မုံညင်းစေ့ခန့်ရှိလျှင် ထိုသူသည် ဂျန္နသ်သုခဘုံသို့ မရောက်နိုင်ချေ။ **(မစ်ရှ်ကသ်၊ စာ-၄၃၊ မုစ်လင်မ် ကျမ်းတွင်လည်း ထို့အတူ)**

မာနထောင်လွှားခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အခြားဟဒီးဆ်တော်ကို အောက်တွင်ကိုးကားဖော်ပြထားသည်-

**عن ابن مسعود رضى اللّٰه عنه قال رسول اللّٰه ﷺ لا يدخل الجنة من كان فى قلبه مثقال ذرة من كبر فقال رجل ان الرجل يحب ان يكون ثوبه حسنا ونعله حسنا، قال إن اللّٰه تعالى جميل يحب الجمال، الكبربطر الحق وغمط الناس** (مشكوةص ٤٣٣ بحواله مسلم)

"မည်သူမဆို နှလုံးသားတွင်မြူမုန်မျှသော ဝါကြွားမှုရှိလျှင် ဂျန္နသ်သုခဘုံသို့ မရောက်နိုင်ချေ"။ ထို့နောက် တစ်စုံ တစ်ဦးက မေးမြန်းလျှောက်ထားသည်မှာ "အဝတ်အစားများ၊ ဖိနပ်များ အကောင်းမှကြိုက်သူတို့သည်လည်း ဝါကြွားသူများဖြစ်ကြပါ၏လော့" ကိုယ်တော်မြတ်မိန့်ကြားသည်မှာ "အလ္လာဟ်ရှင်မြတ်သည် လှပတင့်တယ်သည်။ အရှင်မြတ်သည် လှပတင့်တယ်မှုကို နှစ်သက်တော်မူသည်။ ဝါကြွားခြင်းသည် အခြားသူများ၏ ရုပိုင်ခွင့်ကို တမင်သက်သက်ဂရုမပြုခြင်းဖြစ်၍ လူအများက ရွံရှာစက်ဆုပ်ဖွယ်ဟု သတ်မှတ်ခြင်းဖြစ်သည်။ **(မစ်ရှ်ကသ် ၄၃၃ မုစ်လင်မ်)**

ထို့နောက်အာယသ်ဆတ်(၇၇)သည် —ဝ^l<k–b^Y–ú–Y^d_L#–A– နှင့်အစပြုကာ မာနထောင်လွှားသူတို့၏ သဘောသဘာဝကိုဖော်ပြထားပါသည်။ ထိုသူတို့သည် မပြုမနေရ တာဝန်တစ်ရပ်ဖြစ်သည့် အခြားသူများ၏ ရုပိုင်ခွင့်များကို ပေးရာတွင် စေးနဲ့တွန့်တိုသူများဖြစ်ပြီး ၎င်းတို့၏ တာဝန်ဝတ္တရားများကို ပြုလုပ်ရန် ပျက်ကွက်သူများ

လည်းဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့၏ လုပ်ရပ်နှင့် ပြောဆိုမှုများမှ တစ်ဆင့် ဤမကောင်းသည့်အဆင့်ကို အခြားသူများ ပြုမူရန်ဖြားယောင်းသွေးဆောင်ပြီး မကောင်းမှုအဆုံးစွန်သို့ ရောက်ရှိသွားပါသည်။

အာယသ်တော်သည် Øk^B< "ဗုခ်လ်"(စေးနဲ့တွန့်တိုခြင်း)ဟု သုံးစွဲကာ စေးနဲခြင်း၏စရိုက်နှင့် ပတ်သက်သော လက္ခဏာကို ဖော်ပြထားပါသည်။ ယင်းစကားလုံးသည် အများလက်ခံအတည်ပြုထားသော အဓိပ္ပာယ်အရ ဆိုလျှင် ငွေကြေးဆိုင်ရာရပိုင်ခွင့်များကိုပေးကမ်းရာတွင် အားနည်းချက်များအတွက် သုံးစွဲသည်။ သို့ရာတွင် အာယသ်တော်ကျရောက်ခြင်း၏နောက်ခံအကြောင်းအရင်းကိုကြည့်မည်ဆိုလျှင် ထင်ရှားသည်မှာ ဗုခါလ် Øk^B< ကို အာယသ်တော်ထဲတွင် သုံးထားခြင်းသည်ယင်း၏ယေျဘုယျအဓိပ္ပာယ်အနေဖြင့် သုံးစွဲထားသည်။ ယင်းတွင် ငွေကြေးနှင့် အသိဉာဏ်ပညာတွင် တွန့်တိုခြင်းများပါဝင်သည်။

စိုက်ယိဒိနာအိဗ်နိအဗ္ဒားစ်၏ ဆင့်ပြန်ချက်က ပြောပြသည်မှာ ဤအာယသ်တော်သည် မဒီနဟ်ရှိဂျူးများနှင့် ပတ်သက်၍ ကျရောက်ခဲ့သည်။ ၎င်းတို့သည် အလွန်မာနထောင်လွှားပြီး အလွန့်အလွန် စေးနဲ့တွန့်တိုကြသည်။ ငွေကြေးသုံးစွဲရာတွင် ၎င်းတို့သည် စိတ်ပျက်စရာကောင်းလောက်အောင် တွန့်တိုကြသည်။ တမန်တော်မြတ် ﷺ ပွင့်တော်မူမည့်အကြောင်း ၎င်းတို့၏ ကျမ်းစာများတွင် ပါဝင်ကာ ထိုကျမ်းစာမှရရှိသော အသိကို ၎င်းတို့က ဖုံးအုပ်ထားကြပါသည်။ ဖုံးအုပ်ထားသည့် အရာများထဲတွင် တမန်တော်မြတ် ﷺ ပွင့်ပေါ်ခြင်း၏ ထင်ရှားသော လက္ခဏာများလည်းပါဝင်သည်။ သို့ရာတွင် ၎င်းတို့သည် ကြိုတင်နမိတ်ဟောခြင်းကို ယုံကြည်လက်ခံသော်လည်း စေးနဲ့တွန့်တိုစွာ ပြုကျင့်ခဲ့သည်။ ၎င်းတို့သည် ဤအသိတရားမှရရှိသော ညွှန်ကြားချက်များကို မည်သည့်အခါမျှ မဖြည့်ဆည်းခဲ့ကြသကဲ့သို့ ထိုစေခိုင်းချက်များနှင့်အတူ လိုက်နာကျင့်သုံး မည့်သူများကိုလည်း သတင်းစကားလက်ဆင့်မကမ်းခဲ့ပါ။

ဤသည်အပေါ် အခြေခံ၍ အသိတရားနှင့် ယုံကြည်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အလွှာဟ်ရှင်ပေးသနားထားသော ဓနဥစ္စာများကို စေးနဲသောသူများတို့သည် အလွှာဟ်အရှင်မြတ်အား ကျေးဇူးကမ်းပြီး အလွှာဟ်အရှင်၏ ကျေးဇူးပြုမှုများကိုလည်း အသိအမှတ်ပြုရန် ပျက်ကွက်သူများဟု မိန့်ထားသည်။ ထိုသူများအတွက် မည်သို့မျှမရှောင်တိမ်းနိုင်သော ဂုဏ်သရေသေးသိမ်စေသည့် ပြစ်ဒဏ်ခတ်မှုတစ်ခုကို ပြင်ဆင်ထားပြီးဖြစ်လေသည်။

ပေးကမ်းလှူဒါန်းခြင်း၏ ကောင်းကျိုးများနှင့် စေးနဲ့တွန့်တိုခြင်း၏ ဆိုးကျိုးများအကြောင်းကို တမန်တော်မြတ်ﷺက မိန့်ကြားထားသည်မှာ-

**ما من يوم يصبح العباد فيه الا ملكان ينزلان فيقول احدهما اللهم اعط منفقًا خلفا ويقول الا خر اللهم اعط مسكا تلفًا** (بخا ری ومسلم)

"နံနက်တိုင်းတွင် ကောင်းကင်စေတမန်နှစ်ပါးဆင်းသက်လာကြသည်။ တစ်ဦးက ပြောဆိုသည်မှာ အို အလွှာဟ်အရှင် ကောင်းမှုကောင်းရာလမ်း၌ သုံးစွဲသောသူများအပေါ် အလွှာဟ်အရှင်၏ ကောင်းချီးမင်္ဂလာများကြရောက်ပါစေ။ နောက်တစ်ဦးက ပြောသည်မှာ "စေးနဲတွန့်တိုသူ" (ဥစ္စာဓနများ၏)အပေါ် ပျက်စီးခြင်းများကျရောက်ပါစေ"ဟူ၍ ဖြစ်သည်။ **(အဗူဟုရိုင်ရဟ်ﷺမှ တစ်ဆင့် ဗုခါရီနှင့် မုစ်လင်မ်ကျမ်း)**

**عن اسماء رضى اللّه عنها قالت قال رسول اللّه صلى اللّه عليه وسلم انفقى ولا تحصى فيحصى اللّه** عليك **ولا توعى فيوعى اللّه** عليك **وارضخى ما استطعت** (بخارى وسلم)

ပေးကမ်းပါလေ။ မတွက်ချက်ပါနှင့်။ အဘယ့်ကြောင့်ဆိုသော်အလ္လာဟ်အရှင်မြတ်သည်အသင်နှင့် ပတ်သတ်ပြီးတွက်ချက်ပေးပါလိမ့်မည်။ ထိန်ချန်မထားပါနှင့် အဘယ့်ကြောင့်ဆိုသော်အလ္လာရှင်မြန်သည် အသင်နှင့် ပတ်သက်၍လည်း ထိန်ချန်ထားပါလိမ့်မည်။ ၎င်းပြင် အသင်တတ်နိုင်သမျှပေးကမ်းပါလေ။ **(ဗုခါရီကျမ်း၊ မုစ်လင်မ်ကျမ်း)**

တမန်တော်မြတ်﴿ﷺ﴾၏မိန့်ကြားချက်ကို စိုက်ယိဒိနာအဗူဟုရိုင်ရဟ် ﴿ﷺ﴾ သခင်ကဆင့်ပြန်ခဲ့သည်မှာ-

**السخىُّ قريب من الله، قريب من الجنة، قريب من الناس، والبخيل بعيد من الله، بعيد من الجنة بعيد من الناس قريب من النار والجاهل سخى احب الى الله من عابد بخيل.** (ترمذى)

ရက်ရောသောသူသည် အလ္လာဟ်ရှင်မြတ်၊ ဂျန္နသ်၊ လူများတို့နှင့် နီးစပ်သောသူဖြစ်ဖြစ်ပြီး၊ စေးနဲ့သူသည် အလ္လာဟ်အရှင်မြတ်၊ ဂျန္နသ် လူအများတို့နှင့် ဝေးကွာသောသူဖြစ်ကာ ဂျဟန္နမ်ငရဲမီးနှင့် နီးကပ်သောသူ ဖြစ်ပါလိမ့်မည်။ ဘာသာတရားကိုင်းရှိုင်းပြီး စေးနဲ့သောသူထက် တတ်သိနားလည်ခြင်းမရှိသော ရက်ရောသူကို အလ္လာဟ်အရှင်ပိုမိုနှစ်သက်တော်မူသည်။ **(သိရ်မိဇီ)**

တမန်တော်မြတ် ﴿ﷺ﴾ မိန့်ကြားချက်ကို စိုက်ယိဒိနာ အဗူစအီးဒ် ﴿ﷺ﴾ ဆင့်ပြန်ခဲ့သည်မှာ -

**وعن ابى سعيد قال قال رسول الله صلى اللّه عليه وسلم خصلتان لا تجتمعان فى مؤمن، البخل وسوء الخلق** (ترمذى)

စစ်မှန်သောမုစ်လင်မ်တစ်ဦးတွင် ပေါင်းစပ်၍မရသောဥာဉ်၊ လက္ခဏာနှစ်ခုမှာ စေးနဲ့ခြင်းနှင့် မကောင်းသော ကိုယ်ကျင့်တရားများပင်ဖြစ်သည်။ (သိရ်မိဇီ)

**وَالَّذِيْنَ يُنْفِقُوْنَ** ဟူသောစကားလုံးတို့ဖြင့် အစပြုထားသော အာယသ်တော်(၃၈)ထဲတွင် မာနထောင်လွှားသောသူတို့၏ နောက်ထပ်စာရိတ္တဥာဉ်လက္ခဏာတစ်ခုကို ဖော်ပြထားပါသည်။ များသောအားဖြင့် သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌သုံးစွဲခြင်းကို ထိမ်ချန်ပြီးအခြားသူများကိုလည်း ထိုကဲ့သို့ လုပ်ဆောင်ရန် ဖြားယောင်းသွေးဆောင်ခဲ့ကြပါသည်။ သို့သော်လည်း လူအများအားကြွားဝါလိုသော အခါသူတို့သည် သုံးစွဲကြပါသည်။ ဤသူများတို့သည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို မယုံကြည်ကြသောကြောင့် သူတို့၏ ဥစ္စာပစ္စည်းများကိုသုံးစွဲခြင်းသည် အလ္လာအရှင်ဝမ်းမြောက်ဝမ်းသာဖြစ်စေရန်အတွက်နှင့် နောင်တမလွန်ဘဝတွင် ဆုလာဘ်များရရှိစေရန်ဟူသော ရည်မှန်းချက်များမပါရှိကြပါ။ ထိုသူများတို့သည်ရှိုင်တွာန်၏ အပေါင်းအဖော်များ

ဖြစ်သွားကြသည်။ ထို့ကြောင့် ၎င်းတို့၏အဆုံးသတ်ခြင်းသည် ၎င်းတို့၏ရဲဘော်ရှိုင်တွာန်၏ အဆုံးသတ်နှင့်တူညီသွားပါလိမ့်မည်။ ကြွားဝါရန်အတွက် သုံးစွဲခြင်းနှင့် တူညီသွားပါလိမ့်မည်။ ကြွားဝါရန်အတွက် သုံးစွဲခြင်းနှင့် ရည်ရွယ်ချက်မရှိသောခေါင်းစဉ်များနှင့် ပတ်သက်၍ သုံးစွဲခြင်းတို့သည် အလွန့်အလွန်ဆိုးရွားသကဲ့သို့ လုပ်ဆောင်ရမည့်အခွင့်အရေးများကို ဖြည့်ဆည်းရာ၌ ကပ်စေးနဲခြင်းနှင့် ဖင့်နွှဲကြန့်ကြာမှုတို့သည် ဂုဏ်သရေကင်းမဲ့ကြောင်း ဤအာယသ်တော်က ပြောပြပါသည်။ အလ္လာဟ်အရှင်မြတ်အတွက် သီးသန့်မဟုတ်ဘဲ လူအများထံမှ ချီးကျူးထောမနာမှုရရန် ရည်စူးပြီးလုပ်သောလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ လက်မခံသောလုပ်ရပ်ဖြစ်ပါသည်။ ယင်းသို့သော လုပ်ရပ်ကို ဟဒီးဆ်တော်ထဲ၌ ရှိရိုက်(အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ယှဉ်တွဲခြင်း)ဟု ကြေညာထားပါသည်။

တမန်တော်မြတ် ﷺ သခင်မိန့်ကြားချက်ကို စိုက်ယိဒိနာအဗူဟုရိုင်ရဟ် ﷺ ဆင့်ပြန်ခဲ့သည်မှာ-

**قال الله تعالى انااغنى الشركاء عن الشرك من عمل عملا أشرك فيه معى غيرى تركته وشركه**

"အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်မှာ ငါအရှင်မြတ်သည် တွဲဖက်ယှဉ်တွဲသူရှိရန်မည်သည့်လိုအပ်ချက် မျိုးကိုမဆို အကြွင်းမဲ့ကင်းရှင်းတော်မူသည်။ မည်သူမဆို (ကောင်းမှု) တစ်ခုကိုလုပ်ဆောင်ပြီးထိုလုပ်ရပ်အတွက် ငါအရှင်မြတ်နှင့်အတူ အခြားသူတစ်ဦးတစ်ယောက်ကို ယှဉ်တွဲထားပါက ငါအရှင်သည် ထိုသူအား ဤလုပ်ရပ် (ငါအရှင်နှင့် တွဲဖက်ယှဉ်တွဲခြင်း)အတွက် သူ့အား(အကူညီမဲ့) ပြစ်ပယ်ထားသည်။ "

တမန်တော်မြတ် ﷺ မိန့်ကြားသည်ကို ကြားသိခဲ့ရသော စိုက်ယိဒိနာရှုပ်ဒ်အိဗ်နိုအောက်စ်ﷺကပြောသည်မှာ -

**وعن شداد بن اوس قال سمعت رسول اللّه صلى اللّه عليه وسلم صلى برائى فقد اشرك، ومن صَام ير ائى فقد اشرك، ومن تصدّق برائى فقداشرك** (احمد بحواله مشكوة)

"မည်သူမဆို ပြစားရန်အတွက် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းလုပ်ဆောင်ခဲ့ပါက ရှိရဲရစ်က်ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်သည်။ ၎င်းနောက် မည်သူမဆိုပြစားရန်အတွက် ဥပုသ်သီတင်းဆောက်တည်ပါက ရှိရဲရစ်က်ပြစ်မှုကျူးလွန်ခြင်းနှင့်အလျှဒါနပြုရာတွင် ပြစားခြင်းသည်လည်းရှုရစ်ပြစ်မှုပင်ဖြစ်သည်။ **(မရှိကားသ်ကျမ်းတွင်တင်ပြထားသကဲ့သို့အဟ်မဒ်ကျမ်း)**

တမန်တော်မြတ် ﷺ၏ မိန့်ကြားချက်ကို စိုက်ယိဒိနာမာမုဒ်အိဗ်နိလဗိဒ်ﷺသခင်က ဆင့်ပြန်ခဲ့သည်မှာ -

**عن محمود بن لبيد انّ النبى صلى اللّه عليه وسلم قال ان اخوف ماا خاف عليكم الشرك الا صغر، قالوايا رسول اللّه وَمَا الشرك الاصغر؟قال الرّياء**

(احمد بحواله مشكوة)

အသင်တို့နှင့်ပတ်သက်ပြီး ကျွန်ုပ်အကြီးအကျယ် ပူပင်သောကရောက်ရသည်မှာ အသေးစား ရှိရိုးရစ်ကဲ့နာဟ် အကြောင်းပင်ဖြစ်သည်။ ဆွဟာဗဟ်ကြီးများက လျှောက်ထားမေးမြန်းသည်မှာ "အိုအလ္လာဟ် အရှင်မြတ်၏ တမန်တော်အသေးစား ရှိရိုးရစ်ကဲ့ဆိုသည်မှာ အဘယ်အရာပါနည်း"။ တမန်တော်မြတ်ﷺက မိန့်ကြားသည်မှာ "ရေယာ" ဖြစ်သည်။ "ရေယာ" ဆိုလိုသည်မှာ ပြစားရန်သက်သက်အတွက် ကောင်းမှုကုသိုလ် လုပ်ဆောင်ခြင်း" ဟူ၍ဖြစ်သည်။ **(မန္ဓကားသ်ကျမ်းတွင် တင်ပြထားသကဲ့သို့ အဟ်မဒ်ကျမ်း)**

ဤနေရာတွင် အလ်ဗိုင်ဟာကီကျမ်းပါ ဆင့်ပြန်ချက်တစ်ခုကထပ်ဆင့်ဖော်ပြထားသည်မှာ ကောင်းမှု ကောင်းရာများအတွက် ဆုလာဘ်များခီးမြှင့်မည့်ကိယာမသ်နေ့တွင် လူအများ၏ ခိုးကျူးမှုသက်သက် ရယူရန် အတွက် ကောင်းမှုကောင်းရာ လုပ်ဆောင်မှုတစ်ခုကို လုပ်ဆောင်ခဲ့ကာ ရေယာပြစ်မှုကျူးလွန်ခဲ့သောသူများအား မိန့်တော်မူမည်မှာ

"ကမ္ဘာလောကဌ အသင်ကောင်းမှုကောင်းရာပြုလုပ်သည်များကို မြင်စေချင်သည့်သူများထံသို့ အသင်သွားပါလေ။ ၎င်းနောက် ထိုသူများထံဌ အသင်၏လုပ်ရပ်များအတွက် ဆုလာဘ်များ ရှိ/မရှိ အသင်သွား ရောက်စုံစမ်းပါလေ"ဟူ၍ဖြစ်ပါသည်။

V V V V V V V

အာယသ် (၃၉-၄၂)

وَمَاذَا
عَلَيْهِمْ لَوْ اٰمَنُوْا بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَاَنْفَقُوْا مِمَّا رَزَقَهُمُ اللّٰهُ ؕ
وَكَانَ اللّٰهُ بِهِمْ عَلِيْمًا ﴿۳۹﴾ اِنَّ اللّٰهَ لَا يَظْلِمُ مِثْقَالَ ذَرَّةٍ ۚ وَاِنْ تَكُ
حَسَنَةً يُّضٰعِفْهَا وَيُؤْتِ مِنْ لَّدُنْهُ اَجْرًا عَظِيْمًا ﴿۴۰﴾ فَكَيْفَ
اِذَا جِئْنَا مِنْ كُلِّ اُمَّةٍۭ بِشَهِيْدٍ وَّجِئْنَا بِكَ عَلٰى هٰٓؤُلَآءِ شَهِيْدًا ﴿۴۱﴾
يَوْمَئِذٍ يَّوَدُّ الَّذِيْنَ كَفَرُوْا وَعَصَوُا الرَّسُوْلَ لَوْ تُسَوّٰى
بِهِمُ الْاَرْضُ ؕ وَلَا يَكْتُمُوْنَ اللّٰهَ حَدِيْثًا ﴿۴۲﴾

ၵင်းပြင် အကယ်၍သာ ယင်းသူတို့သည် အလ္လာဟ်အၚ်မြတ်ကို လည်းကောင်း၊ နောက်ဆုံးနေ့ ကိုလည်းကောင်း ယုံကြည်ခဲ့ကြပါလျှင် ထိုနည်း တူစွာ ၵင်းတို့သည် မိမိတို့အား အလ္လာဟ်အၚ်မြတ် ပေးသနားတော်မူခဲ့သော ဥစ္စာပစ္စည်းများကို (ထိုအၚ်မြတ်၏နှစ်သက်မှုကိုရယူခြင်းငှာ) လှူဒါန်းသုံးစွဲခဲ့ကြပါလျှင် ထိုသူတို့မှာ အဘယ်ကဲ့သို့ နစ်နာသွားရမည်နည်း။ စင်စစ်အားဖြင့် အလ္လာဟ်ရှင်မြတ်သည် ၵင်းတို့(၏အခြေအနေဖြစ်အင်တို့ကို) ကောင်းစွာသိရှိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၄း၃၉)

အမှန်စင်စစ် အလ္လာဟ်ရှင်မြတ်သည် (အကျိုးပေးတော်မူရာတွင်) မြူမှုန်ခန့်မျှ မတော်မတရားပြုတော်မူမည်မဟုတ်ပေ။ စင်စစ်အကယ်၍ ကောင်းမှုတစ်ရပ်ဖြစ်ခဲ့ပါလျှင် ထိုအရှင်မြတ်သည် ယင်းကောင်းမှုကို ဆတက်ထမ်းပိုးတိုးပွားစေတော်မူအံ့၊ ကုသိုလ်အကျိုးပေးသနားတော်မူအံ့။ ၵင်းပြင် မိမိအထံတော်မှ အလွန်ကြီးကျယ်သောအကျိုးဆုလာဘ်ကိုလည်း ချီးမြှင့်ပေးသနားတော်မူအံ့။ (၄း၄၀)

တစ်ဖန်ငါအရှင်မြတ်သည် ("ကိယာမသ်"ရှင်ပြန်ထရမည့်နေ့တွင်) သာသနာဝင်အသီးသီးတို့မှ သက်သေတစ်ဦးကျစီခေါ်ယူတော်မူအံ့။ ၵင်းပြင် ငါအရှင်မြတ်သည် အသင် (မုဟမ္မဒ်)အားလည်း ထိုသူတို့အတွက် သက်သေအဖြစ် ခေါ်ယူတော်မူအံ့။ ထိုအခါ ("ကာဖိရ်"သွေဖည်ငြင်းဆန်သောသူတို့၏အဖြစ်သည်) မည်ကဲ့သို့ဖြစ်ပါအံ့နည်း။ (၄း၄၁)

**အကြင်သူတို့သည် (အလ္လာဟ်အရှင်မြတ်အား) မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့ကြ၏။ ရစူလ်တမန်တော်ကိုလည်း မထီမဲ့မြင်ပြုခဲ့ကြ၏။ ထိုနေ့တွင် ထိုသူတို့က ၎င်းတို့သည် မြေကြီးနှင့် တစ်သားတည်းဖြစ်သွားခဲ့ပါလျှင် ကောင်းလေစွာဟု တောင့်တကြမည်။ စင်စစ်သော်ကား ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်ပေါ်၌ မည်သည့်စကားကိုမျှ ဖုံးအုပ်ထားနိုင်ကြမည်လည်း မဟုတ်ချေ။ (၄း၄၂)**

ပြီးခဲ့သော အာယသ်များထဲတွင် အလ္လာဟ်အရှင်မြတ်နှင့် အာခိရသ်ကို ယုံကြည်ရန်ငြင်းဆိုခဲ့ပြီး ကပ်စေးနဲသောသူများအား ပြစ်တင်ရှုံ့ချမှုများပါဝင်သည်။ လက်ရှိ အာယသ်များထဲတွင် လူအများအား အလ္လာဟ်အရှင်မြတ်နှင့် အာခိရသ်ကိုလက်ခံယုံကြည်ရန်နှင့် အလ္လာဟ်အရှင်၏လမ်းတွင် လျှဒါန်းသုံးစွဲခြင်းဟူသည့် အကျိုးအမြတ်ရှိသော လုပ်ဆောင်မှုကို လုပ်ဆောင်ရန်ဆွဲဆောင် နားချထားသည်။ ယုံကြည်လက်ခံရန်အတွက် ငြင်းဆိုပြီး ကောင်းမှု ကောင်းရာများကိုလည်း လုပ်ဆောင်ရန်ငြင်းဆိုသောသူများ၏ မကောင်းသောအဆုံးသတ်ခြင်းတို့ကို ဖော်ပြကာ လူအများကိုသတိပေးသည့်အနေဖြင့်အဆုံး(အာယသ်၄၁-၄၂)တွင် ပြန်လည်ရှင်ပြန်ထရမည့် ကွင်းပြင်၌ ကြုံတွေ့ရမည့် စစ်ဆေးမေးမြန်းမှုအခြေအနေများအကြောင်းကိုဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုချက်

ပထမအာယသ်(၃၉)တွင် မိန့်ကြားထားသည်မှာ- **وَمَاذَا عَلَيْهِمْ لَوْ اٰمَنُوْا بِاللّٰهِ** အကယ်၍သာ ထိုသူများတို့သည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကိုယုံကြည်ခဲ့ပြီး အလ္လာဟ်အရှင်က ယင်းတို့အား ပေးသနားထားသည်များကို သုံးစွဲခဲ့ပါလျှင် ၎င်းတို့အတွက် မည်သည့်အန္တရာယ်များဖြစ်တန်ရာသနည်း။ ယင်းကိုလုပ်ဆောင်ရန်အတွက် အဘယ်သို့ခက်ခဲနေပါသနည်း။ (သို့)ဘာများ ကြောက်ရွံ့စရာရှိပါသနည်း။ ထိုအရာများအားလုံးတို့သည် လွယ်ကူစွာမိန့်ကြားထားသကဲ့သို့ လုပ်ဆောင်ရန်လည်း လွယ်ကူပါသည်။ ထိုအရာများနှင့်အညီလုပ်ဆောင်ခြင်း၊ ၎င်းတို့အား လက်ခံယုံကြည်ခြင်းတို့သည် မည်သို့သော ထိုအန္တရာယ်ကိုလည်းကောင်း၊ ထိခိုက်နာကျင်မှုကိုလည်းကောင်း၊ အဆင်မပြေမှုများကိုလည်းကောင်း မည်သည်မျှမဖြစ်စေနိုင်ပါ။ သို့ဆိုပါလျှင် အာခိရသ်တွင်ပျက်စီးဆုံးရှုံးခြင်းဟူသည်ကလွဲ၍ မည်သည့်အရာမျှမဖြစ်သော သေချာသော ရလဒ်ဖြစ်သည့် မနာခံမှုကိုအဘယ့်ကြောင့် တစ်စုံတစ်ဦးသည် ရွေးချယ်ရပါသနည်း။

စာသားများက ဆက်လက်မိန့်ကြားသည်မှာ-**اِنَّ اللّٰهَ لَا يَظْلِمُ مِثْقَالَ ذَرَّةٍ** ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦး၏ ကောင်းမှုကောင်းရာများအတွက် ဆုလာဘ်ကိုပေးရာတွင် မည်သည့်နည်းနှင့်မျှ မည်သည့်အရေအတွက်မျှ မလျော့နည်းစေရပါ။ အမှန်အားဖြင့် အလ္လာဟ်အရှင်မြတ်သည် အထူးအခွင့်အရေးအနေဖြင့် ဆုလာဘ်များကိုပွားများစေကာ ထပ်ဆောင်းထားပါသည်။ အလ္လာဟ်အရှင်မြတ်၏ အမြင့်အမားဆုံး သနားကြင်နာမှုကို အာခိရသ်ဘဝတွင် မျက်ဝါးထင်ထင်တွေ့မြင်ရပါလိမ့်မည်။

အလ္လာဟ်အရှင်မြတ်သည် လူသားအတွက် ဆုလာဘ်စဝါးဗ်အနည်းဆုံးအတိုင်းဆသည် ကောင်းမှု ကောင်းရာတစ်ခုအတွက် ဆယ်ဆသတ်မှတ်ထားပါသည်။ ၎င်းနောက် ဤမျှနှင့်ပင် ရပ်တန့်မသွားပါ။ အလ္လာဟ် အရှင်မြတ်၏ အသနားတော်ကောင်းချီးမင်္ဂလာတို့ဖြင့် ထိုကောင်းမှုကောင်းရာများ လုပ်ရပ်များအတွက် အဆပေါင်းမြောက်မြားစွာတိုးမြှင့်ပေးသနားတော်မူပေသည်။ အချို့သော ဟဒီးဆ်ဆင့်ပြန်ချက်များက ကျွန်ုပ်တို့အား ပြောပြသည်မှာ အကျိုးစဝါးဗ်နှစ်သန်းအထိရရှိမည့်ကောင်းမှုကောင်းရာလုပ်ရပ်များလည်း ရှိပါသည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် "အလ်ကရီမ်" အလွန်အလွန် နူးညံ့သိမ်မွေ့ပြီး အလွန်အလွန် ရက်ရောတော်မူသော အရှင်ပင်ဖြစ်သည်။ အလ္လာဟ်အရှင်ကိုယ်တော်တိုင် ထိုအရှင်၏ အဆုံးအဆမရှိသော အသနားတော်နှင့် ကောင်းချီး မင်္ဂလာတို့ဖြင့် အရှင့်ကျေးကျွန်များအပေါ် ကောင်းချီးမင်္ဂလာများ အဆပေါင်း မြောက်မြားစွာတိုးပွားစေသည်။ ယင်းတိုးပွားခြင်းကို ကျွန်ုပ်တို့လူသားများအနေဖြင့် ရေတွက်ခြင်း (သို့) တိုင်းတာ ခြင်းများမပြုလုပ်နိုင်ပါ။ အလ္လာဟ်အရှင်၏ ရက်ရောမှုအတိုင်းအတာနှင့် အလ္လာဟ်အရှင်၏တည်ရှိမှုတို့သည် လူသားများတွေးတောဆင်ခြင်၍မရနိုင်သော အရာများဖြစ်သည်။ မရေမတွက်နိုင်သည်ကို မည်သူက ရေတွက်ဝံ့ပါ မည်နည်း။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဤအာယသ်တော်ပါ }+R#−X− "ဇရ်ရာဟ်"ဟူသောစကားလုံးက အများသူငါ သိထားပြီးဖြစ်သည့် ဆိုလိုရင်းကို လိုက်နာကာ "မြူမှုန်"ဟု ပြန်ဆိုထားသည်။ သို့သော်လည်း အချို့ဋီကာ ရှင်များက ထောက်ပြသည်မှာ "ဇရ်ရာဟ်"သည် အသေးဆုံးသော ပုရွက်ဆိတ်အနီရောင်တစ်မျိုး၏ အမည်ဖြစ်၍ အာရေဗျ ရှိလူအများက အလွန်ပေါ်ပါးပြီး အလွန်မပြောပလောက် ပဏာမကို ဥပမာပေးရာ၌ သုံးနှုန်းသည်။

**فَكَيْفَ اِذَا جِئْنَا مِنْ كُلِّ اُمَّةٍ** ဖြင့်အစပြုထားသော အာယသ်တော် (၄၁)ထဲတွင် နောက်ဆုံးနေ့၌ ဟရှရ ကွင်းပြင်တွင်ဘာတွေ ဖြစ်ပျက်မည်ဆိုသည့် အဖြစ်အပျက်၏ ကြီးမားမှု၊ အတိမ်အနက်နှင့် အတိုင်းအဆတို့အား အာရုံ၌မြင်နိုင်စေရန်အတွက် ဖိတ်ခေါ်မှုတစ်ရပ်ပါဝင်ပေသည်။ ကိုရိုက်ရှ်မျိုးနယ်စုမှ မယုံကြည်သွေဖည် ငြင်းပယ်သူများကိုလည်း ဆုံးမပဲ့ပြင်ခြင်းတစ်ရပ် ရည်စူးထားသည်။ နောက်ဆုံးနေ့တွင် အုမ္မသ်အုပ်စုတိုင်းအတွက် သက်ဆိုင်သော တမန်တော် တိုင်းသည် မိမိအုမ္မသ်သားများ၏ ကောင်းမှု (သို့) မကောင်းမှုကို သက်သေခံရာတွင် ၎င်းတို့၏ ပူပင်သောကမှာ အတိုင်းအဆမရှိတော့ချေ။ တမန်တော်များ၏ နောက်ဆုံးတမန်တော်ဖြစ်တော်မူသော မုဟမ္မဒ်ﷺသခင်ကလည်း ကိုယ်တော်၏ အုမ္မသ်ထုကို သက်သေခံတော်မူလိမ့်မည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ် ရုံးတော်တွင် ကိုယ်တော်မြတ်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဘုရားအများကိုးကွယ်သူများ အတွက်လည်း သက်သေခံတော်မူလိမ့်မည် ဖြစ်သည်။ ထိုမယုံကြည်သွေဖည်သူများနှင့် ဘုရားအများကိုးကွယ်သူများ သည် ပွင့်လင်းသော ဝိသေသလက္ခဏာများနှင့် တန်ခိုးပြာဋိဟာများကို မြင်တွေ့ခဲ့ရသော်လည်း ထင်ယောင် ထင်မှားဖြစ်ကာ ငြင်းပယ်ခဲ့သည်ဟု ပြောလိမ့်မည်။ အဆုံးတွင် ၎င်းတို့သည် "အလ္လာဟ်အရှင်မြတ်နှင့် ကိုယ်တော် မြတ်၏ တမန်တော်ဖြစ်ခြင်း"ကို ယုံကြည်ရန်ငြင်းဆိုခဲ့ကြပါသည်ဟု ကိုယ်တော်မြတ်က သက်သေခံပေမည်။

အလ်ဗုခါရီကျမ်းပါ ဆင့်ပြန်ချက်တစ်ခုအရ တမန်တော်မြတ် ﷺ သခင်သည် စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိမတ်စ်အူးဒ်ﷺ ကို ကုရ်အာန်ကျမ်းတော်မြတ်ဖတ်ရန်စေခိုင်းခဲ့သည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်က လျှောက်ထားသည်မှာ"ကုရ်အာန်ကျမ်းတော်မြတ်သည် ကိုယ်တော့်အပေါ်မှာကျရောက်ခဲ့သော်လည်း ကိုယ်တော်

မြတ်က ကျွန်ုပ်ထံမှ ရွတ်ဖတ်သရဇ္ဈယ်သည်ကို ကြားနာတော်မူလို၍ပါလော" ကိုယ်တော်မြတ်က မိန့်ကြားခဲ့သည်၊ "ဟုတ်တယ်၊ ရွတ်ဖတ်သရဇ္ဈာယ်လော့" စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အူးဒ်က ပြောကြားသည်မှာ" ကျွန်ုပ်သည် "စူရဟ်တွန်နိစာအ်"ကို စတင်ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်။ ထို့နောက် ကျွန်ုပ်သည် အာယသ်တော် (၄၁)**فَكَيْفَ اِذَا جِئْنَا مِنْ كُلِّ اُمَّةٍ، بِشَهِيْدٍ** သို့ရောက်သောအခါ ကိုယ်တော်မြတ်က"တော်လောက်ပါပြီ" ဟုမိန့်ကြားတော်မူခဲ့သည်။ ထို့နောက် ကျွန်ုပ်ကကိုယ်တော်မြတ်ကို လှမ်းကြည့်လိုက်သောအခါ ကိုယ်တော်၏မျက်လုံးတော်များမှ မျက်ရည်များ စီးကျလျက် ရှိကြောင်းတွေ့မြင်ခဲ့ရပါသည်။

အလ္လာမဟ်အလ်ကတ်ခ်တလာနီက ဤအာယသ်တော်သည် ကိုယ်တော်မြတ်အား အာခိရတ်၏ မြင်ကွင်းကို ကွက်ကွက်ကွင်းကွင်းမြင်တွေ့ခဲ့ရကြောင်း၊ ကောင်းမှုကောင်းရာတွင် လျော့နည်း (သို့) ကင်းမဲ့သော ကိုယ်တော့် အုမ္မသ်ထုအကြောင်း တွေးတောမိကာ ကိုယ်တော်၏ မျက်လုံးတော်များမှ မျက်ရည်များစီးကျလာခြင်းဖြစ်ကြောင်း ရေးသားခဲ့သည်။

## အထူးမှတ်စု

အချို့ဋီကာရှင်များက အာယသ်တော် (၄၁)ပါ á_˜–û<E' ထိုသူတို့ဆိုသောစကားလုံးသည် တမန်တော်မြတ်ﷺသခင်တမန်တော်ဖြစ်စဉ်ကာလတွင်ရှိသော မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့်အရေခြုံများကို ညွှန်ပြခြင်းဖြစ်သည်ဟု ဆိုကြသည်။ အချို့ဋီကာရှင်များကမူ ကိယာမသ်နေ့တိုင် တည်ရှိမည့် အုမ္မသ်ထုတစ်ရပ်လုံးကို ရည်ညွှန်းခြင်းဖြစ်သည်ဟုဆိုကြသည်။ ဤသို့ ဆိုရခြင်းမှာ အချို့ဟဒီးသ်ဆင့်ပြန်ချက်များက ညွှန်းဆိုသကဲ့သို့ ကိုယ်တော်အုမ္မသ်ထု၏ လုပ်ရပ်များသည် ကိုယ်တော်မြတ်ရှေ့မှောက်တွင် အဆက်မပြတ် တင်ပြနေခဲ့သောကြောင့် ဖြစ်သည်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ ဤနေရာမှ ကျွန်ုပ်တို့သိရသည်မှာ လွန်လေပြီးသော အုမ္မသ်များ၏ တမန်တော်များသည် ၎င်းတို့နှင့်သက်ဆိုင်ရာ အုမ္မသ်ထုအတွက် သက်သေခံကြရလိမ့်မည်။ ထို့နောက် တမန်တော်မြတ် ﷺ သခင်သည်လည်း ကိုယ်တော့် အုမ္မသ်ထု၏ လုပ်ရပ်များကို သက်သေခံရလိမ့်မည်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤကဲ့သို့သောကျမ်းလာစာသား၏ဟန်ပန်က ကျွန်ုပ်တို့ကိုပြောသည်မှာ ကိုယ်တော်မြတ်နောက်တွင် မည်သည့်တမန်တော်ကမျှ ၎င်းတို့အုမ္မသ်ထုအတွက် သက်သေခံရန်အကြောင်း မရှိချေ။ ရှိခဲ့ပါလျှင် ကုရ်အာန် ကျမ်းတော်မြတ်သည် ထိုတမန်တော်နှင့် ၎င်း၏အုမ္မသ်ထုအတွက် သက်သေခံကြောင်း ဖော်ပြပါလိမ့်မည်။ ဤရှုထောင့်မှကြည့်လျှင် ဤအာယသ်တော်မှာ တမန်တော်မြတ်သည် နောက်ဆုံးတမန်တော်ဖြစ်ကြောင်း သက်သေသာဓကတစ်ရပ်လည်းဖြစ်သွားပေသည်။

**يَوْ مَئِذٍ يَّوَدُّ الَّذِيْنَ كَفَرُوْا** ထဲတွင် မူရင်းစာသာများက နောက်ဆုံးနေ့တွင် မယုံကြည်သွေဖည်ငြင်းပယ်သူများ လုံးလုံးလျားလျား မျှော်လင့်ချက်ကင်းမဲ့သော စိတ်ပျက်ဖွယ်အခြေအနေကို ရင်ဆိုင်တွေ့ကြုံရမည့်အကြောင်း ညွှန်ပြထားသည်။ ထိုနေ့တွင် ၎င်းတို့သည် ယင်းစစ်ဆေးမှုကိုရင်ဆိုင်ရမည့်အစား မြေနှစ်ခြမ်းဖြန်းဖြန်းကွဲ၍မြေကြီးနှင့် တစ်သားတည်းဖြစ်သွားချင်သော ဆန္ဒဖြစ်ကြပေမည်။ သို့မှသာ၎င်းတို့သည် အဆုံးအဖြတ်ပေးမည့်အချိန်၌ နှိုက်နှိုက်ချွတ်ချွတ်စစ်ဆေးခံရခြင်းနှင့် အပြစ်ပေးခံရခြင်းမှလွတ်ကင်းကြရလိမ့်မည်ဟု ဆန္ဒရှိကြသည်။ ("အာယသ်တော် ၄၂ဖြစ်သော **لَوْ تُسَوّٰى بِهِمُ الْاَرْضُ** အဓိန့်တော်သည် ဤနေရာ၌

စာပေသဘောအရ ဘာသာပြန်ထားရာတွင် အတိုင်းအတာတစ်ခုအထိ ဖော်ပြရာ၌ ကုရ်အာန်ကျမ်းတော်မြတ်တွင် ၎င်းတို့သည် မြေကြီးနှင့်တစ်သားတည်းဖြစ်သွားခဲ့ပါလျှင် ကောင်းလေစွတဲ့ တောင့်တကြမည်" ဟူသော မူရင်း ဖော်ပြချက်၏ စူးရှထက်မြတ်မှုနှင့် စွမ်းအင်ကိုဖော်ပြရန် ဖြစ်သည်။)

ထိုကဲ့သို့သော တောင့်တမှုမျိုး စူရာတွန်နိစာအ် **وَيَقُوْلُ الْكٰفِرُ يٰلَيْتَنِىْ كُنْتُ تُرَابًا** တွင်ပါရှိသည်။ ထိုနေရာ၌ တိရိစ္ဆာန်အားလုံးသည် တစ်ကောင်နှင့်တစ်ကောင်၏ ကျူးလွန်မှုများအတွက် အကျိုးအပြစ်အစား သက်ရောက်မှုများပေးပြီးနောက် မြေကြီးများအဖြစ်ပြောင်းလဲသွားသည်ကို မယုံကြည်သွေဖည်သူများ မြင်ကြရလိမ့်မည်။ ၎င်းတို့သည်လည်း တိရိစ္ဆာန်တို့ကဲ့သို့ မြေကြီးဖြစ်သွားကာ အဆုံးသတ်ခြင်းကို ပြင်းပြင်းပြပြ တောင့်တကြပါလိမ့်မည်။

နောက်ဆုံးတွင် အာယသ်တော်ကမိန့်ကြားသည်မှာ- **وَلَا يَكْتُمُوْنَ اللّٰهَ حَدِيْثًا** "စင်စစ်သော်ကား ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မည်သည့်စကားကိုမျှ ဖုံးအုပ်ထားနိုင်ကြမည်လည်း မဟုတ်ချေ။" (၄း၄၂) ဆိုလိုသည်မှာ ဤမယုံကြည်သွေဖည်ငြင်းပယ်သူများတို့၏ ယုံကြည်ချက်များနှင့် လုပ်ရပ်များအကြောင်း မည်သည်ကိုမျှ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဖုံးကွယ်မထားနိုင်ပါ။ ၎င်းတို့၏ လက်များနှင့်ခြေများက ဝန်ခံကြပေလိမ့်မည်။ တမန်တော်များကလည်း သက်သေခံကြမည်။ ထိုနေရာတွင်ရှိနေမည်ကား လုပ်သမျှ မှတ်တမ်းတင်ထားသည့် မှတ်တမ်းစာအုပ်ပင်ဖြစ်ပေသည်။

စိုက်ယိဒိနာအိဗ်နိအဗ္ဗားစ် ﴿ﷺ﴾ သခင်ကို "ကုရ်အာန်ကျမ်းတော်မြတ်၏တစ်နေရာတွင်" ၄း၄၂၌ "စင်စစ်သော်ကားယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မည်သည့်စကားကိုမျှ ဖုံးအုပ်ထားနိုင်ကြမည်လည်းမဟုတ်ချေ"ဟူ၍လည်းကောင်း၊ အခြားတစ်နေရာ၌ (၆း၂၃) "ကျွန်တော်မျိုးတို့သည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်၍ ကိုးကွယ်သူများမဖြစ်ခဲ့ကြပါ" ဆိုခြင်းသည်လည်းကောင်း အာယသ်တော်နှစ်ခု တစ်ခုနှင့် တစ်ခုကြား ဖီလာဆန့်ကျင်ဖြစ်နေဟန်ရှိ မနေပါလော့ဟု မေးမြန်းခံခဲ့ရသည်။ ဤသည်နှင့် ပတ်သက်၍ စိုက်ယိဒိနာက ပြန်ကြားသည်မှာ "စစ်မှန်သော မုတ်စ်လင်မ်များအပ မည်သူမျှ ဂျန္နသ်သုခဘုံသို့ ဝင်ခွင့်မပြုကြောင်းမြင်ရသောအခါ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ၎င်းတို့အကြံသာ အောင်မြင်ပါက ကယ်တင်ခြင်းခံရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ၎င်းတို့က အလ္လာဟ်အရှင်မြတ်နှင့် မည်သည်ကိုမျှရှိရှိရက်တုပ ယှဉ်တွဲကိုးကွယ်ခြင်း (သို့) အခြားမည်သည့်မကောင်းမှုကိုမျှ မပြုလုပ်ခဲ့ကြောင်း ဖြောင့်ငြင်းဆိုရန် ဆုံးဖြတ်ကြ ပါလိမ့်မည်" သို့သော်လည်း ၎င်းတို့ငြင်းဆိုပြီးလျှင်ပြီးချင်း ၎င်းတို့၏ ခန္ဓာကိုယ်များက ၎င်းတို့နှင့် ဆန့်ကျင်၍ သက်သေခံကြပေလိမ့်မည်။ ယင်းမှာ ၎င်းတို့လုပ်ရပ်များအကြောင်းမှန်ကို ဖုံးကွယ်ရန်ဟူသည့် အကြံအစည်မှာ လုံးဝ အလဟဿဖြစ်သွားပေလိမ့်မည်။ ထိုအချိန်ရောက်သောအခါ မယုံကြည်သွေဖည်သူများသည် အလုံးစုံ ဝန်ခံ ပေလိမ့်မည်။ ထို့ကြောင့် "စင်စစ်သော်ကားယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မည်သည့် စကားလုံးကိုမျှ ဖုံးအုပ်ထားနိုင်ကြမည်လည်း မဟုတ်ချေ" ဟု မိန့်ထားပေသည်။

v v v v v v v

အာယသ် (၄၃)

يَٰٓأَيُّهَا ٱلَّذِينَ
ءَامَنُوا۟ لَا تَقْرَبُوا۟ ٱلصَّلَوٰةَ وَأَنتُمْ سُكَٰرَىٰ حَتَّىٰ تَعْلَمُوا۟
مَا تَقُولُونَ وَلَا جُنُبًا إِلَّا عَابِرِى سَبِيلٍ حَتَّىٰ تَغْتَسِلُوا۟ ۚ
وَإِن كُنتُم مَّرْضَىٰٓ أَوْ عَلَىٰ سَفَرٍ أَوْ جَآءَ أَحَدٌ مِّنكُم مِّنَ
ٱلْغَآئِطِ أَوْ لَٰمَسْتُمُ ٱلنِّسَآءَ فَلَمْ تَجِدُوا۟ مَآءً فَتَيَمَّمُوا۟
صَعِيدًا طَيِّبًا فَٱمْسَحُوا۟ بِوُجُوهِكُمْ وَأَيْدِيكُمْ ۗ إِنَّ ٱللَّهَ كَانَ
عَفُوًّا غَفُورًا ﴿٤٣﴾

ဤ “မုအ်မင်နဲ်” သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မူးယစ်နေကြစဉ် မိမိတို့ (နှုတ်ဖြင့်) ထွက်ဆိုသောစကားကို ကောင်းစွာမသိနားမလည်သမျှ ကာလပတ်လုံး “ဆွလာသ်”ဝတ်ပြုမှု၏ အပါးသို့ပင် မချဉ်းကပ်ကြလေနှင့်။ ထိုနည်းတူစွာ အသင်တို့သည် ခရီးသည်အဖြစ်မှတစ်ပါး အခြားအချိန်အခါမျိုးတွင် “ဂျနာဗတ်” ရေချိုးရန်တာဝန်ရှိသူများဖြစ်နေကြပါလျှင် ရေမချိုး သမျှကာလပတ်လုံး (“ဆွလာသ်”ဝတ်ပြုခြင်း၏အပါးသို့ ချဉ်းကပ်ခြင်းကို) မပြုကြကုန်လင့်။ (တစ်နည်း) အသင်တို့သည် ဖြတ်သန်းသွားလာခြင်းမှတစ်ပါး အခြားအချိန်အခါမျိုးတွင် “ဆွလာသ်” ဝတ်ပြုရာဌာနဖြစ်သော ဗလီကျောင်းတော်၏အပါးသို့ မချဉ်းကပ်ကြလေနှင့်။ သို့ရာတွင် အသင်တို့သည် အကယ်၍ ဝေဒနာသည်များ (သို့မဟုတ်) ခရီးသည်များဖြစ်ကြလျှင် လည်းကောင်း၊ သို့တည်း မဟုတ်အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သူသည် ကျင်ကြီးကျင်ငယ်စွန့်ရာမှ ပြန်လာခဲ့သည်ဖြစ်လျှင်လည်းကောင်း (သို့မဟုတ်) အသင်တို့သည် ဇနီးမိန်းမများနှင့် မေထုံသံဝါသပြုခဲ့ကြသည်ဖြစ်လျှင်လည်းကောင်း၊ ထိုအချိန်တွင် အသင်တို့သည် “ရေချိုးရန်အတွက်သော်လည်းကောင်း၊ ဝုဿူပြုရန်အတွက်သော်လည်းကောင်း” ရေမရရှိကြလျှင်လည်းကောင်း အသင်တို့သည် စင်ကြယ်သောမြေဖြင့် “တယမ်မွန်မ်ပြုကြလေကုန်၊ (တယမ်မွန်မ်ပြုနည်းကား) အသင်တို့သည် (လက်ဝါးနှစ်ဖက်ဖြင့် မြေကိုရိုက်ပုတ်၍)မိမိတို့၏ မျက်နှာနှင့် လက်များကို ပွတ်သပ်ကြလေကုန်။ အလ္လာဟ်အရှင်မြတ်သည် မုခ္ခေကန်အလွန်တရာခွင့်လွှတ်တော်မူသောအရှင် အလွန်တရာချမ်းသာခွင့်ပေးသနားတော်မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။ (၄း၄၃)

## ဤအာယသ်တော်ကျရောက်ခြင်း၏ နောက်ခံအကြောင်း

ဤနောက်ကြောင်းသည် စိုက်ယိဒိနာအလီ ﴿ﷺ﴾ သခင်နှင့်ပတ်သက်ကြောင်းသိရှိမိဇီကျမ်းတွင် ဖော်ပြထားသည်။ ဤအဖြစ် အပျက်သည် အရက်သေစာသောက်စားခြင်း တားမြစ်ပိတ်ပင်ချက်မပြုမီက ဖြစ်ခဲ့ပြီး စိုက်ယိဒိနာအဗ္ဗဒွလ်ရဟ်မာန်အိဗနိ အောက်ဖ် ﴿ﷺ﴾ သခင်သည် သူ၏အိမ်တွင် ဆွဟာဗဟ်သာဝကအချို့ကို ညစာစားရန်ဖိတ်ခေါ်ခဲ့ပါသည်။ ထုံးစံအရ ညစာမစားသုံးမီ အရက်သေစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။ လူတိုင်းစားသောက်ပြီးသောအခါ မဂ်ရစ်ဗ်ဆွလာသ်ဝတ်ပြုဆောက်တည်ချိန်ကျရောက်လာခဲ့သည်။ စိုက်ယိဒိနာအလီ ﴿ﷺ﴾ သခင်ကို ဆွလာသ် ဝတ်ပြုမှုတွင် ရှေ့ဆောင်အဖြစ် ဆောင်ရွက်စေခဲ့ပါသည်။ အရက်မူးနေသောကြောင့် ဆွလာသ်ဝတ်ပြုရာတွင် လူသိများသော စူရဟ်အလ်ကာဖိရူန်ရွတ်ဖတ်သရဇ္ဈာယ်ရာ၌ အလီသခင်သည် အရေးကြီးသော အမှားတစ်ခုပြုမိခဲ့သည်။ ထိုစဉ် ဤအာယသ်တော် ကျရောက်ခဲ့၍ ယင်းအာယသ်တော်ထဲ၌ အရက်မူးယစ်နေစဉ် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းမပြုသင့်ဟု သတိပေးထားသည်။

## အကျယ်ဖွင့်ဆိုခြင်း
## အရက်သေစာပိတ်ပင်ခြင်းအဓိန့်ပညတ်ချက်များ တဖြည်းဖြည်းနှင့်ထုတ်ပြန်လာခဲ့ခြင်း

အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ့်ရှရီအသ်တရားတော်ကို သီးခြားပေါ်လွင်ထင်ရှားမှုတစ်ရပ်ဖြင့် ကောင်းချီးမင်္ဂလာပြုထားသည်။ ယင်းကား အစ္စလာမ့်ရှရီအသ်တရားဥပဒေများကို လွယ်ကူစွာပြုလုပ်ထားခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့သော လွယ်ကူစွာပြုလုပ်ထားသည့် ဥပဒေတစ်ခုမှာ သောက်စားခြင်းနှင့် ပတ်သက်သောကွင်းဆက်ပင်ဖြစ်သည်။ အရက်သေစာသောက်စားခြင်းကား အာရေဗီးယားတွင် ရှေးကတည်းက စွဲနေသောကိစ္စရပ်တစ်ခုဖြစ်သည်။ သောက်စားခြင်းသည် အမျိုးသားရေးဓလေ့တစ်ခုဖြစ်၍ အတိတ်ကာလက အလေ့အကျင့်ဖြစ်ကာ အလ္လာဟ်အရှင်မြတ်အလိုတော်ကြောင့် အရက်သေစာကို မနှစ်သက်၍ ရွံ့ရှာစက်ဆုပ်သူအနည်းအငယ်မှအပ လူတိုင်းသည် သောက်စားခြင်းအမှုကိုပြုလုပ်ကြပါသည်။ သဘာဝအားဖြင့် မှန်ကန်သောစိတ်ဓါတ်ရှိသည့် ထိုသူတို့သည် ယင်းစက်ဆုတ်ဖွယ်ဓလေ့စရိုက်နားသို့ မည်သည့်အခါတွင်မျှ မချဉ်းကပ်ခဲ့ကြပါ။ ဥပမာဆိုလျှင် တမန်တော် မြတ် ﴿ﷺ﴾ သခင်ကိုပြရပါလိမ့်မည်။ တမန်တော်မြတ်သည် တမန်တော်မဖြစ်မီကပင် အရက်သေစာကို လက်ဖျားနှင့်ပင်မတို့ခဲ့ပါ။ လူတိုင်းသိရှိကြသည်မှာ သောက်စားခြင်းအကျင့်စရိုက်ဖြစ်စေ၊ မည်သည့်အကျင့်စရိုက်ပင်ဖြစ်ပါစေ ယင်းအကျင့်ကို တိုက်တွန်း၍ဖြစ်စေ၊ အတင်းအကြပ်ပြုလုပ်၍ဖြစ်စေ၊ စွန့်လွှတ်ရန် အမှန်တကယ်ခက်ခဲလေသည်။ ဤသည်မှာ သောက်စားခြင်း (သို့) အခြားအရာများဖြင့် မူးယစ်စေခြင်းအကျင့်စရိုက်တို့တွင် အခြားအရာများထက် ခက်ခဲသည်မှာ ပို၍မှန်ကန်သည်။ ဤအကျင့်ကလူသားကို စိုးမိုးထားသောကြောင့် ၎င်းသည် အခြားဘာမျှမတွေးတောနိုင်တော့ပါ။ သူအတွက်ဆိုလျှင် သောက်စားခြင်းကို နှုတ်ဆက်ခဲ့ခွာရန်ဆိုသည်ကား သေခြင်းကိုကြုံဆိုခြင်းသာဖြစ်ပေတော့သည်ဟုသာ အဓိပ္ပာယ်သက်ရောက်သည်။

သောက်စားခြင်းသည် အလွှာဟ်ထံတော်ပါး၌အမြဲတမ်းတရားမဝင်ဖြစ်ကာလူအများ အစ္စလာမ်သာသနာသို့ ဝင်ရောက်လာသောအခါ မုစ်လင်မ်များအား ဤသည်မှကယ်တင်နိုင်ရန် အလို့ငှာဖြစ်ပေသည်။ သို့သော်လည်း သောက်စားခြင်းကို တရားမဝင်ဟု ပြုန်းစားကြီး ကြေညာလိုက်ပါက လူအများသည် ဤအမိန့်တော်ပညတ်ချက်ကို လိုက်နာရန်အလွန်ပင်ခက်ခဲကြောင်း တွေ့ရှိရပါ လိမ့်မည်။ ထို့ကြောင့် အပြောင်းအလဲကို တဖြည်းဖြည်းဖြစ်စေပါသည်။ ပထမတပိုင်းအစ တားမြစ်ချက်သာရှိသည်။ လူအများအား ထိုအကျင့်ဆိုးကို စွန့်ခွာရန်ရည်ရွယ်ချက်ဖြင့် သောက်စားခြင်း၏ဆိုးကျိုးများဖြင့်သတိပေးထားသည်။ ထို့ကြောင့် အာယသ်တော်တွင် ဦးစွာပေးထားသော ညွှန်ကြားချက်မှာ လူအများသည် မူးယစ်နေစဉ် ဝတ်ပြုဆောက်တည်မှု အနီးနားသို့ မသွားရောက်စေရန် ကန့်သတ်ထားခဲ့သည်။ ဤနေရာ၌ ရည်ရွယ်သည်မှာ ဆွလာသ်ဝတ်ပြု ဆောက်တည်မှုသည် မပြုမနေရ တာဝန်တစ်ရပ်ဖြစ်သော ဖရာသ်ဖြစ်သည်။ ဆွလာသ်ဝတ်ပြုဆောက်တည်ရန် အချိန်ကျရောက်လျှင် တစ်စုံတစ်ဦးသည် မုချမတ်တပ်ရပ်ရမည်။ နိယသ်ရည်စူးရမည်။ ထို့နောက် သတ်မှတ်သည့် အတိုင်း ဝတ်ပြုဆောက်တည်ရမည်။ ၎င်းနောက် ဆွလာသ်ဝတ်ပြု ဆောက်တည်ချိန်အတောအတွင်း မူးယစ်မနေသင့်ကြောင်း အလေးအနက်ပြုထားသည်။ ဤချဉ်းကပ်ပုံမှာ သောက်စားခြင်းသည် အမှန်စင်စစ်ဆိုးဝါး၍ ယင်းကြောင့် မုစ်လင်မ်များမှန်ကန်စွာဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းမှ တားဆီးခံရသည်ကို သတိချပ်စေပါသည်။ ထိုမုစ်လင်မ်များထဲမှ မြောက်မြားစွာသော ကောင်းချီးမင်္ဂလာပေးခံရသူများသည်ကား ထိုအကျင့်ကို အပြီးပြတ်တစ်သက်လုံး စွန့်လွှတ်ရန်အတွက် တစ်ထိုင်တည်းဆုံးဖြတ်ချက်ချခဲ့ကြပါသည်။ အချို့မှာကား သောက်စားခြင်း၏ ဆိုးကျိုးများအကြောင်း အလေးအနက် စတင်တွေးတောလာကြပါသည်။ အဆုံးတွင် အရက်သေစာသည် "မသန့်စင်"၊ "တရားမဝင်" အဖြစ် အပြီးအပြတ် အမိန့်ပညတ်ဖြစ်သည်။ "စူရဟ်အလ်မာအိဒဟ်" ၏ အာယသ်တော်ကျရောက်သောအခါ မည်သည့်အခြေအနေမျိုးတွင်မဆို အရက်သေစာသောက်စားခြင်းကို တားမြစ်ပိတ်ပင်ခဲ့သည်။

## ဥပဒေသ

မူးယစ်နေသော အခြေအနေ၌ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း ပိတ်ပင်တားမြစ်ချက်နှင့် ပတ်သက်သော ဥပဒေပေါ်အခြေခံ၍ အချို့သောဋ္ဌီကာရှင်များက တစ်စုံတစ်ဦးသည် အလွန်ငိုက်မြည်းနေစဉ်တွင် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းသည် မမှန်ကန်ဟုဆိုကြသည်။ ထိုအချိန်တွင် တစ်စုံတစ်ဦးက မိမိဘာပြောနေသည်ဆိုသည်ကို မထိန်းချုပ်နိုင်သောကြောင့် ဖြစ်သည်။ ဤကန့်သတ်ချုပ်ချယ်မှုကို ဟဒီးသ်တော်တစ်ရပ်တွင် အောက်ပါအတိုင်းလာရှိသည်-

**اذا نعس احد كم فى الصلوة فليرقد حتى بذ هب عنه النوم فانه لايدرى لعله يستغفر فيسب نفسه** (قرطبى)

အကယ်၍ အသင်တို့ထဲမှ တစ်စုံတစ်ဦးသည် ဆွလာသ်ဝတ်ပြုဆောက်တည်စဉ် အိပ်ငိုက်လာပါက အိပ်ငိုက်ပြေသည်အထိ ခဏတဖြုတ်သွားရောက်အိပ်သင့်သည်။ သို့မဟုတ်ပါက ၎င်းသည် အလွှာဟ်အရှင်မြတ်ထံမှ ခွင့်လွှတ်ချမ်းသာတောင်းခံရမည့်အစား သူ့ကိုယ်သူကျိန်ဆဲကောင်းကျိန်ဆဲနေနိုင်မည်ဖြစ်သောကြောင့် ပင်တည်း။" **(ကုရ်ဆုဗီ)**

## အယ်ဒီတာ၏မှတ်စု

ဤအာယသ်တော်သည် ဦးစွာပထမ မူးယစ်နေသောအချိန်၌ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းကို တားမြစ်သည်ဖြစ်သော်လည်း အခြားသောအခြေအနေများတွင် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း ခွင့်မပြုသော အကြောင်းအရာကိုလည်း ဆွေးနွေးထားသည်။ ဤအခြေအနေအကြောင်းဆိုသည်မှာ မသန့်ရှင်းသောအခြေအနေ ဖြစ်၍ ယင်းတွင်နှစ်မျိုးနှစ်စားရှိသည်။ ပထမ အမျိုးအစားမှာ [BanJ "ဂျနာဗတ်" (သို့) အဓိကမသန့်ရှင်းမှုအကြီးစား ဖြစ်ပြီး ယင်းသည်သံဝါသမှုကြောင့်လည်းကောင်း၊ မည်သည့်နည်းနှင့်ဖြစ်စေ ကာမဆန္ဒဖြစ်ပွား၍ သုတ်လွှတ် ခြင်းကြောင့်လည်းကောင်း ဖြစ်သည်။ ဤကဲ့သို့သော မသန့်ရှင်းမှုအခြေအနေမျိုးကို အထက်ပါ အာယသ်တော် ထဲတွင် ab=n<J< ဟူသောစကားလုံးဖြင့် ရည်ညွှန်းခဲ့ကာ ယင်းစကားလုံးမှာ ဂျနာဗတ်ဟူသော စကားလုံးမှ ဆင်းသက်လာ၍ "အကြီးစားမသန့်ရှင်းမှု"ဟု ဘာသာပြန်ထားသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် တစ်စုံတစ်ဦးသည် မိမိကိုယ်ကို မိမိသတ်မှတ်ထားသောရေချိုးသန့်စင်မှု ØS<G< (ဂုစုလ်)ကို မပြုလုပ်ပါက ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းမပြုနိုင်ပါ။

မသန့်ရှင်းမှုဒုတိယအမျိုးအစားမှာ အသေးစားမသန့်ရှင်မှု (rgU&A†dhLA) ဖြစ်သည်။ ယင်းသည် ဝုဇူပျက်စေသော မည်သည့်လုပ်ရပ်မဆို မသန့်ရှင်းမှုဖြစ်ပေသည်။ ပမာဆိုသော် ဆီး၊ ဝမ်းသွားခြင်း၊ လေလည်ခြင်း စသည်တို့ဖြစ်သည်။ ဤအခြေအနေမျိုးတွင်လည်း ဆွလာသ်ဝတ်ပြုမှုခွင့်မပြုချေ။ သို့သော်လည်း ဤအမျိုးအစား မသန့်ရှင်းမှုမှ တစ်စုံတစ်ဦးကို သန့်စင်စေသော နည်းလမ်းကား အလွန်လွယ်ကူပေသည်။ ရေချိုး သန့်စင်မှု ပြုရမည့်အစား သတ်မှတ်ထားသောဝုဇူပြုလုပ်ခြင်းဖြင့် သန့်စင်မှုရရှိနိုင်သည်။ မသန့်စင်မှုအခြေအနေ နှစ်မျိုးစလုံးတွင် ရေချိုးရန်ဖြစ်စေ၊ ဝုဇူပြုလုပ်ရန်ဖြစ်စေ၊ ရေကိုသုံးရန်လိုအပ်ပေသည်။ ရေမရရှိနိုင်မှုကြောင့်သော်လည်းကောင်း၊ နာမကျန်းဖြစ်နေ၍ ရေသုံးစွဲရန် အလွန်ခက်ခဲနေသော အချိန်များလည်းရှိပါသည်။ ယင်းအခြေအနေနှစ်ရပ်စလုံးအတွက် အထက်ပါအာယသ်တော်သည် ဝုဇူလုပ်ရန်သော်လည်းကောင်း၊ ရေချိုးရန်သော်လည်းကောင်း၊ လွယ်ကူသည့် အစားထိုးနည်းပေးထားသည်။ အစားထိုးသည့်နည်းကား သန့်စင်သောဖုန်မှုန့်ပေါ်လက်ဖဝါးနှစ်ဖက်ဖြင့်ရိုက်ကာ ယင်းလက်ဖဝါးဖြင့် မျက်နှာနှင့်လက်ကိုလက်ကောက်ဝတ်တိုင် ပွတ်သပ်ခြင်းဖြစ်သည်။ ဤလုပ်နည်းကိုင်နည်းကို "တယမွန်မ်"ဟုခေါ်သည်။ ရေဖြင့် သန့်စင်မှုအမှန်တကယ်လုပ်ဆောင်ရန် မဖြစ်နိုင်သော အချိန်တွင်လည်းကောင်း၊ ရေဖြင့်သုံးစွဲရန် အလွန်ခက်ခဲနေသောအချိန်တွင်လည်းကောင်း၊ တယမွမ်ပြုလုပ်ခြင်းသည် ဘာသာရေးဆိုင်ရာ သန့်စင်မှုအမှတ်လက္ခဏာသင်္ကေတအဖြစ် ရှရီအသ်တရားတော်က သတ်မှတ်သည်။ တယမွမ်လုပ်ဆောင်ပြီးပါက တစ်စုံတစ်ဦးသည် ရေသုံးစွဲရန် တတ်စွမ်းနိုင်ချိန် မတိုင်မီ ယာယီကာလတစ်ရပ်အတွက် သန့်စင်သည်ဟု သတ်မှတ်သည်။ တယမွမ် လုပ်နည်းကိုင်နည်းသည် အကြီးစားမသန့်စင်မှုနှင့် အသေးစားမသန့်စင်မှုနှစ်ရပ်လုံးအတွက် အတူတူပင်ဖြစ်သောကြောင့် မသန့်စင်မှုနှစ်မျိုးစလုံးအတွက် လုပ်နည်းကိုင်နည်းတစ်မျိုးတည်းသာပြဋ္ဌာန်းသတ်မှတ်ထားသည်။ **اَوۡ جَآءَ اَحَدٌ مِّنۡكُمۡ مِّنَ الۡغَآئِطِ** "သို့တည်းမဟုတ် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သောသူသည် ကျင်ကြီးကျင်ငယ်စွန့်ရာမှ ပြန်လာခဲ့သည် ဖြစ်လျှင်လည်းကောင်း" ဟူသော စကားလုံးများသည် အသေးစားမသန့်စင်မှုကိုရည်ညွှန်းသကဲ့သို့ **اَوۡ لٰمَسۡتُمُ النِّسَآءَ** သို့မဟုတ် အသင်တို့သည်

ဇနီးမိန်းမများနှင့် မေထုံသံဝါသပြုခဲ့ကြသည်ဖြစ်လျှင်လည်းကောင်းဟူသော စကားလုံးတို့သည်အကြီးစား မသန့်စင်မှု ဖြစ်စေသည့် သံဝါသပြုခြင်းအတွက်ဖြစ်ပေသည်။ ဤရှင်းလင်းချက်သည် ဟန္နဖီအယူအဆပေါ်တွင် အခြေခံထားသည်။ အထက်ပါအခြေအနေနှစ်ရပ်စလုံးအတွက် တစ်စုံတစ်ဦးသည် ရေသုံးစွဲရန် အလွန်အမင်း နာမကျန်းဖြစ်နေလျှင်လည်းကောင်း၊ ခရီးသွားစဉ်ရေရှာမရလျှင်လည်းကောင်း၊ တယမွန်မ်ပြုလုပ်ရန် အားကိုးအားထားပြုနိုင်သည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။

အထက်ပါ အာယသ်တော်များ ချမှတ်ပြဋ္ဌာန်းထားသကဲ့သို့ အထက်ပါဆွေးနွေးချက်သည် မသန့်စင်ခြင်း၏ ဥပဒေများနှင့် ၎င်းတို့ကို သန့်စင်မှုဆိုင်ရာ ဥပဒေများကို ရှင်းလင်းနိုင်ပေသည်။ သို့သော်လည်း အချက်တစ်ချက်ကိုမူ ထပ်မံအကျယ်ချဲ့ရန် လိုအပ်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် အကြီးစားမသန့်စင်မှုဖြစ်နေစဉ်"ဆွလာသ်ဝတ်ပြုဆောက်တည်မှုအပါးသို့ မချဉ်းကပ်ရန်" တားမြစ်ခဲ့သော်လည်း اِلَّا عَابِرِیْ سَبِیْلٍ အသင်တို့သည် "ဖြတ်သန်းသွားလာကြသူများအဖြစ်မှ တစ်ပါး)ဟူသော စကားလုံးများဖြင့် ဥပဒေအားချွင်းချက်တစ်ခုပြုလုပ်ထားသည်။ ဤချွင်းချက်ကို မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက ကွဲပြားခြားနားသောနည်းလမ်းများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ကြပါသည်။ ဟန္နဖီဓမ္မသတ်ပညာရှင်များအပါအဝင် မြောက်မြားစွာသော အကျယ်ဖွင့်ဆိုသူများက ဤချွင်းချက်မှာ ရေမရနိုင်သော ခရီးသွားနေသည့်အခြေအနေကို ရည်ညွှန်းသည်ဟုဆိုသည်။ ထို့ကြောင့် ဤသည်က ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် အကြီးစားမသန့်စင်မှုဖြစ်နေစဉ်တွင် တရားတော်နည်းလမ်းနှင့်အညီ ဂုစ္စလ်ရေချိုးခြင်းမပြုဘဲနှင့် ဆွလာသ်ဝတ်ပြုဆောက်တည်မှုနား မချဉ်းကပ်နိုင်ဟုဆိုလိုသည်။ သို့သော်လည်း အကယ်၍ ခရီးသွားခြင်း သဘောဆောင်သည့် "ဖြတ်သန်းသွားလာခြင်း" တစ်ခုပြုစဉ်ရေမရရှိနိုင်သည့်အခါ နောက်လာမည့် ဝါကျထဲ၌ ရှင်းလင်းပြထားသကဲ့သို့ ရေမချိုးဘဲ တယမွန်ပြုလုပ်ကာ ဆွလာသ်ဝတ်ပြုဆောက်တည်နိုင်ပါသည်။ ဤသည်နှင့် ဆန့်ကျင်စွာ အိမာမ်အလ်ရာဖိအီက ဤချွင်းချက်ကိုလုံးဝဥဿုံကွဲပြားသောနည်းလမ်းဖြင့် အဓိပ္ပာယ်ပြန်ဆိုသည်။ အီမာမ်ကြီးက "ဆွလာသ်ဝတ်ပြုခြင်း"၏ "အပါးသို့ ချဉ်းကပ်ခြင်း" ဆိုသည်မှာ "ဗလီဝတ်ကျောင်းတော်တစ်ခု အတွင်းဝင်ရောက်ခြင်း"ဟူသော အဓိပ္ပာယ်ဆောင်၍ အကြီးစားမသန့်စင်မှုဖြစ်နေစဉ်တွင် တစ်စုံတစ်ဦးသည် ဗလီဝတ်ကျောင်းတော်ထဲဝင်ခြင်းကို တားမြစ်ခဲ့သည်။ သို့သော်လည်း အကယ်၍ သူသည်တစ်နေရာကိုသွားရန် ဆန္ဒရှိခဲ့လျှင် ဗလီဝတ်ကျောင်းတော်တစ်ခုအတွင်းမှ ဖြတ်သန်းခြင်းမပြုဘဲသွားနိုင်ပေသည်။ ဟန်နဖီဓမ္မသတ် ပညာရှင်များက ဤအယူအဆကို လက်မခံပါ။ ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်ပေါ်အခြေခံ၍ ၎င်းတို့က ဤအာယသ် တော်တွင် ဗလီဝတ်ကျောင်းတော်အတွင်းဝင်သည်" နှင့်ပတ်သက်၍ ဆီလျော်အပ်စပ်မှုမရှိဟု ဆိုကြသည်။ ယင်းအာယသ်တော်ကျရောက်ခြင်း၏ နောက်ကြောင်းအရ ထင်ရှားသည်မှာ ဆွလာသ်ဝတ်ပြုမှုအတွက်သာ ရည်ညွှန်းသည်။ မသန့်ရှင်းမှုဖြစ်စဉ်၌ ဗလီဝတ်ကျောင်းတော်တစ်ခုအတွင်း ဝင်ရောက်မှု တားမြစ်ပိတ်ပင်ခြင်းသည် အခြားအရင်းအမြစ်အချို့ပေါ်အခြေခံသည်။ ထို့ပြင် ဖြတ်သန်းသွားလာခွင့်မရှိချေ။ (အယ်ဒီတာ-မုဖ်သီသကီးအုဆ်မာနီ)

**တယမွမ်ဥပဒေသည်ကား ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်၍**
**မုစ်လင်မ်အုမ္မသ်ထု၏ ထူးခြားမှုတစ်ရပ် ပင်ဖြစ်သည်။**

ဤသည်ကား အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသော ကြီးမားသည့်အခွင့်အရေးပေးမှုတစ်ရပ် ဖြစ်သည်မှာ မုချဧကန်ဖြစ်ပေသည်။ ထိုအရှင်သည် အရှင်မြတ်၏ အသနားတော်ဖြင့် ရေထက်လွယ်ကူစွာ ရနိုင်ပြီး ရေအစားအသုံးပြုရန်သတ်မှတ်ပေးတော်မူခဲ့သည်။ ထင်ရှားသည်မှာ မြေထုနှင့် ဖုန်မှုန့်မှာ နေရာတကာရနိုင်ပေသည်။ ဟဒီးဆ်တော်တစ်ရပ်တွင်လာရှိသည်မှာ တမန်တော်မြတ် ﷺ သခင်၏ အုမ္မသ်ထုအတွက် သီးသန့် ချီးမြှင့်တော်မူသော အဆင်ပြေမှုတစ်ရပ်ဖြစ်ပေသည်။ တယမွမ်ပြုလုပ်ခြင်းနှင့် ပတ်သက်သည့် လိုအပ်သော ဥပဒေများအတွက် ဆွေးသဝ်ဝတ်ပြုဆောက်တည်မှုနှင့် ပတ်သက်သော စာအုပ်စာတမ်းများထဲမှ ရရှိနိုင်ပါသည်။ ပို၍ အသေးစိတ်အတွက်ကိုမူ စစ်မှန်သော ဓမ္မသတ်ပညာရှင်များထံတွင် စုံစမ်းမေးမြန်းဆွေးနွေးနိုင်ပါသည်။

V V V V V V V

အာယသ် (၄၄-၄၆)

اَلَمْ تَرَ اِلَى الَّذِيْنَ اُوْتُوْا نَصِيْبًا مِّنَ الْكِتٰبِ
يَشْتَرُوْنَ الضَّلٰلَةَ وَيُرِيْدُوْنَ اَنْ تَضِلُّوا السَّبِيْلَ ﴿٤٤﴾ وَاللّٰهُ
اَعْلَمُ بِاَعْدَآئِكُمْ ؕ وَكَفٰى بِاللّٰهِ وَلِيًّا ۙ وَّكَفٰى بِاللّٰهِ نَصِيْرًا ﴿٤٥﴾
مِنَ الَّذِيْنَ هَادُوْا يُحَرِّفُوْنَ الْكَلِمَ عَنْ مَّوَاضِعِهٖ وَ
يَقُوْلُوْنَ سَمِعْنَا وَعَصَيْنَا وَاسْمَعْ غَيْرَ مُسْمَعٍ وَّرَاعِنَا
لَيًّا بِاَلْسِنَتِهِمْ وَطَعْنًا فِى الدِّيْنِ ؕ وَلَوْ اَنَّهُمْ قَالُوْا سَمِعْنَا
وَاَطَعْنَا وَاسْمَعْ وَانْظُرْنَا لَكَانَ خَيْرًا لَّهُمْ وَاَقْوَمَ ۙ وَ
لٰكِنْ لَّعَنَهُمُ اللّٰهُ بِكُفْرِهِمْ فَلَا يُؤْمِنُوْنَ اِلَّا قَلِيْلًا ﴿٤٦﴾

အသင်သည် ကျမ်းဂန်များအနက် တစ်စိတ်တစ်ဒေသကို ချီးမြှင့်ပေးသနား တော်မူခြင်း ခံကြရကုန်သော သူတို့၏ (ဖြစ်အင်)ကို မတွေ့မမြင်ပါလေ သလော။ ထိုသူတို့သည် (လမ်းမှန်ကိုစွန့်၍) လမ်းမှားကို လိုက်စားကြသည်။ ၎င်းပြင် အသင်တို့ လမ်းမှားခြင်းကိုလည်း လိုလားကြသည်။ (၄း၄၄)

အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ရန်သူများ ကို ကောင်းစွာသိရှိတော်မူလေသည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အဖို့) ပြုစုစောင့်ရှောက်တော်မူသော မိတ်သဟာယအဖြစ်လည်း လုံလောက်တော်မူပေသည်။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် (အသင် တို့အဖို့) ကူညီစောင်မတော်မူသောအရှင်မြတ်အဖြစ်လည်း လုံလောက်တော် မူပေသတည်း။ (၄း၄၅)

ယဟူဒီဖြစ်ကြကုန်သော သူတို့အနက် အချို့သည် (ကျမ်းဂန်လာမူရင်း) စကားရပ်များကို ၎င်းတို့၏ မူရင်းနေရာများမှ ရွှေ့ပြောင်းကြသည်သာမက ယင်းသူတို့သည် (အသင်နှင့် လာရောက်တွေ့ဆုံကြသောအခါများတွင်) "စမစ်အ်နာ ဝအဆွိုင်နာ" (ကျွန်တော်မျိုးတို့သည်ကြားနာကြပါပြီ၊ သို့ရာတွင် ကျွန်တော် မျိုးတို့သည် မနာခံကြပါ) "အစ္စမအ်ဂိုင်ရမုစ်မအင်နှ်" (အသင်ကြား ပါစေ၊ မကြားပါစေနှင့်) ဟူ၍လည်းကောင်း မိမိတို့၏ လျှာများကိုလိပ်ခေါက်

**ကာ “ရာအိနာ”ဟူ၍လည်းကောင်း၊ “ဒီန်”သာသနာကို ပုတ်ခတ်ထိပါးစေခြင်း အားဖြင့် ပြောဆိုလေ့ရှိကြောင်းလေသည်။ စင်စစ်သော်ကား အကယ်၍သာ ထိုသူတို့သည်) “စမ်အ်နာ၊ ဝအတွာအ်နာ”ဟူ၍လည်းကောင်း၊ “အစ္စမအ်၊ ဝါန်ဇုရ်နာ” ဟူ၍လည်းကောင်း ပြောဆိုခဲ့ကြပါမူ မချွတ်ဧကန် ထိုသူတို့အဖို့ အကောင်းဆုံးနှင့် အမှန်အကန်ဆုံးပင်ဖြစ်ခဲ့ပေအံ့။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏ သွေဖည်ငြင်းပယ်မှုကြောင့်ပင် (မိမိ) ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့လေပြီ။ သို့ဖြစ်ပေရာ (ယင်းသူတို့အနက်မှ) အနည်းငယ်မျှသော သူတို့မှတစ်ပါး ကျန်ရှိသော သူတို့မှာမူကား သက်ဝင်ယုံကြည်ကြမည်မဟုတ်ချေ။ (၄း၄၆)**

ဤအာယသ်တော်အလျင်အာယသ်တော်များထဲ၌ အချင်းချင်းဆက်ဆံရာ၌ “သတ်က်ဝါ”ဖြင့် ဆက်ဆံရန် အလေးအနက်ပြုထားသည့်ကြား အာယသ်များ တွင် အိဗာဒသ်များ ဆွေလာသ်များနှင့် သက်ဆိုင်သော ဥပဒေအချို့နှင့် ယင်းတို့ ၏ အကျိုးဆက်များဖော်ပြခဲ့ပါသည်။ ၎င်းတို့သည် လူသားအတွင်း အလ္လာဟ်အရှင်မြတ်ကို ချစ်ကြောက်ရိုသေစိတ်ဝင်ကာ နောင်တမလွန်ဘဝအတွက် ပူပင်သောကပွားများစေပြီး ဆက်ဆံမှုများမှန်ကန်ချောမွေ့စေရန် အထောက်အကူပြုသည်။

လက်ရှိအာယသ်တော်များသည် ရန်သူများနှင့် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များတင်ပြထားသည်။ ရဟူဒီဂျူးများပြောကြားခဲ့သော စကားအားဖြင့်လည်းကောင်း၊ ကျင့်သုံးခဲ့သော လုပ်ရပ်အားဖြင့်လည်းကောင်း၊ ကောက်ကျစ် စဉ်းလဲသည့်လှည့်ဖျားမှုများကို ရှင်းလင်းပြတ်သားစွာ လှစ်ဟပြနေပါသည်။ ၎င်းပြင် မည်သည်မှန်ကန်၍ မည်သည်စစ်မှန်ကြောင်း အမြင်တစ်ရပ်ကိုလည်းပေးပါသည်။ နောက်ဆုံးအခြေအနေကို မုစ်လင်မ်များအား တိုက်တွန်းနှိုးဆော်ချက် တစ်ရပ်အနေဖြင့် ဖော်ပြထားသည်မှာ မိမိတို့ပြောလိုသည်ကို ပြောရာတွင် စကားလုံးများကို ဂရုတစိုက်ရွေးချယ်သုံးသင့်ကြောင်း တုံးတိတိစကားလုံးများနှင့် ပြောခြင်းသည် မုစ်လင်မ်များ၏ ဟန်ပန်မဟုတ်ကြောင်း ဖြစ်ပေသည်။

v v v v v v v

**အာယသ် (၄၇)**

يَٰٓأَيُّهَا ٱلَّذِينَ أُوتُوا۟ ٱلْكِتَٰبَ ءَامِنُوا۟ بِمَا نَزَّلْنَا مُصَدِّقًا لِّمَا
مَعَكُم مِّن قَبْلِ أَن نَّطْمِسَ وُجُوهًا فَنَرُدَّهَا عَلَىٰٓ أَدْبَارِهَآ
أَوْ نَلْعَنَهُمْ كَمَا لَعَنَّآ أَصْحَٰبَ ٱلسَّبْتِ ۚ وَكَانَ أَمْرُ ٱللَّهِ مَفْعُولًا ﴿٤٧﴾

**အို ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်းခံကြရကုန်သောသူအပေါင်းတို့၊ ငါအရှင်သည် (အသင်တို့၏) မျက်နှာများကို ဖျက်ဆီး၍ ကျောဘက်သို့ ပြန်လှည့်တော်မမူမီအလျင်၊ သို့တည်းမဟုတ် ငါအရှင်မြတ်သည် "စဗ်တ်" ခေါ်ဥပုဒ်နေ့ကို ကျူးလွန်ဖောက်ဖျက်သောသူတို့အား (မိမိ) ဂရုဏာတော်မှ ကင်းဝေးစေတော်မူဘိသကဲ့သို့ပင် ယင်း (အီမာန်သက်ဝင်ယုံကြည်မှုမရှိသော) သူတို့အားလည်း (မိမိ)ကရုဏာတော်မှ ကင်းဝေးစေတော်မမူမီအလျင် အသင်တို့သည် ငါအရှင်မြတ်ချပေးသနားတော်မူသော အကြင်ကျမ်းဂန် (ကုရ်အာန်) ကို (ဆောလျင်စွာ) သက်ဝင်ယုံကြည်ကြလေကုန်။ ထိုကျမ်းဂန် (ကုရ်အာန်) သည် အသက်တို့ထံ၌ရှိလေသော (မူရင်း)ကျမ်းဂန်များကို ထောက်ခံလျက်ရှိပေသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည် ပြီးမြောက်အောင်မြင်ပြီး ဖြစ်သည်သာတည်း။ (၄း၄၇)**

ပြီးခဲ့သော အာယသ်တော် (၄၆)တွင် အစ္စလာမ်သာသနာအားဆန့်ကျင်သော ကျူးတို့၏ သဘောထားရပ်တည်ချက်ကို ဖော်ပြထားသည်။ ယင်းမှာ အစ္စလာမ်သာသနာကို မမှန်မကန်တင်ပြရန်၊ ပြုပြင်ပြောင်းလဲရန်နှင့် သရော်ပြောင်လှောင်ရန်ဆန္ဒမှ ပေါက်ဖွားကာလုံးလုံးလျားလျား ငြင်းဆိုသည်မှ သာသနာအပေါ် လွဲမှားစေရန် ကြိုးပမ်းလုပ်ဆောင်သည်အထိဖြစ်သည်။ လက်ရှိအာယသ်တော်သည် ၎င်းတို့အားတိုက်ရိုက်ဦးတည်မိန့်ကြားထား၍ နောက်ဆုံးကျရောက် သောကျမ်းတော်ကို ယုံကြည်ရန်နှင့် ၎င်းတို့၏ အတည်ပြုချက်ကို ပြသဖော်ပြရန် အမိန့်ပေးထားသည်။ ၎င်းတို့သည် သတိပေးချက်ကို လျစ်လျူရှု၍ ရန်ငြိုးသိုလျှက်ရှိနေခဲ့ပါလျှင် သူတို့၏ မှားယွင်းစွာ ရွေးချယ်မှု၏ အကျိုးဆက်ဖြစ်သော ကံကြမ္မာ၏ကျောခြမ်းဖွယ် အလားအလာကို သောကရောက်သင့်ပေသည်။

**အကျယ်ဖွင့်ဆိုခြင်း**

**မှတ်စု(၁)**

ကုရ်အာန်ကျမ်းတော်မြတ်၏ ဖော်ပြချက်ဖြစ်သော (aE-R_aB-D'A-ý1'`I-aE-D#-r<n-F-) "ထို့နောက်ငါအရှိမြတ်သည် (အသင်တို့၏) ထိုမျက်နှာများကို ပြောင်းပြန်လှည့်တော်မူအံ့။" ထို"မျက်နှာများ၏ နောက်ဘက်သို့ လှည့်တော်မူအံ့"

တွင် ဤလှည့်သွားခြင်း၌ ဖြစ်နိုင် ဖွယ်ရာ နှစ်ချက်ရှိလေသည်။ မျက်နှာရှိအသွင်အပြင်အားလုံး ဖယ်ရှားကာ မျက်နှာတစ်ခုလုံးနောက်ဖက်သို့ လှည့်ခြင်းဖြစ်နိုင်သည်။ သို့မဟုတ် မျက်နှာသည် ဂုတ်ပိုးကဲ့သို့ မျက်နှာတစ်ပြင်တည်း ဖြစ်ကာ အသွင်ပြင်အားလုံးပျောက်ပျက်ခြင်း ဖြစ်နိုင်သည်။ **(မဇ်ဟရီ၊ ရူဟုလ်မအာနီ)**

## မှတ်စု(၂)

ဤကိစ္စမည်သည့်အချိန်မှာ ဖြစ်မည်ဆိုသော မေးခွန်းကို ဋီကာရှင်များက သေးစိတ် ဖြေကြားထားခဲ့သည်။ îm^P– (တွာမ်စ်)ဟူသော ပုံပန်းသဏ္ဌာန်ပြောင်းလဲခြင်းနှင့် မတ်စ်ခ်(ရုပ်ဝတ္ထုဖြစ်သဘောပြောင်းလဲခြင်း) မျက်နှာပေါ်ရှိ သွင်ပြင်အားလုံး ဖျက်ဆီးပစ်ခြင်းအကြောင်း ဆွေးနွေးရာတွင် ဋီကာရှင်အချို့က ဂျူးများအပေါ် ဤပြစ်ဒဏ်ပေးမှုသည် ကိယာမသ်နေ့ မတိုင်မီဖြစ်လိမ့်မည်ဟု ဆိုသကဲ့သို့ အခြားသောဋီကာရှင်များက မိန့်ကြသည်မှာ ဂျူးအချို့သည် အစ္စလာမ်သာသနာ သက်ဝင်ယုံကြည်လာခဲ့၍ ဤပြစ်ဒဏ်ခတ်မှုသည် ၎င်းတို့အပေါ် မလာရောက်နိုင်တော့ပါဟု ဆိုကြသည်။

မောင်လာနာအရှရဖ်အလီထာနဝီက ပြောသည်မှာ "ကျွန်ုပ်ထင်မြင်ချက်မှာ ထိုမေးခွန်းကား ပေါ်ပေါက်လာရန်ပင်မရှိ။ အဘယ့်ကြောင့်ဆိုသော်ကုရ်အာန်ကျမ်းတော်မြတ်၌ ထိုအဆိုကိုထောက်ခံသော စကားလုံးတစ်လုံးမျှ မပါဝင်၍ဖြစ်သည်။ အကယ်၍ သင်မယုံကြည်လျှင် တွာမ်စ်နှင့် မတ်စ်ခ်အပြစ်ဒဏ်ခံစားမှုသည် မုချဧကန်အကောင်အထည်ပေါ်လာလိမ့်မည်။ စင်စစ် ယင်းကဖြစ်နိုင်ဖွယ်ရှိသည်ကိုသာ ရည်ညွှန်းသည်။ ဆိုလိုသည်မှာ ၎င်းတို့ပြစ်မှုကြောင့် ဤပြစ်ဒဏ်ခတ်မှုနှင့် သူတို့ထိုက်တန်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုပြစ်ဒဏ်ခတ်မှုမှခွမ်းသာခွင့်လွှတ်ခဲ့လျှင် ယင်းသည်အရှင်မြတ်၏အသနားတော်ပင်ဖြစ်ချေသည်။

v v v v v v v

## အာယသ် (၄၈-၅၀)

إِنَّ اللَّهَ لَا يَغْفِرُ أَن يُشْرَكَ بِهِ وَيَغْفِرُ مَا دُونَ ذَٰلِكَ لِمَن
يَشَاءُ ۚ وَمَن يُشْرِكْ بِاللَّهِ فَقَدِ افْتَرَىٰ إِثْمًا عَظِيمًا ﴿٤٨﴾
أَلَمْ تَرَ إِلَى الَّذِينَ يُزَكُّونَ أَنفُسَهُم ۚ بَلِ اللَّهُ يُزَكِّي مَن
يَشَاءُ وَلَا يُظْلَمُونَ فَتِيلًا ﴿٤٩﴾ انظُرْ كَيْفَ يَفْتَرُونَ عَلَى
اللَّهِ الْكَذِبَ ۖ وَكَفَىٰ بِهِ إِثْمًا مُّبِينًا ﴿٥٠﴾

ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ရာကို မိမိနှင့်တွဲဖက်ယှဉ်ပြိုင် ကိုးကွယ်ခြင်းကို လွတ်ငြိမ်းချမ်းသာခွင့် အလျဉ်းပေးတော်မူမည်မဟုတ်ပေ။ သို့ရာတွင် တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်မှုမှ တစ်ပါးအခြားပြစ်မှုဒုစရိုက်တို့ကိုမူကား မိမိအလိုရှိတော်မူသောသူအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူအံ့။ အမှန်စင်စစ်သော်ကား မည်သူမဆို တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ပါမူ ထိုသူသည် ဧကန်မလွဲအလွန်ကြီးလေးလှစွာသော ပြစ်မှုဒုစရိုက်ကို ကျူးလွန်ခဲ့လေသတည်း။ (၄း၄၈)

(အိုနဗီတမန်တော်) အသင်သည် မိမိတို့ကိုယ်ကို မိမိတို့သန့်ရှင်းစင်ကြယ်ကြောင်းပြောဆို (ကြွား၀ါ)သောသူတို့ (၏ဖြစ်အင်)ကို မတွေ့မမြင်ပါလေသလော။ ထိုသို့ အလျဉ်းမဟုတ်၊ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် မိမိအလိုရှိတော်မူသောသူအား သန့်ရှင်းစင်ကြယ်စေတော်မူလေ၏။ သို့ရာတွင် ၎င်းတို့သည် (အပြစ်ပေးတော်မူခြင်းကိုခံကြရာ၌) ဆံခြည်တမျှင်ခန့်မျှပင်မတရားနှိပ်စက် ညှင်းပန်းခြင်းကို ခံကြရလိမ့်မည်မဟုတ်ပေ။ (၄း၄၉)

(အိုနဗီတမန်တော်)ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကိုမည်ကဲ့သို့ ကြံဖန်လိဆယ်ပြောဆိုဝံ့ကြသည်ကို အသင်ရှုပါလေ။ အမှန်စင်စစ်ယင်း(ကဲ့သို့) လိဆယ်ပြောဆိုခြင်းသည်ပင်လျှင် (၎င်းတို့၏) ထင်ရှားလှစွာသော ပြစ်မှုဒုစရိုက်အဖြစ် လုံလောက်ပေသတည်း။ (၄း၅၀)

ယခင်အာယသ်တော်ထဲတွင် ယုံကြည်ရန်ငြင်းဆိုသူများအတွက် ဆုံးမပဲ့ပြင်မှုတစ်ရပ်ပါဝင်သည်။ သို့သော်လည်း ဤဆုံးမပဲ့ပြင်မှုကို ဦးတည်မိန့်ကြားခြင်းခံရသူများအနက်မှ အချို့တို့သည် အဆုံးတွင်ခွင့်လွှတ်ခြင်းခံရပါလိမ့်မည်။ ယင်းကြောင့်ကျန်သော ဦးတည်မိန့်ကြားခံရသူများသည်လည်း ခွင့်လွှတ်ကောင်း ခွင့်လွှတ်ခြင်း

ခံရမည်ဟူသော ဖြစ်နိုင်ချေရှိပေသည်။ ထို့ကြောင့် မူရင်းစာသားများက ဤအုပ်စုသည် ခွင့်လွှတ်ခြင်းခံရမည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကုဖ်ရ်မယုံကြည် သွေဖည်ငြင်းပယ်သောကြောင့် ဖြစ်သည်ဟု ရှင်းလင်းပြသည်။ ဤသည်မှာ ဂျူးများအခိုင်အမာပြောသော ၎င်းတို့သည် ခွင့်လွှတ်ခြင်းခံရပါလိမ့်မည်ဟု ပြောသည်ကိုလည်း မဟုတ်မမှန်ဟု ဆိုပါသည်။

## အကျယ်ဖွင့်ဆိုခြင်း
## "ရှစ်ရ်က်" အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အချို့သောအသွင်သဏ္ဌာန်များ

ကုရ်အာန်ကျမ်းတော်မြတ်၏ မူရင်းစာသားများဖြစ်သော-اِنَّ اللّٰهَ لا يَغْفِرُ اَنْ يُّشْرَكَ بِهٖ "ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ရာကို မိမိနှင့် တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်ခြင်းကို လွတ်ငြိမ်းချမ်းသာခွင့်အလျဉ်း ပေးတော်မူမည်မဟုတ်ပေ"ထဲတွင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်ဂုဏ်တော်နှင့် ပတ်သက်သော ယုံကြည်မှုအီမာန်ဆိုင်ရာ သတ်မှတ်စာပိုဒ်များတို့သည် ဘာသာတရား၏မရှိမဖြစ်လိုအပ်သော အခြေအနေဖြစ်သည်။ ထို့ပြင် ထိုအရှင်မြတ်ကို အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းခံမည်သူ မည်သည့်အရာနှင့် မဆိုအလားတူသည်ဟု ယုံကြည်မှု ထားလျှင် ယင်းသည်ရှစ်ရ်က်ဖြစ်ပေသည်။ အချို့သောအသွင်သဏ္ဌာန်တို့ကား အောက်ပါအတိုင်းဖြစ်သည်။

## အသိပညာတွင် ရှစ်ရ်က်ဖြစ်ခြင်း

"အိလ်မ်"ခေါ် အသိပညာကိစ္စရပ်တွင် အလ္လာဟ်နှင့်တုဖက်ယှဉ်တွဲခြင်းဖြစ်သည်။ ပမာဆိုသော် ဘာသာရေးကိုင်းရှိုင်းသော ပုဂ္ဂိုလ်တစ်ဦး၊ နာမ်ပိုင်းဆိုင်ရာ ဆရာသမား၊ ထူးဆန်းအံ့ဖွယ်ဂုဏ်းတစ်ခု၏ အကြီးအကဲတစ်ဦးအား ဤစကြဝဠာအတွင်းရှိ အရာတိုင်း၏ အကြောင်းကို တစ်ချိန်လုံးသိနေသည်ဟု ယုံကြည်ခြင်းဖြစ်သည်။ အချို့သောပုံစံများမှာကား အလ္လာဟ်အရှင်မြတ်သာလျှင် သိရှိသော မမြင်ကွယ်ရာကိစ္စရပ်များကို ဗေဒင်ဆရာ၊ လက္ခဏာဆရာ၊ အကြားအမြင်ပေါက်သူတစ်ဦးအား လူတစ်ဦး၏ ဘဝတွင် ဖြစ်လာမည့် အကြောင်းအရာများမေးခြင်း၊ ဘာသာတရားကိုင်းရှိုင်းသူတစ်ဦး၏ ရေးသားထားသော စကားလုံးများကို အတိတ်နိမိတ် "ဖလ်"ကောက်ယူ၍ ယင်းအတိတ်နမိတ်အတိုင်းဖြစ်မည်ဟု ယုံကြည်ခြင်း၊ အဝေးတစ်နေရာမှ လူတစ်ဦး၏ ပြောဆိုခေါ်ယူခြင်းအလုံးစုံကို အကုန်လုံးသိသည်ဟု ယုံကြည်ခြင်း၊ အလ္လာဟ်အရှင်မြတ်မှအပ အခြားသူအတွက်ဟု ရည်စူး၍ ဥပုဒ်သီလဆောက်တည်ခြင်းတို့ဖြစ်သည်။

## တန်ခိုးအာဏာနှင့်ဆိုင်သော ရှစ်ရ်က်

ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏ သီးသန့်ပိုင်ဆိုင်တော်မူသော တန်ခိုးအာဏာတွင် အခြားသူနှင့် ယှဉ်တွဲခြင်းဖြစ်သည်။ ပမာဆိုသော် အကျိုးအမြတ်နှင့် ဆုံးရှုံးမှုတို့သည် တစ်စုံတစ်ယောက်ကြောင့် ဖြစ်ပေါ်စေနိုင်သော အစွမ်းရှိသည်ဟု မှတ်ယူခြင်း။ ဤတွင်တစ်စုံတစ်ဦးထံ လိုအင်ဆန္ဒများပြည့်ဝစေရန်

တောင်းခံခြင်း၊ စားဝတ် နေရေးနှင့် သားသမီးရစေရန် တောင်းခံခြင်းများလည်း ပါဝင်သည်။

## အိဗာဒသ်ခဝတ်ကိုးကွယ်မှုပြုခြင်းနှင့်သက်ဆိုင်သော ရှစ်ရိုက်

အလ္လာဟ်အရှင်မြတ်အတွက် လုံးလုံးလျားလျားဖြစ်သော အိဗာဒသ်ခဝတ်ကိုးကွယ်မှုများတွင် အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ယှဉ်တွဲခြင်း။ အချို့သော ရှစ်ရိုက်ဖြစ်နိုင်သည့်ပုံစံများမှာ တစ်စုံတစ်ဦးအား စဂျဒဟ်ဦးချခြင်း၊ တစ်စုံတစ်ဦး၏နာမည်တသ၍ တိရစ္ဆာန်ကိုလွှတ်ခြင်း။ တစ်စုံတစ်ဦးအတွက်ဖြစ်စေ၊ တစ်စုံတစ်ရာကိုဖြစ်စေ၊ ရှင်နေသူကိုဖြစ်စေ၊ သေသူကိုဖြစ်စေ ပွဲလမ်းသဘင်ကျင်းပပူဇော်ပသခြင်း၊ တစ်စုံတစ်ဦး၏အမည်ကို တသ၍ ကိုးခြင်း (မန်နတ်၊ နဇာရ်)၊ တစ်စုံတစ်ဦး၏အိမ် (သို့) သချိုင်းကို သဝါးဗ် လှည့်လည် ခြင်း၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ဆန့်ကျင်ကာ တစ်စုံတစ်ဦး၏စကား (သို့) ဓလေ့ထုံးစံကို ဦးစားပေးခြင်း၊ မုစ်လင်မ်များ ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် ထူးခြားသော ပုံစံဖြစ်သည့် ရုကူဦးညွတ်ခြင်း ပုံစံဖြင့် တစ်စုံတစ်ဦးကို ဦးညွတ်ခြင်း၊ တစ်စုံတစ်ဦး၏အမည်တသ၍ တိရစ္ဆာန်တစ်ကောင်ကို လည်လှီးသတ်ဖြတ်ခြင်း၊ ဤကမ္ဘာရှိကိစ္စရပ်တို့သည် ကြယ်တာရာများ၏ လွှမ်းမိုးမှုအရဖြစ်ပွားရသည်ဟု မှတ်ယူခြင်း၊ အချို့သော "လ"များကို နမိတ်မကောင်းဆိုးရွားသည့်လ ဖြစ်သည်ဟုမှတ်ယူခြင်း၊ စသည်တို့ဖြစ်ကြသည်။

## မိမိကိုယ်မိမိအမွှမ်းတင်ခြင်း၌ မွေလျော်ခြင်း

ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ နှုတ်ကပါဌ်တော်များဖြစ်သော-**اَلَمْ تَرَ اِلَى الَّذِيْنَ يُزَكُّوْنَ اَنْفُسَهُمْ** (အိုနဗီတမန်တော်) "အသင်သည် မိမိတို့ကိုယ်ကို မိမိတို့သန့်ရှင်းစင်ကြယ်ကြောင်းပြောဆို(ကြွား၀ါ)သောသူတို့(၏ဖြစ်အင်)ကို မတွေ့မမြင်ပါလေသလော"သို့လှည့်ကြစို့။ ဂျူး(ရဟူဒီ)တို့သည် ၎င်းတို့ကိုယ် ၎င်းတို့ သန့်ရှင်းစင်ကြယ်ကြောင်း အခိုင်အမာပြောဆိုသောကြောင့် အလ္လာဟ်အရှင်မြတ်သည် ဤအာယသ်တော်ထဲ၌ ထိုသူတို့သည် မိမိကိုယ် မိမိသန့်ရှင်းစင်ကြယ်ကြောင်းကို အခြားသူများအားပြောရဲသည့် ထူးဆန်းဖွယ်လူတစ်စုဖြစ်သည်ဟု ပြစ်တင်မိန့်ကြားဆုံးမထားသည်။ အမှန်အံ့သြစရာပင်တည်း။

ဤသည်မှ ကျွန်ုပ်တို့ သိရသည်မှာ မည်သူမဆို မိမိသန့်ရှင်းစင်ကြယ်မှုကိုသော်လည်းကောင်း၊ အခြားသူများ၏ သန့်ရှင်းစင်ကြယ်မှုကိုလည်းကောင်း၊ ကြေညာပြောဆိုခြင်း ခွင့်မပြုချေ။ ဤသည်ကို အချက် (၃)ချက်ကြောင့် တားမြစ်ပိတ်ပင်ထားသည်။

(၁) မိမိကိုယ်မိမိချီးမွမ်းခြင်းသည် မောက်မာခြင်းနှင့် မာနတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် စင်စစ် တားမြစ်သည်မှာ မာနနှင့်မောက်မာပလွားခြင်းဖြစ်သည်။

(၂) လူတစ်ဦး၏ အဆုံးသတ်သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် သိတော်မူသည်။ ဆိုလို သည်မှာ ထိုသူသည် အလ္လာဟ်အရှင်မြတ်ကို နာမ်ပိုင်းဆိုင်ရာတွင် ကြောက်ရွံ့ရိုသေခြင်း၊ သတ်ဝါနှင့် ရုပ်ပိုင်းဆိုင်ရာ အကြီးစားအသေးစားမသန့်ရှင်းမှုမှ ကင်းစင်သည့်သွာဟာရဟ်တို့မှာ အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။ ထို့ကြောင့် မိမိကိုယ်မိမိသန့်ရှင်းစင်ကြယ်သည်ဟု အခိုင်အမာပြောဆိုခြင်းသည် အလ္လာဟ်အရှင်မြတ်

အားကြောက်ရွံ့ရိုသေခြင်းနှင့် ဆန့်ကျင်ပေသည်။ ဤသည်နှင့် ပတ်သက်၍ အဗီစလာမဟ် ﴿ﷺ﴾ သခင်မ၏ သမီးဖြစ်သော စိုက်ယိဒဟ်ဇိုင်နဗ် ﴿ﷺ﴾ သခင်မ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﴿ﷺ﴾ သခင်သည် သူမအား "သင်၏အမည်မည်သူနည်း"ဟု မေးမြန်းခဲ့သည်။ ထိုအချိန်က သူမ၏အမည်မှာ "ဗာရာဟ်" အပြစ်ဂုနာဟ်များမှ သန့်ရှင်းသူဟုဆိုလိုသည် ဖြစ်၍ သူမက ထိုသို့ပင်လျှောက်တင်ခဲ့သည်။ ကိုယ်တော်မြတ်က မိန့်ကြားသည်မှာ فَلاَ تُزَكُّوۤا اَنْفُسَكُمْ، اَللّٰهُ اَعْلَمُ بِاَهْلِ الْبِرِّ مِنْكُمْ، سَمُّوْهَا زَيْنَبَ، (رواه مسلم بحواله مشكوة) ကိုယ့်ကိုကိုယ် သန့်ရှင်းစင်ကြယ်သည်ဟု အခိုင်အမာမပြောဆိုလေနှင့်။ ဆိုလိုသည်မှာ အပြစ်ဂုနာဟ်များမှ လွတ်ကင်းသန့်စင်သည်ဟု အခိုင်အမာမပြောဆိုနှင့် အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်တစ်ပါးတည်း သာလျှင် သင်တို့ထဲမှ မည်သူသည် အဖြောင့်အမှန်ဆုံးဖြစ်ကြောင်း သိရှိတော်မူသည်။ ထို့နောက် တမန်တော်မြတ် ﴿ﷺ﴾ သခင်က"ဗာရာဟ်"ဟူသော အမည်အစား "ဇိုင်နဗ်"ဟု မှည့်ခေါ်ခဲ့သည်။ **(မဇ်ဟာရီ)**

(၃) တားမြစ်ပိတ်ပင်ခြင်း၏ တတိယအကြောင်းကား ထိုကဲ့သို့ အခိုင်အမာပြောဆိုသူများသည် အပြစ်အနာဆာများကင်းစင်သောကြောင့် အလ္လာဟ်အရှင်မြတ်နှင့် အနီးကပ်ဆုံးသောသူများဖြစ်ကြသည်ဟူသော မှားယွင်းသောအယူအဆဖြစ်နိုင်သည်။ ဤသည်မှာ လိမ်ညာခြင်းတစ်ရပ်သာဖြစ်၍ ချို့တဲ့မှုတစ်ခုမဟုတ်တစ်ခုမှ ကင်းစင်သူ လောကီသားဟူ၍ မရှိချေ။ **(ဘယာနုလ်ကုရ်အာန်)**

## ဥပဒေသ

အကယ်၍ အထက်ပါ ပိတ်ပင်တားမြစ်ချက်များ တစ်စုံတစ်ဦး၌မရှိခဲ့လျှင် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာကို ကျေးဇူးတင်ရှိသည်ကို ဖော်ပြသည့်အနေဖြင့် မိမိ၏ထူးခြားသော အရည်အချင်းအကြောင်း ပြောနိုင်ပေသည်။

v v v v v v v v v

**အာယသ် (၅၁-၅၂)**

اَلَمۡ تَرَ اِلَى الَّذِيۡنَ
اُوۡتُوۡا نَصِيۡبًا مِّنَ الۡكِتٰبِ يُؤۡمِنُوۡنَ بِالۡجِبۡتِ وَالطَّاغُوۡتِ
وَيَقُوۡلُوۡنَ لِلَّذِيۡنَ كَفَرُوۡا هٰٓؤُلَآءِ اَهۡدٰى مِنَ الَّذِيۡنَ
اٰمَنُوۡا سَبِيۡلًا ﴿۵۱﴾ اُولٰٓئِكَ الَّذِيۡنَ لَعَنَهُمُ اللّٰهُ ؕ وَمَنۡ يَّلۡعَنِ
اللّٰهُ فَلَنۡ تَجِدَ لَهٗ نَصِيۡرًا ﴿۵۲﴾

(အိုနဗီ) အသင်သည် ကျမ်းဂန်အနက်မှတစ်စိတ်တစ်ဒေသကို ရရှိခဲ့သူတို့ (၏ဖြစ်အင်) ကို မတွေ့မမြင်ပါသလော။ ထိုသူတို့သည် ရုပ်ပွား ဆင်းတုများကို လည်းကောင်း၊ ရှိုင်တွာန်ကိုလည်းကောင်း၊ ယုံကြည်ကြ၏။ ၎င်းအပြင် ထိုသူတို့ ကကာဖိရ်များနှင့်စပ်လျဉ်း၍ "ဤသူများသည် မုအ်မင်န်များထက်ပိုမို၍ တရားလမ်းမှန်ရသောသူများဖြစ်ကြသည်" ဟူ၍ပြောဆိုကြ၏။ (၄း၅၁)

ဤသူများပင် အကြင်သူများတည်း။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား (မိမိ)ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့လေသည်။ အမှန်သော်ကား မည်သူ့ကိုမဆို အလ္လာဟ်အရှင်မြတ်သည်(မိမိ)ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့ပါလျှင်၊ အသင်သည် ထိုသူအားကူညီစောင်မမည့်သူ တစ်ဦးတစ်ယောက်ကိုမျှ အလျဉ်းတွေ့ရှိလိမ့်မည် မဟုတ်ပေ။ (၄း၅၂)

**اَلَمۡ تَرَ اِلَى الَّذِيۡنَ اُوۡتُوۡا نَصِيۡبًا مِّنَ الۡكِتٰبِ يَشۡتَرُوۡنَ الضَّلٰلَةَ ـ الخ** ဖြင့်အစပြုထားသော အာယသ်တော်မှစတင်၍ ဂျူးတို့၏ မကောင်းသည့် အရည်အချင်းကို ဖော်ပြခဲ့သည်။ လက်ရှိ အာယာသ်တော်သည်လည်း ထိုအကြောင်းအရာကိုပင်ဖော်ပြပါသည်။

**အကျယ်ဖွင့်ဆိုခြင်း**

**ဂျိဗ်သ်နှင့် သွာဃူသ်ဆိုသည်မှာဘာလဲ။**

aTbJ ဂျိဗ်သ်ဆိုသည်မှာ မူလအစရုပ်ထု၊ ဆင်းတုကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာပြုလုပ်ထားသော အရာများကိုလည်းကောင်းဆိုလိုသည်။ **(ကရှ်ရှာဖ်)**

အလ္လာဟ်အရှင်မြတ်မှတစ်ပါး တစ်ခြားကိုးကွယ်ရာအဖြစ်ပြုလုပ်ထားသော အရာအားလုံးကို ဂျိဗ်သ်ဟူ၍ ခေါ်ဝေါ်သည်။ **(ရာယိဗ်)**

သို့ရာတွင် ဤပုဒ်ကိုအထူးသဖြင့် စုန်းကဝေများနှင့် ဟူးရားဗေဒင်များအတွက် အသုံးပြုကြပေသည်။ **(အလင်းပြကျမ်းမှ)**

သွာဃူသ်ဟူသည် ရှိုင်တွာန်ကိုဆိုလိုသည်။ **(ကန်ရှာဖ်)**

"သွာဃူသ်"ဟူသည် လူသားတို့အား မောက်မာကျူးလွန်စေသော အရာအားလုံးကိုဆိုသည်။ **(ကုရ်တုဗီ) (အလင်းပြကျမ်းမှ)**

လက်ရှိအာယသ်တော် (၅၁)ထဲတွင် အလ်ဂျိဗ်သ်နှင့်အလ်သွာဃူသ် ဟူသောစကားလုံးနှစ်လုံး ဖော်ပြထားသည်။ ယင်းတို့မှာ ဘာကိုဆိုလိုသနည်း။ ဋီကာရှင်များက အမျိုးမျိုးရှင်းလင်းထားခဲ့ကြသည်။ စိုက်ယိဒိနာအိဗ်နိအဗ္ဒူးစ်၊ အိဗ်နိဂျူဗိုင်းရိနှင့် အဗူအလ်အာလီယာဟ် ﴿ﷺ﴾ တို့က ပြောသည်မှာ ဂျိဗ်သ်ဟူသည်မှာ အီသီယိုးပီးယားဘာသာစကားမှလာ၍ မှော်ဆရာကိုရည်ညွှန်းကာ "သွာဃူသ်"သည် ဗေဒင်ဆရာကို ရည်ညွှန်းသည်။

စိုက်ယိဒိနာအုမရ်﴿ﷺ﴾သခင်က ဂျိဗ်သ်သည် မှော်အတတ်ပညာကိုဆိုလို၍"သွာဃူသ်"သည် ရှိုင်တွာန်ကိုဆိုလိုသည်ဟု မိန့်ကြားခဲ့သည်။ စိုက်ယိဒိနာမာလိက် အိဗ်နိအနတ်စ်﴿ﷺ﴾သခင်က ဆင့်ပြန်ခဲ့သည်ကို မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မှအပအရာရာတိုင်းကိုခဝတ်ကိုးကွယ်ခြင်းသည်"တွာဃူသ်" ဟူသောအမည်အောက်တွင် အကျုံးဝင်သည်ဟု ဆင့်ပြန်ထားသည်။

အိမာမ်အလ်ကုရ်တွျဗီက စိုက်ယိဒိနာ မာလိက် အိဗ်နိအနတ်စ် ﴿ﷺ﴾ သခင်၏ အယူအဆသည်ပို၍ ငုံမိသောကြောင့် အများကကြိုက်နစ်သက်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းအယူအဆကို ကုရ်အာန်ကျမ်းတော်မြတ်၏ (၁၆း၃၆)**اَنِ اعْبُدُوا اللّٰهَ وَاجْتَنِبُوا الطَّاغُوْتَ** "အသင်တို့သည် အခြားကိုးကွယ်ရာများကို စွန့်လွှတ်ပယ်ရှား၍ တစ်ဆူတည်းသောအလ္လာဟ်အရှင်မြတ်အားသာလျှင် ခဝတ်ကိုးကွယ်ကြလေကုန်" ဟူသည်ကလည်း ထောက်ခံထားပါသည်။ သို့သော်လည်း စင်စစ်ထိုကိစ္စနှင့်ပတ်သက်၍ မတူကွဲပြားသောအယူအဆများသည် တစ်ခုနှင့်တစ်ခုဖီလာဆန့်ကျင်မှုမရှိကြပါ။ ထိုအယူအဆများသည် တစ်ခုဆိုလိုရင်းဖြစ်စေ၊ အခြားဆိုလိုချက်အတွက်ဖြစ်စေ အားလုံးရည်ညွှန်းနိုင်ပါသည်။ ဂျိဗ်သ်သည် အဆုံးတွင် ရုပ်တုတစ်ခု၏အမည်သာဖြစ်သည်။ သို့သော် နောက်ပိုင်း၌အလ္လာဟ်အရှင်မြတ်မှအပ အခြားသောအရာများကိုခဝပ်ကိုးကွယ်ခြင်းကိုလည်း ထိုစကားလုံးသုံးစွဲလာခဲ့ပါသည်။ **(ရွှဟုလ်မအာနီ)**

## လက်ရှိအာယသ်တော်များနှင့် ယင်းတို့၏ကျရောက်ခြင်းနောက်ခံအကြောင်း

စိုက်ယိဒိနာအိဗ်နိအဗ္ဒူးစ် ﴿ﷺ﴾ သခင်က ဆင့်ပြန်ခဲ့သည်မှာ အုဟုဒ်စစ်ပွဲပြီးနောက် မက္ကာမြို့တော်ရှိ ကုရိုက်ရှ်လူမျိုးများအား တွေ့ဆုံရန်အတွက် ဂျူးတို့၏ အကြီးအကဲနှစ်ဦးဖြစ်သော ဟုယိုင်ယ်အိဗ်နိအတ်စ်သာခ်နှင့် ကအ်ဗ်အိဗ်နိအရှ်ရဖ်တို့သည် ၎င်းတို့အုပ်စုတစ်စုနှင့် လာရောက်ခဲ့ကြသည်။ ဂျူးအကြီးအကဲ ကအ်ဗ်အိဗ်နိအရှ်ရဖ်သည် အဗူစွဖ်ယာမ်နှင့် တွေ့ဆုံ၍ တမန်တော်မြတ် ﴿ﷺ﴾ သခင်ကို ဆန့်ကျင်တိုက်ခိုက်ရာတွင် အဗူစွမ်ယာမ်နှင့်ပူးပေါင်းလုပ်ဆောင်မည်ဟုဂတိပြုခဲ့သည်။ မက္ကာမြို့သားများက ကအ်ဗ်အိနိအရှ်ရပ်နှင့် သူ့လူများအား မမှန်မကန်သော ကတိကဝတ်များပြုလုပ်ကာ လိမ်လည်သောသူများဖြစ်ကြောင်း ပြောခဲ့ကြသည်။ ထို့နောက်

ဣျူးများသည် ၎င်းတို့ပြောသည့်အတိုင်း လုပ်မည်ဟုဆိုလျှင် ထိုတွင်ရှိသော သီးခြားရုပ်ထုများဖြစ်သည့် ဂျိဗတ်နှင့် သွာဃူသ်တို့ ရှေ့ဝယ်ဦးချရမည်ဟု ပြောခဲ့သည်။

ထို့ကြောင့်ကုရိုက်ရှ်လူမျိုးများ၊ စိတ်ချယုံကြည်စေရန် ၎င်းသည် ပြောသည့်အတိုင်း လုပ်ခဲ့သည်။ ထို့နောက် ကအ်ဗ်က ကုရိုက်ရှ်တို့အား ပြောသည်မှာ "အသင်တို့အထဲမှလူသုံးဆယ်နှင့် ကျွန်ုတို့ထဲမှ လူသုံးဆယ်တို့ ရှေ့သို့ထွက်လာပါစေ။ သို့မှသာ ကျွန်ုတို့သည် ကအ်ဗဟ်ဝတ်ကျောင်းတော်၏ အရှင်သခင်ရှေ့မှောက်တွင် မုဟမ္မဒ် ﷺ သခင်အား ကျွန်ုတို့အားလုံး ပူးပေါင်းတိုက်ခိုက်ကြမည်ဟူသော အဓိဋ္ဌာန်ကို ကြေညာကြပါမည်။

ကအ်ဗ်ထံမှ ဤအဆိုပြုချက်ကို ကုရိုက်ရှ်လူမျိုးများနှစ်သက်ကြကာ ဤနည်းဖြင့် မုစ်လင်မ်များအား ဆန့်ကျင်တိုက်ခိုက်ရန် စည်းစည်းလုံးလုံးနှင့် စစ်မျက်နှာဖွင့်ခဲ့ကြသည်။ ထို့နောက် အဗူစွဖ်ယာမ်က ကအ်ဗ်အား ပြောသည်မှာ "အသင်သည် အသိပညာရှိသူဖြစ်သည်။ သင့်ထံတွင် အလ္လာဟ်အရှင်မြတ်ကျမ်းတော်လည်း ရှိသည်။ သို့သော်လည်း ကျွန်ုပ်တို့မှာကား လုံးဝဥဿုံ အသိပညာမဲ့ကြသည်။ ကျွန်ုပ်တို့နှင့်ပတ်သက်၍ အသင်မည်သို့တွေးထင်သည်ကို ကျွန်ုပ်တို့သိပါရစေ။ ကျွန်ုပ်တို့သည် လမ်းမှန်ပေါ်မှာရှိသလော၊ (သို့) မုဟမ္မဒ်ﷺ သည် လမ်းမှန်ပေါ်မှာရှိသလောဟူသည်ကို ကျွန်ုပ်တို့အားပြောကြားပါလေ။

ကအ်ဗ်က "အသင်တို့၏ သာသနာဘာလဲ" ဟုမေးသည်။ အဗူစွဖ်ယာမ်က "ကျွန်ုပ်တို့သည် ဟဂ်အတွက် ကုလားအုင်္ဂန်များကို ဇဗာဟ်လည်းလှီးဖြတ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားဖူးများကို ကုလားအုင်္ဂန်ိများပေး၍ ဧည့်သည်များကို ဧည့်ခံပါသည်။ ကျွန်ုပ်တို့သားချင်းများနှင့် ကောင်းမွန်သောဆက်ဆံရေး ထားရှိသည်။ ကျွန်ုပ်တို့သည် အလ္လာဟ်အိမ်တော်ကို သဝါဖ်လှည့်လည်၍ အုမ္မရဟ်လည်းပြုလုပ်ကြသည်။ ဤသည်တို့နှင့် ဆန့်ကျင်၍ မုဟမ္မဒ် ﷺ သည် သူ၏မိရိုးဖလာဘာသာတရားကို စွန့်လွှတ်ကာ ၎င်း၏လူများနှင့် လည်းအဆက်ဖြတ်ထားခဲ့ကြပါသည်။ ထိုမျှမက ၎င်းသည် ကိုယ်ပိုင်ဘာသာတရားအသစ်တစ်ရပ်တည်ထောင်၍ ကျွန်ုပ်တို့၏ မိရိုးဖလာဘာသာတရားကို စိန်ခေါ်အံတုခဲ့သည်။" ဟု ပြောကြားခဲ့သည်။

ထိုစဉ် အလ္လာဟ်အရှင်မြတ်သည် ဤအာယသ်တော်များချပေးခဲ့ခြင်းကြောင့် ၎င်းတို့၏ လိမ်ညာခြင်းနှင့် လှည့်ဖြားခြင်းများပေါ်လွင်သွားခဲ့သည်။ **(ရူဟုလ်မကာနီ)**

## ရုပ်ဝတ္ထုအကျိုးစီးပွားနောက်သို့ မျက်စိစုံမှိတ်လိုက်ခြင်းသည် တစ်ခါတစ်ရံတွင် လူသားတစ်ဦးအား ဘာသာတရားနှင့် အီမာန်ယုံကြည်မှု စွန့်လွှာသွားစေပါသည်

ကအ်ဗ်အိပ်နိအရှ်ရဖ်သည် ဣျူးများထဲတွင် ထင်ရှားပေါ်လွင်သော ပညာရှင်တစ်ပါးဖြစ်သည်။ ၎င်းသည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်၍ အရှင်မြတ်မှအပ မည်သည်ကိုမျှ မကိုးကွယ်ပါ။ သို့သော်လည်း ပုဂ္ဂိုလ်ရေးဆန္ဒများပေါ် အထင်ကြီးလွန်းမှုသည် ၎င်း၏နှလုံးသားနှင့်စိတ်ကို လွှမ်းမိုးသွားသောအခါ မုစ်လင်မ်များကို ဆန့်ကျင်၍ ကုရိုက်ရှ်များနှင့် ပူးပေါင်းရန် လက်တွဲခဲ့သည်။ ကျွန်ုပ်တို့ သိပြီးခဲ့သည့်အတိုင်း ကုရိုက်ရှ်များသည် ၎င်းတို့နှင့် ပူးပေါင်းရန်အတွက် ၎င်းတို့၏ ရုပ်ထုများရှေ့၌ ဦးချသင့်သည်ဆိုသောအချက်ကိုထည့်သွင်းထားခဲ့သည်။

သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ ရည်မှန်းချက်ပြည့်ဝစေရန် ဤဆေးခါးကြီးကို သူမျိုချရပါတော့သည်။ ဤတွင် ၎င်းသည် ကုရိုက်ရှ်များတောင်းဆိုသည်ကိုဖြည့်ဆည်းရန် အလျော့ပေးခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရပါသည်။ ယင်းသည် သူဘာသာတရားနှင့် ဆန့်ကျင်ပေသည်။ သို့သော်လည်း ၎င်းသည် ၎င်း၏ဘာသာတရားယုံကြည်မှုများအတိုင်း ရပ်တည်ရန် မကြိုးပမ်းခဲ့ပါ။ အလွန်အရေးကြီးသည့် ကိစ္စတစ်ရပ်နှင့် ပတ်သက်၍ပင် ၎င်းသည် ကိုရိုက်ရှ်တို့နှင့်ခွဲခွာရန်သတ္တိမပြသနိုင်ခဲ့ပါ။ ဗလ်အမ်အိဗ်နိဗာအူးရ်နှင့်ပတ်သက်သော အလားတူဖြစ်ရပ်မျိုးကို ကုရ်အာန်ကျမ်းတော်မြတ်၌ဖော်ပြထားသည်မှာ-**وَاتْلُ عَلَيْهِمْ نَبَاَ الَّذِىْٓ اٰتَيْنٰهُ اٰيٰتِنَا فَانْسَلَخَ مِنْهَا فَاَتْبَعَهُ الشَّيْطٰنُ فَكَانَ مِنَ الْغٰوِيْنَ** ၎င်းပြင် (အိုနဗီတမန်တော်) အသင် ထိုသူတို့ရှေ့ဝယ် အကြင်သူ၏ အကြောင်းကို ဖတ်ကြားပါလေ။ ငါအရှင်မြတ်သည် ထိုသူအား မိမိသက်သေလက္ခဏာများ၊ (ဝါ) အမိန့်ပညတ်တော်များ၏အသိပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ တစ်ဖန်ထိုသူသည် ယင်းသက်သေလက္ခဏာ များကို စွန့်၍ထွက်သွား ခဲ့လေသည်။ သို့ဖြစ်ရာ "ရှိုင်တွာန်" မိစ္ဆာကောင်သည် ၎င်း၏နောက်သို့ လိုက်ပါခဲ့လေသည်။ ထို့နောက် ၎င်းသည်လမ်းမှားသူတို့တွင် အပါအဝင်ဖြစ်ခဲ့လေသတည်း။ (၇း၁၇၅)

အကျယ်ပြန်ဆိုသူများက ဗလ်အမ်အိဗ်နိဗာအူးရ်သည် ပညာရှင်တစ်ပါးလည်းဖြစ်၍ နာမ်ပိုင်းဆိုင်ရာ စွမ်းပကားအသုံးချနိုင်သော ဖုန်းတောင်းယာစကာတစ်ဦးလည်း ဖြစ်သည်။ သို့သော်လည်း ၎င်း၏ပုဂ္ဂိုလ်ရေးဆန္ဒများကိုရရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် စိုက်ယိဒိနာမူစာ ﴿عليه السلام﴾ သခင်အား ဆန့်ကျင်၍ ဆိုးဝါးသော အကြံအစည်များဆောင်ရွက်ခဲ့ရာတွင် ၎င်းသည် တမန်တော်မူဆာ ﴿عليه السلام﴾နှင့် ပတ်သက်၍ ဘာတစ်ခုမျှ အောင်မြင်မှုမရခဲ့ပါ။ သို့သော်သူသာလျှင် ကျိန်စာသင့်၍ လမ်းမှားသို့ ရောက်ခဲ့ပါသည်။ ဤသည်က ကျွန်ုပ်တို့အား ပြောသည်မှာ ကျမ်းစာအုပ်တစ်ခုမှ ရွေးချယ်ကောက်နှုတ်ထားသော ဘာသာရေးအသိပညာသည် ဆန္ဒရှိသောအကျိုးအမြတ်ရရန်ဆိုသည့် အာမခံချက်မရှိပါ။ ထိုကဲ့သို့ရှာဖွေရရှိသော အသိပညာအရ ကျင့်ကြံရန်သာလိုအပ်သည်။ ဥစ္စာပစ္စည်းဆိုင်ရာ လောဘနှင့် ကာမဂုဏ်ဆန္ဒများကို လုံးဝဥဿုံ မရှောင်ရှားနိုင်သ၍ ကျင့်ကြံရန်မှာ မဖြစ်နိုင်ချေ။ တစ်နည်းအားဖြင့် လူသားသည် သူ၏ဆန္ဒများကို ဘာသာတရားပေါ်ချစ်မြတ်နိုးသကဲ့သို့ ချစ်မြတ်နိုးတွယ်ဖက်နေမည်ဆိုလျှင် ယင်းဆန္ဒများကို စွန့်လွှတ်နိုင်ရန် တတ်နိုင်လိမ့်မည်မဟုတ်ချေ။ ကျွန်ုပ်တို့ခေတ်ကာလတွင် ဥစ္စာပစ္စည်းနှင့် နိုင်ငံရေးဆိုင်ရာပန်းတိုင်များအတွက် ၎င်းတို့၏ စစ်မှန်သော အယူဝါဒကို စွန့်လွှတ်မည့်သူများရှိကြပါသည်။ အချို့သူတို့သည် ၎င်းတို့ လောကီရေးဆိုင်ရာ ယုံကြည်ချက်များကို အစွန်လာမ် ဘာသာရေးဆိုင်ရာအယူအဆဖြစ်စေရန် ပိုမိုကြိုးစားလာကြပါသည်။ ထိုကဲ့သို့သောသူများသည် အလွှာဟ်အရှင်မြတ်နှင့် လူသားကြား ပြုလုပ်ထားသော ပဋိညာဉ်ကို ဂရုမစိုက်သကဲ့သို့ အာခိရသ်တမလွန်ဘဝတွင် ၎င်းတို့ဘာဖြစ်မည် ဆိုသည်ကိုလည်း ပူပင်သောကမရှိကြပါ။ ဤကဲ့သို့ဖြစ်ရခြင်းသည်မှာ စစ်မှန်ပြီးမှန်ကန်သော အယူဝါဒကို စွန့်လွှတ်၍ ရှိုင်တွာန်၏ နောက်လိုက်သွားခြင်းကြောင့် ဖြစ်သည်။

**အလွှာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးစေခြင်းသည် ဤကမ္ဘာလောကနှင့် တမလွန်အာခိရသ်တွင်ပါ ဂုဏ်သရေယုတ်လျော့စေပါသည်။**

ကုရ်အာန်ကျမ်းတော်မြတ်ပါ လအ်နသ် ("ပိုမိုတိကျ၍တူညီသောစကားလုံးမရှိသောကြောင့် ကရုဏာ

တော်မှကင်းဝေးစေခြင်းဟု ပြန်ဆိုထားသည်")ဟူသောစကားလုံးကဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အသနားတော်မှ ကင်းဝေစေခြင်းသည် အလွန့်အလွန်တန်ဖိုးကျစေ၍ ဂုဏ်သရေယုတ်လျော့စေပါသည်။ မည်သူမဆို "လအ်နသ်" အောက်ရောက်သွားလျှင် အလ္လာဟ်အရှင်မြတ်နှင့် မနီးကပ်နိုင်တော့ပါ။ ထိုကဲ့သို့ "လအ်နသ်" ကျခံရသူများအတွက် ပြစ်တင်ဆုံးမှုသည် အလွန်လေးနက်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ- **مَلْعُوْنِيْنَ اَيْنَمَا ثُقِفُوْٓا اُخِذُوْا وَقُتِّلُوْا تَقْتِيْلًا** "ကရုဏာတော်မှ ကင်းဝေးစေကြရသူများအဖြစ်နေရကြရသည့်အပြင် မည်သည့်နေရာ၌ မဆိုတွေ့ရှိခဲ့ကြရလျှင် ၎င်းတို့သည် ဖမ်းဆီးခြင်းခံကြရပေမည်။ ထို့ပြင် ၎င်းတို့သည် ပြင်းထန်စွာ သတ်ဖြတ်ခြင်းကို ခံကြရပေမည်။ (၃၃:၆၁)

ဤသည်မှာ ဤလက်ရှိလောကတွင် ၎င်းတို့၏ ဂုဏ်သရေယုတ်လျော့ခြင်းဖြစ်သည်။ အာခိရတ် တမလွန်ဘဝတွင် ဂုဏ်သရေယုတ်လျော့ခြင်းကား စဉ်းစား၍ပင်မရလောက်အောင်ပင် ဖြစ်လိမ့်မည်။

## အလ္လာဟ်အရှင့် "လအ်နသ်" နှင့် မည်သူထိုက်သင့်သနည်း

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် (၅၂)ပါ စကားလုံးများ-**وَمَنْ يَّلْعَنِ اللّٰهُ فَلَنْ تَجِدَ لَهٗ نَصِيْرًا** ကဖော်ပြသည်မှာ မည်သူမဆို အလ္လာဟ်အရှင်မြတ်ကရုဏာတော်မှ ကင်းဝေးလျှင် ယင်းအကျဉ်းအကျပ်ဖြစ်ခြင်းမှ ၎င်းအား ကယ်တင်နိုင်သူမရှိပါ။ စဉ်းစားရန်အချက်မှာ "ဤအလ္လာဟ်အရှင်မြတ်၏ လအ်နသ်နှင့် ထိုက်သင့်သည့် သူများကား မည်သူ များနည်း"။

ဟဒီးဆ်တော်တစ်ပုဒ်အရ တမန်တော်မြတ် ﷺ သခင်သည် အတိုးယူသူ၊ အတိုးပေးသူ၊ အတိုးစားသူနှင့် အတိုးကိစ္စတွင် ရေးသားသူ၊ သက်သေလိုက်သူများသည် အားလုံးအတူတူပြစ်မှုကျူးလွန်သူဖြစ်သောကြောင့် ၎င်းတို့အားလုံး "လအ်နသ်" အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးစေတော်မူပါစေဟု ကျိန်ဆဲခဲ့ပေသည်။ **"မစ်ရှ်ကသ်ကျမ်းတွင်လာကဲ့သို့ မုစ်လင်မ်ကျမ်းတွင် ဆင့်ပြန်ထားချက်"**

အခြားဟဒီးဆ်တစ်ခုထဲတွင်- **مَلْعُوْنٌ مَنْ عَمِلَ عَمَلَ قَوْمِ لُوْطٍ** လုသ်(အလိဟိဿလာမ်)သခင်၏ အုမ္မသ်နောက်လိုက်များပြုလုပ်ကြသကဲ့သို့ ပြုလုပ်သူများ "လအ်နသ်"ကျပါစေဟု တမန်တော်မြတ်ကြီးက မိန့်ကြားထားခဲ့သည်။ မစ်ရှ်ကသ်ကျမ်းတွင်လာရှိသည့် ရာဇင်န်၏ ဆင့်ပြန်ချက်အရ ယင်းသည် လိင်တူဆက်ဆံသူများကိုရည်ညွှန်းသည်။ ထို့နောက် တမန်တော်မြတ်မိန့်ခဲ့သည်မှာ "အသေးအမွှား ပစ္စည်းများဖြစ်သော ဥများနှင့်ကြိုးများပါမကျန်ခိုးသူကို အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကရုဏာတော်မှကင်းဝေးစေသည်။ ယင်းအတွက် ပြစ်ဒဏ်ပေးခြင်းမှာ သူ၏လက်ဖြတ်ပြစ်ခြင်းဖြစ်သည်။ **(မစ်ရှ်ကသ်)**

အခြားဟဒီးဆ်တော်တွင် တမန်တော်မြတ် ﷺ မိန့်ကြားခဲ့သည်မှာ-**لَعَنَ اللّٰهُ اٰكِلَ الرِّبٰوا وَمُؤْكِلَهٗ وَالْوَاشِمَةَ وَالْمُسْتَوْشِمَةَ وَالْمُصَوِّرَ** "အလ္လာဟ်အရှင်မြတ်သည် အတိုးစားသူ၊ အတိုးဖြင့်ငွေချေးသူ၊ အခြားအမျိုးသမီးတစ်ဦးအား ဆေးမင်ကြောင်ထိုးပေးသူ၊ မိမိကိုယ်မိမိ ဆေးမင်ကြောင်ထိုးသူနှင့် ရုပ်ပုံ၊ ဓါတ်ပုံရေးဆွဲသူအား အရှင်မြတ်၏ကရုဏာတော်မှကင်းဝေးစေသည်" ဟူ၍ ဖြစ်သည်။ **(မစ်ရှ်ကသ်ကျမ်းမှ ဗုခါရီကျမ်း)**

နောက်အခြားဟဒီးဆ်တော်တွင် "အလ္လာဟ်အရှင်မြတ်သည် အရက်သေစာသောက်သုံးသူနှင့် တည်ခင်းဧည့်ခံသူ၊ ရောင်းသူ၊ ဝယ်သူ၊ အရက်ချက်သူများ၊ သယ်ပို့သူများ၊ မှာကြားသူများအားလုံးပေါ်၌ အရှင်မြတ်၏ "လအ်နသ်" ကရုဏာတော်မှကင်းဝေးစေတော်မူသည်"ဟု တမန်တော်မြတ်﴿ﷺ﴾ မိန့်ကြားတော်မူခဲ့သည်။ **(မစ်ရှ်ကသ်ကျမ်းမှအူဒါဝူးဒ်-အိဗ်နိမာဂျဟ်)**

အခြားဟဒီးတော်တွင် တမန်တော်မြတ် ﴿ﷺ﴾ သခင်မိန့်ကြားသည်မှာ "ကျွန်ုပ်ကလည်း (လအ်နသ်) ပြု၍ အလ္လာဟ်အရှင်မြတ်ကလည်း "လအ်နသ်"ပြုထားသောသူ (၆)မျိုးရှိပေသည်။ ထို့ပြင် တမန်တော်တိုင်းသည်ငင်းတို့ ဆုဒုအာများ၏ လက်ခံခြင်းဖြင့် ကျောင်းချီးမင်္ဂလာရရှိထားသူများဖြစ်ကြသည်။ ထို (၆)မျိုးကား-

(၁) အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်နှင့်ပတ်သက်၍ အပိုထည့်သွင်းသူများ။

(၂) တစ်စုံတစ်ဦးသည် တန်ခိုးအာဏာကို အင်အားနှင့် အကြမ်းဖက်၍ရကာ အလ္လာဟ်အရှင်မြတ်က ဂုဏ်သရေယုတ်လျော့စေသူတစ်ဦးကို ဂုဏ်ပေးခြင်းနှင့် အလ္လာဟ်အရှင်မြတ်ဂုဏ်ပေးထားသူတစ်ဦးကို ဂုဏ်အသရေယုတ်လျော့စေသူ။

(၃) အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဋ္ဌာန်းထားသော ကံကြမ္မာ rYdqT (သက်ဒီရ်)ကို ငြင်းပယ်သူ။

(၄) အလ္လာဟ်အရှင်ပြုလုပ်ထားသော ဟရာမ်တရားမဝင်မှုကို ဟလာလ်တရားဝင်သည်ဟု မှတ်ယူသူ။

(၅) ကျွန်ုပ်၏ (ကိုယ်တော်မြတ်၏) သားစဉ်မြေးဆက်မှ တားမြစ်ပိတ်ပင်ထားသည်များကို တရားဝင်သည် ဟလာလ်ဟု သတ်မှတ်သူ။

(၆) ထို့ပြင် ကျွန်ုပ်၏ စွန့်ခွာတော်လမ်းစဉ်များကို စွန့်လွှတ်သူ။

**(မစ်ရှ်ကသ်ကျမ်းမှတဆင့် ဗိုင်ဟက်၏အလ်မုဒ်ခါလ်ကျမ်း )**

အခြားဟဒီးဆ်တော်တွင် တမန်တော်မြတ် ﴿ﷺ﴾ မိန့်ကြားခဲ့သည်မှာ-**لَعَنَ اللّٰهُ النَّاظِرَ وَالْمَنْظُوْرَ اِلَيْهِ** အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်မှကင်းဝေးခြင်းသည်ကြာပစ်သူနှင့် ကြာကြည့်သူ (ငန်းငန်းတက်တပ်မတ်စွာကြည့်သူ)နှင့် ကြာကြည့် အကြည့်ခံရသူ (ငန်းငန်းတက်တပ်မတ်စွာကြည့်ခံရသူ) ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်ကရုဏာတော်မှ ကင်းဝေးမှုသည် တစ်စုံတစ်ဦးအား မကောင်းသောနည်းနှင့် ကြည့်သည့်မည်သူမဆိုအပေါ် ဝယ်ကျသည်ဆိုရာ၌ အကြည့်ခံရသူနှင့် ကြည့်သူဆိုသည်မှာ မဲဟ်ရမ်မဟုတ်သူ တစ်ဦးကို ဖြစ်သည်။ မဲဟ်ရာမ်ဖြစ်သောမိသားစုဝင်မှာမူ တစ်ဦးနှင့်တစ်ဦးကြည့်ခွင့်ရှိ၍ ၎င်းတို့သည် လက်ထပ်ပိုင်ခွင့် အမြဲတမ်းပိတ်ပင်ထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အခြားသူတစ်ဦးကိုကြည့်သူ "နာဇီးရ်"ကဲ့သို့သောသူသည် အလ္လာဟ်အရှင်မြတ်ကရုဏာတော်မှကင်းဝေးသည်။ မန်ဇူးရ်အိလာဟီအဆိုအရ တဏှာရမက်သည် ထိုစိတ်ဖြင့် ကြည့်သူ (သို့) ကြည့်စေရန် တမင်တကာဖိတ်ခေါ်သောသူမသည်လည်း အလားတူအလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးသည်။

စိုက်ယိဒိနာ အဗူဟုရိုင်ရဟ် ﴿ﷺ﴾ သခင်ဆင့်ပြန်ခဲ့သည်မှာ-

**لَعَنَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ الرَّجُلَ يَلْبَسُ لبسَةَ الْمَرْأَةِ، وَالْمَرْأَةَ تَلْبَسُ لبسَةَ الرَّجُلِ**

တမန်တော်မြတ်﴿ﷺ﴾ သခင်သည် မိန်းမကဲ့သို့ဝတ်စားဆင်ယင်သောယောကျ်ားဖြစ်စေ၊ ယောကျ်ားကဲ့သို့ဝတ်ဆင်ထားသောမိန်းမဖြစ်စေတို့ကို အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှကင်းစေရန် "လအ်နသ်" ကျိန်ဆိုခဲ့သည်" မတ်ရှ်ကသ်ကျမ်းတွင် အဗူဒါဝူးဒ်ကျမ်းမှ ဆင့်ပြန်ချက်မှာလာရှိသည်။

**عن عائشة رضى اللّه تعالى عنها أن امراة تلبس النعل، قالت لعن رسول اللّه صلى اللّه عليه وسلم الرجلة من النساء**

"တစ်စုံတစ်ဦးသည် အမျိုးသားများ၏ ခြေနင်းများကိုစီးသည့်အမျိုးသမီးတစ်ဦးအကြောင်း စိုက်ယိဒါဟ်အာအိရှဟ် ﴿ﷺ﴾ သခင်မကို ပြောကြားခဲ့သည်။ စိုက်ယိဒါဟ်အာအိရှဟ် ﴿ﷺ﴾ သခင်မကြီးက အမျိုးသားတို့နည်းလမ်းများအတိုင်း ပြုလုပ်သောအမျိုးသမီးကို အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ် ﴿ﷺ﴾ သခင်က လအ်နသ်ပြုခဲ့သည်ဟု မိန့်ကြားခဲ့သည်။

စိုက်ယိဒိနာ အိဗ်နိအဗ္ဗာစ် ﴿ﷺ﴾သခင်မှတဆင့် ဆင့်ပြန်ခဲ့သည်မှာ-

**عن ابن عباس رضى اللّه عنهما قال: لعن النبى صلى اللّه عليه وسلم المخنثين من الرجال، والمترجلات من النساء وقال اخرجوهم من بيو تكم** (رواه البخارى بحواله مشخوة)

"တမန်တော်မြတ် ﴿ﷺ﴾ သခင်သည် အမျိုးသားများထဲမှ မိန်းမဆန်သော အမျိုးသားများ (၎င်းတို့သည် အဝတ်အစားနှင့် အသွင်အပြင်တွင်ပါမိန်းမကဲ့သို့ဖြစ်သောသူ)နှင့် မိန်းမများထဲမှ ယောကျ်ားစိတ်ပေါက်သူ (၎င်းတို့သည်အဝတ်အစားအသွင်အပြင်နှင့် သွားလာလှုပ်ရှားနည်းများတွင် အမျိုးသားများကဲ့သို့ဖြစ်သောသူ) တို့အပေါ်၌ "လအ်နသ်"ပြုခဲ့သည်။ ထို့ပြင် ကိုယ်တော်မြတ်က "ထိုသူတို့အား သင့်အိမ်မှဖယ်ထုတ်ပြစ်ပါ"ဟု မိန့်ကြားခဲ့သည်။ **(မစ်ရှ်ကသ်ကျမ်းမှဗုခါရီ)**

အလ်ဗုခါရီကျမ်းတွင် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အူးဒ် ﴿ﷺ﴾ မိန့်ကြားခဲ့သည်ကိုတင်ပြထားသည်မှာ-

**لعن اللّه الواشمات والمستوشمات والمتنمصات والمتفلجات للحسن المغير ات خلق اللّه**

"အလ္လာဟ်အရှင်မြတ်၏ ကရုဏာကင်းဝေးခြင်းသည် ဆေးမင်ကြောင်ထိုးသူများ၊ ဆေးမင်ကြောင် အထိုးခံရသူများ၊ အလှအပကိုအထောက်အကူဖြစ်စေရန် မျက်ခုံးမွေးနှုတ်သူနှင့် သွားများကိုပြုပြင်ပြောင်းလဲ သူတို့ဖြစ်သည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုကိုပြုပြင်ပြောင်းခြင်းပြုလုပ်သူများဖြစ်ကြသည်"

## "လအ်နသ်"နှင့် ဆိုင်သော စည်းမျဉ်းဥပဒေများ

လအ်နသ်သည် တစ်စုံတစ်ဦးအား ရှုတ်ချခြင်း (သို့) တစ်စုံတစ်ဦးပေါ် မကောင်းမှုကျရောက်စေရန် တောင်းခံခြင်းဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန့်သုံးနှုန်းသော ၎င်းစကားလုံးနှင့်တူသည့် စကားလုံးမှာ "ကျိန်ဆဲ"ခြင်းဖြစ်သည်။ လအ်နသ်ဟူသောစကားလုံးဖြစ်သော ကျိန်ဆဲအတွက် အစားထိုးရန် စကားလုံးနှစ်မျိုးရှိသည်။ "ရှုတ်ချပြစ်တင်ခြင်း" နှင့် "ကျိန်စာတိုက်ခြင်း" တို့ဖြစ်သည်။ "ရှုတ်ချပြစ်တင်ခြင်း"သည် မျက်နှာချင်းဆိုင်လူသိရှင်ကြားပြစ်တင်ရှုတ်ချခြင်း (သို့) မကောင်းသောဆန္ဒထားခြင်းဖြစ်သည်။ ကျိန်စာတိုက်ခြင်းဆိုသည်မှာ လျှို့ဝှက်စွာဖော်ပြခြင်းဖြစ်သည်။ မည်သည့်အမည်နှင့်ပင် ခေါ်ပါစေ "လအ်နသ်"တောင်းခံခြင်းသည် လုပ်ရန်ပင်ကြောက်ရွံ့ဖွယ်တစ်ရပ်ဖြစ်သည်။ မကောင်းကျိုးများကျရောက်စေနိုင်သည့်အတိုင်းအတာအရ ကြီးလေးသောကန့်သတ်ချက်များ ပြုလုပ်ထားသည်။ မုစ်လင်မ်တစ်ဦးပေါ် "လအ်နသ်" ကျိန်ဆဲခြင်းသည် ဟရာမ် (တားမြစ်ထားသည်) ထို့ပြင် ဤကဲ့သို့သော ကျိန်ဆဲခြင်းကို ကာဖိရ်မယုံကြည် သွေဖည်ငြင်းပယ်သူတစ်ဦးပေါ် ကျိန်စာတိုက်နိုင်သည့် တစ်ခုတည်းသော အခြေအနေတစ်ရပ်မှာ ကျိန်ဆဲသူသည် ကျိန်ဆဲခံကို မယုံကြည်သွေဖည်ငြင်းပယ်သူ ကာဖိရ်အဖြစ်ဖြင့် သေမည့်သူ ဖြစ်ကြောင်း သေချာစေရမည်။ ဤကိစ္စနှင့်ပတ်သက်၍ တမန်တော်မြတ် ﷺ သခင်၏ ခိုင်လုံသော မိန့်ကြားချက်အချို့ကို အောက်တွင်ဖော်ပြထားသည်။

"စိုက်ယိဒနာအိဗ်နိမတ်စ်အူးဒ် ﷺ သခင် အဆိုအရ တမန်တော်မြတ် ﷺ သခင်မိန့်ကြားသည်မှာ"

**عن ابن مسعود قال قال رسولُ اللّه صلى اللّه عليه وسلم ليس المؤمن بالطّعّا ولا باللعان ولا البذى** (الترمذى بحواله مشكوة)

စစ်မှန်သော မုစ်လင်မ်တစ်ဦးသည် ထွေ့ငေါ့သူခြင်း၊ ကျိန်ဆဲခြင်း၊ ညစ်တီးညစ်ပတ်စကားပြောဆိုခြင်းများ အဘယ်သောအခါမျှ မပြုလုပ်။ **(မစ်ရှ်ကလ်မှ သိရ်မိဇီ)**

**عن ابى الدرداء قال سمعت رسول اللّه صلى اللّه عليه وسلم يقول:إنّ العبد إذا لعن شيئًا صعدت اللّعنة إلى السماء ' فتغلق ابواب السماء دونها،ثمّ تهبط الى الارض فتغلق ابو ابها دونها، ثم تاخذ يمينًاوشمالاً، فاذا لم تجدمساغًارجعت الى الّذى لعن فان كان لذلك اهلاً والارجعت الى قائلها** (رواه ابو داؤد بحواله مشكوة)

"တမန်တော်မြတ် ﷺ သခင်မိန့်ကြားခဲ့သည်ကို ကြားခဲ့ရသော စိုက်ယိဒိနာ အဗူအလ်ဒရ်ဒါ ﷺသခင် ပြောသည်မှာ" အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ပါးသည် တစ်စုံတစ်ရာ ကျိန်ဆဲလျှင် ထိုကျိန်စာသည် ကောင်းကင်သို့တက်သည်နှင့်တစ်ပြိုင်နက် ကောင်းကင်ရှိ တံခါးများက ပိတ်သွားပါသည်။ ထို့နောက် ထိုကျိန်စာအောက်ပြန်ဆင်းလျှင် မြေပြင်ရှိတံခါးများကလည်း ပိတ်သွားပါသည်။ (ဆိုလိုသည်မှာ ပထဝီမြေကြီးက ဤကျိန်စာကို လက်မခံပါ။) ထို့နောက် ယင်းကျိန်စာသည် ဘယ်ဘက်သို့လည်းကောင်း၊ ညာဘက်သို့လည်းကောင်း သွားရာ ဘယ်မှသွားရန် လမ်းစမရှိသောအခါ ကျိန်ဆဲသူထံပြန်၍ ရောက်သွားသည်။ ထို့ကြောင့် အကယ်၍ ကျိန်စာတိုက်ခံရသူသည် ၎င်းနှင့်ထိုက်တန်လျှင် ၎င်းပေါ် ကျရောက်သည်။ မထိုက်တန်လျှင် မူလကျိန်ဆဲသူ အပေါ် ကျရောက်၍ မကောင်းဆိုးဝါးသော ကျိန်စာသည်သူ့အပေါ်ပင် ကျပါတော့သည်။ **(အဗူဒါဝူးဒ်ကျမ်းကို ကိုးကား၍ မစ်ရှ်ကတ်ကျမ်း)**

عن ابن عباس ان رجلا نازعته الريح ردائه فلعنها فقال رسول اللّه صلى اللّه عليه وسلم: لا تلعنها فانها ما مورة، وانه من لعن شيئًا ليس له بَاهل رجعت اللَّعنة عليه. (رواه الترمذى بحواله مشكوة)

စိုက်ယိဒိနာအိဗ်နိအဗ္ဗားစ်﴿ﷺ﴾သခင် ဆင့်ပြန်ခဲ့သည်မှာ "လေတိုက်၍ လူတစ်ဦး၌ဝတ်ထည်လွှင့်စင်သွားရာ ထိုသူကလေအားကျိန်ဆဲခဲ့ပါသည်။ ထိုစဉ် တမန်တော်မြတ်﴿ﷺ﴾သခင်မိန့်ကြားခဲ့သည်မှာ "လေကိုမကျိန်ဆဲပါနှင့် လေသည်အမိန့်အရ (အလ္လာဟ့်ထံမှ)ပြုလုပ်ပါသည်။ ထို့ပြင် (အသင်သတိရပါလေ) မည်သူမဆိုကျိန်စာမထိုက်သော တစ်စုံတစ်ခုအပေါ်၌ ကျိန်ဆဲမိပါလျှင် ယင်းကျိန်စာသည် မည်သူ့ထံမှမရောက်ဘဲ ကျိန်ဆဲသူထံသာ ပြန်ရောက်ပါလိမ့်မည်။" **(သိရ်မိဇီကိုကိုးကား၍ မစ်ရှ်ကသ်ကျမ်းစာ-၄၁၃)**

## ဥပဒေသများ

(၁) သီးခြားသူတစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ ၎င်းသည်မယုံကြည်သွေဖည်ငြင်းပယ်သူကုဖ်ရ်အဖြစ်နှင့် သေဆုံးသွားကြောင်း မသေချာသေးဘဲ ၎င်းအပေါ် "လအ်နသ်"ပြုကျိန်ဆိုခြင်းခွင့်မပြုချေ။ ၎င်းသူမှာ ဂုနာဟ်ပြစ်မှုကျူးလွန်ခဲ့သူတစ်ဦးလျှင် ဖြစ်ပါစေကျိန်ဆို "လအ်နသ်"ပြုခွင့်မရှိပါ။ ဤမူပေါ် အခြေခံ၍ အလ္လာဟ်မအ်အိဗ်နိအာဗိဒီးန်ကယဇီးဒ်အပေါ် ကျိန်ဆဲ "လအ်နသ်"ပြုခြင်းမပြုရန် အကြံပြုထားသည်။ သို့သော်လည်း မယုံကြည်သွေဖည်သူအဖြစ်နှင့် သေဆုံးသွားသောသီးခြား ကာဖိရ်တစ်ဦးအတွက်ဆိုလျှင်မူ ပမာအားဖြင့် အဗူဂျဟဲလ်နှင့် အဗူလဟဗ်ကဲ့သို့သောသူအတွက်မူ ခွင့်ပြုပေသည်။ **(ရှာမီကျမ်း-အတွဲ(၂) စာ-စ၃၆)**

(၂) မည်သူတစ်စုံတစ်ဦးဟူ၍ အမည်နာမမတတ်ဘဲကျိန်ဆို "လအ်နသ်"ပြုခြင်းကို ခွင့်ပြုသည်။ ပမာဆိုသော် လူလိမ်များ (သို့မဟုတ်) မင်းဆိုးမင်းညစ်များအပေါ် အလ္လာဟ်အရှင်မြတ်၏ လအ်နသ်ကျရောက်ပါစေဟူသော ကျိန်ဆိုခြင်းမျိုးဖြစ်သည်။

(၃) စာပေသဘောအရ "လအ်နသ်" ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးစေခြင်းဖြစ်သည်။ အစွမ်လာမ့်ရှရီအသ်တရားတော်အသုံးအနှုန်းအရ မယုံကြည်သွေဖည်ငြင်းပယ်သူများပေါ်ကျိန်ဆိုလျှင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ဝေးသထက်ဝေးစေလိုခြင်းကို ရည်ညွှန်းသည်။ မုစ်လင်မ်များအပေါ် ကျိန်ဆိုလျှင် ၎င်းတို့၏ဖြောင့်မတ်မှန်ကန်မှုအဆင့်အတန်း နိမ့်ကျစေရန် ရည်ညွှန်းခြင်းဖြစ်သည်။ **(အလ်ကုဟစ်ရှ်သာနီမှ ရှာမီကျမ်းတွင်တင်ပြချက်အတွဲ-၂၊ စာ-၈၃၆)** ထို့ကြောင့် မုစ်လင်မ်တစ်ဦး၏ ကောင်းမှုကောင်းရာလုပ်ရပ်များလျော့နည်းစေရန် ဆုတောင်းခြင်းမျိုးကို ခွင့်မပြုချေ။

v v v v v v v v

အာယသ် (၅၃-၅၅)

أَمْ لَهُمْ نَصِيبٌ مِّنَ الْمُلْكِ
فَإِذًا لَّا يُؤْتُونَ النَّاسَ نَقِيرًا ﴿٥٣﴾ أَمْ يَحْسُدُونَ النَّاسَ
عَلَىٰ مَا آتَاهُمُ اللَّهُ مِن فَضْلِهِ ۖ فَقَدْ آتَيْنَا آلَ
إِبْرَاهِيمَ الْكِتَابَ وَالْحِكْمَةَ وَآتَيْنَاهُم مُّلْكًا عَظِيمًا ﴿٥٤﴾
فَمِنْهُم مَّنْ آمَنَ بِهِ وَمِنْهُم مَّن صَدَّ عَنْهُ ۚ وَكَفَىٰ بِجَهَنَّمَ
سَعِيرًا ﴿٥٥﴾

သို့တည်းမဟုတ် ၎င်း (ယဟူဒီ)တို့၌တစ်စိတ်တစ်ဒေသမျှ ဩဇာအာဏာ သည် ရှိလေသလော။ သို့ရှိခဲ့ပါလျှင် (မိမိတို့ရရှိထားသော ဩဇာအာဏာများ အနက်မှ)နှမ်းစေ့ခန့်မျှပင်သူတစ်ပါးတို့အား ပေးကြလိမ့်မည်မဟုတ်ပေ။ (၄း၅၃)

သို့တည်းမဟုတ် ၎င်း(ယဟူဒီ)တို့သည် အလ္လာဟ်အရှင်မြတ်က မိမိကျေးဇူးတော်အနက်မှ အခြားသူတို့အား ချီးမြှင့်ပေးသနားတော်မူသော အရာများနှင့် စပ်လျဉ်း၍ မနာလိုကြလေသလော။ သို့ဖြစ်လျှင် ငါအရှင်မြတ်သည် (နဗီတမန်တော်) အိဗ်ရာဟီမ်၏ အဆက်အနွယ်အား ကျမ်းဂန်ကိုလည်းကောင်း ဉာဏ်ပညာကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့သည်ပြင်၊ ငါအရှင်မြတ်သည် ၎င်းတို့အားကြီးကျယ်လှစွာသော (အုပ်ချုပ်မှု) ဩဇာအာဏာကိုလည်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသတည်း။ (၄း၅၄)

သို့တစေလည်း ယင်း (နဗီတမန်တော်၏အဆက်အနွယ်)တို့အနက် အချို့သူတို့သည် ထို(ကျမ်းဂန်နှင့် ဉာဏ်ပညာစသည်တို့ကို) ယုံကြည်ခဲ့ကြလေ၏။ သို့ရာတွင် ၎င်တို့အနက် အချို့သူတို့မှာမူကား ထို(ကျမ်းဂန်နှင့် ဉာဏ်ပညာစသည်တို့ကို ယုံကြည်ခြင်း)မှ သွေရှောင်ခဲ့ကြလေ၏။ အမှန်သော်ကား (ယင်းကဲ့သို့သူတို့အဖို့) အလျှံပြောင်ပြောင် တောက်လောင်သော ဂျဟန္နမ်ငရဲဘုံသည်ပင်ပြစ်ဒဏ်အဖြစ် လုံလောက်ပေသည်။ (၄း၅၅)

ပြီးခဲ့သောအာယတ်တော်များနှင့် အချိတ်အဆက်မပြတ်ဘဲ လက်ရှိအာယသ်တော်တွင် ဂျူးတို့၏ ထူးခြားသော အကျင့်စရိုက်အကြောင်း ဆက်လက်ဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုခြင်း
## ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မနာလိုဝန်တိုမှုဖြစ်ခြင်းအတွက် ဂျူးတို့အားဆုံးမသတိပေးခြင်း

အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်﴿ﷺ﴾ သခင်အားပေးသနားထားတော်မူသော အသိပညာ၊ ကျက်သရေ တင့်တယ်ခြင်း၊ မြင့်မားသောအဆင့်အတန်းနှင့် ထည်ဝါခန့်ညားသော ဝတ္ထရာတို့သည် ဂျူးများကို မနာလို ဝန်တိုဖြစ်စေပါသည်။ ၎င်းတို့၏ မနာလိုဝန်တိုမှုမှာ ဆင်ခြင်တုံတရားကင်းမဲ့သည်ဆိုခြင်းကို အကြောင်းပြချက်နှစ်ခုပေးထားသည်။ ပထမအကြောင်းပြချက်မှာအာယသ်တော် (၅၃)၌လည်းကောင်း၊ ဒုတိယအကြောင်းပြချက်မှာ အာယသ်တော်(၅၄)၌လည်းကောင်းပါဝင်သည်။ သို့သော်လည်း အကြောင်းပြချက်နှစ်ခုစလုံး၏ အကျိုးသက်ရောက်မှုရလဒ်မှာ အတူတူပင်ဖြစ်သည်။ ငြင်းဆိုချက်၏ တင်ပြမှုမှာ အသင်တို့၏ မနာလိုဝန်တိုမှုအခြေခံကားမည်သည်နည်း။ အကယ်၍သာ ဤမနာလိုဝန်တိုမှုသည် အသင်တို့ထင်သကဲ့သို့ အသင်တို့သည် အုပ်ချုပ်မှုဩဇာအာဏာ၏ စစ်မှန်သောအမွေဆက်ခံသူများဟူ၍လည်းကောင်း၊ တမန်တော်မြတ် ﴿ﷺ﴾ သခင်အပေါ် ပေးသနားထားသော ကောင်းချီးမင်္ဂလာများသည် စင်စစ်သင်တို့အတွက် ဖြစ်သည်ဟုလည်းကောင်း မှတ်ယူခဲ့ပါမူ ယင်းထင်မှတ်မှုအားလုံးမှားပါသည်။ ထို့ကြောင့် ယခုချိန်တိုင် သင်တို့အတွက် အုပ်ချုပ်မှုဩဇာအာဏာမရှိချေ။ အကယ်၍ အသင်တို့၌ ထိုသို့သောအုပ်ချုပ်မှုဩဇာအာဏာအချို့ အဝက်ရှိသည်ဆိုလျှင် ပင်အသင်တို့သည် မည်သူ့ကိုမျှမည်သည်မျှပေးမည့်သူများမဟုတ်ကြပါ။ အကယ်၍ အုပ်ချုပ်မှုသည် အသင်တို့ထံမှ တမန်တော်မြတ်ထံသို့ လွှဲပြောင်းခံရမှုအပေါ် အခြေခံသောမနာလိုဝန်တိုမှုဖြစ်လျှင် ကိုယ်တော်မြတ်အပေါ်သို့ အုပ်ချုပ်မှုဩဇာအာဏာအဘယ့်ကြောင့် ရောက်သွားသနည်းဟု မေးစရာမေးခွန်း ကျန်နေပါသည်။ အုပ်ချုပ်မှုဩဇာအာဏာရစေရန် ကိုယ်တော်မြတ်သခင်ထံ၌ မည်သည့်ထူးခြားပေါ်လွင် ထင်ရှားမှုရှိသနည်း။ အဖြေပေးထားပုံမှာ တမန်တော်မြတ်သည်လည်း ကိုယ်တော်မြတ်အလျှင် အုပ်ချုပ်မှုဩဇာအာဏာရရှိခဲ့သော တမန်တော်များ၏မိသားစုမှဆင်းသက်လာသူဖြစ်သည်။ ထို့ကြောင့် အုပ်ချုပ်မှု ဩဇာအာဏာသည် စင်စစ်သူစိမ်းတစ်ဦးထံရောက်ခဲ့သည်မဟုတ်။ ထို့ကြောင့် အသင်တို့၏ မနာလိုဝန်တိုမှုမှာ ဆင်ခြင်တုံတရားကင်းမဲ့ပေသည်။

## မနာလိုဝန်တိုမှု၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဥပဒေသများ

မုစ်စလင်မ်ကျမ်း၏ အကျယ်ဖွင့်ဆိုသူ အလ္လာမဟ်အလ်နဝဝီက"ဟစဒ်"ကို-اَلْحَسَدُ تَمَنّى زَوَالِ النِّعْمَةِ (မုစ်လင်မ်ကျမ်းအတွဲ-၂) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဆိုလိုသည်မှာ"ဟစဒ်"(မနာလိုဝန်တိုမှု)သည် အခြားတစ်စုံတစ်ဦး၏ ကောင်းချီးမင်္ဂလာများတနည်းနည်းဖြင့် ပျောက်ကွယ်သွားသည်ကို မြင်တွေ့လိုသော ဆန္ဒဖြစ်သည်။ ထို့ကြောင့် ဤသည်ကို ဟရာမ် (တားမြစ်ပိတ်ပင်)သည်။

**لا تبا غضوا ولا تحا سدوا ولا تدا بروا، وكونوا عباد اللّه اخوانًا،**
**ولا يحل لمسلم ان يهجر اخاه فوق ثلاث.**

တမန်တော်မြတ် ﷺ သခင် မိန့်ကြားခဲ့သည်မှာ "မမုန်းတီး နှင့် မနာလိုဝန်တိုမှုမဖြစ်နှင့်၊ တစ်ဦးနှင့် တစ်ဦး ကျောမခိုင်းကြနှင့်။ ယင်းသို့ပြုရမည့်အစား အလွှာဟ်အရှင်မြတ် ၏ကျေးကျွန်များသည် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုဖြစ်ကြသည်။ ထို့ပြင် မုစ်လင်မ်တစ်ဦးအတွက် ၎င်း၏ညီအစ်ကိုအား (၃)ရက်ထက်ပို၍ အဆက်ဖြတ်ခြင်းသည် တရားမဝင်ချေ။" **(မုစ်လင်မ်ကျမ်းတွဲ-၂)**

အခြားဟဒီးဆ်တော်တွင် တမန်တော်မြတ်ﷺ သခင် မိန့်ကြားတော်မူသည်မှာ -

**اياكم والحسد، فإن الحسد يأكل الحسنات كما تاكل النار الحطب**

"မနာလိုဝန်တိုမှုကို သတိပြုကြလော့။ အဘယ်ကြောင့်ဆိုသော် မီးသည် ထင်းကို လောင်စေသကဲ့သို့ မနာလိုဝန်တိုမှုသည် ကောင်းမှုကောင်းရာများကို လောင်ကျွမ်းပျက်စီးစေပါသည်။" **(အဗူဒါဝူဒ်ကျမ်းအရ၊ မစ်ရှ်ကားသ်ကျမ်း)**

တမန်တော်မြတ်ﷺ သခင်၏ မိန့်ကြားချက်ကို စိုက်ယိဒနာ ဇုဗိုင်ရ်ﷺ သခင်က ဆင့်ပြန်ခဲ့သည်မှာ-

**عن الزبير رضى اللّه عنه قال: قال رسول اللّه صلى اللّه عليه وسلم: دب اليكم داء الا مم قبلكم، الحسد والبغضء هى لحالقة، لا أ قول تحلق الشعر، ولكن تحلق الدين**

"အစောပိုင်းလူများ၏ ရောဂါဆိုးများဖြစ်သော မနာလိုဝန်တိုမှုနှင့် မုန်းတီးမှုသည် အသင်တို့အထဲသို့ မသိမသာဝင်နေသည်။ ယင်းသည် ရိတ်ပစ်မည့်အရာဖြစ်သည်။ ဆံပင်ကို ရိတ်သည်ဟု ကျွန်ုပ်မဆိုလိုပါ။ ယင်းကိစ္စသည် ဘာသာရေးကိုအပြောင်ရှင်းမည်ဟု ဆိုလိုခြင်းဖြစ်သည်။" **(သိရ်မိဇီနှင့် အဟ်မဒ်ကျမ်းကို ကိုးကား၍ မစ်ရှ်ကတ်ကျမ်း)**

တစ်စုံတစ်ဦး၏ လောကီရေးဆိုင်ရာဖြစ်စေ၊ နာမ်ပိုင်းဆိုင်ရာဖြစ်စေ သာလွန်မှုအတွက် မနာလိုဝန်တိုဖြစ်သည်ဆိုလျှင် ယင်းသည်ဟရာမ် (တားမြစ်ပိတ်ပင်)သည်။ လောကီရေးသာလွန်မှုအတွက် မနာလိုဝန်တိုမှုဖြစ်သည်ဆိုလျှင် اَمۡلَهُمۡ نَصِيۡبٌ مِّنَ الۡمُلۡكِ (သို့တည်းမဟုတ် ၎င်း"ယဟူဒီ"တို့၌ တစိတ်တစ်ဒေသမျှ ဩဇာအာဏာသည်ရှိသလော) ကရည်ညွှန်းဟန်ရှိသည်။ နာမ်ပိုင်းဆိုင်ရာသာလွန်မှုအတွက်တားမြစ်ထားချက်ကို اَلۡكِتٰبِ وَالۡحِكۡمَةِ (၅၄) (ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း)ဟူသည်က ရည်ညွှန်းသည်။

v v v v v v v v

အာယသ် (၅၆-၅၇)

إِنَّ الَّذِينَ كَفَرُوا بِآيَاتِنَا سَوْفَ نُصْلِيهِمْ نَارًا كُلَّمَا
نَضِجَتْ جُلُودُهُمْ بَدَّلْنَاهُمْ جُلُودًا غَيْرَهَا لِيَذُوقُوا الْعَذَابَ
إِنَّ اللَّهَ كَانَ عَزِيزًا حَكِيمًا ﴿٥٦﴾ وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ
سَنُدْخِلُهُمْ جَنَّاتٍ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا
لَهُمْ فِيهَا أَزْوَاجٌ مُطَهَّرَةٌ وَنُدْخِلُهُمْ ظِلًّا ظَلِيلًا ﴿٥٧﴾

စင်စစ်ဧကန်အကြင်သူတို့သည်ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မယုံမကြည်သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ငါအရှင်မြတ်သည် ထိုသူတို့အား မကြာမြင့်မီ (ငရဲ) မီးထဲသို့ ထည့်သွင်းတော်မူအံ့။ ထိုသူတို့၏ အရေများသည် ကျက်ကြေကျွမ်းလောင်၍သွားတိုင်း၊ ထိုသူတို့သည် ပြစ်ဒဏ် (၏အရသာ)ကို (အမြဲမပြတ်) မြည်းစမ်းကြရန် ငါအရှင်မြတ်သည် ၎င်းတို့အား (ကျွမ်းလောင်ခဲ့သော)ထိုအရေများ၏ အစားအခြား (အသစ်ဖြစ်သော) အရေများကိုလဲလှယ်၍ ပေးတော်မူအံ့။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အရာခပ်သိမ်းတို့ကို) နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။ (၄း၅၆)

သို့ရာတွင်မူ အကြင်သူတို့သည် "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြ၏။ ၎င်းပြင်ကောင်းမြတ်သော အကျင့်သီလများကိုလည်းဆောက်တည်စောင့်ထိန်းကြ၏။ ထိုသူတို့အား ငါအရှင်မြတ်သည် မကြာမြင့်မီ အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူအံ့။ ထိုဥယျာဉ်များ၏အောက်၌စမ်းရေချောင်းများစီးဆင်းလျှက် ရှိမည်။ ၎င်းတို့သည် ထိုဥယျာဉ်များ၌ အမြဲထာဝစဉ်နေထိုင်စံမြန်းကြရမည်။ ၎င်းဥယျာဉ်များတွင် ထိုသူတို့အဖို့ သန့်ရှင်းစင်ကြယ်သော ဇနီးမိန်းမများလည်း ရှိကြမည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့အား အလွန်ထူထပ် ချမ်းမြေ့သာယာသော အရိပ်အာဝါသအောက်သို့ ဝင်ရောက်စေတော်မူအံ့။ (၄း၅၇)

ပြီးခဲ့သော အာယသ်တော်များတွင် အထူးသီးသန့်ယုံကြည်သက်ဝင်သူများနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများအကြောင်းကို ဖော်ပြခဲ့ပါသည်။ ယခုဖော်ပြ ထားသည်မှာ စကြဝဠာလုံးဆိုင်ရာ ဥပဒေသတစ်ရပ်အဖြစ် ယုံကြည်သူများနှင့် မယုံကြည်သူများကို ဆုလာဘ်နှင့် အပြစ်ဒဏ်ပေးခြင်းပင်ဖြစ်သည်။

## အကျယ်ဖွင့်ဆိုခြင်း

အာယသ်တော် (၅၆)တွင် ထင်ရှားပွင့်လင်းစွာ မိန့်ကြားထားသော-**كُلَّمَا نَضِجَتْ جُلُوْدُهُمْ بَدَّلْنٰهُمْ** ကို ရှင်းလင်းရာတွင် စိုက်ယိဒိနာမုအာဇ်﴿ﷺ﴾မိန့်ကြားသည်မှာ ၎င်းတို့၏ အရေပြားများ မီးလောင်ကျွမ်းလိုက်သည်နှင့် အရေပြားအသစ်ပြန်လည်အစားထိုးပေးလိမ့်မည်။ တစ်ခဏအတွင်း အကြိမ်တစ်ရာလောက် အရေပြားအစားထိုးခြင်းကဲ့သို့သော နှုန်းမျိုးဖြစ်ပေလိမ့်မည်။

စိုက်ယိဒိနာဟစန်အလ်ဗဆွရီသခင်က မိန့်ကြားသည်မှာ-

**تاكل النّار كلّ يوم سبعين الف مرة، كلما الكلتهم قيل لهم: عودوا فيعودون كما كانوا** (اخرج البيهقى عن الحسن بحوالة مظهرى ج٢)

"ဂျဟန္နမ်ဝရဲမီးသည် အရေပြားများကို တစ်နေ့လျှင် အကြိမ်ခုနှစ်သောင်းလောင်ကျွမ်းပေလိမ့်မည်။ အရေပြားများကို မီးလောင်ကျွမ်းသည်နှင့် ထိုအရေပြားကို "ပြန်သွားလော့"ဟု အမိန့်ပေးခံရမည်။ ထို့ကြောင့် အရေပြားများသည် ၎င်းတို့ရှိရင်းစွဲနေရာပြန်သွားကြပေလိမ့်မည်။ **(အလ်ဗိုင်ဟကီကို ကိုးကားကာ မဇ်ဟရီကျမ်း၏ ဖော်ပြချက်)**

ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတွင်ပါရှိသော ဆင့်ပြန်ချက်တစ်ခုအရ တမန်တော်မြတ် ﴿ﷺ﴾ သခင် မိန့်ကြားခဲ့သည်မှာ-

**عن النبى صلى اللّه عليه وسلم قال: ان اهون اهل النار عذابا رجل فى اخمص قد ميه جمرتان يغلى منهما دماغه كما يغلى الرجل بالقمقم**

(رواه البخارى ومسلم، بحواله الترغيب والترهيب ج٤ ص٢٣٩)

"ဂျဟန္နမ်ဝရဲတွင်ရှိလူများအနက် အပေါ့ဆုံးအပြစ်ဒဏ်ပေးခြင်းမှာ ၎င်းခြေဖဝါးအောက်ရှိ တွင်ကွဲလောင်ကျွမ်းနေသောမီးကျီးခဲ၏အပူရှိန်ကြောင့် ၎င်း၏ဦးနှောက်သည် ကျွက်ကျွက်ဆူနေသော ဒယ်အိုးကြီးနှင့် တူပေလိမ့်မည်။ **(အလ်မွန်ဒဟီရီ၊ အလ်သရ်ဂီးဗ်အတွဲ-၄၊ စာ-၂၃၉)**

## သန့်ရှင်းစင်ကြယ်သောဇနီးမိန်းမများ၏ရှင်းလင်းဖော်ပြချက်တစ်ရပ်

ဟာကင်မ်၏အဆိုရ စိုက်ယိဒိနာအပူစအိဒ်အလ်ခုဒ်ရီ﴿ﷺ﴾ကဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﴿ﷺ﴾ မိန့်တော်မူသည် "ဂျန္နသ်သုခဘုံမှ အမျိုးသမီးများသည် သန့်ရှင်းစင်ကြယ်သည်။ ဆိုလိုသည်မှာ ၎င်းတို့မှာ ဓမ္မတာရာသီပန်းပွင့်ခြင်း၊ ဝမ်းသွားခြင်း၊ ဆီးသွားခြင်း၊ နှာရည်ယိုစီးခြင်း တို့မှ သန့်စင်ကြပါသည်"ဟူ၍ဖြစ်သည်။

မုဂျာဟိဒ်သခင်က အထက်ပါအချက်အပြင် ထပ်ဆောင်းမိန့်ကြားသည်မှာ "သူမတို့သည် မျိုးဆက်ပြန့်ပွားခြင်းနှင့် သုတ်ရည်ကြောင့် မသန့်မရှင်းဖြစ်ခြင်းမှလည်း သန့်စင်ပေသည်" **(မဇ်ဟရီ)**

အာယသ်တော် (၅၇)ပါ *=y^l_:-*#=:_ ဟူသော နောက်ဆုံးစကားလုံးနှစ်လုံးကို ကျွန်ုပ်တို့ကြည့်ရှုကြမို့၊ ဤနေရာ၌ *: နောက်တွင် *yl: ထည့်ထားခြင်းအားဖြင့် ဂျန္နသ်သုခဘုံတွင်ရှိသော အရိပ်အာဝါသမှာ သိပ်သည်း၍ အလွန်ထူထပ်ကာ အမြဲထာဝရရှိနေပေလိမ့်မည်ဟုဖော်ပြသည်။ ဤသည်မှာ î%M_a-Wî%m^W- (သို့မဟုတ်) ø%y^@_L-ø%y^L- ကဲ့သို့ ပြောခြင်းဖြစ်ကာ ဂျန္နသ်သုခဘုံရှိ ကောင်းချီးမင်္ဂလာများသည် အစဉ်ထာဝရ တည်ရှိလိမ့်မည်ဟု ညွှန်းဆိုခြင်းဖြစ်သည်။

စိုက်ယိဒိနာအဗူဟုရိုင်ရဟ်(ﷺ)သခင် ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)သခင်မိန့်ကြားသည်မှာ-

**ان فی الجنة لشجرة یسیر الر اکب فی ظلها مأة عام مایقطعها، اقروا إن شئتم وظل ممدود**

"(ဂျန္နသ်သုခဘုံတွင် သစ်ပင်တစ်ပင်ရှိသည်။ အကယ်၍ မြင်းစီးသူတစ်ဦးသည် ထိုအရိပ်အောက်တွင် နှစ်တစ်ရာလောက်စီးနင်းသွားလျှင်ပင် ထိုသူသည် အရိပ်အာဝါသကို ကျော်ဖြတ်သွားလိမ့်မည် မဟုတ်ချေ။ အကယ်၍ သင်ဆန္ဒရှိလျှင် D+O^d<m^M-*#+:_O- (အမြဲတန်းတိုးတက်၍ အမြဲတမ်းတစ်မျှော်တစ်ခေါ်ဖြစ်နေသော အရိပ်အာဝါသ တစ်ခုဟု) ဖတ်ပါလေ။ *=y^l_:-*#=:_ ဟူသော စကားလုံးကို ရှင်းလင်းရာ၌ ရဗီအ်အိဉ်နိအနတ်စ်က မိန့်ကြားသည်မှာ-

**هوظل العرش الذی لایزول**

"မည်သည့်အခါမှ လျော့ပါး၊ ပျောက်ကွယ်သွားမည် မဟုတ်သော အရှ်ရှ်ပလ္လင်တော်၏ အရိပ်အာဝါသ ဖြစ်ပေသည်။"

v v v v v v v v

အာယသ် (၅၈-၅၉)

إِنَّ اللَّهَ
يَأْمُرُكُمْ أَنْ تُؤَدُّوا الْأَمَانَاتِ إِلَىٰ أَهْلِهَا وَإِذَا حَكَمْتُمْ بَيْنَ النَّاسِ
أَنْ تَحْكُمُوا بِالْعَدْلِ ۚ إِنَّ اللَّهَ نِعِمَّا يَعِظُكُمْ بِهِ ۗ إِنَّ اللَّهَ كَانَ
سَمِيعًا بَصِيرًا ﴿٥٨﴾ يَا أَيُّهَا الَّذِينَ آمَنُوا أَطِيعُوا اللَّهَ وَأَطِيعُوا
الرَّسُولَ وَأُولِي الْأَمْرِ مِنْكُمْ ۖ فَإِنْ تَنَازَعْتُمْ فِي شَيْءٍ فَرُدُّوهُ
إِلَى اللَّهِ وَالرَّسُولِ إِنْ كُنْتُمْ تُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ ۚ
ذَٰلِكَ خَيْرٌ وَأَحْسَنُ تَأْوِيلًا ﴿٥٩﴾

(အို-မုစ်လင်မ်အပေါင်းတို့)အလ္လာဟ်အရှင်မြတ်သည် ဧကန်စင်စစ် အသင်တို့အား (မိမိတို့ထံသူတစ်ပါးက) အပ်နှံထားသော ပစ္စည်းများကို ထိုပစ္စည်းရှင်များသို့ (ပြန်လည်)ပေးဆပ်ကြရန်လည်းကောင်း၊ လူတို့စပ်ကြား၌ စီရင်ဆုံးဖြတ်ကြရာတွင် တရားမျှတစွာဖြင့် စီရင်ဆုံးဖြတ်ကြရန်လည်းကောင်း၊ အမိန့်ပေးတော်မူလေသည်။ ဧကန်စင်စစ်အသင်တို့အား အလ္လာဟ်အရှင်မြတ် ဆုံးမတော်မူသော သြဝါဒတော်သည် အလွန်မွန်မြတ်လှပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမရှိကြားသိတော်မူသောအရှင်၊ ခပ်သိမ်းဥာဏ်အလုံးစုံတို့ကို ခွဲခြားသိမြင်တော်မူသော အရှင်ဖြစ်တော်မူပေသည်။ (၄း၅၈)

အိုသက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြလေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ရစူလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း၊ မိမိတို့အနက်မှ အာဏာပိုင်များ၏ အမိန့်ကိုလည်းကောင်း၊ လိုက်နာကြလေကုန်။ အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာကိစ္စနှင့်စပ်လျဉ်း၍ အငြင်းပွားခဲ့ကြသော် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ သက်ဝင်ယုံကြည်ကြပါလျှင် ထိုကိစ္စကို အလ္လာဟ်အရှင်အထံတော်သို့လည်းကောင်း၊ ရစူလ်တမန်တော်၏ ထံသို့လည်းကောင်း၊ ပြန်လည်၍ ပို့သကြလေကုန်။ ဤ(သို့ပြုလုပ်ခြင်း)သည်ကား (အသင်တို့အဖို့ ဤမျက်မှောက်

**လောကီဘဝ၌) အမွန်မြတ်ဆုံးဖြစ်သည့်အပြင် (နောင်တမလွန်ဘဝ၌လည်း) အကျိုးအာနိသင်အားဖြင့် အကောင်းဆုံးပင်ဖြစ်ချေသတည်း။ (၄း၅၉)**

## အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်များ၏ ပထမအာယသ်နှစ်ခုသည် ကအ်ဗာဟ်ကျောင်းတော်၏ ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့်ပတ်သက်သော သီးခြားအဖြစ်အပျက်တစ်ရပ်၏ နောက်ကြောင်းပင်ဖြစ်သည်။ အစ္စလာမ်သာသနာမပေါ်မီကပင် ဤကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ရခြင်းသည် အလွန်ဂုဏ်သရေရှိသော အလုပ်တစ်ရပ်ဖြစ် ခဲ့သည်။ အလ္လာဟ်အရှင်မြတ် အိမ်တော်ကိုအလုပ်အကြွေးပြုရန် တစ်မျိုးမျိုးခန့်ထားခံရသူသည် လူမှုအသိုင်းအဝိုင်းတွင် အလွန်ပေါ်လွင်ထင်ရှား၍ ဂုဏ်သရေရှိသည်ဟု မှတ်ယူခဲ့ရသည်။ ထို့ကြောင့်အမျိုးမျိုးသော အမှုထမ်းနယ်ပယ်များတွင် အကွဲကွဲအပြားပြားသောသူများကို ခွဲဝေတာဝန်ပေးခဲ့သည်။ ဂျာဟိလိယဟ်အမှောင်ခေတ်ကတည်းကပင် ဟဂ်ျအခြိန်ကာလများအတွင်း ဟဂ်ျပြုလာသူများကို ဇမ်ဇမ်ရေတွင်းမှရေတိုက်ကျွေးခြင်းတာဝန်ကို တမန်တော်မြတ် ﷺ သခင် လေးစားဖွယ် ဦးကြီးတော် စိုက်ယိဒ်နာအဗ္ဗားစ် ﷺ သခင်ကို ခန့်အပ်ထားခဲ့သည်။ ဤသည်ကို စိကာယဟ် [ Yaqs ဟုခေါ်သည်။ ဤသည်နှင့် အလားတူအခြားသော တာဝန်များကိုမူ တမန်တော်မြတ် ﷺ၏ အခြား ဦးရီးတော် အဗူတွာလိဗ်ကို တာဝန်ပေးထားသည်။ အလားတူပင် အလ္လာဟ်အိမ်တော်ကို သတ်မှတ်သည့်ရက်များအတွင်း ဖွင့်ခြင်းပိတ်ခြင်းဆောင်ရွက်ရန် သော့သိမ်းဆည်းသည့်တာဝန်အား အုဆ်မာန်အိဗ်နိတွာလ်ဟဟ်အား တာဝန်ပေးထားသည်။

အုဆ်မာန်အိဗ်နိတွာလ်ဟဟ်၏ ကိုယ်တိုင်တင်ပြချက်အရ ဂျာဟိလိယသ် အမှောင်ခေတ်တွင် တနလ်ာနေ့နှင့် ကြာသပတေးနေ့တိုင်း ကအ်ဗဟ်ကျောင်းတော်ကို ဖွင့်လှစ်ထား၍ မြင့်မြတ်သောအိမ်တော်အတွင်း လူများဝင်ရောက်ခွင့်ရကြသည်။ ဟစ်ဂျရသ် ရွှေ့ပြောင်းမှုမပြုမီ တစ်ကြိမ်တွင် တမန်တော်မြတ် ﷺ သခင်နှင့် ဆွဟာဗဟ် သာဝကြီးအချို့သည် ကအ်ဗဟ်ကျောင်းတော်ထဲ ဝင်ရောက်ရန်အလို့ငှာ လာရောက်ခဲ့ကြသည်။ ထိုအချိန်က အုဆ်မာန်အိဗ်နိတွာလ်ဟဟ်သည် အစ္စလာမ်သာသနာတော်သို့ မဝင်ရောက်ခဲ့သေးပါ။ဂင်းသည် အလွန်ရိုင်းစိုင်း လှသောအမူအရာပြ၍ တမန်တော်မြတ်ﷺသခင်က အလွန်ချုပ်တီးထိန်းသိမ်းမှုကိုပြသကာ ဂင်း၏ ကြမ်းတမ်း သောစကားလုံးများကို သည်းခံမြိုသိပ်ပြီး မိန့်မြွတ်တော်မူသည်မှာ“အိုအုဆ်မာန်သင်သည် ဗိုင်သုလ္လာဟ်၏ ဤသော့ ကျွန်ုပ်လက်ဝယ်ရောက်၍ ကျွန်ုပ်ကြိုက်နှစ်သက်သော မည်သူကိုမဆိုရွေးချယ်ပေးရန် ရက်တစ်ရက်ရောက်လာမည်ကို သင်တွေ့ရပါလိမ့်မည်။” အုဆ်မာန်အိဗ်နိတွာလ်ဟဟ်က “အကယ်၍ ဤသို့သာဖြစ်ခဲ့လျှင် ကုရိုက်ရှ်လူမျိုးတို့သည် အားလုံးမြေလှန်ခံရ၍ အရှက်ရကြရပါလိမ့်မည်။” တမန်တော်မြတ် ﷺ သခင်က “မဟုတ်”၊ ကိုရိုက်ရှ်များသည်အားလုံးတာဝန်ပေးအတည်ပြုခံခဲ့ကြပြီး အလွန်ကျက်သရေမင်္ဂလာရှိကြပါလိမ့်မည်။” ထိုသို့ မိန့်ကြားတော်မူ၍ တမန်တော်မြတ် ﷺ သခင်သည် ဗိုင်သုလ္လာဟ်ထဲသို့ ဝင်ရောက်ခဲ့သည်။ ဤကိစ္စဖြစ်ပြီးနောက် တွာလ်ဟဟ်က ပြောသည်မှာ ကျွန်ုသည် အနည်းငယ်မျှ မိမိကိုယ်မိမိဝေဖန် စမ်းစစ်လိုက်ရာ တမန်တော်မြတ် ပြောသည့်အတိုင်း ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သွားခဲ့သည်။ ထို့နောက် အစ္စလာမ်သာသနာ သက်ဝင်ယုံကြည်ရန် မဆိုင်းမတွဆုံးဖြတ်ခဲ့သည်။ သို့သော် ကျွန်ုပ်တတ်ဝန်းကျင်ရှိသူများသည် ကျွန်ုပ်၏

ဤအယူအဆကို ခါးခါးသီးသီးဆန့်ကျင်ကြကာ ကျွန်ုပ်၏ ဆုံးဖြတ်ချက်ကို လူတိုင်းကအပြစ်တင်ပြောဆိုကြသည်။ ထို့ကြောင့် ကျွန်ုပ် အစွလာမ်သာသနာ (သို့) မကူးပြောင်းနိုင်ခဲ့ပါ။ မက္ကဟ်မြို့တော် အောင်မြင်သော အခါ၌ တမန်တော်မြတ် ﷺ သခင်သည် ကျွန်ုပ်အားဆင့်ခေါ်၍ ဗိုင်သုလ္လာဟ်၏ သော့တောင်းခဲ့၍ ကျွန်ုပ်က ကိုယ်တော်ကို အပ်နှံခဲ့သည်။

အချို့ဆင့်ပြန်ချက်တွင် အုဆ်မာန်အိဗ်နိတွာလ်ဟဟ်သည် သော့နှင့်အတူ ဗိုင်သုလ္လာဟ်ပေါ်တက်သွားခဲ့သည်ဟု ဖော်ပြခဲ့သည်။ စိုက်ယိဒနာ အလီ ﷺ သခင်သည် တမန်တော်မြတ် ﷺ သခင်၏ အမိန့်တော်ကို လိုက်နာ၍ တွာလ်ဟဟ်ထံမှသော့ကို အတင်းအကြပ်ယူဆောင်ကာ တမန်တော်မြတ် ﷺ သခင်၏ လက်ဝယ် ပေးအပ်ခဲ့သည်။

ထို့ကြောင့် တမန်တော်မြတ်သည် ဗိုလ်သုလ္လာဟ်အတွင်းဝင်ရောက်၍ အထဲတွင် ဆွလာသ်ဝတ်ပြုဆောက်တည်ခဲ့သည်။ "ထို့နောက် ကိုယ်တော်မြတ်အပြင်သို့ထွက်ခဲ့၍ တွာလ်ဟဟ်ကို သော့ပြန်ပေး၍ မိန့်ကြားသည်မှာ "ရော့၊ သော့ယူပါ။ ယခုအချိန်မှစ၍ သင်နှင့် သင်၏မိသားစု သားစဉ်မြေးဆက် လက်တွင် ကမ္ဘာပျက်မည့်နေ့တိုင်ရှိနေပါစေ။ မည်သူမဆိုသင့်ထံမှ ဤသော့ယူမည်ဆိုလျှင် လူဆိုးလူညစ်ဖြစ်လိမ့်မည်၊" (ဤသည်က တွာလ်ဟဟ်ထံမှ သော့ကိုမည်သူမျှ ပြန်လည်ယူခွင့်မရှိကြောင်း ဆိုလိုသည်) တမန်တော်မြတ် ﷺ သခင်က ဗိုင်သုလ္လာဟ်ကို အလုပ်အကျွေးပြုသည့်အတွက် ရရှိသည့် ကြေးငွေ (သို့) အရာဝတ္ထုများ မည်သည်ကိုမဆို အစွလာမ်ရှရီအသ်တရားတော်က အတည်ပြုပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ သုံးစွဲရန်လည်း လမ်းညွှန်ခဲ့သည်။

အုဆ်မာန်အိဗ်နိတွာလ်ဟဟ်ကပြောသည်မှာ "ကျွန်ုပ်သည်သော့ကိုကိုင်၍ ကျေနပ်နှစ်သိမ့်စွာ ထွက်ခွာသွားခဲ့ရာ တမန်တော်မြတ် ﷺ သခင်က ကျွန်ုပ်ကိုတစ်ခါထပ်ခေါ်၍ မိန့်ကြားသည်မှာ "တစ်ချိန်တုန်းက ကျွန်ုပ်သင့်ကိုတစ်စုံတစ်ရာပြောခဲ့သည်ကို သင်မှတ်မိပါသလော-အုဆ်မာန်ပြောသည့်အတိုင်းဖြစ်လာခဲ့သလား၊ မဖြစ်ဘူးလား၊ ဟစ်ဂျရဟ်မတိုင်မီက ကိုယ်တော်မြတ်ပြောကြားခဲ့သော "တစ်နေ့တွင်သော့များ ငါ့လက်ထဲရောက်လာသည်ကို မင်းမြင်ရလိမ့်မည်" ဟူသည်ကို ကျွန်ုပ်မှတ်မိလာခဲ့သည်။ ကျွန်ုပ်ရိုကျိုးစွာနာခံ၍ "မှန်ပါသည် ဤသည်နှင့်ပတ်သက်၍ သံသယမရှိပါ။ ကိုယ်တော်ပြောသည့်အတိုင်း အမှန်ဖြစ်လာခဲ့ပါသည်။ ထို့နောက် ထိုအချိန်တွင် ကျွန်ုပ်သည် ကလိမလ်တော်ကို ရွတ်ဆို၍ အစွလာမ်သာသနာတော်ထဲဝင်ရောက်ခဲ့သည်။"
**(အိဗ်နိစအာဒ်မ် မဇ်ဟရီ)**

စိုက်ယိဒိနာ အုမရ်အိဗ်နိအလ်ခတ္တာဗ် ﷺ မိန့်တော်မူသည်မှာ "ထိုနေ့က တမန်တော်မြတ် ﷺ သခင်သည် ဗိုင်သုလ္လာဟ်တွင်းမှ ထွက်လာသောအခါ ဤအာယသ်တော်ကို ဖတ်ရွတ်သရဇ္ဈာယ်၍ ထွက်လာခဲ့သည်။ ယင်းမှာ-اِنَّ اللّٰهَ يَاْمُرُكُمْ اَنْ تُؤَدُّوا الْاَمٰنٰتِ اِلٰٓى اَهْلِهَا+(၅၈)။သည့်အလျင်ယခင်က ဤအာယသ်တော်အား ကိုယ်တော်မြတ် ဖတ်ရွတ်သရဇ္ဈာယ်သည်ကို ကျွန်ုပ်မကြားခဲ့ဘူးပါ။ ထင်ရှားသည်မှာ တမန်တော်မြတ် ﷺ သခင်ကအံဗဟ်ဝတ်ကျောင်းတော်အတွင်းရှိစဉ်မှာပင် ဤအာယသ်တော်ကိုယ်တော့်ထံကျရောက်ခဲ့ခြင်းဖြစ်သည်။ အာယသ်တော်ပါ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံသည့်အနေဖြင့် တမန်တော်မြတ် ﷺ သခင်သည် အုဆ်မာန်အိဗ်နိတွာလ်ဟဟ်ကို တစ်ဖန်ဆင့်ခေါ်၍ သော့ထိန်းအဖြစ်ခန့်အပ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သခင်ကို သော့ပေးအပ်ရာ တွင် အုဆ်မာန်အိဗ်နိတွာလ်ဟဟ်က "ယုံကြည်အပ်နှံထားသော

ဤပစ္စည်းကို ကိုယ်တော်မြတ်အား ကျွန်ုပ်လွှဲပြောင်းပေးပါသည်"ဟုပြောခဲ့သည်။ တွာလ်ဟတ်ကပေးခဲ့သော မှတ်ချက်မှာ လုပ်နည်းကိုင်နည်းအရ မမှန်ကန်ချေ။ တမန်တော်မြတ်﴿ﷺ﴾တစ်ပါးတည်းသာလျှင် ကိုယ်တော် အသင့်တော်ဆုံးဟုယူဆသော မည်သည့်နည်းလမ်းနှင့်မဆို ပြုလုပ်ဆောင်ရွက်ရန် အခွင့်အရေးရှိသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်ထဲတွင် ပါဝင်သော ယုံကြည်အပ်နှံမှု၏ သဘောသဘာဝကို ထည့်သွင်းစဉ်းစားထား၍ တမန်တော်မြတ်﴿ﷺ﴾သခင်ကို အုဆ်မာန်မှလွဲ၍ မည်သူ့ကိုမျှသော့ပြန်လည်မပေးအပ်ရန်ညွှန်ကြားထားခဲ့သည်။ ထိုအချိန်က စိုက်ယိဒိနာအဗ္ဗားစ်နှင့် စိုက်ယိဒိနာအလီ﴿ؓ﴾ သခင် နှစ်ဦးစလုံးသည် ဗိုင်သုလ္လာဟ်၏ ရေဝေဌေးဝေရေး တာဝန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ဝတ္တရားများ (စိကာယာနှင့် စိဒါနာ) ထမ်းဆောင်နေချိန်ဖြစ်ပါသည်။ ၎င်းတို့က ကအ်ဗဟ်သော့ထိန်းတာဝန်ထမ်းဆောင်ခွင့်ပေးရန် တမန်တော်မြတ်﴿ﷺ﴾သခင်ကို မေတ္တာရပ်ခံခဲ့သည်။ သို့သော်လည်း တမန်တော်မြတ်﴿ﷺ﴾သခင်က ဤအာယသ်တော်ပါညွှန်ကြားချက်ကို လိုက်နာလို၍ ၎င်းတို့နှစ်ဦး၏ မေတ္တာရပ်ခံချက်ကို ရှောင်ကွင်းကာ အုဆ်မာန်အိဗ်နိ တွာလ်ဟတ်အား သော့ပြန်လည်ပေးအပ်ခဲ့သည်။ **(သဖ်စီရ်မဇ်ဟရီ)**

ဤသည်မှာ အာယသ်တော်ကျရောက်ခြင်း၏နောက်ခံအကြောင်းဖြစ်သည်။ ဤနေရာ၌ အများသဘော တူညီထားကြသော အရေးကြီးသည့် ဥပဒေတစ်ရပ်ကို ကျွန်ုပ်တို့စိတ်၌ စွဲမှတ်ထားကြပါစို့။ ဥပဒေမှာကား အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ခုသည် သီးခြားနောက်ခံအကြောင်းတစ်ရပ်ကြောင့် ကျရောက်ခဲ့သည့်တိုင် အာယသ်တော်ပါယေဘုယျအကြောင်းချင်းရာများသည် သီးခြားနောက်ခံအကြောင်းအတွက် ကိုသာဘောင်ခတ်သတ်မှတ်မထားဘဲ စကြဝဠာလုံးဆိုင်ရာကိစ္စရပ်များ၌လည်း အသုံးချနိုင်သည်ဟု မှတ်ယူရမည်။ ယခုကျွန်ုပ်တို့သည် ဤအာယသ်တော်များ၏ အဓိပ္ပာယ်များနှင့် စာပေအဖွင့်ဋ္ဌီကာအကြောင်းသို့သွားကြစို့။

ကုရ်အာန်ကျမ်းတော်မြတ်ကမိန့်ကြားသည်မှာ-**اِنَّ اللّٰهَ يَاْمُرُكُمْ اَنْ تُؤَدُّوا الْاَمٰنٰتِ اِلٰٓى اَهْلِهَا**+ဆိုလိုသည်မှာ "အလ္လာဟ်အရှင်မြတ်သည် ဧကန် စင်စစ်အသင်တို့အား (မိမိတို့ထံသူတစ်ပါးက) အပ်နှံထားသော ပစ္စည်းများကို ထိုပစ္စည်းရှင်များသို့(ပြန်လည်) ပေးဆပ်ကြရန်လည်းကောင်း"ဟူ၍ဖြစ်သည်။ ဤအမိန့်တော်သည် မည်သူ့ကို ဦးတည်မိန့်ကြားသနည်းဆိုသည်နှင့်ပတ်သက်၍ ဖြစ်နိုင်ဖွယ်နှစ်ခုရှိသည်။ မုစ်လင်မ်အများစုကို ဦးတည်မိန့်ကြားခဲ့ခြင်းဖြစ်နိုင်သည်။ (သို့မဟုတ်)အာဏာပိုင်များကို ဦးတည်မိန့်ကြားခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ ပိုမိုထင်ရှားသည်မှာ အာယသ်တော်သည် မည်သည်ကိုမဆို ယုံကြည်အပ်နှံခံရသူ လူတိုင်းကိုဦးတည်မိန့်ကြားခဲ့ခြင်းဖြစ်သည်။ ဤတွင် လူထုနှင့် အာဏာပိုင်များသည်လည်း အကျုံးဝင်သည်။

## ယုံကြည်အပ်နှံမှုနှင့်ပတ်သက်၍ ချမှတ်ထားသောတာဝန်ဝတ္တရားများဖြည့်ဆည်းခြင်းအပေါ် အလေးအနက်ထားခြင်း

ဤအာယသ်တော်ပါအမိန့်တော်၏ လုပ်ငန်းဆိုင်ရာရလဒ်မှာ ယုံကြည်အပ်နှံခံရသောသူတိုင်းသည် ယုံကြည် အပ်နှံမှုဆိုင်ရာ တာဝန်ဝတ္တရားများကို သစ္စာရှိစွာဖြည့်ဆည်းခြင်းသည် မပြုမနေရတာဝန်ဖြစ်ပေသည်။ ထို့ပြင် မှန်ကန်စွာရရှိသင့်သူ လက်ထဲရထိုက်သည်များရောက်ရေးသည်လည်း ယုံကြည်အပ်နှံခံရသူ၏ တာဝန်ပင်ဖြစ်သည်။ တမန်တော်မြတ် ﴿ﷺ﴾ သခင်သည် ယုံကြည်အပ်နှံမှုတာဝန်ဝတ္တရားများဖြည့်ဆည်းခြင်းအပေါ်

ကြီးစွာအလေးအနက်မိန့်မှတ်ထားပါသည်။ စိုက်ယိဒိနာ အနတ်စ် ﷺ သခင်ကမိန့်ကြားသည်မှာ "တမန်တော်မြတ် ﷺ သခင်၏ ခွသ်ဗဟ်မိန့်ခွန်းတော်တို့တွင် အောက်ပါစကားလုံးများမပါဝင်သော ခွသ်ဗဟ် မိန့်ခွန်းကားအလွန်တရာရှားပါးသည်"-

لاَ اِيْمَانَ لِمَنْ لاَ اَمَانَةَ لَهُ، وَلاَ دِيْنَ لِمَنْ لاَ عَهْدَلَهُ

"ယုံကြည်အပ်နှံမှုတာဝန်ဝတ္တရားများကို ဖြည့်ဆည်းခြင်းမရှိသူတစ်စုံတစ်ဦးတွင် ယုံကြည်မှု (အီမာန်) မရှိပါ။ ထို့ပြင် ကတိစကားအပေါ်တွင် မရပ်တည်သောသူတစ်စုံတစ်ဦး၌ (ဒီန်း)သာသနာမရှိပါ။**(ရှိုအာဗ်အလ်အီမာန် ကျမ်းတွင်ဗိုင်ဟကီ၏တင်ပြချက်)**

## ယုံကြည်အပ်နှံမှုချိုးဖောက်ခြင်းသည် အရေခြုံခြင်း၏လက္ခဏာတစ်ရပ်

တမန်တော်မြတ် ﷺ သခင်၏မိန့်ကြားချက်ကို အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတွင် ဖော်ပြထား သည်မှာ စိုက်ယိဒိနာအဗူဟုရိုင်ရဟ်နှင့် စိုက်ယိဒိနာအိဗ်နိအုမရ် ﷺ တို့မှဆင့်ပြန်ချက်အရ တမန်တော်မြတ် ﷺ သခင်က တစ်ရက်တွင် အရေခြုံခြင်း၏လက္ခဏာများကို ဖော်ပြစဉ်တွင် သီးခြားလက္ခဏာတစ်ခုကို ထောက်ပြ ခဲ့သည်မှာ "သူတို့ ] ^N-aM-A- (အမာနသ်)တစ်ခုပေးခဲ့လျှင် ၎င်းက ] ^N-ay-K_ (ခိရာနသ်)လုပ်လိမ့်မည်" ဆိုလိုသည်မှာ အရေခြုံတစ်ဦးကို ယုံကြည်အပ်နှံမှုဆိုင်ရာ တာဝန်တစ်ရပ်ပေးခဲ့လျှင် ၎င်းသည်ယင်းယုံကြည်အပ်နှံမှုကို ချိုးဖောက်ပါလိမ့်မည်။

## ယုံကြည်အပ်နှံမှုဆိုင်ရာ တာဝန်များ၏အမျိုးအစားများ

ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်သုံးနှုန်းထားသော ဗဟုဝုစ်အသွင် ] ^N-aM-A "အမာနသ်"ဟူသောစကား လုံးကိုစဉ်းစားသင့်ပေသည်။ ဤသည်မှာ လူအများနားလည်၍ ခေတ်စားသောပုံစံ အမာနသ်ယုံကြည်ခြင်း ဟူသော ပစ္စည်း (သို့) ငွေကြေးကိုလိုအပ်သည့်အခါ ပြန်လည်ပေးအပ်ရန်တစ်စုံတစ်ဦးအား လုံခြုံစွာ ထိန်းသိမ်းစေခြင်း သက်သက်မဟုတ်ဆိုသည်ကို ညွှန်ခြင်းဖြစ်သည်။ အရိပ်အမြွတ်ပေးသည်မှာ အမာနသ်တွင် အခြားသော အမာနသ်အမျိုးအစားများလည်းရှိကြသည်ဟူ၍ဖြစ်သည်။ ဥပမာအားဖြင့် အစောပိုင်းဖော်ပြခဲ့သော ဤအာယသ် တော်ကျရောက်ခဲ့သည့်နောက်ခံအကြောင်းတွင် ငွေကြေးနှင့်ပတ်သက်သည့်အကြောင်းမပါပါ။ ဗိုင်သုလ္လာဟ်၏ သော့သည်ငွေကြေးဆိုင်ရာရပိုင်ခွင့်တစ်ရပ်မဟုတ်ပါ။ ထိုသို့မဟုတ်မူဘဲ ဤသော့သည် ဗိုင်သုလ္လာဟ်၏ သော့ထိန်း အဖြစ်တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ အမှတ်လက္ခဏာတစ်ရပ်သာဖြစ်သည်။

## အခွင့်အာဏာနှင့်အုပ်ချုပ်မှုရာထူးများသည်အလ္လာဟ်အရှင်မြတ်၏ ယုံကြည်အပ်နှံမှုများဖြစ်သည်။

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ အုပ်ချုပ်မှုဆိုင်ရာ ရာထူးနှင့်အဆင့်အတန်းများ မည်သည်ဖြစ်စေ လက်ခံရရှိသူများအား အလ္လာဟ်အရှင်မြတ်၏ ယုံကြည်အပ်နှံခံရခြင်းဖြစ်သည်။ ထိုရာထူးနှင့်အဆင့်အတန်း

လက်ခံရရှိသူများသည် ယုံမှတ်အပ်နှံခံရသူများ ú–y^M_A– (အမီးန်)များဖြစ်ကြသည်။ အလုပ်ခန့်အပ်ခြင်းနှင့် အလုပ်မှထုတ်ပယ်ခြင်းပြုလုပ်နိုင်သော အာဏာပိုင်များနှင့် အရာရှိများအားလုံး အကျုံးဝင်သည်။ ၎င်းတို့သည် အသိပညာပိုင်းဆိုင်ရာ စွမ်းဆောင်မှု (သို့) ပေါ်လွင်သောလက်တွေ့ လုပ်ဆောင်မှုတို့အရ မထိုက်တန်သောသူများအား အလုပ်ခန့်ခြင်း (သို့) ရာထူးပေးခြင်း (သို့) တာဝန်ပေးခြင်း စသည်တို့ ပြုလုပ်ခွင့်မရှိချေ။ ထိုသူများသည် အုပ်ချုပ်မှုဆိုင်ရာ စီရင်ပိုင်ခွင့်အတွင်းရှိ အလုပ်တိုင်းရာထူးတိုင်းအတွက် အထိုက်တန်ဆုံးသူကို အလေးအနက်ရှာဖွေခြင်းသည် ထိုအခွင့်အာဏာပိုင်သူများ၏ မပြုမနေရတာဝန်ဖြစ်ပေသည်။

## မည်သည့်ရာထူးကိုမဆိုမထိုက်တန်သူတစ်စုံတစ်ဦးအား ခန့်အပ်သူသည်လအ်နသ်ကရဏာတော်မှကင်းဝေးပါစေ

ရာထူးတစ်ခုအတွက် အထိုက်တန်ဆုံးသူတစ်ဦးကို ရှာဖွေရန်မဖြစ်နိုင်လျှင် တစ်စုံတစ်ဦးသည် ပို၍နှစ်လိုဖွယ်အရည်အချင်း လုပ်နိုင်စွမ်းရှိသူ၊ လိုအပ်ချက်အားလုံးနှင့် ကိုက်ညီသူတစ်စုံတစ်ဦး၊ ထို့နောက် ထိုသို့သော အရည်အချင်းရှိသူအများအပြားအနက်မှ လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်စိတ်ချမှုတွင် အသာလွန်ဆုံးသောသူကို ဦးစားပေးရမည်။

ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ သခင်၏ မိန့်ကြားချက်ကို တင်ပြထားသည်မှာ "အကယ်၍ မုစ်လင်မ်အုမ္မသ်အများထုနှင့် သက်ဆိုင်သောတာဝန်ဝတ္တရားအချို့ အပ်နှင်းခဲ့မည်ဆိုလျှင် အပ်နှင်းခံရသူနှင့်ပတ်သက်သော လုပ်ရည်ကိုင်ရည်၊ ကိုယ်ရည်ကိုယ်သွေးကို မစူးစမ်းဘဲ မိတ်ဆွေဖြစ်မှုပေါ်အခြေခံ၍သော်လည်းကောင်း၊ ဆက်နွယ်ပတ်သက်မှုတစ်မျိုးမျိုးကြောင့်သော်လည်းကောင်း၊ ရာထူး ခန့်အပ်ခဲ့လျှင် ထိုသူအပေါ်၌ အလ္လာဟ်အရှင်မြတ်၏"လအ်နသ်" ကရဏာတော်မှကင်းဝေးစေပါသည်။ ထိုသူ၏ ဖရသ်ွမပြုမနေရဆိုင်ရာ ခဝတ်ကိုးကွယ်မှုများနှင့် "နဖိလ်"ဆန္ဒအလျောက်ပြုလုပ်သော ခဝတ်ကိုးကွယ်မှုအိဗာဒသ်များလက်ခံခြင်းမခံရဘဲ ၎င်းသူဂျန္နမ်ငရဲမီးတွင်သွတ်သွင်းခြင်းခံရလိမ့်မည်။ **(ဂျမ်အွလ်ဖဝါအဒ်၊စာ-၃၂၅)**

အချို့သောဆင့်ပြန်ချက်များတွင် တင်ပြထားသည်မှာ တာဝန်ဝတ္တရားတစ်ခု၏ရာထူးတစ်ခုအတွက် ပိုမိုသင့်လျော်သောသူတစ်ဦးရှိနေကြောင်း သိပါလျက်နှင့် ထိုရာထူး၏တာဝန်ဝတ္တရားကို အခြားသူတစ်ဦးအား အပ်နှင်းလိုက်ပါက ၎င်းသူသည် အလ္လာဟ်အရှင်မြတ်၊ ထိုအရှင်တမန်တော်နှင့် မုစ်လင်မ်အားလုံးကို ဆန့်ကျင်၍ ယုံကြည်အပ်နှံမှုတစ်ရပ်ချိုးဖောက်ကျူးခြင်းဖြစ်ပေသည်။ ယနေ့ကာလ အုပ်ချုပ်မှုယန္တရားများ၏ ဖရိုဖရဲကမောက်ကမဖြစ်ခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းများသည် ဤကုရ်အာန်ကျမ်းတော်မြတ် သင်ကြားမှုကို မေ့လျော့ခြင်း၏ ဝမ်းနည်းဖွယ်အကျိုးဆက်တစ်ရပ်ဖြစ်သည်။ သို့ဖြစ်ခြင်းသည် ရာထူးရာခံများခန့်အပ်ရာတွင် ဆက်နွယ်မှုများ၊ ထောက်ခံမှုများနှင့် တန်စိုးလက်ဆောင်များပေါ် အခြေခံ၍ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်း၏ရလဒ်မှာ ကိုယ်ရည်ကိုယ်သွေးမရှိဘဲ မထိုက်တန်သောသူများသည် ၎င်းတို့ထမ်းဆောင်ရန်မသင့်သောရာထူးများကိုအလွဲသုံးစားပြုကြသည်သာမက အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်သော လူသန်းပေါင်းများစွာကို စိတ်အနှောင့်အယှက်ဖြစ်စေကာ ယန္တရားတစ်ခုလုံးအား ပျက်စီးစေပါသည်။

ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်ကမိန့်ကြားတော်မူခဲ့သည်မှာ-

**اذا وسد الامر الى غير اهله فانتظر الساعة**

"မထိုက်တန်မသင့်တော်သောသူများကိုကိစ္စရပ်များတွင် တာဝန်ဝတ္တရားအပ်နှင်းလိုက်လျှင် ကိယာမသ်တရား စီရင်မည့်နေ့ကိုသာစောင့်နေလော့"(ဆိုလိုသည်မှာ ဤဖရိုဖရဲကမောက်ကမဖြစ်မှုအတွက် အဖြေကားမရှိချေ။) ဤဩဇာန်ကြားချက်သည် ဆွဟီးအလ်ဗုခါရီ၏ ကိသာဗုလ်အိလ်မ်မှ ဟဒီးဆ်တော်တစ်ရပ်တွင် ဖော်ပြထားသည်။

ပြန်လည်တင်ပြရလျှင် ကျွန်ုပ်တို့သတိရသင့်သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ယုံကြည်အပ်နှံမှု မလုပ်မနေရတာဝန်များအတွက် ဗဟုဝုစ်ကိန်းပုံစံ "အမာနသ်"ဟူသောစကားလုံးသုံးနှုန်းထားသည်။ သို့ဖြစ်၍ ယင်းကဩန်းသည်မှာ ယုံကြည်အပ်နှံမှု၏ တာဝန်ဝတ္တရားများသည် တစ်စုံတစ်ဦးကိုယ်စား အခြားသူတစ်ဦးကို ယုံကြည်အပ်နှံထားသောပစ္စည်းဥစ္စာများ (သို့) ငွေကြေးဆိုင်ရာများနှင့်သာ သက်ဆိုင်သည်မဟုတ်ကြောင်း ဩန်းဆို သည်။ ထိုသို့သာမကယင်းတွင် အမျိုးအစား များစွာရှိ၍ အုပ်ချုပ်မှုဆိုင်ရာ ရာထူးများသည်လည်း ၎င်းထဲတွင် အကျုံးဝင်ပါသည်။

ဟဒီးဆ်ဩဝါဒတော်တစ်ရပ်၌ တမန်တော်မြတ် ﷺ သခင်မိန့်ကြားခဲ့သည်မှာ-**اَلْمَجَالِسُ بِالْاَمَانَةِ** (ဆွေးနွေး ပွဲများသည် ယုံကြည်အပ်နှံမှုအမျိုးအစားတစ်ခုဖြစ်သည်။) ဆိုလိုသည်မှာ ဆွေးနွေးပွဲတစ်ခုတွင် ပြောဆိုသမျှ တို့သည် ယုံကြည်အပ်နှံမှုတစ်ခုဖြစ်၍ ယင်းကို ကန့်သတ်ချုပ်ချယ်ထားသည်။ ထိုဆွေးနွေးပွဲမှ ပေါ်ထွက်လာသမျှ ကိုပါဝင်ဆွေးနွေးသူများ၏ ခွင့်ပြုချက်မရဘဲ တင်ပြခြင်း၊ ဖြန့်ချိခြင်းများ ခွင့်မပြုချေ။

အလားတူပင် အခြားဟဒီးဆ်တော်တွင် မိန့်ကြားသည်မှာ -**اَلْمُسْتَشَارُ مُؤْتَمِنُ** အဓိပ္ပာယ်မှာ "ဆွေးနွေး တိုင်ပင်ခံရသူသည် ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးဖြစ်သည်။" အကြံဉာဏ်တောင်းခံသူများအတွက် အကျိုး ပိုရှိစေရန် ၎င်း၏အကောင်းဆုံး ဆုံးဖြတ်ချက်အရ အကြံပေးရမည့် တာဝန်တင်ရှိပေသည်။ အကယ်၍ အကြံဉာဏ် တောင်းခံသူအတွက် အကောင်းဆုံးအကျိုးအမြတ် မရနိုင်မှန်းသိလျှက် အကြံဉာဏ်ပေးပါက ၎င်းသည် ယုံကြည် အပ်နှံမှုချိုးဖောက်ခြင်းတစ်ရပ် ကျူးလွန်ခြင်းဖြစ်သည်။ အလားတူပင် အကယ်၍တစ်စုံတစ်ဦးသောသူ၏ လျှို့ဝှက်ချက်သည်ဖွင့်ဟပြောကြားသူ၏ကိုယ်စား ယုံကြည်အပ်နှံ၍ ထိန်းသိမ်းရမည့်အရာတစ်ခုဖြစ်သွားသည်။ ဖွင့်ဟပြောကြားသူ၏ ခွင့်ပြုချက်မရှိဘဲ ဤလျှို့ဝှက်ချက်ကို တစ်စုံတစ်ဦးအားထုတ်ဖော်ပါက ယုံမှတ်အပ်နှံမှု ချိုးဖောက်ခြင်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်က ထိုကဲ့သို့သော ယုံကြည်အပ်နှံမှု တာဝန် ဝတ္တရား အားလုံးကို ထိုက်သင့်သည့်အားလျော်စွာ ဖြည့်ဆည်းခြင်းကို အထူးဂရုပြုရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့အား ပြောကြားသည်။

ပထမအာယသ်တော်၏ ပထမဝါကျကို ရှင်းလင်းရုံမျှဖြင့် ကျွန်ုပ်တို့ ဤအထိရောက်လာခဲ့ပေပြီ။ ပထမ အာယသ်တော် (၅၈)၏ ဒုတိယဝါကျဖြစ်သော-**وَاِذَا حَكَمْتُمْ بَيْنَ النَّاسِ اَنْ تَحْكُمُوْا بِالْعَدْلِ** "လူတို့စပ်ကြား၌ စီရင်ဆုံးဖြတ်ကြရာတွင် တရားမျှတစွာဖြင့် စီရင်ဆုံးဖြတ်ကြရန်လည်းကောင်း")၏ ရှင်းလင်းချက်ဖြင့် ကျွန်ုပ်တို့ ဆက်ကြပါစို့။ ဤတွင် ထင်ရှားသည်မှာ အငြင်းအခုန်ဖြစ်သည့်ကိစ္စရပ်များ၏ဆုံးဖြတ်သူ အာဏာပိုင်များကို ရည်ညွှန်းကာဦးတည်ပြောဆိုထားသည့်ဟန်ဖြစ်သည်။ ဤသည်မှ အာယသ်တော်၏ အချိတ်အဆက်ကောက်ယူ

ရာတွင် အခြို့ဋီကာရှင်များက ပထမဝါကျနှင့် ဒုတိယဝါကျတွင်ပါဝင်သော ဦးတည်ပြောကြားခံရသူများသည် အတူတူပင်ဖြစ်၍ ၎င်းတို့မှာ အာဏာပိုင် များပင်ဖြစ်သည်ဟု ကောက်ချက်ချကြသည်။ ဤသည်ကား လူးသာလွန့်သာရှိခြင်းကို ထည့်သွင်းမစဉ်းခဲ့ကြပါ။ ဆိုလိုသည်မှာ ဖြစ်နိုင်ခြေရှိသည်မှာ အာဏာပိုင်အဖွဲ့အစည်းနှင့် လူထုနှစ်ဦးစလုံးအကျုံးဝင်ကြသည်။ အကြောင်းမှာ သာမန်လူများကြားထဲတွင် တစ်ဖက်နှင့်တစ်ဖက်အငြင်းအခုန် ဖြစ်လျှင်ဆုံးဖြတ်ချက်ပေးရန် ခုံသမာဓိတစ်ဦးထံအပ်ခြင်းဆိုသည်ကား လုပ်လေ့လုပ်ထရှိသော ဓလေ့တစ်ခုပင် ဖြစ်သည်။ သို့သော်လည်း ပထမအကြိမ်ကြည့်သည်နှင့် ဤဝါကျကဖြစ်ဟန်ရှိသည်မှာ ဦးတည်မိန့်ကြားခံရသူ နှစ်ဦးစလုံးသည် အာဏာပိုင်မှအပ မည်သူမျှမဟုတ်ကြောင်း သံသယဖြစ်ဖွယ်မရှိချေ။ ထို့ကြောင့် ပြောနိုင်သည်မှာ ဝါကျများ ဦးတည်မိန့်ကြားခြင်းသည် ဦးစွာပထမ အာဏာပိုင်များဖြစ်သကဲ့သို့ ဒုတိယအနေဖြင့် ယုံကြည်အပ်နှံမှု ထိန်းသိမ်းစောင့်ရှောက်သူများနှင့် အခြို့သောကိစ္စရပ်တွင် ခုံသမာဓိအဖြစ်ခန့်အပ်ခံရသောသူများအားလုံးကို ဦးတည်သည်။

မုစ်လင်မ်တို့စပ်ကြား (သို့) ယုံကြည်သက်ဝင်သူများ၏ စပ်ကြားစသည်တို့ကဲ့သို့ မမိန့်ကြားဘဲ အလ္လာဟ် အရှင်မြတ်သည် S_an#-LAú-y^B- လူတို့စပ်ကြားဟုမိန့်ကြားထားခဲ့သည်ကို သတိပြုသင့်သည်။ အငြင်းအခုန်ဖြစ်သော ကိစ္စရပ်၏ဆုံးဖြတ်သူအမြင့်၌ လူသားအားလုံးတို့သည် သာတူညီမျှဖြစ်သည်ဆိုကြောင်း ညွှန်းထားသည်။ ထိုလူသားတို့အားလုံးသည် မုစ်လင်မ်ဖြစ်စေ၊ မုစ်လင်မ်မဟုတ်သူဖြစ်စေ၊ မိတ်ဆွေဖြစ်စေ၊ ရန်သူများဖြစ်စေ အကျုံးဝင်သည်။ သို့မဟုတ် ၎င်းတို့သည် တစ်နိုင်ငံတည်းသားများ၊ အသားအရောင်တူသူများ၊ ဘာသာစကားတူသူများ ဖြစ်နိုင်သကဲ့သို့ တိုင်းတစ်ပါးသား၊ အသားအရောင်ကွဲသူများ၊ ဘာသာစကားကွဲပြားသူများလည်း ဖြစ်နိုင်ကြသည်။ ထိုသူများစပ်ကြား အမှန်တရားကို ညွှန်းဆိုသော မှန်ကန်ခြင်း၊ မျှတခြင်း တို့၏လမ်းညွှန်မှုဖြင့် အားလုံးသော အထက်ဖော်ပြခဲ့ပါ ဆက်နွယ်မှုများကို ဘေးချိတ်ကာ အဆုံးအဖြတ်ပေးရမည်မှာ အဆုံးအဖြတ်ပေးသူတို့၏ တာဝန်ပင်ဖြစ်သည်။

**သာတူညီမျှခြင်းနှင့်တရားမျှတခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အာမခံသည်။**

တိုတိုပြောရလျှင် ဤအာယသ်တော်၏ ပထမဝါကျသည် ယုံကြည်အပ်နှံမှုကို ဖြည့်ဆည်းရန် အမိန့်ပညတ်ချက်ပါဝင်ပြီး ဒုတိယဝါကျသည် သာတူညီမျှခြင်းနှင့် တရားမျှတခြင်း အမိန့်ပညတ်ချက်ပါဝင်သည်။ အမိန့်နှစ်ခုကြားတွင် ယုံကြည်အပ်နှံမှုတာဝန်ဝတ္တရားဖြည့်ဆည်းခြင်းကို ဦးစားပေးထားခဲ့သည်။ ဤသည်မှာ တစ်နိုင်ငံလုံး၏ တရားမျှတမှုနှင့်သာတူညီမျှမှုကို အာမခံသည့် စနစ်တစ်ခုထူထောင်မှုအတွက် ယင်းအချက်များ မပါလျှင် မဖြစ်နိုင်ပေ။ ဆိုလိုသည်မှာ တိုင်းပြည်တစ်ပြည်တွင် အာဏာလက်ကိုင်ရှိသူများသည် ၎င်းတို့၏ ယုံမှတ်အပ်နှံမှုတာဝန်ဝတ္တရားများကို ဦးစွာပထမ ဖြည့်ဆည်းရမည်။ သို့ဖြည့်ဆည်းခြင်းသည် မပြုမနေရ တာဝန်တစ်ရပ်ဖြစ်၍ယင်းကို မှန်ကန်စွာနှင့် စနစ်တကျလုပ်ဆောင်ရမည်။ အကျိုးဆက်အားဖြင့် ၎င်းတို့သည် အစိုးရရာထူးများကို အများစုတွင် အကောင်းဆုံးဖြစ်သူ၊ လုပ်နိုင်စွမ်းပြည့်စုံသူ၊ လုပ်ငန်းလုပ်နိုင်စွမ်းရှိ၍ ရိုးသားကာ ယုံကြည်ကိုးစားထိုက်မှုရှိသူများကိုသာ မုချခန့်အပ်ရပေမည်။ ဤကိစ္စရပ်တွင် မိတ်ဆွေသင်္ဘောဖြစ်မှု၊ ဆွေမျိုးသားချင်းဖြစ်မှု၊ အဆက်အသွယ်ကောင်းများ၊ ထောက်ခံမှုများနှင့် တန်စိုးလက်ဆောင်များအပေါ် အခြေခံ၍

လက်သိပ်ထိုးရာထူးမခန့်အပ်ရပါ။ အကယ်၍ ထိုသို့ မလုပ်ဆောင်နိုင်ခဲ့ပါလျှင် မကျွမ်းကျင်သော မထိုက်တန်သောအုပ်စုများ၊ အလွဲသုံးစားပြုသူများနှင့် လူဆိုးလူညစ်များသည် ရာထူးရာခံများရယူကာ အခိုင်အမာ စံမြန်းခံစားနေကြလိမ့်မည်။ ဤသို့ဖြစ်လျှင် အာဏာပိုင်များ၏ အမြင့်ဆုံးသူတို့သည် တိုင်းပြည်တွင်သာတူညီမျှတရားမျှတမှု၏ ခေတ်တစ်ခုဖြစ်ရန် ဆန္ဒအစစ်အမှန်ရှိလျှင်ပင် ၎င်းတို့မည်သို့မျှ တတ်နိုင်ကြမည်မဟုတ်ချေ။ အထက်ပါ ဆန္ဒရှိသည့် ကိစ္စရပ်များဖြစ်လာရန်မှာ လုံးဝမဖြစ်နိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ယင်းအစိုးရ ရာထူးရာခံများသည် အထက်ကပြောကြားခဲ့သော အရည်အချင်းမပြည့်မီသည့် အစိုးရအမှုထမ်းအရာထမ်းများဖြစ်နေသောကြောင့်ဖြစ်ပေသည်။ ဤအရာရှိများသည် ယုံမှတ်အပ်နှံခြင်းကို ခိုးဝှက်သူများဖြစ်သောအခါ (သို့) လုပ်နိုင်စွမ်းမရှိသူများဖြစ်သွားသောအခါ စနစ်တခုတွင်သာတူညီမျှခြင်းနှင့် တရားမျှတခြင်းကို မည်သို့ထူထောင်မည်နည်း။

အထူးမှတ်သားထိုက်သည်မှာ ဤအာယသ်တော်ထဲ၌ အလ္လာဟ်အရှင်မြတ်က ယုံကြည်အပ်နှံမှုဆိုင်ရာ တာဝန်ဝတ္တရားများနှင့် အစိုးရရာထူးရာခံများအတူ ယှဉ်တွဲဖော်ပြခြင်းမှာ “အမာနသ်” (သို့) မည်သည်မဆို ယုံကြည်အပ်နှံ၍ သိမ်းဆည်းထားသည်ကို စစ်မှန်သောပိုင်ရှင်ထံ မှန်မှန်ကန်ကန်နှင့် ထိုက်တန်စွာ လွှဲပြောင်းပေးရမည်ဆိုသည်ကိုအစကနဦးကတည်းက ရှင်းလင်းစေပါသည်။ ယုံကြည်အပ်နှံထားသည်များမှအချို့ကိုတောင်းရမ်းသူ (သို့) ဆင်းရဲချို့တဲ့သူ၊ တစ်စုံတစ်ဦးကို သနားကြင်နာ၍ပေးခြင်းခွင့်မပြု။ သို့မဟုတ် အချို့သော ဆွေမျိုးသားချင်းနှင့် မိတ်ဆွေသင်္ဂဟအချို့၏ရပိုင်ခွင့်ကိုဖြည့်ဆည်းရန်အလို့ငှာ ယုံကြည်အပ်နှံထားသည်များမှ အချို့ကိုပေးခြင်းသည်လည်း မမှန်ကန်ချေ။ ဤသည်မှာ ယေဘုယျယုံကြည်အပ်နှံ၍ ထိမ်းသိမ်းထားသည်များနှင့် သက်ဆိုင်သော “အမာနသ်”အကြောင်းဖြစ်သည်။ ဤသည်နှင့်သိပ်မကွာခြားသည့် ကျယ်ပြန့်သောရှုထောင့်မှ တွေ့မြင်ရသည့် အခြားသော ယုံကြည်အပ်နှံမှုဆိုင်ရာတာဝန်ဝတ္တရားများလည်းရှိသေးသည်။ အလားတူသည်မှာ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူထားသောအမျိုးသားအမျိုးသမီးများ အများစု၏အကောင်းဆုံး အကျိုးကို ဆောင်ရွက်ရန် လုပ်ငန်းစဉ်များထမ်းဆောင်ရမည့် ရာထူးရာခံများဖြစ်သည်။ ဤသည်တို့သည်လည်း ယုံကြည် အပ်နှံထားသည်များဖြစ်သည်။ ၎င်းတို့သည်လည်း ယင်းတာဝန်များကိုပေးဆပ်ထမ်းဆောင်ရမည်။ သို့သော် ၎င်းတို့သည် ဤရာထူးရာခံများကို ထိုက်တန်၍မှန်ကန်သူများကိုပေးရမည်။ ထိုသူများသည် လုပ်နိုင်စွမ်းလည်းရှိ၍ အရည်အချင်းပြည့်မီကာ တတ်စွမ်းနိုင်ပြီး ဤရာထူးအတွက်ရနိုင်သမျှထဲမှ အကောင်းဆုံးဖြစ်သည်မှာလည်းထင်ရှားသည်။ အဆုံးတွင် ရိုးသားဖြောင့်မတ်ခြင်းနှင့်ယုံကြည်ကိုးစားမှုတွင် ၎င်းတို့သည် အခြားသူထက် သာသူများဖြစ်ကြသည်။ အကယ်၍ ဤရာထူးကို အထက်ပါသူများကိုမဟုတ်ဘဲ အခြားမည်သူ့ကိုမဆိုပေးသည်ဆိုလျှင် ဤလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်ညွှန်ကြားချက်ကို ဖီလာဆန့်ကျင်ခြင်းတစ်ရပ်ဖြစ်သွား ပေလိမ့်မည်။ ဆိုလိုသည်မှာ ယုံကြည်အပ်နှံမှုတာဝန်ဝတ္တရားများကို ဖြည့်ဆည်းသင့်သည့်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြစ်လိမ့်မည်မဟုတ်။

**အစိုးရရာထူးရာခံများကို ဒေသဆိုင်ရာ (သို့) နယ်ပယ်ဆိုင်ရာအပေါ်အခြေခံ၍ ပေးခြင်းသည် စည်းမျဉ်းမှားယွင်းခြင်းတစ်ရပ်ဖြစ်သည်။**

နိုင်ငံတစ်ခု၏ပြည်သူများရပိုင်ခွင့်အဖြစ်ကြေညာထားသော နိုင်ငံများစွာ၏ အုပ်ချုပ်ရေးဥပဒေနှင့် ကမ္ဘာ့ဖွဲ့စည်းအုပ်ချုပ်ပုံ တရားဥပဒေ၏ စည်းမျဉ်းတစ်ရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည့် ဥပဒေတွင် ပါဝင်သော ယေဘုယျအမှားကို အသိဉာဏ်ကြွယ်သော ကုရ်အာန်ကျမ်းတော်မြတ်၏ ဤဝါကျကဖယ်ရှားထားခဲ့သည်။ ဤမူအမှားကြောင့် လူဦးရေအချိုးအစားအပေါ်မူတည်၍ အစိုးရရာထူးရာခံခွဲဝေမှုကို အာမခံရန် ဥပဒေများပြဋ္ဌာန်းရပေသည်။ ထို့ကြောင့် တိုင်းပြည်တစ်ခု၏ ပြည်နယ်နှင့်တိုင်းတိုင်းအတွက် ဝေပုံကျခွဲတမ်းသတ်မှတ်ရပါသည်။ ပြည်နယ်(သို့)တိုင်းတစ်ခုမှ သူတစ်ဦးသည် အခြားပြည်နယ်၊ တိုင်းတစ်ခုတွင် ၎င်းအား မည်မျှထိုက်တန်သည်ဖြစ်စေ၊ ယုံကြည်စိတ်ချရသည် ဖြစ်စေ ရာထူးခန့်အပ်နိုင်ခြင်းမရှိပေ။ ထိုအခြားပြည်နယ်မှသူတစ်ဦးမှာမူကား မည်မျှမထိုက်တန်သည်ဖြစ်စေ၊ မကောင်းမှုကျူးလွန်သည်ဖြစ်စေ ထိုလူကိုခန့်အပ်နိုင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်က ဤရာထူးရာခံများသည် တစ်စုံတစ်ဦး၏ရပိုင်ခွင့်များအဖြစ် အခိုင်အမာမပြောနိုင်ကြောင်း ပွင့်လင်းစွာမြွက်ဟကြေညာထားသည်။ ဤသည်တို့သည် ယုံကြည်အပ်နှံမှုများဖြစ်၍ ထိုက်တန်သူကိုသာလျှင် ခန့်အပ်နိုင်သည်ဟု ဆိုထားသည်။ ရာထူးခန့်အပ်ခံရသူသည် ပြည်နယ်/တိုင်းမှသော်လည်းကောင်း၊ အခြားဇုံတစ်ခုသော်လည်းကောင်းဖြစ်နိုင်သည်။ သို့သော်လည်း ထိုဒေသတွင်ရှိသော အစိုးရရာထူးရာခံတစ်ခုအတွက် ထိုဒေသရှိသူတစ်ဦးအားခန့်အပ်လိုခြင်းမှာ မမှားယွင်းပေ။ စင်စစ် ထိုသို့လုပ်ဆောင်ခြင်းနောက်ကွယ်၌ အကျိုးကျေးဇူးမြောက်မြားစွာရနိုင်သည်။ သို့သော်လည်း ထိုရာထူးမခန့်အပ်မီလိုအပ်သော အရည်အချင်းနှင့် ယုံကြည်စိတ်ချရမှုကို စစ်ဆေး၍ ကျေနပ်လက်ခံနိုင်မှသာလျှင် ခန့်အပ်ရမည်ဆိုသော အခြေအနေဖြစ်ရမည်။

**အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အချို့သောရွေစည်းမျဉ်းများ**

ဤတိုတောင်းသော အာယသ်တော်၏ ဘောင်အတွင်းမှ အချို့သော အခြေခံစည်းမျဉ်းများ ပေါ်ထွက်လာပါသည်။ ယင်းတို့မှာ

(၁) အာယသ်ဆော်၏ ပထမဝါကျကို ﴿ٱلرَّحۡمَٰنُ عَلَّمَ ٱلۡقُرۡءَانَ﴾ (ကရုဏာတရားအလျောက်အရှိမြတ်သည်အသင်တို့အား အမိန့်ပေးတော်မူလေသည်)နှင့် အစပြုထားသည်ကား စစ်မှန်သော အမိန့်နှင့်ဥပဒေသည် အလွှာဟ်အရှင်မြတ်ထံတော်မှလာကြောင်း ရှင်းလင်းစွာ ညွှန်းဆိုထားသည်။ ကမ္ဘာပေါ်ရှိ အုပ်ချုပ်သူများအားလုံးသည် ထိုအလွှာဟ်အရှင်မြတ်၏အမိန့်တော်မြတ် သယ်ဆောင်သူများဖြစ်ကြသည်။ ဤသည်က ဩဇာအာဏာ၏အထွဋ်အထိပ်၊ အဆုံးစွန်သော အချုပ်အခြာအာဏာသည် အလွှာဟ်အရှင်မြတ်မှအပ မည်သူမျှ မပိုင်ဆိုင်ကြောင်းကို အတည်ပြုသည်။

(၂) အစိုးရ၏ ရာထူးရာခံများသည် နိုင်ငံတစ်ခုတွင် နေထိုင်သူတို့၏ ရပိုင်ခွင့်များမဟုတ်။ ယင်းရာထူးရာခံများကို လူဦးရေအချိုးအပေါ် အခြေခံ၍ မခွဲဝေနိုင်ပါ။ ထိုရာထူးရာခံများသည် အလွှာဟ်အရှင်မြတ်က ကျွန်ုပ်တို့ပခုံးပေါ်တွင် ယုံကြည်အပ်နှံမှုဆိုင်ရာ တာဝန်ဝတ္တရားများ အဖြစ်တင်ထား၍ ယင်းတို့နှင့် ထိုက်တန်ပြီး

လုပ်ရည်ကိုင်ရည်ရွယ်သူများကိုသာလျှင် ပေးအပ်နိုင်သည်။

(၃) ဤကမ္ဘာပေါ်ရှိ လူသားသည် ကိုယ်စားလှယ်တစ်ဦး (သို့) ယုံမှတ်အပ်နှံခံရသူတစ်ဦးအဖြစ်သာလျှင် တရားဝင်နိုင်သည်။ နိုင်ငံတစ်ခု၏ ဥပဒေများကိုရေးဆွဲရာတွင်သူသည် အလ္လာဟ်အရှင်မြတ်ချမှတ်ထားသော စည်းမျဉ်းများနှင့်အညီ စည်းနှောင်၍ ညွှန်ကြားထားသည့်အတိုင်း ဆောင်ရွက်ရမည်။ ထိုအရှင်မြတ်သည် အကြွင်းမဲ့ အချုပ်အခြာအာဏာပိုင်ဖြစ်ပြီး လူသားများကို ဝဟီမှတစ်ဆင့် ထိုစည်းမျဉ်းများပေးအပ်ခဲ့ပါသည်။

(၄) အာဏာပိုင်တို့၏ အမြဲလုပ်ဆောင်ရမည့်တာဝန်ကား အမှုကိစ္စတစ်ရပ် ၎င်းတို့ထံရောက်ရှိလာလျှင် လူမျိုး၊ ဇာတိတိုင်းပြည်၊ အသွေးအရောင်၊ ဘာသာစကား၊ အယူဝါဒပေါ်အခြေခံ၍ မည်သည့်ခွဲခြားဆက်ဆံမှုမှ မလုပ်ဘဲသာတူညီမျှရှိခြင်းနှင့် တရားမျှတခြင်းတို့ပေါ် အခြေခံ၍စီရင်ရမည်မှာ ၎င်းတို့၏ အမြဲတစေ တာဝန်ဖြစ်ပေသည်။

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းပုံ တည်ဆောက်မှု၏ ဤရွှေစည်းမျဉ်းများကို ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်ပြီးနောက် အာယသ်တော်အဆုံးတွင် မိန့်ထားသည်မှာ ဤကဲ့သို့လူသားအားပေးထားသည့် ကောင်းမြတ်သောအကြံပြုချက်သည် အကောင်းတကာ့အကောင်းဆုံးဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကြားသိတော်မူသော အရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် ပြောဆိုနိုင်စွမ်းမရှိသူ တစ်ဦး၊ ပြန်လှန်ချေပနိုင်စွမ်းပင်မရှိသောသူတစ်ဦး၏ အခြေအနေကို ထင်ထင်ရှားရှား သိရှိတော်မူသည်။ ထို့ကြောင့် ထိုအရှင်စီရင်ပြဋ္ဌာန်းပေးသနားတော်မူသော စည်းမျဉ်းများသည် နိုင်ငံတိုင်း၊ အသက်အရွယ် မရွေး၊ အမြဲတမ်းလက်တွေ့ကျင့်သုံးထိုက်သော အရာများဖြစ်ပေသည်။ လူ့ဦးနှောက်နှင့် ပြုလုပ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့် အမိန့်များသည် ၎င်းတို့ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွက်သာလျှင် ကန့်သတ်ဘောင်ခတ်ထားသည်။ အခြေအနေအရပ်ရပ်ပြောင်းလဲလာခဲ့လျှင် ယင်းစည်းမျဉ်းများနှင့် အမိန့်များသည်လည်း မလွဲမသွေ ပြောင်းလဲရပါမည်။ ထို့ကြောင့် "အိုသက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြလေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ရစူလ်တမန်တော်၏ အမိန့်တော် များကိုလည်းကောင်း၊ မိမိတို့အနက်မှ အာဏာပိုင်များ၏အမိန့်ကိုလည်းကောင်း လိုက်နာကြလေကုန်"ဟူသော ညွှန်ကြားချက်သည် ပထမအာယသ်တော် (၅၈)တွင် အာဏာပိုင်များကို ဦးတည်မိန့်ကြားထားသကဲ့သို့ ဒုတိယ အာယသ်တော် (၈၉)တွင် အများပြည်သူလူထုကို ဦးတည်မိန့်ကြားထားသည်။

## အာဏာပိုင်များ

ဝေါဟာရအရ r_M^¾^AýL_OA< (အုလိလ်အမ်မရီ) (ဤတွင်အာဏာပိုင်ဟု ဘာသာပြန်ထားသည်) ဆိုသည်မှာ တစ်စုံတစ်ရာ၏ စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်ကိုရည်ညွှန်းသည်။ ထို့ကြောင့် စိုက်ယိဒနာ အိဗ်နအဗ္ဗာစ်၊ မုဂျာဟစ်ဒ်နှင့် ဟစံအလ်ဗဆွရီ﴿ﷺ﴾စသော ကုရ်အာန်ကျမ်းတော်မြတ်၏ အစောပိုင်း ဋီကာရှင်များက မိန့်ကြသည်မှာ အုလိလ်အမ်မရိဟူသည်မှာ သာသနာ့ပညာရှင်များနှင့်ဓမ္မသတ်မှုးများ(အုလမာနှင့်ဖုကဟာ)များကို အတိအကျရည်ညွှန်းသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည်တမန်တော်မြတ်﴿ﷺ﴾သခင်၏ ကိုယ်စားလှယ်တော်များဖြစ်၍ ၎င်းတို့လက်ဝယ်သာသနာရေးဆိုင်ရာထိမ်းသိမ်းစောင့်ရှောက်မှုရှိပေသည်။

ထို့နောက် စိုက်ယိဒိနာအဗူဟုရိုင်ရဟ် အပါအဝင် ဋီကာရှင်အုပ်စုတို့က အုလိလ်အမ်မရိသည် အုပ်ချုပ်မှုအာဏာ ကြပ်မတ်ကိုင်တွယ်ရသော အုပ်ချုပ်သူများနှင့် အရာရှိများကို ဖော်ညွှန်းကြောင်း မိန့်ကြားထားသည်။ မည်သို့ဆိုစေကာမူ သဖ်စီရ်အိဗ်နိကဆီးရ်နှင့် အလ်သဖ်စီရ်အလ်မဇ်ဟရီကျမ်းတွင် ဖော်ပြထားသည်မှာ ဤအသုံးအနှုန်းသည် အထက်ပါနှစ်မျိုးနှစ်စားဖြစ်သော အာလင်ပညာရှင်များနှင့် ဓမ္မသတ်ရှင်များအလားတူအုပ်ချုပ်သူများနှင့် အရာရှိများအားလုံးအကျုံးဝင်သည်။ အဘယ့်ကြောင့်ဆိုသော် အမိန့်ပေးစနစ်မှာ ၎င်းတို့နှစ်မျိုးနှစ်စားနှင့် မလွဲမသွေဆက်နွယ်နေသောကြောင့်ဖြစ်သည်။ ဤအာယသ်တော်ကို အပေါ်ယံကြောကြည့်လျှင် အလ္လာဟ်အရှင်မြတ်၊ တမန်တော်မြတ်နှင့် အာဏာပိုင်များ၏ "အမိန့်နာခံခြင်း" (၃)ခုကိုနာခံရန် အမိန့်ပေးထားသည်ကိုပြသသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်ပါ အခြားအာယသ်တော်များကရှင်းလင်းစွာဖော်ပြထားသည်မှာ အမိန့်တော်နှင့်နာခံမှုသည် အလ္လာဟ်အရှင်မြတ်ကလွဲ၍ မည်သူမျှမပိုင် အမိန့်တော်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်၍ အလ္လာဟ်အရှင်မြတ်ကိုသာလျှင် နာခံရပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားသည်မှာ -

اِنِ الۡحُكۡمُ اِلَّا لِلّٰهِ

**အမိန့်အာဏာကိုကား အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူ၏။ အမိန့်အာဏာ(အလုံးစုံတို့)ကား အလ္လာဟ်အရှင်မြတ်၌သာရှိပေသည်။ (၆း၅၇) (၁၂း၄၀)**

သို့သော်လည်း အလ္လာဟ်အရှင်အမြတ် အမိန့်တော်နာခံခြင်း၏ လက်တွေ့ကျင့်သုံးနည်း (၄)မျိုး ခွဲခြားထားသည်။

## အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နာခံခြင်းနည်းလမ်းများ

(၁) ဦးစွာပထမ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်တွင် ဝဟီပို့ချမှုအားဖြင့် အရှင်မြတ်ကိုယ်တော်တိုင် ပို့ချထားခဲ့သော တစ်စုံတစ်ရာသောအမိန့်ပညတ်ချက်သည် မည်သည့်ရှင်းလင်းချက်မျှ မလိုသော အမိန့်ပညတ်ချက်များဖြစ်သည်။ ဥပမာအားဖြင့် အလွန်တရာလေးနက် ပြင်းထန်သောရှစ်ရိုက်နှင့် ကုဖ်ရ်ပြစ်မှု (အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲကိုးကွယ်ခြင်းနှင့် မယုံကြည်သွေဖည်ငြင်းပယ်ခြင်း) အလ္လာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ခြင်း၊ အလ္လာဟ်တစ်ပါးတည်းတည်ရှိတော်မူခြင်း၊ နောင်လာမည့်အာခိရသ်၊ ကိယာမသ်နောက်ဆုံးနေ့ကိုယုံကြည်ခြင်း၊ အလ္လာဟ်အရှင်မြတ်၏ စစ်မှန်ပြီးနောက်ဆုံးဖြစ်သော တမန်တော်မြတ် စိုက်ယိဒိနာမုဟမ္မဒ်အလ် မုစ်သဖာ ﷺ သခင်အားယုံကြည်ခြင်း၊ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၊ စောင်မ် (ဥပုဒ်သီလဆောက်ထိမ်းခြင်း) ဟဂ်ျ(ဟဂ်ျပြုရန်သွားခြင်း)နှင့်ဇကာသ်(ဆင်းရဲသားဒါနကြေးပေးဆောင်ခြင်း)တို့သည် ဖရသ်ဒ်မပြုမနေရတာဝန်များဖြစ်ကြောင်း ယုံကြည်ခြင်းတို့ဖြစ်သည်။ ဤသည်တို့အားလုံးမှာ အလ္လာဟ်အရှင်မြတ်၏ တိုက်ရိုက်အမိန့်တော်များဖြစ်သည်။ ဤသည်တို့ကို လုပ်ဆောင်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ကို တိုက်ရိုက်နာခံခြင်းဟုဆိုလိုသည်။

(၂) ထို့နောက်ဒုတိယပိုင်းတွင် •a\HA "အဟ်ကမ်"ခေါ်ရှင်းလင်းပြသရန်လိုအပ်သောအမိန့်တော်များပါဝင်သည်။ ဤတွင် ကျမ်းတော်မြတ်ကုရ်အာန်သည် မကြာခဏဆိုသလို တိုတိုတုတ်တုတ်ဖြစ်စေ၊ သတ်သတ်မှတ်မှတ်မရှိဘဲ ဖြစ်စေ အမိန့်ပေးလေ့ရှိသည်။ ထိုအခါ ယင်းအမိန့်၏ရှင်းလင်းချက်ကို တမန်တော်မြတ်ကြီးအား လုပ်ဆောင်စေပါသည်။ တမန်တော်မြတ်﴿ﷺ﴾သည် ဟဒီးဆ်တော်များမှတစ်ဆင့် အကြောင်းအရာတစ်ခု၏ ရှင်းလင်းချက်ကို ဖြစ်စေ၊ အကျယ်ဖွင့်ဆိုချက်ကိုဖြစ်စေ၊ မိန့်ကြားခဲ့ပါလျှင် ယင်းသည်လည်း ဝဟီတစ်မျိုးပင်ဖြစ်သည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာဆုံးဖြတ်ချက်ပေါ်အခြေခံ၍ ဤရှင်းလင်းချက်များကိုလုပ်ဆောင်ရာတွင် ကြွင်းကျန်ရစ်ခဲ့လျှင်ဖြစ်စေ၊ လိုအပ်ချက်ရှိခဲ့လျှင်ဖြစ်စေ၊ ယင်းကို ဝဟီမှ တစ်ဆင့် ပြင်ဆင်စေပါသည်။ အဆုံးတွင် တမန်တော်မြတ် ﴿ﷺ﴾ သခင်၏မိန့်ကြားချက်၊ လုပ်ဆောင်ချက်တို့သည် အလ္လာဟ်အရှင်မြတ်အမိန့်တော်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ပင်ဖြစ်သွားပါတော့သည်။

"အဟ်ကမ်" သဘောသဘာဝရှိသော အလ္လာဟ်အရှင်မြတ်မိန့်တော်များကိုနာခံခြင်းသည် တရားဝင်ပြောရလျှင် ယင်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ပြတ်ပြတ်ထင်ထင် ရှင်းရှင်းလင်းလင်းမရှိသောကြောင့် အုပ္မသ်ထုထဲသို့ တမန်တော်မြတ်၏ မြင့်မြတ်သော ဟဒီးဆ်ဩဝါဒတော်တို့မှတစ်ဆင့် ရောက်ရှိလာသည့်အတွက် ယင်းကိုနာခံခြင်းသည် သဘောတရားအရပြောရလျှင် တမန်တော်မြတ်﴿ﷺ﴾ကိုနာခံခြင်းဖြစ်သည်။ အမှန်မှာ တမန်တော်မြတ် ﴿ﷺ﴾ ကိုနာခံခြင်းသည် အလ္လာဟ်အရှင်မြတ်ကိုနာခံခြင်းနှင့် တစ်ပြိုင်နက်တည်း အတူတူဖြစ်သွားပါသည်။ အပြင်ပန်းအမြင်အရဆိုလျှင် ယင်းသို့တမန်တော်မြတ်ကိုနာခံခြင်းသည် သူ့အဆင့်အတန်းနှင့်သူရှိပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ် တစ်စောင်လုံးတွင် အလ္လာဟ်အရှင်မြတ်အမိန့်ကို နာခံရန်ဖော်ပြရာတွင် တမန်တော်မြတ်﴿ﷺ﴾ကိုလည်း နာခံရန်တစ်ပြိုင်နက်အတူတူဖော်ပြခြင်းသည် အမြဲတစေအသွင်ပြင်လက္ခဏာတစ်ရပ်ဖြစ်သည်။

(၃) တတိယအမျိုးအစားဖြစ်သော "အဟ်ကမ်" (သို့) အလ္လာဟ်အရှင်မြတ် အမိန့်တော်များသည် ကုရ်အာန်ကျမ်းတော်မြတ်တွင်လည်းကောင်း၊ ဟဒီးဆ်တော်များတွင်လည်းကောင်း ရှင်းလင်းပြတ်သားစွာ ဖော်ပြမထားသော အမိန့်တော်များဖြစ်ကြသည်။ သို့မဟုတ်ပါမူ အကယ်၍ ယင်းကဲ့သို့သော အမိန့်တော်များအကြောင်း ဟဒီးဆ်တော်များတွင် ပါရှိခဲ့ပါလျှင်လည်း ထိုကဲ့သို့သော အမိန့်တော်များနှင့် ပတ်သက်သောဆင့်ပြန်ချက်များတို့သည် ဟဒီးဆ်ရတနာတိုက်ထဲတွင် မြောက်မြားစွာရှိနေသောကြောင့် တစ်ခုနှင့်တစ်ခု ကွဲလွဲဟန်ရှိနေပါသည်။ ထိုကဲ့သို့သော "အဟ်ကမ်" အမိန့်တော်များနှင့် ပတ်သက်လာလျှင် မုဂ္ဂါသဟိဒ်အုလမာ (မူလအရင်းအမြစ်များမှတစ်ဆင့် ဘာသာရေးဆိုင်ရာအသိပညာကို အမြင့်မားဆုံးဘက်စုံတတ်ကျွမ်းသော ပညာရှင်များ)က ပြဋ္ဌာန်းပြီးဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်စာသားတို့နှင့် စွန္နသ်တော်တို့အားနှိုက်နှိုက်ချွတ်ချွတ်လေ့လာကာ၊ တွေးတောဆင်ခြင်နေသော ပြဿနာကြောင့်ပေါ်ထွက်လာသည့်နှိုင်းယှဉ်မှုများနှင့် သာဓကတို့အရ၊ သူတို့၏အကောင်းဆုံးအတွေးအခေါ်နှင့် အလေးထားမှုတို့ဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၏ အရေးပါမှုဘောင်အတွင်းမှ၊ အသင့်လျော်ဆုံးသော လိုက်နာကျင့်ဆောင်ရန်ဥပဒေတစ်ခုကိုပြဋ္ဌာန်းခဲ့သည်။ ဤသည်ကြောင့် ယင်းဥပဒေများကိုနာခံခြင်းသည် အလ္လာဟ်အရှင်မြတ်အား နာခံခြင်းနှင့်အတူပင်ဖြစ်သွားပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့အား အမှန်တကယ်အားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များမှ ထုတ်နှုတ်ထားသောကြောင့်ဖြစ်သည်။

သို့ရာတွင်တရားဝင်အရ ဤသည်များကို ဓမ္မသတ်ဆိုင်ရာအမိန့်ပြန်တမ်း(သို့)ဖသ်ဝါဟု လူတိုင်းသဘောပေါက်ကြကာ ဘာသာရေးပညာရှင်များအား ဂုဏ်ပေးကြပါသည်။

ဤတတိယအမျိုးအစားတွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်များမှ လွတ်ကင်းသည့် "အဟ်ကမ်" များလည်းပါဝင်သည်။ အမှန်မှာ ဤကိစ္စနှင့်ပတ်သက်လာလျှင် လူအများသည် မိမိတို့ဆန္ဒအရ လုပ်ဆောင်ရန်ရွေးချယ်နိုင်ပါသည်။ ဤသည်ကို ရှရီအသ်အသုံးအနှုန်းအရ ...aHabM "မုဗာဟတ်" (ˆ abMမုဗာဟတ်၏ဗဟုဝုစ်ကိန်းဖြစ်ပြီး အဓိပ္ပာယ်မှာ ခွင့်ပြုသည်)ဟု ခေါ်ဆိုသည်။ ဤကဲ့သို့သဘောသဘာဝရှိသော ဥပဒေများ၊ အမိန့်များတို့ကို ရေးသားခြင်း၊ ပြဋ္ဌာန်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အား အုပ်ချုပ်သူများနှင့် ၎င်းတို့အရာရှိများကို အပ်နှင်းခဲ့ပါသည်။ သို့မှသာ ၎င်းတို့သည် တည်ဆဲအခြေအနေများနှင့် တွေးတောဆင်ခြင်မှုများအရ ဥပဒေများပြုလုပ်ကာ လူအများအား လိုက်နာစေနိုင်ပါသည်။ ကျွန်ုပ်နေထိုင်သော ကရာချီမြို့တော်ကို ဥပမာပြုကြပါစို့။ ဤမြို့တွင် စာတိုက်မည်မျှ ရှိသင့်ပါသနည်း။ ငါးဆယ်လား တစ်ရာလား။ ရဲစခန်းများ မည်မျှရှိသင့်ပါသနည်း။ မြို့တော်ကို အကောင်းဆုံး အလုပ်ကျွေးပြုနိုင်မည့် သယ်ယူပို့ဆောင်ရေးစနစ်အဘယ်နည်း။ တိုးပွားနေသော လူဦးရေအတွက် နေရာ ထိုင်ခင်း ပေးရာတွင် လိုက်နာရန် မည်သည့်ဥပဒေရှိပါသနည်း။ ဤလုပ်ဆောင်မှုတို့သည် "မုဗာဟတ်" ခွင့်ပြုသည်၏အောက်တွင်ရောက်ရှိသွားသည်။ ယင်း၏လုပ်ရပ်များ တစ်ခုတစ်လေမျှ ဝါဂျိဗ် (သို့) ဟရာမ်ဟုမသတ်မှတ်ပါ။ အမှန်အားဖြင့် ဤလုပ်ရပ်အားလုံးတို့သည် ရွေးချယ်မှုကို လူထုအား တာဝန်ပေးအပ်ပါက ဘယ်စနစ်မျှ အောင်မြင် လိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် စနစ်တစ်ခုကို စည်းရုံးဖွဲ့စည်းခြင်းနှင့် လုပ်ဆောင်ခြင်းဆိုသည့်တာဝန်ကို အစိုးရ လက်ဝယ်အပ်နှံခဲ့သည်။

အခြေခံကျသည့်ဘက်သို့ ပြန်လှည့်ပါက ပြောနိုင်သည်မှာ လက်ရှိအာယသ်တော်ပါ အာဏာပိုင်များအား နာခံခြင်းဟုဆိုရာတွင် amlI အုလမာ (သာသနာ့ပညာရှင်များ)နှင့် • a \H ဟတ်ကမ် (အာဏာပိုင်များ) နှစ်ခုစလုံးအား ဆိုလိုပါသည်။ ဤအာယသ်တော်အရ မုစ်လင်မ်ဓမ္မသတ်ရှင်များတို့၏ ဓမ္မသတ်ဆိုင်ရာ သုတေသနပြုမှုများ၊ လုပ်အားများ၊ လမ်းညွှန်မှုများနှင့် သက်ဆိုင်သော ကိစ္စရပ်များဆိုလျှင် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များအား နာခံရန်မှာ မပြုမနေရပင်ဖြစ်သည်။ အလားတူစွာ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်လာလျှင် အာဏာပိုင်များအား နာခံရမည်မှာ မပြုမနေရတာဝန်ဖြစ်သည်။

ဤနာခံခြင်းသည်လည်း စင်စစ်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များ (သို့) အဟ်ကမ်ကိုနာခံခြင်းဖြစ်သည်။ သို့သော်လည်းအပြင်ပန်းအရ ဤအမိန့်ပညတ်များသည် ကုရ်အာန်ကျမ်းတော်မြတ်တွင်လည်းကောင်း၊ စွန္နသ်တော်တွင်လည်းကောင်း မရှိပါ။ ယင်းတို့မှာ ဘာသာရေးဆိုင်ရာပညာရှင်များ (သို့မဟုတ်) အရာရှိများ၏ အခိုင်အမာပြောဆိုချက်များဖြစ်သည်။ ဤအကြောင်းကြောင့် ဤသီခြားအမိန့်နာခံခြင်းကို တသီးတခြား ဖော်ပြပြီး နာခံခြင်းတွင် အမှတ်စဉ် (၃)၌ ထား၍ ပေါ်လွင်သည့်အထောက်အထားအဖြစ် "မိမိတို့အနက်မှ အာဏာပိုင်များ၏ အမိန့်ကိုလည်းကောင်း လိုက်နာကြလေကုန်" ဟု မိန့်ကြားထားသည်။ ကျွန်ုပ်တို့စိတ်ဝယ်စွဲမှတ်ရမည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ သီးခြားသတ်မှတ်ထားသောမူရင်းစာသားဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာရန် လိုအပ်သောတာဝန်ဖြစ်သကဲ့သို့ တမန်တော်မြတ် ﷺ ၏ ဟဒီးဆ်တော်ပါ သီးခြားသတ်မှတ်ထားသော စာသားဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်ကို လိုက်နာရန်လိုအပ်သော တာဝန်ဖြစ်ပေသည်။ ထို့ကြောင့် မူရင်းစာသားများတွင်

သီးခြားဖော်ပြမထားသော ကိစ္စရပ်များဖြစ်သည့် ခမ္မသတ်ဆိုင်ရာ ကိစ္စရပ်များတွင် မုစ်လင်မ်ခမ္မသတ်ပညာရှင်များ၏ နောက်လိုက်ရန်လိုအပ်သည်။ ထို့ပြင်အုပ်ချုပ်မှုဆိုင်ရာနှင့်ပတ်သက်သော ကိစ္စရပ်များတွင် အုပ်ချုပ်သူများနှင့် အရာရှိများ၏နောက်လိုက်ကြရမည်။ ဤသည်ပင် "မိမိတို့အနက်မှ အာဏာပိုင်များ၏ အမိန့်ကိုလည်းကောင်းလိုက်နာကြလေကုန်" ၏ဆိုလိုရင်းဖြစ်ပေသည်။

**ရှရီအသ်တရားတော်နှင့် ဆန့်ကျင်သည့်လုပ်ရပ်များအတွက်အာဏာပိုင်များ၏အမိန့်နာခံခြင်းခွင့်မပြု။**

အကယ်၍ ကျွန်ုပ်တို့သည် အာယသ်တော် (၅၈)ကိုကြည့်လျှင် "လူတို့စပ်ကြား၌ စီရင်ဆုံးဖြတ်ကြရာတွင် တရားမျှတစွာဖြင့် စီရင်ဆုံးဖြတ်ကြရန်လည်းကောင်း" ဟူသောအမိန့်နှင့်ယှဉ်တွဲ၍ "မိမိတို့အနက်မှ အာဏာပိုင်များ၏အမိန့်ကိုလည်းကောင်း လိုက်နာကြလေကုန်"ဟူသော အာယသ်တော် (၅၉)တွင် မိန့်ထားခြင်းမှာ ကျွန်ုပ်တို့အား ထင်ရှားသော အညွှန်းတစ်ခုပေးထားသည်။ ယင်းမှာ အကယ်၍ အုပ်ချုပ်မှုအာဏာရှိသော အမီးရ်သည် "ɑ^I– အဒ်လ် (တရားမျှတမှု)ကို လက်ကိုင်ပြုထားလျှင် ၎င်းအား နာခံခြင်းသည်ဝါဂျိဗ်ဖြစ်သည်။ ထို့ပြင် ၎င်းသည် တရားမျှတမှုကိုစွန့်လွှတ်၍ ရှရီအသ်တရားတော်နှင့်ဆန့်ကျင်သော ဥပဒေများပြဋ္ဌာန်းပါက ထိုဥပဒေများနှင့်ပတ်သက်၍မူ ၎င်းအမီးန်၏ အမိန့်နာခံရလိမ့်မည်မဟုတ်ချေ။ တမန်တော်မြတ်ﷺ သခင်မိန့်ကြားသည်မှာ-**لاطاعة لمخلوق فى معصية** တိုက်ရိုက်ပြန်ဆိုရလျှင် "ဖန်ဆင်းရှင်၏ အမိန့်ဖီဆန်စေမည့် ကိစ္စရပ်များအတွက် ပေးသောအမိန့်ကို အဖန်ဆင်းခံများသည် မလိုက်နာရပါ။" ဆိုလိုသည်မှာ ဖန်ဆင်းရှင်၏ အမိန့်ဖီဆန်မှုဖြစ်စေသည့် ထိုကဲ့သို့ သောအမိန့်နာခံခြင်းကို ခွင့်မပြုချေ။

မိန့်ကြားချက်များဖြစ်သော "လူတို့စပ်ကြား၌ စီရင်ဆုံးဖြတ်ကြရာတွင် တရားမျှတစွာဖြင့် စီရင်ဆုံးဖြတ်ကြရန်လည်းကောင်း" (အာယသ်-၅၈)မှ အခြားတစ်ချက်ထွက်ပေါ်လာသည်မှာ လူတစ်ဦးသည် တရားမျှတမှုနှင့်သာတူညီမျှမှုကို ထိန်းသိမ်းထားရန် အင်အားနှင့်အရည်အချင်းမရှိပါက ၎င်းသည် ကာဇီ (တရားသူကြီး)တစ်ဦးမဖြစ်သင့်ပါ။ အဘယ့်ကြောင့်ဆိုသော် "တရားမျှတစွာဖြင့် စီရင်ဆုံးဖြတ်ကြရန်"သည် (အမာနသ်)ဖြစ်ပေသည်။ ယင်းအမာနသ်သည် ယုံမှတ်အပ်နှံထားမှုတာဝန်ဝတ္တရားတစ်ရပ် ဖြည့်ဆည်းမှု၏ကြီးမားသောတာဝန်တစ်ရပ်ဖြစ်ကာ ချည့်နဲ့၍ အစွမ်းအစမရှိသူတစ်ဦးသည် ယင်းကိုကာကွယ်စောင့်ထိန်းခြင်းဖြည့်ဆည်းခြင်းတာဝန်ကိုမလုပ်ဆောင်နိုင်ပါ။ ဤသည်ကို ရှင်းလင်းစေရန်ကား စိုက်ယိဒိနာအဗူဒရ်၏ ကိစ္စရပ်ကဆိုလျော်အပ်စပ်ပေသည်။ အဗူဒရ် ﷺ သခင်က တမန်တော်မြတ် ﷺသခင်ထံ အစ္စလာမ့်နိုင်ငံတွင် အုပ်ချုပ်ရေးမှူးနေရာအချို့၌ ခန့်အပ်ပေးပါရန်တောင်းခံခဲ့ပါသည်။ ယင်းကိုပြန်ကြား၍ ကိုယ်တော်မြတ်မိန့်ကြားသည်မှာ-

**يااباذر انك ضعيف وانّهَا امانة وانها يوم القيمة خزى وندا مة الا من اخذ بحقها وادى الذى عليه فيها** (رواه مسلم بحو اله مظهرى)

"အို-အဗူဒရ်အသင်သည် ချည့်နဲ့သူဖြစ်သည်။ ထို့ပြင် ဤရာထူးမှာယုံကြည်အပ်နှံခံရမှုအရ ပေးအပ်ရသောရာထူးဖြစ်သည်။ ယုံကြည်အပ်နှံမှု တာဝန်ဝတ္တရားများကို ပြည့်ပြည့်ဝဝ တိတိကျကျဖြည့်ဆည်းသူ (ဆိုလိုသည်မှာ ဂုဏ်သရေကင်းမဲ့မှုမှ ကင်းလွတ်လိမ့်မည့်သူ)မှအပ အခြားသူအတွက် ကိယာမသ်နေ့တွင် ဂုဏ်သရေမဲ့ခြင်းနှင့်

နောင်တရစေရာအကြောင်းဖြစ်သွားပေလိမ့်မည်။) **(မုစ်လင်မ်ကျမ်းမှ မဇ်ဟရီကျမ်း)**

**တရားမျှတသောသူသည် အလ္လာဟ်အရှင်မြတ်၏ အရေးပေးခြင်းခံရသောကျေးကျွန်ဖြစ်သည်။**

ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ သခင်မိန့်ကြားခဲ့သည်ကို တင်ပြထားသည်မှာ "တရားမျှတသူသည် အလ္လာဟ်အရှင်မြတ်၏ ချစ်ခင်မှုခံရကာအရှင်မြတ်နှင့်အနီးကပ်ဆုံးတွင်နေရမည်။ တရားမျှတမှုမရှိသူမှာမူ အလ္လာဟ်အရှင်၏ သနားကရုဏာတော်နှင့် ကျေးဇူးတော်တို့မှ အလွန်ဝေးရာ၌ထားရှိပေမည်"။

အခြားဟဒီးဆ်တော်အရ တမန်တော်မြတ်ﷺသခင်သည် ကိုယ်တော်၏ ဆွဟာဗဟ်သာဝကကြီးများကို မိန့်ခဲ့သည်မှာ "အလ္လာဟ်အရှင်မြတ်၏အရိပ်အာဝါသအောက်တွင် ဦးစွာပထမခိုလှုံရမည့်သူ မည်သူဖြစ်ကြောင်း သင်တို့သိပါ၏လော။ ၎င်းတို့က လျှောက်ထားကြသည်မှာ "အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်က ဤသည်နှင့်ပတ်သက်၍ အကောင်းဆုံးသိရှိတော်မူပါသည်"။ ထို့နောက် ကိုယ်တော်မြတ် မိန့်ကြားခဲ့သည်မှာ "ဤသူတို့သည် အမှန်တရားပေါ်ထွက်လာလျှင် ယင်းကိုဆောလျင်စွာ လက်ခံကြသူများဖြစ်ကြသည်။ ၎င်းနောက် လျူဒါန်းပေးကမ်းရန်တောင်းခံခဲ့ပါလျှင်လည်း သူတို့၏ပစ္စည်းဥစ္စာများကိုလျူဒါန်းသုံးစွဲကြသည်။ (လူများစပ်ကြား)စီရင်ဆုံးဖြတ်ရန်ရှိလာသောအခါ ထိုသူတို့သည် မိမိတို့အတွက်လုပ်ဆောင်သကဲ့သို့ (လူအများအတွက်)သူတို့အတတ်နိုင်ဆုံးတရားမျှတစွာလုပ်ဆောင်ကြသူများဖြစ်ကြသည်။

**အိဂျ်သိဟာဒ်နှင့် ကိယားစ်၏ သက်သေသာဓက**

နောက်ဆုံးတွင် အာယသ် (၅၉)ပါ-**فَإِنْ تَنَازَعْتُمْ فِي شَيْءٍ فَرُدُّوهُ إِلَى اللَّهِ وَالرَّسُولِ** (အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာကိစ္စနှင့်စပ်လျဉ်း၍အငြင်းပွားခဲ့ကြသော် ထိုကိစ္စကို အလ္လာဟ်အရှင်မြတ်ထံတော်သို့လည်းကောင်း၊ ရစူလ်တမန်တော်၏ထံသို့ လည်းကောင်းပြန်လည်၍ ပို့သကြလေကုန်)ကို ကျွန်ုပ်တို့ရည်ညွှန်းကြပါစို့။

ဤ"အလ္လာဟ်အရှင်မြတ်ထံတော်သို့လည်းကောင်း၊ ရစူလ်တမန်တော်၏ထံသို့လည်းကောင်း ပြန်လည်၍ ပို့ဆောင်ခြင်း"တွင် အသွင်နှစ်မျိုးရှိသည်။

(၁) အလ္လာဟ်အရှင်မြတ် တမန်တော်၏ စွန္နသ်တော်နှင့် အလ္လာဟ်အရှင်၏ ကျမ်းတော်တွင် အမိန့်ကို စံအဖြစ်အတည်ပြုပြဋ္ဌာန်းထားသော အဟ်ကမ်များဆီသို့ ပြန်လည်ပို့ဆောင်ခြင်း။

(၂) အကယ်၍ မူရင်းစာသားဖြင့် အတည်ပြုပြဋ္ဌာန်းထားသော အဟ်ကမ်မရှိခဲ့လျှင် ပြန်လည်ပို့ဆောင်ခြင်းသည် ၎င်းတို့၏ အလျင်ကဖြစ်ခဲ့ဖူးသည်များအပေါ် အခြေခံ၍ နှိုင်းယှဉ်ခြင်းဖြင့် ကောက်နှုတ်ထုတ်ယူကာ (ကိယားစ်)နည်းဖြင့်ပြီးမြောက်စေပါသည်။

{<O^D#<r<F−(ထိုအရာကိုပြန်လည်၍ ပို့ကြလေကုန်)ဟူသော စကားလုံး၏ ဖော်ပြချက်သည် ယေဘုယျဖြစ်၍ အထက်ဖော်ပြပါပုံစံနှစ်မျိုးစလုံးနှင့် အကျုံးဝင်သည်။

အာယသ် (၆၀-၆၄)

اَلَمْ تَرَ اِلَى الَّذِيْنَ يَزْعُمُوْنَ
اَنَّهُمْ اٰمَنُوْا بِمَآ اُنْزِلَ اِلَيْكَ وَمَآ اُنْزِلَ مِنْ قَبْلِكَ يُرِيْدُوْنَ
اَنْ يَّتَحَاكَمُوْٓا اِلَى الطَّاغُوْتِ وَقَدْ اُمِرُوْٓا اَنْ يَّكْفُرُوْا
بِهٖ ۭ وَيُرِيْدُ الشَّيْطٰنُ اَنْ يُّضِلَّهُمْ ضَلٰلًۢا بَعِيْدًا ۝۶۰
وَاِذَا قِيْلَ لَهُمْ تَعَالَوْا اِلٰى مَآ اَنْزَلَ اللّٰهُ وَاِلَى الرَّسُوْلِ
رَاَيْتَ الْمُنٰفِقِيْنَ يَصُدُّوْنَ عَنْكَ صُدُوْدًا ۝۶۱ فَكَيْفَ اِذَآ
اَصَابَتْهُمْ مُّصِيْبَةٌۢ بِمَا قَدَّمَتْ اَيْدِيْهِمْ ثُمَّ جَاۗءُوْكَ
يَحْلِفُوْنَ ۚ بِاللّٰهِ اِنْ اَرَدْنَآ اِلَّآ اِحْسَانًا وَّتَوْفِيْقًا ۝۶۲ اُولٰۗىِٕكَ
الَّذِيْنَ يَعْلَمُ اللّٰهُ مَا فِيْ قُلُوْبِهِمْ ۣ فَاَعْرِضْ عَنْهُمْ وَعِظْهُمْ
وَقُلْ لَّهُمْ فِيْٓ اَنْفُسِهِمْ قَوْلًۢا بَلِيْغًا ۝۶۳ وَمَآ اَرْسَلْنَا مِنْ
رَّسُوْلٍ اِلَّا لِيُطَاعَ بِاِذْنِ اللّٰهِ ۭ وَلَوْ اَنَّهُمْ اِذْ ظَّلَمُوْٓا اَنْفُسَهُمْ
جَاۗءُوْكَ فَاسْتَغْفَرُوا اللّٰهَ وَاسْتَغْفَرَ لَهُمُ الرَّسُوْلُ
لَوَجَدُوا اللّٰهَ تَوَّابًا رَّحِيْمًا ۝۶۴

(အို-နဗီတမန်တော်)အသင်သည် အကြင်သူတို့(၏ဖြစ်အင်) ကိုမတွေ့မမြင်ပါလေသလော။ ထိုသူတို့က မိမိတို့သည် အသင့်ထံထုတ်ပြန်ပြီးဖြစ်သော (ကုရ်အာန်)ကျမ်းတော်ကိုလည်းကောင်း၊ အသင်၏ အလျင်ထုတ်ပြန်ခဲ့ပြီးဖြစ်သော ကျမ်းတော်များကိုလည်းကောင်း၊ မုချကောန်သင်ဝင်ယုံကြည်ခဲ့ကြလေပြီဟု (ဟန်ဆောင်)ထုတ်ဖော်ပြောဆိုကြလေသည်။ (သို့တစေလည်း) ယင်းသူတို့သည် (မိမိတို့၏)အမှုအခင်းများကို "ရှိုင်တွာန်" မိစ္ဆာကောင်၏ ထံသို့ (သွားရောက်)တင်လိုကြကုန်၏။ အမှန်စင်စစ်သော်ကား၊ ယင်းသူတို့သည် ထို "ရှိုင်တွာန်" မိစ္ဆာကောင်ကို မယုံမကြည်သွေဖည်ငြင်းပယ်ကြရန် အမိန့်တော် ရရှိပြီးဖြစ်ကြကုန်၏။ အမှန်သော်ကား "ရှိုင်တွာန်"မိစ္ဆာကောင်သည် ၎င်းတို့အား ဝေးလံစွာသောလမ်းမှားသို့ ပို့ဆောင်လိုပေသတည်း။ (၄း၆၀)

၎င်းပြင် (တစ်ဦးတစ်ယောက်သောသူသည်) ထိုသူတို့အား အသင်တို့သည် (တရားစီရင်ဆုံးဖြတ်ရန်အလို့ငှာ) အလွှာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသောတရားဓမ္မ (တည်းဟူသောကုရ်အာန်ကျမ်းတော်မြတ်) ဘက်သို့လည်းကောင်း၊ ရစူလ်တမန်တော်မြတ်ထံသို့လည်းကောင်း လာကြလေကုန်ဟုပြောဆိုသောအခါ အသင်သည်"မုနာဖစ်ဂ်"အယောင်ဆောင် မုစ်လင်မ်တို့အား မိမိထံ (လာရောက်ခြင်း)မှ ဖဲကြဉ်သွေရှောင်ကြသည်ကို တွေ့မြင်ရပေအံ့။ (၄း၆၁)

တစ်ဖန်ထိုသူတို့၌ မိမိတို့၏ ကိုယ်ထိလက်ရောက်ပြုလုပ်မှုများကြောင့်ပင် တစ်စုံတစ်ရာဘေးဥပဒ်အန္တရာယ်သည် ဆိုက်ရောက်လတ်သော် (ထိုသူတို့သည်) မည်သို့ဖြစ်သွားကြသနည်း။ ထို(သို့ဖြစ်ကြပြီး)နောက် ထိုသူတို့ကား "ကျွန်တော်များသည် အကောင်းဖြစ်စေခြင်းနှင့်" (အချင်းချင်း) "စိတ်တူကိုယ်မျှဖြစ်စေခြင်းမှတစ်ပါးအခြားမည်သည်ကိုမျှ ရည်စူးခဲ့ကြသည်မဟုတ်ပါ"ဟူ၍ အလွှာဟ်အရှင်မြတ်အား တိုင်တည်ကျိန်ဆိုလျက် အသင့်ထံလာကြကုန်သတည်း။ (၄း၆၂)

ဤသူတို့ကား အကြင်သူများပင်တည်း။ အလွှာဟ်အရှင်မြတ်သည် ထိုသူတို့၏စိတ်တွင်း၌ ရှိသမျှတို့ကို သိရှိတော်မူလေသည်။ သို့ဖြစ်ပေရာ အသင်သည် ထိုသူတို့ (၏အပြစ်များ)ကို လျစ်လျူရှု၍နေပါလေ။ သို့ရာတွင် အသင်သည် ၎င်းတို့အား ဆုံးမပဲ့ပြင်၍ပေးပါလေ။ ထိုမှတစ်ပါး အသင်သည် ၎င်းတို့အား ၎င်းတို့နှင့်ပတ်သက်၍ ထိရောက်စွဲမြဲသော (တရား) စကားကိုလည်းပြောကြားပါလေ။ (၄း၆၃)

အမှန်စင်စစ် ငါအရှင်မြတ်သည် ရစူလ်တမန်တော်အပေါင်းတို့အားစေလွှတ်တော်မူခဲ့ခြင်းမှာ အလွှာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် (လူခပ်သိမ်းတို့သည်) ထိုရစူလ်တမန်တော်များ၏ ဩဝါဒများကို နာခံကြရန် အတွက်သာလျှင် ဖြစ်ပေသည်။ တစ်ဖန်အကယ်၍သာ ထိုသူတို့သည် မိမိတို့ကိုယ်ကို နှိပ်စက်ကလူပြုမိခဲ့ကြလျှင် အသင်ထံလာကြ၍ အလွှာဟ်အရှင်မြတ်ထံတော်၌ ချမ်းသာခွင့်ကို အသနားခံပေးသည်ရှိသော် ၎င်းပြင် ရစူလ်တမန်တော်ကလည်း ၎င်းတို့အဖို့ ချမ်းသာခွင့်ကို အသနားခံပေးသည်ရှိသော် ထိုသူတို့သည် အလွှာဟ်အရှင်မြတ်အား အကြိမ်ကြိမ် ကရုဏာတော်နှင့် ပြန်လှည့်တော်မူသော အရှင်အဖြစ်လည်းကောင်း၊ အလွန်သနားကြင်နာညှာတာတော်မူသော အရှင်အဖြစ်လည်းကောင်း တွေ့ရှိကြရမည်မှာ မလွဲဧကန်တည်း။ (၄း၆၄)

ဤအာယသ်တော်များ အလျင်အာယသ်များထဲတွင် ကိစ္စရပ်အားလုံးတို့ကို အလွှာဟ်အရှင်မြတ်နှင့်

အလ္လာဟ်အရှင်၏ရစူလ်ပြဋ္ဌာန်းချက်များဆီသို့ ပြန်လည်ပို့ဆောင်ရန်ဟူသော အဓိန့်ပါဝင်ပါသည်။ ယခုဖော်ပြမည့် အာယသ် တော်များထဲတွင် ရှရှီအသ်နှင့် ဆန့်ကျင်သောဥပဒေများဆီသို့ ပြန်လည်ပို့ ဆောင်ခြင်းကို ပြစ်တင်ဆုံးမထားပါသည်။

## အကျယ်ဖွင့်ဆိုခြင်း
## ဤအာယသ်တော်များကျရောက်ရသည့်နောက်ခံအကြောင်း

ဤအာယသ်တော်များ ကျရောက်ရခြင်း၏နောက်ခံအကြောင်းရင်းတွင် သီးသန့်အဖြစ်အပျက်တစ်ခုရှိခဲ့သည်။ ယင်း၏ အသေးစိတ်များက "ဗီရှား"ဟုခေါ်သော အရေခြုံတစ်ဦးကို ဖော်ထုတ်စေပါသည်။ သူသည် ဂျူးတစ်ဦးနှင့် အငြင်းအခုံဖြစ်ပွားခဲ့သည်။ ဂျူးကပြောသည်မှာ ကွန်ပ်တို့ငြင်းခုံမှုကို ဖြေရှင်းပေးစေရန် မုဟမ္မဒ်ﷺသခင်ထံသို့သွားကြစို့"ဟူ၍ဖြစ်သည်။ သို့ရာတွင် အရေခြုံ "ဗီရှားသည် ဤအကြံပြုချက်ကို လက်မခံပါ။ သို့သော်သူက ကအ်ဗ်အိဗ်နိအရှရာဖ်ဟူသော ဂျူးတစ်ဦးထံသို့သွားရောက်၍သူ၏ အဆုံးအဖြတ်ကိုရယူရန်ပြန်လည်အဆိုပြုတင်ပြသည်။ ကအ်ဗ်အိဗ်နိအရှရာဖ်သည် ဂျူးလူမျိုးအုပ်စုတစ်စု၏ အကြီးအကဲဖြစ်ကာ တမန်တော်မြတ်ကြီးﷺနှင့် သူ၏မုစ်လင်မ်နောက်လိုက်များအား ခါးသီးသောရန်သူအဖြစ်သတ်မှတ်ထားသောသူဖြစ်သည်။ ထူးဆန်းသောတိုက်ဆိုင်မှုတစ်ခုမှာ ဂျူးလူမျိုးတစ်ဦးသည် သူ၏အကြီးအကဲတစ်ယောက်ကို ဘေးဖယ်ကာ တမန်တော်မြတ် ﷺ သခင်၏ အဆုံးအဖြတ်ကိုရယူရန်ရွေးချယ်သကဲ့သို့ သူ့ကိုယ်သူမုစ်လင်မ်ဟု ပြောသော "ဗီရှား"ကတမန်တော်မြတ်ကြီးကို ရှောင်ကွင်းကာ ဂျူးအကြီးအကဲတစ်ယောက်၏ အဆုံးအဖြတ်ကို ရယူရန် ဆုံးဖြတ်ခြင်းတို့ပင်ဖြစ်သည်။ သို့ရာတွင် ယင်း၏နောက်ကွယ်၌ လျှို့ဝှက်ချက်တစ်ခုရှိပါသည်။ တမန်တော်မြတ်ﷺသခင်သည် မလွဲမသွေမှန်ကန်ပြီး မျှတသောဆုံးဖြတ်ချက်ပေးမည် ဆိုသည်ကိုနှစ်ဦးစလုံးက အသေအချာသိကြပါသည်။ တမန်တော်ကြီးပေးသော ဆုံးဖြတ်ချက်သည် မှားယွင်းစွာနားလည်မှုမှလည်းကောင်း၊ မျက်နှာသာပေးမှုမှလည်းကောင်း၊ ဘက်လိုက်မှုနှင့်ဆိုင်သော စိုးရိမ်ပူပင်မှုများမှလည်းကောင်း ကင်းစင်ပါလိမ့်မည်။ ဂျူးလူမျိုးသည် ဤအငြင်းအခုံ မှုတွင် မှန်ကန်နေသောကြောင့် သူ၏အကြီးအကဲ ကအ်ဗ်အိဗ်နိအရှရာဖ်နှင့်စာလျှင် တမန်တော်မြတ် ﷺကို ယုံကြည်ကိုးစားမှုပိုမိုရှိသည်။ အရေခြုံဗီရှားသည် မှားယွင်းသည့် ဘက်တွင်ရှိနေသောကြောင့် သူ့ကိုယ်သူ မုစ်လင်မ်ဟုအခိုင်အမာပြောဆိုပြီး သူ၏ရန်ဘက်သည် ဂျူးတစ်ဦးဖြစ်လင့်ကစား တမန်တော်ကြီး၏ အဆုံး အဖြတ်သည် သူနှင့် ဆန့်ကျင်လိမ့်မည်ဖြစ်ကြောင်း သူသိရှိခဲ့ပါသည်။

သို့သော်လည်း ၎င်းတို့အချင်းချင်း အပြန်အလှန်ဆွေးနွေးပြောဆိုပြီးနောက်တွင် သူတို့၏အငြင်းအခုံဖြစ်ပွားမှုကို အဆုံးအဖြတ်ပေးရန်အတွက် တမန်တော်မြတ်ကြီးﷺထံသွား၍ မေတ္တာရပ်ခံရန် ဟူသော ရွေးချယ်မှုကို နှစ်ဦးစလုံးသဘောတူညီခဲ့ကြသည်။ ထို့ကြောင့် အမှုသည် တမန်တော်မြတ်ﷺထံသို့ ရောက်ရှိသွားခဲ့ပါသည်။ ထို့ကြောင့် တမန်တော်မြတ်ﷺသည် ဂျူးအားအနိုင်ပေးဆုံးဖြတ်ခဲ့ပါသည်။ အခြားတစ်ဖက်တွင် မုစ်လင်မ်အယောင်ဆောင် ဗီရှားသည် တမန်တော်မြတ်ကြီးရှေ့၌ အမှုရှုံးသွားပါသည်။ သူသည် ဤဆုံးဖြတ်ချက်ကို မနှစ်သက်ခဲ့ပါ။ ထို့ကြောင့် အကြံအစည်သစ်တစ်ခုပြုလုပ်ကာ သူတို့အမှုကို စိုက်ယိဒိနာအုမရ်ခတဗ်ﷺအားတင်ပြပြီး အဆုံးအဖြတ်တောင်းခံရန် ဂျူးလူမျိုးအားသွေးဆောင်ဖြားယောင်းခဲ့ပါသည်။

ဂျူးလူမျိုးက သဘောတူညီခဲ့ပါသည်။ ဤနေရာတွင်လည်း လျှို့ဝှက်ချက်တစ်ခုရှိခဲ့ပါသည်။ ဗီရှားကထင်မှတ်သည်မှာ စိုက်ယိဒိနာအုမရ်﴿ﷺ﴾သည်အစဉ်သဖြင့် မယုံကြည်သွေဖည်သူများအပေါ် ပြင်းထန်သူတစ်ဦးဖြစ်ပြီး ဂျူးအစားသူ့အား မျက်နှာသာပေးလိမ့်မည်ဟူ၍ ဖြစ်သည်။

ထို့ကြောင့် သူတို့နှစ်ဦးစလုံးသည် စိုက်ယိဒိနာအုမရ် ﴿ﷺ﴾ ထံသို့ရောက်ရှိသွားကြသည်။ ဂျူးအမျိုးသားက စိုက်ယိဒိနာအုမရ်အား အမှုနှင့်ပတ်သက်သောဖြစ်ပျက်သမျှအလုံးစုံကို ပြောပြခဲ့သည်။ ၎င်းနောက် ဤအမှုနှင့်ပတ်သက်၍ တမန်တော်မြတ် ﴿ﷺ﴾၏အဆုံးအဖြတ်ကို မကျေနပ်၍ အသင့်ထံသို့ရောက်ရှိလာရကြောင်းပြောပြလေသည်။

စိုက်ယိဒိနာအုမရ်က ဗီရှားအား ဤအတိုင်းပင်ဖြစ်ခဲ့သလောဟုမေးမြန်းလေသည်။ ဗီရှားကလည်း ထိုကဲ့သို့ဖြစ်ပျက်ခဲ့ကြောင်း ဝန်ခံလေသည်။ ထိုစဉ် စိုက်ယိဒိနာအုမရ် ﴿ﷺ﴾ သခင်ကပြောသည်မှာ "ကောင်းပြီ၊ အသင်ခဏစောင့်နေပါ။ ကျွန်ုပ်ပြန်လာမည်"ဟုပြောကြားသည်။ စိုက်ယိဒိနာအုမရ်﴿ﷺ﴾သည် အိမ်ထဲသို့ ဝင်သွားခဲ့ပြီး ပြန်ထွက်လာသောအခါ၌ အရေခြုံကို အဆုံးစီရင်ရန် ဓားရှည်တလက်ကိုဝင့်ကာပြောသည်မှာ "တမန်တော်မြတ် ﴿ﷺ﴾ကြီး၏ အဆုံးအဖြတ်ကို မကျေနပ်သောသူ၏အတွက် အဆုံးအဖြတ်သည်ဒါဘဲ"ဟူ၍ဖြစ်သည်။ **(ဤအဖြစ်အပျက်သည် ရူဟုလ်မအာနီကျမ်းတွင်ပါရှိပြီး စိုက်ယိဒိနာအဝ်ဒုလ္လာအိဝ်နိအဗွားစ်၏ ဆင့်ပြန်ချက်ကို သလာဗီနှင့် အိဝ်နိအဗီဟာသင်တို့က တင်ပြထားသည်။)** ဋီကာရှင်တော်တော်များများက ထပ်ဆင့်ဖော်ပြသည်မှာ ဤအဖြစ်အပျက်ဖြစ်ခဲ့ပြီးသည့်နောက်တွင် ထိုကဲ့သို့ ကွပ်မျက်ခြင်းခံရသူ၏ အမွေဆက်ခံခွင့်ရသူများက အစွလာမ့် ရှရီအသ်က ခွင့်ပြုထားသော တရားစီရင်ခွင့်အာဏာအလုံအလောက်မရှိဘဲနှင့် မုစ်လင်မ်တစ်ဦးအား သတ်ဖြတ်ခဲ့ကြောင်းနှင့် စိုက်ယိဒိနာအုမရ်အား တရားစွဲဆိုခဲ့ကြသည်။ သူတို့၏အမှုကိုပိုမိုခိုင်လုံစေရန်အတွက် သေဆုံးသောသူသည် မုစ်လင်မ်တစ်ဦးဖြစ်ကြောင်း ပြသရန် ထိုသူ၏ကုဖ်ရ် (မယုံကြည်သွေဖည်ငြင်းပယ်မှု)၏ အဓိပ္ပာယ်ဖွင့် ဆိုချက်ကို သေဆုံးသူ၏ပြောဆိုချက်များနှင့် လုပ်ဆောင်မှုများကို တင်ပြကြသည်။ လက်ရှိအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် အမှု၏နောက်ကွယ်တွင်ရှိသော အမှန်တရားကိုဖော်ထုတ်ပြသကာ အသတ်ခံရသောသူသည်အရေခြုံတစ်ဦးဖြစ်ကြောင် အတည်ပြုပါသည်။ ထို့ကြောင့် စိုက်ယိဒိနာအုမရ်﴿ﷺ﴾သည် လွတ်ငြိမ်းချမ်းသာခွင့်ရရှိသွားပါသည်။

ဤကဲ့သို့သဘောသဘာဝရှိသော အခြားသောအဖြစ်အပျက်များကြောင့် ဆင့်ပြန်ခဲ့ရာတွင် လူအများသည် အစွလာမ့်တရားဝင်ဆုံးဖြတ်ချက်များကို ရှောင်ကွင်းကာနောက်ဆုံးတွင် ဗေဒင်ဆရာ၊ လက္ခဏာဆရာတို့၏ အဆုံးအဖြတ်ကို ရယူခဲ့ကြသည်။ ဖြစ်နိုင်သည်မှာ လက်ရှိအာယသ်တော်သည် ထိုအဖြစ်အပျက်အားလုံးနှင့် ပတ်သက်၍ ကျရောက်ခဲ့သည်။

## အာယသ်တော်များ၏ ရှင်းလင်းချက်

ပထမအာယသ် (၆၆)ထဲတွင် အစောပိုင်းကျမ်းစာများဖြစ်သော သောင်ရသ်၊ အင်နဉ်ဂျီလ်ကျမ်းများကို ယုံကြည်သက်ဝင်ကြောင်း အခိုင်အမာပြောဆိုသူများနှင့် တမန်တော်မြတ် ﴿ﷺ﴾ ထံချပေးသနားတော်မူသော ကျမ်းစာ (ကုရ်အာန်)ကို သက်ဝင်ယုံကြည်ကြသူများအကြောင်း ဖော်ပြထားသည်။ ဆိုလိုသည်မှာ ကျမ်းရသူများ

အုမ္မသ်ထုမ့တစ်စိတ်တစ်ဒေသသည် အစ္စလာမ်ဘာသာသို့ဝင်ရောက်ကာ အစ္စလာမ့်အုမ္မသ်ထု ၏ တစ်စိတ်တစ်ဒေသဖြစ်သွားကြသည်။ သူတို့၏ ဤအခိုင်အမာပြောဆိုချက်နှင့်ပတ်သက်သက်၍ သတိပေးထားသည်မှာ သူတို့၏အရေခြုံမှုကို နှုတ်အားဖြင့် ဖုံးလွှမ်းထားခြင်းသာဖြစ်သည်ဟူ၍ အာယသ်တော်က သတိပေးထားသည်။ သူတို့၏ နှလုံးသားများတို့သည် ယခင်ရှိရင်းစွဲမယုံကြည်သွေဖည်မှုများနှင့် ပြည့်နှက်နေပြီး ဤအငြင်းအခုံဖြစ်ပွားစဉ် ထိုမယုံကြည်သွေဖည်မှုများအပြင်သို့ လျံထွက်လာပုံမှာ ဗီရှားသည် တမန်တော်မြတ် ﷺ အား ရှောင်ကွင်းကာ ဂျူးတို့၏အကြီးအကဲဖြစ်သော ကဗ်အိဗ်နိအရ်ရဖ်ထံသွားရောက်ကာထိုငြင်းခုံမှုအတွက် ဆုံးဖြတ်စေခြင်းပင်ဖြစ်ပါသည်။ ထိုအရာကို ထပ်ဆောင်းထားသည်မှာ တမန်တော်မြတ် ﷺ ၏ရှင်းလင်းပြတ်သားပြီး မျှတသောဆုံးဖြတ်ချက်ပေးခဲ့သော အခါတွင်သူသည် ထိုဆုံးဖြတ်ချက်ကို လက်မခံနိုင်ပါ။

ၵင်းမှတ်ချက်ထဲတွင်ဆက်တိုက်လာရှိသည်မှာ ဘာသာပြန်ဆိုမထားသော "သွာယူသ် ...oGaɹLA" ဟူသော စကားလုံးသုံးနှုန်းထားသည်။ အဘိဓာန်အရ "သွာယူးသ်"၏ မူလဆိုလိုရင်းမှာ "ဘောင်ကျော်စည်းကျော် သူတစ်ဦးတစ်ယောက်"အတွက် သုံးနှုန်းသည်။ အသုံးအနှုန်းတွင် ရှိုင်တွာန်ကို "သွာယူးသ်"ဟူ၍ ရည်ညွှန်းသုံးနှုန်းသည်။ ဤအာယသ်တော်ထဲ၌ အငြင်းပွားမှုကို ကအ်ဗ်အိဗ်နိအရ်ရဖ်ထံ သယ်ဆောင်သွားခြင်းသည် ရှိုင်တွာန်ထံသယ်ဆောင်သွားသကဲ့သို့ပင်ဖြစ်သည်။ အကြောင်းကား ကအ်ဗ်အိဗ်နိအရ်ရဖ် ကိုယ်တိုင်သည် ရှိုင်တွာန် လူယောင်ဆောင်ထားခြင်း ဖြစ်နိုင်သကဲ့သို့ အလ္လာဟ်အရှင်မြတ်ပေးသနားထားသော ဥပဒေအရ ဆုံးဖြတ်ခြင်းကို ရှောင်ကွင်းကာ ယင်းဥပဒေနှင့် ဆန့်ကျင်သောအဆုံးအဖြတ်ကို နှစ်သက်ခြင်းသည် ရှိုင်တွာန်၏ သင်ကြားပေးမှုမှအပ မည်သည်မျှမဖြစ်နိုင်ချေ။ ဤလမ်းလိုက်သူ မည်သူမဆို သူ၏အမှုကို ရှိုက်တွာန်၏ရုံးတော်သို့ အမှုတင်ခြင်းမှအပ မည်သည့်ရုံးတော်ကိုမှသွားခြင်း မဟုတ်ဆိုသည်မှာ ထင်ရှားသည်။ ထို့ကြောင့် ဤအာယသ်တော်အဆုံးတွင် ရှိုင်တွာန်၏နောက်လိုက်သူများသည် ရှိုင်တွာန်က ၎င်းတို့အား ဝေးလံသောလမ်းမှားဆီသို့ ပို့ဆောင်ခြင်းခံရမည် ဟူသောသတိပေးချက်ပါဝင်သည်။

အချင်းချင်းအငြင်းပွားမှုနှင့် စကားများမှုများအတွက် ရှရီအသ်တရားတော်နှင့်အညီ ပေးထားသော တမန်တော်မြတ် ﷺ ဆုံးဖြတ်ချက်ကို ကျောခိုင်းခြင်းသည် မုစ်လင်မ်တစ်ဦး၏ တုံ့ပြန်မှုမျိုးမဖြစ်နိုင်ချေဟု ဒုတိယအာယသ်တော် (၆၁)က ကျွန်ုပ်တို့ကို ပြောကြားပါသည်။ ဤသို့လုပ်ဆောင်သူသည် မုနာဖစ်က် (အရေခြုံ) သာဖြစ်ရပေမည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သခင်၏ အဆုံးအဖြတ်ကို သူ၏ မကျေနပ်မှုမှတစ်ဆင့် ဤအရေခြုံ၏ မယုံကြည်သွေဖည်မှုကို လက်တွ့ထုတ်ဖော်ပြသခဲ့သောအခါတွင် စိုက်ယိဒိနာအုမရ် ﷺ သခင်က ၎င်းအား သတ်ဖြတ်လိုက်ခြင်းသည်ကား ပို၍တရားမျှတပါပေသည်။ အဘယ့်ကြောင့်ဆိုသော် စင်စစ်၎င်းသည် ပေါ်ပေါ်ထင်ထင်ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးဖြစ်လာသောကြောင့်ပင်တည်း။

ထို့ကြောင့်အာယသ်တော်ကမိန့်ထားသည်မှာ "အသင်တို့သည် (တရားစီရင်ဆုံးဖြတ်ရန်အလို့ငှာ) အလ္လာဟ်အရှင်မြတ်ထုတ်ပြန်ချမှတ်တော်မူသော တရားဓမ္မ (တည်းဟူသောကုရ်အာန်ကျမ်းတော်မြတ်)ဘက်သို့ လည်းကောင်း၊ ရစူလ်တမန်တော်မြတ်ထံသို့လည်းကောင်း လာကြလေကုန်ဟုပြောဆိုသောအခါ အသင်သည် "မုနာဖစ်က်"အယောင်ဆောင် မုစ်လင်မ်တို့အား မိမိတို့ထံလာရောက်ခြင်းမှ ဖဲကျဉ်သွေရှောင်ကြသည်ကို တွေ့မြင်ရပေအံ့" ဟူ၍ဖြစ်သည်။

တတိယအာယသ်တော် (၆၂)တွင် အလ္လာဟ်အရှင်မြတ်ချမှတ်ပေးသနားသောဥပဒေများအရ ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်များကို ရှောင်ကွင်းကာ ဆန့်ကျင်သည့် ဆုံးဖြတ်ချက်များဆီသို့ လှည့်စေမည့်အဓိပ္ပာယ်ဖွင့်ဆိုချက်များအားလုံးသည် မှားယွင်းကြောင်း ဖော်ထုတ်ထားသည်။ သူတို့၏ လျှောက်လဲချက်ပေးသည့် ချေပချက်အတိုချုပ်မှာ တမန်တော်မြတ်﴿ﷺ﴾ကြီး၏ နဗီဖြစ်ခြင်း မှန်ကန်ကြောင်းကို ယုံကြည်ချက်နည်းပါးခြင်းလည်းမဟုတ်။ တမန်တော်မြတ် ﴿ﷺ﴾ ဆုံးဖြတ်မှုကိုလည်း မရှောင်ကွင်းပါ။ တမန်တော်မြတ်၏ဆုံးဖြတ်ချက်ထက်မည်သည့်ဆုံးဖြတ်ချက်ကိုမျှလည်း ပိုမိုမနှစ်သက်ပါဟူ၍ဖြစ်သည်။ ၎င်းတို့ ဤနည်းလမ်းလုပ်ဆောင်ခြင်းသည် အထောက်အကူပြုဖွယ် တွေးတောဆင်ခြင်မှုများအရဖြစ်သည်ဟု အခိုင်အမာပြောကြသည်။ ပမာဆိုသော် ထိုကဲ့သို့ အထောက်အကူပြုဖွယ် တွေးတောဆင်ခြင်မှုတစ်ခုအား အလ္လာဟ်အရှင်မြတ်၏ တမန်တော်ထံ အမှုတစ်ခုရောက်ရှိလာလျှင် ဆုံးဖြတ်ချက်မှာ ဥပဒေနှင့်အညီဖြစ်၍ မှန်ကန်ကာ မျှတပါလိမ့်မည်။ ယင်းဆုံးဖြတ်ချက်တွင် အချင်းချင်းဖေးမခြင်းနှင့် သီးခံခွင့်လွှတ်ခြင်းများ (တရားမျှတမှုရှိသည်ဟု မဆိုသာသောအကြောင်း)များကင်းစင်ပါသည်။ သဘာဝအရ နှစ်ဖက်စလုံးအချင်းချင်း သင့်မြတ်စေရေးအတွက် တစ်စုံတစ်ရာကောင်းမြတ်မှုထွက်ပေါ်စေမည့်တစ်နေရာသို့ အမှုကိုယူဆောင်သွားခြင်းဖြစ်ကြောင်း လှည့်ဖြားပြောဆိုကြသည်။

သာဓကအဖြစ် ၎င်းတို့၏ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်များအားလုံးသည် ၎င်းတို့လျှို့ဝှက်ချက်ကို ပေါ်ထွက်စေသည်သာမက သူတို့၏ ကောက်ကျစ်မှုနှင့် အရေခြုံထားခြင်းပေါ်လွင်ထင်ရှားလာကာ ၎င်းတို့၏ လူသည် စိုက်ယိဒိနာအုမရ် ﴿ﷺ﴾ သခင်၏လက်ဝယ် အသတ်ခံရခြင်းဖြစ်သည်။ အချုပ်မှာ ဤသည် ၎င်းတို့၏မကောင်း မှုလုပ်ရပ်အကျိုးဆက်တစ်ရပ်ဖြစ်သည်။ ယင်းက ၎င်းတို့အား ဂုဏ်သရေယုတ်လျော့စေခြင်းနှင့် ကြုံရာပါတစ်ဦး အသတ်ခံရခြင်းဖြစ်ပေသည်။ ဤသည်နောက်တွင် ၎င်းတို့သည် အလုံးစုံဆင်ခြေဆင်လက်များနှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ကျမ်းကျိန်ထွက်ဆိုခြင်းများစတင်ပြုလုပ်လာခဲ့သည်။ ဤအာယသ်တော်တွင် အလ္လာဟ်အရှင်မြတ်က ထိုသူများသည် လူလိမ်များဖြစ်ကြသည်။ ၎င်းတို့သည် ကျမ်းကျိန်ချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် လိမ်လည်သူများဖြစ်ကြသည်။ ၎င်းတို့ လုပ်သမျှသည် ၎င်းတို့၏ မယုံကြည်သွေဖည်မှုနှင့် အရေခြုံမှုများကြောင့်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်က ထင်ရှားစွာပြသထားသည်။ ၎င်းတို့လုပ်ပုံကိုင်ပုံကား အလ္လာဟ်အရှင်မြတ် ကျမ်းတော်နှင့် အလ္လာဟ်တမန်တော်ထံ ဖိတ်ခေါ်လျှင် ၎င်းတို့အားလုံး မလိုလားမနှစ်သက်ဘဲ လှည့်ထွက်သွားကြ လိမ့်မည်။ ယင်းသို့သော လုပ်ရပ်သည် စစ်မှန်သော မုစ်လင်မ်တစ်ဦး၏ ဝိသေသလက္ခဏာမဟုတ်ချေ။ သို့သော်လည်း ၎င်းတို့သည် အာယသ်တော်မှမိန့်ကြားသကဲ့သို့ သူတို့၏မကောင်းမှုလုပ်ရပ်များကြောင့် ဒုက္ခရောက်ကြလျှင် အားလုံးနိုးကြားလာကြလိမ့်မည်။ ပမာအားဖြင့် ၎င်းတို့၏ ယုံကြည်အပ်နှံမှုချိုးဖောက်ခြင်းကြောင့်ဖြစ်စေ၊ အရေခြုံမှုကြောင့်ဖြစ်စေ အရှက်ရလျှင်လည်းကောင်း ယင်းတို့လူအသတ်ဖြတ်ခံရလျှင် လည်းကောင်း ဖြစ်ပေသည်။ ထိုအချိန်များတွင် ၎င်းတို့သည် တမန်တော်မြတ်﴿ﷺ﴾သခင်ထံရောက်လာကာ သူတို့သည် အကောင်းမှလွဲ၍ ဘာမျှမရည်ရွယ်ပါဟု အလ္လာဟ်အရှင်နာမတော်နှင့် ကျိန်ဆိုကြလိမ့်မည်။ သူတို့က အမှုကို အခြားသူတစ်ဦးထံ ယူဆောင်သွား ရခြင်းမှာ တမန်တော်မြတ်ကို မယုံကြည်၍မဟုတ်၊ တမန်တော်မြတ် ﴿ﷺ﴾၏ အဆုံးအဖြတ်မှန်ကန်ကြောင်းအပေါ် သံသယရှိခဲ့၍လည်းမဟုတ် နှစ်ဖက်အငြင်းပွားသူများ ကောင်းချီးမင်္ဂလာနှင့် သဘောထားညီညွတ်မှုအတွက်သာ ဖြစ်သည်ဟုဆိုကြသည်။

စတုတ္ထအာယသ်တော် (၆၃)တွင် အဖြေပါရှိသည်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့နှလုံးသားတွင် အမြစ်တွယ်နေသော မယုံကြည်သွေဖည်မှုနှင့် အရေခြုံမှုတို့၏ အလုံးစုံကိုသိရှိတော်မူသည်ဟု မိန့်ကြားထားသည်။ သူတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အားလုံးမှားယွင်းကာ ၎င်းတို့ကျမ်းကျိန်ဆိုမှုသည် လိမ်လည်မှုလုပ်ရပ်တစ်ခုသာ ဖြစ်သည်။ ဤသီးခြားအရေခြုံတစ်ဦး၏ မယုံကြည်သွေဖည်မှုသည် ပေါ်လွင်ထင်ရှားလာခဲ့၍ စိုက်ယိဒိနာအုမရ် ﷺ သခင်၏အပေါ် ၎င်းတို့ကလွန်ကဲကြောင်း စွပ်စွဲချက်အား ပယ်ချကာ ၎င်းတို့၏ ဆင်ခြေဆင်လက်များကို လျစ်လျူရှုရန် တမန်တော်မြတ် ﷺ သခင်အားမိန့်ကြားခဲ့သည်။

ထိုသည်၏နောက် အာယသ်တော် (၆၃)၏ အဆုံးတွင် တမန်တော်မြတ်အား ကျန်ရှိသော အရေခြုံများကို ၎င်းတို့၏နှလုံးသားအတွင်းသို့ ဝင်စေမည့် ကောင်းမြတ်သော အကြံဉာဏ်များပေးရန်လည်း မိန့်ကြားထားခဲ့သည်။ ဆိုလိုသည်မှာ လက်ရှိမျက်မှောက်ကမ္ဘာ၏အလွန် (တမလွန်)တွင်ရှိသော ကြောက်မက်ဖွယ်ရာများ အကြောင်းကို ပြောပြခါ အစ္စလာမ့်ဘာသာ၏လမ်းစဉ်ကို သစ္စာရှိစွာလိုက်နာရန်အတွက် ဖိတ်ခေါ်ကြရန်ကိုလည်း ဤအာယသ်တော်ကအမိန့်ပေးသည်။ သို့မဟုတ်ပါမူ အကယ်၍သာ ၎င်းတို့သည် ၎င်းတို့၏အရေခြုံမှုကို ဖတ်တွယ်နေပါလျှင် ယင်းအရေခြုံမှုသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပေါ်လွင်သွားနိုင်ပြီး ဤလောကတွင်ပင် ပြစ်ဒဏ်ခံရနိုင်သော အခြေအနေရှိကာ အရေခြုံ "ဗီရုား"ကဲ့သို့ ကြမ္မာမျိုးတွေ့ကြုံနိုင်ကြောင်းသတိပေးထားသည်။

ပဉ္စမအာယသ်တော် (၆၄)သည် "ငါအရှင်မြတ်သည် ရစူလ်တမန်တော်အပေါင်းတို့အား စေလွှတ်တော်မူခဲ့ခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် (လူခပ်သိမ်းတို့သည်) ထိုရစူလ်တမန်တော်များ၏ ဩဝါဒများကို နာခံကြရန်အတွက်သာလျှင် ဖြစ်ပေသည်" ဟူသော စကြဝဠာလုံးဆိုင်ရာ အလ္လာဟ်အရှင်မြတ်၏မူကို ဖော်ပြကာအစပြုထားသည်။ ဆိုလိုသည်မှာ အလ္လဟ်အရှင်မြတ်စေလွှတ်တော်မူခြင်းခံရသော မည်သည့်တမန်တော်တစ်ပါးပါးကမဆို အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်၊ အမိန့်တော်တို့နှင့်အညီ ပြဋ္ဌာန်းပေးသောဥပဒေကို လူတိုင်းသည် လိုက်နာရပါမည်။ ယင်းတာဝန်အတွက် အလ္လာဟ်အရှင်မြတ်သည် တမန်တော်များကို စေလွှတ်ခြင်းဖြစ်ပါသည်။ သို့ဆိုပါလျှင် မရှောင်လွှဲနိုင်သောအကျိုးဆက်မှာ တမန်တော်မြတ်﴿ﷺ﴾သခင်ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေများကိုဆန့်ကျင်ပါက ယင်းသူသည် မယုံကြည်သွေဖည်ငြင်းဆန်သူများကို ကိုင်တွယ်ဖြေရှင်းခြင်းနည်းအတိုင်း ကိုင်တွယ်ဖြေရှင်းခြင်းခံရပါလိမ့်မည်။ ထို့ကြောင့် စိုက်ယိဒိနာအုမရ် ﴿ﷺ﴾လုပ်ဆောင်သမျှသည် မှန်ကန်ကြောင်း ပေါ်ပေါက်လာသည်။ ဤသည်၏နောက်တွင် အရေခြုံတို့သည် မမှန်ကန်သော ကျမ်းကျိန်မှုများနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုများတွင် ယစ်မူးနေမည့်အစား တမန်တော်မြတ်﴿ﷺ﴾ ရှေ့မှောက်သို့ ဝင်ရောက်ခါ ၎င်းတို့အမှားကို ဝန်ခံပြီးနောက် အလ္လာဟ်အရှင်မြတ်ထံတော်မှ ခွင့်လွှတ်မှုကို ရယူသင့်ပါသည်။ ၎င်းနောက် တမန်တော်မြတ်﴿ﷺ﴾ သခင်ကလည်း သူတို့ခွင့်လွှတ်ချမ်းသာပေးမှုရစေရန် ဒုအာတောင်းပေးခြင်းဖြင့် အလ္လာဟ်အရှင်မြတ် ခွင့်လွှတ်ပါလိမ့်မည်။ ဤသို့ပြုလုပ်ခြင်းက ၎င်းတို့အတွက် ပိုမိုကောင်းသည်ကို ရည်ညွှန်းသောအကောင်းဆုံးအကြံဉာဏ်တစ်ခုပါရှိသည်။

ဤနေရာတွင် ဝန်ချတောင်းပန်မှုတစ်ခုလက်ခံနိုင်ရန်အတွက် အချက်နှစ်ချက်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ၎င်းတို့သည် တမန်တော်မြတ် ﴿ﷺ﴾ ရှေ့မှောက်သို့ဝင်ရောက်ရန်နှင့် တမန်တော်မြတ် ﴿ﷺ﴾ သခင်က၎င်းတို့ခွင့်လွှတ်ချမ်းသာခြင်းခံရစေရန် ဒုအာဆုတောင်းပေးခြင်းဖြစ်သည်။ ဤကဲ့သို့ လုပ်ဆောင်ရခြင်း၏

ပထမအကြောင်းမှာ တမန်တော်မြတ်﴿ﷺ﴾သခင်အပေါ် အလ္လာဟ်အရှင်အပ်နှင်းထားတော်မူသော ကြီးမြတ်သော တမန်တော်တာဝန်ကို သူတို့ချိုးဖောက်ခဲ့ကာ တမန်တော် ﴿ﷺ﴾ ချမှတ်ခဲ့သောအမိန့်ကို အလေးမမူ သောကြောင့် တမန်တော်မြတ်ကြီးအား မလိုလားအပ်သောစိတ်ထိခိုက်မှုဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် သူတို့၏ အပြစ်အတွက် ဝန်ချတောင်းပန်မှုလက်ခံနိုင်စေရန် ၎င်းတို့သည် တမန်တော်မြတ် ﴿ﷺ﴾သခင်ရှေ့မှောက် ဝင်ရန်နှင့် တမန်တော်မြတ်﴿ﷺ﴾သခင်က သူတို့ခွင့်လွှတ်ချမ်းသာပေးခံရရန် ဆုဒုအာတောင်းပေးရန်ဟူသောတာဝန်ကို ယင်းသူတို့အပေါ် ၌ ပြဋ္ဌာန်းသည်။

ဤအာယသ် (၆၄)သည် အရေခြုံများနှင့် သက်ဆိုင်သော သီးခြားအဖြစ်အပျက်တစ်ခု၏ နောက်ခံအကြောင်းရင်းပေါ် ၌ ကျရောက်ခဲ့သော်လည်း ယင်းတွင်ပါဝင်သော စကားလုံးများသည် အများနှင့်ဆိုင်သော ဥပဒေအဖြစ်ပေါ် ထွက်နေပါသည်။ ထိုဥပဒေအရ မည်သူမဆိုတမန်တော်မြတ်ရှေ့တော်မှောက်သို့ဝင်ရောက်ခဲ့ပြီး မိမိ၏ကျူးလွန်မိသည်များမှ ဝန်ချတောင်းပန်ရမည်။ ထို့နောက် တမန်တော်မြတ် ﴿ﷺ﴾ သခင်က ၎င်းသူအပြစ်မှ ခွင့်လွှတ်ခံရစေရန် အလ္လာဟ်အရှင်မြတ်ထံ ဆုဒုအာတောင်းခံပါက မုချဧကန်သူသည်ခွင့်လွှတ်ခြင်းခံရပါ လိမ့်မည်။ ဤကမ္ဘာပေါ် တွင် တမန်တော်မြတ်ကြီး သက်ရှိထင်ရှားရှိနေစဉ်ကကဲ့သို့ "တမန်တော်မြတ်ကြီး၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ခြင်း၏ အကျိုးသက်ရောက်မှုသည် တမန်တော်မြတ်﴿ﷺ﴾ သခင်၏ မြင့်မြတ်သောဝတ်ကျေတော်၏ ပရဝဏ်အတွင်းသို့ဝင်ရောက်ကာ မြင့်မြတ်သောဂူဗိမာန်ရှေ့မှောက်၌ "တမန်တော်မြတ်ကြီး၏ ရှေ့တော်မှောက်သို့ဝင်ရောက်ခြင်း" လုပ်ရပ်လုပ်ဆောင်ခဲ့ပါက အထက်ပါဥပဒေ၏ စီရင်ပိုင်ခွင့်အာဏာတွင် အကျုံးဝင်သောကြောင့် အကျိုးသက်ရောက်မှုသည် အတူတူပင်ဖြစ်သည်။

စိုက်ယိဒိနာအလီ ﴿رضي الله عنه﴾ သခင်က ပြောကြားသည်မှာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်ကြီး ﴿ﷺ﴾ အား မြှုပ်နှံသင်္ဂြိုလ်ခြင်းပြီးနောက် သုံးရက်မြောက်နေ့တွင် ရွာသားတစ်ဦးရောက်ရှိလာကာ မြင့်မြတ်သူ၏ ဂူဗိမာန်အနီးတွင် ပစ်လှဲချလိုက်ပါသည်။ သည်းထန်စွာငိုကြွေးလျက် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်ကို ရည်ညွှန်းကာ မြင့်မြတ်သော ဂူဗိမာန်ကို ဦးတည်ပြီးပြောကြားသည်မှာ "ဤအာယသ်တော်ထဲတွင် ပြစ်မှုဂုနဟ်ကျူးလွန်သောသူတစ်ဦးသည် သူကိုယ်တိုင် အလ္လာဟ်အရှင်မြတ် ရစူလ် ရှေ့မှောက်သို့ ဝင်ရောက်ပြီး ထိုရစူလ်သည် သူ၏အပြစ်မှ လွတ်ငြိမ်းမှုအတွက်တောင်းခံပေးခဲ့ပါလျှင် သူသည်ခွင့်လွှတ်ခြင်းခံရမည်ဟု အလ္လာဟ်အရှင်ကတိတော်ထားရှိခဲ့သည်။ ထို့ကြောင့် ကျွန်တော်မျိုး တမန်တော်မြတ် ﴿ﷺ﴾ သခင်၏ ရှေ့မှောက်သို့ ဝင်ရောက်ခဲ့ပါပြီ။ ကျွန်တော်၏ အပြစ်များမှ ခွင့်လွှတ်မှုအတွက် တမန်တော်မြတ်ကြီးက ဒုအာတောင်းဆိုပေးခြင်းဖြင့် ကျွန်တော်အပေါ် ၌ ကောင်းချီးမင်္ဂလာများကျရောက်ပါစေ" ဟူ၍ ဖြစ်သည်။ ထိုအချိန်တွင် ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ရသောလူများကပြောသည်မှာ ရွာသား၏အသနားခံမှုကို တုန့်ပြန်သည့်အနေဖြင့် မြင့်မြတ်သော ဂူဗိမာန်အတွင်း အောက်ပါအတိုင်း အသံထွက်ပေါ် လာသည် /-L-r-f_G<d^Q- အဓိပ္ပါယ်မှာ "အသင်သည် ခွင့်လွှတ်ခြင်းခံခဲ့ရလေပြီ" ဟူ၍ဖြစ်သည်။ **(အလ်ဗဟ်အလ်မုဟီးတ္တွ်)**

v v v v v v v v

**အာယသ် (၆၅)**

فَلَا وَرَبِّكَ لَا يُؤْمِنُونَ
حَتَّىٰ يُحَكِّمُوكَ فِيمَا شَجَرَ بَيْنَهُمْ ثُمَّ لَا يَجِدُوا فِي أَنفُسِهِمْ
حَرَجًا مِّمَّا قَضَيْتَ وَيُسَلِّمُوا تَسْلِيمًا ﴿٦٥﴾

**သို့ဖြစ်ပေရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ "ကစမ်"ထိုသူတို့သည် မိမိတို့အချင်းချင်းအငြင်းပွားသော ပြဿနာနှင့် စပ်လျဉ်း၍ အသင်အားခုံသမာဓိတင်မြှောက်ခြင်းမရှိသမျှကာလပတ်လုံး ပြီးနောက် ၎င်းတို့သည် အသင်စီရင်ခဲ့သော ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မိမိတို့စိတ်တွင်းဝယ် မည်သည့်ကျဉ်းကျပ်မှုကိုမျှမတွေ့ရှိကြသည့်ပြင် (ယင်းစီရင်ဆုံးဖြတ်ချက်ကို) အပြည့်အစုံ (ကြည်ဖြူစွာ) လက်ခံနာယူခြင်းမရှိသမျှကာလပတ်လုံး ထိုသူတို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူများ ဖြစ်နိုင်ကြမည်မဟုတ်ပေ။ (၄:၆၅)**

## အကျယ်ဖွင့်ဆိုခြင်း
## တမန်တော်မြတ်ﷺ၏အဆုံးအဖြတ်ကိုလက်မခံခြင်းသည်ကာဖိရ်ဖြစ်သည်

ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ သခင်၏ မြင့်မြတ်သောအခြေအနေကို စွမ်းအားမြင့်မားသော အမြင်ဖြင့်ပြထားပြီး တမန်တော်မြတ်ကြီးအား နာခံရန်လိုအပ်ကြောင်းနှင့် ပတ်သက်သည့်အဆိုအမိန့်ကိုလည်းရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။ ယင်းကို ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်များစွာကလည်း အပြီးအပြတ်သက်သေပြထားပါသည်။ အာယသ်တော်သည် "အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ "ကစမ်"ဟူသော အဆုံးစွန်သော ကျိန်ဆိုမှုဖြင့် အစပြုပြီးသည့်နောက် တမန်တော်မြတ်ကြီး ﷺသခင်၏ အဆုံးအဖြတ်ကိုသူ၏နှလုံးသားတွင် အနည်းငယ်မျှ ဝန်ပိခြင်းမရှိဘဲ ပြည်ပြည့်ဝဝ တည်တည်ငြိမ်ငြိမ် စိတ်ရောကိုယ်ပါလက်ခံခြင်းမရှိသ၍ ထိုသူသည် မုစ်လင်မ်တစ်ဦးမဖြစ်နိုင်ဟု အလ္လာဟ်အရှင်မြတ်က ကြေညာပါသည်။

အလ္လာဟ်အရှင်မြတ်၏ တမန်တော်အနေဖြင့် တမန်တော်မြတ် ﷺ သခင်သည် အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသော အခွင့်အာဏာကို အုပ္မသ်ထုအပေါ်၌ ကျင့်သုံးသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ထိုကြောင့် ပေါ်ထွက်လာနိုင်သော ငြင်းခုံမှုတိုင်းအတွက် စစ်ဆေးဆုံးဖြတ်ရန်မှာ တမန်တော်မြတ် ﷺ၏ တာဝန်ဖြစ်သည်။ ဆုံးဖြတ်ချက်များပေးရာတွင် တမန်တော်မြတ်ကြီး အသုံးပြုသော အခွင့်အာဏာသည် အမှုသည်အချို့တို့က

တမန်တော်မြတ်ကြီးအား တရားသူကြီးအဖြစ်ခန့်အပ်ခြင်းနှင့် မုချကောန်မသက်ဆိုင်ပါ။ ကျွန်ုပ်တို့၏စိတ်တွင် မှတ်ယူသင့်သည်မှာ မုစ်လင်မ်များ တမန်တော်တစ်ပါးအား သူတို့၏တရားသူကြီးအဖြစ် လုပ်ဆောင်စေရန် မိန့်မှာထားရခြင်းမှာ ယေဘုယျအားဖြင့် လူတို့သည် မိမိတို့ကိုယ်တိုင်ခန့်အပ်ထားသည့်ခုံ သမာဓိ၏ အဆုံးအဖြတ်နှင့်နှိုင်းယှဉ်ပါက အစိုးရခန့်အပ်ထားသူတစ်စုံတစ်ဦး၏ အဆုံးအဖြတ်ကို မနှစ်သက်ပါ။ သို့ရာတွင် တမန်တော်မြတ် ﷺသခင်သည် တိုင်းပြည်တပြည်ကို အုပ်ချုပ်သူဖြစ်ရုံသာမက အလွှာတ်အရှင်မြတ်၏ တမန်တော်တစ်ပါးလည်းဖြစ်ကာ ထိုအရှင်မြတ်က အပြစ်ဂုနာဟ်တို့မှလည်း အကာအကွယ် ပေးထားခြင်း ခံရသူလည်းဖြစ်ပါသည်။ စကြဝဠာများအတွက် ကရုဏာတော်ရှင်အဖြစ်လည်းကောင်း၊ အုမ္မသ်ထု အတွက် ချစ်ခင်မြတ်နိုးရသော ဖခင်တစ်ဦးအဖြစ်လည်းကောင်း စေလွှတ်ခြင်းခံရသောကြောင့် မေတ္တာကရုဏာဖြင့် ညွှန်ကြားထားသည်မှာ မည်သည့်အခါတွင်မဆို လူမှုရေးတွင်ဖြစ်စေ၊ ဘာသာရေးတွင်ဖြစ်စေ၊ အငြင်းပွားမှုဖြစ်ပေါ်ပါက အငြင်းပွားသူတို့သည် တမန်တော်ကြီးအား တရားသူကြီးအဖြစ်နှင့် ခုံသဘာပတိအဖြစ် လုပ်ဆောင်စေရန်မှာ အငြင်းပွားသူတို့၏ တာဝန်ပင်ဖြစ်ကာ၊ တမန်တော်မြတ် ﷺက အပြီးသတ်ဆုံးဖြတ်ချက်ကို ပေးစေရပါမည်။ တမန်တော်မြတ် ﷺသခင်က သူ၏အဆုံးအဖြတ်ပေးပြီးသည်နှင့်တပြိုင်နက် အားလုံးတို့သည် ယင်းဆုံးဖြတ်ချက်ကို စိတ်ရောကိုယ်ပါ လက်ခံကာ ဆုံးဖြတ်ချက်နှင့်အညီလုပ်ဆောင်ရပါမည်။

## တမန်တော်မြတ်ﷺသခင်၏ အခွင့်အာဏာသည် ခေတ်အခါသမယတိုင်းအတွက်ဖြစ်သည်။

ဋီကာရှင်များကပြောကြားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအမိန့်တော်နှင့်အညီ လုပ်ဆောင်ခြင်းသည် တမန်တော်မြတ် ﷺသခင်သည် ဤကမ္ဘာလောကကို ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေသော အချိန်များအတွက်သာ ကန့်သတ်ထားသည်မဟုတ်ပါ။ တမန်တော်မြတ်ကြီး ကွယ်လွန်ပြီးသည့်နောက်တွင် ချန်ထားရစ်ခဲ့သောမြင့်မြတ်သော ဥပဒေ၏ အဆုံးအဖြတ်သည် တမန်တော်မြတ် ﷺသခင်၏ ကိုယ်ပိုင်အဆုံးအဖြတ်မှလွဲ၍ မည်သည်မျှမဖြစ်နိုင်ပါ။ ထို့ကြောင့် ဥပဒေ၏ စိုးမိုးခြင်းအထွဋ်အထိပ်သည် နောက်ဆုံးနေ့(ကိယာမသ်နေ့)တိုင်အောင်ဖြစ်သည်။ ယင်းဥပဒေမှာ တမန်တော်မြတ် ﷺသခင်သက်ရှိ ထင်ရှားရှိစဉ်တွင် တမန်တော်မြတ် ﷺသခင်ထံမှ လမ်းညွှန်မှုရယူသင့်သကဲ့သို့၊ တမန်တော်မြတ်မရှိသည့်နောက်တွင် တစ်စုံတစ်ဦးသည် ကိုယ်တော်၏ရှရီအသ်ဘက်သို့ လှည့်ရပါမည်။ ရှရီအသ်ဘက်သို့ လှည့်ခြင်းဆိုသည်မှာ အမှန်တကယ်အားဖြင့် ကိုယ်တော်မြတ်ဘက်သို့ လှည့်ခြင်းသာဖြစ်ပါသည်။

## ပြဿနာအချို့နှင့်ယင်းတို့အား ဖြေရှင်းနည်းများ

၁။ စရမည်ဆိုလျှင် အစောပိုင်းကတင်ပြထားသကဲ့သို့ ကိစ္စရပ်တိုင်း၊ ပြဿနာတိုင်းနှင့် အငြင်းအခုံဖြစ်မှုတိုင်းအတွက် တမန်တော်မြတ် ﷺပေးသောအဆုံးအဖြတ်ကို မကျေနပ်သောသူသည် မုစ်လင်မ်တစ်ဦးမဟုတ်ဟူသောဥပဒေသပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သိသည့်အတိုင်း ဤသည်က စိုက်ယိဒိနာအုမရ် ﷺ သခင်က တမန်တော်မြတ် ﷺသခင်ပေးသော ဆုံးဖြတ်ချက်ကို မကျေနပ်သောသူတစ်ဦးကို သတ်ဖြတ်ရသည့် အကြောင်းရင်းဖြစ်သည်။ စိုက်ယိဒိနာအုမရ်သည် ခိုင်လုံသော တရားဝင်သည့်အကြောင်းပြချက်တစ်ခုမျှမရှိဘဲနှင့် မုစ်လင်မ်

တစ်ဦးအား သတ်ဖြတ်လိုက်သည်ဟူသော စွပ်စွဲချက်ဖြင့် သေဆုံးသွားသောသူ၏ အမွေခံများက တမန်တော်မြတ် ﷺ သခင်ရုံးတော်သို့ သွားခဲ့ကြသည်။ ဤတွင်မှတ်သားရန်ထိုက်သည်မှာ အစောပိုင်းက ဖော်ပြမထားခဲ့သော ကိစ္စရပ်ပင်ဖြစ်သည်။ ဤအမှုကို တမန်တော်မြတ် ﷺ သခင်ရှေ့မှောက်သို့ တင်ပြသောအခါတွင် ကိုယ်တော်၏ နှုတ်တော်မှ အလိုအလျောက်ထွက်လာသောစကားလုံးတို့မှာ- **ما كنت أظن أن عمر يجترء على قتل رجل مؤمن** ဆိုလိုသည်မှာ "အုမရ်သည် ယုံကြည်သူ မုစ်လင်မ်တစ်ဦးကိုသတ်ရဲလိမ့်မည်ဟု ကျွန်ုပ်ဘယ်သောအခါကမျှ မထင်မှတ်ခဲ့ပါ" ဤသည်က သက်သေပြသည်မှာ အကယ်၍ အထက်အာဏာပိုင်တို့ထံသို့ အောက်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍အယူခံမှုဖြင့် ချဉ်းကပ်ခဲ့ပါလျှင် အောက်အာဏာပိုင်တို့ဘက်သို့ ဘက်လိုက်မှုမပြုဘဲ တရားမျှတမှုနှင့် မှန်ကန်ချက် တို့အပေါ် အခြေခံ၍ အဆုံးအဖြတ်ပေးရပါမည်။ ထိုသည်ကို ဟဇရသ်အုမရ်၏ ဆုံးဖြတ်ချက်အပေါ် တမန်တော် မြတ် ﷺ သခင်၏ မနှစ်မြို့မှုတို့က သရုပ်ဖော်ပြသခဲ့ပါသည်။ အာယသ်တော်မကျရောက်သေးမီအချိန်ထိ ဤသည်တို့သည် အမှုပေါ်၌အကျိုးသက်ရောက်မှုရှိပါသည်။ အာယသ်တော်ကျရောက်ပြီးသည်နှင့်တပြိုင်နက် အမှန်တရားကို အများတကာကသိရှိသွားသည်မှာ ဤအာယသ်တော်ကအတည်ပြုထားသကဲ့သို့ သတ်ဖြတ်ခြင်းခံရသူတစ်ဦးသည် ယုံကြည်သူမုစ်လင်မ်တစ်ဦးမဟုတ်ပါဟူ၍ ဖြစ်သည်။

၂။ r-j-W-am-y^F_ "အငြင်းပွားသော ပြဿနာနှစ်ခုပယ်လျှင်း၍" ဟူသောအသုံးအနှုန်းမှထွက်ပေါ်လာသော ဒုတိယဥပဒေသည် ဆက်ဆံရေးများနှင့် ရပိုင်ခွင့်များအတွက်သာ ကန့်သတ်ထားသည်မဟုတ်ပါ။ ယုံကြည်မှုဆိုင်ရာ အတွေးအခေါ်ဆိုင်ရာများနှင့် မြောက်မြားစွာသော ဝါဒသဘောတရားဆိုင်ရာ ပြဿနာများလည်း အကျုံးဝင်ပါသည်။ **(အလ်ဗဟ်အလ်မုဟီးတ်ွ)** ထို့ကြောင့် အသိဉာဏ်ပိုင်းဆိုင်ရာ လူမှုဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်တို့သည် အလွန်ကျယ်ပြန့်သောကြောင့် ပြဿနာတစ်ရပ်ကို ရင်ဆိုင်ရာတွင် အချင်းချင်းမတူညီသောအယူအဆ၊ မတူညီသော နည်းလမ်းတို့သည် မလိုလားအပ်သော အဆုံးအစွန်သို့ ရောက်သွားနိုင်သည်။ ဤကဲ့သို့ ဖြစ်ခဲ့ပါလျှင် မုစ်လင်မ်တစ်ဦး၏ တာဝန်မှာ အချင်းချင်းဆက်လက်ငြင်းခုံနေမည့်အစား နှစ်ဖက်သောသူတို့သည် တမန်တော်မြတ် ﷺ သခင်ဘက်သို့ ပြန်လည်လှည့်သင့်ပါသည်။ တမန်တော်မြတ် ﷺ သခင်သည် သူတို့နှင့်အတူ မရှိနိုင်သောအခါတွင် တမန်တော်မြတ် ﷺ သခင်၏ ရှရီအသ်ဘက်သို့ပြန်လှည့်ကာ ပြဿနာတို့၏ အဖြေကို ရှာရပါမည်။

၃။ ဤသည်မှ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိဆန်းစစ်သော တတိယဥပဒေကိုတွေ့ရပါသည်။ ယင်းမှာ တမန်တော်မြတ် ﷺ သခင်ပြောဆိုခဲ့သည်ကိုလည်းကောင်း၊ ပြုမူလုပ်ကိုင်ခဲ့သည်ကိုလည်းကောင်း၊ သက်သေပြပြီး ဖြစ်သောတစ်စုံတစ်ရာကို စိတ်တထင့်ထင့်နှင့်လုပ်ဆောင်ခဲ့ပါလျှင် အီမာန်ယုံကြည်မှု အားနည်းခြင်း၏ လက္ခဏာပင်ဖြစ်သည်။ ပမာဆိုသော် ဆွလာဝတ်ပြုရန်အတွက် ပြုလုပ်နေကျဖြစ်သော ရေဖြင့် "ဝိုသူ"လုပ်ခြင်းအစား "တယမွန်"ပြုလုပ်၍ ဆွလာသ်ဝတ်ပြုခြင်းကို အခြေအနေများစွာအတွက် ရှရီအသ်က ခွင့်ပြုထားခဲ့သည်။ အကယ်၍ တစ်စုံတစ်ဦးသည် သမရိုးကျရေဖြင့် ပြုလုပ်ရမည့်"ဝိုသူ"အစား ဝိုသူပြုလုပ်ခြင်း လက္ခဏာဆောင်သော "တယမွန်"လုပ်ခြင်းကို ကျေနပ်နှစ်သက်ခြင်းမရှိ၊ စိတ်လက်ချမ်းသာခြင်းလဲ မရှိဘဲ ရေဖြင့်သာ လုပ်ဆောင်လိုခဲ့ပါလျှင် သူ၏ဤကဲ့သို့သော သဘောထားကို "သတ်ဂ်ဝါ" (သို့) ဘုရားတရား ကိုင်းရိုင်း ခြင်းလက္ခဏာဟု မမှတ်ယူသင့်ပါ။ ယင်းမှာ နာမ်ပိုင်းဆိုင်ရာ မကျန်းမာမှုဟူ၍ မှတ်ယူရပါမည်။ တမန်တော်မြတ် ﷺ သခင်ထက်

သာပိုပြီး မည်သူက "မုသ်သကီ"ဖြစ်နိုင်ပါမည်နည်း။ မည်သူက ပိုပြီးအလွယ်အရှင်မြတ်ကို ကြောက်ရွံ့နိုင်ပါမည်နည်း။ တမန်တော်မြတ်﴿ﷺ﴾သခင်သည် အခြေအနေနှင့် လုပ်နည်းလုပ်ဟန်အရ၊ လူအများအားဆွလာသ်ဝတ်ပြုမှုကို ထိုင်လျက်လုပ်ဆောင်ရန် ခွင့်ပြုခဲ့သည်။ ၎င်းနောက် တမန်တော်မြတ် ﴿ﷺ﴾သခင်ကိုယ်တော်တိုင်လည်း ထိုင်လျက် ဆွလာသ်ဆောက်တည်ပြခဲ့သည်။ သူ၏နှလုံးသား ကျေနပ်နှစ်သက်မှုကို ရှာဖွေနေသူတစ်ဦးသည် ယင်းပုံစံဖြင့် ဆွလာသ်ဆောက်တည်ပုံကို မကြိုက်နှစ်သက်၍ မခံမရပ်နိုင်သော အခက်အခဲများကို ခံမည်ဟု ရွေးချယ်ပြီး မတ်တပ်ရပ်လျက်ပုံစံဖြင့် ဆွလာသ်ဝတ်ပြုမှုပုံစံကို ရွေးချယ်ခဲ့ပါလျှင် သူ၏နှလုံးသားတွင် ရောဂါ တစ်မျိုးမျိုးစွဲကပ်နေသည်ဆိုသည်မှာ သေချာပါသည်။ သို့သော်လည်း အကယ်၍ လူတစ်ဦးသည် သူ၏နာကျင်မှုသည်လည်းကောင်း၊ သက်သောင့်သက်သာမဖြစ်မှုသည်လည်းကောင်း၊ မပြင်းထန်ပါက ရှရီအသ်က သူ့အား ပေးထားသောခွင့်ပြုချက် (ရုက်ခ်ရှာဟ်)ကို မရွေးချယ်ဘဲ မြင့်မားသော သန္ဓိဋ္ဌာန် (အဇီမဟ်)ချသည့် လမ်းစဉ်ကို ရွေးချယ်ပါက ယင်းသည် တမန်တော်မြတ် ﴿ﷺ﴾၏ သင်ကြားချက်များနှင့် လျော်ညီသောကြောင့် မှန်ကန်ပါသည်။ ရှရီအသ်က အပ်နှင်းထားသော ခွင့်ပြုချက်(ရုက်ခ်ရှာဟ်)များကို အသုံးပြုခြင်းသည် အကြွင်းမဲ့ဥပဒေများ အတိုင်း လိုက်နာဆောင်ရွက်ခြင်းလောက် စိတ်ချမ်းသာမှုမရှိဘဲ စိတ်စနိုးစနှောင့်ဖြစ်ပါက ယင်းသည် "သတ်က်ဝါ" မဟုတ်ပါ။ ထို့အတွက်ကြောင့် တမန်တော်မြတ် ﴿ﷺ﴾သခင် မိန့်ကြားသည်မှာ- **اِنَّ اللّٰهَ تَعَالٰى يُحِبُّ اَنْ تُؤْتٰى رُخَصَهٗ كَمَا يُحِبُّ اَنْ تُؤْتٰى عَزَائِمَهٗ** "အလ္လာဟ်အရှင်မြတ်သည် မြင့်မားသော သိန္ဓိဋ္ဌာန်ချ၍ပြုလုပ်သည်ကို နှစ်သက်သကဲ့သို့ ခွင့်ပြုချက်များကို အသုံးပြုကာ လုပ်သည်များကိုလည်း နှစ်သက်ပါသည်ဟူ၍ဖြစ်ပါသည်။

အထွေထွေ (အိဗာဒသ်)ခဝတ်ကိုးကွယ်မှု နည်းများဖြစ်သော (အဒ်ဟ်ကတ်) (r | X ဇိက်ရ်၏ဗဟုဝိတ်ကိန်း) အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းများ၊ "ဩရဒ်" (ဝိဒ်၏ဗဟုဝုတ်ကိန်း ညဉ့်တွင်သော်၎င်း၊ နံနက်တွင်သော်၎င်း၊ မိမိကိုယ်တိုင်သတ်မှတ်ထားသော သီးသန့်ရွတ်ဖတ်သရဇ္ဈာယ်မှုများ၊ "ဒရုဒ်" (တမန်တော်မြတ် ﴿ﷺ﴾သခင်ပေါ် ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာများကျရောက်စေရန် အလ္လာဟ်အရှင်မြတ်ထံ တောင်းဆိုသောဒုအာ)နှင့် "သတ်စ်ဗီ" (အလ္လာဟ်အရှင်မြတ်အား ချီးကျူးထောမနာပြုခြင်း)တို့၏ အကောင်းဆုံးနည်းလမ်းသည် တမန်တော်မြတ်ကြီးကိုယ်တော်တိုင် အမြဲတစေပြုလုပ်လေ့ရှိပြီး ကိုယ်တော်မြတ် ﴿ﷺ﴾မရှိသည့်နောက် ကိုယ်တော်၏ဆွဟာဗတ်သာဝကကြီးများ (úyimJA ùenIÕAýVR) တို့က တစိုက်မတ်မတ်ကျင့်ဆောင်ခဲ့သည်များနှင့် မည်သည်သို့မျှ ကွဲပြားခြားနားမှုမရှိပါ။ မုစ်လင်မ်များအားလုံးတို့သည် လုပ်ရိုးလုပ်စဉ်အနေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိက မပြုမနေရတာဝန်တစ်ရပ်အနေဖြင့်ဖြစ်စေ၊ ဤသည်များကို စစ်မှန်ပြီးခိုင်လုံသော ဟဒီးသ်ဆင့်ပြန်ချက်များမှ ရှာဖွေပါမည်။ သို့မှသာ ဤကျင့်စဉ်များသည် သူတို့ဘဝ၏ နေ့စဉ်လုပ်ဆောင်မှုများတွင် တစ်စိတ်တစ်ဒေသ ပါဝင်ပြီး တစ်သားတည်းဖြစ်သွားနိုင်ပါသည်။

## အထူးမှတ်ချက်

ဖော်ပြခဲ့သော အသေးစိတ်များက ရှင်းလင်းစွာပြသည်မှာ တမန်တော်မြတ် ﴿ﷺ﴾ သခင်သည် ပြုပြင်ပြောင်းလဲသူနှင့် နာမ်ပိုင်းဆိုင်ရာ ဦးဆောင်သူဖြစ်ရုံသာမက တရားမျှတသော အုပ်ချုပ်သူလည်း ဖြစ်ပါသည်။

ထိုမျှလောက် အာဏာရှိပြီး ထိုမျှခံညားထယ်ဝါသော ဂုဏ်သိက္ခာရှိသူ၏ အဆုံးအဖြတ်ကို ယုံကြည်မှုနှင့် မယုံကြည်သွေဖည်မှုတို့၏ စံဟုကြေညာခဲ့ပါသည်။ အီမာန်နှင့် ကုဖ်တို့ကို ခွဲခြားပြသည့်အခြေအနေဖြစ်ကြောင်းကို အရေခြုံ (ဗီရာဟ်)နှင့် ပတ်သက်သော အဖြစ်အပျက်က ထင်ရှားစေပါသည်။ တမန်တော်၏အဆင့်အတန်းကို ပိုမိုထင်ရှားစေရန်အတွက် အလ္လာဟ်အရှင်မြတ်သည် ထိုအရှင်၏ မြင့်မြတ်သောကျမ်းစာအုပ်နေရာများစွာတွင် တမန်တော်မြတ် ﷺသခင်အား နာခံခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံခြင်းကဲ့သို့ မဖြစ်မနေနာခံရမည်ဟု မိန့်ကြားထားသည်။ ယုံကြည်သူများ အားလုံးတို့သည် တမန်တော်မြတ် ﷺအား နာခံခြင်းသည်လည်း မပြုမနေရ နာခံရမည့်တာဝန်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ကမိန့်ကြားထားသည်မှာ **اَطِيْعُوا اللّٰهَ وَاَطِيْعُوا الرَّسُوْلَ** "အသင်တို့သည် အလ္လာဟ်အရှင့် အမိန့်တော်များကိုလည်းကောင်း၊ ရစူလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း၊ (တစ်သဝေမတိမ်း) လိုက်နာကြကုန်" (၃း၃၂) (၃း၁၃၂)၊ (၄း၅၉)၊ (၅း၉၂)၊ (၂၄း၅၄)၊ (၄၇း၃၃)၊ (၆၄း၁၂)ဟူ၍ဖြစ်သည်။ ထို့နောက် အခြားတစ်နေရာတွင် မိန့်ကြားသည်မှာ - **مَنْ يُّطِعِ الرَّسُوْلَ فَقَدْ اَطَاعَ اللّٰهَ** "မည်သူ မဆို ရစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာပါလျှင် ထိုသူသည် ဧကန်စင်စစ်အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို လိုက်နာသည်မည်၏။" (၄း၈၀)ဟူ၍ဖြစ်ပါသည်။ ဤအာယသ်တော်များတွင်ပါရှိသည်များကို အနည်းငယ်စဉ်းစားလိုက်ရုံဖြင့် တမန်တော်မြတ် ﷺသခင်၏ အခွင့်အာဏာသည် ထယ်ဝါခန့်ညားစွာ ဖြာထွက်လာသည်ကိုတွေ့ရပါလိမ့်မည်။ ဤသည်ကို လက်တွေ့ပြု၍ ထင်ရှားစေသည်မှာ တမန်တော်မြတ်ﷺသည် အမှုကိစ္စများကို ကျမ်းတော်မြတ်နှင့်အညီ ဆုံးဖြတ်နိုင်ရန်အတွက် အလ္လာဟ်အရှင်မြတ်သည် အရှင်၏ကျမ်းတော်မြတ်ကို တမန်တော်မြတ်ﷺထံ ချပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မိန့်ကြားထားသည်-**اِنَّآ اَنْزَلْنَآ اِلَيْكَ الْكِتٰبَ بِالْحَقِّ لِتَحْكُمَ بَيْنَ النَّاسِ بِمَآ اَرٰكَ اللّٰهُ** "(အို-နဗီတမန်တော်)အသင်သည် လူတို့၏စပ်ကြားဝယ် အလ္လာဟ်အရှင်မြတ်က အသင့်အားပြသတော်မူသည့် အတိုင်း စီရင်ဆုံးဖြတ်ခြင်းငှာ အရှင်မြတ်သည် အသင်၏ထံသို့ ကျမ်းမြတ်ကုရ်အာန်ကို မှန်ကန်မှုနှင့်တကွ ချပေးသနားတော်မူခဲ့၏"(၄း၁၀၅) ဟူ၍ဖြစ်သည်။

v v v v v v v

**အာယသ် (၆၆-၆၈)**

وَلَوْ اَنَّا كَتَبْنَا
عَلَيْهِمْ اَنِ اقْتُلُوْٓا اَنْفُسَكُمْ اَوِ اخْرُجُوْا مِنْ دِيَارِكُمْ مَّا
فَعَلُوْهُ اِلَّا قَلِيْلٌ مِّنْهُمْ ؕ وَلَوْ اَنَّهُمْ فَعَلُوْا مَا يُوْعَظُوْنَ
بِهٖ لَكَانَ خَيْرًا لَّهُمْ وَاَشَدَّ تَثْبِيْتًا ﴿٦٦﴾ وَّاِذًا لَّاٰتَيْنٰهُمْ مِّنْ
لَّدُنَّاۤ اَجْرًا عَظِيْمًا ﴿٦٧﴾ وَّلَهَدَيْنٰهُمْ صِرَاطًا مُّسْتَقِيْمًا ﴿٦٨﴾

ငင်းပြင် အကယ်၍သာ ငါအရှင်မြတ်သည် ထိုသူတို့အပေါ်ဝယ် "အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ပင်သတ်ဖြတ်ကြလေကုန် ဟူ၍သော်လည်း ကောင်း၊ အသင်တို့သည် မိမိတို့ (နေရင်း) ဒေသများမှ ထွက်ခွာသွားကြလေကုန်ဟူ၍သော်လည်းကောင်း၊ (အမိန့်တော်) သတ်မှတ် ပြဋ္ဌာန်းတော်မူခဲ့ပါလျှင် ထိုသူတို့အနက်မှ အနည်းငယ်မျှသော သူတို့မှတစ်ပါး အခြားသူတို့မှာ မူကား ထိုပြဋ္ဌာန်းချက်လိုက်နာကျင့်သုံးကြမည်မဟုတ်ပေ။ သို့ရာတွင် အကယ်၍သာ ငင်းတို့သည် ငင်းတို့ဆုံးမခြင်းခံကြရသောအမှုကိစ္စများကို လိုက်နာဆောင်ရွက်ကြပါမူ၊ (ယင်းသို့လိုက်နာဆောင်ရွက်ခြင်းသည် ကား) ငင်းတို့အဖို့အကောင်းဆုံးဖြစ်ခဲ့သည်ဖြင် (ငင်းတို့၏ "အီမာန်" ယုံကြည်မှုကို)ပိုမို၍ပင် ခိုင်မြဲစေမည်လည်းဖြစ်အံ့သတည်း။ (၄း၆၆)

ငင်းအပြင် ထိုအချိန်အခါမျိုးတွင် ဧကန်စင်စစ် ငါအရှင်မြတ်သည် ထိုသူတို့အား မိမိအထံတော်မှ ကြီးကျယ်မြင့်မြတ်လှစွာသော အကျိုးကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့အံ့။ (၄း၆၇)

ထိုမှတစ်ပါး ဧကန်မလွဲငါအရှင်သည်ထိုသူတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ကိုလည်း ညွှန်ကြားပြသတော် မူခဲ့အံ့။ (၄း၆၈)

လက်ရှိအာယသ်တော်များနှင့် အစောပိုင်းအာယသ်တော်များသည် အရေခြုံ "ဗိရှားဟ်"နှင့် ပတ်သက်သော အဖြစ်အပျက်ကို နောက်ကြောင်းခံ၍ ကျရောက်ခဲ့ပါသည်။ ကျွန်ုပ်တို့သိပြီးဖြစ်ခဲ့သည့်အတိုင်း သူ၏အငြင်းအခုံဖြစ်မှုအတွက် ဂျူးအမျိုးသား ကဗ်အိဗ်နိအရှရဖ်အား တရားသူကြီးအဖြစ် သူကပထမအကြံပြုခဲ့ပါသည်။ သို့ရာတွင် နောက်ပိုင်း၌ အချင်းချင်းဆွေးနွေးမှုများကြောင့် သူ့အား တမန်တော်မြတ်ﷺထံသို့အတင်းအကြပ်သွားစေခဲ့ပါသည်။ တမန်တော်မြတ်ﷺသခင်၏ ဆုံးဖြတ်ချက်အမိန့်သည် သူနှင့်

ဆန့်ကျင်နေသောကြောင့် ယင်းဆုံးဖြတ်ချက်ကိုလက်မခံဘဲ လုံးဝဆုံးဖြတ်ချက်အသစ်တစ်ခု ရရှိရန်အတွက် စိုက်ယိဒိနာအုမရ် ﷺ သခင်ထံသို့ သွားရောက်ခဲ့ပါသည်။

ဤအဖြစ်အပျက်နှင့် ပတ်သက်သောသတင်းသည် မဒီနဟ်တစ်မြို့လုံး ပြန့်နှံ့သွားသောအခါ၌ ဂျူးများက မုစ်လင်မ်များအား ပြစ်တင်ဒေါသဖြင့် ပြောကြားသည်မှာ အသင်တို့သည် အဘယ်ကဲ့သို့သောလူများဖြစ်ကြပါသနည်း။ "အလ္လာဟ်အရှင်မြတ်၏ တမန်တော်ကို သက်ဝင်ယုံကြည်လျက် တမန်တော်၏နောက်လိုက်ဟုအခိုင်အမာပြောဆိုပြီး သူ၏အဆုံးအဖြတ်ကို လက်မခံကြပါ။ "ကြည့်စမ်း၊ ဂျူးများကို သူတို့၏ အမှားဝန်ချတောင်းပန်မှုကို လက်ခံစိမ့်သောဌာ သူတို့အချင်းချင်း တစ်ဦးကိုတစ်ဦး အသေသတ်ရန် အမိန့်ပေးခဲ့ပါသည်။ ဤအမိန့်သည် ပြင်းထန်လွန်းသော အမိန့်ဖြစ်သော်လည်း ကျွန်ုပ်တို့အထဲမှ လူခုနစ်သောင်း သေကြေသွားသည်အထိ လိုက်နာခဲ့ကြသည်။ အကယ်၍ အသင်တို့ကိုသာ ဤကဲ့သို့သော အမိန့်မျိုးပေးခြင်းခံရလျှင် အသင်တို့မည်သို့လုပ်ဆောင်မည်နည်း"။ ထိုစဉ် وَلَوْ اَنَّا كَتَبْنَا عَلَيْهِمْ ("ငင်းပြင် အကယ်၍သာငါအရှင်မြတ်သည် ထိုသူတို့အပေါ်ဝယ် သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့ပါမူ)ဟူသော အာယသ်တော်ကျရောက်ခဲ့ပါသည်။ အကယ်၍သာ ဤအရေခြံများ(သို့)သာမာန်လူများအားလုံး(သို့)မယုံကြည်သွေဖည်သူများ(သို့) ယုံကြည်သက်ဝင်သူများအားလုံးတို့အပေါ်ဝယ် ဗနီအစ္စရာအီလ်မျိုးနွယ်စုအပေါ်သို့ အချင်းချင်း သတ်ဖြတ်ခြင်းကိုလည်းကောင်း၊ နေရင်းဒေတို့မှ ရွှေ့ပြောင်းစေခြင်းများတို့ကိုလည်းကောင်း၊ စသည့် ပြင်းထန်သည့် အမိန့်များချမှတ်ခဲ့လျှင်မည်သည့် အမျိုးအစားမှပင်ဖြစ်စေ၊ အနည်းငယ်မျှသောသူများသာ နာခံကြပါလိမ့်မည်။

တစ်ဖက်တွင် မိမိတို့၏ ငြင်းခုံမှုများအတွက် အဖြေရှာဖွေရာတွင် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ် ﷺသခင်ထံမှ (သို့) ထိုတမန်တော်မြတ်၏ ဥပဒေနှင့်လုပ်နည်းကိုင်နည်းမှ၊ အပ အခြားနေရာများမှ အဖြေရှာသူများကို ပြင်းပြင်းထန်ထန်သတိပေးထားသည်။ အခြားတစ်ဖက်တွင်မူ ဂျူးတို့၏ပြစ်တင်ဒေါသနှင့်ပြောကြားသည်များကို ဖြေကြားထားသည်မှာ ဤကဲ့သို့သော အခြေအနေမျိုးတို့သည် စစ်မှန်သော မုစ်လင်မ်များကဲ့သို့ သူတို့၏ယုံကြည်ချက် ၌ စွဲမြဲသောသူများအတွက် မဟုတ်မူဘဲ အရေခြံများအတွက်သာ အံဝင်ခွင် ကျဖြစ်ပါသည်။ ဝဟီကျရောက်ပြီးနောက် ဖြစ်ပျက်ခဲ့သည်များက ဤသည်ကို သက်သေပြပြီးဖြစ်ပါသည်။ ဆွဟာဗဟ်ကြီးများအနက်မှ ဆွဟာဗဟ်တစ်ဦး (အလ္လာဟ်အရှင်မြတ်သည် သူတို့အားလုံးကို ကျေနပ်နှစ်သက်တော်မူပါစေ) ကပြောသည်မှာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား ဤကဲ့သို့စမ်းသပ်တော်မူခြင်းမျိုးနှင့် မစမ်းသပ်တော်မူပါစေနှင့်။ ဤအဆိုအမိန့်ကို တစ်ဆင့်မှတစ်ဆင့် တမန်တော်မြတ်﴿ﷺ﴾သခင်ထံသို့ ရောက်ရှိသွားသောအခါတွင် တမန်တော်မြတ်﴿ﷺ﴾ကမိန့်ကြားသည်မှာ "ငင်းတို့၏နှလုံးသားထဲတွင် အီမာန်ယုံကြည်မှုသည် တောင်ကဲ့သို့ စွဲမြဲစွာ တည်ရှိနေသောသူများ ကျွန်ုပ်၏အုမ္မသ်ထုထဲတွင်ရှိပါသည်" ဟူ၍ ဖြစ်သည်။ ဤအဆိုအမိန့်ကို စိုက်ယိဒိနာ အဗူဗကရ်က မိန့်ကြားခဲ့ကြောင်း အိဗ်နိဝဟဗ်ကပြောခဲ့သည်။

အခြားဆင့်ပြန်ချက်များအရ စိုက်ယိဒိနာအဗူဗကရ်သည် ဤအာယသ်တော်ကို ကြားသိလိုက်ရသည်နှင့်ပြောသည်မှာ ဤအမိန့်သာပြဋ္ဌာန်းခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ် နာမတော်၏ ကစမ်အမိန့်ကို နာခံသည့်အနေဖြင့် ကျွန်ုပ်နှင့်ကျွန်ုပ်၏ မိသားစုတို့သည် ဦးစွာပထမစွန့်လွှတ်ကြပါမည်။

အခြားသော ဆင့်ပြန်ချက်များအရ ဤအာယသ်တော်ကျရောက်ခဲ့သောအခါ၌ တမန်တော်မြတ် ﷺ သခင်ကမိန့်ကြားသည်မှာ အကယ်၍သာ ဤမိမိကိုယ်ကိုမိမိသတ်ခြင်းကို (သို့) နေရင်းဒေသမှ ပြောင်း ရွှေ့စေခြင်း ဆိုသည့်အမိန့်မျိုး အလ္လာဟ်အရှင်မြတ်ထံမှကျရောက်ပါလျှင် အုမ်အဒ် (ဆိုလိုသည်မှာ စိုက်ယိဒိနာအုမ်မိအဗ်ဒ် အဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အူးဒ်)သည် အမိန့်နှင့်အညီတိတိကျကျလုပ်ဆောင်ပါလိမ့်မည်။ နေရင်းဒေသမှ ရွှေ့ပြောင်း ခြင်းအတွက်ဆိုလျှင် ဆွဟာဗဟ်သာဝကကြီးများသည် မက္ကဟ်မြို့တော်ရှိ ၎င်းတို့အိမ်များ၊ ၎င်းတို့၏ ပစ္စည်း ဥစ္စာများနှင့် ၎င်းတို့၏လုပ်ငန်းဆောင်တာများကို ထားရစ်ခဲ့ကာ မဒီနဟ်မြို့တော်သို့ ပြောင်းရွှေ့၍ သစ္စာရှိစွာ ကိုယ်ကျိုးစွန့်ပြီး လိုက်နာလုပ်ဆောင်ခဲ့ပါသည်။

အာယသ်တော် (၆၆)၏အဆုံးတွင် မိန့်ကြားထားသည်မှာ လုပ်ဆောင်ရန် ခက်ခဲဟန်ရှိသော်လည်း၊ ၎င်းတို့၏ ဖန်ဆင်းရှင်အမိန့်ကို နာခံပြီး ထိုအမိန့်တော်အတိုင်း လုပ်ဆောင်ခြင်းသည် အဆုံးတွင် ၎င်းတို့ အတွက် ပိုမိုကောင်းမွန်သည်ကို တွေ့ရပါလိမ့်မည်။ ဤသို့ လုပ်ဆောင်ခြင်းသည် သူတို့၏ အီမာန်ယုံကြည်ချက်ကို ပိုမို ခိုင်မြဲစေသောကြောင့် အလ္လာဟ်အရှင်မြတ်ထံမှ ကြီးမားသော ဆုလာဘ်နှင့် ဖြောင့်မတ်မှန်ကန်သည့် လမ်းကို ညွှန်ကြားပြသခြင်းခံရခြင်းဟူသည့် ကောင်းချီးမင်္ဂလာများရရှိစေပါသည်။

အလ္လာဟ်အရှင်မြတ်နှင့် အရှင်တမန်တော်အား နာခံသောသူများအတွက် ဤအာယသ်တော် (၆၇)၏ အဆုံးတွင် ကတိပြုထားသော အကြီးမားသောဆုလာဘ်ဆိုသည်ကို နောက်လာမည့် အာယသ် (၆၉)နှင့် (၇၀)တွင် ကတိပြုထားသော အဆင့်အတန်းများအကြောင်းကို အသေးစိတ်ရှင်းလင်းချက်များနှင့်အတူ ဖော်ပြထားသည်။

v v v v v v v

**အာယသ် (၆၉-၇၀)**

وَمَنْ يُّطِعِ اللّٰهَ وَالرَّسُوْلَ فَاُولٰٓئِكَ مَعَ الَّذِيْنَ اَنْعَمَ
اللّٰهُ عَلَيْهِمْ مِّنَ النَّبِيّٖنَ وَالصِّدِّيْقِيْنَ وَالشُّهَدَآءِ وَالصّٰلِحِيْنَ ۚ
وَحَسُنَ اُولٰٓئِكَ رَفِيْقًا ﴿٦٩﴾ ذٰلِكَ الْفَضْلُ مِنَ اللّٰهِ ۭ وَكَفٰى
بِاللّٰهِ عَلِيْمًا ﴿٧٠﴾

**အမှန်စင်စစ်သော်ကား အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ရစူလ်တမန်တော်၏ (အမိန့်တော်များ)ကိုလည်းကောင်း၊ လိုက်နာအံ့။ ယင်း(ကဲ့သို့သော) သူတို့သည် အလ္လာဟ်အရှင်မြတ်ကျေးဇူးပြုတော်မူသော နဗီတမန်တော်များ "ဆွစ်ဒ်ဒီက်" တိကျမှန်ကန်စွာပြောဆိုပြုလုပ်ဆောင်ရွက်သူများ "ရှဟီးဒ်" အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အသက်ဇီဝိန်ကို စွန့်သူများ "ဆွာလိဟ်"သူတော်စင်သူတော်ကောင်းများနှင့် အတူတကွရှိကြလတ္တံ့။ စင်စစ်ဆိုသော် ယင်းသူတို့သည် အဘယ်မျှလောက်မွန်မြတ်လှစွာသော မိတ်သဟာရအဖော်အဖက်များဖြစ်ကြပေသနည်း။ (၄း၆၉)**

**ဤသည်ကား အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျေးဇူးတော်ပင်တည်း။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်အဖြစ်လုံလောက်တော်မူပေသတည်း။ (၄း၇၀)**

၁။ "ဆွစ်ဒ်ဒီးက်"ဝေါဟာရအရ ယင်းသည် အလွန်တိကျမှန်ကန်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ အစ္စလာမ့်ရှရီအသ် အသုံးအနှုန်းအရဆိုလျှင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်၏တမန်တော်ကို ရိုကျိုးရာ၌ အများတကာထက်သာလွန်သော၊ တမန်တော်တစ်ပါး၏ဆွဟာဗတ်သာဝကများကို ရည်ညွှန်းပါသည်။ ၎င်းတို့သည် ဘုရားတရားရိုသေကိုင်းရှိုင်းရာတွင် တမန်တော်များ၏ နောက်အဆင့်မြင့်ဆုံးသောသူများဖြစ်ကြသည်။ ဥပမာပြရလျှင် စိုက်ယိဒိနာအဗူဗကရ် ﴿رضي الله عنه﴾ သခင်ဖြစ်သည်။

၂။ "ရှို့ဟဒါ"(ရှဟီးဒ်၏ဗဟုဝုစ်ကိန်း) ရှို့ဟဒါသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ၎င်းတို့၏အသက်များ စွန့်လွှတ်သူများဟုဆိုလိုပါသည်။ ဤနေရာတွင် "ရှဟီးဒ်"ဟူသော အဓိပ္ပာယ်နှင့်တူညီသည်ဟု ရံဖန်ရံခါမှတ်ယူလေ့ရှိသော "အာဇာနည်"ဟူသော စကားလုံးကိုသုံးမထားပါ။ အဘယ်ကြောင့်ဆိုသော် "အာဇာနည်" ဆိုသော စကားလုံးသည် လူမျိုးစုဆိုင်ရာစစ်ပွဲများတွင် သတ်ဖြတ်ခြင်းခံရသူများကိုလည်း သုံးစွဲထားကာ အစ္စလာမ့်အခေါ်အဝေါ်အရယင်းကဲ့သို့သောသူများကို "ရှဟီဒီ"ဟု မသတ်မှတ်ပါ။

ပြီးခဲ့သော အာယသ်တော်များထဲတွင် အထူးဦးတည်ပြောကြားခြင်းခံရသော သူများအတွက် ကြီးမား သောဆုလာဘ်တစ်ခုကို ကတိပြုထားခဲ့ပါသည်။ ယခုလက်ရှိအာယသ်တော်များတွင် ပါဝင်သည်မှာ အလ္လာဟ် အရှင်မြတ်နှင့် အရှင်၏တမန်တော်များအား နာခံသူတို့ကို ဆုလာဘ်ချီးမြှင့်မည်ဆိုသည့် စကြဝဠာလုံးဆိုင်ရာ ကတိသည် အမြဲတည်ရှိနေမည့်ဥပဒေပင်ဖြစ်ပါသည်။

## အကျယ်ဖွင့်ဆိုခြင်း

## ဂျန္နသ်သုခဘုံတွင်ရရှိမည့်အဆင့်အတန်းတို့၏စံသည် ကောင်းမှုကောင်းရာလုပ်ရပ် တို့ပင်ဖြစ်ပါလိမ့်မည်

အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်တို့က မိန့်မှာသည့်အတိုင်း အရာရာကိုလုပ်ဆောင်ကြသူ များနှင့် အလ္လာဟ်အရှင်မြတ်နှင့် အရှင်၏တမန်တော်တို့က တားမြစ်ထားသည်များမှ ရှောင်ကြဉ်သူများသည် ၎င်းတို့ လုပ်ရပ်များအရ အမျိုးမျိုးသောအဆင့်အတန်းများရရှိကြပါလိမ့်မည်။ ၎င်းတို့ထဲမှ အထင်ရှားဆုံးသော သူတို့သည် မြင့်မြတ်သောတမန်တော်များ﴿ﷺ﴾တို့နှင့်အတူ ဂျန္နသ်သုခဘုံတွင် အမြင့်မားဆုံး၊ အကောင်းဆုံး အဆင့်အတန်းဖြင့် ကောင်ချီးပေးခြင်းခံရပါလိမ့်မည်။ ထိုသူများ၏ နောက်တွင် တမန်တော်များ ﴿عليهم السلام﴾ တို့၏ အဆင့်ထက်တစ်ဆင့် နိမ့်သောအဆင့်ဖြင့် ကောင်းချီးပေးခြင်းခံရပါလိမ့်မည်။ ထိုသူများကို “ဆွစ်ဒ်ဒိက္ကီးန်”ဟု ခေါ်တွင်ပြီး ၎င်းတို့သည် တမန်တော်မြတ်ကြီး၏ ကြီးကျယ်လှသော ဆွဟာဗဟ်ကြီးများ ဖြစ်ကြသည်။ အဗူဗကရ် ကဲ့သို့သော ထိုဆွဟာဗဟ် ကြီးများတို့သည် အစ္စလာမ်သို့ စတင်ဖိတ်ခေါ်လျှင် ဖိတ်ခေါ်ခြင်း မည်သည့်တုံ့ဆိုင်းမှု ပြုခြင်းကိုလည်းကောင်း၊ မည်သည့်ရန်လိုမှုပြုခြင်းကို လည်းကောင်း မပြသဘဲ ရှေ့ဆုံးက အစ္စလာမ်ကို သက်ဝင်ယုံကြည်သူများဖြစ်ကြသည်။ ၎င်းနောက် တတိယအဆင့်တွင်ရှိသောသူတို့သည် မြင့်မြတ်သော “ရှို့ဟဒါ”များပင်ဖြစ်ပါလိမ့်မည်။ “ရှို့ဟဒါ”တို့သည် ၎င်းတို့၏ အသက်နှင့်စည်းစိမ်ဥစ္စာများကို အလ္လာဟ်အရှင်မြတ် လမ်း၌စွန့်လွှတ်သောသူများဖြစ်ကြသည်။ ထို့နောက် စတုတ္ထအဆင့်တွင်ရှိသောသူများမှာ လေးစားကြည်ညိုဖွယ်ရာ ကောင်းသော၊ ဖြောင့်မတ်မှန်ကန်သောသူများဖြစ်ကြပါလိမ့်မည်။ ‘ဆွာလိဟ်”ဟုခေါ်သော ဖြောင့်မတ်မှန်ကန်သော သူတို့သည် အပြင်ပိုင်းနှင့်အတွင်းပိုင်းပါ ကောင်းမွန်မှန်ကန်သည်များကိုသာ လုပ်ဆောင်ရန်သူတို့ကိုယ်သူတို့ ထိန်းချုပ်ထားသောသူများဖြစ်ကြသည်။

အတိုချုပ်ဆိုရသော် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်ကို လုံးဝဥဿုံနာခံသောသူများ သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့မှောက်၌ အဆင့်အတန်းအမြင့်ဆုံးနှင့် အခွင့်အရေးအများဆုံးပေးခြင်းခံရသော တမန်တော်များ “ဆွစ်ဒ်ဒိက္ကီးန်” များ “ရှို့ဟဒါ”များ “ဆွာလိဟ်” များဟုသတ်မှတ်ထားသော အဆင့်လေးဆင့် အတွင်းရှိသူများနှင့်အတူ ရှိနေပါလိမ့်မည်။

## အာယသ်ကျရောက်ရခြင်း၏ နောက်ခံအကြောင်း

မြောက်များစွာသော၊ ခိုင်လုံသော၊ ပုဂ္ဂိုလ်များကို အခြေခံ၍ ဋီကာရှင်ကြီး အိဗ်နိကဆီးရ်က အာယသ် တော်များသည် အထူးအဖြစ်အပျက်တစ်ခုကြောင့် ကျရောက်ခဲ့ကြောင်း တင်ပြထားသည်။

စိုက်ယိဒါဟ်အာအိရှဟ် ﷺ သခင်မကြီးက ဆင့်ပြန်သည်မှာ တစ်နေ့တွင် ဆွာဟာဗဟ်တစ်ပါးသည် တမန်တော်မြတ် ﷺ သခင်ထံသို့ ရောက်ရှိလာပြီး လျှောက်ထားသည်မှာ "ယာရစူလလ္လာဟ်" ကျွန်တော်မျိုးသည် ကိုယ်တော်အားချစ်မြတ်နိုးပါသည်။ ကျွန်တော်မျိုး၏ဘဝ ကျွန်တော်မျိုး၏ဇနီးမယားနှင့် ကျွန်တော်မျိုး၏သားသမီးတို့ထက်ပင်သာလွန်၍ ချစ်မြတ်နိုးပါသည်။ ကျွန်တော်မျိုးသည် အိမ်၌ရှိလျှင်သော်မှ ကျွန်တော်စိတ်ချမ်းသာမှုရှိဟန်မတူသော အချိန်တော်တော်များများရှိခဲ့ပါသည်။ ကိုယ်တော်မြတ်ထံလာရောက်၍ ကိုယ်တော်အားကြည့်ရှုတွေ့မြင်လိုက်ပါမှ ကျွန်ုပ်ထံမှ ပျောက်ကွယ်နေသော စိတ်ချမ်းသာမှုများ ပြန်လည်ရရှိပါသည်။ ယခုအခါတွင် တမန်တော်မြတ် ဤကမ္ဘာလောကမှစွန့်ခွာသွားမည်ကို ပူပင်သောကရောက်မိပါသည်။ ၎င်းနောက် ကျွန်တော်မျိုးလည်း သေဆုံးပါလိမ့်မည်။ ထိုအခါ ကျွန်တော်မျိုးအသေအချာသိသည်မှာ တမန်တော်ကြီးသည် အခြားသော တမန်တော်များနှင့်အတူ ဂျန္နသ်၏အမြင့်မားဆုံးသောအဆင့်တွင် စံမြန်းနေပါလိမ့်မည်။ ကျွန်တော့်အတွက် ပြောရလျှင် ဦးစွာပထမကျွန်တော်မျိုး ဂျန္နသ်သုခဘုံသို့ရောက်မရောက် မသိပါ။ အကယ်၍ ကျွန်တော်မျိုး ဂျန္နသ်သုခဘုံသို့ရောက်မည်ဆိုလျှင် ကျွန်တော်မျိုးရရှိသော အဆင့်သည် တမန်တော်မြတ်၏ အဆင့်ထက်များစွာနိမ့်ကျပါလိမ့်မည်။ အကယ်၍သာ ကျွန်တော်မျိုးသည် တမန်တော်မြတ်ထံလာရောက်၍ တမန်တော်မြတ်အားကြည်ရှုမှုမပြုနိုင်ခဲ့ပါလျှင် ဤသည်းမခံနိုင်သော ကျွန်ုပ်၏နှလုံးသားအား အေးချမ်းသာယာအောင် ကျွန်ုပ်မည်သို့ပြုဆောင်ရပါမည်နည်း"။

တမန်တော်မြတ် ﷺ သည် သူပြောသမျှကို ငြိမ်သက်စွာ နားထောင်ခဲ့ပြီး ဤအာယသ် (၆၉)

وَمَنْ يُّطِعِ اللّٰهَ وَالرَّسُوْلَ فَاُولٰٓئِكَ مَعَ الَّذِيْنَ اَنْعَمَ اللّٰهُ عَلَيْهِمْ مِّنَ النَّبِيّٖنَ
وَالصِّدِّيْقِيْنَ وَالشُّهَدَآءِ وَالصّٰلِحِيْنَ (٢٩)

မကျရောက်မီအထိ မည်သည့်တုန့်ပြန်မှုမှ မပြုလုပ်ခဲ့ပါ။

ဤအာယသ်တော်ကျရောက်ပြီးမှ တမန်တော်မြတ် ﷺ ကသူ့အား ဝမ်းမြောက်ဖွယ်ရာ သတင်းစကားပြောကြားသည်မှာ အမိန့်ကိုနာခံသူများတို့သည် တမန်တော်များ "ဆစ်ဒ်ဒီက်ကိန်း"များ "ရှူဟဒါ"များနှင့် ဖြောင့်မတ်မှန်ကန်သူတို့ တွေ့ဆုံနိုင်မည့် အခွင့်အခါတို့ရှိ လိမ့်မည်။ တနည်းဆိုသော် ဂျန္နသ်သုခဘုံတွင် အဆင့်အတန်းများရှိသည့်တိုင်အောင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံခြင်းအတူတကွ ထိုင်ခြင်းဆိုသည့်အချိန်အခါများလည်း ရှိပါလိမ့်မည်။

## ဂျန္နသ်သုခဘုံတွင် တစ်ဦးနှင့်တစ်ဦးဆုံတွေ့ရခြင်းပုံစံအချို့

စိုက်ယိဒိနာအဗူစအိဒ်အလ်ခုဒ်ဒရီ ﷺ သခင်၏ခိုင်လုံသော ဆင့်ပြန်ချက်များအရ အိမာမ်မာလိစ်က်၏မုအ်တာကျမ်းတွင်တင်ပြထားသည်မှာ တစ်ဦးနှင့်တစ်ဦးဆုံတွေ့ရခြင်းတစ်နည်းမှာ မိမိရှိရင်းစွဲနေရာမှပင်တစ်ဦးကိုတစ်ဦး မြင်တွေ့နေရခြင်းဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ တမန်တော်မြတ် ﷺ သခင်ကမိန့်ကြားသည်မှာ ဂျန္နသ် သုခဘုံအတွင်း နေထိုင်သူတို့သည် မိမိအလွာ၏ အထက်တွင်ရှိသောသူများအား ဤလောကတွင်ကြယ်တာရာ များကိုမြင်တွေ့နေရသကဲ့သို့ မြင်တွေ့နေရပါလိမ့်မည်။

စိုက်ယိဒိနာရဗ်ဗီ၏ ခိုင်လုံသော ဆင့်ပြန်ချက်တစ်ခုအရ အိဗ်နိဂျရီးရ်က တင်ပြထားသည်မှာ ဂျန္နသ်သုခဘုံတွင်ရှိသော လူတို့သည် မိမိရှိရင်းစွဲလွှာ၌မှာပင် အလည်အပတ်သွားရောက်နိုင်ပါလိမ့်မည်ဟူသော နောက်ထပ်ပုံစံတစ်မျိုးလဲရှိပါသေးသည်။ တမန်တော်မြတ်သည် ဤအာယသ်တော်ကိုရှင်းလင်းရာ၌ မိန့်ကြားသည်မှာ "အောက်အလွှာတွင်ရှိနေသောသူများအားလာရောက်တွေ့ဆုံဝိုင်းဖွဲ့ထိုင်နိုင်ရန်အတွက် အထက်အလွှာရှိလူများတို့သည် အောက်အလွှာသို့ ဆင်းသက်လာပါလိမ့်မည်"။

ဖြစ်နိုင်ချေရှိသည်တစ်ခုမှာ အောက်အလွှာတွင်ရှိသောသူများတို့သည် အထက်အလွှာရှိသောသူများနှင့်တွေ့ဆုံနိုင်ရန်အတွက် လည်ပတ်ခွင့်ရှိပါသည်။ ဤအာယသ်ပေါ်အခြေခံ၍ တမန်တော်မြတ် ﷺ သည် ဂျန္နသ်သုခဘုံ၌ ကိုယ်တော်နှင့်အတူရှိနေနိုင်ကြောင်းဟူသော ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို လူအတော်များများ အားပေးခဲ့ပါသည်။

စိုက်ယိဒိနာကအဗ်အိဗ်နိအပ်စ်လာမီ ﷺ သည် ညဉ့်အချိန်များတွင် တမန်တော်မြတ် ﷺ သခင်နှင့်အတူ ကုန်ဆုံးစေခဲ့သည်ဟူသည့်အကြောင်းကို ဆွဟီးမုစ်လင်မ်တွင် ပါရှိပါသည်။ ထိုကဲ့သို့သော ညမျိုးများတွင် "သဟဂ်ဂျူဒ်ဆွလာသ်" ဝတ်ပြုခြိန်ရောက်သောအခါတွင် တမန်တော်မြတ် ﷺသခင်အား "ဝိုသူ"ပြုရန်အတွက် ရေ "မိစ်ဝါးက်"တံပူတန်နှင့်အခြားလိုအပ်သော အသုံးအဆောင်များ ဖြည့်ဆည်းပေးပါသည်။ တမန်တော်မြတ် ﷺ သည်သူ့အား အလွန်ကျေနပ်နှစ်သက်တော်မူသောကြောင့် မိန့်တော်မူသည်မှာ အသင့်အတွက် ကျွန်ုပ်ဘာများပြုလုပ်ပေးရပါမည်နည်း။ တောင်းဆိုပါ။ စိုက်ယိဒိနာကအဗ်အိဗ်နိအပ်စ်လာမီက လျှောက်တင်သည်မှာ တမန်တော်မြတ်နှင့်အတူ ကျွန်တော်မျိုးသည် ဂျန္နသ်သုခဘုံအတွင်း၌ ရှိနေချင်သောဆန္ဒရှိကြောင်းပြောပါသည်။ တမန်တော်မြတ် ﷺက "မိန့်ကြားသည်မှာ နောက်ထပ်မည်သည့်အရာများရှိပါသေးသနည်း" စိုက်ယိဒနာကအဗ်က နောက်ထပ်မည်သည့်အရာမျှမရှိပါ"ဟု ဖြေကြားလေသည်။ ထိုအခါ တမန်တော်မြတ် ﷺက မိန့်ကြားသည်မှာ "အကယ်၍ အသင်သည် ကျွန်ုပ်နှင့် အတူဂျန္နသ်သုခဘုံ၌ရှိနေလိုပါလျှင် **أعني على** نفسك **بكثرة السجود** တိုက်ရိုက်ပြန်ဆိုချက်အရ"(စဂျ်ဒဟ်)ပျပ်ဝပ်ဦးချခြင်းများစွာပြုလုပ်ကာ ကျွန်ုပ်အားကူညီပါလေ။" ဟူ၍ဖြစ်သည်။ တမန်တော်မြတ်၏ခန့်ညားထယ်ဝါလှသော အသုံးအနှုန်း၏အဓိအပ္ပာယ်မှာ "အသင်၏ဆန္ဒပြည့်ဝပါလိမ့်မည်။ သို့ရာတွင် အသင်သည် ဤကိစ္စအတွက် ကျွန်ုပ်အား ကူညီနိုင်သည်မှာ ဦးချခြင်း (ဆုဂျူဒ်၊ စဂျ်ဒဟ်) မြောက်မြားစွာပြုလုပ်ပါလေ။ ဆိုလိုသည်မှာ နဝါဖိလ်ဆွလာသ်များစွာ ဝတ်ပြုဆောက်တည်ပါလေ" ဟူ၍ဖြစ်ပါသည်။

မုစ်နဒ်အဟ်မဒ်ကျမ်းအရ လူတစ်ဦးသည် တမန်တော်မြတ် ﷺ ထံရောက်ရှိလာပြီး လျှောက်ထားသည်မှာ "ယာရစူလလုလ္လာဟ်၊ ကျွန်တော်မျိုးသည် အလ္လာဟ်အမြတ်မှလွဲ၍ ခဝတ်ကိုးကွယ်ခြင်းခံထိုက်သူမည်သူတစ်ဦးတစ်ယောက်မျှ မရှိကြောင်းနှင့် ကိုယ်တော်သည်ထိုအရှင်၏ စစ်မှန်သော စေတမန်တော် ဖြစ်ကြောင်းကိုလည်း သက်သေခံပြီး ၎င်းနောက် နေ့စဉ်နေ့တိုင်းအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဆွလာသ်ဝတ်ပြုခြင်းများကိုလည်း ကျွန်တော်မျိုးကျေပွန်စွာလုပ်ဆောင်ပါသည်။ ကျွန်တော်မျိုးပေါ်၌ တာဝန်တင်ရှိသော ဇကားသ် (ဒါနကြေး) များကိုလည်းပေးဆောင်ခါ ရမဿန်လတွင်ဥပုသ်သီလည်းစောင့်ထိန်းပါသည်" ဟူ၍ဖြစ်သည်။

ဤသည်ကို ကြားသိရသောအခါတွင် တမန်တော်မြတ် ﷺ သခင်က မိန့်ကြားသည်မှာ "မည်သူမဆို ဤကဲ့သို့သော အခြေအနေမျိုး၌ သေဆုံးသွားပါက သူသည် တမန်တော်များ၊ ဆွစ်ဒ်ဒီကွန်နိုးများနှင့် ရှိုဟဒါများတို့နှင့် အတူရှိနေပါလိမ့်မည်။ အကယ်၍ သူသည် မိဘ၏အမိန့်ကို နာခံခြင်းမပြုခဲ့ပါက ဤကဲ့သို့ အခြေအနေမျိုး မရနိုင်ပါ" ဟူ၍ဖြစ်ပါသည်။

အလားတူစွာ သိရိမိဇီကျမ်းပါ အခြားသော ဟဒီးဆ်တော်တစ်ပုဒ်တွင် ကိုယ်တော်မြတ် ﷺ၏ မိန့်ကြားချက်ကိုတင်ပြထားသည်မှာ- **التاجر الصدوق الا مين مع النبين وَالصِّدِّيْقِيْنَ وَالشُّهَدَآءِ** ဖြောင့်မတ်မှန်ပြီး ယုံကြည်စိတ်ချရသော ရောင်းဝယ်ဖောက်ကားသူသည် တမန်တော်များ၊ ဆွစ်ဒ်ဒီကွန်နိုးများ၊ ရှိုဟဒါများနှင့် အတူရှိနေပါလိမ့်မည်" ဟူဖြစ်သည်။

## ချစ်ခင်မြတ်နိုးခြင်းသည် နီးကပ်မှုအတွက်မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်

တမန်တော်မြတ် ﷺသခင်နှင့်အတူရှိနေခြင်း ဟူသည့်ကောင်းချီးမင်္ဂလာသည် တမန်တော်မြတ် ﷺ အား ချစ်မြတ်နိုးခြင်း အားဖြင့်သာရရှိနိုင်ပါသည်။ ဤသည်နှင့်ပတ်သက်၍ တမန်တော်ကြီး၏ မြောက်မြားစွာသော ဆွဟာဗဟ်ကြီးတို့၏ စစ်မှန်ခိုင်လုံပြီး ကွင်းဆက်မပြတ်သည့် ဆင့်ပြန်ချက်များအရ အပြီးအပြတ်သက်သေပြခဲ့ပြီး ဆွဟီးအလ် ဗုခါရီတွင် တင်ပြထားသည်။ ယင်းမှာ တစ်စုံတစ်ဦးသည် အုပ်စုတစ်စုတွင် ဆန္ဒအရပါဝင်ပြီး ယင်းအဖွဲ့အစည်း၏ သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာစံချိန်စံညွှန်းများ ပြည့်မီသောသူ၏ အခြေအနေသည် မည်သို့ပါနည်းဟု တမန်တော်မြတ် ﷺသည် မေးလျှောက်ခြင်း ခံရပါသည်။ ထိုစဉ် တမန်တော်မြတ် ﷺမိန့်ကြားသည်မှာ- **اَلْمَرْءُ مَعَ مَنْ اَحَبَّ** ဆိုလိုသည်မှာ (ပြန်လည်ရှင်းပြန်ထရမည့်နေ့တွင်) "လူတိုင်းလူတိုင်းတို့သည် မိမိချစ်ခင်မြတ်နိုးသောသူနှင့် အတူရှိနေပါလိမ့်မည်" ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာအနားစ် ﷺ ကပြောကြားသည်မှာ ဆွဟာဗဟ်ကြီးများ ဤဟဒီးဆ်တော်ကို ကြားသိရသည်နှင့် ဤကမ္ဘာလောကတွင် မည်သည့်အရာနှင့်မျှယှဉ်၍ မရနိုင်သောကျေနပ်နှစ်သက်မှုမျိုး ၎င်းတို့ ရရှိသွားကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည်ရှင်းပြန်ထရမည့်ကွင်းပြင်နှင့် ဂျန္နသ်သုခဘုံ၏ ဥယျာဉ်များထဲတွင် သူတို့ချစ်ခင်မြတ်နိုးသော တမန်တော်မြတ် ﷺ သခင်နှင့်အတူ ရှိနေလိမ့်မည်ဟူသည့် အံ့သြဖွယ်သတင်းစကားကြားသိရသောကြောင့် ဖြစ်ပါသည်။ ဤသည်မှာ နှစ်လိုဖွယ်ရာကောင်းသော ကြိုတင်မိန့်ကြားချက်အမှန်ပင် ဖြစ်ပါသည်။

## တမန်တော်မြတ် ﷺ သခင်နှင့်အတူရှိနေရန်အတွက် မည်သည့်အသားအရောင်ကိုဖြစ်စေ၊ လူမျိုးနွယ်စုကိုဖြစ်စေ သတ်မှတ်ကန့်သတ်ထားချက်မရှိပါ

စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအုမရ် ﷺ၏ ဆင့်ပြန်ချက်ကို အလ်မုဂျင်း အလ်ကဗီးရ်အလ်သစ်ဗရာနီ ကျမ်းတွင် ဖော်ပြထားရာ၌ အီသီယိုးပီးယားလူမျိုးတစ်ဦး၊ တမန်တော်မြတ် ﷺ သခင်ထံရောက်ရှိလာပြီး လျှောက်ထားသည်မှာ"ယာရစူလလ္လာဟ်-အလ္လာဟ်အရှင်မြတ်၏ကောင်းချီးမင်္ဂလာများ ကိုယ်တော့်ပေါ်၌

ကျရောက်ပါစေ ကိုယ်တော်အရှင်သည် အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်တစ်ပါးဖြစ်ရုံသာမက ကိုယ်တော်၏ ကိုယ်ခန္ဓာ တည်ဆောက်မှုနှင့် အသားအရေလှပတင့်တယ်မှုတို့သည် ကျွန်ုပ်တို့နှင့်မတူဘဲ ထူးခြားပေါ်လွင်နေပါသည်။ သို့ဆိုပါလျှင် အကယ်၍ ကျွန်တော်မျိုးသည် ကိုယ်တော်ယုံကြည်သည်ကို ကျွန်တော်မျိုး ယုံကြည်ခြင်းနှင့် ကိုယ်တော် လုပ်ဆောင်သည်များကို ကျွန်တော်မျိုးလုပ်ဆောင်ခဲ့ပါလျှင် ဂျန္နသ်သုခဘုံ၌ ကိုယ်တော်နှင့်အတူ ရှိနေသည်ဟူသော ဂုဏ် ကျွန်တော်မျိုးရရှိနိုင်ပါမည်လားဟူ၍ဖြစ်သည်။

တမန်တော်မြတ် ﷺ ကမိန့်ကြားသည်မှာ "မုချကေန်ရရှိနိုင်ပါသည် (အသင်အသားမည်းသည်ဆိုသည်ကိုမေ့ပစ်လိုက်ပါ) ကျွန်ုပ်၏အသက်ကိုပိုင်ဆိုင်သော အရှင်မြတ်ကို တိုင်တည်၍ကျိန်ဆိုပါသည်။ ဂျန္နသ်သုခဘုံတွင် အသားမဲလူများအားလုံးတို့သည် လှပတင့်တယ်သွားကြပါမည်။ ၎င်းတို့၏ လှပတင့်တယ်မှုအဆင်းသည် နှစ်ပေါင်းတစ်ထောင်သွားရမည့် ခရီးအကွာဝေးတိုင်အောင်ဖြာထွက်နေပါသည်။ ထို့နောက်-**لَآ اِلٰهَ اِلَّا اللّٰهُ** (အလ္လာဟ်အရှင်မြတ်မှတစ်ပါး ခဝတ်ကိုးကွယ်ခြင်းခံထိုက်သူမရှိ)ဟု ပြောဆိုပြီး ယုံကြည်သူအတွက် အောင်မြင်ခြင်းနှင့် ကယ်တင်ခံရခြင်းကိုဂုဏ်း-**سُبْحَانَ اللّٰهِ وَبِحَمْدِهٖ** (အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပြီး ချီးမွမ်းထောမနာခြင်း အပေါင်းတို့သည် အလ္လာဟ်အရှင်အဖို့သာဖြစ်သည်)ဟု ရွတ်ဖတ်သရဇ္ဈာယ်သူတစ်ဦး" အတွက် ထိုသူ၏ ကောင်းမှု ကုသိုလ်မှတ်သော စာအုပ်တွင် ကောင်းမှုပေါင်းတစ်သိန်းနှစ်သောင်း လေးထောင်ရေးမှတ်ခြင်းခံရမည်ဖြစ်ကြောင်း ကို အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် တာဝန်ယူသည်။

တမန်တော်မြတ်﴿ﷺ﴾ မိန့်ကြားနေစဉ်ရှိသော တစ်စုံတစ်တစ်ဦးက ဤသည်ကိုကြားသိရ၍ လျှောက်ထားမေးမြန်းသည်မှာ "ယာရစူလုလ္လာဟ် ထိုကဲ့သို့သော အသေးအမွှားကောင်းမှုကောင်းရာ လုပ်ရပ်များအတွက် မြောက်မြားစွာသော ဆုလာဘ်များကို အလ္လာဟ်အရှင်မြတ်သည် ရက်ရက်ရောရောပေးသနားခဲ့ပါလျှင် ကျွန်တော်မျိုးတို့သည် အဘယ်ကဲ့သို့ ပျက်စီးပြုန်းတီးသွားမည်နည်း (သို့) အဘယ်ကဲ့သို့ ပြစ်ဒဏ်ခတ်ခြင်းခံရပါမည်နည်း။ တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ (ထိုကဲ့သို့ဆိုလိုသည်မဟုတ်ပါ) အမှန်မှာ တရားစီရင်မည့်နေ့၌ အချို့သောသူများတို့သည် မြောက်မြားစွာသော အကျင့်သီလများ၊ ကုသိုလ်ကောင်းမှုများနှင့် ပြန်လည်ရှင်ပြန်ထလာကြပါလိမ့်မည်။ ၎င်းတို့၏ အကျင့်သီလများနှင့် ကောင်းမှုကုသိုလ်များမည်မျှ များပြားသနည်းဟုမူ ယင်းတို့ကို တောင်တစ်တောင်ပေါ်၌ တင်ထားလိုက်ပါက ထိုတောင်ကပင် ထမ်းရွက်ထားရန် အလွန်လေးလံကြောင်း တွေ့ရှိရပါလိမ့်မည်။ သို့ရာတွင် ၎င်းတို့အား အလ္လာဟ်အရှင်၏ ကောင်းချီးမင်္ဂလာများ (၎င်းတို့အား ဤကမ္ဘာလောက၌ အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူထားသော)နှင့် နှိုင်းယှဉ်ခဲ့သော် မည်ကဲ့သို့မှ နှိုင်းယှဉ်၍မရနိုင်ပါ။ ကောင်းမှု ကောင်းရာလုပ်ဆောင်သူအား အလ္လာဟ်အရှင်ကိုယ်တော်တိုင် သနားကြင်နာတော်မူပြီး ရက်ရောစွာပေးကမ်း တော်မူမှသာလျှင် ရရှိနိုင်ပါလိမ့်မည်။

အီသီယိုးပီးယား ညီအစ်ကိုတော်နှင့် ဤကဲ့သို့အမေးအဖြေ လုပ်ခြင်းကြောင့် အောက်ဖော်ပြပါ စူရဟ်ဒဟ်ရ်မှအာယသ်- **هَلْ اَتٰى عَلَى الْاِنْسَانِ حِيْنٌ مِّنَ الدَّهْرِ لَمْ يَكُنْ شَيْئًا مَّذْكُوْرًا** "လူသား၏အပေါ်ဝယ် ခေတ်ကာလအနက် တစ်ချိန်ချိန်သည် ဧကန်အမှန်ရောက်ရှိခဲ့၏။ ထိုလူသားသည် (ယင်းအချိန်၌) ပြောပလောက်သော ကိုးကားရည်ညွှန်းလောက်သော အရာဝတ္ထုတစ်စုံတစ်ရာမျှပင် မဖြစ်ခဲ့ပေ" (၇၆း၁) ကျရောက်ခဲ့ပါသည်။ အံ့အားသင့်စွာဖြင့် အီသီယိုးပီးယားမှ လူကြီးလူကောင်းကလျှောက်ထားသည်မှာ ယာရစူလုလ္လာဟ် ကိုယ်တော်မြင်တွေ့နေရသော ကောင်းချီးမင်္ဂလာများကို ကျွန်တော်မျိုးလည်း မြင်တွေ့ရပါမည်လား"။

တမန်တော်မြတ် ﷺ ကပြောသည်မှာ အသင်မြင်တွေ့မည်မှာလည်း အသေအချာပင်ဖြစ်သည်။ ထိုအဖြေကို ကြားသိလိုက်ရသောအခါတွင် အီသီယိုးပီးယားပြည်မှ မုစ်လင်မ်ဘာသာသို့ လာလောဆယ်ဝင်ရောက်လာသောသူသည် စတင်ငိုကြွေးခဲ့ရာ ထိုအခြေအနေ၌ပင် ကွယ်လွန်သေဆုံးသွားခဲ့ပါသည်။ သူသည် သေဆုံးသည်အထိ ငိုကြွေးခဲ့သည်။ တမန်တော်မြတ်ကြီးကိုယ်တိုင် သေဆုံးသူအတွက် နောက်ဆုံးလုပ်ငန်းစဉ်များဖြစ်သော ရေချိုးပေးခြင်း၊ ကဖန်ထုတ်ခြင်း၊ ဂျနဇာဆွလာသ် ဖတ်ရွတ်ခြင်းနှင့် မြှုပ်နှံသင်္ဂြိုဟ်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

## ဂျန္နသ်၏အဆင့်အတန်းများ၊ ယင်းတို့၏အသေးစိတ်အချက်အလက်အချို့

ဤအာယသ်တော်ကို ရှင်းလင်းရာတွင် အာယသ်တော်ကျရောက်ရသည့် နောက်ကြောင်းနှင့် အဆင့်အတန်းသတ်မှတ်သည်များနှင့် သက်ဆိုင်သည်များတို့ ပါဝင်ပါသည်။ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများရရှိသော လူများတို့၏ အဆင့်အတန်းလေးမျိုး၏ သဘောသဘာဝကို စဉ်းစားဆုံးဖြတ်ရန်သာ ကျန်ပါတော့သည်။ ကျွန်ုပ်တို့ စူးစမ်းရှာဖွေရန်မှာ ဤအဆင့်အတန်းများကို မည်သည်ပေါ်၌ အခြေခံ၍ သတ်မှတ်အတည်ပြုထားပုံ၊ ထိုအဆင့်များတစ်ခုနှင့်တစ်ခု ဆက်သွယ်ပုံနှင့် ခြားနားပုံတို့အပြင် ဤအဆင့်လေးမျိုးတို့သည် လူတစ်ဦးတစ်ယောက်တည်းကရရှိနိုင်ပါမည်လော ဆိုသည်တို့ပင်ဖြစ်သည်။

ဋီကာရှင်များတို့က ဤကိစ္စနှင့်ပတ်သက်သော အသေးစိတ်အချက်အလက် မြောက်မြားစွာကို ရေးထားခဲ့သည်။ အချို့ကပြောသည်မှာ ဤအဆင့်လေးဆင့်လုံးသည် လူတစ်ဦးတည်းတွင်ရှိနိုင်ပါသည်။ ၎င်းတို့အဆိုအရ ဆိုရလျှင် ဂုဏ်ပုဒ်များသည် ထပ်နေကြပါသည်။ အဘယ့်ကြောင့်ဆိုသော ကျမ်းတော်မြတ် ကုရ်အာန်ထဲ၌ "တမန်တော်"ဟု ဖော်ထုတ်ထားသူ တစ်ဦးအား "ဆွစ်ဒ်ဒီးက်" ဟူသောဘွဲ့ဖြင့် ခေါ်ဆိုထားသည်။ ပမာဆိုသော် စိုက်ယိဒိနာ အိဗ်ရာဟီမ် ﷺ နှင့်ပတ်သက်၍ မိန့်ထားသည်မှာ **اِنَّهُ كَانَ صِدِّيْقًا نَّبِيًّا** "မလွဲကေန် ထိုအိဗ်ရာဟီမ်သည် သစ္စာဝါဒီဖြစ်ခဲ့ပေသည်။ နဗီတမန်တော်လည်းဖြစ်ခဲ့ပေသည်။"(၁၉း၄၁) ၎င်းပြင် စိုက်ယိဒိနာယာဟ်ယာ ﷺပတ်သက်၍ **وَنَبِيًّا مِّنَ الصّٰلِحِيْنَ : عليه الصلوة والسلام** "သူတော်စဉ်များအနက်မှ နဗီတမန်တော်တစ်ပါးလည်းဖြစ်အံ့" (၃း၃၉)ဟူ၍မိန့်ထားပါသည်။ အလားတူစွာ စိုက်ယိဒိနာအီစာ ﷺ သခင်နှင့်ပတ်သက်၍ **وَكَهْلاً وَّمِنَ الصّٰلِحِيْنَ: عليه الصلوة والسلام** ("အီစာသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ တန်ခိုးပြာဋိဟာများရရှိခြင်းကြောင့် ပုခတ်အတွင်း၌ရင်း)၊ အရွယ်ရောက်သောအခါ၌ရင်း၊ လူခပင်း တို့နှင့် စကားစမြည်ပြောဆိုအံ့။ ၎င်းပြင် ယင်းအီစာသည် သူတော်စဉ်သူတော်ကောင်းတို့ဘောင်တွင် အပါအဝင် လည်းဖြစ်အံ့။" (၃း၄၆) ဟု မိန့်ထားပါသည်။ ရလဒ်မှာ ဤလေးခုသော ဂုဏ်ပုဒ်များနှင့် အဆင့်အတန်းများ တို့သည် အဓိပ္ပာယ်နှင့် ဆိုလိုရင်းပေါ်လွင်ထင်ရှားသော်လည်း လူတစ်ဦးတစ်ယောက်တည်းတွင် ရှိနိုင်သည်မှာ ဖြစ်နိုင်ခြေရှိပါသည်။ အဆိုပြုချက်ကို သရုပ်ပေါ်စေရန်အတွက် ကျွန်ုပ်တို့သည် ဥပမာတစ်ခုကို ဆောင်ကြပါစို့။ ဘာသာရေးဆိုင်ရာ ပညာရှင် အုလမာများအား ၎င်းတို့၏ ကျမ်းတော်ကိုအကျယ်ဖွင့်ဆိုသူ"မုဖတ်စ်စိရ်"ဟူ၍၎င်း ဟဒီးဆ်ပညာရှင်အား "မုဟဒ်ဒိဆ်"ဟူ၍၎င်း မုစ်လင်မ်သမိုင်းပညာရှင်အား "မုဝါရစ်" ဟူ၍၎င်း ခွဲခြားသတ်မှတ်ထားပါသည်။ သို့ရာတွင် ဤပညာရပ်များကိုတစ်ဦးတည်းမှ ကျွမ်းကျင်တတ်မြောက်သည့် အချို့သောပညာရှင်များလည်းရှိပါသည်။ ကျွန်ုပ်တို့ခေတ်တွင် ပညာရပ်အားလုံးကို စုပေါင်းသင်ကြား လေ့ကျင့်သည့် ဦးတည်ချက်ကြောင့် ဆရာဝန်၊

အင်ဂျင်နီယာနှင့် လေသူရဲ ဆိုသည့် ဂုဏ်ပုဒ်များ လူတစ်ဦးတွင် ရှိသည်ဆိုသည်ကို နားလည်သဘောပေါက်နိုင်ရန် မခဲယဉ်းပါ။

သို့သော် ယေဘုယျအသိအမှတ်ပြုထားသည့် အလေ့အထအရဆိုလျှင် လူတစ်ယောက်အား သူ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ပေါ်လွင်ထင်ရှားစေသည့် ဂုဏ်ပုဒ်ဖြင့်သာ ယှဉ်တွဲဖော်ပြခြင်းရှိပါသည်။ ယင်းကြောင့် ထိုကဲ့သို့ သောသူတို့သည် ထိုလုပ်ငန်းနှင့် ဆိုင်သောနယ်ပယ်တွင်း၌ ယှဉ်တွဲနေသည်။ ဤသည်ကြောင့် ဋီကာရှင်များ တို့သည် အများအားဖြင့် "ဆွိစ်ဒ်ဒီက္ကီးန်" ဆိုသည်မှာ တမန်တော်မြတ်ကြီး၏ ကျေးကြားသော ဆွဟာဗတ်များ ဟု မှတ်ယူပြီး ရှိုဟဒါဆိုသူကို အုဟုဒ်စစ်ပွဲတွင် ကျဆုံးသွားသော အာဇာနည်များဟု မှတ်ယူပါသည်။ ၎င်းနောက် "ဆွာလိတ်"သည် ဖြောင့်မတ်မှန်ကန်သော မုစ်လင်မ်များ အစဉ်အဆက်ကို ဖော်ကြူးပါသည်။

အိမာမ်ရာဂိဗ် အလ်အဆွဖဟာနီက ဤလေးခုသော အဆင့်အတန်းအားလုံးတို့သည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားကြောင်း ဆုံးဖြတ်သည်။ အလားတူပင် သဖိစိရ်အလ်ဗဟ်ရူလ်မူဟီး၊ ရူဟုလ်မအာနီနှင့် မဇ်ဟရီကျမ်းတို့တွင် ဖော်ပြထားကြောင်း တွေ့ရှိရသည်။ ဤချဉ်းကပ်နည်း၏ အနှစ်သာရမှာ ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် စစ်မှန်သော မုစ်လင်မ်များအား အမျိုးအစားလေးမျိုးနှင့် အဆင့်အတန်းလေးမျိုး အသီးသီးသတ်မှတ်ထားသည်။ ယင်းအဆင့်အတန်းတစ်ခုနှင့်တစ်ခု၏ သာလွန်မှုကို အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားခဲ့သည်။ ၎င်းနောက် သာမန်မုစ်လင်မ်များအား ဤစံပြများဖြစ်သော မည်သည့်အဆင့်အတန်းကိုမဆို ရရှိရန်အတွက် ၎င်းတို့ကြိုးပမ်းအားထုတ်ရာတွင် နောက်ကျမကျန်ရစ်ခဲ့စေရန် ဖျောင်းဖျထားသည်။ ၎င်းတို့၏ ဉာဏ်စွမ်း၊ ကိုယ်စွမ်းနှင့်အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်ရာတွင် ထိုကဲ့သို့သာလွန်ကောင်းမြတ်သော အဆင့်အတန်းသို့ရောက်ရန်လည်း အစွမ်းကုန်လုပ်ဆောင်ရပါမည်။ သို့သော်လည်း တမန်တော်အဆင့်အတန်းဆိုသည်မှာ မည်မျှပင်ကြိုးပမ်းလုပ်ဆောင်သော်လည်း မည်သည့်အခါမျှမရရှိနိုင်ပါ။ တမန်တော်တို့နှင့်အတူ ရှိနေခြင်းဆိုသည်ကိုတော့ ရရှိနိုင်ပါသည်။ အိမာမ်ရာဂိဗ်ကပြောသည်မှာ ဤအဆင့်အတန်းများအနက် အမြင့်ဆုံးအဆင့်အတန်းမှာ တမန်တော်များ၏ အဆင့်အတန်းဖြစ်ပါသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အစွမ်းအာဏာတော်၏ ထောက်ပံ့ကူညီမှုရရှိကြသည်။ ထိုသူတို့သည် တစ်စုံတစ်ခုကို အနီးကပ်မြင်တွေ့ရသူတစ်ဦးနှင့် တူညီပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့သော သူများနှင့်ပတ်သက်၍ **اَفَتُمٰرُوْنَهٗ عَلٰى مَا يَرٰى** "သို့ပါလျက် အသင်တို့သည် ထိုအဖော်နှင့် ၎င်းတွေ့မြင်ခဲ့သောအရာများတွင် အငြင်းအခုံပြုနေကြလေသလော" (၅၃း၁၂) ဟူ၍ မိန့်ကြားထားသည်။

## ဆွစ်ဒ်ဒီက္ကီးန်၏ အဓိပ္ပာယ်ဖော်ပြချက်

ဒုတိယအဆင့်မှာ ဆွစ်ဒ်ဒီက္ကီးန်းတို့၏ အဆင့်အတန်းဖြစ်သည်။ ဤသူတို့သည် နာမ်ပိုင်းဆိုင်ရာသာလွန်မြင့်မြတ်မှုအရည်အချင်းတွင် မြင့်မြတ်သော တမန်တော်နှင့် နီးနီးကပ်ကပ်ရှိကြသောသူများဖြစ်ကြသည်။ ၎င်းတို့သည် အဝေးတွင်ရှိသော တစ်စုံတစ်ရာကို တစ်စုံတစ်ဦးက မြင်ခြင်းမျိုးနှင့် အလားတူပေသည်။ တစ်စုံတစ်ဦးက စိုက်ယိဒါအလီ﴿ﷺ﴾သခင်ကို "အသင်သည် အလ္လာဟ်အရှင်မြတ်ကို မြင်ဘူးပါသလား" ဟုမေးရာ သခင်က

မိန့်ကြားသည်မှာ“ကျွန်ုပ်မမြင်တွေ့သည်ကို ကျွန်ုပ်ခဝတ်ကိုးကွယ်နိုင်လိမ့်မည်မဟုတ်၊” ထို့နောက် သခင်က ဆက်လက်၍ မိန့်ကြားသည်မှာ “အလ္လာဟ်အရှင်မြတ်အား လူအများက မျက်ဝါးထင်ထင် မမြင်တွေ့ဘူးသော်လည်း အီမာန်ယုံကြည်မှု၏ စစ်မှန်မှုကြောင့် ၎င်းတို့နှလုံးသားနှင့် ထိုအလ္လာဟ်အရှင်မြတ်ကို မြင်တွေ့ဘူးခဲ့ကြပါသည်။ သခင်က မြင်တွေ့ခြင်းဆိုသည်မှာ စိုက်ယိဒိနာအလီက ၎င်းရည်ညွှန်းထားသော နှလုံးသားနှင့် မြင်တွေ့ခြင်းမျိုးကို ဆိုလိုသည်။ ထိုကဲ့သို့ အသိဉာဏ်အားဖြင့်သော်လည်းကောင်း၊ အတွင်းစိတ်က အလိုလိုသိနားလည်သော ဉာဏ်နှင့်သော်လည်းကောင်း၊ ထိုးထွင်းသိမြင်ခြင်းသည် မျက်ဝါးထင်ထင်မြင်တွေ့ရခြင်းနှင့် တူပေသည်။

## ရှိုဟဒါများ၏အဓိပ္ပာယ်ဖွင့်ဆိုချက်

တတိယအဆင့်မှာ ရှိုဟဒါများ၏ အဆင့်ဖြစ်သည်။ ဤသူတို့သည် သက်သေခံများနှင့် ကျိုးကြောင်းကွင်းဆက်အရ ၎င်းတို့၏ အဆုံးစွန်ရည်မှန်းချက်ကို သိရှိနားလည်သူများဖြစ်ကြသည်။ ထိုသူတို့သည် မျက်မြင်ဒိဋ္ဌဖြစ်သော မုရှာဟဒါကြောင့် မဟုတ်ဘဲ သိရှိမြင်တွေ့ရသူများဖြစ်သည်။ ၎င်းတို့သည် ကြေးမုံပြင်တစ်ချပ်ပေါ်တွင် တစ်စုံတစ်ခုအနီးကပ်မြင်တွေ့ရသကဲ့သို့ ဖြစ်သည်။ စိုက်ယိဒိနာဟာရိသာဟ် ﴿ﷺ﴾ သခင်မိန့်ကြားခဲ့သော “ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ သလွန်တော်ကိုတွေ့မြင်နေရသကဲ့သို့ ခံစားရပါသည်” ဟုပြောခြင်း နှင့် အလားတူပေသည်။

အလွန်ထင်ရှားသည့် ဟဒီးဆ်တော်၌ ပါရှိသော **“اَنْ تَعْبُدَ اللّٰهَ كَاَنَّكَ تَرَاهُ”** (အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားမြင်တွေ့နေရဘိသကဲ့သို့ အလ္လာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ပါလေ) ဟူသော ဖော်ပြချက်တွင် ဤကဲ့သို့ သောမြင်ခြင်းမျိုးကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

## ဆွာလိဟီန်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်

စတုတ္ထအဆင့်သည် ဆွာလိဟီန်များ၏ အဆင့်ဖြစ်သည်။ ဤသူများသည် ၎င်းတို့၏ အဆုံးစွန်ရည်မှန်းချက်အား ရှရီအသ်တရားတော်၏ ပညတ်ချက်များမှတစ်ဆင့် သိရှိသူများဖြစ်ကြသည်။ ဤသည်မှာ အဝေးတွင် ရှိသည့်အရာကို ကြေးမုံပြင်မှ တစ်စုံတစ်ဦးမြင်တွေ့ရသကဲ့သို့ ဖြစ်သည်။ အထက်ကကိုးကားခဲ့ပြီးသော ထင်ရှားသည့်ဟဒီးဆ်တော်၏ အခြားအပိုင်းကား **فَاِنْ لَّمْ تَكُنْ تَرَاهُ فَاِنَّهٗ يَرَاكَ**(ထို့ပြင်အကယ်၍ သင်သည် ထိုအရှင်မြတ်အား မတွေ့မြင်နိုင်လျှင် ထိုအရှင်က သင့်ကိုမြင်တွေ့နေရသည်) ဤအဆင့်တွင်ရှိ မြင်တွေ့ခြင်း မျိုးကို ရည်ညွှန်းသည်။ အီမာမ်ရာဂိဗ် အလ်အိဆ်ဖဟာနီသခင်၏ စူးစမ်းလေ့လာချဉ်းကပ်မှုမှ ပြသသည်မှာ ဤအဆင့်အတန်းများ သည် တစ်စုံတစ်ဦး၏ အလ္လာဟ်အရှင်မြတ်အပေါ် ကြီးကျယ်စွာသိရှိမှု အသိပညာရောင်ပြန်ဟပ်ခြင်းဖြစ်ပြီး ထိုအသိပညာအဆင့်အတန်းအရ ကွဲပြားခြားနားသော အဆင့်အတန်းများ သတ်မှတ်သည်။ အာယသ်တော်ပါအကြောင်းများရှင်းပါသည်။ ဤနေရာတွင် မုစ်လင်မ်တို့ကား အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်အား လုံးဝဥဿုံအမိန့်နာခံသောသူများသည် ဂျန္နသ်သုခဘုံ၌မြင့်မားသော အဆင့်ရှိသူများနှင့် အတူတကွရှိနေနိုင်သည်ဟု ဝမ်းမြောက်ဖွယ်သတင်းပေးထားသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့သော ချစ်ခင်မြတ်နိုးမှုကောင်းချီးမင်္ဂလာအား ကျွန်ုပ်တို့ကို ပေးသနားတော်မူပါစေ။ (အာမီးန်)

အာယသ် (၇၁-၇၄)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ خُذُواْ حِذۡرَكُمۡ فَٱنفِرُواْ
ثُبَاتٍ أَوِ ٱنفِرُواْ جَمِيعٗا ٧١ وَإِنَّ مِنكُمۡ لَمَن لَّيُبَطِّئَنَّ فَإِنۡ
أَصَٰبَتۡكُم مُّصِيبَةٞ قَالَ قَدۡ أَنۡعَمَ ٱللَّهُ عَلَيَّ إِذۡ لَمۡ أَكُن مَّعَهُمۡ
شَهِيدٗا ٧٢ وَلَئِنۡ أَصَٰبَكُمۡ فَضۡلٞ مِّنَ ٱللَّهِ لَيَقُولَنَّ كَأَن لَّمۡ
تَكُنۢ بَيۡنَكُمۡ وَبَيۡنَهُۥ مَوَدَّةٞ يَٰلَيۡتَنِي كُنتُ مَعَهُمۡ فَأَفُوزَ
فَوۡزًا عَظِيمٗا ٧٣ فَلۡيُقَٰتِلۡ فِي سَبِيلِ ٱللَّهِ ٱلَّذِينَ يَشۡرُونَ
ٱلۡحَيَوٰةَ ٱلدُّنۡيَا بِٱلۡأٓخِرَةِۚ وَمَن يُقَٰتِلۡ فِي سَبِيلِ ٱللَّهِ
فَيُقۡتَلۡ أَوۡ يَغۡلِبۡ فَسَوۡفَ نُؤۡتِيهِ أَجۡرًا عَظِيمٗا ٧٤

အို "မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မိမိတို့၏ (ကြိုတင်) ကာကွယ်မှုကို ပြင်ဆင်ပြုလုပ်ကြလေကုန်။ (တစ်နည်း - အသင်တို့သည် မိမိတို့၏လက်နက်များကို စွဲကိုင်ထားကြလေကုန်)။ ထို့နောက် အသင်တို့သည် (ရန်သူတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ကြရန်) အစုလိုက်ချီတက်ကြလေကုန်၊ သို့တည်းမဟုတ် အသင်တို့သည် တစည်းတလုံးတည်း ချီတက်ကြလေကုန်။ (၄:၇၁)

၎င်းအပြင် မုချကေန် အသင်တို့တွင် အကြင်ကဲ့သို့သောသူလည်းရှိ၏။ ထိုသူသည် (စစ်မြေပြင်သို့ လိုက်ပါသွားခြင်းမပြုဘဲ) ဖင့်နွဲ့ဆိုင်းတွ (ကျန်ရစ်) လေသည်။ တစ်ဖန် အကယ်၍ အသင်တို့၌ ဘေးအန္တရာယ်တစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့မူ ထိုသူက "ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်၏အပေါ်၌ ကျေးဇူးပြုတော်မူခဲ့လေပြီ။ ထို့အတွက်ကြောင့်ပင် ကျွန်ုပ်သည် ထိုသူတို့နှင့်အတူ (စစ်မြေပြင်သို့) လိုက်ပါသွားခြင်းမရှိခဲ့ပြီ"ဟု ပြောဆိုလေသတည်း။ (၄:၇၂)

သို့ရာတွင် အကယ်၍ အသင်တို့၌ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျေးဇူးတော်သည် ဆိုက်ရောက်ခဲ့မူ၊ ထိုသူသည် အသင်တို့နှင့် ၎င်း၏အကြားတွင် ခင်မင်ရင်းနှီးမှု လုံးဝမရှိခဲ့ဘူးသည့်အလား "ဩ၊ ကျွန်ုပ်သည်လည်း ထိုသူ

**တို့နှင့်အတူ (စစ်မြေပြင်သို့ လိုက်ပါသွားသည်) ဖြစ်ခဲ့ပါလျှင် ကောင်းလေစွ တကား၊ သို့ (လိုက်ပါသွားခဲ့) ပါလျှင်၊ ကျွန်ုပ်သည်လည်း (၎င်းတို့ကဲ့သို့ပင်) ကြီးကျယ်လှစွာသော အောင်မြင်မှုကို ရရှိခြေမည်တကား" ဟု ဧကန်မလွဲ (ဟစ်ကြွေး) ပြောဆိုလေသတည်း။ (၄း၇၃)**

**သို့ဖြစ်ပေရာ ပစ္စုပ္ပန်ဘဝကို နောင်တမလွန်ဘဝဖြင့် လဲလှယ်ရောင်းချကြ သောသူတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက် ခိုက်ကြရပေမည်။ (တစ်နည်း၊ သို့ဖြစ်ပေရာ ထိုသူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အကြင်သူများနှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရပေမည်။ ထိုသူ တို့သည် မျက်မှောက်ဘဝကို နောင်တမလွန်ဘဝဖြင့် လဲလှယ်ဝယ်ယူကြ၏) စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်အံ့။ ထို့နောက် သို့တိုက်ခိုက်ရာတွင် ထိုသူသည် အသတ် ခံရသည်ဖြစ်စေ၊ အောင်နိုင်သည်ဖြစ်စေ ငါအရှင်သည် ထိုသူအား မကြာ မြင့်မီအတွင်း ကြီးကျယ်မြင့်မြတ်သော အကျိုးကိုပေးသနားတော်မူအံ့။ (၄း၇၄)**

ဤအာယသ်တော်အလျင်၊ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်အမိန့်နာခံရန် ပါရှိခဲ့သည်။ ယခုလက်ရှိ အာယသ်တော်များတွင် အမိန့်နာခံ၍ သစ္စာရှိသောသူများအတွက် "ဂျိဟားဒ်" အမိန့်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းကြောင့် ၎င်းတို့သည် ၎င်းတို့၏ အိမာန်ယုံကြည်မှုကို သန်စွမ်းခိုင်မာစေကာ အလွန်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နှုတ်ကပါဌ်တော် ကို မြှင့်စွင့်စေသည်။ **(ကုရ်တုဗီ)**

## အကျယ်ဖွင့်ဆိုချက်
## အရေးကြီးသောမှတ်စုများ

၁။ အာယသ်တော်၏ပထမပိုင်း-"يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ خُذُوا۟ حِذْرَكُمْ الخ" အိုမုအ်မင်နှသင်ဝင် ယုံကြည်သူ အပေါင်းတို့ အသင်တို့သည် မိမိတို့၏ကြိုတင်ကာကွယ်မှုကို ပြင်ဆင်ပြုလုပ်ကြလေကုန် . . . " တွင် လက်နက်ပစ္စည်းစုဆောင်းခြင်းတွင် သေချာ စိတ်ချရအောင် ပြုလုပ်ထားရေးပါဝင်ပြီး နောက်ပိုင်းမှာ ဂျိဟားဒ်စစ်ပွဲဆင်နွှဲခြင်းအကြောင်း ရည်ညွှန်းထားသည်။ ဤသည်က ကျွန်ုပ်တို့အား ကိစ္စရပ်နှစ်ခုပြောကြား နေပါသည်။ ပထမအနေဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအတော် များများ၌ ရှင်းလင်းပြသထားသကဲ့သို့ ကောင်းသောရည်မှန်းချက်တစ်ရပ်ပြီးမြောက်စေရန်အတွက် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို စုစည်းခြင်းသည် "သဝပ်ကလ်"အလ္လာဟ်အရှင်မြတ်အပေါ်"ယုံပုံကိုးစားအား ထားခြင်းနှင့် ဖီလာဆန့်ကျင် မဖြစ်ပါ။ ဒုတိယအနေဖြင့် ကျွန်ုပ်တို့တွေ့ရသည်မှာ မူရင်းစာသားက စစ်လက်နက် ပစ္စည်း ရယူစုဆောင်ခြင်း၌ သေချာစိတ်ချစေရန်သာ အမိန့်တော်ကဘောင်ခတ်ကန့်သတ်ထားသည်။ သို့သော် လည်း ထိုသို့ရယူစုဆောင်းခြင်းကြောင့် မုစ်လင်မ်များသည် ရန်သူများ၏ရန်မှ လုံခြုံစိတ်ချရေးအာမခံချက်ရှိသည်ဟု ကတိပေးမထားချေ။ ဤသို့ပြုလုပ်ခြင်းအားဖြင့် မည်သည်ကို ရည်ညွှန်းခဲ့သနည်းဆိုလျှင် ရယူစုဆောင်းမှုများ သုံးစွဲခြင်း၊ ရွေးချယ်မှုမှာ စိတ်ချမ်းသာရေး

တစ်ခုသာဖြစ်သည်။ တစ်နည်းအားဖြင့် ယင်းပစ္စည်းများ ရယူစုဆောင်းခြင်းသည် မည်သည့်စစ်ပွဲအနိုင်အရှုံးနှင့်မျှ မသက်ဆိုင်ဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသည်မှာ-**قُلْ لَّنْ يُّصِيْبَنَآ اِلَّا مَا كَتَبَ اللّٰهُ لَنَا** "(အို-နဗီတန်တော်)အသင်သည်ငင်းတို့အား ဤသို့ပြောကြားပါလေ။အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့နှင့် ပတ်သက်၍ စီရင်ရေးသားတော်မူခဲ့သည်မှအပ အခြားမည်သည့် တစ်စုံတစ်ရာမျှ ကျွန်ုပ်တို့၌အလျဉ်းဆိုက်ရောက်နိုင်မည် မဟုတ်ပေ။")(၉း၅၁) ဟူ၍ဖြစ်သည်။

၂။ ပထမ အာယသ်တော်ကို ကျွန်ုပ်တို့ပြန်လည် လေ့လာကြည့်ကြစို့။ အာယသ်တော်က"ဂျိဟားဒ်"စစ်ပွဲအတွက် အသင့်ပြင်ထားရန်ဟူသော အမိန့်ဖြင့် ဖွင့်ဆိုထားကာ တစ်ဆက်တည်း ချီတက်ရမည့်အစီအစဉ်ကို ဝါကျ နှစ်ခုဖြင့်ဖော်ပြထားခဲ့သည်။ ယင်းမှာ-**فَانْفِرُوْا ثُبَاتٍ اَوِ انْفِرُوْا جَمِيْعًا** "ထို့နောက် အသင်တို့သည် (ရန်သူတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ကြရန်) အစုလိုက်ချီတက်ကြလေကုန်၊ သို့တည်းမဟုတ် အသင်တို့သည် တစည်းတလုံးတည်း ချီတက်ကြလေကုန်။" အာယသ်တော်ပါ ...+a-bC<"သုဗာသင်" ဟူသောစကားလုံးသည် ...<>a-bC< သုဗာသုန်၏ ဗဟုဝုစ်ကိန်းဖြစ်ကာ အုပ်စုငယ်ကလေးဟု အဓိပ္ပာယ်သက်ရောက်ပြီး စစ်တပ်တွင် တပ်ခွဲဟု သုံးနှုန်းသည်။ တမန်တော်မြတ် ﷺ သခင်၏ ထိုးစစ်များတွင် "ဆာရိယာဟ်"ဟုခေါ်သည်။ ထိုအဓိပ္ပာယ်အရ မုစ်လင်မ်များအား ဂျိဟားဒ်စစ်ပွဲထွက်ခွာသောအခါတွင် တစ်ယောက်ထဲမထွက်ခွာသင့်ဟု မိန့်ကြားသည်။ ၎င်းတို့သည် အုပ်စုငယ်လေးများဖွဲ့ကာ ထွက်ခွာသင့်သည်။ အခြားနည်းလမ်းကား a i=ymJ "ဂျမီးအန်"ဟူသော ကြီးမားသည့်စစ်တပ်ကြီး တစ်ခုအဖြစ် ချီတက်ရန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စစ်တိုက်ခိုက်ရာတွင် တစ်ဦးချင်းသွားလျှင် ထိခိုက်ဖွယ်ရှိသည်။ ရန်သူသည် ဤသို့သော အခွင့်အရေးကို လက်လွှတ်ခံလိမ့်မည်မဟုတ်ချေ။

ဤညွှန်ကြားချက်မှာ မုစ်လင်မ်များအတွက် ဂျိဟားစ်စစ်ပွဲဆင်နွှဲချိန်တွင် သီးသန့်ချမှတ်ပေးခဲ့သော်လည်း သာမန်အချိန်အခါမျိုးများတွင်ပင်လျှင် တစ်ဦးတည်း ခရီးသွားခြင်း မပြုရဟုအထက်ပါအတိုင်း ရှရီအသ်က သင်ကြားပေးပါသည်။ ထို့ကြောင့် ဟဒီးဆ်တော်တစ်ရပ်၌ တစ်ဦးတည်းခရီးသွားသူတစ်ဦးအား ရှိုက်တွာန်တစ်ဦးဟူ၍လည်းကောင်း၊ ထိုသို့တစ်ဦးချင်းသွားသူနှစ်ဦးကို ရှိုက်တွာန်နှစ်ဦးဟူ၍လည်းကောင်း၊ သုံးဦးသွားလျှင် အုပ်စုတစ်စု (သို့) အဖွဲ့တစ်ဖွဲ့ဖြစ်လာပါသည်။ ထိုနည်းတူ အခြားဟဒီးဆ်တော်တစ်ရပ်၌ မိန့်ထားသည်မှာ-

**خير الصحا به اربعة، وخير السرايا أربع مائة، وخير الجيوش اربعة آلاف**

"လေးဦးသည် အကောင်းဆုံးအပေါင်းအဖော်ဖြစ်သည်။ အကောင်းဆုံးစစ်တပ်၊ တပ်ခွဲတစ်ခွဲသည်(၄၀၀) ဖြစ်သည်။ ထို့ပြင် အကောင်းဆုံးစစ်တပ်မှာ (၄၀၀၀)ဖြစ်သည်။ **(မစ်ရှ်ကတ်မှတစ်ဆင့်အလ်သိဗ်ရာနီ၏တင်ပြချက်)**

၃။ အပြင်ပန်းအားဖြင့်ကြည့်ခဲ့လျှင် အာယသ်(၇၂) (**وَاِنَّ مِنْكُمْ...**) စကားလုံးများတို့က ယုံကြည်သူများအား ဦးတည်ပြောကြားသည်ဟု ရည်ညွှန်းဟန်ရှိသော်လည်း နောက်ပိုင်းတွင်ဖော်ပြသည့်ပုံစံသည် ယုံကြည်သူများကို ဦးတည်ပြောကြားသည်ဟု မှတ်ယူ၍မရနိုင်ပါ။ ထို့ကြောင့် အလ်ကုရ်တုဗီက ပြောသည်မှာ ယင်းသည် အရေခြုံများကို ပြောကြားသည်ဟုဖော်ညွှန်းပါသည်။ ထိုသူများကသာ အပြင်ပန်းအားဖြင့် အနည်းဆုံးသူတို့ကိုယ်သူတို့ မုစ်လင်မ်များဟု အခိုင်အမာပြောကြားလေ့ရှိသည်။ ထို့ကြောင့် သူတို့ကို မုစ်လင်မ်များအနက်မှ အုပ်စုတစ်စုဟု ဖော်ထုတ်ထားပါသည်။

အာယသ် (၇၅-၇၆)

وَمَا لَكُمْ
لَا تُقَاتِلُونَ فِي سَبِيلِ اللَّهِ وَالْمُسْتَضْعَفِينَ مِنَ الرِّجَالِ
وَالنِّسَاءِ وَالْوِلْدَانِ الَّذِينَ يَقُولُونَ رَبَّنَا أَخْرِجْنَا
مِنْ هَٰذِهِ الْقَرْيَةِ الظَّالِمِ أَهْلُهَا ۚ وَاجْعَلْ لَنَا مِنْ
لَدُنْكَ وَلِيًّا ۚ وَاجْعَلْ لَنَا مِنْ لَدُنْكَ نَصِيرًا ﴿٧٥﴾
الَّذِينَ آمَنُوا يُقَاتِلُونَ فِي سَبِيلِ اللَّهِ ۖ وَالَّذِينَ كَفَرُوا
يُقَاتِلُونَ فِي سَبِيلِ الطَّاغُوتِ فَقَاتِلُوا أَوْلِيَاءَ الشَّيْطَانِ ۖ
إِنَّ كَيْدَ الشَّيْطَانِ كَانَ ضَعِيفًا ﴿٧٦﴾

စင်စစ်ဆိုသော် အသင်တို့၌ မည်သည့်အကြောင်းရှိချေသနည်း။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌လည်းကောင်း၊ အကြင် အင်အား ချည့်နဲ့သောယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ်တို့ (အားကယ်တင်ရန်) အလို့ငှာ လည်းကောင်း၊ စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ခြင်းမပြုကြချေ။ ထို (ယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ်)တို့သည်ကား "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤ အကြင် မြို့ရွာမှ ထုတ်ဆောင်တော်မူပါ ထိုမြို့ရွာသူမြို့ရွာသားများသည် မတရားနှိပ်စက် ညှင်းပန်းသူများဖြစ်ကြပါ၏။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ မိမိအထံတော်မှ အဆွေခင်ပွန်းတစ်ဦးဦးကို ဖန်တီး၍ ပေးသနားတော်မူပါ။ ထိုနည်းတူစွာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ မိမိအထံတော်မှ ကာကွယ်စောင့်ရှောက်မည့်သူ တစ်ဦးဦးကိုလည်း ဖန်တီး၍ ပေးသနားတော်မူပါ"ဟု လျှောက်ထားပန်ကြားလျက်ရှိကြကုန်သတည်း။ (၄း၇၅)

မုအ်မင်နှ်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ကြ၏။ ကာဖိရ်တို့သည်မူကား တွာဃူတ်၏လမ်း၌ စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ကြ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ရှိုင်တွာန်၏ အဆွေခင်ပွန်းတို့ကိုတိုက်ခိုက်ကြကုန်၏။ မုချဇကန်ရှိုင်တွာန်၏ ပရိယာယ်သည် ချည့်နဲ့လှပေသည်။ (တစ်နည်းပေါ့ပျက်လှပေသည်)။ (၄း၇၆)

## အကျယ်ဖွင့်ဆိုချက်
## အဖိအနှိပ်ခံများတို့၏ဆုတောင်းပြည့်ခြင်း

ကိုယ်ကာယအင်အားချို့တဲသူများနှင့် အခက်အခဲမှ လွတ်မြောက်ရန် နည်းလမ်းမရှိသော သူများသာ ဟိဂျ်ရသ်မပြုနိုင်ဘဲ မက္ကဟ်မြို့တော်၌ ကျန်ရစ်ခဲ့ကြသည်။ နောက်ပိုင်းမယုံကြည်သွေဖည်သူများက ၎င်းတို့ ရွှေ့ပြောင်းခြင်းကို ပိတ်ပင် တားမြစ်ခဲ့ကာ မုစ်လင်မ်ဘာသာအား သက်ဝင်ယုံကြည်မှုမှ စွန့်လွှတ်စေရန်အတွက် နည်းပေါင်းစုံဖြင့် နှိပ်စက်ညှင်းပန်းခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ခြင်းများကို စတင်လုပ်ဆောင်လာကြပါသည်။ အချို့သော သူများ၏ အမည်နာမကို မပျောက်မပျက်စိမ့်သောဌာ အကျယ်ဖွင့်ကျမ်းများတွင် ထိန်းသိမ်းထားခဲ့ပါသည်။ ဥပမာ စိုက်ယိဒိနာအိဗ်နိအဗ္ဗားစ်နှင့် သူ၏မိခင် စလ်မဟ်အိဗ်နိဟိရှမ်၊ ဝါလိဒ် အိဗ်နိဝါလိဒ်နှင့် အဗူဂျန်ဒလ် အိဗ်နိစားလ် (သူတို့အားလုံးတို့အား အလ္လာဟ်အရှင် ကျေနပ်နှစ်သက်တော်မူပါစေ)တို့ဖြစ်ကြပါသည်။ **(ကုရ်တုဗီ)** အစ္စလာမ်ဘာသာအပေါ် ခိုင်မြဲသောရပ်တည်မှုကို အဘယ်သောအခါမျှ စွန့်လွှတ်လိမ့်မည်မဟုတ်ဟူသော လက္ခဏာများပြသသည့်သူတို့၏ မဆုတ်မနစ်သော ယုံကြည်ချက်အီမာန်က ဤမြင့်မြတ်သောသူတို့အား နိုင်လိုမင်းထက်ပြုမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုတို့ကို၊ မင်းဆိုးမင်းညစ်တို့က အမြဲတစေ ရင်ဆိုင်စေခဲ့ပါသည်။ သို့သော်လည်း ဤသူများသည် ဤကဲ့သို့ ခက်ထန်သောဘဝမှ ကယ်တင်ခြင်းခံကြရန် အလ္လာဟ်အရှင်မြတ်ထံ အမြဲမပြတ်ဆုတောင်းကြသည်။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ တောင်းဆုကို လက်ခံတော်မူကာ ဤအဖိအနှိပ်ခံများအား မယုံကြည်သွေဖည်သူတို့၏ နိုင်ထက်စီးနင်း အပြုခံရခြင်း ညှင်းပန်းခြင်းတို့မှ ကယ်တင်ရန်အတွက် မုစ်လင်မ်များအား ဂျိဟားဒ်စစ်ပွဲဆင်နွှဲရန် အမိန့်ပေးခဲ့ပါသည်။

ဤအာယသ်တော်အလိုအရ အဖိအနှိပ်ခံ မုစ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အချက်နှစ်ချက်ကို အသနားခံခဲ့ပါသည်။ ပထမ- ထိုမြို့(မက္ကဟ်)မှ လွတ်မြောက်ရန် ကယ်တင်ခံရခြင်းနှင့် ဒုတိယမှာ ၎င်းတို့အား ထောက်ခံကူညီသူ အချို့ပေးကာ ကောင်းချီးမင်္ဂလာပေးရန် ဖြစ်သည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် သူတို့၏တောင်းဆုဒုအာနှစ်ရပ်စလုံးကို ဖြည့်ဆည်းပေးတော်မူခဲ့ပါသည်။ အချို့သောသူများအား ဤမြို့မှထွက်ခွာ နိုင်သော အခွင့်အရေးပေးခြင်းသည် သူတို့၏ ပထမဆန္ဒကိုဖြည့်ဆည်းပေးခြင်းဖြစ်သည်။ သို့သော်လည်း အချို့သောသူများသည် မက္ကဟ်မြို့ကိုအောင်နိုင်သည်အထိ ချန်နေရစ်ပါသည်။ ထိုအချိန်တွင် တမန်တော်မြတ်ﷺက အဖိနှိပ်ခံများကို ညှင်းပန်းနှိပ်စက်သူများထံမှ ကယ်တင်သူ စိုက်ယိဒိနာ အသာဗ်အိဗ်နိအဆိဒ်အား ဖိနှိပ်ခံများအား ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် ခန့်အပ်ခဲ့ပါသည်။ ယင်းသည်ပင် ၎င်းတို့၏ ဒုတိယတောင်းဆုတော်ကိုဖြည့်ဆည်းပေးပြီး ဖြစ်သွားပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်သည် ဤအာယသ်တော်ထဲ၌ စစ်မက်တိုက်ခိုက်ရန်အတွက် တဲ့တိုးအမိန့်ပေးမထားဘဲ **مَالَكُمْ لاَ تُقَاتِلُوْنَ فِىْ سَبِيْلِ اللّٰهِ** "အသင်တို့သည် မည်သည့်အကြောင်းကြောင့် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း မပြုကြသနည်း" ဟူသော စကားလုံးများ သုံးထားသည်ကို သတိပြုရပါမည်။ ထိုကဲ့သို့သော အခြေအနေမျိုးများတွင် စစ်တိုက်ခြင်းသည် သဘာဝတာဝန်ဝတ္တရားတစ်ရပ်ဖြစ်ကြောင်း ညွှန်းထားပါသည်။ ဆင်ခြင်တုံတရားရှိသော သူတစ်ဦးအတွက်မူ ထိုတာဝန်ကို မကျေပွန်၊ မထမ်းဆောင်ဟူသည်မှာ မဖြစ်နိုင်ပါ။

## အလ္လာဟ်အရှင်မြတ်ထံ ဆုမွန်ဒုအာတောင်းခံခြင်းသည် အလုံးစုံသော အခက်အခဲများအတွက် ဆေးတစ်လက်ဖြစ်သည်

အာယသ် (၇၅)ပါ ဒုအာဆုမွန်၏ စကားလုံးများ- **يَقُوْلُوْنَ رَبَّنَآ اَخْرِجْنَا** က အလ္လာဟ်အရှင်မြတ်သည် အဘယ့်ကြောင့် စစ်တိုက်ရမည်ဟု အမိန့်ပေးရခြင်း၏ အချက်တစ်ချက်မှာ ဤချည့်နဲ့သော မုစ်လင်မ်အမျိုးသားများနှင့် အမျိုးသမီးတို့၏ ဒုအာကြောင့်ဖြစ်သည်ဟု ကျွန်ုပ်တို့အားပြောပြပါသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ တောင်းဆု ဒုအာကိုတုန့်ပြန်ကာ ဖိရ်ဒ်ဉ့ဉင်းပန်းသူများအား ဂျိဟားဒ်စစ်ဆင်နွဲရန် မုစ်လင်မ်များအား အမိန့်ပေးခြင်းအားဖြင့် အဖိနှိပ်ခံများ၏ အခက်အခဲများအားလုံးတို့သည် တမဟုတ်ခြင်းအဆုံးသတ်သွားပါသည်။

## စစ်တိုက်ရခြင်း၏ ရည်ရွယ်ချက်များ

အာယသ်တော် (၇၆)**اَلَّذِيْنَ اٰمَنُوْا يُقَاتِلُوْنَ فِيْ سَبِيْلِ اللّٰهِ** "မုအ်မင်နှ်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြ၏။ ကာဖိရ်တို့သည်မူကား"တွာဃူတ်"၏လမ်း၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြ၏"ဟု မိန့်ကြား ထားသည်။ ဤသည်မှာ သက်ဝင်ယုံကြည်သူတစ်ဦး ကြိုးပမ်းရခြင်း၏ ရည်ရွယ်ချက်မှာ ဤကမ္ဘာလောကတွင် အလ္လာဟ်အရှင်မြတ်၏ ဥပဒေအတည်ဖြစ်စေခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးအာဏာလွှမ်းမိုးမှုသည် အထွတ်အထိပ်ဖြစ်သည်ဆိုခြင်းကို ရှင်းလင်းစွာပြသပါသည်။ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့၏ အရှင်သခင်ဖြစ်တော်မူပါသည်။ ထိုအရှင်၏ အဆုံးအစမရှိသော ဟစ်က်မသ်ဉာဏ်တော်အရ ဤစကြဝဠာကြီးအားဖန်ဆင်းတော်မူခဲ့ကာ ထိုအရှင်၏ဥပဒေသည်တရားမျှတမှု သက်သက်ပေါ်၌သာ အခြေခံထားပါသည်။ တရားမျှတခြင်းဥပဒေခိုင်မြဲသွားပါက ငြိမ်းချမ်းသာယာမှုအစဉ်တည်ရှိနေပါလိမ့်မည်။ ဤကမ္ဘာ၌ ငြိမ်းချမ်းသာယာမှုရှိစေရန်အတွက် အလ္လာဟ်အရှင်၏ဥပဒေဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် စစ်မှန်ပြီး ပြီးပြည့်စုံသော မုစ်လင်မ်တစ်ဦး စစ်ပွဲဆင်နွဲရာတွင် ဤရည်ရွယ်ချက်သာသူ့တွင်ရှိပါသည်။

သို့ရာတွင် အီမာန်ရှင်နှင့်ဆန့်ကျင်သည်မှာ မယုံကြည်သွေဖည်သူများတို့သည် မယုံကြည်သွေဖည်မှု "ကုဖ်ရ်" သတင်းစကားကို ပြန့်ပွားရန်ကြိုးပမ်းအားထုတ်ကြပါသည်။ ယင်းလုပ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေကာ မယုံကြည်သွေဖည်မှုမြင့်မားစေပါသည်။ ထိုသူတို့သည် ဤကမ္ဘာလောကတွင် "ရှိုင်တွာန်"၏ အစွမ်းများလွှမ်းမိုးစေရန် စိတ်ဆန္ဒပြင်းပြကြပါသည်။ ဤသို့အားဖြင့်၎င်းတို့သည် လက်တွေ့ကျသယောင်၊ စွဲမက်ဖွယ်ရာဖြစ်သယောင်နှင့် ဤကမ္ဘာလောကကြီး၏ အရာရာတိုင်းတွင် ကုဖ်နှင့်ရှိရ်ရစ်က်အင်အား ကောင်းစေပါသည်။ ကုဖ်ရ်နှင့် ရှိရ်ရစ်က်တို့သည် ရှိုင်တွာန်၏လမ်းစဉ်များဖြစ်ကာ မယုံကြည်သွေဖည်သူများတို့သည် ရှိုင်တွာန်၏ လုပ်ငန်းပြီးမြောက်စေရန်ကူညီကြပါသည်။

## ရှိုင်တွာန်၏ ပရိယာယ်သည်ချည့်နဲ့သည်

အာယသ်တော်(၇၆)၏ နောက်ဆုံးဝါကျ **اِنَّ كَيْدَ الشَّيْطٰنِ كَانَ ضَعِيْفًا** က ရှိုင်တွာန်ပြုလုပ်သည့် လှည့်ဖြားသော အစီအမံများသည် အားနည်း၍ အခြေအမြစ်မခိုင်လုံသောကြောင့် စစ်မှန်သောမုစ်လင်မ်များအား

မည်သို့သော နည်းနှင့်မျှ အန္တရာယ်မဖြစ်စေ၊ မထိခိုက်စေနိုင်ကြောင်း အခိုင်အမာဖြစ်စေသည်။ ထို့ကြောင့် မုစ်လင်မ်များသည် ရှိုင်တွာန် ၏မိတ်ဆွေဖြစ်သော မယုံကြည်သွေဖည်သူများကို တိုက်ခိုက်ရာတွင် မတုန့်မဆိုင်းသင့်ချေ။ ဤသို့ဆိုခြင်းသည် မုစ်လင်မ်များအားကူညီသူမှာ အလ္လာဟ်အရှင်မြတ်မှအပ မည်သူမျှမဖြစ်နိုင်ပါ။ ထို့ပြင် အလ္လာဟ်အရှင်သည် မုစ်လင်မ်များဘက်တွင်ရှိ၍ ရှိုင်တွာန်၏အစီအမံတို့မှာ ၎င်းတို့အတွက် ပေါက်မြောက်အောင်လုပ်ဆောင်နိုင်မည် မဟုတ်ချေ။

ဤသို့ပင် ဗဒ်ရ်စစ်ပွဲ၌ဖြစ်ခဲ့ပါသည်။ ရှိုင်တွာန်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများနံဘေးတွင် ရှိနေကာ ကာဖိရ်များရှေ့၌ အခြေအမြစ်မရှိသော ငြင်းဆိုချက်ကိုပြောကာ •–o^y–L^Aù<\<L–è–L_aG–&–(ထိုဆိုတွာန် မိစ္ဆာကောင်က) "ယနေ့လူတို့အနက်မှ အသင်တို့အား အောင်နိုင်မည့်သူဟူ၍ မည်သူတစ်ဦးတစ်ယောက်မျှ မရှိချေ--" (၈း၄၈) အဘယ့်ကြောင့်ဆိုသော် ù^\<L–R%aJ–ý^N#_A_ "ငါသည် အသင်တို့အား ကာကွယ်စောင့်ရှောက်မည့်သူဖြစ် သည်။" (၈း၄၈) ငါသည် ငါ၏စစ်တပ်နှင့်အတူ အသင်တို့ကို ကူညီရန် ဒီမှာရှိနေပြီ။ စစ်ပွဲအမှန်တကယ်စဖြစ်သောအခါ ၎င်းသည် သူ၏စစ်တပ်နှင့်အတူချီတက်လာသည်။ သို့သော်လည်း မုစ်လင်မ်များကို ကူညီမည့်ကောင်းကင်စေတမန်များ ရောက်ရှိလာခဲ့သည်ကိုမြင်သည်နှင့်တပြိုင်နက် သူလုပ်ခဲ့သမျှအစီအမံအားလုံး ပျက်ပြားကာ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင်ပြေးရင်းငင်း၏ မယုံကြည် သွေဖည်ငြင်းပယ်သူအပေါင်းအဖော်များအား ပြောကြားသည်မှာ-

إِنِّي بَرِيءٌ مِّنكُمْ إِنِّي أَرَىٰ مَا لَا تَرَوْنَ إِنِّي أَخَافُ اللَّهَ، وَاللَّهُ شَدِيدُ الْعِقَابِ

**"ဧကန်စင်စစ်၊ ငါသည် အသင်တို့နှင့် မပတ်သက်၊ တာဝန်ကင်းသည်။ ငါသည် အသင်တို့မမြင်ရသောအရာများကို မြင်၏။ ငါသည် ဧကန်စင်စစ် အလ္လာဟ်အရှင်များအား ကြောက်ရွံ့ပါ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်"(၈း၄၈)** ဟု ဆိုခဲ့လေသည်။ **(မဇ်ဟရီ)**

ဤအာယသ် (၇၆)ထဲတွင် ရှိုင်တွာန်၏ ပရိယာယ်ကို "ချည့်နဲ့"သည်ဟုခေါ်ခြင်းသည် တသီးတခြားအဆိုအမိန့်တစ်ရပ်မဟုတ်။ ဤအာယာသ်တော်မှ အခြေအနေနှစ်မျိုးထွက်ပေါ်လာ၍ ယင်းက ကျွန်ုပ်တို့အား ခွဲင်းချက်တစ်ခုရရှိပါသည်။ ပထမအခြေအနေတစ်ရပ်မှာ ရှိုင်တွာန်က ပရိယာယ်နှင့် ကြိုးစားလှည့်ဖြားခံရသူမှာ မုစ်လင်မ်တစ်ဦးဖြစ်ရမည်။ ဒုတိယအခြေအနေတစ်ရပ်မှာ ထိုမုစ်လင်မ်၏ကြိုးပမ်းအားထုတ်မှုသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း၏ ကျေနပ်နှစ်သက်စေရန်အတွက်ဖြစ်ရမည်။ တစ်နည်းဆိုရသော် သူ၏ကြိုးပမ်းမှုနောက်ကွယ်တွင် မည်သည့်စာစ်ကိုယ်ကောင်းဆန်သော ရည်ရွယ်ချက်မှမရှိစေရပါ။ ပထမအခြေအနေသည် o^n<M–A'ù–Y^d_L#–A–(ထိုသူတို့သည်သက်ထိုးကြည့်ခြင်းကို ကန့်)ဖြစ်၍ ဒုတိယအခြေအနေမှာ .Aø_y^b_S–ý^F_—o^l<T_aQ–Y<(အလ္လာဟ်အရှိမြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြ၏)ဟူသော စကားလုံးများမှ ထွက်ပေါ်လာသည်။ အကယ်၍ ထိုအခြေအနေ နှစ်ရပ်စလုံးမရှိတော့ခဲ့လျှင်မူ ရှိုင်တွာန်၏ ပရိယာယ်သည် ဆက်၍ "ချည့်နဲ့"နေမည်ဟု မဆိုချေ။

စိုက်ယိဒနာအိဗ်နိအဗ္ဗားစ် ﴿ﷺ﴾သခင်က မိန့်သည်မှာ "အသင်ရှိုင်တွာန်နှင့်တွေ့လျှင် နှစ်ခါမစဉ်းစားနှင့်သူ့ကိုစိတ်ဆာတိုစ်ဆလုပ်ထိုနောက်ထင်ကြေးကျခြေအယသ်ဆတ်aE=ý^i_V—a|–ù_p'ý^w#–LAd–ý^|—#–A_(မူရကန်ရှိုဆွာန်၏ပရိယာယ်သည် ချည့်နဲ့လှပေသည်)ဟု ရွတ်ဖတ်လိုက်သည်။ **(အလ်ကုရ်တုဗီ)**

အာယသ် (၇၇-၇၉)

أَلَمْ تَرَ إِلَى الَّذِينَ قِيلَ
لَهُمْ كُفُّوا أَيْدِيَكُمْ وَأَقِيمُوا الصَّلَوٰةَ وَآتُوا الزَّكَوٰةَ فَلَمَّا كُتِبَ
عَلَيْهِمُ الْقِتَالُ إِذَا فَرِيقٌ مِّنْهُمْ يَخْشَوْنَ النَّاسَ كَخَشْيَةِ
اللَّهِ أَوْ أَشَدَّ خَشْيَةً ۚ وَقَالُوا رَبَّنَا لِمَ كَتَبْتَ عَلَيْنَا الْقِتَالَ ۖ لَوْلَا
أَخَّرْتَنَا إِلَىٰ أَجَلٍ قَرِيبٍ ۗ قُلْ مَتَاعُ الدُّنْيَا قَلِيلٌ ۖ وَالْآخِرَةُ
خَيْرٌ لِّمَنِ اتَّقَىٰ ۖ وَلَا تُظْلَمُونَ فَتِيلًا ﴿٧٧﴾ أَيْنَ مَا تَكُونُوا
يُدْرِككُّمُ الْمَوْتُ وَلَوْ كُنتُمْ فِي بُرُوجٍ مُّشَيَّدَةٍ ۗ وَإِن تُصِبْهُمْ
حَسَنَةٌ يَقُولُوا هَٰذِهِ مِنْ عِندِ اللَّهِ ۖ وَإِن تُصِبْهُمْ سَيِّئَةٌ
يَقُولُوا هَٰذِهِ مِنْ عِندِكَ ۗ قُلْ كُلٌّ مِّنْ عِندِ اللَّهِ ۗ فَمَالِ
هَٰؤُلَاءِ الْقَوْمِ لَا يَكَادُونَ يَفْقَهُونَ حَدِيثًا ﴿٧٨﴾ مَّا أَصَابَكَ مِنْ
حَسَنَةٍ فَمِنَ اللَّهِ ۖ وَمَا أَصَابَكَ مِن سَيِّئَةٍ فَمِن نَّفْسِكَ ۚ وَأَرْسَلْنَاكَ
لِلنَّاسِ رَسُولًا ۚ وَكَفَىٰ بِاللَّهِ شَهِيدًا ﴿٧٩﴾

(အို-နဗီတမန်တော်) အသင်သည် အကြင်သူတို့ (၏ဖြစ်အင်)ကို မတွေ့မမြင်ပါလေသလော။ (ထိုသူတို့သည် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် အမိန့်မကျရောက်မီက စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြရန် အလွန်စိတ်အား ထက်သန်နေကြသဖြင့်) ၎င်းတို့အား အသင်တို့သည် မိမိတို့လက်များကို (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ) ချုပ်တည်း၍ထားရှိကာ "ဆွလာသ်"ဝတ်ပြုမှုကို ဆောက်တည်နေကြကုန်၊ ၎င်းပြင် ဇကားသ်တရား၀င် ဒါနကြေးပေးဆောင်နေကြကုန်ဟု ပြောခဲ့ဘူးလေသည်။ တစ်ဖန် ထိုသူတို့အပေါ်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် (အမိန့်တော်သည်) အတည်ဖြစ်လာခဲ့သောအခါ ၎င်းတို့အနက်မှ လူတစ်စုသည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ဘိသကဲ့သို့ပင် လူတို့ကိုကြောက်ရွံ့လာကြရုံမျှမက အလ္လာဟ်အရှင်မြတ်ထက်ပင် ပိုမို၍ကြောက်ရွံ့လာကြကုန်၏။ ၎င်းပြင် ထိုသူတို့က ပြောဆိုခဲ့ကြသည်မှာ "အို-ကျွန်တော်မျိုးတို့၏အရှင်၊

အၚ်ၚ် မြတ်သည် မည်သည့်အတွက်ကြောင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းကို ကျွန်တော်မျိုးတို့အပေါ်၌ သတ်မှတ်အတည်ပြုတော်မူပါသနည်း။ အၚ်ၚ်မြတ်သည် ကျွန်တော်မျိုးတို့အား ထပ်မံ၍ရက်အနည်းငယ် ရွှေ့ဆိုင်းပေးတော် မူခဲ့ပါလျှင် တော်လေစွတစ်ကား" ဟုလျှောက်ထားပန်ကြားခဲ့ကြကုန်သည်။ (အိုနဗီတမန်တော်)အသင်သည် (ယင်းတို့အား) "လောကီအကျိုးခံစားမှုသည် ခေတ္တခဏမျှအဖို့သာဖြစ်၍ ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်သောသူ (တော်စင်)များအဖို့ နောင်တမလွန်ဘဝ(၏အကျိုးကျေးဇူးများ) သည်သာလျှင် အမွန်မြတ်ဆုံးဖြစ်ပေသည်။ ထိုမှတစ်ပါးတုံ အသင်တို့သည် ဆံခြည်ခန့်မျှပင် မတော်မတရားနှိပ်စက်မှုကို ခံကြရမည်မဟုတ်ပေ" ဟု ဖြေကြားပါလေ။ (၄း၇၇)

အသင်တို့သည် မည်သည့်နေရာ၌ပင်ရှိစေကာမူ မရဏာသေခြင်းတရားသည် အသင်တို့ထံရောက်ရှိလာအံ့။ အကယ်၍ အသင်တို့သည် အလွန်ခိုင်ခံ့လုံခြုံသောခံတပ်၊ ရဲတိုက်များအတွင်း (ပုံးအောင်းခိုလှုံ၍)ရှိနေကြသော်လည်း (မရဏာသေခြင်းတရားမှ လွတ်မြောက်နိုင်ကြမည်မဟုတ်ချေ။) ၎င်းပြင်အကယ်၍ ယင်း (အယောင်ဆောင်မုစ်လင်မ်)တို့၌ တစ်စုံတစ်ရာကောင်းခြင်းမင်္ဂလာဆိုက်ရောက်ခဲ့သည်ရှိသော် ၎င်းတို့က "ဤကား အလ္လာဟ်အၚ်မြတ်အထံတော်မှဖြစ်သည်"ဟု ပြောဆိုလေ့ရှိကြကုန်၏။ သို့ရာတွင် အကယ်၍ ၎င်းတို့၌ အမင်္ဂလာတစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့သော် "ဤသည်ကား အသင့်အတွက်ကြောင့်ဖြစ်သည်" ဟုပြောဆိုလေ့ရှိကြကုန်သည်။ (အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အား မင်္ဂလာ၊ အမင်္ဂလာ ဟူသမျှ) အားလုံးတို့သည် အလ္လာဟ်အၚ်မြတ်အထံတော်မှပင်ဖြစ်သည်ဟု (ပြန်လည်၍) ဖြေကြားပါ လေ။ သို့ဖြစ်ပေရာ ဤသူတို့သည် အဘယ်ကဲ့သို့သောအဖြစ်၌ ဆိုက်ရောက်နေကြသနည်း။ ထိုသူများသည် မည်သည့်အတွက်ကြောင့် မည်သည့် စကားကိုနားမျှမလည်ဘဲရှိကြပါသနည်း။ (၄း၇၈)

(အိုလူသား) အသင်၌ ဆိုက်ရောက်သမျှသော ကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့သည် အလ္လာဟ်အၚ်မြတ်၏ အထံတော်မှပင်ဖြစ်၏။ သို့ရာတွင် အသင့်၌ ဆိုက်ရောက်သမျှသော ဒုက္ခဟူသရွေ့တို့သည် မိမိ (အပြုအမူတို့)ကြောင့်သာဖြစ်၏။ (အို-နဗီတမန်တော်) ငါအၚ်မြတ်သည် အသင့်အား လူခပ်သိမ်းတို့ထံသို့ ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့လေသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အၚ်မြတ်သည်ပင်လျှင် (အသင်ရစူလ်တမန်တော်မြတ်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍) သက်သေအဖြစ် လုံလောက်တော်မူပေသတည်း။ (၄း၇၉)

## အကျယ်ဖွင့်ဆိုချက်
## ဝဟီကျရောက်ခြင်း၏ နောက်ခံအကြောင်း

اَلَمۡ تَرَ اِلَى الَّذِيۡنَ قِيۡلَ لَهُمۡ كُفُّوۡۤا اَيۡدِيَكُمۡ(အသင်သည် အကြင်သူတို့(၏ဖြစ်အင်)ကို မတွေ့မမြင်ပါလေသလော။ ၎င်းတို့အား အသင်တို့သည် မိမိတို့လက်များကို(စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ) ချုပ်တည်း၍ထားရှိကာ--) ဟူသော စကားလုံးများဖြင့် အစပြုထားသော အာယသ်တော် (၇၇)သည် သီးခြားနောက်ခံအကြောင်းတစ်ခုကြောင့် ကျရောက်ခဲ့ခြင်းဖြစ်သည်။ မက္ကဟ်ရွှေမြို့တော်မှ ဟစ်ဂျရသ်မရွှေ့ပြောင်းမီက မုစ်လင်မ်များသည် ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ညှဉ်းပန်းနှိပ်စက်မှုကို အစဉ်သဖြင့်ခံကြရသည်။ ညှင်းပန်းနှိပ်စက်ခံရသော မုစ်လင်မ်တို့သည် တမန်တော်မြတ် ﷺသခင်ထံလာရောက်လေ့ရှိ၍ ကာဖိရ်တို့၏ နိုင်ထက်စီးနင်းညှဉ်းပန်းနှိပ်စက်ခံရမှုအကြောင်း ကိုယ်တော့်အား လာရောက်တိုင်တန်းကြပြီး မိမိကိုယ့်ကို မိမိကာကွယ်ရန်နှင့် ကာဖိရ်များ၏ အကြမ်းဖက်အုပ်ချုပ်မှုအဆုံးသတ်ရန် တိုက်ခိုက်ရေးအတွက် ကိုယ်တော့်ထံမှ ခွင့်ပြုချက်တောင်းခံခဲ့သည်။ ကိုယ်တော်မြတ်ﷺက ၎င်းသည် စစ်တိုက်ရန် အမိန့်ပေးခံရခြင်းမရှိသေးဘဲ စင်စစ်ကိုယ်တော်သည်လည်း သည်းခံခွင့်လွှတ်ရန်နှင့် မေ့ပျောက်ပါဟုသာ အမိန့်ပေးခံရသည်ဟု အကြောင်းပြ၍ လျှောက်ထားလာသူများအား ထိပ်တိုက် ရင်ဆိုင်မှုမပြုရန်နှင့်သည်းခံရန်အကြံပြုခဲ့သည်။ ကိုယ်တော်မြတ်သည် ၎င်းတို့အား ပေးထားခဲ့ပြီးဖြစ်သော ဆွေလာသ်နှင့် ဇကားသ်၏ ညွှန်ကြားချက်များကို စွဲမြဲ၍စူးစိုက်ကာ ကျင့်သုံးလုပ်ဆောင်ရန် မိန့်ကြားခဲ့သည်။ ၎င်းတို့ လိုအင်ဆန္ဒများ မပြည့်ဝသေးသည့်တိုင် ယခုလက်ရှိနေထိုင်သည့် ပုံစံ၏ ကောင်းမြတ်မှုများအကြောင်း အမှတ်ရစေသည်။ အကြောင်းမှာ အလွှာဟ်အရှင်မြတ် အမိန့်တော်ကို ရိုကျိုးနာခံသည့်အနေဖြင့် ၎င်းတို့၏ မကောင်းသည့် စိတ်ဆန္ဒများကို တိုက်ခိုက်ရန် ခန္ဓာကိုယ်ထိခိုက်နာကျင်မှုကိုသည်းခံရန်နှင့် ငွေကြေးဆိုင်ရာစွန့်လွှတ်မှုများ မလေ့ကျင့်ဘဲ "ဂျိဟားဒ်"စစ်ပွဲပါဝင် ဆင်နွှဲ၍ မိမိအသက်စွန့်လှူရန်ဆိုသည်မှာကား အလွန် ခက်ခဲသည့်အဆိုပြုချက်ဖြစ်လိမ့်မည်။ ဤအကြံပေးချက်ကို မုစ်လင်မ်များက လက်ခံခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့ မက္ကဟ်မြို့တော်မှ မဒီနာဟ်မြို့တော်သို့ ပြောင်းရွှေ့သွားပြီးနောက် တွင် ဂျိဟားဒ်အမိန့်ထုတ်ပြန်ခဲ့သောအခါ ၎င်းတို့သည် ထိုအမိန့်နှင့်ပတ်သက်၍ ဝမ်းမြောက်ကျေနပ်သင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသည် ၎င်တို့ကိုယ်တိုင် တောင်းဆိုခဲ့သော ဆုဒုအာပြည့်ဝမှုပင် ဖြစ်ပေသည်။ သို့သော်လည်း အလွှာဟ်အရှင် အပြစ်ဒဏ်ခတ်ခံရခြင်းကို ကြောက်သကဲ့သို့ မယုံကြည်သွေဖည်ငြင်းပယ်သူများကို ဆန့်ကျင်တိုက်ပွဲဝင်ရန်ကိုလည်း ကြောက်ကြသည်။ စစ်တိုက်ရမည်ကို ထိုကြောက်ခြင်းထက် ပို၍ကြောက်ရွံ့သော စိတ်ဓါတ်ကြံ့ခိုင်မှုမရှိသော မုစ်လင်မ်အချို့လည်းရှိကြသည်။ စိတ်အနှောင့်အယှက်ဖြစ်သောကြောင့် စစ်တိုက်ရန် အချိန်ရွှေ့ဆိုင်းပေးရန် တမ်းတလာကြသည်။ ယင်းသို့ဖြစ်ရခြင်းမှာ စစ်တိုက်ရန် အမိန့်ကိုနောက်သို့ ရွှေ့ဆိုင်းလိုက်ပါကသူတို့သည် အသက်ပိုရှည်နေစေရန်နှင့် စည်းစိမ်ပိုမိုခံစားကြရန် အချိန်ပိုရစေသည်။ ထိုစဉ် ဤအာယသ်တော်များကျရောက်ခဲ့ပါသည်။ **(ရူဟုလ်မအာနီ)**

## မုစ်လင်မ်များသည် "ဂျိဟားဒ်"စစ်ပွဲ၌ ဆိုင်းရန်အတွက် အဘယ့်ကြောင့်ဆန္ဒပြခဲ့ကြပါသနည်း

စစ်တိုက်ရန် အမိန့်ကျလာပြီးသည့်နောက် မုစ်လင်မ်များ အချိန်ဆွဲဆိုင်းရန် တမ်းတမှုကို ဖော်ထုတ်ပြသလာခြင်းသည် ယင်းဂျိဟားဒ်ပြုရန် အမိန့်ကိုကန့်ကွက်ခြင်းမဟုတ်ပါ။ နူးညံ့သိမ်မွေ့သော စောဓကတက်ခြင်းသာဖြစ်ပါသည်။ အကြောင်းမှာ ထိုအခြေမျိုးတွင်ဖြစ်တတ်သော လူသားတို့၏ စိတ်သဘောထားမှာ သမရိုးကျပုံစံ ကြောင့်သာဖြစ်နိုင်ပါသည်။ ထိခိုက်နာကျင်မှုနှင့် စိတ်အနှောင့်အယှက်ဖြစ်မှု အဆုံးအစွန်ထိ ခံစားခဲ့ရပါလျှင် တစ်စုံတစ်ဦးသည် ဒေါသထွက်ပြီး လက်စားချေသည်မှာ အလွန်ဖြစ်နိုင်ချေရှိပါသည်။ သို့ရာတွင် လူသားသည် ရုပ်ပိုင်းဆိုင်ရာ စည်းစိမ်ချမ်းသာရှိမှုနှင့် အေးချမ်းသာယာသော ဘဝတွင်ရှိနေပါက စစ်တိုက်ရန် မနှစ် သက်ပါ။ ဤသည်က လူသား၏ရိုးစင်းသောတုန့်ပြန်မှုပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤမုစ်လင်မ်တို့သည် မက္ကာဟ်မြို့တော်တွင် ရှိနေစဉ်က မယုံကြည်သွေဖည်သူတို့က လုပ်ဆောင်သော ထိခိုက်နာကျင်မှုများကို စိတ်ပျက်လာကာ ဂျိဟားဒ်စစ်တိုက်ရန် အမိန့်ကို အလွန်စိတ်အား ထက်သန်စွာ မျှော်လင့်ခဲ့ကြသည်မှာ သဘာဝကျပါသည်။ သို့ရာတွင် ၎င်းတို့ မဒီနာဟ်မြို့သို့ရောက်ရှိပြီးသော အခါ၌ သူတို့ကြာရှည်စွာ ဆုံးရှုံးခဲ့ရသော သက်သောင့်သက်သာဖြစ်မှုနှင့် အေးချမ်းသာယာမှုတို့ကိုရရှိခဲ့ပါသည်။ ထိုသူတို့ ယင်းကဲ့သို့သောအခြေအနေမျိုးရှိနေစဉ် စစ်တိုက်ရန်အမိန့် ကျရောက်လာသောအခါ၌ ၎င်းတို့၏ ဆန္ဒဟောင်းက တွန်းအားမပေးကြောင်းကို တွေ့ရှိရသည်။ ထို့ကြောင့် ယင်းကဲ့သို့သော အချိန်အခါမျိုးတွင် ဂျိဟားဒ်အတွက် ဖိတ်ခေါ်ချက်မပေါ်ထွက်လာလျှင် ကောင်းလေစွတဲ့ ရိုးရိုးစင်းစင်းဆန္ဒဖြစ်ပေါ်မိသည်။ ဤကဲ့သို့"ဆန္ဒ"ပြုခြင်းကို "ငြင်းပယ်ခြင်း"ဟု ကောက်ယူပြီး ယင်းကို မုစ်လင်မ်များ ဂုနာဟ်ပြစ်မှုကျူးလွန်ခြင်းဟုမှတ်ယူခဲ့ပါလျှင် မမှန်ကန်ပါ။ သို့သော်လည်း ဤရှင်းလင်းချက်သည် စောဒကတက်ခြင်းကိုနှုတ်မှပြောခြင်းအတွက် သာကန့်သတ်ထားသည်။ သို့သော်သူတို့သည် နှုတ်အားဖြင့်မည်သည်မျှ မပြောဆိုဘဲနှင့် သူတို့၏စိတ်ထဲတွင် ဖြစ်ပေါ်လာသော အတွေးသက်သက်သာဖြစ်ပါက အစ္စလာမ်ရှရီအသ်သည် စိတ်ထဲတွင်ပေါ်လာသော အတွေးများနှင့် နှလုံးသားများတွင်ပေါ်လာသောသံသယများကို အပြစ်ဂုနာဟ်များဟု မသတ်မှတ်ပါ။ ဤနေရာတွင် ဖြစ်နိုင်ချေနှစ်ခုစလုံးရှိပါသည်။ အာယသ်တော်ပါ ٥^L<aQ– "ကာလူ" "ယင်းသူတို့သည် လျှောက်ထားခဲ့ကြလေသည်"ဟူသော စကားလုံးကို နှုတ်ဖြင့်ပြောဆိုခြင်းဟု မမှတ်ယူသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့၏နှလုံးသားအတွင်း၌သာပြောဆိုနိုင်သည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ **(မော်လာနာထာနဝီ၏ ဗယာန္နယ် ကုရ်အာန် ကျမ်းမှ အကျဉ်းချုပ် တင်ပြချက်)** အချို့သော ဋီကာရှင်များအရ အထက်ပါအတိုင်းဆိုပါက မည်သည့်ရှင်းလင်းချက်မျှ မလိုပါ။ **(သဖ်စီရ်ကဗီး၍)**

## မိမိကိုယ်ကို မိမိပြုပြင်ခြင်းသည် စုပေါင်းပြုပြင်ခြင်း၏ အလျင်ဖြစ်သင့်ပါသည်

}–٥' |z#–LAAσI<A'O– }–٥L 'u#–LAAσ<ץ'Q_A–တွင်အချို့များကဆိုလာသော[illegible]

တရားဝင်ဒါနကြေးများကို စွဲမြဲစွာလုပ်ဆောင်ရန်ဆိုသည့် အမိန့်ကိုဦးစွာပထမဖော်ပြထားသည်။ ယင်းတို့သည်ကား မိမိကိုယ်ကို မိမိပြုပြင်ရန် အကြောင်းခံများဖြစ်ပါသည်။ ထို့နောက် ဂျိဟားဒ်အမိန့်ကို ပေးထားပါသည်။ ယင်းက နိုင်ငံရေးနှင့် စုပေါင်းပြုပြင်ခြင်း၏ အကြောင်းခံဖြစ်သည်။ ဆိုလိုသည်မှာ ဂျိဟားဒ်မှတစ်ဆင့် ညှင်းပန်းနှိပ်စက်မှုနှင့် မတရားမှုတို့ကို ဖယ်ရှားစေကာ နိုင်ငံတွင်အေးချမ်းသာယာမှု ဖြစ်စေနိုင်ပါသည်။ ဤသည်မှာ ကျွန်ုပ်တို့

သိရသည်မှာ တစ်စုံတစ်ဦးသည် အခြားသူများအား ပြုပြင်ပြောင်းလဲရန်ဟူသော သောကမရောက်ခင် အလျင်ကပင် မိမိကိုယ်မိမိစတင်ပြောင်းလဲသင့်ပါသည်။ ထို့ကြောင့် အရေးပါမှုရှုထောင့်မှကြည့်မည်ဆိုလျှင် ပထမ အမိန့်တော်သည် လူတစ်ဦးစီတစ်ဦးစီအတွက် အကြွင်းမဲ့မပြုမနေရသောတာဝန် (ဖရဿွ-အိုင်) ဖြစ်ပြီး၊ ဒုတိယ အမိန့်တော်သည် အကယ်၍သာ အချို့သော သူများက ထိုတာဝန်ကို ဖြည့်ဆည်းခဲ့ပါက အခြားသောသူများက အခြားသောသူများအတွက် တာဝန်ကျေသွားစေသော (ဖရဿွအလ်ကိဖာယာ)ဖြစ်သည်။ ဤသည်မှာမိမိကိုယ်မိမိ ပြုပြင်မှု၏ အရေးကြီးပုံကို မီးမောင်း ထိုးပြပါသည်။ ယင်းကိုဦးစားပေးမှု သည်လည်း ထင်ရှားသွားပါသည်။ **(မဇ်ဟရီ)**

## ဤကမ္ဘာလောကတွင်ရရှိသော ကောင်းချီးမင်္ဂလာများနှင့် နောင်တမလွန်ဘဝတွင် ရရှိမည့် ကောင်းချီးမင်္ဂလာများ၏ခြားနားချက်

ဤအာယသ်တော်ထဲတွင် နောင်တမလွန်ဘဝ၏ ကောင်းချီးမင်္ဂလာများသည် ကျွန်ုပ်တို့ကြုံတွေ့နေရသောလက်ရှိကမ္ဘာလောက၏ကောင်းချီးမင်္ဂလာများနှင့် နှိုင်းစာလိုက်ပါက ပိုမိုများပြားပြီး မုချဧကန်ပိုမို ကောင်းမွန်သည်ဟု ကြေညာထားပါသည်။ ထိုသို့ဖြစ်ရခြင်း၏အကြောင်းပြချက် အချို့ကို အောက်တွင်ဖော်ပြထားပါသည်။

၁။ လက်ရှိကမ္ဘာလောက၏ ကောင်းချီးမင်္ဂလာများသည် အနည်းငယ်မျှသာဖြစ်ပြီး နောင်တမလွန်ဘဝ၏ ကောင်းချီးမင်္ဂလာများတို့သည် မြားမြောင်လှပါသည်။

၂။ ဒွန်ယာ (လက်ရှိကမ္ဘာ)၏ ကောင်းချီးမင်္ဂလာများတို့သည် ပျက်စီးပျောက်ကွယ်နိုင်ပြီး အာခိရသ် (တမလွန်) ဘဝ၏ကောင်းချီးမင်္ဂလာများသည် အမြဲထာဝရဖြစ်သည်။

၃။ ဒွန်ယာ၏ ကောင်းချီးမင်္ဂလာများတွင် အလုံးစုံသောနှောင့်ယှက်မှုများ ရောပွန်းနေပြီး အာခိရသ်၏ ကောင်းချီးမင်္ဂလာများတွင်မူ ထိုကဲ့သို့သော မသန့်ရှင်းသည်များမှ ကင်းစင်ပါသည်။

၄။ ဒွန်ယာအတွက် ကောင်းချီးမင်္ဂလာများရရှိမည်ဆိုသည်မှာ မသေချာသော်လည်း အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့ရိုသေသူတိုင်း (မုသ်သကီ၊ သတ်ဝါစောင့်ထိန်းသူ) တို့သည် အာခိရသ်၏ ကောင်းချီးမင်္ဂလာများကို မုချဧကန်ရရှိပါလိမ့်မည်။ **(အလ်သဖ်စီရ်အလ်ကဗီး)**

وَلاَ خَيْرَ فِى الدُّنْيَا لِمَنْ لَمْ يَكُنْ لَّهُ مِنَ اللّٰهِ فِىْ دَارِ الْمَقَامِ نَصِيْبُ
فَاِنْ تَعْجِبُ الدُّنْيَا رِجَالاً فَاِنَّهَا مَتَاعٌ قَلِيْلٌ وَالزَّوَالُ قَرِيْبُ

အလ္လာဟ်အရှင်ချီးမြှင့်တော်မူသော ထာဝရနေထိုင်ရမည့်နေရာတွင် ဝေစုမရှိသောသူတစ်ဦးအတွက် ဒွန်ယာမှာလည်း အကျိုးအမြတ်မရှိပါ။ သို့တိုင် ဒွန်ယာက အချို့သောသူတို့အား စွဲမက်စေပါက (သတိထားပါ) ထိုပျော်ရွှင်မှုသည်တစ်ခဏမျှသာဖြစ်ပြီး ၎င်း၏ဆုတ်ခွာမှုသည်နီးကပ်နေပါပြီ (ဆိုလိုသည်မှာ သေဆုံးပြီးသည့်နောက် မျက်စိများမှိတ်သွားသည်နှင့် တပြိုင်နက်တည်း အာခိရသ်ကိုမြင်လာပါလိမ့်မည်)

**သေခြင်းတရားမှမလွတ်မြောက်နိုင်**

အာယသ်(၇၈)..<ဝ်ကြ-L^Aယ်<|^R_ဎ်Y<Aဝ်N<ဝ်\<T-aM-ပ်-Y^A-‘အသက်ထိုးသည်မည်သည့်နေရာ၌ပင်ရှိစေကာမူ မရဏာသေခြင်းတရားသည် အသင်တို့ထံရောက်ရှိလာအံ့”ထဲတွင် အလ္လာဟ်အရှင်မြတ်သည် ဂျိဟားဒ်စစ်ပွဲမှ ထွက်ပြေးသောသူများတို့တွင် ရှိနိုင်သောမည်သည့်သံသယမျိုးကိုမဆို ဖယ်ရှားပြစ်ပါသည်။ ၎င်းသူတို့သည် ဂျိဟားဒ်စစ်ပွဲကို ရှောင်လွှဲလိုက်ပါက သေခြင်းတရားကိုလည်း ရှောင်လွှဲနိုင်မည်ဟုထင်ကြပါသည်။ ထို့ကြောင့် အာယသ်တော်ကမိန့်ကြာထားသည်မှာ သေဆုံးရမည့်နေ့တစ်နေ့သည် ရှိပါသည်။ ထိုနေ့သို့ ရောက်ပါက အသင်ဘယ်မှာပင်ရှိနေပါစေ၊ သေခြင်းတရားသည် အသင်ရှိသောနေရာသို့ အတိအကျရောက်ရှိလာပါလိမ့်မည်။ ဤသဘောတရားကို ရှင်းလင်းပါက ဂျိဟားဒ်စစ်ပွဲမှ နောက်ဆုတ်ခြင်းသည် အဓိပ္ပာယ်မရှိပါ။

နာမည်ကျော်ကြားလှသော ဋ္ဌီကာရှင် ဟာဖစ်ဇ်အိဗ်နိကဆီးရ်က ဤအာယသ်တော်အကြောင်း ဆွေးနွေးရာတွင် အိဗ်နိဂျရီးရ်နှင့် အိဗ်နိအဗီဟာသင် တို့၏ ဆင့်ပြန်ချက်အရ မုဂျာဟိဒ်၏ ခိုင်လုံသော ထပ်ဆောင်းဆင့်ပြန်ချက်တွင် ပါဝင်သော သင်ခန်းစာ အပြည့်ရှိသည့်အဖြစ်အပျက်တစ်ခုကို တင်ပြထားပါသည်။ အစောပိုင်း အုမ္မသ်ထုမှ အမျိုးသမီးတစ်ဦးနှင့် ပတ်သက် သောအဖြစ်အပျက်ကို ပြန်လည်ပြောပြထားသည်။ သူမ၏ ကိုယ်ဝန်ရက်လစေ့ရောက်သောအခါ၌ သူမသည် ကလေးငယ်တစ်ဦးအား ဖွားမြင်ခဲ့ပါသည်။ ထို့နောက် မီးအနည်းငယ်ရရှိရန်အတွက် သူမ၏အစေခံအား အပြင်သို့စေခိုင်းလိုက်သည်။ အစေခံသည် အိမ်ထဲမှ အပြင်သို့ထွက်လိုက်သည်နှင့် တပြိုင်နက်၊ အမျိုးသားတစ်ဦး သူ၏ရှေ့မှောက်သို့ ရုတ်တရက်ရောက်ရှိလာခဲ့သည်။ ထိုသူက ဤအမျိုးသမီး အဘယ်ကလေးကို ဖွားမြင်ခဲ့သနည်းဟု မေးမြန်းရာ အစေခံကမိန်းကလေး ဖွားမြင်ခဲ့သည်ဟု ဖြေကြားလေသည်။ ထိုအခါ ယင်းသူက ပြောကြားသည်မှာ “အသင်မှတ်ထားရမည်မှာ ဤမိန်းကလေးသည် အမျိုးသားတစ်ရာနှင့် အိပ်စက်ပြီး အဆုံးတွင် ပင့်ကူတစ်ကောင်ကြောင့် သေဆုံးလိမ့်မည်”ဟူ၍ဖြစ်သည်။ ဤသည်ကိုကြားသည်နှင့် အစေခံသည် ချက်ခြင်းပြန်လှည့်ကာ ခေါင်းတစ်ချောင်းဖြင့် မိန်းကလေး၏ဝမ်းဗိုက်ကို နှစ်ခြမ်းခွဲပြစ်လိုက်ပါသည်။ သူမသေဆုံးပြီဟု ထင်မှတ်ပြီး အစေခံသည် အိမ်မှထွက်ပြေးသွားခဲ့သည်။ သို့ရာတွင် အချိန်အနည်းငယ်ကြာသောအခါ၌ မိန်းကလေး ၏ မိခင်က အစေခံနှစ်ခြမ်းခွဲသွားသော ဝမ်းဗိုက်ကို ပြန်လည်ချုပ်ပေးလိုက်ပါသည်။ ထို့နောက် မိန်းကလေးကြီး ပြင်းလာပြီး ပျိုမြစ်နုနယ်လှပတင့်တယ်သော အရွယ်သို့ရောက်ရှိခဲ့ပါသည်။ မည်မျှလှပသနည်းဟူမူ သူမသည် မြို့၏ ရတနာဟူ၍ပင် မှတ်ယူခြင်းခံရပါသည်။

အစေခံမှာမူ တိုင်းတစ်ပါးသို့ထွက်ပြေးတိမ်းရှောင်သွားပြီး ထိုအရပ်တွင် အချိန်ကြာမြင့်စွာ နေထိုင်ကာ ဥစ္စာဓနရှာဖွေစုဆောင်းခဲ့သည်။ သူအိမ်ထောင်ပြုရန်ကြံရွယ်သောအခါတွင် သူ၏နေရပ်ဟောင်းသို့ ပြန်လာခဲ့သည်။ သူသည် အဖွားအိုတစ်ဦးကို တွေ့ဆုံခဲ့သည်။ သူလက်ထပ်ထိမ်းမြားရန် သတို့သမီးတစ်ဦးကို ရှာဖွေနေပြီး ယင်းသတို့သမီးသည် ဤမြို့၏အလှဆုံးအမျိုးသမီးဖြစ်ရမည်ဟု သူက အဖွားအိုအားပြောပါသည်။ အဖွားအိုက ဤမြို့တွင် ပြိုင်ဘက်ကင်းအောင်လှပသည့် အမျိုးသမီးကလေးတစ်ယောက်အကြောင်းကို ပြောပြခါသူမကို လက်ထပ်သင့်ကြောင်း တိုက်တွန်းပြောဆိုခဲ့သည်။ ယခုအခါတွင် သူကြွယ်တစ်ဦးဖြစ်နေသော ထိုအစေခံသည် ကြိုးပမ်းအားထုတ်မှုများပြုလုပ်ခဲ့ပြီးသည့်နောက် အဆုံးတွင် ထိုမိန်းမပျိုးကလေးနှင့် လက်ထပ်ထိမ်းမြားခဲ့သည်။

တစ်ဦး၏အကြောင်းကို တစ်ဦးသိရှိနားလည်ရန် လုပ်ဆောင်ရာတွင် မိန်းကလေးက "သူမည်သူနည်း၊ အဘယ်မှာ နေထိုင်သနည်း"ဟုမေးမြန်းခဲ့သည်။ "တစ်ကယ်တန်းဆိုလျှင် ကျွန်ုပ်သည် ဤမြို့သားပင်ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်သည် မိန်းကလေးတစ်ဦး၏ ဝမ်းဗိုက်ကိုဓားဖြင့်နှစ်ခြမ်းခွဲခဲ့သောကြောင့် ဤမြို့မှ ထွက်ပြေးခဲ့ရသည်ဟု ပြောပြခဲ့သည်။ ထို့နောက်သူသည် ဖြစ်ပျက်ခဲ့သမျှအကြောင်းအရာအားလုံးကို သူမအားပြန်လည်ပြောပြခဲ့သည်။ ဤသည်ကိုကြားသိရသောအခါ မိန်းကလေးက ကျွန်မသည် ထိုမိန်းကလေးပင်ဖြစ်ပါသည်ဟု ပြောကာ သူမ၏ ဝမ်းဗိုက်ကိုပြသခဲ့သည်။ မိန်းကလေး၏ ဝမ်းဗိုက်မှ အမာရွတ်ကိုမြင်တွေ့ရသောအခါ "အကယ်၍ အသင်သည် ထိုမိန်းကလေးသာဖြစ်ခဲ့ပါလျှင် အသင်နှင့်ပတ်သက်သောအကြောင်းအရာနှစ်ခုကို ကျွန်ုပ်ဖော်ထုတ်ပြောပြပါမည်" ပထမတစ်ခုမှာ အသင်သည် အမျိုးသားတစ်ရာနှင့် အိပ်စက်ပါလိမ့်မည်"ဟု ပြောကြားလေသည်။ ထိုစဉ် အမျိုးသမီးက အရေအတွက်ကိုတော့ မမှတ်မိပါ။ သို့သော် ထိုကဲ့သို့လုပ်ဆောင်ခဲ့ပါသည်ဟု ဝန်ခံခဲ့သည်။ အရေအတွက်မှာ တစ်ရာတိတိဖြစ်ပါသည်။ ၎င်းနောက်အသင်သည် ပင့်ကူတစ်ကောင်ကြောင့် သေဆုံးရလိမ့်မည်ဟူ၍ ဖြစ်လေသည်။

ယခုအခါတွင် ကြွယ်ဝချမ်းသာသော ထိုယောကျ်ားက သူမနေထိုင်ရန်အတွက် မည်သည့် ပင့်ကူအိမ်မျှ မရှိသည့်ခမ်းနားထယ်ဝါသော နန်းတော်ဆောင်ကို ဆောက်လုပ်ပေးခဲ့ပါသည်။ တစ်နေ့သောအခါတွင် နန်းတော်အတွင်းရှိ ၎င်းတို့အခန်း၌ အနားယူနေစဉ် နံရံပေါ်၌ပင့်ကူတစ်ကောင်ကို ၎င်းတို့တွေ့ရှိခဲ့ပါသည်။ "အသင် ကျွန်မကို အထိတ်တလန့်ဖြစ်စေရန် ပြောခဲ့သောပင့်ကူမှာဒါလား"ဟု အမျိုးသမီးကမေးသည်။ အမျိုးသားက ဟုတ်မှန်ကြောင်းပြောခဲ့သည်။ ထိုစဉ်သူမသည် အိပ်ယာမှ တရှိန်ထိုးထကာ သို့ဆိုလျှင် ဤအရာကို ကျွန်ုပ်သည် ယခုပင်သတ်ပါမည်ဟု သူမပြောသည်။ ထိုကဲ့သို့ပြောပြီးသည့်နောက် သူမသည် ပင့်ကူအားကြမ်းပြင်ပေါ်သို့ ကျစေခါ ချေဖြင့်နင်းချေ၍သတ်ပစ်လိုက်သည်။

ပင့်ကူသေသွားခဲ့သော်လည်း အဆိပ်များတို့သည် သူမ၏ခြေထောက်နှင့် ခြေသည်းများကြားမှ ဝင်ရောက်ခါ သူမလည်းသေဆုံးသွားခဲ့သည်။ သေရမည်ဆိုသည့် သတင်းစကားသည် သူမအတွက် ရှင်းလင်းထင်ရှားသွားစေပါသည်။ (အိဗ်နိကဆီး၍)

ဤတွင် အမျိုးသမီးတစ်ဦးသည် အလွန်သန့်ရှင်းစင်ကြယ်ပြီးသစ်လွင်သော နန်းတော်တစ်ခုထဲတွင် နေထိုင်ခဲ့ပါသည်။ သို့ရာတွင် သူမသည်ပင့်ကူတစ်ကောင်ကြောင့် ရုတ်တရက်သေဆုံးသွားခဲ့ပါသည်။ သူမ၏ ဖြစ်စဉ်ကို တစ်ချိန်လုံးစစ်ပွဲများ၌ အချိန်ကုန်ဆုံးခဲ့သော်လည်း မသေဆုံးသောသူများနှင့် နှိုင်းယှဉ်ကြည့်ပါ။ စိုက်ယိဒိနာခါလိဒ်အိဗ်နိဝလိဒ် ﷺ အကြောင်းကို စဉ်းစားကြည့်စမ်းပါ။ သူသည် "ဆိုင်ဖွလာဟ်" "အလ္လာဟ် အရှင်မြတ်၏ခါးတော်"ဟူသော ဘွဲ့ဖြင့်လူသိများသော အစ္စလာမ့် စစ်ဗိုလ်ချုပ်လည်းဖြစ် ထင်ရှားကျော်ကြားသောစစ်သည်တော်တစ်ဦးလည်းဖြစ်ပါသည်။ သူသည် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ အာဇာနည်တစ်ဦးအဖြစ် ကျဆုံးရန်ပြင်းထန်သောဆန္ဒရှိသူတစ်ဦးလည်းဖြစ်ခဲ့သည်။ ထို့ကြောင့် "ရှဟီးဒ်" တစ်ဦးဖြစ်ရန်ဟု မျှော်မှန်းကာ ဂျိဟားဒ်စစ်ပွဲတစ်ပွဲပြီးတစ်ပွဲ တိုက်ခိုက်ရင်း သူဘဝတစ်ခုလုံး ကုန်ဆုံးစေခဲ့ပါသည်။ သူသည် စစ်ပွဲများတွင် ထောင်ပေါင်းမြောက်မြားစွာသော မယုံကြည်သွေဖည်ငြင်းပယ်သူများကို သတ်ဖြတ်ခဲ့ပါသည်။ အသက်အန္တရာယ်များအကြားတွင် နေထိုင်ပြီး စမ်းသပ်မှုများစွာကို ရဲဝံ့စွာဖြတ်သန်းခဲ့သည်။ အမျိုးသမီးတစ်ဦးကဲ့သို့

အိပ်ယာပေါ်တွင် အသက်သေဆုံးခြင်းကို မလိုလားဘဲ စစ်ပွဲတစ်ပွဲတွင် အကြောက်အရွံ့ကင်းသည့် စစ်သား တစ်ဦးကဲ့သို့ ဂျိဟားဒ်စစ်ပွဲတွင် ကျဆုံးစေရန် အစဉ်အမြဲတိုးရှိုးတောင်းပန် ဒုအာပြု၍နေခဲ့ပါသည်။ သို့ရာတွင် အလ္လာဟ်အရှင် သတ်မှတ်တော်မူထားခဲ့သည့်အတိုင်း အဆုံးတွင် မည်သည့်နေရာမျှ မဟုတ်ဘဲ အိမ်တွင်းရှိ သူ၏ အိပ်ယာထက်ဝယ် ကွယ်လွန်သေဆုံးခဲ့ပါသည်။

သင်ခန်းစာမှာ ရှင်ခြင်းသေခြင်းဆိုသည့် အစီအမံတို့သည် ကျွန်ုပ်တို့ ဖန်ဆင်းရှင်၏ လက်ထဲတွင်သာ ရှိသည်။ ထိုအရှင်၏အဆုံးအဖြတ်တို့သာ အတည်ဖြစ်သည်။ ထိုသည်နှင့်ပတ်သက်၍ ကျွန်ုပ်တို့မည်သည်မျှ မလုပ်ဆောင်နိုင်ပါ။ ထိုအရှင်သည် စွမ်းဆောင်နိုင်တော်မူပါသည်။ အကယ်၍ အလ္လာဟ်အရှင် ဆန္ဒတော်ရှိတော်မူပါလျှင် ဖဲမွေ့ယာ ပေါ်တွင် ပင့်ကူတစ်ကောင်ကြောင့် ကျွန်ုပ်တို့အား သေဆုံးစေနိုင်ပါသည်။ သို့မဟုတ်ပါမူ ထိုအရှင်က ကျွန်ုပ် တို့အားကယ်တင်ရန် ရွေးချယ်တော်မူပါလျှင် ဓါးလှံန်များနှင့် သေနတ်ကျည်ဆံများအကြားတွင်ရှိသော ကျွန်ုပ် တို့အား အသက်ရှင်လျက်ရှိနေစေနိုင်ပါသည်။

## လုံခြုံစိတ်ချရသောအိမ်များဆောက်လုပ်ခြင်းသည် "သဝပ်ကလ်"နှင့် မဆန့်ကျင်ပါ။

အာယသ်(၇၈) }+d-y#-w-M#<‡+O^r<B<ý^F_ù^t<n^|<o^L-O-ကို ကျွန်ုပ်တို့အား ကြွေကြွေပြီး အာယသ်ဆက်အာမိန့်ဆက် မူသည်မှာ "အကယ်၍ အသင်တို့သည် အလွန်ခိုင်ခံ့လုံခြုံသော ခံတပ်ရဲတိုက်များအတွင်း (ပုံးအောင်းခိုလုံ၍) ရှိနေကြ သော်လည်း "မရဏာသေခြင်းတရားမှ လွတ်မြောက်နိုင်ကြမည်မဟုတ်ချေ" ဟူ၍ဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့ အားပြောပြသည်မှာ နေထိုင်ရန်အတွက် ကောင်းမွန်ပြီးခိုင်ခံ့သော အိမ်တစ်အိမ် ဆောက်လုပ်ခြင်းသည် လူများနှင့် ပစ္စည်းများတို့၏ လုံခြုံမှုကို စိတ်ချစေပါသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် "သဝပ်ကလ်" (သို့) အလ္လာဟ်အရှင် ထံယုံမှတ်အပ်နှံခြင်းအဆိုအမိန့်များနှင့် မဆန့်ကျင်သကဲ့သို့ ရှရီအသ်၏ ဥပဒေများနှင့်လည်း မဆန့်ကျင်ပါ။ **(ကုရ်တုဗီ)**

## ကောင်းချီးမင်္ဂလာများသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်၊ ကျေးဇူးတော်များအရသာ ကျရောက်သည်

"အသင်၌ ဆိုက်ရောက်လာသမျှသောကောင်းချီးမင်္ဂလာအဖြာဖြာတို့သည် အလ္လာဟ်အရှင်မြတ်၏ အထံတော်မှပင်ဖြစ်၏"ဟု ဘာသာပြန်ဆိုထားသော အာယသ်(၇၉)၏ مَآ اَصَابَكَ مِنْ حَسَنَةٍ فَمِنَ اللّٰهِ ထဲတွင် ပါရှိသော "ဟဆနသင်" ]+n-s-H- ဟူသော စကားလုံး၏အဓိပ္ပာယ်မှာ "ကောင်းချီးမင်္ဂလာ"ဟူ၍ ဖြစ်ပါသည်။ **(မဇ်ဟရီ)** မည်သည့်ကောင်းချီး မင်္ဂလာမဆို လူသားအပေါ်၌ကျရောက်ခြင်း၊ မည်သည့်အကောင်းများ သူ့ထံရောက်ရှိခြင်းတို့သည် သူ၏ ရပိုင်ခွင့်အနေဖြင့် ရရှိခြင်းမဟုတ်ကြောင်းကို ဤအာယသ်တော်က ထောက်ပြပါသည်။ သူဤကဲ့သို့ ကောင်းချီး မင်္ဂလာများရရှိခြင်းသည် ယေဘုယျအစွမ်းအသုံးအနှုန်းအရ အလ္လာဟ်အရှင်မြတ်၏ "øvF ဖသ္ဒ်လ်" (သို့) အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်၊ ကျေးဇူးတော်တို့ကလွဲ၍ မည်သည်မျှမဖြစ်နိုင်ပါ။ လူတစ်ဦးသည် သူ၏မပြုမနေရတာဝန်ရှိသော အီဗာဒသ်ခဝတ်ကိုးကွယ်မှုများကို မည်မျှပင်လုပ်ဆောင်စေကာမူ ထိုလုပ်ရပ်များပေါ်မှာ အခြေခံ ကာ ကောင်းချီးမင်္ဂလာများနှင့် သူထိုက်တန်သည်ဟု အခိုင်အမာမပြောဆိုနိုင်ပါ။

အကြောင်းမှာ ရိုးရှင်းပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော အိဗာဒသ်ခဝတ်ကိုးကွယ်မှုများကို လုပ်ဆောင်နိုင်စွမ်းသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်ထံမှလွဲ၍ မည်သူ့ထံကမှ မရရှိပါ။ ယင်းကို အလ္လာဟ်အရှင်မြတ်၏ "ý^q_y^F_o^T– သောင်ဖီးက်"ဟု ခေါ်ဆိုပါသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများသည် မရေတွက်နိုင်လောက်အောင် များပြား ပါသည်။ ၎င်းတို့ကို ရရှိရန်မှာ ခဝတ်ကိုးကွယ်မှုများနှင့် အခြားသော အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံခြင်းအပြုအမူများဖြင့် အဘယ်ကဲ့သို့ ကန့်သတ်ထားနိုင်ပါမည်နည်း။ အထူးသဖြင့် အလ္လာဟ်အရှင်၏ တန်ခိုးတော်နှင့် အရှင်သခင်ဖြစ်မှုသည် အထွတ်အထိပ်ဖြစ်ခြင်း၊ ကျွန်ုပ်တို့စကြဝဠာ၏အရှင်သခင်ဖြစ်ပြီး အခြားသော စကြဝဠာအားလုံး၏ အရှင်ဖြစ်ခြင်းကြောင့် အလ္လာဟ်အရှင်မြတ်ကို ခဝတ်ကိုးကွယ်ပါသည်ဟု အမည်တပ်ကာ လုပ်သည်တိုင်းတို့သည် ထိုအရှင်၏ကောင်းချီးမင်္ဂလာများနှင့် ထိုက်တန်ခဲ့ပါသည်။ ဤအချက် ကို ဟဒီးဆ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားထားသည်မှာ-

ما احد يد خل الجنة الا بر حمة الله، قيل: ولا أنت؟ قال: ولا أنا

"အလ္လာဟ်အရှင်မြတ်၏ အသနားတော်မရှိခဲ့ပါလျှင် မည်သူမျှဂျန္နသ်အတွင်းသို့ ဝင်ရောက်နိုင်လိမ့်မည် မဟုတ်ပါ။ ဆင့်ပြန်သူက လျှောက်ထားသည်မှာ "တမန်တော်မြတ်ကြီးလည်းမဝင်ရောက်နိုင်ဘူးလား။ တမန်တော်မြတ်ကြီးကမိန့်ကြားသည် မှန်ပေသည်၊ ကျွန်ုပ်လည်းမဝင်ရောက်နိုင်ပါ"ဟု ဖြေကြားခဲ့သည်။

## ဘေးဒုက္ခအပေါင်းတို့သည် မကောင်းသောလုပ်ရပ်များ၏ရလဒ်ဖြစ်သည်

"အသင်၌ဆိုက်ရောက်သမျှသော ဒုက္ခဟူသရွေ့တို့သည် မိမိ(အပြုအမူတို့) ကြောင့်သာဖြစ်၏"ဟု အဓိပ္ပာယ် ပြန်ဆိုထားသော အာယသ်(၇၉) وَمَآ اَصَابَكَ مِنۡ سَيِّئَةٍ فَمِنۡ نَّفۡسِكَ ထဲတွင် "]+@_y#_S– စိုင်ယိအတင်"ဟူသောစကားလုံးသည် "]^b–y^u_M< မုဆွိဗဟ်" ဟုအဓိပ္ပာယ်သက်ရောက်ပါသည်။ မဇ်ဟရီအဆိုအရ "မုဆွိဗဟ်" ကို မကောင်းကျိုးများ၊ အခက်အခဲများ (ကံဆိုးခြင်းများ၊ ဘေးဒုက္ခများပျက်စီးဆုံးရှုံးမှုများ)ဟူ၍ အဓိပ္ပာယ် ဖွင့်သည်။

ဘေးဒုက္ခများတို့သည် အလ္လာဟ်အရှင်ဖန်ဆင်းထားခဲ့သော်လည်း ၎င်းတို့အကြောင်းရင်းသည် လူသားကိုယ်တိုင်၏မကောင်းမှုလုပ်ရပ်မှလွဲ၍ အခြားဘယ်အရာကြောင့်မျှ မဟုတ်ပါ။ အကယ်၍ ဤကမ္ဘာလောကတွင် မကောင်းကျိုးများသည် မယုံကြည်သွေဖည်သူ ကာဖိရ်တစ်ဦးအပေါ်၌ကျရောက်ပါလျှင် ယင်းသည် ပိုမို၍ပြင်းထန်ပြီး နောင်တမလွန်ဘဝတွင်ခံစားရမည့် အဆုံးအစွန်သောပြစ်ဒဏ်၏ နမူနာသာလျှင် ဖြစ်သည်။ အကယ်၍ သာ ဘေးဒုက္ခများသည် သက်ဝင်ယုံကြည်သူ "မုအ်မင်န်"တစ်ဦးအပေါ်၌ ကျရောက်ခဲ့ပါက ယင်းတို့သည် သူကျူးလွန်မိသော အမှားအတွက် ပြစ်ဒဏ်ခံရခြင်းဖြစ်သွားကာ နောင်တမလွန်ဘဝတွင် ကယ်တင်ခံရစေခြင်း၏ အကြောင်းရင်းဖြစ်စေပါသည်။ ထို့ကြောင့်တမန်တော်မြတ် ﷺ သခင်က ဟဒီးဆ်တစ်ပုဒ်ထဲတွင် မိန့်ကြားထားသည်မှာ-

ما من مصيبة تصيب المسلم الا كفر الله بها عنه حتى الشو كة يشا كها

"ဆိုးကျိုးများသည် မုစ်လင်မ်တစ်ဦးအပေါ်၌ မည်သည့်အခါမျှ မကျရောက်နိုင်ပါ။ ကျရောက်ခဲ့လျှင်သော် ဆူးညောင့်အစူးခံရခြင်းသည်ပင်လျှင် သူ့အတွက်ခွင့်လွှတ်ချမ်းသာပေးခံရခြင်း၏ အရင်းမြစ်ဖြစ်သွားပါသည်။" **(မဇ်ဟရီကျမ်းမှတဆင့်သိရှိမိဇီကျမ်း)**

အဗူမူစာတင်ပြခဲ့သော အခြားဟဒီးဆ်တစ်ပုဒ်ထဲတွင် တမန်တော်မြတ်ﷺက မိန့်ကြားသည်မှာ -

عن ابى موسى ان رسول الله صلى اللّه عليه وسلم قال لا تصيب عبدا
نكبة فما فوقها وما دونها الا بذنب وما يعفوا كثر

"အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်တစ်ယောက်အပေါ်၌ ကြီးလေးသည်ဖြစ်စေ၊ ပေါ့ပါးသည်ဖြစ်စေအခက်အခဲများ မကျရောက်နိုင်ပါ။ အကယ်၍ ကျရောက်ခဲ့ပါလျှင်လည်း သူကျူးလွန် သော အပြစ်ဂုနာဟ်ကြောင့်သာဖြစ်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် သူ့အား (မည်သို့သောဘေးဒုက္ခများ မခံစားစေဘဲ) ခွင့်လွှတ်သော ဂုနာဟ်များသည် သာပို၍များပြားလှပါသည်။" **(သိရှိမိဇီကျမ်းမှတစ်ဆင့်မဇ်ဟရီ)**

## အစ္စလာမ်၏တမန်တော်ကြီးသည် စကြဝဠာတစ်ခုလုံးအတွက် တမန်တော်ဖြစ်ခြင်း

အာယသ်တော်(၃၉)၏အဆုံးတွင် မိန့်ကြားထားသော وَاَرۡسَلۡنٰكَ لِلنَّاسِ رَسُوۡلاً "(အို-နဗီတမန်တော်)ငါအရှင်မြတ်သည် အသင့်အား လူခပ်သိမ်းတို့ထံသို့ ရစူလ်တမန်တော်အဖြစ်စေလွှတ်တော်မူခဲ့လေသည်" ဟူသောစကားလုံးတို့က ကမ္ဘာပေါ်ရှိ လူအများအတွက် တမန်တော်ကြီး ﷺသခင်အား အလ္လာဟ်အရှင်၏ တမန်တော်(ရစူလ်)အဖြစ် စေလွှတ်ကြောင်းကို သက်သေပြပါသည်။ တမန်တော်မြတ်ကြီးသည် အရပ်များအတွက်သာလျှင် တမန် တော်မဟုတ်ပါ။

အမှန်တကယ်မှာမူ တမန်တော်ဖြစ်ခြင်းသည် စကြဝဠာတစ်ခုလုံးအတွက်ဖြစ်ပါသည်။ တမန်တော်ခေတ်အခါသမယတွင်ရှိသောလူသားများအတွက်သာမက ကျွန်ုပ်တို့စကြဝဠာနောက်ဆုံးနေ့ (ကိယာမသ်)တိုင်ရှိနေမည့် လူသားအားလုံးအတွက်လည်းဖြစ်ပါသည်။ **(မဇ်ဟရီ)**

V V V V V V V

**အာယသ် (၈၀)**

مَنْ يُّطِعِ الرَّسُوْلَ
فَقَدْ اَطَاعَ اللّٰهَ ۚ وَمَنْ تَوَلّٰى فَمَآ اَرْسَلْنٰكَ عَلَيْهِمْ حَفِيْظًا ۝٨٠

**မည်သူမဆို ရစူလ်တမန်တော်၏အမိန့်တော်များကို လိုက်နာပါလျှင် ထိုသူသည် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာသည်မည်၏။ သို့ရာတွင် မည်သူမဆို (သင်၏အမိန့်များကို သွေဖည်၍) မျက်နှာလွှဲဖယ်သွားခဲ့ပါမူ (အသင်၏တာဝန်မဟုတ်ချေ) ငါအရှင်မြတ်သည် အသင့်အားထိုသူတို့အပေါ်၌ (တာဝန်ခံ) အုပ်ထိန်းသူအဖြစ် စေလွှတ်တော်မူခဲ့သည်မဟုတ်ပေ။ (၄း၈၀)**

ဤအာယသ်တော်၏ အလျင်အာယသ်တော်ထဲတွင် တမန်တော်ဖြစ်ခြင်း၏ အတည်ပြုချက်ပါဝင်ပါသည်။ ယခုအာယသ်တော်ထဲတွင် တမန်တော်မြတ်အား နာခံခြင်းသည် မပြုမနေရဟူသော တမန်တော်၏ အခွင့်အာဏာကို ခိုင်မြဲသည့် အဆိုအမိန့်ပါလာပါသည်။ အကယ်၍ ရန်လိုသူများသည် နာခံရန်ငြင်းဆိုခဲ့ပါလျှင် ၎င်းတို့ မနာခံခြင်းအတွက် မြင့်မြတ်သော အစွမ်းလာမ့်တမန်တော်ကြီးထံတွင် တာဝန်မရှိဟူသော နှစ်သိမ့်သည့် စကားလုံးများ ပါဝင်ပါသည်။

အာယသ်တော်အဖွင့်အဆိုအမိန့်ထဲတွင်အလ္လာဟ်အရှင်၏မြင့်မြတ်သော တမန်တော်ကြီး၏အခွင့်အာဏာနှင့် ပတ်သက်သည့် အလွန်အရေးကြီးသောမူတစ်ခုပါဝင်သည်။ ယင်းတွင် တမန်တော်ကြီးအား နာခံခြင်းသည် အလ္လာဟ်အရှင်မြတ်အားနာခံခြင်းနှင့်အတူတူပင်ဖြစ်သည်ဟု ဖော်ပြထားသည်။ ဤသည်မှ ပေါ်ထွက်လာသည်မှာ မည်သူမဆို တမန်တော်မြတ် ﷺ သခင်အား မနာခံခြင်းသည် မလွဲမသွေအလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို မနာခံခြင်းပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံခြင်းသည် ဆင်ခြင်တုံတရားအရ မပြုမနေရ ဖရသ်ွတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။ အမှန်တရားသည် အလွန်ထင်ရှားပါလျက်နှင့် တစ်စုံတစ်ဦးသည် တမန်တော်မြတ် ﷺ ပေးသောသတင်းစကားကို ငြင်းပယ်ပြီးကျောခိုင်းသွားပါက တမန်တော်ကြီးအား ထိုကဲ့သို့သောသူများ၏ အကြင်နာတရားကင်းမဲ့သောအပြုအမူအတွက် သောကမရောက်စေရန် မိန့်ကြားထားသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏တမန်တော်အား ထိုသူများ၏အပြုအမူကို စောင့်ကြပ်ကြည့်ရှုရန် စေလွှတ်ထားခြင်းမဟုတ်ပါ။ ယင်းအတွက် တမန်တော်မြတ် ﷺ တွင် တာဝန်မရှိပါ။ ဆိုလိုသည်မှာ ထိုသူများမယုံကြည်သွေဖည်မှု၌ မနစ်မြုပ်စေရန် စောင့်ကြည့်ဖို့ရာ အလ္လာဟ်အရှင်မြတ် တမန်တော်ကြီးအား တာဝန်ပေးမထားပါ။ ထိုသူများ၏ မယုံကြည်သွေဖည်မှုကို ရပ်တန့်ရန်ဟူသော တာဝန်လည်း မအပ်နှင်းပါ။ ကိုယ်တော်၏တာဝန်ဝတ္တရားသည် အလ္လာဟ်အရှင်မြတ်၏ သတင်းစကားပါးရန်သာဖြစ်သည်။ ဤသည်ကို ဆောင်ရွက်ပြီးပါက ၎င်း၏တာဝန်သည် ကျေပွန်ပြီးဖြစ်သည်။ ထို့နောက် အကယ်၍ ထိုသူတို့သည် မယုံ သွေဖည်မြဲ သွေဖည်နေပါက ယင်းသည် ၎င်းတို့အလုပ်သာဖြစ်ပြီး တမန်တော်ကြီးအား စစ်မေးမည်မဟုတ်ပါ။

**(မောင်လာနာအရှရဖ်အလီထာနဝီပြုစုသောဗယာန္နလ်ကုရ်အာန်ကျမ်း)**

**အာယသ် (၈၁-၈၂)**

وَيَقُولُونَ طَاعَةٌ فَإِذَا بَرَزُوا مِنْ عِنْدِكَ بَيَّتَ طَائِفَةٌ
مِنْهُمْ غَيْرَ الَّذِي تَقُولُ وَاللَّهُ يَكْتُبُ مَا يُبَيِّتُونَ فَأَعْرِضْ
عَنْهُمْ وَتَوَكَّلْ عَلَى اللَّهِ وَكَفَىٰ بِاللَّهِ وَكِيلًا ﴿٨١﴾ أَفَلَا يَتَدَبَّرُونَ
الْقُرْآنَ وَلَوْ كَانَ مِنْ عِنْدِ غَيْرِ اللَّهِ لَوَجَدُوا فِيهِ اخْتِلَافًا
كَثِيرًا ﴿٨٢﴾

ထို့ပြင်တစ်ဝ ၎င်း("မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ်)တို့သည် (အသင်၏ရှေ့၌မူ ကျွန်တော်များ၏ တာဝန်ကား အသင်နဗီတမန်တော် ၏ အမိန့်တော်များကို မပျက်မကွက်) "လိုက်နာရန်သာရှိသည်" ဟု ပြောဆိုလေ့ရှိကြကုန်၏။ တစ်ဖန် အသင်၏ထံမှ ထွက်ခွာသွားကြသောအခါ ၎င်းတို့အနက်မှ လူတစ်စုသည် မိမိတို့ပြောဆိုခဲ့ကြသော အချက်များနှင့် ဆန့်ကျင်သော ကိစ္စများကို ညဉ့်အချိန်၌တိုင်ပင်ဆွေးနွေးကြကုန်သည်။ အလ္လာဟ်အရှင်မြတ်သည်လည်း ၎င်းတို့ညဉ့်အချိန်၌ ဆွေးနွေးကြသောကိစ္စများကို မှတ်သားလျက်ရှိတော်မူ၏။ သို့ဖြစ်ပေရာ အသင်သည် ထိုသူတို့အား လျစ်လျူရှုပြီး အလ္လာဟ်အရှင်မြတ်အားသာ ယုံကြည်စိတ်ချအားထား၍ နေပါလေ။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် ယုံကြည်အားထားရာအရှင်အဖြစ်လုံလောက်တော်မူပေသတည်း။ (၄း၈၁)

၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို လေ့လာဆင်ခြင်သုံးသပ်ခြင်းမရှိကြပါသလော။ အကယ်၍သာ ယင်း (ကုရ်အာန်ကျမ်းမြတ်)သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားသူ၏ထံမှ (ရောက်ရှိလာသောကျမ်းဂန်)သာ ဖြစ်ခဲ့ပါမူ၊ ထိုသူတို့သည် ၎င်း (ကုရ်အာန်ကျမ်းတော်)တွင် မြောက်မြားစွာသောကွဲလွဲမှုတို့ကို မလွဲမကန်တွေ့ရှိခဲ့ကြကုန်အံ့။ (၄း၈၂)

တမန်တော်မြတ်ကြီးအား နာခံခြင်းသည် မပြုမနေရတာဝန်ဖြစ်သည် ဟူ၍ အာယသ်တော် (၈၀)တွင် ဖော်ပြထားခဲ့ပါသည်။ အကယ်၍ မယုံကြည် သွေဖည်သူများက ကိုယ်တော်၏သတင်းစကားကို ငြင်းပယ်ပါလျှင်လည်း တမန်တော်မြတ် ﷺ အား နှစ်သိမ့်ထားသည်။ ဤအာယသ်တွင် မပြုမနေရတာဝန်ကို အချို့သော အရေခြံများက ရှောင်ကွင်းသွားလေ့ရှိပုံကိုဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုခြင်း

ပထမအာယသ် (၈၁) وَيَقُوْلُوْنَ طَاعَةٌ فَاِذَا بَرَزُوْا مِنْ عِنْدِكَ بَيَّتَ طَآئِفَةٌ مِّنْهُمْ غَيْرَ الَّذِىْ تَقُوْلُ "ထို ပြင်တစ်ဝဂ်း (မုနာဖစ်က်အယောင်ဆောင် မုစ်လင်မ်)တို့သည် အသင်၏ရှေ့၌မူ ကျွန်တော်များ၏တာဝန်ကား အသင်နဗီတမန်တော်၏အမိန့်တော်များကိုမပျက်မကွက် လိုက်နာရန်သာရှိသည်ဟု" ပြောဆိုလေ့ရှိကြကုန်၏---။ သည်လိမ်ညာခြင်းမူကို ကျင့်သုံးသောသူများအား ရှုတ်ချပြစ်တင်ထားသည်။ သူတို့၏နှလုံးသားထဲတွင် ကွယ်ဝှက်ထားသည်ကတစ်မျိုး နှုတ်မှဖွင့်ဟပြောကြားသည်ကတစ်ဖုံ ပြောကြားပါလိမ့်မည်။ ဤသည်ကို အတည်ပြုပြီးသည်နှင့်တပြိုင်နက်တည်း ထိုကဲ့သို့သောလူတစ်စုအား အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ် ﷺသည်မည်ကဲ့သို့သဘောထားသင့်ပါသနည်း။ အာယသ်တော်၏ နောက်ပိုင်းတွင် ယင်းကိစ္စရပ်နှင့် ပတ်သက်၍ အထူးညွှန်ကြားချက်တစ်ရပ်ပါဝင်ပါသည်။

## ခေါင်းဆောင်တစ်ဦးအတွက် အရေးကြီးသည့် ညွှန်ကြားချက်

فَاَعْرِضْ عَنْهُمْ وَتَوَكَّلْ عَلَى اللّٰهِ وَكَفٰى بِاللّٰهِ وَكِيْلاً ဟူသောအာယသ်သည် တမန်တော်မြတ်ﷺနှင့် မျက်နှာချင်းဆိုင်တွေ့ရှိသောအခါတွင် ၎င်းတို့သည်လုံးဝရိုကျိုးပါသည်၊ တမန်တော်မြတ် ﷺမိန့်ကြားသည်များကို လက်ခံပါသည်ဟူ၍ပြောဆိုသော အရေခြုံများကိုရည်ညွှန်းပါသည်။ သို့ရာတွင် ၎င်းတို့သည် တမန်တော်ကြီး အပါးမှထွက်ခွာသွားသောအခါ၌စုဝေးကာ တမန်တော်ကြီးအား မနာခံရန်အစီအမံပြုလုပ်ကြပါသည်။ ၎င်းတို့၏ ဤကဲ့သို့သော လိမ်လည်လှည့်ဖြားခြင်းသည် တမန်တော်မြတ်ﷺအား စိတ်ထိခိုက်စေပါသည်။ ထိုစဉ် အလ္လာဟ် အရှင်မြတ်က ၎င်းသူတို့အား လျစ်လျူရှုရန်နှင့် အလ္လာဟ်အရှင်မြတ်အားယုံပုံကိုးစားကာ မိမိ၏တာဝန်ဝတ္တရားများကို ဆက်လက်လုပ်ဆောင်ရန် တမန်တော်မြတ်ﷺသခင်အား ညွှန်ကြားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည်သာလျှင် တမန်တော်မြတ်တွက် အလုံးစုံပြည့်စုံလုံလောက်စေတော်မူပါသည်။

လူအများအား ခေါင်းဆောင်သူတစ်ဦးသည် အမျိုးစုံသော အခက်အခဲများကို ဖြတ်ကျော်ရသည့် အကြောင်းကို ဤသည်မှ ကျွန်ုပ်တို့သိရှိရပါသည်။ လူအများသည် တမန်တော်မြတ်အပေါ် မဖြစ်နိုင်သော စွတ်စွဲချက်များ တင်ကြပါသည်။ ထို့ပြင် အဆွေခင်ပွန်းဖြစ်ခြင်းနှင့် ယုံကြည်မှုအရေခြုံထားသော ရန်သူများသည် တမန်တော်၏ ပတ်လည်တွင်ရှိကြပါသည်။ ထိုကဲ့သို့သော အခက်အခဲအဟန့်အတားများရှိလင့်ကစား ဤခေါင်းဆောင်သည် စွဲမြဲမှုနှင့် သန္ဓိဌာန်ချမှုကိုပြသရပါမည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်အား ယုံကြည်ချက်အပြည့်အဝထားကာ သူ၏တာဝန်များကို စွဲမြဲစွာလုပ်ဆောင်ရပါမည်။ အကယ်၍သာ သူ၏ရည်ရွယ်ချက်နှင့် တွေးခေါ်မှုတို့သည် မှန်ကန်ပါက " ÒÃá– à `Ẅ––^A_ အင်နှရှာအလ္လာလ်" သူ အောင်မြင်ပါလိမ့်မည်။

## ကျမ်းတော်မြတ်ကုရ်အာန်ကိုစဉ်းစားတွေးခေါ်ခြင်း

အာယသ်(၈၂)သည် —A'r^ტqL^A—O^r<B#–d–t–Y–*–F–A– 'ငါ့ထံသည်ကုန်ရောအာန်ကျမ်းဆော်မြတ်ကိုဆင်ဝေဖန်သုံးသပ်ခြင်း မရှိကြပါသလော" ဟူ၍ အစပြုထားသည်။ ဤအာယသ်တော်မှတစ်ဆင့် အလ္လာဟ်အရှင်မြတ်သည် လူအများအားကုရ်အာန်ကျမ်းတော်မြတ်ကို ဆင်ခြင်စဉ်းစားရန် ဖိတ်ခေါ်ထားပါသည်။ ဤတွင် အချက်အလက်အနည်းငယ်တို့သည်မှတ်သားထိုက်ပါသည်။ ပထမဦးစွာအနေဖြင့် —O^r<B#–d–t–Y–*–F–A– "ငါ့ထံတို့သည်ကုရ်အာန်ကျမ်းဆော်မြတ်ကိုလေ့လာ ဆင်ခြင်သုံးသပ်ခြင်း မရှိပါသလော ---"ဟူ၍ မိန့်ထားပါသည်။ --O^!<r–ტ^Y–*–F–A– ငါ့ထံတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို မဖတ်ရွတ်ကြပါသနည်းဟူ၍ မသုံးစွဲထားပါ။ ထင်ရှားသည်မှာ ဤအာယသ်တော်မှတစ်ဆင့် သိမ်မွေ့သောအညွှန်းတစ်ခု ပေးသည်မှာ အကယ်၍ ငါ့ထံတို့သည် ကုရ်အာန်ကျမ်းတော်မြတ်အား နက်နဲစွာလေ့လာမည်ဆိုပါက ကျမ်းတော်ထဲတွင်သုံးစွဲထားသော စကားလုံးများနှင့် အဓိပ္ပာယ်များတွင် ကွာဟချက်မရှိကြောင်း အကြံပြုချက်ပင် ဖြစ်သည်။ ဤသဘောကို "O^r<B#–d–T– တဒဗ်ဗရူ"ဟူသော စကားလုံးကို သုံးစွဲမှုမှတစ်ဆင့် ရရှိနိုင်ပါသည်။ ယင်း၏အဓိပ္ပာယ်မှာ "တွေးတောခြင်း" (သို့) "စဉ်းစားဆင်ခြင်ခြင်း" ဟူ၍ဖြစ်ပါသည်။ စဉ်းစားဆင်ခြင်ခြင်းနှင့် နက်နက်နဲနဲတွေးခေါ်မြော်မြင်ခြင်းမျိုးမပါသော ရိုးရိုးတန်းတန်း ဖတ်ရွတ်ခြင်းသည် အမှန်တကယ်မရှိသော ဆန့်ကျင်ဘက်များ (ဝိရောဓိများ) ကို စတင်တွေ့ ရှိနိုင်ပါသည်။

ဤအာယသ်တော်မှပေါ်ထွက်လာသော ဒုတိယအချက်မှာ ကျမ်းတော်မြတ်ကုရ်အာန်ကပင် လူသားတိုင်းကို ကျမ်းတော်မြတ်ပါအဓိပ္ပာယ်များအား စဉ်းစားဆင်ခြင်ရန် တောင်းဆိုထားပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ကို စဉ်းစားဆင်ခြင်မှုပြုခြင်းသည် အမြင့်မားဆုံးနှင့် အစွမ်းဆောင်နိုင်ဆုံး တတ်ကျွမ်းသူများ (အိမာမ်များနှင့် မုဂျ်သဟိဒ်များ)၏ သီးသန့်နယ်ပယ်ဟု သတ်မှတ်ခြင်းသည် မမှန်ကန်ပါ။ သို့သော်လည်း စဉ်းစားဆင်ခြင်ခြင်းအဆင့်တို့သည် နားလည်ခြင်းနှင့် အသိဉာဏ်တို့၏အဆင့်အတန်းအရ အမျိုးမျိုးသောအဆင့်များရှိနိုင်သည်ဆိုသည်မှာ မှန်ကန်ပါသည်။ ကြီးကျယ်သောတတ်ကျွမ်းသူများတို့၏ ဆင်ခြင်စဉ်းစားချက်အရ အာယသ်တော်တိုင်းမှ ပြဿနာပေါင်းထောင်ပေါင်းများစွာတို့၏ အဖြေကိုကောက်ချက်ချနိုင်ပါလိမ့်မည်။ သာမာန်ပညာရှင်တစ်ယောက်၏ ဆင်ခြင်မှုသည် ထိုပြဿနာများနှင့် ယင်းတို့၏အဖြေများကို နားလည်သဘောပေါက်ရုံမျှသာဖြစ်သည်။ သာမန်လူတို့သည် ကျမ်းတော်မြတ်ကုရ်အာန်အား ဖတ်ရွတ်သရဇ္ဈာယ်ကာ ကျမ်းတော်မြတ်ပါအဓိပ္ပာယ်ဆိုလိုရင်းများကို မိမိဘာသာစကားဖြင့် အဓိပ္ပာယ်ပြန်ဆိုရှင်းလင်းချက်များတစ်ဆင့် စဉ်းစားဆင်ခြင်ပါက သူ၏နှလုံးသားထဲတွင် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မှုများကိုစွဲမှတ်စေကာ အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးမှု ဖြစ်ပေါ်စေပြီး နောင်လာမည့်ဘဝ အာခိရတ်အတွက် သောကဖြစ်ပေါ်စေပါသည်။ ဤသည်က အောင်မြင်ခြင်း၏သော့ချက်ပင်ဖြစ်ပါသည်။ သို့သော်လည်း သာမန်လူများ ဒိဟများနှင့် မှားယွင်းစွာနားလည်မှုများဖြစ်ပေါ်ခြင်းမှ ကင်းဝေးစေရန်မှာ ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်အား တစ်ပုဒ်ပြီးတစ်ပုဒ်၊ အာလမ်တစ်ဦး၏ လမ်းညွှန်မှုဖြင့် လေ့လာဆည်းပူးသင့်ပါသည်။ အကယ်၍ ဤကဲ့သို့မလုပ်ဆောင်နိုင်ခဲ့ပါလျှင် အချို့သောခိုင်လုံပြီး ယုံကြည်စိတ်ချရသော သဖိစီရ် (အကျယ်ဖွင့်ဆိုချက်၊ ဋီကာဖွင့်ဆိုချက်)များကို လေ့လာဆည်းပူးသင့်ပါသည်။ ထိုကဲ့သို့ လေ့လာဆည်းပူးနေစဉ်တွင် အချို့သောသံသယများပေါ်ပေါက်လာပါက ပုဂ္ဂိုလ်

ရေးဆိုင်ရာထင်မြင်ယူဆချက်အပေါ်မူတည်၍ အဖြေမရှာဘဲ တတ်ကျွမ်းနားလည်သော ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် အသိဉာဏ်ကြွယ်သော နည်းပင်ဖြစ်ပါသည်။

**တစ်ဦးခြင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့၏ ဋီကာ အကျယ်ဖွင့်ဆိုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာရှင်းလင်းခြင်းတို့တွင် ချုပ်ကိုင်အုပ်စီးခြင်းမရှိရ။ သို့ရာတွင် ယင်းကိစ္စအတွက် စည်းကမ်းချက်များရှိပါသည်။**

ကုရ်အာန်ကျမ်းတော်မြတ်တွင်ပါရှိသော အာယသ်တော်များကို လူတိုင်းလူတိုင်းစဉ်းစားဆင်ခြင်နိုင်ကြောင်းကို လက်ရှိကျွန်ုပ်တို့ ကိုးကားနေသော အာယသ်တော်ကပြောပြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့အစောပိုင်းက တင်ပြထားသကဲ့သို့ "တဒဗ်ဗရ်" r^B#–d–T– တွင် အဆင့် အမျိုးမျိုးရှိပါသည်။ အဆင့်တစ်ခုစီတိုင်းကို သီးခြား ဥပဒေဖြင့် ထိန်းချုပ်ထားပါသည်။ "တဒဗ်ဗရ်"တွင် ကြီးကျယ်သည့် ကျွမ်းကျင်ပိုင်နိုင်သူ "မုဂ္ဂါသဟိဒ်' တစ်ဦး၏ လေးနက်သော စဉ်းစားဆင်ခြင်မှုကို ကျွန်ုပ်တို့ကြည့်ပါစို့။ ဤနည်းပညာအရ ပြဿနာများ၏ အဖြေများကို ကုရ်အာန်ကျမ်းတော်မြတ်မှတစ်ဆင့် အမြင့်ဆုံးအဆင့်ဖြင့် ထုတ်နှုတ်ပါသည်။ ပြဿနာတို့၏ အဖြေကိုရှာရန် အတွက် ကုရ်အာန်ကျမ်းတော်မြတ်အရ စဉ်းစားဆင်ခြင်မည်ဆိုလျှင် တစ်စုံတစ်ဦးသည် ဦးစွာပထမအနေဖြင့် ယင်းကဲ့သို့ လုပ်ဆောင်ရာ၌ အသုံးပြုသောအခြေခံဥပဒေများကို လေ့လာထားရန်လိုအပ်ပါသည်။ သို့မှသာ သူရရှိသည့် အဖြေများသည် မှန်ကန်ပြီးခိုင်လုံပါလိမ့်မည်။ အကယ်၍ သူသည် အဖြေစတင်ရှာရန်အတွက် အခြေခံဥပဒေများ နားလည်မှု၌ ချို့ယွင်းချက်ရှိခဲ့ပါလျှင်သော်လည်းကောင်း၊ သူ၏ ဤဘာသာရပ်ဆိုင်ရာ ပညာရပ်နှင့် လေ့ကျင့် သင်ယူမှုသည် အပြစ်အနာဆာများ မကင်းပါလျှင်သော်လည်းကောင်း၊ အကယ်၍ သူ့တွင်အဆုံး၌ ကျွမ်းကျင်ပိုင်နိုင်သော "မုဂ္ဂါသဟိဒ်" တစ်ဦးတွင်ရှိရမည့် အရည်အချင်းများနှင့် အခြေအနေများ မရှိပါက သူ၏ရလဒ်များသည် မှားယွင်းမည်မှာ ထင်ရှားပါသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ကောင်းမွန်စွာ တတ်သိနားလည် သော ပညာရှင်များက ထိုရလဒ်များနှင့်ပတ်သက်၍ ဆန့်ကျင်ဖြေဆိုလာကြပါလိမ့်မည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းသည် မှန်ကန်သောလုပ်ရပ် ဖြစ်ပါသည်။

ဆေးတက္ကသိုလ်အနီးအနားသို့ ပင်မရောက်ဖူးသောသူတစ်ဦးသည် လေ့ကျင့်သင်ကြားပြီးသော ဆရာဝန်များက တစ်နိုင်ငံလုံးရှိဆေးဝါးဆိုင်ရာကုသမှုအရပ်ရပ်ကို အဘယ့်ကြောင့်လက်ဝါးကြီးအုပ်ခွင့်ရှိရသနည်းဟု စတင်ကန့်ကွက်လာပြီး သူသည်လည်း လူသားတစ်ဦးအနေဖြင့် လူနာများအားဆေးကုသခြင်းကို အဘယ့်ကြောင့် ခွင့်မပြုသနည်းဟု မေးလာသည်ကိုစဉ်းစားကြည့်ပါ။

သို့မဟုတ်ပါမူ လူတစ်ဦးသည် သူ၏ဆင်ခြင်တုံတရားကို အသုံးမချဘဲ အဘယ့်အတွက်ကြောင့် ကျွမ်းကျင်သည့် အင်ဂျင်နီယာများကိုသာ ဆည်မြောင်းများ၊ တံတားများနှင့် ရေကာတာများတည်ဆောက်ရန် ကန်ထရိုက်လုပ်ငန်းအားလုံးတို့ကို ပေးရပါသနည်းဟု ကန့်ကွက်ပြောကြားလာနိုင်ပါသည်။ သူသည်လည်း တိုင်းပြည်၏ ပြည်သူပြည်သားတစ်ဦးဖြစ်သောကြောင့် ထိုကဲ့သို့လုပ်ငန်းများလုပ်ဆောင်ရန် အပြည့်အဝထိုက်တန်သည်ဟု ပြောဆိုလာနိုင်ပါသည်။

သို့မဟုတ်ပါမူ ဆင်ခြင်တုံတရားမဲ့သောသူတစ်ဦးသည် တိုင်းပြည်၏ဥပဒေများကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အသုံးချခြင်းတို့တွင် အဘယ့်ကြောင့် ဥပဒေဆိုင်ရာ ကျွမ်းကျင်သူများကိုသာ ခွင့်ပြုရပါသနည်းဟု ကန့်ကွက်ပြောဆိုလာသူလည်း ရှိနိုင်ပါသည်။ သူသည်လည်း စိတ်မှန်ပြီး အရွယ်ရောက်သူဖြစ်၍ အဘယ့်ကြောင့် ယင်းအလုပ်မျိုးကို လုပ်ခွင့်မရပါသနည်း။ ထင်ရှားသည်မှာ ထိုသူသည် နိုင်ငံ၏ ပြည်သူပြည်သားတစ်ယောက် အနေဖြင့် ထိုကဲ့သို့သော လုပ်ဆောင်ခွင့်ရှိသည်ဆိုသည်မှာ သံသယမရှိကြောင်း ဆိုသည်ကိုတော့ ပြောဆိုနိုင်ပါသည်။ သို့သော်လည်း ထိုကဲ့သို့သောလုပ်ငန်းများကို ပြီးမြောက်အောင်လုပ်နိုင်စွမ်းရည်ရရှိရန်အတွက် လူတစ်ဦးသည် နှစ်ပေါင်းများစွာသင်ကြားခြင်းနှင့် လေ့ကျင့်မှုတို့တွင်ရှိသော ခက်ခဲသည့်အဆင့်များကို ဖြတ်ကျော်ရသည်ဆိုသည်မှာလည်း မှန်ကန်သောအချက်ပင်ဖြစ်ပါသည်။ ဤသည်အားလုံးတို့ကို မိမိဖာသာတစ်ဦးတည်း လုပ်ဆောင်၍မရပါ။ သတ်မှတ်ထားသည့် ဘွဲ့ထူးဂုဏ်ထူးများရရှိပြီး လုပ်ငန်းခွင်ဆိုင်ရာ အသိအမှတ်ပြုခံရရန်အတွက် တစ်စုံတစ်ဦးသည် ကျွမ်းကျင်သောဆရာတို့ဖြင့် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်တို့ကို လက်ခံရရှိခဲ့ရပါမည်။ အကယ်၍ ဤကန့်ကွက်သောသူသည် ဦးစွာပထမသက်ဆိုင်ရာ ပညာရပ်တိုင်းကိုသင်ယူရန် အဆင်သင့်ဖြစ်ပြီး သင်ကြားအောင်မြင်ပေါက်ရောက်ခဲ့ပါက သူသည်လည်း မုချဧကန်သက်ဆိုင်ရာလုပ်ငန်းရပ်များတွင် လုပ်ဆောင်နိုင်ပါသည်။

သို့သော် ဤတူညီသည့်အချက်ကိုနှိုင်းယှဉ်ဆင်ခြင်၍ သဘောတရားအဖြစ် သိမ်မွေ့နူးညံ့ပြီး အလွန်ရှုပ်ထွေးလှသော ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အသုံးချခြင်းတို့၌ ယင်းနည်းလမ်းကိုယူသောအခါ “အုလမာ” “သာသနာ့ပညာရှင်”တို့သည် ဤလုပ်ငန်းကို လက်ဝါးကြီးအုပ်ထားသည်ဟု မခံချင်အောင်ပြောဆိုမှုများ၊ စွပ်စွဲချက်များတရစပ်ပေါ်ထွက်လာသည်ကို ကျွန်ုပ်တို့တွေ့ရပါသည်။ ကုရ်အာန်ကျမ်းတော်မြတ် နှင့် စွန္ဒသ်တော်အား အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အသုံးပြုခြင်း တို့တွင် အဘယ်အရည်အချင်း၊ အဘယ်အရည်အသွေးမှ မလိုအပ်တော့ဘူးလား။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်ဆိုင်ရာ ဤကြီးကျယ်သော ဘာသာရပ်ကို လအနည်းငယ်မျှပင် လေ့လာဆည်းပူး သင်ယူခဲ့ဘူးခြင်း မရှိသောသူများက လုပ်ပိုင်ခွင့်အနေဖြင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်တို့နှင့်ဆိုင်သော အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အသုံးချခြင်းတို့ကို မိမိတို့ထင်မြင်ယူဆချက်အတိုင်း လူတိုင်းလူတိုင်း လုပ်ဆောင်နေခြင်းသည် ဤကျယ်ဝန်းလှသော ကမ္ဘာ၌ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်ဆိုင်ရာအသိပညာတို့ကို အမွေဆက်ခံသူမရှိကြ၊ အုပ်ထိန်းသူမရှိတော့ပြီဟု ကျွန်ုပ်တို့ကပြောများပြောနေကြလေသလား၊ ကြောက်ခမန်းလိလိပေတကား။

## Say-Q_ **ကိယား(စ်)၏သက်သေပြချက်**

ဤအာယ်တော်မှ နောက်ထပ်အရေးကြီးသော ဥပဒေတစ်ခုကိုလည်း ကျွန်ုပ်တို့သိရပါသည်။ ယင်းမှာ ကျွန်ုပ်တို့သည် ပြဿနာတစ်ခုအတွက် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ် တော်ထဲတွင် ရှင်းလင်းပြတ်သားသော အဆိုအမိန့်မတွေ့ရှိပါက အဖြေရရှိရန်အတွက် အထက်ဖော်ပြပါစည်းမျဉ်းများအရ လေးနက်စွာ စဉ်းစားဆင်ခြင်ရန် အစွမ်းကုန်အားထုတ်သင့်ပါသည်။ ဤလုပ်ဆောင်နည်းကို ကိယား(စ်) သို့မဟုတ် တူညီသည့်အချက်တို့ကို နှိုင်းယှဉ်စဉ်းစားဆင်ခြင်ခြင်းဖြင့် ထုတ်နှုတ်သည်ဟုခေါ်ဆိုသည်။။ **(ကုန်တုဗီ)**

## မြောက်မြားစွာသောကွဲလွဲမှု

အာယသ်တော်(၈၂)၏ နောက်ဆုံးဝါကျ- وَلَوْ كَانَ مِنْ عِنْدِ غَيْرِ اللَّهِ لَوَجَدُوْا فِيْهِ اخْتِلاَفًا كَثِيْرًا "(ယင်းကုရ်အာန်ကျမ်းတော်မြတ်)သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားသူ၏ထံမှ (ရောက်ရှိသောကျမ်းဂန်) သာဖြစ်ခဲ့ပါမူ ထိုသူတို့သည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)တွင် မြောက်မြားစွာသောကွဲလွဲမှုကို မလွဲဧကန် တွေ့ရှိခဲ့ကြကုန်အံ့)"ကို ဘာသာပြန်ရာတွင် ရှင်းလင်းချက်အချို့လိုအပ်သည်။ ဤတွင် "မြောက်မြားစွာသော ကွဲလွဲမှု"ဆိုသည်မှာ အကြောင်းအရာတစ်ခုတွင် ကွဲလွဲမှုရှိပါက အကြောင်းအရာတော်တော်များများတွင်လည်း ကွဲလွဲမှုရှိနိုင်ကာ မြောက်မြားစွာသောကွဲလွဲမှုများဖြစ်ပေါ်လာနိုင်သည်ဆိုသည်မှာ ထင်ရှားသည်။ **(ဘယာနုလ်ကုရ်အာန်)**

သို့သော်လည်း ကိစ္စရပ်၏အမှန်တရားကား ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်နေရာတွင်မျှ ကွဲလွဲမှု မရှိချေ။ ထို့ကြောင့် ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏ နှုတ်ကပါဌ်တော်ပင် ဖြစ်ပေသည်။ ဤသို့ပြီးပြည့်စုံသည့် ညီညွတ်မှုကား လူသား၏ပြောစကားထဲ၌ မတွေ့နိုင်ချေ။ ထို့ပြင် ကျမ်းတော်မြတ်၏အတုမရှိ အာဝဇ္ဇန်းရွှင်မှုသည်ကား မည်သည့်အခါတွင်မျှ အဖျားရူးသည်မရှိ။ ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း ရှိတော်မူကြောင်း၊ လူအများ၏ မယုံကြည်သွေဖည်မှုအကြောင်းနှင့် တရားဝင်(ဟလာလ်)တရားမဝင် (ဟရာမ်)တို့အတွက် ဥပဒေများချမှတ်ခြင်းတို့လုပ်ဆောင်ရာ၌ မညီမညွတ်ဖြစ်ခြင်း၊ ကွာဟခြင်းတို့ မရှိချေ။ ကျမ်းမြတ်က အကွယ်မှ အကြောင်းကို သတင်းစကားပေးထားသည်။ သို့သော်လည်း ထိုသတင်းစကားသည် အမှန်တရားနှင့် မလိုက်လျောမညီညွတ်သည့်သတင်းစကားမဟုတ်ချေ။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်၏တစ်လျှောက်လုံး သီကုံးရေးဖွဲ့နည်း၏ အရည်အသွေးကို အမြဲတမ်းထိန်းသိမ်းထားသည်မှာ ယင်း၏ဟန်ပန်ဖြစ်၍ ယင်းအရည်အသွေး မည်သည့်အခါမျှကျဆင်းမသွားပါ။ လူသား၏ပြောဆိုချက်နှင့် ရေးသားချက်များသည် အဖြစ်အပျက်အခြေအနေများ၏ ရောင်ပြန်ဟပ်မှုရှိသည်။ ယင်းတို့သည် အေးချမ်းသာယာမှု၊ စိတ်ပျံ့လွင့်မှု၊ ပျော်ရွှင်မှုနှင့် ဝမ်းနည်းမှုတို့နှင့် အတူလိုက်၍ ပြောင်းလဲသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် အလုံးစုံသော မဆီလျော်မအပ်စပ်မှုနှင့် ကွဲလွဲမှုတို့မှ ကင်းစင်သည်။ ဤသည်ကား ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ နှုတ်ကပါဌ်တော်ဖြစ်ခြင်း၏ ရှင်းလင်းသော သက်သေသာဓကပင်တည်း။

v v v v v v v

**အာယသ် (၈၃)**

وَإِذَا جَآءَهُمْ أَمْرٌ مِّنَ الْأَمْنِ أَوِ الْخَوْفِ أَذَاعُوا بِهِۦ ۖ
وَلَوْ رَدُّوهُ إِلَى الرَّسُولِ وَإِلَىٰٓ أُو۟لِى الْأَمْرِ مِنْهُمْ لَعَلِمَهُ الَّذِينَ
يَسْتَنۢبِطُونَهُۥ مِنْهُمْ ۗ وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُۥ لَٱتَّبَعْتُمُ
ٱلشَّيْطَٰنَ إِلَّا قَلِيلًا ﴿٨٣﴾

ထိုမှတစ်ပါးတုံ ၎င်းတို့ထံစိတ်အေးဖွယ်ရာသော သတင်းတစ်ရပ်ရပ်၊ သို့မဟုတ် ကြောက်ရွံ့စိုးရိမ်ဖွယ်ရာသော သတင်းတစ်ရပ်ရပ်ရောက်ရှိလတ်သော်၊ ထိုသူတို့သည် ၎င်းသတင်းကို (စဉ်းစားဆင်ခြင် သုံးသပ်ခြင်းမရှိဘဲ ချက်ခြင်းပင်) ပျံ့နှံ့စေလေ့ရှိကြသည်။ အကယ်၍သာ ထိုသူတို့သည် ၎င်းသတင်းကို ရစူလ်တမန်တော်ထံသို့ဖြစ်စေ၊ သို့မဟုတ် ဩဇာအာဏာရှိသူများထံသို့ဖြစ်စေ ပို့ဆောင်လွှဲအပ်ခဲ့ကြပါမူ၊ ထိုသူတို့အနက်မှ နက်နဲစွာစဉ်းစားဆင်ခြင်တတ်သောသူတို့သည် ထိုသတင်း (၏အခြေအမြစ်)ကို မလွဲမကန် (ဝေဖန်ပိုင်းခြား၍) သိရှိကြပေမည်။ အမှန်စင်စစ်သော်ကား အကယ်၍သာ အသင်တို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သည် မရှိခဲ့ပါမူ အနည်းငယ်သောသူတို့မှအပ အသင်တို့(အားလုံး)သည် 'ရှိုင်တွာန်"၏ နောက်သို့ မုချလိုက်ခဲ့ကြမည်သာတည်း။ (၄:၈၃)

**အကျယ်ဖွင့်ဆိုခြင်း**
**ဝဟီပို့ချခြင်း၏နောက်ခံအကြောင်း**

စိုက်ယိဒိနာ အိဗ်နိုအဗ္ဗာစ်၊ ဒုဟ်ဟာက်နှင့် အဗူမုအဇ် ﴿ﷺ﴾သခင်တို့၏အဆိုအရ အာယသ်တော် وَإِذَا جَآءَهُمْ أَمْرٌ مِّنَ الْأَمْنِ أَوِ الْخَوْفِ أَذَاعُوا بِهِۦ "(ထိုမှတစ်ပါးတုံ ၎င်းတို့ထံစိတ်အေးဖွယ်ရာသော သတင်းတစ်ရပ်ရပ်သို့မဟုတ် ကြောက်ရွံ့စိုးရိမ်ဖွယ်ရာသောသတင်းတစ်ရပ်ရပ်ရောက်ရှိလတ်သော်၊ ထိုသူတို့သည် ၎င်းသတင်းကို (စဉ်းစားဆင်ခြင်သုံးသပ်ခြင်း မရှိဘဲချက်ခြင်းပင်) ပျံ့နှံ့စေလေ့ရှိကြသည်။)" သည်အရေခြုံများနှင့် ပတ်သက်၍ကျရောက်ခဲ့ပါသည်။ ထို့ပြင် စိုက်ယိဒိနာဟစန်နှင့် အခြားသူများအဆိုအရ ဤအာယသ်တော်သည် အီမာန်ယုံကြည်မှုအားနည်းသော မုစ်လင်မ်များနှင့် ပတ်သက်၍ကျရောက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ **(ရူဟုလ်မအာနီ)**

ဤအာယသ်တော်နှင့်ပတ်သက်သည့် အဖြစ်အပျက်များကို အိဗ်နိုကဆီးရ်က ဤအာယသ်တော်ကျရောက်ခြင်း၏နောက်ကြောင်းကို စဉ်းစားတွေးခေါ်ရာတွင် စိုက်ယိဒိနာအုမရ်အိဗ်နိအလ်ခသ်သွာဗ် ﴿ﷺ﴾သခင်နှင့်

ပတ်သက်သော ဟဒီးဆ်တော်အား ရည်ညွှန်းခြင်း၏ အရေးကြီးမှုအပေါ် အလေးအနက်ပြုထားသည်။ ဤဟဒီးဆ်တော်အရ တမန်တော်မြတ် ﷺသခင်သည် ကိုယ်တော်၏ဇနီးသည်များကို ကွာရှင်းလိုက်ပြီဟု စိုက်ယိဒိနာအုမရ် ﷺ ကြားသိသည်နှင့် တပြိုင်နက်ဂင်းသည် အိမ်မှထွက်ခွာ၍ ဗလီဝတ်ကျောင်းတော်သို့ ဦးတည်သွားခဲ့သည်။ ဗလီဝတ်ကျောင်းတော် လေ့ကားထစ်များရောက်စဉ် ဗလီတွင်းမှလူအများ ဤအကြောင်းနှင့်ပတ်သက်၍ ပြောဆိုနေကြောင်းကြားရသည်။ ဤသည်ကိုမြင်၍ ဆွဟာဗဟ်ကြီးက ဤကဲ့သို့သော ကိစ္စကို ဦးစွာပထမစုံစမ်းစစ်ဆေး ရမည်ဟုပြောကြားခဲ့သည်။ ထို့ကြောင့်ဂင်းက တမန်တော်မြတ် ﷺသခင်ထံသွားရောက်ကာ ကိုယ်တော့်ကို ဇနီးသည်များအား ကွာရှင်းပြတ်စဲပြီးခဲ့ပါလားဟုမေးမြန်းခဲ့သည်။ ကိုယ်တော်မြတ်က "မဟုတ်"ဟုဖြေကြား ခဲ့သည်။ စိုက်ယိဒိနာအုမရ်ﷺသခင်က ပြောသည်မှာ"ကိစ္စရပ်၏ အမှန်တရားကို သိရှိပြီးနောက် ကျွန်ုပ်သည်ဗလီဝတ်ကျောင်းတော်သို့ပြန်သွားကာ တံခါးဝတွင်ရပ်လျက် တမန်တော်မြတ် ﷺသည် ဇနီးသည်နှင့် မကွာရှင်းခဲ့ပါဟု ကြေညာခဲ့သည်။ သင်တို့ပြောသမျှတို့သည် အမှားများသာဖြစ်သည်" ဟုပြောဆိုခဲ့သည်။ထိုစဉ် r%M^A-ù^E<á-a`J-AX-A_O- အာယသ်ဆတ်ကျရောက်ခဲ့သည်။**(သဖိစိန်အိဗ်နိကဆီး၍)**

## ဟုတ်မဟုတ် မှန်မမှန် မစစ်ဆေးဘဲ ကောလာဟာလ ပျံ့နှံ့စေခြင်း

ဤအာယသ်တော်က ကျွန်ုပ်တို့အားပြောသည်မှာ တစ်ဆင့်ကြားစကားကို ယင်း၏ခိုင်လုံမှုအား ဦးစွာ မစစ်ဆေးမစုံစမ်းဘဲ တစ်ဆင့်ဖောက်သည်ချမပြောရချေ။ ထို့ကြောင့် ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺသခင်က-**كفى بالمرء كذبا أن يحدث بكل ماسمع** ဟုမိန့်ကြားခဲ့သည်။ ဆိုလိုသည်မှာ "သူကြားသမျှကိုဦးစွာပထမ မှန်မမှန်မစစ်ဆေးဘဲ တစ်ဆင့်ပြောကြားခြင်းသည် လူတစ်ယောက်လူလိမ်ဖြစ်စေရန်လုံလောက်သည်" အခြားဟဒီးဆ်တော်တွင် တမန်တော်မြတ်ﷺသခင်က- **من حدث بحديث وهو يرى انه كذب فهو احد الكاذبين** ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ "မည်သူမဆိုအကြောင်း အရာတစ်ခုကို အလိမ်အညာဟု သိလျက်နှင့် ထိုသူကပြန်လည်တစ်ဆင့်ပြောဆိုခဲ့လျှင် ၎င်းသည် လူလိမ်နှစ်ဦးတွင်တစ်ဦး အပါအဝင် ဖြစ်သွားပေသည်။" **(သဖိစိန်အိဗ်နိကဆီး၍)**

## ဩစာအာဏာရှိသူများ ဆိုသည်မှာ မည်သူများနည်း

အာယသ်တော်တွင်ပါဝင်သော ဖော်ပြချက်နှစ်ခုနှင့်ပတ်သက်၍ ကျွန်ုပ်တို့ စဉ်းစားဆင်ခြင် ကြည့်ကြစို့။ ယင်းဝါကျ-**وَلَوْرَدُّوْهُ اِلَى الرَّسُوْلِ وَاِلٰٓى اُولِى الْاَمْرِ مِنْهُمْ لَعَلِمَهُ الَّذِيْنَ يَسْتَنْبِطُوْنَهٗ مِنْهُمْ** တွင်ပါရှိ၍ ("ထိုသူတို့သည် ၎င်းသတင်းကိုရစူလ်တမန်တော်ထံသို့ဖြစ်စေ၊ သို့မဟုတ် ဩဇာအာဏာရှိသူများထံသို့ဖြစ်စေ ပို့ဆောင်လွှဲအပ်ခဲ့ကြပါမူ၊ ထိုသူတို့အနက်မှ နက်နဲစွာ စဉ်းစားဆင်ခြင်တတ်သော သူတို့သည် ထိုသတင်း(၏အခြေအမြစ်)ကို မလွဲဧကန် (ဝေဖန်ပိုင်းခြား၍) သိရှိကြပေမည်။") ဟူ၍ အဓိပ္ပာယ် ပြန်ဆိုခဲ့သည်။ နောက်စာလုံး Ž^a-bn^t_S^A_ "အိစ်သင်ဗတ်"သည် စာပေဝေါဟာရအရရေတွင်း၏အနက်ဆုံးပိုင်းမှ ရေကိုဆွဲငင်ခြင်းဟုရည်ညွှန်းသည်။ ရေတွင်းတစ်တွင်းတူးရာတွင် ပထမဆုံးထွက်လာသောရေကို "မုစ်သန်ဗတ်"ဟုခေါ်သည်။ သို့သော်လည်း ဤမူရင်းစာသား၌သုံးနှုန်းမှု၏ ဆိုလိုရင်းမှာ ကိစ္စတစ်ရပ်၏ အမှန်တရားကိုရှာဖွေရန်အတွက် တစ်စုံတစ်ခုကို

ခြေခြေမြစ်မြစ်ကြည့်ရမည်။ **(ကုရ်တုဗီ)**

rM&AoLOA (ဩဇာအာဏာရှိသူ)ဟူသော အသုံးနှုန်း၏ မှန်ကန်သောဆိုလိုရင်း အဓိပ္ပာယ်နှင့် ပတ်သက်၍ ပညာရှင်များ၏ရပ်တည်မှုမှာကွဲပြားခြားနားကြသည်။ စိုက်ယိဒိနာဟစန်၊ ကသာဒဟ်နှင့် အိဗ်နိအဗီလိုင်လာ ﷺတို့က ဤသည်မှာ မုစ်လင်မ်ပညာရှင်များနှင့် ဓမ္မသတ်ပညာရှင်များ(á aeqFO á aml I)ကို ရည်ညွှန်းသည်ဟုဆိုသည်။ အလ်စုဒ်ဒီက ဤသည်မှာ အုပ်ချုပ်သူများနှင့် အရာရှိများ •a\HOáArMA ကိုဆိုလိုသည်ဟုဆိုသည်။ ဤအဆိုနှစ်ခုစလုံး တင်ပြပြီးနောက် အဗူဗကရ် အလ်ဂျဆ်ဆွားဆ်က ယေဘုယျအမြင်တစ်ရပ်ဟု သတ်မှတ်ကာ နှစ်ခုစလုံးကို ဆိုလိုကြောင်း မိန့်ကြားသည်။ ဤသည်မှာ မှန်ကန်သောချဉ်းကပ်နည်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် r_M^& ^AýL_OA< သည် ၎င်းတို့အားလုံးကို ရည်ညွှန်းသော ကြောင့်ဖြစ်သည်။ သို့သော်လည်း အခြို့သော မုစ်လင်မ်ပညာရှင်များက r_M^& ^AýL_OA< သည် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ(á aeqF)ကိုရည်ညွှန်းခြင်းဖြစ်သည်ဟူသောအချက်နှင့်ပတ်သက်၍ သံသယရှိကြသည်။ အဘယ့်ကြောင့်ဆိုသော်ယင်း၏စာပေသဘောအရ r_M^& ^AýL_OA< သည် အမိန့်အာဏာအရ အုပ်ချုပ်မှုစီမံလုပ်ဆောင်သူများဟု အဓိပ္ပာယ်သက်ရောက်သည်။ မုစ်လင်မ်ဓမ္မသတ်ပညာရှင် á aeqF တို့သည် ဤအလုပ်မလုပ်ကြောင်း ထင်ရှားသည်။ ဤကိစ္စရဲ့စစ်မှန်မှုကို ကျွန်ုပ်တို့ကြည့်ကြစို့။ အမိန့်ဩဇာအာဏာကို အကောင်အထည်ဖော်ရာ၌ အသွင်နှစ်မျိုးရှိသည်။ ပထမအနေနှင့် အင်အားသုံးခြင်း၊ အတင်းအကြပ်ပြုခြင်းနှင့် ဖိနှိပ်ခြင်းတို့သုံး၍ လုပ်နိုင်သည်။ ဤသို့လုပ်ဆောင်ခြင်းကို ဩဇာအာဏာ ရှိသူတို့သာ လုပ်ဆောင်နိုင်သည်။ အမိန့်ဩဇာအာဏာနာခံခြင်း၏ ဒုတိယပုံစံကား ယုံကြည်ခြင်းနှင့် အားကိုးခြင်းမှလာသည်။ ယင်းသည် လေးစားအပ်သော မုစ်လင်မ်ဓမ္မသတ်ပညာရှင် áaeqF များကိုသာ ယုံကြည်အားကိုးခြင်းပေါ် တည်မှီသည်။ ယင်းအချက်၏သရုပ်သကန်မှာ ခေတ်အဆက်ဆက်ရှိ ယေဘုယျ မုစ်လင်မ်များအားလုံး၏ ဘဝတွင်ပေါ်လွင်ပေသည်။ ထိုမုစ်လင်မ်များသည် ဘာသာရေးဆိုင်ရာကိစ္စရပ်များ၏ မပြုမနေရလုပ်ဆောင်ရမည်တို့ကို ဘာသာရေးဆိုင်ရာပညာရှင် áaml I များ၏ အခွင့်အာဏာနှင့်ဆုံးဖြတ်ချက်တို့ကို မိမိတို့၏လွတ်လပ်သောဆန္ဒနှင့် လွတ်လပ်သောရွေးချယ်မှုအရ လုပ်ကြသည်။ ထို့ပြင် ရှရီအသ်တရားတော်အရ ပညာရှင်များချမှတ်ထားသော ဥပဒေများအပေါ် လိုက်နာခြင်းသည် ၎င်းတို့အပေါ်၌ မပြုမနေရ (ဝါဂျိဗ်)ဖြစ်ပေသည်။ ဤအကြောင်းကြောင့် r_M^& ^AýL_OA< (ဩဇာအာဏာရှိသူများ) ဟူသောအသုံးအနှုန်းကို အာလင်မ်ပညာရှင်များအား သုံးစွဲခြင်းသည်လည်း မှန်ကန်သည် **(အလ်ဂျဆ်ဆွားဆ်၏ အဟ်ကာမုလ်ကုရ်အာန်ကျမ်း)**

ဤအကြောင်း၏အသေးစိတ်များကို -**اَطِيْعُوا اللّٰهَ وَاَطِيْعُوا الرَّسُوْلَ وَاُولِى الْاَمْرِ مِنْكُمْ** "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို လိုက်နာကြလေကုန်"။ ထိုနည်းတူစွာ အသင်တို့သည် ရစူလ်တမန်တော်၏အမိန့်တော်များကိုလည်းကောင်း၊ မိမိတို့အနက်မှ အာဏာပိုင်များ၏အမိန့်ကိုလည်းကောင်း လိုက်နာကြလေကုန်"(၄း၅၉)၏ အကျယ်ဖွင့်ဆိုချက်တွင် ဖော်ပြခဲ့ပြီးဖြစ်လေသည်။

## မျက်မှောက်ခေတ် ပြဿနာများအတွက် "ကိယားစ်"နှင့် အိဂျ်သိဟာဒ်"

ဤအာယသ်တော်မှ ကျွန်ုပ်တို့တွေ့ရှိရသည်မှာ ကုရ်အာန်ကျမ်းတော်မြတ် (သို့) စွန္နသ်တော်တို့၏ ခိုင်လုံသော စာသား (ဝိN နားစ်)တို့တွင် သီးသန့်ဖော်ပြမထားသော ပြဿနာများအတွက် ဥပဒေများကို

ကုရ်အာန်ကျမ်းတော်မြတ်အား မှီငြမ်း၍ "အိဂ်္ဂသိဟားဒ်"နှင့် "ကိယားစ်"မူကို သုံးစွဲကာ အဖြေကိုထုတ်နူတ်ပါမည်။ အဘယ့်ကြောင့်ဆို ဤအာယသ်တော်ထဲ၌ အကယ်၍တမန်တော်မြတ် ﷺသက်ရှိထင်ရှားရှိနေပါက မည်သည့် ပြဿနာမျိုးကိုမဆိုအဖြေရရန်အတွက် တမန်တော်မြတ် ﷺဘက်သို့လှည့်ရန်အမိန့်ပေးထားပါသည်။ အကယ်၍ တမန်တော်မြတ် ﷺသခင်မရှိခဲ့ပါက မုစ်လင်မ်အုမ်မသ်ထု၏ ဘာသာရေးဆိုင်ရာ ပညာရှင်များနှင့် ဓမ္မသတ် ရှင်များ áaeqFOáamlI တို့ဘက်သို့ လှည့်ရန်အမိန့်ပေးထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်ကျမ်းတော်များ၏ ခိုင်လုံသောစာသားတို့မှဘာသာရေးဆိုင်ရာ အမိန့်ပညတ် ချက်များကို ထုတ်နူတ်ခြင်း၊ ဖန်တီးခြင်း စသည့်လိုအပ်သော အရည်အချင်းများရှိသောကြောင့်ဖြစ်သည်။

အထက်ဖော်ပြပါအဆိုအမိန့်မှပေါ်ထွက်လာသောလမ်းညွှန်ချက်များမှာ-

(၁) ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်တို့၌ ခိုင်လုံပြီးရှင်းလင်းပြတ်သားသော စာသားများ (နားစ်)မရှိပါက ဖုကဟာနှင့် အုလမာများ (မုစ်လင်မ်ဓမ္မသတ်ရှင်များနှင့်ပညာရှင်များ) ဘက်သို့လှည့်ခြင်းသည် လုပ်ဆောင်ရမည့်လမ်းကြောင်းပင်ဖြစ်သည်။

(၂) အလ္လာဟ်အရှင်မြတ်၏အမိန့်ပညတ်ချက်တွင် အမျိုးအစားနှစ်မျိုးနှစ်စားရှိပါသည်။ အချို့သည် ရှင်းလင်းပြတ်သားပြီး အမိန့်ပေးသော ("မန်စူးစ်"နှင့် "ဆွရီး") စာသားများကျမ်းတော်မြတ်တွင် ပါရှိသည်။ ထို့နောက် အချို့တို့သည် ရှင်းလင်းပြတ်သားခြင်းမရှိဘဲ ၎င်းတို့၏ အဓိပ္ပာယ်သည် အဆုံးအစမရှိသော အလ္လာဟ် အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်အရနှင့် အလ္လာဟ်အရှင်မြတ်၏ သဘောတော်အရ အာယသ်တော်များ၏ နက်ရှိုင်းမှုအောက်တွင် မြှုပ်နှံထားပါသည်။

(၃) ယင်းကဲ့သို့သော အဓိပ္ပာယ်များကို အတည်ပြုပြီးဖြစ်သော "အိဂ်္ဂသိဟားဒ်"နှင့် "ကိယားစ်" နည်းတို့ဖြင့် ဖော်ထုတ်ခြင်း၊ ဖန်တီးခြင်းတို့သည် အုလမာ(သာသနပညာရှင်)များ၏ တာဝန်ဖြစ်သည်။

(၄) မုစ်လင်မ်အုမ္မသ်ထုအတွက်မှာမူ ထိုကဲ့သို့သောပြဿနာများအတွက် အုလမာ(သာသနာ့ပညာရှင်)များ ပေးသောလမ်းညွှန်မှုကို လိုက်နာသင့်သည်ဆိုသည်မှာ လိုအပ်ပါသည်။**(အလ်ဂျဆ္ဆိဆ္ဆားဆ္ဆိ၏ အဟ်ကာမုလ် ကုရ်အာန်)**

## အမိန့်ပညတ်ချက် ထုတ်နူတ်ခြင်းဆိုင်ရာ တမန်တော်တာဝန်

لَعَلِمَهُ الَّذِيْنَ يَسْتَنْبِطُوْنَهُ مِنْهُمْ "ထိုသူတို့အနက်မှ နက်နဲစွာစဉ်းစားဆင်ခြင်တတ်သော သူတို့သည် ထိုသတင်း(၏အခြေအမြစ်)ကို မလွဲဧကန် (ဝေဖန်ပိုင်ခြား၍) သိရှိကြပေမည်"ဟူ၍ဖြစ်သည်။ ယင်းက ဆွေးနွေး ရှင်းလင်းဖော်ပြရန် လိုအပ်သော၊ အားလုံးသောအမိန့်ပညတ်ချက်များကို ထုတ်နူတ်ခြင်း၊ ဖန်တီးခြင်းနှင့် သက်သေသာဓကများဖြင့် စဉ်းစားတွေးခေါ်ခြင်းများပြုလုပ်ရန် တမန်တော်မြတ်ﷺသခင်ကိုလည်း တာဝန် ပေးခဲ့ကြောင်း ပြသပါသည်။ ဤသို့ ဖြစ်ရခြင်းမှာ အာယသ်တော်၏ အစောပိုင်းတွင် အရင်းအမြစ်နှစ်ခုဘက်သို့ လှည့်ရန်အမိန့်ပေးထားသောကြောင့်ဖြစ်သည်။ ပထမအနေနှင့် တမန်တော်မြတ်ﷺဘက်သို့ လှည့်ရန်နှင့် ဒုတိယအနေဖြင့်အာဏာပိုင်များr_M^&–^AýL_OA< ဘက်လှည့်ရန်ဖြစ်သည်။ ထိုသည်၏နောက်-لَعَلِمَهُ الَّذِيْنَ يَسْتَنْبِطُوْنَهُ "ထိုသူတို့အနက်မှ နက်နဲစွာစဉ်းစားဆင်ခြင်တတ်သောသူတို့သည် ထိုသတင်း (၏အခြေအမြစ်)ကို မလွဲဧကန်

(ဝေဖန်ပိုင်းခြား၍) သိရှိကြပေမည်"ဟူ၍ မိန့်ကြားထားသည်။ ဤအမိန့်ပညတ်ချက်သည် အထက်ဖော်ပြပါ နှစ်မျိုးနှစ်စားလုံး အကျုံးဝင်စေသည့် ယေဘုယျ ပညတ်ချက်ပင်ဖြစ်သည်။ ထို့ကြောင့် အမိန့်ပညတ်ချက်များ ထုတ်နှုတ်ခြင်းလုပ်ငန်းစဉ်ကို တမန်တော်မြတ် ﷺ ကိုလည်း တာဝန်ပေးအပ်ခဲ့ကြောင်း ဤသည်ကသက်သေပြပါသည်။ **(အလ်ဂျဆ္ဆ်ဆွားဆ်ဆ်၏အဟ်ကာမုလ် ကုရ်အာန်)**

## အရေးကြီးသောမှတ်စု

အကယ်၍ တစ်စုံတစ်ဦးသည် ရှရီအသ်၏အမိန့်ပညတ်ချက်ထုတ်နှုတ်ခြင်းတွင် ဤအာယသ်တော်သည် မပတ်သက်ဟု သံသယဝင်ပါက (သို့) မှတ်ယူပါက အာယသ်တော်သည် ငြိမ်းချမ်းသာယာသောအခါနှင့် စိုးရိမ်ထိတ်လန့်ဖွယ်ရာအခြေအနေမျိုးများတွင် ရန်သူနှင့်ရင်ဆိုင်ရပါက ကောလာဟလ သတင်းဖြန့်ခြိမှု မလုပ်သင့်ကြောင်း လူအများအား ညွှန်ကြားချက်ပေးရုံမှလွဲ၍ အပိုမမိန့်ပါ။ ကောလာဟလသတင်းဖြန့်ခြိမည့်အစား တစ်စုံတစ်ဦးသည် ယုံကြည်စိတ်ချရပြီး အသိဉာဏ်ကြွယ်သော သူတို့၏ ထိုက်သင့်သော စဉ်းစားဆင်ခြင်မှုနှင့်အညီ ပေးသော အကြံဉာဏ်အရ လုပ်ဆောင်ရပါမည်။ ၎င်းပြင် အာယသ်တော်ထဲတွင် ပြဿနာသစ်များ (သို့) ခမွသတ်ပညာရှင်များနှင့် မည်သည့်ပတ်သက်ဆက်နွယ်မှုမှမပါဝင်ပါ။

ဤသံသယဖြစ်မှုကို ဖြေကြားရန်အတွက်ဆိုလျှင်- **جَآءَهُمْ اَمْرٌ مِّنَ الْاَمْنِ اَوِ الْخَوْفِ** "၎င်းတို့ထံ စိတ်အေးဖွယ်ရာသတင်းတစ်ရပ်ရပ် (သို့မဟုတ်) ကြောက်ရွံ့စိုးရိမ်ဖွယ်ရာသော သတင်းတစ်ရပ်ရပ်" ဟူသော ဤအာယသ်တော်ပါစာကြောင်းထဲတွင် ရန်သူတစ်ဦးတစ်ယောက်အကြောင်း ဖော်ပြထားခြင်းမရှိပါ။ ထို့ကြောင့် ငြိမ်းချမ်းခြင်း၊ စိုးရိမ်ကြောက်ရွံ့ရ ခြင်းတို့သည် လူတိုင်းနှင့်သက်ဆိုင်သည်။ ရန်သူတစ်ဦးနှင့် သက်ဆိုင်သည်ဆိုခြင်းသည်လည်း နေ့စဉ်ကြုံတွေ့ရသောပြဿနာများတို့တွင် ကြုံတွေ့ရခြင်းနှင့်အတူတူပင်ဖြစ်သည်။ ဤသို့ဖြစ်ခြင်းသည် သာမာန်လူတစ်ဦးအတွက် ပြဿနာတစ်ခုပေါ်ပေါက်လာကာ ယင်း၏တရားဝင်မှု၊ တရားမဝင်မှုသည် ခိုင်လုံသောစာသားများ၌လည်းမပါဝင်ပါက ၎င်းအားအကျပ်အတည်းဖြစ်ကာ မည်သည့်ဘက်သို့လိုက်ရမည်ကို သူ မဆုံးဖြတ်နိုင်တော့ပါ။ နှစ်ဖက်စလုံးမှာလည်း အကျိုးအမြတ်ဖြစ်နိုင်ချေအတူတူရှိသည်။ ထိုကဲ့သို့သောအခြေအနေအချို့အတွက် အစွလာမ်ရှရီအသ်ကတည်ထွင်ထားသော အသန့်ဆုံးနည်းမှာ အမိန့်ပညတ်ချက်များကို ထုတ်နှုတ်ခြင်းနှင့် ဖန်တီးခြင်းများလုပ်နိုင်စွမ်းရှိသောသူများဘက်သို့ လှည့်ရန်ဖြစ်ပြီး ထိုသူများချမှတ်ထားသောနည်းလမ်းများနှင့် အညီလုပ်ဆောင်ရန်ဖြစ်သည်။ **(အလ်ဂျဆ္ဆ်ဆွားဆ်ဆ်၏အလ်(အဟ်ကာ)မုလ်ကုရ်အာန်ကျမ်းမှ အကျဉ်းရုံးဖော်ပြချက်)**

## အိဂျ်သိဟားဒ်၏ရလဒ်

အစွတင်ဘတ် (၎င်းပြင်အိဂျ်သိဟားဒ်)နည်းတို့ဖြင့် မုစ်လင်မ်ခမွသတ်ရှင်များထုတ်နှုတ်ထားသော ဥပဒေသည် အလ္လာဟ်အရှင်မြတ် ရှေ့မှောက်တွင် အကြွင်းမဲ့အမှန်တရားဟု လုံးလုံးလျားလျား မကြေညာနိုင်ပါ။ သို့မဟုတ်ဘဲ ဤဥပဒေသည်လည်း မမှန်ကန်နိုင်ကြောင်း ဖြစ်နိုင်ချေသည် အမြဲတစေတည်ရှိပါသည်။ သို့ရာတွင် ဤသည်မှ တစ်စုံတစ်ဦး အကျိုးအမြတ်ရသည်မှာ လုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် စစ်မှန်ပြီး မှန်ကန်သော အကောင်းဘက်သို့ညွှန်းသော ပြတ်ပြတ်သားသားဖြစ်ပြီး လေးနက်သောအကြံပြုချက်ရရှိခြင်းပင်ဖြစ်သည်။ **(ဂျဆ္ဆ်ဆွားဆ်ဆ်နှင့် သဖ်စီရ်ကဆီးရ်ပြုစုသောအဟ်ကမ်အလ်ကုရ်အာန်ကျမ်း)**

**အာယသ် (၈၄)**

فَقَاتِلْ فِي سَبِيلِ اللَّهِ ۚ لَا تُكَلَّفُ إِلَّا
نَفْسَكَ وَحَرِّضِ الْمُؤْمِنِينَ ۚ عَسَى اللَّهُ أَنْ يَكُفَّ بَأْسَ الَّذِينَ
كَفَرُوا ۗ وَاللَّهُ أَشَدُّ بَأْسًا وَأَشَدُّ تَنْكِيلًا ﴿٨٤﴾

**သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ပါလေ။ အသင်၌ အသင်၏တာဝန်သာ ရှိသည်။ (အခြားသူ၏တာဝန်မရှိချေ။) သို့ရာတွင် အသင်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား (စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ကြရန်) တိုက်တွန်း နှိုးဆော်လျက်ရှိပါလေ။ မကြာမြင့်မီ အလ္လာဟ်အရှင်မြတ်သည် "ကာဖိရ်" မယုံကြည် သွေဖည်ငြင်းပယ်သောသူတို့၏ အင်အားကို ဟန့်တားတော်မူဖွယ် ရာရှိ၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အင်အားအကြီးမားဆုံး သော အရှင်ဖြစ်တော်မူသည့်ပြင် ပြစ်ဒဏ်ပေးတော်မူရာ၌လည်း အပြင်းထန် ဆုံးသောအရှင် ဖြစ်တော်မူပေသတည်း။ (၄:၈၄)**

## အကျယ်ဖွင့်ဆိုခြင်း
## အာယသ်တော်ကျရောက်ရခြင်း၏ နောက်ခံအကြောင်း

အုဟုဒ်စစ်ပွဲသည် ရှောင်ဝါလ်လ၌ ပြီးဆုံးသောအခါ တမန်တော်မြတ် ﷺသည် မယုံကြည် သွေဖည်သူ များနှင့် ခိုင်းဆိုသတ်မှတ်သည့်ကတိကို အတည်ပြုရန်အတွက် ဇူလ်ကအ်ဒဟ်လတွင် ဗဒရ်စစ်မျက်နှာ၌ ၎င်းတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန်အတွက် ပြင်ဆင်မှုများစတင်လုပ်ဆောင်ခဲ့ပါသည်။ (ဤစစ်ပွဲကို သမိုင်းဆရာများကဗဒရ် အသေးစားဟုဖော်ကြူးကြ ပါသည်။) ထိုအချိန်တွင် အချို့သောသူများတွင် တွေဝေမှု အနည်းငယ်ရှိခဲ့ပါသည်။ သို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် ပြီးခဲ့သောစစ်ပွဲတွင် လောလောဆယ်ဒဏ်ရာ ရရှိထားသူများဖြစ်သကဲ့သို့ အခြား သူများအတွက်မှာမူ ကောလာဟလသတင်းများကြောင့် တွေဝေမှုဖြစ်စေခဲ့ပါသည်။ ထိုစဉ် အလ္လာဟ်အရှင်မြတ် သည် ဤအာယသ်တော်ကိုချပေးကာ တမန်တော်မြတ် ﷺအား လမ်းညွှန်မှုပေးထားသည်။ မုစ်လင်မ်များ အနက်မှ ပျော့ညံ့သူများနှင့် ကြောက်ရွံ့သူများကို လျစ်လျူရှုပြီး တမန်တော်မြတ်ﷺ တစ်ဦးတည်းပင်ဖြစ်စေကာမူ တွေဝေမှု မပြသဘဲစစ်ချီသင့်ကြောင်း အလ္လာဟ်အရှင်မြတ်သည်သူ့အားကူညီမည်ဖြစ်ကြောင်း လမ်းညွှန်မှုပေး ခဲ့သည်။ ဤလမ်းညွှန်ချက်နှင့်အညီ အုဟုဒ်စစ်ပွဲအပြီး ဗဒရ်၌ရင်ဆိုင်မည်ဟု အဗူဆုဖ်ယန်အားပေးထားသည့်ကတိ အတိုင်း တမန်တော်မြတ်ﷺသည် ဆွဟာဗသ်သာဝကကြီး ခုနစ်ဆယ်တို့နှင့်အတူ ဗဒရ်အသေးစားစစ်ပွဲသို့ ချီတက် ခဲ့ပါသည်။ ထိုစဉ်တွင် အလ္လာဟ်အရှင်မြတ်သည် အဗူဆုဖ်ယမ်နှင့်သူ၏ကုရိုက်ရှ်မျိုးနွယ်စုမှ မယုံကြည် သွေဖည်သူအပေါင်းပါတို့၏ နှလုံးသားထဲသို့ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းများထည့်သွင်းပေးခဲ့သောကြောင့်

စစ်တိုက်ခိုက်ရန်အတွက် တစ်စုံတစ်ဦးမှပေါ်ပေါက်မလာ၍ မယုံကြည်သွေဖည်သူများသည် ၎င်းတို့၏ လေးနက်သောကတိကဝတ်ကို ဖောက်ဖျက်သောသူများဖြစ်သွားပါတော့သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် မယုံကြည်သွေဖည်သူများ၏မကောင်းကြံစည်မှုကို တားဆီးပေးတော်မူခဲ့ပြီး တမန်တော်မြတ်ﷺသည်လည်း ဆွဟာဗဟ်တို့နှင့်အတူ အန္တရာယ်ကင်းရှင်းစွာ ရောက်ရှိလာခဲ့ပါသည်။ **(ကုရ်တွုဗီနှင့်မဇ်ဟရီ)**

## ကုရ်အာန်ကျမ်းတော်မြတ်ပါအမိန့်ပညတ်ချက်များ၏အာဝဇ္ဇန်းရှင်သည့်ဟန်

အာယသ်တော်သည် "အသင်သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ပါလေ" ဟူသောတမန်တော်မြတ် ﷺအား အမိန့်ပေးခြင်းဖြင့် စတင်ထားသည်။ ဤညွှန်ကြားချက်သည် တမန်တော်မြတ် ﷺအားဦးတည်ပြောကြားထားပါသည်။ တစ်စုံတစ်ဦးသည် ကိုယ်တော်မြတ်နှင့်အတူလိုက်ပါရန် အသင့်ရှိသည်ဖြစ်စေ၊ အဆင်သင့်မရှိသည်ဖြစ်စေ ကိုယ်တော်မြတ်တစ်ဦးတည်းပင်လျှင် တိုက်သင့်သည်ဟု ရည်ညွှန်းပါသည်။ သို့ရာတွင် ဒုတိယစာကြောင်း၌ ဂျိဟာဒ်စစ်ပွဲတွင်ပါဝင်ရန်အတွက် အခြားသောမုစ်လင်မ်များကို ဖျောင်းဖျရန်ဟူသောဝတ္တရားကို စွန့်လွှတ်ခြင်းကိုလည်းကောင်း၊ ချောင်ထိုးခြင်းကိုလည်းကောင်း မပြုလုပ်သင့်ကြောင်း မိန့်ကြားထားပါသည်။ သို့သော်အကယ်၍ သူတို့အားဖျောင်းဖျပြီးသည့်နောက် မတုံ့ပြန်ခဲ့လျှင်သော်လည်း တမန်တော်မြတ်၏တာဝန်ဝတ္တရားသည် ကျေပွန်ပြီးဖြစ်ခါ ထို့နောက်တွင် ၎င်းသူတို့၏ပြုလုပ်သမျှ အပြုအမူတို့သည် တမန်တော်မြတ်ﷺသခင်တွင် တာဝန်မရှိပါ။

ဤသည်ကိုထပ်ဆောင်းသည့်အနေဖြင့် မကြာမြင့်မီ အလ္လာဟ်အရှင်မြတ်သည် "ကာဖိရ်" မယုံကြည်သွေဖည်ငြင်းပယ်သူတို့၏ အင်အားကို ဟန့်တားတော်မူဖွယ်ရာရှိ၏" ဟူသော အမိန့်ကတစ်ဦးတည်း ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ကြုံတွေ့နိုင်သော အန္တရာယ်ကိုဖယ်ရှားပြီးဖြစ်စေပါသည်။ ဖြစ်နိုင်သည်မှာ အလ္လာဟ်အရှင်မြတ်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများတို့၏နှလုံးသားများထဲသို့ ထိတ်လန့်ကြောက်ရွံ့မှုကိုထည့်သွင်းလိုက်သောကြောင့် ၎င်းတို့အား နှိမ်နင်းပြီးဖြစ်သွားကာ တမန်တော်မြတ်ကြီး တစ်ဦးထဲနှင့်ပင်အောင်နိုင်သွားခြင်းဖြစ်သည်။ ထိုကဲ့သို့သော အောင်မြင်မှုမျိုးမဖြစ်နိုင်ပါသလော။ စစ်မက်ရေးရာတွင် မယုံကြည်သွေဖည်သူများတို့၏ စွမ်းရည်နှင့် အင်အားတို့ထက် သာလွန်ပိုမိုသော အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် ထောက်ပံ့မှုကို ရရှိမည်ဖြစ်ကြောင်း ကြေညာချက်က သက်သေပြပါသည်။ ထို့ကြောင့် တမန်တော်မြတ် အောင်ပွဲဆင်မည်မှာ မုချကောန်ပင်ဖြစ်ပါသည်။ ထို့နောက်စစ်ပွဲတွင် စွမ်းအားတော်နှင့် ယှဉ်တွဲဖော်ပြထားသည်ကား ပြစ်ဒဏ်ခတ်မှုတွင် အလ္လာဟ်အရှင် မြတ်သည် မည်မျှစွမ်းအားရှိကြောင်းပင် ဖြစ်သည်။ ဤပြစ်ဒဏ်ခတ်မှုသည် တရားစီရင်မည့်နေ့တွင် ဖြစ်မည် ဆိုသည်မှာ ထင်ရှားပါသည်။ သို့မဟုတ်ပါမူ အချို့သောဋီကာရှင်များမိန့်ကြားသကဲ့သို့ ဤကမ္ဘာလောကၘပင် ကျရောက်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အလ္လာဟ်အရှင်မြတ်သည် စစ်မက်ရေးရာတွင် အစွမ်းထက်ဆုံးဖြစ်ပြီး ပြစ်ဒဏ်ပေးရာတွင် အပြင်းထန်ဆုံးဖြစ်ပါသည်။

**အာယသ် (၈၅–၈၇)**

مَنْ يَّشْفَعْ شَفَاعَةً
حَسَنَةً يَّكُنْ لَّهٗ نَصِيْبٌ مِّنْهَا ۚ وَمَنْ يَّشْفَعْ شَفَاعَةً سَيِّئَةً يَّكُنْ
لَّهٗ كِفْلٌ مِّنْهَا ۗ وَكَانَ اللّٰهُ عَلٰى كُلِّ شَيْءٍ مُّقِيْتًا ﴿٨٥﴾ وَاِذَا حُيِّيْتُمْ
بِتَحِيَّةٍ فَحَيُّوْا بِاَحْسَنَ مِنْهَآ اَوْ رُدُّوْهَا ۗ اِنَّ اللّٰهَ كَانَ عَلٰى
كُلِّ شَيْءٍ حَسِيْبًا ﴿٨٦﴾ اَللّٰهُ لَآ اِلٰهَ اِلَّا هُوَ ۗ لَيَجْمَعَنَّكُمْ اِلٰى يَوْمِ
الْقِيٰمَةِ لَا رَيْبَ فِيْهِ ۗ وَمَنْ اَصْدَقُ مِنَ اللّٰهِ حَدِيْثًا ﴿٨٧﴾

မည်သူမဆို ကောင်းမြတ်သော (ကိစ္စတွင်) ကြားဝင်တိုက်တွန်းပါအံ့၊ ပါဝင်ဆောင်ရွက်မှုကိုပြုအံ့၊ ထိုသူ၏အဖို့ ယင်းပါဝင်ဆောင်ရွက်ခြင်း၏ ဝေစုဝေပုံသည်ရှိအံ့။ ထိုနည်းတူစွာ မည်သူမဆို ဆိုးယုတ်သော အမှုကိစ္စဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်မှုကိုပြုအံ့၊ ထိုသူ၏အပေါ်၌ ယင်းပါဝင်ဆောင်ရွက်ခြင်း၏ တာဝန်သည်ရှိအံ့။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ ပေသတည်း။ (၄း၈၅)

တစ်ဖန်အသင်တို့သည် တစ်နည်းနည်းအားဖြင့် (စလာမ်မေတ္တာပို့သလျှက်) နှုတ်ခွန်းဆက်သခြင်းကိုခံကြရသောအခါ၊ အသင်တို့သည် ထိုနှုတ်ခွန်းဆက်သခြင်းခံကြရသည်ထက်ပိုမို၍ ကောင်းမြတ်သောနည်းမျိုးဖြင့် (စလာမ်မေတ္တာပို့၍) နှုတ်ခွန်းဆက်သကြလေကုန်။ သို့တည်းမဟုတ် ထို (နှုတ်ခွန်းဆက်ခြင်းခံကြရသည့်)အတိုင်းပင် တုန့်ပြန်ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စစ်ဆေးတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄း၈၆)

အလ္လာဟ်အရှင်မြတ်သည် အကြင်အရှင်မြတ်ပင်တည်း။ ထိုအရှင်မြတ်မှ တစ်ပါး အခြားကိုးကွယ်ရာအလျှင်းမရှိပေ။ ထိုအရှင်မြတ်သည် မုချအသင်တို့ကို 'ကိယာမသ်'ခေါ် ရှင်ပြန်ထမည့်နေ့တွင် စုရုံးစေတော်မူအံ့။ ဤအရာ၌ ဒွိဟသံသယအလျှင်းမရှိရပေ။ စင်စစ်သော်ကား စကားအရာ၌ အလ္လာဟ်အရှင်မြတ်ထက်ပိုမိုမှန်ကန်စွာပြောဆိုသောသူ မည်သူရှိပါမည်နည်း။ (၄း၈၇)

## အကျယ်ဖွင့်ဆိုခြင်း
## ကြားဝင်အကြံပေးခြင်းနှင့်ပတ်သက်သော စစ်မှန်ချက်နှင့် ယင်းတို့၏ဥပဒေများနှင့်အမျိုးအစားများ

အာယသ်တော်(၈၅)သည်-مَنْ يَّشْفَعْ شَفَاعَةً حَسَنَةً ဖြင့် အစပြုထားကာ-شَفَاعَةً"ရှဖာအသ်" (ကြားဝင်အကြံပေးခြင်း)ကို ကောင်းသောအကြံပေးခြင်းနှင့် မကောင်းသောအကြံပေးခြင်းဟု ခေါင်းစဉ်နှစ်ခု ရှိကြောင်း ထောက်ပြပါသည်။ ယင်းသို့ခွဲခြားခြင်းက ၎င်းတို့၏ သဘောသဘာဝကိုရှင်းလင်းစေရန် အထောက်အကူ ပြုသည်။ ဤတွင် ထပ်ဆောင်းထားသည့် သတင်းစကားက မည်သည့်ကြားဝင် အကြံဉာဏ်ပေးမှုမျိုးဟူသမျှတို့သည် အားလုံးအတွက် "အကောင်း"ဟူ၍မဆိုနိုင်သကဲ့သို့ "အဆိုး' ဟူ၍လည်းမဆိုနိုင်ပါ။ ပြန်လည်သတိရစေသင့်သည်မှာ ကောင်းမွန် သောကြားဝင် အကြံပေးချက်လုပ်ဆောင်သူတစ်ဦးသည် ယင်းကြောင့်ရရှိမည့် ဆုလာဘ်တွင် သူ့အတွက် ဝေစုရှိ ပါသည်။ ၎င်းနောက် မည်သူမဆို မကောင်းသောကြားဝင်အကြံပြုချက်လုပ်ဆောင်ပါက ယင်းကြောင့် ကျခံရ မည့် ပြစ်ဒဏ်တွင်လည်း ဝေစုရှိပါသည်။ è%y^u_N- "နစ္စီဗွန်" (ဝေစု)ဆိုသောစကားလုံးကို ]=n-s-H-]=I-af-W- "ရှဖာအသန်ဟစနသန်" (ကောင်းသောကြားဝင်အကြံပေးခြင်း)နှင့်တွဲလျက်သုံးစွဲထားကြောင်းနှင့် ø%f^|_ "ကိစ်ဖ်လွန်" (ဝေစု)ဟူသောစကားလုံးကို]=@-y_#S-]=I-af-W-"ရှဖာအသန်ဗိုဃိအသန်" (မကောင်းသော ကြားဝင်အကြံပေးခြင်း)နှင့် တွဲလျက်သုံးထားခြင်းကို သတိမူရပါမည်။ ဝေါဟာရအရ စကားလုံးနှစ်လုံးတို့သည် တစ်စုံတစ်ခုအတွက် (ဝေစု)ဟု တူညီသည့် အဓိပ္ပာယ် ဆောင်ကြပါသည်။ သို့ရာတွင် ယေဘုယျ အသုံးအနှုန်းအရ "နစ္စဗ်"ဟူသောစကားလုံးသည် ကောင်းသော ဝေစုများကိုရည်ညွှန်းသကဲ့သို့ "ကစ်ဖလ်" ဟူသောစကားလုံးကို ကြိမ်ဖန်များစွာမကောင်းသောဝေစုကို ဖော်ပြရန်အတွက်အသုံးပြုပါသည်။ သို့သော်လည်း "ကစ်ဖလ်"ဟူသော စကားကိုကောင်းသောဝေစုအတွက်အသုံးပြုသည့်အခါများလည်းရှိသည်။ပမာဆိုသော် ]"t_m-H^R-ú^M_ú_y^l-f^|_ (အလ္လာဟ်အရှင်မြတ်၏ အသနားတော်အရဝေစုနှစ်ခု) ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်၌လာရှိပါသည်။

"ရှဖာအဟ်" ဟူသောစကားလုံး၏ စာပေသဘောထားအရအဓိပ္ပာယ်မှာ "တွေ့ဆုံရန်"(သို့) "တွေ့ဆုံ ဆက်သွယ်မှုဖြစ်စေရန်" ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် အရဗီဘာသာ၌"ရှဖ်"ဟူသောစကားလုံးသည် စုံဂဏန်းတစ်တွဲ တစ်စုံ ဟူ၍ အဓိပ္ပာယ်သက်ရောက်ပါသည်။ ယင်း၏ ဆန့်ကျင်ဘက်စကားလုံး rT^O_ "ဝိသ်တာ" သည် မဂဏန်းဖြစ်သည်။ ထို့ကြောင့် 'ရှဖာအသ်' ဆိုသည်မှာ တစ်စုံတစ်ဦး၏စွမ်းအားကို အမှန်တရားရှာဖွေသူ၏ အားနည်းမှုဖြင့် ပေါင်းစပ်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ သို့ပြုလုပ်ခြင်းကြောင့် အမြင်အားဖြင့် ပိုမို သန်မာလာသည်။ သို့မဟုတ် အခြား တစ်နည်းပြောရလျှင် အချို့သော အထီးကျန်အကူညီမဲ့သူများတို့နှင့် ပူးပေါင်းလိုက်ခြင်းအားဖြင့် ထိုသူအား အတွဲတစ်တွဲ၏အင်အားရရှိစေပါသည်။

ဤသည်မှ ကျွန်ုပ်တို့တွေ့ရှိရသည်မှာ ကြားဝင်အကြံပြုခြင်းတစ်ခုသည် မျှမျှတတဖြစ်ပြီး ခွင့်ပြုနိုင်ရန် အတွက်ဆိုလျှင် ကြားဝင်အကြံဉာဏ်ပေးသူ၏ အခိုင်အမာပြောဆိုမှုသည် စစ်မှန်ပြီး ခွင့်ပြုနိုင်သည့်အခြေအနေ မျိုးရှိရပါမည်။ ထို့နောက် ဒုတိယအနေဖြင့် သူ၏အားနည်းချက်ကြောင့်ဖြစ်စေ၊ အကြပ်အတည်းကိုဖြေရှင်းနိုင်စွမ်း ချို့တဲ့မှုကြောင့် သူ၏တောင်းဆိုချက်ကို အာဏာပိုင်များထံ သူတစ်ဦးတည်း မပြောဆိုနိုင်ပါက ထိုသူအတွက် အသင်တစ်စုံတစ်ရာ ကိုကြားဝင်ဆောင်ရွက်ပေးနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ရှင်းလင်းစွာမြင်တွေ့ရသည်မှာ မစစ်မှန်ဘဲ မဖြောင့် မတ်သည့်ကြားဝင်အကြံပေးခြင်းနှင့် အခြားသူများအား အကြံပေးချက်ကို အတင်းအမွှ

လက်ခံစေခြင်းတို့ကို မကောင်းသောကြားဝင် အကြံဉာဏ်ပေးခြင်းအောက်တွင် အကျုံးဝင်ပါသည်။ အကျိုးဆက်အားဖြင့် ကျွန်ုပ်တို့ထပ်မံသိရှိရသည်မှာ ဖိအားပေးခြင်းသည်လည်းကောင်း၊ မိမိအဆက်အသွယ်ကောင်းခြင်းနှင့် လွှမ်းမိုးမှုတို့သည်လည်းကောင်း တရားမမျှတသောလုပ်ရပ်ဖြစ်သောကြောင့် ခွင့်မပြုပါ။ ထို့ကြောင့် ဤသည်ကို လည်း မကောင်းသော ကြားဝင်အကြံဉာဏ်ပေးခြင်းဟု မှတ်ယူရပါမည်။

ဤအာယသ်တော်၏အဓိပ္ပာယ်ကို အချုပ်ဆိုရသော် တစ်စုံတစ်ဦး၏ ခွင့်ပြုထားသော တောင်းဆိုချက် (သို့) လုပ်ငန်းတစ်ခုအတွက် ခွင့်ပြုထားသော နည်းလမ်းအရကြားဝင် အကြံဉာဏ်ပေးသောသူတွင် ယင်းကြောင့် ရမည့်ဝေစုရရှိပါလိမ့်မည်။ အလားတူစွာပင် ခွင့်မပြုသောတစ်စုံတစ်ရာအတွက်(သို့) ခွင့်မပြုထားသော နည်းလမ်းကို အသုံးပြုကာ ကြားဝင်အကြံဉာဏ်ပေးသောသူအတွက်လည်း ယင်းနှင့်ပတ်သက်သည့် ပြစ်ဒဏ်ခတ်မှုတွင် ဝေစုရှိပါလိမ့်မည်။

ဝေစုရရှိခြင်းဆိုသည်မှာ အဖိနှိပ်ခံတစ်ဦး (သို့) လက်မဲ့ဖြစ်သူတစ်ဦးအတွက် လိုအပ်သည်များကို ဆောင်ရွက်နိုင်သောသူအား ကြားဝင်အကြံဉာဏ်ပေးသောသူသည် သူ၏အကြံပေးချက်ကို လက်ခံကာ၊ အဖိနှိပ်ခံရခြင်း (သို့) လက်မဲ့ဖြစ်ခြင်းတို့ ဖယ်ရှားပြစ်လိုက်သောအရာရှိတစ်ဦး ဆုချီးမြှင့်ခြင်းခံရသကဲ့သို့ သူသည်လည်း ဆုချီးမြှင့်ခြင်းခံရပါမည်။ အလားတူစွာ တစ်စုံတစ်ဦးသည် ခွင့်မပြုနိုင်သော တစ်စုံတစ်ခုအတွက် ကြားဝင်အကြံဉာဏ်ပေးပါက သူသည် ဂုနာဟ်အပြစ်ကျူးလွန်သည်ဆိုသည်မှာ ထင်ရှားပါသည်။ ကျွန်ုပ်တို့သိရှိပြီးဖြစ်ခဲ့သည်မှာ ကြားဝင်အသနားခံခြင်းပြုလုပ်သူတစ်ဦးအတွက် ဆုလာဘ် (သို့) ပြစ်ဒဏ်ခံရခြင်းတို့သည် သူ၏ ကြားဝင်အကြံပေးမှု၏ ထိရောက်မှု၊ အကျိုးဖြစ်ထွန်းမှုတို့နှင့်မဆိုင်ပါ။ မည်ကဲ့သို့ပင်ဖြစ်စေ သူဝေစုရပါလိမ့်မည်။

တမန်တော်မြတ် ﷺသခင်ကမိန့်ကြားသည်မှာ- **اَلدَّالُّ عَلَى الْخَيْرِ كَفَاعِلِهِ** "လူတစ်ဦးသည် တစ်စုံတစ်ဦးအား ကောင်းမှုကောင်းရာပြုလုပ်စေနိုင်ပါက ကောင်းမှုကောင်းရာလုပ်သူရမည့်ဆုလာဘ်ကဲ့သို့ သူလည်း ဆုလာဘ်ရရှိပါ လိမ့်မည်။ အိဗ်နိမာဂျာကျမ်းပါ စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်ထံမှ ရရှိသော ဟဒီးဆ်တစ်ပုဒ်အရ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

**من اعان على قتل مؤمن بشطر كلمة لقى الله مكتوب بين عينيه**
**"ائس من رحمة الله"**

မုစ်လင်မ်တစ်ဦးကို သတ်ဖြတ်ရာတွင် စကားတစ်လုံးဖြင့် ကူညီသည့် မည်သူမဆို သူ၏မျက်လုံးနှစ်လုံးအကြား (နဖူး)ပေါ်တွင် {(ဤသူသည်)အလ္လာဟ်အရှင်မြတ်၏ အသနားတော်မှ ကင်းဝေးသူဖြစ်သည်} ဟူသော အမှတ်အသားတစ်ခုရေးမှတ်ထားကာ အလ္လာဟ်အရှင်မြတ်နှင့် ရင်ဆိုင်ရပါလိမ့်မည်။

ဤသည်မှ ကျွန်ုပ်တို့သိရှိရသည်မှာ တစ်စုံတစ်ဦးအား ကောင်းမှုကောင်းရာတစ်ခုပြုလုပ်ရန် လှုံ့ဆော်ခြင်းသည် ကောင်းသောလုပ်ရပ်ဖြစ်၍ လုပ်ဆောင်ခြင်းအတွက် လုပ်ဆောင်သူသည် ဆုလာဘ်ရရှိသကဲ့သို့ လှုံ့ဆော်သူလည်း အလားတူဆုလာဘ်ရရှိပါသည်။ အထက်ပါနည်းတူ တစ်စုံတစ်ဦးအားမကောင်းမှုတစ်ခုပြုလုပ်ရန် (သို့မဟုတ်) အပြစ်ဂုနာဟ်တွင် မွေ့လျော်နေစေရန်လှုံ့ဆော်ခြင်းသည် အလားတူကြီးလေးသော ပြစ်မှုတစ်ခုဖြစ်သည်။

အာယသ်တော် (၈၅)အဆုံးတွင် မိန့်ကြာထားသော- وَكَانَ اللّٰهُ عَلٰى كُلِّ شَىْءٍ مُّقِيْتًا ကို "စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း"ဟု ဘာသာပြန်ဆိုထားပါသည်။ လုံးကောက် အဓိပ္ပာယ်အရ "မုကီးသ်" ဧပ္ပYတ္ပM ဟူသောစကားလုံးသည် "တန်ခိုးအာဏာရှိသော"ဟု အဓိပ္ပာယ်သက်ရောက်သကဲ့သို့ "ကြည့်ရှုသူနှင့်ရိက္ခာပေးဝေသူဟုလည်း" အဓိပ္ပာယ်သက်ရောက်သည်။ ဤအဆိုအမိန့်မှ ဤအဓိပ္ပာယ်သုံးမျိုးစလုံးကို ကောက်ယူနိုင်ပါသည်။ ပထမအဓိပ္ပာယ်အရဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်၌ တန်ခိုးအာဏာရှိတော်မူသော အရှင်ဖြစ်တော်မူသည် ဟူ၍ သက်ရောက်ပါသည်။ ထိုအရှင်မြတ်သည် ကြားဝင်ဆောင်ရွက်သူနှင့် ပြုမူကျင့်ဆောင်သူအား ဆုလာဘ်ပေးခြင်း၊ အပြစ်ဒဏ်ပေးခြင်းများ ပြုလုပ်ရန်မခဲယဉ်းပါ။ ဒုတိယ အဓိပ္ပာယ်ရဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းအပေါ်စောင့်ကြည့်နေပြီး အစဉ်တည်ရှိနေတော်မူသော အရှင်မြတ်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ထိုအရှင်မှာ မည်သူသည် မည်သည့်ရည်ရွယ်ချက်ဖြင့်ကြားဝင်အကြံဉာဏ်ပေးသည်ကို အကောင်းဆုံးသိတော်မူပါသည်။ ပမာဆိုသော် အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်စေရန်နှင့် အလ္လာဟ်အရှင်မြတ်အတွက် သက်သက်ဟုရည်စူး၍ အီမာန်ရှင်ညီအစ်ကိုတော်အတွက် ဖြူစင်ရိုးသားစွာ လုပ်ဆောင်ပေးခြင်းကိုဖြစ်စေ မိမိကိုယ်ကျိုးကိုရည်မှန်းကာ ထိုသူထံမှတံစိုးလက်ဆောင်အဖြစ် အကျိုးအမြတ်ရရှိရန်ဟူသော ရည်ရွယ်ချက်ကိုဖြစ်စေ သိရှိတော်မူပါသည်။ တတိယအဓိပ္ပာယ်အရဆိုလျှင် အလ္လာဟ်အရှင်ကိုယ်တော်တိုင် ရိက္ခာဖြန့်ဝေခြင်းကို တာဝန်ယူကာ တစ်စုံတစ်ဦးအတွက် ထိုအရှင်သတ်မှတ်ထား သော ရိက္ခာသည် ထိုသူထံသို့ မုချရောက်ရှိစေရပါသည်။ တစ်စုံတစ်ဦး၏ ကြားဝင်အကြံပေးမှုတို့အား အလ္လာဟ်အရှင်မြတ်သည် အချီးအနှီးမဖြစ်စေပါ။ စင်စစ်တစ်စုံတစ်ဦးအပေါ်၌ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ဆန္ဒတော်အတိုင်း ရိက္ခာပေးသနားတော်မူသည်။ သို့သော်လည်း ကြားဝင်အကြံဉာဏ်ပေးသောသူသည် အကူအညီမဲ့သူအားအကူအညီပေးခဲ့သောကြောင့် မကြိုးပမ်းရဘဲ ဆုလာဘ်ရရှိခဲ့ပါသည်။

တမန်တော်မြတ် ﷺကမိန့်သည်မှာ- **كان اللّه فى عون عبده ما دام فى عون اخيه**

"အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ယောက်သည် သူ၏ညီနောင်တို့အား ကူညီနေသမျှသူ့အား အလ္လာဟ်အရှင်မြတ်သည် အမြဲကူညီနေပါလိမ့်မည်။"

ဆွဟီးအလ် ဗုခါရီကျမ်းပါ ဟဒီးဆ်တစ်ပုဒ်အရ တမန်တော်မြတ် ﷺက မိန့်ကြားသည်မှာ-

**اشفعوا فلتو جروا ويقضى اللّه على لسان نبيّه ماشاءَ**

"ကြားဝင်အကြံဉာဏ်ပေးခြင်းဖြင့် ဆုလာဘ်များရယူပါ။ ၎င်းပြင် အရှင်မြတ်၏ တမန်တော်မှ တစ်ဆင့် အလ္လာဟ်အရှင်မြတ် ဆုံးဖြတ်သည်များကိုလည်း ကျေနပ်လက်ခံပါ။"

ဤဟဒီးဆ်တော်က ကြားဝင်အကြံဉာဏ် ပေးခြင်းသည် အလ္လာဟ်အရှင့်ဆုလာဘ်အတွက် အရင်းအမြစ်ဖြစ်ကြောင်းကြေညာသကဲ့သို့ ကြားဝင်အကြံဉာဏ်ပေးခြင်း၏ စည်းဘောင်ကိုလည်း ဖော်ပြထားသည်။ အကယ်၍ ချည့်နဲ့သောသူတစ်ယောက်သည် သူ၏ပြဿနာကို အထက်အရာရှိထံသို့ မတင်ပြနိုင်လျှင်သော်လည်းကောင်း၊

သူ၏လိုအပ်ချက်များကို မှန်ကန်စွာ ရှင်းလင်း မပြနိုင်ခဲ့လျှင်သော်လည်းကောင်း၊ ထိုသူတို့အတွက် အသင် ဆောင်ရွက်ပေးပါ။ ထိုသည်၏နောက်တွင်ဖြစ်ပျက်သမျှတို့သည် အသင်နှင့်မသက်ဆိုင်တော့ပေ။ ကြားဝင်အကြံ ဉာဏ်ပေးခြင်းကို လက်ခံနိုင်သကဲ့သို့ ငြင်းလည်းငြင်းပယ်နိုင်လေသည်။ လူတစ်ဦးတစ်ယောက် လုပ်သင့်သည်ကို လုပ်လျှင်လည်းလုပ်လိမ့်မည်၊ မလုပ်လျှင်လည်း မလုပ်ဘဲထားနိုင်သည်။ အထက်ဖော်ပြချက် များသည် ဖြစ်နိုင်ချေများသာဖြစ်ပါသည်။ ထို့နောက် အသင်သည်ဆုံးဖြတ်ချက်ချရာတွင် မည်သည့်နည်းနှင့်မျှ မစွက်ဖက် ပါနှင့်။ အဆုံး၌ထွက်ပေါ်လာသော ရလဒ်သည်ကြားဝင် အကြံဉာဏ်ပေးခြင်းနှင့် ဆန့်ကျင်နေပါက အသင်သည် မနှစ်မြို့ခြင်း၊ စက်ဆုပ်ခြင်းတို့ မည်သည့်အခါမျှ မဖြစ်သင့်ပါ။ အထက်တွင်ကိုးကားခဲ့သော ဟဒီးဆ်တော်၏ နောက်ဆုံးစာကြောင်း- **يقضى الله على لسان نبيّه ماشاءَ** မှာ ဤသည်ကိုပင် အဓိပ္ပာယ်သက်ရောက်ပါသည်။ ဤအကြောင်းကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ပါ စကားလုံးများသည် ဤအညွှန်းကိုဦးတည်ထားပါသည်။ ဆိုလိုသည်မှာ ကြားဝင်အကြံဉာဏ်ပေးမှုတစ်ခုအတွက် ဆုလာဘ်ပေးခြင်း၊ အပြစ်ဒဏ်ခတ်ခြင်းတို့သည် ကြားဝင် အကြံဉာဏ်ပေခြင်း အောင်မြင်မှုအပေါ်၌ မတည်ပါ။ ယင်းသို့ အပြစ်ဒဏ်ပေးခြင်း၊ ဆုလာဘ်ရခြင်းတို့သည် ကြားဝင်အကြံဉာဏ်ပေးခြင်း၏ မူလလုပ်ရပ်နှင့်သာသက်ဆိုင်ပါသည်။ အကယ်၍ အသင်သည် ကောင်းမြတ်သော ကြားဝင် အကြံဉာဏ်ပေးမှုတစ်ခုပြုလုပ်ခဲ့ပါက ဆုလာဘ်ရရန်ထိုက်တန်သွားပါလိမ့်မည်။ အကယ်၍ မကောင်း သောကြားဝင်အကြံဉာဏ်ပေးမှု တစ်ခုပြုလုပ်ခဲ့ပါက အသင်သည်ပြစ်ဒဏ်ခတ်ခြင်းခံရလိမ့်မည်။ အသင်၏ကြားဝင် အကြံဉာဏ်ပေးမှုအား အတည်ပြုခြင်း(သို့မဟုတ်) ငြင်းပယ်ခြင်းတို့မှာ အကြောင်းမဟုတ်ပါ။

သဖိစိရ်အလ်ဗဟ်အလ်မုဟီတ်၌၊ ဗယာနွယ်ကုရ်အာန်နှင့် အခြားများစွာသော ဋီကာရှင်များက အာယသ် (၈၅)ပါ ae-n^M_ “မင်ဟာ”ဟူသောစကားလုံးသည် အကြောင်းတရားကို ညွှန်းပြီး အထက်ပါအတိုင်းဆိုလိုကြောင်း ရည်ညွှန်းသည်။ ကြီးမြတ်သောဋီကာရှင် မုဂျာဟစ်မှတစ်ဆင့်၊ သဖိစီရ်အလ်မဇ်ဟာရီက တင်ပြသည်မှာ ကြားဝင် အကြံဉာဏ်ပေးခြင်းကို ငြင်းပယ်ခြင်းခံရသည့်တိုင် ကြားဝင်အကြံဉာဏ်ပေးသူသည် ယင်းကဲ့သို့ လုပ်ဆောင်ခြင်း အတွက် ဆုလာဘ်ရရှိပါလိမ့်မည်။ ထို့နောက် ဤချဉ်းကပ်နည်းသည် တမန်တော်မြတ် ﷺ နှင့်အထူးတလည် မပတ်သက်ပါ။ မည်သည့်အကြံပေးချက်ကို မည်သည့်လူသားအတွက် ပြုလုပ်ခဲ့ပါက ဤမူအတိုင်းဖြစ်သင့်ပါသည်။ ယင်းမူမှာ ကြားဝင်အကြံဉာဏ်ပေးမှု ဦးတည်ပြောကြားခံရသူအား လက်ခံရန်အတင်းအကြပ်ပြောဆိုခြင်းသည် မမှန်လည်းမမှန်ကန်ပါ။ တရားမျှတမှုလည်းမရှိပါ။ ဤသည်ကို တမန်တော်မြတ် ﷺလက်ထက်တွင် ဖြစ်ပွားခဲ့သောအဖြစ်ပျက်တစ်ခုက သာဓကဖြင့်ပုံဆောင်ပြသည်။ တမန်တော်မြတ်ကြီးသည် အာအိရှဟ် ﷺသခင်မကြီးက လွတ်ငြိမ်းခွင့်ပေးလိုက်သော စိုက်ယိဒါဗရီရဟ်အား ကြားဝင်အကြံဉာဏ်ပေးသည်မှာ သူမကွာရှင်းပြတ်စဲခဲ့သောသူမ၏ခင်ပွန်း “မူဂ်ဂိးခ်”သည် သူမအား ချစ်မြတ်နိုးသောကြောင့် အမှန်တစ်ကယ် စိတ်ထိခိုက်နေပါသည်။ ထို့ကြောင့် သူမသည် သူအားပြန်လက်ထပ်ရန် စဉ်းစားပါဟူ၍ဖြစ်သည်။ စိုက်ယိဒါဗရီရဟ်က ပြောသည်မှာ ယာရစူလလ္လာဟ် အကယ်၍သာ ကိုယ်တော်မြတ်၏ ပြောဆိုမှုသည် ကိုယ်တော်မြတ်၏ အမိန့်ဆိုပါက ကျွန်ုပ်သည် အကြွင်းမဲ့လိုက်နာပါမည်။ သို့ရာတွင် အကယ်၍ ကိုယ်တော်၏ပြောဆိုချက်မှာ ကြားဝင်အကြံဉာဏ်ပေးမှုဆိုပါလျှင် ကျွန်မ လုံးဝလက်ခံလိုစိတ်မရှိပါ။ တမန်တော်မြတ် ﷺကမိန့်သည်မှာ ဟုတ်ပါတယ် ဤသည်မှာ အကြံဉာဏ် ပေးခြင်းသာဖြစ်ပါသည်။ အမိန့်မဟုတ်ပါ။” စိုက်ယိဒါဗရီရဟ်ﷺသည် ကိုယ်တော်မြတ်အကြံ ပေးချက်ကို ဆန့်ကျင်က တမန်တော်မြတ်ﷺစိတ်မကောင်းဖြစ်လိမ့်မည်မဟုတ်ဆိုသည်ကို သိရှိပါသည်။ ထို့ကြောင့်

ပွင့်ပွင့်လင်းလင်းသူမကပြောသည်မှာ "သို့ဆိုပါလျှင် ကျွန်တော်မျိုးမသည် ဤကြားဝင်အကြံဉာဏ်ပေးမှုကိုလက်မခံပါ"ဟူ၍ ပြောလေသည်။ တမန်တော်မြတ် ﷺသည် သူမပြောသည်ကို သိက္ခာရှိစွာဖြင့် လက်ခံခဲ့ကာ သူမရှိရင်းစွဲအတိုင်း နေထိုင်စေပါသည်။

ဤသည်ကား ကြားဝင်အကြံဉာဏ်ပေးခြင်း၏နောက်ကွယ်တွင်ရှိသော စစ်မှန်မှုအလုံးစုံပင်ဖြစ်သည်။ ယင်းလုပ်ရပ်သည် အစွမ်းတရားဝင်ဥပဒေများအရ ကောင်းချီးမင်္ဂလာနှင့် ဆုလာဘ်များရရှိစေပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ အခါသမယ၌ လူအများတို့သည် ထိုကိစ္စတစ်ရပ်လုံးကို မည်မျှအထိ ပုံပျက်ပန်းပျက်ဖြစ်စေသနည်းဟူမူ မည်သည့် "ရှဖာအဟ်" သို့မဟုတ် ကြားဝင်အကြံဉာဏ်ပေးခြင်းမှုတို့သည် ဖြစ်စေချင်သည့်အတိုင်း မတည်ရှိတော့ပါ။ ကျွန်ုပ်တို့ ယခုအခါမြင်တွေ့နေရသည်မှာ အဆက်အသွယ်ကောင်းခြင်း၊ အသိအကျွမ်းရှိခြင်းနှင့်အရေးပါအရာရောက်သူတို့ ဩဇာအရှိန်အဝါကို အသုံးပြု၍ ငွေရရှိရေးအတွက် မနားတမ်းဖိအားပေးသောလုပ်ရပ်ပင်ဖြစ်သည်။ ဤသည်ကြောင့် အချို့သူများတို့သည် ၎င်းတို့၏ကြားဝင်အကြံဉာဏ်ပေးမှုကိုလက်မခံသောအခါ၌ စိတ်ဆိုးမာန်ဆိုးဖြစ်ကြသည်။ အချို့သူများဆိုလျှင် လုပ်ဆောင်မည့်သူ၏စိတ်ဆန္ဒနှင့်ကောင်းသော ဆင်ခြင်သုံးသပ်မှုကို ဆန့်ကျင်ကာ အဆုံးစွန်ဖိအားပေး အတင်းအကြပ်လုပ်ဆောင်သော်လည်း မိမိဖြစ်စေလိုသည့်အတိုင်း ဖြစ်မလာသောအခါ၌ ပွင့်လင်းစွာ ရန်လိုမှုပြုတတ်ကြသည်။ ယင်းကဲ့သို့သော လုပ်ရပ်သည် အတင်းအကြပ်လုပ်ရပ်နှင့် နိုင်ထက်စီးနင်းလုပ်ခြင်းတို့တွင် အကျုံးဝင်သောကြောင့် ကြီးလေးသောပြစ်မှုဖြစ်သွားပါသည်။ ဤလုပ်ရပ်သည် တစ်စုံတစ်ဦး၏ ရပိုင်ခွင့် (သို့) တစ်စုံတစ်ဦးပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းကို အတင်းအဓမ္မအလွဲသုံးစားပြုခြင်းနှင့်တူညီသည်။ ထိုသူသည် ပြဋ္ဌာန်းထားသော အစွမ်းဥပဒေအရ လွတ်လပ်ပြီး အမှီခိုကင်းသူမဟုတ်ပါသလော။ ဤနေရာတွင် တစ်စုံတစ်ဦးပေါ်ပေါက်လာကာ ထိုသူ၏လွတ်လပ်စွာလုပ်ဆောင်မှုကိုလက်မဲ့ဖြစ်သည့်အနေဖြင့် ထိုသူ၏လွတ်လပ်သောစိတ်ဆန္ဒနှင့် ဆန့်ကျင်ကာ ဖိအားပေးလုပ်ဆောင်စေခဲ့ပါသည်။ ဤသည်မှာ စားဝတ်နေရေးချို့တဲ့သူတစ်ဦးကို ကူညီရန်အတွက် အခြားသူတစ်ဦးတစ်ယောက်ထံမှ ခိုးယူခြင်းနှင့်တူပါသည်။

## ကြားဝင်အကြံဉာဏ်ပေးမှုတစ်ခုအတွက် အခကြေးငွေလက်ခံရယူခြင်းသည် လာဘ်စားခြင်းပင်ဖြစ်သောကြောင့် လုံးဝတားမြစ်သည်

ကြားဝင်အကြံဉာဏ်ပေးမှုအတွက် မည်သည့်အရာကိုမဆိုယူခြင်းသည် လာဘ်စားခြင်းဖြစ်သွားပါတော့သည်။ ဟဒီးဆ်တော်က ယင်းကဲ့သို့သော ပစ္စည်းများကို မတရားသဖြင့်ရယူသော ပစ္စည်းများအဖြစ်ကြေညာကာ "ဟရာမ်"တားမြစ်သည်။ ဤတွင် ငွေကြေးဆက်နွယ်သည်ဖြစ်စေ၊ အလုပ်နှင့်ဆက်နွယ်ဖြစ်စေ၊ အလုံးစုံသော လာဘ်စားမှုများအကျုံးဝင်စေပါသည်။ ဥပမာလူတစ်ဦးအား တစ်စုံတစ်ခုလုပ်ပေးခဲ့ခြင်းကြောင့် သူ့အားပြန်၍ သူ၏ကိုယ်ရေးကိုယ်တာအိမ်မှုကိစ္စများကို ခိုင်းစေရန် ထိန်းချုပ်အသုံးချခြင်းတို့ဖြစ်သည်။

သဖိစီရ်ကချဖ်၏အဆိုအရ ကောင်းမြတ်သောအကြံဉာဏ်ပေးမှုသည် မုစ်လင်မ်တစ်ဦး၏ရပိုင်ခွင့်ဖြည့်ဆည်းခြင်းကိုလည်းကောင်း၊ ထိုသူအား ခွင့်ပြုထားသောအကျိုးအမြတ်အချို့ရရှိစေခြင်းကိုလည်းကောင်း၊ ထိုသူ့အား အန္တရာယ်နှင့် ဆုံးရှုံးမှုတို့မှကာကွယ်ခြင်းတို့ကိုလည်းကောင်း ရည်စူးရပါသည်။ ထပ်လောင်း

ပြောရမည်ဆိုလျှင် ကြားဝင်အကြံဉာဏ်ပေးခြင်း လုပ်ရပ်သည် မည်သည့်လောကီအကျိုးအမြတ်အတွက်မျှ မဖြစ်စေရပါ။ ချည့်နဲ့သူတစ်ဦးအား ကူညီရာတွင် အလ္လာဟ်အရှင်မြတ်ကျေနပ်နှစ်သက်မှုရရှိစေရန်သက်သက် ရည်စူးရပါမည်။ ထို့နောက် ဤကြားဝင်အကြံဉာဏ် ပေးမှုအတွက် ရုပ်ဝတ္ထုဆိုင်ရာဖြစ်စေ၊ ငွေကြေးဆိုင်ရာဖြစ်စေ မည်သည့်လာဘ်ယူမှုမျိုးမှ မဖြစ်စေရပါ။ ၎င်းပြင် ဤကြားဝင်အကြံဉာဏ်ပေးမှုအတွက် ခွင့်မပြုသောအရာများကိုလည်း မရယူသင့်ပါ။ အထက်ဖော်ပြပါတို့ ထပ်ဆောင်းသည့်အနေဖြင့် ထင်ရှားသောပြစ်မှုတစ်ခုအတွက် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ အစဉ်အမြဲအတည်ပြုပြီးဖြစ်သော ပြစ်ဒဏ်ခတ်မှုမှ လွတ်ငြိမ်းချမ်းသာခွင့်ရရန် အတွက် ကြားဝင်အကြံဉာဏ်ပေးခြင်းမျိုး မဖြစ်စေရပါ။

သဖိစိရ်အလ်ဗဟ်ရုလ်မုဟီတ်တွန့် မဇ်ဟရီတို့တွင် ပါရှိသည်မှာ အချို့သော မုစ်လင်မ်များတို့၏ လိုအပ်ချက်များတို့ကိုပြည့်ဝစေရန်အတွက် အလ္လာဟ်အရှင်မြတ်ထံ ဒုအာဆုမွန်တောင်းခံပေးခြင်းသည်လည်းကောင်းသောကြားဝင်အကြံဉာဏ်ပေးခြင်းတွင် အကျိုးဝင်သွားကာ ဒုအာဆုမွန်တောင်းခံပေးသူထံသို့လည်း ဆုလာဘ်များရောက်ရှိသွားပါသည်။ ဟဒီးဆ်တော်တစ်ပုဒ်အရ တစ်စုံတစ်ဦးသည် အီမာန်ရှင်ညီအစ်ကိုများကောင်းကျိုးအတွက် ဒုအာဆုမွန်တောင်းပါက ကောင်းကင်တမန်များကပြောကြားသည်မှာ ØwmB/LO "အလ္လာဟ်အရှင် ထိုသူ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးတော်မူပါ" ဟူ၍ဖြစ်သည်။

## "စလာမ်နှင့်အစွလာမ်" မုစ်လင်မ် နှုတ်ခွန်းဆက်သခြင်း၏ချမ်းသာသုခ

وَإِذَا حُيِّيتُم بِتَحِيَّةٍ فَحَيُّوا بِأَحْسَنَ مِنْهَآ ဟူသောစကားလုံးများဖြင့်အစပြုထားသော အာယသ်(၈၆)ထဲတွင် အလ္လာဟ်အရှင်မြတ်က မုစ်လင်မ်များအကြား စလာမ်ဟုခေါ်တွင်သော နှုတ်ဆက်ခြင်း၊ ပြန်လည်နှုတ်ဆက်ခြင်း၏ကျင့်ဝတ်များအကြောင်းကို ကျွန်ုပ်တို့အားပြောပြပါသည်။

ဝေါဟာရအနေဖြင့် ]yhT "သဟီးယတ်"သည် ÒA?ayH "ဟယာကလ္လာဟ်" ဟုပြောဆိုခြင်းကို ဆိုလိုပါသည်။ ÒA?ayH ဟယာကလ္လာဟ်၏ အဓိပ္ပာယ်မှာ "အလ္လာဟ်အရှင်မြတ်သည် အသင့်အား အသက်ထင်ရှားထားပါစေ"ဟူ၍ ဖြစ်ပါသည်။ အစွလာမ်မပေါ်ထွန်းမီက အာရေးဗီးယားတွင် လူအများတစ်ဦးနှင့်တစ်ဦးတွေ့ဆုံကြသောအခါတွင် "ဟယာကလ္လာ" (သို့မဟုတ်) "အန်အမုလ္လာဟ်ဟူ ဗကအိုင်နုန်" (သို့) "အန်အင်စွဗ်ဟန်" (သို့) ထိုသည်တို့နှင့် သဘောသဘာဝတူသော အခြားအသုံးအနှုန်းများပြောကြားကာ နှုတ်ဆက်လေ့ရှိပါသည်။ အစွလာမ်ထွန်းကားပြီး သည့်နောက်တွင် ဤကဲ့သို့သော နှုတ်ဆက်နည်းဟန်ကို ပြောင်းလဲကာ တပြေးညီ ပုံစံဖြစ်သော ù\ylI•*sLA "အတ်စလာမုအလိုက်ကွန်းမ်"နှင့် အစားထိုးခဲ့ပါသည်။ ယေဘုယျအနေဖြင့် အသင့်ပေါ်၌ ငြိမ်းချမ်းသာယာမှုများ ကျရောက်ပါစေဟု မပြည့်မစုံစွာဖြင့် ဘာသာပြန်ဆိုထားသော်လည်း ဤနှုတ်ဆက်ခြင်းက "အသင့်အား နာကျင်မှုများ၊ ဝမ်းနည်းကြေကွဲရမှုများနှင့် စိတ်သောကရောက်ရခြင်းများမှ ကင်းဝေးပါစေ" ဟူ၍ ဖြစ်ပါသည်။

အဟ်ကမုလ်ကုရ်အာန်ကျမ်းထဲ၌ အိဗ်နိအရဗီကမိန့်ကြားသည်မှာ "စလာမ်"ဟူသောစကားလုံးသည် အလ္လာဟ်အရှင်မြတ်၏ကောင်းမြတ်သော နာမတော်များထဲမှ တစ်ခုဖြစ်ပြီး "အတ်စလာမုအလိုက်ကွန်းမ်"သည် ù^\<y^l-I-è%y^Q_R-ÒA"အလ္လာဟ်အရှင်မြတ်သည် အသင်အားတာဝန်ယူထိန်းသိမ်း စောင့်ရှောက်သူဖြစ်သည်"ဟုဆိုလိုသည်။

## တစ်မူထူးခြားသောအစွလာမ့်နှုတ်ခွန်းဆက်နည်း

ကမ္ဘာတစ်ဝန်းလုံးရှိ ယဉ်ကျေးသောလူအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦးတွေ့ဆုံကြသောအခါတွင် အချင်းချင်းချစ်ခင်မှု၊ ရင်းနှီးမှုကိုပြသရန်အတွက် တစ်စုံတစ်ရာပြောဆိုသောဓလေ့ရှိပါသည်။ အကယ်၍သာ ဤသည်ကို အစွလာမ့်နှုတ်ခွန်းဆက်ပုံနှင့်သဘောထားကြီးစွာဖြင့် နှိုင်းယှဉ်ခဲ့ပါက အစွလာမ့်နှုတ်ဆက်နည်း၏ ပြီးပြည့်စုံမှုကြောင့် ယင်းသည်ထူးခြားစွာပေါ်လွင်နေပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုနှုတ်ခွန်းဆက်နည်းသည် ချစ်ခင်ကြင်နာမှုတစ်ခုတည်းကိုဖော်ပြရုံသာ ကန့်သတ်မထားပါ။ ၎င်းနှုတ်ဆက်နည်းသည် ချစ်ခင်ကြင်နာမှုများကိုဖြည့်ဆည်းရန်တောင်းဆိုမှုများနှင့် ပေါင်းစပ်ထားပါသည်။ ဆိုလိုသည်မှာ ဆင်းရဲဒုက္ခများနှင့် ကြေကွဲဝမ်းနည်းမှုများအပေါင်းတို့မှ လုံခြုံစိတ်ချစွာထားပေးပါရန် အလ္လာဟ်အရှင်မြတ်ထံ ကျွန်ုပ်တို့ ဒုအာတောင်းဆိုခြင်းဖြစ်သည်။ သို့ဆိုပါလျှင် ဤဆုဒုအာတောင်းနည်းသည် အစွလာမ်မပေါ်ပေါက်မီ အရဗ်လူမျိုးများအသက်ရှည်စေရန်တစ်ခုတည်း အတွက်သာ တောင်းဆိုသောနည်းလမ်းကဲ့သို့ ပေါ့ပေါ့တန်တန် ဒုအာတောင်းနည်းမဟုတ်ပါ။ ထိုကဲ့သို့ မဟုတ်ဘဲ ကျွန်ုပ်တို့အတွက် ဆင်းရဲဒုက္ခများနှင့် ဝမ်းနည်းကြေကွဲမှုအပေါင်းတို့မှ လုံခြုံစိတ်ချရသော ကောင်းမြတ်သောဘဝတစ်ခုတောင်းဆိုသောဒုအာဖြစ်ပါသည်။ ယင်းနှင့်အတူ အစွလာမ်နှုတ်ဆက်နည်းသည် အလ္လာဟ်အရှင်မြတ်နှင့် ကျွန်ုပ်တို့၏ဆက်သွယ်မှုစစ်မှန်ခြင်းကိုဖော်ပြပါသည်။ နှုတ်ဆက်သောသူနှင့် နှုတ်ဆက်ခြင်းခံရသောသူ ကျွန်ုပ်တို့အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်ပေါ်၌ မှီခိုအားထားမှုပြုရပြီး ချိန်ခါမလပ်ထိုအရှင်၏ကူညီမှုလိုအပ်နေကြောင်းနှင့် ထိုအရှင့်ဆန္ဒတော် ခွင့်ပြုချက်မပါရှိဘဲနှင့် တစ်စုံတစ်ဦးသည် အခြားသူတစ်ဦးအပေါ် သို့ ကောင်းကျိုးမပြုနိုင်ကြောင်းကိုလည်း ဖော်ပြပါသည်။ ထိုအဓိပ္ပာယ်အတိုင်း ကောက်ယူခဲ့ပါလျှင် ဤကဲ့သို့သောနှုတ်ဆက်နည်းသည် ခဝတ်ကိုးကွယ်ခြင်း (အိဗာဒသ်) တစ်ခုဖြစ်သွားကာ အလ္လာဟ်အရှင်မြတ်၏ အိမာန်ရှင်ညီအစ်ကိုတစ်ဦးကို ထိုအရှင်အား နာခံရန်နှင့် ချစ်ခင်မြတ်နိုးရန်ဟူသည်ကို သတိပေးသည့်အကြောင်းခံလည်း ဖြစ်သွားပါသည်။

ဤနှုတ်ဆက်နည်းအတိုင်း ကျင့်သုံးကာ လူတစ်ဦးသည် သူ၏ အသိမိတ်ဆွေအား ဆင်းရဲဒုက္ခများနှင့် ဝမ်းနည်းကြေကွဲရမှုအပေါင်းတို့မှ လုံခြုံစိတ်ချစွာရှိစေရန် အလ္လာဟ်အရှင်မြတ်ထံ ဆုမွန်ဒုအာတောင်းသည်ကို ကျွန်ုပ်တို့စဉ်းစားကြည့်ကြပါစို့ "ထိုကဲ့သို့ လုပ်ဆောင်ရာတွင် နှုတ်ဆက် သောသူသည် နှုတ်ဆက်ခြင်းခံရသူအား ၎င်း၏ လက်၊ နှုတ်၊ လျှာ တို့ဖြင့် အန္တရာယ်မကျရောက်နိုင်ဟု ကတိကဝတ် ပြုခြင်းမျိုးမဟုတ်ပါ။ တနည်းဆိုရသော် နှုတ်ဆက်သူက ၎င်းသည် နှုတ်ဆက်ခြင်းခံရသူ၏ အသက်၊ ဥစ္စာပစ္စည်းနှင့် ဂုဏ်သိက္ခာတို့ကို ထိန်းသိမ်းစောင့်ရှောက်နေသူဟူ၍ ပြောဆိုခြင်းဖြစ်သည်။

အိမာမ်အိပ်နိအုရေနဟ်၏ပြောဆိုချက်အတိုင်း အိပ်နိအရဗီကအဟ်ကာမုလ်ကုရ်အာန်ကျမ်းထဲတွင် တင်ပြထားသည်မှာ- اَتَدْرِىْ مَا السَّلاَمُ؟ يَقُوْلُ اَنْتَ اٰمِنٌ مِّنِّىْ

"စလာမ်ဆိုသည်မှာ ဘာလဲဆိုသည်ကို အသင်သိပါသလား။ စလာမ်ဆို နှုတ်ဆက်သောသူက ပြောသည်မှာ အသင်သည် ကျွန်ုပ်ကြောင့် အန္တရာယ်မဖြစ်စေရပါ" ဟူ၍ဖြစ်သည်။

အချုပ်မှာ ပြောနိုင်သည်ကား ဤအစွမ်းမှ်နှုတ်ဆက်နည်းသည် စကြဝဠာလုံးဆိုင်ရာ ပြီးပြည့်စုံမှုပါဝင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နှုတ်ဆက်ခြင်းခံရသူအား အလ္လာဟ်အရှင်ကိုအောက်မေ့သတိရရန် သတိပေးသောကြောင့် အလ္လာဟ်အရှင်မြတ်အား အောက်မေ့သတိရစေရန်အကြောင်းခံလည်းဖြစ်သွားပါတော့သည်။ ဤနှုတ်ခွန်းဆက်နည်းသည် အီမာန်ရှင် ညီအစ်ကိုတစ်ဦးအား ချစ်ခင်မြတ်နိုးမှုဖော်ပြသည့်အရာလည်းဖြစ်ပါသည်။ အမှန်တကယ်အားဖြင့် အီမာန်ရှင် ညီအစ်ကိုတော်အတွက် ထူးဆန်းအံ့ဩဖွယ်ရာဆုမွန်ဒုအာလည်း ဖြစ်သွားပါသည်။ ၎င်းပြင် ထိုကဲ့သို့သော နှုတ်ခွန်း ဆက်မှုမျိုးတွင် နှုတ်ဆက်သူက နှုတ်ဆက်ခံရသူအား ဘေးအန္တရာယ်များ၊ ကသိကအောက်ဖြစ်မှုများ သူ့ကြောင့် မဖြစ်စေရပါဟူသော ကတိကဝတ်ပြုမှုမျိုးပါဝင်ပါသည်။ ယင်းနှင့်ပတ်သက်၍ ခိုင်လုံသော ဟဒီးဆ်တစ်ပုဒ်ထဲတွင် တမန်တော်မြတ် ﷺ က မိန့်ကြားထားသည်မှာ-

اَلْمُسْلِمُ مَنْ سَلِمَ الْمُسْلِمُوْنَ مِنْ لِّسَانِهٖ وَيَدِهٖ

"မုစ်လင်မ်တစ်ဦးဆိုသည်မှာ သူ၏နှုတ်လျှာဖြင့်လည်းကောင်း၊ သူ၏လက်ဖြင့်လည်းကောင်း အားလုံးသော မုစ်လင်မ်အား ဒုက္ခမဖြစ်စေသူကို ခေါ်ပါသည်။" **(သိရ်မိဇီကျမ်း၊ ကိသာဗုလ်အီမာန်ကျမ်း)**

ကမ္ဘာပေါ်တွင် ယေဘုယျခေတ်စားနေသော အကျင့်ဓလေ့တစ်ခုဖြစ်သည့် နှုတ်ဆက်နည်းကဲ့သို့ မုစ်လင်မ်များသည် ဤနှုတ်ဆက်နည်း၏စကားလုံးများ (စလာမ်ဆိုခြင်း)ကို မပြောမိစေရန် တစ်စုံတစ်ဦးသည် လိုလားနှစ်ခြိုက်စွာ ဆန္ဒပြုမိပါလိမ့်မည်။ ဤနှုတ်ဆက်နည်း၏ စစ်မှန်ချက်ကို ပြည့်ပြည့်ဝဝနားလည်ပြီးသည့်နောက် ဤနှုတ်ဆက်နည်းဖြင့် နှုတ်ခွန်းဆက်လိုက်ပါက မည်မျှအကျိုးရှိလိုက်ပါမည်နည်း။ ဤနည်းဖြင့် လူအဖွဲ့အစည်းတစ်ခုလုံးကိုပြုပြင်ပြောင်းလဲရန် လုံလောက်ကြောင်းတွေ့ရှိရပါလိမ့်မည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် တစ်ဦးနှင့်တစ်ဦးတွေ့ဆုံသောအခါ မုစ်လင်မ်များတို့ စလာမ်ဆိုနှုတ်ဆက်သည့်အလေ့အကျင့်တွင်တွင်ကျယ်ကျယ်ဖြစ်စေရန်အတွက် အလေးအနက်ပြုခဲ့ပါသည်။ ၎င်းနောက် ဤသည်မှာ ကောင်းမှုကောင်းရာလုပ်ရပ်တို့တွင် အကောင်းဆုံးဖြစ်ကြောင်း ဖော်ထုတ်ပြသခဲ့ပြီး ဤသို့ပြုလုပ်ခြင်း၏ ဂုဏ်ကျေးဇူးများ ဂုဏ်ကျက်သရေတင့်တယ်ခြင်းများ၊ ကောင်းချီးမင်္ဂလာများနှင့် ဆုလာဘ်များအကြောင်းကို အချိန်ယူရှင်းလင်းတင်ပြခဲ့သည်။ ဆွဟီးမုစ်လင်မ်ကျမ်းပါ စိုက်ယိဒိနာအဗူဟုရိုင်ရဟ်ဆင့်ပြန်ခဲ့သော ဟဒီးဆ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ မိန့်ကြားသည်မှာ "အသင်သည် အီမာန်သက်ဝင်ယုံကြည်သူတစ်ယောက် မဖြစ်သမျှ ဂျန္နသ်သုခဘုံသို့မဝင်ရောက်နိုင်ပါ။ ၎င်းနောက် အသင်တို့သည် တစ်ဦးနှင့်တစ်ဦး မချစ်ခင်သမျှ အသင်တို့၏အီမာန်သည် မပြည့်စုံနိုင်ပါ။ အကယ်၍သာ အမြဲကျင့်သုံးမည်ဆိုလျှင် အသင်တို့ကြား ချစ်ခင်ကြင်နာမှုပွားများစေမည့် နည်းလမ်းတစ်ခု ကျွန်ုပ်ပြောပြမည်။ ယင်းမှာ အသင်တို့ကြား မုစ်လင်မ်တိုင်း မုစ်လင်မ်တိုင်းသည် အသိမိတ်ဆွေဖြစ်စေ၊ တစ်စိမ်းတစ်ရံဖြစ်စေ စလာမ်ဆိုနှုတ်ဆက်ခြင်းကို အမြဲတန်း အကျင့်ဓလေ့တစ်ခု

ဖြစ်အောင်ပြုလုပ်ပါ"ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာအိဗ်နိအုမရ် ﴿ﷺ﴾၏ပြောကြားချက်အရ တစ်စုံတစ်ဦးသည် တမန်တော်မြတ် ﴿ﷺ﴾သခင်အား လျှောက်ထားသည်မှာ "အစ္စလာမ့်အကျင့်ဓလေ့များအနက်မည်သည်မှာ တန်ဘိုးအရှိဆုံးပါနည်း" တမန်တော်မြတ် ﴿ﷺ﴾သခင်က မိန့်ကြားသည်မှာ လူအများအားကျွေးမွေးပါ။ တစ်ဦးတစ်ယောက်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ စလာမ်ဆိုနှုတ်ဆက်သည့်အကျင့်ဓလေ့ပြန့်ပွားအောင်လုပ်ပါ။ **(ဗုခါရီနှင့်မုစ်လင်မ်)**

စိုက်ယိဒိနာအဗူအုမာမဟ် ﴿ﷺ﴾ ၏ဆင့်ပြန်ချက်ကို မုစ်နဒ်အဟ်မဒ်ကျမ်း၊ သိရ်မိဇီကျမ်းနှင့် အဗူဒါဝူဒ်ကျမ်း တို့၏ တင်ပြချက်အရ တမန်တော်မြတ် ﴿ﷺ﴾သခင်က မိန့်ကြားသည်မှာ "စလာမ်ကို ပထမဦးဆုံးဆိုသောသူသည် အလ္လာဟ်အရှင်မြတ်နှင့် အနီးကပ်ဆုံးသောသူဖြစ်သည်" ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အူးဒ် ﴿ﷺ﴾၏ဆင့်ပြန်ချက်ကို မုစ်နဒ်အလ်ဗဇာရ်ကျမ်းနှင့် အလ်တဗ်ဗရာနီ၏ အလ်မူဂျင်းအလ်ခဗီးရ်ကျမ်းတွင် တမန်တော်မြတ်﴿ﷺ﴾ ကမိန့်ကြားသည်မှာ "စလ္လာဟ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ နာမတော်များအနက်မှ တစ်ခုဖြစ်ပြီး ယင်းကြောင့် အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာပေါ်ရှိလူအများအားကောင်းချီးရစေခဲ့ပါသည်။ ထို့ကြောင့် အသင်တို့အကြားဝယ် စလ္လာမ်ဆိုနှုတ်ဆက်ခြင်းကို အမြဲတန်းအလေ့အကျင့်တစ်ခုဖြစ်အောင်လုပ်ဆောင်ပါ။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်တစ်ဦးသည် လူစုလူဝေးရှိရာသို့သွားရောက်ပြီး ထိုလူစုလူဝေးအား စလာမ်ဆို နှုတ်ဆက်လိုက်ပါက အလ္လာဟ်အရှင်မြတ်သည် သူ့အား ပေါ်လွင်ထင်ရှားသည့်အဆင့်ဖြင့် ကောင်းချီးပေးလိုက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် လူအများကို စလာမ်ဆိုခြင်းကိုသတိရစေသည်။ ဆိုလိုသည်မှာ ထိုသူတို့အား အလ္လာဟ်အရှင်မြတ်ကို သတိရစေပါသည်။ အကယ်၍ ထိုလူစုလူဝေးတွင်းရှိ လူအများက ပြန်လည်နှုတ်ဆက်ခြင်းမရှိခဲ့ပါလျှင်လည်း ထိုသူများထက် သာလွန်ကောင်းမွန်သောသူများက ပြန်လည်နှုတ်ဆက်ပါလိမ့်မည်။ ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်၏ ကောင်းကင်တမန်များဖြစ်ကြသည်။

စိုက်ယိဒိနာအဗူဟုရိုင်ရဟ် ﴿ﷺ﴾သခင်ဆင့်ပြန်သော အခြားဟဒီးဆ်တော်တစ်ပုဒ်ထဲ၌ တမန်တော်မြတ် ﴿ﷺ﴾ သခင်ကမိန့်ကြားထားသည်မှာ "အကြီးမားဆုံးသော ကပ်စေးနှဲသောသူသည် စလာမ်ဆို၍ နှုတ်ဆက်ရန် ကပ်စေးနဲသောသူပင်ဖြစ်သည်။ **(တဗ်ဗရာနီ၊ အလ်မူဂျင်းအလ်ခဗီး၍)**

တမန်တော်မြတ်﴿ﷺ﴾၏ ဤသင်ကြားချက်များသည် သူ၏ ဆွဟာဗတ်ကြီးများအပေါ်တွင် အကျိုးသက်ရောက်မှုရှိပုံကို စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအုမရ်﴿ﷺ﴾ သခင်၏အကြောင်းဆင့်ပြန်ချက်များအရ တိုင်းတာကြည့်နိုင်ပါသည်။ ထိုသာဝကကြီးသည် ဈေးသို့မကြာခဏ သွားလေ့ရှိပါသည်။ သွားရောက်ခြင်း၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ တွေ့သမျှ မုစ်လင်မ်များအား စလာမ်ဆို နှုတ်ဆက်ရန်အတွက်ဖြစ်သည်။ သို့ပြုလုပ်ခြင်းကြောင့်သူသည် "အိဗာဒသ်" ခဝတ်ကိုးကွယ်ခြင်း၏ အကျိုးစဝါးဗ်နှင့် ထိုက်တန်သွားပါလိမ့်မည်။ သူဈေးသို့သွားခြင်းသည် တစ်စုံတစ်ခုကို ဝယ်ယူရန်သော်လည်းကောင်း၊ တစ်စုံတစ်ခုကိုရောင်းချရန်သော်လည်းကောင်း မည်သည့်အခါမျှ မရည်ရွယ်ခဲ့ပါ။ ဤဆင့်ပြန်ချက်သည် အိမာမ်မာလစ်က်၏မုအတ္တာကျမ်းတွင်ပါရှိပြီး စိုက်ယိဒိနာ တုဖိုင်းလ် အိဗ်နိအုဗိုင်း အိဗ်နိ ကအဗ်﴿ﷺ﴾၏ဆင့်ပြန်ချက်ဖြစ်သည်။

"တစ်ဖန်အသင်တို့သည် တစ်နည်းနည်းအားဖြင့် (စလာမ်မေတ္တာပို့သလျက်) နှုတ်ခွန်းဆက်သခြင်းခံကြရသည်ထက် ပိုမို၍ကောင်းမြတ်သောနည်းမျိုးဖြင့် (စလာမ်မေတ္တာပို့၍) နှုတ်ခွန်းဆက်သကြလေကုန်။ သို့တည်းမဟုတ် (နှုတ်ခွန်းဆက်ခြင်းခံကြသည့်) အတိုင်းပင် တုန့်ပြန်ကြလေကုန်" ဟူသည်တို့ဖြင့် အစပြုထားသောကုရ်အာန်ကျမ်းတော်မြတ်အာယသ်(၄း၈၆)ကို တမန်တော်မြတ်﴿ﷺ﴾၎င်းကိုယ်တိုင် လုပ်ဆောင်မှုများမှ တစ်ဆင့်ရှင်းလင်းပြသခဲ့ပါသည်။ တစ်ခါက တစ်စုံတစ်ဦးသည် ကိုယ်တော်မြတ်ထံသို့ လာရောက်ကာ "အပ်စ်စလာမုအလိုက်ကွန်းမ်းယာရစူလုလ္လာဟ်" (အသင်အပေါ်၌ ငြိမ်းချမ်းသာယာမှုအပေါင်းကျရောက်ပါစေအို့အလ္လာဟ်အရှင်မြတ်၏တမန်တော်") ဟူ၍နှုတ်ခွန်းဆက်ပါသည်။ ပြန်လည်၍ နှုတ်ခွန်းဆက်သရာ၌ တမန်တော်မြတ် ﴿ﷺ﴾က "ဝအလိုင်းကုမုစ္စလာမ် ဝရဟ်မတွလ္လာဟ်" ("၎င်းပြင်အသင်အပေါ်၌ ငြိမ်းချမ်းသာယာမှုများ၊ အလ္လာဟ်အရှင်မြတ်၏ အသနားတော်များကျရောက်ပါစေ") ဟူ၍ဆိုခဲ့သည်။ ထို့နောက် တစ်စုံတစ်ဦးရောက်လာ၍ "အတ်စလာမ်မုအလိုင်းက ယာရစူလုလ္လာဟ် ဝရဟ်မတွလ္လာဟ်ဟူ၍ စလာမ်ဆိုလိုက်သည်။ ထိုအခါ ကိုယ်တော်မြတ်က စလာမ်ပြန်ကြားရာတွင်"ဝအ်လိုင်းကွန်းမ်မုတ်စလာမ်ဝရဟမတွလ္လာဟ်ဟိ ဝဗရကသုဟ်ဟု နောက်ထပ်စကားလုံးတစ်လုံး ထပ်ဆောင်းခဲ့ပါသည်။ ထို့နောက် တတိယလူတစ်ယောက်ရောက်ရှိလာခဲ့ပါသည်။ ထိုသူသည် ဤနှုတ်ဆက်ခြင်း သုံးမျိုးစလုံးကို တစ်ခါတည်းပေါင်းစပ်လိုက်ကာ (အပ်စလာမုအာလိုက်ယာရစူလု လ္လာဟ်ဝရဟ်မတွလ္လာဟ် ဟိဝဗရကဟ်သုဟ်")ဟူ၍ နှုတ်ဆက်ပါသည်။ ပြန်လည်နှုတ်ဆက်ရာတွင် တမန်တော်မြတ်﴿ﷺ﴾သည် "ဝအလိုက်" (၎င်းပြင် အသင်အပေါ်၌)ဟူသောစကားလုံး တစ်လုံးတည်ကိုသာသုံးစွဲခဲ့ပါသည်။ သူ၏စိတ်နှလုံးတွင် မချမ်းမမြေ့ဖြစ်ကာ သူကပြောသည်မှာ "ယာရစူလလ္လာဟ်- ကျွန်တော်မျိုး၏မိဘနှစ်ပါးကို ကိုယ်တော်အား စွန့်လျှောပါ၏။ ကိုယ်တော်သည် ကျွန်ုပ်အလျင်လာသောသူများအား ပြန်လည်နှုတ်ဆက်ရာ၌ စကားလုံးများများသုံးစွဲခဲ့ပါသည်။ သို့ရာတွင် ကျွန်တော်မျိုး ထိုစကားလုံးများသုံးစွဲကာ ကိုယ်တော်အား နှုတ်ဆက်ရာတွင် ကျွန်တော်မျိုးအား"ဝအလိုက်"(၎င်းပြင် သင့်အပေါ်၌) ဟူသောစကားလုံးတစ်လုံးဖြင့်သာပြန်လည် နှုတ်ဆက်ခဲ့ပါသည်"ဟူ၍ဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾ကမိန့်ကြားသည်မှာ ပြန်လည်နှုတ်ဆက်ရာတွင် စကားလုံးများထပ်ဆောင်းရန် မကျန်ရှိအောင် အသင်က နှုတ်ဆက်ခဲ့သောကြောင့် ဖြစ်သည်။ အသင်သည် စတင်နှုတ်ဆက်မှုတွင် ဤစကားလုံးများအားလုံးကို သုံးစွဲခဲ့သော ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားချက်အရ တူညီသည်ကို တူညီသည့်အစားဟူသောမူအတိုင်း အသင့်အားပြန်လည်နှုတ်ဆက်ခဲ့ပါလျှင် လုံလောက်ကြောင်းကျွန်ုပ်ထင်မှတ်ပါသည်။ ဤဆင့်ပြန်ချက်ကို မြောက်မြားစွာသောခိုင်လုံသည့် ကွင်းဆက်များမှတစ်ဆင့် အိဗ်နိဂျရီးရှင့် အိဗ်နိအဗီဟာသင်မ်တို့က တင်ပြခဲ့ပါသည်။

(၁) အကယ်၍ တစ်စုံတစ်ဦးက "အပ်စလာမုအလိုက်ကွန်းမ်" "ငြိမ်းချမ်းသာယာမှုအပေါင်းအသင့်ပေါ်၌ကျရောက်ပါစေ" ဟုပြောဆိုကာနှုတ်ဆက်ခဲ့ပါလျှင် "အသင်က ဝအလိုင်ကုမုစ်စလာမ်ဝရဟ်မသုလ္လာဟ်" (၎င်းပြင်အသင့်ပေါ်၌ငြိမ်းချမ်းသာယာမှုအပေါင်းနှင့် အလ္လာဟ်အရှင်မြတ်၏ အသနားတော်ကျရောက်ပါစေ") ဟူ၍ ပြန်လည်နှုတ်ခွန်းဆက်ပါ။ အကယ်၍ ထိုသူကအသင့်အား "အပ်စလာမု အလိုက်ကွန်းမ်ဝရဟ်မသုလ္လာဟ်" ("အသင်အပေါ်၌ငြိမ်းချမ်းသာယာခြင်းနှင့်အလ္လာဟ်အရှင်မြတ်၏အသနားတော်ကျရောက်ပါစေ"ဟုပြောဆိုနှုတ်ဆက်ခဲ့ပါလျှင် အသင်က "ဝအလိုင်ကုမုစ်စလာမ်ဝရဟ်သုလ္လာဟ်ဟိဝဗရကဟ်" ၎င်းပြင်အသင်အပေါ်၌လည်း

ငြိမ်းချမ်းသာယာခြင်း၊ အလ္လာဟ်အရှင်မြတ်၏ အသနားတော်နှင့် ထိုအရှင်၏ကောင်းချီးမင်္ဂလာများ ကျရောက်ပါစေ)ဟု ပြန်လည်နှုတ်ဆက်ပါ။

(၂) ဤကဲ့သို့သောစကားလုံးများထပ်ဆောင်းမှုကို –onsM "မတ်စ်နူးန်" လုပ်ဆောင်ချက်အနေဖြင့် ဤစကားလုံး သုံးလုံးဖြင့်သာ ကန့်သတ်ထားသည်။ ထိုသည်မှာ တမန်တော်မြတ် ﷺ၏ဓလေ့တော်နှင့်အညီ လုပ်ဆောင်ချက် ဖြစ်သည်။ ထိုသည်ထက်ကျော်လွန်လုပ်ဆောင်ပါက "မတ်စ်နူးန်"မဟုတ်တော့ပါ။ ဤသည်က နောက်ကွယ်၌ ရှိသောဆင်ခြင်တွေးခေါ်မှုစနစ်အရထင်ရှားပါသည်။ နှုတ်အားဖြင့်စလာမ်ဆိုနှုတ်ဆက်ခြင်းနှင့် ပြန်လည်နှုတ်ဆက် ခြင်းတို့သည် တိုတိုတုတ်တုတ်ဖြစ်ရပါမည်။ ဤကိစ္စနှင့်ပတ်သက်သော မည်သည့်လွန်ကဲမှု မျိုးမဆိုတို့သည် လုပ်ကိုင်နေသောအလုပ်ကို အနှောင့်အယှက်ဖြစ်စေပါသည်။ သို့မဟုတ်ပါမူ နားထောင်ရသူ ငြီးငွေ့ဖွယ်ကောင်းသောကြောင့် မလျော်ကန်ပါ။ ထို့ကြောင့် တမန်တော်မြတ် ﷺထံလာရောက်သောသူက သူ၏စတင်နှုတ် ဆက်ခြင်း၌ ဤစကားလုံးသုံးလုံးတစ်ပေါင်းတည်းသုံးစွဲနှုတ်ဆက်ရာတွင် တမန်တော်မြတ် ﷺက ပြန်လည် နှုတ်ဆက်ရာ၌ မည်သည့်စကားလုံးကိုမျှ ထပ်ဆောင်းမှုမပြုရန် ရွေးချယ်ခဲ့ပါသည်။ ဤသည်ကို စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗားစ်ﷺသခင်က ထပ်ဆင့်ရှင်းပြသည့်အနေဖြင့် ပြောကြားသည်မှာ တမန်တော်မြတ်ﷺသည် ဤကန့်သတ်ထားသောစကားလုံးသုံးလုံးထက်ပိုမိုပြောဆိုနှုတ်ဆက်သူအား အောက်ပါ စကားလုံးများ ဖြစ်သော- **اِنَّ السَّلاَمَ قَدِ انْتَهٰى اِلَى الْبَرَكَةِ** တို့ဖြင့် ဟန့်တားခဲ့ပါသည်။ **(ဗဂါဝီမှတစ်ဆင့်မဇ်ဟရီ)** အဓိပ္ပာယ်မှာ စလာမ်ဆိုနှုတ်ဆက်ခြင်းသည် "ဗရကသ်"ဟူသောစကားလုံးပြောပြီးသည်နှင့် ပြီးဆုံးသွားပါသည်။ ထိုထက် ကျော်လွန်၍ မည်သည်ကိုမဆို ပြောဆို ခြင်းသည် တမန်တော်မြတ် ﷺ၏ ဓလေ့ထုံးစံမဟုတ်ပါ။ **(အိဗ်နိကဆီး၍)**

(၃) အကယ်၍ တစ်စုံတစ်ဦးသည် ဤစကားလုံးသုံးကို တစ်ချိန်တည်းမှာပြောဆိုနှုတ်ဆက်ခဲ့ပါလျှင် စကားလုံး တစ်လုံးတည်းသုံးစွဲကာ ပြန်လည်နှုတ်ဆက်ခြင်းသည် မှန်ကန်ပါလိမ့်မည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် တူညီသည်ကိုတူညီသည့်အစား ဟူသောမူနှင့်အကျုံးဝင်သွားကာ ကုရ်အာန်ကျမ်းတော်မြတ်၏ aE–O^D#<R<O^A–(သို့မဟုတ် ထို နှုတ်ခွန်းဆက်ခြင်းခံရသည့်) အတိုင်းပင် တုံ့ပြန်ကြလေကုန် ဟူသောအမိန့်ကို နာခံရန်လုံလောက် သွားပါသည်။ တမန်တော်မြတ်ﷺကလည်း ဟဒီးဆ်ထဲတွင် စကားလုံးတစ်လုံးတည်းဖြင့် ပြန်လည်နှုတ်ဆက်ခြင်းကို ပြီးပြည့်စုံပြီဟု မှတ်ယူခဲ့သည်။ **(သဖ်စီရ်မဇ်ဟရီ)**

အချုပ်ဆိုရသော် မုစ်လင်မ်တစ်ဦးအပေါ်၌ စလာမ်ပေးနှုတ်ဆက်ခြင်းခံရသောအခါတွင် ပြန်လည် နှုတ်ဆက်ခြင်းသည် သူ့အတွက် ဝါဂျိဗ်ဖြစ်ကြောင်း ကျွန်ုပ်တို့ပြောနိုင်ပါသည်။ အကယ်၍ သူသည် အစွမ်းလမ်း ရှရီအသ်ကအတည်ပြုထားသောမည်သည့်ခိုင်လုံသောအကြောင်းပြချက်တစ်ခုမျှမရှိဘဲနှင့် ထိုကဲ့သို့လုပ်ဆောင်ရန် ပျက်ကွက်ပါက သူသည်ဂုနာဟ်အပြစ်ကျူးလွန်သောသူဖြစ်သွားပါသည်။ သို့ရာတွင် သူ၌ပြန်လည်နှုတ်ဆက်ခြင်း နည်းလမ်းကိုရွေးချယ်နိုင်ပါသည်။ သူသည်နှုတ်ဆက်သူအသုံးပြုသောစကားလုံးများအတိုင်း သော်လည်းကောင်း ထိုစကားလုံးများထက်သာလွန်ကောင်းမွန်သောစကားလုံးများကို သုံးစွဲကာ ပြန်လည်နှုတ်ဆက်နိုင်ပါသည်။

စလာမ်ဆိုပြန်လည်နှုတ်ဆက်ခြင်းသည် မပြုမနေရ "ဝါဂျိဗ်" တာဝန်ဖြစ်ကြောင်းကို ဤအာယသ်တော်က အလွန်ရှင်းလင်းစွာမိန့်ထားသည်ကို သတိပြုမိပါလိမ့်မည်။ သို့သော်လည်း ဦးစွာစလာမ်ဆိုနှုတ်ဆက်ခြင်း၏

သဘောသဘာဝနှင့်ယှဉ်တွဲဆက်၍မူ ရှင်းရှင်းလင်းလင်းမရှိပါ။ သို့သော်လည်း ü^t<y^y_#H<AX–A_ "အကြောင်းအခါဝယ် အသင်တို့သည် နှုတ်ခွန်းဆက်ခြင်းခံခဲ့ကြရကုန်အံ့" ဟူသော ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းထဲတွင် အညွှန်းတစ်ခုပါရှိကာ ဤကိစ္စအတွက် လုပ်ဆောင်နည်းဥပဒေကို ထောက်ပြထားပါသည်။ ဤအဆိုအမိန့်သည် ကတ္တားပုဒ်ကို အတိအကျဖော်ပြမထားသော "ကြိယာပုဒ်စု"အနေဖြင့်သုံးထားခြင်းက စလာမ်ဆိုနှုတ်ဆက်ခြင်းသည် မုစ်လင်မ်များအားလုံး ယေဘုယျအနေဖြင့်လည်းကောင်း အကျင့်ဓလေ့တစ်ခုအဖြစ်လည်းကောင်း လုပ်ဆောင်နေကြကြောင်းကို ရည်ညွှန်းပါသည်။

မုစ်နဒ်၏အဟ်မဒ်ကျမ်း၊ အလ်သိရ်မိဇီကျမ်းနှင့် အဗူဒါဝူးဒ်ကျမ်းတို့၏ တင်ပြချက်အရ တမန်တော်မြတ် ﷺ က "ဦးစွာပထမ စလာမ်ဆိုနှုတ်ဆက်သောသူသည် အလ္လာဟ်အရှင်မြတ်နှင့် အနီးစပ်ဆုံးသူဖြစ်သည်"ဟု မိန့်ကြားထားခဲ့သည်။ ထို့ကြောင့် အစောပိုင်းဖော်ပြခဲ့ပြီးဖြစ်သော တမန်တော်မြတ် ﷺ ၏ သင်ကြားပြသမှုများမှတစ်ဆင့်၊ စလာမ်ဆိုခြင်းနှင့်ပတ်သက်သောအကြောင်းကို အလေးအနက်ပြုထားခြင်းများနှင့် စလာမ်၏ ဂုဏ်ကျေးဇူးများအကြောင်းကို အသင်လေ့လာဆည်းပူးပြီးသည့်နောက်တွင် ဦးစွာပထမစလာမ်ဆိုနှုတ်ဆက်ခြင်းသည်လည်း တမန်တော်မြတ်ကြီး၏ ဓလေ့တော်၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်း အလေးအနက်ပြုထားခြင်းကိုအသင်နားလည်ရပါလိမ့်မည်။ သဖီစီရ်အလ်ဗဟ်ရုလ် မုဟီးတ္ဒ်ကျမ်းအရ ဦးစွာပထမ စလာမ်ဆိုနှုတ်ဆက်ခြင်းသည် အမှန်စင်စစ်မှာမူ "စွန္ဒသ်မုအပ်ကိဒဟ်" (အစွလာမ့်တမန်တော်ကြီး၏ အလေးအနက်ပြုလုပ်လေ့ရှိသောအလေ့အကျင့်)ဟူ၍ အုလမာပညာရှင်များစွာက မှတ်ယူထားကြသည်။ ၎င်းပြင် ဟစန်အလ်ဗဆွရီက ပြောသည်မှာ-**السلام تطوع والرد فريضة** (ဦးစွာပထမ စလာမ်ဆိုနှုတ်ခွန်းဆက်သခြင်းသည် မိမိစိတ်ကြိုက်အရဖြစ်ပြီး စလာမ်ကို တုန့်ပြန်နှုတ်ဆက်ခြင်းသည် ဝါဂျိဗ်မပြုမနေရ တာဝန်ဖြစ်သည်" ဟူ၍ဖြစ်သည်။

စလာမ်ဆိုနှုတ်ဆက်ခြင်းနှင့် ပြန်လည်တုန့်ပြန်နှုတ်ဆက်ခြင်းတို့နှင့်ပတ်သက်သော အသေးစိတ်ရှင်းလင်းတင်ပြချက်အချို့ကို တမန်တော်မြတ် ﷺ ကမိန့်ကြားထားခဲ့ပါသည်။ ယင်းတို့ကို စာရှုသူက တိုတိုတုတ်တုတ်နှင့် နားလည်သဘောပေါက်ချင်ပါလိမ့်မည်။ အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တစ်ပုဒ်အရ အစီးအနင်းဖြင့် သွားလာနေသူက ခြေလျင်သွားနေသူကို ဦးစွာပထမ စလာမ်ဆိုနှုတ်ဆက်သင့်သကဲ့သို့ လမ်းလျှောက်သွားနေသူတစ်ဦးက ထိုင်နေသာသူအား စတင်စလာမ်ဆိုနှုတ်ဆက်သင့်ပါသည်။ ၎င်းနောက် လူအနည်းငယ်မျှသာပါရှိသောအုပ်စုသည် လူများစွာပါရှိသောအုပ်စုအနီးမှ ဖြတ်သန်းသွားသောအခါတွင် လူအနည်းငယ်ပါရှိသောအုပ်စုကစတင်စလာမ်ဆိုနှုတ်ခွန်းဆက်သင့်သည်။

သိရ်မိဇီကျမ်းပါ ဟဒီးဆ်တော်တစ်ပုဒ်အရ လူတစ်ဦးသည် မိမိ၏အိမ်သို့ဝင်ရောက်သောအခါ၌ မိမိ၏မိသားစုဝင်များအား စလာမ်ဆိုနှုတ်ဆက်သင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤကျက်သရေမဂ်လာနှင့်ပြည့်စုံသော လုပ်ရပ်သည် ထိုသူ့အတွက်သာမက သူ၏မိသားစုအတွက်ပါ ကောင်းချီးမင်္ဂလာများရရှိစေပါသည်။

အဗူဒါဝူးဒ်ကျမ်းပါ ဟဒီးဆ်တစ်ပုဒ်အရ လူတစ်ဦးသည် မုစ်လင်မ်တစ်ဦးနှင့်တစ်ကြိမ်ထက်ပိုမို တွေ့ဆုံပါက သူသည်တွေ့ဆုံတိုင်းတွေ့ဆုံတိုင်းတွင် စလာမ်ဆိုနှုတ်ဆက်သင့်ပါသည်။ ၎င်းနောက် စတင်တွေ့ဆုံချိန်တွင် စလာမ်ဆိုနှုတ်ဆက်ခြင်းသည်"မတ်စ်နူန်း"(စွန္ဒသ်တော်၏လိုအပ်ချက်)ဖြစ်သကဲ့သို့ ခွဲခွာချိန်တွင် စလာမ်ဆိုနှုတ်ဆက်ခြင်းသည်လည်း တမန်တော်မြတ် ﷺ ၏ ဓလေ့တော်နှင့်အညီဖြစ်ပြီး ဆုလာဘ်များရရှိမည့် အရင်း

အမြစ်လည်း ဖြစ်ပါသည်။ ဤလမ်းညွှန်ဥပဒေသည် သိရ်မိဇီကျမ်းနှင့် အဗူဒါဝူးဒ်တွင်ပါရှိပြီး စိုက်ယိဒိနာ ကသာဒဟ်နှင့် အဗူဟုရိုင်ရဟ် ﷺတို့၏ ဆင့်ပြန်ချက်ဖြစ်သည်။

ဥပဒေနှင့်ပတ်သက်သော သတိပေးချက်တစ်ရပ်မှာ စလာမ်ဆိုတုန့်ပြန်နှုတ်ဆက်ခြင်းသည် မပြုမနေရ ဝါဂျိဗ်ဖြစ်သော်လည်း ယင်းနှင့်ပတ်သက်၍ ချွင်းချက်အချို့ရှိပါသည်။ ပမာဆိုသော် အကယ်၍ တစ်စုံတစ်ဦးသည် ဆွေးသ်ဝတ်ပြုနေသူတစ်ဦးအား စလာမ်ဆိုနှုတ်ဆက်ခဲ့ပါက ပြန်လည်နှုတ်ဆက်ခြင်းသည် တာဝန်မဟုတ်တော့ပါ။ အမှန်ဆိုလျှင် ဤသည်မှာ ဆွေးသ်ဝတ်ပြုမှုကို ပျက်စီးစေသောအရာဖြစ်သည်။ အလားတူစွာ၊ တစ်စုံတစ်ဦးတရားဟောကြားနေစဉ်သော်လည်းကောင်း ကုရ်အာန်ကျမ်းတော်မြတ်ဖတ်ရွတ်နေစဉ်တွင်သော်လည်းကောင်း အဇာန်ဆိုနေစဉ်တွင်သော်လည်းကောင်း အိကာမသ်ပေးနေချိန်တွင်သော်လည်းကောင်း ဘာသာရေးဆိုင်ရာစာပေသင်ကြားပေးနေချိန်တွင်သော်လည်းကောင်း၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့်အလုပ်များနေချိန်တွင်သော်လည်းကောင်း၊ ထိုသူများအား စလာမ်ဆိုစတင်နှုတ်ဆက်ခြင်းမျိုးခွင့်မပြုပါ။ ၎င်းနောက် ထိုသူများက စလာမ်တုန့်ပြန်နှုတ်ဆက်ရန်လည်း တာဝန်တစ်ရပ်မဟုတ်တော့ပါ။

အာယသ်(၈၆)၏အဆုံးတွင်- **اِنَّ اللّٰهَ كَانَ عَلٰى كُلِّ شَیۡءٍ حَسِيۡبًا** (၈ကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကိုစစ်ဆေးတော်မူမည့် အရှင်ပင်ဖြစ်တော်မူပေသတည်း)ဟူ၍ မိန့်ထားပါသည်။ ဆိုလိုသည်မှာ လူသားများအားလုံးနှင့် စလာမ်ဆိုနှုတ်ဆက်ခြင်း၊ စလာမ်ဆိုတုန့်ပြန်နှုတ်ဆက်ခြင်းစသော အစွမ်းတာဝန်ဝတ္တရားများ ပါဝင်သော အရာခပ်သိမ်းတို့စစ်ဆေးခြင်းသည် အလ္လာဟ်အရှင်မြတ်၏ လုပ်ဆောင်မှုသာဖြစ်ပါသည်။ ဤကိစ္စရပ်များသည်လည်း အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်တွင် စစ်ဆေးခြင်းခံကြရပါမည်။

ထို့နောက် အာယသ်(၈၇)- **اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ لَيَجۡمَعَنَّكُمۡ اِلٰى يَوۡمِ الۡقِيٰمَةِ لَا رَيۡبَ فِيۡهِ** ကဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်မှအပ မည်သည်ကိုမျှ ခဝတ်ကိုးကွယ်ခြင်းခံထိုက်သူမရှိဟူ၍ဖြစ်ပါသည်။ ထိုအာယသ်က အလေးအနက်တိုက်တွန်းသည်မှာ "ထိုအရှင်ကိုသာ အသင်၏ခဝတ်ကိုးကွယ်ရာဟူ၍ မှတ်ယူယုံကြည်ပါ။ ၎င်းနောက်အသင် အဘယ်အရာကိုပဲလုပ်လုပ် အသင်လုပ်သမျှတို့ကို ထိုအရှင်အားခဝတ်ကိုးကွယ်မှု "အိဘာဒသ်" ပြုနေသည်ဟု ရည်စူးချက်ထားပါ။ ထိုအရှင်သည် ကိယာမသ်ကမ္ဘာ့တရားစီရင်မည့်နေ့တွင် လူတိုင်းလူတိုင်းကို စုရုံးစေတော်မူလိမ့်မည်ဆိုသည်မှာ သံသယမရှိပါ။ ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် လူတိုင်းလူတိုင်းအား ၎င်းတို့၏အားလုံးသောလုပ်ရပ်အတွက် အစားပေးတော်မူမည်။ ထို့ပြင်ကိယာမသ်ဆိုက်ရောက်မည်ဆိုသည့် ကတိစကားနှင့် ထိုအချိန်တွင် ဆုလာဘ်ပေးခံရခြင်းနှင့် အပြစ်ဒဏ်ခံရခြင်းဆိုသည့်သတင်းစကားတို့သည် မှန်ကန်ပါလိမ့်မည်။ ဤကဲ့သို့မှန်ကန်ရခြင်းမှာ ဘာဖြစ်လိမ့်မည်ဟူသောသတင်းစကားကို အလ္လာဟ်အရှင်မြတ်ကပေးတော်မူသောကြောင့်ဖြစ်ပါသည်။ **وَمَنۡ اَصۡدَقُ مِنَ اللّٰهِ حَدِيۡثًا** "စင်စစ်သော်ကား စကားအရာ၌ အလ္လာဟ်အရှင်မြတ်ထက် ပိုမိုမှန်ကန်စွာပြောဆို သောသူ မည်သူရှိပါသနည်း"။

v v v v v v v

အာယသ် (၈၈-၉၁)

فَمَا لَكُمْ فِي الْمُنٰفِقِيْنَ فِئَتَيْنِ وَاللّٰهُ اَرْكَسَهُمْ بِمَا كَسَبُوْا ؕ
اَتُرِيْدُوْنَ اَنْ تَهْدُوْا مَنْ اَضَلَّ اللّٰهُ ؕ وَمَنْ يُّضْلِلِ اللّٰهُ
فَلَنْ تَجِدَ لَهٗ سَبِيْلًا ﴿۸۸﴾ وَدُّوْا لَوْ تَكْفُرُوْنَ كَمَا كَفَرُوْا
فَتَكُوْنُوْنَ سَوَآءً فَلَا تَتَّخِذُوْا مِنْهُمْ اَوْلِيَآءَ حَتّٰى يُهَاجِرُوْا
فِيْ سَبِيْلِ اللّٰهِ ؕ فَاِنْ تَوَلَّوْا فَخُذُوْهُمْ وَاقْتُلُوْهُمْ حَيْثُ
وَجَدْتُّمُوْهُمْ ۪ وَلَا تَتَّخِذُوْا مِنْهُمْ وَلِيًّا وَّلَا نَصِيْرًا ﴿۸۹﴾ اِلَّا
الَّذِيْنَ يَصِلُوْنَ اِلٰى قَوْمٍ بَيْنَكُمْ وَبَيْنَهُمْ مِّيْثَاقٌ اَوْ
جَآءُوْكُمْ حَصِرَتْ صُدُوْرُهُمْ اَنْ يُّقَاتِلُوْكُمْ اَوْ يُقَاتِلُوْا
قَوْمَهُمْ ؕ وَلَوْ شَآءَ اللّٰهُ لَسَلَّطَهُمْ عَلَيْكُمْ فَلَقٰتَلُوْكُمْ ۚ فَاِنِ
اعْتَزَلُوْكُمْ فَلَمْ يُقَاتِلُوْكُمْ وَاَلْقَوْا اِلَيْكُمُ السَّلَمَ ۙ فَمَا
جَعَلَ اللّٰهُ لَكُمْ عَلَيْهِمْ سَبِيْلًا ﴿۹۰﴾ سَتَجِدُوْنَ اٰخَرِيْنَ
يُرِيْدُوْنَ اَنْ يَّاْمَنُوْكُمْ وَيَاْمَنُوْا قَوْمَهُمْ ؕ كُلَّمَا رُدُّوْٓا اِلَى
الْفِتْنَةِ اُرْكِسُوْا فِيْهَا ۚ فَاِنْ لَّمْ يَعْتَزِلُوْكُمْ وَيُلْقُوْٓا اِلَيْكُمُ
السَّلَمَ وَيَكُفُّوْٓا اَيْدِيَهُمْ فَخُذُوْهُمْ وَاقْتُلُوْهُمْ حَيْثُ
ثَقِفْتُمُوْهُمْ ؕ وَاُولٰٓئِكُمْ جَعَلْنَا لَكُمْ عَلَيْهِمْ سُلْطٰنًا مُّبِيْنًا ﴿۹۱﴾

သို့ပါလျက် အသင်တို့သည် မည်သည်အတွက်ကြောင့် "မုနာဖစ်က်" မုစ်လင်မ်အယောင်ဆောင်တို့နှင့်ပတ်သက်၍ နှစ်စုကွဲနေကြပါသနည်း။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ထို"မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ်တို့အား ၎င်းတို့၏ပြုမူဆည်းပူးချက်တို့ကြောင့် ပြောင်းပြန်လှည့်ထားတော်မူခဲ့လေသည်။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကလမ်းမှားသို့ ချထားတော်မူသောသူတို့အား တရားလမ်းမှန်သို့ရောက်စေလိုကြသလော။

စင်စစ် (အို-နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်က လမ်းမှားသို့ချထားတော်မူသော သူ၏အဖို့မည်သည့်လမ်းကိုမျှ အသင်အလျင်းတွေ့ရှိလိမ့်မည်မဟုတ်ခေျ။ (၄း၈၈)

၎င်း ("မုနာဖစ်က်"မုစ်လင်မ်အယောင်ဆောင်)တို့သည် မိမိတို့ (ကိုယ်တိုင်) "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူများဖြစ်ကြသကဲ့သို့ပင် အသင်တို့ "ကာဖိရ်" သွေဖည်ငြင်းပယ်သူများဖြစ်ကြရန် တောင်တခဲ့ကြသည်။ သို့မှသာလျှင် အသင်တို့သည်လည်း (၎င်းတို့နှင့်) တန်းတူဖြစ်ကြကုန်အုံ့။ သို့ဖြစ်သောကြောင့် ၎င်း("မုနာဖစ်က်")တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ (မိမိတို့၏အိုးအိမ်ကိုစွန့်လွှတ်ကာ) ရွှေ့ပြောင်းထွက်ခွာသွားခြင်း မပြုသမျှကာလပတ်လုံး၊ အသင်တို့သည် ထိုသူတို့အနက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆွေခင်ပွန်းမပြုကြကုန်လင့်။ တစ်ဖန်အကယ်၍ ယင်းသူတို့သည် (မိမိတို့၏အိုးအိမ်များကို စွန့်လွှတ်ရွှေ့ပြောင်း ထွက်ခွာသွားရန်အမိန့်တော်ကို) သွေဖည်လွှဲရှောင်သွားခဲ့ကြပါမူ၊ အသင်တို့သည် ၎င်းတို့အား တွေ့ရှိရာအရပ်၌ဖမ်းဆီးကြကုန်၊ သတ်ဖြတ်ကြကုန်၊ ၎င်းပြင် အသင်တို့သည် ထိုသူတို့အနက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆွေခင်ပွန်းဟူ၍ ၎င်း၊ မိမိတို့အားကူညီစောင်မသူဟူ၍၎င်း (မှတ်ယူခြင်း)မပြုကြကုန်လင့်။ (၄း၈၉)

သို့ရာတွင်အကြောင် ("မုနာဖစ်က်" မုစ်လင်မ်အယောင်ဆောင်တို့သည် အကြောင်အမျိုးသားတို့ထံ (သွားရောက်) ပူးပေါင်းကြကုန်၏။ အသင်တို့နှင့် ထိုအမျိုးသားတို့၏ အကြားတွင် (တစ်ဖက်နှင့်တစ်ဖက်စစ်မဖြစ်ကြရန်) ပဋိညဉ်ထားရှိပြီးဖြစ်၏။ သို့တည်းမဟုတ် ယင်း ("မုနာဖစ်က်" မုစ်လင်မ်အယောင်ဆောင်)တို့သည် အသင်တို့ထံသို့ပင်လာကြသော်လည်း၊ ၎င်းတို့သည် အသင်တို့နှင့် တိုက်ခိုက်ရန်သော်လည်းကောင်း၊ မိမိတို့၏အမျိုးသား (များဖြစ်သော "ကာဖိရ်)တို့နှင့် တိုက်ခိုက်ရန်သော်လည်းကောင်း ရင်လေးလျက်ရှိကြကုန်၏။ သို့ရာတွင် အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ဧကန်စင်စစ်၊ ၎င်းတို့အား အသင်တို့အပေါ်ဝယ် အခွင့်အာဏာရှိစေတော်မူခဲ့အုံ့။ (တစ်နည်း) နိုင်နင်းစေတော်မူခဲ့အုံ့။ သို့ဖြစ်ခဲ့လျှင်၊ မူချဧကန်ထိုသူတို့သည် အသင်တို့အား တိုက်ခိုက်ခဲ့ကြကုန်အုံ့။ သို့ဖြစ်ပေရာ အကယ်၍ ၎င်းတို့သည် အသင်တို့ထံမှ ဆုတ်ခွာ၍ အသင်တို့နှင့်တိုက်ခိုက်ခြင်းမပြုဘဲ နေခဲ့ကြပါသော်၊ ထို့ပြင် ၎င်းတို့သည် အသင်တို့ထံ စစ်မက်အရေး ကျေအေးရန် ကမ်းလှမ်းခဲ့ကြပါသော် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ၎င်းတို့နှင့် ဆန့်ကျင်ဘက်ပြုကြရန် (၀ါ) စစ်တိုက်ကြရန် မည်သည့်နည်းလမ်းကိုမျှ ခွင့်ပြုတော်မူသည်မဟုတ်ခေျ။ (၄း၉၀)

**အသင်တို့သည် အခြားသူတို့ကိုလည်း မကြာမြင့်မီတွေ့ရှိကြလတ္တံ့။ ထိုသူ တို့သည် အသင်တို့၏ ဘေးရန်မှငင်း၊ မိမိတို့လူမျိုးဖြစ်သော ကာဖိရ်တို့၏ ဘေးရန်များမှငင်း၊ လွတ်ကင်းချမ်းသာစွာနေလိုကြ၏။ (သို့ရာတွင်) ထိုသူ တို့သည် မည်သည့်အခါမျိုးမဆို စစ်တိုက်ခိုက်မှုတွင် ကာဖိရ်တို့၏ ပြန်လည် သိမ်းသွင်းခြင်းကို ခံကြရသော် ထိုစစ်တိုက်ခိုက်မှုဘက်သို့ပင် ပြန်လှည့်တတ်ကြကုန်၏။ သို့ဖြစ်ပေရာ အကယ်၍သာ ၎င်းတို့သည် အသင်တို့ (နှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်း)မှ ဆုတ်ခွာ၍မနေခဲ့သည်ရှိသော် ၎င်းပြင် အသင်တို့ထံ စစ်မက်အရေးကျေအေးပြေငြိမ်းရန် ကမ်းလှမ်းခြင်းမပြုခဲ့သည် ရှိသော်၊ ၎င်းပြင် မိမိတို့ လက်များကို (အသင်တို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ) ချုပ်တည်း၍ထားခြင်း မပြုခဲ့ကြသည်ရှိသော် အသင်တို့သည် ၎င်းတို့အား တွေ့ရှိရာ အရပ်ဒေသ၌ ဖမ်းဆီးကြလေကုန်။ သတ်ဖြတ်ကြလေကုန်။ ဤသူတို့ အပေါ်၌ပင်လျှင် ငါအရှင်မြတ်သည် အသင်တို့အားထင်ရှားသော အခွင့် အာဏာတန်ခိုးသတ္တိနိုင်နင်းမှုကို ပေးသနားတော်မူခဲ့လေသည်။ (၄:၉၁)**

## အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါအာယသ်များတို့သည် လူအုပ်စုသုံးစု၏ အကြောင်းကို ဖော်ပြထားက ယင်းတို့နှင့် ပတ်သက်သောအမိန့်ပညတ်ချက်နှစ်ခုဖော်ပြထားသည်။ အောက်ဖော်ပြပါ ဆင့်ပြန်ချက်များသည် ထိုအုပ်စု များနှင့် ပတ်သက်သောအဖြစ်အပျက်များကို ထင်ရှားစေပါသည်။

(၁) မုဂျာဟဒ်မှတစ်ဆင့် အဗ်ဒုလ္လာဟ်အိဗ်နိဟမစ်ဒ်က ဆင့်ပြန်ခဲ့သည်မှာ မက္ကာမြို့တော်မှ မယ်ကြည်ငြင်း ပယ်သူအချို့တို့သည် မဒီနာဟ်မြို့တော်သို့လာရောက်ခဲ့ကြသည်။ သူတို့သည် မုစ်လင်ဘာသာဝင်များ ဖြစ်လာ စေရန်ဟု ဟန်ဆောင်ခဲ့ကြပြီး ၎င်းတို့သည် မိမိတို့အိမ်များကို စွန့်ခွာပြောင်းရွှေ့လာကြသူများဟု အခိုင်အမာ ပြောဆိုကြသည်။ နောက်ပိုင်းတွင် ၎င်းတို့သည် ဘာသာမဲ့များအဖြစ် ပြောင်းလဲသွားကြပါသည်။ ယင်းတို့သည် တမန်တော်မြတ် ﷺထံတော်သို့ သွားရောက်ခါ မက္ကာမြို့တော်ရှိ ကုန်စည်များကို သွားရောက်ဝယ်ယူရန်ဟူသော ၎င်းတို့၏ မက္ကာမြို့သို့ သွားရောက်မည့်အကြံအစည်ကို တင်ပြခဲ့ကြသည်။ သူတို့သည်မမှန်ကန်သော အကြောင်းပြ ချက်ဖြင့် မက္ကာမြို့သို့ သွားရောက်ခဲ့ကြပြီး မည်သည့်အခါမျှ မဒီနာဟ်သို့ ပြန်မလာတော့ပါ။ ၎င်းတို့၏ လုပ်ရပ်ကြောင့် မဒီနာဟ်မုစ်လင်မ်များအကြား ကွဲပြားခြားနားသော ထင်မြင်ယူဆချက်များပေါ်ပေါက်ခဲ့ပါသည်။ အချို့သော သူများက ထိုသူတို့သည် အီမာန်ယုံကြည်လက်ခံသူများဟု ပြောကြသည်။ ထို့ကြောင့် အာယသ်တော် (၈၈) **فَمَا لَكُمْ فِي الْمُنٰفِقِيْنَ فِئَتَيْنِ** "သို့ပါလျက် အသင်တို့သည် မည်သည့်အတွက်ကြောင့် "မုနာဖစ်ဂ်" မုစ်လင်မ် အယောင်ဆောင် တို့နှင့် ပတ်သက်၍ နှစ်စုကွဲနေကြပါသနည်း" ထဲတွင် အလ္လာဟ်အရှင်မြတ်က ထိုသူများတို့သည် မယုံကြည်သွေဖည်သူများဖြစ်ကြပြီး သတ်သင့်သည်ဟုကြေညာခဲ့ပါသည်။

မောင်လာနာ အရှ်ရ်အလီထာနဝီက ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးဖြစ်သော "မုနာဖစ်က်" (အရေခြုံ) ဆိုသည့်စကားလုံးကို ရှင်းလင်းပြောကြားရာ၌ ထိုသူတို့သည် ၎င်းတို့ မုစ်လင်မ်ဖြစ်သွားပြီဟု အခိုင်အမာပြောသည့်တိုင် "အရေခြုံ"များဖြစ်ကြပါသည်။ သူတို့သည် နှလုံးသားထဲမှ မည်သည့်အခါမျှ မယုံကြည်ကြခဲ့ပါ။ အရေခြုံများသည် အသတ်မခံရသည့်အကြောင်းမှာ ၎င်းတို့၏အတွင်းပိုင်းဆိုင်ရာ မယုံကြည်မှုကို ဖုံးအုပ်ထားသောကြောင့်ဖြစ်သည်။ မက္ကဟ်မှပြောင်းရွှေ့လာသူများနှင့်မတူ ကွဲပြားပါသည်။ အဘယ့်ကြောင့် ဆိုသော် ယင်းတို့၏ဘာသာပြောင်းမှုသည် ပေါ်လွင်ထင်ရှားသောကြောင့်ဖြစ်သည်။ ထိုသူတို့ကို မုစ်လင်မ်ဟု မှတ်ယူသောသူတို့အတွက်မှာမူ အချို့သောအဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ထိုသူတို့၏လုပ်ရပ်အပေါ်၌ နူးညံ့ပျော့ပျောင်းသောအမြင်ရှိကောင်းရှိပေလိမ့်မည်။ သို့သော်လည်း ဤအဓိပ္ပာယ်ဖွင့်ဆိုမှုသည် ရှရီအသ်၏သက်သေပြချက်ဖြင့် ထောက်ခံမှုလည်းမပါ ထင်မြင်ယူဆချက်အပေါ်မှာသာ အခြေခံထားခဲ့ပါသည်။ ထို့ကြောင့် ယင်းအပေါ်၌ မည်သို့သော ယုံကြည်အားထားမှုမျိုးမှ မထားရှိပါ။

(၂) ဟာစန်မှတစ်ဆင့်အိဗ်နိအဗီရှီဗဟ်ကဆင့်ပြန်သည်မှာ ဗဒရ်နှင့် အုဟုဒ်အရေးအခင်းများပြီးသည့်နောက်တွင် စူရာကဟ်အိဗ်နိမာလစ်က်အလ်မုဒ်လဂျီသည် တမန်တော်မြတ် ﷺသခင်ထံသို့ လာရောက်ကာ သူ၏အမျိုးနွယ်စုဖြစ်သော ဗနီမုဒ်လိဂျ်တို့နှင့် ငြိမ်းချမ်းရေးပြုလုပ်ရန် မေတ္တာရပ်ခံခဲ့ပါသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺသခင်က စိုက်ယိဒ်နာခါလိဒ်အား ထိုသူများထံသို့ စေလွှတ်ကာ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုစေပါသည်။ စာချုပ်ပါ အချက်အလက်များသည် အောက်ပါအတိုင်းဖြစ်သည်။

"ကျွန်ုပ်တို့သည် တမန်တော်မြတ်ﷺ ကို ဆန့်ကျင်သူမည်သူကိုဆို အထောက်အကူပေးလိမ့်မည်မဟုတ်ပါ။ အကယ်၍ ကုရိုက်ရှ်တို့ မုစ်လင်မ်အဖြစ်သို့ ရောက်ရှိသွားပါက ကျွန်ုပ်တို့သည်လည်း မုစ်လင်မ်အဖြစ်ရောက်ရှိသွားပါလိမ့်မည်။ ကျွန်ုပ်တို့နှင့် မဟာမိတ်ဖြစ်သော မျိုးနွယ်စုအားလုံးတို့သည်လည်း ဤစာချုပ်ပါအတိုင်း ကျွန်ုပ်တို့ကဲ့သို့ လိုက်နာရပါမည်"။

ထိုစဉ်ဤအာယသ်-**وَدُّوْا لَوْ تَكْفُرُوْنَ (الى قوله)اِلَّا الَّذِيْنَ يَصِلُوْنَ الخ** (၎င်း "မုနာဖစ်က်" အရေခြုံတို့သည် မိမိတို့ (ကိုယ်တိုင်)ကာဖိရ်သွေဖည ငြင်းပယ်သောသူများဖြစ်ကြသကဲ့သို့ပင် အသင်တို့သည်လည်း "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူများဖြစ်ကြရန် တောင့်တခဲ့ကြသည်။) ကျရောက်ခဲ့ပါသည်။

(၃) စိုက်ယိဒ်နာအိဗ်နိအဗ္ဗားစ်ﷺ ကဆင့်ပြန်ခဲ့သည်။ **سَتَجِدُوْنَ اٰخَرِيْنَ** "အသင်တို့သည် အခြားသူတို့ကိုလည်း မကြာမြင့်မီတွေ့ရှိကြလတ္တံ့။ ထိုသူတို့သည် အသင်တို့၏ဘေးရန်များမှလည်းကောင်း၊ မိမိတို့လူမျိုးများဖြစ်သော ကာဖိရ်တို့၏ဘေးရန်များမှ ၎င်းလွတ်ကင်းချမ်းသာစွာနေလိုကြ၏" (၄း၉၁)အာယသ်တော်ထဲတွင် ဖော်ပြထားသောလူများသည် "အစဒ်"နှင့် "ဃတ္တဖန်"မျိုးနွယ်စုတို့ဖြစ်ကြသည်။ ၎င်းတို့ မဒီနဟ်မြို့သို့ ရောက်ရှိလာသောအခါ အပြင်ပန်းအနေနှင့် အစွမ်းလာမ်ဘာသာသို့ဝင်ရောက်ခဲ့သည်။ သူတို့သည် မုစ်လင်မ်များရှေ့တွင် ဘာသာရေးကိုင်းရှိုင်းပြီး သူတို့၏ ယုံကြည်ချက်နောက်သို့လိုက်ပါသူများဟု ကြေညာသော်လည်း သူတို့အချင်းချင်းတွေ့ကြ သောအခါတွင်မူမျောက်များနှင့်ကင်းမြီးကောက်များကို အမှန်တကယ်ယုံကြည်ကြောင်း အတွင်းစကားပြောပြကြလေသည်။

သို့သော်လည်းစိုက်ယိဒိနာအိဗ်နိအဗ္ဗားစ်၏ဆင့်ပြန်ချက်အရ"ဒဟားက် ကဏ္ဍသို့သော လုပ်ရပ်မျိုးတို့သည် "အဗ်ဒလ်ဒရ်"မျိုးနွယ်စုတို့၏ လုပ်ရပ်ဖြစ်သည်ဟု ထင်မှတ်ပါသည်။ ပထမနှင့် ဒုတိယဆင့်ပြန်ချက်တို့သည် ရူဟုလ်မအာနီကျမ်းတွင်ပါဝင်ပြီး တတိယဆင့်ပြန်ချက်ကိုမူ မအ်လင်မ်ကျမ်းတွင် ကြည့်ရှုနိုင်ပါသည်။

မောင်လာနာအရှ်ရဖ်အလီထာနဝီက တတိယဆင့်ပြန်ချက်ပါလူများ၏ အနေအထားနှင့် ပထမဆင့်ပြန်ချက်ပါ လူများ၏အနေအထားကိုတူညီစေပါသည်။ အစပြုရမည်ဆိုလျှင် ထိုသူများတို့သည် မုစ်လင်မ်များမဟုတ်ကြောင်းသက်သေပြပြီးဖြစ်သည်။ ထို့ကြောင့် ထိုသူတို့သည်ယေဘုယျအနေဖြင့် မယုံကြည်သွေဖည်သူများနှင့်သက်ဆိုင်သောအမိန့်ပညတ်ချက်တွင် အကျုံးဝင်သွားပါသည်။ ယင်းမှာ ၎င်းတို့နှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုထားပါက မတိုက်ခိုက်ရ။ သို့မဟုတ်ပါက တိုက်ခိုက်နိုင်သည်။ ထို့ကြောင့် ပထမဆင့်ပြန်ချက်ပါ ဤသူများနှင့် ပတ်သက်၍ ဒုတိယအာယသ် (၈၉)**فَإِنْ تَوَلَّوْا فَخُذُوهُمْ وَاقْتُلُوهُمْ** "ယင်းသူတို့သည် (မိမိတို့၏အိုးအိမ်များကို စွန့်လွှတ်ရွှေ့ပြောင်းထွက်ခွာသွားရန် အမိန့်တော်ကို) သွေဖည်လွှဲရှောင်သွားခဲ့ကြပါမူ၊ အသင်တို့သည် ၎င်းတို့အား တွေ့ရှိရာအရပ်၌ဖမ်းဆီးကြကုန်၊ သတ်ဖြတ်ကြကုန်" ထဲတွင် ၎င်းတို့အား ဖမ်းဆီး၍ သတ်ဖြတ်ရန်အမိန့်ပါဝင်သကဲ့သို့ တတိယ အာယသ် (၉၀) **اِلَّا الَّذِيْنَ يَصِلُوْنَ** "သို့ရာတွင် အကြင် (မုနာဖိစ်က် မုစ်လင်မ်အရေခြံ)တို့သည် အကြင်အမျိုးသားများထံ (သွားရောက်)ပူးပေါင်းကြကုန်၏" ဟူသော အဆိုအမိန့်က ငြိမ်းချမ်းသောအချိန်အခါများတွင် ထိုသူတို့အား ရှင်းလင်းပြတ်သားသော ကင်းလွတ်ခွင့်ပေးထားပါသည်။ ထိုအဆိုအမိန့်ကို ဒုတိယဆင့်ပြန်ချက်တွင်တွေ့ရပါသည်။ ဤကင်းလွတ်ခွင့်အကြောင်းကို ဤအာယသ်တော် (၉၀)၏နောက်ပိုင်းဖြစ်သော **فَإِنِ اعْتَزَلُوكُمْ** (သို့ဖြစ်ပေရာ အကယ်၍သာ၎င်းတို့သည် အသင်တို့ထံမှ ဘေးဖယ်ဆုတ်ခွာ၍ နေခဲ့ကြအံ့")ထဲတွင် ထပ်မံ၍ အလေးအနက်ပြုထားပါသည်။

တတိယဆင့်ပြန်ချက်တွင် ပါဝင်သောသူများအကြောင်းကို အာယသ် (၉၁) **سَتَجِدُوْنَ اٰخَرِيْنَ** (အသင်တို့သည် မကြာမြင့်မီတွေ့ရှိလတ္တံ့ . . . )ထဲတွင်မိန့်ထားပါသည်။ ဆိုလိုသည်မှာ အကယ်၍ ဤသူတို့သည် အသင် အေးအေးဆေးဆေး မနေစေရဘဲ အတင်းအကြပ် တိုက်ခိုက်လာပါက ထိုသူများအား တိုက်ခိုက်ပါလေ။ ဤသည်မှ ထုတ်နှုတ်နိုင်သည်မှာ ထိုသူများက ငြိမ်းချမ်းရေးပြုလုပ်လာပါလျှင် ထိုသူများကို မတိုက်ခိုက်သင့်ပါ။ **(ဗယာနုလ်ကုရ်အာန်)**

အတိုချုပ်အားဖြင့် ဖော်ပြခဲ့သောအုပ်စုသုံးခုမှာ -

(၁) အစွလာမ်ဘာသာသို့ သက်ဝင်ရန်အတွက် မိမိတို့အိုးအိမ်တို့ကို စွန့်လွှတ်ကာ ရွှေ့ပြောင်းထွက်ခွာသွားခြင်းသည် လိုအပ်ချက်တစ်ရပ်ဟု သတ်မှတ်ထားသောအချိန်သမယမျိုးတွင် ပြောင်းရွှေ့နိုင်စွမ်းရှိပါလျက်နှင့် မလုပ်ဆောင်သောသူများဖြစ်ကြသည်။ သို့မဟုတ်ပါမူ နေရာသစ်ဖြစ်သော အစွလာမ်များနေထိုင်ရာဒေသ (ဒါရုလ်အစွလာမ်)သို့ ပြောင်းရွှေ့နေထိုင်ပြီးမှ ယင်းဒေသမှ ထွက်ခွာကာ မယုံကြည်သွေဖည်သူများနေထိုင်ရာ "ဒါရုလ်ကုဖ်"သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်သူများဖြစ်သည်။

(၂) မုစ်လင်မ်များနှင့် စစ်မတိုက်ရန်စာချုပ်ချုပ်ထားသူများ (သို့မဟုတ်) ထိုစာချုပ်ထားသူများနှင့် လက်တွဲကာ စာချုပ်နှင့် အကျုံးဝင်စေသောသူများဖြစ်သည်။

(၃) အချိန်ဆွဲရန်အတွက် ငြိမ်းချမ်းရေးပြုလုပ်ထားကာ မုစ်လင်မ်များအား တိုက်ခိုက်ရန်အခွင့်အရေးပေါ်လာပါက ရန်သူများနှင့် လိုလိုလားလားလက်တွဲကာ စာချုပ်ပါစည်းကမ်းချက်များကို ပြစ်ပယ်လိုကြသူများဖြစ်ကြပါသည်။

ပထမအုပ်စုအပေါ် လွှမ်းမိုးသော အမိန့်ပညတ်ချက်သည် ယေဘုယျအားဖြင့် မယုံကြည်သွေဖည်ငြင်းပယ်သူများအား လွှမ်းမိုးထားသည်နှင့် အလားတူဖြစ်ပါသည်။ ဒုတိယအုပ်စုသည် ဖမ်းဆီးသတ်ဖြတ်ခံရခြင်းမှ ကင်းလွတ်ပါသည်။ တတိယအုပ်စုသည် ပထမအုပ်စုအတွက် သတ်မှတ်ထားသော ပြစ်မှုအတိုင်း ထိုက်တန်ပါသည်။ ဤအာယသ်တော်များမှ စုစုပေါင်းအမိန့်ပညတ်ချက်နှစ်ခုရရှိပါသည်။ ယင်းတို့မှာ အေးချမ်းသာယာမှုမရှိသောအခါတွင် စစ်တိုက်ရခြင်းနှင့် အေးချမ်းသာယာမှုရှိသောအခါတွင် စစ်မတိုက်ရခြင်းတို့ဖြစ်ပါသည်။

## မိမိတို့၏ အိမ်ယာများကို စွန့်ခွာပြောင်းရွှေ့ခြင်းပုံစံအမျိုးမျိုးနှင့်ယင်းတို့၏ဥပဒေများ

အာယသ် (၈၉)တွင် ဖော်ပြခဲ့သော "ဟိဂ်ရဟ်" (အိမ်ယာများကို စွန့်ခွာပြောင်းရွှေ့ခြင်း)အကြောင်းအသေးစိတ်ကို နောက်လာမည့်စူရဟ်အလ်နိစာ အာယသ် (၁၀၀)၏ အကျယ်ဖွင့်ဆိုခြင်းတွင် ဖော်ပြထားပါသည်။ ဤတွင် အစ္စလာမ်ခေတ်ဦးက မယုံကြည်သွေဖည်ငြင်းပယ်သူများ၏နိုင်ငံများ "ဒါရုလ်ကုဖ်" တွင် နေထိုင်ကြသော အားလုံးသော မုစ်လင်မ်များကို မိမိတို့၏ အိမ်ယာများကို စွန့်ခွာပြောင်းရွှေ့ရန် အမိန့်ပေးထားခြင်းအား သိလျှင် လုံလောက်ပါသည်။ ဤသည်ကြောင့် မုစ်လင်မ်များအနေဖြင့် ဤအမိန့်ကိုထမ်းဆောင်ရန်ပျက်ကွက်သောသူများနှင့် ဆက်ဆံခြင်းကို အလွှာဟ်အရှင်မြတ်က တားမြစ်ခဲ့ပါသည်။ အကျိုးဆက်အားဖြင့် မက္ကာဟ်မြို့တော်အား အောင်နိုင်ပြီးသည့်နောက်တွင် တမန်တော်မြတ် ﷺက لَا هِجْرَةَ بَعْدَ الْفَتْحِ "အောင်နိုင်ခြင်း၏ နောက်တွင် "ဟိဂ်ရသ်" မရှိတော့ပါ") အဓိပ္ပာယ်မှာ ယခုအခါ၌ မက္ကာဟ်မြို့အား အောင်နိုင်ခြင်းသည် အစ္စလာမ်တို့အတွက် နေထိုင်ရာနေရာ ဖြစ်သွားစေသောကြောင့် ထိုနေရာမှ စွန့်ခွာပြောင်းရွှေ့ခြင်း မလိုအပ်တော့ချေဟူ၍ ဖြစ်ပါသည်။ ဤဥပဒေသည် အချိန်နှင့်သက်ဆိုင်ပါသည်။ ယင်းအချိန်သည် အီမာန်ရှင်ဖြစ်ရန်အတွက် မိမိနေရင်းဒေသမှ အိုးအိမ်ကိုစွန့်ခွာရမည်ဟုစည်းကမ်းသတ်မှတ်ထားသောအချိန်ဖြစ်ပါသည်။ ယင်းကဲ့သို့သောအချိန်အခါများကတစ်စုံတစ်ဦးသည် အိုးအိမ်စွန့်ခွာပြောင်းရွှေ့နေထိုင်နိုင်စွမ်းရှိပါလျက်နှင့် မပြောင်းရွှေ့မနေထိုင်သောသူကို မုစ်လင်မ်ဟု မမှတ်ယူကြပါ။ သို့သော် နောက်ပိုင်း၌ ဤအမိန့်ပညတ်ချက်ကို ပယ်ဖျက်ရုပ်သိမ်းလိုက်သောကြောင့် ဤကဲ့သို့သော အိုးအိမ်စွန့်ခွာပြောင်းရွှေ့ခြင်းမျိုးမရှိတော့ချေ။

**မှတ်စု။ ။** ပယ်ဖျက်ရုပ်သိမ်းခြင်းကဆိုလိုသည်မှာ တစ်စုံတစ်ဦး မုစ်လင်မ်ဖြစ်ခြင်းအတွက် အိုးအိမ်စွန့်ခွာပြောင်းရွှေ့ခြင်းဟူသည့်လိုအပ်ချက်မရှိတော့ပါဟူ၍ ဆိုလိုပါသည်။ သို့ပင်ငြားလည်း အကယ်၍ မုစ်လင်မ်မဟုတ်သူ အုပ်ချုပ်သော နိုင်ငံတွင်နေထိုင်သော မုစ်လင်မ်တစ်ယောက်သည် သူ၏ဘာသာရေးဆိုင်ရာတာဝန်များကို မဖြည့်ဆည်းနိုင်ပါက သူတတ်စွမ်းနိုင်မှုရှိလျှင် အိုးအိမ်စွန့်ခွာပြောင်းရွှေ့ခြင်းသည် မပြုမနေရ တာဝန်ဖြစ်သည်။ **(မုဟမ္မဒ်သကီးအုသ်မာနီ)**

သို့ရာတွင် ဆွဟီးအလ်ဗုခါရီပါ ဟဒီးဆ်တစ်ပုဒ်ထဲတွင် ဖော်ထုတ်ပြသထားသော စွန့်ခွာပြောင်းရွှေ့နည်းတစ်မျိုးရှိပါသည်။ ယင်းဟဒီးဆ်တော်ထဲတွင် မိန့်ကြားထားသော-**لاَ تَنْقَطِعُ الْهِجْرَةُ حَتّٰى تَنْقَطِعَ التَّوْبَةُ** ၏ဆိုလိုရင်းမှာ တစ်စုံတစ်ဦးသည် မိမိ၏နေရင်းဒေသကို စွန့်ခွာပြောင်းရွှေ့သည့်သဘောမျိုးမဟုတ်ဘဲ တစ်စုံတစ်ဦး၏အပြစ်ဂုနာဟ်များမှ နောင်တတရားရကာ အမှားဝန်ချတောင်းပန်ပြီးသည်အထိ အပြစ်ဂုနာဟ်ကို စွန့်ခွာ "ဟိဂ်ရသ်"လုပ်နည်းတစ်မျိုးရှိပါသည်။

အလ်ဗုခါရီကျမ်း၏ ဋီကာရှင်၊ အလ္လာမဟ်အိုင်နီကဏ္ဍဟိဂ်ရသ်နှင့်ပတ်သက်၍ ပြောသည်မှာ-**اَنَّ الْمُرَادَ بِالْهِجْرَةِ الْبَاقِيَةِ هِيَ هَجْرُ السَّيِّئَاتِ** "ဤနောက်ပိုင်းတွင်ပြုလုပ်သော ဟိဂ်ရသ်"လုပ်နည်း၏ ဆိုလိုရင်းမှာ အပြစ်ဂုနာဟ်များကို စွန့်ခွာခြင်း"ဟူ၍ ဖြစ်ပါသည်။ ဤအကြောင်းအရာကို နောက်ထပ်ဟဒီးဆ် တစ်ပုဒ်ထဲတွင် ရှင်းလင်းထားပါသည်။ ထိုဟဒီးဆ်ထဲတွင် တမန်တော်မြတ်﴿ﷺ﴾ **اَلْمُهَاجِرُ مَنْ هَجَرَ مَا نَهَى اللّٰهُ عَنْهُ** ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ "မုဟာဂိရ်" (စွန့်ခွာပြောင်းရွှေ့သူ)သည် အလ္လာဟ်အရှင်မြတ်တားမြစ်ထားသမျှကို ("ဟိဂ်ရသ်" စွန့်လွှတ်သူ၊ စွန့်ခွာသူ)ဟူ၍ဖြစ်သည်။ **(အလ်မိရ်ကားသ်၊ တွဲ-၁)**

အထက်ဖော်ပြပါ ဆွေးနွေးချက်က(ဟိဂ်ရသ်) ဟူသော စကားလုံး၏ ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းသည် အဓိပ္ပာယ် နှစ်မျိုးနှင့် သုံးနှုန်းထားခြင်းအား ကျွန်ုပ်တို့ကိုပြောပြပါသည်။

(၁) ဆွဟာဗဟ်ကြီးများလုပ်ဆောင်ခဲ့ကြသကဲ့သို့ တစ်စုံတစ်ဦးသည် မိမိ၏အိမာန်လုံခြုံစေရန်အတွက် မိမိ၏နေရင်းဒေသများကို စွန့်ခွာခြင်း။ ဆွဟာဗဟ်ကြီးများ (úyimJA ùenIÕAýVR) တို့သည် ၎င်းတို့၏ နေရင်းဒေသဖြစ်သော မက္ကာဟ်မြို့တော်မှ မဒီနာဟ်မြို့တော်နှင့် အီသီယိုးဗီးယားသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

(၂) တစ်စုံတစ်ဦး၏ အပြစ်ဂုနာဟ်များမှ စွန့်ခွာခြင်း။

အာယသ်(၈၉)၏ စကားလုံးများဖြစ်သော-**وَلاَ تَتَّخِذُوْا مِنْهُمْ وَلِيًّا وَّلاَ نَصِيْرًا** ("၎င်းပြင် အသင်တို့သည် ထိုသူတို့အနက် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အဆွေခင်ပွန်းဟူ၍၎င်း၊ မိမိတို့အားကူညီစောင့်မမည့်သူဟူ၍၎င်း၊ မှတ်ယူခြင်း မပြုကြ ကုန်လင့်")က ကျွန်ုပ်တို့အားပြောသည်မှာ မယုံကြည်သွေဖည်သူများထံမှ အကူအညီယူခြင်းကို "ဟရမ်" တားမြစ် ထားသည်။ ထိုနည်းတူစွာ ဆင့်ပြန်ချက် တစ်ခုတွင်ပါရှိသည်မှာ မဒီနဟ်ရှိ အန်ဆွာရီများက မယုံကြည်သွေဖည်သူများထံမှမဟုတ်မူဘဲ ယဟူဒီများထံမှ အကူအညီရယူရန် ခွင့်ပြုချက်တောင်းခံသောအခါ တမန်တော်မြတ်﴿ﷺ﴾က မိန့်ကြားသည်မှာ-**اَلْخَبِيْثُ لاَ حَاجَةَ لَنَا بِهِمْ** (မကောင်းဆိုးဝါးများဖြစ်ကြပါသည်။ ထိုသူများတို့၏အကူညီကို ကျွန်ုပ်တို့မလိုအပ်ပါ")ဟူ၍ဖြစ်သည်။ **(မဇ်ဟရီ၊ အတွဲ-၂)**

v v v v v v v

## အာယသ် (၉၂-၉၃)

وَمَا كَانَ لِمُؤْمِنٍ أَن يَقْتُلَ مُؤْمِنًا إِلَّا خَطَأً ۚ وَمَن قَتَلَ مُؤْمِنًا خَطَأً
فَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ وَدِيَةٌ مُّسَلَّمَةٌ إِلَىٰ أَهْلِهِ إِلَّا أَن يَصَّدَّقُوا ۚ فَإِن
كَانَ مِن قَوْمٍ عَدُوٍّ لَّكُمْ وَهُوَ مُؤْمِنٌ فَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ ۖ وَإِن
كَانَ مِن قَوْمٍ بَيْنَكُمْ وَبَيْنَهُم مِّيثَاقٌ فَدِيَةٌ مُّسَلَّمَةٌ إِلَىٰ أَهْلِهِ وَ
تَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ ۖ فَمَن لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ
تَوْبَةً مِّنَ اللَّهِ ۗ وَكَانَ اللَّهُ عَلِيمًا حَكِيمًا ﴿٩٢﴾ وَمَن يَقْتُلْ مُؤْمِنًا مُّتَعَمِّدًا
فَجَزَاؤُهُ جَهَنَّمُ خَالِدًا فِيهَا وَغَضِبَ اللَّهُ عَلَيْهِ وَلَعَنَهُ وَأَعَدَّ لَهُ
عَذَابًا عَظِيمًا ﴿٩٣﴾

ၵင်းပြင် မှားယွင်းၸွတ်ချော်၍ သတ်မိခြင်းမှအပ အကြင်မုစ်လင်မ်တစ်ဦး တစ်ယောက်ကို သတ်ဖြတ်ခြင်းသည် မည်သည့်မုစ်လင်မ်တစ်ဦး တစ်ယောက်၏ ဂုဏ်အင်္ဂါနှင့်မျှ မညီညွတ်ချေ။ (တစ်နည်း) မည်သည့် မုစ်လင်မ်တစ်ဦး တစ်ယောက်အဖို့မျှ မထိုက်ပေ။ သို့ရာတွင် အကြင်သူတစ်ယောက်သည် မုစ်လင်မ်တစ်ဦးတစ်ယောက်ကို မှားယွင်းၸွတ်ချော်၍ သတ်ဖြတ်မိခဲ့ပါမူ (ထိုသူ၌)မုစ်လင်မ်ကျွန်တစ်ယောက်ကိုလွတ်မြောက်စေရမည့်ပြင် ထို (အသတ်ခံရသော)သူ၏ ဆွေမျိုး အမွေစားမွေခံတို့အား လျော်ကြေးပေးရန်လည်း တာဝန်ရှိပေသည်။ သို့ရာတွင် ထိုအမွေစားအမွေခံတို့က ခွင့်လွှတ်ကြသည်ရှိသော် (လျော်ကြေးပေးရန်မလိုပေ)။ တစ်ဖန် အကယ်၍ ထို (မှားယွင်း၍ အသတ်ခံရသော)သူသည် အသင်တို့၏ ရန်သူမျှားအသင်းမှ ဖြစ်အုံ၊ ၎င်းပြင် ထိုသူသည် မုစ်လင်မ်လည်းဖြစ်အုံ သို့ဖြစ်လျှင် (သတ်မိသောသူ၌) မုစ်လင်မ်ကျွန်တစ်ယောက်ကို လွတ်မြောက်စေရန်(သာ) တာဝန်ရှိ၏။ ၎င်းပြင် အကယ်၍ ထို(မှားယွင်း၍အသတ်ခံရသော)သူသည် အသင်တို့၏ မဟာမိတ်တို့အသင်းမှ ဖြစ်ခဲ့လျှင် ၎င်း၏အမွေစားအမွေခံတို့အား လျော်ကြေးပေးရမည့်အပြင် မုစ်လင်မ်ကျွန်တစ်ယောက်ကိုလည်း လွတ်မြောက်စေရန် တာဝန်ရှိပေသေး၏။ တစ်ဖန်အကြင်သူသည် (ကျွန်ကို လွတ်မြောက်စေရန် စရိတ်စက) မတတ်နိုင်ခဲ့လျှင် ထိုသူသည်နှစ်လတိတိ အဆက်မပြတ်တစ်ဆက် တည်းဥပုဒ်သီလ

ဆောက်တည်ရပေမည်။ (၅၂သည်) အလ္လာဟ်အရှင်မြတ်အထံ တော်မှသတ်မှတ်ပြဋ္ဌာန်းတော်မူသော ဝန်ချတော်းပန်ရန် နည်းပင်ဖြစ် ပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်၊ အကြွင်းမဲ့သိတော်မူသော အရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော် မူသည်။ (၄း၉၂)

သို့ရာတွင် အကြင်သူသည် မုစ်လင်မ်တစ်ဦးတစ်ယောက်ကို တမင်သက်သက် ကြံစည်သတ်ဖြတ်ခဲ့ပါမူ ထိုသူ၏အပြစ်သည်"ဂျဟန္နမ်"ငရဲဘုံပင်ဖြစ်သည်။ (ထိုသူသည်) ယင်း "ဂျဟန္နမ်" ငရဲဘုံ၌ အစဉ်အမြဲလားရမည်။ ထိုမှတစ်ပါးတုံ အလ္လာဟ်အရှင်မြတ်သည် ၎င်း၏အပေါ်၌ အမျက်တော်ထားတော်မူအံ့။ ထိုသူအား ဂရုဏာတော်မှလည်း ကင်းဝေးစေတော်မူအံ့။ ထိုသူ၏အဖို့ ကြီးလေးသောပြစ်ဒဏ်တော်ကိုလည်း အဆင်သင့်ပြုထားတော်မူလတ္တံ့။ (၄း၉၃)

## အကျယ်ဖွင့်ဆိုခြင်း
## အာယသ်တော်၏ဆက်စပ်မှု

တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းများ အမျိုးစုံပါဝင်သည့်ပြီးခဲ့သော အယသ်တော်များနှင့်ယခုလက်ရှိ အာယသ်တော် ဆက်စပ်ထားပုံမှာကား သတ်ဖြတ်သည့်ပုံစံအားလုံးတွင် ဦးစွာပထမ ရှစ်မျိုး ဖော်ပြထားသည်။ အဘယ့်ကြောင့်ဆိုသော် သတ်ဖြတ်ခံရသူသည် အခြေအနေ (၄)မျိုးမှတစ်မျိုးနှင့်သက်ဆိုင်သည်။ ထိုသူသည် မုစ်လင်မ်တစ်ဦးသော်လည်းကောင်း၊ ဇင်မ်မီ (မုစ်လင်မ်နိုင်ငံတွင်နေထိုင်သော မုစ်လင်မ် မဟုတ်သူ ၎င်းသည် အကာအကွယ်ပေးခံခဲ့ရသော လွတ်လပ်သောသူ) သော်လည်းကောင်း၊ သူ၏အသက်အိုးအိမ်၊ ဥစ္စာပစ္စည်း၊ ဂုဏ်သိက္ခာနှင့် ဘာသာတရားတို့ကို စိတ်ချလက်ချကာကွယ်ပေးခံရသော ငြိမ်းချမ်းရေးစာချုပ်တွင် အကျုံးဝင်သူသော်လည်းကောင်း၊ စစ်ဖက်ပြိုင်ဆိုင်တိုက်ခိုက်နေသော မယုံကြည်သွေဖည်သူသော်လည်းကောင်း ဖြစ်သည်။ ထို့နောက် သတ်ဖြတ်ခြင်းတွင် နှစ်မျိုးနှစ်စားရှိသည်။ မတော်တဆသတ်ဖြတ်ခြင်းနှင့် တမင်တကာ သတ်ဖြတ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ဖြစ်နိုင် ဖွယ်ရှိသော သတ်ဖြတ်ခြင်း (၈)မျိုးသာ ကျွန်ုပ်တို့ တွေ့ရှိရပါသည်။

(၁) မုစ်လင်မ်တစ်ဦးအား တမင်တကာသတ်ဖြတ်ခြင်း။
(၂) မုစ်လင်မ်တစ်ဦးအား မတော်တဆသတ်ဖြတ်ခြင်း။
(၃) ဇင်မ်မီတစ်ဦးအား တမင်တကာသတ်ဖြတ်ခြင်း။
(၄) ဇင်မ်မီတစ်ဦးအား မတော်တဆသတ်ဖြတ်ခြင်း။
(၅) ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုထားသူတစ်ဦးကို တမင်တကာသတ်ဖြတ်ခြင်း။
(၆) ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုထားသူတစ်ဦးကို မတော်တဆသတ်ဖြတ်ခြင်း။

(၇) စက်မက်ပြိုင်ဆိုင်တိုက်ခိုက်နေသော မယုံကြည်သွေဖည်သူတစ်ဦးကို တမင်တကာ သတ်ဖြတ်ခြင်း။
(၈) စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်နေသော မယုံကြည်သွေဖည်သူတစ်ဦးကို မတော်တဆသတ်ဖြတ်ခြင်း။

ဤအခြေအနေအချို့နှင့် သက်ဆိုင်သော အမိန့်ပညတ်ချက်များကို အစောပိုင်းကဖော်ပြပြီး ဖြစ်ခဲ့သကဲ့သို့ အချို့ကို နောက်ပိုင်းတွင်တွေ့နိုင်သည်။ အချို့မှာကား ဟဒီးဆ်တော်များတွင် တွေ့နိုင်သည်။ ထို့ကြောင့် ပထမ အခြေအနေနှင့်ပတ်သက်သည့် အမိန့်ပညတ်ချက်မှာ ဤဘဝ၌ အကျိုးသက်ရောက်စေသော အညီအမျှ လက်တုန့်ပြန်ခြင်း (ကိဆ္ဆာစ်)သည် မပြုမနေရတာဝန်ဖြစ်ကြောင်း စူရဟ်အလ်ဘကရဟ်တွင် ဖော်ပြထားသည်။ နောင် တမလွန်အာခိရသ်နှင့် ပတ်သောအမိန့်ပညတ်ချက်ကို **وَمَنْ يَّقْتُلْ** (သို့ရာတွင် အကြင်သူသည် သတ်ဖြတ်အံ့ . . . ) ဟူသောအာယသ်(၉၃)တွင်ပါဝင်သည်။ ဒုတိယအခြေအနေနှင့်ပတ်သက်၍ အာယသ်(၉၂)**وَمَا كَانَ لِمُؤْمِنٍ** မှ **وَهُوَ مُؤْمِنٌ فَتَحْرِيْرُ رَقَبَةٍ** (ၵင်းပြင်မှားယွင်းချွတ်ချော်၍ . . . မှ မည်ညွတ်ချေ)ထဲတွင် ဖော်ပြထားသည်။ တတိယအခြေအနေနှင့်ပတ်သက်၍ ဒါရ်ကွသ်နီကျမ်းမှ ဟဒီးဆ်တော်တစ်ရပ်တွင် ပါရှိသည်။ ယင်းဟဒီးဆ်တော်ထဲ၌ တမန်တော်မြတ်﴿ﷺ﴾က မုစ်လင်မ်တစ်ဦးသည် ဇင်မ်မီ (မုစ်လင်မ်နိုင်ငံတွင်နေထိုင်သော မုစ်လင်မ်မဟုတ်သူ) တစ်ဦးကိုသတ်ဖြတ်မိလျှင်ပင် တူညီသောလက်တုန့်ပြန်မှု (ကိဆ္ဆာစ်)ပေးစေခဲ့သည်ဟုပါရှိသည်။ **(اخرجه الزيلعى فى تخر يج الهداية)** စတုတ္ထအခြေအနေအတွက် ပညတ်ချက်မှာ အာယသ် (၉၂) **وَاِنْ كَانَ** : **مِنْ قَوْمٍ بَيْنَكُمْ وَبَيْنَهُمْ مِّيْثَاقٌ** (သူသည် အသင်တို့၏မဟာမိတ်တို့ အသင်းမှ ဖြစ်ခဲ့လျှင်) ဟူသည်ထဲ၌ပါဝင်သည်။ ပဉ္စမအခြေအနေနှင့် ပတ်သက်သည်ကို အာယသ်(၉၀)တွင် **فَمَا جَعَلَ اللّٰهُ لَكُمْ عَلَيْهِمْ سَبِيْلاً** (အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ၎င်းတို့နှင့် ဆန့်ကျင်ဘက်ပြုကြရန် (ဝါ) စစ်တိုက်ကြရန် မည်သည့် နည်းလမ်းကိုမျှ ခွင့်ပြုတော်မူသည် မဟုတ်ချေ။)တွင် ဖော်ပြထားသည်။ ဆဋ္ဌမအခြေအနေနှင့် ပတ်သက်သော အမိန့်ပညတ်ချက်များသည် စတုတ္ထအခြေအနေနှင့် ယှဉ်တွဲ၍ ဖော်ပြထားသည်။ အဘယ့်ကြောင့်ဆိုသော် ငြိမ်းချမ်းရေးစာချုပ်ဆိုသည်မှာ ယေဘုယျဖြစ်၍ အမြဲတမ်းစာချုပ်ဖြစ်သကဲ့သို့ ယာယီလည်းဖြစ်နိုင်သောကြောင့် နှစ်ခုလုံးအကျုံးဝင်သည်။ ထို့ကြောင့်ဤသည်တွင် ဇင်မ်မီနှင့်မုစ်တာအ်မင် နှစ်မျိုးစလုံးပါဝင်သည်။ ၎င်းတို့ အမြဲတစေနေထိုင်သည်ဖြစ်စေ၊ အချိန်ကန့်သတ်ထားသော ငြိမ်းချမ်းရေးအာမခံမှုနှင့်ဖြစ်စေ ကာကွယ်မှုရထားသူကို ဆိုလိုသည်။ **(အလ်ဒူရ်ရွလ်မုခ်သရ် ကိသာဗွလ် ဒီယာတ်)** (ဇင်မ်မီဆိုသည်မှာ မုစ်လင်မ်မဟုတ်သူဖြစ်၍ မုစ်လင်မ်နိုင်ငံတွင် တရားဝင်အမြဲတစေနေထိုင်သူဖြစ်သည်။ မုစ်တာအ်မင်ဆိုသည်မှာ မုစ်လင်မ်နိုင်ငံတွင်းသို့ တရားဝင်ခေတ္တလာရောက်သော မုစ်လင်မ် မဟုတ်သူဖြစ်သည်) **(မုဖ်သိသကီးအုဆ်မာနီ)**

အခြေအနေ (၇၊ ၈)နှင့်သက်ဆိုင်သော အမိန့်ပညတ်ချက်သည် အာယသ်တော် (၈၆)တွင် အစောပိုင်းဖော်ပြခဲ့ပြီးဖြစ်သော ဂျိဟားဒ်စစ်ခင်းခြင်း တရားဝင်ပြုလုပ်ထားခြင်းက ထင်ရှားစေခဲ့ပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်နေသော မယုံကြည်ငြင်းပယ်သူများကို သတ်ဖြတ်ခြင်းမှာ တမင်တကာသတ်ဖြတ်ခြင်းဖြစ်သည်။ အကယ်၍ မတော်တဆသတ်ဖြတ်ခြင်းဖြစ်လျှင် ယင်းသည် ပို၍ပင်တရားမျှတကြောင်းသက်သေပြပြီး ဖြစ်ပေသည်။ **(ဗယာနုလ်ကုရ်အာန်)**

## လူသတ်မှု (၃)မျိုးနှင့် ယင်းနှင့်ပတ်သက်သော အဓိန့်ပညတ်ချက်များ

၁။ ကာသ်လ်အလ်အမာဒ် (တမင်တကာသတ်ဖြတ်ခြင်း) ပေါ်လွင်ထင်ရှားသော ရည်ရွယ်ချက်ဖြင့် သံ(သို့) သံမဏိကဲ့သို့သော လက်နက်တစ်ခုဖြင့်လည်းကောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းကို ပြတ်စေသော ထက်သော ဝါးခွန် (သို့) ထိရှသော ကျောက်ခဲ တို့သုံးစွဲ၍သော်လည်းကောင်း သတ်ဖြတ်ခြင်း။

၂။ ကာသ်လ်ရှီဗ်ဟ် အလ်အမာဒ်(တမင်တကာကဲ့သို့သော သတ်ဖြတ်ခြင်း) ခန္ဓာအစိတ်အပိုင်းပြတ်စေသော လက်နက်မပါဘဲ သတ်ဖြတ်ခြင်း။

၃။ ကာသ်လ်ကာတာ (မတော်တဆသတ်ဖြတ်ခြင်း)။ တစ်စုံတစ်ဦးကို သားကောင်သော်လည်းကောင်း (သို့) စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်နေသော မယုံကြည်သွေဖည်ငြင်းပယ်သူသော်လည်းကောင်းထင်မှတ်၍ သတ်ဖြတ်ခြင်း။ ဤကိစ္စမျိုးသည် မှန်းဆချက်ထင်မြင်ချက်အရဖြစ်သည်။ သို့မဟုတ်လျှင် စင်စစ်ဖြစ်နိုင်သည်မှာ သားကောင်ကို ချိန်ပစ်သောအခါ၌ အဆုံး၌လူကို မှန်သွားခြင်း။ ဤကာတာ (သို့) မတော်တဆမှာ ဒုတိယနှင့် တတိယနှစ်မျိုးလုံး အကျုံးဝင်သွားသည်။ ထို့ကြောင့် နှစ်ခုစလုံး သွေးကြွေး (ဒီယဟ်) ပေးရန်မှာ မပြုမနေရ တာဝန်ဖြစ်စေသည်။ အပြစ်ဂုနာဟ်လည်းဖြစ်သည်။ သို့သော်လည်း နှစ်မျိုးစလုံးသည် နောက်ပိုင်း အကျိုးဆက်၌ခြားနားသည်။ သတ်ဖြတ်ခြင်း ဒုတိယအမျိုးအစားတွင် ဒီယတ်သည် ကုလားအုတ်အကောင် (၁၀၀)၏ လေးမျိုးပုံစံဖြစ်သည်။ ဆိုလိုသည်မှာ ပုံစံတစ်မျိုးစီသည် (၂၅)ကောင်ဖြစ်သည်။ သတ်ဖြတ်ခြင်း တတိယအမျိုးအစားတွင် ဒီယတ်သည်လည်း ကုလားအုတ်အကောင် (၁၀၀)ဖြစ်သည်။ သို့သော်လည်း ပုံစံငါးမျိုးရှိ၍ တစ်မျိုးတစ်ပုံစံလျှင် အကောင် (၂၀)စီရှိပေသည်။ သို့သော်လည်း အကယ်၍ ဒီယတ်ကို ငွေကြေးဖြင့်ပေးဆပ်လျှင် ပေးရမည့် ပမာဏမှာ ဒီရ်ဟမ်တစ်သောင်း (သို့) ဒီနာရ်တစ်ထောင်ဖြစ်သည်။ ဤသည်မှာ နှစ်မျိုးနှစ်စားအတွက်အတည်ဖြစ်သည်။ သို့သော်လည်း ဒုတိယ အမျိုးအစားမှာ ပို၍အပြစ်ကြီးပေသည်။ အဘယ့်ကြောင့်ဆိုသော် သတ်ဖြတ်ခြင်းမှာ တမင်တကာရည်ရွယ်၍ သတ်ဖြတ်ခြင်းကြောင့်ဖြစ်သည်။ တတိယအမျိုးအစားသည် အပြစ်အနည်းငယ်ပေါ့သည်။ အဘယ့်ကြောင့်ဆိုသော် ဂရုမပြုမိမှု သက်သက်ကြောင့်ဖြစ်သည်။ **(ဟေဒါယဟ်ကျမ်းအဆို အရ)**။

သို့ဖြစ်၍ فَتَحْرِيْرُ رَقَبَةٍ (သို့ဖြစ်လျှင် ကျွန်တစ်ယောက်ကို လွတ်မြောက်စေရန်ရှိ၏)မပြုမနေရ တာဝန်သဘော သဘာဝနှင့် အာယသ် (၉၂)တွင် သောင်ဗဟ်ဟူသည့် (ဝန်ချတောင်းပန်ခြင်း) စကားလုံးက ဤအနေအထားကို အထောက် အကူပြုသည်။ ဤ(၃)မျိုး (၃)စား၏ အခြေအမြစ်ကျသော စစ်မှန်မှုသည် ဤလောကတွင် ပြဋ္ဌာန်းထားသည့် အစွလာမ့်ဥပဒေက စည်းကမ်းကန့်သတ်ထားသည်။ သတ်ဖြတ်ခြင်းများ အပြစ်ဖြစ်မှုသည် ရည်ရွယ်သလော (သို့) ရည်ရွယ်ချက် မရှိသလောဟူသည်နှင့် ထိုအပြုအမူအပေါ် တည်ပေသည်။ ထိုကဲ့သို့သော အပြစ်များအတွက် ပြစ်ဒဏ်ပေးမှုကို အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းသာ သိရှိတော်မူပေသည်။ ထိုအရှင်မြတ်၏ဟစ်က်မတ် ဉာဏ်တော်အရ ဤအမျိုးအစားများမှ ပထမအမျိုးအစားသည် ရည်ရွယ်ချက်မရှိသော သဘောဆောင်၍ ဒုတိယ အမျိုးအစားက ရည်ရွယ်၍တမင်တကာပြုလုပ်သော သဘောဆောင်သွားနိုင်ပေသည်။

**ဥပဒေ**

၁။ အထက်ဖော်ပြပါ ဒီယဟ် (သွေးကြွေး) ပမာဏသည် အသတ်ခံရသူ ယောကျ်ားတစ်ဦးအတွက် ဖြစ်သည်။ အမျိုးသမီးတစ်ဦးဖြစ်လျှင် ထိုပမာဏ၏ ထက်ဝက်ဖြစ်ပေသည်။ **(ဟေဒါယဟ်ကျမ်းအရ)**

၂။ မုစ်လင်မ်မ်တစ်ဦးနှင့် ဇင်မ်မီတစ်ဦး၏သွေးကြွေးဒီယဟ်သည် အညီအမျှဖြစ်သည်။ တမန်တော်မြတ် ﷺ - **دية كل ذى عهد فى عهده الف دينار (အဗူဒါဝူးဒ်၏ မရဇ်စီလ်၊ ဟေဒါယဟ်ကျမ်းမှ ကိုးကားချက်)**

၃။ ကျွန်တစ်ဦး သူကောင်းပြုခြင်း (သို့) ဥပုသ်သီလစောင့်ထိန်းခြင်းပုံစံတွင် ကဖာရဟ် (အစားပေးလျော်ခြင်း)ကို သတ်ဖြတ်သူကိုယ်တိုင်မှ ပြုလုပ်ရပေမည်။ သွေးကြွေး ဒီယဟ်အတွက်ဆိုလျှင်မူ ၎င်းအား အုပ်ထိန်းသူ၏ တာဝန်ဖြစ်သည်။ ရှာဖိအသ် တရားတော်အသုံးအနှုန်းအရ ထိုအုပ်ထိန်းသူများကို [lQaiLA အလ် အာကိလာဟ် (သွေးကြွေးပေးဆပ်ရန် တာဝန်ရှိသူများ)ဟုခေါ်ဆိုသည်။

ဤနေရာတွင် အုပ်ထိန်းသူများနှင့် ထောက်ပံ့သူများသည် အပြစ်ကင်းမဲ့သည့်တိုင် လူသတ်သမား၏ပြစ်မှု ဝန်ထုပ်ဝန်ပိုးကို အဘယ့်ကြောင့် ၎င်းတို့အပေါ် လွှဲပြောင်းပေးရသည်ကို သံသယမရှိပါနှင့်။ အကြောင်းမှာ လူသတ်သမား၏ အုပ်ထိန်းသူသည် ဤကိစ္စရပ်တွင် လုံးဝဥဿုံ အပြစ်ကင်းသည်ဟုမဆိုနိုင်ချေ။ ၎င်းတို့၏ ချို့ငဲ့မှုမှာ လူ့အသက်တစ်ချောင်းကို လုံးဝဥဿုံ လုံးလုံးလျားလျား ဂရုမစိုက်ဘဲ ရဲဝံ့စွာလုပ်ဆောင်မှုအား ဟန့်တားမှု မပြုခြင်းပင်ဖြစ်သည်။ သို့သာမက သွေးကြွေးပေးခြင်းကို ကြောက်ရွံ့စေကာ အနာဂတ်တွင် ယင်းကဲ့သို့ မစဉ်းစား မဆင်ခြင်ထပ်မံမပြုလုပ်စေရန်အတွက် လိုအပ်သမျှသော ကြိုတင်ကာကွယ်မှုများအားလုံး လုပ်ဆောင်စေလိမ့်မည်ဖြစ်သည်။

၄။ ကဖာရဟ် (အစားပေးလျော်ခြင်း) အတွက် ကျေးကျွန်တစ်ဦး လွတ်လပ်ခွင့်ပေးရာတွင် ကျွန်ယောကျ်ားဖြစ်စေ၊ ကျွန်မိန်းမ ဖြစ်စေ အတူတူပင်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်၏ သုံးနှုန်းထားသည်မှာ ယေဘုယျဖြစ်သည်။ သို့သော်လည်း ထိုသူကောင်းပြုခံရသူသည် အကောင်းပကတိဖြစ်၍ မည်သည့်နည်းနှင့်မျှ ကိုယ်အင်္ဂါချို့ယွင်းသူမဖြစ်သင့်ပါ။

၅။ သတ်ဖြတ်ခံရသူ၏ ဒီယဟ် သွေးကြွေးကို ရှာဖိအသ်တရားတော်က သတ်မှတ်ထားသော အမွေပုံစံ၏ တစ်စိတ်တစ်ဒေသအဖြစ် ခွဲဝေသင့်ပေသည်။ ဒီယဟ်ကို တရားဝင်အမွေဆက်ခံခွင့်ရှိသူက ခွင့်လွှတ်မည် ဆိုလျှင် ထိုခွင့်လွှတ်မည့်သူ၏ ရပိုင်ခွင့်ရှိသလောက်သာလျှင် ခွင့်လွှတ်နိုင်သည်။ အကယ်၍ တရားဝင် အမွေဆက်ခံခွင့်ရှိသူအားလုံးက ခွင့်လွှတ်ခဲ့လျှင် ဒီယဟ်တစ်ခုလုံးခွင့်လွှတ်ပြီးဖြစ်သည်။

၆။ အသတ်ခံရသူ၏ ဒီယဟ်အတွက် ရှာဖိအသ်တရားတော်က အသိအမှတ်ပြုသော အမွေဆက်ခံခွင့်ရှိသူ မရှိလျှင် ဗိုင်သွလ်မာလ် (အစိုးရဘဏ္ဍာတိုက်)ထဲသို့ ထည့်သွင်းရမည်။ အဘယ့်ကြောင့်ဆိုသော် ဒီယဟ်မှာ အမွေပစ္စည်းဖြစ်၍ အမွေဆက်ခံခြင်းကို ဤဥပဒေကပင် ထိန်းချုပ်ထားသောကြောင့် ဖြစ်သည်။**(ဗယာနုလ်ကုရ်အာန်ကျမ်း)**

၇။ အချင်းချင်းပဋိညာဉ်ပြုထားသော သူများအတွက် ထိုသူသည် ဇင်မ်မီ (မုစ်လင်မ်နိုင်ငံတွင် နေထိုင်သော မုစ်လင်မ်မဟုတ်သောနိုင်ငံသား)သော်လည်းကောင်း(သို့) မုစ်သအ်မင်မ်(ယာယီကာလတစ်ခုအတွက် ငြိမ်းချမ်းရေးအာမခံချက်ပေးထားသူများ) သော်လည်းကောင်း ယင်းတို့၏ ဒီယဟ်သွေးကြွေးသည် ယင်းအသတ်ခံရသူနှင့်

သက်ဆိုင်သော ဇင်မီ (သို့) မုစ်သအ်မင်လ်များ မျက်မှောက်၌ ရှိသောအခါ၌သာလျှင် ပေးရန်အတည် ဖြစ်သည်။ အကယ်၍ ထို သူတို့တွင် ယင်းကဲ့သို့သော သူများမရှိလျှင်သော်လည်းကောင်း၊ (သို့) ရှိသူသည် မုစ်လင်မ်ဖြစ်နေလျှင်သော်လည်းကောင်းဖြစ်လျှင် မုစ်လင်မ်သည်ကာဖိရ်ထံမှ အမွေဆက်ခံခွင့်မရှိဟူသော အချက်အရ သွေးကြွေးဒီယဟ်မရှိဟုသတ်မှတ်လိမ့်မည်။ ထို့ကြောင့် အသတ်ခံရသူဇင်မ်မီဖြစ်လျှင် ၎င်း၏ဒီယဟ် သွေးကြွေးဒီယဟ်မရှိဟု သတ်မှတ်လိမ့်မည်။ ထို့ကြောင့် အသတ်ခံရသူဇင်မ်မီဖြစ်လျှင် ၎င်း၏ဒီယဟ် သွေးကြွေးသည် အစိုးရဘဏ္ဍာတိုက် ဗိုင်သုလ်မာလ်ထဲထည့်ရမည်။ အဘယ့်ကြောင့်ဆိုသော် အမွေဆက်ခံသူမရှိသော ဇင်မ်မီ၏ အမွေသည် ဒီယဟ်အပါအဝင် ဗိုင်သုလ်မာလ် သို့သွားရမည်ဖြစ်သည်။ **(အလ်ဒုရ်ရုလ်မုခ်သရ်ကျမ်း)** သို့မဟုတ်ခဲ့လျှင် ယင်းသို့လုပ်ရန်မှာ မပြုမနေရတာဝန် မဟုတ်ချေ။ **(ဗယာနုလ်ကုရ်အာန်ကျမ်း)**

၈။ အကယ်၍ နာမကျန်း၍ဖြစ်စေ (သို့) အခြားအကြောင်းအချို့ကြောင့်ဖြစ်စေ အဆက်မပြတ်ဥပုသ်သီလ စောင့်ထိန်းရာ၌ ပျက်ကွက်ခဲ့လျှင် အစမှစ၍ အသစ်တဖန်ပြန်၍ ဆောက်တည်ရမည်။ သို့သော်လည်း အမျိုးသမီးတစ်ဦးအတွက်မူ သူမရာသီပန်းပွင့်ခြင်းအတွက် ပျက်ကွက်ခဲ့မှုကို အဆက်ပြတ်သည်ဟု မဆိုလိုချေ။

၉။ အကယ်၍ အချို့သော ခိုင်လုံသည့်အကြောင်းပြချက်အရ တစ်စုံတစ်ဦးတွင် ဥပုသ်သီလ ဆောက်တည်ရန်အင်အား မရှိခဲ့လျှင် ၎င်းသည် အင်အားရှိလာသည့်တိုင် သောင်ဗဟ်ဝန်ချတောင်းပန်မှု ပြုနေသင့်ပေမည်။

၁၀။ တမင်တကာ ရည်ရွယ်သတ်ဖြတ်ခြင်းတွင် ဤကဖာရဟ် (အစားပေးလျော်ခြင်း)လုပ်ခွင့်မရှိသောကြောင့် ဝန်ချတောင်းပန် သောင်ဗာဟ်ပြုရပေမည်။ **(ဗယာနုလ်ကုရ်အာန်ကျမ်း)**

V V V V V V V

အာယသ် (၉၄-၉၆)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِذَا ضَرَبْتُمْ فِى سَبِيلِ ٱللَّهِ
فَتَبَيَّنُوا۟ وَلَا تَقُولُوا۟ لِمَنْ أَلْقَىٰٓ إِلَيْكُمُ ٱلسَّلَٰمَ لَسْتَ مُؤْمِنًا ۚ تَبْتَغُونَ
عَرَضَ ٱلْحَيَوٰةِ ٱلدُّنْيَا ۖ فَعِندَ ٱللَّهِ مَغَانِمُ كَثِيرَةٌ ۚ كَذَٰلِكَ كُنتُم مِّن
قَبْلُ فَمَنَّ ٱللَّهُ عَلَيْكُمْ فَتَبَيَّنُوٓا۟ ۚ إِنَّ ٱللَّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا ﴿٩٤﴾
لَّا يَسْتَوِى ٱلْقَٰعِدُونَ مِنَ ٱلْمُؤْمِنِينَ غَيْرُ أُو۟لِى ٱلضَّرَرِ وَٱلْمُجَٰهِدُونَ
فِى سَبِيلِ ٱللَّهِ بِأَمْوَٰلِهِمْ وَأَنفُسِهِمْ ۚ فَضَّلَ ٱللَّهُ ٱلْمُجَٰهِدِينَ
بِأَمْوَٰلِهِمْ وَأَنفُسِهِمْ عَلَى ٱلْقَٰعِدِينَ دَرَجَةً ۚ وَكُلًّا وَعَدَ ٱللَّهُ
ٱلْحُسْنَىٰ ۚ وَفَضَّلَ ٱللَّهُ ٱلْمُجَٰهِدِينَ عَلَى ٱلْقَٰعِدِينَ أَجْرًا عَظِيمًا ﴿٩٥﴾
دَرَجَٰتٍ مِّنْهُ وَمَغْفِرَةً وَرَحْمَةً ۚ وَكَانَ ٱللَّهُ غَفُورًا
رَّحِيمًا ﴿٩٦﴾

အို “မုအ်မင်န်” အပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ (စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ခြင်းငှာ) ခရီးထွက်ကြသောအခါ (ရန်သူနှင့်မိတ်ဆွေကို ခွဲခြား၍သိသာရန်) စီစစ်ရှာဖွေစုံစမ်းကြလေကုန်။ ၎င်းပြင် အသင်တို့သည် မိမိတို့အား “စလာမ်” (မေတ္တာ)ပို့သ(ကာ မိမိကိုယ်ကို မုစ်လင်မ်ဖြစ်ကြောင်း ထင်ရှားစေ)သောသူကို အသင်သည် “မုအ်မင်န်” မဟုတ်ဟု မပြောကြကုန်လင့်။ အသင်တို့သည် လောကီဥစ္စာပစ္စည်း စည်းစိမ်များကို ရှာဖွေကြ၏။ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်အထံတော်၌ (တရားသဖြင့်သုံးစွဲနိုင်သော) လက်ရပစ္စည်းများသည် ပေါများစွာရှိကုန်၏။ အသင်တို့သည်လည်း ယခင်မူလက ထိုကဲ့သို့ပင် (မိမိတို့ မုစ်လင်မ်ဖြစ်ကြောင်းနှင့် ပတ်သက်၍ နှုတ်ဖြင့်ကလိမဟ်ရွတ်ဖတ်ခြင်းကိုပင် အမှီသဟဲပြုကြရသူများ) ဖြစ်ခဲ့ကြ၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်၌ ကျေးဇူးပြုတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် စီစစ်ရှာဖွေစုံစမ်းကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူကြကုန်သော အမှုကိစ္စတို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်ပင်ဖြစ်တော်မူပေသတည်း။ (၄:၉၄)

"မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အနက်မှ (ချည်နှဲ့ကျိုးကန်းမစွမ်းမသန်သော)ဒုက္ခိတများ မဟုတ်ဘဲ (မိမိတို့အိမ်တွင်းဝယ်) ထိုင်၍နေသောသူတို့နှင့် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ မိမိတို့၏ အသက်စည်းစိမ်တို့ဖြင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သောသူတို့သည် တူညီကြသည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည် မိမိတို့၏ အသက်စည်းစိမ်တို့ဖြင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြကုန်သောသူတို့အား (မိမိတို့အိမ်တွင်းဝယ်) ထိုင်၍နေကြကုန်သောသူတို့ထက် ဂုဏ်ရည်အဆင့်အတန်းအားဖြင့် မြင့်မြတ်စေတော်မူခဲ့လေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ထိုင်၍နေသူများနှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သူများ) အားလုံးတို့ကို ကောင်းကျိုးပေးသနားတော်မူမည်ဟု ပဋိညာဉ်ထားရှိတော်မူခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သောသူတို့အား (မိမိတို့အိမ်တွင်း၌ အငြိမ်း) ထိုင်၍နေသောသူတို့ထက် ကြီးကျယ်သောအကျိုးကျေးဇူး (ချီးမြှင့်တော်မူခြင်း) အားဖြင့် မြင့်မြတ်စေတော်မူခဲ့လေပြီ။ (၄း၉၅)

အလ္လာဟ်အရှင်မြတ်အထံမှ ဂုဏ်ရည်အဆင့်အတန်းအမျိုးမျိုးတို့ကို ချီးမြှင့်ပေးသနားတော်မူခြင်းအားဖြင့်၎င်း၊ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူခြင်းအားဖြင့်၎င်း ကရုဏာပြုတော်မူခြင်းအားဖြင့်၎င်း (ထိုသူတို့အားမြင့်မြတ်စေတော်မူခဲ့လေပြီ။) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြိမ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အစဉ်အမြဲသနားကြင်နာ ညှာတာတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၄း၉၆)

## အကျယ်ဖွင့်ဆိုခြင်း
## အာယသ်တော်၏ဆက်စပ်မှု

ပြီးခဲ့သောအာယသ်များထဲတွင် မုစ်လင်မ်တစ်ဦးအား သတ်ဖြတ်ခြင်းအတွက် လေးနက်သော သတိပေးချက်များ ပါဝင်သည်။ မုစ်လင်မ်တစ်ဦးကို မုစ်လင်မ်တစ်ဦးအဖြစ် မှတ်ယူနိုင်စေရန် မပြုမနေရ ရှရီအသ်တရားတော်၏ လိုက်နာမည့်တာဝန်အရ သူသည် အစွလာမ်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာ ကြေညာရန် လိုအပ်ကြောင်း မိန့်ကြားထားသည်။ ထို့ကြောင့် အစွလာမ့်သာသနာသက်ဝင်ယုံကြည်သူတစ်ဦးကို သတ်ဖြတ်ခြင်းမှာ ရှောင်ကြဉ် ရန်လိုအပ်သည်။ ထို့ထက်ပို၍ မိန့်ထားသည်မှာအချို့သောသံသယများကြောင့် ၎င်း၏ယုံကြည်ချက်ကို နှိုက်နှိုက် ခွတ်ခွတ် ထုတ်ဖော်စစ်ဆေးခြင်းအားခွင့်မပြုချေ။ အဘယ့်ကြောင့်ဆိုသော် အစွလာမ့်တရားဥပဒေများသည် ၎င်းနှင့်ပတ်သက်၍ ကျင့်သုံးနိုင်ရန်အတွက် ၎င်း၏ယုံကြည်ချက် မှန်ကန်ကြောင်း၊ တိကျသောသက်သေများ

ရှာဖွေရန်စောင့်ဆိုင်းခြင်းဖြင့် အချိန်ဆွဲမထားသင့်၍ဖြစ်သည်။ ဆွဟာဗဟ်သာဝကကြီးများသည် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် စစ်ပြိုင်ဆိုင်တိုက်ခိုက်ရာ၌ ၎င်းမယုံကြည်သူများနှင့်ပတ်သက်၍ နူးညံ့သိမ်မွေ့သော ဤစည်းမျဉ်းကို မဝေခွဲနိုင်ဘဲ မလိုက်နာမကျင့်သုံးနိုင်ခဲ့ချေ။ ထိုအချိန်တွင် အချို့သောသူများက မိမိတို့မှာ မုစ်လင်မ်ဖြစ်သည်ဟုပြောဆိုခဲ့သော်လည်း အချို့သောဆွဟာဗဟ်အချို့သည် ၎င်းတို့ အစ္စလာမ်သာသနာသက်ဝင်ခြင်းသည် လိမ်လည်မှုတစ်ရပ်သာဖြစ်သည်ဟု မှတ်ယူ၍ ၎င်းတို့အား သတ်ဖြတ်ကာ ပိုင်ဆိုင်ပစ္စည်းများကို စစ်နိုင်ပစ္စည်းအဖြစ်သိမ်းပိုက်ခဲ့ကြသည်။ ဤအမျှော်အမြင်ကင်းသည့်လုပ်ရပ်ကို အလ္လာဟ်အရှင်မြတ်က ပြစ်တင်ရှုံချထားသည်။ သို့သော်လည်း ပြင်းထန်သောသတိပေးချက်အစား ဆုံးမစကားသာလျှင် လုံလောက်သည်ဟုမှတ်ယူကာ ပြင်းထန်သော သတိပေးချက်ပါဝင်သော ဝဟီကျရောက်မလာခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ဆွဟာဗဟ်ကြီးများသည် ထိုအချိန်တိုင် ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားစွာ မသိရှိသေးသောကြောင့်ဖြစ်သည်။ **(ဗယာနုလ်ကုရ်အာန်)**

## မုစ်လင်မ်တစ်ဦးဟုဖော်ထုတ်ရန် အစ္စလာမ့်လက္ခဏာများက လုံလောက်ပေသည်။

အထက်ဖော်ပြထားသည်များထဲက အာယသ်တော် (၃)ခုအနက်မှ ပထမအာယသ်တော်တွင် လမ်းညွှန်မှုပေးထားသည်မှာ တစ်စုံတစ်ဦးသည် မုစ်လင်မ်တစ်ဦးဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့လျှင် မည်သည့် မုစ်လင်မ်ကမှ တိကျသောအသိပညာနှင့် သက်သေသာဓကမရှိဘဲ ၎င်းသူ၏ အစ္စလာမ့်ဘာသာဝင်ဖြစ်ကြောင်း ကြေညာချက်ကို အရေခြုံတစ်ဦးအဖြစ် အဓိပ္ပာယ်ဖော်ပြခွင့်မရှိချေ။ အချို့သော ဆွဟာဗဟ်သာဝကကြီးများသည် သတ်မှတ်ထားသည့်အတိုင်း မှန်ကန်စွာမလုပ်ဆောင်နိုင်ခဲ့သောအဖြစ်အပျက်ရှိခဲ့၍ ယင်းဖြစ်ခဲ့မှုနောက်ခံအကြောင်းအရ ဤအာယသ် (၉၄)ကျရောက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သိရှိမိဇိနှင့် မုစ်နတ်အဟ်မဒ်ကျမ်းတို့တွင် စိုက်ယိဒိနာအိဗ်နိအဗွားစ်မှ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ ဗနူစုလိုင်မ်မျိုးနွယ်စုမှ တစ်ဦးသည် ဂျိဟားဒ်စစ်ပွဲသွားနေသည့် ဆွဟာဗဟ်များ အုပ်စုနှင့်တွေ့ခဲ့သည်။ ထိုသူသည် ဆိတ်များကျောင်းနေသည်။ ထိုသူက အုပ်စုကို စလာမ်နှုတ်ခွန်းဆက်သခဲ့သည်။ သို့လုပ်ခြင်းသည် ၎င်းမုစ်လင်မ်တစ်ဦးဖြစ်ကြောင်း လက်တွေ့ပြသမှုတစ်ခုပင်ဖြစ်သည်။ ဆွဟာဗဟ်များက ဤသူသည် ၎င်းမျက်မှောက် အခြေအနေအရ ဟန်ဆောင်ခြင်းသာဖြစ်သည်ဟု တွေးထင်ခဲ့သည်။ ထို့ကြောင့် ၎င်းအစ္စလာမ်ဘာသာဝင်ဖြစ်ကြောင်း ထုတ်ဖော်ချက်သည် ၎င်း၏ ပစ္စည်းဥစ္စာနှင့် အသက်ကို လုံခြုံရန်အလို့ငှာ ကလိမ်ဉာဏ်ဆင်၍ မုစ်လင်မ်များဟန်ပန်နှုတ်ခွန်းဆက်သပုံနှင့် သူတို့အားလှည့်ဖြားသည်ဟု မှတ်ယူခဲ့သည်။ ဆွဟာဗဟ်များကထိုသူ့အားသတ်ဖြတ်၍ ဆိတ်အုပ်ကိုစစ်နိုင်ပစ္စည်းအဖြစ် တမန်တော်မြတ် ﷺ သခင်ထံယူဆောင်ခဲ့ကြသည်။ ထိုအချိန်တွင် ဤအာယသ်တော်ကျရောက်ခဲ့သည်။ ထိုအာယသ်က ဥပဒေစည်းမျဉ်းသတ်မှတ်ခဲ့သည်မှာ အသင့်အားအစ္စလာမ့်ပုံစံအတိုင်း စလာမ်ဆိုနှုတ်ခွန်းဆက်သသူကို ဟန်ဆောင်သူ တစ်ဦးအဖြစ်မမှတ်ယူနှင့် ခိုင်လုံသောသက်သေပြချက်မရှိဘဲ ၎င်းအစ္စလာမ်ဘာသာသက်ဝင်ယုံကြည်သည်ဟု ထုတ်ဖော်ပြောဆိုချက်ကိုလှည့်စားသည်ဟု မည်သည့်အခါမျှ မမှတ်ယူနှင့်။ သူ့ပိုင်ဆိုင်ပစ္စည်းကို စစ်နိုင်ပစ္စည်းအဖြစ် မည်သည့်အခါမျှ မယူနှင့်။ **(အိဗနိကဆီရ်)**

စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဘားမ့ နောက်ထပ်ဆင့်ပြန်ချက်ကို အလ်ဗူခါရီကျမ်းတွင် အကျဉ်းချုပ်တင်ပြထား၍ အလ်ဗဇ်ဇားရ်တွင် အသေးစိတ် ဖော်ပြထားသည်။ ဤဆင့်ပြန်ချက်အရ တမန်တော်မြတ် ﷺ သခင်သည် စိုက်ယိဒိနာ မက်ဒါဒ် အိဗ်နိ အလ်အတ်စ်ဝဒ် အပါအဝင်မုဂျာဟီဒီးန် တစ်စုကိုစေလွှတ်ခဲ့သည်။ ထိုသူများ သတ်မှတ်ထားသော နေရာရောက်ခဲ့သောအခါ ထိုနေရာတွင်ရှိ လူများအားလုံး ထွက်ပြေးကုန်ကြသည်။ အဖိုးတန် ပစ္စည်းများလက်ဝယ်ရှိသူတစ်ဦးသာလျှင် ကျန်ရစ်ခဲ့သည်။ ဆွဟာဗဟ်များနှင့် မျက်နှာချင်းဆိုင်မိသောအခါတွင်ထိုသူသည်ကလိမဟ် ÕA&#–A_[–L'A_ `&#—^A–ᏧᏂᏋ–W^A–(အလ္လာဟ်အရှ်မြတ်မှာစ်ဖါး မည်သူမျှ ခဝတ်ကိုးကွယ်ခြင်း ခံထိုက်သူ မရှိဟု ကျွန်တော်မျိုးသက်သေခံပါ၏)ဟု ရွတ်ဆိုခဲ့သည်။ သို့သော်လည်း စိုက်ယိဒိနာ မက်ဒါဒ်အိဗ်နိအလ်အတ်စ်ဝဒ်က ၎င်းသူသည် သူ့အသက်နှင့် ဥစ္စာပစ္စည်းကို အကာအကွယ်ရရန်အလို့ငှာ နှလုံးသားမှမပါဘဲ နှုတ်ကသာ ကလိမဟ် ရွတ်ဆိုခြင်းဖြစ်သည်ဟု မှတ်ယူကာ ထိုသူ့အား သတ်ပစ်လိုက်သည်။ ဆွဟာဗဟ်များအုပ်စုထဲမှ တစ်ဦးက ထိုဆွဟာဗဟ် ယင်းသို့ပြုလုပ်ခြင်းကို ပြစ်တင်ဆုံးမလေသည်။ အလ္လာဟ်အရှ်ခြင်မြတ်မှတစ်ပါး ခဝတ်ကိုးကွယ်ရာ အရှ်ခမရှိဟု သက်သေခံသူတစ်ဦးအား သူသတ်ဖြတ်ပစ်ခဲ့သည်။ ဆွဟာဗဟ်ကြီးက ၎င်းသာကိုယ်တော်မြတ် ﷺသခင်ထံ ပြန်လည်ရောက်ခဲ့မည်ဆိုလျှင် ဤအဖြစ်အပျက်နှင့် ပတ်သက်၍ တမန်တော်မြတ် ﷺထံ တင်ပြမည်ဟု ပြောကြားခဲ့သည်။ နောက်ဆုံး၌ ထိုအုပ်စုသည် မဒီနဟ်မြို့သို့ ပြန်လည်ရောက်ရှိလာကာ တမန် တော်မြတ်ﷺသခင်အား ထိုအဖြစ်အပျက်တင်ပြခဲ့သည်။ တမန်တော်မြတ် ﷺသခင်က စိုက်ယိဒိနာ မက်ဒါဒ်ကို ဆင့်ခေါ်၍ လေးလေး နက်နက်သတိပေးခဲ့သည်။ တမန်တော်မြတ် ﷺသခင်က တရားစီရင်မည့်နေ့တွင် ကလိမဟ် ÕA&#–A_[–L'A_ `&#– သည် တရားလိုအဖြစ် သင့်ကိုယ်စားချက်တင်လျှင် သင်မည်သို့ပြောမည်နည်း။ **لَا تَقُوْلُوْا لِمَنْ اَلْقٰى اِلَيْكُمُ السَّلَمَ لَسْتَ مُؤْمِنًا** (ငင်းပြင် အသင်တို့သည် မိမိတို့အား “စလာမ်”(မေတ္တာ)ပို့သကာ (မိမိကိုယ်မိမိ မုစ်လင်မ်ဖြစ်ကြောင်း ထင်ရှားစေ)သောသူကိုအသင်သည် “မုအ်မင်န်” မဟုတ်ဟု မပြောကြကုန်လင့်၊ (၄း၉၄)ဟူသောအာယသ်တော် ထိုအချိန်၌ကျရောက်ခဲ့သည်။

ဤတွင်ဖော်ပြထားသော အဖြစ်အပျက်နှစ်ခုအပြင် ဤအာယသ်နှင့်ပတ်သက်သော အခြားအခြားသော အဖြစ်အပျက်များလည်း တင်ပြခဲ့ကြသည်။ သို့ရာတွင် လေးစားကြည်ညိုထိုက်သော သဖ်စီရ်ပညာရှင်များက ဤဆင့်ပြန်ချက်များထဲတွင် မည်သည့်အကွဲအလွဲမှမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ဤအဖြစ်အပျက်များကို ပြောရလျှင် အာယသ်တော်ကျရောက်ခြင်း၏ အကြောင်းရင်းဖြစ်နိုင်သောကြောင့် ဖြစ်ပေသည်။

အာယသ်ဆတ်၏စာသားများမှာ ပဲ–l'ဒ#–LAU<\<y^L–A_ý`ᑫ'L^A–(မြို့ဆိုအား စလာမ်မတွာဆိုသောသူကို ဟူ၍ ဖြစ်သည်။ အကယ်၍ မူရင်းစာသားပါ စလာမ်ဟူသောစကားလုံးကို မုစ်လင်မ်များ၏ နှုတ်ခွန်းဆက်သနည်း၏ ဆိုလိုရင်း သဘောမှတ်ယူခဲ့လျှင် ယင်းသို့ သုံးနှုန်းမှုသည် ပထမအဖြစ်အပျက်ကို ပို၍သင့်လျော်စေပါသည်။ သို့သော်လည်း အကယ်၍ စလာမ်သည် အလ္လာဟ်အရှ်မြတ်အလိုတော်ကို နာခံခြင်း (သို့) ခယဝပ်တွားခြင်းဆိုလျှင် ဤအဓိပ္ပာယ်သည် အဖြစ်အပျက်နှစ်ရပ်လုံး ညီတူမျှတူသက်ဆိုင်ပေသည်။ ထို့ကြောင့် လက်ရှိမူရင်းစာသား ဖော်ပြထားသော စလာမ်ကို အလ္လာဟ်အရှ်မြတ်အားနာခံခြင်းနှင့် ခယဝပ်တွားခြင်းဟု အဓိပ္ပာယ်ပြန်ဆိုထားသည်။

**အဖြစ်အပျက်တစ်ခုနှင့် ပတ်သက်သော အချက်အလက်များကို စုံစမ်းစစ်ဆေးခြင်းမပြုလုပ်ဘဲ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခြင်းခွင့်မပြုချေ။**

အာယသ်တော် (၉၄)၏ ပထမဝါကျထဲတွင် မုစ်လင်မ်များအားလုံး မုချလိုက်နာကျင့်သုံးရမည့် ယေဘုယျ ဥပဒေသတစ်ခုပါဝင်သည်။ မည်သည့်မုစ်လင်မ်ကမျှ မှန်းဆချက်အပေါ်တွင်သာ အခြေခံပြီး မစဉ်းစားမပြုလုပ်ရပါ။ အာယသ်တော်၏စကားလုံးများမှာ-**اِذَا ضَرَبْتُمْ فِىْ سَبِيْلِ اللّٰهِ فَتَبَيَّنُوْا** "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌(စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းငှာ) ခရီးထွက်ကြသောအခါ (ရန်သူနှင့် မိတ်ဆွေကို ခွဲခြား၍သိသာရန်) စိစစ်ရှာဖွေစုံစမ်းကြလေကုန်" ဟူ၍ဖြစ်သည်။ မှန်းဆချက်ဖြင့် လုပ်ဆောင်ပါက တစ်စုံတစ်ဦးသည် ဒုက္ခဖြစ်နိုင်သည်။ ဤအာယသ်ထဲတွင် ခရီးသွားလာမှုနှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုပါဝင်ရခြင်းမှာ ဤအဖြစ်အပျက်များသည် ခရီးသွားလာနေစဉ်အတွင်း ဖြစ်ပျက်ခဲ့သောကြောင့်ဖြစ်သည်။ သို့တည်းမဟုတ် လူများနေထိုင်သော မြို့ကြီးပြကြီးတွင် အရာဝတ္ထုများနှင့်လူများ ယေဘုယျရင်းနှီးကျွမ်းဝင်ရှိခြင်းနှင့် နှိုင်းယှဉ်လျှင် ယခင်ကတစ်ခါမျှ မရောက်ဖူးသောနေရာများသို့ ခရီးသွားစဉ်တွင် သံသယများပေါ်ပေါက်နိုင်သောကြောင့် ဖြစ်သည်။ သို့မဟုတ်လျှင် ခရီးသွားစဉ်၌လည်းကောင်း၊ အိမ်၌နေထိုင်စဉ်လည်းကောင်း အခြေခံဥပဒေမှာ ယေဘုယျဖြစ်သည်။ ယင်းမှာ ပေါ်ပေါက်လာသောမည်သည့်အခြေအနေတွင်မဆို သေချာစွာစုံစမ်းစစ်ဆေးခြင်း မပြုလုပ်ဘဲ တုန့်ပြန်ခြင်းကို ခွင့်မပြုချေ။ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်ﷺမိန့်ကြားထားသည်မှာ "စဉ်းစားချင့်ချိန်၍ လုပ်ဆောင်ခြင်းသည် အလ္လာဟ်အရှင်မြတ်ထံမှဖြစ်၍ မစဉ်းစားမဆင်ခြင်ဘဲ ပြုလုပ်ခြင်းမှာ ရှိုင်တွာန်ထံမှ ဖြစ်သည်။ **(အလ်ဗဟ်ရှလ်မုဟီတ်)**

အာယသ် (၉၄)ပါ ဒုတိယဝါကျ-**تَبْتَغُوْنَ عَرَضَ الْحَيٰوةِ الدُّنْيَا** "လောကီဥစ္စာပစ္စည်းစည်းစိမ်များကို ရှာဖွေကြ၏။"သည် ဤမှားယွင်းစွာလုပ်ဆောင်မှုဖြစ်စေသော အားနည်းချက်အတွက် ကုစားသည့်ဆေးတစ်ပါးဖြစ်သည်။ အားနည်းချက်မှာ စစ်အောင်နိုင်ပစ္စည်းများစုဆောင်းသိမ်းဆည်းကာ ၎င်းတို့၏ လောကီစည်းစိမ်ဥစ္စာများရယူလိုသည့် ဆန္ဒပင်ဖြစ်သည်။ သို့သော်လည်း ဆက်တိုက်ပင်ဆက်လက်၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အတွက် ပိုမိုများပြားသော စစ်အောင်နိုင်ပစ္စည်းများ သတ်မှတ်ထားသည်ဆိုသည်ကို ထောက်ပြထားပေသည်။ သို့ဆိုလျှင် အဘယ်ကြောင့် ၎င်းတို့သည် ရုပ်ဝတ္ထုအကျိုးအမြတ်အကြောင်းဂရုစိုက်နေရသနည်း။ ပိုမိုဆိုဆုံးမသည့်အနေဖြင့် ၎င်းတို့အများအပြားထဲမှ အစ္စလာမ်သာသနာကို ယုံကြည်လျှက်နှင့် ရဲဝံ့စွာထွက်မလာသည့်သူများရှိကြောင်းကိုပြန်လည်၍ စဉ်းစားခိုင်းထားသည်။ မယုံကြည်သွေဖည်ငြင်းပယ်သူများဝန်းရံထားသည်မှ ကယ်တင်ခံရ၍ အစ္စလာမ်သာသနာကို ပွင့်လင်းစွာယုံကြည်ကိုးကွယ်နိုင်ကြပါသည်။ ဤအခြေအနေကိုစိတ်ဝယ်စွဲမှတ်ကာ မုစ်လင်မ်တပ်တော်ရှေ့မှောက်၌ Õ&#-A_[-L'A_`&#-မြွတ်ဟသောသူသည် ရှေးယခင်ကထဲက အစ္စလာမ်သာသနာကို ဖက်တွယ်ယုံကြည်ထားသူတစ်ယောက်မဖြစ်နိုင်ပြီလော။ လွတ်လပ်စွာ မကိုးကွယ်နိုင်ခြင်းမှာ မယုံကြည်သွေဖည် ငြင်းပယ်သူများမှ လက်တုန့်ပြန်မည်ကို ကြောက်ရွံ့၍ဖြစ်သည်။ မုစ်လင်မ်စစ်တပ်ကိုသူမြင်တွေ့ရလျှင် ထုတ်ဖော် ကြေညာရန်အချိန်မဆိုင်းတော့ချေ။ အကယ်၍သာ ၎င်းတို့၏ အခြေအနေကို စူးစမ်းမည်ဆိုပါက ၎င်းတို့ကလိမတ် ကို ရွတ်ဆိုခဲ့၍ မုစ်လင်မ်ဟုပြောခဲ့သည့်အချိန်က အစ္စလာမ် ရှရီအသ်တရားတော်သည် ၎င်းသူတို့၏မုစ်လင်မ်ဖြစ်ကြောင်း မည်သည့်အခါတွင်မျှ ဦးစွာပထမသက်သေ မပြခိုင်း

ကြောင်း သတိရပေလိမ့်မည်။ ထိုကဲ့သို့သော စည်းကမ်းသတ်မှတ်ချက်မရှိပါ။ သူတို့ကိုလည်း ၎င်းတို့၏နှလုံးသားများ အားစစ်ဆေးရန် မည်သည့်အခါမျှ မခိုင်းစေခဲ့ပါ။ ၎င်းတို့အား အတည်ပြုပြီးသော မုစ်လင်မ်များအဖြစ် ကြေညာနိုင်ရန် ၎င်းတို့၏ အစ္စလာမ်ဘာသာသက်ဝင်ကြောင်း သက်သေပြရန်လည်း အမိန့်မပေးခဲ့ပါ။ ဤသည်ကိုအားလုံးနှင့်ဆန့်ကျင်သောအစ္စလာမ်ကလိမ်ဟ ÕA''<ơ^SKR#-d²n#-h-M< ÊÃ&#-A_[-L'A_ `&-ကိုဤသို့ဖြင့် ၎င်းတို့အား မုစ်လင်မ်အဖြစ် အသိအမှတ်ပြုရန် ကောင်းစွာလုံလောက်သည်ဟု မှတ်ယူခဲ့သည်။ ဤသည်ကို စိတ်တွင်စွဲမှတ်ကာ မည်သူမဆို ၎င်းတို့ရှေ့မှောက်၌ ကလိမတ်တော်ကိုရွတ်ဖတ်ခဲ့လျှင် ထိုသူသည် မုစ်လင်မ်တစ်ဦးဖြစ်ကြောင်း မှတ်ယူသင့်သည်မှာ သူတို့တာဝန်ပင် ဖြစ်သည်။

## မုစ်လင်မ်တစ်ဦးကို ကာဖိရ်တစ်ဦးအဖြစ် မမှတ်ယူရဟူသည်၏ဆိုလိုရင်း

ဤအာယသ်တော်မှ အရေးကြီးသည့် ဥပဒေသပေါ်ထွက်လာသည်မှာ တစ်စုံတစ်ဦးသည် အစ္စလာမ့်သာသနာ၏ထင်ရှားသည့် သွင်ပြင်လက္ခဏာဖြစ်သော အာဇနဆိုခြင်း၊ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းနှင့် ဆက်စပ်နေခြင်း (သို့) ကလိမာဟ်ရွတ်ဆိုခြင်း၊ အစ္စလာမ်သာသနာသက်ဝင်ယုံကြည်ကာ ၎င်းကိုယ်၎င်း မုစ်လင်မ်တစ်ဦးဖြစ်သည်ဟု ကြေညာခြင်းပြုလျှင် ၎င်းကို မုစ်လင်မ်တစ်ဦးအား ဆက်ဆံသကဲ့သို့ ဆက်ဆံရမည်။ ၎င်းသူသည် အစ္စလာမ်ဘာသာသက်ဝင်ယုံကြည်ခဲ့သည်မှာ နှလုံးသားမှ နှစ်နှစ်ကာကာ ယုံကြည်သလော (သို့) အခြေအနေအရ ယုံကြည်ခြင်းလောဟူသည်ကို စောင့်ဆိုင်း၍ ပူပန်သောကရောက်မနေသင့်ချေ။

ထို့ထက်ဤအခြေအနေတွင် ၎င်း၏လုပ်ရပ်များသည်မှတ်ကျောက်လည်းမဖြစ်ပေ။ ဆိုကြပါစို့ တစ်စုံတစ်ဦးသည် ဆွလာသ်ဝတ်ပြုမှုလည်းမရှိ၊ ဥပုသ်သီလလည်းမထား၊ ပြစ်မှုဂုနာဟ်အားလုံးကျူးလွန်သည့်တိုင် ၎င်းသည် အစ္စလာမ့်သာသနာ့ဘောင်အပြင်ရောက်သွားသည်ဟုလည်းကောင်း၊ ၎င်းအား မယုံကြည်သွေဖည်ငြင်းပယ်သူများအား ဆက်ဆံသကဲ့သို့ ဆက်ဆံခြင်းမျိုးကိုလည်းကောင်း မည်သူမျှပြုလုပ်ပိုင်ခွင့်မရှိ။ ထို့ကြောင့် အိမာမ်ကြီး အဗူဟနီဖာဟ်က မိန့်ကြားသည်မှာ- **لانكفر اهل القبلة بذنب** "အချို့သော ပြစ်မှုဂုနာဟ်များတို့ကြောင့် ကိဗလဟ်ဘက်သို့ မျက်နှာမူသောသူများကို ကျွန်ုပ်တို့က ကာဖိရ်ဟုမခေါ်ရပါ။" အလားတူ အဆိုအမိန့်များ ဟဒီးဆ်ဆင့်ပြန်ချက်များတွင်ပါရှိသည်။ ပမာအားဖြင့် "ဂိုနာဟ်အကုသိုလ်နှင့် မကောင်းသောလုပ်ရပ်အဘယ်မျှ လုပ်လုပ် ၎င်းတို့သည် ကိဗလဟ်ဘက်သို့မျက်နှာမူလျှင် ကာဖိရ်ဟုမဆိုလေနှင့်"။ လူတိုင်း ဤနေရာတွင် သီးသန့်အနေဖြင့် ရှင်းလင်းစွာနားလည်သဘောပေါက်သင့်သော အချက်တစ်ချက်ရှိသည်။ ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ် နှင့် စွန္နသ်တော်တို့၏ အမိန့်အာဏာနှင့် ဆက်စပ်ပါသည်။ မိမိကိုယ်မိမိ မုစ်လင်မ်ပါဟု ပြောကြားသူတစ်ဦးအားကာဖိရ်ဟုပြောကြားခြင်း မှတ်ယူခြင်းတို့ကို ခွင့်မပြုကြောင်း ကုရ်အာန်နှင့် ဟဒီးဆ်တော်များက သက်သေပြပြီး ဖြစ်လေသည်။ ဤသည်က ရှင်းလင်းစွာဆိုလိုသည်မှာ သူ၏ပြောကြားချက်များ သူ၏လုပ်ဆောင်မှုများတို့မှ "ကုဖ်ရ်" မယုံကြည်သွေဖည်ခြင်း၏ ထင်ရှားခိုင်လုံသော သက်သေခံချက်များမရရှိသ၍ သူ၏အစ္စလာမ်ကို ယုံကြည်မှုသည် ခိုင်မာသည်ဟု သတ်မှတ်ခြင်းခံရပါလိမ့်မည်။ ၎င်းနောက် သူ့ကိုလည်း မုစ်လင်မ်တစ်ဦးဟု ဆက်လက်မှတ်ယူထားကာ ကိစ္စရပ်တိုင်း၌ အခြားသောမုစ်လင်မ်များကို ဆက်ဆံသကဲ့သို့ သူ့ကိုလည်းဆက်ဆံရမည်။ သူ၏နှလုံးသားတွင်ရှိသည့် အကြောင်းအရာများအကြောင်းကိုလည်းကောင်း၊

အဘယ်မျှဖြူစင်ရိုးသားမှုရှိခြင်းကို လည်းကောင်း၊ သူမည်ကဲ့သို့ အရေခြုံဖြစ်သည်၊ မဖြစ်သည်ကိုလည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ အခြေ အတင်ပြောဆိုခွင့်မရှိပါ။

သို့ရာတွင် လူတစ်ဦးသည် အစ္စလာမ်ဘာသာကိုသက်ဝင်ယုံကြည်ပြီး သူ၏အီမာန်ယုံကြည်ချက် အတွက် ခိုင်လုံသောအထောက်အထားများပေးသော်လည်း မိမိကိုယ်မိမိ ဂုဏ်အသရေပျက်စေသော မယုံကြည်သွေဖည်မှု၏ စကားလုံးများပြောဆိုခြင်း၊ ရုပ်ထုအားဦးချခြင်း၊ ထင်ရှားပြီးအကြွင်းမဲ့ဖြစ်သော အစ္စလာမ်ဘာသာ၏ အမိန့်ပညတ်ချက်တစ်ခုကို ငြင်းဆိုခြင်း၊ မယုံကြည်သွေဖည်မှု၏အထိန်းအမှတ်ကိုလည်းကောင်း မယုံကြည်သွေဖည်မှုဖြစ်စေသော ဘာသာတရား၏ လမ်းစဉ်ကို လည်းကောင်းလုပ်ဆောင်ပါလျှင် သူ့အားဓကေန်မုချ ကာဖိရ်တစ်ဦးဟု ကြေညာရပါမည်။ အဘယ့်ကြောင့်ဆိုသော် သူ၏လုပ်ရပ်များတို့သည် ကာဖိရ် (မယုံကြည်သွေဖည်သူ) ဖြစ်ကြောင်း သက်သေပြပါသည်။ လက်ရှိအာယသ်တော်ပါ ٥^n<y#–Ɔ–T– (အသင်တို့သည် စိစစ်ရှာဖွေးစမ်းကြလေကုန်)ဟူသော စကားလုံးက ဤသည်နှင့် ပတ်သက်သောအညွှန်းတစ်ခုပေးထားပါသည်။ သို့မဟုတ်ပါက ဂျူးများနှင့် ခရစ်ယာန်များတို့သည် သူတို့ကိုယ်သူတို့ ယုံကြည်သူများဟု အခိုင်အမာပြောဆိုကြလိမ့်မည်။ "မုစိုင်လမဟ်" ဆိုသော လူလိမ်တစ်ယောက်ရှိပါသည်။ သူ့အား ဆွဟာဗဟ်အများသဘောတူညီချက်အရ ကာဖိရ်အဖြစ် သတ်မှတ်ပြီး သတ်ဖြတ်ခဲ့ပါသည်။ ထိုသူအနေနှင့် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ယုံမှုမက ဆွလာသ်နှင့် အာဇာန်ကို ဖြစ်မြောက်စေဆောက်စာည်ခဲ့လို့ရသည်၊ သူ၏အာဇာန်ထဲတွင်သူဟာ်ဆိုသည်မှာ- <ÕA&#–A_[–L'A_`&—^A–d<e–W^A– အလွှာဟ်အနှင့် မြတ်မှတ်ဖွယ်ရာခေတ်ကိုကွယ်ခြင်းဆိုတာ်သူမရှိရဟ်ဟူ၍ဆိုသည်နှင့်အနက်ဆက်သက်၍ Õ"<o^S<R–d–#–h–M–#–A–d<e–W^A– မုဟမ္မဒ်သခင် သင်အလွှာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း သက်သေခံပါ၏ဟုလည်း ရွတ်ဆိုလေသည်။ ထိုသည်များကို သူလုပ်ဆောင်ငြားသော်လည်း သူသည်(သူ့ကိုယ်သူ)ဝဟီရသည့် နဗီတမန်တော်ဟု အခိုင်အမာပြောဆိုပါသည်။ ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့ဖြင့် အမြဲလိုက်နာရမည့် အမိန့်ပညတ်ချက်ကို ထင်ရှားစွာငြင်းဆိုချက်ပင်ဖြစ်သည်။ ဤသည်ကိုအခြေခံ၍ ဆွဟာဗဟ်များ၏ အများ သဘောတူညီချက်အရ သူသည်ဘာသာမဲ့တစ်ဦးဟုကြေညာခြင်းခံရပြီး ဂျိဟားဒ်စစ်တပ်တစ်တပ်စေလွှတ်ကာ ဖမ်းဆီးခြင်းခံခဲ့ရပါသည်။

အတိုချုပ်အားဖြင့် ဤကဲ့သို့သော ပြဿနာများဖြင့်ရင်ဆိုင်သောအခါတွင် မှန်ကန်သော လုပ်ဆောင်နည်းမှာ ကလိမဟ်ကိုရွတ်ဆိုပြီး အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ခါ ကိဗ်လဟ်ဘက်သို့ မျက်နှာမူသောသူတိုင်းကို မုစ်လင်မ်ဟု မှတ်ယူပါ။ သူ၏နှလုံးသားကို မှန်မမှန်စစ်ဆေးရန်မှာ ကျွန်ုပ်တို့၏ အလုပ်မဟုတ်ပါ။ အလ္လာဟ်အရှင်သည်သာ အဆုံးအဖြတ်ပေးပါစေ။ သို့ရာတွင် တစ်စုံတစ်ဦးသည် အီမာန် ယုံကြည်ထားသော်လည်း ရှရီအသ်နှင့် ဆန့်ကျင်စွာ လုပ်ဆောင်သည်ကို အသင်တွေ့ရလျှင် ဘာသာတရားမဲ့ သွားသူဟု ထင်မှတ်ယူနိုင်သည်။ ယင်းကဲ့သို့မှတ်ယူရာတွင် သူ၏လုပ်ရပ်များတို့သည် အီမာန်ယုံကြည်ချက်၏ လိုအပ်ချက်များနှင့် ဆန့်ကျင်နေသည်ဆိုသည်မှာ မုချဓကေန်နှင့် အကြွင်းမဲ့ဖြစ်ရပါမည်။ ၎င်းပြင်သူ၏ လုပ်ရပ်များသည် အခြားဖြစ်နိုင်ချေလည်းမရှိရပါ။ အဓိပ္ပာယ်ဖွင့်ဆိုမှုလည်းမရှိရပါ။

အဆုံးတွင် ကျွန်ုပ်တို့တွေ့ရသည်မှာ ကဟိမဟ်ရွတ်ဆိုသောသူ (သို့မဟုတ်) အဟ်လာလ်ကိဗ်လဟ် (ကိဗ်လဟ်ဘက်သို့မျက်နှာမူသောသူများဆိုသည်မှာ မုစ်လင်မ်များ ဆွလာသ်ဝတ်ပြုရာတွင် ကအ်ဗဟ်ကျောင်းတော်

ဘက်သို့ မျက်နှာမူသောသူများ)ဆိုသည့်အသုံးအနှုန်းများသည် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ပြီးသည့် နောက် ဘာသာမဲ့ဖြစ်စေမည့်ပြောဆိုခြင်း၊ ပြုမူခြင်းများကို မလုပ်ဆောင်သူတစ်ဦးအတွက် သတ်သတ်ပြုလုပ်ထားသော အသုံးအနှုန်းများဖြစ်သည်။

## ဂျိဟားဒ်နှင့်ပတ်သက်သောပညတ်ချက်အချို့

ဒုတိယအာယသ် (၉၅)သည် ဂျိဟားဒ်နှင့်ပတ်သက်သော ပညတ်ချက်အချို့ကို ဖော်ပြထားခဲ့သည်။ မိမိပိုင်သမျှ ဥစ္စာပစ္စည်းအားလုံးနှင့် မိမိတို့၏အသက်များကိုပင် စွန့်လွှတ်ကာ အလ္လာဟ်အရှင်မြတ် လမ်းတော်တွင် ပါဝင်တိုက်ခိုက်ခဲ့သောသူများတို့သည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ဂျိဟားဒ်စစ်ပွဲတွင် မပါဝင်သော သူများနှင့်မတူညီကြောင်း မိန့်ကြားထားပါသည်။ အမှန်မှာမူ အလ္လာဟ်အရှင်မြတ်သည် အလ္လာဟ်လမ်း၌ ပါဝင်တိုက်ခိုက်သော သူတို့၏အဆင့်များကို ပါဝင်ဆင်နွှဲခြင်းမရှိသော သူတို့ထက် အဆင့်အတန်းမြှင့်ထားပါသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် မုဂျာဟိဒင်တို့၏သာလွန်မှုအကြောင်း ကြေညာချက်နှင့်အတူ အုပ်စုနှစ်ခုစလုံးအား ကောင်းသောအစားပေးသနားတော်မူမည်ဖြစ်ကြောင်း ဂတိပြုထားပါသည်။ နှစ်အုပ်စုစလုံးသည် အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်ခြင်းနှင့် ဂျန္နသ်ဟူသော ကောင်းချီးများရရှိပါလိမ့်မည်။ နှစ်အုပ်စု၏တစ်ခုတည်း သောခြားနားချက်မှာ အဆင့်အတန်းပင်ဖြစ်ပါသည်။

ရှေ့ဆောင်ဋီကာရှင်များအဆိုအရ သာမာန်အခြေအနေများတွင် ဂျိဟားဒ်တာဝန်သည် [ylf| rF ဖရသ်ကိဖာယဟ် ဖြစ်သည်ဟု အာယသ်တော်ကမိန့်ကြားထားသည်။ (ဖရသ်အေလာလ်အိုင်) လူတိုင်းလူတိုင်း အတွက်မပြုမနေရတာဝန်နှင့် ဆန့်ကျင်စွာဖြင့် ဖရသ်ကိဖာယဟ်သည် လူတစ်ချို့က ထိုတာဝန်ကို ဖြည့်ဆည်းလိုက်ပါက ကျန်လူများအတွင် တာဝန်ကျေသွားပါသည်။ သို့လုပ်ရာတွင် ဂျိဟားဒ်တာဝန်ထမ်းဆောင်သောသူများသည် ထိုစစ်ပွဲအတွက် လုံလောက်သောအရေအတွက်ဖြစ်စေရပါမည်။ အကယ်၍ ထိုအရေအတွက်သည် စစ်ပွဲအတွက်မလုံလောက်ပါက ဂျိဟားဒ်စစ်ပွဲသည် ဖရသ်အိုင်ဖြစ်သွားကာ အနီးအနားတစ်ဝိုက်တွင် နေထိုင်သော မုစ်လင်မ်များ အားလုံးတို့သည် မုဂျာဟိဒင်များကို ကူညီရန်အတွက် ရှေ့တန်းသို့ထွက်ရပါမည်။

## ဖရသ်ကိဖာယဟ်ကိုရှင်းလင်းဖော်ပြခြင်း

ရှရီအသ်၏အသုံးအနှုန်းအရ "ဖရသ်အလာလ်အလ်ကိဖာယဟ်"သည် မုစ်လင်မ်တိုင်းအပေါ်၌ မလုပ်မနေရမဟုတ်သော တာဝန်ဝတ္တရားကို ဖြည့်ဆည်းခြင်းဟုဖော်ညွှန်းပါသည်။ အကယ်၍သာ အချို့သောသူများက ထိုတာဝန်ဝတ္တရား များကိုဖြည့်ဆည်းဆောင်ရွက်လိုပါက ကျန်လူများအတွက်ပါ တာဝန်ကျပြီး ကောင်းမွန်ပါသည်။ များသော အားဖြင့် စုပေါင်းလုပ်ဆောင်ရသောလုပ်ဆောင်မှုများသည် ဤအမျိုးအစားအောက်တွင် အကျုံးဝင်ပါသည်။ ဘာသာရေး ဆိုင်ရာပညာရပ်များကို သင်ကြားပို့ချခြင်းနှင့် ယင်းပညာရပ်များ ကျယ်ပြန့်စွာ ပြန့်ပွားရေးဟူသော တာဝန် သည် ဤကဲ့သို့သဘောသဘာဝရှိပါသည်။ အကယ်၍သာ အချို့သောသူများတို့သည် ဤတာဝန်ကိုဖြည့်ဆည်းရန် တစိုက်မတ်မတ်လုပ်ဆောင်ခြင်းနှင့် လုပ်ဆောင်သောသူတို့၏ အရည်အတွက်

သည်လည်း လုံလောက်မှုရှိပါက အခြားသောမုစ်လင်မ်များသည် ဤတာဝန်ကိုထမ်းဆောင်ရခြင်းမှ ကင်းလွတ်သွားပါသည်။ သို့သော်လည်း ဤတာဝန်ဝတ္တရားကိုထမ်းဆောင်ရန်လိုအပ်သော မည်သည့်နေရာ၌ပင်မဆို မည်သူတစ်ဦးတစ်ယောက်မျှ မထမ်းဆောင်ခဲ့ပါလျှင် လူတိုင်းလူတိုင်းသည် ဂုနာဟ်အပြစ် ကျူးလွန်သူများဖြစ်သွားကြပါသည်။

သေဆုံးသူတစ်ဦးတစ်ယောက်အတွက် ဆွလာသ်ဝတ်ပြုခြင်း (ဂျနာဇာဆွလာသ်)၊ရေချိုးပေးခြင်း၊ ကဖန်ထုတ်ခြင်းသည်လည်း စုပေါင်းလုပ်ဆောင်ရမည့် တာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်ညီနောင်တစ်ဦး၏ ရပိုင်ခွင့်များကို မုစ်လင်မ်ညီနောင်တစ်ဦးက ဖြည့်ဆည်းပေးခြင်းဖြစ်ကာ ဤသည်မှာ အစွလာမ်တရားတော်၏ လိုအပ်ချက်ပင်ဖြစ်ပါသည်။ "မတ်စ်ဂျစ်နှင့်မဒ်ဒရ်ဆာ" (ဗလီဝတ်ကျောင်းတော်နှင့် ဘာသာရေးကျောင်းများ) တည်ဆောက်ခြင်းနှင့် အများအကျိုးအတွက် စီမံဆောင်ရွက်လုပ်ဆောင်ခြင်းသည် ဤအမိန့်ပညတ်ချက်အောက်တွင် အကျုံးဝင်ပါသည်။ ဆိုလိုသည်မှာ အကယ်၍အချို့သော မုစ်လင်မ်များက ထိုတာဝန်ဝတ္တရားကို ဖြည့်ဆည်းပါက ကျန်ရှိသူများအားလုံး ထိုတာဝန်ဝတ္တရားမှ ကင်းလွတ်သွားပါသည်။

ယေဘုယျအနေဖြင့် စုပေါင်းလုပ်ဆောင်ရန်လိုအပ်ခြင်းနှင့် ပတ်သက်သောအမိန့်ပညတ်ချက်များ ရှိပါသည်။ ယင်းတို့ကို အစွလာမ့်ရှရီအသ်က "ဖရသ်ကိဖာယဟ်"ဟု သတ်မှတ်ထားသောကြောင့် လုပ်ဆောင်ရန် တာဝန်ဝတ္တရားများတို့သည် ခွဲဝေလုပ်ဆောင်ခြင်းမူအရ လုပ်ဆောင်နိုင်ပါသည်။ ထို့ကြောင့် အချို့သောသူတို့သည် ဂျိဟားဒ်စစ်ပွဲတွင် ဆင်နွှဲနေပါလိမ့်မည်။ အချို့သောသူတို့သည် ပညာရေးနှင့် "ဒအ်ဝသ်" လုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ဆောင်နေပြီး အချို့သောသူများသည် အစွလာမ်ဘာသာရေးတွင်လည်းကောင်း၊ လူမှုရေးတွင်လည်းကောင်း ပါဝင်လုပ်ဆောင်နေကြပါလိမ့်မည်။

ú'ѕ^h<L^AÒAd-I-O#-*#=|<O-"အမှန်စစ်စစ်အလွှာဟ်အရှာ်မြတ်သည်(ထိုထို၍နေသူများနှင့်စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သူများ) အားလုံးတို့ကို ကောင်းကျိုးပေးသနားတော်မူမည်ဟု ပဋိညာဉ်ထားရှိတော်မူပြီး ဖြစ်၏" ဟူသောအဆိုအမိန့်က ဂျိဟားဒ်စစ်ပွဲမှအပ ဘာသာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ထမ်းဆောင်နေသောသူတို့၏ စိတ်နှလုံးကို ငြိမ်းချမ်းမှုပေးပါသည်။ သို့ရာတွင် ဤအမိန့်ပညတ်ချက်သည် သာမန်အခြေအနေမျိုးများတွင် ရန်သူတို့၏ တိုက်ခိုက် မှုကိုရင်ဆိုင်ရန် လုံလောက်သောအချို့သူများ ဂျိဟားဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းမျိုးတွင်သာ ဖရသ်ကိဖာယဟ် အကျိုးသက်ရောက်ပါသည်။ ၎င်းတို့ဆင်နွှဲ နေသော ဂျိဟားဒ်စစ်ပွဲတွင် လူအင်အားထပ်ဆောင်းပံ့ပိုးမှုလို အပ်လာပါက၊ ထိုဂျိဟားဒ်စစ်ပွဲဆင်နွှဲနေသည့်ဒေသပတ်ဝန်းကျင်ရှိ မုစ်လင်မ်များအတွက် ယင်းတာဝန်ဝတ္တရားသည် အကြွင်းမဲ့ (ဖရသ်ွ)မပြုမနေရတာဝန်တစ်ရပ်ဖြစ်သွားပါသည်။ အကယ်၍ ဤပံ့ပိုးကူညီမှုသည်လည်း လျော့နည်းနေပါက ပထမကူညီသူတို့နှင့် နီးကပ်သောဒေသရှိ မုစ်လင်မ်များအတွက် အကြွင်းမဲ့မပြုမနေရ (ဖရသ်ွအိုင်) ဖြစ်သွားပါသည်။ အဆုံးတွင် အကယ်၍များထိုသူများတို့၏ ပံ့ပိုးမှုသည်လည်း ရန်သူကိုမရင်ဆိုင်နိုင်ပါက ဂျိဟားဒ် စစ်ပွဲဆင်နွှဲခြင်းသည် ကမ္ဘာတစ်ဝန်းလုံးနှင့် သက်ဆိုင်သွားကာ အရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိ မုစ်လင်မ်တိုင်း တို့အပေါ်တွင် ဂျိဟားဒ်စစ်ပွဲဆင်နွှဲရန်ဆိုသည်မှာ လေးနက်သော ဘာသာရေးဆိုင်ရာ တာဝန်ဝတ္တရားတစ်ရပ် ဖြစ်သွားပါသည်။

တတိယအာယသ် (၉၆)က မုဂ္ဂဟိဒင်များတို့သည် အခြားသူများထက် အဆင့်သာလွန်ကြောင်းကို ပြန်လည်ဖော်ပြပါသည်။

**ဥပဒေ**

ဂျိဟာဒ်စစ်ပွဲသည် ကျိုးသူ၊ မသန်မစွမ်းသူနှင့် မျက်စိမမြင်သူ၊ နာမကျန်းဖြစ်သူနှင့် အစွမ်းလာမ့်ဥပဒေက ခွင့်လွှတ်ထားသောသူတို့အပေါ်၌ တာဝန်မရှိပေ။

v v v v v v v

အာယသ် (၉၇-၁၀၀)

إِنَّ الَّذِينَ تَوَفَّاهُمُ الْمَلَائِكَةُ ظَالِمِي
أَنفُسِهِمْ قَالُوا فِيمَ كُنتُمْ ۖ قَالُوا كُنَّا مُسْتَضْعَفِينَ
فِي الْأَرْضِ ۚ قَالُوا أَلَمْ تَكُنْ أَرْضُ اللَّهِ وَاسِعَةً فَتُهَاجِرُوا
فِيهَا ۚ فَأُولَٰئِكَ مَأْوَاهُمْ جَهَنَّمُ ۖ وَسَاءَتْ مَصِيرًا ﴿٩٧﴾
إِلَّا الْمُسْتَضْعَفِينَ مِنَ الرِّجَالِ وَالنِّسَاءِ وَالْوِلْدَانِ
لَا يَسْتَطِيعُونَ حِيلَةً وَلَا يَهْتَدُونَ سَبِيلًا ﴿٩٨﴾
فَأُولَٰئِكَ عَسَى اللَّهُ أَن يَعْفُوَ عَنْهُمْ ۚ وَكَانَ اللَّهُ
عَفُوًّا غَفُورًا ﴿٩٩﴾ وَمَن يُهَاجِرْ فِي سَبِيلِ اللَّهِ يَجِدْ
فِي الْأَرْضِ مُرَاغَمًا كَثِيرًا وَسَعَةً ۚ وَمَن يَخْرُجْ
مِن بَيْتِهِ مُهَاجِرًا إِلَى اللَّهِ وَرَسُولِهِ ثُمَّ يُدْرِكْهُ
الْمَوْتُ فَقَدْ وَقَعَ أَجْرُهُ عَلَى اللَّهِ ۗ وَكَانَ اللَّهُ غَفُورًا
رَّحِيمًا ﴿١٠٠﴾

ကောန်စင်စစ် အကြင်သူတို့သည် မိမိတို့ကိုယ်ကို နှိပ်စက်နေကြစဉ် "မလာအိကဟ်" ကောင်းကင်တမန်တို့သည် ထိုသူတို့၏ အသက်ဇီဝိန်ကို နူတ်ခဲ့ကြကုန်အံ့။ (ထိုကဲ့သို့သော သူတို့အား) ယင်း "မလာအိကဟ်" ကောင်းကင်တမန်တော်တို့က (ဤသို့) စစ်ဆေးမေးမြန်းကြကုန်အံ့။ "အသင် တို့သည် မည်သည့်ကိစ္စမျိုးဌ် ပါဝင်ဆောင်ရွက်ခဲ့ကြသနည်း။" မည်သည့်အဖြစ်မျိုးဌ် ရှိခဲ့ကြသနည်း။ (ထိုအခါ) ၎င်းတို့က (ဤသို့) ဖြေကြားလတ္တံ့။ "ကျွန်တော်များသည် (ထို)တိုင်းပြည်ဒေသဌ် ဖိနှိပ်ချုပ်ချယ်မှုခံနေရသူများဖြစ်ခဲ့ကြပါ၏။" တစ်ဖန် ထို "မလာအိကဟ်" ကောင်းတင်တမန်တို့က (ဤသို့) ပြန်ပြောကြကုန်အံ့။ (အသင်တို့ရွှေ့ပြောင်းနေထိုင်ကြရန် အလို့ငှာ) အလ္လာဟ်အရှင်မြတ်၏ ပထဝီမြေပြင်သည် ကျယ်ဝန်းစွာ ရှိသည်မဟုတ်လော။ သို့ဖြစ်ရာ အသင်တို့သည် ထိုပထဝီမြေပြင်ဝယ် ရွှေ့ပြောင်း(နေထိုင်)နိုင်ကြ၏။ သို့(ရွှေ့ပြောင်း

နေထိုင်ကြပါလျက် ရွှေ့ပြောင်းနေထိုင်ခြင်း မပြုကြသည့်) အတွက်ကြောင့် ထိုကဲ့သို့သော သူတို့၏ဌာနသည် "ဂျဟန္နမ်"ငရဲဘုံပင်ဖြစ်၏။ အမှန်သော်ကား ထို"ဂျဟန္နမ်"ငရဲဘုံသည် အလွန်ဆိုးဝါးလှသော နေရာထိုင်ခင်းပင် ဖြစ်ချေသတည်း။ (၄း၉၇)

သို့ရာတွင် အင်အားချည့်နဲ့ မစွမ်းမသန်သော အကြင်ယောကျ်ား၊ မိန်မ၊ ကလေးသူငယ်တို့သည် (ဟိဂျ်ရသ်ပြုလုပ်ရန်အတွက်) မည်သည့်အကြံအစည်ကိုမျှ မတတ်စွမ်းနိုင်ကြအံ့။ ၎င်းပြင် မည်သည့်လမ်းကိုမျှလည်း မတွေ့ရှိကြအံ့။ (၄း၉၈)

ယင်းသို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့သောသူတို့အား မကြာမြင့်မီ ခွင့်လွှတ်တော်မူပေမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာမျှ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာမျှလွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄း၉၉)

၎င်းပြင် အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ "ဟိဂျ်ရသ်" တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းခြင်းကို ပြုအံ့။ ထိုသူသည် ကမ္ဘာမြေဝယ် (ခိုလှုံရာ)နေရာများစွာကိုလည်းကောင်း၊ (ဘာသာသာသနာရေးအတွက်) ကျယ်ဝန်း (လွတ်လပ်) မှုကိုလည်းကောင်းတွေ့ရှိပေအံ့။ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ် (နှစ်သက်တော်မူသောနေရာ)ကိုရည်စူး၍လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ် (အားကူညီခြင်း)ကိုရည်စူး၍၎င်း မိမိအိမ်မှ "မုဟာဂျိရ်" တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသူအဖြစ်ထွက်ခဲ့ပြီးနောက် (လမ်းခရီး၌ပင်) ထိုသူ၌ "မရဏ" သေခြင်းတရားဆိုက်ရောက်လာ (သဖြင့် သေဆုံး)ခဲ့မူ၊ မူချဇကန်ထိုသူ၏ အကျိုးသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ အတည်ဖြစ်ချေပြီ။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသော အရှင်၊ အလွန်တရာသနားကြင်နာညှာတာတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။ (၄း၁၀၀)

## အကျယ်ဖွင့်ဆိုခြင်း
## "ဟိဂျ်ရသ်" အကြောင်းရှင်းလင်းဖော်ပြချက်

အထက်ဖော်ပြပါ အာယသ်တော်လေးခုထဲတွင် "ဟိဂျ်ရသ်"နှင့်ပတ်သက်သော ဂုဏ်ကျေးဇူးများ၊ ကောင်းချီးများနှင့် အမိန့်ပညတ်ချက်များကိုဖော်ပြထားသည်။ လုံးချင်းကောက်အဓိပ္ပာယ်အရ "ဟိဂျ်ရသ်"၊

“ဟိဂျ်ဂျရန်”နှင့် “ဟာဂျ်ဂျာ”ဆိုသည်တို့မှာတစ်စုံတစ်ခုကို မနှစ်သက်သောကြောင့် ယင်းကို စွန့်ခွာခြင်း”ဟု ဆိုလိုပါသည်။ ယေဘုယျ အများသုံးအနေဖြင့် တစ်စုံတစ်ဦးသည် မိမိ၏နေရင်းတိုင်းပြည်ကို စွန့်ခွာသွားခြင်းအား “ဟိဂျ်ရသ်”ဟုခေါ်ပါသည်။ ရှရီအသ်၏အသုံးအနှုန်းအရ “ဒါရုလ်ကုဖ်” (မယုံကြည်သွေဖည်သူများ နေထိုင်ရာ ဒေသ)ကိုစွန့်ခွာ၍“ဒါရုလ်အစ္စလာမ်”အစ္စလာမ်ဘာသာဝင်တို့နေထိုင်ရာဒေသသို့ သွားရောက်ခြင်းကို “ဟိဂျ်ရသ်” ဟုခေါ်ပါသည်။ **(ရုဟုလ်မအာနီ)**

“ရှားဟ်အလ်မိရ်ကားသ်ကျမ်းထဲတွင် မုလ္လာအလီကာရီက “နေရင်းတိုင်းပြည်ကိုဘာသာရေးဆိုင်ရာ အကြောင်းများကြောင့်စွန့်ခြင်း” ကိုလည်း “ဟိဂျ်ရသ်”တွင် အကျုံးဝင်သည်ဟု မိန့်ကြားခဲ့ပါသည်။**(မိရ်ကားသ်၊ စာ-၃၉၊ အတွဲ-၁)**

ဤအာယသ်တော်-**اَلَّذِيْنَ اُخْرِجُوْا مِنْ دِيَا رِهِمْ وَاَمْوَالِهِمْ** (“ထိုသူတို့သည် မိမိတို့၏နေအိမ်များကို လည်းကောင်း၊ မိမိတို့၏ ပစ္စည်းဥစ္စာများကိုလည်းကောင်း စွန့်ခွာ၍ထွက်ခဲ့ကြကုန်၏။”)(၅၉း၈)က ဆွဟာဗဟ်ကြီး များပြောင်းရွှေ့စွန့်ခွာခြင်းကို ဖော်ပြထားသည်။ ယင်းမှ ကျွန်ုပ်တို့သိရသည်မှာ အကယ်၍ နိုင်ငံတစ်ခုတွင်းရှိ မယုံကြည်သွေဖည်သူများက မုစ်လင်မ်များကို မုစ်လင်မ်ဖြစ်ခြင်းကြောင့် အတင်းအဓမ္မနှင်ထုတ်ပါက ယင်းကြောင့် ပြောင်းရွှေ့ခြင်းသည်လည်း “ဟိဂျ်ရသ်”တွင် အကျုံးဝင်သွားပါသည်။

ဤ ရှင်းလင်းချက်အရ မိမိတို့ဆန္ဒအတိုင်း “ဒါရုလ်ကုဖ်ရ်”ကို မုန်းတီးရွံရှာကာ အိန္ဒိယနိုင်ငံမှ ပါကစ္စတန်သို့ ပြောင်းရွှေ့လာသောမုစ်လင်မ်များကိုဖြစ်စေ၊ မုစ်လင်မ်ဖြစ်ခြင်းကြောင့် မုစ်လင်မ်မဟုတ်သူများက မောင်းထုတ်ခြင်းခံကြရသော မုစ်လင်မ်များအားလုံးကိုဖြစ်စေ၊ အစ္စလာမ့်တရားဝင်သဘောတရားအရ ထိုသူများ အားလုံးတို့သည်“မုဟာဂိရ်”များဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိရပါသည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်းဆောင်တာ များမှ အကျိုးအမြတ်ရရှိရန်အတွက် ပြောင်းရွှေ့သူများကိုလည်းကောင်း အလုပ်လုပ်ကိုင်ခွင့် အခွင့်အလမ်းများ တို့ကြောင့် ပြောင်းရွှေ့သူများတို့ကိုလည်းကောင်း အစ္စလာမ့်တရားဝင်သဘောအရ “မုဟာဂိရ်”ဟုမခေါ်ဆိုထိုက်ပါ။

မုစ်လင်မ်ကျမ်းနှင့် ဗုခါရီကျမ်းတွင် ဟဒီးဆ်တစ်ပုဒ်ပါရှိသည်။ ယင်းဟဒီးဆ်တော်တွင် တမန်တော်မြတ် ﷺ သခင်ကမိန့်ကြားထားသည်မှာ-**اَلْمُهَاجِرُ مَنْ هَجَرَ مَانَهَى اللّٰهَ عَنْهُ وَرَسُوْلُهٗ** “မုဟာဂိရ်”သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်၏တမန်တော်ကတားမြစ်ထားသော အလုံးစုံသောအရာများကို စွန့်ခွာသောသူဖြစ်သည်။

ဤမိန့်ကြားချက်၏အပြည့်အစုံဆိုလိုရင်းကို အောက်ဖော်ပြပါ ဟဒီးဆ်တော်က ရှင်းလင်းစေပါသည်။ **اَلْمُسْلِمُ مَنْ سَلِمَ الْمُسْلِمُوْنَ مِنْ لِّسَانِهٖ وَيَدِهٖ** မုစ်လင်မ်တစ်ဦးဆိုသည်မှာ သူ၏ပြောဆိုမှုကြောင့်လည်းကောင်း၊ သူ၏လုပ်ဆောင်မှုများကြောင့်လည်းကောင်း အားလုံးသောမုစ်လင်မ်များကို ဒုက္ခမဖြစ်စေသောသူကိုခေါ်ဆိုသည်။ **(သိရ်မိဇီ၊ ကိသာဗ်အလ်အိမာမ်)**

အထက်ပါဟဒီးဆ်တော်က စစ်မှန်ပြီး အမာခံမုစ်လင်မ်တစ်ဦးသည် မည်သူ့ကိုမျှ ထိခိုက်နာကျင်စေရန် မပြုလုပ်ဟု အဓိပ္ပာယ်သက်ရောက်စေသည်မှာ ထင်ရှားပါသည်။ အလားတူပင် စစ်မှန်ပြီးအောင်မြင်သော “မုဟာဂိရ်”တစ်ဦးဆိုသည်မှာ မိမိနေရင်းတိုင်းပြည်မှ ပြောင်းရွှေ့ထွက်ခွာခြင်းကို အဆုံးစွန်သော တာဝန်ဟု မမှတ်ယူသောသူဖြစ်သည်။ ရှရီအသ်တရားတော်က တရားမဝင်ခွင့်မပြုသူဟု ကြေညာထားသည့်အရာအတိုင်း

ကိုလည်း သူသည်စွန့်လွှတ်သင့်သည်။ ကဗျာဆန်ဆန်ပြောရလျှင် - اپنے دل کو بھی بدل جامہ احرام کے ساتھ (အသင်သည် ရိုးရိုးဝတ်စုံမှ အိဟ်ရာမ်ဝတ်စုံကို ပြောင်းလဲဝတ်ဆင်သောအခါတွင် အသင်၏နှလုံးသားကို ပြောင်းလဲသင့်သည်") ဟူ၍ ဖြစ်သည်။

## "ဟိဂျ်ရသ်"၏ကောင်းချီးမင်္ဂလာများ

"ဂျိဟားဒ်"နှင့်ပတ်သက်သည့်အကြောင်းအရာများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာမြောက်များစွာတွင်ပါဝင်သကဲ့သို့ "ဟိဂျ်ရသ်"နှင့် ပတ်သက်သည်များကိုလည်း "စူရဟ်"များစွာတွင် အကြိမ်များစွာဖော်ပြထားသည်။ တစ်ပေါင်းတစ်စည်းတည်း ရှုမြင်ချက်အရဆိုလျှင်ဤအာယသ်တော်များတွင် "ဟိဂျ်ရသ်"နှင့် ပတ်သက်သော အကြောင်းအရာသုံးမျိုးပါဝင်သည်။ ပထမအနေဖြင့် "ဟိဂျ်ရသ်" ဂုဏ်ကျေးဇူးများ ဒုတိယအနေဖြင့် လောကီဆိုင်ရာနှင့် တမလွန်ဆိုင်ရာကောင်းချီးများ၊ တတိယအနေဖြင့် လုပ်ဆောင်နိုင်စွမ်းရှိပါလျက်နှင့် "ဒါရုလ်ကုဖ်ရ်"မှ မပြောင်းရွှေ့ခြင်းအတွက် သတိပေးချက်များတို့ဖြစ်ကြပါသည်။ "ဟိဂျ်ရသ်"၏ ဂုဏ်ကျေးဇူးများနှင့် ပတ်သက်၍ စူရဟ်ဘကရဟ်တွင် အာယသ်တစ်ခုပါရှိပါသည်။ ယင်းမှာ-

اِنَّ الَّذِيْنَ اٰمَنُوْا وَالَّذِيْنَ هَاجَرُوْا وَجَاهَدُوْا فِيْ سَبِيْلِ اللّٰهِ اُو لٰٓئِكَ يَرْجُوْنَ رَحْمَةَ اللّٰهِ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ.

**ဧကန်မုချ အကြင်သူတို့သည် "အီမာန်"ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြ၏။ ထို့ပြင် အကြင်သူတို့သည် (မိမိတို့၏နေရင်းဌာနများကိုပင်)စွန့်၍ ထွက်ခွာသွားကြကုန်၏။ ထို့ပြင် ယင်းသူတို့သည်"ဂျိဟားဒ်"အလ္လာဟ်အရှင်မြတ်၏လမ်း၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြကုန်၏။ ဤသူများသည်ပင် အလ္လာဟ်အရှင်မြတ်ကရုဏာတော်ကို မျှော်လင့်တောင့်တကြကုန်သည်။ ဧကန်စင်စစ်အလ္လာဟ်အရှင်မြတ်သည် အကြိမ်ကြိမ်အဖန်ဖန်ချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အစဉ်မပြတ် သနားကြင်နာတော်မူသောအရှင်မြတ် ဖြစ်တော်မူပေသတည်း။** (၂း၂၁၈) ဂုဏ်ကျေးဇူးနှင့် ပတ်သက်သော ဒုတိယအာယသ်သည် စူရဟ်အလ်သောင်ဗဟ်တွင်ပါရှိသည်။

اَلَّذِيْنَ اٰمَنُوْا وَهَا جَرُوْا وَجَاهَدُوْا فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ اَعْظَمُ دَرَجَةً عِنْدَ اللّٰهِ وَاُو لٰٓئِكَ هُمُ الْفَآئِزُوْنَ

**"အကြင်သူတို့သည် "အီမာန်"သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် (မိမိတို့၏ဥစ္စာပစ္စည်း အိုးအိမ်စည်းစိမ်တို့ကိုစွန့်လွှတ်ကာ တစ်ရပ်တစ်ကျေးသို့) ရွှေ့ပြောင်းသွားရောက်နေထိုင်ခဲ့ကြကုန်၏။ ထိုမှတစ်ပါး ယင်းတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ စစ်မက်ဖြိုင်ဆိုင်**

**တိုက်ခိုက်ခဲ့ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အဆင့်အတန်းအားဖြင့် အလွန်မြင့်မြတ်လှသည့်ပြင် ထိုသူတို့သည်သာလျှင် "အောင်မြင်မှု" ကိုရရှိသူများဖြစ်ကြကုန်သတည်း။" (၉း၂၀)**

တတိယအာယသ်မှာမူ ကျွန်ုပ်တို့ယခုလေ့လာနေသော စူရဟ်အလ်နိစာအ်၏ အာယသ်တော်များထဲတွင် ပါဝင်ပါသည်။

وَمَنْ يَّخْرُجْ مِنْۢ بَيْتِهٖ مُهَاجِرًا اِلَى اللّٰهِ وَرَسُوْلِهٖ ثُمَّ يُدْرِكْهُ الْمَوْتُ فَقَدْ وَقَعَ اَجْرُهٗ عَلَى اللّٰهِ

**"ငင်းပြင် အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ "ဟိဂျ်ရသ်"တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်းကိုပြုအံ့။ ထိုသူသည် ကမ္ဘာမြေပြင်ဝယ် (ခိုလုံရာ)နေရာများစွာကို လည်းကောင်း (ဘာသာသာသနာရေးအတွက်)ကျယ်ဝန်း (လွတ်လပ်)မှုကိုလည်းကောင်းတွေ့ရှိပေအံ့။ စင်စစ်သော်ကားမည်သူမဆို အလ္လာဟ်အရှင်မြတ် (နှစ်သက်တော်မူသောနေရာ) ကိုရည်စူး၍လည်းကောင်း ထိုအရှင်မြတ်၏ရစူလ်တမန်တော်မြတ်(အားကူညီခြင်း)ကိုရည်စူး၍ဂင်း၊ မိမိအိမ်မှ "မုဟာဂျိရ်" (တစ်နေရာမှ တစ်နေရာသို့ရွှေ့ပြောင်းသူ)အဖြစ်ထွက်ခဲ့ပြီးနောက်(လမ်းခရီး၌ပင်)ထိုသူ၌ 'မရဏ'သေခြင်းတရားဆိုက်ရောက်(လာသဖြင့်) သေဆုံးခဲ့မူ၊ မုချဧကန်ထိုသူ၏ အကျိုးသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ အတည်ဖြစ်ချေပြီ။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာ တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၄း၁၀၀)**

အချို့သော ဆင့်ပြန်ချက်များအရ နောက်ဆုံးအာယသ်တော်သည် စိုက်ယိဒနာခါလစ်ဒ်အိဗ်နိဟိဇမ်နှင့် ပတ်သက်၍ကျရောက်ခဲ့ပါသည်။ အချိန်ကာလမှာ အီသီယိုးပီးယားနိုင်ငံသို့ ရွှေ့ပြောင်းစဉ်ကျရောက်ခဲ့သည်။ ခါလစ်ဒ်အိဗ်နိဟိဇမ်သည် ဟိဂျ်ရသ်ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် မက္ကဟ်မြို့မှ အီသီယိုးပီးယားနိုင်ငံသို့ ထွက်ခွာခဲ့သည်။ လမ်းခရီးတွင် ၎င်းမွေ့ကိုက်ခံရ၍ ကွယ်လွန်သေဆုံးခဲ့သည်။ အတိုချုပ်မှာ ဒါရုလ်ကုဖ်ရ် (မယုံကြည်သူများနေထိုင်ရာဒေသမှ စွန့်ခွာပြောင်းခြင်း)နှင့် ထိုသို့ပြုလုပ်ခြင်းကြောင့် ရရှိမည့်မြောက်မြားစွာသော ထူးမြတ်ခြင်းများအကြောင်းကို အထက်ဖော်ပြပါအာယသ်တော် (၃)ခုတွင် ရှင်းလင်းစွာအလေးအနက် ဖော်ပြခဲ့သည်။

ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်ﷺသခင်မိန့်ကြားသည်မှာ-**اَلْهِجْرَةُ تَهْدِمُ مَا كَانَ قَبْلَهَا** ဟဂျ်ရသ်မလုပ်မီအချိန်က ကျူးလွန်မိခဲ့နိုင်သည့်မြောက်မြားစွာသော အပြစ်ဂုနာဟ်များသည် ဟိဂျ်ရသ်ပြုလုပ်ခြင်းဖြင့် ပျက်ပြယ်စေပါသည်။

## ဟိဂျ်ရသ်လုပ်ခြင်း၏ကောင်းချီးမင်္ဂလာများ

ကောင်းချီးမင်္ဂလာများနှင့်ပတ်သက်၍ စူရဟ်အလ်နဟ်လ်တွင်မိန့်ကြားထားသည်မှာ-

وَالَّذِيْنَ هَاجَرُوْا فِي اللّٰهِ مِنْۢ بَعْدِ مَاظُلِمُوْا لَنُبَوِّئَنَّهُمْ فِى الدُّنْيَا حَسَنَةً وَّلَاَجْرُ الْاٰخِرَةِ اَكْبَرُ لَوْ كَانُوْا يَعْلَمُوْنَ.

**"စင်စစ်သော်ကား နှိပ်စက်ညှင်းပန်းမှုကိုခံကြရပြီးနောက် အလ္လာဟ်အရှင်မြတ်၏ သာသနာတော်ထွန်းကားမှုကိုရည်စူး၍ ရွှေ့ပြောင်းနေထိုင်သူတို့အား အမှန်ပင်ငါအရှင်မြတ်သည် ကောင်းမွန်သောနေရာတွင် နေရာချပေးတော်မူမည်ဖြစ်၏။ ထိုမှတစ်ပါး တမလွန်ဘဝ၏အကျိုးဆုလာဘ်ကြီးသည် အကြီးဆုံးပင်ဖြစ်ပေသတည်း။ အကယ်၍ ၎င်းတို့သိကြပါလျှင်ကောင်းစွ။" (၁၆:၄၁)**

ယခုအကျယ်ဖွင့်ဆိုခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အာယသ် (၉၇)မှ (၁၀၀)ထိ အာယသ် (၄)ခုတွဲတွင် စတုတ္ထအာယသ်တော်သည် ဤအကြောင်းကိုပင် အနီးစပ်ဆုံးဖော်ပြထားသည်။ ထိုအထဲတွင် မိန့်ကြားထားသည်မှာ-

وَمَنْ يُّهَا جِرْفِىْ سَبِيْلِ اللّٰهِ يَجِدْ فِى الْاَرْضِ مُرٰغَمًا كَثِيْرًا وَّسَعَةً

**"၎င်းပြင် အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဟိဂျ်ရသ်တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်းကိုပြုအံ့။ ထိုသူသည် ကမ္ဘာမြေပြင်ဝယ် (ခိုလုံရာ)နေရာများစွာကိုလည်းကောင်း (ဘာသာသာသနာရေးအတွက်)ကျယ်ဝန်း(လွတ်လပ်)မှုကိုလည်းကောင်း တွေ့ရှိပေအံ့"။**

အာယသ်တော်ပါ "မုရာဂ် 'Ar'M< သည် ကြိယာနာမ်ဖြစ်သည်။ တစ်နယ်မှ တစ်နယ်သို့ပြောင်းရွှေ့ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ထို့ပြင် တစ်စုံတစ်ဦး အခြေချနေထိုင်ရန်အတွက် ပြောင်းရွှေ့သွားသော နေရာကိုလည်း "မုရာဂ်ဟမ်" ae=G-ArM< ဟုခေါ်ဆိုသည်။

အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်အတွက် ဟိဂျ်ရသ်ပြုလုပ်သူတိုင်းကို ဤကမ္ဘာမြေပြင်ပေါ်ဝယ် အခွင့်အလမ်းအသစ်များဖွင့်ပေးမည်ဆိုကြောင်း ၎င်းတို့အခြေချနေထိုင်ရန်အတွက် ကောင်းမွန်သော အိမ်ရာပေးသနားတော်မူမည်ဟူသည့် ကတိတော်နှင့်ဟိဂျ်ရသ်ပြုလုပ်ခြင်း၏ မြင်နိုင်သောကောင်းချီးမင်္ဂလာနှင့် မမြင်နိုင်သော ကောင်းချီးမင်္ဂလာများအကြောင်းကို အထက်ဖော်ပြခဲ့သော အာယသ်တော်နှစ်ရပ်စလုံးတွင် ကျွန်ုပ်တို့အားမိန့်ကြားထားသည်။ နောင်တမလွန်ဘဝတွင် ရမည့်ဆုလာဘ်နှင့် အဆင့်အတန်းများအတွက်မှာကား မည်သူတစ်ဦးတစ်ယောက်မျှမျော်မှန်း တွေးတောမရနိုင်ပါ။

**لَنُبَوِّئَنَّهُمْ فِى الدُّنْيَا حَسَنَةً** စကားလုံးများတွင် ဤကမ္ဘာလောက၌ "ကောင်းမွန်သောနေရာတစ်ခု"ဟု ကတိပြုထားခြင်းကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုထားကြသည်။ မုဂျာဟစ်ဒ်သခင်က "တရားဝင်ရိက္ခာ" "ဟလာလ်ရိဇ်"အဖြစ်ဖွင့်ဆိုသည်။ ဟစန်အလ်ဗစ္ဓရီက "ကောင်းမွန်သောအိမ်ရာ"ဟု အဓိပ္ပာယ်ဖွင့်ဆိုသကဲ့သို့ အခြားဋီကာရှင်များက သာလွန်ကောင်းမွန်မှု ဂုဏ်သိက္ခာရှိမှုနှင့် တန်ခိုးအာဏာတို့တွင် ရန်သူများထက် သာလွန်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကိစ္စရပ်၏ အမှန်တရားကား အာယသ်တော်၏ အနှစ်သာရ ဆိုလိုရင်းတွင် ယင်းအချက်အားလုံးပေါင်းစုံပါဝင်ကြသည်။ အလ္လာဟ်အရှင်မြတ်အတွက် မိမိဇာတိမြေကို စွန့်ခွာသောသူအားလုံးကို ၎င်းတို့ ချန်ရစ်ခဲ့သောအိမ်ရာထက် သာလွန်ကောင်းမွန်သောအိမ်ရာနှင့် နဂိုထက်ပို၍ ဂုဏ်တက်လာကာ ပိုမိုသော

စည်းစိမ်ချမ်းသာများ အလ္လာဟ်အရှင်မြတ်က ပေးသနားတော်မူခဲ့ကြောင်း ကမ္ဘာ့သမိုင်းက သက်သေခံလျက်ရှိပေသည်။ စိုက်ယိဒနာအိဗ်ရာဟီမ် ﴿عليه السلام﴾သခင်သည် ဇာတိမြေအီရတ်မှ ဆီးရီးယား နိုင်ငံသို့ ပြောင်းရွှေ့ခဲ့၍ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အိဗ်ရာဟီမ်﴿عليه السلام﴾အား ဤအရာ အားလုံးပေးသနားတော်မူခဲ့သည်။ စိုက်ယိဒနာမူစာ ﴿عليه السلام﴾နှင့် ဗနီအစ္စရာအီလ်တို့သည် ၎င်းတို့နေရပ် အီဂျစ်မှ အလ္လာဟ်အရှင်မြတ်အတွက် ပြောင်းရွှေ့သွားခဲ့သောကြောင့် အရှင်မြတ်သည် ၎င်းတို့အား ပိုမိုကောင်းမွန်သော နေရပ်ဖြစ်သည့် ဆီးရီးယား နိုင်ငံကိုပေးအပ်ခဲ့သည်။ ထို့နောက် အီဂျစ်ကိုပင်ရရှိခဲ့ပါသည်။ နဗီတမန်တော်တို့တွင် နောက်ဆုံးနဗီတမန်တော် ဖြစ်သည့် ကျွန်ုပ်တို့တမန်တော်မြတ်﴿ﷺ﴾သခင်နှင့် ကိုယ်တော်မြတ်၏ ဆွေဟာဗဟ်သာဝကြီးများတို့သည် အလ္လာဟ် အရှင်မြတ်နှင့် အရှင့်တမန်တော်အတွက် မက္ကာဟ်မြို့မှရွှေ့ပြောင်းထွက်ခွာခဲ့သောကြောင့် ဤကောင်းချီး ပေးခံရသောပြောင်းရွှေ့သူများသည် မက္ကာဟ်မြို့တော်ရှိ ၎င်းတို့ချန်ရစ်ခဲ့သည်ထက် သာလွန်ကောင်းမွန်သော မဒီနာဟ်၏ နေရာထိုင်ခင်းရရှိခဲ့ပါသည်။ ထိုနေရာ၌၎င်းတို့သည် ဂုဏ်သိက္ခာကိုလည်းကောင်း၊ ဩဇာအာဏာကိုလည်းကောင်း၊ ငြိမ်းချမ်းမှုကိုလည်းကောင်း၊ ကြီးပွားတိုးတက်ခြင်းကိုလည်းကောင်း၊ ရရှိခဲ့ကြပါသည်။ ဤသည်တွင် ဟိဂျ်ရသ်ခေတ်ဦးပိုင်းကာလအတွင်း ကြုံတွေ့ခဲ့ရသည့် အရွှေ့အပြောင်း ခက်ခဲပင်ပန်းမှုများမပါဝင်ပါ။ သို့သော်လည်း ခက်ခဲပင်ပန်းမှုခံစားရပြီးနောက် ဤသူများအပေါ်ကျရောက်ခဲ့သော ကောင်းချီးမင်္ဂလာများသည် နောက်ဆက်လက်ပေါက်ဖွားလာသည့် မျိုးဆက်သစ်များတိုင်ကျရောက်ခဲ့ခြင်းသည် ဤကိစ္စ၏သင့်လျော်သော နှိုင်းယှဉ်ချိန်ထိုးရန် စံပင်ဖြစ်သွားပေသည်။

ဆွေဟာဗဟ်သာဝကကြီးများ၏ ဆင်းရဲမှု၊ ငတ်မွတ်ခေါင်းပါးမှုများနှင့် ပတ်သက်သည်တို့မှာ ဟိဂျ်ရသ်၏ အစောပိုင်းကာလတွင်သာ ယေဘုယျဖြစ်ခဲ့သည်။ သို့မဟုတ် ချို့ငဲ့ခြင်းကို ဆွေဟာဗဟ်များ လိုလိုလားလား လက်ခံခြင်းဟု လည်းပြောနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဆွေဟာဗဟ်သာဝကြီးများသည် သောက (ဖကာရ်)နည်းစွာနှင့် နေထိုင်ရန်အဆင်သင့်ဖြစ်မှုအား ဂုဏ်သိက္ခာရှိစွာပြသခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် ၎င်းတို့သည် လောကီစည်းစိမ်ဥစ္စာမနှစ်မြို့ခဲ့၍ ရသမျှကို အလ္လာဟ်အရှင့်လမ်းတော်တွင် အချိန်မဖြုန်းဘဲ သုံးစွဲပစ်ခဲ့ကြသည်။ ဤသည်မှာ တမန်တော်မြတ် ﴿ﷺ﴾သခင်နေထိုင်ခဲ့မှု အခြေအနေနှင့် အလွန်တူပေသည်။ ကိုယ်တော်မြတ် ﴿ﷺ﴾၏ စည်းစိမ်ဥစ္စာချို့ငဲ့မှုနှင့် ဆာလောင်မွတ်သိပ်မှုတွင် သည်းခံခြင်းမှာ ကိုယ့်သဘောဆန္ဒအရသာဖြစ်ပေသည်။ ကိုယ်တော်မြတ်သည် ချမ်းသာရန်မရွေးချယ်ခဲ့ပါ။ မည်သို့ပင်ဖြစ်စေ ဟိဂျ်ရသ်၏ ဆဋ္ဌမမြောက်နှစ်တွင်း ခိုင်ဗရ်အောင်နိုင်ပြီးနောက် အခြေအနေပြောင်းလဲခဲ့သည်။ ကိုယ်တော်မြတ် ﴿ﷺ﴾သခင်နှင့် ကိုယ်တော့်မိသားစုအတွက် စားနပ်ရိက္ခာများ လုံလောက်စွာရရှိခဲ့ပါသည်။ ဖြောင့်မတ်မှန်ကန်သော ခလိဖတ်အားလုံးသည်လည်း ဤနည်းနှင့်နှင်ဖြစ်ခဲ့သည်။ ၎င်းတို့မဒီနာဟ်မြို့သို့ ရောက်ခဲ့သောအခါတွင် လိုအပ်သမျှအရာရာတိုင်း အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူခဲ့သည်။ သို့သော်လည်း အစ္စလာမ်သာသနာသည် ၎င်းတို့၏ ထောက်ပံ့မှုလိုအပ်သောအခါ စိုက်ယိဒနာအပူဗကရ်﴿رضي الله عنه﴾သခင်သည်ရှေ့ထွက်လာခဲ့၍ သူ့အိမ်တွင်ရှိသမျှ အရာလုံးလျှဒါန်းခဲ့သည်။ အီမာန် ရှင်များ၏ မိခင်မွန်စိုက်ယိဒါဇိုင်နဗ် ﴿رضي الله عنها﴾သခင်မသည် သူမ၏ထောက်ပံ့ကြေးငွေအားလုံးကို ဆင်းရဲ၍ ချို့တဲ့သူများအတွက် ပေးအပ်လျှဒါန်းပစ်ကာ ကိုယ်တိုင်မှာဆင်းရဲချို့တဲ့စွာနှင့် ကျေကျေနပ်နပ်နှစ်သိမ့်စွာ နေထိုင်ခဲ့သည်။ ဤသည်အတွက်သူမအား "ဆင်းရဲသားများ၏မိခင်မွန်"ဟုခေါ်ခံခဲ့ရသည်။ အခြားတစ်ဖက်တွင်မူ ဆွေဟာဗဟ်သာဝကကြီးများထဲမှ ချမ်းသာကြွယ်ဝ၍ ၎င်းတို့ ကွယ်လွန်သေဆုံးသွားခဲ့သောအခါ ဥစ္စာပစ္စည်းများချန်ရစ်ခဲ့သော

ဆွဟာဗဟ်များလည်း မနည်းလှချေ။ ဆွဟာဗသ်သာဝကြီးများထဲမှ နေရပ်ဌာနီမက္ကဟ်မြို့တွင် ဆင်းရဲသော ဆွဟာဗဟ်မြောက်များစွာလည်းရှိကြသည်။ သို့သော်လည်း ဟိဂျ်ရသ်လုပ်ပြီးသောအခါတွင် အလ္လာဟ်အရှင်မြတ်က ၎င်းတို့အားချမ်းသာ၍ ပျော်ရွှင်စေခဲ့ပါသည်။ စိုက်ယိဒါအဗူဟုရိုင်ရဟ်ကို အလွန်ကောင်းသောစံနမူနာတစ်ရပ် အဖြစ်ပြသနိုင်ပါသည်။ ၎င်းအား နယ်တစ်နယ်၏အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ပြီးသောအခါ ၎င်းသည် အတိတ်က ၎င်း၏အကြောင်းကို မြိန်ရေယှက်ရေပြောပြခြင်းအား ကျေနပ်နှစ်သက်ခဲ့ပါသည်။ သူကသူ့ကိုယ်သူ ဦးတည်ပြောကြားလေ့ရှိခဲ့သည်မှာ "အိုအဗူဟုရိုင်ရဟ်သင်သည် လူမျိုးစုတစ်စု၏ ကျေးကျွန်တစ်ဦးပါဘဲ။ မင်းလစာဆိုတာ မင်းဝမ်းဝနိုင်ရုံမျှဖြစ်တယ်။ သင့်တာဝန်က အစီးအနင်းနှင့်သွားသူများတွင် သင်ကလမ်းလျှောက်သွားရသူဖြစ်သည်။ ထို့ပြင် သူတို့ခရီးတစ်ထောက်နားစဉ် သင့်တာဝန်မှာ သူတို့ အတွက် ထင်းများစုဆောင်းပေးရန်ဖြစ်တယ်။ ကနေ့ မင်းအစွလာမ့်သာသနာကြောင့် အလွန်နိမ့်သောနေရာမှ အလွန်မြင့်မားသောနေရာသို့ ရောက်ရှိလာချေပြီ။ ထို့နောက် သူတို့က အီမာန်ရှင်များ၏ ဗိုလ်ချုပ်ဟု သင့်ကိုခေါ်ကြပါသည်"။

အချုပ်ဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ အလ္လာဟ်အရှင်မြတ်ပေးထားသော ကတိတော် ကို ဖြည့်ဆည်းကြောင်းကမ္ဘာက မျက်မြင်ကိုယ်တွေ့တွေ့ရှိရသည်ဆိုသည်ကိုတော့ ပြောနိုင်ပါသည်။ "ဟဂျ်ဂျာရွလ် ဖိလ်လာဟ်" .AýF_AO^r<J-aE- ၏ ခိုင်လုံသော အထောက်အထားတစ်ခုဖြစ်သည့်အလ္လာဟ်အရှင်မြတ်အတွက် သက်သက် စစ်မှန်သော ပြောင်းလွှဲသူဖြစ်ရမည် ဆိုခြင်းကား အာယသ်တော်က စည်းကမ်းချက်တစ်ရပ်အဖြစ် မိန့်ထားသည်။ ဤပြောင်းလွှဲသူမျိုးသည် လောကီအကျိုးစီးပွား ရာထူးရာခံ၊ အာဏာ၊ အသိအမှတ်ပြုခံရခြင်း၊ ဂုဏ်သိက္ခာနှင့် သြဇာကျိတ္ထမတို့အတွက် ပြောင်းလွှဲခြင်းမဖြစ်သင့်ချေ။ တစ်နည်းဆိုရသော် ဗုခါရီကျမ်းပါ ဟဒီးဆ်တော်တစ်ရပ် တွင် တမန်တော်မြတ်﴿ﷺ﴾သခင်၏ မိန့်ဆိုချက်ကို တင်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင် တမန်တော်အတွက် ပြောင်းလွှဲသောသူများသည် ၎င်းတို့ပြောင်းလွှဲမှုမှာ အလ္လာဟ်နှင့် အလ္လာဟ့် တမန်တော် အတွက်သာဖြစ်သည်။ ဆိုလိုသည်မှာ ဤသည်သာလျှင် စစ်မှန်သော ဟိဂျ်ရသ် လုပ်ဆောင်မှုဖြစ်၍ ယင်းသို့ ပြုလုပ်ခြင်း၏ မြင့်မြတ်မှုနှင့် ကောင်းချီးမင်္ဂလာကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသည်။ ငွေကြေးရှာဖွေရန်(သို့)အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ရန်ဟူ၍ ပြောင်းလွှဲသွားသူများသည် ၎င်းတို့ ဟိဂျ်ရသ် အကျိုးကျေးဇူးကို ရည်ရွယ်သည့်အတိုင်း အစားရရှိမည်ဖြစ်သည်။

ကျွန်ုပ်တို့ ခေတ်ကာလ၌ အချို့မုဟာဂျိရိန်များသည် စိတ်ဒုက္ခနှင့်နေထိုင်ရခြင်းမှာ ဟိဂျ်ရသ်ပထမပိုင်း အပြောင်းအရွှေ့အခြေအနေ၌ ကြုံတွေ့နေကြဖြစ်သော အခက်အခဲမျိုးဖြစ်သည်။ သို့တည်းမဟုတ် ယင်းတို့သည် အစစ်မှန်အားဖြင့် မုဟာဂျိရိန်များ မဟုတ်သောကြောင့်လည်း ဖြစ်ပေမည်။ ၎င်းတို့သည် ၎င်းတို့၏ ရည်ရွယ်ချက်များကို ပြင်ဆင်သင့်ပေသည်။ ထို့ပြင် ၎င်းတို့နေထိုင်သည့် အခြေအနေများအတွက် တာဝန်ယူရပေမည်။ သူတို့၏ ရည်ရွယ်ချက် များနှင့် တစ်ဆက်တည်း ၎င်းတို့လုပ်ရပ်များပြင်ဆင်ပြီးလျှင်ကား အလ္လာဟ်အရှင်မြတ်၏ ကတိတော် မှန်ကန်ကြောင်း ၎င်းတို့ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ တွေ့မြင်ရလိမ့်မည်ဖြစ်သည်။

v v v v v v v

အာယသ် (၁၀၁-၁၀၄)

وَإِذَا ضَرَبْتُمْ فِي الْأَرْضِ فَلَيْسَ عَلَيْكُمْ
جُنَاحٌ أَنْ تَقْصُرُوا مِنَ الصَّلَوٰةِ إِنْ خِفْتُمْ أَنْ يَفْتِنَكُمُ
الَّذِينَ كَفَرُوا ۚ إِنَّ الْكَافِرِينَ كَانُوا لَكُمْ عَدُوًّا مُبِينًا ﴿١٠١﴾
وَإِذَا كُنْتَ فِيهِمْ فَأَقَمْتَ لَهُمُ الصَّلَوٰةَ فَلْتَقُمْ طَائِفَةٌ
مِنْهُمْ مَعَكَ وَلْيَأْخُذُوا أَسْلِحَتَهُمْ فَإِذَا سَجَدُوا فَلْيَكُونُوا
مِنْ وَرَائِكُمْ وَلْتَأْتِ طَائِفَةٌ أُخْرَىٰ لَمْ يُصَلُّوا فَلْيُصَلُّوا
مَعَكَ وَلْيَأْخُذُوا حِذْرَهُمْ وَأَسْلِحَتَهُمْ ۗ وَدَّ الَّذِينَ
كَفَرُوا لَوْ تَغْفُلُونَ عَنْ أَسْلِحَتِكُمْ وَأَمْتِعَتِكُمْ فَيَمِيلُونَ
عَلَيْكُمْ مَيْلَةً وَاحِدَةً ۚ وَلَا جُنَاحَ عَلَيْكُمْ إِنْ كَانَ بِكُمْ
أَذًى مِنْ مَطَرٍ أَوْ كُنْتُمْ مَرْضَىٰ أَنْ تَضَعُوا أَسْلِحَتَكُمْ ۖ وَ
خُذُوا حِذْرَكُمْ ۚ إِنَّ اللَّهَ أَعَدَّ لِلْكَافِرِينَ عَذَابًا مُهِينًا ﴿١٠٢﴾
فَإِذَا قَضَيْتُمُ الصَّلَوٰةَ فَاذْكُرُوا اللَّهَ قِيَامًا وَقُعُودًا
وَعَلَىٰ جُنُوبِكُمْ ۖ فَإِذَا اطْمَأْنَنْتُمْ فَأَقِيمُوا الصَّلَوٰةَ ۖ إِنَّ
الصَّلَوٰةَ كَانَتْ عَلَى الْمُؤْمِنِينَ كِتَابًا مَوْقُوتًا ﴿١٠٣﴾ وَلَا
تَهِنُوا فِي ابْتِغَاءِ الْقَوْمِ ۚ إِنْ تَكُونُوا تَأْلَمُونَ فَإِنَّهُمْ
يَأْلَمُونَ كَمَا تَأْلَمُونَ ۖ وَتَرْجُونَ مِنَ اللَّهِ مَا لَا يَرْجُونَ ۗ وَ
كَانَ اللَّهُ عَلِيمًا حَكِيمًا ﴿١٠٤﴾

၎င်းပြင်အကြောင်အခါဝယ် အသင်တို့သည် ကမ္ဘာမြေပြင်ဝယ် ခရီးထွက်ခဲ့ကြ
ကုန်၏။ ထိုအခါဝယ် အသင်တို့သည် အကယ်၍ မိမိတို့အား ကာဖိရ်
မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့ကဒုက္ခပေးကြမည်ကို စိုးရိမ်ကြသည်၌

သော် အသင်တို့၌ "ဆွလာသ်" ဝတ်ပြုမှုကိုလျော့၍ ပြုခြင်းအားဖြင့်အပြစ်တစ်စုံတစ်ရာမျှမရှိချေ။ ဧကန်စင်စစ်ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့ကား အသင်တို့၏ထင်ရှားစွာသော ရန်သူများပင်ဖြစ်ကြကုန်သတည်း။ (၄း၁၀၁)

၎င်းပြင် (အိုနဗီတမန်တော်)အကြင်အခါဝယ် အသင်သည် ထိုသူတို့အထဲတွင်ရှိနေ၍ ထိုသူတို့အဖို့ "ဆွလာသ်" ဝတ်ပြုမှုကို စီစဉ်ခဲ့ပါလျှင် ထိုအခါ၎င်းတို့အနက်မှ လူတစ်စုသည် (အသင်၏နောက်မှ "ဆွလာသ်"ဝတ်ပြုကြရန်) အသင်နှင့်အတူ ရပ်ကြရပေမည်။ ၎င်းပြင် ထိုသူတို့သည် မိမိတို့လက်နက်များကိုလည်း ယူဆောင်ထားကြရပေမည်။ တစ်ဖန်ယင်းသူတို့သည်(အသင်နှင့်အတူ) "စဂျ်ဒဟ်" ပျပ်ဝပ်ဦးချပြီးကြသောအခါ အသင်တို့၏နောက်သို့ ဆုတ်သွားကြရပေမည်။ ထို့နောက် "ဆွလာသ်"ဝတ်မပြုကြရသော အခြားလူ တစ်စုသည် လာပြီးလျှင် အသင်နှင့်အတူ "ဆွလာသ်"ဝတ်ပြုကြရပေမည်။ ထို့ပြင်၎င်းတို့သည်လည်း မိမိတို့၏ ဘေးရန်ကိုကာကွယ်မည့်ပစ္စည်းများနှင့်လက်နက်များကို ယူဆောင်ထားကြရပေမည်။ (အကြောင်းသော်ကား)"ကာဖိရ်" မယုံကြည်သွေဖည်ပြင်းပယ်သောသူတို့က အကယ်၍သာ အသင်တို့သည် မိမိတို့၏ လက်နက်များနှင့် အသုံးအဆောင်ပစ္စည်းများကို မေ့လျော့သွားကြသော် ၎င်းတို့သည် အသင်တို့အား တဟုန်တည်းဝင်ရောက်တိုက်ခိုက်ရန် နှစ်သက်လိုလားကြ (သောကြောင့်ဖြစ်)ပေသည်။ သို့တစေလည်း အကယ်၍သာ အသင်တို့၌ မိုးရွာသွန်းသောကြောင့် (လက်နက်များယူဆောင်ကာ "ဆွလာသ်" ဝတ်ပြုကြရန်) ခဲယဉ်းမှုရှိခဲ့မူ၊ သို့တည်းမဟုတ်အသင်တို့သည် ဝေဒနာရှင်များ ဖြစ်ခဲ့ကြပါမူ မိမိတို့၏ လက်နက်များကိုချထားခြင်းကြောင့် အသင်တို့၌ အပြစ်မရှိ ပြီ။ သို့သော်လည်း အသင်တို့သည် မိမိတို့အဖို့ ကာကွယ်မှုပြုလုပ်၍ ထားရှိ ကြလေကုန်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်မယုံကြည်သွေဖည် ငြင်းပယ်သောသူတို့အဖို့ အကျိုးယုတ်အရှက်ရစေမည့် ပြစ်ဒဏ်ကို အရံသင့် ပြုထားတော်မူလေသတည်း။ (၄း၁၀၂)

တစ်ဖန် အသင်တို့သည်"ဆွလာသ်"ဝတ်ပြုပြီးကြသောအခါ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို မတ်တပ်ရပ်လျက်လည်းကောင်း၊ ထိုင်လျက်လည်းကောင်း၊ လဲလျောင်းလျက်၎င်း၊ အောက်မေ့တသ သတိရရှိကြ လေကုန်။ တစ်ဖန်အသင် တို့သည် ဘေးရန်ကင်းငြိမ်း၍ စိတ်ချရသောအခါ (နဂို မူလအတိုင်း စည်းကမ်းကျနစွာဖြင့်) "ဆွလာသ်"ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ဧကန်မလွဲ "ဆွလာသ်"ဝတ်ပြုမှုသည် "မုအ်မင်န်"တို့အပေါ်၌ အချိန်ကာလအပိုင်းအခြား၍ အတည်သတ်မှတ်ပြဋ္ဌာန်းထားသော ဖရသ်ွ

တာဝန်တစ်ရပ်ပင် ဖြစ်ချေသတည်း။ (၄း၁၀၃)

ဂင်းပြင်အသင်တို့သည်ရန်သူတို့အားလိုက်လံ (တိုက်ခိုက်)ရာ၌ စိတ်အား မလျော့ကြကုန်လင့်။ အကယ်၍ အသင်တို့ဒုက္ခခံစားကြရပါလျှင် ထိုသူတို့သည် လည်းအသင်တို့ကဲ့သို့ပင် ဒုက္ခခံစားကြရကုန်၏။ ဂင်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ် အထံတော်မှ ထိုသူတို့ မမျှော်လင့်သောအရာများကို မျှော်လင့်ကြကုန်၏။ ဂင်းအပြင်အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကိုအကြွင်းမဲ့သိတော်မူသောအရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။ (၄း၁၀၄)

## အကျယ်ဖွင့်ဆိုခြင်း

ဂျိဟားဒ်စစ်ပွဲအကြောင်းနှင့် ဟိဂျ်ရသ်ပြောင်းရွှေ့ခြင်းအကြောင်းပြီးခဲ့သော အာယသ်တော်များ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ဂျိဟားဒ်နှင့် ဟိဂျ်ရသ်လုပ်ဆောင်ရာတွင် ခရီးသွားလာခြင်းသည် ပါဝင်ပတ်သက်သော အခြေအနေဖြစ်ကာ ထိုသို့ ခရီးသွားလာရာတွင် ရန်သူများနှင့် ကြိမ်ဖန်များစွာတွေ့ဆုံရမည်မှာ မလွဲပေ။ ထို့ကြောင့် အထက်ဖော်ပြပါအာယသ်တော်များထဲ၌ ခရီးသွားလာရာတွင် တွေ့ကြုံရမည့်အန္တရာယ်များအတွက် တွေးတောကာ ဆွေးနွေးတိုင်ပင်ရာတွင် အချို့သောသီးခြား ခွင့်လွှတ်ချက်များနှင့် လျော့ပေါ့ပေးမှုများကို ဖော်ပြထားသည်။

## ခရီးစဉ်တွင်ပေးထားသောလျော့ပေါ့ပေးမှုများ

အစွမ်းတရားဝင်အသုံးအနှုန်းအရ ဆဖရ်ဆိုသည်မှာ ခရီးသွားခြင်းဖြစ်သည်။ "ကဆ်ဝ်ရ်"ဟူသည့် စကားလုံးက ထိုသို့ခရီးသွားနေချိန်တွင် တစ်စုံတစ်ဦး၏ ဆွေးနွေးတိုင်ပင်မှုအား လျော့ပေါ့ပေးခြင်းကို ရည်ညွှန်းသည်။ ထို့ကြောင့် ဇဟိုရ်၊ အစွာရ်နှင့် အီရှာ ဆွေးနွေးသတို့၏ မပြုမနေရ ဖရသွဲ့ လေးရကအသ်ကို နှစ်ရကအသ်သာတည်ဆောက်ရန် သတ်မှတ်အတည်ပြုထားသည်။

## ဥပဒေသ

၁။ ၄၈ မိုင်ထက်လျော့နည်းသောခရီးစဉ်ဖြစ်ပါက ဆွေးနွေးတိုင်ပင်မှုကို အပြည့်အဝပြုလုပ်ရမည်။

၂။ ၁၅ ရက်ထက် နည်း၍နေမည်ဆိုပါက ထိုနေရာတွင် ဂင်း၏ ဆွေးနွေးတိုင်ပင်မှုမှာ ခရီးစဉ်တွင်ရှိနေသည့်

အတိုင်း ဖြစ်သည်။ ဆိုလိုသည်မှာ မပြုမနေရ ဖရဿ်သွ်လေးရကအသ်ဆွလာသ်ကို တစ်ဝက်သာလျှင် ဝတ်ပြု ဆောက်တည်ရမည်။ ဤသည် ကဆ်ဒ်ရ်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် တစ်နေရာတွင် ၁၅ရက် (သို့) ၁၅ရက်ထက် ပိုနေမည်ဟု ရည်စူးခဲ့လျှင် ၎င်းနေရာသည် ၎င်း၏အိမ်ရာ (သို့) ၎င်း၏နိုင်ငံကဲ့သို့ ဖြစ်သွားလိမ့်မည်။ ဤတွင်လည်း ကဆ်ဒ်ရ်အဖြစ် မသတ်မှတ်ရတော့ဘဲ သူ့အိမ်ရာသူနိုင်ငံတွင်နေထိုင်သကဲ့သို့ မှတ်ယူ၍ ဆွလာသ် ဝတ်ပြုမှုကို အပြည့်အဝ ဆောက်တည်ရမည်။

၃။ ကဆ်ဒ်ရ်သည် ဇဟိုရ်၊ အစွာရ်နှင့် အီရှာ ဖရဿ်ဆွလာသ်ဝတ်ပြုဆောက်တည်မှုတွင်သာ ကျင့်သုံးသည်။ မဂ်ရစ်ဗ်နှင့် ဖဂျ်ရ်တွင်လည်းကောင်း၊ စွန္နသ်နှင့် ဝိသိရ်တွင်လည်းကောင်း ကဆ်ဒ်ရ်မရှိချေ။

၄။ အကယ်၍ ခရီးစဉ်တွင် ဖြစ်နိုင်ဖွယ်ဘေးအန္တရာယ်များမရှိခဲ့လျှင်လည်း ဆွလာသ်ဝတ်ပြုရာတွင် ကဆ်ဒ်ရ် ကိုဆက်လက်ကျင့်သုံးသည်။

၅။ အချို့သူများသည် ပုံမှန်ဝတ်ပြုဆောက်တည်နေရသော ဆွလာသ်အပြည့်အဝကို ကဆ်ဒ်ရ်ဆွလာသ်အဖြစ် လျှော့ပေါ့ဆောက်တည်ခဲ့လျှင် အပြစ်ဂုနာဟ်ထိုက်လိမ့်မည်ဟု စိတ်အနှောက်အယှက်ဖြစ်ကြသည်။ ဤသည် မမှန်ချေ။ အဘယ့်ကြောင့်ဆိုသော် ကဆ်ရ်သည် ရှရီအသ်တရားတော်၏ ဥပဒေတစ်ရပ်ဖြစ်ကာ ယင်းကိုလိုက်နာက အပြစ်မဖြစ်သည့်အပြင် အကျိုးစဝါးဗ်လည်းရရှိပေသည်။

၆။ အာယသ် ၁၀၂က ရန်သူများ၏ အန္တရာယ်စိုးရိမ်ရသောအချိန်အခါ၌ ဆွလာသ်ဝတ်ပြုမှုအထူး နည်းလမ်း တစ်ရပ်ကို ဖော်ညွှန်းထားသည်။ ယင်းကားအားလုံးသော မုစ်လင်မ်များသည် တစ်စုတစ်ဝေးတည်းတွင် တစ်ကြိမ်တည်း ဝတ်ပြုဆောက်တည်မှုမပြုလုပ်နိုင်ချေ။ ဤအထူးနည်းလမ်းကို "ဆွလာသုလ်ခေါက်ဖ်"ဟုခေါ်ဆို၍ ယင်းနှင့်ပတ်သက်သည့် အသေးစိတ်များကို အစ္စလာမ့်ဖိကာဟ်ကျမ်းများတွင် တွေ့နိုင်ပါသည်။ အာယသ် ၁၀၂က မိန့်ကြားသည်မှာ- وَإِذَا كُنتَ فِيهِمْ فَأَقَمْتَ لَهُمُ الصَّلٰوةَ "၎င်းပြင် (အိုနဗီတမန်တော်) အကြင်အခါဝယ်အသင်သည် ထိုသူတို့အထဲတွင်ရှိနေ၍ ထိုသူတို့အဖို့"ဆွလာသ်"ဝတ်ပြုမှုကို စီစဉ်ခဲ့ပါလျှင်"ဖြစ်သည်။ "ဆွလာသုလ်ခေါက်ဖ်" ကြောက်ရွံ့ဖွယ်အခြေအနေ၌ ဝတ်ပြုသောဆွလာသ်၏ပညတ်ချက်သည် တမန်တော်မြတ် ﷺသခင်မျက်မှောက်၌မရှိသောကြောင့် ထိုအမိန့်ပညတ်ချက်အတိုင်း ဆောက်တည်ရမည်မဟုတ်ဟု မမှတ်ယူရချေ။ အကြောင်းမှာ ဤကန့်သတ်ချက်ဖော်ပြထားခြင်းမှာ သီးခြားအချိန်တွင်ရှိသော အခြေအနေနှင့်ပတ်သက်၍ ဖော်ပြထားခြင်းဖြစ်သည်။ တမန်တော်မြတ်ﷺသည် ဆွလာသ်ဝတ်ပြုမှု၏ အိမာမ်ရှေ့ဆောင်အဖြစ် မဆောင်ရွက်သောကြောင့်ဟူသော ဆင်ခြေပေးရန်အတွက် အကြောင်းပြချက်ပေးရန်မလိုချေ။ ကိုယ်တော်မြတ်မရှိသည့်နောက်ပိုင်း ကိုယ်တော်မြတ်ﷺနေရာ၌ မည်သည့်အိမာမ်မဆို အစားဝင်ရောက်သည်ဟု မှတ်ယူ၍ ၎င်းအိမာမ်က ဆွလာသုလ်ခေါက်ဖ် ဝတ်ပြုဆောက်တည်မှုကို ဦးဆောင်လိမ့်မည်ဖြစ်သည်။ အားလုံးသော ဘာသာရေးဆိုင်ရာ ဦးဆောင်အခွင့်အာဏာ ရှိသူများကဆွလာသုလ်ခေါက်ဖ်နှင့် ပတ်သက်သောအမိန့်ပညတ်ချက်များသည် ကိုယ်တော်မြတ် ﷺမရှိသည့် နောက်ပိုင်းပယ်ဖျက်ရုတ်သိမ်းထားခြင်းမရှိဘဲ ဆက်လက်အတည်ဖြစ်နေသည်ဟု သဘောတူညီကြသည်။

၇။ ဆွလာသ်သုလ်ခေါက်ဖ်ကို လူသားများတို့၏ အန္တရာယ်ပြုမှုကို စိုးရိမ်ရသဖြင့် ခွင့်ပြုခဲ့သကဲ့သို့ အချို့သောသားရဲတိရစ္ဆာန်များဖြစ်သော ခြင်္သေ့ (သို့) စပါးကျီးမွေးတို့၏ အန္တရာယ်မှ စိုးရိမ်ရ၍ ဆွလာသ်ဝတ်ပြုရန်အတွက် အချိန်အနည်းငယ်မျှသာရရှိသောအချိန်အခါမျိုး၌ စွလာသ်သုလ်ခေါက်ဖ်ကို ခွင့်ပြုပါသည်။

၈။ ဤအာယသ် (၁၀၂)ထဲတွင် အုပ်စုနှစ်စုတစ်ရကအသ်စီဆွလာသ်ဝတ်ပြုသည့် အကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ဒုတိယ "ရကအသ်"ဆောက်တည်ရန် နည်းလမ်းကို ဟဒီးဆ်တော်ထဲတွင် အောက်ပါအတိုင်းဖော်ပြထားသည်မှာ "တမန်တော်မြတ် ﷺသည် နှစ်"ရကအသ်"ဆွလာသ်ဝတ်ပြုခြင်းပြီးဆုံးသည်နှင့် "စလာမ်"လှည့်ပြီးသောအခါတွင် အုပ်စုနှစ်စုစလုံးတို့သည် ကျန်တစ်"ရကအသ်"ကို မိမိဖာသာ ဆောက်တည်ရပါသည်။ ဤသည်ထက်ပိုမိုသော အသေးစိတ်များကို ဟဒီးဆ်တော်ထဲတွင် တွေ့နိုင်ပါသည်။

v v v v v v v

အာယသ် (၁၀၅-၁၁၃)

إِنَّآ أَنزَلْنَآ إِلَيْكَ ٱلْكِتَٰبَ بِٱلْحَقِّ لِتَحْكُمَ
بَيْنَ ٱلنَّاسِ بِمَآ أَرَىٰكَ ٱللَّهُ ۚ وَلَا تَكُن لِّلْخَآئِنِينَ خَصِيمًا ﴿١٠٥﴾
وَٱسْتَغْفِرِ ٱللَّهَ ۚ إِنَّ ٱللَّهَ كَانَ غَفُورًا رَّحِيمًا ﴿١٠٦﴾ وَلَا تُجَٰدِلْ
عَنِ ٱلَّذِينَ يَخْتَانُونَ أَنفُسَهُمْ ۚ إِنَّ ٱللَّهَ لَا يُحِبُّ مَن
كَانَ خَوَّانًا أَثِيمًا ﴿١٠٧﴾ يَسْتَخْفُونَ مِنَ ٱلنَّاسِ وَلَا
يَسْتَخْفُونَ مِنَ ٱللَّهِ وَهُوَ مَعَهُمْ إِذْ يُبَيِّتُونَ مَا لَا يَرْضَىٰ
مِنَ ٱلْقَوْلِ ۚ وَكَانَ ٱللَّهُ بِمَا يَعْمَلُونَ مُحِيطًا ﴿١٠٨﴾ هَٰٓأَنتُمْ
هَٰٓؤُلَآءِ جَٰدَلْتُمْ عَنْهُمْ فِى ٱلْحَيَوٰةِ ٱلدُّنْيَا ۖ فَمَن يُجَٰدِلُ
ٱللَّهَ عَنْهُمْ يَوْمَ ٱلْقِيَٰمَةِ أَم مَّن يَكُونُ عَلَيْهِ وَكِيلًا ﴿١٠٩﴾ وَ
مَن يَعْمَلْ سُوٓءًا أَوْ يَظْلِمْ نَفْسَهُۥ ثُمَّ يَسْتَغْفِرِ ٱللَّهَ يَجِدِ
ٱللَّهَ غَفُورًا رَّحِيمًا ﴿١١٠﴾ وَمَن يَكْسِبْ إِثْمًا فَإِنَّمَا يَكْسِبُهُۥ عَلَىٰ
نَفْسِهِۦ ۚ وَكَانَ ٱللَّهُ عَلِيمًا حَكِيمًا ﴿١١١﴾ وَمَن يَكْسِبْ خَطِيٓـَٔةً
أَوْ إِثْمًا ثُمَّ يَرْمِ بِهِۦ بَرِيٓـًٔا فَقَدِ ٱحْتَمَلَ بُهْتَٰنًا وَإِثْمًا مُّبِينًا ﴿١١٢﴾
وَلَوْلَا فَضْلُ ٱللَّهِ عَلَيْكَ وَرَحْمَتُهُۥ لَهَمَّت طَّآئِفَةٌ مِّنْهُمْ
أَن يُضِلُّوكَ ۚ وَمَا يُضِلُّونَ إِلَّآ أَنفُسَهُمْ وَمَا يَضُرُّونَكَ مِن
شَىْءٍ ۚ وَأَنزَلَ ٱللَّهُ عَلَيْكَ ٱلْكِتَٰبَ وَٱلْحِكْمَةَ وَعَلَّمَكَ
مَا لَمْ تَكُن تَعْلَمُ ۚ وَكَانَ فَضْلُ ٱللَّهِ عَلَيْكَ عَظِيمًا ﴿١١٣﴾

(အို-နဗီတမန်တော်) အသင်သည် လူတို့၏စပ်ကြားဝယ် အလ္လာဟ်အရှင်မြတ်က အသင့်အားပြသတော်မူသည့်အတိုင်း စီရင်ဆုံးဖြတ်ခြင်းငှာ၊ ငါအရှင်မြတ်သည် အသင်၏ထံသို့ ကျမ်းမြတ်ကုရ်အာန်ကို မှန်ကန်မှုနှင့်တကွ

ချပေးသနားတော်မူခဲ့၏။ ၎င်းပြင် အသင်သည် သစ္စာဖောက်လိမ်လည်လှည့်ဖြား အလွဲသုံးစားပြုသူများဘက်မှ ကာကွယ်ချေပပြောဆိုသူမဖြစ်ပါလေနှင့်။ (၄:၁၀၅)

၎င်းပြင် အသင်သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်ကို လျှောက်ထားပန်ကြားပါလေ။ ဧကန်မလွဲအလ္လာဟ်အရှင်မြတ်သည် အကြိမ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင် အလွန်သနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ၏။ (၄:၁၀၆)

ထိုမှတစ်ပါးတုံ မိမိကိုယ်ကို လိမ်လည်လှည့်ဖြားသူတို့ဘက်မှ အသင်သည် ပြောဆိုခြင်းမပြုလေနှင့်။ ဧကန်စင်စစ်အလ္လာဟ်အရှင်မြတ်သည် အလွန်သစ္စာမဲ့သူ၊ အလွန်ပြစ်မှုဒုစရိုက်ကျူးလွန်သူတို့ကို နှစ်သက်တော် မမူချေ။ (၄:၁၀၇)

၎င်းတို့သည် လူသားတို့ကို ရှက်ကြောက်ကြကုန်၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်ကိုမူ ရှက်ကြောက်ခြင်းမရှိကြချေ။ စင်စစ် ထိုအလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ ညဥ့်အချိန်၌ ထိုအရှင်မြတ် မနှစ်မြို့တော်မူသော စကားများကို လျှို့ဝှက်ကြံစည်ကြစဉ်ကလည်း ၎င်းတို့နှင့် အတူ ရှိတော်မူခဲ့၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ပြုမူကြကုန်သော အမှုကိစ္စအဝဝတို့ကိုလည်း ဝန်းခြုံလျက်ရှိတော်မူလေသည်။ (၄:၁၀၈)

ဟယ်-(သစ္စာဖောက်တို့ကို ထောက်ခံသူအပေါင်းတို့) အသင်တို့သည် ယင်းသစ္စာဖောက်တို့ဘက်မှ (ဤမျက်မှောက်)လောကီဘဝတွင် ချေဆိုလျှောက်လဲခဲ့ကြချေပြီ။ သို့ရာတွင် ရှင်ပြန်ထမည့်နေ့၌မူ ထိုသူတို့ဘက်မှ အလ္လာဟ်အရှင်မြတ်အား မည်သူသည် ချေပပြောဆိုအံ့နည်း။ သို့တည်းမဟုတ် ထိုသူတို့အတွက် ကာကွယ်ခုခံပြောဆိုမည့်သူ မည်သူရှိအံ့နည်း။ (၄:၁၀၉)

အမှန်စင်စစ်သော်ကား မည်သူမဆို မကောင်းသော အမှုအကုသိုလ်တစ်စုံတစ်ရာကို ကျူးလွန်မိအံ့။ သို့တည်းမဟုတ် ထိုသူသည် မိမိကိုယ်ကို နှိပ်စက်ကလူပြုမိအံ့။ ထို့နောက်ယင်းသူသည် အလ္လာဟ်အရှင်မြတ်အထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို လျှောက်ထားပန်ကြားအံ့။ ထိုသူသည် အလ္လာဟ်အရှင်မြတ်ကို အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အရှင်အဖြစ် တွေ့ရှိပေအံ့။ (၄:၁၁၀)

ထို့ပြင်တစ်ဝ မည်သူမဆိုပြစ်မှုဒုစရိုက်ကို ရှာဖွေဆည်းပူးပါမူ ထိုသူသည် ယင်းပြစ်မှု ဒုစရိုက်ကို မိမိကိုယ်နှင့်ဆန့်ကျင်၍ (တစ်နည်း) မိမိကိုယ်ကို နစ်နာဆုံးရှုံးအောင်ရှာဖွေဆည်းပူးသည်သာဖြစ်အံ့။ အမှန်သော် ကား အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော် မူသောအရှင် ကျိုးကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူလေ၏။ (၄း၁၁၀)

ထိုမှတစ်ပါးတုံ မည်သူမဆို မှားယွင်းပြုမိတတ်သော ပြစ်မှုအသေး အဖွဲ့ကိုဖြစ်စေ၊ ကြီးလေးသောပြစ်မှုဒုစရိုက်ကိုဖြစ်စေ၊ ရှာဖွေဆည်းပူးပြီးနောက် ယင်းပြစ်မှုဒုစရိုက်နှင့် စပ်လျဉ်း၍ အပြစ်ကင်းမဲ့သော သူတစ်ဦးတစ်ယောက်ကို ယိုးစွပ်ပါမူ ထိုသူသည် ဧကန်မလွဲကြီးမားသောစွပ်စွဲမှုကိုဂင်း၊ ထင်ရှားလှသော ပြစ်မှုဒုစရိုက်ကိုဂင်း၊ သည်ပိုးဆောင်ရွက်ခဲ့ချေပြီ။ (၄း၁၁၂)

အကယ်၍ အသင်၏အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော် နှင့် ကရုဏာတော်သည်သာလျှင် မရှိခဲ့ပါမူ ထိုသူတို့အနက်မှ လူတစ်စုသည် အသင့်အား လမ်းလွဲစေကြရန် မုချစိတ်ပြဋ္ဌာန်းပြီးဖြစ်ခဲ့ကြ၏။ အမှန်သော်ကား ထိုသူတို့သည် မိမိကိုယ်ကိုသာလျှင် လမ်းလွဲစေကြ၏။ ၎င်းပြင် ယင်းသူတို့ သည် အသင့်အား အလျှင်းနစ်နာစေနိုင်ကြသည်လည်းမဟုတ်ချေ။ အကြောင်း သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်၏အပေါ်ဝယ် ကျမ်းမြတ်ကို လည်းကောင်း၊ ဉာဏ်ပညာကိုလည်း ကောင်းချီးပေးသနားတော်မူခဲ့၏။ ၎င်း ပြင် အသင်မသိနားမလည်ခဲ့သော အရာများကိုလည်း အသင့်အား သင်ကြား ပြသတော်မူခဲ့၏။ အမှန်စင်စစ်အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သည် အသင်၏အပေါ်ဝယ် ကြီးကျယ်လှပေသည်။ (၄း၁၁၃)

## ဆက်စပ်မှု

ပွင့်လင်းထင်ရှားစွာ မယုံကြည်သွေဖည်ငြင်းပယ်မှုအကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ပြီးခဲ့သော အာယသ်များ၏ အချို့သောနေရာများ၌ အရေခြုံများအကြောင်း ကို ရည်ညွှန်းရာတွင် ကုဖိရ်မယုံကြည်သွေဖည်မှုသည်သာ ဘုံအကြောင်းအရင်းဖြစ်ကြောင်း ထောက်ပြပါသည်။ ဆက်လက်၍ အချို့သောအရေခြုံများနှင့် ပတ်သက်သော သီးသန့်အဖြစ်အပျက်တစ်ခုကို လက်ရှိအာယသ်တော် များတွင် ဖော်ပြထားသည်။ အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

## ဤအာယသ်တော်များကျရောက်ခြင်း၏ နောက်ခံအကြောင်းရင်း

အထက်တွင် ဖော်ပြထားသော အာယသ်တော်ကိုးပိုဒ်(၁၀၅-၁၁၃)သည် သီးသန့် အဖြစ်အပျက်တစ်ခုကို ရည်ညွှန်းထားသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးခြားပေါ်လွင်သော ဟန်ပန်နှင့် လျော်ညီစွာ၊ ဤအဖြစ်အပျက်နှင့် ပတ်သက်၍ပေးထားသော ညွှန်ကြားချက်တို့သည် ဤအဖြစ်အပျက်အတွက် သီးသန့် မဟုတ်ပါ။ ယင်းညွှန်ကြားချက်တို့သည် သတ်မှတ်ထားသော အချိန်အခါတွင်ရှိသော မုစ်လင်မများအတွက်ဖြစ်စေ၊ နောင်လာလတ္တံ့သော အချိန်အခါတွင်ရှိသည့် မျိုးဆက်သစ်များအတွက်ဖြစ်စေ ယေဘုယျအကျိုးရှိစေသော အခြေခံမူများနှင့် ဥပဒေများဖြစ်ပါသည်။

ဦးစွာပထမ အဖြစ်အပျက်ကိုလေ့လာကာ ၎င်းနောက် သက်ဆိုင်ရာပြဿနာများအတွက် ပေးထားသော ဖြေရှင်းချက်တို့နှင့် ပတ်သက်သော ညွှန်ကြားချက်တို့၏ အသိဉာဏ်ပညာကို စဉ်းစားကြည့်ကြပါစို့။ အဖြစ်အပျက်သည် မဒီနဟ်မြို့ရှိ "ဗနူအုဗိုင်းရစ်ခ်" လူမျိုးစုကို ဗဟိုပြုပါသည်။ သိရ်မိဇီကျမ်းနှင့် ဟာကင်မ်ကျမ်းတို့၏ ဖော်ပြချက်အရ ဗရီးရ်ဟုအမည်တွင်ပြီး အလ်ဗဂ်ဝီနှင့် အိဗ်နိဂျရီးရ်ကျမ်းတို့၏ ဖော်ပြချက်တွင် "တူမဟ်" ဟုအမည်တွင်သော ဤမျိုးနွယ်စုမှ လူတစ်ဦးသည် စိုက်ယိဒနာ ကသာဒဟ် အိဗ်နိအလ်နုအ်မန်၏ ဦးလေးဖြစ်သော စိုက်ယိဒနာ ရဖာအဟ်၏ အိမ်ထဲသို့ ဝင်ရောက်ကာ ခိုးမှုတစ်ခုကျူးလွန်ခဲ့ပါသည်။

သိရ်မိဇီကျမ်းတွင် ဤသူသည် အမှန်စင်စစ်အရေခြုံတစ်ယောက်ဖြစ်ကြောင်းကိုလည်း ဖော်ပြထား သည်။ ထိုသူသည် မဒီနဟ်မြို့တွင် နေထိုင်သော်လည်း မြင့်မြတ်သော ဆွဟာဗဟ်ကြီးများကို စော်ကားထားသည့် သရော်လှောင်ပြောင်သော ကဗျာများစပ်ဆိုဝံ့ပါသည်။ ထို့နောက်သူသည် သူ၏နာမည်ရင်းကို ကွယ်ဝှက်ကာ အခြားသူများ၏ နာမည်ဖြင့် ဤကဗျာများကို ဖြန့်ဝေလေ့ရှိသည်။

အမှန်တကယ်ဖြစ်ပွားသောအချိန်အခါသည် "ဟိဂျ်ရသ်"၏ အစောပိုင်းအချိန်အခါတွင်ဖြစ်သည်။ ယင်းအချိန်တွင် မုစ်လင်မများသည် ချို့တဲ့ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ လက်မဲ့ဖြစ်နေခြင်း စသည်တို့ကို ရင်ဆိုင်ကာ ဆင်းရဲကြပ်တည်းသောအခြေအနေများတွင် နေထိုင်နေကြရပါသည်။ ၎င်းတို့၏ ယေဘုယျ စားသောက်သောအစားအစာမှာ၊ ဘာလီမှန့်ဖြင့်ပြုလုပ်ထားသော ပေါင်မုန့်၊ စွန်ပလွန်သီးတို့ဖြစ်ပါသည်။ ဂျုမှန့်စားသုံးသော်လည်း ယင်းသည် မဒီနဟ်မြို့တွင် ရှားပါးပြီး အလွယ်တကူမရရှိနိုင်ပါ။ တစ်ခါတစ်ရံ ထိုပစ္စည်း ဆီးရီးယားမှ ရောက်ရှိလာသောအချိန်တွင် အချို့သောသူများတို့သည် ဧည့်သည်များအတွက်သော်လည်းကောင်း ထူးခြားသည့်အချို့အချိန်အခါများတွင် သုံးစွဲရန်အတွက်သော်လည်းကောင်း ဝယ်ယူကြပါသည်။ ထို့ကြောင့် စိုက်ယိဒနာရိဖာအဟ်သည် မိမိကိုယ်တိုင်သုံးစွဲရန်အတွက် ဂျုမှန့်အချို့ကို ဝယ်ယူကာ အိတ်တစ်အိတ်တွင် ထည့်ထားခဲ့သည်။ ဂျုအိတ်အပေါ်၌ လက်နက်အချို့ကိုတင်ကာ လုံခြုံမှုအရှိနိုင်ဆုံးဟု ထင်မှတ်ရသော သူ့အိမ်၏ အခန်းငယ်တစ်ခုတွင် သိမ်းဆည်းထားခဲ့သည်။ သို့ရာတွင် ဤအိဗ်နိအုဗိုင်းရစ်က် (သို့) ဗရီးရ် (သို့) တူမဟ်ဟု ခေါ်သော ဤသူသည် တစ်နည်းနည်းဖြင့် သိရှိသွားကာ အိမ်တွင်းသို့ ဖောက်ထွင်းဝင်ရောက်ပြီး အိတ်တစ်လုံးဖြင့် ဂျုမှန့်ကို ကဲ့ယူသွားခဲ့ပါသည်။ နံနက်လင်းသောအခါ ဂျုများခိုးယူခြင်းခံရကြောင်း စိုက်ယိဒနာ ရဖအဟ် တွေ့ရှိရသောအခါ သူ၏တူကသာ ဒဟ်အိမ်သို့သွားရောက်ကာအကျိုးအကြောင်းကို ပြောပြခဲ့သည်။ သူတို့နှစ်ဦးအတူတကွ အနီးပတ်ဝန်းကျင်တွင် စုံစမ်းမှုများပြုလုပ်ခဲ့ကြသည်။ အချို့သောသူများကပြောသည်မှာ မနေ့ညက

ဗနူအုဗိုင်းရစ်က်အိမ်မှ မီးဖိုမီးမြင်ရပြီး၊ ခိုးယူခဲ့သည်များကို ချက်ပြုတ်နေဟန်ရှိကြောင်း ပြောပြကြသည်။ ဗနူအုဗိုင်းရစ်က်မျိုးနွယ်စုမှ လူများတို့သည် သူတို့၏ လျှို့ဝှက်ချက်ပေါက်ကြားသွားကြောင်း သိရှိရသောအခါ၌၊ သူတို့အားလုံးထိုနေရာသို့ ရောက်ရှိလာကာ ဤခိုးမှုသည် လဗစ်ဒ်အိဗ်နိဆားလ် ကျူးလွန်ကြောင်းစွပ်စွဲပြောဆိုကြသည်။ လဗိစ်ဒ်သည် ရိုးသားဖြူစင်ပြီး ဘာသာတရားကိုင်းရှိုင်းသော မုစ်လင်မ်တစ်ဦးဖြစ်ကြောင်း အများက သိရှိထားကြပါသည်။ ဤစွပ်စွဲချက်ကို လဗစ်ဒ်ကိုယ်တိုင်သိရှိသောအခါ ဓါးလွတ်ကိုကိုင်စွဲက အိမ်ထဲမှထွက်လာပြီး ပြောသည်မှာ "ဤခိုးမှုအတွက် အသင်တို့အားလုံးတို့သည် ကျွန်ုပ်အားစွပ်စွဲနေကြပါသည်။ ခိုးမှု၏အမှန်တရားမပေါ်ထွက်သမျှ ကျွန်ုပ်သည် ဤဓါးလွတ်ကို ဓါးအိမ်ထဲသို့ထည့်လိမ့်မည်မဟုတ်ပါ"ဟူ၍ဖြစ်သည်။

ဗနူအုဗိုင်းရစ်သည် တိတ်တဆိတ်သူ့အားအတွင်းစကားပြောခဲ့သည်မှာ စိတ်မပူပါနှင့်။ ဘယ်သူကမျှ အသင့်ကို အပြစ်တင်နေသည် မဟုတ်ပါ။ ထို့ပြင် ဤကဲ့သို့သောလုပ်ရပ်မျိုးကိုလည်း အသင်မလုပ်ပါ။ ဤတွင် အလ်ဗဂ်ဒီကျမ်းနှင့် အိဗ်နိဂျရီးရ်ကျမ်းများတို့၏ တင်ပြချက်အရ ဗနူအုဗိုင်းရစ်က်က ဤခိုးမှုနှင့်ပတ်သက်၍ ဂျူးတစ်ယောက်ကို စွပ်စွဲခဲ့ပါသည်။ ထို့နောက် ဗနူအုဗိုင်းရစ်က်၏ လူများက အလွန်ပါးနပ်လိမ္မာသော လုပ်ရပ်အဖြစ်အိတ်တစ်အိတ်ကိုခွဲကာ ရဖာအဟ်၏အိမ်မှဂျူး၏အိမ်အထိ၊ ဂျုံမှုန့်လမ်းကြောင်းတွေ့ရှိရကြောင်း စကားပြန့်နှံ့သွားသောအခါ ၎င်းသူတို့သည် ခိုးယူထားသောလက်နက်ပစ္စည်းများနှင့် ချပ်ဝတ်တန်ဆာများကိုလည်း ထိုဂျူးအိမ်သို့ ယူဆောင် သွားကာ လုံခြုံစွာသိမ်းဆည်းထားရန် ပေးအပ်ခဲ့ကြသည်။ စုံစမ်းစစ်ဆေးမှုများအရ ထိုပစ္စည်းများကို ဂျူးအိမ်မှ ပြန်လည်ရရှိခဲ့ပါသည်။ ဤပစ္စည်းများကို အိဗ်နိအုဗိုင်းရစ်က်က သူ့အားပေးထားခဲ့သည်ဟု ဂျူးက ကျမ်းကျိန်၍ ပြောဆိုခဲ့သည်။

သိရ်မိဇီကျမ်းနှင့် ဗဂ်ဒီကျမ်းတို့ထပ်တူဖြစ်ရန်အတွက်ဆိုလျှင် ဗနူအုဗိုင်းရစ်က်သည် ခိုးမှုနှင့်ပတ်သက်၍ ဦးစွာပထမ လဗိဒ်အိဗ်နိဆာလ်အား စွပ်စွဲခဲ့သော်လည်း သူတို့၏လှည့်ဖြားမှုအလုပ်မဖြစ်ကြောင်း သိရှိရသောအခါ၌ ဂျူးအားစွပ်စွဲရန် ပစ်မှတ်ထားကောင်းထားပေလိမ့်မည်ဟုပြောနိုင်ပါသည်။ အဆုံးတွင်အမှုသည် ဂျူးနှင့် ဗနူအုဗိုင်းရစ်က်တို့ ရှင်းရန်သာကျန်တော့သည်။ တစ်ဖက်မှာမူ သက်သေအထောက်အထားမရှိသော်လည်း ယုံမှတ်နိုင်လောက်သောအခြေအနေပေါ်မူတည်၍ ဤလုပ်ရပ်သည် မနူအုဗိုင်းရစ်က်၏ လုပ်ရပ်ဖြစ်ကြောင်းကို စိုက်ယိဒိနာ ကသာဒဟ်နှင့် ရဖာအဟ်တို့က ပြတ်ပြတ်သားသားလက်ခံယုံကြည်သည်။ စိုက်ယိဒိနာကသာဒဟ်သည် တမန်တော်မြတ် ﷺထံသို့ သွားရောက်ကာ ခိုးမှုအကြောင်းနှင့် ဗနူအုဗိုင်းရစ်က်အား ခိုးမှုနှင့်ပတ်သက်၍ ခိုင်ခိုင်မာမာ သံသယရှိကြောင်းတို့ကို လျှောက်ထားခဲ့သည်။ အုဗိုင်းရစ်အုပ်စုဝင်များတို့သည် ဤသတင်းကို ကြားသိရသော အခါ၌ ၎င်းတို့သည် တမန်တော်မြတ်ကြီးထံသို့ လာရောက်ကာ အခိုးခံရသည့်ပစ္စည်းများသည် ဂျူး၏အိမ်မှ ပြန်လည်ရရှိသော်လည်း ကသာဒဟ်နှင့် ရဖာအဟ်တို့သည် မည်သို့သော ခိုင်လုံပြီး၊ တရားဝင်သော သက်သေများ မရှိဘဲလျက် ခိုးမှုအတွက် သူတို့အား အပြစ်ဖို့ကြောင်းကို စောဒကတက်ခဲ့သည်။ ၎င်းတို့သည် ကသာဒဟ်နှင့် ရဖာအဟ်တို့က ခိုးမှုအတွက် သူတို့ကို အပြစ်မပြောရန်နှင့် အကယ်၍တရားစွဲဆိုလိုလျှင် ဂျူးကိုသာ တရားစွဲသင့် ကြောင်း တမန်တော်မြတ် ﷺထံ အသနားခံခဲ့သည်။

အပြင်ပန်းတွင် ဖြစ်ပျက်ခဲ့သောအကြောင်းအရာများတို့က ခိုးမှုသည် ဂျူးကဂျူးလွန်ခဲ့ကြောင်းနှင့် ဗနူအုဗိုင်းရစ်အား စွပ်စွဲခြင်းသည် မမှန်ကန်ဟူသောဘက်သို့ တမန်တော်မြတ် ﷺအား တိမ်းညွတ်စေခဲ့ပါသည်။

အလ်ဗဂါဝီကျမ်း၏ တင်ပြချက်အရ တမန်တော်မြတ် ﷺ သခင်သည် မည်မျှတိမ်းညွတ်သွားပါသနည်းဟုမူ ခိုးမှုအတွက် ဂျူးအားပြစ်ဒဏ်ခတ်သည့်အနေဖြင့် သူ၏လက်ကိုဖြတ်ပစ်ရန်အထိ ရည်စူးခဲ့ပါသည်။

အခြေအနေပို၍ဆိုးသည်မှာ စိုက်ယိဒိနာကသာဒဟ် တမန်တော်မြတ်ﷺ ရှေ့မှောက်သို့ရောက်ရှိသောအခါ၌ တမန်တော်မြတ် ﷺက မည်သည့်သက်သေမျှမရှိဘဲနှင့် မုစ်လင်မိသားစုဝင်တစ်ယောက်အား ခိုးမှုအတွက် စွပ်စွဲခြင်းကို ပြစ်တင်ဆုံးမခဲ့သည်။ စိုက်ယိဒိနာကသာဒဟ်သည် ကိစ္စရပ်အားလုံးအတွက် စိတ်ထိခိုက်သွားကာ သူ၏ပစ္စည်းများဆုံးရှုံးသွားသည့်တိုင်အောင် ဤကိစ္စကို တမန်တော်မြတ် ﷺသခင်အား မပြောမိလျှင် ကောင်းလေစွဟု ဆန္ဒဖြစ်ပေါ်ခဲ့သည်။ အလားတူစွာ စိုက်ယိဒိနာ ရဖာအဟ်သည် တမန်တော်မြတ် ﷺသခင်ပြောကြားသည်များကို သိရှိရသောအခါ၌ သည်းခံချုပ်တည်းပြီးပြောသည်မှာ –<ai-t-s^m<L^AÒAO– “အလ္လာဟ်အရှင်မြတ်ထံမှသာလျှင် အလုံးစုံသောအကူအညီများ တောင်းခံရာ၏” ဟူ၍ဖြစ်သည်။

အချိန်များမကြာမီတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်တစ်ရကူအ်လုံးကျရောက်လာကာ တမန်တော်မြတ်ﷺ သခင်အား ယင်းအဖြစ်အပျက်၏ဖြစ်ရပ်မှန်နှင့် ယင်းကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်သော ယေဘုယျညွှန်ကြားချက်များပေးခဲ့ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ဗနူအုဗိုင်းရစ်က် ကျူးလွန်ခဲ့သော ခိုးမှုအကြောင်းကို ဖော်ထုတ်ပြသပြီးသောအခါ၌ ဂျူးအားအမှုလွတ်ကင်းစေခဲ့ပါသည်။ ဗနူအုဗိုင်ရစ်က်တို့သည် ခိုးယူထားသည့်ပစ္စည်းများကို တမန်တော်မြတ် ﷺထံ အပ်နှံရုံကလွဲ၍ မည်သည်ကိုမျှ ရွေးချယ်ရာလမ်းမရှိတော့ပါ။ တမန်တော်မြတ် ﷺသည်ပိုင်ရှင် ရဖာအဟ်ထံသို့ ပစ္စည်းများပြန်လည် ပေးအပ်ခဲ့သည်။ အဆုံးတွင် ပိုင်ရှင်က ထိုလက်နက်ပစ္စည်းများကို ဂျိဟားဒ်စစ်ပွဲတွင် အသုံးပြုရန်အတွက် လျူဒါန်းခဲ့ပါသည်။ ဗနူအုဗိုင်းရစ်က်များသည် သူတို့၏ ခိုးမှုပေါ်သွားသောအခါ၌ အုဗိုင်ရစ်ခ်၏သား ဗရှီးရ်သည် မဒီနဟ်မြို့မှ ထွက်ပြေးတိမ်းရှောင်သွားကာ မက္ကာဟ်မြို့သို့ရောက်သောအခါ၌ မယုံကြည်သွေဖည်သူများတို့နှင့် ပူးပေါင်းသွားပါသည်။ အကျိုးဆက်အားဖြင့် အကယ်၍သာသူသည် အစောပိုင်းကအရေခြုံတစ်ဦးဖြစ်ခဲ့ပါက ယခုအချိန်တွင် သူသည် သိသိသာသာ မယုံကြည်သွေဖည်သူတစ်ဦး ဖြစ်သွားပါသည်။ အကယ်၍ သူသည် အစောပိုင်းက မုစ်လင်မ်တစ်ဦးဖြစ်ခဲ့ပါလျှင် ယခုအခါတွင် သူသည်ဘာသာစွန့်သူတစ်ဦး ဖြစ်သွားပါသည်။

သဖိစိရ်အလ်ဗဟ်ရ် အလ်မုဟီတွ်တွင်ပါရှိသည်မှာ ဗရှီးရ်၏ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်ကို ဆန့်ကျင်ဘက်ပြုခြင်း၏ မကောင်းကျိုးမှာ သူသည် မက္ကာဟ်မြို့မှာပင် အေးချမ်းစွာနေထိုင်ခွင့် မရရှိခဲ့ပါ။ သူနေထိုင်သောအိမ်၏အိမ်ရှင်အမျိုးသမီးသည် ဤအဖြစ်အပျက်ကိုသိရှိသွားသောအခါ၌ သူ့အားအိမ်မှ နှင်ထုတ်ခဲ့ပါသည်။ ထို့ကြောင့်သူသည်လမ်းတကာ၌ ဦးတည်ချက်မရှိလျှောက်သွားနေရသည်။ တစ်နေ့တွင် သူသည် တစ်စုံတစ်ဦး၏အိမ်သို့ ဖောက်ထွင်းဝင်ရောက်ခဲ့ပါသည်။ သူဖောက်ထွင်းဝင်ရောက်သောနံရံသည် သူ၏အပေါ်သို့ ပြိုကျလာကာ သူထိုနေရာ၌ပင် သေဆုံးသွားခဲ့ပါသည်။

ဤသည်များကားအဖြစ်အပျက်၏အသေးစိတ်များပင်ဖြစ်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်များကို ကျွန်ုပ်တို့တွေးတောကြည့်ကြပါစို့။

ပထမအာယသ် (၁၀၅)တွင် တမန်တော်မြတ် ﷺအားခိုးမှု၏နောက်ကွယ်တွင်ရှိသော အဖြစ်အမှန် အကြောင်းကို ပြောပြီးနောက် “အလ္လာဟ်အရှင်မြတ်သည် အသင့်အားဝဟီမှ တစ်ဆင့်ကုရ်အာန်ကျမ်းတော်မြတ်

ကိုပို့ချခဲ့ကြောင်း ထိုကျမ်းတော်မြတ်မှရရှိသော အသိဉာဏ်ပညာနှင့် ထိုးထွင်းသိမြင်နိုင်သော ဉာဏ်တို့ဖြင့် သစ္စာဖောက်ဖြစ်သော ဗနူအုဗိုင်းရိစ်က်တို့ဘက်သို့ ဘက်လိုက်ခြင်းမှ ရှောင်ကြဉ်ပြီး ကိစ္စရပ်များအရှိအတိုင်း ဆုံးဖြတ်စေနိုင်ရန် မိန့်ကြားထားသည်။ အဖြစ်မှန်နှင့်ဆန့်ကျင်လျက်ရှိနေသည့်တိုင် ထင်ရှားသော အကြောင်းတရားများနှင့် သက်သေသာဓကများကြောင့် ဂျူးသည် ခိုးမှုကျူးလွန်ခဲ့ကြောင်း ဖြစ်နိုင်ချေရှိသည်ဘက်သို့ တိမ်းညွတ်သွားခြင်းသည် အပြစ်မဟုတ်ကြောင်းဆိုသည်ကို သံသယဖြစ်စရာမလိုပါ။ ထို့ကြောင့် ဒုတိယအာယသ် (၁၀၆)တွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ခွင့်လွှတ်မှုတောင်းခံရန် တမန်တော်မြတ် ﷺသခင်အား မိန့်ကြားထားသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်များတို့၏ အဆင့်သည်အလွန်မြင့်မားပြီး ၎င်းတို့ထံမှ ဤကဲ့သို့မပြောပလောက်သောကိစ္စရပ်များ ထွက်ပေါ်လာခြင်းကိုပင် အလ္လာဟ်အရှင်မနှစ်သက်ပါ။

တတိယအာယသ် (၁၀၇)တွင် တမန်တော်မြတ် ﷺသခင်အား အလ္လာဟ်အရှင်မနှစ်သက်သော သစ္စာမဲ့ပြီး ကောက်ကျစ်သောသူများအား အကာအကွယ်မပေးရန် ထပ်မံ၍ ပြတ်ပြတ်သားသား အခိုင်အမာပြောဆိုခဲ့သည်။

စတုတ္ထအာယသ် (၁၀၈)တွင် ယုံကြည်မှုကို သစ္စာမဲ့ပြီး ကောက်ကျစ်စဉ်းလဲစွာပြုမူတတ်သော လူများ၏အကြောင်းကိုဖော်ပြထားသည်။ အလ္လာဟ်အရှင်မြတ်အား ရှက်ကြောက်ခြင်းမရှိ။ သူတို့ကဲ့သို့သော သူများကို ရှက်ကြောက်ကာ ခိုးမှုအကြောင်းကို ဖုံးအုပ်ထားသည်မှာ အထူးအဆန်းပင်ဖြစ်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့နှင့်အချိန်တိုင်းတွင်ရှိနေကာ သူတို့လုပ်ဆောင်သမျှအားလုံး အထူးသဖြင့် သူတို့အချင်းချင်း တိုင်ပင်ကာ ဂျူးအပေါ်၌ အပြစ်ပုံချရန်ကြံစည်ခြင်းနှင့် တမန်တော်မြတ် ﷺထံသွားရောက်ကာ ရိဖာအဟ်နှင့် ကသာဒဟ်တို့အား မမှန်မကန်စွပ်စွဲမှုများပြုလုပ်ကြောင်း စောဒကတတ်ကာ ဂျူးအားအထောက် အကူမပေးရန် မေတ္တာရပ်ခံခြင်းတို့ကို အလ္လာဟ်အရှင်မြတ် မြင်နေတော်မူပါသည်။

ပဉ္စမအာယသ်တော် (၁၀၉)တွင် ဗနူအုဗိုင်းရစ်က်အား အထောက်အကူပေးသောသူများကို ပြင်းထန်သော သတိပေးချက်တစ်ခုမိန့်ထားသည်။ ယင်းမှာ ယုံကြည်မှုကို သစ္စာမဲ့သောသူများအား သူတို့အကူအညီပေးခဲ့မှုသည် ဤကမ္ဘာလောကတွင် အဆုံးမသတ်ပါ။ တရားစီရင်မည့်နေ့တွင် သူတို့၏အမှုသည် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်သို့ ရောက်ရှိလာပါလိမ့်မည်။ ထိုအချိန်တွင် ၎င်းတို့အား မည်သူအကူအညီပေးပါအုံးနည်း။ အာယသ်တော်ထဲတွင် အကြောင်းအချက်နှစ်ချက်ရှိသည်။ သူတို့ကို ပြစ်တင်ဆုံးမထားကာ နောင်တမလွန်ဘဝတွင် ၎င်းတို့တွေ့ကြုံမည့် ဒုက္ခများအကြောင်းကို သတိပေးထားခြင်းကြောင့် ဝန်ချတောင်းပန်ရန်နှင့် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ လှည့်စေရန်ဖြစ်သည်။

ဆဋ္ဌမအာယသ် (၁၁၀)တွင် ကုရ်အာန်ကျမ်းတော်မြတ်၏ အသိဉာဏ်ကြွယ်ဝသော နည်းလမ်းတစ်ခု၏လုပ်ဆောင်ပုံကို ကျွန်ုပ်တို့ ထပ်မံတွေ့ရှိနိုင်ပါသည်။ ယင်းမှာ ဂုနာဟ်ပြစ်မှုကျူးလွန်သူများလုံးဝဥဿုံစိတ်ပျက်လက်ပျက်ဖြစ်ခြင်းမှ ကာကွယ်ရန်အတွက် ကြီးသည် ငယ်သည်မဟုတ် ဂုနာဟ်အပြစ်သည် ဂုနာဟ်အပြစ်သာဖြစ်ကြောင်း မိန့်ကြားထားသည်။ ဂုနာဟ်ပြစ်မှုကျူးလွန်သူတစ်ဦးသည် ဝန်ချတောင်းပန်ကာ အလ္လာဟ်အရှင်မြတ်၏ခွင့်လွှတ်ခြင်းကို ရှာဖွေကြိုးပမ်းရယူခဲ့ပါလျှင် ထိုအရှင်သည် သနားကြင်နာပြီး ခွင့်လွှတ်တော်မူသော အရှင်ဖြစ်ကြောင်းသူတွေ့ရှိရပါလိမ့်မည်။ ထင်ရှားသည်မှာ အာယသ်တော်ထဲတွင် ပြစ်မှုဂုနာဟ်ကျူးလွန်သူများကို

ဆွဲဆောင်မှုတစ်ခုရှိပါသည်။ ၎င်းတို့တွင် အချိန်နှင့် မျော်လင့်ချက်ရှိပြီး ပြစ်မှုကျူးလွန်ခြင်းကို ဆန့်ကျင်ကာ ရိုးသားဖြူစင်စွာ ဝန်ချတောင်းပန်ပါက မည်သည်ကိုမျှ ဆုံးရှုံးနိုင်စရာမရှိကြောင်းကို ညွှန်းထားသည်။ အလ္လာဟ် အရှင်မြတ်သည် အရာရာတိုင်းအားခွင့်လွှတ်တော်မူပါလိမ့်မည်။

သူတို့အား ရွေးချယ်မှုပေးထားလင့်ကစား၊ ဝန်ချတောင်းပန်မှုကို မရွေးချယ်သောသူများအတွက် သတ္တမ အာယသ် (၁၁၁)ကမိန့်ကြားထားသည်မှာ ဤကဲ့သို့သော သူတို့၏လုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ တမန်တော်အားလည်းကောင်း၊ မုစ်လင်မ်အားလုံးကိုလည်းကောင်း အန္တရာယ်မဖြစ်စေပါ။ တစ်ဦးတစ်ယောက်၏ မကောင်းမှုလုပ်ရပ်၏အပြစ်သည် ထိုသူကိုယ်တိုင် ရင်ဆိုင်ရပါလိမ့်မည်။

အဋ္ဌမအာယသ် (၁၁၂)တွင် လုပ်ဆောင်မှုဆိုင်ရာ ယေဘုယျဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားပါသည်။ ပြဋ္ဌာန်းချက်မှာ တစ်စုံတစ်ဦးသည် ၎င်းကိုယ်တိုင်ပြစ်မှုတစ်ခုကိုကျူးလွန်ပြီးသည့်နောက် အပြစ်မဲ့သူတစ်ဦးအပေါ် (အထက်ဖော်ပြပါ အဖြစ်အပျက်တွင်ပါရှိသဲ့သို့ ဗနူအုဗိုင်ရစ်ခ်များကိုယ်တိုင် ကျူးလွန်ခဲ့သော ခိုးမှုကို စိုက်ယိဒနာလဗိဒ်အပေါ်သို့လည်းကောင်း ဂျူးအပေါ်သို့လည်းကောင်းအပြစ်ပုံချခြင်း) အပြစ်ပုံချခြင်းသည် စိုးရိမ်ဖွယ်ရာလုပ်ရပ်တစ်ခုပြုလုပ်ခြင်းပင်ဖြစ်သည်။ အပြစ်မဲ့သူတစ်ဦးကို ကြီးမားသော အတိုင်းအတာရှိသည့် မှားယွင်းစွာစွပ်စွဲခြင်းသည် ထင်ရှားသောအပြစ်ဖြစ်ပြီး သူ့အားအပြစ်ဝန်ထုပ်ဝန်ပိုး ပိုမိုပိစေပါသည်။

တမန်တော်မြတ် ﷺ အား ဦးတည်ပြောကြားသည့်အနေဖြင့် နဝမအာယသ် (၁၁၃)က မိန့်ကြားထားသည်မှာ ခိုးမှုနောက်ကွယ်၌ရှိသော ဖြစ်ရပ်မှန်ကို အသင့်အား "ဝဟီ"အားဖြင့် အသိပေးခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ အသနားတော်နှင့် ဂုဏ်ကျက်သရေတို့ပင်ဖြစ်ပါသည်။ သို့မဟုတ်ပါမူ ဤသူများတို့သည် အသင့်အား အမှားဘက်သို့ ရောက်စေပါလိမ့်မည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်ကျက်သရေနှင့် အသနားတော်သည် အသင်နှင့်အတူရှိနေသောကြောင့် အသင်သည် အထီးကျန်မဟုတ်ဘဲ ထိုသူများသည် အသင့်အား အမှားဘက်သို့ မပို့ဆောင်နိုင်ပါ။ ဤသည်နှင့်ဆန့်ကျင်စွာ သူတို့သည်သာ လမ်းမှားသို့ ရောက်သွားပါသည်။ ဤသူများသည် မည်သည့်နည်းနှင့်မဆို အသင့်အား အန္တရယ်မပြုနိုင်သည်ကို ယုံကြည်စိတ်ချပါ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကုရ်အာန်ကျမ်းတော်မြတ်ချပေးသနားတော်မူခဲ့ပြီး အသင်မသိရှိသောအရာများအတွက် အသင့်အား အသိဉာဏ်ပညာကို သင်ကြားပေးခဲ့သောကြောင့်ဖြစ်သည်။

## တမန်တော်မြတ် ﷺ သခင်နှင့် အိဂျ်သိဟာဒ်

اِنَّآ اَنۡزَلۡنَا اِلَيۡكَ الۡكِتٰبَ بِالۡحَقِّ "ဧကန်မလွဲငါအရှင်မြတ်သည်အသင့်ထံဝယ် ကျမ်းတော်မြတ်ကုရ်အာန်ကို မှန်ကန်မှုနှင့်တကွ ချပေးသနားတော်မူခဲ့၏" ဟူသောစကားလုံးများနှင့် အစပြုထားသော အာယသ်တော်(၁၀၅)က ဥပဒေသ (၅)ခု ပြဋ္ဌာန်းအတည်ပြုမှုကို အထောက်အကူပြုပေသည်။

၁။ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ရှင်းလင်းခိုင်လုံစွာ ဖော်ပြမထားသောအခြေအနေများတွင် တမန်တော်မြတ် ﷺ သခင်တွင် အဆုံးအဖြတ်ပေးနိုင်ခွင့်ရှိသည်။ အဓိကအရေးပါသော အခြေအနေများတွင် ကိုယ်တော်မြတ်

သည် အိဂ်္ဂသိဟာဒ်ကို အသုံးပြု၍ ဆုံးဖြတ်ချက်များစွာချခဲ့သည်။

၂။ ဤသည်မှ ပေါ်ထွက်လာသော ဒုတိယဥပဒေသကား အိဂ်္ဂသိဟာဒ်၏ ခိုင်လုံမှုနှင့် ခွဲခြား၍ မရအောင် ဆက်နွယ်နေသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်ထံတော်တွင် အိဂ်္ဂသိဟာဒ်တစ်ခုသည် ကုရ်အာန်ကျမ်းတော်မြတ်၏မူများနှင့် ကျမ်းတော်ပါမူရင်းစာသား၏ ရှင်းလင်းပြတ်သားသည့် ခိုင်လုံမှုတို့အပေါ် အခြေခံ၍ ထုတ်နှုတ်ကောက်ယူထားမှသာလျှင် ယုံကြည်ကိုးစားထိုက်သည်ဟု မှတ်ယူနိုင်သည်။ ရိုးစင်းသောထင်မြင်ချက်များ (သို့) အယူအဆများတို့သည် မယုံကြည် မကိုးစားထိုက်သကဲ့သို့ ရှရီအသ်တရားတော်က အသိအမှတ်ပြုထားသည်ဟု အဓိပ္ပာယ်သက်ရောက်သည့် အိဂ်္ဂသိဟာဒ်အဖြစ်လည်း မခေါ်ဆိုနိုင်ချေ။

၃။ တတိယဥပဒေသ၏ လမ်းညွှန်မှုအရ ကျွန်ုပ်တို့သိရှိရသည်မှာ တမန်တော်မြတ် ﷺ သခင် လုပ်ဆောင်ခဲ့သောအိဂ်္ဂသိဟာဒ်သည် မုဂ်္ဂသဟိဒ်အီမာမ်များလုပ်ဆောင်ခဲ့သည့် အိဂ်္ဂသိဟာဒ်နှင့်မတူချေ။ မုဂ်္ဂသဟိဒ်အီမာန်များ၏ အိဂ်္ဂသိဟာဒ်မှာ ဆုံးဖြတ်ချက်များယွင်းမှုတစ်ရပ်ဖြစ်နိုင်ချေ အမြဲရှိနိုင်သောကြောင့်ဖြစ်သည်။ တမန်တော်မြတ် ﷺ သခင်အတွက်မှာမူ ကိုယ်တော်မြတ်၏ အိဂ်္ဂသိဟာဒ်ပေါ် အခြေခံသည့် ဆုံးဖြတ်ချက်တစ်ရပ်ချရာတွင် မည်သည့်ဖြစ်နိုင်ဖွယ်များယွင်းမှုရှိခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ယင်းကို အမြဲတစေပြုပြင်ပေးတော်မူလိမ့်မည်။ ထို့ကြောင့် ကိုယ်တော်မြတ်၏ အိဂ်္ဂသိဟာဒ်အပေါ် အခြေခံ၍ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရာတွင် ယင်းဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မည်သည့်ဆန့်ကျင်မှုမှ ကျရောက်မလာခဲ့လျှင် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ထိုဆုံးဖြတ်ချက်မှာ နှစ်သက် လက်ခံသည်၊ မှန်ကန်သည်ဟူသော အညွှန်းတစ်ရပ်ပင်ဖြစ်ပေသည်။

၄။ စတုတ္ထဥပဒေသ၏ လမ်းညွှန်ချက်ကို ကျွန်ုပ်တို့သိရှိရသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်မှ ကိုယ်တော်မြတ် ﷺ သိရှိနားလည်သဘောပေါက်ခြင်းသည် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် ကိုယ်တော်မြတ် ﷺ ကြီးအား နားလည် သဘောပေါက်စေသည်မှအပ မည်သည်မျှ မဖြစ်နိုင်ချေ။ ဤတွင် နားလည်မှုလွဲမှားခြင်းဖြစ်နိုင်ဖွယ် တစ်ရပ် ဆိုသည်ပင်မရှိချေ။ ဤသည်နှင့် အခြားသောအုလမာနှင့် မုဂ်္ဂသဟီဒ်ဒီးန်တို့၏ အရေးကိစ္စကား ဆန့်ကျင်ဘက်ဖြစ်ပေသည်။ အုလမာနှင့် မုဂ်္ဂသဟီဒ်ဒီန်တို့ ကုရ်အာန်ကျမ်းတော်မြတ် နားလည်သဘောပေါက်မှုမှာ အလ္လာဟ်အရှင်မြတ် မိန့်ကြားခဲ့သည်တို့ကို ထိုအုလမာနှင့် မုဂ်္ဂသဟီဒ်တို့က လေ့လာ၍ တတ်သိနားလည်ခြင်းသာဖြစ်သည်၊ ÒA/–LAR'A–a`m–B_ “အကြင်အရာအတိုင်း အလ္လာဟ်အရှင်မြတ်သည် အသင့်အားသင်ကြားပြသတော်မူခဲ့လေသည်” ဟူသော အာယသ်တော်ကို ဂရုပြု၍ကြည့်မည်ဆိုလျှင် ခြားနားမှုကို သင်သိရှိပါလိမ့်မည်။ ဤအာယသ်တော်ပါ ထိုစကားလုံးက တမန်တော်မြတ် ﷺ ကို ရည်ညွှန်းသည်။ ထို့ကြောင့်ပင် တစ်စုံတစ်ဦးက စိုက်ယိဒိနာအုမရ်ﷺသခင်အား ÒA/–LAR'A–a`m–B_ù^\<H^aF–(အလ္လာဟ်အရှင်မြတ်ကသင့်ကို ပြသထားသကဲ့သို့ ဆုံးဖြတ်ပါလေ) ဆိုသောအခါ အုမရ် ﷺ သခင်က “ဤသည်မှာ အလ္လာဟ်တမန်တော်မြတ် ﷺ အတွက် အထူးသီးသန့်ဖြစ်သည်”ဟု ပြောဆို၍ ကြိမ်းမောင်းခဲ့သည်။

၅။ ဤသည်မှ ပဉ္စမဥပဒေသကို ကျွန်ုပ်တို့ထုတ်ယူခဲ့သည်မှာ မမှန်ကန်သောအမှု (သို့) မမှန်ကန်သောတောင်းဆိုမှုတို့နောက်လိုက်ခြင်းသည်လည်းကောင်း၊ ထုချေခြင်းသည်လည်းကောင်း၊ ပံ့ပိုးခြင်းသည်လည်းကောင်း၊ ထောက်ကူပြုခြင်းတို့သည်လည်းကောင်း လုံးဝဥဿုံ ဟရာမ်တားမြစ်ထားသည်။

**ဝန်ချတောင်းပန် သောင်ဗဟ်ပြုခြင်း၏ စစ်မှန်မှု**

**وَمَنْ يَّعْمَلْ سُوْٓءًا اَوْ يَظْلِمْ نَفْسَهٗ** စကားလုံးများဖြင့် အစပြုထားသော အာယသ် (၁၁၀)က ကျွန်ုပ်တို့ အားပြောသည်မှာ အများသူငါကို ထိခိုက်နစ်နာသည်ဖြစ်စေ၊ မိမိကိုယ်ကို ထိခိုက်နစ်နာသည်ဖြစ်စေ၊ "ဟုကူကုလ် အိဗာဒ်" လူသားတို့၏ အခွင့်အရေးချိုးဖောက်လျှင်ဖြစ်စေ၊ "ဟုကူကုလ္လာဟ်" အလ္လာဟ်အရှင့် အခွင့်အရေးကို ချိုးဖောက်လျှင်ဖြစ်စေ၊ မည်သို့သောအပြစ်များဖြစ်ပါစေ၊ ၎င်းတို့သည် တစ်စုံတစ်ဦး၏ ဝန်ချတောင်းပန်မှုနှင့် ခွင့်လွှတ်မှုတောင်းခံခြင်းတို့အားဖြင့် ခွင့်လွှတ်မှုရနိုင်သည်။ သို့သော်လည်း ခွင့်လွှတ်မှုရှာဖွေခြင်းနှင့် နောင်တရ ဝန်ချတောင်းပန်မှုပြုသခြင်း၏ စစ်မှန်မှုကိုသိရှိရန်မှာ လိုအပ်သည်။ **اَسْتَغْفِرُ اللّٰهَ وَاَتُوْبُ اِلَيْهِ** "အတ်စ်သဂ်ဖိရုလ် လ္လာဟ်" ကျွန်ုပ်တော်မျိုး အလ္လာဟ်အရှင်မြတ်ထံမှ ခွင့်လွှတ်ချမ်းသာပေးမှုတောင်းခံပါ၏။ "(ဝအသူဗုအိလိုင်ဟိ)" ကျွန်တော်မျိုး ဝန်ချတောင်းပန်ရန် အရှင်မြတ်ဘက်လှည့်ပါ၏ဟု နှုတ်မှမြွက်ဟကြေညာခြင်းသက်သက်သည် စစ်မှန်သောနောင်တရလုပ်ဆောင်ခြင်းမျိုး မဟုတ်ချေ။ ထို့ကြောင့် "အုလမာ" ပညာရှင်များ၏ တညီတညွတ်တည်း သဘောတူညီချက်အရ ပြစ်မှုအချို့ကျူးလွန်မိသောလူသည် ယင်းဂုနာဟ်ပြုလုပ်ခြင်းအတွက် အရှက်အကြောက် လည်းမရှိ၊ ယင်းအပြစ် ဂုနာဟ်ကိုလည်း မစွန့်လွှတ် (သို့) အနည်းဆုံးနောင်တွင် စွန့်လွှတ်မည်ဟု သန္နိဋ္ဌာန်မချပါက သူ၏နှုတ်မှမြွက်ဟသော အတ်စ်သဂ်ဖိရွလ္လာဟ်သည် ဝန်ချတောင်းပန်မှုကို ပွင့်ပွင့်လင်းလင်း ပျက်ရယ်ပြုခြင်း တစ်ရပ်ဖြစ်ပေသည်။

အချုပ်မှာ စစ်မှန်သော သောင်ဗဟ် ဝန်ချတောင်းပန်ခြင်းဖြစ်စေရန်အတွက် (၃)ချက်လိုအပ်သည်။

(၁) အတိတ်က ကျူးလွန်ခဲ့သော ဂုနာဟ်အပြစ်အတွက် ရှက်ကြောက်ခြင်း။

(၂) တစ်စုံတစ်ဦး ကျူးလွန်သော ပြစ်မှုဂုနာဟ်ကို ချက်ခြင်းစွန့်လွှတ်ခြင်း။

(၃) နောင်အနာဂတ်တွင် ပြစ်မှုဒုစရိုက်မှ ရှောင်ရှားမည်ဟု စိတ်ပိုင်းဖြတ်ခြင်း။

သို့သော်လည်း အလ္လာဟ်အရှင့် ကျေးကျွန်များ၏ ရပိုင်ခွင့်နှင့်ပတ်သက်သော ပြစ်မှုဂုနာဟ်များအတွက် ခွင့်လွှတ်မှုတောင်းခံမည်ဆိုလျှင် ကျူးလွန်ခံခဲ့ရသောသူများထံမှသာ တောင်းခံရမည်။ (သို့မဟုတ်) ပေးသင့်သည်ကို ပေးခြင်း၊ ငြင်းပယ်ခဲ့သည်ကို ဖြည့်ဆည်းခြင်းတို့ဖြစ်သည်။ ဤသည်များကား စစ်မှန်သောဝန်ချတောင်းပန်မှုကို စည်းနှောင်ထားသော အခြေအနေများဖြစ်သည်။

**တစ်စုံတစ်ဦးအပြစ်များကို အခြားသူများအပေါ်သို့ ပုံချခြင်းသည် ထပ်ဆင့်အပြစ်ဒဏ်ရစေသည်။**

**وَمَنْ يَّكْسِبْ خَطِيْٓئَةً اَوْ اِثْمًا ثُمَّ يَرْمِ بِهٖ الخ** မှ ကျွန်ုပ်တို့သိရှိရသည်မှာ လူတစ်ဦးသည် မိမိကိုယ်တိုင် ပြစ်မှုဂုနာဟ်ကိုကျူးလွန်ပြီး ယင်းကို အပြစ်မဲ့သူတစ်ဦးအပေါ်သို့ပုံချပါက ကြောက်မက်ဖွယ်ရာလုပ်ရပ်ဖြစ်ပြီး သူ၏ပြစ်မှုကိုနှစ်ဆတိုးစေကာ အလွန်ပြင်းထန်စေပါသည်။ သူသည် သူ့ကိုယ်သူအလွန်ကြီးလေးသော အပြစ်ဒဏ်နှင့် ထိုက်တန်သွားစေပါသည်။ ယင်းမှာ မိမိကိုယ်တိုင်ကျူးလွန်သော အပြစ်၏ပြစ်ဒဏ်နှင့် ထပ်ဆောင်းအပြစ်ဒဏ်ဖြစ်သည့် လိမ်လည်ခြင်းနှင့် မမှန်မကန် စွပ်စွဲခြင်းတို့၏ အပြစ်ဒဏ်ကိုပါခံရလေသည်။

## ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့၏ စစ်မှန်ခြင်း

အာယသ် (၁၁၃) وَاَنْزَلَ اللّٰهُ عَلَيْكَ الْكِتٰبَ وَالْحِكْمَةَ وَعَلَّمَكَ مَالَمْ تَكُنْ تَعْلَمُ "အလ္လာဟ်အရှင်မြတ်သည် အသင်၏အပေါ်ဝယ် ကျမ်းမြတ်ကိုဂျင်း၊ ဉာဏ်ပညာကိုဂျင်းချထားပေးတော်မူခဲ့၏။ ဂျင်းပြင်အသင်မသိနားမလည်ခဲ့သောအရာများကိုလည်း အသင့်အားသင်ကြား ပြသတော်မူခဲ့၏"ထဲတွင် "အလ်ကိသာဗ်" ကျမ်းစာအုပ်နှင့်"အလ်ဟစ်က်မသ်" ဉာဏ်ပညာကိုယှဉ်တွဲဖော်ပြ ထားခြင်းက "ဟစ်က်မသ်"ဆိုသည်မှာ စွန္နသ်တော်၏အမည်ဖြစ်ပြီး တမန်တော်မြတ်ကြီး၏သင်ကြားချက်များတို့သည်လည်း အလ္လာဟ်အရှင်မြတ်ထံတော်မှ တစ်ပါး မည်သူ့ထံကမျှ ချပေးခြင်းမဟုတ်ကြောင်းကို ညွှန်းပြပါသည်။ ကွဲပြားခြားနားခြင်းသည် စွန္နသ်တော်ပါ စကားလုံးတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ မဟုတ်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဂျင်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်စိတ်တစ်ဒေသမဟုတ်ပါ။ သို့ရာတွင် စွန္နသ်တော်၏ ဆိုလိုရင်းအဓိပ္ပာယ်များနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ ဆိုလိုရင်းအဓိပ္ပာယ်များသည် မုချဧကန် အလ္လာဟ် အရှင်မြတ်ထံတော်မှဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် ထိုနှစ်ခုစလုံးနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရခြင်းသည် မလုပ်မနေရဝါဂျိဗ်တာဝန် ဖြစ်လေသည်။

ဤသည်က အချို့သော ဓမ္မသတ်ပညာရှင်များပြောကြားသော "ဝဟီ"ထုတ်ပြန်ပို့ချခြင်းသည် နှစ်မျိုးနှစ်စားရှိကြောင်းကို ရှင်းလင်းစေပါသည်။ "မသ်လွန်း" ဖတ်ရွတ်သရဇ္ဈာယ်ရသော ဝဟီနှင့် "ဂိုင်းရ်မသ်လူး" ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမပြုသော "ဝဟီ"ဟူ၍ဖြစ်သည်။ ဝဟီမသ်လူးသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အမည်ဖြစ်ပြီး စကားလုံးများနှင့် ဆိုလိုရင်းအဓိပ္ပာယ်များပါ နှစ်ခုစလုံးတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်မှ ဖြစ်သည်။ "ဂိုင်းရ်မသ်လွန်း" သို့မဟုတ်ဖတ်ရွတ်သရဇ္ဈာယ်ခြင်း မပြုရသောဝဟီသည် ရစူလ်ကိုယ်တော်မြတ်၏ ဟဒီးဆ်တော်အမည်ဖြစ်သည်။ ဟဒီးဆ်တော်ပါစကားလုံးတို့သည် တမန်တော်မြတ် ﷺ သခင်ထံမှဖြစ်ပြီး ဆိုလိုရင်းအဓိပ္ပာယ် များတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်မှဖြစ်သည်။

အာယသ်(၁၁၃)-وَعَلَّمَكَ مَالَمْ تَكُنْ تَعْلَمُ "ဂျင်းပြင် အသင်မသိနားမလည်ခဲ့သော အရာများကိုလည်း အသင့်အားသင်ကြားပြသတော်မူခဲ့၏"ဟူသော စကားလုံးတို့က အခြားပြဿနာတစ်ခုကိုလည်း ဖြစ်စေပါသည်။ ယင်းပြဿနာမှာ အချို့သော အသိပညာမဲ့သူများကအခိုင်အမာပြောကြားသည်မှာ တမန်တော်မြတ်ﷺသခင်သည် စကြဝဠာတစ်ခုလုံးအတွင်းရှိ အရာများ၏ အကြောင်းကို အလ္လာဟ်အရှင်မြတ် သိရှိတော်မူသကဲ့သို့ အားလုံးခြုံငုံသိရှိနိုင်ခြင်း မရှိဟူ၍ဖြစ်သည်။ အမှန်မှာ တမန်တော်မြတ်ﷺသခင်၏ အသိပညာအတိုင်းအတာသည် အလ္လာဟ်အရှင်ပေးသနားတော်မူသည့်အတိုင်းသာဖြစ်သည်။ သို့ရာတွင် တမန်တော်မြတ်ﷺသခင်အပေါ် အလ္လာဟ်အရှင်ပေးသနားတော်မူသော အသိပညာသည် အားလုံးသောအဖန်ဆင်းခံများ၏ စုစုပေါင်းအသိဉာဏ်ပညာထက် သာလွန်သည်ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။

v v v v v v v

## အာယသ် (၁၁၄-၁၁၅)

لَا خَيْرَ فِيْ كَثِيْرٍ مِّنْ نَّجْوٰىهُمْ اِلَّا مَنْ اَمَرَ بِصَدَقَةٍ اَوْ
مَعْرُوْفٍ اَوْ اِصْلَاحٍۢ بَيْنَ النَّاسِ ؕ وَمَنْ يَّفْعَلْ ذٰلِكَ
ابْتِغَآءَ مَرْضَاتِ اللّٰهِ فَسَوْفَ نُؤْتِيْهِ اَجْرًا عَظِيْمًا ﴿۱۱۴﴾ وَمَنْ
يُّشَاقِقِ الرَّسُوْلَ مِنْۢ بَعْدِ مَا تَبَيَّنَ لَهُ الْهُدٰى وَ
يَتَّبِعْ غَيْرَ سَبِيْلِ الْمُؤْمِنِيْنَ نُوَلِّهٖ مَا تَوَلّٰى وَنُصْلِهٖ
جَهَنَّمَ ؕ وَسَآءَتْ مَصِيْرًا ﴿۱۱۵﴾

ယေဘုယျအားဖြင့် ၎င်းတို့၏ လျှို့ဝှက်တိုင်ပင်နှီးနှောခြင်းများ၌ ကောင်းမြတ်ခြင်းသည် အလျင်းမရှိချေ။ သို့ရာတွင် အကြင်သူသည် လှူဒါန်းပေးကမ်းရန်နှင့် စပ်လျဉ်း၍၎င်း၊ ကောင်းမှုပြုရန်နှင့် စပ်လျဉ်း၍၎င်း၊ လူတို့၏ စပ်ကြားတွင် သင့်မြတ်စေရန်နှင့် စပ်လျဉ်း၍၎င်း ညွှန်ကြား၏။ (ထိုသို့သောကိစ္စများနှင့် စပ်လျဉ်း၍ လျှို့ဝှက်စွာတိုင်ပင်နှီးနှောခြင်းများတွင်မူ ကောင်းမြတ်ခြင်းရှိပေသည်။) အမှန်စင်စစ် မည်သူမဆိုအလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကိုရယူခြင်းငှာ၊ ထိုကဲ့သို့ (ပေးကမ်းစွန့်ကြဲမှုကိုဎ၊ ကောင်းမှုကို ၎င်း လူခပင်းတို့စပ်ကြားဝယ် စေ့စပ်ခြင်းကိုဎ)ပြုမူအံ့။ သို့ဖြစ်လျှင် မကြာမြင့်မီ ငါအရှင်မြတ်သည် ထိုသူအားကြီးကျယ်လှစွာသော အကျိုးကိုချီးမြှင့်ပေး သနားတော်မူအံ့။ (၄:၁၁၄)

သို့ရာတွင် မည်သူမဆို မိမိအဖို့တရားမမှုလမ်းစဉ်သည် ထင်ရှားခဲ့ပြီးနောက် ရစူလ်တမန်တော်ကို ဆန့်ကျင်အံ့၊ ၎င်းပြင် ထိုသူသည် "မုအ်မင်န်" သက်ဝင် ယုံကြည်သူတို့၏ လမ်းစဉ်မှအပ အခြားလမ်းစဉ်ကိုလိုက်နာအံ့၊ သို့ဖြစ်လျှင် ငါအရှင်မြတ်သည် ထိုသူအား ၎င်းကိုယ်တိုင်လှည့်ရာဘက်သို့ လှည့်ပေးတော်မူအံ့။ ထို့နောက်တစ်ဖန် ငါအရှင်မြတ်သည် ထိုသူအား "ဂျဟန္နမ်" ငရဲဘုံသို့ထည့်သွင်းတော်မူအံ့။ စင်စစ်ထို "ဂျဟန္နမ်" ငရဲဘုံသည် အလွန် ယုတ်ညံ့လှသောပြန်လည်ရာဌာနပင်ဖြစ်ပေသည်။ (၄:၁၁၅)

**အာယသ်တော်၏ဆက်စပ်မှု**

ခိုးမှုအဖြစ်အပျက်နှင့် ပြစ်မှုကိုဖုံးကွယ်ရန်အတွက် အချင်းချင်းတီးတိုးတိုင်ပင်မှုများပြုလုပ်ပြီး အခြားသူများအား မမှန်ကန်သောစွပ်စွဲချက်များအကြောင်းမှတစ်ဆင့် အချင်းချင်း တိုင်ပင်မှုများဖြင့်ကောင်းမြတ်သောအရာများပြုလုပ်နိုင်ခြင်းအကြောင်းဆီသို့ စာသားများကဖော်ပြသွားပါသည်။ ယင်းတို့မှာ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များနှင့် တမန်တော်မြတ် ﷺ သခင်၏ သင်ကြားချက်များကို နာခံရိုကျိုးခြင်း အခြေအနေ၌ရှိစေနိုင်ခြင်းနှင့် အလ္လာဟ်နှင့် အရှင်မြတ်၏တမန်တော်ကို ယုံကြည်ကာ စံပြဖြောင့်မတ်မှန်ကန်သည့်လမ်းမှမသွေဖည်နိုင်ခြင်းပင်ဖြစ်ပါသည်။

**အကျယ်ဖွင့်ဆိုခြင်း**

**لاَ خَيْرَ فِىْ كَثِيْرٍ مِّنْ نَّجْوٰهُمْ** "ယေဘုယျအားဖြင့် ၎င်းတို့၏လျှို့ဝှက်တိုင်ပင်နှီးနှောခြင်းများ၌ ကောင်းမြတ်ခြင်းသည် အလျဉ်းမရှိချေ"ဟု အဓိပ္ပာယ်ပြန်ဆိုထားသော အာယသ် (၁၁၄)၏ပထမပိုင်းထဲတွင် နောင်လာမည့်ဘဝတွင် ကြုံတွေ့ရမည့်သောကများအကြောင်းသတိမမူဘဲ တခဏလောကီအကျိုးများကို ရရှိရန်အတွက် လူအများပြောဆိုကြသောစကားများ၊ ပြုလုပ်ကြသောအကြံအစည်များတို့တွင် ကောင်းမြတ်ခြင်းမရှိဟု ကြေညာပါသည်။

အာယသ်တော်၏ ဒုတိယအပိုဒ်ဖြစ်သော- **اِلَّا مَنْ اَمَرَ بِصَدَقَةٍ اَوْ مَعْرُوْفٍ اَوْ اِصْلاَحٍ بَيْنَ النَّاسِ** ဆိုလိုသည်မှာ စစ်မှန်သောကောင်းမြတ်ခြင်းတို့သည် အချင်းချင်းတိုင်ပင်ဆွေးနွေးမှုဖြင့်သာပေါ်ထွက်လာနိုင်သည်။ သို့မှသာ လူအများသည် အလှူဒါနလုပ်ငန်းစဉ်များထဲတွင် ပါဝင်နိုင်ရန်အတွက် တစ်ဦးကိုတစ်ဦးဖျောင်းဖျနိုင်ပါသည်။ သို့မဟုတ်လူအများအား မှန်ကန် ကောင်းမြတ်သည်များ လုပ်ဆောင်ရန်ပြောနိုင်သည်။ သို့မဟုတ် တစ်ဦးနှင့်တစ်ဦးကြား ငြိမ်းချမ်းရေးလုပ်ရန် စကားပြောဆိုနိုင်သည်။ တစ်စုံတစ်ဦးပြောဆိုသည့်မည်သည့်အရာမဆို အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသသတိရခြင်း(သို့) ကောင်းရာကိုညွှန်ကြား၍ မကောင်းရာကို တားမြစ်ခြင်းများမှအပ အခြားအကြောင်းအရာပြောဆိုခဲ့လျှင် ယင်းပြောဆိုချက်သည် တစ်နည်းမဟုတ်တစ်နည်း ထိုသူကို ထိခိုက်စေနိုင်သည်ဟု ဟဒီးဆ်တော် တစ်ရပ်တွင် မိန့်ကြားထားသည်။

ကောင်းရာညွှန်ကြားခြင်းသည် "အမ်ရ်ဗိလ်မအ်ရုဖ်" / OrimLaBrMA ဖြစ်ပြီး ရှရီအသ်တရားတော်က ကောင်းမြတ်သည်ဟု မှတ်ယူထားသည့် ကောင်းသောလုပ်ဆောင်မှုတိုင်းနှင့် ယင်းသည်ကောင်းမွန်ကြောင်း သိရှိသည့် လူများကလည်း သိသာထင်ရှားစွာ အသိအမှတ်ပြုထားသော အကြောင်းအရာများကို ရည်ညွှန်းသည်။ ဤသည်နှင့်ဆန့်ကျင်ဘက်မှာ မကောင်းရာကိုတားမြစ်ခြင်းသည် "နဟီအနလ်မုန်ကရ်" ဖြစ်သည်။ ယင်းမှာ ရှရီအသ်တရားတော်က မလိုလား မနှစ်သက်ဟုမှတ်ယူထားသော လုပ်ရပ်နှင့်ထိုအကြောင်းအရာများကို သိရှိသူများသည် ၎င်းကိစ္စရပ်များကို အကျွမ်း တဝင်မပြုလုပ်ဘဲ အတိအလင်း အသိအမှတ်ပြုမထားသော အကြောင်းအရာများဖြစ်သည်။

ကောင်းရာညွှန်ကြားမှုဌ် လူအများအားမှန်ကန်၍ ကောင်းမွန်သောအရာများလုပ်ဆောင်စေနိုင်သည်။ လှုံ့ဆော်ခြင်းများနှင့် မလွဲမရှောင်မဖြစ်မနေဆောင်ရွက်စေခြင်းများအားလုံးပါဝင်သည်။ အဖိနှိပ်ခံများကို ကူညီခြင်း၊ ချို့တဲ့သူများအား ငွေကြေးချေးငှားခြင်း၊ လမ်းပျောက်သူကို လမ်းညွှန်ခြင်း စသည့်တို့သည် ဤကျယ်ဝန်းသော အမျိုးအစားထဲတွင်ပါဝင်ကြသည်။ အလျှဒါနပြုခြင်းနှင့် လူများကြား ရင်ကြားစေ့ပေးရေးသည် ဤအဓိပ္ပာယ်ဖွင့်ဆိုချက်၏ တစ်စိတ်တစ်ဒေသဖြစ်သော်လည်း ယင်းတို့အကြောင်း သီးခြားဖော်ပြထားသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့၏ ကောင်းကျိုးကားလူတစ်ဦးမှ အခြားတစ်ဦးသို့ ရောက်စေကာ လူအဖွဲ့အစည်းတစ်ရပ်၏ စုပေါင်းဘဝကို ကောင်းမွန်တိုးတက်စေပါသည်။

ထို့အပြင် ဤလုပ်ငန်းနှစ်ရပ်စလုံးသည် အများအကျိုးဆောင်ရွက်ရာ၌ အဓိကအလိုအပ်ဆုံးဖြစ်သည်။ အလျှဒါနပြုခြင်းနှင့် ရင်ကြားစေ့ခြင်းသည် အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများကိုကောင်းကျိုးဖြစ်စေ၍ လူအများနစ်နာဆုံးရှုံးခြင်းမှ အကာအကွယ်ပေးလေသည်။ အလျှဒါနသည် လူအများအားအကျိုးဖြစ်ထွန်းစေ၍ ဆုံးရှုံးနစ်နာမှုကိုရပ်တန့်စေပါသည်။ ထို့ကြောင့် သဖိစိရ်ပညာရှင်အများ၏ တညီတညွတ်တည်းသဘောတူညီချက်အရ ဤနေရာ၌ ဆွဒကာဟ် (အလျှဒါန) ဟူသောစကားလုံးကို ယေဘုယျအဓိပ္ပာယ်တစ်ရပ်အဖြစ် သုံးနှုန်းထားကာ ယင်းတွင်ဇကာသ်(မပြုမနေရတာဝန်) အလျှဒါန၊ မိမိသဘောနှင့် မိမိလျှဒါန်းခြင်းများနှင့်တစ်စုံတစ်ဦးကို အကျိုးဖြစ်ထွန်းစေသော အရာတိုင်းပါဝင်ကြသည်။

## ငြိမ်းချမ်းရေးပြုလုပ်ခြင်း၏ထူးမြတ်မှုများ

တမန်တော်မြတ် ﷺသခင်သည် လူအများကြား အငြင်းအခုံဖြစ်ခြင်းကို ဖယ်ရှားပစ်ခြင်းနှင့် ထိုသူများအား တစ်ဦးနှင့်တစ်ဦး နားလည်သဘောပေါက်ကာ အတူတကွနေထိုင်၍ ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ ထူးမြတ်မှုကို အလေးထားမိန့်ကြားခဲ့သည်။ ကိုယ်တော်မြတ်မိန့်ကြားခဲ့သည်မှာ-

“ဥပုသ်သီလဆောက်တည်ခြင်း၊ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းနှင့် အလျှဒါနပြုခြင်းထက်သာပို မြင့်မြတ်သော လုပ်ရပ်တစ်ခုအကြောင်း ကျွန်ုပ်အသင်တို့အား ပြောရမည်လား။ ဆွဟာဗဟ်သာဝကကြီးများက “အမိန့် ရှိတော်မူပါ” ဟုပန်ကြားခဲ့သည်။ ထိုအခါ ကိုယ်တော်မြတ်က “ထိုအရာကား စိတ်ဝမ်းကွဲပြားမှုကို ဖယ်ရှားခြင်းဖြစ်သည်။ ယင်းကားလူနှစ်ဦးကြား အငြင်းပွားခြင်းကို ဖယ်ရှား၍ နှစ်ဦးကြားရင်ကြား စေ့ပေးခြင်းဖြင့် စိတ်ဝမ်းကွဲပြားမှု ဖယ်ရှားစေခြင်းဖြစ်သည်”ဟု မိန့်ကြားခဲ့သည်။

ကိုယ်တော်မြတ်က **فساد ذات البين هى الحالقة** “လူအများကြားစိတ်ဝမ်းကွဲပြားခြင်းသည် အမှန်ပင် ရိတ်သိမ်းလိုက်ခြင်းဖြစ်သည်” ထို့နောက် ကိုယ်တော်က “စိတ်ဝမ်းကွဲခြင်းသည် ခေါင်းကို ရိတ်လိုက်ခြင်းမဟုတ်ပေ တစ်စုံတစ်ဦး၏ အီမာန် ယုံကြည်မှုကို ရိတ်ခြင်းပင်ဖြစ်သည်”ဟု ရှင်းလင်းမိန့်ကြားခဲ့သည်။ အာယသ် (၁၁၄) နိဂုံးပိုင်းတွင် ထင်ရှားပေါ်လွင်သော သတိပေးချက်တစ်ရပ်ပါဝင်သည်မှာ အလျှဒါနပြုလုပ်စေခြင်း၊ ကောင်းရာလုပ်စေခြင်း(သို့) လူများကြားတွင် ကြားဝင်မေတ္တာရပ်ခြင်းစသော ဤကောင်းမြတ်သည့်လုပ်ရပ်များသည် လောကီ

အကျိုး(သို့)မည်သည့်ပုဂ္ဂိုလ်ရေးမျှမပါဘဲ အလ္လာဟ်အရှင်မြတ်နှစ်သက်ကျေနပ်ရေးအတွက် ဖြူစင်ရိုးသားစွာ ပြုလုပ်မှသာလျှင် တန်ဖိုးရှိ၍လက်ခံနိုင်ပေသည်။

**အုမ္မသ်ထု၏ တညီတညွတ်တည်း သဘောတူညီချက်များသည် ခိုင်လုံသော ဘာသာရေးဆိုင်ရာ အခွင့်အာဏာဖြစ်သည်။**

မိမိကိုယ်မိမိ ဂျဟန္နမ်ငရဲမီးသို့ပို့စေခြင်းနှင့် ကြီးမားသောပြစ်မှုတစ်ရပ်ဖြစ်စေသည့် အကြောင်းနှစ်ရပ်ကို အာယသ်တော်(၁၁၅)တွင် **وَمَنْ يُّشَا قِقِ الرَّسُوْلَ مِنْۢ بَعْدِ مَاتَبَيَّنَ لَهُ الْهُدٰى** ("သို့ရာတွင် မည်သူမဆို မိမိအဖို့ တရားမမှုလမ်းစဉ်သည် ထင်ရှားခဲ့ပြီးနောက် ရစူလ်တမန်တော်ကိုဆန့်ကျင်အံ့၊ ၎င်းပြင် ထိုသူသည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့၏ လမ်းစဉ်မှအပ အခြားလမ်းစဉ်ကိုလိုက်နာအံ့")ဟု ဖော်ပြထားခဲ့သည်။ ပထမအကြောင်းမှာ အလ္လာဟ်တမန်တော်အား ဆန့်ကျင်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် မယုံကြည်သွေဖည်ခြင်း ကုဖ်ရိန္နှင့်ကြောက်မက်ဖွယ်ကျိန်စာဖြစ်သည်မှာ ထင်ရှားသည်။ ဒုတိယအကြောင်းမှာ စကြဝဠာဆိုင်ရာ မုစ်လင်မ် အများ တညီတစ်ညွတ်တည်း သဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ စကြဝဠာရှိ မုစ်လင်မ်များအားလုံး သဘောတူညီထားသည့် ကိစ္စတစ်ရပ်ကို စွန့်လွှတ်ကာ ဆန့်ကျင်သည့်အခြားနည်းလမ်း ရွေးချယ်ခြင်းဖြစ်သည်။ ဤသည်က မုစ်လင်မ်အုမ္မသ်ထု၏ တညီတညွတ်တည်း သဘောတူညီချက်သည် ခိုင်လုံသော ဘာသာရေးဆိုင်ရာ အခွင့်အာဏာဖြစ်ကြောင်း ရှင်းလင်းပြပါသည်။ တစ်နည်းဆိုရလျှင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ပါ အမိန့်ပညတ်ချက်များကို လိုက်နာခြင်းသည် မပြုမနေရတာဝန်ဖြစ်သည်ဟု ကျွန်ုပ်တို့ သိရှိကြသည်။ အလားတူပင် မုစ်လင်မ်အုမ္မသ်ထုက စကြဝဠာလုံးဆိုင်ရာ တစ်စုံတစ်ခုကို သဘောတူညီခဲ့လျှင် ယင်းတညီတညွတ်တည်း သဘောတူညီချက်ကိုလိုက်နာရန်မှာလည်း မပြုမနေရတာဝန်ဖြစ်လာပါသည်။ ဤသဘောတူညီချက်အား မည်သည့်နည်းနှင့် ဆန့်ကျင်သည်ဖြစ်စေ ကြီးလေးသောပြစ်မှုဖြစ်ကြောင်း တမန်တော် မြတ်﴿ﷺ﴾သခင်က ဟဒီးဆ်တော်တစ်ရပ်တွင်မိန့်ကြားထားသည်မှာ- **يَدُاللّٰهِ عَلَى الْجَمَاعَةِ، مَنْ شَذَّ شُذَّفِي النَّارِ** "မုစ်လင်မ်အုမ္မသ်ထုအပေါ်၌ အလ္လာဟ်အရှင်မြတ်၏လက်တော်သည် ရှိနေသည်။ မည်သူမဆိုထိုအုမ္မသ်ထုမှ ခွဲသွားသည်ဖြစ်စေ မိမိကိုယ်တိုင်လမ်းခွဲသွားပါက ငရဲသို့ ပို့ဆောင်ခြင်းအတွက် ခွဲခြားပြီးဖြစ်သွားပါသည်"။ မုစ်လင်မ်အုမ္မသ်ထု၏ တညီတညွတ်တည်းသဘောတူညီချက်၏ အခွင့်အာဏာခိုင်မာမှုကို ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် သက်သေပြနိုင်ပါသလားဟု အိမာမ်ရှဖိအီအား မေးမြန်းခဲ့ပါသည်။ သူသည်ကုရ်အာန်ကျမ်းတော်မြတ်ကို သုံးရက်တိုင်တိုင် ဖတ်ရွတ်ခဲ့ပါသည်။ နေ့ရောညပါ ကျမ်းတော်မြတ်ကုရ်အာန်ကို သုံးကြိမ်ပြီးမြောက်အောင် ဖတ်ရွတ်ခဲ့သည်။ အဆုံးတွင် သူရှာဖွေတွေ့ရှိရသောသက်သေမှာ ဤအာယသ်တော်ပင်ဖြစ်ပါသည်။ ပညာရှင်များအား ဤအာယသ်တော်ကို အိမာမ်ရှာဖိအီက ညွှန်းပြသောအခါတွင် အားလုံးကသဘောတူခဲ့သည်။ ဤသက်သေ သည် "အိဂ်္ဂမအ်" မုစ်လင်မ်အုမ္မသ်ထု၏ တညီတညွတ်တည်းဆုံးဖြတ်ချက်၏ အခွင့်အာဏာကို အတည်ပြုရန် လုံလောက်ပါသည်။

အာယသ် (၁၁၆-၁၂၁)

إِنَّ اللَّهَ لَا يَغْفِرُ أَن يُشْرَكَ
بِهِۦ وَيَغْفِرُ مَا دُونَ ذَٰلِكَ لِمَن يَشَآءُ ۚ وَمَن يُشْرِكْ بِٱللَّهِ
فَقَدْ ضَلَّ ضَلَٰلًۢا بَعِيدًا ﴿١١٦﴾ إِن يَدْعُونَ مِن دُونِهِۦٓ إِلَّآ
إِنَٰثًا ۖ وَإِن يَدْعُونَ إِلَّا شَيْطَٰنًا مَّرِيدًا ﴿١١٧﴾ لَّعَنَهُ ٱللَّهُ ۘ
وَقَالَ لَأَتَّخِذَنَّ مِنْ عِبَادِكَ نَصِيبًا مَّفْرُوضًا ﴿١١٨﴾
وَلَأُضِلَّنَّهُمْ وَلَأُمَنِّيَنَّهُمْ وَلَءَامُرَنَّهُمْ فَلَيُبَتِّكُنَّ ءَاذَانَ
ٱلْأَنْعَٰمِ وَلَءَامُرَنَّهُمْ فَلَيُغَيِّرُنَّ خَلْقَ ٱللَّهِ ۚ وَمَن يَتَّخِذِ
ٱلشَّيْطَٰنَ وَلِيًّا مِّن دُونِ ٱللَّهِ فَقَدْ خَسِرَ خُسْرَانًا مُّبِينًا ﴿١١٩﴾
يَعِدُهُمْ وَيُمَنِّيهِمْ ۚ وَمَا يَعِدُهُمُ ٱلشَّيْطَٰنُ إِلَّا غُرُورًا ﴿١٢٠﴾
أُو۟لَٰٓئِكَ مَأْوَىٰهُمْ جَهَنَّمُ وَلَا يَجِدُونَ عَنْهَا مَحِيصًا ﴿١٢١﴾

မုချဇကန် အလ္လာဟ်အရှင်မြတ်သည် (အခြားတစ်စုံတစ်ရာကို)မိမိနှင့် တွဲဖက်ယဉ်ပြိုင်ကိုးကွယ်ခြင်းကို အလျင်းချမ်းသာခွင့်ပေးတော်မူမည်မဟုတ်ပေ။ သို့ရာတွင် ထိုမှတစ်ပါးအခြားအပြစ်ကိုမူ မိမိအလိုရှိတော်မူသူအား ခွင့်လွှတ်တော်မူပေမည်။ အမှန်စင်စစ်သော်ကား မည်သူမဆို (တစ်စုံတစ်ရာကို) အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်(ယှဉ်ပြိုင်ကိုးကွယ်)ပါမူ၊ ထိုသူသည် မလွဲဧကန် (မှန်ကန်သောတရားလမ်းတော်မှ) အလွန်တရာ ကမ်းလှမ်းဝေးကွာသော လမ်းမှားသို့ရောက်ရှိခဲ့ပြီ။ (၄း၁၁၆)

၎င်း(မုရှ်ရိုက်)တို့သည် ထိုအရှင်မြတ်မှတစ်ပါး "ဣတ္ထိ" "မ" များကိုသာ ကိုးကွယ်ကြ၏။ ၎င်းပြင် ထိုသူတို့သည် ပုန်ကန်သော "ရှိုင်တွာန်" ကိုသာတိုင်တည်ကိုးကွယ် ပတ္ထနာပြုကြသည်။ (၄း၁၁၇)

အလ္လာဟ်အရှင်မြတ်သည် "ရှိုင်တွာန်"ကို မိမိ ကရုဏာတော်မှ ကင်းဝေးတော်မူခဲ့ခြေပြီ။ (ယင်းကဲ့သို့ ကရုဏာတော်မှကင်းဝေးရသောအခါ) ထို"ရှိုင်တွာန်"က (ဤသို့) လျှောက်ထားခဲ့လေသည်။ "ကျွန်တော်မျိုးသည်

အရှင်မြတ်၏ ကျွန်များအနက်မှ (မိမိအဖို့မိမိ)သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော ဝေစုဝေပုံ တစ်စုံတစ်ခုကို မုချယူပါမည်။ (၄း၁၁၈)

(ယူမည့်နည်းကား) ကျွန်တော်မျိုးသည် ယင်းသူတို့အား လမ်းမှားသို့ လည်း မုချရောက်စေပါမည်။ ၎င်းပြင် ထိုသူတို့အား လိုချင်တပ်မက်ခြင်း ကိုလည်း အမှန်ပင်ဖြစ်စေပါမည်။ ထို့ပြင်တစ်ဝ ကျွန်တော်မျိုးသည် ယင်းသူတို့အား ဧကန်စင်စစ်အမိန့်ပေးပါမည်။ သို့ဖြစ်လျှင် ထိုသူတို့သည် ခြေလေးချောင်း သတ္တဝါတို့၏နားရွက်များကို ဖြတ်တောက်ကြလတ္တံ့။ ထိုနည်းတူစွာ ကျွန်တော်မျိုးသည် ၎င်းတို့အား အမိန့်ပေးပါမည်။ သို့အမိန့် ပေးလျှင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော (နဂိုမူလ) ရုပ်လက္ခဏာကိုပြောင်းလဲကြလတ္တံ့။ အမှန်စင်စစ်သော်ကား မည်သူ မဆို အလ္လာဟ်အရှင်မြတ်၏အစား "ရှိုင်တွာန်"ကို အဆွေခင်ပွန်း ပြုလုပ်အံ့။ ထိုသူမလွဲဧကန်အလွန် (ကြီးလေး) ထင်ရှားလှစွာသော နစ်နာ ဆုံးရှုံးမှုကို ခံစားရလတ္တံ့။ (၄း၁၁၉)

ထို(ရှိုင်တွာန်) သည် ထိုသူတို့အား ကတိပေး၏၊ တပ်မက်မောစေ၏၊ သို့ရာတွင်ထို "ရှိုင်တွာန်" သည် ထိုသူတို့အား လိမ်လည်ဖြားယောင်းခြင်း အားဖြင့်သာ ကတိပေးသည်။ (၄း၁၂၀)

ထိုသူများကား ဤသူများပင်တည်း၊ ယင်းသူတို့၏ ခိုလုံရာဌာနကား "ဂျဟန္နမ်"ငရဲဘုံဖြစ်၏။ ၎င်းပြင် ယင်းသူတို့သည် ထိုငရဲဘုံမှ ထွက်ပြေး လွတ်မြောက်ရာ တစ်စုံတစ်ရာဌာနကိုလည်း ရရှိကြမည်မဟုတ်ပေ။ (၄း၁၂၁)

## ဆက်စပ်မှု

ဖော်ပြပြီးခဲ့သော အာယသ်တော်များထဲတွင် 'ဂျိဟားဒ်' အကြောင်းနှင့်ပတ်သက်၍ ဖော်ပြရာ၌ အစွလာမ် ဘာသာကိုရန်လိုသော အင်အားစုအားလုံး အကျုံးဝင်စေသော်လည်း အမှန်တကယ်ဖော်ပြချက်သည် ဂျူးများ နှင့် အရေခြုံများကို သီးသန့်ပြုထားပါသည်။ ဆန့်ကျင်သူများ၏ ကြီးမားသောအုပ်စုထဲတွင် ဘုရားမဲ့သူများ၏ အရေအတွက်က ပိုမိုများပြားပါသည်။ ယခုဖော်ပြမည့် အာယသ်တော်များထဲတွင် ယင်းတို့၏ ယုံကြည်ချက် အကြောင်းပါဝင်ပြီး ၎င်းတို့ရင်ဆိုင်ရမည့် အပြစ်ဒဏ်ကိုလည်း ညွှန်းပြထားပါသည်။ ဤနေရာ၌ ထိုအကြောင်းအရာ ကို ဖော်ပြခြင်းသည် အဆက်အစပ်ရှိပါသည်။ အစောပိုင်းက ဖော်ပြခဲ့သောသူခိုးသည် ဘုရားမဲ့ သူတစ်ယောက် ဖြစ်သွားကြောင်းကို ပြန်လည်သတိရပါလိမ့်မည်။ သူအမြဲ ကျခံရမည့်ပြစ်ဒဏ်သည် သူကိုယ်တိုင်ရှာဖွေသွားခြင်း ဖြစ်ကြောင်း ထင်ရှားပါသည်။ **(ဗယာန္နလ်ကုရ်အာန်)**

## အကျယ်ဖွင့်ဆိုချက်

ပထမအာယသ်ဖြစ်သော(၁၁၆)- **اِنَّ اللّٰهَ لاَ يَغْفِرُ اَنْ يُّشْرَكَ بِهٖ وَيَغْفِرُ مَادُوْنَ ذٰلِكَ لِمَنْ يَّشَآءُ** "မုချ ဧကန်အလ္လာဟ်အရှင်မြတ်သည် (အခြားတစ်စုံတစ်ရာကို) မိမိနှင့်တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်ခြင်းကို အလျှင်းချမ်းသာခွင့်ပေးတော်မူမည်မဟုတ်ပေ။ သို့ရာတွင် ထိုမှတစ်ပါး အခြားအပြစ်ကိုမူ မိမိအလိုရှိတော်မူသောသူအားခွင့်လွှတ်တော်မူပေမည်" သည် အာယသ်တော်၏ နောက်ဆုံးစကားလုံးအချို့မှလွဲ၍ စူရတ်အလ်နိစာအ်၏ အစောပိုင်း အာယသ်(၄၈)တွင် ဤစကားလုံးများအတိုင်း ဖော်ပြထားသည်။ အစောပိုင်းကဖော်ပြခဲ့သောအာယသ်(၄၈)၏အဆုံးတွင်ပါဝင်သော စကားလုံးများမှာ- **وَمَنْ يُّشْرِكْ بِاللّٰهِ فَقَدِ افْتَرٰٓى اِثْمًا عَظِيْمًا** "အမှန်စင်စစ်သော်ကားမည်သူမဆိုတစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ပါမူ ထိုသူသည် ဧကန်မလွဲအလွန်ကြီးလေးလှစွာသော ပြစ်မှုဒုစရိုက်ကို ကျူးလွန်ခဲ့လေသတည်း၊ (၄း၄၈) ဖြစ်သကဲ့သို့ ယခုဆွေးနွေးနေသောအာယသ်တော် (၁၁၆)၏ နောက်ဆုံးတွင်ပါဝင်သော စကားလုံးများမှာ- **وَمَنْ يُّشْرِكْ بِاللّٰهِ فَقَدْ ضَلَّ ضَلٰلاً بَعِيْدًا** "အမှန်စင်စစ်သော်ကား မည်သူမဆို (တစ်စုံတစ်ရာကို) အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက် (ယှဉ်ပြိုင်ကိုးကွယ်)ပါမူ ထိုသူသည် မလွဲဧကန် (မှန်ကန်သောတရားလမ်းတော်မှ) အလွန်အလှမ်းဝေးကွာသောလမ်းမှားသို့ ရောက်ရှိချေပြီ။ (၄း၁၁၆)ဟု ဖြစ်ပါသည်။ ကျော်ကြားသော ဋီကာရှင်များ၏ ရှင်းလင်းချက်တွင် ကွဲပြားခြားနားချက်၏အကြောင်းရင်းမှာအစောပိုင်းအာယသ်တော် (၄၈)ထဲတွင် ဦးတည်ပြောကြားခြင်းခံရသူများတို့သည် (သောင်ဟီးဒ်)(အလ္လာဟ်အရှင်တစ်ပါးတည်းရှိကြောင်း)ဆိုသည်၏ မှန်ကန်ချက်အလုံးစုံနှင့် ရှိရှိရစ်က် (အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်ခြင်းမှားယွင်းမှုများ)အပြင် မြင့်မြတ်သောတမန်တော်မြတ် ﷺသခင်၏ တမန်တော်မြတ်ဖြစ်ခြင်းစစ်မှန်မှုကို "သောင်ရသ်"ကျမ်းတော်မှတစ်ဆင့်သိရှိထားသောကျမ်းရသူဂျူးများဖြစ်ပါသည်။ သို့သော်ငြားလည်း ၎င်းတို့သည် "ရှိရှိရိစ်က်" တုဖက်ယှဉ်တွဲကိုးကွယ်မှုတွင် ကျူးလွန်ကြသည်။ သူတို့၏ လုပ်ရပ်တို့သည် "သောင်ရသ်" ကျမ်းတော်၏သင်ကြားပြသမှုများဖြစ်သည်ဟု ဟန်ဆောင်ကြပါသည်။ ယင်းလုပ်ရပ်သည် လုံးဝဥဿုံမမှန်မကန်လုပ်ခြင်းနှင့် စွပ်စွဲခြင်းတို့ဖြစ်သည်။ ထို့ကြောင့် အာယသ် (၄၈)၏ အဆုံးတွင် **فَقَدِ افْتَرٰٓى اِثْمًا عَظِيْمًا** "အလွန်ကြီးလေးလှစွာသော ပြစ်မှုဒုစရိုက်ကို ကျူးလွန်ခဲ့လေသည်" ဟူ၍မိန့်ထားပါသည်။ ကျွန်ုပ်တို့ယခုဆွေးနွေးနေသော အာယသ် (၁၁၆)သည် မည်သည့်ကျမ်းစာအုပ်မျှသော်လည်းကောင်း၊ ထိုအချိန်အလျင်က မည်သည့်နဗီတမန်တော်တစ်ပါးပါး ပွင့်ခဲ့သည်ဆိုသော နောက်ကြောင်းမရှိသည့် မက္ကာဟ်မြို့ရှိ ဘုရားမဲ့များကို ဦးတည်ပြောကြားထားသည်။ သို့ရာတွင် အလ္လာဟ်အရှင် တစ်ပါးတည်းရှိသည်ဆိုကြောင်းကို အထောက်အကူပြုသည့် ယထာဘူတကျသည် အခြေအတင်ပြောဆိုမှုများကား အလွန်ရှင်းလင်းလှပါသည်။ သူတို့၏လက်များဖြင့် ထုဆစ်ထားသောကျောက်တုံးများကိုကိုးကွယ်ရာဟုမှတ်ယူခြင်းသည် အကျိုးမရှိယုံမျှမက သာမာန်အသိဉာဏ်ရှိသူတစ်စုံတစ်ယောက်အမြင်မှာပင်မှားယွင်းနေပါသည်။ ထို့ကြောင့် ဤနေရာ၌ **فَقَدْ ضَلَّ ضَلٰلاً بَعِيْدًا** "ထိုသူသည် မလွဲဧကန် (မှန်ကန်သော တရားလမ်းတော်မှ) အလွန်ကမ်းလှမ်းဝေးကွာသော လမ်းမှားသို့ရောက်ရှိချေပြီ"ဟုမိန့်ထားသည်။

## ရှိရ်ရစ်က်နှင့်ကုဖ်ရ်ပြစ်မှုအတွက်ပြစ်ဒဏ်ခံရခြင်းသည် အမြဲထာဝရဖြစ်သည်

အချို့သောသူများက ဤနေရာတွင် ဒွိဟသံသယတို့ကိုထုတ်ဖော်ပြသကြသည်။ သူတို့က ပြစ်ဒဏ်ခတ်မှုသည် လုပ်ရပ်နှင့်အချိုးညီသင့်သည်ဟု ထင်မှတ်ကြသည်။ မယုံကြည်သွေဖည်ခြင်းဆိုသည့် ပြစ်မှုနှင့် အလွှာတ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်းဆိုသည့်ပြစ်မှုကို ကာဖိရ်များနှင့် မုရှ်ရစ်က်များတို့က ဘဝတစ်ခုအတွက် သတ်မှတ်ထားသောအချိန်အတိုင်းအတာတစ်ခုလုံးအတွင်းတွင် ကျူးလွန်ခဲ့ကြသည်။ ထိုပြစ်မှု၏ ပြစ်ဒဏ် သည် အဘယ်အတွက်ကြောင့် အကန့်အသတ်မရှိ အမြဲထာဝရဖြစ်ရပါသနည်း။ အဖြေမှာ ကုဖ်နှင့်ရှိရ်ရစ်က် ပြုလုပ်သူသည် သူလုပ်သည်မှာ ပြစ်မှုတစ်ခုကျူးလွန်ခြင်းဟု မမှတ်ယူခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပြစ်မှုလုပ်ခြင်းကို ကောင်းမှုဖြစ်သည်။ လျော်ကန်သင့်မြတ်သည်။ တစ်စုံတစ်ဦး၏အတိုင်းအတာတစ်ခုအထိ ထိုက်တန်သည့်အရာဟူ၍မှတ်ယူသည်။ ထို့ကြောင့်သူ၏ လုပ်ဆောင်ပုံနည်းလမ်းသည် သူအမြဲတစေ ဤကဲ့သို့ရှိနေလိမ့်မည်ဟူသည့် ရည်စူး ချက်ပူးတွဲပါရှိလာသည်။ အကယ်၍ သူကဲ့သို့သော ကာဖိရ်တစ်ဦးဖြစ်စေ၊ မုရှ်ရိစ်က်တစ်ဦးဖြစ်စေ၊ ဤကဲ့သို့သောအနေအထားကို နောက်ဆုံးထွက်သက်ရှူသည့်အချိန်အထိ ဖက်တွယ်ထားခဲ့ပါလျှင် သူ့ဆန္ဒနှင့်သူ၏ ရွေးချယ်မှုအလျှောက် အမြဲထာဝရပြစ်မှုတစ်ခုကို ကျူးလွန်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤပြစ်မှုအတွင် ပြစ်ဒဏ်ခတ်မှုသည် အမြဲထာဝရဖြစ်ရပေမည်။

## **ဇူလ်လွန်မ်** ùl :

ဇူလ်လွန်မ် (မတရားမှု)သုံးမျိုးသုံးစားရှိသည်။

(၁) အလွှာတ်အရှင်မြတ် မည်သည့်အခါမျှခွင့်လွှတ်ခြင်းမပြုသည့်အမျိုးအစား။

(၂) ခွင့်လွှတ်ခြင်းခံရနိုင်သောအမျိုးအစား။

(၃) အလွှာတ်အရှင်မြတ်ကပြစ်ဒဏ်ခတ်ခြင်းခံရမည့်အမျိုးအစား။

မတရားမှု၏ ပထမအမျိုးအစားမှာ ရှိရ်ရိစ်က် အလွှာတ်အရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲ ကိုးကွယ်ခြင်းဖြစ်ပါသည်။ ဒုတိယအမျိုးအစားမှာ အလွှာတ်အရှင်မြတ်အတွက် သတ်မှတ်ထားသော တာဝန်ဝတ္တရားများဖြည့်ဆည်းရန်ချို့တဲ့ခြင်း။ ယင်းကို ÕA"ဝqH "ဟုကုကုလွှာတ်"ဟုခေါ်ပါသည်။ မတရားမှု တတိယအမျိုးအစားမှာ အလွှာတ်အရှင် အဖန်ဆင်းခံ တစ်ဦးနှင့်တစ်ဦး၏ ရပိုင်ခွင့်များကိုချိုးဖောက်ခြင်း။ ယင်းကို DabiLA"ဝqH "ဟုကုကုလ်အိဗဒ်" ဟုခေါ်ပါသည်။ **(မုစနဒ်ဗဇာမှအိဝ်နိကဆီး၍)**

## ရှိရ်ရိစ်က်၏ စစ်မှန်ခြင်းမှာမည်သည်နည်း

ရှိရ်ရိစ်က်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်အပြင် မည်သည့်အဖန်ဆင်းခံကိုမဆို အလ္လာဟ်အရှင်မြတ်နှင့်အတူ ခဝတ်ကိုးကွယ်ခံထိုက်သူဟုလည်းကောင်းချစ်ကြောက်ရိုသေထိုက်သူဟုလည်းကောင်းမှတ်ယူခြင်းဖြစ်သည်။ ဂျဟန္နမ်ငရဲဘုံသို့ကျဆင်းပြီးသူများက ပြောကြားမည့်စကားလုံးများကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ဖော်ပြထားသည်မှာ- **تَاللّٰهِ اِنۡ كُنَّا لَفِىۡ ضَلٰلٍ مُّبِيۡنٍ، اِذۡ نُسَوِّيۡكُمۡ بِرَبِّ الۡعَالَمِيۡنَ** "အလ္လာဟ်အရှင်မြတ်၏" "ကစမ်" ဧကန်အမှန်ကျွန်ုပ်တို့သည် အလွန်ထင်ရှား လှစွာသော လမ်းလွဲမှု၌ပင်ရှိခဲ့ကြကုန်၏။ အကြင်အခါဝယ် ကျွန်ုပ်တို့သည် အသင်တို့အား စကြဝဠာခပ်သိမ်းတို့ကိုဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့်အတူ ဂုဏ်ရည်တူများပြုလုပ်လျက်ရှိခဲ့ကြကုန်၏" (၂၆း၉၇-၉၈)ဟူ၍ဖြစ်သည်။

ဘုရားအများကိုးကွယ်သူများကပင်လျှင် သူတို့ပြုလုပ်ထားသော ရုပ်ထုများတို့သည် ဖန်ဆင်းရှင်နှင့် စကြဝဠာအရှင်သခင်ဖြစ်သည်ဟု မယုံကြည်ကြသည်မှာ ထင်ရှားပါသည်။ ဤသို့ဖြစ်ရသည်မှာ အခြားသောများယွင်းသည့်အယူအဆများကြောင့် ခဝတ်ကိုးကွယ်ခြင်းအမှုနှင့် ချစ်ကြောက်ရိုသေမှုမျိုးများတို့တွင် ထိုရုပ်ထုများတို့သည် အလ္လာဟ်အရှင်မြတ်နှင့် တန်းတူဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။ ၎င်းတို့ ဂျဟန္နမ်အတွင်းသို့ သက်ဆင်းရသည့်အကြောင်းမှာ ဤ "ရှိရ်ရိစ်က်"ပင်ဖြစ်သည်။ **(ဖတ်သ်အလ်မုလ်ဟင်းမ်)**

အချုပ်ပြောရလျှင် ဤကဲ့သို့သောသီးခြားဂုဏ်တော်များဖြစ်သည့် ဖန်ဆင်းတော်မူသောအရှင်၊ ကျွေးမွေးစောင့်ရှောက်တော်မူသောအရှင်၊ အကြွင်းမဲ့အရှင်သခင်နှင့် အလုံးစုံသိရှိတော်မူသောအရှင်ဟူသည့် ဂုဏ်တော်များနှင့် ပတ်သက်၍ မည်သည့်အဖန်ဆင်းခံမဆို အလ္လာဟ်အရှင်မြတ်နှင့်အတူ တန်းတူရည်တူရှိသည်ဟု မှတ်ယူခြင်းသည် ရှိရ်ရိစ်က်ဖြစ်သည်။

v v v v v v v

အာယသ် (၁၂၂-၁၂၆)

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ سَنُدْخِلُهُمْ جَنّٰتٍ
تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ وَعْدَ اللّٰهِ
حَقًّا ؕ وَمَنْ اَصْدَقُ مِنَ اللّٰهِ قِيْلًا ﴿۱۲۲﴾ لَيْسَ بِاَمَانِيِّكُمْ
وَلَآ اَمَانِيِّ اَهْلِ الْكِتٰبِ ؕ مَنْ يَّعْمَلْ سُوْٓءًا يُّجْزَ بِهٖ ۙ وَ
لَا يَجِدْ لَهٗ مِنْ دُوْنِ اللّٰهِ وَلِيًّا وَّلَا نَصِيْرًا ﴿۱۲۳﴾ وَمَنْ يَّعْمَلْ
مِنَ الصّٰلِحٰتِ مِنْ ذَكَرٍ اَوْ اُنْثٰى وَهُوَ مُؤْمِنٌ فَاُولٰٓئِكَ
يَدْخُلُوْنَ الْجَنَّةَ وَلَا يُظْلَمُوْنَ نَقِيْرًا ﴿۱۲۴﴾ وَمَنْ اَحْسَنُ
دِيْنًا مِّمَّنْ اَسْلَمَ وَجْهَهٗ لِلّٰهِ وَهُوَ مُحْسِنٌ وَّاتَّبَعَ مِلَّةَ
اِبْرٰهِيْمَ حَنِيْفًا ؕ وَاتَّخَذَ اللّٰهُ اِبْرٰهِيْمَ خَلِيْلًا ﴿۱۲۵﴾ وَلِلّٰهِ مَا فِي
السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ وَكَانَ اللّٰهُ بِكُلِّ شَيْءٍ مُّحِيْطًا ﴿۱۲۶﴾

သို့ရာတွင် အကြင်သူများသည် “အီမာန်” ယုံကြည်ခဲ့ကြ၏။ ၎င်းပြင် ကောင်းမြတ်သောကျင့်ဝတ်များကိုလည်း ကျင့်မူခဲ့ကြ၏။ ငါအရှင်မြတ်သည် မကြာမြင့်မီ ထိုသူတို့အား (အကြင်သို့သော) ဥယျာဉ်များသို့ ဝင်ရောက်နေထိုင်စေတော်မူအံ့။ ထိုဥယျာဉ်များအောက်မှ စမ်းရေချောင်းများသည် စီးတွေလျက်ရှိကြအံ့။ ထိုသူများသည် ထိုဥယျာဉ်များတွင် အမြဲထာဝစဉ် နေထိုင်စံမြန်းကြအံ့။ အလ္လာဟ်အရှင်မြတ်သည် မှန်ကန်သော ကတိကိုပြုထားတော်မူသည်။ အမှန်စင်စစ်အလ္လာဟ်အရှင်မြတ်ထက်ပိုမို၍ စကားအရာ၌ မှန်ကန်သောသူသည် မည်သူရှိအံ့နည်း။ (၄း၁၂၂)

အသင်တို့၏ အာသာရမွက်အလိုဆန္ဒအတိုင်းလည်းဖြစ်မည်မဟုတ်ပေ။ (ရှေးအထက်) ကျန်းဂန်ရရှိသောသူတို့၏ အာသာရမွက်အလိုဆန္ဒအတိုင်းလည်း ဖြစ်မည်မဟုတ်ပေ။ (စင်စစ်အားဖြင့်) မည်သူမဆို မကောင်းမှုဒုစရိုက်ကိုကျင့်မူအံ့။ ထိုသူသည် ယင်းမကောင်းမှုအတွက် အပြစ်ပေးခြင်းကိုခံရလတ္တံ့။ ထို့ပြင်တစ်ဝ ယင်းသူသည် မိမိအဖို့ အလ္လာဟ်အရှင်မြတ်မှ တစ်ပါးအခြားအဆွေခင်ပွန်းတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း ကူညီစောင်မ

မည့်သူ တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း တွေ့ရှိလိမ့်မည်မဟုတ်ချေ။ (၄း၁၂၃)

သို့ရာတွင် မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကောင်းမြတ်သော အကျင့်ဝတ်တို့ကို ကျင့်မူအံ့။ ၎င်းပြင် ထိုသူသည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူလည်းဖြစ်အံ့။ သို့ဖြစ်လျှင် ထိုကဲ့သို့သော သူတို့သည် "ဂျန္နသ်" အမတ သုခဘုံသို့ ဝင်ရောက်(စံမြန်း) ကြရမည့်အပြင် ထိုသူတို့သည် နှိပ်စက်ညှင်းပန်းခြင်းကိုလည်း စိုးစဉ်းမျှ ခံကြရမည်မဟုတ်ပေ။ (၄း၁၂၄)

အမှန်သော်ကား အကြင်သူထက် "ဒီန်"သာသနာအားဖြင့် ပိုမို၍ မြင့်မြတ်သောသူသည် မည်သူရှိသနည်း။ ထိုသူသည် မိမိမျက်နှာ (မိမိကိုယ်)ကို အလွှာဟ်အရှင်မြတ် အထံတော်သို့ အပ်နှင်းခဲ့သည့်ပြင် (အပြောအဆိုအကျင့်အမူအားဖြင့်) မြင့်မြတ်သောသူလည်းဖြစ်၏။ ထိုမှတစ်ပါး ထိုသူသည် ဖြောင့်မတ်တည်ကြည်သော (နဗီတမန်တော်) အိဗ်ရာဟီမ်၏ "ဒီန်" သာသနာကိုလည်း လိုက်နာ၏။ အမှန်စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် (နဗီတမန်တော်)အိဗ်ရာဟီမ်အား (မိမိ)မိတ်ဆွေအဖြစ်ပြုလုပ်ချီးမြှင့်တော်မူခဲ့လေသတည်း။ (၄း၁၂၅)

ထို့ပြင်တစ်ဝ အာကာသကောင်းကင်များ၌ ရှိရှိသမျှတို့သည်၎င်း၊ ပထဝီမြေကြီး၌ ရှိရှိသမျှတို့သည်၎င်း၊ အလွှာ်အရှင်မြတ်ပိုင်ဆိုင်သောပစ္စည်းများသာဖြစ်သည်။ စင်စစ် အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဝန်းခြုံလျှက်ရှိတော်မူသောအရှင်ဖြစ်တော်မူသည်။ (၄း၁၂၆)

**အကျယ်ဖွင့်ဆိုခြင်း**

**တစ်ဦးကိုတစ်ဦး အပြိုင်အဆိုင်ဂုဏ်ပေးရန်အတွက် ရှေးကျမ်းရသူများနှင့် မုစ်လင်မ်များအကြား အချီအချစကားပြောဆိုခြင်း**

အာယသ်(၁၂၃)တွင်- "لَيْسَ بِاَمَانِيِّكُمْ وَلَآ اَمَانِيِّ اَهْلِ الْكِتٰبِ" အသင်တို့၏ အာသာရမ္မက်အလိုဆန္ဒအတိုင်းလည်းဖြစ်မည်ဟုတ်ပေ။ (ရှေးအထက်)ကျမ်းဂန်ရရှိသူတို့၏ အာသာရမ္မက်အလိုဆန္ဒအတိုင်းလည်းဖြစ်မည်ဟုတ်ပေ"ဟူသည့်စကားလုံးများနှင့် စတင်ထားခြင်းသည် မုစ်လင်မ်များနှင့် အထက်ကျမ်းရပုဂ္ဂိုလ်များအကြား အပြန်အလှန်စကားပြောဆိုခြင်းအကြောင်းဖြစ်သည်။ သည့်နောက် ဆက်လာသည်မှာ အပြိုင်အဆိုင်ထိပ်တိုက်ရင်ဆိုင်သူများ လမ်းမှန်ရောက်ရှိစေရန်အသိဉာဏ်နှင့် ဉာဏ်အမျှော်အမြင်ရှိသော ဥပဒေလိုက်လာပါသည်။ နောက်ဆုံးတွင် အလွှာဟ်အရှင်မြတ်ထံတော်၌ မည်သူသာသည်၊ မည်သူသည်ပိုမြင့်မြတ်သည်၊ မည်သူကိုလက်ခံသည်ဆိုသော တိုင်းတာမှုစံတစ်ရပ်ပေးထားခြင်းကို ဤနေရာတွင်ဖော်ပြထားသည်။ ယင်းတိုင်းတာမှုစံကို ဂရုတစိုက်လိုက်နာကျင့်သုံးပါက မည်သည့်လူသားမျှ မှားယွင်းခြင်း၊ လမ်းမှားရောက်ခြင်းမရှိနိုင်ချေ။

စိုက်ယိဒိနာ ကသာဒဟ်အဆိုရ တစ်ခါနိုက မုစ်လင်မ်အချို့နှင့် ရှေးအထက်ကျမ်းရသူများသည် တစ်ဦးနှင့်တစ်ဦး အောက်ခြေလွတ်ကာ အခြေအတင်စကားဆိုခဲ့ကြသည်။ ကျမ်းရသူများက ၎င်းတို့၏ တမန်တော်သည် အစွလာမ့်တမန်တော်အလျင် ပွင့်တော်မူခြင်း၊ ၎င်းတို့ကျမ်းသည် မုစ်လင်မ်များ၏ ကုရ်အာန်ကျမ်းတော်မြတ်ထက် အလျင်ပေါ်ထွက်ခဲ့ခြင်းကြောင့် သူတို့သည် သာလွန်မြင့်မြတ်သည်ဟုပြောကြားခဲ့ကြသည်။ မုစ်လင်မ်များက ပြန်လည်ချေပပြောဆိုခဲ့သည်မှာ ၎င်းတို့၏တမန်တော်သည် တမန်တော်များ၏ နောက်ဆုံးတမန်တော်ဖြစ်ခြင်း၊ ၎င်းတို့၏ကျမ်းမြတ်ကုရ်အာန်သည် နောက်ဆုံးကျမ်းမြတ်ဖြစ်၍ ယင်းကျမ်းက ရှေးယခင်ကကျမ်းအားလုံးကို ပယ်ဖျက်ရုပ်သိမ်းခဲ့သောကြောင့် သူတို့သာလျှင် သာလွန်မြင့်မြတ်သည်ဟုပြောဆိုခဲ့ကြသည်။ ထိုစဉ်အထက် အဖော်ပြပါအာယသ်တော်ကျရောက်ခဲ့သည်။ ဆိုလိုသည်မှာ ထိုကဲ့သို့ မိမိကိုယ်ကို ဂုဏ်ပေးခြင်း၊ မိမိကိုယ်ကို ချီးကျူးခြင်းမပြုထိုက်ပါ။ အဘယ့်ကြောင့်ဆိုသော် ထင်မြင်ချက်များ၊ အလိုဆန္ဒများနှင့် အခိုင်အမာ ပြောဆိုချက်များပေါ် အခြေခံ၍ မည်သူသည်မည်သူ့ထက်ပိုမိုမြင့်မြတ်သည်ဟု မည်သူမျှမပြောဆိုနိုင်ပါ။ ယင်းအစား အရာရာသည် ကျင့်ဆောင်မှုများအပေါ် တည်မှီနေသည်။ မိမိ၏တမန်တော်နှင့် ကျမ်းတော်ကမည်မျှမြင့်မြတ်သာလွန်စေကာမူ ယင်းအပေါ်လိုက်နာကျင့်ကြံမှုကသာလျှင် အဓိကဖြစ်ပေသည်။ အကယ်၍ ၎င်းသူသည် မကောင်းသော အပြုအမူများကျင့်ကြံခဲ့လျှင် ထိုက်တန်သောပြစ်ဒဏ်ခတ်မှုခံရ၍ မည်သူမျှ ကယ်တင်နိုင်လိမ့်မည်မဟုတ်ချေ။

အာယသ်တော်ကျရောက်စဉ် ဆွဟာဗဟ် သာဝကကြီးများသည် အထူးတလည် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြသည်။ အိမာမ်မုစ်လင်မ်၊ အလ်သိရ်မိဇီ၊ အလ်နဆာအီနှင့် အဟ်မဒ် ([ylI.A]mHR) တို့က စိုက်ယိဒိနာအဗူဟုရိုင်ရဟ်သခင်ထံမှ ဆင့်ပြန်ချက်ကိုတင်ပြထားသည်မှာ စိုက်ယိဒိနာအဗူဟုရိုင်ရဟ်က“ဤ (၄း၁၂၃) مَنْ يَّعْمَلْ سُوْٓءًا يُّجْزَ بِهٖ မည်သူမဆို မကောင်းမှုဒုစရိုက်ကိုကျင့်မူအံ့ ထိုသူသည် ယင်းမကောင်းမှုအတွက် အပြစ်ပေးခြင်းကိုခံရလတ္တံ့” ဟူသော အာယသ်တော်ကျရောက်ခဲ့သောအခါတွင် ကျွန်ုပ်တို့သည် နက်နဲစွာ ပူဆွေးသောကရောက်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်မြတ် ﷺ သခင်ထံဝင်ရောက်ခံစား၍ “ဤအာယသ်တော်က ဘာမျှမကျန်လောက် အောင်ပင် ကျွန်ုပ်တို့၏ ကျင့်ကြံမှုများတွင် အသေးငယ်ဆုံးသော ပြစ်မှုဒုစရိုက်များအတွက်ပင် ပြစ်ဒဏ်ခတ် ခြင်းခံရလိမ့်မည်”ဟု လျှောက်ထားခဲ့ကြသည်။ တမန်တော်မြတ် ﷺ သခင်ကမိန့်ကြားသည်မှာ “မစိုးရိမ်ပါနှင့် မိမိအတတ်နိုင်ဆုံးလုပ်ဆောင်နိုင်သမျှ ဆက်လက်လုပ်ဆောင်ကြပါ။ အာယသ်တော်ထဲတွင် ဖော်ပြထားသော ပြစ်ဒဏ်ဆိုသည်မှာ ဂျဟန္နမ်တော့မဖြစ်နိုင်ပါ။ သင်ကြုံတွေ့ရသော နာကျင်ခံစားရမှုက သင်၏အပြစ်များနှင့် မကောင်းမှုလုပ်ရပ်အတွက် ပြစ်ဒဏ်များ ကုစားပြင်ဆင်ပြီးဖြစ်ပေလိမ့်မည်။ တစ်စုံတစ်ဦး၏ခြေဖဝါးခွံ ဆူးစူးမိခဲ့လျှင်ပင် အချို့သောပြစ်မှုများအတွက် ဖြေဖျောက်မှုတစ်ရပ်ဖြစ်ပေလိမ့်မည်။”

အခြားဆင့်ပြန်ချက်တစ်ရပ်၌ မုစ်လင်မ်တစ်ဦး၏ ဘဝသက်တမ်း၌ခံစားရသော မည်သည့်ဝမ်းနည်းကြေကွဲမှုသော်လည်းကောင်း၊ နာကျင်မှုသော်လည်းကောင်း၊ နာမကျန်းဖြစ်မှုသော်လည်းကောင်း၊ စိတ်သောကရောက်ခြင်းတို့သည်လည်းကောင်း သူ(သို့)သူမ၏ အပြစ်ဂုနာဟ်များအစား အလျော်ပေးခြင်းတစ်ရပ် ဖြစ်လာလိမ့်မည်။

ဂျာမီအလ်သိရ်မိဇီ၊ သဖ်စီရ်အိဗ်နိဂျရီးရ်နှင့် အခြားကျမ်းတွင် တင်ပြထားသော စိုက်ယိဒိနာအဗူဗကရ် ﴿ﷺ﴾ သခင်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ် ﴿ﷺ﴾သခင် ဤအာယသ်တော်-**مَنْ يَّعْمَلْ سُوْٓءًا يُّجْزَ بِهٖ** "မည်သူမဆို မကောင်းမှုဒုစရိုက်ကို ကျင့်မူအံ့ ထိုသူသည် ယင်းမကောင်းမှုအတွက် အပြစ်ပေးခြင်းကိုခံရလတ္တံ့" ရွတ်ဆိုလိုက်သောအခါ ဟဇရသ်အဗူဗကရ်သည် ၎င်း၏နောက်ကျောရိုးကျိုးသွားသကဲ့သို့ပင် ခံစားလိုက်ရသည်ဟုဆိုသည်။ မြင့်မြတ်တော်မူသော အလ္လာဟ်တမန်တော်ကသူ၏ခံစားရမှုကို သတိပြုမိ၍ သင်ဘာဖြစ်နေသနည်းဟု မေးမြန်း ခဲ့သည်။ ထိုစဉ် စိုက်ယိဒိနာအဗူဗကရ်က ပြန်လည်လျှောက်ထားသည်မှာ "ယာရစူလုလ္လာဟ် ကျွန်ုပ်တို့ထဲ၌ သူ့သက်တမ်းတစ်လျှောက် မကောင်းတာဘာမှမလုပ်ခဲ့ပါဟုပြောနိုင်သောသူတစ်ဦးမျှမရှိနိုင်ပါ။ ဤသို့ဆိုလျှင် အကယ်၍ မကောင်းမှုဒုစရိုက်တိုင်းအတွက် ပြစ်ဒဏ်ပေးခံရမည်ဆိုလျှင် ကျွန်ုပ်တို့ထဲတွင် ဘယ်သူဘေးမသီ ရန်မခရှိရန် မျှော်လင့်နိုင်အံ့နည်း။ ကိုယ်တော်မြတ်က "အိုအဗူဗကရ် ဤကိစ္စနှင့်ပတ်သက်၍ သင်နှင့် သင့် ယုံကြည်သူညီနောင်အပေါင်းစိတ်မပူလေနှင့် အဘယ့်ကြောင့်ဆိုသော် သင်တို့ရင်ဆိုင်ရသည့် လောကီဆိုင်ရာ အခက်အခဲများသည် သူတို့၏ ပြစ်မှုများအတွက် အစားပေးလျော်ခြင်းဖြစ်ပေလိမ့်မည်။

အခြားဆင့်ပြန်ချက်တွင် လာရှိသည်မှာ တမန်တော်မြတ် ﴿ﷺ﴾သခင်က "အိုအဗူဗကရ် သင်နာမကျန်းမဖြစ်ဖူးဘူးလား၊ သင်သည် ဝမ်းနည်းမှုနှင့် စိတ်ဒုက္ခရောက်မှုမခံစားရဖူးဘူးလား"ဟု မိန့်ကြားသည်။ စိုက်ယိဒိနာအဗူဗကရ်က "ဤအရာများအားလုံးဖြစ်ခဲ့ဘူးသည်မှာ သံသယမရှိပါ"ဟု ပြောကြားခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ်ကမိန့်ကြားသည်မှာ "ဤသည်တို့မှာ သင်လုပ်ခဲ့သမျှသော မကောင်းမှုအတွက် အစားပေးလျော်ခြင်းဖြစ်သည်။"

အဗူဒါဝုဒ်းကျမ်းတွင်ပါရှိသော ဟဒီးဆ်တော်တစ်ရပ်၌ တင်ပြထားသည့် စိုက်ယိဒါဟ် အာအိရှာဟ် (ﷺ) သခင်မကြီးက မိန့်ကြားခဲ့သည်မှာ**"مَنْ يَّعْمَلْ سُوْٓءًا يُّجْزَ بِهٖ**"အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦးနာမကျန်းဖြစ်စဉ် မအီမသာဖြစ်မှု၊ (သို့) မည်သည့်နည်းနှင့် မဆိုနာကျင်မှုဖြစ်ခြင်းနှင့်ဆုးတစ်ချောင်းဆုးခဲ့လျှင်ပင် နာကျင်ခြင်းစသည်တို့အားလုံးသည် သူ(သို့)သူမ၏ ပြစ်မှုများအစားပေးလျော်ခြင်းဖြစ်လိမ့်မည်။ မည်မျှလောက်ဟူမူ တစ်စုံတစ်ဦးသည် တစ်စုံတစ်ရာကို သူ၏အိတ်တစ်ခုထဲ၌ရှာ၍မတွေ့ဘဲ နောက်ထပ်တစ်အိတ်တွင် ရှာဖွေတွေ့ရသည်ဆိုသော မပြောပလောက်သည့် ကြိုးပမ်းအားထုတ်ရမှုသည်ပင်လျှင် ၎င်း၏ပြစ်မှုဒုစရိုက်၏ အစားပေးလျော်ခြင်းတစ်ရပ်ဖြစ်လိမ့်မည်။

အတိုချုပ်အားဖြင့်ဆိုရလျှင် ဤအာယသ်တော်သည် အခြေအမြစ်မရှိသော ပြောဆိုချက်များနှင့် ဖြစ်ချင်သောအရာများအပေါ်၌သာ ယစ်မူးမနေရန် မုစ်လင်မ်များအတွက် သတိပေးချက်တစ်ရပ် ဖြစ်သည်။ ယင်းနှင့် ဆန့်ကျင်စွာ သူတို့အမှန်တကယ်လုပ်ဆောင်သည့်အပေါ်တွင်သာ သောကရောက်သင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပွင့်ပြိုးသောနဗီတစ်ပါးနှင့် ကျမ်းစာအုပ်တစ်အုပ်အပေါ် သမရိုးကျလက်ခံခြင်းဆိုသည့်အပေါ်၌ လုံးဝအခြေခံခဲ့ပါလျှင် သူတို့သည် အောင်မြင်ကြလိမ့်မည်မဟုတ်ပါ။ သူတို့၏ ကြီးပွားတိုးတက်မှုသည် ထိုနဗီနှင့် ကျမ်းစာအုပ်အပေါ်တွင် ယုံကြည်မှုနှင့်မိန့်မှာထားသည့်အတိုင်း ကောင်းမှုကောင်းရာများကို ပြုလုပ်ခြင်းအပေါ် မူတည်သည်။ အာယသ်တော်(၁၂၄)က-: **وَمَنْ يَّعْمَلْ مِنَ الصّٰلِحٰتِ مِنْ ذَكَرٍ اَوْ اُنْثٰى وَهُوَ مُؤْمِنٌ فَاُولٰۤىِٕكَ يَدْخُلُوْنَ الْجَنَّةَ وَلَا يُظْلَمُوْنَ نَقِيْرًا** ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ စစ်မှန်သောယုံကြည်ချက်မှပေါ်ထွက်လာသည့်

ကောင်းမှုကောင်းရာလုပ်ရပ်ကိုပြုလုပ်သောအမျိုးသား(သို့) အမျိုးသမီးတို့သည် ၎င်းတို့၏လုပ်ရပ်များအားလုံး အတွက် ဆုပေးသည့်အနေဖြင့် မလွဲမသွေဂျန္နသ်သို့ဝင်ရောက်ရပါလိမ့်မည်။ ထိုသူတို့သည် နှိပ်စက်ညှင်းပန်းခြင်းကိုလည်း စိုးစဉ်းမျှခံကြရမည်ဟုတ်ပေ။ မုစ်လင်မ်မဟုတ်သော ကျမ်းရပုဂ္ဂိုလ်များနှင့် အခြားသောသူများတို့သည် သူတို့နည်းသူတို့ဟန်ဖြင့် ကောင်းမှုကောင်းရာများ လုပ်ဆောင်ခဲ့ကြပါလိမ့်မည်။ သို့ရာတွင် သူတို့၏ ယုံကြည်ချက်သည် မခိုင်လုံသောကြောင့် သူတို့လုပ်ရပ်များကို လက်မခံဟူသော အညွှန်းကိုအာယသ်တော်ထဲတွင် ပြုထားပါသည်။ မုစ်လင်မ်များအတွက်မှာမူ သူတို့၏ ယုံကြည်ချက်သည်ခိုင်မာပြီး သူတို့၏လုပ်ဆောင်မှုများတို့သည် ကောင်းမွန်သောကြောင့် သူတို့သာအောင်မြင်သူများဖြစ်ကြ၍ အခြားသောသူများထက်သာလွန်မြင့်မြတ်ပါသည်။

## အလ္လာဟ်အရှင်မြတ် လက်ခံသဘောတူညီရန်အတွက် "စံ" တစ်ရပ်

စတုတ္ထအာယသ် (၁၂၅)ထဲတွင် အလ္လာဟ်အရှင်မြတ်၏အထံတော်တွင် မည်သူ့အား လက်ခံသည်၊ မည်သူ့အား လက်မခံဟူသည့်ဆုံးဖြတ်မှုကို အထောက်အကူပြုရန်အတွက် "စံ" တစ်ခုချမှတ်ထားပါသည်။ ယင်း"စံ"တွင် အပိုင်းနှစ်ပိုင်းပါရှိသည်။ မည်သည့်အပိုင်းတွင်မဆိုလျှော့နည်းချက်များရှိပါက အားလုံးသောကြိုးပမ်းမှုများသည် အချည်းအနှီးဖြစ်သွားပါသည်။ ဤကမ္ဘာလောကကြီး၏ မည်သည့်နေရာ၌မဆို ၎င်းတို့နေထိုင်ကြပါစေ။ မကောင်းမှုနှင့် အမှားဆီသို့ လမ်းလွဲကာရောက်သွားခြင်းတို့သည် ဤအပိုင်းနှစ်ပိုင်း၏ တစ်ခုခုတွင် ချို့တဲ့မှုများကြောင့်ဖြစ်သည်ဆိုသည်မှာပေါ်လွင်ထင်ရှားပါသည်။ မုစ်လင်မ်များနှင့် မုစ်လင်မ်မဟုတ်သူများကို နှိုင်းယှဉ်ကြည့်ပါ။ သို့မဟုတ်ပါမူ မုစ်လင်မ်အုမ္မသ်ထုအတွင်းမှာရှိသော ဂိုဏ်းများ၊ အုပ်စုများနှင့် အဖွဲ့အစည်းများကို နှိုင်းယှဉ်ကြည့်ပါ။ အသင်အထက်ဖော်ပြခဲ့သော "စံ" သတ်မှတ်ချက်နှစ်ရပ်ကိုပင်တွေ့ရှိရပါမည်။ ယင်း "စံ" သတ်မှတ်ချက်တစ်ခုခုမှသွေဖည်သွားပါက တစ်စုံတစ်ဦးသည် ဂုဏ်အသရေညှိုးနွမ်းပါလိမ့်မည်။ အာယသ်တော်က-

وَمَنْ اَحْسَنُ دِيْنًا مِّمَّنْ اَسْلَمَ وَجْهَهٗ لِلّٰهِ وَهُوَ مُحْسِنٌ وَّاتَّبَعَ مِلَّةَ اِبْرٰهِيْمَ حَنِيْفًا

"အမှန်သော်ကား အကြင်သူထက် "ဒီးန်" သာသနာအားဖြင့် ပိုမိုမြင့်မြတ်သောသူသည် မည်သူရှိသနည်း။ ထိုသူသည် မိမိမျက်နှာကို (မိမိကိုယ်)ကို အလ္လာဟ်အရှင်မြတ်အထံတော်သို့ အပ်နှင်းခဲ့သည့်ပြင် (အပြောအဆိုအကျင့်အမူအားဖြင့်)မြင့်မြတ်သောသူလည်းဖြစ်၏။ ထိုမှတစ်ပါး ထိုသူသည် ဖြောင့်မတ်တည်ကြည်သော (နဗီတမန်တော်) အိဗ်ရာဟီမ်၏ "ဒီးန်" သာသနာကိုလည်းလိုက်နာ၏"(၄း၁၂၅) ဟူ၍ဖြစ်သည်။

ဆိုလိုသည်မှာ ဤအပိုင်းနှစ်ပိုင်း၏ပြယုဂ်ဖြစ်သောသူတစ်ဦး၏ လုပ်ဆောင်နည်းထက်သာလွန်ကောင်းမွန်သော မည်သည့်နည်းလမ်းမှမရှိပါ။

၁။ ပထမအနေဖြင့် သူ (သို့) သူမသည် မိမိကိုယ်ကို အလ္လာဟ်အရှင်မြတ်အထံတော်သို့ အပ်နှင်းခဲ့သည်။ တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်စေရန်အတွက် အလုံးစုံသောဖြူစင်ရိုးသားမှုဖြင့် အပြုအမူများကို တစ်စုံတစ်ဦး အတတ်နိုင်ဆုံးလုပ်ဆောင်ရပါမည်။ ယင်းလုပ်ဆောင်မှုများသည် အရေခြုံမှုနှင့်သော်လည်းကောင်း၊ ရုပ်ဝတ္ထုဆိုင်ရာရည်မှန်းချက်များနှင့်သော်လည်းကောင်း အစဉ်သဖြင့်မရောယှက်စေရပါ။

၂။ ဒုတိယအနေဖြင့် လုပ်ဆောင်ကျင့်ကြံမှုများသည်ကောင်းမြတ်ပါသည်။ တစ်နည်းအားဖြင့် တစ်စုံတစ်ဦး လုပ်ဆောင်သည့် နည်းလမ်းသည် မှန်ကန်သင့်ပါသည်။ ထင်ရှားကျော်ကြားလှသော ဋီကာရှင်ကြီး အိဗ်နိကဆီးရ်၏အဆိုအရ တစ်စုံတစ်ဦးလုပ်ကိုင်သည့် မှန်ကန်သောနည်းဆိုသည်မှာမိမိကိုယ်တိုင်တီထွင်ထားသော အချို့သော နည်းလမ်းများမဖြစ်စေရပါ။ ဤသည်နှင့်ဆန့်ကျင်စွာ ဤမှန်ကန်သောနည်းလမ်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များနှင့် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်သင်ကြားချက်များအပေါ် အခြေခံသည့် အရောအနှောကင်းသည့် အစွဲလာမ့်နည်းလမ်း ဖြစ်ရပါမည်။

အလ္လာဟ်အရှင်မြတ် လက်ခံတော်မူသောမည်သည့်လုပ်ရပ်အတွက်မဆို စည်းကမ်းချက်နှစ်ရပ်ရှိကြောင်းကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ဤသည်များမှာ ရည်စူးချက်၏ဖြူစင်ရိုးသားမှုနှင့် လုပ်ဆောင်မှု၏ ခိုင်မာခြင်းတို့ဖြစ်ပါသည်။ ဆိုလိုသည်မှာ ရှရီအသ်နှင့် စွန့်သ်တော်နှင့်အညီ လုပ်ဆောင်ခြင်းကို ဆိုလိုသည်။ စည်းကမ်းချက်နှစ်ခု၏ပထမအချက်သည် လူသား၏အတွင်းပိုင်းကျဆုံး အတိုင်းအတာဖြစ်သည့် နှလုံးသားနှင့်သက်ဆိုင်သာရိုးသားဖြူစင်မှု Œ*KA “အစ်လားစ်” ပင်ဖြစ်သည်။ éiYrW̄“ရှရီအသ်”နှင့် လိုက်လျောညီထွေရှိခြင်းဆိုသည့် ဒုတိယကန့်သတ်ချက်သည် လူသား၏ အပြင်ပိုင်းနှင့်သက်ဆိုင်ပါသည်။ မည်သူမဆို ဤကန့်သတ်ချက်နှစ်ခုကို ဖြည့်ဆည်းပါက သူ (သို့) သူမ၏ အတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်းဆိုင်ရာတို့သည် ပြီးပြည့်စုံစွာ ဟန်ချက်ညီနေပါလိမ့်မည်။ သိုရာတွင် စည်းကမ်းချက်နှစ်ခုအနက် တစ်ခုလျော့နည်းနေသောအခါတွင် လုပ်ဆောင်သမျှတို့သည် မပြည့်မစုံဘဲ မခိုင်လုံတော့ပါ။ ဖြူစင်ရိုးသားမှုမရှိပါက လုပ်ဆောင်မှုတို့သည် အရေခြုံတစ်ဦးကဲ့သို့ဖြစ်သွားပြီး၊ ရှရီအသ်၏ သတ်မှတ်ထားသောနည်းလမ်းအတိုင်း လိုက်နာရန်ပျက်ကွက်ပါက တစ်စုံတစ်ဦးအားလမ်းလွဲသွားစေပါသည်။

## ဖြူစင်ရိုးသားမှုချို့တဲ့ခြင်းကြောင့်ဖြစ်စေ၊ မှန်ကန်စွာမလုပ်ဆောင်၍ဖြစ်စေ အမျိုးသားထုတစ်ရပ်လုံး လမ်းမှားသို့ရောက်စေသည်

နိုင်ငံများသမိုင်းကြောင်းနှင့် ယုံကြည်ကိုးကွယ်မှု အကြောင်းများက အားလုံးသော လမ်းလွဲသွားသော အုပ်စုဝင်များသည် ဖြူစင် ရိုးသားမှုချို့တဲ့၍လည်းကောင်း၊ မှန်ကန်စွာမလုပ်ဆောင်၍လည်းကောင်းဖြစ်ကြသည်ဟု ထုတ်ဖော်ပြသထား ပါသည်။ ဤအုပ်စုနှစ်အုပ်စုသည် ဖြောင့်မတ်မှန်ကန်သောလမ်းကြောင်းမှ သွေဖည်သွားကြသူများဖြစ်ကြသည်ဟု စူရဟ်အလ်ဖာသိဟ်ထဲတွင်ထုတ်ဖော်ရှင်းလင်းခဲ့ပြီးဖြစ်သည်၊ ù^e_y^l-I-„_o^v<g^M– (အမျက်တော်စူးရှခြင်းခံရသူများ) ဟု ရည်ညွှန်းခံရသောသူတို့သည် ရိုးသားမှုချို့တဲ့သူများဖြစ်ကြကာ ú-y^L_aV¬ (လမ်းမှားသူများ)ဟု ရည်ညွှန်း ခံရသောသူများသည် မှန်ကန်စွာ မလုပ်ဆောင်သူများဖြစ်ကြသည်။ ပထမအုပ်စုဝင်များသည် အလိုဆန္ဒ၏ သားကောင်များဖြစ်ကြသကဲ့သို့ အခြားအုပ်စုဝင်များသည် သံသယ၏သားကောင်များဖြစ်ကြပေသည်။

ပထမစည်းကမ်းချက်ဖြစ်သော ဖြူစင်ရိုးသားမှုလိုအပ်ချက်နှင့် ရိုးသားမှုမပါဘဲ လုပ်ဆောင်ခြင်း၏အလဟဿဖြစ်မှုကို လူတိုင်း ယေဘုယျအားဖြင့် နားလည်သဘောပေါက်ကြသည်။ သို့သော်လည်း ကောင်းမြတ်သောကျင့်ကြံမှုဆိုသည်ကား ရှရီအသ်တရားတော်အတိုင်း လုပ်ဆောင်ခြင်းဆိုသည့် စည်းကမ်းကိုမူ မုစ်လင်မ်

များကပင် လျစ်လျူရှုထားကြသည်။ ၎င်းတို့ထင်သည်က ကောင်းသောကျင့်ကြံမှုဟူသည်ကောင်းမှုလုပ်ခြင်းသာ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ကရှင်းလင်းပြသထားသည့် ကောင်းမွန်သောလုပ်ရပ်ဆိုသည်မှာ တမန်တော်မြတ် ﷺ သခင်၏သင်ကြားမှုနှင့် စွန္နသ်တော်နည်းလမ်းအတိုင်းကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ကိုယ့်စိတ်ကြိုက်လုပ်နိုင်သည်ဟုတွေးထင်၍ လုပ်ကြခြင်းဖြစ်သည်။ ယင်းသို့ပြဋ္ဌာန်းချက်ထက်လျော့၍လုပ်ဆောင်ခြင်းသည်လည်းကောင်း၊ ပို၍လုပ်ဆောင်လျှင်သော်လည်းကောင်း နှစ်မျိုးစလုံးပြစ်မှုများဖြစ်ပေသည်။ ပြဋ္ဌာန်းထားသော ဇဟုရ်ဆွလာသ် (၄) ရကအသ်အစားသုံးရကအတ် ဝတ်ပြုဆောက်တည်ခြင်းသည် ပြစ်မှုတစ်ရပ်ဖြစ်သည်။ ထို့အတူ (၅) ရကအသ်ဝတ်ပြုဆောက်တည်ခြင်းသည်လည်း သဘောသဘာဝတူ ပြစ်မှုတစ်ရပ်ကျူးလွန်မှု ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်မြတ် ﷺ သခင် ပြဋ္ဌာန်းထားချက်တို့သည် အတည်ဖြစ်သည်။ တစ်စုံတစ်ဦးသည် ၎င်းဘက်မှ စည်းကမ်းချက်များကိုထပ်ဆောင်ခြင်း၊ ကန့်သတ်ခြင်းကိုလည်းကောင်း၊ သူ့စိတ်ကြိုက်ပုံစံအချို့ဖြင့် ချမှတ်ခြင်းတို့ကိုလည်းကောင်း အားလုံးခွင့်မပြုချေ။ ကောင်းမြတ်သောလုပ်ဆောင်မှုစံနှင့် လည်းဆန့်ကျင်သည်။ အထက်ပါလုပ်ရပ်များသည် အပြင်ပန်းအားဖြင့် မည်မျှဆွဲဆောင်မှုရှိစေကာမူ ခွင့်မပြုချေ။ တမန်တော်မြတ် ﷺ သခင်ကြေညာထားသည့်အတည်ပြုပြီးသော ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် အသစ်တည်ထွင်ပြောင်းလဲမှုများဖြစ်သော ...aIdB နှင့် ...aCdhM (ဗိဒအဟ်နှင့်မုဟ်ဒတ်ဆတ်) သည်အမှားဆီသို့ လမ်းလွဲသွားနိုင်သည်။ ထို့ပြင် ယင်းနှင့် ဆန့်ကျင်၍ မုစ်လင်မ်များအတွက် လေးနက်သောညွှန်ကြားချက်များကို ကိုယ်တော်မြတ်ကမှာကြား ထားခဲ့သည်။ သို့မှသာ မုစ်လင်မ်တို့သည် အားလုံးသောဤမှားယွင်းသည့်သဘောသဘာဝမှကင်းဝေးနိုင်ကြ မည်ဖြစ်သည်။ မသိနားမလည်သောသူများသည် ထိုအရာများကို အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုနှင့် ဆုလာဘ်များရရှိစေမည့် ခဝတ်ကိုးကွယ်မှု အပြုအမူတစ်ရပ်အဖြစ် ရိုးသားစွာထင်မှတ်မိပေမည်။ သို့သော်လည်း ထိုကဲ့သို့သူများ၏ လုပ်ဆောင်မှုသည် အချည်းအနှီးအလဟဿဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သခင်၏ မိန့်မှာ ချက်အရ ရှရီအသ်တရားတော်တွင် ယင်းတို့သည် အပြစ်ပင်ဖြစ်ပေသည်။ ဤအကြောင်းကြောင့် စွန္နသ်တော် အတိုင်းလုပ်ဆောင်ခြင်းဟူသည့် ကောင်းမြတ်သောလုပ်ဆောင်မှုကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ထပ်ခါတလဲလဲ အလေးအနက်မိန့်ကြားထားသည်။ စူရဟ်အလ်မုလ်ုက်တွင်- لِيَبْلُوَ كُمْ اَيُّكُمْ اَحْسَنُ عَمَلاً (အကြင်အရှင်မြတ်သည် အသင်တို့အား အသင်တို့အနက် မည်သူသည် အကျင့်အမူအားဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှာ(၆၇း၂)ဟု ဖော်ပြထားသည်။ အာယသ်တော်ထဲတွင် اَكْثَرُ عَمَلاً (အရေအတွက်များသောအကျင့်အမူများ)ဟု မသုံးစွဲဘဲ اَحْسَنُ عَمَلاً (အကျင့်အမူအားဖြင့်အကောင်းဆုံးသောသူ) ဟုသုံးနှုန်းထားသည်ကို သတိပြုမိပါလိမ့်မည်။ ဤသည်က မူရင်းစာသားသည် အကျင့်အမူတို့၏ အရည်အတွက်များပြားခြင်းကိုပြောခြင်းမဟုတ်ကြောင်းပြသသည်။ ဤသည်က ကောင်းမြတ်သောအကျင့်အမူကို ညွှန်ပြနေသည်။ ထို့ပြင်ကောင်းမြတ်သောအကျင့်အမူသည် တမန်တော်မြတ် ﷺ သခင်၏ စွန္နသ်တော်နှင့်အညီ လုပ်ဆောင်ခြင်းသာဖြစ်သည်။

ဤကောင်းမြတ်သောအကျင့်အမူ၏ခံယူချက်နှင့်တမန်တော်မြတ် ﷺ သခင်၏ စွန္နသ်တော်အားလက်တွေ့လုပ်ဆောင်ခြင်းတို့ကို ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်ဖြစ်သော- وَمَنْ اَرَادَ الْاٰخِرَةَ وَسَعٰى لَهَا سَعْيَهَا (၁၇း၁၉)တွင် ဟူသောစကားလုံးများဖြင့် ဖော်ထုတ်ပြသထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် နောင်တမလွန် အာခိရသ်၌ကောင်းရန်ဟု ရည်စူးကာကြိုးပမ်းအားထုတ်သော

သူများ၏လုပ်ရပ်ကို လက်ခံတော်မူသည်။ အာခိရသ်၏ ကောင်းခြင်းဆိုသည်မှာ လောကီဆိုင်ရာ ဆင်ခြင်တွေး တောမှုမှကင်းစင်သော သန့်စင်သည့်အရာဖြစ်သည်။ ထို့ပြင်ထိုသူတို့သည် လျော်ကန်သည့်ကြိုးစားမှုကို အပတ် တကုတ်အားထုတ်ကြိုးစားခဲ့သည်။ ထို့နောက် မှန်ကန်သောလုပ်ဆောင်မှုဆိုသည်ကို တမန်တော်မြတ် ﷺသခင် သည် ကိုယ်တော်၏သင်ကြားမှု၊ လက်တွေ့ လုပ်ဆောင်မှုများမှတစ်ဆင့် အုမ္မသ်ထုအား ရှင်းလင်းပြသခဲ့ပြီး ဖြစ်သည်။ စံသတ်မှတ်ထားသော ကြိုးပမ်းမှုမှပိုသည်ဖြစ်စေ၊ လျော့သည်ဖြစ်စေ ယင်းကြိုးပမ်းမှုသည် မှန်ကန်သော ကြိုးပမ်းမှုဟု လက်မခံချေ။ မှန်ကန်သော ကြိုးပမ်းမှုဟူသည် လက်ရှိအာယသ်တော်ထဲ၌ ကောင်းမြတ်သော အကျင့်အမူဟု သတ်မှတ်ထားသည်မှအပ အခြားမဟုတ်ချေ။

ပြောပြီးသမျှအဓိကအချက်အတိုချုပ်မှာ မည်သည့်လုပ်ရပ်မဆို အလ္လာဟ်အရှင်မြတ်လက်ခံခြင်းသည် စည်းကမ်းချက်နှစ်ရပ်ဖြည့်ဆည်းခြင်းအပေါ်တည်မှီနေသည်။ ဤသည်တို့မှာ ရိုးသားဖြူစင်ခြင်းနှင့် ကောင်းသော အကျင့်အမူတို့ဖြစ်ပေသည်။ ကောင်းသောအကျင့်အမူဟူသည်ကား တမန်တော်မြတ် ﷺသခင်၏ စွန္ဒသ်အတိုင်း လိုက်နာဆောင်ရွက်မှု၏အခြား အမည်တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် ဖြူစင်ရိုးသားမှုအပြည့်နှင့် ကောင်းမှု ကောင်းရာလုပ်ဆောင်ရန်ရည်စူးသောလူတိုင်းသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ် မည်ကဲ့သို့ လုပ်ဆောင်ခဲ့သနည်းဟူသည်နှင့် ကျွန်ုပ်တို့အတွက် ယင်းကိစ္စနှင့်ပတ်သက်၍ ကိုယ်တော်မြတ်ချန်ထားရစ် ခဲ့သော ညွှန်ကြားချက်ဘာများရှိသနည်းဟူသည်ကို ပထမဦးစွာ ရှာဖွေစူးစမ်းရပေမည်။ ကျွန်ုပ်တို့၏ မည်သည့်လုပ်ဆောင် ချက်မဆိုတမန်တော်မြတ် ﷺသခင်၏ စွန္ဒသ်တော်နည်းလမ်းမှ သွေဖည်သွားလျှင် လက်ခံနိုင်မည် မဟုတ်ကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်ထားရမည်။ ထို့ကြောင့် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၊ စောင်မဉပုသ်ဆောက် တည်ခြင်း၊ ဟဂ်ျပြုမူဆောင်ရွက်ခြင်း၊ ဇကာသ်ဆင်းရဲသားဒါနကြေးပေးလှူခြင်း၊ ဆွဒကာဟ်အလှူအတန်း၊ ခိုင်ရသ် အလှူအတန်း၊ အလ္လာဟ်အရှင်မြတ်ကိုအောက်မေ့တသသတိရခြင်း ဇီကိရ်၊ ဒရူးသ်မေတ္တာပို့သခြင်း၊ စလာမ်ပေးပို့ခြင်းတို့နှင့်ပတ်သက်သော ကျွန်ုပ်တို့အကျင့်အမူတို့သည် အလ္လာဟ်အရှင်မြတ် ၏ တမန်တော်ကြီး ﷺက ယင်းတို့ကိုမည်ကဲ့သို့လုပ်ဆောင်ခဲ့သည်၊ ယင်းတို့ကို ကျွန်ုပ်တို့အား မည်သို့ လုပ်ဆောင်ရန် မိန့်ကြားထားခဲ့သည် ဟူသည်များကို စိတ်တွင်စွဲမှတ်ရပေမည်။

အာယသ်တော် (၁၂၅)အဆုံးတွင် ဥပမာတစ်ခုကိုးကားဖော်ပြထားခဲ့သည်။ ဥပမာကား စိုက်ယိဒိနာ အိဗ်ရာဟီမ်﴿عليه السلام﴾သခင်လုပ်ဆောင်ပြသခဲ့သော ရိုးသားဖြူစင်ခြင်းနှင့် ကောင်းမြတ်မှုအကျင့်အမူ၏ နမူနာ ဖြစ်ကာ ယင်းအတိုင်းလိုက်နာကျင့်သုံးခြင်းမှာ မပြုမနေရတာဝန်အဖြစ် ကြေညာထားခဲ့သည်။ **وَاتَّخَذَ اللّٰهُ اِبْرَاهِيْمَ خَلِيْلاً** (အမှန် စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်) အိဗ်ရာဟီမ်အား (မိမိ) မိတ်ဆွေအဖြစ်ပြုလုပ် ခိုးမြှင့် တော်မူခဲ့လေသတည်း)ဟု မိန့်ကြားထားခြင်းက စိုက်ယိဒိနာ အိဗ်ရာဟီမ်အား ဤကဲ့သို့မြင့်မားသည့်အဆင့် ပေးအပ်ချီးမြှင့်ရခြင်းနောက်ကွယ်၌ ကောင်းမြတ်သောအကြောင်းရှိကြောင်း ညွှန်းပါသည်။ အဘယ့်ကြောင့်ဆိုသော် အိဗ်ရာဟီမ်﴿عليه السلام﴾သခင်သည် အကြွင်းမဲ့ရိုးသားဖြူစင်၍ အလ္လာဟ်အရှင် မြတ်၏ အသိပေးချက်အရ ၎င်း၏အကျင့်အမူသည်လည်း ကောင်းမြတ်မှန်ကန်ခိုင်လုံသည်။

အာယသ် (၁၂၇–၁၃၀)

وَيَسْتَفْتُوْنَكَ فِي النِّسَآءِ ۭ قُلِ اللّٰهُ يُفْتِيْكُمْ فِيْهِنَّ ۙ وَمَا
يُتْلٰى عَلَيْكُمْ فِي الْكِتٰبِ فِيْ يَتٰمَى النِّسَآءِ الّٰتِيْ لَا
تُؤْتُوْنَهُنَّ مَا كُتِبَ لَهُنَّ وَتَرْغَبُوْنَ اَنْ تَنْكِحُوْهُنَّ
وَالْمُسْتَضْعَفِيْنَ مِنَ الْوِلْدَانِ ۙ وَاَنْ تَقُوْمُوْا لِلْيَتٰمٰى
بِالْقِسْطِ ۭ وَمَا تَفْعَلُوْا مِنْ خَيْرٍ فَاِنَّ اللّٰهَ كَانَ بِهٖ عَلِيْمًا ﴿۱۲۷﴾
وَاِنِ امْرَاَةٌ خَافَتْ مِنْۢ بَعْلِهَا نُشُوْزًا اَوْ اِعْرَاضًا فَلَا
جُنَاحَ عَلَيْهِمَآ اَنْ يُّصْلِحَا بَيْنَهُمَا صُلْحًا ۭ وَالصُّلْحُ خَيْرٌ ۭ
وَاُحْضِرَتِ الْاَنْفُسُ الشُّحَّ ۭ وَاِنْ تُحْسِنُوْا وَتَتَّقُوْا فَاِنَّ اللّٰهَ
كَانَ بِمَا تَعْمَلُوْنَ خَبِيْرًا ﴿۱۲۸﴾ وَلَنْ تَسْتَطِيْعُوْٓا اَنْ تَعْدِلُوْا
بَيْنَ النِّسَآءِ وَلَوْ حَرَصْتُمْ فَلَا تَمِيْلُوْا كُلَّ الْمَيْلِ فَتَذَرُوْهَا
كَالْمُعَلَّقَةِ ۭ وَاِنْ تُصْلِحُوْا وَتَتَّقُوْا فَاِنَّ اللّٰهَ كَانَ غَفُوْرًا
رَّحِيْمًا ﴿۱۲۹﴾ وَاِنْ يَّتَفَرَّقَا يُغْنِ اللّٰهُ كُلًّا مِّنْ سَعَتِهٖ ۭ وَكَانَ
اللّٰهُ وَاسِعًا حَكِيْمًا ﴿۱۳۰﴾

၎င်းပြင်ထိုသူတို့သည် မိန်းမတို့(၏ အမွေနှင့်စပ်လျဉ်း၍၎င်း၊ "မဟရ်"နှင့် စပ်လျဉ်း၍၎င်း) ဓမ္မသတ်ဆုံးဖြတ်ချက်ကို အသင့်ထံတောင်းကြကုန်သည်။ အသင်သည် (ထိုသူတို့အား ဤသို့)ဖြေကြားပါလေ။ အလ္လာဟ်အရှင်မြတ်သည် မိန်းမတို့နှင့်ပတ်သက်၍ အသင်တို့အား (ယခင်အတိုင်းပင်) တရားစီရင်ပြဋ္ဌာန်းပေးတော်မူလေသည်။ ထို့ပြင်တစ်ဝ (ယခင်ကချမှတ်ပေးတော်မူပြီး ဖြစ်၍) ကုရ်အာန်ကျမ်းတော်မြတ်တွင် အသင်တို့အား ဖတ်ရွတ်ကြားနာစေတော်မူခဲ့သော မုကွပါဠိတော်များသည်လည်း (အသင်တို့ကို ညွှန်ကြားလျက်) ရှိပေသည်။ ထိုမုကွပါဠိတော်များသည် အကြင်မိဘမဲ့မိန်းကလေးတို့နှင့် ပတ်သက်သော မုကွပါဠိတော်များဖြစ်၏။ အသင်တို့သည် ထိုမိန်းကလေးတို့

အဖို့ သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော အခွင့်အရေးများကို မပေးကြပေ။ ၎င်းပြင်အသင်တို့သည် ထိုမိန်းကလေးတို့နှင့်လည်း ထိမ်းမြားလိုကြ၏။ ထိုနည်း တူစွာ (ယင်းမုက္ခပါဠ်တော်များသည်) အားအင်ချိနဲ့သော သူငယ်တို့နှင့် ပတ်သက်သော အမိန့်တော်များလည်းဖြစ်၏။ ၎င်းပြင်အသင်တို့သည် မိဘမဲ့ ကလေးတို့နှင့် ပတ်သက်၍ တရားမျှတစွာဆောင်ရွက်ကြရန် အမိန့်တော်လည်း ဖြစ်ပေသည်။ အမှန်စင်စစ်သော်ကားအသင်တို့သည် မည်သည့်ကောင်းမှုကို မဆို ပြုလုပ်ကြပါမူ အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲ ယင်းကောင်းမှုကို ကောင်းစွာသိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄း၁၂၇)

ထို့ပြင်တစ်ဝ အကယ်၍ အကြင်မိန်းမတစ်ဦးသည် မိမိလင်ယောကျ်ား၏ နှိပ်စက်ခြင်းကိုသော်၎င်း၊ လျစ်လျူရှုစွန့်ပစ်ထားခြင်းကိုသော်၎င်း၊ စိုးရိမ်မကင်း ဖြစ်ခဲ့အံ့။ သို့ဖြစ်ခဲ့သော် ထို(ဇနီးမောင်နှံ)နှစ်ဦးတို့သည် အကယ်၍ ပြန်လည် သင့်မြတ်စေသော စည်းကမ်းချက်တစ်စုံတစ်ခုကို သတ်မှတ်ခြင်းအားဖြင့် ပြန်လည် သင့်မြတ်ကြပါလျှင် ၎င်းတို့နှစ်ဦး၏အပေါ်၌ အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။ (မည်သို့ပင်ဖြစ်စေကာမူ) ပြန်လည်သင့်မြတ်ခြင်းသည် အကောင်းဆုံး ပင်ဖြစ်ချေသည်။ အမှန်စင်စစ်သော်ကား လောဘရမ္မက်သည် (လူတို့၏) စိတ်တွင်ရှိမြဲပင်ဖြစ်ပေသည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (ဇနီး မိန်းမတို့နှင့်)ကောင်းစွာဆက်ဆံ၍ (၎င်းတို့အားလျစ်လျူရှုစွန့်ပစ်ထားခြင်းမှ) ကြဉ်ရှောင်ကြပါမူ (အသင်တို့သည်ကြီးကျယ်လှသော ကုသိုလ်အကျိုးရရှိ ကြအံ့။ အဘယ့်ကြောင့်ဆိုသော်) အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူ သမျှတို့ကို ဧကန်စင်စစ်အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ် တော်မူပေသတည်း။ (၄း၁၂၈)

ထိုမှတစ်ပါး အသင်တို့သည် (မည်မျှပင်တရားမျှတစေရန်)ဆန္ဒထားရှိကြ သော်လည်း (မိမိတို့၏ တစ်ဦးထက်ပိုသော) ဇနီးမိန်းမတို့၏ စပ်ကြားဝယ် (အဖက်ဖက်မှ)တရားမျှတအောင် အလျင်းပြုနိုင်ကြမည်မဟုတ်ပေ။ သို့ဖြစ်ပေ ရာ အသင်တို့သည် (ဇနီးမိန်းမတစ်ဦးဦးဘက်သို့) လုံးဝတစ်ဖက်သက် ယိမ်းယိုင်မသွားကြကုန်လင့်။ သို့ (ယိမ်းယိုင်ကြ)ပါလျှင် အသင်တို့သည် (အခြား)ဇနီးမိန်းမကိုတွဲလျားထားဘိသကဲ့သို့ဖြစ်အံ့။ သို့ရာတွင် အကယ်၍ အသင်တို့သည် (ဇနီးမိန်းမတို့နှင့်ပတ်သက်၍မိမိတို့ချွတ်ယွင်းချက်များကို) ပြုပြင်၍ (တစ်ဖက်သတ်ဇနီးမိန်းမတစ်ဦးဘက်သို့ယိမ်းယိုင်ခြင်းမှ) ဆင်ခြင်ကြ ပါမူ အလ္လာဟ်အရှင်မြတ်သည် မလွဲဧကန် အကြိမ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာသနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၄း၁၃၉)

**သို့ရာတွင် အကယ်၍ ထို(ဇနီးမောင်နှံ)နှစ်ဦးတို့သည် (မိမိတို့အချင်းချင်း သင့်မြတ်နိုင်ခြင်းငှာ နည်းလမ်းမရှိတော့၍)ကွာရှင်းခွဲခွာကြပါမူ အလ္လာဟ် အရှင်မြတ်သည် မိမိ၏များပြားသော ကျေးဇူးတော်ဖြင့် (ယင်းဇနီးမောင်နှံနှစ်ဦးတို့အား)တစ်ဦးကိုတစ်ဦးမတောင့်တမကြောင့်ကြရအောင်ပြုလုပ်ပေးတော်မူအံ့၊ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်ပေါများကြွယ်ဝတော်မူသော ကျေးဇူးတော်ရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။ (၄း၁၃၀)**

***မှတ်ချက်။***

*အချို့ကဤအာယသ်ဆုတ်သွားပုံကိုသာ ယူ#-E<O^Y<_n^T—^A—O^b<G-r^T-O-အာရုံစူးစိုက်မှုအားနည်းမှုများကိုအထွေထွေဖွင့်ဆိုချက် နှစ်မျိုးဖြစ်နိုင်သည်။ ပထမမှာ "ငင်းပြင် အသင်တို့သည် ထိုမိန်းကလေးတို့နှင့်လည်း ထိမ်းမြားလိုကြ၏" ဆိုသည်က မိန်းကလေး၏ရုပ်ရည်လှပမှုမှ ဆွဲဆောင်မှုခံရသူများသည် ထိုမိန်းကလေးကို လက်ထပ်ထိမ်းမြားကာ ဇနီးသည်တစ်ဦး၏အခွင့်အရေးမပေးသောသူများကိုရည်ညွှန်းသည်။ ဒုတိယ ဖြစ်နိုင်ဖွယ် အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ "အသင်တို့သည် ထိုမိန်းကလေးများနှင့် ထိမ်းမြားခြင်းကို မနှစ်ခြိုက် ကြပေ"ဟူ၍ဖြစ်သည်။ ယင်းက မိန်းကလေး၏ ရုပ်ရည်လှပမှုမရှိ၍ ၎င်းတို့က လက်ထပ်လို၍လည်းကောင်း၊ အခြားသူတစ်ပါးလက်ထပ်ထိမ်းမြားမည်ဆိုလျှင်လည်း ခွင့်မပြုချေ။ အဘယ့်ကြောင့် ဆိုသော် ထိုဘမ့် မိန်းကလေး၏ စည်းစိမ်ဥစ္စာကို ၎င်းတို့လက်ထဲတွင်ပင် ထားချင်သော သူများကို ရည်ညွှန်းသည်။*

ရစူဟ်၏အစတွင် ဖမဲ့မိန်းကလေးများ၊ အမျိုးသမီးများတို့နှင့်ပတ်သက်သော သီးသန့်အမိန့် ပညတ်ချက်များကို ဖော်ပြခဲ့သည်။ ၎င်းတို့၏ရပိုင်ခွင့်များဖြည့်ဆည်းရန်လိုအပ်သည့် မပြုမနေရသဘာဝကို အလေးအနက်ဖော်ပြထားသည်။ အကြောင်းရင်းမှာ ဂျာဟိလိယတ်အမှောင်ခေတ်က အချို့သောသူများသည် ဖမဲ့မကလေးများနှင့် အမျိုးသမီးများ၏ အမွေဝေစုကိုပေးရန် ငြင်းဆိုကြသည်။ အခြားသူများကမူ ထိုသူများ၏ အမွေဝေစုကိုလည်းကောင်း၊ အခြားတနည်းနည်းရရှိသည်များကိုလည်းကောင်း၊ တရားမဝင်စားသုံးကြသည်။ အချို့သူတို့ဆိုလျှင် ထိုသူများကို လက်ထပ်ထိမ်းမြား၍ သူ့တို့ရထိုက်သော ခန်းဝင်ကြေးကိုပင်အပြည့်အဝ မပေးဘဲ ရှောင်လွဲကြပါသည်။ အစောပိုင်း ဖော်ပြထားသကဲ့သို့ ဤအလေ့အကျင့် များကို တားမြစ်ပိတ်ပင်ခဲ့သည်။ ဤသည်က ကဲ့ပြားသော အခြေအနေများ ဖြစ်ပေါ်စေပါသည်။ အမျိုးသမီးများနှင့် ကလေးများသည် ရပိုင်ခွင့်အနေဖြင့် အမွေဆက်ခံခွင့်မရှိဟု တွေးထင်ထားသူများလည်းရှိကြသည်။ ၎င်းတို့က ဤအမိန့်ပညတ်ချက်သည် အချို့လူများအတွက်သာ အထောက်အကူပြုဖွယ် ကျရောက်ကောင်းကျရောက်ပေလိမ့်မည်။ ထို့ပြင်နောင်၌ ဤအမိန့်ပညတ်ချက်ကို ပယ်ဖျက်ကောင်း ပယ်ဖျက်လိမ့်မည်ဖြစ်သည်ဟု တွေးထင်ကြသည်။ အချို့သူများကမူ ဤသို့ဖြစ်လာရန်ကိုပင် စောင့်ဆိုင်းနေခဲ့ကြသည်။ သို့သော်လည်း ယင်းတို့ကို မပယ်ဖျက်သောအခါ၌ ၎င်းတို့သည် တမန်တော်မြတ် ﷺ သခင်ထံ တိုက်ရိုက်သွားရောက်မေးမြန်းသင့်သည်ဟု အချင်းချင်းဆုံးဖြတ်ကြသည်။ ထိုသို့

ၵင်းတို့လုပ်ဆောင်ကြသည်။ အိဗ်နိဂျရီးရှန့် အိဗ်နိအလ်မွန်ဒီးရ်ကျမ်းအရ အမျိုးသမီးများနှင့်ပတ်သက်၍ ထပ်ဆောင်းသောဥပဒေများပါဝင်သည်။ အာယသ်တော်များနှင့် နောက်အာယသ်များ ကျရောက်ရခြင်း၏ နောက်ခံအကြောင်းသည် ဤမေးခွန်းကြောင့်ပင်ဖြစ်ကြောင်း ဆိုထားသည်။ **(ဘယာန္နလ်ကုရ်အာန်)**

## အကျယ်ဖွင့်ဆိုခြင်း
## အိမ်ထောင်သည်ဘဝနှင့် ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အချို့သောညွှန်ကြားချက်များ

**وَإِنِ امْرَأَةٌ خَافَتْ مِنْ بَعْلِهَا** "ထို့ပြင်တစ်ဝ အကယ်၍ အကြင်မိန်းမတစ်ဦးသည် မိမိလင်ယောကျ်ား၏ နှိပ်စက်ခြင်းကို သော်ၵင်း၊ လျစ်လျူရှုစွန့်ပစ်ထားခြင်းကိုၵင်း"ဟူသော စကားလုံးတို့ဖြင့် အစပြုပြီး- **وَاسِعًا حَكِيمًا** ကျိုးကြောင်း ဆင်ခြင် တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း" ဟူသောစကားလုံးတို့ဖြင့် အဆုံးသတ်ထားသည်။ ၵင်းအာယသ်တော်များထဲတွင် ၵင်းတို့ကြာရှည်စွာ ပေါင်းသင်းနေထိုင်လာသည့် အခြေအနေ၏ အချိန် တစ်ချိန် မဟုတ်တစ်ချိန်တွင် ဇနီးမောင်နှံတိုင်းကြုံတွေ့ရတတ်သော အိမ်ထောင်သည်ဘဝ၏ နာကြည်းဖွယ်နှင့် ခက်ခဲသော ဘဝအစိတ်အပိုင်းများနှင့်ပတ်သက်သော ညွှန်ကြားချက်များပါဝင်ပါသည်။ ဤသည်မှာ မနှစ်မြို့ဖွယ်ရာများနှင့် တင်းမာမှုများဖြစ်ပါသည်။ အကယ်၍သာ ယင်းတို့ကိုမှန်ကန်သော ထိန်းချုပ်မှုနှင့် ဟန့်တားခြင်းမပြုဘဲ ဆက်လက်ဖြစ်ပေါ်နေစေပါက ဇနီးမောင်နှံတို့အားကြီးကျယ်သော ပြဿနာဖြစ်စေရုံသာမက များသောအားဖြင့် မိသားစုများနှင့် မျိုးနွယ်စုများကိုပါမကောင်းကျိုးများဖြစ်စေပါသည်။ ယင်းမကောင်းကျိုးများကြောင့် အချင်းချင်းထိပ်တိုက်ရင်ဆိုင်ခြင်းများ၊ ခိုက်ရန်ဖြစ်ပွားမှုများနှင့် သတ်ဖြတ်မှုများ ပင်ဖြစ်စေပါသည်။ မြင့်မြတ်သော ကုရ်အာန် ကျမ်းတော်မြတ်တွင် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးတို့၏ အိမ်ထောင်သည်ဘဝအတွက် ယင်းတို့၏ ခံစားချက်အသွယ်သွယ်တို့ကို မျက်ခြေမပြတ်သော စနစ်တစ်ခု တင်ပြထားသည်။ ဤစနစ်ကိုလိုက်နာကျင့်သုံးပါက နေအိမ်သည် အသေအချာသုခဘုံဗိမာန်ဖြစ်သွား စေပါလိမ့်မည်။ မိသားစု၏ မည်ကဲ့သို့သော ခါးသီးမှုများအတွက်မဆို ချစ်ခင်ကြင်နာမှုနှင့် လိုက်လျောညီထွေမှုတို့က အစားထိုးနေရာယူသွားပါလိမ့်မည်။ အကယ်၍ မလွဲမရှောင်သာသောအခြေအနေများက ဇနီးမောင်နှံတို့အား ကွဲကွာစေပါက ခွဲခွာခြင်းအမှုကို တစ်ဦးနှင့်တစ်ဦး ထိခိုက်နာကျင်ခြင်းမရှိဘဲ ချောမွေ့စွာပြုမူဆောင်ရွက်နိုင်ပါသည်။ ထို့နောက် ဆက်ဆံရေးများဖြတ်တောက်ပြီးသောအခါ စိတ်လှုပ်ရှားမှုကြောင့် ဆိုးကျိုးများဖြစ်သော မလိုမုန်းထားမှုများ၊ ရန်လိုမှုများ၊ နစ်နာမှုနှင့် နာကျင်မှုများမဖြစ်ပေါ်စေရန် စောင့်ကြည့်ရန်ကားလိုအပ်ပါသည်။

အာယသ်တော် သုံးခုအနက် အာယသ် (၁၂၈)သည် ဇနီးမောင်နှံအကြားတွင် ထိန်းချုပ်၍မရသော တင်းမာမှုများ အကြောင်းပါဝင်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဇနီးမောင်နှံတို့သည် မည်သည်ကိုမျှ လုပ်နိုင်ဟန်မရှိပါ။ သို့သော်လည်း သူတို့နှစ်ဦး၏ အပြန်အလှန်ခါးသီးမှုက တစ်ဦးပေါ်တစ်ဦးတင်ရှိသော တာဝန် ဝတ္တရားများကို ဖြည့်ဆည်းရန်ပျက်ကွက်စေပါသည်။ ပမာဆိုသော် လင်သားတစ်ဦး၏နှလုံးသား၌ မိမိဇနီးအပေါ်တွင် တက်ကြွသောခံစားချက်များမရှိခြင်းနှင့် ဇနီးသည်ကလည်းခင်ပွန်းသည်၏ နှလုံးသားကို ပြောင်းလဲစေနိုင်သော နည်းလမ်းများကို မထိန်းချုပ်နိုင်ခြင်းတို့ဖြစ်ပါသည်။ ခင်ပွန်းသည်က ရုပ်ရည်ချောမောပြီး ဇနီးသည်က

အကျည်းတန်၍သော်ငင်း အိုမင်းရင့်ရော်ခြင်းကြောင့်သော်ငင်း ဖြစ်နိုင်ပါသည်။ သို့ဆိုပါလျှင် သူ၏အခြေအနေအရ အမျိုးသမီးအား မည်သည့်နည်းနှင့်မျှအပြစ်တင်၍မရသကဲ့သို့ အမျိုးသားကိုလည်း သူ့အဖြစ်ကိုအပြစ်တင်၍မရကြောင်းထင်ရှားပါသည်။

ဤသဘောသဘာဝများ၏ နောက်ဆုံးဖြစ်တန်ရာသည့်အကြောင်းသည် ယခုဆွေးနွေးနေသော အာယသ် တော်ကျရောက်ခြင်းနောက်ခံ အကြောင်း၏ တစိတ်တစ်ဒေသအဖြစ် မဇ်ဟရီနှင့် အခြားကျမ်းစာများတွင် တင်ပြထားခဲ့သည်။ ထိုကဲ့သို့သော အခြေအနေမျိုးများတွင် ယောကျ်ားများအတွက် ကုရ်အာန်ကျမ်းတော်မြတ်၌ မိန့်ထားသောယေဘုယျဥပဒေမှာ- **فَإِمْسَاكٌ بِمَعْرُوْفٍ اَوْ تَسْرِيْحٌ بِإِحْسَانٍ** ထို့နောက် (လင်ယောကျ်ားများသည် မိမိတို့၏ဇနီးများကို) တရားတော်နှင့်အညီ ပြန်လည်သိမ်းပိုက်ပေါင်းသင်း ရန်သာရှိ၏။ သို့တည်းမဟုတ် (တတိယအကြိမ်ထပ်မံကွာရှင်း၍) ကောင်းမွန်စွာ စွန့်လွှတ်ရန်သာရှိတော့သတည်း" (၂း၂၂၉) ဆိုလိုသည်မှာ ဇနီးသည်နှင့် ဆက်လက်ပေါင်းသင်းမည်ဟုရည်စူးလျှင် သတ်မှတ်ထားသောနည်းလမ်းအတိုင်း သူမရသင့်ရထိုက်သော အခွင့်အရေးများအားလုံး ဖြည့်ဆည်း၍ သူမနှင့်ချစ်ခင်ရင်နှီးစွာပေါင်းသင်း နေထိုင်ရမည်ဆိုခြင်းကား လိုအပ်ချက်ပင်ဖြစ်သည်။ တစ်စုံတစ်ဦးသည် ထိုသို့ လုပ်နိုင်စွမ်းမရှိပါက မှန်ကန် သင့်လျော်သောနည်းလမ်းဖြင့် လက်ထပ်ထိမ်းမြားမှုစည်းနှောင်ထားချက်မှ သူမကိုစွန့်လွှတ်ပစ်သင့်သည်။ အကယ်၍ အမျိုးသမီးကလည်း ကွာရှင်းရန်စိတ်ဆန္ဒရှိလျှင် အခြေအနေကား ပွင့်ပွင့်လင်းလင်းနှင့် ရှင်းရှင်းလင်းလင်းဖြစ်သွားကာ လမ်းခွဲခြင်းသည်လည်း ချောမွေ့ပြေပြစ်ပေမည်။ သို့သော်လည်း ထိုကဲ့သို့သော အခြေအနေ အမျိုးများတွင် အမျိုးသမီးသည် သူမသားသမီးများအကျိုးကြောင့်ဖြစ်စေ၊ သူမကို ထောက်ပံ့မည့်သူ မရှိ၍ဖြစ်စေ သူမတွင် ကွာရှင်းလိုသောစိတ်ဆန္ဒမရှိခဲ့လျှင် အချို့သောရွေးချယ်ပိုင်ခွင့်များကို ၎င်း၏လင်ယောကျ်ား သဘောတူလာစေရန် ပြုလုပ်နည်းတစ်နည်းသာလျှင် ရှိပေသည်။ ဥပမာအားဖြင့် အမျိုးသမီးသည် သူမ၏ ရပိုင်ခွင့်အချို့(သို့)အားလုံးကို စွန့်လွှတ်ကောင်းစွန့်လွှတ်နိုင်၍ လင်ယောကျ်ားမှာ ၎င်း၏ ဝန်ထုပ်ဝန်ပိုး မရှိတော့ဘဲ ဆုကြေးအဖြစ် ဇနီးသည်တစ်ဦးရလာသကဲ့သို့ အကျိုးအမြတ်ဖြစ်သည်ဟု မှတ်ယူပေလိမ့်မည်။ ဤစီစဉ်ဆောင်ရွက်မှုဖြင့် ၎င်းတို့နှစ်ဦးကြား ငြိမ်းချမ်းမှုရစေနိုင်ပေမည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်- **وَاُحْضِرَتِ الْاَنْفُسُ الشُّحَّ** (အမှန်စင်စစ်သော်ကား လောဘရမ္မက်သည် (လူတို့၏) စိတ်တွင်ရှိမြဲပင်ဖြစ်ပေသည်) တွင် ထိုကဲ့သို့သော ညှိနှိုင်းမှုမျိုးဖြစ်နိုင်သည်ဟု မျှော်လင့်နိုင်ကြောင်း ညွှန်ပြထားသည်။ ထိုကဲ့သို့ ညှိနှိုင်းမှုတွင် အမျိုးသမီး၏ လောဘရမ္မက်သည် သားသမီးများ၏ နောင်ရေးကို ဖျက်ဆီးခြင်းမှ အကာအကွယ်ပြုရန်ဟူသည့် ပြင်းထန်သောဆန္ဒပေါ်တွင်လည်းကောင်း၊ အခြားတစ်နေရာတွင် သူမဘဝသည် ခက်ခဲပြင်းထန်စေနိုင်သည်ဟူသောအချက်ပေါ်တွင်လည်းကောင်း တည်မှီနေသည်။ အခြားတစ်ဖက်တွင်မူ အမျိုးသမီး၏လုပ်ဆောင်ခြင်းက အမျိုးသားကိုလှုံ့ဆော်ခြင်းခံရပါသည်။ လင်ယောကျ်ားအမြင်မှာ သူမသည်သူပေးရမည့် သူမ၏ခန်းဝင်ကြေးအပြည့်အဝကိုလည်းကောင်း တစ်စိတ်တစ်ဒေသကိုလည်းကောင်း ကင်းလွတ်ခွင့်ပြုခဲ့ကာ သူမ၏အခြားသောရပိုင်ခွင့်များ တောင်းဆိုခြင်းရပ်ဆိုင်းသွားခဲ့ပြီဟူ၍ဖြစ်ပေသည်။ သို့ဆိုလျှင် သူသည် သူမနှင့်လက်တွဲဖို့ ခက်သည်ဟုအဘယ့်ကြောင့်သူထင်ရပေမည်နည်း။ ထို့ကြောင့် ညှိနှိုင်းမှုတစ်ရပ်သည် လွယ်ကူသွားပါလိမ့်မည်။

ထို့နောက် ဤသည်နှင့်အတူ-

وَاِنِ امْرَأَةٌ خَافَتْ مِنْۢ بَعْلِهَا نُشُوْزًا اَوْ اِعْرَاضًا فَلَا جُنَاحَ عَلَيْهِمَآ اَنْ يُّصْلِحَا بَيْنَهُمَا صُلْحًا

**"ထို့ပြင်တစ်ဝ အကယ်၍ အကြင်မိန်းမတစ်ဦးသည် မိမိလင်ယောကျ်ား၏ နှိပ်စက်ခြင်းကို သော်လည်းကောင်း၊ လျစ်လျူရှုစွန့်ပစ်ထားခြင်းကို သော်လည်းကောင်း၊ စိုးရိမ်မကင်းဖြစ်ခဲ့အံ့၊ သို့ဖြစ်ခဲ့သော် ထို(ဇနီးမောင်နှံ) နှစ်ဦးတို့သည် အကယ်၍ ပြန်လည်သင့်မြတ်စေသော စည်းကမ်းချက်တစ်စုံတစ်ခုကို သတ်မှတ်ခြင်းအားဖြင့် ပြန်လည်သင့်မြတ်ကြပါလျှင် ၎င်းတို့နှစ်ဦးအပေါ်၌ အပြစ်တစ်စုံတစ်ရာ မရှိချေ"** ဟူ၍လည်း မိန့်ထားသည်။

အာယသ်တော်ထဲတွင်-**فَلَا جُنَاحَ عَلَيْهِمَا** (၎င်းတို့နှစ်ဦးအပေါ်၌ အပြစ်တစ်စုံတစ်ရာမရှိချေ)ဟူသော ဖော်ပြချက်ကို သုံးနှုန်းထားခြင်းသည် အပေးအယူ၏သဘာဝကို အကာအကွယ်ပေးရန်ဖြစ်သည်။ ယင်းအပေးအယူကို အပေါ်ရံကြည့်လျှင် လင်ယောကျ်ားအားခန်းဝင်ကြေးနှင့် အခြားတောင်းဆိုမှုများမှ ကင်းလွတ်စေမှုက ၎င်းအားဆွယ်၍ အိမ်ထောင်သည်များကို နဂိုအခြေအနေအတိုင်းရှိနေစေခြင်းသည် လာဘ်ထိုးသည့် ပုံစံပေါ်လွင်နေသည်။ သို့သော်လည်း ဤကုရ်အာန်ကျမ်းတော်မြတ်၏ (အသိဉာဏ်ကြွယ်သော)အဆိုအမိန့်က ထိုကဲ့သို့သော အပေးအယူလုပ်မှုသည် လာဘ်ထိုးခြင်းတွင်အကျုံးမဝင်ကြောင်းထင်ရှားစေသည်။ ထိုသို့မဟုတ်မူဘဲ ရှုပ်ထွေးသောအခြေအနေတစ်ရပ်၌ အသိဉာဏ်ကြွယ်ဝသော စဉ်စားတွေးတောမှုတစ်ရပ်အောက်တွင် အကျုံးဝင်ပေသည်။ နှစ်ဦးနှစ်ဖက်သည် မူလတောင်းဆိုမှုများမှ စွန့်လွတ်ကာ အလယ်အလတ်ကျသော နည်းလမ်းအချို့ကို လက်ခံသဘောတူခြင်းပင်ဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းမှာ ခွင့်ပြုသည်။

## အိမ်ထောင်ရေးအငြင်းပွားမှုတစ်ရပ်၌ အခြားသူများ၏ဝင်ရောက်စွက်ဖက်မှု

အလ်သဖ်စိရ်အလ်မဇ်ဟရီကျမ်းအရ ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်တွင် သုံးနှုန်းထားသော စကား လုံးများမှာ-**اَنْ يُّصْلِحَا بَيْنَهُمَا صُلْحًا** ဖြစ်သည်။ ဆိုလိုသည်မှာ ဇနီးမောင်နှံသည် ၎င်းတို့အကြား ညှိနှိုင်းမှုတစ်ရပ်ပြုသင့်သည်ဟူ၍ ဖြစ်သည်။ ဤနေရာတွင် am–e<n–y^B–(၎င်းတို့နှစ်ဦးအကြားတွင်)ဆိုသည့်စကားလုံးက လင်မယားကြား ဖြစ်ပေါ်သော ကိစ္စရပ်တွင် တတိယပုဂ္ဂိုလ်မဝင်လျှင်ကောင်းသည်ဟု အကြံပြုသည်။ ၎င်းတို့နှစ်ဦးသည် အချို့သောအချက်ပေါ် အခြေခံ၍ အချင်းချင်းညှိနှိုင်းဆွေးနွေးကြပါစေ။ ဤသို့ဆိုခြင်းသည် တတိယလူကြားဝင်ခြင်းက ညှိနှိုင်းဆွေးနွေးမှု အကြိမ်တော်တော်များများမဖြစ်စေသောကြောင့်ပင်တည်း။ အကယ်၍ ယင်းကဲ့သို့သောညှိနှိုင်းဆွေးနွေးမှု တစ်ရပ်ရသည့်တိုင် တတိယလူထံမှောက်၌ ဇနီးမောင်နှံ၏အားနည်းချက်ကိုမလိုလားဘဲ ဖော်ထုတ်မိသကဲ့သို့ဖြစ်သွားပေမည်။ ထိုသို့လုပ်ခြင်းမှ ရှောင်ရှားခြင်းက ဇနီးမောင်နှံနှစ်ဦးစလုံးအတွက် လျော်ကန်သင့်မြတ်ပေသည်။

အာယသ်တော် (၁၂၈)အဆုံး၌ မိန့်ထားသည်မှာ-

وَاِنْ تُحْسِنُوْا وَتَتَّقُوْا فَاِنَّ اللّٰهَ كَانَ بِمَا تَعْمَلُوْنَ خَبِيْرًا

**"သိုရာတွင် အကယ်၍ အသင်တို့သည် (ဇနီးမိန်းမတို့နှင့်) ကောင်းစွာဆက်ဆံ၍ (ၿငင်းတို့အား လျစ်လျူရှုစွန့်ပစ်ထားခြင်းမှ)ကြဉ်ရှောင်ကြပါမူ (အသင်တို့သည် ကြီးကျယ်လှသော ကုသိုလ်အကျိုးရရှိအံ့၊ အဘယ့်ကြောင့်ဆိုသော်) အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုသမျှတို့ကို ဧကန်စင်စစ်အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း"။**

အစောပိုင်းကဖော်ပြခဲ့သော ရွေးချယ်ပိုင်ခွင့်များ၏ နောက်ခံအကြောင်းတွင် စိတ်သဘောထားခြင်းမတိုက်ဆိုင်၍ သူမ၏ရပိုင်ခွင့်များဖြည့်ဆည်းခြင်းတွင် ခက်ခဲမှုရှိသည့်ပေါ်အခြေခံကာ သူမအား စွန့်လွှတ်ခြင်းဟူသည့်တရားဝင်ရွေးချယ်ခွင့်မှာ ခင်ပွန်းသည်တွင်ရှိပေသည်။ သို့ဆိုလျှင် ဤအာယသ်တော်၏ ပထမဝါကျအရ ဇနီးသည် သူမ၏တောင်းဆိုချက်အချို့ကို အလျော့ပေးလိုက်လျောကာ သဘောတူညှိနှိုင်းခြင်းတစ်ရပ်ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေသည်။ ယခုကိုးကားထားသည့် နောက်ဆုံးအာယသ်တော်ကလည်း တတိယရွေးချယ်မှုတစ်ရပ်ကို ဖော်ပြထားသည်။ မိန့်ကြားချက်၏ဆိုလိုရင်းမှာ "သို့သော်လည်း၊ အကယ်၍ သင့်နှလုံးသားတွင် အလ္လာဟ်ကြောက်စိတ်ရှိခဲ့ကာ အသင်၏လုပ်ဆောင်မှုတို့တွင် ယဉ်ကျေးသိမ်မွေ့ပြီး နူးညံ့ပျော့ပျောင်းစေရန် ရွေးချယ်ပါ။ ပြီးနောက် အသင်နှင့် စိတ်သဘောထား မတိုက်ဆိုင်မှုကို အပထားပြီး သူမနှင့် အလိုက်အထိုက် ဆက်ဆံပါ။ ထို့နောက် ဝတ္တရားရှိသည့်အတိုင်း သူမ၏အခွင့်အရေးကို ဖြည့်ဆည်းပေးပါ။ ဤသည်တို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့မှောက်တွင် ခန်းနားကြီးကျယ်သော လုပ်ရပ်ဖြစ်သည်။ ယင်းအကျိုးရလဒ်သည် ထင်ရှားပါသည်။ ဂုဏ်သိက္ခာရှိစွာ စိတ်သဘောနူးညံ့သိမ်မွေ့စေပြီး ပေါင်းသင်းဆက်ဆံရေး၌ လျော်လျောရှူရှူ ဖြစ်စေခဲ့လျှင် အသင်၏ ယင်းကောင်းမှုလုပ်ဆောင်ချက်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှောက်၌ ထင်ရှားပေမည်။ အလ္လာဟ်အရှင်မြတ်သည် သင့်ရဲ့သည်းခံမှုနှင့် သင့်ကောင်းမှုလုပ်ရပ်များ၏ ဂုဏ်ကျက်သရေအတွက် သင်ဘယ်သောအခါမှ မတွေးထင်ခဲ့သည့် ဆုတော်လာဘ်တော်များဖြင့် ချီးမြှောက်တော်မူလိမ့်မည်ဖြစ်သည်။" ဤသည်ကြောင့် မူရင်းစာသားက "အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှတို့ကို ဧကန်စင်စစ် အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း"ဟူသည်၌ အဆုံးသတ်သွားခဲ့သည်။ စာသားက ကောင်းမြတ်သောလုပ်ရပ်အတွက် အစားပေးမှုကို ဖော်ပြမထားပါ။ ထိုဆုလာဘ်သည် တစ်စုံတစ်ဦး မည်သည့်အခါမျှ စဉ်းစားတွေးတောမရနိုင်သော ဆုလာဘ်ဖြစ်သည်ဟူ၍ ညွှန်ထားခဲ့သည်။

## ဖော်ပြပြီးခဲ့သည့်မှတ်ချက်များ၏အကျဉ်းချုပ်

အမျိုးသားသည် အကြောင်းကြောင်းကြောင့် ဇနီးသည်နှင့် စိတ်သဘောမတိုက်ဆိုင်ဟုထင်မှတ်ကာ ဇနီးက သူ၏ရပိုင်ခွင့်ကိုလည်း မဖြည့်ဆည်းနိုင်ဟု သိလာသောအခါ ဇနီးသည်လိုက်နာဆောင်ရွက်နိုင်သော ဘောင်အတွင်းဖြစ်ပျက်သမျှကိစ္စရပ်များကို မှန်မှန်ကန်ကန်ဖြစ်စေရန် ကြိုးစားရပေမည်။ ထိုကဲ့သို့ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုကို ယာယီဖော်ပြနိုင်ရန်မှာ ခပ်တန်းတန်းဆက်ဆံခြင်း၊ ပြင်းထန်စွာဆုံးမခြင်း၊ အတင်း

အကြပ်လုပ်ဆောင်စေချင်သည့်တိုင် ပျော့ပျော့ပျောင်းပျောင်းစည်းကမ်းတကျဆုံးမခြင်း စသည်တို့ကို စူရဟ် အလ်နိစာအ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ အကယ်၍ ခင်ပွန်းသည်ပြုပြင်ပြောင်းလဲရန်ကြိုးစားမှုတွင် မျှော်လင့်ချက်ကင်းမဲ့၍လည်းကောင်း၊ ဇနီးကိုပြုပြင်ပြောင်းလဲခြင်းဖြင့် ထိမ်းချုပ်ရန်မတတ်နိုင်တော့လျှင်လည်းကောင်း၊ ထိုကဲ့သို့သောအခြေအနေမျိုးတွင် အစ္စလာမ့်တရားဥပဒေက သူ့ကိုမည်သည့်အော်ဟစ်ငြင်းခုန်ခြင်းမျှ မပြုဘဲ ယဉ်ကျေးသိမ်မွေ့သောနည်းတစ်ရပ်ဖြင့် ဇနီးသည်ကို ကွာရှင်းပြတ်စဲ၍ စွန့်လွှတ်ခွင့်ပေးထားသည်။ သို့သော်လည်း အကယ်၍ သူသည်သူ၏ရပိုင်ခွင့်များကို ဥပက္ခာပြု၍ သူမအတွက်ဖြည့်ဆည်းမှုကို အပြည့်အဝပြုလုပ်ကာ ယခင်က အခြေအနေများအတိုင်း ဆက်ဆံပေါင်းသင်းခဲ့ရန် ရွေးချယ်ခဲ့ပါလျှင် သူ၏ကောင်းမြတ်သောလုပ်ရပ်သည် အလွန်ချီးကျူးထိုက်၍ ကြီးမားသောဆုလာဘ်နှင့် ထိုက်တန်သွားစေသည်။ ယင်းနှင့်ဆန့်ကျင်စွာ ခင်ပွန်းက သူဇနီး၏ လိုအပ်သောရပိုင်ခွင့်ကို မဖြည့်ဆည်းသည့်အတွက် ဇနီးက ခင်ပွန်း၏ စွန့်လွှတ်မှုကိုဆန္ဒရှိသည်။ ဤသို့သော အခြေအနေမျိုးတွင် အကယ်၍ ခင်ပွန်းကလည်း သူဇနီးကို စွန့်လွှတ်လိုသောစိတ်ဆန္ဒရှိလျှင်ကား လုပ်ငန်းစဉ်ကို ရှင်းပေသည်။ သူရပိုင်ခွင့်ကို မဖြည့်ဆည်းမှုပေါ်အခြေခံ၍ ခင်ပွန်းသည်က အမျိုးသမီးကို ကွာရှင်းရန်ဆန္ဒရှိလျှင် အမျိုးသမီးတွင်လည်း တုန့်ပြန်နိုင်ခွင့်ရှိသည်။ ယင်းမှာ သူမ၏လွတ်လပ်မှုအတွက် သူမတွင်လည်းရွေးချယ်ခွင့်ရှိခြင်းဖြစ်သည်။ လင်ယောကျ်ားသည်သူမကို စွန့်လွှတ်ရန်အတွက် သူ့ကိုယ်သူ အဆင်သင့်မဖြစ်သေးလျှင် ဇနီးသည် အစ္စလာမ့်တရားရုံးတော်မှတစ်ဆင့်သူမ၏ လွတ်လပ်ခွင့်ကိုပြန်လည်တောင်းဆိုနိုင်ခွင့်ရှိသည်။ သို့သော်လည်း အကယ်၍ သူမသည် ခင်ပွန်း၏ ကောက်ကျစ်ပြီး အေးစက်သောနည်းလမ်းများကို သည်းခံပြီးရင်ဆိုင်ကာ သူမ၏ရပိုင်ခွင့်များ တောင်းဆိုခြင်းမှ စွန့်လွှတ်၍ ခင်ပွန်းနှင့်အတူ လိုက်လိုက်လျောလျော နေထိုင်သည့်သဘောဖြင့် အခွင့်အရေးများကို ဖြည့်ဆည်းကာပေါင်းသင်းနေထိုင်သွားမည်ဆိုလျှင်ကား ဤသည်မှာ သူမအတွက် မြင့်မားသောကုသိုလ်စဝါးဗရသော လုပ်ရပ်ဖြစ်ကာ ကြီးမားသော ဆုလာဘ်တစ်ခုနှင့် ထိုက်တန်သွားပေမည်။

## လမ်းညွှန်မှု၏အနှစ်သာရ

ထို့ကြောင့်တစ်ဖက်တွင် ဇနီးမောင်နှံနှစ်ဦးစလုံးတို့အား ကုရ်အာန်ကျမ်းတော်မြတ်က ၎င်းတို့ ပေါင်းသင်းဆက်ဆံခြင်းမှ အခက်အခဲများကို ဖယ်ရှားရန်နှင့် ၎င်းတို့၏ရပိုင်ခွင့်များကို လက်ခံရယူရန် တရားဝင်အခွင့်အရေးပေးထားသည်။ အခြားတစ်ဖက်တွင်မူ ဇနီးမောင်နှံ နှစ်ဦးစလုံး၏ မြင့်မားသောကိုယ်ကျင့်တရားပြသရန်နှင့် ၎င်းတို့၏ရပိုင်ခွင့် ဆုံးရှုံးမှုများကို သည်းခံရန် တိုက်တွန်းနှိုးဆော်ထားသည်။ ၎င်းတို့၏ဆက်ဆံမှုဖြတ်တောက်ခြင်းကို အတတ်နိုင်ဆုံးရှောင်ကြဉ်ရန် ညွှန်ကြားချက်ပေးထားသည်။ ဇနီးမောင်နှံနှစ်ဦးနှစ်ဖက်သည် အသေးအမွှားတောင်းဆိုမှုများမှ ရှောင်ရှားကာ နှစ်ဦးနှစ်ဖက်သဘောတူညီထားသောနည်းလမ်းအချို့ဖြင့် ပြေငြိမ်းမှုတစ်ရပ်ရရပေမည်။

## ညှိနှိုင်းဆွေးနွေးခြင်း (အကောင်းဆုံးရွေးချယ်မှု)

ဦးစွာပထမ ဤအာယသ်တော်က ဇနီးခင်ပွန်းကွဲပြားခြားနားမှုအဖြစ်အပျက်တွင် ညှိနှိုင်းဆွေးနွေးခြင်းခွင့်ပြုသည်ဟု ရိုးရှင်းစွာ ညွှန်ပြထားသည်။ အာယသ်တော်အဆုံးတွင် ဤသို့ညှိနှိုင်းဆွေးနွေးမှုအကောင်အထည်

ပေါ်မလာလျှင် သည်းခံမှု အကောင်းဆုံးထား၍ ဆက်လက်ပေါင်းသင်းနေထိုင်သင့်သည်ဟု မိန့်ကြားထားသည်။ ယင်းအာယသ်တော်ကြားတွင် ရှိသောဝါကျက ညှိနှိုင်းဆွေးနွေးလိုသောစိတ်ဆန္ဒရှိခြင်းသည် အလေးသာသော ရွေးချယ်မှုအဖြစ် သက်သေပြကာ ဖော်ပြထားသည်။ (စင်စစ်မှာကား စေ့စပ်ခြင်းသည်အကောင်းဆုံးပင်)ဟု မိန့်ထားသည်။ ဝါကျ၏သဘာဝမှာ ဖော်ပြသကဲ့သို့ အတန်အသင့် ယေဘုယျကျသည်။ လက်ရှိစာသားတွင်း ဇနီး ခင်ပွန်းအငြင်းပွားမှုများပါဝင်သည်ဆိုသည်မှာ သေချာပေသည်။ သို့သော်လည်း ဤကမ္ဘာလောကတွင် ဖြစ်တတ်သော အားလုံးသော မိသားစုဆိုင်ရာ ကွဲပြားခြားနားမှုမျိုးစုံ၊ အားလုံးသောအချင်းချင်းအငြင်းပွားမှု၊ အော်ဟစ်ငြင်းခုံခြင်း၊ တရားစွဲဆိုခြင်းတို့သည်လည်း အကျုံးဝင်သည်။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများသည် وَالصُّلْحُ خَيْرٌ "စင်စစ်မှာကား စေ့စပ်ခြင်းသည် အကောင်းဆုံးပင်ဟု ယေဘုယျသုံးနှုန်းထားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် သက်ဆိုင်သူများသည် ၎င်းတို့၏ ရပိုင်ခွင့်များကို တစ်လုံးတစ်ခဲတည်းဖြည့်ဆည်းရန်ဟူသော တောင်းဆိုခြင်းကို ခေါင်းမာနေခြင်းမှ ရှောင်ရှားကာ တစ်ဖက်စီမှ တောင်းဆိုမှုအချို့ကို စွန့်လွှတ်ရန်ရွေး၍ အလယ်အလတ်အနေအထားဖြင့် ညှိနှိုင်းဆွေးနွေးရန်သဘောတူကြရမည်။ တမန်တော်မြတ် ﷺ သခင် မိန့်ကြားခဲ့သည်မှာ-

كُلُّ صُلْحٍ جَائِزٌ بَيْنَ الْمُسْلِمِيْنَ اِلَّا صُلْحًا اَحَلَّ حَرَامًا اَوْحَرَّمَ حَلاَلاً، وَالْمُسْلِمُوْنَ عَلٰى شُرُوْطِهِمْ اِلَّا شَرْطًا حَرَّمَ حَلاَلاً

"မုစ်လင်မ်များကြား ဟရာမ်တရားမဝင်သည်ကို တရားဝင်သည် ဟလာလ်ဟု လည်းကောင်း၊ တရားဝင်သည်ကို ဟရာမ်တရားမဝင်ဟုလည်းကောင်း ပြုလုပ်ထားသည်များပါဝင်သော ဆွေးနွေးမှုများမှအပ ညှိနှိုင်းဆွေးနွေးမှုတိုင်းခွင့်ပြုသည်။ ထို့ပြင်မုစ်လင်မ်များသည် တရားဝင်သည်ကို တရားမဝင် ပြုလုပ်ထားသော စည်းကမ်းချက်များမှအပ လက်ခံပြီးထားသော စည်းကမ်းချက်များအတိုင်း လိုက်နာကျင့်သုံးရမည်။ **(သဖ်စိရ်မဇ်ဟရီ၊ ကဆီးရ်အိဗ်နိ အဗ်ဒုလ္လာဟ်မှ အလ်ဟကီမ်၏ဆင့်ပြန်ချက်)**

ဥပမာအားဖြင့် ခင်ပွန်းက ဇနီးကိုသူမ၏ညီမအား ၎င်းလက်ထပ်ထိမ်းမြားမည်ဟု ညှိနှိုင်းဆွေးနွေးမည် ဆိုလျှင်ယင်းသည် ပြုလုပ်ပိုင်ခွင့်မရှိချေ။ အဘယ့်ကြောင့်ဆိုသော် အစ္စလာမ့်ဥပဒေက ညီအစ်မ နှစ်ဦးအား တပြိုင်နက်တည်းလက်ထပ်ထိမ်မြားခြင်းကို တားမြစ်ပိတ်ပင်ထားသောကြောင့် ဖြစ်သည်။ ဤသည်မှာ ဟရာမ်(သို့)တရားမဝင်ချေ။ သို့တည်းမဟုတ် ခင်ပွန်းက ၎င်းသည်အခြားဇနီး၏ ရပိုင်ခွင့်ကို မဖြည့်ဆည်း ဟူသော စည်းကမ်းချက်အပေါ် ဆွေးနွေးညှိနှိုင်းရန်ဆန္ဒရှိလျှင် ဤသည်မှာ တရားဝင်သည့်ကိစ္စရပ်အား တရားမဝင်သည့် ကိစ္စရပ်အဖြစ် ရောက်သွားစေသောကြောင့်"ဟရာမ်"ဖြစ်သည်။

အထက်ဖော်ပြပါ ဟဒီးဆ်ဆင့်ပြန်ချက်ထဲတွင် ယေဘုယျသဘောအနေဖြင့် စေ့စပ်ညှိနှိုင်းမှုများကို ခွင့်ပြုသည်ဟုကြေညာခဲ့သောကြောင့် အိမာမ်အဗူဟနီဖဟ်သည် ဤအဆိုအမိန့်မှ အမျိုးမျိုးသော စေ့စပ်ညှိနှိုင်းမှုများသည် ခွင့်ပြုသည်ဟူသော ဥပဒေသကို ထုတ်နှုတ်ခဲ့ပါသည်။ စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများတွင် ဝန်ခံချက်ပါဝင်နိုင်ပါသည်။ ပမာဆိုသော် တရားလိုကတောင်းဆိုသော ဒေါ်လာ (၁၀၀၀)ကိုသူပေးဆပ်ရန်ရှိပါသည်ဟု တရားခံ၏

ဝန်ခံချက်နောက်တွင် စေ့စပ်ညှိနှိုင်းမှုတစ်ခုပြုနိုင်ပါသည်။ ယင်းသို့ပြုလုပ်ရာတွင် တရားလို၏တောင်းဆိုမှုအားလုံးမှ အချို့အဝက်တို့ကိုလျော့ပေါ့စေခြင်းကိုသော်လည်းကောင်း၊ ငွေကြေးပမာဏအတွက် တစ်စုံတစ်ခုကို အစားယူခြင်းအားဖြင့်သော်လည်းကောင်း၊ တရားခံ၏ဝန်ခံချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တောင်းဆိုချက်သည် အမှန်တကယ်မည်သို့ပင်ရှိစေကာမူတရားခံသည် စေ့စပ်ညှိနှိုင်းမှုတစ်ခုပြုလုပ်လိုခြင်းဖြစ်သည်။ မသက်ဆိုင်ကြောင်း ချင်းလင်းချက်ရှိလင့်ကစားတရားခံက အငြင်းပွားမှုကို အဆုံးသတ်စေရန်အလို့ငှာ အချို့အဝက်ကို ပေးဆောင်ပါမည်ဟု ပြောဆိုခဲ့ပါလျှင် ဤလုပ်ရပ်သည်ပင် ညှိနှိုင်းဆွေးနွေးမှုကိုဖြစ်စေနိုင်ပါသည်။ ဤသုံးမျိုးသော ညှိနှိုင်းဆွေးနွေးမှုများတို့ကိုခွဲခြားပြပါသည်။ ရေငုံနှုတ်ပိတ်နေခြင်း (သို့မဟုတ်)ငြင်းဆိုခြင်းတို့အတွက် ညှိနှိုင်းဆွေးနွေးမှုလုပ်ရန်အတွက်ကိုမူ ဓမ္မသတ်ပညာရှင်များ၏အကြားမှာ အကွဲအလွဲရှိလေသည်။

အဆုံးတွင် ဤအာယသ်တော်ထဲတွင်ဖော်ပြထားသောဇနီးမောင်နှံအကြား ညှိနှိုင်းဆွေးနွေးမှုနှင့်ပတ်သက်သော ပြဿနာတစ်ရပ်ကို ဖော်ပြသင့်ပါသည်။ အကယ်၍ အမျိုးသမီးသည်သူမ၏ ရပိုင်ခွင့်အချို့တို့ကို စွန့်လွှတ်ခြင်းဖြင့် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခဲ့ပါလျှင် ဤသို့သော စေ့စပ်ညှိနှိုင်းမှုသည် သူမစွန့်လွှတ်သော ရပိုင်ခွင့်တို့သည် လုံးဝဥဿုံပယ်ဖျက်ပြီးဖြစ်သွားသော်လည်း စေ့စပ်ညှိနှိုင်းမှုပြုလုပ်သည့်အချိန်ထိ သူမ၏ရပိုင်ခွင့်များကိုဖြည့်ဆည်းရန်မှာ ခင်ပွန်းသည်၏ တာဝန်ဖြစ်သည်။ ပမာဆိုသော်စေ့စပ်ညှိနှိုင်းမှုမပြုမီက ခင်ပွန်းသည်မှပေးဆောင်ရန်ရှိသော ခန်းဝင်ကြေးပေးဆောင်ခြင်းကိစ္စပင်ဖြစ်သည်။ ထို့ကြောင့် ဇနီးသည် သူမ၏မဟရ်ခန်းဝင်ကြေးအားလုံးကိုဖြစ်စေ၊ ယင်း၏တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ခွင့်လွှတ်ခြင်းဖြင့် စေ့စပ်ညှိနှိုင်း ခဲ့ပါလျှင် စေ့စပ်ပြီးစီးပါက မဟရ်ငွေအလုံးစုံကိုသော်ငင်း တစ်စိတ်တစ်ပိုင်းကိုသော်ငင်းသူမ၏တောင်းဆိုခွင့်သည် ကုန်ဆုံးသွားပါသည်။ သို့ရာတွင် စေ့စပ်ညှိနှိုင်းချိန်တွင် ခင်ပွန်းအပေါ်၌ ဖြည့်ဆည်းပေးရန်တာဝန်မရှိသော အခွင့်အရေးများ ပမာဆိုသော် နောင်လာမည့်ကာလအတွက် ဇနီး၏ ကုန်ကျစရိတ်များ ပေးဆောင်ရခြင်းကိုဖြစ်စေအတူတကွနေထိုင်ခြင်းကိုဖြစ်စေ၊ ယင်းကိစ္စရပ်အားလုံးတို့အတွက် ခင်ပွန်းသည်တွင် တာဝန်မရှိပါ။ အကယ်၍ ဤအခွင့်အရေးများကိုစွန့်လွှတ်သည့်အပေါ်အခြေခံ၍ စေ့စပ်ညှိနှိုင်းမှုပြုလုပ်ခဲ့ပါက ဇနီး၏ဤအခွင့်အရေးများကို တောင်းဆိုခွင့်ထာဝရဆုံးရှုံးသွားသည်မဟုတ်ပါ။ နောင်အနာဂတ်တွင် သူမရွေးချယ်သည့်မည်သည့်အချိန်တွင်မဆို ထိုအခွင့်အရေးများကို ဇနီးသည်က မစွန့်လွှတ်လိုကြောင်း ကြေညာနိုင်သည်။ ယင်းကဲ့သို့သောအခြေအနေမျိုးတွင် ခင်ပွန်းသည်က သူမအားစွန့်လွှတ်ခြင်းဟူသည့် ရွေးချယ်မှုကိုလုပ်ဆောင်နိုင်ပါသည်။ **(သဖ်စီရ်မဇ်ဟရီအစရှိသည်)**

နောက်ဆုံးအာယသ်တော် (၁၃၀)**وَإِنْ يَتَفَرَّقَا يُغْنِ اللَّهُ كُلًّا مِّنْ سَعَتِهِ** "သို့ရာတွင် အကယ်၍ထို(ဇနီးမောင်နှံ)နှစ်ဦးတို့သည် (မိမိတို့အချင်းချင်းသင့်မြတ်နိုင်ခြင်းငှါ နည်းလမ်းမရှိတော့၍) ကွာရှင်းခွဲခွာကြပါမူအလ္လာဟ်အရှင်မြတ်သည် မိမိ၏ များပြားသောကျေးဇူးတော်ဖြင့် (ယင်းဇနီးမောင်နှံနှစ်ဦးတို့အား) တစ်ဦးကိုတစ်ဦးမတောင့်မတ၊ မကြောင့် ကြရအောင်ပြုလုပ်ပေးတော်မူအံ့" ထဲတွင် ဇနီးမောင်နှံတို့အကြားဖြစ်ပေါ်လာသည့်ကိစ္စရပ်အားလုံးမှန်ကန် စေရန် ကြိုးပမ်းမှုအားလုံးအကောင်အထည်ပေါ်မလာပါက ၎င်းတို့ခွဲခွာကြရတော့မည်ဟုနှစ်သိမ့်ထားသည်။ ဤကိစ္စရပ်အတွက် ၎င်းတို့သည် ပူပင်သောကမရောက်သင့်ပေ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့နှစ်ဦးအား တစ်ဦးကိုတစ်ဦးက လိုအပ်ခြင်းမှကင်းရှင်းစေပါမည်။ အမျိုးသမီးသည် အခြားအိမ်တစ်ခုရရှိ

ပါလိမ့်မည်။ ထောက်ပံ့မှုအရင်းအမြစ်လည်းရရှိပါလိမ့်မည်။ ၎င်းပြင်အမျိုးသားသည်လည်း အခြားအမျိုးသမီး တစ်ဦးကိုတွေ့ရှိပါလိမ့်မည်။ အလ္လာဟ်အရှင်မြတ်၏အာဏာစက်သည် ကျယ်ဝန်းလှပါသည်။ မျှော်လင့်ချက်ကင်းဝေးစရာအကြောင်းမရှိပါ။ ဇနီးမောင်နှံတစ်ဦးစီတို့သည် အိမ်ထောင်မကျမီက ၎င်းတို့၏ ဘဝကိုစဉ်းစားကြည့်ပါလေ။ ၎င်းတို့သည် တစ်သီးတစ်ခြားစီသော ပုဂ္ဂိုလ်များဖြစ်ပြီး တစ်ဦးကိုတစ်ဦးခင်ပွန်း၊ ဇနီးဟူ၍လည်းမရှိကြပါ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့နှစ်ဦးပေါင်းစည်းစေရန်အတွက် လက်ထပ်ထိမ်မြားပေးခဲ့ပါသည်။ ယင်းကဲ့သို့လည်းတစ်ဖန်ထပ်၍ ဖြစ်ပေါ်နိုင်ပါသည်။

အာယသ်တော် အဆုံးသတ်ကာနီးတွင်- **وَكَانَ اللّٰهُ وَاسِعًا حَكِيْمًا** "အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်ပေါများကြွယ်ဝတော်မူသော ကျေးဇူးတော်ရှင် ကျိုးကြောင်းဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသောအရှင်မြတ်ဖြစ်တော်မူပေသတည်း"ဟု မိန့်ကြားထားခြင်းက အလ္လာဟ်အရှင်မြတ်၏ စွမ်းဆောင်ရည်အတိုင်းအတာကား အလွန့်အလွန်ကျယ်ဝန်းလှ၍ အလ္လာဟ်အရှင်မြတ်၏ လုပ်ဆောင်သမျှသည် အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော် အပေါ်အခြေခံထားသည်။ ဤတစ်ခြားစီခွဲခွာခြင်းဆိုသည်က ပြဿနာ၏အကောင်းဆုံးဖြေရှင်းချက်ဖြစ်နိုင်လိမ့်မည်။ ကွဲကွာပြီးခြင်း၏ နောက်ပိုင်းအချိန်တို့တွင် ၎င်းတို့ဘဝတွင် ကောင်းမွန်စွာနေထိုင်နိုင်ရန်အတွက် အိမ်ထောင်ဘက်များတွေ့ကာ ကောင်းချီးမင်္ဂလာရနိုင်ပါလိမ့်မည်။

## **မည်သူတစ်ဦးတစ်ယောက်တွင်မှ ၎င်းထိမ်းချုပ်နိုင်သည်ထက် တာဝန်မတင်ရှိချေ။**

အိမ်ထောင်သည်ဘဝတည်ငြိမ်၍ ချမ်းမြေ့စေရန်ကုရ်အာန်ကျမ်းတော်မြတ်က ဤအာယသ်တော်များထဲတွင် နှစ်ဖက်စလုံးအတွက် အရေးကြီးသောလမ်းညွှန်ချက်များပေးထားခဲ့သည်။ ထိုလမ်းညွှန်ချက်များထဲမှ တစ်ခုကား- **وَلَنْ تَسْتَطِيْعُوْٓا اَنْ تَعْدِلُوْا بَيْنَ النِّسَآءِ** (ထိုမှတစ်ပါးတုံအသင်တို့သည် (မည်မျှပင်တရားမျှတစေရန်) ဆန္ဒထားရှိကြသော်လည်း (မိမိတို့၏တစ်ဦးထက်ပိုသော) ဇနီးမိန်းမတို့၏စပ်ကြားဝယ် (အဘက်ဘက်မှ)တရားမျှတအောင် အလျင်းပြုနိုင်ကြမည်မဟုတ်ပေ-၁၂၉)ဖြစ်၍ နှစ်ဦးနှစ်ဖက်စလုံးအတွက် အထူးလမ်းညွှန်ချက်တစ်ရပ်ဖြစ်ပေသည်။ ဤနေရာတွင် ပြန်လည်သတိရသင့်သည်မှာ စူရဟ်အလ်နိစာအ်၏အစပိုင်းတွင် အမျိုးသားတစ်ဦးသည် တစ်ဦးထက်ပိုသောဇနီးကို လက်ထပ်ထိမ်းမြားရာတွင် ဇနီးအားလုံးအကြား သာတူညီမျှတရားမျှတမှုကို ထိမ်းသိမ်းရန်မှာ ၎င်းတာဝန်ဖြစ်သည်။ အကယ်၍၎င်းသည် ထိုတာဝန်ဝတ္တရားကိုဖြည့်ဆည်းနိုင်စွမ်းမရှိဟု ထင်မှတ်လျှင် သူသည်ဇနီးတစ်ဦးထက်ပို၍မယူသင့်ခြေဟုကုရ်အာန်ကျမ်းတော်မြတ်တွင်အတည်ပြုထားခဲ့ပြီးဖြစ်သည်။ **فَاِنْ خِفْتُمْ اَلَّا تَعْدِلُوْا فَوَا حِدَةً** (တစ်ဖန်အကယ်၍ အသင်တို့သည် (ဇနီးမိန်းမတစ်ယောက်ထက်ပို၍ထိမ်းမြားရာတွင်) တရားမျှတမှုကိုပြုနိုင်ကြမည်မဟုတ်ဟု စိုးရိမ်မကင်းဖြစ်ကြပြန်သော် (ဇနီးမိန်းမ)တစ်ဦးတည်းနှင့်ပင် (တင်းတိမ်ကြရမည်)"(၄း၃) ဟုမိန့်ကြားထားသည်။

တမန်တော်မြတ် ﷺ၏ကျင့်ဆောင်မှုနှင့် မိန့်မြွတ်ချက်တို့မှ ကြေညာထားသည်မှာ ဇနီးသည်များကြား သာတူညီမျှမှုနှင့် တရားမျှတစွာဆက်ဆံရန်မှာ လေးနက်သောအမိန့်ပညတ်ချက်တစ်ခုဖြစ်၍ ထိုအမိန့် ပညတ်ချက်ကို ဆန့်ကျင်သူကိုလည်း လေးနက်စွာသတိပေးထားခဲ့သည်။ စိုက်ယိဒါဟ်အာအိရှာ ﷺ သခင်မကြီးက မိန့်ကြားခဲ့သည်မှာ တမန်တော်မြတ် ﷺသခင်သည် ၎င်း၏ဇနီးများအားသာတူညီမျှနှင့် တရားမျှတစွာ ဆက်ဆံ

ခြင်းတွင်သေချာရန် အထူးဂရုစိုက်ပေသည်။ ထိုကဲ့သို့ လုပ်ဆောင်ရာ၌ ကိုယ်တော်မြတ် ﷺသည် အလ္လာဟ်အရှင်မြတ်ထံဆုဒုအာပြုသည်မှာ-

اَللّٰهُمَّ هٰذَا قَسْمِیْ فِیْمَا اَمْلِكُ، فَلَا تَلُمْنِیْ فِیْمَا تَمْلِكُ وَلَا اَمْلِكُ

**“အိုအလ္လာဟ်အရှင်မြတ်၊ ကျွန်ုပ်၏ ဤတရားမျှစေခြင်းမှာ ကျွန်တော်မျိုး ထိန်းချုပ်နိုင်သောအရာဖြစ်ပါသည်။ (စိတ်လှုပ်ရှားမှုကြောင့် တိမ်းညွတ်မှုသည်ကား ကျွန်တော်မျိုးထိန်းချုပ်နိုင်သောအရာမဟုတ်) ထို့ကြောင့်အရှင်မြတ်ထိန်းချုပ်နိုင်သောအရာအတွက် ကျွန်တော်မျိုးအား မေးမြန်းစစ်ဆေးခြင်းမှ ကင်းလွတ်ခွင့်ပေးတော်မူပါ”။**

တမန်တော်မြတ် ﷺသခင်ထက် မည်သူက ကိုယ့်ကိုယ်ကိုပို၍ ထိန်းချုပ်နိုင်ပါမည်နည်း။ သို့တိုင် စိတ်လှုပ်ရှားမှုကြောင့် တိမ်းညွတ်မှုနှင့်ပတ်သက်လျှင် ၎င်းကိုယ်တိုင် မထိန်းချုပ်နိုင်ဟုမှတ်ယူထား၍ ယင်းကိစ္စနှင့်ပတ်သက်၍ ကင်းလွတ်ခွင့်ပေးပါရန် အလ္လာဟ်အရှင်မြတ်ထံ ကိုယ်တော်မြတ်ﷺသခင်က ဒုအာဆုပန်ခဲ့ခြင်းဖြစ်သည်။

စူရဟ်အလ်နိစာအ်၏အာယသ်တော်(၃)၏ စကားလုံးများကို အပြင်ပန်းကြည့်လျှင် ဇနီးများကြားတရားမျှတစွာ ထားရှိရန်သည် အကြွင်းမဲ့တာဝန်တစ်ရပ်ဖြစ်ကာ တစ်စုံတစ်ဦးမထိန်းချုပ်နိုင်သော စိတ်လှုပ်ရှားမှုကြောင့် တိမ်းညွတ်မှုတွင်လည်း သာတူညီမျှရှိရမည့်အချက်များပါဝင်ကြောင်း ထင်မှတ်စေပါသည်။ ထို့ကြောင့် စူရဟ်အလ်နိစာအ်၏ ဤအာယသ်ထဲတွင် တစ်စုံတစ်ဦး ထိန်းချုပ်နိုင်စွမ်းမရှိသော အရာတို့သည် မပြုမနေရတာဝန်မဟုတ်ကြောင်း ရှင်းလင်းဖော်ပြထားသည်။ သို့သော်လည်း တစ်စုံတစ်ဦး လုပ်ဆောင်နိုင်စွမ်းရှိသောကိစ္စရပ်များတွင် သာတူညီမျှမှုရှိစေရမည်။ ပမာအားဖြင့် ဇနီးသည်များနှင့် ညတွင်အိပ်စက်ခြင်း၊ ဇနီးတို့၏လူနေမှုစရိတ်နှင့် လူနေမှုအဆင့်အတန်းတို့တွင် သာတူညီမျှရှိစေရမည်။ ဤအမိန့်ပညတ်ချက်အား အရှင်မြတ်ကို ကြောက်ရွံ့သောသူ တစ်ဦးလက်တွေ့ကျင့်ဆောင်ရန် မလွဲမရှောင်သာလုပ်ဆောင်ရမည့်နည်းလမ်းတစ်ရပ်အဖြစ် အလ္လာဟ်အရှင်မြတ် ကပို့ချပေးခဲ့ခြင်းဖြစ်သည်။

وَلَنْ تَسْتَطِيْعُوْٓا اَنْ تَعْدِلُوْا بَيْنَ النِّسَآءِ وَلَوْ حَرَصْتُمْ، فَلَا تَمِيْلُوْا كُلَّ الْمَيْلِ فَتَذَرُوْهَا كَالْمُعَلَّقَةِ

(ထိုမှတစ်ပါးတုံအသင်သည် မည်မျှပင်တရားမျှတစေရန်)ဆန္ဒထားရှိကြသော်လည်း (မိမိတို့၏ တစ်ဦးထက်ပိုသော) ဇနီးမိန်းမတို့၏ စပ်ကြားဝယ် (အဖက်ဖက်မှ) တရားမျှတအောင် အလျင်းပြုနိုင် ကြမည်မဟုတ်ပေ။ သို့ဖြစ်ပေရာအသင်တို့သည် (ဇနီးမိန်းမတစ်ဦးဦးဘက်သို့) လုံးဝတစ်ဖက်သတ်ယိမ်းယိုင် မသွားကြကုန်လင့် သို့ (ယိမ်းယိုင်ကြ) ပါလျှင် အသင်တို့သည်(အခြားဇနီးမိန်းမကိုတွဲလျားထားဘိသကဲ့သို့ဖြစ်အံ့)။

ဤအာယသ်တော်ထဲတွင် ထောက်ပြထားသည့် သာတူညီမျှထားရှိရန် မစွမ်းဆောင်နိုင်ဆိုသည်က လူသားများမစွမ်းဆောင်နိုင်သော စိတ်လှုပ်ရှားစွာယိမ်းယိုင်မှုတွင် သာတူညီမျှထားရှိခြင်းကို စင်စစ်ရည်ညွှန်းကြောင်း ကျွန်ုပ်တို့အား သတိရစေပါသည်။ ထို့နောက်-**فَلَا تَمِيْلُوْا كُلَّ الْمَيْلِ** (သို့ဖြစ်ပေရာ အသင်တို့သည် ယိမ်းယိုင်ခြင်းကို မပြုကြကုန်လင့် . . . ) ဟူသောစကားလုံးကိုယ်၌ကပင် ဤအဓိပ္ပာယ်မှန်ကန်ကြောင်း ထင်ရှား

စေခြင်းပါဝင်သည်။ ဤသို့ဖြစ်ရသည်မှာ စကားလုံးများက "စိတ်လှုပ်ရှားစွာယိမ်းယိုင်မှုတွင်သာတူညီမျှထားရှိရန် သင့်လုပ်နိုင်စွမ်း အတွင်းမရှိသော်လည်း သင်သည်ဇနီးတစ်ဦးအပေါ်၌သာ လုံးဝဥဿုံ တိမ်းညွှန်မှုမဖြစ်သင့်ပါ။ ထို့အပေါ် သင်တိမ်းညွတ်သွားပါက သင်ထိန်းချုပ်နိုင်သောကိစ္စရပ်များတွင်ပင် ဇနီးပေါ်သာပိုသွားစေခြင်း ဖြစ်သွားလိမ့်မည်"ဟု ဆိုလိုသည်။

ထို့ကြောင့် စူရတ်အလ်နိစာအ်၏ ဤအာယသ်တော် (၁၂၉)သည် အစောပိုင်းအာယသ်တော် (၃)အတွက် ရှင်းလင်းချက်တစ်ရပ်ပင်ဖြစ်သွားသည်။ ယင်းက အပြင်ပန်းအားဖြင့် စိတ်လှုပ်ရှားစွာယိမ်းယိုင်ခြင်းတွင် သာတူညီမျှမှုရှိစေရန် ဆိုသည်မှာလည်း မပြုမနေရတာဝန်အဖြစ် ရည်ညွှန်းဟန်ရှိပေသည်။ ဤအာယသ်တော်က အထက်ပါအချက်သည် မပြုမနေရတာဝန်မဟုတ် အဘယ့်ကြောင့်ဆိုသော် ယင်းသည် တစ်စုံတစ်ဦး၏ လုပ်နိုင်စွမ်း အတွင်းမရှိ၍ ဖြစ်ကြောင်းပြတ်သားစွာရှင်းလင်းစေသည်။ ယင်းအစားမပြုမနေရတာဝန်သည် လူတစ်ဦး၏ စွမ်းအင်နှင့် ဆင်ခြင်တွေးတောမှုအတွင်းရှိကိစ္စရပ်များအတွက် သာတူညီမျှခြင်းဖြစ်ပေသည်။

**ဤအာယသ်တော်သည်ဇနီးအများယူခြင်းအား ဆန့်ကျင်ရန်အသုံးမပြုနိုင်ချေ။**

တိုက်ဆိုင်စွာ အထက်ဖော်ပြပါအသေးစိတ်များသည် အချို့သောသူများ၏ နားလည်မှုလွဲမှားခြင်းကို ပယ်ရှားစေပါသည်။ ဤအာယသ်တော်နှစ်ခုအား အတူယှဉ်တွဲထားလျှင် စူရတ်အလ်နိစာအ်၏အစ အာယသ်(၃)၌ မိန့်ကြားသည်မှာ "အကယ်၍ အသင်တို့သည် (မိန်းမတစ်ယောက်ထက်ပို၍ ထိမ်းမြားရာတွင်) တရားမျှတမှုကို ပြုနိုင်ကြမည်မဟုတ်ဟု စိုးရိမ်မကင်းဖြစ်ကြပြန်သော် (ဇနီးမိန်းမ)တစ်ဦးတည်းနှင့်ပင် (တင်းတိမ်ကြရမည်)"ဟု မိန့်ကြားစဉ်တွင် အာယသ် (၁၂၉)တွင် "အသင်တို့သည် (မည်မျှပင်တရားမျှတစေရန်) ဆန္ဒထားရှိကြသော်လည်း (မိမိတို့၏တစ်ဦးထက်ပိုသော)ဇနီးမိန်းမတို့စပ်ကြားဝယ် (အဖက်ဖက်မှ) တရားမျှတအောင် အလျင်းပြု နိုင်ကြမည် မဟုတ်ပေ"ဟု မိန့်ထားရာ ယင်းတို့ နှစ်ရပ်မှ "ဇနီးသည်နှစ်ဦး (သို့တို့ထက်များသော)ဇနီးသည်များကို လက်ထပ် ထိမ်းမြားခြင်းသည် ခွင့်မပြုဟူသော အချက်ကို ကောက်ချက်ချလိုကြသည်။

အဲ့ဩဖွယ်ကား ဤအာယသ်တော်နှစ်ပိုဒ်ကို ဤနားလည်မှုမှားယွင်းချက်ကို ဖယ်ရှားရန်အတွက် လိုအပ်သည်များဖြင့် အလွှာဟ်အရှင်မြတ်ကိုယ်တော်တိုင်ထုတ်ပြန်ပို့ချခဲ့ခြင်းဖြစ်သည်။ စူရတ်အလ်နိစာအ်၏ အာယသ်တော်(၃)တွင်-**فَإِنْ خِفْتُمْ أَلَّا تَعْدِلُوا فَوَاحِدَةً** အကယ်၍ အသင်တို့သည် (မိန်းမတစ်ယောက်ထက်ပို၍ ထိမ်းမြားရာတွင်) တရားမျှတမှု ကိုပြုနိုင်ကြမည်မဟုတ်ဟု စိုးရိမ်မကင်းဖြစ်ကြပြန်သော်(ဇနီးမိန်းမ)တစ်ဦးတည်းနှင့်ပင် (တင်းတိမ် ကြရမည်)ဟူသောစကားလုံးများ၏နောက် လက်ရှိအာယသ်တော်(၁၂၉)ပါ- **فَلَا تَمِيلُوا كُلَّ الْمَيْلِ** (အသင်တို့သည် မည်မျှပင်တရားမျှတစေရန်) ဆန္ဒထားရှိကြသော်လည်း (မိမိတို့၏တစ်ဦးထက်ပိုသော) ဇနီးမိန်းမတို့စပ်ကြားဝယ်(အဖက်ဖက်မှ) တရားမျှတအောင် အလျင်းပြုနိုင်ကြမည်မဟုတ်ပေ" ဟူသောစကားလုံးသုံးနှုန်းမှုက ရည်ညွှန်းချက်ပေးထားခဲ့သည်။ ဤနေရာ၌ နောက်ပိုင်းအာယသ်တော်ထဲတွင် လုပ်နိုင်စွမ်း (သို့) ဖြစ်နိုင်စွမ်းနယ်ပယ်ထက် မကျော်လွန်သော ဇနီးသည်တစ်ယောက်ထက်ပို၍ ထိမ်းမြားရာတွင် တရားမျှတမှုနှင့် သာတူညီမျှမှုကို ပြုနိုင်ကြမည်မဟုတ်ဟူသော စည်းကမ်းချက်ကို ပွင့်လင်းစွာရည်ညွှန်းထားသော စည်းကမ်းချက် တစ်ရပ်အဖြစ် သင်စိုးရိမ်မကင်းဖြစ်လျှင်ဟု" မိန့်ကြားထားသည်။ သို့မဟုတ်လျှင် အာယသ်တော်နှစ်ရပ်အပြည့် ဖြစ်သည့်တိုင်

ဤစကားလုံးများစီစဉ်ရာ၌ခဲ့ထွင်ရန်မလိုအပ်ချေ။ ဥပမာအားဖြင့်-**حُرِّمَتْ عَلَيْكُمْ اُمَّهٰتُكُمْ وَبَنٰتُكُمْ** "အသင်တို့အဖို့ (နိယာတ်ထိမ်းမြားလက်ထပ်ခြင်းမပြုရန်) ဟရာမ်ဟူ၍ မြစ်တားထားပြီးဖြစ်သော မိန်းမများကား အသင်တို့၏မိခင်များသည်လည်းကောင်း၊ အသင်တို့၏ သမီးများသည်လည်းကောင်း"(၄း၂၃) အာယသ်ထဲတွင် လက်ထပ်ထိမ်းမြားမှုကိုခွင့်မပြုသောသူများအကြောင်း အသေးစိတ်ပါဝင်သည်။ ထို့နောက်-**وَاَنْ تَجْمَعُوْا بَيْنَ الْاُخْتَيْنِ** "ညီအစ်မနှစ်ယောက်တို့ကိုကို (တစ်ချိန်တည်းထိမ်းမြား)ပေါင်းသင်းခြင်းသည်လည်းကောင်း"(၄း၂၃) ဟုမိန့်ထားခြင်းကညီအစ်မနှစ်ယောက်ကိုတစ်ပြိုင်နက်တည်း လက်ထပ်ထိမ်းမြားခြင်းတရားမဝင်ဟု ကြေညာပါသည်။ အလားတူပင် ဇနီးနှစ်ဦးတစ်ပြိုင်နက်တည်း လက်ထပ်ထိမ်းမြားခြင်းသည် တရားမဝင်ဟု ပြောနိုင်ပေသည်။ အကယ်၍ ကန့်သတ်ချက်ဖြစ်သော **بَيْنَ الْاَخْتَيْنِ** (ညီအစ်မနှစ်ယောက်ကို)နှင့် **اَنْ تَجْمَعُوْا** (အသင်တို့ စုပေါင်းခြင်းသည်) ဆိုသော ကန့်သတ်ချက်တို့သည် လိုအပ်သည်ထက်ပိုသွားပေမည်။ ပြောနိုင်သည်မှာ-**وَاَنْ تَجْمَعُوْا بَيْنَ اِمْرَأَتَيْنِ** (ထို့ပြင်ညီအစ်မနှစ်ယောက်တို့ကို (တစ်ချိန်တည်းထိမ်းမြား)ပေါင်းသင်းခြင်းသည်) ကဲ့သို့ဝါကျတစ်ခုထဲတွင် ဖြစ်ကာယင်းသည် တရားမဝင်ဟူသော အကြွင်းမဲ့အဓိပ္ပာယ်ဖြစ်သွားလိမ့်မည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် ရှည်လျားသောဆင့်ပြန်ချက်တစ်ရပ်အကျိုးငှာ ဝေါဟာရနှင့်ဆိုင်သော အတိုချုံးမှုကို ရှောင်ရှားထားကာ အသေးစိတ်များကို အာယသ်တော်နှစ်ပိုဒ်အပြည့်ထဲတွင် ဖော်ပြထားသည်။ ဤသို့လုပ်ဆောင်ခြင်းသည် **وَاَنْتَجْمَعُوْا بَيْنَ الْاُخْتَيْنِ** "ညီအစ်မ နှစ်ယောက်တို့ကို (တစ်ချိန်တည်းထိမ်းမြား)ပေါင်းသင်းခြင်းသည်" (၄း၂၃) အာယသ်တော်သည် ဇနီးတစ်ဦးထက်ပို၍ထိမ်းမြားလက်ထပ်ခြင်းတွင် သူတို့သည် တစ်ဦးနှင့်တစ်ဦးညီအစ်မများမဖြစ်လျှင် ခွင့်ပြုသည်ဟု ရည်ညွှန်းခြင်းဖြစ်သည်။

v v v v v v v

## အာယသ် (၁၃၁-၁၃၄)

وَلِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْأَرْضِ ۚ
وَلَقَدْ وَصَّيْنَا الَّذِينَ أُوتُوا الْكِتٰبَ مِنْ قَبْلِكُمْ وَإِيَّاكُمْ أَنِ
اتَّقُوا اللّٰهَ ۚ وَإِنْ تَكْفُرُوا فَإِنَّ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي
الْأَرْضِ ۚ وَكَانَ اللّٰهُ غَنِيًّا حَمِيدًا ﴿١٣١﴾ وَلِلّٰهِ مَا فِي السَّمٰوٰتِ
وَمَا فِي الْأَرْضِ ۚ وَكَفٰى بِاللّٰهِ وَكِيلًا ﴿١٣٢﴾ إِنْ يَشَأْ يُذْهِبْكُمْ
أَيُّهَا النَّاسُ وَيَأْتِ بِآخَرِينَ ۚ وَكَانَ اللّٰهُ عَلٰى ذٰلِكَ
قَدِيرًا ﴿١٣٣﴾ مَنْ كَانَ يُرِيدُ ثَوَابَ الدُّنْيَا فَعِنْدَ اللّٰهِ
ثَوَابُ الدُّنْيَا وَالْآخِرَةِ ۗ وَكَانَ اللّٰهُ سَمِيعًا بَصِيرًا ﴿١٣٤﴾

ထို့ပြင်တစ်ဝ အာကာသကောင်းကင်များ၌ ရှိရှိသမျှသောအရာဝတ္ထုများကို လည်းကောင်း၊ ပထဝီမြေကြီး၌ ရှိရှိသမျှသောအရာဝတ္ထုများကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သာပိုင်ဆိုင်တော်မူ၏။ မုချဧကန်ငါအရှင်မြတ်သည် အသင်တို့အလျင် ကျမ်းဂန်ရရှိပြီးဖြစ်သောသူတို့ကိုလည်းကောင်း၊ အသင်တို့ကို လည်းကောင်း "အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြကုန်လော့"ဟု အမိန့်ပေးတော်မူခဲ့၏။ သို့ရာတွင် အကယ်၍သာ အသင်တို့သည် မယုံကြည်သွေဖည်ငြင်းပယ်ကြပါမူ (အလ္လာဟ်အရှင်မြတ်၌ မည်သို့မျှ အကျိုးယုတ်နစ်နာမှုရှိမည်မဟုတ်၊ အသင်တို့၌သာ အကျိုးယုတ်နစ်နာမှု ရှိအံ့။ အဘယ့်ကြောင့်ဆိုသော်) အာကာသကောင်းကင်များနှင့် ပထဝီမြေကြီး၌ ရှိရှိသမျှတို့ကို အလ္လာဟ်အရှင်မြတ်သာပိုင်ဆိုင်တော်မူသောကြောင့်တည်း။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းမဲ့တော်မူသော အရှင် ချီးမွမ်းထောမနာခြင်းအပေါင်းကို ခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသတည်း။ (၄း၁၃၁)

အမှန်စင်စစ်အာကာသကောင်းကင်များနှင့် ပထဝီမြေကြီး၌ ရှိရှိသမျှတို့ကို အလ္လာဟ်အရှင်မြတ်သာပိုင်ဆိုင်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် ကိစ္စအဝဝကို ပြီးစီးအောင်စီမံပြုလုပ်ပေးတော်မူသော အရှင်မြတ်အဖြစ်

လုံလောက်တော်မူသောအရှင်ဖြစ်တော်မူသည်။ (၄း၁၃၂)

အိုလူသားအပေါင်းတို့ အကယ်၍သာထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အား ပယ်ရှား (ဖျက်ဆီး)တော်မူ၍ (အသင်တို့၏အစား) အခြားသူတို့ကို ဖြစ်ထွန်းစေတော်မူအံ့။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ယင်းသည့်ကိစ္စကို စွမ်းဆောင်တော်မူနိုင်သော အရှင်မြတ်ပင်ဖြစ်တော်မူပေ၏။ (၄း၁၃၃)

မည်သူမဆို မျက်မှောက်လောကီဘဝ၏ အကျိုးကို (သာ)အလိုရှိပါမူ (ထိုသူသည်အသိအလိမ္မာ ကင်းမဲ့သူဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်) အလ္လာဟ်အရှင်မြတ်အထံတော်၌ မျက်မှောက်လောကီဘဝနှင့် နောင်တမလွန်ဘဝ (နှစ်ဘဝလုံး)၏ အကျိုးကျေးဇူးသည်ရှိ၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် (လျှောက်ထားပန်ကြားချက်အလုံးစုံတို့ကို) အကြွင်းမဲ့ကြားသိတော်မူသောအရှင် (လူခပင်းတို့၏ စိတ်စေတနာများကို) အကြွင်းမဲ့ခွဲခြားသိမြင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၄း၁၃၄)

## အာယသ်တော်၏ဆက်စပ်မှု

အမျိုးသမီးများ၊ ဖမဲ့ကလေးများတို့နှင့် ပတ်သက်သော ကျင့်သုံးလိုက်နာရမည့် ဥပဒေများအကြောင်းဖော်ပြပြီးနောက် မူရင်းစာသားက ထိုဥပဒေများကိုလိုက်နာကျင့်သုံးသူများအတွက် ဆုလာဘ်များပေးမည့်ကတိတော်နှင့် ယင်းဥပဒေများကို ဆန့်ကျင်သူများအား သတိပေးချက်များပါဝင်သည်။ ယင်းသည်ပင်လျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ သုံးနေကျဟန်ဖြစ်သည်။

## ပေါ်လွင်ထင်ရှားသည့်ကောက်ချက်များ

ဤအာယသ်ဆက်အဆုံးတွင် _R^¾^AýF_aM-O-..._o'm'S#-IAýF_aM-._ထပ်ခါတလဲလဲဖော်ပြထားသည်ကိုလွယ်ကူစွာသတိမူနိုင်ပါသည်။ဆိုလိုသည်မှာ အာကာသကောင်းကင်များနှင့် မြေကြီးပေါ်ရှိ ရှိရှိသမျှသော ဖန်ဆင်းခံအရာရာဝတ္ထုများသည် အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်တော်မူသည်။ (၃)ကြိမ် (၃)ခါဖော်ပြထားသော ဤစကားလုံးတို့သည် အဓိပ္ပာယ် (၃)မျိုးဖော်ကျူးသည်။ ပထမအနေဖြင့် ချို့တဲ့ခြင်းကင်းမဲ့သော အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းနိုင်စွမ်းအား သည် အဆုံးအစမရှိမှုကို ထောက်ပြရန်ရည်စူးသည်။ ဒုတိယအနေဖြင့် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းမဲ့တော်မူသည့် အလ္လာဟ့်ဂုဏ်တော်ဖြစ်သည့် ပြည့်စုံလုံလောက်ခြင်းနှင့် ကုံလုံကြွယ်ဝခြင်းတို့ကို စူးစိုက်အာရုံပြုရန်ရည်ရွယ်သည်။ ဆိုလိုသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည်

ကောင်းမြတ်သော အကြံပေးခြင်းကို မယုံကြည်ခြင်း၊ ငြင်းဆိုခြင်း (သို့) ပယ်ချခြင်း ပြုလုပ်ပါက အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်စုံတစ်ဦး၏ နာခံခြင်းကိုမျှ မလိုအပ်၊ အရှင်မြတ်သည် ချီးမွမ်းထောမနာခြင်း အပေါင်းတို့ကို ခံထိုက်တော်မူသော အရှင်ဖြစ်တော်မူသည်။ တတိယအနေဖြင့် ဤစကားလုံးများသည် လူများအတွက် အရာဝတ္ထုများအသုံးဝင်အလုပ်ဖြစ်စေရန် အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှု မိန့်ကြားချက်တစ်ရပ်က လွှမ်းခြုံ ထားကြောင်းကို သရုပ်ဖော်သည်။ ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် အလ္လာဟ် အရှင်မြတ်ကို ကြောက်ရွံ့၍ နာခံခဲ့ပါလျှင် အရှင်မြတ်သည် ထိုသူ၏ လိုအပ်ချက်အလုံးစုံကို ဖြည့်ဆည်းပေးလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရှင်မြတ် သည် ဤစကြဝဠာအတွင်းရှိ အားလုံးသောအရာများကို စိုးပိုင်တော်မူသော အရှင်ဖြစ်သည်။

တတိယအာယသ်တော် (၁၃၃)က အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့သောသူများအား ဤကမ္ဘာလောကမြင်ကွင်းမှဖယ်ရှားကာ ၎င်းတို့နေရာ၌ ရှိကျိုး၍ အမိန့်နာခံသောသူများဖြင့် အစားထိုးခြင်းကို ပြည့်ပြည့်ဝဝ စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်ကြောင်းရှင်းလင်းပြတ်သား၍ မငြင်းကွယ်နိုင်လောက်အောင် ထင်ရှားသော အမိန့်တော်တစ်ရပ်ပေးအပ်ထားသည်။ ဤသည်ကလည်း အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသောအရှင်ဖြစ်ကြောင်းနှင့် အမိန့်မနာခံသောသူများသည် ၎င်းတို့၏ အသိတရားရနိုင်ဖွယ်မရှိ၍ မခိုင်လုံသောရပ်တည်ချက်ကို ပြင်ဆင်ရမည်ဖြစ်ကြောင်း သက်သေထင်ရှားစေပါသည်။

v v v v v v v

**အာယသ် (၁၃၅)**

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ كُونُواْ قَوَّٰمِينَ بِٱلْقِسْطِ شُهَدَآءَ لِلَّهِ
وَلَوْ عَلَىٰٓ أَنفُسِكُمْ أَوِ ٱلْوَٰلِدَيْنِ وَٱلْأَقْرَبِينَ ۚ إِن يَكُنْ غَنِيًّا
أَوْ فَقِيرًا فَٱللَّهُ أَوْلَىٰ بِهِمَا ۖ فَلَا تَتَّبِعُواْ ٱلْهَوَىٰٓ أَن تَعْدِلُواْ ۚ
وَإِن تَلْوُۥٓاْ أَوْ تُعْرِضُواْ فَإِنَّ ٱللَّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا ١٣٥

အို "မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် (မည်သည့်ကိစ္စမျိုး၌မဆို) တရားမျှတမှုကို ထာဝစဉ် တည်တံ့စေသူများ (တစ်နည်း) တရားမျှတမှုအပေါ်၌ မြဲမြံစွာ တည်တံ့သူများဖြစ်ကြလေကုန်။ (သက်သေခံရာ၌လည်း) မိမိတို့ကိုယ်ကျိုးနှင့်ဆန့်ကျင်သည်ဖြစ်စေ၊ မိဘနှစ်ပါးနှင့် ဆန့်ကျင်သည်ဖြစ်စေ၊ ဆွေမျိုးနီးစပ်တို့နှင့် ဆန့်ကျင်သည်ဖြစ်စေ (အသင်တို့သည်) အလ္လာဟ်အရှင်မြတ်ကို သာထောက်ထား၍ (တိကျမှန်ကန်စွာ) သက်သေခံသူများပင်ဖြစ်ကြလေကုန်။ အကယ်၍ (အသင်တို့က) ဆန့်ကျင်၍ သက်သေထွက်ဆိုရမည့်သူသည် ချမ်းသာကြွယ်ဝသူပင်ဖြစ်စေ၊ ဆင်းရဲသူပင်ဖြစ်စေ (မည်သို့ပင်ဖြစ်စေကာမူ) အလ္လာဟ်အရှင်မြတ်သည် (အသင်တို့ထက်) ၎င်းတို့နှစ်ဦးလုံးနှင့် အနီးစပ်ဆုံးသော အရှင်ဖြစ်တော်မူပေသည်။သို့ဖြစ်ပေရာ အသင်တို့ သည် တရားမျှတမှုမှ တိမ်းစောင်းမသွားကြရန်စိတ်၏အလိုဆန္ဒကို မလိုက်နာ မလိုက်စားကြကုန်လင့်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (သက်သေခံရာ တွင်လိမ်လည်) ကွေ့ကောက်ပြောဆိုကြပါလျှင် သို့တည်းမဟုတ် (သက်သေခံ ခြင်းမှလုံး၀)လွှဲဖယ်တိမ်းရှောင်ကြပါလျှင်၊ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄း၁၃၅)

**တမန်တော်များစေလွှတ်ခြင်းနှင့် ကျမ်းတော်များချပေးခြင်း၏စစ်မှန်သောရည်ရွယ်ချက်**

စူရတ်အလ်နိစာအ်၏ ဤအာယသ်တော်ထဲတွင် မုစ်လင်မ်အားလုံးကို တရားမျှတမှုစောင့်ထိန်းရန်နှင့် သက်သေအဖြစ်မှန်စွာ ထွက်ဆိုရန်ညွှန်ကြားထားခဲ့သည်။ ထို့ပြင် တရားမျှတမှုခိုင်မြဲစေရန် ထင်ရှားပြတ်သားစေနိုင်သောအရာများ (သို့) စစ်မှန်သောသက်သေအထောက်အထားရနိုင်မှုကို ပိတ်ပင်တားဆီးသည့်အရာ

များအား အလွန်သိမ်မွေ့အာဝိဇ္ဇာန်းရွှင်စွာ ဖယ်ရှားထားသည်။ စူရဟ်အလ်နိစာအ်ပြီးနောက် မကြာမီဆက်လာမည့် စူရဟ်အလ်မာအိဒဟ် (အတွဲ-၅)တွင်လည်း ဤအကြောင်းအရာပါရှိပါလိမ့်မည်။ စင်စစ် ၎င်းစကားလုံးများသည် ထပ်တူနည်းပါးလာရှိသည်။ ထို့နောက် စူရဟ်အလ်ဟဒီးဒ်ထဲတွင်ပါရှိသော အာယသ်တော်တစ်ခု၌ အလ္လာဟ်အရှင်မြတ်ကိုယ်စားလှယ်တော်အဖြစ် စိုက်ယိဒိနာအာဒမ်ﷺသခင်အား စေလွှတ်ခြင်း၏ အရေးကြီးသော ရည်ရွယ်ချက်မှာ ဤကမ္ဘာလောတွင်အလားတူအဆင့်အတန်းမျိုးနှင့်တမန်တော်တစ်ပါးပြီးတစ်ပါးတို့သည် ကျမ်းစာများနှင့်အတူ ပွင့်တော်မူခဲ့ကာ ၎င်းတို့တာဝန်ဝတ္တရားမှာ ကမ္ဘာလောကတွင် တရားမျှတမှုလွှမ်းမိုး၍ ငြိမ်းချမ်းသာယာမှု ပေါ်ထွန်းလာစေရန်ဟု ကျွန်ုပ်တို့အားပြောကြားထားသည်။ ရည်ရွယ်ချက်မှာ လူသားတိုင်းသည် ၎င်းထိန်းချုပ်နိုင်သည့် အဝန်းအဝိုင်းတွင် တရားမျှတမှုကိုထင်ထင်ရှားရှားတစ်ဦးချင်း ယုံကြည်လက်ခံသူ/သူမဖြစ်ရေးပင်ဖြစ်သည်။ အာဏာဖီဆန်မှုတွင်နစ်မွန်းနေကာ ကောင်းမြတ်သောအကြံဉာဏ်ပေးမှု၊ ပညာပေးခြင်းနှင့် ဆက်သွယ်မှုကို မနာခံသောကြောင့် တရားမျှတမှုနှင့် သမာသမတ်ကျသောလမ်းစဉ်ကို မလိုက်နာသော ကာလရှည်ကြာ မနာခံသူများအတွက် တရားဥပဒေနည်းလမ်းများမှ တစ်ဆင့်လည်းကောင်း၊ ထိုက်သင့်သော ပြစ်ဒဏ်ခတ်၍အပြစ်ပေးခြင်းမှလည်းကောင်း၊ တရားမျှတမှုကို အတင်းအကြပ် လိုက်နာစေသူများဖြစ်သွားစေရပါလိမ့်မည်။

စူရဟ်အလ်ဟဒီးဒ် (၅၇း၂၅)မှ ဤအာယသ်တော်၏စကားလုံးမှာ အောက်ပါအတိုင်းဖြစ်သည်-

لَقَدْ اَرْ سَلْنَا رُسُلَنَا بِالْبَيِّنٰتِ وَاَنْزَلْنَا مَعَهُمُ الْكِتٰبَ وَالْمِيْزَانَ لِيَقُوْمَ النَّاسُ
بِالْقِسْطِ وَاَنْزَلْنَا الْحَدِيْدَ فِيْهِ بَاْسٌ شَدِيْدٌ وَّمَنَا فِعُ لِلنَّاسِ

**"ဧကန်မလွဲငါအရှင်မြတ်သည် မိမိရစူလ်တမန်တော်များအား ထင်ရှားစွာသော သက်သေလက္ခဏာများနှင့်တကွ စေလွှတ်တော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုရစူလ်တမန်တော်များနှင့်အတူ လူတို့သည်တရားမျှတမှုပေါ်၌ရပ်တည်ကြအံ့သောငှာ ကျမ်းဂန်ကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း၊ ချပေးသနားတော်မူခဲ့၏။ထိုမှတစ်ပါး ငါအရှင်မြတ်သည် သံသတ္ထုကိုချပေးတော်မူခဲ့၏။ ယင်းသံသတ္ထု၌ ကြီးကျယ်ပြင်းထန်လှသောစွမ်းအင်ရှိပေသည်။ လူသားတို့အဖို့ အကျိုးကျေးဇူးများလည်းရှိသည်။"** ထို့ကြောင့် ကျွန်ုပ်တို့သိရှိရသည်မှာ တမန်တော်များစေလွှတ်ခြင်းနှင့် ကျမ်းတော်မြတ်များချပေးခြင်း၏ စနစ်သည် တရားမျှတမှုတည်ထောင်ရန် အခြေခံဦးတည်သည်။ အာယသ်တော်အဆုံး၌ သံသတ္ထုချပေးခြင်း၏ ရည်ညွှန်းမှုသည် ဥပဒေကိုလိုက်နာရန် လူအများသည် ကောင်းမြတ်သောအကြံဉာဏ်ပေးခြင်းတစ်ခုတည်းနှင့် မလုံလောက်သောအခါတွင်သာ ရည်ညွှန်းသည်။ အချို့သော လောဘရမက် မထိန်းသိမ်းနိုင်သော၊ ကိုယ်ကျင့်တရားပျက်ပြားသူများကို သံတိုင်၊ သံကြိုး၊ သံနှင့် အခြားသောလက်နက်များဖြင့် ဟန့်တားကာစည်းကမ်းတကျဖြစ်စေခြင်းသည် တရားမျှတမှုတည်ထောင်ရန် အကောင်းဆုံးရည်ရွယ်ချက်ဖြစ်ပေသည်။

## တရားမျှတမှုကိုလိုက်နာကျင့်သုံးခြင်းသည် အုပ်ချုပ်သူတို့အတွက်သာမဟုတ်

ကျွန်ုပ်တို့ရှေ့မှောက်တွင် လက်ရှိစူရလ်အလ်နိစာအ် (၄း၁၃၅)နှင့် စူရဟ်အလ်မာအိဒဟ်၏ အာယသ်

(၈)တွင်-

كُوْنُوْا قَوَّامِيْنَ لِلّٰهِ شُهَدَآءَ بِالْقِسْطِ وَلَا يَجْرِمَنَّكُمْ شَنَاٰنُ قَوْمٍ عَلٰٓى اَلَّا تَعْدِلُوْا ؕ
اِعْدِلُوْا هُوَ اَقْرَبُ لِلتَّقْوٰى وَاتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ خَبِيْرٌۢ بِمَا تَعْمَلُوْنَ

**“အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏(နှစ်သက်မှုရယူရန်)အလို့ငှာ ဖြောင့်မတ်တည်ကြည်သောသူများ (သက်သေခံရာတွင်)တရားမျှတစွာသက်သေခံသူများဖြစ်ကြလေကုန်။ ၎င်းပြင် မည်သည့်လူမျိုးတစ်မျိုးကိုမဆို မုန်းတီးခြင်းသည် အသင်တို့အားတရားမျှတမှုကို မပြုဘဲနေကြရန်လှုံ့ဆော်သည်မရှိစေရ။ အသင်တို့သည် (မည်သည့်ကိစ္စမျိုး ၌မဆို) တရားမျှတကြလေကုန်။ ယင်းတရားမျှတမှုသည်ကား ပြစ်မှုဒုစရိုက်တို့မှကြဉ်ရှောင်ခြင်းနှင့် အနီးစပ်ဆုံးပင်တည်း။ ထိုမှတစ်ပါးအသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။ မလွဲမကင်းအလ္လာဟ်အရှင် မြတ်သည် အသင်တို့ပြုမူသမျှတို့ကို အကြွင်းမဲ့ကြားသိတော် မူသော အရှင်မြတ်ပင်ဖြစ်တော်မူချေသတည်း။” (၅း၈)**

အစောပိုင်းကကိုးကားသော စူရာအလ်ဟဒီးဒ် (၅၇း၂၅)မှ အာယသ်တော်တွင်လည်းရှိပါသည်။ ဤအာယသ်တော်များတွင် တရားမျှတမှုကို တည်ဆောက်ခြင်း၊ တည်တံ့စေခြင်းတို့နှင့် စွဲမြဲစေခြင်းတို့သည် သာမန်အားဖြင့် အုပ်ချုပ်ရေးဌာနများနှင့် တရားရုံးတော်များအတွက်သာ တာဝန်မဟုတ်ကြောင်းကို ရှင်းလင်းစွာ မိန့်ကြားထားပါသည်။ လူသားတိုင်းတို့သည် တရားမျှတမှုနှင့်ပတ်သက်၍ စွဲမြဲစေခြင်းဟူသောတရားမျှတမှု၏ တောင်းဆိုမှုများကိုဖြည့်ဆည်းခြင်းသည် သူ(သို့)သူမတို့၏ တာဝန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တရားမျှတမှုရှိစေရန်အခြားသူများကိုလည်းငင်းတို့ကဲ့သို့ တရားမျှတမှု၌ စွဲမြဲစေရန်အတွက် ကြိုးပမ်းအားထုတ်မှုများပြုလုပ်ရမည်ဟုညွှန်ကြားချက် ပေးထားသည်။ သို့သော်လည်း မိမိကိုယ်တိုင် တရားမျှတမှုကို ဆန့်ကျင်ရုံသာမက အခြားသူများကို တရားမျှတမှု၏ ညွှန်ကြားချက်များကိုလိုက်နာခြင်းမှ တားဆီးသည့်အနေဖြင့် ကောက်ကျစ်စဉ်းလဲပြီး ပုန်ကန်ခြားနားမနာခံသောသူတို့က တရားမျှတမှုယန္တယားကို ရင်ဆိုင်အန့်တုလာသော အချိန်အခါမျိုးတို့တွင် တရားမျှတမှု၏ အချို့သောအဆင့်များသည် အုပ်ချုပ်သူများနှင့် ၎င်းတို့၏ အရာရှိများ အခွင့်အာဏာအတွင်းသို့ကျရောက်သွားသည်။ ထို့သို့သောအခြေအနေမျိုးတွင် ပြစ်ဒဏ်ပေးခြင်းသည် လိုအပ်လာပါသည်။ တရားမျှတမှုကို လိုက်နာစေခြင်းသည် အုပ်ချုပ်မှုအဖွဲ့ကသာ ပြုလုပ်နိုင် ပါသည်။ အဘယ့်ကြောင့်ဆိုသော် အုပ်ချုပ်မှုအာဏာသည် ၎င်းတို့လက်ဝယ်တွင် ရှိသောကြောင့်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် သန်းပေါင်းများစွာသော စာပေမတတ်သူများကို မဆိုထားဘိအတော်အတန် ပညာတတ်သောသူတို့က တရားမျှတမှုပျံ့နှံ့စေခြင်းသည် လူထု၏တာဝန်မဟုတ်ဘဲ အုပ်ချုပ်သူများနှင့် တရားရုံး၏တာဝန်သက်သက်သာဖြစ်သည်ဟုထင်မှတ် ကြသည်။ ဤသဘောထားသည် နိုင်ငံတိုင်းတွင် အုပ်ချုပ်သူများနှင့် ပြည်သူများအကြား ထိပ်တိုက်ရင်မှုဖြစ်ရသည့်အကြောင်းရင်းကြီးများအနက်မှ အကြောင်းတစ်ခုဖြစ်စေပါသည်။ ရလဒ်မှာ အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံရသူများအကြား သဘောထားကွဲလွဲမှုများဖြစ်စေပါသည်။ နိုင်ငံတိုင်းရှိလူထုတို့သည် အုပ်ချုပ်သူများထံမှ တရားမျှတမှုကို တောင်းဆိုကာ မျှော်လင့်ကြပါသည်။ ထူးဆန်းသည်မှာ ၎င်းတို့ကိုယ်တိုင်တရားမျှတမှုကို ထိန်းသိမ်းရန်အတွက်အဆင်သင့်လည်းမဖြစ်၊ လိုလိုလားလာလည်း မရှိပါ။

ရလဒ်မှာ တစ်ကမ္ဘာလုံးတွင်မြင်သာပါသည်။ တရားဥပဒေမှာတည်ရှိနေသည်။ ရာဇဝတ်မှု လှိုင်းတံပိုးကမြင့်လာသည်။ ငွေကြေးသန်းပေါင်းများစွာ အကုန်အကျခံ၍ နိုင်ငံတိုင်းတွင် ဥပဒေပြုအဖွဲ့စည်းများရှိကြသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်များရွေးချယ်မှုက အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ကမ္ဘာမြေတစ်ခွင်တုံခါသွားစေပါသည်။ ၎င်းနောက် ဤအရွေးချယ်ခံရသော လူနည်းစုတို့သည် တိုင်းပြည်၏ ဆန္ဒနှင့်လိုအပ်ချက်များကို မျက်မှောက်ပြုကာ ဂရုတစိုက်၊ စိတ်ဝင်တစားဥပဒေများပြုကြပါသည်။ ထို့နောက် ဥပဒေကို လူထုက အကြံပြုနိုင်ရန်အတွက်တင်ပြကြသည်။ လက်ခံသဘောတူပါက ဥပဒေသည် အတည်ပြုပြဋ္ဌာန်းနိုင်သည်ဟုမှတ်ယူသည်။ မရေမတွက်နိုင်သော ဌာနခွဲများနှင့် အတွေ့အကြုံရှိသောသူများပါဝင်သော အစိုးရ ယန္တရားတစ်ခုလုံးသည် ထိုကဲ့သို့ပြုလုပ်ထားသော ဥပဒေကို လိုက်နာကျင့်သုံးစေပါသည်။ ဤသည်မှာ ဓလေ့ထုံးစံများလွှမ်းမိုးသော ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီး၏ ပြတင်းတံခါးဝပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူသစ်စိတ်သစ်ဖြစ်ကာ ရည်မှန်းချက်မြင့်မားရပေမည်။ ဤကဲ့သို့ဖြစ်စေရန်မှာကျွန်ုပ်တို့မျက်ကန်းနောက်လိုက်တွေဝေမှုများကို ခါထုတ်ပြစ်ရမည်။ မျက်ကန်းနောက်လိုက်ခြင်းဆိုသည်မှာ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သူများအဖြစ် မိမိကိုယ်ကို မိမိခန့်အပ်ထားသူများ နောက်လိုက်ခြင်းကိုဆိုလိုသည်။ ယင်းကဲ့သို့ မျက်ကန်းနောက်လိုက်တွေဝေမှုကို ခါထုတ်ပြစ်မှသာလျှင် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်သူများ၏ လုပ်ရပ်သည် ပြောသလောက်မှန်ကန်မှုမရှိကြောင်းကို သတိမူမိပါလိမ့်မည်။

ယခုအခြေအနေများကို လွန်ခဲ့သောနှစ်ပေါင်းတစ်ရာခန့်က အခြေအနေများနှင့်နှိုင်းယှဉ်ကြည့်ပါ ၁၈၅၇မှ ၁၉၅၇ခုနှစ်ထိ ဆိုကြပါစို့။ ဥပဒေပြုပြဋ္ဌာန်းမှုများတိုးပွားလာပြီး ယင်းတိုးပွားလာမှုနှင့်အညီ ဥပဒေကို လိုက်နာစေသည်။ ယန္တရားသည်လည်းတိုးပွားကြောင်းအချက်အလက်များက အတည်ပြုပါလိမ့်မည်။ အမျိုးမျိုးသော အရာများတွက် ရဲတပ်ဖွဲ့တစ်မျိုးပေါ်ပေါက်လာသော်လည်း ယှဉ်လို့မရအောင် အမြဲတစေမြင့်တက်နေသော ရာဇဝတ်မှုများကလူအများကို တရားမျှတမှုပိုမိုလက်မဲ့ဖြစ်စေပါသည်။ ဤကဲ့သို့သော အခြေအနေများသည် ဖြစ်ပွားမှုနှုန်းပြသသော သရုပ်ပြမျဉ်း၏၏ဇယားအရ ကမ္ဘာလောကကြီးတွင်လည်း မငြိမ်သက်မှုများ စတင်တိုးပွားလာကြောင်းပြသနေပါသည်။

## တမလွန်ဘဝကိုယုံကြည်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းသည်သာ စကြဝဠာလုံးဆိုင်ရာငြိမ်းချမ်းသာယာမှုအတွက် တစ်ခုတည်းသောအာမခံချက်ဖြစ်သည်

အရာဝတ္ထုများတို့၏ စစ်မှန်ချက်ကို အရှိအတိုင်းတွေးတောဆင်ခြင်နိုင်ရန်အတွက် အာရဗီ တမန်တော်တစ်ပါးသယ်ဆောင်လာသော သတင်းစကားကို လေးလေးနက်နက်ဆင်ခြင်က ဓလေ့ထုံးတမ်းစဉ်လာအရ လုပ်ဆောင်ချက် အတားအဆီးများကို ကျော်ဖြတ်ပြီး အသိတရားရှိ၍ တွေးခေါ်မြင်တတ်သောသူ တစ်စုံတစ်ဦးကို ကမ္ဘာကြီးကစောင့်မျှော်နေပါသည်။ ဤကမ္ဘာတွင်ငြိမ်းချမ်းသာယာမှုကိုပြစ်မှုဆိုင်ရာဥပဒေများမှတစ်ဆင့် မရရှိခဲ့ပါ။ ဘယ်သောအခါမျှလည်းရလိမ့်မည်မဟုတ်ပါ။ စကြဝဠာလုံးဆိုင်ရာ ငြိမ်းချမ်းသာယာမှု၏ အာမခံချက်အား နောင်တမလွန်ဘဝရှိခြင်းကို ယုံကြည်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးခြင်းဆိုသည်ကလွဲ၍ မည်သည့်အရာကမျှ မပေးစွမ်းနိုင်ပါ။ ဤအချက်နှစ်ရပ်သည် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံများ၊ လူထုနှင့် အစိုးရများ

၏တာဝန်ဝတ္တရားများကို အများနှင့်ဆိုင်သောမူဝါဒ လမ်းစဉ်ကြောင့်တစ်သားတည်းဖြစ်သွားပါသည်။ လူတိုင်း လူတိုင်းသည် ကိုယ်စီကိုယ်ငှ တာဝန်ဝတ္တရားများကို အရေးကြီးအသွင်ဖြင့် စတင်လှုပ်ရှားကြပါသည်။ ဥပဒေကို ကာကွယ်စောင့်ရှောက်ခြင်း၊ လေးစားလိုက်နာခြင်းတို့နှင့်ပတ်သက်လာလျှင် လူအများသည် ဤသည်မှာ တာဝန်ရှိသူများအလုပ်ဟူ၍ရှောင်လွှဲမရပါ။ တရားမျှတမှုကို အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ပတ်သက်သော ကုရ်အာန် ကျမ်းတော်မြတ်၏အထက် ကိုးကားခဲ့သောအာယသ်တော်များထဲတွင် ဤပြောင်းလဲခြင်းတစ်ရပ်ဖြစ်သည့် အီမာန် ယုံကြည်ချက်ဆိုင်ရာ အကြောင်းချင်းရာကိုသတိပေးပြောကြားထားကြောင်း ဂရုပြုမိလာပါလိမ့်မည်။

စူရဟ်အလ်နိစာအ်၏ ဤအာယသ်တော်သည်- **اِنَّ اللّٰهَ كَانَ بِمَا تَعْمَلُوْنَ خَبِيْرٌ** "ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း" ဟူ၍အဆုံးသတ်ထားသည်။ "စူရဟ်အလ်မာအိဒဟ်"ပါအာယသ်တော်၏အဆုံးတွင် "သတ်ဂ်ဝါ"ကိုစောင့်ထိန်းရန်နှင့် အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့ရန်ဟူသော ညွှန်ကြားချက် ဦးစွာပထမဖော်ပြပြီးသည့်နောက်တွင်- **اِنَ اللّٰهَ خَبِيْرٌ بِمَا تَعْمَلُوْنَ** "မလွဲဧကန်အလ္လာဟ် အရှင်မြတ်သည် အသင်တို့ပြုသမျှတို့ကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူချေသတည်း"(၅း၈)ဟူ၍ မိန့်ကြားထားသည်။ ထို့နောက် "စူရဟ်အလ်ဟဒီးဆ်၏ အဆုံးတွင်- **اِنَّ اللّٰهَ قَوِيٌّ عَزِيْزٌ** "အလ္လာဟ်အရှင် မြတ်မှာမူကား အလွန်တရာအင်အားပြည့်စုံတော်မူသောအရှင်၊ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း"(၅၇း၂၅) ဟု မိန့်ထားလေသည်။

တစ်ပေါင်းတစ်စည်းထဲ ကြည့်ရှုလေ့လာပါက ဤအာယသ်တော် (၃)ခုတို့သည် အရာရှိများနှင့် လူထုတို့အား တရားမျှတမှုကို ထိန်းသိမ်းရုံမျှမက ၎င်းတို့ကိုယ်တိုင် တရားမျှတမှုကိုတည်ထောင်သင့်သည်ဟူ၍ ညွှန်ကြားချက်ပေးပြီးသည့်နောက် ရပ်နားမနေဘဲ အခြားသူများလည်း ထိုကဲ့သို့ပြုလုပ်ရန် မိန့်ထားသည်။ ဤအာယသ်တော်များသည် ၎င်းတို့၏ နိဂုံးချုပ် အဆိုအမိန့်များမှတစ်ဆင့် တိကျပြတ်သားသော စစ်မှန်မှုဆီသို့ အာရုံစိုက်စေပါသည်။ ယင်းတိကျပြတ်သားသော စစ်မှန်မှုသည် ပြင်းပြသောဆန္ဒများဖြစ်ပေါ်စေသည့် လူ့ဘဝ၏ကြီးမားသော ပြောင်းလဲမှုကြီးပေါ်ပေါက်စေရန် စွမ်းအင်ရှိပါသည်။ ဤသည်ကိုစကားလုံးအနည်းငယ်နှင့်ဖော်ပြရလျှင် အလ္လာအရှင်မြတ်၏ ရှေ့တော်မှောက် တွင် အစစ်ဆေးခံရခြင်း၊ ဆုပေး၊ ဒဏ်ပေးခံရခြင်းနှင့် အလ္လာဟ်အရှင်တန်ခိုးအာဏာတော်နှင့် စိုးပိုင်တော်မူခြင်း ကိုသတိရစေခြင်းပင်ဖြစ်ပါသည်။ ဤသည်ကို တစ်ဖန်အတိုချုံး၍ ပြန်ပြောရလျှင် ကျွန်ုပ်တို့ခေတ်အခါန်အခါတွင် ရှိသည်တို့ကို လွန်ခဲ့သော နှစ်ပေါင်းတစ်ရာက ပညာတတ်နည်းပါးသောကမ္ဘာတွင် ပြန့်ပွားနေသည့် ငြိမ်းချမ်းသာယာမှုတို့နှင့် နှိုင်းစာလိုက်ပါလျှင် နောက်ကွယ်၌ရှိသောအရာမှာ အမှန်တကယ်အားဖြင့် အဖိုးထိုက်တန်သော သင်ကြားမှုတို့ကို စွန့်လွှတ်ခဲ့သောကြောင့်ဖြစ်သည်။ ယင်းသို့ စွန့်လွှတ်မှုကြောင့် ခေတ်မီတိုးတက်မှုကို လိုလားပြီး ရည်မှန်းချက်အလွန်မြင့်မားသော ဂြိုလ်တုခေတ်ကမ္ဘာကြီးသည် ကောင်းချီးမင်္ဂလာအတိဖြစ်ပြီး စစ်မှန်သည့် ငြိမ်းချမ်းသာယာမှုတို့မှ လက်မဲ့ဖြစ်စေပါသည်။

ဤကမ္ဘာရှိ အတွေးအခေါ်သစ်ကို လက်ခံသောလူများကောင်းကျိုးအတွက်ပြောရလျှင် သိပ္ပံပညာနှင့် ယင်း၏တိုးတက်မှုတို့ကြောင့် သူတို့ကို နေရာသစ်အမျိုးမျိုးသို့ ရောက်စေနိုင်ပါသည်။ ပမာအားဖြင့် ဝေဟင်ကောင်းကင်ပြင်သို့တက်ရောက်နိုင်ခြင်း၊ ကြယ်တာရာများအပေါ် အခြေချနိုင်ခြင်းနှင့် ပင်လယ်၏နက်ရှိုင်းသော

ကြမ်းပြင်များသို့ သွားရောက်နိုင်ခြင်းတို့ဖြစ်သည်။ သို့သော် ဤအလုံးစုံသော အဆင့်မြင့်နည်းပညာကရိယာ တန်ဆာပလာများနှင့် ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်မှာ အထက်ဖော်ပြခဲ့သော ငြိမ်းချမ်းသာယာမှုမျိုးကို တော့ ဝေးလံသောကြယ်တာရာများ၌ သော်လည်းကောင်း၊ အသစ်တည်ထွင်ဆန်းသစ်မှုများ၌ သော်လည်းကောင်း ရှာမတွေ့နိုင်ပါ။ ဤသည်ကို ရှာဖွေသူများတွေ့ရှိနိုင်သည်မှာ အာရေဗီးယားတွင်ပွင့်တော်မူသည့် တမန်တော်မြတ် ﷺယူဆောင်လာသော အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ခြင်း၊ နောင်တမလွန်ဘဝနှင့် ယင်းတွင် အစစ်ဆေးခံရမည်ကို ယုံကြည်ရမည်ဆိုသည့်သတင်းစကားတွင် တွေ့ရှိပါသည်။ တမန်တော်မြတ်ﷺသခင်ကြောင့် ကျွန်ုပ်တို့ကယ်တင်ခြင်းခံရပါသော် တမန်တော်မြတ်ﷺသခင်အပေါ်၌ အလ္လာဟ်အရှင်မြတ်အထံတော်မှ ကောင်းချီးမင်္ဂလာများကျရောက်ပါစေ။ အထက်ပါသတင်းစကားကို ကုရ်အာန်ကျမ်းတော်မြတ်တွင်မိန့်ထားသည်မှာ-اَلاَ بِذِكْرِ اللّٰهِ تَطْمَئِنُّ الْقُلُوْبُ "ကောင်းစွာမှတ်ယူကြလေကုန်၊ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းဖြင့် စိတ်နှလုံး များသည် ငြိမ်းအေးကြည်နူး၍သွားသည်ချည်းသာတည်း" (၁၃း၂၈)

နေ့စဉ်နှင့်အမျှ သိပ္ပံပညာ၏အံ့ဩဖွယ်ကောင်းသောစူးစမ်းရှာဖွေမှုများတို့သည် အလ္လာဟ်အရှင်မြတ်၏ အလွန်ပြီးပြည့်စုံသော တန်ခိုးဂုဏ်တော်ကိုအတည်ပြုရုံသာမက ပြိုင်ဘက်ကင်းပြီး ခေတ်အမှီဆုံးနှင့် အဆင့်မြင့်ဆုံးဖြစ်သော ထိုအရှင်၏ ဖန်ဆင်းမှုကိုရှင်းလင်းစွာသရုပ်ဖော်ပြသပါသည်။ ယင်းကဲ့သို့သော ကျွမ်းကျင်မှုနှင့် ဖန်ဆင်းမှုရှေ့တွင် တိုးတက်ပါသည်ဟုပြောကြားသူလူတိုင်းသည် သေးသိမ်နိမ့်ကျစေပါသည်။ ယင်းနှင့်ပတ်သက်၍ ကျော်ကြားသောပါရှင်းကဗျာတစ်ပုဒ်တွင်-چه سود چوں دل دانا چشم بینا نیست "အကယ်၍သာအသင်၌အသိဉာဏ်ပညာနှင့် တွေးခေါ် မြော်မြင်မှုမရှိခဲ့ပါလျှင် အသင်လုပ်ဆောင်သမျှသည် ဘာများအသုံးဝင်ပါမည်နည်း"ဟုမေးထားသည်။

ပြန်လည်ပေါင်းစည်းပေးရမည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်သည် တစ်ဖက်၌ ဤလောက၌ ကမ္ဘာလုံးဆိုင်ရာစနစ်ကျမှုအတွက် တရားမျှမှုနှင့် လျော်ကန်သင့်မြတ်မှုကို အတည်ပြု ကြေညာခဲ့သကဲ့သို့ အခြားတစ်ဖက်တွင် ပြိုင်ဘက်ကင်းသော စနစ်တစ်ခုကို အကြံပြုခဲ့ပါသည်။ အကယ်၍ ယင်းစနစ်ကိုလက်ခံယူပြီး ကျင့်သုံးပါက သွေးဆာပြီးဆိုးယုတ်သောကမ္ဘာကြီးအား မွန်မြတ်သောလူ့အဖွဲ့အစည်း တစ်ခုအဖြစ်သို့ အသွင်ပြောင်းသွားပါ လိမ့်မည်။ ထို့ကြောင့် နောင်တမလွန်ဘဝတွင် ကတိတော်ထားရှိသည့် "ဂျန္နသ်"သုခဘုံထက်ဆောလျင်စွာ ဤကမ္ဘာလောကတွင်ပင် ချက်ခြင်းလက်ငင်းသုခဘုံရရှိပါလိမ့်မည်။ အမှန်အား ဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ခု-وَلِمَنْ خَافَ مَقَامَ رَبِّهٖ جَنَّتٰنِ ဟူသည်နှင့်ပတ်သက်၍ပေးထားသည့် ရှင်းလင်းချက်သည် အထက်ဖော်ပြသည်နှင့် တစ်ထပ်တည်းဖြစ်နေပါသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သောသူများတို့သည် နောင်တမလွန်ဘဝနှင့် ယခုဘဝတွင်ပါ "ဂျန္နသ်"သုခဘုံနှစ်ခုရရှိပါလိမ့်မည်။ ယင်းအယူအဆသည် စိတ်ကူးယဉ်မှုမဟုတ်ပါ။ ဤသည်မှာဖြစ်နိုင်ချေရှိသည်ကို ကြီးမြတ်၍ရှေ့တော်ပြေးဖြစ်သူ အစ္စလာမ် တမန်တော်မြတ်ကြီးကပြသခဲ့ပြီးဖြစ်လေသည်။ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများနှင့် ငြိမ်းချမ်းသာယာမှုအပေါင်း တမန်တော်မြတ်အပေါ်၌ ကျရောက်ပါစေ။ နောင်လာနောက်သားများအတွက် တမန်တော်မြတ်ﷺသခင်က ဤသတင်းစကားသည် မှန်ကန်ကြောင်း သက်သေပြချက်မရှိသော အချို့သော(သိအိုရီ၊ မှန်ကန်ချက်များ)ကဲ့သို့ မဟုတ်ဘဲ လက်တွေ့ကျပြီး အသုံးပြုနိုင်သောစနစ်တစ်ခုအဖြစ် ထားရစ်ခဲ့သည်။ တမန်တော်မြတ်ﷺသခင် မရှိသည့်နောက်တွင် မှန်ကန်စွာလမ်းညွှန်ခြင်းခံရသော ခလီဖတ်ကြီးများ(အလ်ခလီ ဖတ်အလ်ခုလာဖာအိရာ

ရှိဒီန်)တို့နှင့် များစွာသောအုပ်ချုပ်သူများသည် မြင့်မြတ်သောအစွယ်လာမ်တမန်တော်မြတ်ကြီး၏ စွန့်သွတော်ကို တိတိကျကျ လိုက်နာခဲ့ကြသည်။ ထိုသူတို့သည် ၎င်းတို့အတွက်ချမှတ်ထားသောမူများနှင့်အညီ စတင်လုပ်ဆောင်လိုက်သည်နှင့် ခြေသံ့နှင့်သိုးငယ်တို့သည် ခွက်တစ်ခုတည်းမှရေကို အတူသောက်နေကြသည်ကိုမြင်တွေ့ရလိမ့်မည်။ ယင်းကို ခွန်အားကြီးသူနဲ့ ချည့်နဲ့သူ၊ ဆင်းရဲသားနှင့်ကြွယ်ဝချမ်းသာသူ၊ အလုပ်သမားနှင့် အလုပ်ရှင်အားလုံးတို့အတွက် တရားမျှတမှု ရာသီဥတုသာယာဆုံးအချိန်၏စံဟူ၍စိတ်ကူးယဉ်ဆန်စွာ ပြောဆိုခြင်းပင်ဖြစ်သည်။ လူသားများအကြား မည်ကဲ့သို့သောကွဲပြားခြားနားမှုများရှိနေပါစေ၊ အားလုံးကိုပယ်ဖျက်ပြီးဖြစ်သွားလေသည်။ ညဉ့်အမှောင်၌ရှိသည်ဖြစ်စေ၊ အလုံပိတ်ထားသောအိမ်အတွင်းမှာရှိနေသည်ဖြစ်စေ၊ လူတိုင်းလူတိုင်းတို့သည် ဥပဒေကို လေးစားလိုက်နာကြပါသည်။ ဤသည်မှာ ပုံပြင်မဟုတ်ပါ။ ဤသည်တို့မှာ ပွင့်လင်း၍ မုစ်လင်မ်မဟုတ်သူများကပင်ဝန်ခံပြီး ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံချက်ပေးထားသော ခိုင်လုံသည့် သမိုင်းအကြောင်းအချက်အလက်များဖြစ်ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်စနစ်၏ အနှစ်သာရတို့ကို နားလည်သဘောပေါက်ပြီးသည့်နောက်တွင် အာယသ်တော်၏အသေးစိတ်ရှင်းလင်းချက်များကို အောက်တွင်ဖော်ပြထားပါသည်။

## ရှင်းလင်းချက်

လက်ရှိရည်ညွှန်းသောအာယသ်သည်- **كُونُوا قَوَّامِينَ بِالْقِسْطِ** "အသင်တို့သည် (မည်သည့်ကိစ္စမျိုး၌မဆို) တရားမျှတမှုကို ထာဝစဉ်တည်တံ့စေသူများ ဖြစ်ကြလေကုန်"ဟူသော စကားလုံးဖြင့် အစပြုထားသည်။ "ကစ်ဆ်"ဟူသောစကားလုံး"ကားဖ်"အပေါ်၌"ကဆရာ"နှင့်အစပြုထား၍(သရအိုင်)ဟုညွှန်းပြက "တရားမျှတခြင်း" နှင့် "သာတူညီမျှခြင်း" ဟူသည့် အဓိပ္ပာယ်သက်ရောက်သည်။ "တရားမျှတခြင်းနှင့် သာတူညီမျှခြင်း" ဆိုသည်၏ စစ်မှန်သောအဓိပ္ပာယ် မှာ ရပိုင်ခွင့်ရှိသောလူတိုင်းအား ၎င်းတို့၏ရပိုင်ခွင့်အပြည့်အဝကိုပေးအပ်သင့်ပါသည်။ ယေဘုယျအနေဖြင့် မှတ်ယူပါလျှင် အလွှာဟ်အရှင်မြတ်အတွက် ထမ်းဆောင်ရမည့် ဝတ္တရားများ "ဟုကုကုလွှာဟ်" နှင့်လူသားများတို့၏ အလုံးစုံသောရပိုင်ခွင့်များတို့သည်လည်း ဤတွင်အကျုံးဝင်ပါသည်။"ကောင်ဝါမီနဗိလ်ကစ်ဆ်" ၏အဓိပ္ပာယ်အတွင်းတွင်ပါဝင်သည်မှာ တစ်စုံတစ်ဦးသည်မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတရားမလုပ်ရပါ။ မတရားကျူးလွန်သူ "ဇာလင်မ်" သည် မတရားမှု "ဇလွန်' ပြုလုပ်ခြင်းမှ ရပ်တန့်စေရပါမည်။ မတရားပြုခြင်းခံရသူ "မဇ်လူမ်"ကို ထောက်ပံ့ကူညီရပါမည်။ မတရားမှုပြုခံရသူ/သူမတို့၏ရပိုင်ခွင့်ကို ပြန်လည်ရရှိရန်အတွက် အကူအညီပေးရန် သက်သေလိုအပ်ပါက သက်သေခံသူအားမပြစ်ပယ်ရပါ။ မည်သူတစ်ဦးတစ်ယောက်အတွက် အကျိုးရှိသည်ဖြစ်စေ မည်သူတစ်ဦးတစ်ယောက်ကိုအကျိုးမဲ့သည်ဖြစ်စေသက်သေသည် အရှိကိုအရှိအတိုင်းမှန်ကန်စွာ ထွက်ဆိုရပါမည်။ အာဏာလက်ဝယ်ရှိသောသူနှင့် တရားမျှတမှုရှိစေရန် လုပ်ဆောင်သောသူများသည် ၎င်းတို့ရှေ့မှောက်တွင်ရှိသော အချင်းဖြစ်ပွားသည့်နှစ်ဦးနှစ်ဖက်တို့အား တန်းတူရည်တူနှင့် မျှမျှတတ ဆက်ဆံရပါမည်။ တစ်ဖက်ဖက်ကို မည်ကဲ့သို့သောဘက်လိုက်မှုမျိုးမျှားမှ မရှိစေရပါ။ သက်သေများ၏ ထွက်ဆိုချက်များကို ဂရုတစိုက်ကြားနာရပါမည်။ အမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုရန် တတ်နိုင်သမျှ ကြိုးပမ်းအားထုတ်ရပါမည်။ အဆုံးတွင် အမိန့်ချမှတ်ရာ၌ ပြီးပြည့်စုံသောတရားမျှတမှုကိုလိုက်နာရပါမည်။

**တရားမျှတမှုအတွက် အဟန့်အတားများ**

အစောပိုင်းကကိုးကားခဲ့သော စူရဟ်အလ်နိစာအ်နှင့်စူရဟ်အလ်မာအိဒဟ်မှ အာယသ်တော်နှစ်ခုတို့သည် သီးခြားကဏ္ဍများမှဖြစ်ကြသော်လည်း ပါဝင်သည့် အကြောင်းအရာများသည် အတူတူပင်ဖြစ်သည်။ တစ်ခုတည်း သောခြားနားချက်မှာ တရားမျှတမှုသည် ယေဘုယျအားဖြင့် တားဆီးဟန့်တားခံရခြင်း၊ ပိတ်ဆို့ခြင်း (သို့) ညှိနှိုင်းခြင်းတို့ဖြစ်သည်။ ပထမအနေဖြင့် တစ်စုံတစ်ဦးကို ချစ်ခင်ခြင်း၊ ဆွေမျိုးတော်စပ်ခြင်း၊ မိတ်ဆွေဖြစ်ခြင်း (သို့) အဆက်အသွယ်ရှိခြင်းတို့ကြောင့် ထိုသူအား ဆုံးရှုံးမှု မရှိစေရန် (သို့) အကျိုးအမြတ်ရရှိစေရန် သက်သေထွက်စေပါသည်။ အဆုံးအဖြတ်ပေးရမည့် တရားသူကြီး (ကာသွီ) သည်လည်း ထိုကဲ့သို့သော အဆက်အသွယ်များရှိခဲ့လျှင် သူသည် ထိုအဆက်အသွယ်ရှိသူ၏ ကောင်းကျိုးအတွက် အဆုံးအဖြတ်ပေးလိုသော ဆန္ဒဖြစ်မည်ဆိုသည်မှာ သဘာဝကျပါသည်။ ဒုတိယအနေဖြင့် တရားမျှတမှုကို အဟန့် အတားဖြစ်စေမှုသည် တစ်စုံတစ်ဦးအား ရန်လိုမှုကြောင့်ဖြစ်ပြီး သက်သေသည် ထိုသူကို ဆန့်ကျင်ထွက်ဆိုနိုင် ပါသည်။ တစ်ဖန်ယင်းကြောင့် တရားသူကြီး (သို့) "ကာသွီ" ကလည်း မသင့်လျော်သောဆုံးဖြတ်ချက်ကို ချနိုင် ပါသည်။ ထို့ကြောင့် ချစ်ခြင်း၊ မုန်းခြင်းဟူသည့် စိတ်ဆန္ဒပြင်းပြမှုများတို့သည် တစ်စုံတစ်ဦးအား တရားမျှတခြင်း လမ်းကြောင်းမှ သွေဖည်သွားစေနိုင်ပြီး အမျိုးမျိုးသော မတရားမှုများနှင့် ဖိနှိပ်ချုပ်ချယ်မှုများဖြစ်ပေါ်စေနိုင် ပါသည်။ ဤအဟန့်အတားနှစ်မျိုးစလုံးတို့ကို စူရဟ်အလ်နိစာအ်ပါ အာယသ်တော်ထဲတွင်ပေးထားသော ညွှန်ကြား ချက်မှာ ဆွေမျိုးတော်စပ်ခြင်းကြောင့်သော်လည်းကောင်း၊ နီးစပ်ရင်းနှီးမှုကြောင့်သော်လည်းကောင်းဖြစ်ပေါ် နိုင်သော အဟန့်အတားများကို ပယ်ရှားခြင်း အကြောင်းဖြစ်ပါသည်။ **اَوِ الْوَالِدَيْنِ وَالْاَقْرَبِيْنَ** ဟူ၍ အာယသ် (၄း၁၃၅)ထဲတွင် မိန့်ကြားထားပါသည်။ ဆိုလိုသည်မှာ အကယ်၍ အသင်သည် အသင့်၏မိဘများအတွက်သော်လည်းကောင်း၊ နီးစပ်သော ဆွေမျိုးသားခြင်းများအတွက်သော်လည်းကောင်း သက်သေထွက်ခဲ့သော် ထိုကဲ့သို့ဆွေမျိုးတော်စပ်မှုကို လျစ်လျူရှုကာမှန်သည်ကို သာထွက်ဆိုပါလေ။ စူရဟ်အလ်မာအိဒဟ်၏ အာယသ်တော်တွင် ရန်ညှိုးရှိခြင်း၊ မနာလိုဝန်တိုခြင်း (သို့) ရန်ဘက်ဖြစ်ခြင်းတို့ကြောင့် ဖြစ်ပေါ်စေနိုင်သော တရားမျှတမှု အဟန့်အတားများ ဖယ်ရှားထားပါသည်။ အာယသ်တော်တွင် မိန့်ကြားထားသည်မှာ-**"وَلَا يَجْرِ مَنَّكُمْ شَنَاٰنُ قَوْمٍ عَلٰٓى اَلَّا تَعْدِلُوْا ؕ اِعْدِلُوْا هُوَ اَقْرَبُ لِلتَّقْوٰى** ၎င်းပြင် မည်သည့် လူမျိုးတစ်မျိုးကိုမဆို မုန်းတီးခြင်းသည် အသင်တို့အား တရားမျှတမှုကိုမပြုဘဲနေကြရန် လှုံ့ဆော်သည် မရှိစေရ။ အသင်တို့သည် (မည်သည့်ကိစ္စမျိုးဌ်မဆို) တရားမျှတကြလေကုန်။ ယင်းတရားမျှတမှုသည်ကား ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ခြင်းနှင့် အနီးစပ်ဆုံးပင်တည်း" (၅း၈) ဟူ၍ဖြစ်သည်။ ဘာသာပြန်ဆိုချက်ကထင်ရှားသည်မှာ မနာလိုဝန်တို မုန်းတီးမှုတို့ကြောင့် တစ်စုံတစ်ဦးသည် တရားမျှတမှုလမ်းကို စွန့်ပစ်ကာ ထိုသူတို့အတွက် ဆန့်ကျင် သက်သေထွက်ခြင်းကိုဖြစ်စေ အမိန့်ချခြင်းကိုဖြစ်စေ မပြုလုပ်သင့်ပါ။

ယင်းကို ထပ်ဆောင်းခါ ဤအာယသ်တော်နှစ်ရပ်ထဲတွင်ပါဝင်သော ဦးတည်ပြောကြားပုံနှင့် ဖော်ပြသည့်ဟန်ပန်တို့တွင် အနည်းငယ်ခြားနားချက်ရှိပါသည်။ စူရဟ်အလ်နိစာအ်ထဲတွင်-**قَوَّامِيْنَ بِالْقِسْطِ شُهَدَآءَ لِلّٰهِ** "တရားမျှတမှုကို ထာဝစဉ်တည်တံ့စေသူများ (တစ်နည်း) အလ္လာဟ်အရှင်မြတ်ကိုသာ ထောက်ထား၍ (တိကျမှန်ကန်စွာ) သက်သေခံသူများဖြစ်ကြလေကုန်။ (၄း၁၃၅)"ဟု မိန့်ထားပြီး စူရဟ်အလ်မာအိဒဟ်ထဲတွင် **قَوَّامِيْنَ لِلّٰهِ شُهَدَآءَ بِالْقِسْطِ** "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ (နှစ်သက်မှု)ကိုရယူရန်အလို့ငှာ (သက်သေခံရာတွင်) တရားမျှတစွာ သက်သေခံသူများဖြစ်ကြလေကုန်" (၅း၈) ဟူ၍မိန့်ထားပါသည်။ ရှင်းလင်းရာတွင်

ကျွန်ုပ်တို့ပြောနိုင်သည်မှာ ပထမအာယသ်တော်ထဲတွင် တရားမျှတမှုကိုထာဝစဉ်တည်တံ့စေရန်နှင့် အလ္လာဟ်အရှင်မြတ်ကိုသာ ထောက်ထား၍ တိကျမှန်ကန်စွာ သက်သေထွက်ဆိုရန်ဟူသော ညွှန်ကြားချက်နှစ်ရပ်ပါဝင်ပါသည်။ ဒုတိယအာယသ်တွင်မှာလည်း ထိုညွှန်ကြားချက်နှစ်ရပ်ကိုပင် အမိန့်ပေးထားခဲ့ပါသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကိုရယူရန်နှင့် သက်သေခံရာတွင် တရားမျှတစွာ သက်သေခံသူများဖြစ်ကြရန်"ဟူ၍ ဦးတည်ပုံပြောင်းလဲထားပါသည်။

ဋီကာရှင်အများစုက ဤဦးတည်ပြောကြားပုံပြောင်းလဲမှုသည် စစ်မှန်ချက်တစ်ရပ်ကိုပင် ရှင်းလင်းချက်နှစ်မျိုးနှစ်ဖုံဟုပြောကြပါသည်။ တစ်နေရာတွင် တရားမျှတမှုကို ထာဝစဉ်တည်တံ့စေရန်နှင့် အလ္လာဟ်အရှင်မြတ်ကိုထောက်ထား၍ တိကျမှန်ကန်စွာထွက်ဆိုရန်ဟူ၍ ရည်ညွှန်းထားသကဲ့သို့ အခြားတစ်နေရာတွင် စကားလုံးအစီအစဉ်မှာ "အသင်တို့သည် အလ္လာဟ်အရှင်မြတ် **كُونُوا قَوَّامِينَ بِالْقِسْطِ** (နှစ်သက်မှုကိုရယူရန်) အလို့ငှာ **قَوَّامِينَ لِلَّهِ** (သက်သေခံရာတွင်) တရားမျှတ စွာသက်သေခံသူများဖြစ်ကြလေကုန်"ဟူ၍ဖြစ်ပါသည်။ ထို့ပြင် (အာယသ်တော်နှစ်ရပ်စလုံးတွင် အသုံးပြုထား သောဖော်ပြပုံဟန်ပန်ကို သတိပြုသင့်ပါသည်။ တရားမျှတမှုရှိစေရန်အတွက် အမိန့်ပေးခြင်းကို စူရဟ်အလ်ဟုဂျ်ရသ်ပါ- "**اَقْسِطُو**"အသင်တို့သည် တရားမျှတစွာဆောင်ရွက်ကြလေကုန်"(၄၉း၉) ဟူ၍ စကားလုံးတစ်လုံး တည်းဖြင့်ပေးနိုင်သော်လည်း အာယသ်တော်နှစ်ရပ်စလုံးတွင် စကားလုံးများစွာပါဝင်သောစာကြောင်းကို အသုံးပြုထားပါသည်။ အမှန်တကယ်မှာ အာယသ်များထဲတွင် ရှည်လျားသောစာကြောင်းကိုအသုံးပြုရန် ရွေးချယ်မှုသည် သီးခြားကိစ္စတစ်ခုအတွက် တရားမျှတခြင်းနှင့် မျှမျှတတဖြစ်ခြင်းတို့ကြောင့် တစ်ဦး၏တာဝန်ဝတ္တရားတို့ကို အပြီးအပိုင်ဖျက်သိမ်းလိုက်ခြင်းမဟုတ်ကြောင်း ညွှန်းပါသည်။ အကြောင်းမှာကိစ္စရပ်တစ်ခုခုအတွက် တရားမျှတမှုရှိစေခြင်းသည် သဘာဝအလျောက် ဖြစ်နိုင်ချေတစ်ခုဖြစ်ပါသည်။ ယင်းကို ဆိုးသွမ်းသောမင်းဆိုးမင်းညစ်တို့ပင်လျှင် အချို့ချို့သောကိစ္စရပ်များအတွက် တရားမျှတစွာ လုပ်ဆောင်နိုင်ပါသည်။ ထို့ကြောင့် "ကောင်ဝါမီးန်" (ထာဝစဉ်တည်တံ့မြဲ မြံစေသူများ)ဟူသော စကားလုံးသုံးစွဲထားခြင်းက မည်သည့်အခြေအနေမျိုးတွင်မဆို မိတ်ဆွေ(သို့)ရန်သူများအတွက် တရားမျှတမှုနှင့် မျှမျှတတဖြစ်ခြင်းထာဝစဉ် စောင့်ထိန်းခြင်းသည် အမြဲတစေလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားဖြစ်သည်ကြောင်း ပြသပြီးဖြစ်စေပါသည်။

## ကုရ်အာန်ကျမ်းတော်မြတ်၏ စကြဝဠာလုံးဆိုင်ရာ တရားမျှတမှု၏အခြေခံမူများ

အာယသ် (၁၃၅)၏အဓိပ္ပာယ်များအကြောင်းကို စူရဟ်မာအိဒဟ်၏ အာယသ်(၈)နှင့်အတူပူးတွဲကာ ကျွန်ုပ်တို့၏ ဆွေးနွေးခြင်းကို နိဂုံးချုပ်ကြစို့။ ယင်းသို့နိဂုံးချုပ်ရာတွင် ဤအာယသ်တော်နှစ်ခုမှတစ်ဆင့် အားလုံးနှင့်ဆိုင်သော စကြဝဠာလုံးဆိုင်ရာတရားမျှတမှုအတွက် အခြေခံမူများကို ပြတ်ပြတ်သားသားဖော်ထုတ်ခြင်းမှာ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးခြားချက်များအနက်မှတစ်ခုဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ဤသည်ကို အောက်တွင်ဖော်ပြထားသော အဓိကအချက်နှစ်ချက်တို့မှတစ်ဆင့် လေ့လာကြည့်ရှုပါလျှင် ပိုမိုသဘောပေါက်နိုင်ပါလိမ့်မည်။

၁။ စရမည်ဆိုလျှင် အာဏာပိုင်များနှင့် လူထုကိုအလ္လာဟ်အရှင်မြတ်၏ အမြင့်ဆုံးသော ထိန်းချုပ်မှုအာဏာတော်နှင့် ကိယာမသ်နေ့၌ အဆုံးစွန်သော စစ်ဆေးမေးမြန်းခြင်းအကြောင်းကို တပ်လှန့်သတိပေးထားပါသည်။ ယင်းသို့ သတိပေးချက်ကြောင့် ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို ရင်ဆိုင်နိုင်ရန်အတွက် မကောင်းမှုများမှ ရပ်တန့်ခြင်းနှင့် ဟန့်တားကာ ပြင်ဆင်နိုင်ပါလိမ့်။ ဤသည်ကိုထောက်ရှု၍ လူထုကိုယ်တိုင်ကလည်း တရားဥပဒေကိုလေးစားရိုသေရပါမည်။ ၎င်းပြင် ဥပဒေကိုတည်တံ့စေရန်တာဝန်ရှိသောအရာရှိတို့ကလည်း အာခံရသ်နှင့် အလ္လာဟ်အရှင်မြတ်အကြောင်းကို နှလုံးသွင်းကာ ဥပဒေကိုတည်တံ့စေရန် လုပ်ဆောင်ရာ၌ အလ္လာဟ်အရှင်မြတ်၏မြောက်မြားလှစွာသော လူတို့၏ အသိဉာဏ်မဲ့သော အရှင်သခင်များအနေနှင့် မဟုတ်ဘဲလူထုကို အလုပ်အကျွေးပြုသူများဖြစ်သင့်ပါသည်။ သူတို့သည် ဥပဒေကို လူထုအားအလုပ်အကျွေးပြုခြင်းနှင့် ကမ္ဘာကြီးတစ်ခုလုံးကောင်းစားစေမည့်အရင်းမြစ်အဖြစ်ပြုလုပ်သင့်သည်။ ပြည်သူအများတို့၏ ပူပင်သောကများကို မတိုးပွားစေရခြင်း၊ လူအများအားမတရားမှု၏ သားကောင်ဖြစ်သော ၎င်းတို့၏ကြိုးနီစနစ်ကိုမသုံးစွဲရခြင်း၊ မြောက်မြားစွာသော မတရားမှုများကြောင့် ပြည်သူအများမတရားခံရမှု မတိုးပွားစေရခြင်း၊ နောက်ဆုံးတွင် ယုတ်ညံ့သောစိတ်ဆန္ဒများကြောင့်သော်လည်းကောင်း၊ မပြောပလောက်သော အကျိုးအမြတ်များကြောင့်သော်လည်းကောင်း ဥပဒေကို အလွဲသုံးစားမပြုရပါ။ “အလ္လာဟ်အရှင်မြတ်တွက် တရားမျှတမှုကို ထာဝစဉ်စောင့်ထိန်းခြင်းနှင့် အလ္လာဟ်အရှင် မြတ်အတွက် မှန်ကန်စွာ သက်သေထွက်ဆိုခြင်း”ဟုမိန့်ဆိုထားခြင်းက အာဏာပိုင်များနှင့် လူထုကို အလ္လာဟ် အရှင်မြတ်အတွက် အတတ်နိုင်ဆုံး ဖြူစင်သန့်ရှင်းစွာ လုပ်ဆောင်စေရန် သတိပေးနှိုးဆော်ထားပါသည်။

၂။ ဒုတိယအရေးပါမှုမှာ တရားမျှတခြင်းနှင့် မျှမျှတတရှိခြင်းတို့ တည်တန့်စေရန် တာဝန်ကို လူဘဝနေနည်းတစ်ခုအဖြစ် လူသားတိုင်းအပေါ်တွင် တာဝန်အဖြစ် ထမ်းဆောင်စေပါသည်။ စူရတ်အလ်နိစာအ်နှင့် စူရတ်အလ်မာအိဒတ်ပါ အာယသ်တော်နှစ်ခု ထဲတွင်- **يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟** “အို” “မုအ်မင်န်” သက်ဝင်ယုံကြည်သူအပေါင်းတို့” ဟုမိန့်ထားခြင်းကမုစ်လင်မ်အုမ်မသ်ထု တစ်ခုလုံးအား ဦးတည်ပြောကြားခြင်းဖြစ်သည်။ သို့ရာတွင် စူရတ်အလ်ဟဒီးသ်ထဲ၌- **لِيَقُومَ النَّاسُ بِالْقِسْطِ** “လူတို့သည် တရားမျှတမှုအပေါ်၌ ရပ်တည်ကြအံ့သောငှာ” (၅၇း၂၅) ဟူ၍မိန့်ထားခြင်းက ဤတာဝန်ဝတ္တရားသည် လူသားများအားလုံးအပေါ်၌ တည်ရှိသည်ဟုမှတ်ယူပါမည်။ အလားတူစွာ- **وَلَوْ عَلَىٰٓ أَنفُسِكُمْ** (သက်သေခံရာ၌လည်း) မိမိတို့၏ ကိုယ်ကျိုး နှင့် ဆန့်ကျင်သည်ဖြစ်စေ” (၄း၁၃၅) ဟုမိန့်ထားခြင်းက တရားမျှခြင်းသည် အခြားသူများထံမှသာ တောင်းယူရမည့်အရာမဟုတ်ဘဲ မိမိကိုယ်တိုင်ကလည်း ကျင့်ကြံရမည့်အရာပင်ဖြစ်သည် ဟူ၍ ညွှန်ကြားချက်ပေးထားသည်။ ဆိုလိုသည်မှာ မိမိနှင့်ပတ်သက်သောတစ်စုံတစ်ရာကို ကြေညာရသည့် တစ်စုံတစ်ဦးသည် အမှန်တရားနှင့် တရားမျှတခြင်းတို့ကို ဆန့်ကျင်၍မည်သည်ကိုမျှ မပြောသင့်ပါ။ အကယ်၍ ထိုကဲ့သို့လုပ်ဆောင်မှုကြောင့်တစ်စုံတစ်ဦးအား ဆုံးရှုံးနစ်နာမှုဖြစ်နိုင်ခြေရှိသော်မှ ယင်းသည် အသေးအမွှားနှင့် တခဏပန်းသာ ဖြစ်သည်။ ဤသည်နှင့် ဆန့်ကျင်စွာသူသည် မုသားပြောရန်ရွေးချယ်ခဲ့ပါလျှင် သူသည် ကမ္ဘာ့တရားစီရင်မည့်နေ့၌ ကြီးလေးသောအပြစ်ဒဏ်ကိုသူ့အပေါ်၌ သင့်စေပါလိမ့်မည်။

**အာယသ် (၁၃၆–၁၃၇)**

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ ءَامِنُواْ بِٱللَّهِ وَرَسُولِهِۦ وَٱلۡكِتَٰبِ ٱلَّذِي نَزَّلَ
عَلَىٰ رَسُولِهِۦ وَٱلۡكِتَٰبِ ٱلَّذِيٓ أَنزَلَ مِن قَبۡلُۚ وَمَن يَكۡفُرۡ بِٱللَّهِ
وَمَلَٰٓئِكَتِهِۦ وَكُتُبِهِۦ وَرُسُلِهِۦ وَٱلۡيَوۡمِ ٱلۡأٓخِرِ فَقَدۡ ضَلَّ ضَلَٰلَۢا
بَعِيدًا ١٣٦ إِنَّ ٱلَّذِينَ ءَامَنُواْ ثُمَّ كَفَرُواْ ثُمَّ ءَامَنُواْ ثُمَّ كَفَرُواْ ثُمَّ
ٱزۡدَادُواْ كُفۡرٗا لَّمۡ يَكُنِ ٱللَّهُ لِيَغۡفِرَ لَهُمۡ وَلَا لِيَهۡدِيَهُمۡ سَبِيلَۢا ١٣٧

အိုသက်ဝင်ယုံကြည်သူ (မုအ်မင်န်) အပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုဎ်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ် (မိုဟမ္မဒ်) ကိုဎ်း၊ ထိုအရှင်မြတ်က မိမိ၏ရစူလ်တမန်တော်မြတ် (မုဟမ္မဒ်)အပေါ်၌ ထုတ်ပြန်ပို့ချတော်မူခဲ့သော (ကုရ်အာန်) ကျမ်းတော်မြတ်ကိုဎ်း (ယင်းကုရ်အာန်ကျမ်းတော်မြတ်) အလျင်ထုတ်ပြန်ပို့ချတော်မူခဲ့သော ကျမ်းတော်(များ)ကိုဎ်း ယုံကြည်ကြလေကုန်။ သို့ရာတွင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို သော်လည်းကောင်း၊ ထိုအရှင်မြတ်၏ "မလာအိကဟ်" အပါးတော် စေတမန်များကို သော်လည်းကောင်း၊ ထိုအရှင်မြတ်၏ ကျမ်းဂန်များကို သော်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်များကို သော်လည်းကောင်း၊ နောက်ဆုံးနေ့ကို သော်လည်းကောင်း၊ ငြင်းပယ်ခဲ့ပါလျှင် ထိုသူသည် အလွန်ကမ်းလှမ်းဝေးကွာသော လမ်းမှားသို့ မချွတ်ဧကန်ရောက်ရှိခဲ့ချေပြီ။ (၄း၁၃၆)

မုချဧကန် အကြင်သူသည်"အီမာန်"ယုံကြည်ခြင်း၊ သဒ္ဓါတရားထားရှိ ကြ၏။ ထို့နောက် မယုံကြည်သွေဖည်ငြင်းပယ်ကြပြန်၏။ ထို့နောက်တစ်ဖန်ပြန်၍ 'အီမာန်' ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကြပြန်၏။ ထို့နောက်တစ်ဖန် မယုံမကြည်သွေဖယ်ငြင်းပယ်ကြပြန်၏။ ထို့နောက်ဎ်းတို့သည် (အသက်ထက်ဆုံး) သွေဖည်ငြင်းပယ်မှုဌ်ပင် တိုးတက်နစ်မွန်းလျက် ရှိကြကုန်သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား (အပြစ်မှ) လွတ် ငြိမ်းချမ်းသာခွင့်လည်း ပေးသနားတော်မူမည်မဟုတ်ပေ။ ထိုသူတို့အား (ဂျန္နသ်)ရောက်ရာ ရောက်ကြောင်းလမ်းကိုလည်း ညွှန်ပြတော်မူမည်မဟုတ်ပေ။ (၄း၁၃၇)

**အာယသ်တော်၏ဆက်စပ်မှု**

ဤသည်အထိ ကျွန်ုပ်တို့၏ ဆွေးနွေးမှုသည် ဆန့်ကျင်သူများနှင့် ဆက်ဆံရေးများအတွက် ကျိုးကြောင်း

ဆက်စပ်၍ ဆင်ခြင်ရသောအချက်များကိုဖော်ပြကာ ယုံကြည်ခြင်းသဒ္ဓါတရားရှိခြင်း "အီမာန်"၊ မယုံကြည်သွေဖည်ခြင်းပယ်ခြင်း "ကုဖုရ်"နှင့်ပတ်သက်သော ကိစ္စရပ်များနှင့်အတူ အဓိကမကျသော အမိန့်ပညတ်ချက်များအကြောင်းသာဖြစ်ပါသည်။ ဤသည်မှ ရှေ့ဆက်ရသော် ဤကိစ္စရပ်များ၏ အချို့သောအသေးစိတ်အချက်အလက်များကို စူရဟ်ဆုံးခါနီးသည့်တိုင်အောင် အာယသ်တော်များထဲတွင် ဖော်ပြထားသည်။ အဆိုအမိန့်များ၏ ဆက်စပ်မှုအရ ဦးစွာပထမအနေဖြင့် ရှရီအသ်အမြင်အရ ယုံကြည်စိတ်ချရလောက်သော "အီမာန်" ယုံကြည်ခြင်း၊ သဒ္ဓါတရားထားရှိခြင်းအကြောင်းကို ဖော်ပြထားသည်။ ထိုနောက်တွင် ၎င်းတို့၏ မယုံကြည်သွေဖည်မှုနှင့် မှားယွင်းသော ယုံကြည်မှုတို့မှတစ်ဆင့် ၎င်းတို့၏အချို့သောလုပ်ရပ်များနှင့် ပတ်သက်၍ အမျိုးမျိုးသော မယုံ ကြည်သွေဖည်သူများတို့၏ အုပ်စုများကိုအပြစ်တင်ထားပါသည်။

## အရေးပါသည့်မှတ်စုများ

၁။ اِنَّ الَّذِيْنَ اٰمَنُوْا ثُمَّ كَفَرُوْا "မုခ္ဓကန်အကြင်သူတို့သည် "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြ၏။ ထို့နောက် မယုံကြည်သွေဖည်ငြင်းပယ်ကြပြန်၏။ ထို့နောက်တစ်ဖန်ပြန်၍ "အီမာန်" ယုံကြည်ခြင်း၊ သဒ္ဓါတရား ထားရှိကြပြန်၏။ ထို့နောက်တစ်ဖန် မယုံကြည်သွေဖည်ငြင်းပယ်ကြကုန်၏။ ထို့နောက် ၎င်းတို့သည် (အသက်ထက်ဆုံး) သွေဖည်ငြင်းပယ်မှုၦပင် တိုးတက်နစ်မွန်းလျက် ရှိကြကုန်သည်။" ဟူသောစကားလုံးများနှင့် အစပြုထားသော အာယသ် (၁၃၇)၏ ပထမပိုင်းသည် အရေခြုံများကိုရည်ညွှန်းပါသည်။ သို့ရာတွင် အချို့သောဋီကာပညာရှင်များက ဦးစွာပထမ"အီမာန်"ယူ ယုံကြည်ခဲ့ကြပြီးသည့်နောက် ရွှေအရောင်အဆင်းရှိသော နွားရုပ်ထုကို ကိုးကွယ်ကာ မယုံကြည်သွေဖည်သူများဖြစ်သွားကြသောဂျူးများ၏အကြောင်းဖြစ်သည်ဟု ပြောကြားပါသည်။ ထို့နောက် ၎င်းတို့သည် ဝန်ချတောင်းပန်ကာ"အီမာန်"ယူ ယုံကြည်ခဲ့ကြပြန်ပါသည်။ ထို့နောက် တစ်ဖန်၎င်းတို့သည် စိုက်ယိဒိနာ အီစာ﴿عليه السلام﴾၏ နဗီတမန်တော်ဖြစ်ခြင်းကိုငြင်းကာ မယုံကြည်သွေဖည်မှုဆီသို့ ပြန်လည်ရောက်ရှိသွားခဲ့ကြသည်။ အဆုံးတွင် စိုက်ယိဒိနာမုဟမ္မဒ်﴿ﷺ﴾တမန်တော်ဖြစ်ခြင်းကို လက်ခံယုံကြည်ရန် ငြင်းပယ်မှုသည် ၎င်းတို့၏ မယုံကြည် မှုကိုပိုမိုတိုးပွားသွားစေပါသည်။ **(ရွုဟုလ်မအာနီ)**

၂။ အာယသ်(၁၃၇)၏ ဒုတိယပိုင်းဖြစ်သော- لَمْ يَكُنِ اللّٰهُ لِيَغْفِرَ لَهُمْ وَلَا لِيَهْدِيَهُمْ سَبِيْلًا "အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား(အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့်လည်းပေးသနားတော်မူမည်မဟုတ်ပေ။ ထိုသူတို့အား(ဂျန္နသ်)ရောက်ရာရောက်ကြောင်းလမ်းကိုလည်း ညွှန်ပြတော်မူမည်မဟုတ်ပေ"ကို ပထမပိုင်းနှင့် တစ်ပေါင်းတည်းဖတ်ရှုပါက ဆိုလိုရင်းမှာ သူတို့၏ထပ်ခါတလဲလဲ မယုံကြည်သွေဖည်ခြင်းဘက်ဆီသို့ ရောက်ရှိခြင်းသည် စစ်မှန်သော လမ်းညွှန်မှုကို လက်ခံနိုင်စွမ်းမရှိဖြစ်စေကာ ယင်းကိုငင်းတို့ထံမှ ရုတ်သိမ်းစေပါသည်။ သို့ဖြစ်ခြင်းကြောင့် သူတို့နောက်ထပ်ဝန်ချ တောင်းပန်ရန်ခွင့်မရှိသကဲ့သို့"အီမာန်"ယုံကြည်လက်ခံရန်လည်း အခွင့်အရေးမရှိဖြစ်သွားပါသည်။ သို့မဟုတ်ပါမူ မယုံကြည်သွေဖည် ငြင်းပယ်သူ"ကုဖ်ရ်"ဖြစ်စေ၊"မုရ်သဒ်" ဘာသာကူးပြောင်းသူဖြစ်ပါစေ၊ သူ၏မယုံကြည်မှု မည်မျှပင်မာရေရော်ရေရှိခဲ့ပါစေ၊ အကယ်၍သူသည်"သောင်ဗဟ်" ပြုအမှားဝန်ခံခြင်းသည် စစ်မှန်ပြီး၊ ဖြူစင်ရိုးသားပါက သူ၏အတိတ်ကပြုလုပ်ခဲ့သောပြစ်မှုများမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းခံရလိမ့်မည်ဟု ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့က ယေဘုယျဥပဒေချမှတ်ထားပါသည်။ ထို့ကြောင့် ယင်းကဲ့သို့သောသူတို့သည်လည်းပြုပြင်ပြောင်းလဲကာ သောင်ဗဟ်ပြုဝန်ချတောင်းပန်ခဲ့ပါက ခွင့်လွှတ်ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေသည် လမ်းဖွင့်ပေးထားသည်။

## အာယသ် (၁၃၈–၁၄၁)

بَشِّرِ الْمُنٰفِقِيْنَ بِاَنَّ لَهُمْ عَذَابًا اَلِيْمَا ۙ الَّذِيْنَ يَتَّخِذُوْنَ
الْكٰفِرِيْنَ اَوْلِيَآءَ مِنْ دُوْنِ الْمُؤْمِنِيْنَ ۭ اَيَبْتَغُوْنَ عِنْدَهُمُ
الْعِزَّةَ فَاِنَّ الْعِزَّةَ لِلّٰهِ جَمِيْعًا ۝ وَقَدْ نَزَّلَ عَلَيْكُمْ فِي الْكِتٰبِ
اَنْ اِذَا سَمِعْتُمْ اٰيٰتِ اللّٰهِ يُكْفَرُ بِهَا وَيُسْتَهْزَاُ بِهَا فَلَا تَقْعُدُوْا
مَعَهُمْ حَتّٰى يَخُوْضُوْا فِيْ حَدِيْثٍ غَيْرِهٖٓ ڮ اِنَّكُمْ اِذًا مِّثْلُهُمْ ۭ
اِنَّ اللّٰهَ جَامِعُ الْمُنٰفِقِيْنَ وَالْكٰفِرِيْنَ فِيْ جَهَنَّمَ جَمِيْعَۨا ۝
الَّذِيْنَ يَتَرَبَّصُوْنَ بِكُمْ ۚ فَاِنْ كَانَ لَكُمْ فَتْحٌ مِّنَ اللّٰهِ قَالُوْٓا
اَلَمْ نَكُنْ مَّعَكُمْ ۖ وَاِنْ كَانَ لِلْكٰفِرِيْنَ نَصِيْبٌ ۙ قَالُوْٓا اَلَمْ
نَسْتَحْوِذْ عَلَيْكُمْ وَنَمْنَعْكُمْ مِّنَ الْمُؤْمِنِيْنَ ۭ فَاللّٰهُ يَحْكُمُ بَيْنَكُمْ
يَوْمَ الْقِيٰمَةِ ۭ وَلَنْ يَّجْعَلَ اللّٰهُ لِلْكٰفِرِيْنَ عَلَى الْمُؤْمِنِيْنَ سَبِيْلًا ۝

(အို-နဗီတမန်တော်) အသင်သည် "မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ်တို့အား ၎င်းတို့အဖို့ ပြင်းပြနာကျင်ဖွယ်ရာ ပြစ်ဒဏ်သည် (အဆင်သင့်)ရှိသည်ဟုသတင်းကောင်းပြောကြားပါလေ။ (၄း၁၃၈)

အကြင် ("မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ်)တို့သည် "မုအ်မင်န်" တို့အားစွန့်လွှတ်ပြီး "ကာဖိရ်"တို့ကို အဆွေခင်ပွန်းများပြုလုပ်ကြလေသည်။ ၎င်းတို့သည် ထို "ကာဖိရ်"တို့ထံတွင် ဂုဏ်အင်ဒြပ်ကို ရှာဖွေလေကြသလော။ သို့ဖြစ်လျှင် ဂုဏ်အင်ဒြပ်ဟူသမျှတို့သည် မုခ္ခကေန်အလ္လာဟ်အရှင်မြတ်အဖို့ ချည်းသာတည်း။ (ပိုင်ဆိုင်သည်သာတည်း) (၄း၁၃၉)

၎င်းပြင် ဧကန်မလွဲ ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ (ကုရ်အာန်) ကျမ်းတော်မြတ်တွင် ဤသို့ (အမိန့်တော်)ထုတ်ပြချမှတ်တော်မူခဲ့လေသည်။ မည်သည့်အခါမျိုးမဆို အသင်တို့သည် (ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့က) အလ္လာဟ်အရှင်မြတ်၏ လက္ခဏာတော်များကို ငြင်းပယ်ကြသည်ကို လည်းကောင်း၊ ပြက်ရယ်ပြုပြောင်လှောင်ကြသည်ကိုလည်းကောင်း ကြားကြရ

ပါလျှင်၊ ယင်း (ငြင်းပယ်၊ ပြောင်လှောင်သော)သူတို့သည် ထိုစကားကိုစွန့်၍ အခြားစကားများတွင် အာရုံမစူးစိုက်သမျှ ကာလပတ်လုံးအသင်တို့သည် ၎င်းတို့နှင့်အတူမထိုင်ကြကုန်လင့်။ သို့ထိုင်ကြပါလျှင် အသင်တို့သည်လည်း ထိုသူတို့ကဲ့သို့ပင် (အပြစ်ရှိသူများ)ဖြစ်သွားကြကုန်အံ့။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် "မုနာဖစ်က်" အယောင်ဆောင် မုစ်လင်မ်တို့နှင့် "ကာဖိရ်"မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့အားလုံးကို "ဂျဟန္နမ်"ငရဲဘုံတွင် စုပေါင်းတော်မူမည့်အရှင်ဖြစ်တော်မူပေသတည်း။ (၄း၁၄၀)

အကြင် ("မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ်)တို့သည် အသင်တို့ (၌သက်ရောက်မည့်ဘေးဒုက္ခများ)ကိုစောင့်မျှော်နေကြ၏။ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်မှ မင်္ဂလာအောင်မြင်မှုကိုရရှိခဲ့ပါမူထိုသူတို့က "ငါတို့သည်လည်း အသင်တို့နှင့်အတူ ပါဝင် (ကူညီ)ခဲ့ကြသည်မဟုတ်လော"ဟုပြောဆိုကြကုန်၏။ သို့ရာတွင် အကယ်၍ "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့တွင် (အောင်နိုင်မှု) တစ်စိတ်တစ်ဒေသဖြစ်သွားပါမူ ၎င်းတို့သည် (ယင်းသူတို့ထံသွားရောက်ပြီးလျှင်) "ငါတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင်) အသင်တို့ကိုအောင်နိုင်မည့်ဆဲဆဲဖြစ်ခဲ့ကြသည်မဟုတ်လော။ သို့ (အောင်နိုင်ခဲ့)ပါလျှက် ငါတို့သည် အသင်တို့ကို (မုစ်လင်မ်တို့၏ ဘေးရန်မှလွတ်မြောက်ကြရန်) ကာကွယ်ခဲ့ကြသည်မဟုတ်ပါလော" ဟုပြောဆိုကြပြန်သည်။ သို့ဖြစ်ရကား အလ္လာဟ်အရှင်မြတ်သည် "ကိယာမသ်"နေ့တွင် အသင်တို့၏ စပ်ကြားခ္ဒ စီရင်ဆုံးဖြတ်တော်မူအံ့။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့အား မုစ်လင်မ်များအပေါ်၌ (အောင်မြင်လွှမ်းမိုးနိုင်ခြင်းဌာ) မည်သည့်နည်းလမ်းကိုမျှအလျှင်းပေးတော်မူမည်မဟုတ်ချေ။ (၄း၁၄၁)

## အကျယ်ဖွင့်ဆိုခြင်း

ပထမအာယသ် (၁၃၈) ထဲတွင် အရေခြုံများအား ပြင်းပြနာကျင်ဖွယ်ရာဖြစ်သော ပြစ်ဒဏ်တစ်ခုနှင့် ပတ်သက်သော သတင်းစကားကို ပေးထားပါသည်။ စိတ်သောကဖြစ်စေသော သတင်းစကားကို "ဗရှာရားဟ်" (ကောင်းသတင်း)နှင့်အတူ ရှင်းလင်းစွာ ပြောထားခြင်းအားဖြင့် အညွှန်းတစ်ခုပေးထားပါသည်။ ယင်းအညွှန်းမှာ လူတိုင်းလူတိုင်းသည် သူ/သူမ၏ အနာဂတ်ကောင်းစားရေးအတွက် ကောင်းသတင်းကိုသာ စောင့်မျှော်နေကြသော်လည်း၊ အရေခြုံများအတွက်မှာမူ ဤသတင်းစကားမှလွဲ၍ အခြားမည်သည်မျှမရှိဟူ၍ ဖြစ်သည်။

## ဂုဏ်ဒြပ်ကို အလ္လာဟ်အရှင်မြတ်ထံတော်မှသာ ရယူပါ

ဒုတိယအာယသ် (၁၃၉)ထဲတွင် ဘုရားအများကိုးကွယ်သူများ၊ မယုံကြည်သွေဖည်ငြင်းသူများတို့နှင့် ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံခြင်းကို တားမြစ်ထားသည်။ ထိုကဲ့သို့ ပြုမူသူများအတွက် သတိပေးထားချက် ပါဝင်ပါသည်။ လူအများ ထိုရောဂါဆိုးနှင့် အဘယ်ကြောင့် ပတ်သက်သည့်အကြောင်းများကိုဖော်ပြပြီးသည့် နောက်တစ်လျှောက်လုံးတွင် ၎င်းလုပ်ရပ်ကို အကျိုးမရှိ၊ အဓိပ္ပာယ်လည်းမရှိဟု ကြေညာထားသည်။ စာသား၏ စကားလုံးများမှာ- **اَيَبْتَغُوْنَ عِنْدَهُمُ الْعِزَّةَ فَاِنَّ الْعِزَّةَ لِلّٰهِ جَمِيْعًا** "၎င်းတို့သည် ထို(ကာဖိရ်)တို့ထံတွင် ဂုဏ်အင်ဒြပ်ကိုရှာဖွေကြလေသလော။ သို့ဖြစ်လျှင် ဂုဏ်အင်ဒြပ်ဟူသမျှတို့သည် မုချဧကန် အလ္လာဟ်အရှင်မြတ်အဖို့ချည်းသာတည်း။(ပိုင်ဆိုင်သည်သာတည်း)" ဟူ၍ဖြစ်ပါသည်။ ဘုရားအများ ကိုးကွယ်သူများ၊ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့်အဆွေခင်ပွန်းဖွဲ့ပေါင်းသင်းရန်ဆိုသည့်ဆန္ဒသည် သူတို့၏ အပြင်ပန်းမြင်သာသောလွှမ်းမိုးမှု၊ အာဏာနှင့် စုပေါင်းအားတို့ကြောင့် ၎င်းတို့နှင့်ပတ်သက်သောသူများသည်လည်း ဂုဏ်ဒြပ်နှင့်အာဏာရှိစေနိုင်သည်ဟူသော ယူဆချက်ကြောင့် ဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့အဓိပ္ပာယ်မရှိသော ယူဆချက်၏နောက် ကွယ်၌ရှိသည့် စစ်မှန်ခြင်းကိုဖော်ထုတ်ကာ မိန့်ထားသည်မှာ ဂုဏ်ဒြပ်မရှိသောသူများထံမှ အသင်ဂုဏ်ဒြပ်ရယူလိုပါသလော။ }z#−I_"အိဇ်ဇတ်" ဆိုလိုသည်မှာ တန်ခိုးအာဏာနှင့် စိုးပိုင်တော်မူခြင်းတို့သည် အလ္လာဟ်အရှင်မြတ် မှလွဲ၍ မည်မျှမပိုင်ဆိုင်ပါ။ ၎င်းပြင် မည်သည့်အချိန်ခါတွင်မဆို တစ်စုံတစ်ဦး၌ တန်ခိုးအာဏာနှင့် စိုးပိုင်ခြင်းရှိ နေပါလျှင် ယင်းသည် အရှင်မြတ်ကပေးသနားတော်မူခြင်းကြောင့်ဖြစ်သည်။ ဖြစ်ရပ်များ၏ စီမံကိန်းမှာ စစ်မှန်သော ဂုဏ်ဒြပ်ကိုပိုင်ဆိုင်ပြီး ပေးသနားနိုင်သောသူအား မနှစ်မြို့စေဘဲနှင့် ဂုဏ်ဒြပ်ရရန်လုပ်ဆောင်မှု၊ လောကီဂုဏ်ဒြပ်အတွက် အလ္လာဟ်အရှင်မြတ်၏ ရန်သူများထံ ညာစားတတ်သူများ အဆင့်ထိရောက်အောင် ဒူးထောက်ခြင်းတို့သည် ဆင်ခြင်တုံတရားလုံးဝကင်းမဲ့ခြင်းပင်ဖြစ်ပါသည်။

ဤအကြောင်းအရာကိုပင် ကုရ်အာန်ကျမ်းတော်မြတ်၏ စူရဟ်အလ်မုနာဖိကီန်တွင် အပိုထပ်ဆောင်းမှု တစ်ခုဖြင့် အောက်ပါအတိုင်းဖော်ပြထားသည်-

وَلِلّٰهِ الْعِزَّةُ وَلِرَسُوْلِهٖ وَلِلْمُؤْمِنِيْنَ وَلٰكِنَّ الْمُنٰفِقِيْنَ لَا يَعْلَمُوْنَ

**"ဂုဏ်အသရေအင်အားဟူသည် အလ္လာဟ်အရှင်မြတ်၌သာလည်းကောင်း၊ ထိုအရှင်မြတ်၏ ရဏူလ်တမန်တော်မြတ်၌သာလည်းကောင်း "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့၌သာလည်းကောင်း ရှိပေသည်။ သို့တစေလည်း"မုအ်မင်န်"အယောင်ဆောင်တို့မှာမူကားသိရှိကြသည် မဟုတ်ပေ" (၆၃း၈)**

ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်နှင့်အတူ တမန်တော်မြတ် ﷺ နှင့် သက်ဝင်ယုံကြည်သူများဖြည့်စွက်ထားခြင်းသည် အလ္လာဟ်အရှင်မြတ်သည်သာလျှင် ထိုစစ်မှန်သော ဂုဏ်ဒြပ်ကိုပိုင်စိုးတော်မူသော အရှင်ဖြစ်ကြောင်းနှင့် ထိုအရှင်ဆန္ဒရှိတော်မူသောသူ အပေါ်၌ ထိုဂုဏ်ဒြပ်အချို့ကို ပေးသနားတော်မူသော အရှင်ဖြစ်တော်မူကြောင်းကို အလေးအနက်ပြုထားသည်။ အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်နှင့် အလ္လာအရှင်မြတ်နှင့် ထိုတမန်တော်အားယုံကြည်သောသူများတို့ကိုလည်း အလ္လာဟ်အရှင်မြတ်သည် နှစ်သက်တော်မူသောကြောင့် ဂုဏ်ဒြပ်နှင့် စိုးပိုင်ခြင်းတို့ကို ထိုသူတို့အားပေးသနားတော်မူပါသည်။ မယုံကြည်သွေဖည်သော

သူများနှင့် ဘုရားအများကိုးကွယ်သောသူများတို့သည် ဤကဲ့သို့သော ဂုဏ်ဒြပ်များမရှိကြပါ။ သို့ဆိုလျှင် ထိုသူများထံမှမည်ကဲ့သို့သော ဂုဏ်ဒြပ်နှင့် စိုးပိုင်ခြင်းတို့ရနိုင်ပါအံ့နည်း။ ထို့ကြောင့် စိုက်ယိဒိနာအုမရ် ﴿ﷺ﴾ သခင်က **مَنِ اعْتَزَّ بِالْعَبِيْدِ اَذَ لَّهُ اللّٰهُ** လူသားများ (အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များ)ထံမှ ဂုဏ်ဒြပ်ကိုရှာဖွေရယူသောမည်သူကိုမဆို အလ္လာဟ်အရှင်မြတ်က ဂုဏ်သရေမဲ့စေပါသည်။ **(ဂျဆ်ဆွားဆ်)**

ဆီးရီးယားပြည်၏ ဘုရင်ခံအဗူအုဗေဒါဟ်အား စိုက်ယိဒိနာအုမရ် ﴿ﷺ﴾ ကပြောကြားသည်ကို မုစ်တာဒတ် အလ်ဟာကင်မ်ကျမ်းတွင် လာရှိသည်မှာ-

كُنْتُمْ اَقَلَّ النَّاسِ وَاَذَلَّ النَّاسِ فَكَثَّرَكُمُ بِالْاِسْلَامِ وَكُنْتُمْ اَذَلَّ النَّاسِ فَاَعَزَّكُمُ اللّٰهُ بِالْاِسْلَامِ مَهْمَا تَطْلُبُوا الْعِزَّةَ بِغَيْرِ اللّٰهِ يُذَلُّكُمُ اللّٰهُ.

"ကမ္ဘာပေါ်တွင်ရှိသောလူများအနက် အသင်တို့သည် (အရေအတွက်) အနည်းဆုံးနှင့် အင်အားမှာလည်း အချည့်နဲ့ ဆုံးသောသူများဖြစ်ကြပါသည်။ ထို့နောက် အစွမ်လာမ့်သာသနာကြောင့် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏အရေအတွက်ကို တိုးပွားစေခဲ့ပြီး အင်အားကိုတောင့်တင်းခိုင်မာစေခဲ့ပါသည်။ ၎င်းပြင် ကမ္ဘာပေါ်ရှိလူများတို့အနက် အသင်တို့သည် အဆင့်အတန်း အနိမ့်အကျဆုံးနှင့် အနုံချာဆုံးဖြစ်ပါသည်။ ထို့နောက် အစွမ်လာမ်သာသနာကြောင့် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ဂုဏ်ဒြပ်ကိုမြှင့်တင်ပေးခဲ့ပါသည်။ ထို့ကြောင့် အသင်ရှင်းလင်းပြတ်သားစွာနားလည်ထားရမည်မှာ အကယ်၍အသင်သည် အလ္လာဟ်အရှင်မြတ်မှအပ တစ်ဦးဦးထံမှ ဂုဏ်ဒြပ်ရယူပါက အလ္လာဟ်အရှင်မြတ်သည် အသင့်အားဂုဏ်အသရေမဲ့စေပါလိမ့်မည်။"

ဤအာယသ်၏ အဓိပ္ပာယ်ကိုရှင်းလင်းရာ၌ ကျော်ကြားသော ဋီကာပညာရှင် အဗူဗကရ်အလ်ဂျဆ်ဆွားဆ်က၊ အဟ်ကာမ်မုလ်ကုရ်အာန်ကျမ်းထဲတွင် ပြောကြားထားသည်မှာ မယုံကြည်သွေဖည်သူများ၊ ပြစ်မှုဒုစရိုက်မှုကျူးလွန်သူများတို့နှင့် အဆွေခင်ပွန်းဖွဲ့ခြင်းတို့မှတစ်ဆင့် ဂုဏ်အင်ဒြပ်ရှာဖွေရှာယူခြင်းကို ဤအာယသ်တော်ကတားမြစ်ထားသည်ဟူ၍ဖြစ်သည်။ သို့သော်လည်း မုစ်လင်မ်များမှတစ်ဆင့် ဂုဏ်အင်ဒြပ်နှင့် အာဏာကိုရှာဖွေရယူခြင်းအား မတားမြစ်ပါ။ အဘယ့်ကြောင့်ဆိုသော် စူရဟ်အလ်မုနာဖိကူန်ပါ ဤအာယသ်ထဲတွင် အလ္လာဟ်အရှင်မြတ်သည်သူ၏ တမန်တော်မြတ်နှင့်ယုံကြည်သူများအား ဂုဏ်အင်ဒြပ်ချီးမြှင့်ထားသည်ဟု ဆိုခြင်းကရှင်းလင်းစေပါသည်။ **(ဂျဆ်ဆွားဆ် စာ-၃၅၂၊ အတွဲ-၂)**

အကယ်၍သာ ဤနေရာ၌ ဖော်ပြထားသော } z#−I_"အိဇ်ဇသ်" (သို့) ဂုဏ်ဒြပ်သည် နောင်လာမည့် ဘဝအာခိရသ်၏အမြဲတည်ရှိသော ဂုဏ်ဒြပ်ဟုအဓိပ္ပာယ်သက်ရောက်ခဲ့ပါလျှင် ဤကမ္ဘာတွင်လည်း အလ္လာဟ်အရှင်မြတ်၏ တမန်တော်နှင့် ၎င်း၏ ယုံကြည်သူများအတွက် "အိဇ်ဇသ်"ဟုခေါ်ဝေါ်သုံးနှုန်းနိုင်ကြောင်းရှင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် အာခိရသ်၏ဂုဏ်ဒြပ်တို့သည် မည်သည့်မယုံကြည်သူအတွက်သော်လည်းကောင်း၊ မည်သည့်ဘုရားအများကိုးကွယ်သူအတွက်လည်းကောင်း၊ ဘယ်သောအခါမျှ မဖြစ်နိုင်ပါ။ ဤသည်နှင့်ဆန့်ကျင်စွာပြောရလျှင် အကယ်၍သာ ဤဂုဏ်ဒြပ်ကို ဤကမ္ဘာလောက၏ လက်ရှိဘဝအတွက်ဟု မှတ်ယူခဲ့ပါလျှင် ယထာဘူတမကျသောအချိန်ကာလများနှင့် မတော်တဆဖြစ်ပျက်ခြင်းတို့မှတစ်ပါး ဤဂုဏ်ဒြပ်နှင့်

ပိုင်စိုးခြင်းတို့သည် မုစ်လင်မ်များနှင့် အစ္စလာမ်တို့၏ရပိုင်ခွင့်သာဖြစ်ပါသည်။ မုစ်လင်မ်များသည် စစ်မှန်သော မုစ်လင်မ်ပီသစွာနေခဲ့ပါလျှင် မွတ်စလမ်များ ဂုဏ်အင်ဒြပ်ပြည့်စုံစွာဖြင့်နေထိုင်နိုင်သည့်မြင်ကွင်းကို ကမ္ဘာကြီးမြင်တွေ့ရပါလိမ့်မည်။ ထို့နောက်ပိုင်းကာလတွင် မုစ်လင်မ်များတို့သည် စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ ၏ခေါင်းဆောင်မှုဖြင့် စစ်မှန်သော အစ္စလာမ်ဘာသာအောက်တွင် ပြန်လည်စုရုံးနိုင်ကြပါလိမ့်မည်။ တိုးတက်အောင်မြင်ခြင်းသည်လည်း တစ်ဖန်သူတို့အတွက် ဖြစ်ပါလိမ့်မည်။ ကြားကာလတွင် ၎င်းတို့၏ယုံကြည်ချက်အားနည်းမှုဖြင့် ဂုနာဟ်အပြစ်များကျူးလွန်မှုကြောင့် မုစ်လင်မ်တို့ အားနည်းနေဟန်ရှိခြင်းသည် ဤအာယသ်တော်နှင့်မဆန့်ကျင်ပါ။

တတိယအာယသ် (၁၄၀) وَقَدْ نَزَّلَ عَلَيْكُمْ فِي الْكِتٰبِ (ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ (ကုရ်အာန်) ကျမ်းတော်မြတ်တွင် ဤသို့ (အမိန့်တော်)ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်)ထဲတွင် မက္ကဟ်အလ်မုကတ်ရာမဟ်မှ ဟိဂျရသ်မလုပ်မီအလျင်ကျရောက်ခဲ့သော စူရဟ်အလ်အန်အမ်ပါ အာယသ်တစ်ခုကို ရည်ညွှန်းခြင်းသည် အလ္လာဟ်အရှင်မြတ်ကအစောပိုင်းကချမှတ်ထားခဲ့ပြီးဖြစ်သော မယုံကြည်သူ၊ အပြစ်ဂုနာဟ်ကျူးလွန်သူများနှင့် အတူပိုင်းဖွဲ့ ထိုင်ခြင်းကို တားမြစ်သည့်အမိန့်အားပြန်လည်အလေးအနက်ပြုခြင်းဖြစ်သည်။ အံ့သြဖွယ်ကောင်းသည်မှာ ဤဂရုမမူသောသူတို့သည် ထိုထက်ပင်ကျော်လွန်ကာ မယုံကြည်သွေဖည်သူများတို့ကို အာဏာရှိသည်၊ ဂုဏ်အင် ဒြပ်ရှိသည်ဟု မှတ်ယူကာ ၎င်းတို့နှင့် အဆွေခင်ပွန်းဖွဲ့ခြင်းကိုပင်ပြုလုပ်ကြသည်။

ယခုဆွေးနွေးနေသော စူရဟ်အလ်နိစာအ်ပါအာယသ် (၁၄၀)နှင့် စူရဟ်အလ်နိစာအ်တွင် ရည်ညွှန်းထားသော စူရဟ်အလ်အန်အမ်ပါအာယသ် (၆၈)တို့တွင်ပါဝင်သော ဆိုလိုရင်းအဓိပ္ပာယ်သည် အတူတူပင်ဖြစ်ကြပါသည်။ ထိုသည်မှာ အချို့သောသူတို့သည် ဝိုင်းဖွဲ့ထိုင်ဝိုင်းတစ်ခုတွင် အလ္လာဟ်အရှင်မြတ်ချမှတ်ပေးတော်မူသော အာယသ်တော်ကို ငြင်းပယ်ခြင်း၊ ပြက်ရယ်ပြုပြောင်လှောင်ကာပြောဆိုနေကြသည်။ ၎င်းတို့ ထိုကဲ့သို့ အချည်းအနှီးဖြစ်သောလုပ်ရပ်ကို လုပ်နေသမျှကာလပတ်လုံး ယင်းကဲ့သို့သော ထိုင်ဝိုင်းတွင်ပါဝင်ခြင်းကိုလည်းကောင်း၊ နားထောင်ခြင်းကိုလည်းကောင်း၊ "ဟရမ်"တားမြစ်ပိတ်ပင်ထားသည်။ သို့သော်လည်း စူရဟ်အလ်အန်အမ်၏စကားလုံးများတွင် အချို့သောယေဘုယျကျမှုနှင့် ပိုမိုသောအသေးစိတ်အချက်အလက်များပါဝင်ပါသည်-

وَاِذَا رَاَيْتَ الَّذِيْنَ يَخُوْضُوْنَ فِيْٓ اٰيٰتِنَا فَاَعْرِضْ عَنْهُمْ حَتّٰى يَخُوْضُوْا فِيْ
حَدِيْثٍ غَيْرِهٖ وَاِمَّا يُنْسِيَنَّكَ الشَّيْطٰنُ فَلَا تَقْعُدْ بَعْدَ الذِّكْرٰى مَعَ الْقَوْمِ الظّٰلِمِيْنَ

**"၎င်းပြင် (အို-နဗီတမန်တော်)ငါအရှင်မြတ်၏ မုကွပါဠိတော်များကို ကဲ့ရဲ့ပြစ်တင်သောသူတို့ကို အသင်တွေ့မြင်သောအခါ ၎င်းတို့သည် အခြားအကြောင်းအရာများ၌ စိတ်ဝင်စားသွားကြသည်အထိ အသင်သည် ၎င်းတို့၏ထံ(ထိုင်ခြင်း)မှ လွှဲရှောင်နေပါလေ။ ၎င်းပြင်အကယ်၍ ရှိုင်တွာန်သည် အသင့်အားမေ့လျော့စေခဲ့သော် ပြန်လည်သတိရရှိပြီးနောက်တွင်မူ အသင်သည် မတော်မတရားပြုမူသောသူတို့နှင့်အတူ မထိုင်ပါလေနှင့်။"(၆း၆၈)**

အထက် ကိုးကားခဲ့သည့်အာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များအပေါ်

မယုံကြည်ခြင်းနှင့်သရော်လှောင်ပြောင်မှုများပါဝင်သည့် ငြင်းခုံမှုကိုရည်ညွှန်းပါသည်။ ဤတွင် နောက်ထပ် အကျုံးဝင်သည်က အာယသ်တော်တစ်ခု၏အဓိပ္ပာယ်ကို လိုရာဆွဲ၍ မမှန်မကန်ပြောသော လုပ်ရပ်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ တမန်တော်မြတ်ﷺသခင်နှင့် မြင့်မြတ်သောဆွဟာဗဟ် ﷺများတို့၏ "သဖ်စီရ်" ရှင်းလင်းချက်များနှင့် ၎င်းမူစ်လင်မ်အုမ်မသ်ထု တညီတညွတ်တည်းသော သဘောတူညီချက်တို့နှင့်၎င်း ဆန့်ကျင်ဖီလာပြုခြင်းတို့ကိုဆိုလိုသည်။ ထို့ကြောင့် ဒဟ်ဟတ်က်၏ တင်ပြချက်ထဲတွင် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဒားစ်ကပြောသည်မှာ ဤအာယသ် တော်၏ဆိုလိုရင်းတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ "သဖ်စီရ်" အကျယ်ဖွင့်ဆိုချက်ကိုမှားယွင်းစွာ ရှင်းလင်းတင်ပြခြင်းကိုဖြစ်စေ၊ "သအ်ရိဖ်"အဓိပ္ပာယ်ကို လိုရာဆွဲ၍မမှန်မကန်ပြန်ဆိုခြင်းကိုဖြစ်စေ၊ ကျမ်းတော်မြတ် တွင်မပါရှိသည်ကို အသစ်တည်ထွင်ခြင်း"ဗိဒ်အသ်"ကိုဖြစ်စေ အကျုံးဝင်ပါသည်။ ဤတင်ပြချက်၏ စာသားတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

دَخَلَ فِيْ هٰذِهِ الْاٰيَةِ كُلُّ مُحْدِثٍ فِي الدِّيْنِ، وَكُلُّ مُبْتَدِعٍ اِلٰى يَوْمِ الْقِيٰمَةِ

(မဇ်ဟရီ၊ စာ-၂၆၃၊ အတွဲ-၂)

## ကုရ်အာန်ကျမ်းတော်မြတ်အားထင်မြင်ချက်များအပေါ် အခြေခံပြီး ရှင်းလင်းထားသည်များကို နားထောင်ခြင်းခွင့်မပြုပါ

ဤသည်က ကျွန်ုပ်တို့သိရသည်မှာ လူတစ်ဦးသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ပြောကြားခြင်း၊ ရှင်းလင်းတင်ပြခြင်းတွင်ဖြစ်စေ၊ သင်ကြားမှုပြုခြင်းတွင်ဖြစ်စေ ဋီကာဖွင့်ဆိုရာ၌ ကျွမ်းကျင်ခိုင်လုံပြီး အလွန်ဖြောင့်မတ်မှန်ကန်သော ရှေးယခင်ကအကြီးအကဲများ (တမန်တော်မြတ်ﷺ ၏ဆွဟာဗဟ်ကြီးများ(သို့)၎င်းတို့၏တပည့်များ)ကို နာခံရပါမည်။ သို့မဟုတ်ဘဲအထက်ဖော်ပြပါပုဂ္ဂိုလ်ကြီးများနှင့် ဆန့်ကျင်ပြီး အဓိပ္ပာယ်ဖွင့်ဆိုပါက ထိုသူ၏ သင်ကြားပြသမှုကို ခံယူခြင်း၊ ရှင်းလင်းချက်ကို နားထောင်ခြင်းတို့ကို ကုရ်အာန်ကျမ်းတော်မြတ်၏အခွင့်အာဏာအရ ခွင့်မပြုသည့်အပြင် ယင်းသို့လုပ်ဆောင်ခြင်းသည် အပြစ်ဖြစ်သည်။ ကုသိုလ်စဝါးဗ်ရရှိလိမ့်မည်မဟုတ်။သဖ်စီရ်အလ်ဗဟ်ရုလ်မုဟီးတ်ကျမ်းထဲတွင် အဗူဟိုင်ယမ်မိန်ကြားသည်မှာ "ဤအာယသ်တော်များက ကျွန်ုပ်တို့အားပြောကြားသည်မှာ နှုတ်အားဖြင့်ပြောကြား၍ အပြစ်ဂုနာဟ်ထိုက်သင့်သောအရာများသည်နားဖြင့် နားထောင်ခြင်းတွင်လည်း အလားတူအပြစ်ထိုက်ပါသည်" ဟူ၍ဖြစ်သည်။ ဤအကြောင်းကိုသူက ကဗျာပင်ဖွဲ့ဆိုခဲ့သည်မှာ-

وَسَمْعَكَ صُنْ عَنْ سِمَاعِ الْقَبِيْحِ  كَصَوْنِ اللِّسَانِ عَنِ النُّطْقِ بِهٖ

*မကောင်းမှုများကို အသင်၏ နှုတ်လျှာမှပြောကြားခြင်းများကို ထိန်းသိမ်းပါ။*

*အသင်၏ နားများက နားထောင်ခြင်းကိုလည်း ထိန်းသိမ်းပါ။*

စူရတ်အလ်အန်အမ်ပါအာယသ်တော်၏ ယေဘုယျကျသော အချက်အလက်များကိုလေ့လာပြီးသည့် နောက် တစ်စုံတစ်ဦးသည် ယင်းကဲ့သို့သော အသိုင်းအဝိုင်းသို့ မသိနားမလည်ဘဲ ရောက်ရှိသွားစေနိုင်ခြေရှိသည့် ထပ်ဆောင်းမှတ်ချက်များကို လေ့လာကြည့်ကြပါစို့။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် ထိုသူသည် သိလျှင်သိခြင်း ထိုကဲ့သို့သော အသိုင်းအဝိုင်းမှ ချက်ခြင်းထွက်ခွာရပါမည်။ ပြောလိုသည့် အချက်မှာ ထိုကဲ့သို့သော အခြေအနေကို သတိပေးခံရပြီးသည့်နောက်တွင် တစ်ဦးတစ်ယောက်သည် ထိုမတရားသောသူ များ၏ထိုင်ဝိုင်း၌ ထိုင်မနေသင့်ပါ။

ယခု စူရတ်အလ်နိစာအ်နှင့် စူရတ်အလ်အန်အာမ်ပါအာယသ်တော်နှစ်ပုဒ်စလုံးထဲတွင် သူတို့သည် များယွင်း သောမှတ်ချက်များကိုပေးနေသမျှ ၎င်းတို့နှင့်အတူ ထိုင်ဝိုင်း၌ ပါဝင်ထိုင်နေခြင်းကို တားမြစ်သည်ဟု ကြေညာ ခဲ့ပြီးဖြစ်ပါသည်။ ဤတွင် ကျွန်ုပ်တို့အခြားသောပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ရပါသည်။ အကယ်၍ ထိုသူ တို့သည် ထိုသီးသန့်အကြောင်းအရာကို ပြောဆိုခြင်းရပ်တန့်ကာ အခြားသောအကြောင်းအရာတစ်ရပ်ဆီသို့ ပြောင်းလဲ ပြောဆိုပါလျှင် ၎င်းတို့နှင့်အတူ ထိုင်ပြီး အပြန်အလှန်ပြောဆိုပါက ခွင့်ပြုပါ၏လော။ သို့တည်းမဟုတ် ခွင့်မပြု ပါလော။ ကျမ်းတော်မြတ်ကုရ်အာန်သည် ယင်းကဲ့သို့သော အခြေအနေမျိုးနှင့်ပတ်သက်၍ ရှင်းလင်းပြတ်သား မှုမရှိပါ။ ထို့ကြောင့် ဤသည်နှင့် ပတ်သက်၍ ပညာရှင်များအကြားအမြင်များကွဲလွဲသည်။ အချို့ကပြောကြား သည်မှာ ဤတားမြစ်ချက်သည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို လိုရာဆွဲ၍ မမှန်မကန်ပြောဆို ခြင်း၊ မှိုချိုးမှစ်ချိုးပြောဆိုခြင်းတို့ကြောင့်ဖြစ်သည်။ ထိုကဲ့သို့သော ပြောဆိုခြင်းများရပ်ဆိုင်း သွားသည်နှင့်တစ်ပြိုင်နက်တည်း တားမြစ်ချက်လည်းရပ်တန့်သွားသည်။ ထို့ကြောင့် ထိုသူများတို့သည် အခြား အကြောင်းအရာ တစ်ခုသို့ ပြောင်းလဲပြောဆိုသည်နှင့်တစ်ပြိုင်နက်တည်း ၎င်းတို့ထိုင်ဝိုင်းတွင်ထိုင်နေခြင်းသည် အပြစ်မဖြစ်ပါ။ ထိုကဲ့သို့ သောမယုံကြည် သွေဖည်သူများ၊ အပြစ်ကျူးလွန်သူများနှင့် မတရားသောသူများ၏ ထိုင်ဝိုင်းများတွင် ဝင်ရောက် ထိုင်ခြင်းသည် အကြောင်းအရာပြောင်းလဲသွားလျှင်သော်မှ ထိုဝိုင်းတွင် ဝင်ရောက်ထိုင်ခြင်းကို မမှန်ကန်ဟု အချို့သောသူများက ပြောကြသည်။ ဤကဲ့သို့သော အယူအဆမျိုးကို ဟစန်အလ်ဗဆ္ဆရီ ([ylI.A]mHR) ကလည်း လက်ခံပါသည်။ သူလက်ခံရသည့် အကြောင်းရင်းမှာ စူရလ်အလ်အန်အမ်ပါအာယသ်-**فَلَا تَقْعُدْ بَعْدَ الذِّكْرٰى مَعَ الْقَوْمِ الظّٰلِمِيْنَ**(၆း၆၈)အရ ဖြစ်ပါသည်။ ယင်းအာယသ်က ဆိုလိုသည်မှာ အသင်သတိရသည်နှင့် တစ်ပြိုင်နက် တရားမျှတမှုမရှိသောသူများနှင့် အတူမထိုင်ပါလေနှင့်။ တရားမမျှတသော သူများသည် အငြင်းပွားဖွယ်ရာ စကားပြောဆိုမှုကို အဆုံးသတ် သွားသည့်တိုင် ၎င်းတို့သည် ထင်ရှားပါသည်။ ထို့ကြောင့် ယင်းကဲ့သို့သော ထိုင်ဝိုင်းများတွင် ထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် မပြုမနေရတာဝန်ဖြစ်သည်။ **(ဂျဆ်ဆွားဆ်)**

ကာသ်ဗီစနာအုလ္လာဟ်ပန်နီပါသီက သူ၏ သဖ်စီရ်အလ်မဇ်ဟရီကျမ်းထဲတွင် အာယသ်တော်နှစ်ခုစလုံး ပါအယူအဆတို့ ရှေ့နောက်ညီညွတ်မှုရှိသည်ဆိုကြောင်း ပြောကြားထားသည်မှာ အကယ်၍ ကုရ်အာန်ကျမ်း တော်မြတ်ကို မယုံကြည်မှု၊ သရော်ပြောင်လှောင်မှုနှင့် အဓိပ္ပာယ်ကိုလိုရာဆွဲ၍ မမှန်မကန်ပြောဆိုခြင်းများကို ရပ်တန့်ပြီး အခြားသောအကြောင်းအရာတစ်ရပ်ကို ပြောကြားနေသည့်တိုင်အောင် ထိုကဲ့သို့သော ထိုင်ဝိုင်းတွင် မလိုလားအပ်ဘဲ ဝင်ရောက်ထိုင်ခြင်းကို တားမြစ်ပါသည်။ သို့သော် ဘာသာရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်များအရ သော်လည်းကောင်း၊ ယင်းကဲ့သို့သော ထိုင်ဝိုင်းများ၌ ပါဝင်ခြင်းကိုခွင့်ပြုပါသည်။

**မကောင်းသောအသိုင်းအဝိုင်းတွင်ရှိနေခြင်းထက် တစ်ကိုယ်တည်းရှိနေခြင်းက သာ၍ကောင်းသည်။**

အဟ်ကမုလ်ကုရ်အာန်ကျမ်းထဲတွင် အိမာမ်အဗူဗကရ်အလ်ဂျဆ္ဒ်ဆွားဆွဲကပြောသည်မှာ အကယ်၍ မကောင်းမှုကို မြစ်တားရန်တာဝန်အပ်နှင်းခြင်းခံရသော မုစ်လင်မ်တစ်ဦးသည် လူတစ်စုအတွင်း ပြစ်မှု ဂုနာဟ် ကျူးလွန်နေကြကြောင်း မြင်တွေ့ပါက သူ့တွင် ခွန်အားပြည့်စုံပါလျှင် ယင်းကို ခွန်အားသုံးကာ ရပ်တန့်ပစ်ရပါမည်။ ထိုကဲ့သို့သောခွန်အားမရှိပါက သူသည် သူ၏မနှစ်မြို့မှုပြသရာ၌ အနိမ့်ဆုံးအဆင့်ဖြစ်သည့် ထိုအုပ်စုမှ ထွက်ခွာသွားခြင်းကို လုပ်ဆောင်သင့်ပါသည်။ ထို့ကြောင့် အုမရ်အိဗ်နိအဗ်ဒုလ်အဇစ် လူအချို့အား ဝိုင်အရက် သောက်နေသည်ဟု စွဲချက်တင်ကာ ဖမ်းဆီးစေခဲ့ပါသည်။ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် ထိုအထဲမှလူတစ်ဦးသည် ဥပုသ်ဆောက်တည်ထားကြောင်းတွေ့ရှိရပါသည်။ သူသည် ဝိုင်အရက်ကိုမသောက်သုံးပါ။ သို့သော်လည်း သူသည် အရက်သမားများနှင့်အတူထိုင်နေခဲ့ပါသည်။ အဗ်ဒုလ္လာဟ်အိဗ်နိအဇစ်သည် ထိုကဲ့သို့သောသူများနှင့် အကြောင်းမဲ့ရှိနေခြင်းကြောင့် ဥပုသ်သည်ကိုလည်းအပြစ်ဒဏ်ပေးခဲ့ပါသည်။**(အလ်ဗဟ်အလ်မုဟီတ္ဒ် စာ-၃၇၅၊ တွဲ-၃)**

ဤအချက်တွင် တမန်တော်မြတ် ﷺသခင်၏ သိရှိထိုက်သော ဟဒီးဆ်တစ်ပုဒ်ကို အိဗ်နိကဆီးရ်ကသူ၏ သဖ်စိရ်ကျမ်းတွင် တင်ပြထားသည်မှာ-

مَنْ كَانَ يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ فَلاَ يَجْلِسُ عَلٰى مَآئِدَةٍ يُدَارُ عَلَيْهَا الْخَمَرُ

အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သောသူ တစ်ဦးသည် အရက်သေစာရောင်းသောဆိုင်၌ အစားအသောက်ဝင်ရောက်မစားသောက်သင့်ပေ။ **(အိဗ်နိကဆီးရ် စာ-၅၆၇၊ အတွဲ -၁)**

စကားအခြေအတင်ပြောဆိုသော အကြောင်းအရာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် လူစုလူဝေးမှ ထွက်ခွာရခြင်းအကြောင်းကို စည်းကမ်းချက်တစ်ရပ်ဖြင့် ကန့်သတ်ထားသည်။ ယင်းစည်းကမ်းချက်မှာ ထိုကဲ့သို့သော လူစုလူဝေးမှ ထွက်ခွာခြင်းသည် ရှရီအသ်အရ အချို့သောအပြစ်ဂုနာဟ်မဖြစ်စေပါ။ ပမာဆိုသော် ဗလီအတွင်းရှိ ဂျမာအသ်တွင် ပါဝင်ခြင်းသည် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထိုစဉ် ရှရီအသ်နှင့် ဆန့်ကျင်မှု တစ်စုံတစ်ရာ စတင်ဖြစ်ပေါ်လာပါက ယင်းကြောင့် တစ်စုံတစ်ဦးသည် ဂျမာအသ်နှင့် ဆွလာသ်ဝတ်ပြုမှုမှ မစွန့်ခွာသင့်ပါ။ ထိုအစား စိတ်ထဲမှ ယင်းကိုမနှစ်မြို့ဖွယ်ရာတစ်ရပ်ဟု မှတ်ယူလိုက်လျှင် လုံလောက်ပါသည်။ အလားတူ စွာပင်လိုအပ်ချက်အရ ရှရီအသ်ကပြဌာန်းထားသော အချို့အချို့သော စုဝေးခြင်း များလည်းရှိပါသည်။ အကယ်၍ ထိုနေရာမှ လူများသည် ရှရီအသ်ကို ဆန့်ကျင်သောအချို့လုပ်ရပ်တို့ကို စတင် လုပ်ဆောင်လာပါက ထိုသူများအပြစ်ကျူးလွန်မှုကြောင့်ဆိုကာ ထိုအုပ်စုမှထွက်ခွာလာပါလျှင် အသင်ကိုယ်တိုင် အပြစ်ကျူးလွန်ရာရောက်ပါလိမ့်မည်။ ဤသို့သောလုပ်ရပ်သည် ယထာဘုတလည်းမကျ၊ မှန်လည်းမမှန်ပါ။ ထို့ကြောင့် ဟဆန်အလ်ဗဆ္ဒရီက ပြောသည်မှာ အခြားသူများပြစ်မှုဂုနာဟ်ကျူးလွန်ခြင်းကြောင့် ကျွန်ုပ်တို့ လုပ်ရမည့် အလုပ်များကို စတင်စွန့်လွှတ်ကြပါလျှင် အပြစ်ဂုနာဟ် ကျူးလွန်သူများအား ရှရီအသ်နှင့် စွန္ဒသ်တော်ကို ဖျက်ဆီးစေရန် လမ်းခင်းပေးရာ ရောက်သွားပါလိမ့်မည်။

**အချုပ်ဆိုရသော်**

မယုံကြည်သူများနှင့်သော်လည်းကောင်း၊ မှားယွင်းစွာယုံကြည်သူများနှင့်သော်လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေး၏ သဘောသဘာဝသည် အောက်ပါအချို့သောပုံစံအတိုင်းဖြစ်သည်။

၁။ မယုံကြည်သွေဖည်ငြင်းပယ်သူတို့၏ အပြင်းအထန်တိုက်ခိုက်မှုကို ဂုဏ်သိက္ခာနှင့် မထိုက်တန်လောက်အောင် နှိမ့်ချအညံ့ခံခြင်း။ ဤသည်ပင် မယုံကြည်သွေဖည်မှု "ကုဖ်ရ်" ဖြစ်သည်။

၂။ မယုံကြည်သွေဖည်မှုကို ပွင့်လင်းစွာ ပြသခြင်းများနှင့် ထိပ်တိုက်ရင်ဆိုင်ရသောအခါ စက်ဆုပ်ရွံရှာမှုပြသခြင်း။ ရှရီအသ်၏ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲနှင့် ဖြူစင်သည့် ဖြောင့်မတ်မှန်ကန်သောသူတို့အတွက် လိုအပ်သော အပြုအမူနှင့် ဆန့်ကျင်ပါက ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် "ဖိစ်စ်က်" (သို့) အပြစ်ဖြစ်သည်။

၃။ အချို့သော လောကီရေးလိုအပ်ချက်အရဆိုလျှင် ခွင့်ပြုသည်။

၄။ အစွလာမ့်အမိန့်ပညတ်ချက်များ ပျံ့နှံ့စေရန်ပြုလုပ်ခြင်း။ ဤသည်မှာ"အိဗာဒသ်" တစ်ရပ်ဖြစ်သည်။

၅။ အတင်းအကျပ်ပြုလုပ်ခံရခြင်း၊ လောလောဆယ်အရေးယူဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေ (သို့) အရေးပေါ်ကိစ္စဖြစ်ခြင်း (သို့) အကူအညီမဲ့ဖြစ်နေခြင်း တို့ကို (အိဇ်ရာရ်)ဟုခေါ်ဆိုပြီး ယင်းတို့ကို ခွင့်ပြုသည်။

## မယုံကြည်သွေဖည်ငြင်းပယ်မှုကို လိုက်လျောကူညီခြင်းသည် မယုံကြည်သွေဖည်ငြင်းပယ်မှုဖြစ်သည်

အာယသ် (၁၄၀)၏ နောက်ပိုင်းတွင်- اِنَّكُمْ اِذًا مِّثْلُهُمْ "အသင်တို့သည်လည်း ထိုသူတို့ကဲ့သို့ပင် (အပြစ်ရှိသူများ) ဖြစ်သွားကြကုန်အံ့" ဟူ၍ မိန့်ကြားထားသည်။ ဆိုလိုသည်မှာ "အသင်သည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်ကို လုံးဝတည်ငြိမ်ပြီး စိတ်ပါလက်ပါ ငြင်းပယ်သော ပျက်ရယ်ပြုသော ကိုယ်လိုရာဆွဲ၍ မဟုတ်မမှန်ပြောဆိုသော လူစုလူဝေးထဲတွင် ထိုင်နေပါက အသင်သည်လည်း သူတို့၏ ဂုနာဟ်ပြစ်မှုတွင် ပူးပေါင်းကြံစည်သူဖြစ်ကာ ၎င်းတို့နှင့်အတူတူပင် ဖြစ်သွားပါတော့သည်။ ထိုသူတို့ကဲ့သို့ပင် (အပြစ်ရှိသူများ) ဖြစ်သွားကြကုန်အံ့" ဟူသည်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှင်းပြနိုင်ပါသည်။ တစ်နည်းမှာ အသင်၏ကိုယ်ပိုင်အတွေးအခေါ်များနှင့် ခံစားချက်တို့သည် ထိုသူများတို့၏ မယုံကြည်မှုဖော်ပြချက်များကို ကျေနပ်နှစ်သက်ကြောင်း ပြသပါက အသင်သည်လည်း မယုံကြည်သွေဖည် ငြင်းပယ်သူ "ကာဖိရ်" ဖြစ်သွားပါသည်။ အဘယ့်ကြောင့်ဆိုသော် မယုံကြည်သွေဖည်သူ"ကုဖ်ရ်"ကိုကြိုက်နှစ်သက်ခြင်းသည် မယုံကြည်သွေဖည်ခြင်း"ကုဖ်ရ်" မှလွဲ၍ ဘာမျှမဖြစ်ပါ။ အခြားတစ်နည်းမှာ အကယ်၍ အထက်ပါအတိုင်းမဟုတ်ပါမူ "အသင်တို့သည်လည်း ထိုသူတို့ကဲ့သို့ပင်(အပြစ်ရှိသူများ)ဖြစ်သွားကြကုန်အံ့"ဟူသည်ကဆိုလိုသည်မှာ အီမာန်ယုံကြည်ချက်ကို မမှန်ကန် ပြုလုပ်ထားကာ အစွလာမ်ဘာသာနှင့် မုစ်လင်မ်များတို့အား ထိခိုက်နစ်နာစေရန် အမြဲလုပ်ဆောင်နေသော ၎င်းတို့၏ လုပ်ဆောင်ချက်တွင်ပါဝင်မှုကြောင့် အသင်သည်လည်း ၎င်းတို့၏မကောင်းမှုအကြံအစည်တွင် အားပေးကူညီသူဖြစ်သွားပါသည်။ အလ္လာဟ်အရှင် ထိုကဲ့သို့သောအဖြစ်မျိုးမှ ကျွန်ုပ်တို့အား အကာအကွယ်ပေးတော်မူပါ။

အာယသ် (၁၄၂-၁၄၄)

إِنَّ الْمُنٰفِقِيْنَ يُخٰدِعُوْنَ اللّٰهَ وَهُوَ خَادِعُهُمْ ۚ وَإِذَا قَامُوْٓا
إِلَى الصَّلٰوةِ قَامُوْا كُسَالٰى يُرَآءُوْنَ النَّاسَ وَلَا يَذْكُرُوْنَ
اللّٰهَ إِلَّا قَلِيْلًا ﴿١٤٢﴾ مُّذَبْذَبِيْنَ بَيْنَ ذٰلِكَ لَآ إِلٰى هٰٓؤُلَآءِ وَلَآ
إِلٰى هٰٓؤُلَآءِ ۚ وَمَنْ يُّضْلِلِ اللّٰهُ فَلَنْ تَجِدَ لَهٗ سَبِيْلًا ﴿١٤٣﴾ يٰٓأَيُّهَا
الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوا الْكٰفِرِيْنَ أَوْلِيَآءَ مِنْ دُوْنِ
الْمُؤْمِنِيْنَ ۚ أَتُرِيْدُوْنَ أَنْ تَجْعَلُوْا لِلّٰهِ عَلَيْكُمْ سُلْطٰنًا مُّبِيْنًا ﴿١٤٤﴾

ဧကန်မလွဲ "မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ်တို့သည် အလ္လာဟ်အ၌ ဉ်မြတ်ကို လိမ်လည်လှည့်ဖြားကြကုန်၏။ ထို့အ၌ ဉ်မြတ်သည်လည်း ၎င်းတို့အား လှည့်ဖြားတော်မူမည့် အ၌ ဉ်မြတ်ပင်ဖြစ်တော်မူပေသတည်း။ ၎င်းပြင် ထိုသူတို့သည် "ဆွလာသ်" ဝတ်ပြုရန် ရပ်ကြရာ၌လည်း ပျင်းရိစွာနှင့် လူခပင်းတို့အား ပြစားရန်အတွက်သာလျှင် ရပ်ကြကုန်၏။ ထို့ပြင် တစ်ဝ ၎င်းတို့သည် အလ္လာဟ်အ၌ ဉ်မြတ်ကို အနည်းငယ်မျှ (လူကြားကောင်းအောင်)မှ အပ အောက်မေ့တသကြသည်မဟုတ်။ (၄း၁၄၂)

(ယင်း"မုနာဖစ်က်" အယောင်ဆောင် မုစ်လင်မ်တို့သည်) "အီမာန်" ယုံကြည်မှုနှင့် "ကုဖ်ရ်"မယုံကြည်သွေဖည်ငြင်းပယ်မှု၏ စပ်ကြားဝယ် (မည်သည့်ဘက်ကိုမျှ) အတိအကျ စိတ်ဆုံးဖြတ်နိုင်ခြင်းမရှိဘဲ ထိုဘက် မရောက်၊ ဤဘက်မရောက် (သို့လော၊ သို့လော ယုံမှားသံသယတည်းဟူသော စိတ်နှစ်ခွထားရှိသူများ) ဖြစ်နေကြကုန်၏။ အမှန်စင်စစ်သော်ကား အလ္လာဟ်အ၌ ဉ်မြတ်သည် မည်သူကိုမဆို လမ်းမှား၌ ထားရှိတော်မူပါလျှင် အသင်သည် ထိုသူ၏အဖို့ မည်သည့်နည်းလမ်းကိုမျှ အလျင်းတွေ့ရှိမည်မဟုတ်ချေ။ (၄း၁၄၃)

အို "မုအ်မင်န်" ယုံကြည်ခြင်း၊ သဒ္ဓါတရားထားရှိသူအပေါင်းတို့ အသင်တို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့မှတစ်ပါး "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့အား ကလျာဏမိတ်သဟာယ အဆွေခင်ပွန်းမပြုလုပ်ကြကုန်လင့်။ အသင်တို့သည် အလ္လာဟ်အ၌ ဉ်မြတ်အဖို့ မိမိတို့နှင့် ဆန့်ကျင်၍ ထင်ရှားစွာသော သက်သေခံကို ပြုလုပ်လိုကြပါသလော။ (၄း၁၄၄)

အစောပိုင်းက အာယသ်များထဲတွင်ပါဝင်သော အရေခြုံတို့အား ပြစ်တင်ဝေဖန်မှုသည် ယခုအာယသ်များတွင်လည်း ဆက်လက်ပါဝင်လာပါသည်။ အီမာန်ယုံကြည်မှုဆိုင်ရာ ကိစ္စရပ်များတို့တွင် ၎င်းတို့၏ အပြစ်တင်ထိုက်သော ချဉ်းကပ်မှုကို လက်ရှိအာယသ်တော်များတွင် ရှင်းလင်းစွာ ပြသထားပါသည်။ ဖော်ပြပါ အဓိပ္ပာယ်ပြန်ဆိုမှုတို့ကပင် ရှင်းလင်းစေပါသည်။

မောင်လာနာ အရှ်ရဖ်အလီထာနဝီက သူ၏ကျမ်း ဗယာနုလ်ကုရ်အာန်ထဲတွင် **قَامُوْا كُسَالٰى** "ပျင်းရိစွာ နှင့်ရပ်ကြကုန်၏"ဟူသည့် ကိစ္စနှင့်ပတ်သက်၍ တင်ပြထားသည်။ ၎င်းကပြောသည်မှာ ပြစ်တင်မောင်းမဲထားသော "ပျင်းရိခြင်း" ဆိုသည်မှာ ဘာသာအယူဝါဒဆိုင်ရာ ပျင်းရိခြင်းကိုဆိုလိုပါသည်။ (ယင်းမှာ စစ်မှန်သော ခံယူချက်ချို့တဲ့မှုကြောင့် "အီမာန်" ယုံကြည်မှုဆိုင်ရာအချက်များ နှင့်အညီဆောင်ရွက်ရန် ပျင်းရိခြင်းဟုဆိုလိုသည်။) သို့သော်လည်း သူတို့တွင် စစ်မှန်သောယုံကြည်ချက်ရှိခဲ့ပါလျှင် သူတို့၏ ပျင်းရိမှုတို့သည် ဤပြစ်တင်မောင်းမဲမှုမှကင်းလွတ်ပါသည်။ ထို့နောက် သူတို့၏ ပျင်းရိမှုသည် အချို့သော အကြောင်းပြချက်မရှိက အပြစ်တင်ရပါမည်။

V V V V V V V

## အာယသ် (၁၄၅-၁၄၇)

إِنَّ الْمُنَٰفِقِينَ فِي الدَّرْكِ الْأَسْفَلِ مِنَ النَّارِ ۖ وَلَن تَجِدَ
لَهُمْ نَصِيرًا ﴿١٤٥﴾ إِلَّا الَّذِينَ تَابُوا وَأَصْلَحُوا وَاعْتَصَمُوا بِاللَّهِ
وَأَخْلَصُوا دِينَهُمْ لِلَّهِ فَأُولَٰئِكَ مَعَ الْمُؤْمِنِينَ ۖ وَسَوْفَ يُؤْتِ
اللَّهُ الْمُؤْمِنِينَ أَجْرًا عَظِيمًا ﴿١٤٦﴾ مَّا يَفْعَلُ اللَّهُ بِعَذَابِكُمْ
إِن شَكَرْتُمْ وَآمَنتُمْ ۚ وَكَانَ اللَّهُ شَاكِرًا عَلِيمًا ﴿١٤٧﴾

ကောန်အမှန် "မုနာဖစ်က်" အယောင်ဆောင် မုစ်လင်မ်တို့သည် ငရဲဘုံ၏ အောက်ဆုံးအထပ်၌ ရှိကြလတ္တံ့။ ၎င်းပြင် အသင်သည် ထိုသူတို့အဖို့ ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်ကိုမျှ တွေ့ရှိရမည်မဟုတ်ပေ။
(၄း၁၄၅)

သို့ရာတွင် အကြင်သူတို့သည် သတိသံဝေဂ နောင်တတရားရရှိခဲ့ကြသည့်ပြင် ၎င်းတို့သည် မိမိတို့၏ အခြေအနေကိုလည်း ပြုပြင်ခဲ့ကြကုန်အံ့။ ထိုမှတစ်ပါး ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ် (၏အမိန့်တော်များ)ကိုလည်း မြဲမြံစွာဖက်ကိုင်ထားခဲ့ကြကုန်အံ့။ ၎င်းပြင် ထိုသူတို့သည် မိမိတို့၏ "သာသနာ"ကိုလည်း သီးသန့် အလ္လာဟ်အရှင်မြတ်အဖို့ ဖြစ်စေခဲ့ကြကုန်အံ့။ ထိုသူတို့သည် "မုအ်မင်န်" ယုံကြည်ခြင်း၊ သဒ္ဓါတရားထားရှိသောသူတို့နှင့် အတူတကွရှိကြလတ္တံ့။ ၎င်းပြင် မကြာမြင့်မီ အလ္လာဟ်အရှင်မြတ်သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သောသူတို့အား ကြီးကျယ်မြင့်မြတ်လှသော အကျိုးဆုလာဘ်ကို ချီးမြှင့်ပေးသနားတော်မူအံ့။ (၄း၁၄၆)

အို "မုနာဖစ်က်" အယောင်ဆောင် မုစ်လင်မ်အပေါင်းတို့၊ အကယ်၍သာ အသင်တို့သည် (အလ္လာဟ်အရှင်၏ အတိုင်းမသိအဆုံးမရှိ သော) ကျေးဇူးတော်များကို သိကြ၍ "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရားထားရှိ ကြပါမူ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အဘယ်သို့လျှင် အပြစ်ဒဏ်ပေးတော်မူအံ့နည်း။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုပြုသူတို့အား ရက်ရောစွာ ကောင်းကျိုးပေးသနားတော်မူသော အရှင်အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ်ပင်တည်း။
(၄း၁၄၇)

ပြီးခဲ့သောအာယသ်များ၏ ရည်ရွယ်ချက်မှာ အရေခြုံတို့၏ အရုပ်ဆိုးသောအကျင့်စရိုက်များကို ပြသရန်ဖြစ်သည်။ မယုံကြည်သွေဖည်သူများတို့နှင့်အတူ ငရဲ၌ပြစ်ဒဏ်ကျမည်ဆိုသည့်အကြောင်းသည် အခြားသောကိစ္စရပ်၏ ဆင့်ပွားအကြောင်းအရာဖြစ်သည်။

ဤသည်မှ ရှေ့ဆက်ရလျှင် ၎င်းတို့၏ အပြစ်ဒဏ်အကြောင်းကို ရှင်းလင်းစွာ ဖော်ပြရန်ဟူသည့် ရည်ရွယ်ချက်ပင်ဖြစ်သည်။ ကျခံရမည့် ပြစ်ဒဏ်၏အကြောင်းသည် သဘောသဘာဝကောင်းသောသူတို့တွင် မွေးရာပါ အကျိုးသက်ရောက်မှုကြောင့် ကြောက်စိတ်ဖြစ်ပေါ်စေပါသည်။ ယင်းကြောက်စိတ်က စောစီးစွာ ဝန်ချတောင်းပန်ရန် အကြောင်းခံဖြစ်စေပါသည်။ ထို့ကြောင့် ဝန်ချတောင်းပန်သူကို ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ပေးမည်ဆိုသည့်ကတိနှင့် ယှဉ်တွဲ၍ ကောင်းမြတ်သောဆုလာဘ်ပေးမည်ဆိုသည်ကိုလည်း ဖော်ပြထားသည်။

## ဖြူစင်ရိုးသားခြင်း၏အဓိပ္ပာယ်

اَخْلَصُوْا دِيْنَهُمْ"ထိုသူတို့သည် မိမိတို့၏သာသနာကိုလည်း သီးသန့်အလျှာဟ်အရှင်မြတ်အဖို့ဖြစ်စေခဲ့ကြကုန်အံ့"ဟူသောအဆိုအမိန့်ကပြသည်မှာ လုပ်ရပ်တစ်ခုအလျှာဟ်အရှင်မြတ် လက်ခံနိုင်ရန်အတွက် ယင်းလုပ်ရပ်တွင် အရေခြုံမှုကင်းစင်ကာ အလျှာဟ်အရှင်မြတ်ကျေနပ်နှစ်သက်ရန်အတွက် သက်သက်ဖြစ်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက ٥١kM "မုခ်လစ်ဆွ်" မူရင်းစကား၏ ဆိုလိုရင်းကို အားနည်းသော "ဖြူစင်ရိုးသားခြင်း"ဟု ဘာသာပြန်ဆိုထားသည်။ ယင်းအဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှင်းလင်းပြတ်သားစွာဖော်ထုတ်ထားသည်-

اَلَّذِىْ يَعْمَلُ لِلّٰهِ لاَ يُحِبُّ اَنْ يُّحْمَدَهُ النَّاسُ عَلَيْهِ

ဖြူစင်ရိုးသားသူတစ်ဦးဆိုသည်မှာ အလျှာဟ်အရှင်မြတ်အတွက်သာ လုပ်ဆောင်သောသူဖြစ်ပြီး ယင်းလုပ်ရပ်အတွက် လူအများသူ့အား ချီးကျူးခြင်းကို မနှစ်သက်သောသူဖြစ်သည်။" **(မဇ်ဟရီ)**

v v v v v v v

## အာယသ် (၁၄၈–၁၅၂)

لَا يُحِبُّ اللّٰهُ الْجَهْرَ بِالسُّوْٓءِ مِنَ الْقَوْلِ اِلَّا مَنْ ظُلِمَ ؕ
وَكَانَ اللّٰهُ سَمِيْعًا عَلِيْمًا ﴿۱۴۸﴾ اِنْ تُبْدُوْا خَيْرًا اَوْ تُخْفُوْهُ اَوْ تَعْفُوْا
عَنْ سُوْٓءٍ فَاِنَّ اللّٰهَ كَانَ عَفُوًّا قَدِيْرًا ﴿۱۴۹﴾ اِنَّ الَّذِيْنَ يَكْفُرُوْنَ
بِاللّٰهِ وَرُسُلِهٖ وَيُرِيْدُوْنَ اَنْ يُّفَرِّقُوْا بَيْنَ اللّٰهِ وَرُسُلِهٖ
وَيَقُوْلُوْنَ نُؤْمِنُ بِبَعْضٍ وَّنَكْفُرُ بِبَعْضٍ ۙ وَّيُرِيْدُوْنَ اَنْ
يَّتَّخِذُوْا بَيْنَ ذٰلِكَ سَبِيْلًا ﴿۱۵۰﴾ اُولٰٓئِكَ هُمُ الْكٰفِرُوْنَ حَقًّا ۚ وَ
اَعْتَدْنَا لِلْكٰفِرِيْنَ عَذَابًا مُّهِيْنًا ﴿۱۵۱﴾ وَالَّذِيْنَ اٰمَنُوْا بِاللّٰهِ وَ
رُسُلِهٖ وَلَمْ يُفَرِّقُوْا بَيْنَ اَحَدٍ مِّنْهُمْ اُولٰٓئِكَ سَوْفَ يُؤْتِيْهِمْ اُجُوْرَهُمْ ؕ
وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿۱۵۲﴾

အလ္လဟ်အရှင်မြတ်သည် (သူတစ်ပါး၏) မကောင်းကြောင်း ထုတ်ဖော်ပြောဆိုသည်ကို နှစ်မြို့တော်မမူချေ။ သို့ရာတွင် နှိပ်စက်ညှင်းပန်းခြင်းခံသောသူမှာကား (မိမိအားနှိပ်စက်သူ၏ မကောင်းကြောင်းကို ထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိပေသည်။) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ညှင်းပန်းနှိပ်စက်ခြင်းခံရသောသူ၏ ပြောဆိုမှုကို) ကောင်းစွာကြားသိတော်မူသောအရှင်၊ (ညှင်းပန်းနှိပ်စက်သူ၏အကြောင်းကိုလည်း)ကောင်းစွာ သိရှိတော်မူသောအရှင်ဖြစ်တော်မူသည်။ (၄း၁၄၈)

(ညှင်းပန်းနှိပ်စက်ခြင်းခံရသောသူ၌ မိမိမကျေမနပ်ဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆို ညည်းညူနိုင်ခွင့်ရှိငြားလည်း) အကယ်၍ အသင်တို့သည် ကောင်းမှုတစ်စုံတစ်ရာကို ထုတ်ဖော်ကြပါလျှင် သို့မဟုတ် ယင်းကောင်းမှုကို ဖုံးအုပ်ကြပါလျှင် သို့တည်းမဟုတ် အသင်တို့သည် (တစ်စုံတစ်ယောက်သော သူ၏) ပြစ်မှုတစ်စုံတစ်ရာကို ခွင့်လွှတ်ကြပါလျှင် (ဤသည်အကောင်းဆုံးပင်တည်း။ အကြောင်းသော်ကား) ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်လည်း အလွန်တရာခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူ၏။ (၄း၁၄၉)

ဧကန်စင်စစ် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ "ရစူလ်" တမန်တော်တို့ကို ငြင်းပယ်ကြကုန်သည်။ ၎င်းပြင် ထိုသူတို့သည် (အီမာန်ယုံကြည်ခြင်း သဒ္ဓါတရားထားရှိရာ၌လည်း) အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ "ရစူလ်" တမန်တော်တို့၏ စပ်ကြားတွင် ခွဲခြားလိုကြကုန်သည်။ ထိုမျှမကသေးချေ၊ ယင်းသူတို့သည် (မိမိတို့၏နှုတ်ဖြင့်) ငါတို့သည် အချို့ ("ရစူလ်" တမန်တော်များ)ကို ယုံကြည်ကြကုန်၏။ သို့ရာတွင် အချို့ ("ရစူလ်" တမန်တော်များ)ကိုမူ ငြင်းပယ်ကြသည်ဟူ၍လည်း ပြောဆိုကြကုန်သည်။ ထိုမှတစ်ပါးတုံ ၎င်းတို့သည် ယင်း ("ကုဖ်ရ်"သွေဖည်ငြင်းပယ်မှုနှင့် "အီမာန်"ယုံကြည်မှု)၏ အလည်အကြားတွင် နည်းလမ်းတစ်ခုကိုလည်း ပြုလုပ်လိုကြကုန်သတည်း။ (၄း၁၅၀)

(သို့ဖြစ်ပေရာ) ထိုသူတို့သည်သာလျှင် မုချ "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူများဖြစ်ကြကုန်၏။ ငါအရှင်မြတ်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့အဖို့ ဂုဏ်ရည်သေးသိမ်စေသော အပြစ်ဒဏ်ကို အဆင်သင့်ပြင်ဆင်ထားရှိတော်မူပြီးဖြစ်ချေသတည်း။ (၄း၁၅၁)

သို့ရာတွင် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ "ရစူလ်" တမန်တော်တို့ကို ယုံကြည်ခဲ့ကြ၏။ ("အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိရာ၌) ၎င်း ("ရစူလ်" တမန်တော်)တို့အနက်မည်သည့် ("ရစူလ်" တမန်တော်)တစ်ပါးကိုမျှ ခွဲခြားခြင်းကိုလည်း မပြုခဲ့ကြချေ။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ယင်းသူတို့အား ၎င်းတို့၏ ကုသိုလ်အကျိုးများကို မုချချီးမြှင့် ပေးသနားတော်မူအံ့။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာသနားကြင်နာညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄း၁၅၂)

## အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်များအနက် ပထမအာယသ် (၁၄၈)နှင့် ဒုတိယအာယသ် (၁၄၉)တို့သည် ကမ္ဘာလောကကြီးမှ မတရားမှုနှင့် ဖိနှိပ်ညှင်းပန်းမှုများပပျောက်စေရန်အတွက် ဥပဒေတစ်ခုပြုထားပါသည်။ ဤဥပဒေသည် အာဏာဖြင့် ကန့်သတ်ဖန်တီးထားသော သမရိုးကျ ကမ္ဘာ့ဥပဒေအမျိုးအစားမဟုတ်ပါ။ ဤဥပဒေသည် ဆွဲဆောင်ခြင်း၊ ကြောက်ရွံ့ရိုကျိုးခြင်းတို့နှင့် ပေါင်းစည်းထားကာ မတရားပြုခံရသူသည် မတရားပြုသူကို ကန့်ကွက်ရန်နှင့် တရားရုံးတော်သို့ သွားကာအမှုကိုအမှန်ပြင်ဆင်နိုင်ရန် ခွင့်ပြုထားသည်။ ဤသည်မှာ တရားမျှတမှု၏ အခြေခံတောင်းဆိုမှုနှင့် ရာဇဝတ်မှုများ ပပျောက်စေသော အရင်းအမြစ်မှလွဲ၍ ဘာမျှမဖြစ်နိုင်ပါ။ သို့ရာတွင်

ဤရွေးချယ်မှုနှင့်အတူ ယင်းနှင့်ပတ်သက်သော ကန့်သတ်ချက်တစ်ခုကို စူရတ်အလ်နဟ်လ်ထဲတွင်-
**وَاِنْ عَاقَبْتُمْ فَعَا قِبُوْا بِمِثْلِ مَا عُوْ قِبْتُمْ بِهٖ وَلَئِنْ صَبَرْتُمْ لَهُوَ خَيْرٌ لِّلصَّابِرِيْنَ** ဖော်ပြထားသည်။ ဆိုလိုသည်မှာ အကယ်၍ လူတစ်ဦးသည် အသင့်အား မတရားမှုပြုလုပ်ခဲ့ပါက ထိုမတရားမှုအတွက် အသင်ထိုသူ့ကို လက်စားချေနိုင်ပါသည်။ သို့ရာတွင် စည်းကမ်းချက်မှာ အသင်၏လက်စားချေမှုသည် ထိုသူအသင့်အပေါ်၌ မတရားပြုလုပ်ခဲ့သည်ထက် မပိုရပါ။ အကယ်၍သာ ပိုသွားပါက အသင်လည်း မတရားပြုသူ အဖြစ် ပြောင်းလဲသွားပါလိမ့်မည်။ (၁၆း၁၂၆) ရလဒ်မှာ မတရားမှုတစ်ခုကို မတရားမှုတစ်ခုဖြင့် ပြန်လည် တုန့်ပြန်ခြင်းမျိုးကို ခွင့်မပြုပါ။ ထိုကဲ့သို့ မဟုတ်မူဘဲ မည်သည့်မတရားမှုတို့အတွက် လက်စားချေခြင်းကိုမဆို တရားမျှတမှုမှတစ်ဆင့် ပြုလုပ်နိုင်ပါသည်။ တစ်ဖက်တွင်မူ ဤသို့လုပ်ဆောင်နည်းလမ်းနှင့်အတူ လက်စားချေ ခြင်းကို ခွင့်ပြုသော်လည်း "ဆဗရ်" သီးခံခြင်းနှင့် ခွင့်လွှတ်ခြင်းကသာလွန်ကောင်းမွန်သည်ဆိုသော ညွှန်ကြားချက်ပါရှိသည်။

ဤအာယသ်တော်က ကျွန်ုပ်တို့အား ပြောပြသည်မှာ ညှင်းပန်းနှိပ်စက်ခြင်းခံရသူတစ်ဦး၊ သူ/သူမအပေါ် မတရားပြုလုပ်မှုကို လူအများအား လိုက်လံတိုင်ကြားပါက ဤလုပ်ရပ်ကို "ဟရမ်" တားမြစ်ထားသော နောက်ကွယ်အတင်းပြောခြင်း ] bγG"ဂိုင်ဘဟ်"တွင် အကျုံးမဝင်ပါ။ အဘယ့်ကြောင့်ဆိုသော် ညှင်းပန်းနှိပ်စက်သူသည် ညှင်းပန်းနှိပ်စက်ခံရသူအတွက် တိုင်တန်းနိုင်ရန် အခွင့်အရေးရရှိသွားစေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် တစ်ဖက်တွင် ကုရ်အာန်ကျမ်းတော်မြတ်က မတရားပြုသူအား လက်စားချေခြင်း ဟူသည့်ရွေးချယ်မှုကို အညှင်းပန်းခံရသူအား ပေးထားပါသည်။ အခြားတစ်ဖက်တွင် ညှင်းပန်းနှိပ်စက်ခံရသူအားမြင့်မားသော ကိုယ်ကျင့်တရားများနှင့် ခွင့်လွှတ်ခြင်းကို လေ့ကျင့်ရန်နှင့် နောင်တမလွန်ဘဝတွင်ရရှိမည့် အကျိုးစဝါးဗ်များကို အာရုံစူးလိုက်ရန် လေ့ကျင့်သင်ကြားပေးထားပါသည်။ မတရားမှုနှင့် ပတ်သက်၍ သူ၏တရားဝင်အခွင့်အရေးကို အနည်းငယ်စွန့်လွှတ်ရန် ဖျောင်းဖျထားပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသည်မှာ-

اِنْ تُبْدُوْا خَيْرًا اَوْتُخْفُوْهُ اَوْ تَعْفُوْا عَنْ سُوْٓءٍ فَاِنَّ اللّٰهَ كَانَ عَفُوًّا قَدِيْرًا

**"ညှင်းပန်းနှိပ်စက်ခြင်းခံရသောသူ၌ မိမိမကျေမနပ်ဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုညည်းညူနိုင်ခွင့်ရှိငြားလည်း)အကယ်၍ အသင်တို့သည် ကောင်းမှုတစ်စုံတစ်ရာကို ထုတ်ဖော်ပြပါလျှင်၊ သို့မဟုတ် ယင်းကောင်းမှုကို ဖုံးအုပ်ကြပါလျှင် သို့တည်းမဟုတ် အသင်တို့သည် (တစ်စုံတစ်ယောက်သောသူ၏) ပြစ်မှုတစ်စုံတစ်ရာကို ခွင့်လွှတ်ကြပါလျှင်(ဤသည်အကောင်းဆုံးပင်တည်း၊ အကြောင်းသော်ကား) ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်လည်း အလွန်တရာခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာစွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူ၏။" (၄း၁၄၉)**

ဆိုလိုသည်မှာ အကယ်၍ အသင်သည် ကောင်းမှုကုသိုလ်တစ်ခုကို ပေါ်ပေါ်လွင်လွင်ဖြစ်စေ၊ ဖုံးကွယ်၍ဖြစ်စေ၊ ပြုလုပ်ပါက (သို့) တစ်စုံတစ်ဦးက အသင့်အပေါ်၌ မကောင်းမှု၊ မတရားမှုဖြစ်စေ ပြုလုပ်ခြင်းကို ခွင့်လွှတ်ပါက ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ပိုမိုကောင်းမွန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာစွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသောကြောင့်ပင်တည်း။ အရင်းခံအနေဖြင့် ဤအာယသ်သည် မတရားလုပ်ဆောင်မှုကို ခွင့်လွှတ်ခြင်းနှင့်

ပတ်သက်သော်လည်း ကောင်းမှုများကို ပွင့်လင်းစွာဖြစ်စေ၊ ဖုံးကွယ်၍ဖြစ်စေ ပြုလုပ်ခြင်းကိုပါ ဖော်ပြခြင်းက ညွှန်းသည်မှာ ဤကဲ့သို့ ခွင့်လွှတ်ခြင်းနှင့် လျစ်လျူရှုခြင်းသည် ကြီးကျယ်သောလုပ်ရပ်ဖြစ်ပြီး တစ်စုံတစ်ဦးသည် ထိုကဲ့သို့ ပြုလုပ်ရန် ရွေးချယ်ပါက သူသည် အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာခြင်း၊ ခွင့်လွှတ်ခြင်းတို့နှင့် ထိုက်တန် သွားစေပါသည်။

အာယသ်တော် အဆုံးသတ်ခါနီးတွင်-**فَإِنَّ اللَّهَ كَانَ عَفُوًّا قَدِيرًا**-၁ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာစွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူ၏" ဟု မိန့်ကြားထားသည်က အလ္လာဟ်အရှင်၏အလွန်တရာစွမ်းဆောင်နိုင်သည့် ထိုစကားလုံး၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ အကြွင်းမဲ့ဖြစ်ကြောင်း ထင်ရှားစေသည်။ ထိုအရှင်၏ဆန္ဒတော်အတိုင်း မည်သူ့ကိုမဆို ပြစ်ဒဏ်ပေးနိုင်သော်လည်း ထိုအရှင်သည် အလွန်တရာခွင့်လွှတ်တော်မူသောအရှင်ဖြစ်ပါသည်။ လူသားတစ်ဦးသည် တန်ခိုးအာဏာလည်းများစွာမရှိ(သို့)ရွေးစရာလည်းများများမရှိလျှင်လက်စားချေခြင်းကိုစဉ်းစားပါက သူသည်ထိုကဲ့သို့ လုပ်နိုင်စွမ်းမရှိဆိုသည်မှာ အလွန်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ယင်းကဲ့သို့လူတစ်ဦးအတွက် ခွင့်လွှတ်ခြင်းနှင့် လျစ်လျူရှုခြင်းတို့သည်ပို၍ နှစ်လိုဖွယ် ဖြစ်ပါသည်။

ဤသည်ကို လူ့အဖွဲ့အစည်းအားပြုပြင်ရန်နှင့် မတရားမှုပပျောက်စေရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်က ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသောမူပင်ဖြစ်ပါသည်။ အရာရာတိုင်းကို ကျွေးမွေးစောင့်ရှောက်တော်မူသောအရှင်ဟူသော ဂုဏ်တော်နှင့်အညီ ပေးထားသော အကြံဉာဏ်မှာ တစ်ဖက်တွင် တရားမျှတမှုကို ထိန်းသိမ်းရန်အတွက် အတိုင်းအဆတူညီသော လက်စားချေမှုကို ခွင့်ပြုထားပါသည်။ တစ်ဖက်တွင်မူ မတရားပြုခံရသူကို ခွင့်လွှတ်ပြီး စွန့်လွှတ်ရန် သတိပေးတိုက်တွန်းထားပါသည်။ ဤသည်၏ ရလဒ်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌-**فَإِذَا الَّذِي بَيْنَكَ وَبَيْنَهُ عَدَاوَةٌ كَأَنَّهُ وَلِيٌّ حَمِيمٌ** "သို့ဖြစ်လျှင် အကြင်သူနှင့် အသင်၏အကြား၌ ရန်ညိုးရှိ၏။ ထိုသူသည် မိတ်ဆွေရင်းကဲ့သို့ဖြစ်လာ ပေမည်။ (၄၁း၃၄)

မတရားမှုများအတွက် လက်စားချေခြင်းနှင့် တရားရုံးအဆုံးအဖြတ်များတို့သည် မတရားမှုများကို တားဆီးရာ၌ အရေးပါသည်။ သို့သော်လည်း အမှန်တရားမှာမူ အချင်းများသောနှစ်ဦးနှစ်ဖက်တို့သည် အချိန်ကြာမြင့်စွာ နာကျည်းမှုများတို့နှင့် တစ်ဦးကိုတစ်ဦး ရွံရှာမုန်းတီးစိတ်များတို့ဖြင့် ဖိစီးခံရမှုတို့ကြောင့် အနာဂတ်တွင် အငြင်းပွားမှုများ၊ ဆက်လက်ဖြစ်ပေါ်နိုင်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ကပေးသော အပြစ်အနာအဆာကင်းသည့် သင်ခန်းစာသည် အချင်းများသောနှစ်ဦးနှစ်ဖက်တို့အား ရင်ကြားစေ့ကာ ကာလကြာရှည်စွာ ရန်ဘက်ဖြစ်ခဲ့သော ရန်သူများပင်လျှင် နီးကပ်ပြီး ခိုင်မြဲသောမိတ်ဆွေအဖြစ်သို့ ပြောင်းလဲသွားစေပါသည်။

ကျွန်ုပ်တို့ အာယသ် (၁၅၀)၊ (၁၅၁)နှင့် (၁၅၂)တို့ဆီသို့ သွားကြပါစို့။ ယင်းတို့ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်က ရှင်းလင်းပြတ်သားသော ဆုံးဖြတ်ချက်တစ်ခု ပေးထားသည်မှာ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်သော်လည်း ထိုအရှင်၏ တမန်တော်များကို မယုံကြည်လျှင်သော်လည်းကောင်း၊ တမန်တော်အချို့ကို ယုံကြည်၍ အခြားတမန်တော်အချို့ မယုံကြည်လျှင်သော်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် ထိုသူသည် ယုံကြည်သူတစ်ဦးမဟုတ်ပါ။ ထိုသူသည် ပွင့်လင်းပြီး စွဲမြဲသော မယုံကြည်သွေဖည်ငြင်းပယ်သူဖြစ်ပါသည်။ ယင်းသူအတွက် တမလွန်ဘဝတွင် ကယ်တင်ခြင်းခံရရန်အတွက် အခွင့်အလမ်း

မရှိပါ။ ဤသည်ကိစ္စနှင့်ပတ်သက်သည့် အာယသ်တော်များ၏ အသေးစိတ်အချက်အလက်များကို လေ့လော ကြည့်ကြစို့။

**နောင်တမလွန်ဘဝ၌ ကယ်တင်ခံရခြင်းသည် အစွလာမ်အပေါ်၌ မူတည်သည်။**

ကျမ်းတော်မြတ်ကုရ်အာန်၏ ဤထင်ရှားသောဆုံးဖြတ်ချက်သည် မယုံကြည်သူတို့၏ အထိန်းအကွပ် မရှိသော ကောက်ကျစ်သည့်နည်းလမ်းများကို ထင်ရှားစေပါသည်။ ၎င်းတို့သည် အခြားသူများတို့၏ ယုံကြည် မှုများကို သည်းခံသယောင်ပြုခါ သူတို့၏ ဘာသာတရားနှင့် ဘာသာရေးဆိုင်ရာယုံကြည်မှုများကို လက်ဆောင် အဖြစ်ပေးလိုကြပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် ကုရ်အာန်နှင့် စွန့်သတ်တော်များကို ဆန့်ကျင်ပြီး သူတို့သည် အခြားသောဘာသာဝင်များကို ပြောလိုသည်မှာ နောင်တမလွန်ဘဝတွင် ကယ်တင်ခံရခြင်းသည် အစွလာမ် တစ်ခုတည်းအပေါ်၌သာမူတည်သည်ဟု မထင်ကြောင်း၊ တမန်တော်အားလုံးကိုဖြစ်စေ၊ တမန်တော်အချို့ကို ဖြစ်စေ၊ ငြင်းပယ်လင့်ကစား၊ ဂျူးတစ်ယောက်သည် သူ/သူမ၏ ယုံကြည်ချက်စွဲကိုင်ထားလျက်နှင့် သော်လည်း ကောင်း၊ ခရစ်ယာန်တစ်ဦးသည် သူ/သူမ၏ ယုံကြည်ချက်ကို စွဲကိုင်ထားလျက်နှင့်သော်လည်းကောင်း၊ နောင် တမလွန်ဘဝတွင် ကယ်တင်ခံရခြင်းတို့ကို သူတို့နှစ်ဦးစလုံး မျှော်လင့်နိုင်သည်ဟု မုစ်လင်မ်များက ထင်ကြသည်။ ဤသည်ကြောင့် အာယသ်တော်က ထိုသူများတို့သည် ငရဲသို့ကျခံရန် သတ်မှတ်ပြီးဖြစ်သော မယုံကြည် သွေဖည် သူအမျိုးအစားဖြစ်ကြောင်း ကြေညာသည်။

အစွလာမ်ဘာသာသည် တရားမျှတခြင်းနှင့် လျော်ကန်သင့်မြတ်ခြင်း၊ ကြင်နာခြင်း၊ ကောင်းကျိုးလို လားခြင်း၊ အကူအညီပေးခြင်း၊ သီးခံခြင်းတို့နှင့်ပတ်သက်လာလျှင် မုစ်လင်မ်မဟုတ်သူများအပေါ်၌ ထားရှိ သော သဘောထားသည် ပြိုင်ဘက်ကင်းသည်ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ကောင်းသော အကူအညီ ပေးမှုဆိုသည်မှာ တစ်စုံတစ်ဦး၏ ရပိုင်ခွင့်များနှင့် ပိုင်ဆိုင်ခွင့်များဘောင်အတွင်း၌သာ ပြုလုပ်နိုင်ပါသည်။ ဘာသာရေးဆိုင်ရာ အခြေခံမူများနှင့် ယုံကြည်မှုဆိုင်ရာအချက်အလက်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ပစ္စည်း မဟုတ်သောကြောင့် တစ်စုံတစ်ဦးအား လှူဒါန်းခြင်း၊ လက်ဆောင်ပေးခြင်းမျိုး မပြုလုပ်နိုင်ပါ။ အစွလာမ် ဘာသာရပ်သည် မုစ်လင်မ်မဟုတ်သူတို့အား သီးခံခြင်း၊ ကောင်းမွန်စွာ ဆက်ဆံခြင်းတို့ဆိုင်ရာ သင်ကြား ပို့ချချက်များကို ရက်ရောပြီး စေတနာရှိကြသည်။ သို့သော်လည်း အထက်ပါ ဆောင်ရွက်ချက်များနှင့် အလားတူ အစွလာမ့်ရှေ့တန်းနယ်နမိတ်ကာကွယ်စောင့်ရှောက်ရေးတွင်လည်း စွဲစွဲမြဲမြဲရှိပြီး သိရှိပါသည်။ မုစ်လင်မ် မဟုတ် သူများအပေါ် အဆုံးစွန်သော သီးခံမှုထားရှိခြင်း၏ အဖြစ်နိုင်ဆုံးသော သနားကြင်နာမှုအတွက် အဓိက ချဉ်းကပ်မှုကို ထိန်းထားကာ အစွလာမ်သည် သူ၏ဝန်းကျင်ရှိ ရှုပ်ထွေးနေသော ဓလေ့ထုံးစံများ၊ အမျိုးမျိုးသော မယုံကြည်သွေဖည်မှုအားလုံးတို့နှင့် ယတိပြတ်ကင်းကင်းရှင်းရှင်းနေထိုင်ပါသည်။ မုစ်လင်မ်များတို့သည် မုစ်လင်မ် မဟုတ်သူများနှင့်မတူ တမူထူးခြားသောသူများဟုကြေညာခါ အမျိုးသားရေးလက္ခဏာကိုအပြည့်အဝ ကာကွယ်မှု ပေးပါသည်။ အတိုချုပ်အားဖြင့် အစွလာမ်ဘာသာသည် အခြားသူများနှင့်မတူတစ်မူထူးခြားသည့် မုစ်လင်မ်ဓဝတ် ကိုးကွယ်မှုလုပ်ရပ်ကို ထိန်းသိမ်းထားရုံသာမက လူ့အဖွဲ့အစည်း၏ ဘဝနေနည်းကိုပါ ထိန်းသိမ်း ထားရန်နှစ်ချိုက် ပါသည်။ ယင်းတို့နှင့်ပတ်သက်သောဥပမာများတို့သည် ကုရ်အာန်နှင့်စွန့်သတ်တော်များတွင် မြောက်မြားစွာ ပါရှိပါသည်။

အကယ်၍ အစ္စလာမ်သည် နောင်တမလွန်ဘဝတွင် ကယ်တင်ခံရခြင်းကို ဘာသာတိုင်း (သို့) လူ့အဖွဲ့အစည်းတိုင်းအတွက် ဖြစ်နိုင်ချေရှိသည်ဟု ယုံကြည်ခဲ့ပါလျှင် အစ္စလာမ့်သတင်းစကားပြန့်ပွားရေး "သဇ်လစ်ဂ်" ကို အသက်အိုးအိမ် စွန့်လွှတ်ရန်နီးနီး လုပ်ဆောင်ရန် အလေးအနက်ပြုစရာ အကြောင်းမရှိပေ။ ထိုကဲ့သို့ဖြစ်လျှင် အခြေခံမူနှင့်မကိုက်ညီဘဲ ဆင်ခြင်တုံတရားနှင့်လည်း ဆန့်ကျင်ဖီလာဖြစ်လိမ့်မည်။ အမှန်တကယ် ယင်းကဲ့သို့သော အဆိုကိုလက်ခံခြင်းသည် တမန်တော်မြတ်﴿ﷺ﴾ပွင့်တော်မူခြင်းနှင့် ကျက်သရေမဂ်လာအတိ ပြီးသော ကုရ်အာန်ကျမ်းတော်မြတ်ကျရောက်ခြင်းတို့သည် မလိုအပ်သကဲ့သို့ဖြစ်သွားပါလိမ့်မည်။ ထိုကဲ့သို့ ပြောဆိုမိခြင်းမျိုးမှ အလွှာဟ်အရှင် ကျွန်တော်မျိုးတို့အား အကာအကွယ်ပေးတော်မူပါ။ ကျွန်ုပ်တို့ လွဲချော်မသွားစေရန်အတွက် တမန်တော်မြတ်﴿ﷺ﴾နှင့် မှန်ကန်စွာလမ်းညွှန်ခြင်းခံခဲ့ကြရသော ခလီဖတ်ကြီးများ (úýimJA ùenIÕAýVR) ဆင်နွှဲခဲ့သော "ဂျိဟားဒ်" စစ်ပွဲတို့သည် အဓိပ္ပာယ်မရှိ ဖြစ်သွားစေကာ နယ်မြေပိုင်ဆိုင် လိုသည့် ရမက်ဆန္ဒသက်သက်အဖြစ် ရောက်ရှိသွားပါလိမ့်မည်။

သို့ဆိုပါလျှင် အချို့သောသူများတို့သည် စူရတ်အလ်ဘကရတ်အာယသ် (၆၂)ကို မှားယွင်းစွာ ဖတ်ရှုမိခြင်းကြောင့်သံသယဝင်သွားစေပါသည်-

اِنَّ الَّذِيْنَ اٰمَنُوْا وَالَّذِيْنَ هَادُوْا وَالنَّصٰرٰى وَالصّٰبِـِٕيْنَ مَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ
وَعَمِلَ صَالِحًا فَلَهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ

"ယုံကြည်ခြင်း၊ သဒ္ဓါတရားထားရှိသော "မုအ်မင်န်" များသည် ၎င်း၊ ယဟူဒီများသည်၎င်း၊ ခရစ်ယာန်များသည်၎င်း၊ ဆွာဗီအီများသည်၎င်း၊ မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို ၎င်း၊ (သေပြီးနောက်ရှင်ပြန်ထရမည့်) နောက်ဆုံးနေ့ကို၎င်း၊ ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ခဲ့ပါလျှင် ထိုသူတို့အဖို့ရာ မိမိတို့အား မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အထံတော်၌ ကုသိုလ်အကျိုးသည် အသင့်ရှိ၏။ ထို့နောက် ယင်းသူတို့အဖို့ မည်သည့်တစ်စုံတစ်ရာမျှ စိုးရိမ်ကြောင့်ကြခြင်းလည်း မရှိပေ။ ဝမ်းနည်းပူဆွေးကြရမည်လည်း မဟုတ်ချေ။" (၂:၆၂)

ထို့ကြောင့် ဤအာယသ်တော်တွင် "အီမာန်"သည် မည်သည်တို့နှင့်ဖွဲ့စည်းထားသည်ကို မဖော်ပြထားဘဲ အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ခြင်းတို့ကိုသာ လုံလောက်သည်ဟု မှတ်ယူထားသောကြောင့် ကုရ်အာန်ကျမ်းတော်မြတ်အား မပြည့်စုံသောလေ့လာမှုဖြင့် နားလည်သဘောပေါက်ရန် ကြိုးစားသောသူတို့သည် အယူအဆတစ်ခုလုံးကို မှားယွင်းစွာ နားလည်သဘောပေါက်ခြင်းဖြစ်သည်။ ၎င်းသူတို့က အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံး (ကိယာမသ်)နေ့အား ယုံကြည်ရုံသက်သက်ဖြင့် နောင်တမလွန်ဘဝတွင် ကယ်တင်ခြင်းခံရလိမ့်မည်။ ထို့ပြင် (ရစူလ်)တမန်တော်များအား ယုံကြည်ခြင်းသည် ကယ်တင်ခြင်းခံကြရန်အတွက် စည်းကမ်းသတ်မှတ်ချက်မဟုတ်ပါဟု မှတ်ယူကြပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်းကို ထိုအရှင်လက်ခံနိုင်ရန်အတွက်ဆိုလျှင် တမန်တော်မြတ် ﴿ﷺ﴾ကို ယုံကြည်ရမည်ဆိုသည့် ကုရ်အာန်ကျမ်းတော်မြတ်၏ ဘာသာရပ်ဆိုင်ရာ ကိုယ်ပိုင်အသုံးနှုန်းကို၎င်းတို့ သဘောမပေါက်ကြပါ။ ထိုသို့မဟုတ်ပါမူ "ရှိုင်တွာန်"သည်ပင်လျှင် အလ္လာဟ်အရှင်တည်ရှိသည်။ ထိုအရှင်သည် တစ်ပါးတည်းသော အရှင်ဖြစ်သည်ဟုလည်း ဝန်ခံထားသည်။ (သို့ဆိုလျှင်

ရှိုင်တွာန်သည်ပင် ကယ်တင်ခြင်းခံရပါမည်လော။) ကျမ်းတော်မြတ်ကုရ်အာန်ကပင် ယင်းကိစ္စရပ်၏ အစစ်အမှန်ကိုအောက်ပါစကားလုံးများဖြင့် ဖော်ပြထားသည်-

فَإِنْ ءَامَنُوا۟ بِمِثْلِ مَآ ءَامَنتُم بِهِۦ فَقَدِ ٱهْتَدَوا۟ ۖ وَإِن تَوَلَّوْا۟ فَإِنَّمَا هُمْ فِى شِقَاقٍ ۖ
فَسَيَكْفِيكَهُمُ ٱللَّهُ ۚ وَهُوَ ٱلسَّمِيعُ ٱلْعَلِيمُ

"ထို့ကြောင့် အကယ်စင်စစ်(ယဟူဒီနှင့် ခရစ်ယာန်ဘာသာဝင်တို့သည်) အသင်တို့ ယုံကြည်သကဲ့ ယုံကြည်ကြပါမူ ဧကန်အမှန် ယင်းသူတို့သည်လည်း တရားလမ်းမှန်ကိုရရှိကြကုန်အံ့။ သို့ရာတွင် အကယ်၍သာလွဲဖယ်ရှောင်ရှား ကျောခိုင်းသွားကြပါမူ ယင်းသူတို့သည် ငြင်းခုံ ကွဲပြား ဆန့်ကျင်ဘက်ပြုသူများသာဖြစ်ကြလတ္တံ့။ သို့ဖြစ်လေရာ အကယ်၍ ယင်းသူတို့နှင့် ယှဉ်ပြိုင်ဖို့ရာ အကြောင်းကိစ္စပေါ်လာပါက အသင်သည် မစိုးရိမ်လင့်။ အသင်၏အဖို့ရာ အလ္လာဟ်အရှင်မြတ်သည် လုံလောက်တော်မူအံ့။ စင်စစ်သော်ကား ထို (အလ္လာဟ်)အရှင်မြတ်သည် အလုံးစုံတို့ကို အကြွင်းမရှိကြားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမရှိ သိစွမ်းတော်မူသောအရှင်ပေတည်း။" (၂း၁၃၇)

တစ်နည်းအားဖြင့်ဆိုသော် အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်းနှင့် တမန်တော်မြတ် ﷺ အား ယုံကြည်ခြင်းတို့သည် ပြစ်ပယ်၍မရသော မပြုမနေရတာဝန်ဟု သာမာန်မုစ်လင်မ်တစ်ဦး ယုံကြည်သကဲ့သို့ ယုံကြည်မှသာလျှင် သူတို့၏ ယုံကြည်မှုအတည်ဖြစ်ပြီး ယုံကြည်ထိုက်သည်ဟု ကျွန်ုပ်တို့ပြောဆိုနိုင်ပါသည်။ သို့မဟုတ်ပါမူ အကယ်၍ သူတို့သည် ထိုကဲ့သို့မပြုမူပါက သူတို့သာလျှင် စိတ်ဝမ်းကွဲအောင် ပြုလုပ်သူများဖြစ်သည်ဟု နားလည်သဘောပေါက်ရမည်။ ထို့နောက် အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်သည် လုံလောက်တော်မူပါသည်။ ထိုအရှင်သည် အရာရာကို သိတော်မူပြီး အရာရာတိုင်းကို သိမြင်တော်မူသောအရှင်ဖြစ်သည်။

ကျွန်ုပ်တို့ယခုလေ့လာနေသော အာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်၏ တမန်တော်များအနက် တစ်ပါးပါးကိုငြင်းပယ်ပါက ထိုသူ"ကာဖိရ်"ဟု အတိအလင်းဝန်ခံသူဖြစ်ကာ ငရဲခြိုပြစ်ဒဏ်ကျမည်ဟု အလ္လာဟ်အရှင်သတ်မှတ်ထားသူဖြစ်ကြောင်း ရှင်းလင်းစွာ ကြေညာထားပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်အား ယုံကြည် ခြင်း အတည်ဖြစ်ရန်အတွက် တမန်တော်မြတ် ﷺ အပေါ် ယုံကြည်ခြင်းနှင့်အတူဖြစ်ရမည်ဆိုသည်ကို ကျွန်ုပ်တို့သတိပြုရပါမည်။ တမန်တော်မြတ် ﷺ အား ယုံကြည်မှုမရှိခဲ့လျှင် အလ္လာဟ်အရှင်မြတ်အား ယုံကြည်သည်ဟု ရည်ညွှန်းခြင်းသည်ပင်လျှင် မမှန်ကန်ပါ။

အာယသ်(၁၅၂) အဆုံးတွင် နောင်တမလွန်ဘဝတွင် ကယ်တင်ခြင်းခံရမည်ဆိုသည်မှာ အလ္လာဟ်အရှင်နှင့် ထိုအရှင်၏တမန်တော်များကို ယုံကြည်သောသူများ၏ ကုသိုလ်အကျိုးအတွက်ဖြစ်ကြောင်း ထပ်မံအတည်ပြုထားပါသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ က **اِنَّ الْقُرْاٰنَ يُفَسِّرُ بَعْضُهٗ بَعْضًا** "ကုရ်အာန်ကျမ်းတော်မြတ်တစ်စိတ်တစ်ပိုင်းသည် ကျမ်းတော်မြတ်၏ အခြားသော တစ်စိတ်တစ်ပိုင်းအား ရှင်းလင်းပြပါသည်" ဟူ၍ မိန့်ကြားခဲ့သည်။ မည်သူမဆို ကုရ်အာန်ကျမ်းတော်မြတ်၏ အကျယ်ဖွင့်ဆိုချက်နှင့် ဆန့်ကျင်သော ကုရ်အာန်ကျမ်းတော်မြတ်အား မည်သည့်နည်း ဖြင့်မဆို ရှင်းလင်းခြင်းကိုခွင့်မပြုပါ။

## အာယသ် (၁၅၃–၁၅၄)

يَسْـَٔلُكَ أَهْلُ ٱلْكِتَٰبِ أَن تُنَزِّلَ
عَلَيْهِمْ كِتَٰبًا مِّنَ ٱلسَّمَآءِ ۚ فَقَدْ سَأَلُوا۟ مُوسَىٰٓ أَكْبَرَ مِن ذَٰلِكَ
فَقَالُوٓا۟ أَرِنَا ٱللَّهَ جَهْرَةً فَأَخَذَتْهُمُ ٱلصَّٰعِقَةُ بِظُلْمِهِمْ ۚ ثُمَّ
ٱتَّخَذُوا۟ ٱلْعِجْلَ مِنۢ بَعْدِ مَا جَآءَتْهُمُ ٱلْبَيِّنَٰتُ فَعَفَوْنَا عَن
ذَٰلِكَ ۚ وَءَاتَيْنَا مُوسَىٰ سُلْطَٰنًا مُّبِينًا ﴿١٥٣﴾ وَرَفَعْنَا فَوْقَهُمُ
ٱلطُّورَ بِمِيثَٰقِهِمْ وَقُلْنَا لَهُمُ ٱدْخُلُوا۟ ٱلْبَابَ سُجَّدًا وَقُلْنَا
لَهُمْ لَا تَعْدُوا۟ فِى ٱلسَّبْتِ وَأَخَذْنَا مِنْهُم مِّيثَٰقًا غَلِيظًا ﴿١٥٤﴾

(အို-နဗီတမန်တော်) ရှေးအထက်ကျမ်းဂန်ရရှိသူ (ယဟူဒီ)တို့သည် ရေးသားပြီးဖြစ်သော ကျမ်းဂန်တစ်စောင်လုံးကို (လောလောဆယ်ပင်) မိမိတို့ထံ ကောင်းကင်မှချပေးစေရန် အသင့်ထံတောင်းဆိုကြပါလျှင် မလွဲဧကန် ၎င်းတို့သည် (နဗီတမန်တော်) မူစာ၏ထံ ယင်းထက်ကြီးကျယ်သော အချက်ကိုပင် တောင်းဆိုခဲ့ဘူးကြ၏။ ၎င်းတို့သည် (နဗီတမန်တော်မူစာကို) "အသင်သည် ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်ကို အထင်အရှားပြပါလေ"ဟု ပြောဆိုခဲ့ကြကုန်၏။ သို့ဖြစ်၍ ၎င်းတို့၏ ဆိုးသွမ်းမှုကြောင့် မိုးကြိုးလောင်မီးသည် ၎င်းတို့အား ဖမ်းဆီး (ကွပ်မျက်)ခဲ့လေသည်။ တစ်ဖန်ထိုသူများသည် မိမိတို့ထံ ထင်ရှားစွာသော သက်သေလက္ခဏာများရောက်လာပြီးသည့်နောက်၌ပင် နွားငယ်ကလေး (၏ရုပ်ထု)ကို (ကိုးကွယ်ရာဘုရားအဖြစ်) ပြုလုပ် (ကိုးကွယ်)ခဲ့ကြပြန်သည်။ သို့ပါလျှက် ငါအရှင်မြတ်သည် ယင်းပြစ်မှုကို ခွင့်လွှတ်တော်မူခဲ့လေသည်။ ထို့ပြင်တစ်ဝ ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာအား ပေါ်လွင်ထင်ရှားသော ဩဇာတိက္ကမ အခွင့်အာဏာကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ (၁၅၃)

၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့ထံမှ ပဋိညာဉ်ယူခြင်းငှာ ထိုသူထက်ဝယ် "တူရ်" မည်သောတောင်ကို ပင့်မြှောက်တော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ထိုသူတို့ကို "အသင်တို့သည် (မြို့၏) တံခါးပေါက်သို့ ဝပ်တွား၍

**ဝင်ကြလေကုန်" ဟူ၍လည်း မိန့်ကြားတော်မူခဲ့၏။ ၎င်းပြင် ထိုသူတို့အား "အသင်တို့သည် "စဗ်ဟ်" (စနေနေ့) ဥပုသ်နေ့နှင့်စပ်လျဉ်း၍ မကျူးလွန်ကြလေနှင့်"ဟူ၍လည်း မိန့်ကြားတော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုသူတို့ထံ အလွန်ခိုင်မာသော ပဋိညာဉ်ကိုလည်း ယူခဲ့တော်မူ၏။ (၄း၁၅၄)**

အချို့ပြီးခဲ့သော အာယသ်များသည် ဂျူးတို့အား အီမာန်ယုံကြည်မှုဆိုင်ရာကိစ္စရပ်များတွင် ၎င်းတို့၏ မယုံကြည်မှုအတွက် ပြစ်တင်ထားသည်။ လက်ရှိ အာယသ်တော်များထဲတွင်လည်း ၎င်းတို့၏ မကောင်းမှုလုပ်ရပ်၊ တစ်သီတစ်တန်း ကိုဖော်ပြထားသည်။ ဤအကျဉ်းတန်သော ၎င်းတို့၏ ပြဿနာများတို့ကြောင့် ၎င်းတို့အတွက် ပေးမည့်အပြစ်ဒဏ်ကို ဖော်ပြထားသည်။ နောင်လာမည့် အာယသ်တော်များတွင်လည်း ဤနည်းအတိုင်း ဆက်လက်ဖော်ပြထားသည်။

## အကျယ်ဖွင့်ဆိုခြင်း

အချို့သော ဂျူးလူမျိုးအကြီးအကဲတို့သည် တမန်တော်မြတ် ﷺ သခင်ထံလာရောက်ကာ ကောင်းကင်မှ အလုံးစုံရေးသားထားသည့် မူစာနဗီ عليه السلام ထံကျရောက်သော ကျမ်းစာအုပ်နှင့် အလားတူသော ကျမ်းစာတစ်အုပ်ကို မိုးကောင်းကင်မှ ကျစေရန် တောင်းဆိုပါသည်။ အကယ်၍ထိုသို့ ကျရောက်လာပါက ယုံကြည်ပါမည်။ သူတို့ ဤကဲ့သို့တောင်းဆိုခြင်းသည် ထိုကဲ့သို့ပြုလုပ်ပါက သူတို့စိတ်ရောကိုယ်ပါ ယုံကြည်စေရန် ဆန္ဒရှိသောကြောင့် မဟုတ်ပေ။ ယင်းသည်ကား ဝေ့လည်ကြောင်ပတ်လုပ်၍ အချိန်ဆွဲရန်လုပ်နည်းတစ်ရပ်သာဖြစ်သည်။ တစ်ကယ်တန်းဆိုလျှင် ဆန့်ကျင်ဘက်တွင် ရပ်တည်ရန် သူတို့၏ အရိုးစွဲနေသော ပြင်းပြသည့်ဆန္ဒ ကြောင့် အချိန်တိုင်းမှာ ဆင်ခြေတစ်ခုမဟုတ်တစ်ခု ပေးလေ့ရှိပါသည်။ ဤအာယသ်တော်ကို ချပေးခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် ကိစ္စရပ်တိုင်းတို့၏ စစ်မှန်ချက်ကို တမန်တော်မြတ် ﷺ အားသတိချပ်စေပါသည်။ ဤသည်က အလ္လာဟ်အရှင်မြတ်၏ တမန်တော်များအား အမြဲတမ်းဒုက္ခပေးနှောင့်ယှက်လေ့ရှိသောလူမျာ်း၏ ရန်မှကာကွယ်မှုပေးကာ တမန်တော်မြတ် ﷺ ကို နှစ်သိမ့်မှုပေး၍ စိတ်အေးချမ်းစေပါသည်။ သူတို့သည် မည်မျှအထိ မယုံကြည်နိုင်လောက်အောင် မထီလေးစားမှုပြုကြသနည်းဟုမူ အလ္လာဟ်အရှင်မြတ်အား ရက်စက်ရမ်းကားမှုပြုသည်အထိ ကျူးလွန်ကြသည်။ သူတို့၏ ဘိုးဘွားဘီဘင်များက သူတို့အတွက် သာလွန်ကာ "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား ထင်ရှားစွာမြင်တွေ့လိုသည်"ဟု ပိုမိုကြီးလေးသောအမှုကို တောင်းဆိုကြ သည်။ သူတို့၏ ဤရဲတင်းသော တောင်းဆိုမှုကြောင့် ကောင်းကင်မှမိုးကြိုးလောင်မီးကျရောက်ခါ သူတို့ကို ဖျက်ဆီးပြစ်လိုက်ပါသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းရှိကြောင်းနှင့် တုဖက်ယှဉ်တွဲခြင်းမှ ကင်းရှင်းကြောင်း သက်သေပြချက်များနှင့် ထင်ရှားသော လက္ခဏာများကို သိရှိပြီးသော်လည်း မိမိတို့၏ စစ်မှန်သော ဖန်ဆင်းရှင်ကို ရှောင်ကွင်းကာ နွားငယ်တစ်ကောင်ကိုကိုးကွယ်ရာ အရှင်ဟုမှတ်ယူပြီး အနိမ့်တကာ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် သည်းခံတော်မူသော အရှင်ဖြစ်ပါသည်။ သို့မဟုတ်ပါမူ ဤအခြေအနေသည် ၎င်းတို့အားလုံးပျောက်ကွယ်သွားစေနိုင်ပါသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည်

သူ၏တမန်တော်မူစာ ﴿ﷺ﴾အား အုပ်ချုပ်မှု အာဏာကိုအပ်နှင်းခဲ့ပါသည်။ ထို့နောက် ဤသူများသည် "သောင်ရသ်" ကျမ်းစာပါ ဘာသာရေးဆိုင်ရာ ဥပဒေများကို အသိအမှတ်ပြုရန် လုံးလုံးလျားလျား ငြင်းဆိုသည့်အချိန်တစ်ချိန်ရောက်ရှိလာသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် "တွူရ်" တောင်အား ၎င်းတို့အပေါ် ပင့်မြှောက်ထားရှိ အကယ်၍ သူတို့သည် "သောင်ရသ်" ကျမ်းပါဥပဒေများကို အသိအမှတ်မပြုပါက ဤတောင်ကြီး၏ အောက်တွင် အမှုံဖြစ်သွားစေမည်ဟု အတင်းအကြပ် တောင်းဆိုခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ကို အလ္လာဟ်အရှင်မြတ်အား စိတ်အားထက်သန်စွာ နာခံမည် ဆိုသောစိတ်ဖြင့် aylYA "အီလီယာ" မြို့၏ တံခါးအတွင်းသို့ ရိုကျိုးစွာဝင်ရောက်စေခဲ့ပါသည်။ အလ္လာဟ်အရှင် မြတ်သည် သူ၏ထံတော်မှ ချီးဖောက်၍မရသော အမိန့်တော်ဖြစ်သည့် ဥပုသ်နေ့တွင် ငါးမဖမ်းရဟူသောအမိန့်ကို ပေးခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဥပုသ်နေ့တွင် ငါးမဖမ်းရန်မိန့်ကြားခဲ့သည်။ ယင်းအမိန့်သည် အလ္လာဟ်အရှင်မြတ်ထံမှလာသော ချီးဖောက်၍မရသည့် အမိန့်ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့နှင့် လေးနက်သောပဋိညာဏ်တစ်ရပ်ပြုလုပ်ခဲ့သည်။ သို့သော်လည်း ၎င်းတို့သည် အမိန့်တိုင်းကို တစ်ခုပြီး တစ်ခုဆန့်ကျင်ကြကာ ပဋိညာဏ်ချိုးဖောက်ခဲ့ကြသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က ဤကမ္ဘာလောက ၌ ၎င်းတို့အား ဂုဏ်အသရေမဲ့စေ၍ နောင်တမလွန်အာခိရတ်တွင်လည်း အဆိုးဝါးဆုံးသော ပြစ်ဒဏ်ခတ်မှုကို ခံရစေလိမ့်မည်။

v v v v v v v

## အာယသ် (၁၅၅-၁၅၉)

فَبِمَا نَقْضِهِمْ مِّيثَاقَهُمْ وَكُفْرِهِمْ بِاٰيٰتِ اللّٰهِ وَقَتْلِهِمُ الْاَنْۢبِيَآءَ
بِغَيْرِ حَقٍّ وَّقَوْلِهِمْ قُلُوْبُنَا غُلْفٌ ؕ بَلْ طَبَعَ اللّٰهُ عَلَيْهَا بِكُفْرِهِمْ
فَلَا يُؤْمِنُوْنَ اِلَّا قَلِيْلًا ۝ وَّبِكُفْرِهِمْ وَقَوْلِهِمْ عَلٰى مَرْيَمَ بُهْتَانًا
عَظِيْمًا ۝ وَّقَوْلِهِمْ اِنَّا قَتَلْنَا الْمَسِيْحَ عِيْسَى ابْنَ مَرْيَمَ رَسُوْلَ
اللّٰهِ ۚ وَمَا قَتَلُوْهُ وَمَا صَلَبُوْهُ وَلٰكِنْ شُبِّهَ لَهُمْ ؕ وَاِنَّ الَّذِيْنَ
اخْتَلَفُوْا فِيْهِ لَفِيْ شَكٍّ مِّنْهُ ؕ مَا لَهُمْ بِهٖ مِنْ عِلْمٍ اِلَّا اتِّبَاعَ
الظَّنِّ ۚ وَمَا قَتَلُوْهُ يَقِيْنًا ۝ بَلْ رَّفَعَهُ اللّٰهُ اِلَيْهِ ؕ وَكَانَ اللّٰهُ عَزِيْزًا
حَكِيْمًا ۝ وَاِنْ مِّنْ اَهْلِ الْكِتٰبِ اِلَّا لَيُؤْمِنَنَّ بِهٖ قَبْلَ مَوْتِهٖ ۚ
وَيَوْمَ الْقِيٰمَةِ يَكُوْنُ عَلَيْهِمْ شَهِيْدًا ۝

ထို့နောက် ၎င်းတို့သည် မိမိတို့ထားရှိကြကုန်သော ပဋိညာဉ်ခံဝန်ချက်ကို ဖောက်ဖျက်ခြင်းကြောင့်၎င်း၊ အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို သွေဖည်ငြင်းပယ်ခြင်းကြောင့်၎င်း၊ နဗီတမန်တော်များကို မတရားသဖြင့် သတ်ဖြတ်ခြင်းကြောင့်၎င်း၊ ယင်းသူတို့က (နဗီတမန်တော် မုဟမ္မဒ်အား "ကျွန်ုပ်တို့၏ စိတ်နှလုံးများသည် ဖုံးအုပ် (လုံခြုံ)ပြီးဖြစ်လေသည်"ဟု ပြောဆိုခြင်းကြောင့်၎င်း (ပြစ်ဒဏ်အမျိုးမျိုးတို့ကို ခံစားကြရလေသည်)။ စင်စစ်သော်ကား (၎င်းတို့၏ စိတ်နှလုံးသည်)ထိုသို့အလျင်းဖုံးအုပ်နေသည်မဟုတ်ပေ။ အမှန်မှာ ထိုသူတို့၏ ငြင်းပယ်သွေဖည်မှုကြောင့် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများပေါ်ဝယ် တံဆိပ်ခတ်နှိပ်တော်မူခဲ့လေသည်။ သို့အတွက်ကြောင့် ၎င်းတို့သည် အနည်းငယ်မျှသာ ယုံကြည်ကြကုန်သတည်း။ (၄း၁၅၅)

၎င်းပြင် ထိုသူတို့၏ သွေဖည်ငြင်းပယ်မှုကြောင့်၎င်း "မရ်ယမ်"၏ အပေါ်ဝယ်အကြီးအကျယ်ယိုးစွပ်ခြင်းကြောင့်၎င်း။ (၄း၁၅၆)

ထိုမှတစ်ပါးတဲ့ ယင်းသူတို့က"ဧကန်စင်စစ် ကျွန်ုပ်တို့သည် "မရ်ယမ်"၏သား အလ္လာဟ်အရှင်မြတ်၏ "ရစူလ်" တမန်တော် "မစီဟ်" အီစာကို သတ်ဖြတ်

ခဲ့ကြကုန်သည်” ဟု ပြောဆိုခြင်းကြောင့် (ငါအရှင်မြတ်သည် ထိုသူ တို့ကို ပြစ်ဒဏ်အမျိုးမျိုးခတ်တော်မူခဲ့၏) အမှန်စင်စစ်သော်ကား ယင်းသူတို့သည် ထိုနဗီတမန်တော် အဓိစာကို သတ်ဖြတ်နိုင်ခဲ့ကြသည်လည်းမဟုတ်ပေ။ လက်ဝါး ကပ်တိုင်တင်နိုင်ခဲ့ကြသည်လည်း မဟုတ်ချေ။ အမှန်မှာကား ၎င်းတို့အဖို့မှာ လက်ဝါးကပ်တိုင် အတင်ခံရသူ၏ အဆင်းသဏ္ဌာန်သည်) ဆင်တူရိုးမှား ဖြစ်စေခြင်းခံခဲ့ရလေသည်။ ၎င်းပြင် ဧကန်စင်စစ် ထိုနဗီတမန်တော် အဓိစာနှင့် ပတ်သက်၍ ကွဲလွဲငြင်းခုံကြသောသူတို့ကား ယင်းနဗီတမန်တော်အဓိစာနှင့် ပတ်သက်၍ ဒွိဟသံသယ၌သာ (နစ်မွန်းလျက်) ရှိနေကြသည်မှာ မလွဲဧကန်တည်း။ ၎င်းတို့၌ ထိုနဗီတမန်တော်အဓိစာနှင့် ပတ်သက်၍ (မိမိတို့၏ မဟုတ်မမှန်သော) ထင်မြင်ယူဆချက်ကို လိုက်နာခြင်းမှ တစ်ပါး (တိကျမှန်ကန်သော) အသိတရားဟူ၍ အလျဉ်းမရှိချေ။ စင်စစ်သော်ကား ယင်းတို့သည် ထိုနဗီတမန်တော် အဓိစာအား အမှန်စင်စစ် သတ်ဖြတ်နိုင်ခဲ့ကြသည်မဟုတ်ပေ။ (၄း၁၅၇)

ထိုသို့ အလျင်းမဟုတ်ပေ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် ထိုနဗီတမန်တော်အဓိစာအား မိမိအထံတော်သို့ ပင့်ခြီ မယူတော်မူခဲ့လေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်အင်အားကြီးမားတော်မူသောအရှင်၊ ဉာဏ်ပညာနှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ (၄း၁၅၈)

၎င်းပြင် ရှေးအထက်ကျမ်းဂန်ကို ရရှိသူ (ယဟူဒီ)တို့အနက် တစ်ယောက်မကျန် နဗီတမန်တော် “မစီဟ်အီစာ” မကွယ်လွန်မီ ထိုနဗီတမန်တော် “မစီဟ်အီစာ” အားယုံကြည်ကြကုန်အံ့။ ထို့ပြင်တစ်ဝ ယင်းနဗီတမန်တော် အဓိစာသည် “ကိယာမသ်” ခေါ် ရှင်ပြန်ထမည့်နေ့တွင် ယင်း (ယဟူဒီ)တို့နှင့်ပတ်သက်၍ သက်သေခံလိမ့်မည်ဖြစ်ချေသတည်း။ (၄း၁၅၉)

ပြီးခဲ့သော အာယသ်တော်များကဲ့သို့ပင် လက်ရှိအာယသ်များတွင်လည်း ဂျူးများအား ပြစ်တင်ခြင်းကို ဆက်လက်ဖော်ပြထားသည်။ အကြောင်းအရာအလိုက် ရှေ့နောက်ညီညွတ်သော အကြောင်းကိစ္စဖြစ်သည့် အလျောက် ၎င်းတို့၏ မှားယွင်းသော အယူအဆများကို ငြင်းဆိုထားချက်များ အကျယ်ဖွင့်ချက်တွင် အသေးစိတ် ဆွေးနွေးထားသည်။

## အကျယ်ဖွင့်ဆိုခြင်း

စူရဟ်အာလိအင်မ်ရာန်(၃)ပါအာယသ်(၅၅) **يٰعِيْسٰٓى اِنِّيْ مُتَوَفِّيْكَ وَرَافِعُكَ اِلَيَّ** တွင် "အို-အီစာ(အသင်သည် မည်သို့မျှစိုးရိမ်ကြောင့်ကြခြင်းမရှိလေနှင့်) မုချကေန်ငါအရှင်မြတ်သည် အသင့်ကို(သတ်မှတ်ထားသော အချိန်၌)သေစေတော်မူအံ့ ၎င်းပြင် အသင့်အားမိမိအထံတော်(ကောင်းကင်ဘုံ)သို့ ပင်မယူတော်တော်မူအံ့။" (၃း၅၅) အာယသ်ထဲတွင် စိုက်ယိဒိနာ အီစာအတွက် ဂျူးများပြုလုပ်ထားသော အစီအမံများကို ချေဖျက်ခြင်းနှင့် စိုက်ယိဒိနာ အီစာ﴿عليه السلام﴾ အား ဂျူးတို့၏ ရန်ပြုလိုခြင်းမှ ကာကွယ်ရန်နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က ကတိတော်(၅)ရပ်ပြုထားသည်။ ယင်းကတိတော်များနှင့်ပတ်သက်သော အသေးစိတ်ရှင်းလင်းချက်များကို စူရဟ်အာလိအင်မ်ရာန်တွင် အစောပိုင်းကဖော်ပြခဲ့ပြီးဖြစ်သည်။ ပြုလုပ်ထားခဲ့သောကတိတော်များအနက် တစ်ခုမှာ ဂျူးများက စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်အား သတ်မည့်သူတို့၏ ရည်ရွယ်ချက်အကောင်အထည်ဖော်ခွင့် မပေးခြင်းဖြစ်သည်။ ယင်းအစား အလ္လာဟ်အရှင်မြတ်သည် အီစာ﴿عليه السلام﴾ သခင်ကို အရှင်မြတ်ထံ မ ချီခေါ်ဆောင်သွားခဲ့သည်။

စူရဟ်အလ်နိစာအ်၏ လက်ရှိ အာယသ်တော် (၁၅၇၊ ၁၅၈)ထဲတွင် ဂျူးတို့က စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်အား သတ်ဖြတ်ခြင်း (သို့) လက်ဝါးကပ်တိုင်တင်ခြင်းများ မပြုလုပ်နိုင်သည်သာမက အီစာ ﴿عليه السلام﴾ သခင်နှင့် ရုပ်ဆင်းသဏ္ဌာန်တူသောသူနှင့် လှည့်ဖြားခြင်းကိုပင် ခံခဲ့ကြရသည်။

## ဂျူးများသည် ရုပ်ဆင်းသဏ္ဌာန်တူသူနှင့် အဘယ်သို့ လှည့်စားခံကြရသနည်း

ကုရ်အာန်ကျမ်းတော်မြတ်ပါ-**وَلٰكِنْ شُبِّهَ لَهُمْ** (သို့ရာတွင် ၎င်းတို့အဖို့ ဆင်တူရိုးမှားဖြစ်စေခြင်း ခံခဲ့ရလေသည်) ဟူသောစကားလုံးများ ရှင်းလင်းရာတွင် ဋီကာအကျော်အမော်ပညာရှင် ဒဟ်ဟတ်က်ကပြောသည်မှာ စိုက်ယိ ဒိနာအီစာ﴿عليه السلام﴾သခင်အားသတ်ဖြတ်ရန် ဂျူးများကရည်စူးပြီးနောက် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်၏ သာဝကကြီးများသည် သတ်မှတ်ထားသော နေရာတစ်နေရာ၌ စုရုံးခဲ့ကြသည်။ ထိုနေရာ၌ စိုက်ယိဒိနာ အီစာ ﴿عليه السلام﴾ သခင်သည် ထိုသာဝကများနှင့် တွေ့ဆုံမိကြသည်။ အိဗ်လိစ်သည် သတ်ဖြတ်ရန်အဆင်သင့်ဖြစ်နေသည့် အဖွဲ့အား စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်ရှိရာနေရာသို့ ညွှန်ပြခဲ့သည်။ လူလေးထောင်ခန့်သည် စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်ရှိမည်ထင်သည့် အိမ်အားဝန်းရံလိုက်ကြသည်။ ထိုအခါ စိုက်ယိဒိနာ အီစာ﴿عليه السلام﴾က အသင်တို့ထံမှ အပြင်သို့ထွက်ကာ အသတ်ခံ၍ ကျွန်ုပ်နှင့်အတူ ဂျန္နသ်သုခဘုံတွင် ရှိလိုသူတစ်ယောက်ရှိပါသလော"ဟု ပြောကြားခဲ့သည်။ သာဝကကြီးများအနက်မှ တစ်ပါးက ထိုသို့ လုပ်ဆောင်ရန် ကမ်းလှမ်းခဲ့သည်။ စိုက်ယိဒိနာအီစာ ﴿عليه السلام﴾သခင်က ထိုသူ့အား ၎င်း၏အင်္ကျီနှင့် ခေါင်းပေါင်းအား ပေးခဲ့သည်။ ထို့နောက် ထိုသူ့အား စိုက်ယိဒိနာအီစာ ﴿عليه السلام﴾သခင်နှင့်ဆင်တူရိုးမှားဖြစ်စေကာ ၎င်းသူ အပြင်သို့ရောက်လျှင်ရောက်ချင်း ဂျူးများက၎င်းအား စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်ဟုထင်မှတ်ကာဖမ်းဆီး၍ လက်ဝါးကပ်တိုင်တင်လိုက်သည်။ ထို့ပြင် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်မှာ မ ချီခေါ်ဆောင်ခံခဲ့ရသည်။ **(ကုရ်တ္ဗျဳဗီ)**

တင်ပြချက်အချို့အရ အရင်းများက "တီတွလာနူးစ်"ဟု လူသိများသောသူတစ်ဦးအား စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်ကို သတ်ဖြတ်ရန် ဂျူးတို့က စေလွှတ်ခဲ့သည်ဟုဆိုကြသည်။ ၎င်းသည် စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်အား အိမ်ထဲတွင် မတွေ့ခဲ့ရပါ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် မချီခေါ်ဆောင်ခဲ့ပြီး၍ဖြစ်သည်။ ထို့ကြောင့် ထိုသူအိမ်အပြင်သို့ ထွက်လာစဉ်တွင် ထိုသူ့ကို စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်နှင့် ဆင်တူရိုးမှားဖြစ်စေပါသည်။ ဂျူးများက ထိုသူအား စိုက်ယိဒိနာ အီစာ﴿عليه السلام﴾သခင်ဟုထင်မှတ်ခဲ့သည်။ ထို့နောက် ဂျူးတို့သည် ၎င်းလူကို ဖမ်းဆီးခေါ်ဆောင်သွား၍ သတ်ဖြတ်ပြစ်လိုက်သည်။ **(မဇ်ဟရီ)**

ကုရ်အာန်ကျမ်းတော်မြတ်က မည်သို့သော သီးသန့်အခြေအနေဟု သတ်မှတ်ဖော်ပြမထားပါ။ ထို့ကြောင့် မည်သည့်အခြေအနေမျိုးမဆိုဖြစ်နိုင်ပေသည်။ ထို့ကြောင့် အမှန်စင်စစ်မည်သို့ ဖြစ်ပျက်ခဲ့သည်ဟူသည်ကို အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းသာသိရှိတော်မူသည်။ မည်သို့ဆိုစေကာမူ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤဝါကျကို အခြားသော ဋီကာဖွင့်ဆိုချက်များနှင့်ကြည့်လျှင် ဂျူးများနှင့် ခရစ်ယာန်များသည် ဆင်တူရိုးမှား ဖြစ်မှု၏ လှည့်စားခံရသည်ဟူသော အချက်ကတူညီသောအချက်ဖြစ်သည်။ ၎င်းတို့ အချင်းချင်း ကွဲပြားခြားနားစေမည့် မှန်းဆထင်မြင်ချက်အပေါ် အခြေခံ၍ အမျိုးမျိုးသော ပြောဆိုချက်များရှိသော်ငြားလည်း ဖြစ်ပျက်မှုအစစ်အမှန်ကိုကား ၎င်းတို့မသိကြချေ။

ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်က-

وَاِنَّ الَّذِيْنَ اخْتَلَفُوْا فِيْهِ لَفِىْ شَكٍّ مِّنْهُ مَالَهُمْ بِهٖ مِنْ عِلْمٍ اِلَّا اتِّبَاعَ الظَّنِّ
وَمَا قَتَلُوْهُ يَقِيْنًا

"၎င်းပြင် ဧကန်စင်စစ် ထိုနဗီတမန်တော် အီစာနှင့် ပတ်သက်၍ ကွဲလွဲငြင်းခုံကြသောသူတို့ကား ယင်းနဗီတမန်တော်အီစာနှင့်ပတ်သက်၍ ဒွိဟသံသယ၌သာ (နစ်မွန်းလျက်)ရှိနေကြသည်မှာ မလွဲဧကန်တည်း၊ ၎င်းတို့၌ နဗီတမန်တော်အီစာနှင့်ပတ်သက်၍ (မိမိတို့၏ မဟုတ်မမှန်သော) ထင်မြင်ယူဆချက်ကို လိုက်နာခြင်းမှတစ်ပါး (တိကျမှန်ကန်သော) အသိတရားဟူ၍ အလျင်းမရှိချေ။ စင်စစ်သော်ကား ယင်းသူတို့သည် ထိုနဗီတမန်တော် အီစာအား အမှန်စင်စစ် သတ်ဖြတ်နိုင်ခဲ့ကြသည် မဟုတ်ပေ" ဟူ၍ထောက်ပြခဲ့သည်။

ဆိုလိုသည်မှာ ၎င်းသူတို့တွင် မည်သည့်စစ်မှန်သောအသိပညာအပေါ်တွင်မျှ အခြေခံသော သေချာမှုမရှိပါ။ မစီးဟ်﴿عليه السلام﴾၏ ကိစ္စတွင် ကွဲပြားခြားနားသူတို့၏ တင်ပြသော အမျိုးမျိုးသောပြောဆိုမှုများသည် သံသယနှင့် ထင်မြင်မှန်းဆချက်အပေါ် သက်သက်အခြေခံထားခြင်းများဖြစ်ကြသည်။ ကိစ္စရပ်၏ အမှန်တရားကား ၎င်းတို့သည် မစိဟ် (﴿عليه السلام﴾ သခင်အား မုချဧကန် မသတ်ဖြတ်ခဲ့ကြပါ။ သို့သာမက အလ္လာဟ် အရှင်မြတ်သည် အရှင်မြတ်ထံ မချီယူဆောင်တော်မူခဲ့သည်။

အချို့သော တင်ပြချက်များအရဆိုလျှင် ၎င်းတို့ထဲမှ အချို့သည် ဖြစ်ပျက်ခဲ့သည်၏ အကြောင်းမှန်ကို သိရှိရသောအခါ ၊၎င်းတို့က "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထဲမှလူတစ်ဦးကို သတ်မိခဲ့ဟန်တူပေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သတ်ခဲ့သောသူသည် မစိဟ်﴿عليه السلام﴾၏ မျက်နှာပေါက်နှင့်တူသူသာဖြစ်၍ အခြားခန္ဓာကိုယ်အစိတ်အပိုင်းကားမတူချေ။ သို့ဆိုပါလျှင် အကယ်၍ ကျွန်ုပ်တို့ သတ်ဖြတ်ခဲ့သောသူသည် မစိဟ်﴿عليه السلام﴾ဖြစ်ခဲ့လျှင်

ကျွန်ုပ်တို့လူက ဘယ်မှာလဲ။ ထို့ပြင် အကယ်၍ ဤသေဆုံးသူသည် ကျွန်ုပ်တို့လူဖြစ်ခဲ့လျှင် မစိတ် ﴿عليه السلام﴾ သခင် ဘယ်မှာလဲ။

ကျွန်ုပ်တို့တစ်စိတ်တစ်ဒေသညွှန်းခဲ့သော လွန်ခဲ့သောအာယသ်တော် (၁၅၈)**وَكَانَ اللَّهُ عَزِيزًا حَكِيمًا** (စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်အင်အားကြီးတော်မူသောအရှင် ဉာဏ်ပညာနှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏)ဖြင့် အဆုံးသတ်ထားခြင်းကပေါ်လွင်ထင်ရှားသော သတင်းစကားတစ်ခုပါဝင်ပေသည်။ ဆိုလိုသည်မှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်အားသတ်ဖြတ်ရန် ဂျူးတို့၏ ကြံစည်မှုကို အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်အား ကာကွယ်ရန်ဟူသော အလ္လာဟ်အရှင်မြတ် တန်ခိုးတော်နှင့် နှိုင်းယှဉ်ပါမူ အသေးအဖွဲသာ ဖြစ်ပေသည်။ တန်ခိုးစွမ်းပကားနှင့် စိုးပိုင်ခြင်းတို့သည် အရှင်မြတ်လက်ဝယ်တွင် သာရှိပေသည်။ အကယ်၍ တစ်ကြောင်းဆွဲ ရုပ်ဝါဒီသမားများက တမန်တော်အီစာ ﴿عليه السلام﴾သခင်အား မချီယူသွားခြင်းနှင့်ပတ်သက်၍ နားမလည်နိုင်ဖြစ်နေလျှင် ယင်းသည် ၎င်းတို့၏ နားလည်မှုမှာ အကန့်အသတ်နှင့် သာရှိ၍ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်အတွက်မူ ထိုအရှင်မြတ်သည် ဉာဏ်ပညာနှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။ ထိုအရှင်လုပ်ဆောင်သမျှတို့သည် ဟစ်က်မတ်ဉာဏ်တော်ပေါ်တွင် အခြေခံ၍ အရှင်မြတ်ဖြစ်စေလိုသော ဘယ်အရာမဆိုဖြစ်နိုင်ပေသည်။

ထို့နောက် အကြောင်းအရာ၏အဆုံးသတ်ကိုအာယသ်(၁၅၉)ထဲတွင်-**وَاِنْ مِّنْ اَهْلِ الْكِتٰبِ اِلَّا لَيُؤْمِنَنَّ بِهٖ قَبْلَ مَوْتِهٖ** (၎င်းပြင် ရှေးအထက်ကျမ်းဂန်ကိုရရှိသူ (ယဟူဒီ) တို့အနက် တစ်ယောက်မကျန် နဗီတမန်တော် မစီးဟ် (အီစာ) မကွယ်လွန်မီ ထိုနဗီတမန်တော်အီစာအား ယုံကြည်ခဲ့ကုန်အံ့။ ထို့ပြင်တစ်ဝ ယင်းနဗီတမန်တော်အီစာသည် "ကိယာမသ်" ခေါ် ရှင်ပြန်ထမည့်နေ့တွင် ယင်း(ယဟူဒီ)တို့နှင့်ပတ်သက်၍ သက်သေခံလိမ့်မည်ဖြစ်ချေသတည်း)ဟူသည်နှင့် အစပျိုးထားသည်။ ဆိုလိုသည်မှာ ယခုအချိန်တွင် ယဟူဒီတို့သည် မနာလိုဝန်တိုမှုနှင့် အငြိုးအတေးကြောင့် အမှန်တရားကို အရှိအတိုင်းမမြင်နိုင်ဘဲ စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်နှင့်ပတ်သက်သော မမှန်ကန်သည့် အယူအဆစွဲကိုင်ကာ စိုက်ယိဒိနာ မုဟမ္မဒ်အလ်မုစ်သဖာ﴿ﷺ﴾ သခင်၏ တမန်တော်ဖြစ်ခြင်းကို ငြင်းဆိုကြ သော်လည်း စိုက်ယိဒိနာအီစာ ﴿عليه السلام﴾သခင်နှင့် စိုက်ယိဒိနာမုဟမ္မဒ် ﴿ﷺ﴾သခင်နှင့် ပတ်သက်သည့် ၎င်းတို့အယူ အဆများ လုံးဝမှားယွင်းသည်ဟု သိရှိလာသည့်အချိန်တစ်ချိန် ရောက်လာလိမ့်မည်ဖြစ်သည်။

ဤအာယသ်တော် (၁၅၉)နှင့် ပတ်သက်သော ရှင်းလင်းချက်တစ်ခုကို မောင်လာနာ အရှ်ရဖ် အလီထာနဝီ ၏ ဗယာနုလ်ကုရ်အာန်ကျမ်းတွင် ပါရှိသည်မှာ ကုရ်အာန်ကျမ်းမြတ်ပါ ( ["T_ဝ^M-) (မောဝ်သိဟီသူ၏ ကွယ်လွန် ခြင်း)ဟူသော နာမ်စားသည် ရှေးကျမ်းအရ ပုဂ္ဂိုလ်များကိုဆိုလိုသည်။ ထိုဆိုလိုချက်အရဆိုလျှင် ထိုဂျူးများသည် ၎င်းတို့ မသေဆုံးမီ သေဆုံးခြင်းနှင့် ပြန်လည်ရှင်ပြန်ထခြင်းကြား အခြေအနေဖြစ်သော ဗရ်ဇခ်ကို မြင်လိုက်ရ သောအခါတွင် စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်၏ တမန်တော်ဖြစ်ခြင်းကို မဆိုင်းမတွယုံကြည်ကြပါလိမ့် မည်။ ထိုကဲ့သို့ ယုံကြည်ခြင်းသည် ဖိရ်အောင်ရေနစ်မြုပ်နေစဉ် ယုံကြည်ခြင်းမျိုးနှင့်သဏ္ဌာန်တူ၍ ၎င်းတို့ အတွက် ဘာမျှအသုံးဝင်မည်မဟုတ်ချေဟု အာယသ်တော်က ဆိုလိုသည်။

ဆွဟာဗဟ်သာဝကကြီးများနှင့် ယင်းတို့၏ နောက်ဆက်ခံသော သာဗီအိန် အများစုက ခိုင်လုံသော ဟဒီးဆ်တော် အထောက်အကူပြု၍ ရှင်းလင်းပြသော ဒုတိယ သဖိစ်ရ်ရှင်းလင်းချက်မှာ မောဝ်သိဟီ စကားလုံး

ထဲတွင်ပါသော နာမ်စားမှာ စိုက်ယိဒိနာမစိတ်﴿عليه السلام﴾သခင်ကို ပြန်လည်ရည်ညွှန်း၏။ ထိုအမြင်အရဆိုလျှင် အာယသ်တော်သည် ထိုအချိန်က ကျမ်းရပုဂ္ဂိုလ်များဖြစ်သော ဂျူးများဖြစ်စေ ခရစ်ယာန်များဖြစ်စေတို့သည် စိုက်ယိဒိနာ အီစာ﴿عليه السلام﴾သခင်ကို ယုံကြည်ရမည့် အနှစ်သာရအတိုင်း မယုံကြည်ခဲ့ကြဟု ဆိုလိုသည်။ ဂျူးများက တမန်တော်တစ်ပါးအဖြစ် လက်မခံသည်သာမက စိုက်ယိဒိနာအီစာ ﴿عليه السلام﴾သခင်ကို (နအူသို့မိလ္လာဟ် အလ္လာဟ် အရှင်မြတ် ထိုသို့မပြုလုပ်ပါစေနှင့်) လူလိမ်နှင့် အယောင်ဆောင်သူဟု စွပ်စွဲကြသည်။ ခရစ်ယာန်များတွင် အချို့သည် စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်ကို ယုံကြည်ကြသော်လည်း ဂျူးများကဲ့သို့ မသိနားမလည်သော အဆင့်ရောက်သွားကာ စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်သည် လက်ဝါးကပ်တိုင်တင်၍ သတ်ဖြတ်ခံရသည်ဟု လက်ခံသွားကြသည်။ ထို့ပြင် ခရစ်ယာန်ထဲမှ အချို့ကားယုံကြည်မှုလွန်ကဲသော ဘောင်ကျော်၍ စိုက်ယိဒိနာ အီစာ ﴿عليه السلام﴾ သခင်ကို ဘုရားသခင်၏ သားတော်ဘုရားသခင်အဖြစ်လည်းကောင်း မှတ်ယူခဲ့ကြသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်က ၎င်းတို့သည် စိုက်ယိဒိနာ အီစာ﴿عليه السلام﴾) သခင်အား ထိုအချိန်က ယုံကြည်သင့်သကဲ့သို့ မယုံကြည်ခဲ့ကြ။ သို့သော်လည်း အချိန်တစ်ချိန်ကား ရောက်လာပါမည်။ ထိုအချိန်ကား ကိယာမတ် တရားစီရင်မည့်နေ့ နီးကပ်လာလျှင် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်သည် ဤကမ္ဘာမြေပြင်ပေါ်တွင် ပြန်လည်ဆင်းသက်လာ၍ ရှေးကျမ်းရ ပုဂ္ဂိုလ်များသည် စစ်မှန်၍ ခိုင်လုံစွာနှင့် တမန်တော် အီစာ ﴿عليه السلام﴾သခင်ကို ယုံကြည်လာပါလိမ့်မည်။ အားလုံးသော ခရစ်ယာန်များသည် မှန်ကန်သော အီမာန် ယုံကြည်သက်ဝင်မှုစွဲကိုင်၍ မုစ်လင်မ်များ ဖြစ်လာကြလိမ့်မည်။ ဂျူးများထဲမှ ရန်လိုသူများသည် သတ်ဖြတ်ခံကြရကာ ကျန်သူများ မုစ်လင်မ်များဖြစ်လာကြလိမ့်မည်။ ဤအချိန်သည်ကား မယုံကြည်သွေဖည်မှု ကုဖ်ရ်သည် ဤကမ္ဘာမြေပြင်မှ ပျောက်ကွယ်၍ ယင်းနှင့်အတူ အခြားပုံစံ ကုဖ်ရ်များသည်လည်း ပျောက်ကွယ်သွားကြလိမ့်မည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အစွမ်းသတ္တိသနာ၏ စိုးမိုးမှုသည် နောက်ဆုံး၌ အထွတ်အထိပ်ရောက်သွားပါလိမ့်မည်။

အဗူဟုရိုင်ရာဟ် ﴿رضي الله عنه﴾သခင်၏ ဆင့်ပြန်ချက်ကို အောက်ပါအတိုင်း တင်ပြထားသည်မှာ-

**عن ابى هريرة عن النبى صلى الله عليه وسلم أنه قال : لينزلن ابن مريم حكماعدلافليقتلن الد جال، وليقتلن الخنزير، وليكسرن الصليب وتكون السجدة واحدة لله رب العلمين. ثم قال ابو هريرة : واقرؤان شئتم "وَاِنْ مِّنْ اَهْلِ الْكِتٰبِ اِلَّا لَيُؤْ مِنَنَّ بِهٖ قَبْلَ مَوْتِهٖ" قال ابوهريرة:" قبل موت عيسى" يعيدها ثلث مرات.**

"တမန်တော်မြတ် ﴿ﷺ﴾သခင်က မိန့်ကြားသည်မှာ မရ်ယမ်၏ သားတော်သည် မုချဧကန် တရားမျှတသော အုပ်ချုပ်သူ အဖြစ် ပြန်လည်ပေါ်ထွက်လာလိမ့်မည်။ ၎င်းသည် ဒဂျ်ဂျလ်နှင့် ဝက်တိရိစ္ဆာန်များကို သတ်ဖြတ်မည်ဖြစ်သည်။ ၎င်းသည် လက်ဝါးကပ်တိုင်ကို ရိုက်ချိုးဖျက်စီး၍ ကမ္ဘာအားလုံး၏ အရှင်သခင်ဖြစ်သော အလ္လာဟ်အရှင် တစ်ပါးတည်းကိုသာ ကိုးကွယ်ရာ အရှင်အဖြစ်ပြုလုပ်ပါလိမ့်မည်။ ထို့နောက် အဗူဟုရိုင်ရာဟ် ﴿رضي الله عنه﴾သခင်

ကပြောသည်မှာ အကယ် သင်ဆန္ဒရှိလျှင် ကုရ်အာန်ကျမ်းမြတ်၏ အာယသ်တော်(၁၅၉)-း **وَاِنْ مِّنْ اَهْلِ الْكِتٰبِ اِلَّا لَيُؤْمِنَنَّ بِهٖ قَبْلَ مَوْتِهٖ** ကို ဖတ်ကြည့်ပါလေ။ ယင်းအာယသ်က ဖော်ပြသည်မှာ စိုက်ယိဒိနာ အီစာ ﴿عليه السلام﴾ သခင်မသေမီအထိ ရှိသော ကျမ်းရ ပုဂ္ဂိုလ်များအားလုံးထဲမှ တစ်ယောက်မကျန်တို့သည် စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ကို သက်ဝင်ယုံကြည်ကြပါ လိမ့်မည်။ ထို့နောက် စိုက်ယိဒိနာ အဗူဟုရိုင်ရာဟ်သခင်က စိုက်ယိဒိနာအီစာ ﴿عليه السلام﴾သခင် မကွယ်လွန်မီ ဟူသောစကားကို (၃)ကြိမ်တိုင် အလေးအနက် ပြောကြားခဲ့သည်။ **(ကုရ်တ္ဗုဗီ)**

ယခုလက်ရှိ ဆွေးနွေးနေသော အာယသ်တော်၏ သဖိစိရ်အကျယ်ရှင်းလင်းပြချက်သည် အလွန်လေးစားဖွယ်ကောင်းသော ဆွဟာဗဟ်သာဝကကြီး အဗူဟုရိုင်ရဟ် ﴿رضي الله عنه﴾ ကဲ့သို့သော သာဝကကြီးနှင့် ခိုင်လုံသော ကွင်းဆက်မပြတ်သည့် ဆင့်ပြန်သူများအားတို့ဖြင့် ပေါင်းစပ်ထား၍ သက်သေထင်ရှားပြီးဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏စကားလုံးများဖြစ်သော-**قَبْلَ مَوْتِهٖ** "ထို(အီစာမစိဟ်)မကွယ်လွန်မီ"က စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ မကွယ်လွန်မီဟူသော အဓိပ္ပာယ်ကိုအတည်ပြုသည်။ ယင်းက ဤအာယသ်တော်သည် ကိယာမသ် (တရားစီရင်မည့်နေ့)နီးလျှင် အီစာ ﴿عليه السلام﴾သခင်လာမည်ဟူသည်နှင့် ပတ်သက်သည်ဆိုကြောင်း ရှင်းလင်းစွာ ဆုံးဖြတ်ပေးထားသည်။

ဤသဖိစိရ်အကျယ်ဖွင့်ဆိုချက်ကို အခြေခံ၍ ဤအာယသ်တော်သည် တမန်တော်အီစာ ﴿عليه السلام﴾သခင် မကွယ်လွန်သေးကြောင်းဟူသည်ကို မငြင်းနိုင်သော သက်သေသာဓကပင်ဖြစ်ပေသည်။ စင်စစ် ကိယာမသ် နီးလျှင် ကောင်းကင်ဘုံမှ မြေပြင်သို့ တမန်တော်အီစာ ﴿عليه السلام﴾သခင်ဆင်းသက်စေခြင်းနှင့် ဤကမ္ဘာပေါ်တွင် တမန်တော်အီစာ ﴿عليه السلام﴾လာရောက်၏ အဆုံးစွန်အကျိုးကျေးဇူးရကာ ထိုအချိန်၌သာ ကွယ်လွန်သေဆုံးခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ဉာဏ်ပညာနှင့် အလွန်ပြည့်စုံတော်မူသော လုပ်ရပ်ဖြစ်သည်။

ဤသည်နှင့်ပတ်သက်သည်ကို စူရတ်အလ်ဇုခ်ရုဖ်၏အာယသ်တော်(၄၃း၆၁)သည်-း **وَاِنَّهٗ لَعِلْمٌ لِّلسَّاعَةِ فَلَا تَمْتَرُنَّ بِهَا وَاتَّبِعُوْنِ** (ထိုမှတစ်ပါး ဧကန်မလွဲထိုမရိယမ်၏သား(အီစာ)မှာ"ကိယာမသ်"ရှင်ပြန်ထမည့်အချိန်ကာလနှင့်စပ်လျဉ်း၍ လက္ခဏာစည်းကမ်းချက်၊ သတ်မှတ်ချက်"ကိယာမသ်" ရှင်ပြန်ထမည့်နေ့ကိုယုံကြည်ရန်အကြောင်းတစ်ရပ်ပင်ဖြစ်သည်။သို့ဖြစ်ပေရာ အသင်တို့သည် ယင်းကိယာမသ်နှင့် စပ်လျဉ်း၍ ယုံမှားသံသယမဖြစ်ကြကုန်လင့်။"က ထောက်ခံလျက်ရှိသည်။ နို့ကာရှင်အတော်များများက ကုရ်အာန် ကျမ်းမြတ်၏ စကားလုံး ( [>N#-A_ ) ဟူသောနာမ်စားသည် အီစာ ﴿عليه السلام﴾သခင်ကို ရည်ညွှန်းကာ စိုက်ယိဒိနာ အီစာ ﴿عليه السلام﴾သခင်သည် ကိယာမသ်(တရားစီရင်မည့်နေ့)၏ လက္ခဏာတစ်ရပ်ဖြစ်သည်ဟု အဓိပ္ပာယ်သက်ရောက်ကြောင်း မိန့်ကြားကြသည်။ ဤသည်မှ ကျွန်ုပ်တို့သိရသည်မှာ ဤအာယသ်တော်သည် မစိဟ် ﴿عليه السلام﴾လာမည့်အကြောင်း တင်ပြ၍ အီစာ ﴿عليه السلام﴾သခင်သည် ကိယာမသ်နီးလျှင်ပေါ်လာမည်ဆိုကြောင်းနှင့် ထိုမဆိတ်ပေါ်ပေါက်ခြင်းပင် ကိယာမသ်၏ လက္ခဏာတစ်ရပ်ဖြစ်သွားလိမ့်မည်။

ကုရ်အာန်ကျမ်းမြတ်၏ (၄၃း၆၁)ပါ စကားလုံး ﻉ%l^i_L- "လအိလ်မွန်"ကို အခြားဖတ်ရွတ်မှုတွင် လအလမွန် ﻉ%l-i-L-ဟူ၍ ဖြစ်သည်ကိုလည်း မှတ်သားထိုက်ပေသည်။ ဤဖတ်ရွတ်မှုနည်းအရဆိုလျှင် အဓိပ္ပာယ်သည် ပို၍ရှင်းသွားသည်။ အဘယ့်ကြောင့်ဆိုသော် လာမ်တွင် ဖသဟ်ပါသော ﻉ^l-I- (အလာမ်)ဟူသော စကားလုံးက လက္ခဏာ

(သို့) သင်္ကေတကိုဆိုလိုသည်။ အဗဒုလ္လာဟ်အိဗ်နိ အဗ္ဗားစ်၏ အောက်ပါရှင်းလင်းချက်သည် ဤယူဆချက်ကို အထောက်အကူပြုသည်။

**قَبْلَ يَوْمِ القِيٰمَةِ عن ابن عباس ﷺ فی قوله تعالی: "وَاِنَّهٗ لَعِلْمٌ لِّلسَّاعَةِ" قال: خروج عیسی عليه السلام** (၄၃း၆၁)

အာယသ်နှင့်ပတ်သက်၍ စိုက်ယိဒိနာအိဗ်နိအဗ္ဗားစ်﴿ﷺ﴾သခင်ကတင်ပြသည်မှာ ဤသည်မှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်သည် ကိယာမသ်မတိုင်မီလာရောက် လိမ့်မည်ဆိုသည်ကို ရည်ညွှန်းသည်) **(အိဗနိကဆီး၏)**

အတိုချုပ်မှာ အကယ်၍ ကျွန်ုပ်တို့သည် ကဗ်လမောဝ်သိဟိ (ထိုမစီးဟ်အီစာ မကွယ်လွန်မီ) (၄း၁၅၉) အမိန့်နှင့် အဗူဟုရိုင်ရဟ်၏ ခိုင်လုံသော ဟဒီးဆ်နှင့် ယင်း၏ ရှင်းလင်းတင်ပြချက်ပေါင်းစပ်လိုက်လျှင် စိုက်ယိဒိနာအီစာ ﴿عليه السلام﴾သခင် အသက်ရှင်နေကြောင်းနှင့် ကိယာမသ်နီးလျှင် ပြန်လည်ပေါ်ထွက်လာကာ ဂျူးများကို လွှမ်းမိုးအောင်နိုင်မည်ဟူသည် အမှန်တရားသည် သက်သေပြပြီးဖြစ်လေသည်။ အလားတူပင် ဤအယူအဆသည် စိုက်ယိဒိနာအိဗနိအဗ္ဗား﴿ﷺ﴾သခင်ရှင်းပြသည့်-**وَاِنَّهٗ لَعِلْمٌ لِّلسَّاعَةِ** ၈ကန်မလွဲ ၎င်း (စိုက်ယိဒိ နာအီစာ)သည် အမှန်ပင် ကိယာမသ်ရှင်ပြန်ထမည့်နေ့နှင့်စပ်လျဉ်း၍ လက္ခဏာတစ်ရပ်ဖြစ်သည်)ပိုမိုသေချာစေသည်။

ဋီကာရှင်အကျော်အမော် အိဗ်နိကဆီးရ်က အထက်ကကိုးကားခဲ့သော အာယသ်တော်ကို-
**وَاِنَّهٗ لَعِلْمٌ لِّلسَّاعَةِ** ရှင်းလင်းရာတွင် မိန့်ကြားသည်မှာ-

**وقد تواتوت الا حادیث عن رسول اللّٰه ﷺ انه اخبر بنزول عیسی عليه السلام قبل یوم القیمة اماما عادلا** (ابن کثیر)

"ဤသည်နှင့် ပတ်သက်၍ တမန်တော်မြတ်﴿ﷺ﴾က တမန်တော်အီစာ ﴿عليه السلام﴾ သခင်သည် ကိယာမသ်နီးလျှင် ဤကမ္ဘာမြေပြင်သို့ တရားမျှတသော အုပ်ချုပ်သူတစ်ဦးအဖြစ် ပြန်လာမည်ဖြစ်ကြောင်း တမန်တော်မြတ်၏ ကွင်းဆက်ဖြစ်သော သဝါသီရ်မှတစ်ဆင့် မိန့်ကြားထားသည်။ **(အိဗ်နိကဆိ၏)**

ဤစဉ်ဆက်မပြတ် "မုသ်ဝါသိစ်ရ်" ဆင့်ပြန်ချက်များကို ကျွန်ုပ်၏ဆရာသခင် အစ္စလာမ်ကို ကြီးမားစွာ အလုပ်အကျွေးပြုသူက မော်လာနာမုဟမ္မဒ် အန္နဝါရ်ရှာဟ်ကရှ်မီရီက စုဆောင်းခဲ့ပါသည်။ ဤဟဒီးဆ်တော်များမှာ အရေအတွက်အားဖြင့် တစ်ရာကျော်ရှိပါသည်။ ဤရိုကျိုးသော စာရေးသူက အရဗီဘာသာနှင့် ရေးသားထားသောစုဆောင်းချက်များကို ကျွန်ုပ်၏ဆရာအကြံပြုချက်အရ-**التصریح بما تواتر فی نزول المسیح** ဟူသောခေါင်းစဉ်ဖြင့် လွန်လေပြီးသောကာလများကတည်းက စာအုပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ယခုလတ်တလောအချိန်တွင် ဆီးရီးယားလူမျိုးကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သော အလ်အလ္လာမဟ်အဗ်ဒုလ်ဖတ်သဟ် အဗူဝဒ်ဒဟ်သည် "ဘေရွှဒ်"မြို့တော်မှ နေ၍ ရှင်းလင်းချက်များနှင့် မှတ်စုများထပ်ဆောင်းကာ ဤစာအုပ်ကို ခမ်းနားထည်ဝါစွာ ထုတ်ဝေခဲ့ပါသည်။

**အီစာ﴿عليه السلام﴾နောင်တစ်ချိန်တွင် လာရောက်မည်ဆိုသည့် ယုံကြည်ချက်သည် မုစ်လင်မ်များ တညီတညွတ်တည်းနှင့် အကြွင်းမဲ့ စွဲကိုင်ထားကြပါသည်။ ယင်းကို ငြင်းပယ်သူသည် အစွလာမ့် ဘောင်အပြင်ဘက်သို့ ရောက်သွားပါသည်။**

ဤအကျယ်ဖွင့်ဆိုချက်၏ တစ်စိတ်တစ်ဒေသဖြစ်သော အာယသ်များကို ဆွေးနွေးခြင်းကြောင့် ဤအကြောင်းအရာနှင့်ပတ်သက်သည်များ အတော်အတန်ရှင်းလင်းသွားစေပါသည်။ ယင်းနှင့်ပတ်သက်သော ပိုမိုရှင်းလင်း သော တင်ပြချက်ကို စူရဟ်အာလိအင်မ်ရာန် အကျယ်ဖွင့်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းကိုပြန်လည် ကိုးကား နိုင်ပါသည်။ ကျွန်ုပ်တို့ခေတ်တွင် ခေတ်မီတိုးတက်ပါသည်ဟုဆိုသောသူများတွင် ဖြစ်ပေါ်လာသော သံသယ တို့အတွက် အဖြေများကို ထိုဆွေးနွေးမှုထဲတွင် ပါဝင်ပါသည်။ ၎င်းတို့၏ သံသယတို့သည် အများယုံကြည် လက်ခံထားသော မုစ်လင်မ်များ၏ ယုံကြည်မှု အီမာန်အခြေခံကို ထိခိုက်ပျက်စီးစေရန်ဖြစ်သည်။ အလ္လာဟ် အရှင်မြတ်သည်သာလျှင် ထိုအရှင်သဘောတူညီတော်မူသော မည်သူ့ကိုမဆို လမ်းညွှန်မှုပေးတော်မူပါသည်။

v v v v v v v

**အာယသ် (၁၆၀–၁၆၁)**

فَبِظُلْمٍ مِّنَ الَّذِيْنَ هَادُوْا
حَرَّمْنَا عَلَيْهِمْ طَيِّبٰتٍ اُحِلَّتْ لَهُمْ وَبِصَدِّهِمْ عَنْ سَبِيْلِ اللّٰهِ
كَثِيْرًا ﴿١٦٠﴾ وَّاَخْذِهِمُ الرِّبٰوا وَقَدْ نُهُوْا عَنْهُ وَاَكْلِهِمْ اَمْوَالَ النَّاسِ
بِالْبَاطِلِ ؕ وَاَعْتَدْنَا لِلْكٰفِرِيْنَ مِنْهُمْ عَذَابًا اَلِيْمًا ﴿١٦١﴾

**တစ်ဖန် ယဟူဒီတို့၏ (ယင်းကဲ့သို့သော) ကျူးကျော်မှုကြောင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ (လူတို့အား)များစွာ ပိတ်ပင်တားဆီးမှုကြောင့်လည်းကောင်း၊ ငါအရှင်မြတ်သည် ၎င်းတို့အဖို့ (ယခင်မူလက) ခွင့်ပြုထားသော သန့်စင်ကောင်းမွန်သောအရာများကို ၎င်းတို့ အပေါ်၌ "ဟရာမ်" ဟူ၍ တားမြစ်တော်မူခဲ့လေသည်။ (၄း၁၆၀)**

**ထို့ပြင်တစ်ဝ ထိုသူတို့၏ အတိုးအညွှန့်ကို ယူငင်(စားသုံး)မှုကြောင့်လည်းကောင်း၊ အမှန်မှာ ထိုသူတို့သည် ထို(သို့အတိုးအညွှန့်စားသုံးခြင်း)မှ မြစ်တားခြင်းခံကြရပေပြီ။ သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းများကို မတရားသောနည်းလမ်းဖြင့် စားသုံးမှုကြောင့်၎င်း (ငါအရှင်မြတ်သည် ထိုသူတို့အဖို့ကောင်းမွန်သောအရာများကို မြစ်တားတော်မူခဲ့လေသည်။) ထိုမှတစ်ပါးတုံ ငါအရှင်မြတ်သည် ထိုသူတို့အနက်မှ သွေဖည်ငြင်းပယ်သောသူတို့အဖို့ အလွန်ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကိုလည်း အဆင်သင့်ပြုလုပ်ထားရှိတော်မူပြီးဖြစ်ပေသည်။ (၄း၁၆၁)**

ပြီးခဲ့သော အာယသ်တော်များထဲတွင် ဂျူးတို့၏ မမှန်မကန်ပြုလုပ်ခြင်း များနှင့် ယင်းသို့ပြုလုပ်ခြင်းအတွက် ၎င်းတို့ခံရမည့် ပြစ်ဒဏ်များကို ဖော်ပြ ခဲ့သည်။ လက်ရှိ အာယသ်တော်များထဲတွင် ၎င်းတို့၏ အခြားသော မကောင်းမှု လုပ်ရပ်များအကြောင်းဖော်ပြကာ နောက်ထပ်ပြစ်ဒဏ်ခံရမည့်ကြောင်းကို ဖော်ပြထားသည်။ ဤပြစ်ဒဏ်ခံရမှုသည် တရားစီရင်မည့်နေရာ၌ ၎င်းတို့ကြုံ တွေ့ရမည်ဆိုသည်မှာ ထင်ရှားပါသည်။ သို့ရာတွင် လက်ရှိကမ္ဘာလောကမှာ ပင် ပြစ်ဒဏ်ခတ်မှုအတိုင်းအတာတစ်ခုအနေဖြင့် ၎င်းတို့အတွက် ဟလာလ်တရား ဝင်ဟုသတ်မှတ်ပြီး အရာများကို တရားမဝင်ဟရာမ်ပြုလုပ်ကြောင်း ၎င်းတို့တွေ့ ရှိရပါလိမ့်မည်။

## အကျယ်ဖွင့်ဆိုခြင်း

တမန်တော်မြတ် မုဟမ္မဒ်မုစ်သဖာ﴿ﷺ﴾၏ ရှရီအသ်ထဲတွင် အချို့သောအရာများကိုလည်း "ဟရာမ်" တရားမဝင်ဟုသတ်မှတ်ထားပါသည်။ သို့သော် ဤသည်များကို တားမြစ်ထားရခြင်းမှာ တစ်ခုမဟုတ်တစ်ခုတို့ကြောင့် ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ နာမ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ အန္တရာယ်ဖြစ်စေသောကြောင့်ဖြစ်သည်။ ဤကဲ့သို့ တားမြစ်မှုသည် ဂျူးတို့အားတားမြစ်သည်နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ မည်သို့မျှ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ နာမ်ပိုင်းဆိုင်ရာဖြစ်စေ၊ အန္တရာယ်မဖြစ်စေသည့်ကောင်းသောအရာများမှ ဂျူးများကို တားမြစ်ထားခြင်းမှာ ၎င်းတို့၏မနာခံမှုနှင့် ဖောက်ဖျက်ကျူးလွန်မှုတို့အတွက် ပြစ်ဒဏ်ခတ်ခြင်းဖြစ်သည်။

v v v v v v v

## အာယသ် (၁၆၂)

لٰكِنِ
الرّٰسِخُوْنَ فِى الْعِلْمِ مِنْهُمْ وَالْمُؤْمِنُوْنَ يُؤْمِنُوْنَ بِمَآ اُنْزِلَ اِلَيْكَ
وَمَآ اُنْزِلَ مِنْ قَبْلِكَ وَالْمُقِيْمِيْنَ الصَّلٰوةَ وَالْمُؤْتُوْنَ الزَّكٰوةَ وَ
الْمُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ؕ اُولٰٓئِكَ سَنُؤْتِيْهِمْ اَجْرًا عَظِيْمًا ﴿۱۶۲﴾

**သို့ရာတွင် ၎င်း(ယဟူဒီ)တို့အနက်မှ ပညာအရာ၌ကျွမ်းကျင်လိမ်မာခြေမြစ်ခိုင်မာရင့်သန်ကြ၍ "အီမာန်"ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြကုန်သောသူတို့သည် အသင့်ထံ ထုတ်ပြန်ချမှတ်ပြီးဖြစ်သော ကျမ်းဂန်ကိုလည်း၊ အသင်၏အလျင် (အခြားအခြားသောနဗီတမန်တော်များထံ ထုတ်ပြန်ချမှတ်ပြီးဖြစ်သော) ကျမ်းဂန်တို့ကိုလည်း ယုံကြည်ကြကုန်၏။ ထို့ပြင်တစ်ဝ ၎င်းတို့သည် "ဆွလာသ်"ဝတ်ပြုမှုကို အမြဲထာဝစဉ်ဆောက်တည်သူများလည်း ဖြစ်ကြကုန်၏။ ထိုမှတစ်ပါးတုံ"ဇကာသ်"တရားဝင်ဒါနကြေးကို ပေးဆောင်သူများလည်းဖြစ်ကြကုန်၏။ ထို့ပြင် ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်း၊ နောက်ဆုံးနေ့ကိုလည်း၊ ယုံကြည်သူများလည်းဖြစ်ကြ၏။ ဤကဲ့သို့သောသူများပင်တည်း။ ငါအရှင်မြတ်သည် မုချယင်းသူတို့အား ကြီးကျယ်လှစွာသော အကျိုးဆုလာဘ်ကို ချီးမြှင့်ပေးသနားတော်မူအံ့။ (၄:၁၆၂)**

ပြီးခဲ့သော အာယသ်တော်များသည် ၎င်းတို့၏ မယုံကြည်သွေဖည်မှုကို ဖက်တွယ်ကာ ခေါင်းမာစွာဖြင့် အပြစ်တင်ထိုက်သောလုပ်ရပ်များကို လုပ်မြဲလုပ်ဆောင်နေသော ဂျူးများကို ရည်ညွှန်းပါသည်။ လက်ရှိအာယသ်တော်တွင် ဖော်ပြထားသူများသည် ကျမ်းဂန်ရပုဂ္ဂိုလ်များမှ လူများဖြစ်ကြောင်း သံသယဖြစ်ဖွယ်မရှိပါ။ တမန်တော်မြတ် ﷺ သည် တာဝန်ဝတ္တရားများနှင့်အတူ ပွင့်ပေါ်တော်မူလာသောအခါတွင် နဗီတမန်တော်များအနက် နောက်ဆုံးနဗီတွင် ရှိရမည့်အရည်သွေးများသည် ပြည့်ပြည့်ဝဝနှင့် မမှားမယွင်းနိုင်လောက်အောင်တွေ့ရှိသောအခါ သူတို့ကျမ်း တွင်ပါရှိသော ကြိုတင်ဟောကြားချက်များလည်း သူတို့၏ယုံကြည်မှုကို ပုံပိုး စေပါသည်။ ထို့ကြောင့် စိုက်ယိဒနာအဗ်ဒုလ္လာဟ် အိဗနိစာလမ်၊ အုစိုက်နှင့် ဆာလာဗဟ် ﷺ တို့အပါအဝင် ၎င်းတို့သည် တမန်တော်မြတ် ﷺ ကို သက်ဝင်ယုံကြည်ကြသည်။ ဤအာယသ်တော်ပါ ချီးကျူးထောမနာပြုထားသော စကားလုံးတို့သည် ဤကောင်းချီးမင်္ဂလာ အပေးခံရသောသူများအတွက်ပင် ဖြစ်ပါသည်။

**အကျယ်ဖွင့်ဆိုခြင်း**

ဤနေရာတွင် ကြီးမားသောဆုလာဘ်ပေးမည်ဟု ကတိပြုခြင်းခံသောသူတို့သည် ၎င်းတို့၏ အီမာန်ယုံကြည်ချက်ဆိုင်ရာ အရည်အချင်းများနှင့် ဘာသာရေးဆိုင်ရာကောင်းမှုကောင်းရာလုပ်ရပ်များကြောင့် ဖြစ်သည်။ နောင်တမလွန်ဘဝတွင် ကယ်တင်ခံရခြင်းနှင့် ပတ်သက်လာလျှင်မူ ဘာသာရေးဆိုင်ရာ အနှစ်သာရ ကိစ္စရပ်များ ပြုပြင်ပြောင်းလဲမှုတွင် မူတည်သည်။ သို့သော် ယင်းပြုပြင်ပြောင်းလဲမှု၏ စည်းကမ်းချက်တစ်ရပ်မှာ တစ်စုံတစ်ဦးဘဝ နိဂုံးချုပ်သည် အီမန်ယုံကြည်မှုနှင့်အတူ ချုပ်ငြိမ်းရပါမည်။

v v v v v v v

အာယသ် (၁၆၃–၁၆၉)

إِنَّآ أَوْحَيْنَآ إِلَيْكَ كَمَآ أَوْحَيْنَآ إِلَىٰ نُوحٍ وَّالنَّبِيّٖنَ مِنۢ بَعْدِهٖ ۚ
وَأَوْحَيْنَآ إِلَىٰٓ إِبْرٰهِيمَ وَإِسْمٰعِيلَ وَإِسْحٰقَ وَيَعْقُوبَ
وَالْأَسْبَاطِ وَعِيسٰى وَأَيُّوبَ وَيُونُسَ وَهٰرُونَ وَسُلَيْمٰنَ ۚ
وَاٰتَيْنَا دَاوٗدَ زَبُورًا ﴿١٦٣﴾ وَرُسُلًا قَدْ قَصَصْنٰهُمْ عَلَيْكَ مِنْ
قَبْلُ وَرُسُلًا لَّمْ نَقْصُصْهُمْ عَلَيْكَ ۚ وَكَلَّمَ اللّٰهُ مُوسٰى
تَكْلِيمًا ﴿١٦٤﴾ رُسُلًا مُّبَشِّرِينَ وَمُنْذِرِينَ لِئَلَّا يَكُونَ لِلنَّاسِ
عَلَى اللّٰهِ حُجَّةٌ بَعْدَ الرُّسُلِ ۚ وَكَانَ اللّٰهُ عَزِيزًا حَكِيمًا ﴿١٦٥﴾
لٰكِنِ اللّٰهُ يَشْهَدُ بِمَآ أَنْزَلَ إِلَيْكَ أَنْزَلَهٗ بِعِلْمِهٖ ۖ وَالْمَلٰٓئِكَةُ
يَشْهَدُونَ ۚ وَكَفٰى بِاللّٰهِ شَهِيدًا ﴿١٦٦﴾ إِنَّ الَّذِينَ كَفَرُوا وَ
صَدُّوا عَنْ سَبِيلِ اللّٰهِ قَدْ ضَلُّوا ضَلٰلًا بَعِيدًا ﴿١٦٧﴾ إِنَّ
الَّذِينَ كَفَرُوا وَظَلَمُوا لَمْ يَكُنِ اللّٰهُ لِيَغْفِرَ لَهُمْ وَلَا لِيَهْدِيَهُمْ
طَرِيقًا ﴿١٦٨﴾ إِلَّا طَرِيقَ جَهَنَّمَ خٰلِدِينَ فِيهَآ أَبَدًا ۚ وَكَانَ ذٰلِكَ
عَلَى اللّٰهِ يَسِيرًا ﴿١٦٩﴾

ဧကန်စင်စစ် ငါအရှင်မြတ်သည် (နဗီတမန်တော်) “နူးဟ်”နှင့် ယင်းနဗီတမန်တော် “နူးဟ်”၏ နောက်၌ ပွင့်ခဲ့ကြလေသော နဗီတမန်တော်တို့ထံသို့ (ဝဟ်ယ်) အမိန့်ဗျာဒိတ်တော်များပို့တော်မူဘိသကဲ့သို့ငင်း၊ (နဗီတမန်တော်) “အီဗ်ရာဟိမ်” (နဗီတမန်တော်) “အိစ်မာအီလ်” (နဗီတမန်တော်) “အိစ်ဟာက်” (နဗီတမန်တော်) “ယအ်ကူးဗ်” (ထိုနဗီတမန်တော် “ယအ်ကူးဗ်”၏)သားမြေးမြစ် (တို့တွင်ပွင့်လေသော နဗီတမန်တော်များ) (နဗီတမန်တော်) “အီစာ” (နဗီတမန်တော်) “အိုက်ယူဗ်” (နဗီတမန်တော်) “ယူနုတ်စ်” (နဗီတမန်တော်) “ဟာရွန်” နှင့် (နဗီတမန်တော်) “စုလိုင်မာန်”တို့ထံသို့ (ဝဟ်ဟ်)အမိန့် ဗျာဒိတ်တော်များ ပို့တော်မူဘိသကဲ့သို့ငင်း၊ (နဗီတမန်တော်) “ဒါဝူးဒ်” အား “ဇဗူရ်”

ကျမ်းတော်ကို ချီးမြှင့်ပေးသနားတော်မူဘိသကဲ့သို့ ၎င်း အသင့်ထံသို့လည်း (ဝဟ်ယ်)အမိန့်ဗျာဒိတ်တော်များကို ပို့တော်မူခဲ့လေသတည်း။ (၄း၁၆၃)

၎င်းပြင် (ငါအရှင်မြတ်သည်) အကြင်ရစူလ်တမန်တော်များထံသို့လည်း ("ဝဟ်ယ်" အမိန့် ဗျာဒိတ်တော်များကို ပို့တော်မူလေသည်) ထိုရစူလ်တမန်တော်များ၏ အကြောင်းအထွေပထွေကို ငါအရှင်မြတ်သည် ယခင်မူလက အသင်၏ရှေ့ဝယ် ပြောပြတော်မူခဲ့ဘူး၏။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) အကြင်ရစူလ်တမန်တော်များထံသို့လည်း ("ဝဟ်ယ်" အမိန့်ဗျာဒိတ်တော်များကို ပို့တော်မူခဲ့လေသည်။) ထိုရစူလ်တမန်တော်များ၏ အထွေပထွေကို ငါအရှင်မြတ်သည် အသင်၏ရှေ့ဝယ် ဖော်ပြတော်မူခဲ့ဘူးသည်မရှိချေ။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် (နဗီတမန်တော်)မူစာနှင့် (အထူးသဖြင့်) စကားပြောဆိုတော် မူခဲ့လေသတည်း။ (၄း၁၆၄)

(ငါအရှင်မြတ်သည်)ရစူလ်တမန်တော်များအား ဝမ်းမြောက်ဖွယ်ရာသတင်းပေးသူများအဖြစ်၎င်း၊ သတိပေးနှိုးဆော်သူများအဖြစ်လည်းကောင်း (စေလွှတ်တော်မူခဲ့လေသည်။ ယင်းသို့စေလွှတ်တော်မူခြင်းမှာ) ထိုရစူလ်တမန်တော်များရောက်ရှိလာကြပြီးနောက်("ကိယာမသ်"ခေါ် ရှင်ပြန်ထရမည့်နေ့တွင်) အလ္လာဟ်အရှင်မြတ်၏ရှေ့တော်၌ လူတို့အဖို့ အကြောင်းပြချက်မရှိစေရန် အလို့ငှာဖြစ်ချေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၄း၁၆၅)

သို့ရာတွင် (ယင်းသူတို့က အသင်နဗီတမန်တော်ဖြစ်ကြောင်း ငြင်းပယ်ကြသော်လည်း) အလ္လာဟ်အရှင်မြတ်သည် (အသင်နဗီတမန်တော်ဖြစ်ကြောင်းကို) မိမိချပေးသနားတော်မူခဲ့သော (ကုရ်အာန်)ကျမ်းတော်မြတ်ဖြင့် သက်သေခံတော်မူလေသည်။ ထိုအရှင်မြတ်သည် ယင်းကျမ်းတော်မြတ်ကို မိမိအသိပညာတော်နှင့်တကွ ချပေးသနားတော်မူခဲ့လေသည်။ ၎င်းပြင် "မလာအိကဟ်" အပါးတော်အပေါင်းတို့လည်း (အသင်နဗီတမန်တော်ဖြစ်ကြောင်းကို) သက်သေခံလျက်ရှိကြကုန်သည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်ပင် သက်သေအဖြစ် လုံလောက်တော်မူပေသတည်း။ (၄း၁၆၆)

ဧကန်စင်စစ် အကြင်သူတို့သည် (တမန်တော်မုဟမ္မဒ်သည် နဗီ ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ သက်သေအထင်အရှားရှိပါလျက်) မယုံမကြည်သွေဖည်ငြင်းပယ်ခဲ့ကြ၏။ ၎င်းပြင် အခြားသူများကို အလ္လာဟ်အရှင်မြတ်၏ (တရား)လမ်းတော်မှလည်း မြစ်တားခဲ့ကြ၏။ မလွဲဧကန် ထိုသူတို့သည် (တရားလမ်း

**မှန်မှ) အလွန်ကမ်းလှမ်းဝေးကွာသော လမ်းမှားသို့ ရောက်ရှိခဲ့ကြချေပြီ။ (၄း၁၆၇)**

**၈ကန်စင်စစ် အကြင်သူတို့သည် မယုံကြည်သွေဖည်ငြင်းပယ်ကြ၏။ ၎င်းပြင် မတော်မတရားပြုမူခဲ့ကြ၏။ ထိုသူတို့အား အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်လည်း မဟုတ်ပေ။ မည်သည့် လမ်းကိုမျှ ညွှန်ကြားပြသတော်မူမည်လည်းမဟုတ်ချေ။ (၄း၁၆၈)**

**သို့ရာတွင် (အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့အား) "ဂျဟန္နမ်" ငရဲဘုံ၏လမ်းကိုသာ (ညွှန်ကြားပြသတော်မူအံ့) ၎င်းတို့သည် ထိုငရဲဘုံ၌ ထာဝစဉ် နေထိုင်သောသူများဖြစ်ကြလတ္တံ့။ အမှန်စင်စစ် ယင်းကဲ့သို့ ပြစ်ဒဏ်ပေးခြင်းသည် အလ္လာဟ်အရှင်မြတ်အဖို့ လွယ်ကူလှပေသတည်း။ (၄း၁၆၉)**

အကယ်၍ ကျွန်ုပ်တို့သည် အာယသ် (၁၅၃) يَسْئَلُكَ اَهْلُ الْكِتٰبِ (ရှေးအဆက် ကျမ်းဂန်ရရှိသူ "ယဟူဒီ" တို့သည် အသင့်ထံတောင်းဆိုကြပါလျှင် . . . . )ကို ပြန်လည်လေ့လာခဲ့လျှင် ဂျူးများ၏မိုက်မဲသော မေးခွန်းမေးမြန်းခြင်းကို ပြစ်တင် မောင်းမဲသည့်ဟန် တုံ့ပြန်ထားကြောင်း သတိပြုမိပါလိမ့်မည်။ ယခုလက်ရှိ အာယသ်ထဲတွင် ယင်းမေးခွန်း၏ မှားယွင်းကြောင်းကို ကွဲပြားခြားနားသည့် ဟန်ဖြင့် သက်သေပြထားသည်။ တမန်တော်မြတ်﴿ﷺ﴾သခင်ရှေ့တွင် ထားသော ၎င်းတို့၏ စည်းကမ်းချက်မှာ ကျမ်းစာတစ်စောင်သည် မိုးကောင်းကင်တွင် အသင့်ရေးသားထားကာ ၎င်းတို့ထံချပြရန်ပင်ဖြစ်သည်။ အာယသ် တော်ထဲတွင် ဖော်ပြထားသော ကြီးကျယ်သော တမန်တော်များကို မယုံကြည် မိအလျင် ယင်းကဲ့သို့သော တောင်းဆိုမှုမျိုးမလုပ်ခဲ့ကြကြောင်းနှင့် ယင်းတမန် တော်များကို ၎င်းတို့လည်း လက်ခံခဲ့ကြကြောင်း သတိရစေပါသည်။ ဤအယူ အဆအရ ၎င်းတို့သည် ကြီးကျယ်လှစွာသော တမန်တော်များနှင့် ပတ်သက်လာလျှင် ၎င်းတို့အသုံးပြုသည့် ငြင်းချက်များအတိုင်း ဖြစ်သင့်ပေသည်။ ယင်းမှာ ထိုတမန်တော်များ၏ တန်ခိုးပြာဋိဟာအပေါ် အခြေခံ၍ လက်ခံခြင်းမျိုး ဖြစ်သည်။ ထိုအတိုင်းဆိုလျှင် ဤသည်မှာလိုအပ်ပေသည်။ တန်ခိုးပြာဋိဟာနှင့်ပတ်သက်လျှင် တမန်တော်မြတ် ﴿ﷺ﴾သခင်တွင်လည်း ကိုယ်တော်၏တန်ခိုးပြာဋိဟာရှိပေသည်။ ထို့ကြောင့် တမန်တော်မြတ်﴿ﷺ﴾သခင်ကိုလည်း ရှေ့ထပ်တိုး၍ မယုံကြည်စရာမည်သည့်အကြောင်းမျှမရှိချေ။ သို့သော်လည်း အကြောင်းရင်းအစစ်ကား ၎င်းတို့၏ တောင်းဆိုချက်သည် အမှန်တရားရှာရန်မဟုတ်။ ဆန့်ကျင်စွာဆိုရလျှင် ယင်းမှာရန်လိုမှုနှင့် အာဃာတတွင်အမြစ်တွယ်နေသောကြောင့်ဖြစ်သည်။

ထို့နောက် တမန်တော်များစေလွှတ်တော်မူခြင်း၏ နောက်ကွယ်ရှိ အသိဉာဏ်အသေးစိတ်တစ်ရပ် ဖော်ပြထားသည်။ ထို့နောက် တမန်တော်မြတ် ﴿ﷺ﴾သခင်ကို ဦးတည်မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်နှင့်အရှင်၏ကောင်းကင်စေတမန်တို့သည် တမန်တော်မြတ်၏ တမန်တော်ဖြစ်ခြင်းအကြောင်းအတွက် သက်သေများဖြစ်ကြောင်း အခိုင်အမာပြုထားသည်။ ထို့ပြင် တမန်တော်မြတ်﴿ﷺ﴾သခင်အား မယုံကြည်သူများသည် ကိုယ့်အဆုံးသတ်ကို ပျက်စီးစေခြင်းပင်ဖြစ်သည်။ **(ဗယာနုလ်ကုရ်အာန်)**

**အကျယ်ဖွင့်ဆိုခြင်း**

အာယသ်တော် (၁၆၃)သည်- اِنَّآ اَوۡحَيۡنَآ اِلَيۡكَ كَمَآ اَوۡحَيۡنَآ اِلٰى نُوۡحٍ وَّالنَّبِيّٖنَ مِنۡۢ بَعۡدِهٖ "ဧကန်စင်စစ် ငါအရှင်မြတ်သည် (နဗီတမန်တော်) "နူးဟ်"နှင့် ယင်း(နဗီတမန်တော်) နူးဟ်)၏နောက်၌ ပွင့်ခဲ့ကြလေသော နဗီတမန်တော်တို့ထံသို့(ဝဟ်ယ်) အမိန့်ဗျာဒိတ်တော် များပို့တော်မူဘိသကဲ့သို့လည်းကောင်း. . . ) စကားလုံး များဖြင့် အစပြုထားသည်။ ဤသည်က ကျွန်ုပ်တို့အား ရှင်းလင်းစွာပြောသည်မှာ"ဝဟီ"ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြစ်၍ ယင်းသည်ပြိုင်ဘက်ကင်းပြီး မတုပနိုင်ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်၏ တမန်တော်များထံသို့ ပို့သောသတင်းစကားဖြစ်သည်။ လွန်လေပြီးသော တမန်တော်များထံပို့သကဲ့သို့ တမန်တော်မြတ် မုဟမ္မဒ်မုစ်သဖွာ﴿ﷺ﴾ထံသို့လည်း အလ္လာဟ်အရှင်မြတ်သည် ဝဟီပို့သတော်မူသည်။ ရှေးတမန်တော်များထံ ဝဟီယ်ပို့ချခြင်းကို ယုံကြည်သူတိုင်းသည် တမန်တော်မြတ် ﴿ﷺ﴾သခင်အပေါ်တွင်လည်း ယုံကြည်ရမည်ဖြစ်သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်ထံ ဝဟီလာရှိခြင်းကို ပယ်ချသူများသည် ရှေးယခင် ဝဟီကျရောက်ခြင်းအားလုံးကို ငြင်းပယ်သူပင်ဖြစ်ပေသည်။

စိုက်ယိဒနာ နူးဟ် ﴿عليه السلام﴾နှင့် နူးဟ်﴿عليه السلام﴾နောက်ပေါ်သော တမန်တော်များကြား တူညီသော အချက်မှာတမန်တော်အာဒမ်(အလိုင်)သခင်အချိန်က ဝဟ်ယ် စကျချိန်အခြေအနေမျိုးဖြစ်ပြီး နူးဟ်﴿عليه السلام﴾ သခင်တမန်တော်ဖြစ်စဉ် ဝဟ်ယ်ကျရောက်ခြင်းသည် ပြီးပြည့်စုံသော အခြေအနေမျိုးဖြစ်သည်။ ပြောနိုင်သည်ကား ပထမအဆင့်သည် ပညာပေးခြင်း အစပြုသည့်အဆင့်ဖြစ်သော်လည်း နူးဟ်﴿عليه السلام﴾သခင်လက်ထက်တွင်မူ ဖွံ့ဖြိုးသည့် အခြေအနေတစ်ရပ်သို့ ရောက်ကာလူအများကို နာခံမှုအတွက် ဆွဲဆောင်စေမည့် ခိုင်မြဲခြင်းနှင့် မနာခံဖီဆန်မှုအတွက် ပြစ်ဒဏ်ခတ်ခြင်းသတိပေးမှုဖြင့် စမ်းသပ်နိုင်ရန်ဖြစ်သည်။ ထို့ကြောင့် စိုက်ယိဒနာ နူးဟ် ﴿عليه السلام﴾ သခင်လက်ထက်မှစ၍ နဗီတမန်တော် အဆက်ဆက်တိုင် အလ္လာဟ်အရှင်မြတ်၏ ဝဟ်ယ်အမိန့်တော် ဆန့်ကျင်ချိုးဖောက်သူများအပေါ်ဝယ် ပထမဆုံးပြစ်ဒဏ်ခတ်ခြင်း စတင်ခဲ့ပါသည်။

အချုပ်မှာ တမန်တော်များ၏ သင်ကြားပို့ချမှုနှင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို ရန်လိုဆန့်ကျင်သောသူများအပေါ်၌ ပြစ်ဒဏ်ခတ်မှုကျရောက်သည်မဟုတ်။ ၎င်းတို့ကို ခွင့်လွှတ်နိုင်သည်ဟု ယူဆကာ သတ်မှတ်ထားသောအချိန်အတွင်း ကောင်းမြတ်သော အကြံပေးမှုမှတစ်ဆင့် သင်ကြားလေ့လာရန် ခွင့်ပြုထားသည်။ ဘာသာရေးဆိုင်ရာ ပညာရပ်များ ပြည့်ပြည့်ဝဝပျံ့နှံ့လာသည်နှင့် လူအများကြား အလ္လာဟ် အရှင်မြတ် အလိုတော်၏ ညွှန်ကြားချက်ကို ရှောင်ကွင်းရန် ဖုံးကွယ်ထားသည့် အကြောင်းအရာများမရှိသော အခါ အမိန့်မနာခံသူများအပေါ်၌ ပြစ်ဒဏ်ခတ်မှုကျရောက်ပါသည်။ စိုက်ယိဒနာနူးဟ် ﴿عليه السلام﴾ လက်ထက်တွင် ရေလွှမ်းမိုးမှုခံရပြီးနောက် မယုံကြည်သွေဖည်ငြင်းပယ်မှုများအပေါ်ဝယ် တမန်တော်ဆွလိဟ် ﴿عليه السلام﴾ခေတ်၊ စိုက်ယိဒနာ ရှိုအိုက်ဗ်﴿عليه السلام﴾ခေတ်၊ အခြားသောတမန်တော်များခေတ်တို့တွင် ပြစ်ဒဏ်ခတ်မှု အမျိုးမျိုးကျရောက်ခဲ့ပါသည်။ ထို့ကြောင့် တမန်တော်မြတ်﴿ﷺ﴾သခင်ထံကျရောက်ခဲ့သောဝဟီကို တမန်တော် နူးဟ် ﴿عليه السلام﴾သခင်ထံ ကျရောက်ခဲ့သော ဝဟီနှင့် ၎င်းနောက်တမန်တော်များပေါ်ကျရောက်သောဝဟီနှင့် တူစေခြင်းမှာ ရှေ့ကျမ်းရပုဂ္ဂိုလ်များနှင့် မကွဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများအပေါ် ပြည့်ပြည့်ဝဝသတိပေးထားခဲ့သည်မှာ တမန်တော်များ၏ နောက်ဆုံးတမန်တော်၌ကျရောက်သောဝဟီ(ယင်းမှာကုရ်အာန်ကျမ်းတော်မြတ်)ကို မယုံကြည်

သူသည် ကြီးမားသောပြစ်ဒဏ်ခတ်မှုနှင့် ထိုက်တန်ပေလိမ့်မည်။**(မော်လာနာ ရှဗီရ်အဟ်မဒ်အုသ်မာနီ၏အကျယ်ဖွင့်မှတ်စု)**

နောက်ထပ် အာယသ်သို့ ကျွန်ုပ်တို့မသွားမီ စိတ်တွင် စွဲမှတ်ထားက အသုံးဝင်မည်မှာ ဤအာယသ်တော်တွင် စိုက်ယိဒနာနူးဟ ﴿عليه السلام﴾သခင်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာကို ပထမဦးစွာဖော်ပြခြင်းကပင်လျှင် မုအ်ဂျိဇာဟ် ထူးဆန်းအံ့ဖွယ်တစ်ရပ်ဖြစ်ပေသည်။ နူးဟ်﴿عليه السلام﴾သခင်သည် သက်တော် (၉၅၀)ထိ ကောင်းချီးပေးခံ နေထိုင်သွားရသည်။ ၎င်းသည် သွားတစ်ချောင်းမျှမကျိုး၊ ခေါင်းခွံလည်း ဆံတစ်မျှင်မျှမဖြူ။ ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်၌လည်း မချို့တဲ့သော်လည်း ၎င်းဘဝတစ်သက်တာလုံး တမန်တော်နူးဟ်﴿عليه السلام﴾၏ လူများကြောင့် ဖြစ်ပေါ်သော နာကျင်မှုဝေဒနာကိုကား သည်းခံ၍ ဇွဲနဘဲနှင့်ရင်ဆိုင်သွားခဲ့သည်။ **(မဇ်ဟရီ)**

အာယသ်(၁၆၄)တွင်-**وَرُسُلاً قَدْ قَصَصْنٰهُمْ عَلَيْكَ** (၎င်းပြင်ငါအရှင်မြတ်သည်) အကြင်ရစူလ်တမန်တော်များထံသို့လည်း (ဝဟီအမိန့်ဗျာဒိတ်တော်များကို ပို့တော်မူခဲ့လေသည်) ထိုရစူလ်တမန်တော်များအကြောင်း အတ္ထုပတ္တိကို ငါအရှင် မြတ်သည် ယခင်မူလက အသင်ရှေ့ဝယ်ပြောပြတော်မူခဲ့ဘူး၏။ . . . )ဟူသောစကားလုံးနှင့် ဖွင့်ထားသည်။ အာယသ်တော်ထဲတွင် နူးဟ်﴿عليه السلام﴾သခင်၏ နောက်တွင်ပွင့်တော်မူခဲ့သည့် တမန်တော်များအကြောင်း အကျဉ်းချုပ်ဖော်ပြပြီးနောက် ထိုတမန်တော်များထဲမှ ကြီးကျယ်ခမ်းနားသော တမန်တော်ကြီးများအကြောင်း အထူးရည်ညွှန်းကိုးကားဖော်ပြထားသည်။ ရည်ရွယ်ချက်ကား ၎င်းတို့အားလုံးသည် တမန်တော်များဖြစ်ကြ၍ ဝဟီသည် တမန်တော်များထံနည်းပေါင်းစုံဖြင့် ကျရောက်ခဲ့ကြောင်း ကျွန်ုပ်တို့အားပြောကြားရန်ဖြစ်သည်။ ယင်းမှ တစ်နည်းကား ကောင်းကင်စေတမန်တစ်ပါးသည် သတင်းစကားတစ်ရပ်နှင့်လာရောက်ခြင်းဖြစ်နိုင်သည်။ တစ်နည်းကားရေးသားပြီးသော ကျမ်းတစ်စောင်ဖြစ်နိုင်သည်။ တစ်ခါတစ်ရံ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်နှင့် တိုက်ရိုက်စကားပြောတော်မူသည်။ အတိုချုပ်ဆိုရသော်ဝဟီသည် မည်သည့်နည်း၊ မည်သည့်ပုံစံကျရောက်သည်ဖြစ်စေ ယင်းဝဟီနှင့်အညီလုပ်ဆောင်ရန်မှာ မပြုမနေရတာဝန်ဖြစ်လာသည်။ ထို့ကြောင့် သောင်ရသ်ကဲ့သို့သော အသင့်ရေးပြီးသည့် ကျမ်းတစ်စောင်ကျလာခဲ့လျှင် ယုံကြည်မည်၊ မရောက်လာလျှင် မယုံကြည်ဟု ဂျူးတို့၏ပြောဆိုခြင်းသည် အနိမ့်ဆုံးပြောရလျှင် အသိဉာဏ်ခေါင်းပါး၍ မယုံကြည်မှုများပြားခြင်းပင်ဖြစ်ပေသည်။

စိုက်ယိဒိနာ အဗူသာရ်ဂဖာရီ ﴿رضي الله عنه﴾သခင်၏ တင်ပြချက်အရ တမန်တော်မြတ် ﴿ﷺ﴾သခင် မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်အပေါင်း (၁၂၄၀၀၀)ကျော်စေလွှတ်သည့်အနက် (၃၁၃)ပါးသည်သာ ရှရီအသ်တရားတော်ယူဆောင်လာသော အလ္လာဟ်တမန်တော်များဖြစ်ပေသည်။ **(ကုရ်သုဗီ)**

ထို့နောက် အာယသ်(၁၆၅)-**رُسُلاً مُّبَشِّرِيْنَ وَمُنْذِرِيْنَ** (ရစူလ်တမန်တော်များအား ဝမ်းမြောက်ဖွယ်ရာသတင်းပေးသူများအဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော်သူများအဖြစ်လည်းကောင်း. . . . )ဟူသော အာယသ်က တိုတိုနှင့် လိုရင်းကိုပြောသည်မှာ အလ္လာဟ်အရှင်မြတ်သည် ယုံကြည်သူအားလုံးကို ကောင်းသတင်းပါးရန်နှင့် မယုံကြည် သူအားလုံးကို သတိပေးရန် တမန်တော်များကို တစိုက်မတ်မတ်စေလွှတ်တော်မူခဲ့သည်။ သို့မှသာ အလ္လာဟ်အရှင် မြတ်နှင့် ထိုအရှင်တမန်တော်များ၏ အလိုတော်ကိုငင်း တို့မသိပါဟူသော အကြောင်းပြချက်ဖြင့် ဆင်ခြေမပေးနိုင်ရန်ဖြစ်သည်။ ၎င်းတို့သည် ထိုအကြောင်းကိုသိရှိပါက မုချဧကန်လိုက်နာပါလိမ့်မည်။ အလ္လာဟ်အရှင်မြတ်သည် မုဟ်ဂျိဇာဟ် ထူးဆန်းအံ့ဖွယ်ရာများနှင့်တကွ တမန်တော်များကို စေလွှတ်ခဲ့ကာ

အရှင်မြတ်၏ တမန်တော်များ သည် သစ္စာတရား၏ ဖြောင့်မတ်သောလမ်းမှန်ကို ပြသခဲ့ကြသောကြောင့် မည်သည့်ဆင်ခြေဆင်လက် (သို့) မူမမှန်သောအကြောင်းပြချက်များဖြင့် မည်သူ၏ စစ်မှန်သောယုံကြည်မှုကို လက်မခံရခြင်းဖြစ်သည်ဟု ရွေးချယ်မှုအား လက်ခံနိုင်ဖွယ်မရှိချေ။ ယင်းကား အလ္လာဟ်အရှင်မြတ် ဝဟီ၏ သဘောသဘာဝပင်တည်း။ ဝဟီသည် အကြွင်းမဲ့အမိန့်တော်နောက်ဆုံးနှင့်၊ အခိုင်လုံဆုံး၊ နှစ်လိုဖွယ်ရာ အကောင်းဆုံးဖြစ်ပေသည်။ ယင်းကိုဆန့်ကျင်၍ မည်သည့်အခြေအတင်ပြောဆိုမှုမှ မပြုလုပ်နိုင်။ စင်စစ်အားလုံးသော ငြင်းခုံမှုများသည် ယင်း၏အလေးထားမှုအောက်၌ ဝပ်ဆင်းရမည်သာဖြစ်သည်။ ထို့ပြင် ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မတ်ဉာဏ်တော်နှင့် ထိုအရှင်မြတ်၏ လုပ်နည်းလုပ်ဟန်ပင်ဖြစ်သည်။

စိုက်ယိဒိနာအိဗ်နိအဗွားစ် ﴿ﷺ﴾သခင်၏ ဆင့်ပြန်ချက်လာရှိခဲ့သည်မှာ ဂျူးလူမျိုးအုပ်စုတစ်စုသည် တမန်တော်မြတ် ﴿ﷺ﴾သခင်ထံလာရောက်ခဲ့သည်။ တမန်တော်မြတ်﴿ﷺ﴾ သခင်က ၎င်းတို့အား "မုချဧကန်ကွ၍နုံပ်သည် အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော်တစ်ပါးဖြစ်ကြောင်း သင်တို့သိပါ၏လော"ဟု မိန့်တော်မူခဲ့သည်။ ၎င်းတို့သည် လက်ခံရန်ငြင်းဆိုခဲ့သောအခါ-لٰكِنِ اللّٰهُ يَشْهَدُ بِمَآ اَنْزَلَ اِلَيْكَ "သို့ရာတွင် (ယင်းသူတို့က အသင်နဗီတမန်တော်ဖြစ်ကြောင်း ငြင်းပယ်ကြသော်လည်း) အလ္လာဟ်အရှင်မြတ်သည် (အသင်နဗီတမန်တော်ဖြစ်ကြောင်းကို) မိမိချပေးသနားတော်မူခဲ့သော (ကုရ်အာန်ကျမ်းတော်မြတ်)ဖြင့် သက်သေခံတော်မူလေသည်"ဟူသော အာယသ် (၁၆၆)ကျရောက်ခဲ့သည်။ အာယသ်တော်က တမန်တော်မြတ် ﴿ﷺ﴾သခင်ကို ဦးတည်ပြောကြား၍ကြေညာသည်မှာ အလ္လာဟ်အရှင်မြတ်သည် အံ့ဘွယ်ကုရ်အာန်ကျမ်းတော်အားဖြင့် ကိုယ်တော်မြတ်﴿ﷺ﴾သခင်၏ တမန်တော်ဖြစ်ခြင်းကို သက်သေခံခဲ့သည်။ ယင်းကျမ်းသည် အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်ထဲမှ ပြီးပြည့်စုံသော သတင်းစကားပင်ဖြစ်သည်။ ကျမ်းတော်သည် တမန်တော်မြတ်﴿ﷺ﴾ သခင်နှင့် ထိုက်တန်သည်ကို အပြည့်အဝအသိရှိစေရန် ကိုယ်တော်မြတ်ထံချပေးခံခဲ့ရသောကျမ်းဖြစ်သည်။ ထို့ပြင် ကောင်းကင်စေတမန်များ သည်လည်း သက်သေခံမှုတွင် ပူးတွဲပါဝင်ကြသည်။ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းဥဿုံအလုံးစုံတို့ကို အကြွင်းမဲ့သိရှိတော်မူ၍ ကျိုးကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အရှင်၏သက်သေခံပြီးနောက် ယင်းနှင့်ပတ်သက်၍ မည်သည်မျှ အခြေအတင်ပြောရန်မရှိတော့ချေ။

မူရင်းစာသားက ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ်တို့သည် မှန်ကန်ကြောင်း အတည်ပြုပြီးနောက် ဆက်လက်ငြင်းပယ်နေသူများထံသို့ လှည့်သွားသည်။ ငြင်းဆန်သူများသည် သောင်ရဲသ်ကျမ်းတွင် ပါဝင်သော တမန်တော်မြတ် ﴿ﷺ﴾သခင်၏ အကျင့်စာရိတ္တ၊ ဗီဇနှင့် အခြေအနေညွှန်းဆိုချက်များကို ဖုံးကွယ်ထားခြင်း၊ ၎င်းပြင် ယုတ်ညံ့စွာဖြင့် အခြားသူများ စစ်မှန်သောယုံကြည်မှုမှ ကင်းဝေးစေရန်မရှိသောအရာများရှိသယောင်ပြုခြင်း၊ ရှိပြီးသောအရာကို ရောတိရောရာလုပ်၍ လိုရာဆွဲ မမှန်မကန် တင်ပြကြသည်။ ထိုသူများအတွက်ကား ခွင့်လွှတ်ခြင်းနှင့် လမ်းမှန်ညွှန်ပြခြင်းဟူသည်ရှိမည်မဟုတ်ချေ။ ထို့ကြောင့် လမ်းညွှန်ခံရခြင်း (သို့) ဖြောင့်မှန်သောလမ်းကို တွေ့နိုင်စွမ်းမှာ တမန်တော်မြတ် ﴿ﷺ﴾သခင် နောက်လိုက်ခြင်းအပေါ် မူတည်ကြောင်းအလွန်ရှင်းလင်းလာပါသည်။ ၎င်းပြင် မည်သို့သော သဘောသဘာဝရှိ လမ်းမှန်မှသွေဖည်ခြင်းမဆို သည် တမန်တော်မြတ် ﴿ﷺ﴾သခင်ပေါ် ရန်လိုမုန်းထားခြင်းမှအပ အခြားမရှိပြီ။ ဤသည်ကား ဂျူးတို့၏ မှားယွင်းသော အယူအဆအားလုံးကို ပြည့်စုံကျယ်ပြန့်စွာ ငြင်းဆိုခြင်းဖြစ်သည်။

**အာယသ် (၁၇၀)**

يَٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَكُمُ ٱلرَّسُولُ بِٱلْحَقِّ
مِن رَّبِّكُمْ فَـَٔامِنُوا۟ خَيْرًا لَّكُمْ ۚ وَإِن تَكْفُرُوا۟ فَإِنَّ لِلَّهِ مَا فِى
ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ وَكَانَ ٱللَّهُ عَلِيمًا حَكِيمًا ﴿١٧٠﴾

**အို-လူသားအပေါင်းတို့ ဧကန်စင်စစ် (ဤ)ရစူလ်တမန်တော်(မုဟမ္မဒ်) သည် အသင်တို့ထံသို့ အသင်တို့အားမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ(မှန်ကန်သောတရားဓမ္မ)ကို ယူဆောင်၍လာခဲ့ချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည်"အီမာန်"သဒ္ဒါတရားထားရှိကြလေကုန်။ (ဤကဲ့သို့"အီမာန်" သဒ္ဒါတရားထားရှိခြင်းကား)အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်မည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် မယုံမကြည်သွေဖည်ငြင်းပယ်ကြပါမူ (အသင်တို့သည်ပင်လျှင် နစ်နာဆုံးရှုံးကြလတ္တံ့။)အကြောင်းမူကား မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှသော(သက်ရှိသက်မဲ့) အရာဝတ္ထုအလုံးစုံတို့သည် အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်တော်မူသော အရာဝတ္ထုချည်းသာ ဖြစ်သောကြောင့်ပင်တည်း။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ခပ်သိမ်း ဥဿုံအလုံးစုံတို့ကိုအကြွင်းမဲ့သိရှိတော်မူသောအရှင်၊ အကျိုးအကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူချေ သတည်း။ (၄:၁၇၀)**

ဣဿူးတို့၏ငြင်းချက်များကိုဖြေဆိုကာ စိုက်ယိဒိနာမုဟမ္မဒ်အလ်မုစ်သဖ(ﷺ)သခင် တမန်တော်ဖြစ်ခြင်းကို အတည်ပြုပြီးနောက် ကုရ်အာန်ကျမ်း တော်မြတ်သည် လူသားအားလုံးမည်သည့်နေရာတွင် ရှိနေသူဖြစ်စေ ၎င်းတို့ထံ အလ္လာဟ်အရှင်မြတ်၏ သတင်းစကားကို သယ်ဆောင်သည်။ ယင်းသူတို့သည်ကား ဤအာယသ်တော်က တိုက်ရိုက် ဦးတည်ပြောကြားထားသူများဖြစ်ကြသည်။ သတင်းစကား၏ အနှစ်သာရကား အသင့်အတွက် နောင်တမလွန်ဘဝတွင် ကယ်တင်ခံရခြင်းသည် တမန်တော်မြတ်(ﷺ)သခင်၏ တမန်တော်ဖြစ်ခြင်းကို သင်ယုံကြည်ခြင်းမှအပ အခြားတွင်မရှိပြီ။ ထို့ကြောင့် သက်ဝင်ယုံကြည်၍ တိုးတက်ကြီးပွားလေကုန်။

မယုံကြည်သွေဖည်ငြင်းပယ်မှုကို ရွေးချယ်သူများအတွက်ကား ၎င်းတို့သည် အရာရာတိုင်းဆုံးရှုံးကြ၍ အလ္လာဟ်အရှင်မြတ်မှာမူကား ဘာမျှဆုံးရှုံးမည်မဟုတ်ချေ။ အလ္လာဟ်အရှင်မြတ်၏ အဆုံးအစမရှိသော နယ်ပယ်နှင့်စွမ်းပကားရှင်ကို မည်သူဆုံးရှုံးနစ်နာစေ၍ အန္တရာယ်ဖြစ်စေရန်လုပ်ဆောင်နိုင်အံ့ဟု တွေးတောနိုင်သနည်း။ ဤသည်နှင့်ပတ်သက်၍ မယုံကြည်ငြင်းပယ်သူများ ပူပင်သောက ရောက်သင့်ပေသည်။ ၎င်းတို့၏ ယုံကြည်ခြင်း၊ မယုံကြည်ခြင်းနှင့်ပတ်သက်၍ အရာရာကိုအလ္လာဟ်အရှင်မြတ်သိတော်မူကြောင်း သူတို့သေချာစေပြီး၊ အပြစ်ပေးရာတွင်လည်း နှောင့်နှေးခြင်းကိုလည်းကောင်း၊ လျော့နည်းခြင်းကိုလည်းကောင်း မရှိစေရဘဲ၊ ဤကမ္ဘာတွင် သူတို့ကို လမ်းမှား၌ လိုက်မိစေခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ခပ်သိမ်းဥဿုံအလုံးစုံတို့ကို အကြွင်းမဲ့သိရှိတော်မူ၍ ထိုအရှင်မြတ်၏ကျိုးကြောင်းဆင်ခြင်တုံဉာဏ် ဟစ်က်မတ်နှင့်ဖြစ်လိုသော အရာပြုလုပ်တော်မူသောအရှင်ဖြစ်တော်မူ၍ ဖြစ်ပါသည်။

**အာယသ် (၁၇၁)**

يَٰٓأَهۡلَ ٱلۡكِتَٰبِ لَا تَغۡلُواْ فِي دِينِكُمۡ وَلَا تَقُولُواْ عَلَى ٱللَّهِ
إِلَّا ٱلۡحَقَّۚ إِنَّمَا ٱلۡمَسِيحُ عِيسَى ٱبۡنُ مَرۡيَمَ رَسُولُ ٱللَّهِ وَكَلِمَتُهُۥٓ
أَلۡقَىٰهَآ إِلَىٰ مَرۡيَمَ وَرُوحٞ مِّنۡهُۖ فَـَٔامِنُواْ بِٱللَّهِ وَرُسُلِهِۦۖ وَلَا
تَقُولُواْ ثَلَٰثَةٞۚ ٱنتَهُواْ خَيۡرٗا لَّكُمۡۚ إِنَّمَا ٱللَّهُ إِلَٰهٞ وَٰحِدٞۖ
سُبۡحَٰنَهُۥٓ أَن يَكُونَ لَهُۥ وَلَدٞۘ لَّهُۥ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي
ٱلۡأَرۡضِۗ وَكَفَىٰ بِٱللَّهِ وَكِيلٗا ١٧١

အို-ရှေးအထက် ကျမ်းဂန်ရရှိသူအပေါင်းတို့၊ အသင်တို့သည် မိမိတို့သာသနာ၌ အလွန်အကျူးလွန်ကဲခြင်းလည်း မပြုကြကုန်လင့်။ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ အမှန်အကန်ပြောဆိုခြင်းမှတစ်ပါး အခြားတစ်စုံတစ်ရာပြောဆိုခြင်းကိုလည်း မပြုကြကုန်လင့်။ "မရ်ယမ်"၏သားတော် (နဗီတမန်တော်) "မစိဟ်၊ အီစာ"သည် အလ္လာဟ်အရှင်မြတ်၏ ရစူတမန်တော်မျှသာဖြစ်ချေသည်။ ၎င်းပြင် (နဗီတမန်တော်အီစာသည်) အလ္လာဟ်အရှင်မြတ်၏ အကြင်သတင်းစကားလည်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် ထိုသတင်းစကားကို "မရ်ယမ်"၏ထံသို့ ပို့ဆောင်တော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်အထံတော်မှ ဝိညာဉ်လည်းဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုဂင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အပေါင်းတို့ကိုဂင်း၊ ယုံကြည်ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် (ကိုးကွယ်ရာဘုရား၊ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည်)သုံးပါးရှိသည်ဟူ၍ မပြောဆိုကုန်လင့်။ အသင်တို့သည် (ယင်းကဲ့သို့ပြောကြားခြင်းမှ) ရပ်စဲကြလေကုန်။ (သို့ရပ်စဲခြင်းသည်) အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်လတ္တံ့။ အလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်သည်သာ ဖြစ်တော်မူလေ၏။ ထိုအရှင်မြတ်သည် မိမိ၌ သားရှိခြင်းမှ ကင်းစင်တော်မူ၏။ မိုးကောင်းကင်၌ ရှိသမျှတို့သည်ဂင်း၊ မြေ၌ရှိသမျှတို့သည်ဂင်း၊ အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်တော်မူသော အရာများချည်းသာဖြစ်ကုန်၏။ ၎င်းပြင် ထိုအရှင်မြတ်သည် သာလျှင် အရာရာကို စီမံပြုလုပ်ပေးတော်မူသော အရှင်မြတ်အဖြစ် လုံလောက်တော်မူပေသတည်း။ (၄း၁၇၁)

ပြီးခဲ့သောအာယသ်တော်များတွင် ဂျူးတို့ကို ဦးတည်ပြောကြားခဲ့၍ ၎င်းတို့ အဘယ်ကဲ့သို့ လမ်းများသွားကြောင်း အသေးစိတ်ပါဝင်သည့် လက်ရှိ အာယသ် တော်များသည် ခရစ်ယာန်များကို ဦးတည်ပြောကြားကာ အလ္လာဟ်အရှင်မြတ် နှင့်ပတ်သက်သော စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်၏ ဘာသာရေးဆိုင်ရာ အဆင့်အတန်းကို ငြင်းဆိုထားသည်။

## အကျယ်ဖွင့်ဆိုခြင်း

၎င်အာယသ်တော်တွင် သုံးနှုန်းထားသော ကလိမသုလ် **كَلِمَتُهُۥٓ** ဟူသော စကားလုံးသည် စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်သည် "အလ္လာဟ်အရှင်မြတ်၏သတင်းစကား" ဖြစ်ကြောင်း ကျွန်ုပ်တို့အားပြောကြားသည်။ ဋီကာရှင်များက ၎င်အသုံးအနှုန်းနှင့်ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်။

၁။ အိမာမ်အလ်ဂဇာလီက မိန့်ကြားသည်မှာ ကလေးငယ်တစ်ဦးမွေးဖွားရာတွင် အချက်နှစ်ချက်လုပ်ဆောင်သည်။ ပထမတစ်ခုသည် သုတ်ပိုးဖြစ်၍ ဒုတိယအချက်မှာ **كُنْ** (အလ္လာဟ်အရှင်မြတ် "ဖြစ်စေ" ဟူသောစကားလုံးမိန့်ကြားခြင်းဖြစ်သည်။ ယင်းနောက်မှ ကလေးငယ်တစ်ဦးဖြစ်တည်လာရသည်။ စိုက်ယိဒိနာ အီစာ﴿عليه السلام﴾နှင့် ပတ်သက်၍ ပထမအချက်မှာ ပြောရန်ပင်မလိုချေ။ ဒုတိယအချက်အရ အီစာ﴿عليه السلام﴾ သခင်ကို **كَلِمَةُ اللّٰهِ** ကလိမသွလ္လာဟ် (အလ္လာဟ်အရှင်မြတ်၏ သတင်းစကား)ဟုခေါ်ဆိုပေသည်။ ဆိုလိုသည်မှာ အီစာ﴿عليه السلام﴾သခင်သည် ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းများကြားခံမလိုဘဲ **كُنْ** "ဖြစ်စေ" ဟူသောစကားလုံး တစ်လုံးတည်းဖြင့် ဖြစ်တည်လာရခြင်းဖြစ်သည်။ ၎င်ဖြစ်ရပ်တွင် **اَلْقٰهَآ اِلٰى مَرْيَمَ** အမိန့်တော်ကချက်ခြင်းကပ်ပါလာ၍ ယင်းက အလ္လာဟ်အရှင်မြတ်သည် မရ်ယမ်﴿رضي الله عنها﴾သခင်မထံ ၎င်စကားလုံးမိန့်ကြားခဲ့လိုက်ခြင်းဖြင့် စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင် မွေးဖွားလာစေခဲ့သည်ဟု ဆိုလိုနိုင်သည်။

၂။ ဋီကာရှင်အချို့က ပြောသည်မှာ-**كَلِمَةُ اللّٰهِ**(အလ္လာဟ်အရှင်မြတ်၏သတင်းစကား)ဟူသောအသုံးအနှုန်းသည် ÕA}RawB (အလ္လာဟ်အရှင်မြတ်ထံတော်မှ ကောင်းသတင်း)ဟူသော အဓိပ္ပာယ်အနေနှင့် သုံးနှုန်းထားကာ စိုက်ယိဒိနာအီစာ ﴿عليه السلام﴾သခင်အား ရည်ညွှန်းသည်။ မရ်ယမ်﴿رضي الله عنها﴾သခင်မအား စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ သခင်မွေးဖွားမည့်အကြောင်း အလ္လာဟ်အရှင်မြတ်က ကောင်းကင်စေတမန်များမှတစ်ဆင့် ကောင်းသတင်းပြောကြားရာတွင် ကလိမဟ်(သို့) **اِذْ قَالَتِ الْمَلٰٓئِكَةُ يٰمَرْيَمُ اِنَّ اللّٰهَ يُبَشِّرُكِ بِكَلِمَةٍ** (အခါတစ်ပါး၌ မလာအိကဟ် ကောင်းကင်တမန်များက (မရ်ယမ်အား) ၎င်သို့ပြောဆိုကြကုန်၏။ "အို မရ်ယမ် အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲ မိမိထံတော်မှသတင်းစကား(ဝါ)အလ္လာဟ်အရှင်မြတ်၏ သတင်းစကားဟူသောဘွဲ့နာမဖြင့် ကျော်ကြားမည့်သားတော်တစ်ပါး (၃း၄၅) ဟူသောစကားလုံးပါဝင်ကြောင်း ကျွန်ုပ်တို့ ပြန်လည်သတိရလိမ့်မည်ဖြစ်သည်။

၃။ ဋီကာရှင်အချို့ကပြောသည်မှာ ကလိမဟ်(သတင်းစကား)ဆိုသည်ကို"အာယသ်"(သို့)လက္ခဏာဟု သုံးနှုန်းထားသည်ဆိုကြောင်းပြောကာ ယင်းကဲ့သို့အဓိပ္ပာယ်အနေနှင့်အခြားတစ်နေရာ၌-**وَصَدَّقَتْ بِكَلِمٰتِ رَبِّهَا** ထို့ပြင် "မရ်ယမ်"သည် မိမိအားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မိန့်ကြားချက်များကိုလည်းကောင်း၊ ယုံကြည်ထောက်ခံခဲ့သည့်ပြင် (၆၆း၁၂)ပါရှိသည်။

ဤအာယ်တော်ပါ وَرُوحٌ مِّنْهُ (ၚင်းပြင်ထိုအၚ်မြတ်ထံတော်မှ ဝိညာဉ်တော်လည်းဖြစ်၏။)ဟူသော အဆိုအမိန့်ကို ကျွန်ုပ်တို့စဉ်းစားတွေးတောကြည့်ကြစို့။ ဤနေရာတွင် ကျွန်ုပ်တို့၏လေ့လာစူးစမ်းမှုတွင် အချက်နှစ်ချက်ပါဝင်သောကြောင့် သတိမူသင့်သည်။ ပထမအနေဖြင့် အဘယ့်ကြောင့် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သခင်အား(ရူးဟ်)(သို့) ဝိညာဉ်တော်ဟု ရည်ညွှန်းထားရသနည်း။ ဒုတိယနေဖြင့် "အလ္လာဟ်အၚ်မြတ်ထံတော်မှ"ဟု ပြောဆိုထားခြင်းကြောင့် ဤဝိညာဉ်သည် အလ္လာဟ်အၚ်မြတ်နှင့်စပ်ဆိုင်သည်။ သို့စပ်ဆိုင်ခြင်းသည်ကား မည်သည့် အဓိပ္ပာယ်နည်း။

ဤစပ်ဆိုင်ခြင်းနှင့် ပတ်သက်၍ ဋီကာၚ်များ၏ အကျယ်ဖွင့်ဆိုသောအနေအထားအမျိုးမျိုးကို တင်ပြထားသည်။ ၎င်းတို့၏ အကျဉ်းချုပ်ကို အောက်တွင်ဖော်ပြထားသည်။

၁။ ဋီကာၚ်ထဲမှအချို့က ဝေါဟာရအသုံးအနှုန်းပေါ် အခြေခံ၍ ၚင်းလင်းထားသည်။ ၎င်းတို့ ပြောကြသည်မှာ အုရ်ဖ်(သို့) အသိအမှတ်ပြုထားသည့် ဓလေ့ထုံးစံနည်းအရဆိုလျှင် (ရူးဟ်) (သို့) ဝိညာဉ်ဟူသော စကားလုံးသည် တစ်စုံတစ်ခုတွင် သန့်ပျံ့စင်ကြယ်ခြင်း၏အကျိုးမြွှင့်တင်ရန် အနှစ်သာရဆိုသည့် အဓိပ္ပာယ်တွင် သုံးနှုန်းသည်။ စိုက်ယိဒိနာအီစာ ﴿عليه السلام﴾ ဖွားမြင်ခြင်းတွင် မည်သည့်ဖခင်၏ကြားခံမျှ မပတ်သက်ဘဲ အလ္လာဟ်အၚ်မြတ်အလိုတော်၏ ရလဒ်ထိုအၚ်မြတ်၏ အမြင့်မားဆုံးသော ထည်ဝါမှုနှင့် ၎ | "ဖြစ်စေ"ဟူသော စကားလုံးရလဒ်ဖြစ်သည်။ ထို့ကြောင့် အီစာ ﴿عليه السلام﴾သခင်အား သန့်စင်မှု၏ အပြီးပြည့်စုံဆုံးသောအဆင့်အဖြစ် ကောင်းချီးမင်္ဂလာပေးခံရသည်။ ဤအကြောင်းကြောင့် အသိမှတ်ပြုထားခဲ့သော လုပ်ထုံးအရ အီစာ﴿عليه السلام﴾ သခင်ကို "ဝိညာဉ်တော်" (သို့) အနှစ်သာရဟုခေါ်ကြသည်။ အလ္လာဟ်အၚ်မြတ်နှင့် စပ်ဆိုင်သောကြောင့် အီစာ ﴿عليه السلام﴾ ကို လေးစားစေပါသည်။ မတ်စ်ဂျိဒ် (ဗလီဝတ်ကျောင်းတော်)နှင့် ပတ်သက်သော ရိုသေလေးမြတ်မှုကို မြွှင့်တင်ရန်အလို့ငှာ ဗလီဝတ်ကျောင်းတော်ကို အလ္လာဟ် အၚ်မြတ်နှင့် သက်ဆိုင်စေသကဲ့သို့ အလားတူပေသည်။ ထို့ကြောင့် မတ်စ်ဂျိဒ်ဒုလ္လာဟ် (သို့) အလ္လာဟ်အၚ်မြတ်၏ ဗလီဝတ်ကျောင်းတော်ဟူသော အသုံးအနှုန်းမျိုးဖြစ်လာသည်။ သို့တည်းမဟုတ် မြင့်မြတ်သောကအ်ဗဟ်ကို အလ္လာဟ်အၚ်မြတ်နှင့် စပ်ဆိုင်စေသောငှာ "ဗိုင်သုလ္လာဟ်" အလ္လာဟ်အၚ်မြတ်အိမ်တော်ဟု ခေါ်ဆိုခဲ့ကြသည်။ သို့မဟုတ် တစ်စုံတစ်ဦးသည် ဘာသာရေးဆိုင်ရာများကို အထူးဂရုပြု၍ အလ္လာဟ်အၚ်မြတ်ကို နာခံရိုကျိုးခဝတ်ကိုးကွယ်သူအား အလ္လာဟ်နှင့်စပ်ဆိုင်းစေရန် ၎င်းကို "အဗ်ဒုလ္လာဟ်" (သို့) အလ္လာဟ်၏ ကျေးကျွန်ဟုခေါ်သည်။ ထို့ကြောင့် အထက်ပါနည်းလမ်းနှင့် လျော်ညီစွာ စူရဟ်ဗနီအစ္စရာအီလ်တွင် တမန်တော်မြတ် ﴿ﷺ﴾သခင်အား-**اَسْرٰى بِعَبْدِهٖ** (ထိုအၚ်မြတ်သည် ညဉ့်အချိန်တွင် ထိုအၚ်မြတ်၏ ကျွန်ကိုခေါ်ဆောင်သွားတော်မူခဲ့၏။ (၁၇း၁) ဟူ၍ ရည်ညွှန်းထားခြင်းက အလ္လာဟ်အၚ်မြတ်နှင့် စပ်ဆိုင်စေကာ တမန်တော်မြတ် ﴿ﷺ﴾သခင်ကို ဂုဏ်ပေးရာရောက်ပေသည်။

၂။ အချို့ဋီကာၚ်များပြောသည်မှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾လာရောက်ခြင်းနောက်ကွယ်ရှိရည်ရွယ်ချက်မှာ လူတို့၏ သေနေသော နှလုံးသားများအတွင်းသို့ နာမ်ပိုင်းဆိုင်ရာ အသက်သွင်းကာ တစ်ဖန်ပြန်လည် ၚင်သန်စေရန်ဖြစ်သည်။ (အနောက်တိုင်း အယူအဆတွင် ခရစ်ယာန်များအဖြစ် တစ်ဖန်ပြန်လည် ၚင်သန်လာခြင်းမျိုးဖြစ်သည်။) အီစာ﴿عليه السلام﴾သခင်၏ နာမ်ပိုင်းဆိုင်ရာ အသက်၏အကြောင်းဖြစ်ခြင်းသည့်ၚုပ်ပိုင်းဆိုင်ရာ ဘဝတွင်ရှိ ဝိညာဉ်၏အကြောင်းနှင့် အလွန်တူသောကြောင့် အီစာ ﴿عليه السلام﴾သခင်ကို ဝိညာဉ်တော်အဖြစ် ခေါ်ဝေါ်ခဲ့သည်။

စင်စစ်ဤစကားလုံးကို ကုရ်အာန်ကျမ်းတော်မြတ်အတွက်လည်းသုံးနှုန်းခဲ့သည်။ وَكَذٰلِكَ اَوۡحَيۡنَاۤ اِلَيۡكَ رُوۡحًا مِّنۡ اَمۡرِنَا (ထိုနည်းအတိုင်းပင် ငါအရှင်မြတ်သည် မိမိအမိန့်တော်များအနက်မှ"ရူးဟ်"တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခဲ့သည်။ (၄၂း၅၂) အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်သည်လည်း လူအများအား နာမ်ပိုင်းဆိုင်ရာ ဘဝဖြင့် ကောင်းချီးမင်္ဂလာပေးသောကြောင့်ဖြစ်သည်။

၃။ အချို့သောဋီကာရှင်များက မိန့်သည်မှာ "ရူးဟ်" ဝိညဉ်ကို လျှို့ဝှက်ချက်ဟူသော သဘောဖြင့် သုံးနှုန်းထားသည်။ စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်သည် သမရိုးကျမဟုတ်သောနည်းဖြင့် ဖွားသန့်စင်ခဲ့ကာ အလ္လာဟ်အရှင်မြတ်၏လက္ခဏာနှင့်လျှို့ဝှက်ချက်ဖြစ်ပေသည်။ ထို့ကြောင့် အီစာ﴿عليه السلام﴾သခင်ကို "ရူဟုလ္လာဟ်" (အလ္လာဟ်အရှင်မြတ်၏ ဝိညာဉ်တော်)ဟု ခေါ်ဆိုခဲ့သည်။

၄။ ဋီကာရှင်အချို့က ပြောသည်မှာ ဤနေရာတွင် အဓိပ္ပာယ်ဖွင့်ဆိုရန် ထပ်ဖြည့်သောစကားလုံးသည် နားလည်ပြီးဖြစ်၍ ذُوۡرُوۡحٍ مِّنۡهُ (အလ္လာဟ်အရှင်မြတ်ထံမှ ဝိညာဉ်တစ်ရပ်၏ပိုင်ဆိုင်သူ)အဖြစ် ဖတ်ရွတ်ရလိမ့်မည်။ သို့သော်လည်း ကျိုးကြောင်းညီညွတ်သောလူသားအားလုံးသည် ဝိညဉ်ပိုင်းဆိုင်ရာတွင် သာတူညီမျှဖြစ်၍ အလ္လာဟ်အရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော်ကို ကိုယ်တိုင်အီစာ﴿عليه السلام﴾သခင်နှင့် ပတ်သက်စေခြင်းဖြင့် ထူးခြားမှုပေါ်လွင်ထင်ရှားလာသည်။

၅။ အခြားဋီကာဖွင့်ခြင်းဆိုင်ရာ ရှုထောင့်အရဆိုလျှင် "ရူးဟ်"ဟူသောစကားလုံးကို ĺfN "နတ်ဖ်ခဟ်" (သို့) အသက်ရှူမှုတ်ထုတ်ခြင်းအဓိပ္ပာယ်အဖြစ်သုံးနှုန်းသည်။ စိုက်ယိဒိနာဂျစ်ဗရာအီလ်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ စိုက်ယိဒါဟ်မရ်ယမ်﴿ﷺ﴾သခင်မ၏ ကော်လာပေါ်မှုတ်လိုက်ရာ သန္ဓေတည်သွားစေခဲ့သည်။ စိုက်ယိဒိနာအီစာ﴿عليه السلام﴾မွေးဖွားသန့်စင်ခြင်းသည် မှုတ်သွင်းခြင်းတစ်ခုတည်းကြောင့်ဖြစ်စေ၍ ယင်းကမုအ်ဂျိဇာဟ်တစ်ခုဖြစ်ပေသည်။ ထို့ကြောင့် အီစာ﴿عليه السلام﴾ကို "ရူဟုလ္လာဟ်"အလ္လာဟ်အရှင်မြတ်၏ ဝိညဉ်တော်ဟုခေါ်ဆိုခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်ဖြစ်သော-فَنَفَخۡنَا فِيۡهَا مِنۡ رُّوۡحِنَا (သို့ဖြစ်ပေရာ ငါအရှင်မြတ်သည်ထို(အမျိုးသမီး)၌ မိမိအထံတော်မှအသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့၏။)(၂၁း၉၁)တွင် ဤသို့ပင်ဖြစ်ကြောင်းညွှန်းထားသည်။

ဤသည်တို့ကို ထပ်ဆောင်း၍ ဖြစ်နိုင်ဖွယ်ရှိသည်များကိုလည်း အကြံပြုထားသည်။ သို့သော်လည်း စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်သည် အလ္လာဟ်အရှင်မြတ်၏ အစိတ်အပိုင်းတစ်ခု (သို့) ကိုးကွယ်ရာလူသားတစ်ဦးဟူ၍ လုံးဝမဆိုထားချေ။ ယင်းပေါ်အခြေခံ၍ ကျွန်ုပ်တို့ယခုပြောနေသော ဝိညာဉ်သည် စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်၏ လူသားတစ်ဦးအဖြစ်ပေါ်လွင်ထင်ရှားစေသည်ဟု အကြံပြုနိုင်ပါသည်။

## လိမ္မာပါးနပ်သောပြောဆိုချက်တစ်ရပ်

အလ္လာမဟ်အလ်အလူစီသည် ၎င်း၏ထင်ပေါ်ကျော်ကြားသောရူဟုလ်မအာနီကျမ်းထဲတွင် ခလီဖဟ်ဟာရူမ်အလ်ရာရှီးဒ်၏ရုံးတော်မှ ထူးခြားသောအဖြစ်အပျက်တစ်ခုကိုတင်ပြထားပါသည်။ ယင်းအဖြစ်အပျက်မှာ ခရစ်ယာန်သမားတော်တစ်ဦးနှင့် ပညာရှင်အလီအိဗ်နိအလ်ဟုစိုင်အလ်ဝါကွိဒီနှင့် စကားအခြေအတင် ပြောဆို

ကြခြင်းဖြစ်သည်။ ခရစ်ယာန်သမားတော်က ပညာရှင်၏ကျမ်းစာအုပ်(ကုရ်အာန်)ထဲတွင် စိုက်ယိဒိနာအီစာ﴿عليه السلام﴾ သည် အလ္လာဟ်အရှင်မြတ်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ညွှန်းသည့်စကားလုံးတစ်လုံးပါဝင်ကြောင်း စိန်ခေါ်ပြောကြားပါသည်။ သက်သေပြချက်အနေဖြင့် သူသည် အာယသ်တော်-**رُوۡحٌ مِّنۡهُ** "ငင်းပြင် ထိုအရှင်မြတ်ထံတော်မှ ဝိညာဉ်လည်းဖြစ်၏။ (၄း၁၇၁)"ပါစကားလုံးများကို ဖတ်ပြပါသည်။ အလ္လာဟ်မဟ်ဝါကီဒီသည် ခွန်းတုန့်ပြန်သည့်အနေဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်တစ်ပုဒ်ဖြစ်သော (၄၅း၁၃) **وَسَخَّرَ لَكُمۡ مَّا فِى السَّمٰوٰتِ وَمَا فِى الۡاَرۡضِ جَمِيۡعًا مِّنۡهُ** ရွတ်ဖတ်၍ပြလေသည်။ အာယသ်တော်၏အဓိပ္ပာယ်မှာ စကြဝဠာများအတွင်းနှင့် ကမ္ဘာမြေပေါ်ရှိရှိသမျှ အရာတိုင်းတို့သည် ထိုအရှင်မြတ်ထံတော်မှဖြစ်သည်။ အာယသ်တော်ပါ"မင်နှဟု" "ထိုအရှင်၏ထံမှ"ဟူသောစကားလုံးသည် အရာရာတိုင်းတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်သည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ထိုနောက် ဆက်လက်ပြောကြားသည်မှာ အကယ်၍ **رُوۡحٌ مِّنۡهُ** "အလ္လာအရှင်မြတ်ထံမှ ဝိညာဉ်တော်)ဆိုသည်က အသင်တွေးထင်သလို စိုက်ယိဒိနာအီစာ﴿عليه السلام﴾သည် အလ္လာဟ်အရှင်မြတ်၏ တစ်စိတ်တစ်ဒေသဟု အဓိပ္ပာယ်သက်ရောက်ပါလျှင် ကျွန်ုပ်ရွတ်ဆိုပြခဲ့သော အာယသ်တော်ပါ မိုးကောင်းကင်များနှင့်ကမ္ဘာမြေကြီးပေါ်ရှိအရာရာတိုင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ တစ်စိတ်တစ်ဒေသ ဖြစ်မသွားပေပြီလော။ ထိုကြောင့် သမားတော်သည် ငြိမ်ကျသွားကာ မုစ်လင်မ်တစ်ဦးအဖြစ် ရွေးချယ်သွားပါသည်။

## ကုရ်အာန်ကျမ်းတော်မြတ်နှင့် သုံးပါးတစ်ဆူအယူဝါဒ

ကုရ်အာန်ကျမ်းတော်မြတ်၏ **تَقُوۡلُوۡا ثَلٰثَةٌ** "ထိုမှတစ်ပါး အသင်တို့သည် (ကိုးကွယ်ရာဘုရား၊ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည်) သုံးပါးရှိသည်ဟူ၍ မပြောဆိုကြကုန်လင့်" (၄း၁၇၁) ဟူသောအဆိုအမိန့်က ကုရ်အာန် ကျရောက်သောအချိန်တွင် ခရစ်ယာန်များအကြား အဓိကဂိုဏ်းကွဲများ၏ အခြေအနေကို ရောင်ပြန်ဟပ်စေ ပါသည်။ သုံးပါးတစ်ဆူအယူဝါဒကို ဖက်တွယ်ရခြင်းမှာ သီးခြားမူသုံးရပ်ပေါ်တွင်မူတည်ပါသည်။ "မစီးဟ်"သည် အလ္လာဟ်အရှင်မြတ်ဖြစ်ပြီး အလ္လာဟ်အရှင်ကိုယ်တော်တိုင်"မစီးဟ်"အသွင်ဖြင့် ဤကမ္ဘာလောကသို့ပေါ်ပေါက်လာသည်ဟု ဂိုဏ်းတစ်ဂိုဏ်းကစွဲကိုင်ထားသည်။ ဒုတိယဂိုဏ်းမှာ"မစီးဟ်"သည်အလ္လာဟ်အရှင်မြတ်၏ သားတော်ဟုယုံကြည်ကြပါသည်။ သုံးပါးဖြစ်သော ဖခမည်းတော်၊ သားတော်နှင့် မရ်ယန်သခင်မ တို့ကို တစ်ဆူတည်းပေါင်းစည်းထားသည်ဟု တတိယဂိုဏ်းကအခိုင်အမာပြောဆိုကြသည်။ ဤဂိုဏ်းသည်ပင် အုပ်စုနှစ်စုကွဲနေပါသည်။ ဤတွင် ဒုတိယဂိုဏ်းကွဲကပြောသည်မှာ တတိယလူသည် စိုက်ယိဒိနာမရ်ယမ်(မေရီ) မဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော် (ရူဟုလ်ကုဒ္ဒတ်စ်) ဟုပြောကြသည်။ ထို့ကြောင့် ၎င်းတို့က သုံးပါးအနက် တတိယသည် စိုက်ယိဒိနာ "မစီးဟ်" အဖြစ်အသိအမှတ်ပြုထားကြသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဤဂိုဏ်းသုံးဂိုဏ်အား တစ်သီးတစ်ခြားစီသော်လည်းကောင်း၊ ပူးတွဲ၍သော်လည်းကောင်း၊ ရှင်းလင်းစွာ ဦးတည်ပြောကြားသည်မှာ အမှန်တရားသည်တစ်ခုတည်းသာရှိကြောင်းနှင့် ယင်းအမှန်တရားမှာ "မစီးဟ်"သည် "မရ်ယမ်"မှ မွေးဖွားသောလူသားတစ်ဦးဖြစ်ပြီး အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော်ဖြစ်သည်။ ထိုသည်ထက်ကျော်လွန်၍ အားလုံးသောပြောဆိုမှုတို့သည် မှားယွင်းပြီး အကျိုးမရှိပါ။ ပမာဆိုသော် ဂျူးများယုံကြည်သကဲ့သို့ သူသည် အယောင်ဆောင်တစ်ဦးနှင့် လုပ်ကြံပြောဆိုသူဟု လွန်ကဲစွာလျှော့တွက်ခြင်းများသော်လည်းကောင်း၊

ခရစ်ယာန်တို့ကဲ့သို့ သူသည် အလ္လာဟ်သော်လည်းကောင်း၊ အလ္လာဟ်၏သားတော်သော်လည်းကောင်းဖြစ်သည်ဟု လွန်ကဲစွာ ပိုတွက်ယုံကြည်ခြင်းတို့ဖြစ်ပါသည်။ အလ္လာဟ်အရှင်၊ ကျွန်ုပ်တို့အား ထိုကဲ့သို့သော အဖြစ်မျိုးမှ ထိန်းသိမ်းစောင့်ရှောက်တော်မူပါ။

အာယသ်တော်များစွာထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်က တစ်ဖက်တွင် ခရစ်ယာန်များနှင့် ဂျူးတို့၏ လမ်းလွဲမှုတို့ကိုထောက်ပြသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အလ္လာဟ်အရှင်မြတ်၏ထံတော်တွင် စိုက်ယိဒိနာအီစာ﴿عليه السلام﴾၏ ဂုဏ်မြင့်သောအဆင့်ကို ထင်ရှားစွာပြသထားသည်။ သို့မှသာ လွန်ကဲခြင်းနှင့်လျော့နည်းခြင်းဟူသော ရှုပ်ထွေးသော ဝက်ဘာထဲမှ အလယ်အလတ်ကျပြီး စစ်မှန်သောလမ်းပေါ် ထွက်လာပါမည်။ အစ္စလာမ်၏ စစ်မှန်သောတရားနှင့် နှိုင်းယှဉ်တွဲ၍ ခရစ်ယာန်တို့၏အမျိုးမျိုးသော ယုံကြည်မှုအသေးစိတ်အချက်လက်များကို စိတ်ဝင်စားသောသူတို့သည် မောင်လာနာရဟ်မသ်သုလ္လာကိရာနဝီ၏ ကမ္ဘာကျော် အစ်ဇ်ဟာရုလ်ဟတ်က်ကျမ်းကို လေ့လာလိုကြပါလိမ့်မည်။ အရဗီဘာသာနှင့် ရေးသားထားသော ဤမူရင်းကျမ်းကိုပါကစ္စတန်နိုင်ငံ ကရာချီမြို့ရှိ ဒါရုလ်အုလုမ်မ အသေးစိတ်မှတ်စုများနှင့်အတူ အတွဲသုံးတွဲဖြင့် ဘာသာပြန်ထုတ်ဝေခဲ့ပါသည်။ (ယင်းအူရ်ဒူဘာသာပြန်ဆိုထားသော ယင်းကျမ်းကို ဟဇ်ရသ်မုဖ်သီမုဟမ္မဒ်ရှဖီး၏သား မော်လာနာမုဟမ္မဒ်ဝလီရာဇီက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။

အာယသ်တော်၏အဆုံးတွင် - **لَهُ مَافِي السَّمٰوٰتِ وَمَا فِي الْاَرْضِ وَكَفٰى بِاللّٰهِ وَكِيْلاً** "မိုးကောင်းကင်၌ရှိသမျှတို့သည်လည်းကောင်း၊ မြေ၌ရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်တော်မူသောအရာများချည်းသာဖြစ်ကုန်၏။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် အရာရာကို စီမံပြုလုပ်ပေးတော်မူသောအရှင်မြတ်အဖြစ် လုံလောက်တော်မူပေတည်း" ဟု ကြေညာခဲ့ပါသည်။ ဆိုလိုရင်း အဓိပ္ပာယ်၏စေ့ဆော်ချက်မှာ အရာရာတိုင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှု သာဖြစ်ပြီး ထိုအရှင်၏ပိုင်စိုးခြင်းနယ်ပယ်အတွင်းရှိလျက်၊ လူတိုင်းလူတိုင်းသည် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်ဖြစ်ပါလျက်နှင့် အဘယ်သူတစ်ဦးသည် အဘယ်ကဲ့သို့ထိုအရှင်၏ အပေါင်းအဖော်သော်လည်းကောင်း၊ တွဲဖက်ခြင်းသော်လည်းကောင်း၊ သားတော်သော်လည်းကောင်းဖြစ်သွားရပါသနည်း ဟူ၍ဖြစ်ပါသည်။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အားလုံး၏ ချို့တဲ့မှုအပေါင်းကိုဖြည့်ဆည်းတော်မူသောအရှင်နှင့် လူတိုင်း၏လိုအပ်ချက်များကို တစ်ပါးတည်း တာဝန်ယူတော်မူသောအရှင်ဖြစ်တော်မူပါသည်။ ထိုအရှင်သည် စကြဝဠာလုံးဆိုင်ရာနှင့် အမြဲထာဝရပြီးပြည့်စုံတော်မူပြီး မိမိဖာသာမိမိတည်ရှိနေတော်မူ၍ မည်သူ၏အကူအညီမျှ ထိုအရှင်သည် မလိုအပ်ပါ။ သို့ဆိုပါလျှင် ထိုအရှင်အတွင် အပေါင်းအဖော်ဖြစ်စေ၊ သားဖြစ်စေ၊ အဘယ်ကဲ့သို့အပ်ပါမည်နည်း။

အချုပ်ဆိုရသော် မည်သည့်အဖန်ဆင်းခံမျှ ထိုအရှင်၏အပေါင်းအဖော်ဖြစ်နိုင်ရန်အရည်အချင်းမရှိပါ။ ထိုအရှင်သည် အလွန်မြင့်မြတ်တော်မူသောကြောင့် ၎င်းတို့မလိုအပ်ပါဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ အလ္လာဟ်အရှင်မြတ်၏အပေါင်းအဖော်ဟုအကြံပြုခြင်းသည်လည်းကောင်း ထိုအရှင်၏ သားတော်ဟုမှတ်ယူခြင်းတို့သည်လည်းကောင်း အီမာန်ယုံကြည်ချက်နှင့် ဆင်ခြင်တုံတရားကင်းမဲ့သူမှလွဲ၍ အခြားမည်သူမျှမဖြစ်နိုင်ဟု ကျွန်ုပ်တို့အားပြောပြရန်အတွက် ဤမျှသည်လုံလောက်ပါသည်။

## ယုံကြည်မှုလွန်ကဲခြင်းများ

အာယသ်တော်၏ အဖွင့်မိန့်ကြားချက်- **لاَ تَغْلُوا فِيْ دِيْنِكُمْ** ဆီသို့ ကျွန်ုပ်တို့ပြန်လည်ကြည့်ကြစို့။ ဤအာယသ်တော်ထဲတွင် ကျမ်းရပုဂ္ဂိုလ်များအား ၎င်းတို့၏ ယုံကြည်ချက်နှင့်ပတ်သက်သောကိစ္စရပ်များတွင် လွန်ကဲမှုများ မပြုလုပ် ရန်ပြောကြားထားပါသည်။ ဝေါဟာရအရ ကုရ်အာန်ကျမ်းတော်မြတ်ပါစကားလုံး- **الغلو** အလ်ဂုလ်လုပ်သည် ကန့်သတ်ချက်များကို ကျော်လွှားခြင်းကိုလည်းကောင်း၊ ချိုးဖောက်ခြင်းကိုလည်းကောင်း ဆိုလိုပါသည်။ အဟ်ကမ် မုလ်ကုရ်အာန်ကျမ်းထဲတွင် အိမာမ်အလ်ဂျဆွဲဆွားဆွဲကပြောသည်မှာ-

**الغلو فى الدين هو مجاوزة حدا لحق فيه**

ယုံကြည်မှုလွန်ကဲခြင်းဆိုသည်မှာ ယင်းအတွက်ပြဋ္ဌာန်းထားသော ကန့်သတ်ချက်များကို ကျော်လွှားခြင်းပင်ဖြစ်သည်။ ပုဂ္ဂိုလ်များဆိုသည်မှာ ဂျူးများနှင့် ခရစ်ယာန်များဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အကြားတွင်ရှိသောတူညီမှုသည် ယုံကြည်ချက်တွင် လွန်ကဲခြင်းပင်ဖြစ်သည်။ အုပ်စုနှစ်စုလုံးတို့သည် ယုံကြည်ချက်ဆိုင်ရာကိစ္စရပ်များတွင် လွန်ကဲခြင်း၏သားကောင်ဖြစ်သွားပါသည်။ ခရစ်ယာန်များက စိုက်ယိဒိနာအီစာ﴿عليه السلام﴾သည် အလ္လာဟ်ဟူ၍လည်းကောင်း၊ အလ္လာဟ်၏သားတော်ဟူ၍လည်းကောင်း၊ တတိယဘုရားဟူ၍ လည်းကောင်းမှတ်ယူကာ အစွန်းတစ်ဖက်သို့ရောက်သည်ထိ ယုံကြည်ရာရောက်ပါသည်။ ဂျူးများအတွက်မှာမူ စိုက်ယိဒိနာအီစာ﴿عليه السلام﴾သည် တမန်တော်ဖြစ်သည်ဆိုခြင်းကို လက်မခံရုံသက်သက်မဟုတ်ဘဲ ၎င်းအား မယုံကြည်ခြင်းနှင့်ငြင်းခြင်း၊ ဂျူးတို့သည် စိုက်ယိဒိနာအီစာ﴿عليه السلام﴾၏ မြင့်မြတ်သောမိခင် စိုက်ယိဒါတ်မရ်ယမ်အား မှားယွင်းသောစွတ်စွဲချက်များ ပြုလုပ်ခြင်း၊ သူမ၏မိခင်ဘဝနှင့်ပတ်သက်၍ မဟုတ်မတရားပြောဆိုခြင်းများကို ပြောင်ပြောင်တင်းတင်းပြု ဆောင်သော ကြောင့် လွန်ကဲမှုကျူးလွန်ရာရောက်ပါသည်။ ဂျူးနှင့်ခရစ်ယာန်တို့၏ ဆိုးရွားစွာအကျိုးယုတ်စေသော လမ်းလွဲမှုသည် ထိုခေတ်ထိုအချိန်အခါက သမရိုးကျမြင်ကွင်းတစ်ခုပင်ဖြစ်ပါသည်။ တမန်တော်မြတ်﴿ﷺ﴾က၎င်း၏ အုမ္မသ်ထုအား ယင်းကိစ္စရပ်နှင့်ပတ်သက်၍ အလွန်ဂရုပြုရန် အထူးတလည် ညွှန်ကြားခဲ့ပါသည်။ မုစ်နတ်အဟ် မဒ်ကျမ်းပါ စိုက်ယိဒိနာအုမရ်﴿رضي الله عنه﴾၏ တင်ပြချက်တစ်ခုအရ တမန်တော်မြတ်﴿ﷺ﴾သခင်ကမိန့်ကြားသည်မှာ-

**لاتطرونى كما اطرت النصارى عيسى بن مريم، فانماانا عبد، فقولوا: "عبدالله ورسوله"**

"မရ်ယမ်၏သားတော် အီစာနဗီအား ခရစ်ယာန်များက ပြုလုပ်သကဲ့သို့ ကျွန်ုပ်ကို ချီးကျူးထောမနာပြုရာတွင် ခဲ့ကားခြင်းမပြုပါနှင့်။ ကျွန်ုပ်သည် ကျေးကျွန်တစ်ဦးဖြစ်သည်ကို သတိပြုပါ။ ထို့ကြောင့် ကျွန်ုပ်ကို အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်နှင့် ထိုရှင်မြတ်၏ တမန်တော်ဟူ၍ခေါ်ဆိုပါ။ (ဤဆင့်ပြန်ချက်ကို အလ်ဗုခါရီနှင့် အိဗ်နိအလ်မဒနီကျမ်းများတွင်လည်း ခိုင်လုံသည်ဟု သတ်မှတ်ချက်နှင့် တင်ပြထားသည်။)

အချုပ်အားဖြင့် တမန်တော်မြတ်﴿ﷺ﴾သခင်မိန့်ကြားချက်၏ဆိုလိုရင်းမှာ ကျွန်ုပ်သည် အများတကာကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်ဖြစ်ပြီး၊ လူသားတစ်ဦးဖြစ်ပါသည်။ အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်သောကြောင့် ကျွန်ုပ်တွင် မြင့်မားသောအဆင့်ရှိပါသည်။ သတ်မှတ်ထားသည့် အဆင့်ထက်မြင့်ကာ ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်ဖက်သည်အထိ မှတ်ယူပါက လွန်ကဲမှုဖြစ်ပြီး ခရစ်ယာန်များ လွန်ကဲမှုပြုလုပ်သကဲ့သို့ အသင်တို့မပြုလုပ်စေလိုပါ။ ဂျူးများနှင့် ခရစ်ယာန်များပြုလုပ်သော ယုံကြည်မှုတွင် လွန်ကဲခြင်းသည် တမန်တော်များအတွက်သာ သက်သက်သတ်မှတ်ထားသည်မဟုတ်ပါ။ ထိုကဲ့သို့ ပြုလုပ်ခြင်းသဘောထားကို သာသနာပြုပုဂ္ဂိုလ်များနောက်လိုက်များနှင့် တမန်တော်များ၏ လက်ထောက်များအထိ တိုးချဲ့သွားကြသည်။ သူတို့သည် ထိုတမန်တော်များကို ဘုရားအဖြစ် အပ်နှင်းခဲ့ကြကာ တမန်တော်များ၏ နောက်လိုက်များကို အပြစ်ကင်းစင်သူအဖြစ်သတ်မှတ်ကြသည်။ ထိုကဲ့သို့ လုပ်ဆောင်ရာတွင် ထိုနောက်လိုက်များသည် ထိုတမန်တော်၏ သင်ကြားချက်များကို စွဲစွဲမြဲမြဲနှင့် မှန်မှန်ကန်ကန် ကျင့်ဆောင်လိုက်နာသည့် စစ်မှန်သော နောက်လိုက်များ ဟုတ်မဟုတ်သည်ကို လည်းကောင်း၊ ရိုးရာဆက်ခံသော ဘာသာရေးဆိုင်ရာပညာရှင်များနှင့် ရှေ့ဆောင် ညွှန်ကြားသူများထက် မပိုသောသူများဖြစ်သည် ဆိုခြင်းကို လည်းကောင်း သေချာစွာစုံစမ်းစစ်ဆေးမှုများ မပြုလုပ်ခဲ့ကြပါ။ ဤသည်၏ရလဒ်မှာ လမ်းလွဲသော ခေါင်းဆောင်မှုတစ်ရပ် ပေါ်ထွက်လာကာ အခြားသူများကို လမ်းမှားသို့ထပ်ခါထပ်ခါရောက်စေသည်ကလွဲ၍ ဘာမျှမပြုလုပ်နိုင်ပါ။ ထို့ကြောင့် ၎င်းတို့သည် အတွင်းမှနေ၍ ယုံကြည်မှုကို မှားယွင်းစွာလုပ်ဆောင်သောကြောင့် ယုံကြည်မှု ပျက်စီး သွားပါသည်။ကျမ်းတော်မြတ်ကုရ်အာန်က ဤသူများ၏အခြေအနေကို-**اِتَّخَذُوْٓا اَحْبَارَهُمْ وَرُهْبَانَهُمْ اَرْبَابًا مِّنْ دُوْنِ اللّٰهِ** "ထိုသူတို့သည် မိမိတို့၏ဓမ္မဆရာတို့ကို လည်းကောင်း၊ ဘုန်းကြီးရဟန်းတို့ကိုလည်းကောင်း၊ အလ္လာဟ် အရှင်မြတ်အားစွန့်၍(မိမိတို့၏) အရှင်သခင်များပြုလုပ်ထားခဲ့ကြလေသည်။" (ဇူးဉ၁) ထဲတွင် ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ၎င်းတို့၏ တမန်တော်အား ဘုရားအဖြစ်ပြုလုပ်ကာ လွန်ကဲခဲ့ကြခြင်းတို့ကြောင့် နောက်ပိုင်းတွင် တမန်တော်အား လိုက်နာသည်ဟု အမည်တပ်ကာ နှောင်းပိုင်းဘာသာရေးဆိုင်ရာ ခေါင်းဆောင်များကို စတင်ကိုးကွယ်လာကြပါသည်။

သင်ခန်းစာရယူရန်မှာ ယုံကြည်မှုတွင် လွန်ကဲခြင်းသည် အန္တရာယ်ရှိသော သဘောထားတစ်ရပ်ဖြစ်ပြီး အစောပိုင်း ဘာသာရေးဆိုင်ရာ အုပ္မသ်ထုအားလုံးတို့အား လှုပသည့် ယုံကြည်မှုအမည်တပ်ကာ ၎င်းတို့၏ ယုံကြည်မှုအားလုံးတို့ ဖျက်ဆီးပြစ်လိုက်ကြပါသည်။ ဤသည်၏ လေးနက်သော အကျိုးသက်ရောက်မှုတို့ကြောင့် ကျွန်ုပ်တို့၏ မြင့်မြတ်သောတမန်တော် ﴿ﷺ﴾သည်သူ၏ အုပ်မသ်ထုအား ဤကြောက်မက်ဖွယ်ရာ ကပ်ရောဂါဆိုးကြီးမှ လုံခြုံမှုရှိစေရန်အတွက် ပြီးပြည့်စုံသော ကာကွယ်မှုကို ဖန်တီးထားခဲ့သည်။

ဟဒီးဆ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﴿ﷺ﴾က အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗာစ်အား ဟဂ်ျပြုလုပ်မည့်အချိန်တွင် "ဂျမရသ်"၌ အသုံးပြုရန်အတွက် ကျောက်စရစ်ခဲကလေးများကို သွားရောက်ကောက်ယူခိုင်းပါသည်။ သူသည် ပျမ်းမျှအရွယ်အစားရှိသော ကျောက်စရစ်ခဲကလေးများယူဆောင်လာကာ တမန်တော်မြတ် ﴿ﷺ﴾က ယင်းကျောက်စရစ်ခဲကလေးများကို အလွန်နှစ်သက်တော်မူကာ-**بِمِثْلِهِنَّ، بِمِثْلِهِنَّ** ဒါတွေပဲ၊ ဒါတွေပဲဟု နှစ်ကြိမ်ပြောဆို သည်။ ဆိုလိုသည်မှာ "ဂျမ်ရသ်"တွင် "ရမီ" ပြုလုပ်မည့်သူ (သို့) သူမသည် ဤကဲ့သို့သော ပျမ်းမျှအရွယ်ရှိ ကျောက်စရစ်ခဲကလေးများကို သုံးသင့်ပါသည်။

ထို့နောက် တမန်တော်မြတ် ﷺက မိန့်ကြားသည်မှာ-

اِيَّاكُمْ وَالْغُلُوَّ فِى الدِّيْنِ، فَاِنَّمَا هَلَكَ مِنْ قَبْلَكُمْ بِالْغُلُوِّ فِىْ دِيْنِهِمْ

"ယုံကြည်မှုတွင် လွန်ကဲခြင်းကို ရှောင်ကျဉ်ကြရန်မှာ အသင်၏တာဝန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အသင်၏အလျင်က အုမ်မသ်ထုတို့သည် ယုံကြည်မှုတွင် ၎င်းတို့၏လွန်ကဲမှုကြောင့် ဖျက်ဆီးခြင်းခံခဲ့ကြရပါသည်။"

## လမ်းညွှန်မှု၏အရေးပါသောဥပဒေများ

ဤဟဒီးသ်မှ အချို့သောအရေးကြီးသည့်ဥပဒေများပေါ်ထွက်လာသည်။

၁။ ဟဂ်ျပြုနေစဉ်အတွင်း "ဂျမ်ရသ်"တွင် ပစ်ပေါက်ရသည့်ကျောက်စရစ်ခဲကလေးများ၏ အရွယ်ပမာဏာအပေါ်ထားရှိသော "မတ်စ်နူးန်" ကန့်သတ်ချက်မှာ သိပ်လည်းမကြီး၊ သိပ်လည်းမငယ်သော အလောတော်အရွယ်အစားဖြစ်သင့်ပါသည်။ ကျောက်ခဲကြီးများဖြင့် ပစ်ပေါက်ခြင်းသည် ယုံကြည်မှုလွန်ကဲခြင်းဆိုသည့် ခေါင်းစဉ်အောက်တွင် အကျုံးဝင်သွားပါသည်။

၂။ အရာရာတိုင်းတို့အတွက် တရားဝင်ကန့်သတ်ချက်သည် တမန်တော်မြတ် ﷺစဉ်းစားဆုံးဖြတ်ကာချန်ရစ်ခဲ့သော ပြောကြားချက်များနှင့် လုပ်ဆောင်ချက်များဖြစ်သည်။ ဤကန့်သတ်ချက်ကို ကျော်လွန်မှုသည် "ဂုလ်လူ"ခေါ် ယုံကြည်မှုလွန်ကဲခြင်းဖြစ်သည်။

၃။ တိတိကျကျဖော်ပြထားခဲ့သောကြောင့် တစ်စုံတစ်ခုကို လုပ်ဆောင်ရာတွင် သတ်မှတ်ထားသော "မတ်စ်နူန်း" ကန့်သတ်ချက်ကိုကျော်လွန်ခြင်းသည် ယုံကြည်မှုလွန်ကဲခြင်းပင်ဖြစ်သည်။

## ရုပ်ဝါဒအတွက် ကန့်သတ်ချက်များ

လိုအပ်သည့်အတိုင်းအတာထက်ကျော်လွန်ကာ လောကီစည်းစိမ်ဥစ္စာကို တပ်မက်ခြင်းသည် အစ္စလာမ်ဘာသာတွင် အပြစ်တင်ထိုက်သည်ဟု မှတ်ယူထားပါသည်။ ထိုကဲ့သို့သော အာသာဆန္ဒများကို ထိန်းချုပ်ခြင်းပြုရန် ညွှန်ကြားချက်များကို ကုရ်အာန်ကျမ်းတော်မြတ်နေရာအနှံ့အပြားတွင် မြောက်မြားစွာပါရှိသည်။ သို့ရာတွင် တမန်တော်မြတ် ﷺသည် လောကီစည်းစိမ်ချမ်းသာကို အသာငမ်းငမ်းတပ်မက်ခြင်းအား တားမြစ်ရာတွင် ၎င်း၏ဟောကြားချက်များ ကိုယ်တိုင်ကိုယ်ကျလုပ်ဆောင်ချက်များဖြင့် သင့်တင့်လျောက်ပတ်သော ကန့်သတ်ချက်များကိုပြဋ္ဌာန်းခဲ့ပါသည်။ လက်ထပ်ထိမ်းမြားမှုသည် သူ၏နည်းလမ်းအတိုင်း ဖြစ်စေရမည်ဟု တမန်တော်ကြီးကကြေညာခဲ့ပြီး အခြားသူများကိုလည်း ၎င်း၏စံနမူနာအတိုင်း လိုက်နာကျင့်သုံးရန်ဆွဲဆောင်ခဲ့ပါသည်။ သားသမီးရတနာထွန်းကားခြင်းကြောင့် ဘက်ပေါင်းစုံမှ ကောင်းချီးမင်္ဂလာများရရှိမည့်အကြောင်း တမန်တော်မြတ်ကြီးက ရှင်းလင်းပြသခဲ့သည်။ မိသားစုနှင့်အတူ ကောင်းမွန်စွာနေထိုင်ပြီး လူတိုင်း၏ရပိုင်ခွင့်များကို လျော်ကန်သင့်မြတ်စွာဖြည့်ဆည်းရန်သည် မပြုမနေရတာဝန်ဟူ၍ တမန်တော်မြတ် ﷺက ပြဋ္ဌာန်းထားခဲ့သည်။ တစ်စုံတစ်ဦး၏မိသားစုအတွက် ကောင်းမွန်စွာနေထိုင်စားသောက်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်း

မှုတစ်ခုလုပ်ဆောင်ခြင်းကို (**فريضة بعدالفريضة**)တာဝန်ဝတ္တရားတစ်ခုပြီး တာဝန်ဝတ္တရားတစ်ခုဟု တမန်တော်မြတ်ကြီးက ခေါ်ဆိုခဲ့ပါသည်။ လူအများအား ရောင်းဝယ်ဖောက်ကားခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ စက်မှုလုပ်ငန်းနှင့် အလုပ်ကိုင်များတွင်ပါဝင်လုပ်ကိုင်စေရန် တမန်တော်မြတ်﴿ﷺ﴾က အလေးအနက်ပြုမိန့်ထားပါသည်။ အစွမ်းလမ်နိုင်ငံနှင့် အစိုးရတစ်ခုတည်ထောင်ခြင်းနှင့် အစွမ်းလမ်ဘာသာက ထိန်းချုပ်သောစနစ်တစ်ခုပေါ်ထွန်းမှုတို့သည် တမန်တော်ဖြစ်ခြင်း၏လုပ်ပိုင်ခွင့် အခွင့်အာဏာဖြစ်သည်ဟု တမန်တော်မြတ်ကကြေညာခဲ့သည်။ ထို့ကြောင့် ယင်းနှင့်အညီလုပ်ဆောင်ကာ တမန်တော်မြတ်﴿ﷺ﴾သည် အာရေဗီးယား ကျွန်းဆွယ်တစ်ခုလုံးအတွက် အုပ်ချုပ်မှုစနစ်တစ်ခုတည်ထောင်ခဲ့ပါသည်။ ယင်းစနစ်သည် နောက်ပိုင်းတွင် ကမ္ဘာကြီး၏အရှေ့ခြမ်းနှင့် အနောက်ခြမ်းသို့တိုင်တိုးချဲ့ပါသည်။ လိုအပ်မှုအတွက် ကန့်သတ်ထားသည့်ဘောင်အတွင်းမှလုပ်ဆောင်သော ဤလုပ်ရပ်တို့ကို ဥစ္စာဓနချစ်မြတ်နိုးခြင်း ရမ္မက်လောဘကြီးခြင်းဟုမှတ်ယူ၍မရကြောင်း ဤသည်ကပြသပါသည်။

ဂျူးများနှင့် ခရစ်ယာန်တို့သည် ကိစ္စရပ်၏ အမှန်တရားကို မသိရှိကြဘဲ ဘုန်းကြီးဝါဒတွင် ပါဝင်ပတ်သက်ခဲ့ကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်က ၎င်းတို့၏ မလိုလားအပ်သောကိစ္စရပ်တွင် ပါဝင်ပတ်သက်မှုကို မှားယွင်းကြောင်းမိန့်ကြားထားသည်မှာ-

وَرَهْبَانِيَّةَ نِ ابْتَدَعُوْهَا مَا كَتَبْنٰهَا عَلَيْهِمْ اِلَّا ابْتِغَآءَ رِضْوَانِ اللّٰهِ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا

**“သို့ရာတွင် (၎င်းတို့ကိုယ်တိုင်) အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့ မှုရှာဖွေအံ့သောငှာ (တောထွက်လမ်းစဉ်ကိုလိုက်နာကျင့်သုံးခဲ့ကြ၏)။” သို့ပါသော်လည်း ၎င်းတို့သည် ယင်းတောထွက် လမ်းစဉ်ကို စောင့်စည်းအပ်သောဝတ္တရားနှင့်အညီ စောင့်စည်းနိုင်ကြသည်မရှိချေ။** (၅၇:၂၇)

## “စွန္နသ်”တော်နှင့် “ဗိဒ်အသ်”တို့အတွက် ကန့်သတ်ချက်များ

တမန်တော်မြတ်﴿ﷺ﴾သည် သူ၏ဟောကြားချက်များနှင့် လုပ်ကိုင်ဆောင်ရွက်ချက်တို့အရ ဘာသာရေးဆိုင်ရာခဝတ်ကိုးကွယ်မှု (အိဗာဒသ်)များနှင့် လူမှုဆက်ဆံရေးစသည့်အရာရာတိုင်းတို့အတွက် အလယ်အလတ်ကန့်သတ်ချက်များကို ပိုင်းခြားသတ်မှတ်ခဲ့သည်။ ဤကန့်သတ်ချက်များ၏ နောက်တွင်ကျန်ရစ်ခြင်းကိုသော်လည်းကောင်း ကန့်သတ်ချက်များကိုကျော်လွန်ကာ ရှေ့သို့ ရောက်နေခြင်းကိုသော်လည်းကောင်း၊ မည်ကဲ့သို့သောသွေဖည်မှုမျိုးကိုမဆို တားမြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းကဲ့သို့ဖြစ်ခြင်းသည် ယုံကြည် သက်ဝင်သူတစ်ဦးအား မှန်ကန်သောလမ်းကြောင်းမှ သွေဖည်သွားစေပါသည်။ ဤသည်ကြောင့် တမန်တော်မြတ်﴿ﷺ﴾သည် **بِدعَات**“ဗိဒ်အသ်”(အတည်ပြုပြီးသော ဘာသာတစ်ခုတွင် မိမိပြုလုပ်ထားသော အသစ်တည်ထွင်မှုများ)နှင့် **محدثات** “မုဟဒ်ဆသ်”(ကန့်သတ်ထားသောအချိန်တစ်ခုတွင်ပေါ်ပေါက်လာပြီး မကြာမီကာလက ဖြစ်ဟန်တူသော၊ အဆန်းအသစ်ဖြစ်သည့်အရာတိုင်းကိုဖက်တွယ်ကာ ကျွန်ုပ်တို့အချိန်တွင် ခေတ်ဆန်ခြင်း၊ ဝေဖန်သုံးသပ်ချက်များကို မူတည်၍ ပြန်လည်ပြုပြင်ခြင်းဟူသော လှုပသည့်အရေခြုံပြီး အတည်ပြုပြီးသော ဘာသာတရား၏

အစိတ်အပိုင်းတစ်ခုအဖြစ် သွတ်သွင်းလိုက်သည်။) တို့ကို ပြတ်ပြတ်သားသားပိတ်ပင်တားမြစ်ထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်-

كُلُّ بِدْ عَةٍ ضَلاَ لَةٌ، وَكُلُّ ضَلاَ لَةٍ فِى النَّارِ

"ဗိဒ်အသ်"တိုင်းသည် လမ်းမှားခြင်းဖြစ်ပြီး၊ လမ်းမှားခြင်းတို့သည် ဂျဟန္နမ်တွင် အဆုံးသတ်ကြပါသည် ကိုသတိရကြပါစို့။

ဤဟဒီးဆ်တော်ထဲတွင် သုံးစွဲထားသော "ဗိဒ်အသ်"ဟူသောစကားလုံးတို့သည် (ဘာသာတရားတစ်ခု၏ အစိတ်အပိုင်းတစ်ခုဟုထင်မှတ်ရသော) အရာရာတိုင်းကိုရည်ညွှန်းပါသည်။ သို့ရာတွင်ယင်းတို့သည် တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်များနှင့် လုပ်ဆောင်ချက်များတွင် ပြတ်သားစွာဖြင့်လည်းကောင်း၊ ရည်ညွှန်း၍လည်းကောင်း မပါရှိပါ။ ဟဇရသ်ရှားဝလီယွလ္လာဟ်က ပြောသည်မှာ အစ္စလာမ်ဘာသာသည် "ဗိဒ်အသ်"ကို ကြီးလေးသော ပြစ်မှုတစ်ခုဟုသတ်မှတ်ထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းကြောင့် ဘာသာရေးတွင် ပြောင်းလွဲမှုများဖြစ်ပေါ်စေနိုင်ပါသည်။ ဤသည်တို့သည် အစောပိုင်းက ဘာသာရေးအုပ်မသ်ထုအတွင်းတွင် ဖြစ်ပျက်ခဲ့သည်။ သူတို့၏တမန်တော်သင်ကြားမှုများနှင့် ကျမ်းစာမိန့်ကြားချက်များကို ၎င်းတို့စိတ်ကြိုက်ဖြည့်စွက်မှုများပြုလုပ်ခဲ့ကြသည်။ ထို့နောက် မျိုးဆက်သစ်တစ်ခုပြီးတစ်ခုပေါ်ပေါက်လာကာ မူရင်းကျမ်းစာအား ၎င်းတို့ဝေပုံကျဖြည့်စွက်မှုများပြုလုပ်ခဲ့ကြပါသည်။ အဆုံးတွင် အရာရာတိုင်းတို့သည် ရှုပ်ထွေးသွားကာ ယင်းသဘောတရားကို ဖက်တွယ်ထားသူများ၊ စွက်ဖက်မှုများတို့မှ ရှင်းလင်းစွာခွဲထုတ်ရန်မဖြစ်နိုင်တော့ပါ။

ရှားဟ်ဝလီယွလ္လာဟ်၏ကျော်ကြားသောစာအုပ်ဖြစ်သည့် ဟွဂ်ျာတုလ္လာဟ်ဟွလ်ဗာလိဂါဟ်ထဲတွင် ၎င်းက အစ္စလာမ်သာသနာထဲတွင် ကမ္ဘာတစ်ဝန်းက ပြင်ဆင်ပြောင်းလဲမှုများ ထိုးထည့်ထားရန် ကြိုးပမ်းအားထုတ်ထားနိုင်သည့် အခြေအနေအသေးစိတ်ကိုဖော်ပြထားသည်။ ၎င်းကအစ္စလာမ့် ရှရီအသ်တရားတော်သည် ထိုကဲ့သို့သော ကျူးကျော်ဝင်ရောက်မှုများမဝင်ရောက်နိုင်ရန် ကာကွယ်ရေးနည်းလမ်းများပြုလုပ်ထားသည်။ သို့မှသာ မုစ်လင်မ်အုမ္မသ်ထုသည် ထိုရောဂါဆိုးကြီးမှ ကင်းဝေးစေမည်ဖြစ်သည်။

## ဘာသာရေးဆိုင်ရာခေါင်းဆောင်များကို ဂုဏ်ပေးခြင်းနှင့် ၎င်းတို့နောက်လိုက်ခြင်းအတွက် အလယ်အလတ်နည်းလမ်း

အထက်ပါရည်ညွှန်းခဲ့သော အီမာန်ယုံကြည်ခြင်းဆိုင်ရာကျင့်စဉ်-(**غلو فى الدين**) တွင် လွန်ကဲခြင်းဖြစ်သည်။ ဤသဘောထားပေါ်ပေါက်လာမှုတွင် အချက်နှစ်ရပ်ထင်ရှားသည်။ ပထမအနေဖြင့် မလိုလားအပ်ဘဲ နှိုက်နှိုက် ခွဲတ်ခွဲတ်လေ့လာစုံစမ်းစစ်ဆေးလိုသောဆန္ဒ(သို့)ယုတ္တိမရှိသော အဓိပ္ပာယ်ပြန်ဆိုမှုများတွင် ပါဝင်ပတ်သက်ခြင်း။ ဒုတိယအနေဖြင့် တင်းမာသည့်အနေအထားကို ရွေးချယ်ခြင်း၊ ဝမ်းနည်းဖွယ်ကောင်းသည်မှာ တမန်တော်ﷺသခင်၏ မြောက်မြားစွာသော အကျယ်ဖွင့်ရှင်းလင်းချက်များနှင့် အစ္စလာမ့်ရှရီအသ်တရားတော်၏ ထိရောက်သောကန့်သတ်ချက်များရှိလင့်ကစား မုစ်လင်မ်အုမ္မသ်ထုသည် ဤလွန်ကဲမှု ရောဂါဆိုးကြီးကို ပြင်းပြင်းထန်ထန်ခံစားနေရပါသည်။ ယင်း၏ဆိုးကျိုးကို ကျွန်ုပ်တို့၏အီမာန်ယုံကြည်မှု ကဏ္ဍအားလုံးတွင်

ထင်ရှားစွာတွေ့မြင်ရပါသည်။ ကဏ္ဍများအားလုံးမှ အထိရောက်ဆုံးကဏ္ဍကား ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များကဏ္ဍဖြစ်ကာ ယင်း၌ပေါ်ထွက်လာသောမေးခွန်းကား "မည်သူ့နောက်လိုက်ရပါအံ့နည်း"ဟူ၍ဖြစ်ပါသည်။

အစွန်းရောက်အုပ်စုနှစ်ခုကြား ဖြန့်ကျက်ကြည့်လျှင် ဘာသာရေးခေါင်းဆောင် (သို့) အာလင်မ် (သို့) ရှိုက်ခ်ဟူသည်ပင် မရှိဟူသော အချက်ကိုစွဲကိုင်ထားသူများ အုပ်စုတစ်ခုပင်ရှိသေးသည်။ "အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်သည် ကျွန်ုပ်တို့အတွက် လုံလောက်သည်" ဟု ၎င်းတို့ပြောကြားလိမ့်မည်။ အကယ်၍ ဤသူတို့သည် အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်ကို တတ်သိနားလည်သည်ဆိုပါက ကျွန်ုပ်တို့သည်လည်း တတ်သိနားလည်သည်ဟု **هُمْ رِجَالٌ وَنَحْنُ رِجَالٌ** "သူတို့လည်းလူ တို့လည်းလူပဲ"ဟု ဆိုကြမည်။ ရလဒ်ကား အရဗီဘာသာစာပေလည်းမတတ်၊ ကုရ်အာန်ကျမ်းတော်မြတ်ဆိုင်ရာ အချက်အလက်များနှင့် ထိုးထွင်းဉာဏ်များကိုလည် မတတ်ကျွမ်း၊ တမန်တော်မြတ်ﷺသခင်၏ပေးထားသော အကျယ်ဖွင့်ဆိုခြင်းဆိုင်ရာ ရှင်းလင်းမှုများနှင့်လည်း အကျွမ်းမဝင်သော ရည်မှန်းချက်ကြီးသည့် ပညာရှိအတုအယောင်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဘာသာပြန်ဆိုမှုကို ဖတ်ရှုရုံမျှဖြင့် လုံလောက်သည်ဟုထင်မှတ်ကာ သူတို့ကိုသူတို့ ကုရ်အာန်ပညာရှင်များဟု အလံထူခဲ့ကြသည်။

တမန်တော်မြတ်ﷺရှင်းလင်းတင်ပြခဲ့သော (သို့) သပ်စိရ်တစ်ရပ်သည် တိုက်ရိုက်ဆွာဟာဗဟ်သာဝကကြီးများမှ ခိုင်လုံစွာဆင့်ပြန်ထားမှုအား မည်ကဲ့သို့လျစ်လျူရှု၍လည်းကောင်း၊ ပစ်ပယ်၍လည်းကောင်း ရနိုင်အံ့နည်း။ ဟိုစပ်စပ်၊ ဒီစပ်စပ် လုပ်တတ်သောသူများသည် ၎င်းတို့အတွေးအခေါ်များ ဦးစားပေးရန် ဘာမဆိုဖယ်ရှားကာ ဤသည်တို့မှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စပ်ဆိုင်သည်ဟုပင် ဆင်ကန်းတောတိုးပြောဆိုလာကြသည်။ ကျမ်းတစ်စောင်သည် သင်ကြားဆရာတစ်ဦးမရှိဘဲ လုံလောက်ခဲ့ကာ အလ္လာဟ်အရှင်မြတ်သည် ထိုကျမ်းစာကို အိမ်တိုင်းစေ့လူတို့အတွက် ကျမ်းစာရနိုင်အောင် ဆောင်ရွက်နိုင်ပါလျှင် သင်ကြားရန် တမန်တော်တစ်ပါးစေလွှတ်ဖို့ လိုမည်မဟုတ်ချေ။ အနည်းငယ်စဉ်းစားရုံမျှဖြင့် မြင်နိုင်သည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်အတွက် ထိုကဲ့သို့သော ကိစ္စမျိုးသည် အထူးအဆန်းမဟုတ်ချေ။ ဝိဇ္ဇာနှင့် သိပ္ပံဆိုင်ရာ မည်သည့်စာအုပ်ဘာသာပြန်ကို ဖတ်ရုံမျှဖြင့် မည်သူမျှ ထိုဘာသာတတ်ကျွမ်းသူအဖြစ် မရောက်နိုင်။ ကျွန်ုပ်တို့သည် ဆေးစာအုပ်ဘာသာပြန်စာအုပ်ဖတ်ရှုခြင်းဖြင့် သမားတော်ဖြစ်လာသောဆေးဆရာဟူ၍ တစ်ဦးမျှမတွေ့ရသေးပါ။ အင်ဂျင်နီယာစာအုပ်များကိုသာဖတ်၍ အင်ဂျင်နီယာဖြစ်လာသော အင်ဂျင်နီယာဟူ၍ တစ်ဦးမျှမရှိပါ။ စက်ချုပ်နှင့် အချက်အပြုတ်ဆိုင်ရာ သမရိုးကျ စာအုပ်ဖတ်ရှုရုံမျှဖြင့် မည်သူတစ်ဦးမျှ အောင်မြင်သော စက်ချုပ်ဆရာ (သို့) စားဖိုမှူးတစ်ဦးဖြစ်မလာနိုင်ပါ။ ထို့ကြောင့် အမှန်တရားသည် အခြားတစ်နေရာ၌ ရှိနေပါသည်။ စနစ်သည် ဆရာတစ်ဦးလက်အောက်၌ သင်ကြား ခြင်း၊ သင်ယူခြင်းဟူသော အကြောင်းအချက် လိုအပ်သည်။ ဤသည်မှာ အများတကာအတွက် အတည်ပြုပြီး လည်းဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ အရာအားလုံးနက် ကုရ်အာန်ကျမ်းမြတ်နှင့် စွန္ဓသ် တော်ကိုသာ မည်သည့်သင်ဆရာကိုမျှ မလိုအပ်ဟုပေါ့ပေါ့တန်တန်မှတ်ယူခြင်းကား အမှန်ဝမ်းနည်းဖွယ်ရာပင်တည်း။ ထို့ကြောင့် ကြီးမားသော ပညာတတ်အုပ်စုကြီးသည် စိုးရိမ်ဖွယ်ချို့တဲ့မှုဦးတည်ချက်တွင် မျောပါသွား၍ ကုရ်အာန်ကျမ်းတော်မြတ်ကို ကိုယ့်နည်းကိုယ့်ဟန် လေ့လာရုံမျှဖြင့် လုံလောက်သည်ဟုဆိုကာ အစောပိုင်း ပညာရှင်များ၏ ဦကာဖွင့်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းများ၏ အကြံဉာဏ်ရယူခြင်းနှင့် ယင်းနှင့်ပတ်သက်သော လမ်းညွှန်မှုခံယူခြင်းတို့ မလိုအပ်ဟုဆို၍ ပစ်ပယ်ကြသည်။

အစွန်းရောက်မှုတစ်ဖက်ကားကြီးမားသော မုစ်လင်မ်အုပ်စုကြီးတစ်ခုသည် လွန်ကဲမှုအမျိုးအစား တစ်ရပ်တွင် ပါဝင်ပတ်သက်ကြသည်။ ယင်းတွင် ၎င်းတို့အား မည်သူ့ကိုမဆို ၎င်းတို့၏ ဘာသာရေးဆိုင်ရာ လမ်းညွှန်သူဟု မျက်စိစုံမှိတ်မှတ်ယူကာ မျက်စိမှိတ်လိုက်ကြသည်။ ထိုသူတို့သည် လမ်းညွှန်သူဟု မှတ်ယူထားသူအား မြင့်မားသောအသိပညာအဆင့်အတန်းမှီသူ ဟုတ်မဟုတ်မစူးစမ်းကြ လူအများကောင်းစားရေးအတွက် သဘောထားရှိမရှိ ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက်တွင် စစ်မှန်သောတာဝန်ယူမှု ရှိမရှိ ကိုလည်းကောင်း၊ မလေ့လာမစူးစမ်းကြချေ။ ထိုသူတို့သည် အလွယ်ကူဆုံး စမ်းသပ်မှုတစ်ခုဖြစ်သည့် ၎င်း၏သင်ကြားမှုပုံစံကိုလည်း မစူးစမ်း၊ သင်ကြားမှုသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်တို့နှင့် မဆန့်ကျင်ကြောင်းကိုလည်း သေချာစွာမစစ်ဆေးချေ။

## စံပြအဖြေ

အစ္စလာမ့်ရှရီအသ်သည် မုစ်လင်မ်များလွန်ကဲခြင်းဟူသောထောင်ခြောက်တွင် မသက်ဆင်းမိစေရန် အသိဉာဏ်ကြွယ်ဝစွာဖြင့် အကာအကွယ်ပြုထားသည်။ ယင်းရှရီအသ်က အစွန်းနှစ်ဖက်ကြားရှိ အလယ်အလတ် လမ်းကို အကြံပြုထားသည်မှာကား အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော် ကိသာဗုလ္လာဟ်ကို အလ္လာဟ်အရှင်မြတ်၏ အချစ်တော် (ရိဂျာလုလ္လာဟ်)များထံမှ သင်ကြားပါ။ အလ္လာဟ်အရှင်မြတ်၏ အချစ်တော် (ရိဂျာလုလ္လာဟ်) များကို အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်များမှ အသိအမှတ်ပြုစံထိုးကြည့်ပါ။ တစ်နည်းဆိုရလျှင် တစ်စုံတစ်ဦးသည် ဦးစွာပထမ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်တို့၏ စစ်မှန်သော အသိပညာကို သင်ကြားပေးသူနှင့် ဆက်သွယ်ပေးသူတို့အား အစ္စလာမ့်ယုံကြည်ချက်၏ ထင်ရှားသော အရင်းအမြစ်နှစ်ခုတို့ဖြင့် အသိအမှတ်ပြုစံထိုးကြည့်ပါ။ ဤကိစ္စပြီးပြတ်သွားလျှင် အကယ်၍ သင်သည် သင်၏ကိုယ်ပိုင်ထင်မြင်ယူဆချက်ထက် ၎င်းတို့၏ရှင်းလင်းချက်အပေါ် လိုက်နာမည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်တို့နှင့်ပတ်သက်သော ရှုပ်ထွေးသည့် ပြဿနာတို့သည် သင့်အားမည်သို့သော အခါတွင်မျှ ဒုက္ခပေးလိမ့်မည်မဟုတ်ချေ။

V V V V V V V

**အာယသ် (၁၇၂-၁၇၃)**

لَنْ يَّسْتَنْكِفَ الْمَسِيْحُ اَنْ
يَّكُوْنَ عَبْدًا لِّلّٰهِ وَلَا الْمَلٰٓئِكَةُ الْمُقَرَّبُوْنَ ؕ وَمَنْ يَّسْتَنْكِفْ
عَنْ عِبَادَتِهٖ وَيَسْتَكْبِرْ فَسَيَحْشُرُهُمْ اِلَيْهِ جَمِيْعًا ﴿۱۷۲﴾ فَاَمَّا
الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَيُوَفِّيْهِمْ اُجُوْرَهُمْ وَ
يَزِيْدُهُمْ مِّنْ فَضْلِهٖ ۚ وَاَمَّا الَّذِيْنَ اسْتَنْكَفُوْا وَاسْتَكْبَرُوْا
فَيُعَذِّبُهُمْ عَذَابًا اَلِيْمًا ۙ وَّلَا يَجِدُوْنَ لَهُمْ مِّنْ دُوْنِ اللّٰهِ
وَلِيًّا وَّلَا نَصِيْرًا ﴿۱۷۳﴾

(နဗီတမန်တော်) "မစီဟ်" (အီစာ)သည် လည်းကောင်း၊ အပါးတော်မြဲ "မလာအိကဟ်" စေတမန်အပေါင်းတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ကျွန်ဖြစ်ခြင်းကို (ဂုဏ်ရည်ယုတ်ညံ့ ရှက်ဖွယ်ရာဖြစ်သည်ဟု အလျင်းထင်မှတ်ကြမည်မဟုတ်ပေ။ အလျင်းစက်ဆုပ်ကြမည်လည်းမဟုတ်ပေ။) သို့ရာတွင် မည်သူမဆို ထိုအရှင်မြတ်၏ ကျွန်ဖြစ်ခြင်းကို စက်ဆုပ်၍ မာန်မာနထောင်လွှားသည်ရှိသော် ထိုအရှင်မြတ်သည် မကြာမြင့်မီ (ထိုကဲ့သို့သော) သူအားလုံးတို့ကို မိမိအထံတော်သို့ (စစ်ဆေးမေးမြန်းခြင်းငှာ) စုရုံးစေတော်မူအံ့။ (၄း၁၇၂)

တစ်ဖန်ထိုအရှင်မြတ်သည် "အီမာန်" သဒ္ဓါတရားထားရှိ၍ ကောင်းမြတ်သော ကိုယ်ကျင့်တရားများ ဆောက်တည်ကြကုန်သောသူတို့အား ၎င်းတို့၏ကုသိုလ်အကျိုးတို့ကို အပြည့်အစုံပေးသနားတော်မူအံ့။ ၎င်းပြင် မိမိကျေးဇူးတော်ဖြင့်လည်း ထိုသူတို့အား ပိုမိုချီးမြှင့်တော်မူအံ့။ သို့ရာတွင် အကြင်သူတို့သည် (ထိုအရှင်မြတ်၏ ကျွန်ဖြစ်ခြင်းကို) ရွံရှာစက်ဆုပ်၍ မာန်မာနထောင်လွှားခဲ့ကြ၏။ ထိုသူတို့ကို ထိုအရှင်မြတ်သည် ပြင်းပြနာကျင်ဖွယ်ရာဖြစ်သော အပြစ်ဒဏ်ကိုပေးတော်မူလတ္တံ့။ ၎င်းပြင် ထိုသူတို့သည် မိမိတို့အဖို့ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆွေခင်ပွန်းအဖြစ်နှင့်လည်းကောင်း၊ ကူညီ စောင်မမည့်သူအဖြစ်လည်းကောင်း၊ တွေ့ရှိကြရမည်မဟုတ်ချေ။ (၄း၁၇၃)

အစောပိုင်းက အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သန့်ရှင်းစင်ကြယ်တော်မူကြောင်း အတည်ပြုခြင်းမှ စိုက်ယိဒိနာအီစာ﴿عليه السلام﴾အလိုင်သခင်အား ဘုရား အဖြစ်မှတ်ယူထားခြင်းမှားယွင်းကြောင်း ချေပပြောဆိုပြီးနောက် မူရင်းစာသားများသည် အခြေအတင်ပြောဆိုမှုကို ပိုမိုအားဖြည့်ထားသည်။ ယင်းမှာ စိုက်ယိဒိနာအီစာ﴿عليه السلام﴾သခင်သည် ကိုယ်တိုင်အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ပါးဖြစ်ကြောင်း ဝန်ခံခြင်းနှင့်အတူ စိုက်ယိဒိနာ ဂျိဗ်ရာအီလ် ﴿عليه السلام﴾အပါအဝင်ကောင်းကင်စေတမန်များသည်လည်း ဝန်ခံကြပေလိမ့်မည်။ (ယင်းကောင်းကင်စေတမန်များထဲတွင် သုံးပါးတစ်ဆူမှတစ်ပါးအပါအဝင် အဖြစ်ယိုးစွပ်ခံရသော စိုက်ယိဒိနာ ဂျိဗ်ရာအီလ်﴿عليه السلام﴾လည်း ပါဝင်သည်။) ထို့နောက် မနှစ်သက်မနာခံသူတို့အား သတိပေးချက်နှင့် ယုံကြည်၍ ကောင်းမှုကောင်းရာလုပ်ဆောင်သူတို့အတွက် ဆုလာဘ်များရရှိလိမ့်မည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကိုလည်း ပိုမိုများပြားစွာ ထပ်ဆောင်းရရှိလိမ့်မည်ဖြစ်သည်။

## အကျယ်ဖွင့်ဆိုခြင်း
## အလ္လာဟ်အရှင်မြတ်ကျေးကျွန်တစ်ယောက်ဖြစ်ရခြင်း၏ ဂုဏ်ကျက်သရေ

အာယသ်တော် (၁၇၂)၏ အဖွင့်အဆိုအမိန့် **لَنْ يَّسْتَنْكِفَ الْمَسِيْحُ اَنْ يَّكُوْنَ عَبْدًا لِّلّٰهِ** "(နဗီတမန်တော်) "မစိဟ်" (အီစာ)သည်လည်းကောင်း၊ အပါးတော်မြ "မလာအိကဟ်" စေတမန်အပေါင်းတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ကျွန်ဖြစ်ခြင်းကို (ဂုဏ်ရည်ယုတ်ညံ့ရှက်ဖွယ်ရာဖြစ်သည်ဟု အလျဉ်းထင်မှတ်ကြမည် မဟုတ်ပေ။ အလျဉ်းစက်ဆုပ်ကြမည်လည်းမဟုတ်ပေ)"နှင့်ပတ်သက်၍ မော်လာနာ ရှဗီရ်အဟ်မဒ် အွတ်စမာနီက မှတ်ချက်ပြုရာတွင် မိန့်ကြားထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ပါးဖြစ်ကာ ထိုအရှင်မြတ်ကို ခဝတ်ကိုးကွယ်မှုတွင်မြှုပ်ထားရခြင်း၊ ထိုအရှင်အလိုတော်နှင့်အမိန့်တော်ကို နာခံခြင်းသည်ပင်လျှင် ဂုဏ်ကျက်သရေတစ်ရပ်ဖြစ်ကာ အမြင့်ဆုံးအဆင့်မြင့်မြတ်မှုတစ်ရပ်ဖြစ်သည်မှာ အသေအချာပင်တည်း။

စိုက်ယိဒိနာမစီဟ် ﴿عليه السلام﴾သခင်နှင့် အနီးကပ်ကောင်းကင်စေတမန်များတို့သည် ဤကောင်းချီး မင်္ဂလာ၏ ထိုက်တန်မှုနှင့် တန်ဘိုးကို အကောင်းဆုံးသက်သေခံသူများပင်ဖြစ်ကြသည်။ ထိုကဲ့သို့သော ဂုဏ်ပေးမှု ကို ၎င်းတို့မည်သို့ ငြင်းပယ်အံ့နည်း။ ဤသည်နှင့်လုံးဝဆန့်ကျင်ကာ အဆိုးဝါးဆုံးဂုဏ်အသရေမဲ့ခြင်းနှင့် ဂုဏ်အသရေယုတ်ခြင်းတို့သည် အလ္လာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ရာကို ခဝတ်ကိုးကွယ်ခြင်းပင်ဖြစ်သည်။ ဤသို့ ခရစ်ယာန်များပြုကျင့်ကာ ၎င်းတို့က စိုက်ယိဒိနာမဆီဟ်﴿عليه السلام﴾သခင်အား အလ္လာဟ်၏သားတော်အဖြစ်မှတ်ယူကာ ကိုးကွယ်စရာအဖြစ် ပြုလုပ်ခဲ့ကြသည်။ မယုံကြည်သူများကလည်း ဤအတိုင်းပြုမူခဲ့ကြသည်။ ၎င်းတို့က ကောင်းကင်စေတမန်များအား အလ္လာဟ်အရှင်မြတ်၏ သမီးတော်များဟု မှတ်ယူကာ ၎င်းတို့၏ ရုပ်ထုများနှင့်အတူ ကိုးကွယ်ခဲ့ကြသည်။ ထို့ကြောင့် ပြစ်ဒဏ်ခတ်ခြင်းနှင့် ဂုဏ်အသရေမဲ့ခြင်းသည် ၎င်းတို့အတွက် သာတည်း။ **(သဖိစိရ်အွတ်စမာနီမှမှတ်စု)**

## အာယသ် (၁၇၄-၁၇၅)

يَٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَكُم بُرْهَٰنٌ
مِّن رَّبِّكُمْ وَأَنزَلْنَآ إِلَيْكُمْ نُورًا مُّبِينًا ﴿١٧٤﴾ فَأَمَّا ٱلَّذِينَ
ءَامَنُوا۟ بِٱللَّهِ وَٱعْتَصَمُوا۟ بِهِۦ فَسَيُدْخِلُهُمْ فِى رَحْمَةٍ
مِّنْهُ وَفَضْلٍ وَيَهْدِيهِمْ إِلَيْهِ صِرَٰطًا مُّسْتَقِيمًا ﴿١٧٥﴾

အို-လူခပ်သိမ်းတို့ အသင်တို့အား မွေးမြူတော်မူသော အရှင်မြတ်၏ အထံတော်မှ အသင်တို့ထံသို့ ခိုင်လုံသောသက်သေသာဓကတစ်ရပ် (ဖြစ်သော နဗီတမန်တော်မုဟမ္မဒ်(ﷺ)သည် ဧကန်မလွဲ ရောက်ရှိခဲ့ချေပြီ။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်တို့ထံသို့ ထင်ရှားလှစွာသော အလင်းရောင် ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ် ကိုလည်း ချပေးသနားတော်မူခဲ့ချေပြီ။ (၄း၁၇၄)

သို့ဖြစ်ပေရာ အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်၍ ထိုအရှင်မြတ်(၏ ဒီန်သာသနာတော်အစွယ်လာမ်)ကို မြဲမြံခိုင်ခံ့စွာ ဖက်ကိုင်ထားရှိကြကုန်။ သို့ဖြစ်လျှင် ထိုသူတို့အား အကြာမြင့်မီ ထိုအရှင်မြတ်သည် မိမိကရုဏာတော်(တည်းဟူသော"ဂျန္နသ်"အမတသုခဘုံ) နှင့် ကျေးဇူးတော်တွင်းသို့ ဝင်ရောက်စေတော်မူအံ့။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းသူတို့အား မိမိအထံတော်သို့(ရောက်ရှိနိုင်ရန်) ဖြောင့်မတ်မှန်ကန်သော (တရား)လမ်းကိုလည်း ညွှန်ပြတော်မူလတ္တံ့။ (၄း၁၇၅)

ခရစ်ယာန်များစွဲကိုင်ထားသော ယုံကြည်မှုများ အထူးသဖြင့် ယေရှုကို ဘုရားအဖြစ်ကိုးကွယ်သူများတို့၏ ယုံကြည်မှုများ မှားယွင်းကြောင်း ငြင်းဆိုမှု နှင့်အတူ အမှန်တရားကို အသိအမှတ်ပြုထားသူတို့အတွက် ဆုလာဘ်နှင့် ငြင်းမြဲ ငြင်းဆန်နေသောသူတို့အတွက် အပြစ်ဒဏ်ကို ကတိပြုထားသည်။ ထို့နောက် မူရင်းစာသားက စကြဝဠာလုံးဆိုင်ရာ ဦးတည်ပြောကြားမှုတွင် ထိုအရှင် တမန်တော်၏မြင့်မြတ်သော အဆင့်အတန်းနှင့် တာဝန်ကို ကောင်းချီး ပေးထားသည်။ ထိုတမန်တော်သည် အလ္လာဟ်အရှင်မြတ်က ၎င်းထံပို့ချခဲ့သော သစ္စာတရားကို သင်ကြားပို့ချပေးကာ ကုရ်အာန်ကျမ်းတော်မြတ်၏ မှန်ကန်မှု ကို ချီးကျူးဖွယ်သယ်ဆောင်ပေးခဲ့သည်။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်၏ မှန်ကန်မှုနှင့် တမန်တော်ကို ယုံကြည်သက်ဝင် သက်သေခံသောသူများကိုလည်း ဦးတည်မိန့်ကြားထားသည်။

## ဗုရ်ဟန်ဆိုသည်မှာဘာလဲ

အာယသ်(၁၇၄)**قَدْ جَآءَكُمْ بُرْهَٰنٌ مِّنْ رَّبِّكُمْ**(အသင်တို့အား မွေးမြူတော်မူသော အရှင်မြတ်၏ အထံတော်မှ အသင်တို့ ထံသို့ခိုင်လုံသော သက်သေသာဓကတစ်ရပ် (ဖြစ်သော နဗီတမန်တော် မုဟမ္မဒ်ﷺ)သည် ဧကန်မလွဲ ရောက်ရှိလာခဲ့ချေပြီ)တွင်ပါဝင်သော ဗုရ်ဟန် ဆိုသည့် စကားလုံးသည် အဘိဓာန်အရ ခိုင်လုံသော သက်သေသာဓက ကိုဆိုလိုသည်။ ယင်းသည် တမန်တော်မြတ်ﷺသခင်ကို ရည်ညွှန်းသည်။ **(ရူဟုလ်မအာနီ)**

စိုက်ယိဒိနာအိဗ်နိအဗ္ဗားစ် ﷺသခင်က တမန်တော်မြတ် ﷺသခင်၏ ကောင်းချီးမင်္ဂလာပေးခံရခြင်း၊ ကိုယ်တော်၏ မြင့်မြတ်သောကိုယ်ကျင့်တရားများ၊ ကိုယ်တော်၏ မုအ်ဂိဇာဟ်ထူးဆန်းအံ့ဖွယ်ရာများနှင့် အလ္လာဟ်အရှင်မြတ်ကျမ်းတော်ပို့ချမှုကို လက်ခံရရှိသူဖြစ်ခြင်းကြောင့် ဗုရ်ဟန်ဟူသည် တမန်တော်မြတ်ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု မိန့်ကြားခဲ့သည်။ ဤသည်တို့သည် ကိုယ်တော်မြတ် တမန်တော်ဖြစ်ခြင်း၏ ပွင့်လင်းထင်ရှားသော သက်သေသာဓကများဖြစ်ကာ ယင်းအပြင် မည်သည့်သက်သေသာဓကမျှမလိုတော့ချေ။ အချုပ်အဆိုရလျှင် ကိုယ်တော်မြတ်သည်ပင်လျှင် ပုဂ္ဂိုလ်ရေးဆိုင်ရာသာဓကဖြစ်ပေသည်။

**وَأَنزَلْنَآ إِلَيْكُمْ نُورًا مُّبِينًا** (၎င်းပြင် ငါအရှင်မြတ်သည် အသင်တို့ထံသို့ ထင်ရှားလှစွာသော အလင်းရောင်)(၁၇၄)တွင်ပါဝင်သော နူရ်ဟူသောစကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်အားရည်ညွှန်းသည်။ **(ရူဟုလ်မအာနီ)** စူရတ်အလ်မာအိဒဟ်(၅)၏ အာယသ်တော်(၁၅)**قَدْ جَآءَكُم مِّنَ اللَّهِ نُورٌ وَكِتَٰبٌ مُّبِينٌ** (အသင်တို့ထံသို့ အလ္လာဟ်အရှင်မြတ်အထံတော်မှ ရောင်ခြည်တည်းဟူသော ထင်ရှားသော (ကုရ်အာန်)ကျမ်းတော်မြတ်သည် စင်စစ်ဧကန်ရောက်ရှိလာခဲ့ချေပြီ)တွင်လည်း အထက်ပါသဘောအတိုင်းပင်ဖြစ်သည်။ မောင်လာနာအရှ်ရဖ်အလီထာနဝီ၏ အကျယ်ဖွင့်ဆိုထားသော အဓိပ္ပာယ် ပြန်ဆိုမှုတွင် ဤအာယသ်ကို အဓိပ္ပာယ်ပြန်ဆိုထားသည်မှာ "အသင်တို့ထံ အလ္လာဟ်အရှင်မြတ်ထံတော်မှ ရောင်ခြည်တည်းဟူသော ထင်ရှားသည့် ကျမ်းတော်မြတ်သည် စင်စစ်ဧကန်ရောက်ရှိခဲ့ချေပြီ။ ယင်းသည် ကုရ်အာန်ကျမ်းတော်မြတ်ပင်ဖြစ်သည်။ ဤအာယသ်တော်ထဲတွင် နူးရ် (အလင်းရောင်)ဟုဖော်ထုတ်ထားသည်ကို နောက်ပိုင်းတွင် "ကိသာဗုရ်မုဗီန်" (ထင်ရှားသောကျမ်းတော်)ဟုခေါ်သည်။ ဤနေရာ၌ ဆက်စပ်မှုများတွင် မတူညီမှုများပါဝင်လာ၍ နူးရ်(အလင်းရောင်)နှင့် ကိသာဗ်(ကျမ်းတော်)တို့သည် တစ်ခုတည်းမဟုတ်ကြောင်း သံသယမဝင်ပါနှင့်။ အဖြေကား အဓိပ္ပာယ်တူသော်လည်း ဖော်ပြမှုတွင် မတူညီခြင်းသည် လုံလောက်သောအကြောင်းရှိပေသည်။ **(ရူဟုလ်မအာနီ)**

ထို့ပြင် အကယ်၍ နူးရ်(အလင်းရောင်) သည် တမန်တော်မြတ် ﷺသခင်အား လည်းကောင်း၊ ကိသာဗ် (ကျမ်းတော်)သည် ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်း ရည်ညွှန်းခြင်းဖြစ်လျှင် ယင်းမှတ်ယူမှုသည် မှန်ကန်ပါလိမ့်မည်။ (ရူဟုလ်မအာနီ) သို့သော်လည်း တမန်တော်မြတ် ﷺ သခင်သည် စာပေသဘောအရ နူးရ်(သို့) အလင်းရောင်ဟူ၍ သက်သေပြမထားပါ။ ထို့ကြောင့် တမန်တော်မြတ် ﷺသခင်သည် ရုပ်ခန္ဓာကိုယ် နှင့် လူသားဖြစ်သည်ဟူသည်နှင့် မဆန့်ကျင်ချေ။

## အာယသ် (၁၇၆)

يَسْتَفْتُونَكَ قُلِ اللَّهُ يُفْتِيكُمْ فِي الْكَلَالَةِ إِنِ امْرُؤٌ هَلَكَ
لَيْسَ لَهُ وَلَدٌ وَلَهُ أُخْتٌ فَلَهَا نِصْفُ مَا تَرَكَ وَهُوَ يَرِثُهَا
إِن لَّمْ يَكُن لَّهَا وَلَدٌ فَإِن كَانَتَا اثْنَتَيْنِ فَلَهُمَا الثُّلُثَانِ مِمَّا
تَرَكَ وَإِن كَانُوا إِخْوَةً رِّجَالًا وَنِسَاءً فَلِلذَّكَرِ مِثْلُ حَظِّ
الْأُنثَيَيْنِ يُبَيِّنُ اللَّهُ لَكُمْ أَن تَضِلُّوا وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿١٧٦﴾

(အို-နဗီတမန်တော်) ထိုသူတို့သည် (မိဘ၊ သားသမီး၊ တစ်စုံတစ်ယောက်မျှမရှိသော "ကလာလဟ်" ယောကျ်ား၏ အမွေနှင့် စပ်လျဉ်းသော) တရားစီရင်ဆုံးဖြတ်ချက်ကို အသင့်အားမေးမြန်းကြကုန်သည်။ အသင်သည် (ထိုသူတို့အား ဤသို့)ဖြေကြားပါလေ။ "အလ္လာဟ်အရှင်မြတ်သည် (ကလာလဟ်) မိ၊ ဘ၊ သားသမီး တစ်စုံတစ်ယောက်မျှမရှိသော ယောကျ်ား(၏အမွေ)နှင့်စပ်လျဉ်း၍ (ဤသို့) အဆုံးအဖြတ်ပေးတော်မူလေသည်။ အကယ်၍ အကြင်ယောကျ်ား တစ်ဦးတစ်ယောက်သည် သေကြေပျက်စီး၍ ထိုသူ၌ သားသမီးတစ်စုံတစ်ယောက်မျှမရှိဘဲ နှစ်မ (သို့မဟုတ်အစ်မ) တစ်ယောက်သာရှိခဲ့မူ ထိုနှစ်မ (သို့မဟုတ်အစ်မ)သည် "ကလာလဟ်" ယောကျ်ားထားရှိခဲ့သော အမွေ ပစ္စည်း၏ ထက်ဝက်ကို ရရှိပေအံ့။ (အကယ်၍ ထိုနှစ်မသော်လည်းကောင်း၊ အစ်မသော်လည်းကောင်း၊ သေဆုံး၍) ၎င်း၌သားသမီးတစ်စုံတစ်ယောက်မျှမရှိခဲ့ပါလျှင်၊ ထို (ကလာလဟ်) ယောကျ်ားသည်၎င်း၊ (ထားရှိခဲ့သော၊ ပစ္စည်းအားလုံး)ကို အမွေဆိုင်၏။ တစ်ဖန်အကယ်၍ (သေဆုံးသော ထို"ကလာလဟ်" ယောကျ်ား၌) အစ်မ (သို့မဟုတ် အစ်မနှင့်နှစ်မ)နှစ်ယောက်ရှိခဲ့ကြပါလျှင်၊ ၎င်းတို့နှစ်ဦးသည် ထို"ကလာလဟ်" ယောကျ်ားထားရှိခဲ့သော အမွေပစ္စည်းအနက်မှ သုံးပုံနှစ်ပုံကို ရရှိကြလတ္တံ့။ အကယ်၍သာ ၎င်း(သေဆုံးသူ "ကလာလဟ်"ယောကျ်ား၏အမွေစားအမွေခံ) တို့သည် ညီအစ်ကိုမောင်နှမများ၊ ယောကျ်ားရော မိန်းမပါရှိနေကြပါမူ ယောကျ်ား(တစ်ယောက်)သည် မိန်းမနှစ်ယောက်၏ ဝေစုဝေပုံနှင့် ညီတူညီမျှရရှိပေအံ့။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့လမ်းမှား သို့မရောက်ကြစေရန် (ဤအမိန့်ပညတ်တော်များကို) အသင်တို့အားရှင်းလင်းစွာ မိန့်ကြားတော်မူလေသည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ် သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၄း၁၇၆)

စူရဟ်အလ်နိစာအ်စပြီးမကြာမီပင် အမွေဆက်ခံခြင်းနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များ ကျရောက်ခဲ့သည်။ ထို့နောက် အတော်အတန်ခြားပြီးနောက် အခြားသောအမိန့်ပညတ်ချက်များနှင့်အတူ အမွေဆက်ခံခြင်းနှင့်ပတ်သက်သော ပညတ်ချက်များဆီသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။ ယခု စူရဟ်အဆုံးပိုင်းတွင် မူရင်းစာသားသည် ယင်းအကြောင်းအရာသို့ပင် ပြန်လည်ဦးတည်သွားပါသည်။ နေရာသုံးနေရာတွင် အကြောင်းအရာကိုဖြန့်ကျက်ထည့်ထားခြင်း၏နောက်ကွယ်ရှိ အသိညာဏ်မှာ အစ္စလာမ်မပေါ်ပေါက်မီက အမွေ ဆက်ခံခြင်းကိစ္စတွင်ရှိသော ခေတ်စားနေသည့်မတရားမှုများကိုထည့်သွင်းစဉ်းစားခြင်းကြောင့် ဖြစ်နိုင်ပေသည်။ ဤအကြောင်းအရာအစအလယ်နှင့်အဆုံးတွင် ဖော်ပြထားရခြင်းမှာ ဦးတည်ပြောကြားခြင်းခံရသူများသည် ယင်းကိစ္စနှင့် ပတ်သက်လာလျှင် တရားမျှတမှုလိုအပ်ကြောင်းတဖြည်းဖြည်းနှိုးဆော်ကာ ထိုသူတို့သည် ၎င်းတို့၏ အမြင့်ဆုံး သောကထားမှုကို ပြသနိုင်ပေလိမ့်မည်။

## ပေးထားသောဥပဒေများ၏အကျဉ်းချုပ်

ဤအာယသ်တော် (၁၇၆)သည် အချို့သော ဆွဟာဗဟ်သာဝကြီးများက တမန်တော်မြတ် ﷺသခင်ထံ ကလာလဟ်နှင့်ပတ်သက်သော အမွေဆက်ခံခြင်းအကြောင်းမေးမြန်းခြင်းကိုဖြေကြားရန်အတွက် ကျရောက်ခဲ့သည်။ ကလာလဟ်ဆိုသည်မှာ လူတစ်ဦးကွယ်လွန်သေဆုံးရာတွင် မိဘနှင့်သားသမီးမကျန်ရစ်ခဲ့သူကိုဆိုလိုသည်။ ကလာလာဟ်တစ်ဦး ကျန်ရစ်ခဲ့သော ပစ္စည်းဥစ္စာများကို အောက်ပါနည်းအတိုင်း ဝေငှရမည်ဟုအာယသ်တော်က ရှင်းလင်းထားသည်။

၁။ အကယ်၍ [L* | “ကလာလာဟ်” တစ်ဦးတွင် အစ်မ၊ (သို့မဟုတ်) ညီမအရင်းအချာတစ်ဦး (သို့မဟုတ်) ဖအေတူမအေကွဲအစ်မ (သို့မဟုတ်) ညီမတစ်ယောက်ကျန်ရစ်ခဲ့ပါက ဦးစားပေးတာဝန်ဝတ္တရားများ (ပမာဆိုသော် ကြွေးမြီများ၊ သေတမ်းစာဆိုင်ရာကိစ္စရပ်များ၊ သင်္ဂြိုလ်စရိတ်များ) ကိုရှင်းလင်းပြီးပါက သူမသည် ပစ္စည်းဥစ္စာတစ်ဝက်ကိုရပါလိမ့်မည်။ ကျန်ရှိပစ္စည်းတစ်ဝက်ကိုမူ “အဆ်ွဗဟ်” „ahUA အမျိုးအစားပါ၊ အမွေဆက်ခံသူများကိုပေးရပါလိမ့်မည်။ အကယ်၍“အဆ်ွဗဟ်” „ahUA အမျိုးအစားပါ အမွေဆက်ခံသူများတစ်ဦးတစ်ယောက်မျှမရှိခဲ့ ပါလျှင် ဤတစ်ဝက်ကိုလည်း သေဆုံးသူ၏အစ်မ(သို့)ညီမကိုပေးရပါလိမ့်မည်။ (ဆိုလိုသည်မှာ သူမသည် ပစ္စည်း ဥစ္စာအားလုံးကိုရရှိပါလိမ့်မည်။)

၂။ အကယ်၍ အထက်ပါအပိုဒ်(၁)တွင် ရည်ညွှန်းထားသောအစ်မ(သို့)ညီမသည် သေဆုံးသွားခဲ့ပြီး သားသမီးများမကျန်ရစ်ဘဲ သူမ၏အစ်ကို(သို့) မောင်သည် အသက်ထင်ရှားရှိနေပါက သူသည် သူမကချန်ထားရစ်သော ပစ္စည်းဥစ္စာအားလုံးကိုရရှိပါလိမ့်မည်။

၃။ အကယ်၍ အမျိုးသား(သို့)အမျိုးသမီး “ကလာလဟ်”တစ်ဦးသေဆုံးသွားပြီးနောက် နှစ်ယောက် (သို့) နှစ်ယောက်ထက်ပိုသော ညီမ(သို့)အစ်မများ၊ အရင်းအချာဖြစ်စေ၊ ဖအေတူမအေကွဲဖြစ်စေ ကျန်ရစ်ခဲ့ပါက “ကလာလဟ်” ချန်ထားရစ်သော ဥစ္စာပစ္စည်းများအနက်မှ သုံးပုံနှစ်ပုံကို ၎င်းတို့ကရရှိကြပါလိမ့်မည်။ ကျန်ရှိသော သုံးပုံတစ်ပုံကို “အဆ်ွဗဟ်” „ahUA အမျိုးအစားအမွေဆက်ခံသူများကျန်ရှိနေပါက ၎င်းတို့အား ပေးအပ်ရမည်။

အကယ်၍ မကျန်ရှိပါက ဤသုံးပုံတစ်ပုံကိုလည်း ညီမျှစွာခွဲဝေယူနိုင်ကြစေရန်အတွက် ညီအစ်မများကို ပေးရပါမည်။

၄။ အကယ်၍ "ကလာလဟ်" တစ်ဦးသည် ညီအစ်ကိုမောင်နှမများ (အရင်းဖြစ်စေ၊ ဖအေတူမအေကွဲများသာ)ကျန်ရစ်ခဲ့ပါက ဥစ္စာပစ္စည်းအလုံးစုံကို ဦးစားပေးတာဝန်ဝတ္တရားများဆောင်ရွက်ပြီးစီးပါက ညီအစ်ကိုတိုင်းသည် နှစ်ပုံ၊ ညီအစ်မတိုင်းသည် တစ်ပုံဆိုသောမူနှင့်အညီ ခွဲဝေပေးရပါမည်။

## အရေးကြီးမှတ်စုများ

၁။ يَسْتَفْتُوْنَكَ قُلِ اللّٰهُ يُفْتِيْكُمْ فِى الْكَلٰلَةِ (အို-နဗီတမန်တော်"ထိုသူတို့သည် (မိဘ၊ သားသမီးတစ်စုံတစ်ယောက်မျှမရှိသော "ကလာလဟ်" ယောကျ်ား၏အမွေနှင့် စပ်လျဉ်းသော)တရားစီရင်ဆုံးဖြတ်ချက်ကို အသင့်အားမေးမြန်းကြကုန် သည်။ အသင်သည် (ထိုသူတို့အား)ဤသို့)ဖြေကြားပါလေ "အလ္လာဟ်အရှင်မြတ်သည် "ကလာလဟ်" မိဘ၊ သားသမီး တစ်စုံတစ်ယောက်မျှမရှိသောယောကျ်ား(၏အမွေ)နှင့်စပ်လျဉ်း၍ (ဤသို့) အဆုံးအဖြတ်ပေးတော်မူလေသည်"ဖြင့် အစပြုထားသောအာယသ်တော်ထဲတွင် "ကလာလဟ်"နှင့် ပတ်သက်သောအမိန့်ပညတ်ချက်နှင့် ဝဟီကျရောက်ရခြင်း၏အကြောင်းခံကိုဖော်ပြထားရခြင်းက အချို့သော အရေးကြီးသည့် အမြင်သဘောထားနှင့်ပတ်သက်သည့်ညွှန်ကြားချက်များကို ကျွန်ုပ်တို့အားပေးပါသည်။ ဦးစွာပထမသတိမူရမည်မှာ အစောပိုင်းကဖော်ပြထားသောစာသားထဲတွင်ပါဝင်သော ဥပမာနှစ်ရပ်၏ နှိုင်းယှဉ်ချက်ပင်ဖြစ်ပါသည်။ အာယသ်(၁၇၀) وَاِنْ تَكْفُرُوْا فَاِنَّ لِلّٰهِ مَافِى السَّمٰوٰتِ وَ الْاَرْضِ "သို့ရာတွင် အကယ်၍ အသင်တို့သည် မယုံကြည်သွေဖည်ငြင်းပယ်ကြပါမူ (အသင်တို့သည်ပင်လျှင် နစ်နာဆုံးရှုံးကြလတ္တံ့။ အကြောင်းမူကား မိုးကောင်းကင်များနှင့် ပထဝီမြေ၌ရှိရှိသမျှသော(သက်ရှိသက်မဲ့) အရာဝတ္ထုအလုံးစုံတို့သည် အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်တော်မူသော အရာဝတ္ထုချည်းသာဖြစ်သောကြောင့်ပင်တည်း"ထဲတွင် မယုံကြည်သွေဖည်သူများတို့၏ အခြေအနေပါဝင်ပါသည်။ ထို့နောက်အလားတူအဆိုအမိန့်တစ်ခုကို အာယသ်(၁၇၄)း فَاَمَّا الَّذِيْنَ اٰمَنُوْا بِاللّٰهِ وَاعْتَصَمُوْا بِهٖ الخ "သို့ဖြစ်ပေရာ အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်ကိုယုံကြည်၍ ထိုအရှင်မြတ်(၏ဒီးန်သာသနာတော်အစ္စလာမ်)ကို မြဲမြံခိုင်ခံ့စွာဖက်ကိုင်ထားရှိကြကုန်၏။"ထဲတွင်ပါဝင်ကာ တမန်တော်မြတ် ﷺ ၏ မြင့်မြတ်သောဆွဟာဗတ်ကြီးတို့၏ စံပြဖြစ်မှုကိုတင်ပြထားပါသည်။ ဤကဲ့သို့ ယှဉ်တွဲဖော်ပြထားသော်လည်း အလှမ်းကွာဝေးလှသော ယုံကြည်သူများနှင့် မယုံကြည်သွေဖည်သူများ၏ အခြေအနေကိုရှင်းလင်းပြတ်သွားစွာ မြင်စေနိုင်ပါသည်။ သို့မှသာ "ဝဟီ" အား ကျောခိုင်းသူတို့၏ မကောင်းဆိုးဝါးပုံနှင့် မည်ကဲ့သို့လမ်းမှားပုံ ဝဟီအားလိုက်နာသူတို့၏ စစ်မှန်ပုံ၊ ကောင်းမြတ်ပုံတို့ကို လူအများအား နားလည်စေပါသည်။

၂။ အထက်ပါလေ့လာချက်များ၏နောက်တွင် အသန့်ရှင်းဆုံးဖြစ်တော်မူသော အလ္လာဟ်အရှင်နှင့် တွဲဖက်သူသားတော်ဟု စက်ဆုပ်ရွံရှာဖွယ်ရာ အကြံပြုချက်တစ်ခုကိုယင်းတို့ ယုံကြည်မှုတွင် အပိုဒ်တစ်ပိုဒ်ထည့်သော ကျမ်းရပုဂ္ဂိုလ်များ၏ ဆိုးရွားသောလုပ်ရပ်သည် ကြောက်ခမန်းလိလိဖြစ်သည်မှာ ထင်ရှားပါသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ "ဝဟီ"ကို အရှက်မရှိ ပြောင်ကျကျဆန့်ကျင်သောအနေအထားသို့ ရောက်ရှိသွားပါသည်။

ဤသည်မှာ အလ္လာဟ်အရှင်၏တမန်တော်နှင့် မြင့်မြတ်သော ဆွဟာဗဟ်သာဝကြီးများ (ئەنسۆرى ئۇيغۇر) (ئۇيغۇر နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပေသည်။ "အီမာန်" ဆိုင်ရာ အခြေခံများကို ၎င်းတို့တစိုက်မတ်မတ် သောကထားရှိပုံ၊ ခဝတ်ကိုးကွယ်မှုဆိုင်ရာလုပ်ဆောင်ချက်များတွင်လည်း အလွန်ရိုသေကိုင်းရှိုင်းပုံများနှင့် နည်းတူစွာ ဆင့်ပွားနှင့် ယေဘုယျကိစ္စရပ်များဖြစ်သော အမွေဆက်ခံခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်းတို့တွင် ၎င်းတို့နှင့်သက်ဆိုင်သော တာဝန်ဝတ္တရားများကိုလည်း စိတ်အားထက်သန်စွာ စူးစမ်းရှာဖွေလိုသည်မှာ အထူး ပြောစရာပင်မရှိတော့ချေ။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် "ဝဟီ"ကျရောက်ရန် စောင့်စား နေကြကာ ယင်းဝဟီမှတစ်ဆင့် ၎င်းတို့၏လုပ်ဆောင်သမျှတိုင်းတို့အတွက် လမ်းညွှန်မှုကို တမန်တော်မြတ်﴿ﷺ﴾ ထံမှတောင်းခံပါလိမ့်မည်။ စိတ်ဆန္ဒ (သို့)ဆင်ခြင်တုံတရားအရ အသင်သည် သင့်ကိုယ်ပိုင်စေ့ဆော်ချက်အရ လုပ်ကိုင်ရန်မှာ ပိုမိုလွယ်ကူသော်လည်း ဆွဟာဗဟ်သာဝကကြီးများ ﴿ﷺ﴾အတွက် သူတို့၏ပုဂ္ဂလိကဆန္ဒများ နှင့် ဆင်ခြင်တုံတရား၏လွှမ်းမိုးမှုကိုမခံပါ။ တစ်ချိန်တွင် ၎င်းတို့သည် တစ်စုံတစ်ခုသောကိစ္စရပ်နှင့် ပတ်သက်ပြီး နားလည်သဘောမပေါက်ပါက ၎င်းတို့သည် တမန်တော်မြတ် ﴿ﷺ﴾သို့ ပြန်လည်သွားရောက်ကာ သူတို့စိတ် ကျေနပ်သည်အထိ မေးမြန်းကြပါလိမ့်မည်။ ဤသည်ကား အလွန်ကွဲပြားပြီး အလွန်ခြားနားသော လူနှစ်စုပင် ဖြစ်တော့သည်။

၃။ ဤသည်က ကျွန်ုပ်တို့ကို ပြောပြသည်မှာ လမ်းညွှန်မှုပေးသော "ဝဟီ" အမိန့်မပါဘဲနှင့် ကျွန်ုပ်တို့၏ မြင့်မြတ်သော တမန်တော်မြတ်ကြီး ﴿ﷺ﴾သည် သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်မပေးပါ။ အချို့သောအကြောင်း ကိစ္စရပ်များတွင်"ဝဟီ"မှတစ်ဆင့်လည်းကောင်း၊ အမြဲတစေလိုက်နာကျင့်သုံးရန် လမ်းညွှန်မှုမရှိပါက တမန်တော် မြတ်﴿ﷺ﴾သည်"ဝဟီ"ကျရောက်လာသည်အထိလည်းကောင်း သူ၏ဆုံးဖြတ်ချက်ကို ဆိုင်းငံ့ထားပါသည်။ ဤသည်ကို ထပ်ဆောင်းကာ ကုရ်အာန်ကျမ်းတော်မြတ် တဖြည်းဖြည်းကျရောက်ရခြင်း၏ နောက်ကွယ်တွင်ရှိသော အသိဉာဏ်အကြောင်းကို သိမ်မွေ့သောအညွှန်းတစ်ရပ်ပြုထားပါသည်။ အကယ်၍သာ ကျမ်းရသူများ တောင်းဆိုသကဲ့သို့ စာတစ်အုပ်လုံးကို သတ်မှတ်ထားသောအချိန်တစ်ခုအတွင်းကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးလိုက်ပါလျှင် သင့်တော်ပြီးလိုအပ်သောအချိန်တွင်အသုံးဝင်စွာ အကန့်လိုက်အကန့်လိုက်ရှိနေခြင်း၏ အကျိုးကျေးဇူးရရှိမည်မဟုတ်ပါ။ ဤနည်းသည် ဦးတည်ပြောကြားခြင်းခံရသူများတို့၏ လိုအပ်ချက်များကို မေးမြန်းလာပါက "ဝဟီ"ကို ဖတ်ရွတ် သရဇ္ဈယ်ခြင်း (အလ်-ဝဟီအလ်မသ်လုမ်)မှတစ်ဆင့်ဖြေကြားနိုင်ပါသည်။ ဤနည်း၏ ဥပမာတစ်ခုသည် လက်ရှိ အာယသ်တော်ထဲတွင်ပါဝင်ပြီး ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော နေရာများတွင်လည်းပါဝင်ပါသည်။ ဤပုံစံသည် အလွန်အကျိုးကျေးဇူးရှိသည်ဆိုသည်မှာ သံသယဖြစ်စရာမလိုပါ။ သို့ရာတွင် ယင်း၏ထူးခြားမှုအချက်သည် အခြားတစ်နေရာတွင်ရှိပါသည်။ ဤသို့ဖြစ်ရသည်မှာ အလ္လာဟ်အရှင်မြတ်အား သတိရသောထူးခြားချက်ကြောင့်ဖြစ်သည်။ ထို့ကြောင့် အလွန်ကြီးကျယ်မြင့်မြတ်တော်မူသော ဖန်ဆင်းရှင်က ၎င်းတို့အား ဦးတည်ပြောကြားခြင်းဖြင့် ဂုဏ်ပေးခဲ့ပါသည်။ ဤသည်မှာ မည်သည့်အမှုသံထုကိုမှ မပေးခဲ့သော ကြီးကျယ် သောဂုဏ်ပေးမှု အမှန်တကယ်ပင်ဖြစ်ပါသည်။ မူလပေးသနားသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ထက်မည်သည့်ကျေးဇူးကမျှ မကြီးမားသည်မှာသေချာပါသည်။ ဆွဟာဗဟ်တစ်ဦး၏ မေးခွန်းကို ဖြေကြားသည့်အနေဖြင့်သော်လည်းကောင်း၊ သူ့အားအကူအညီပေးရန်အဖြစ်သော်လည်းကောင်း၊ ကုရ်အာန်ကျမ်း တော်မြတ်၏ မည်သည့်အာယသ်တော်ကိုမဆို"ဝဟီ"အဖြစ်ကျရောက်လာပါက ယင်းကိုသူ၏ ကောင်းမှုသီလ

ကြောင့်ဟုဆိုကာ တန်ဖိုးထားကြပါသည်။ အယူအဆလွဲမှုဖြစ်စေနိုင်သည့် အကြောင်းအရာတစ်ခုတွင် ဆွဟာဗဟ်တစ်ဦးဦး၏ ရပ်တည်မှုကို အကူအညီပေးသည့်အနေဖြင့် "ဝဟီ"ကျရောက်ခဲ့ပါလျှင် ထိုဆွဟာဗဟ်၏ အမည်နှင့် ဂုဏ်ကျက်သရေကို "ကိယာမသ်"နေ့တိုင် ရှင်သန်စွာတည်ရှိစေရန်အတွက် ထိန်းသိမ်းရန်မှာ လုံလောက်ပါသည်။

ထို့ကြောင့် "ကလာလဟ်"နှင့် ပတ်သက်သော အမေးအဖြေအကြောင်းရည်ညွှန်းခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင်ရှိသော အလားတူမေးခွန်းနှင့်အဖြေကို ရည်ညွှန်းခြင်းပင် ဖြစ်ပါသည်။ ချီးကျူးထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာတည်း။

**စူရဟ်အလ်နိစားအ် ဤတွင် ပြီးဆုံးပါပြီ။**

---

**ဟစ်ဂျရီ -၁၄၂၉ခုနှစ်၊ ရဗီအုလ်ဆာနီ (၂၃)ရက်နေ့**

**ခရစ်နှစ် -၂၀၀၈ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့**

**တွင် စူရဟ်အလ်နိစားအ်ပြီး၏။**

## က

ကရာချီ(မြို့တော်)၊ ၂၃၄၊ ၄၄၈
ကသာဒဟ်၊ ၉၀၊ ၂၈၈၊ ၃၀၆၊ ၃၆၅
ကသာဒဟ်အိပ်နိအလ်နုအ်မန်၊ ၃၄၆၊ ၃၄၇၊ ၃၄၈
ကအပ်အိပ်နိအပ်စ်လာမီ၊ ၂၅၆
ကုရိုက်ရှ်(လူမျိုး)၊ ၁၉၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၉၁
ကအ်ဗဟ်၊ ၂၂၂၊ ၃၂၆
ကအ်ပ်အိပ်နိအရှ်ရဖ်၊ ၂၀၆၊ ၂၃၉၊ ၂၄၀၊ ၂၅၀
ကုရ်သုဗီ(ဋ္ဌီကာရှင်)၊ ၇၀၊ ၂၀၆
ကိဆွာစ်၊ ၃၁၆
ကိုက်(စ်)အိပ်နိအလ်ဟာရစ်သ်အလ်အဆာဒီ၊ ၁၇

## ခ

ခတိဂျာ၊ ၂၀
ခရစ်ယာန်၊ ၁၄၊ ၁၅၊ ၂၃၊ ၁၁၆၊ ၁၂၆၊ ၄၁၇၊ ၄၁၉၊ ၄၂၆၊ ၄၂၈၊ ၄၄၄၊ ၄၄၇၊ ၄၅၀၊ ၄၅၇
ခါလစ်ဒ်အိပ်နိဝလိဒ်၊ ၈၆၊ ၂၇၅၊ ၃၁၀
ခုဇိုင်မဟ်အိပ်နိစာဗိတ်၊ ၈၇
ခိုင်ဗရ်(စစ်ပွဲ)၊ ၁၂၁၊ ၃၃၆

## ဂ

ဂေလန်အိပ်နိအပ်စလာမာအလ်သကာဖီ၊ ၁၆
ဂျူး၊ ၁၅၊ ၁၁၆၊ ၁၂၆၊ ၁၈၂၊ ၁၉၈၊ ၂၀၂၊ ၂၀၇၊ ၂၁၅၊ ၂၃၉၊ ၂၅၀၊ ၂၅၆၊ ၃၃၇၊ ၃၄၉၊ ၃၅၁၊ ၃၅၂၊ ၃၅၆၊ ၃၃၄၊ ၃၄၄၊ ၃၅၀
ဂျဆွ်ဆွားဆွ်၊ ၇၀၊ ၁၁၇၊ ၂၈၈၊ ၄၀၃၊ ၄၀၇၊ ၄၄၉
ဂျမ်ရသ် (ရမီပြုသည့်နေရာ)၊ ၄၅၀
ဂျာဗိရ်အိပ်နိအပ်ဒုလ္လာဟ်၊ ၆၃
ဂျိုဝိုင်ဒီယာ၊ ၂၀၊ ၂၂၊ ၂၃
ဂွန်မစ်လ်တန်၊ ၁၄
ဂျေရုစလင်၊ ၁၅၉
ဂိုဗတ်(ရုပ်ထု)၊ ၂၀၇

## ဃ

ဃတ်ွဖန်(မိုးနွယ်စု)၊ ၃၁၀

## စ

စဖိယဟ်၊ ၂၀
စအာဒ်အိပ်နိရာဗိအ်၊ ၁၆၅
စာဗစ်အိပ်နိကိုက်စ်၊ ၂၂၊ ၆၃
စနာအုလ္လာဟ်ပန်နိပါသီ(ကာသ္ဍီ)၊ ၄၀၆
စအာဒ်အိပ်နိအဗီဝကားစ်၊ ၅၄၊ ၇၀
စူရာကဟ်အိပ်နိမာလစ်က်အလ်မုဒ်လဂျီ၊ ၃၁၀
စောင်ဒဟ်၊ ၂၀
စလ်မဟ်အိပ်နိဟိရှမ်၊ ၂၆၆
စလ်မာန်အိပ်နိအာမိရ်၊ ၁၇၇
စုလိုင်မာန်(နဗီတမန်တော်)၊ ၄၃၆

စုဖ်ယာမ်အလ်စောင်ရီ၊ ၃၉

## ဆ

ဆနာအုလ္လာဟ်ပါနီပသီ(ကာရီ)၊ ၈၄
ဆာလာဗဟ်၊ ၄၃၄
ဆီးရီးယား၊ ၃၃၆၊ ၃၄၆၊ ၄၃၀
'ဆိုင်ဖွလ္လာဟ်*အလ္လာဟ်အရှင်မြတ်၏မားတော်'
ဟူသောဘွဲ့ဖြင့် လူသိများသော
အစ္စလာမ့်စစ်ဗိုလ်ချုပ်၊ ၂၇၅
'ဆွာလိဟ်'၊ ၂၅၄၊ ၂၆၀၊ ၂၆၁
ဆွလိဟ်(တမန်တော်)၊ ၄၃၉
'ဆွစ်ဒ်ဒီးက်'၊ ၂၅၃
ဆွစ်ဒ်ဒိုက္ကီန်၊ ၂၅၄၊ ၂၅၇၊ ၂၅၉၊ ၂၆၀

## ဇ

ဇကီးအလ်ဒီးန်(ဟာဖိဇ်)၊ ၈၆
ဇဝူရ်(ကျမ်း)၊ ၄၃၆
ဇင်မ်မီ၊ ၃၁၅၊ ၃၁၆
ဇမ်ဇမ်(ရေတွင်း)၊ ၂၂၂
ဇိုရာစတီရင်၊ ၁၅
ဇိုင်နဗ်၊ ၂၀၄၊ ၃၃၆
ဇိုင်နဗ်ဗင်ခိုဇိုင်မဟ်၊ ၂၀
ဇိုင်နဗ်ဗင်ဂျဟရ်၊ ၂၀၊ ၂၁
ဇိုက်အိပ်နိဇူဟိုင်၊ ၁၆၄

## တ

တုဖိုင်းလ်၊ ၃၀၂
တွီတွလာနူးစ်၊ ၄၂၆

## ဒ

ဒါဝူးဒ်(နဗီတမန်တော်)၊ ၄၃၆
ဒါရုလ်ဟရ်ဗ်၊ ၁၁၅
ဒီနာရ်၊ ၃၁၇
ဒီယတ်၊ ၃၁၇၊ ၃၁၈
ဒိရ်ဟမ်၊ ၁၁၇၊ ၃၁၇
ဒေဗင်ပို့၊ ၁၄
ဒဟ်ဟတ်က်(ဋ္ဌီကာရှင်)၊ ၁၀၁၊ ၄၀၅၊ ၄၂၅
ဒဂျ်ဂျလ်၊ ၄၂၈
ဒုဟ်ဟားက်၊ ၂၈၆

## န

နဆာအီ၊ ၃၆၅
နော်ဖလ်အိပ်နိမုအာဝိယဟ်အလ်ဒိုင်လမီ၊ ၁၇
နူးဟ်(နဗီတမန်တော်)၊ ၄၃၆၊ ၄၃၉၊ ၄၄၀
နစ်ခ်ဆင်၊ ၁၄

## ပ

ပါကစ္စတန်၊ ၄၄၈
ပါရှင်းကဗျာတစ်ပုဒ်၊ ၃၉၃

## ဖ

ဖဖြိုင်းအိပ်နိအိယားဇ်(ဟဇရသ်)၊ ၁၄၄
ဖိရ်အောင်၊ ၄၂၇

## ဗ

ဗနိအစ္စရာအီလ်(လူမျိုးနွယ်)၊ ၂၅၁
ဗနိမုဒ်လိဂျ်(လူမျိုးနွယ်)၊ ၃၁၀
ဗနူအလ်မုစ်သလစ်(လူမျိုးနွယ်)၊ ၂၃
ဗနူစုလိုင်မ်(လူမျိုးနွယ်)၊ ၃၂၂
ဗနူအုပိုင်းရစ်ခ်၊ ၃၄၆
ဗရှိန်(သို့)တုမဟ်(သို့) အိပ်နိအုပိုင်းရစ်က်၊ ၃၄၆
ဗရိရဟ်၊ ၂၉၇
ဗရာရ်အိပ်နိအာဇီးဗ်၊ ၁၁၃
ဗာဗီလုံ၊ ၁၄
ဗီရှား၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၉၊ ၂၅၀
ဗဒ်ရ်(စစ်ပွဲ)၊ ၂၆၈၊ ၂၉၁၊ ၃၁၀
ဗိုင်ဟကီ၊ ၁၇၆၊ ၁၇၇
ဗိုင်းအေဗာသွိလ်၊ ၁၃၇
ဗိုင်းအေဖာစိဒ်၊ ၁၃၇
ဗလ်အမ်အိပ်နိဗာအူးရ်၊ ၂၀၈

## ဘ

ဘေရွှတ် (မြို့တော်)၊ ၄၃၀

## မ

မဒီနဟ်၊ ၅၊၂၀၊ ၈၃၊ ၁၈၂၊ ၂၅၁၊ ၂၇၂၊ ၃၀၉၊ ၃၁၀၊ ၃၁၃၊ ၃၂၃၊ ၃၄၆
မာလိစ်(အိမာမ်)၊ ၁၂၀၊ ၁၂၇၊ ၂၅၅
မာလိက်အိပ်နိအနတ်စ်၊ ၂၀၆
မာအိဇ်အိပ်နိမာလစ်က်၊ ၈၃
မာမုဒ်အိပ်နိလဗိဒ်၊ ၁၈၄
မူစာ(တမန်တော်)၊ ၉၃၊ ၂၀၈၊ ၄၂၁၊ ၄၂၂
မူဂ်ဂိုးခ်၊ ၂၉၇
မက္ကဟ်၊ ၁၉၊ ၂၀၆၊ ၂၂၃၊ ၂၅၂၊ ၂၆၆၊ ၂၇၁၊ ၂၇၂၊ ၃၀၉၊ ၃၁၀၊ ၃၁၃၊ ၃၃၆၊ ၃၃၇၊ ၄၃၉
မက်ဒါဒ်အိပ်နိအလ်အတ်စ်ဝဒ်၊ ၃၂၃
မန်ဇူးရ်အိလာဟီ၊ ၂၁၀
မဇ်ဟရီ(ဦးကာရှင်)၊ ၂၉၇
မရ်ယမ်၊ ၄၂၃၊ ၄၂၉၊ ၄၄၄၊ ၄၄၉
မစီးဟ်၊ ၄၂၆၊ ၄၂၇၊ ၄၃၀
မိုင်မွန်နာ၊ ၆၊ ၂၀
မုလ္လာအလီကာရီ၊ ၃၃၊ ၃၃၂
မုစိုင်လမဟ်၊ ၃၂၆
မုစ်လင်မ်(အိမာမ်)၊ ၃၆၅
မုစ်တာအ်မင်၊ ၃၁၆
မုသ်အဟ်၊ ၁၁၉၊ ၁၂၀၊ ၁၂၂၊ ၁၂၇
မုအာဝိယဟ်၊ ၁၄၄
မုအာဇ်၊ ၂၁၉
မုအာဇ်အိပ်နိဂျဗလ်၊ ၁၃၆၊ ၁၇၆
မုဂျာဟစ်ဒ်(ဦးကာရှင်)၊ ၉၁၊ ၂၂၀၊ ၂၃၁၊ ၂၇၄၊ ၂၉၇၊ ၃၀၉
‘မုဖတ်စ်စိရ်’ကျမ်းတော်ကိုအကျယ်ဖွင့်ဆိုသူ၊ ၂၅၉
‘မုဟဒ်ဒိဆ်’ဟဒီးဆ်ပညာရှင်၊ ၂၅၉
‘မုဝါရစ်’မုစ်လင်မ်သမိုင်းပညာရှင်၊ ၂၅၉
မုဟမ္မဒ်(အိမာမ်)၊ ၁၀၉
မုဟမ္မဒ် အိပ်နိအလ်မွန်ကဒိရ်၊ ၈၆
မုဟမ္မဒ် အိပ်နိကအပ်အလ်ကုရာဇီ၊ ၁၄၄

မုဟမ္မဒ် ရှဖီး၊ ၄၄၈
မုဟမ္မဒ် အန္နဝါရ်ရှားဟ်ကရှ်မီရီ(မော်လာနာ)၊ ၄၃၀
မုဟမ္မဒ် ဝလီရာဇီ၊ ၄၄၈

## ယ

ယဇီးဒ်၊ ၂၁၃
ယူစွဖ်(တမန်တော်)၊ ၉၀
ယူနွတ်စ်(တမန်တော်)၊ ၄၃၆
ယာဟ်ယာ(တမန်တော်)၊ ၂၅၉
ယအ်ကူးပ်(တမန်တော်)၊ ၄၃၆

## ရ

ရဂျမ်၊ ၁၂၈
ရဖာအဟ်၊ ၃၄၆၊ ၃၄၇၊ ၃၄၈
ရဖီးအိပ်နိခါဒိဂ်၊ ၁၃၆
ရဗိအ်အိပ်နိအနတ်စ်၊ ၂၂၀
ရဗ်ဗီ၊ ၂၅၆
ရဟ်မသ်သုလ္လာကိရာနဝီ(မောင်လာနာ)၊ ၄၄၈
ရာဇင်၊ ၂၀၉
ရာဂိပ်အလ်အဆ်ဖဟာနီ(အိမာမ်)၊ ၂၆၀၊ ၂၆၁
ရှဗိရ်အဟ်မဒ်အွတ်စ်မာနီ၊ ၄၅၇
ရှရီခရစ်နား၊ ၁၄
ရှာဖိအီ(အိမာမ်)၊ ၁၇၊ ၁၂၅၊ ၁၉၅
ရှားဟ်ဝလီယွလ္လာဟ်၊ ၄၅၃
ရှပ်ဒ်အိပ်နိအောက်စ်၊ ၁၈၄
'ရှီဟဒါ'(ရှဟီးဒ်၏ဗဟုဝုစ်ကိန်း)'ရှီဟဒါ'သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ၎င်း၏ တို့၏အသက်များစွန့်လွှတ်သူများဟုဆိုပါသည်။ ၂၅၃၊ ၂၅၄၊ ၂၅၇၊ ၂၆၀၊ ၂၆၁
ရှိုအိုက်ပ်(တမန်တော်)၊ ၄၃၉

## လ

လဗိစ်ဒ်အိပ်နိဆားလ်၊ ၃၄၇
လုသ် (တမန်တော်)၊ ၈၅၊ ၈၆၊ ၂၀၉

## ဝ

ဝါလိဒ်အိပ်နိဝါလိဒ်၊ ၂၆၆

## သ

'သဝပ်ကလ်'(ကောင်းသောရည်မှန်းချက်တစ်ရပ်ပြီးမြောက်စေရန်အတွက် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို စုစည်းခြင်းသည် 'သဝပ်ကလ်'အလ္လာဟ်အရှင်မြတ်အပေါ် ယုံပုံကိုးစားအားထားခြင်းနှင့်ဖိလာဆန့်ကျင်မဖြစ်ပါ။ ၂၆၃၊ ၂၇၆

## ဟ

ဟစန်အလ်ဗဆ္ဆရီ၊ ၁၆၊ ၁၀၁၊ ၁၆၉၊ ၁၇၀၊ ၂၁၉၊ ၂၃၁၊ ၃၀၅၊ ၄၀၆၊ ၄၀၇
ဟစန်၊ ၂၈၆၊ ၂၈၈
ဟဒီဗဟ်၊ ၁၆၅
ဟာရွန်(တမန်တော်)၊ ၉၃၊ ၄၃၆
ဟိရှားမ်အိပ်နိအဗ္ဗဒွလ်မာလစ်၊ ၈၆
ဟိန္ဒူ၊ ၁၄၊ ၁၅

ဟိဂ်ျရဟ်(အိမ်ယာများကိုစွန့်ခွာပြောင်းရွှေ့ခြင်း)၊ ၃၁၂
ဟာရိသာဟ်၊ ၂၆၁
ဟောင်ဝါ၊ ၄၊ ၄၉၊ ၁၂၄
ဟားဒ်(ပြစ်ဒဏ်)၊ ၁၂၅
ဟုယိုင်ယ်အိဗ်နိအတ်စ်သာခ်၊ ၂၀၆

## အ

အမေရိက၊ ၁၅
အလီ၊ ၇၁၊ ၈၆၊ ၁၂၁၊ ၁၆၉၊ ၁၇၀၊ ၁၉၂၊ ၂၂၃၊ ၂၂၄၊ ၂၄၄၊ ၂၆၁
အလီအိဗ်နိအဗီတွာလစ်ဗ်၊ ၁၂၀
အရဗ်၊ ၄၂၆
အသာဗ်အိဗ်နိအဆိဒ်၊ ၂၆၆
အနတ်စ်၊ ၁၃၆၊ ၂၂၅
အစဒ်(မျိုးနွယ်စု)၊ ၃၁၀
အလူစီ၊ ၇၀၊ ၄၄၆
အဗူဟိုင်ယမ်၊ ၉၁၊ ၁၃၄၊ ၄၀၅
အဗူအလ်အာလီယဟ်၊ ၉၀၊ ၂၀၆
အဗူဗကရ်၊ ၈၆၊ ၁၆၄၊ ၂၅၁၊ ၃၃၆
အဗူစလ်မာ၊ ၂၂
အဗူဆွဖ်ယန်၊ ၂၃၊ ၂၀၆
အဗူဟနီဖာဟ်(အိမာမ်) ၄၀၊ ၄၁၊ ၁၀၉၊ ၁၂၅၊ ၁၆၉၊ ၁၇၀၊ ၃၂၅၊ ၃၇၉
အဗူဟုရိုင်ရဟ်၊ ၈၅၊ ၈၇၊ ၁၈၃၊ ၁၈၄၊ ၂၁၀၊ ၂၂၀၊ ၂၂၅၊ ၂၃၂၊ ၂၉၅၊ ၃၀၁၊ ၃၀၂၊ ၃၀၆၊ ၃၃၇၊ ၃၆၅၊ ၄၂၈၊ ၄၂၉
အဗူကိလာဗဟ်၊ ၁၀၁
အဗူယူစွဖ်၊ ၁၀၉
အဗူဗူရ်ဒါဟ်အိဗ်နိ နိယာရ်၊ ၁၁၃
အဗူစအိဒ်အလ်ခွဒ်ရီ၊ ၁၃၆၊ ၁၈၃၊ ၂၁၉၊ ၂၅၅
အဗူအလ်ဒရ်ဒါ၊ ၂၁၃
အဗူတွာလိဗ်၊ ၂၂၂
အဗူဒရ်၊ ၂၃၅
အဗူဂျန်ဒလ်အိဗ်နိစားလ်၊ ၂၆၆
အဗူမူစာ၊ ၂၇၈
အဗူမုအဇ်၊ ၂၈၆
အဗူအုမာမဟ်၊ ၃၀၂
အဗူသာရ်ဂဖာရီ၊ ၄၄၀
အဘီစလာမဟ်၊ ၂၀၄
အင်နဂျီလ်(ကျမ်း)၊ ၂၄၀
အစ်က်ရမဟ်၊ ၉၁
အတ်စဝါဖ်(ဒေသ)၊ ၆၃
အဗ်ဒုလ္လာဟ်အိဗ်နိစလာ၊ ၅
အဗ်ဒွလ္လာဟ်အိဗ်နိဇူဗိုင်းရ်၊ ၈၆
အဗ်ဒုလ္လာဟ်အိဗ်နိအုမရ်၊ ၉၁၊ ၂၅၇
အဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အူးဒ်၊ ၁၃၄၊ ၁၈၁၊ ၁၈၈၊ ၂၁၁၊ ၂၁၂၊ ၃၀၂
အဗ်ဒုလ်ရဟ်မာန်အိဗ်နိအောက်ဖ်၊ ၁၉၂
အဗ်ဒုလ္လာဟ်အိဗ်နိအဇင်၊ ၄၀၇
အဗ်ဒလ်ဒရ်(မျိုးနွယ်စု)၊ ၃၁၁
အဗ်ဒုလ္လာဟ်အိဗ်နိဟာမစ်ဒ်၊ ၃၀၉
အဗ်ဒုလ္လာဟ်အိဗ်နိစာလမ်၊ ၄၃၄
အောက်စ်အိဗ်နိဆာဗစ်၊ ၄၇
အလ်ဂဇာလီ(အိမာမ်)၊ ၉၃၊ ၄၄၄
အလ်ဗိုင်ဘ်၊ အလ်ဗာတွလ်၊ ၁၃၈
အလ်ဗိုင်ဟာကီ၊ ၁၆၄

အလ်စုဒ်ဒီ၊ ၂၈၈
အလ္လာမဟ်အလ်ကတ်စ်တလာနီ၊ ၁၈၉
အလ္လာမအ်အိဝ်နိအာဗိဒီးန်၊ ၂၁၃
အလ္လာမဟ်အလ်နဝဝီ၊ ၂၁၆
အဟ်မဒ်(အီမာမ်)၊ ၁၆၊ ၃၆၅
အရှ်ရုဖ်အလီထာနဝီ(မောင်လာနာ)၊ ၉၃၊ ၃၁၀၊ ၃၁၁၊ ၄၁၀၊ ၄၂၇၊ ၄၅၉
အလ္လာဟ်မဟ်အိုင်နီ၊ ၃၁၃
အလ်အလ္လာမဟ်အဝ်ဒုလ်ဖသ်သဟ်အဗူဂွဒ်ဒဟ်၊ ၄၃၀
အလ္လာဟ်မဟ်ဝါကီဒီ၊ ၄၄၇
အာဒမ်၊ ၃၊ ၄၊ ၄၉၊ ၉၃၊ ၁၂၄၊ ၁၂၆၊ ၃၈၉၊ ၄၃၉
အာရေးဗီးယား၊ ၁၄၊ ၃၀၊ ၈၆၊ ၁၉၂၊ ၂၉၉၊ ၃၉၃
အာအိရှာဟ်၊ ၁၂၊ ၁၈၊ ၂၀၊ ၂၃၊ ၁၀၁၊ ၁၄၄၊ ၂၁၁၊ ၂၂၅၊ ၂၉၇၊ ၃၆၆၊ ၃၈၁
အာရိယန်၊ ၁၅
အာဇ်ဒ်(လူမျိုး)၊ ၈၃
အိန္ဒိယ၊ ၁၄
အိဝ်နိဂျူဝိုင်းရ်၊ ၁၆၊ ၂၀၆
အိဝ်နိမာလိက်၊ ၁၆
အိဝ်နိအလ်ကိုင်ယိမ်၊ ၁၈
အိဝ်နိအဗ္ဗားစ်၊ ၈၂၊ ၈၃၊ ၈၆၊ ၈၇၊ ၁၀၁၊ ၁၂၀၊ ၁၂၁၊ ၁၄၃၊ ၁၄၅၊ ၁၇၈၊ ၁၈၂၊ ၁၉၀၊ ၂၀၆၊ ၂၁၁၊ ၂၃၃၊ ၂၄၃၊ ၂၆၆၊ ၂၆၈၊ ၂၈၆၊ ၃၀၄၊ ၃၁၁၊ ၃၂၀၊ ၃၂၃၊ ၃၄၀၊ ၄၅၀၊ ၄၅၀၊ ၄၅၉
အိဝ်နိမရ်ဒူဝီယဟ်(မုဟဒီးဆ်)၊ ၉၁
အိဝ်နိဖိဒုဇ်ဒိုင်လာမီ၊ ၁၁၃
အိဝ်နိဟဂ်ျရ်အလ်မက္ကီ၊ ၁၄၅
အိဝ်နိဟိဝ်ဗန်(အီမာမ်)၊ ၁၆၀
အိဝ်နိစအာဒ်၊ ၁၆၄
အိဝ်နိဝဟမ်၊ ၂၅၁
အိဝ်နိဂျရီးရ်(ဋ္ဌကာရှင်)၊ ၂၅၆၊ ၂၇၄၊ ၃၀၃
အိဝ်နိကဆီးရ်(ဋ္ဌကာရှင်)၊ ၂၇၄၊ ၃၆၈၊ ၄၀၇၊ ၄၃၀
အိဝ်နိအဗီဟာသင်၊ ၂၇၄၊ ၃၀၃
အိဝ်နိအဘီလိုင်လာ၊ ၂၈၈
အိဝ်နိအဗီ၊ ၃၀၀၊ ၃၀၁
အိဝ်နိအုဗိုင်း၊ ၃၀၂
အိဝ်နိကအဗ်၊ ၃၀၂
အိဝ်နိအဗီရှိဗဟ်၊ ၃၁၀
အိဝ်ရာဟီမ်(နဗီတမန်တော်)၊ ၂၅၉၊ ၃၆၆၊ ၃၇၀၊ ၄၃၆
အိစ်မာအီလ်၊ ၄၃၆
အိစ်ဟာက်၊ ၄၃၆
အိုစက်တေလာ၊ ၁၄
အိုက်ယူဗ်(နဗီတမန်တော်)၊ ၄၃၆
အီစာ၊ ၂၅၉၊ ၃၉၉၊ ၄၀၄၊ ၄၂၃၊ ၄၂၄၊ ၄၂၇၊ ၄၂၈၊ ၄၂၉၊ ၄၃၀၊ ၄၃၆၊ ၄၄၄၊ ၄၄၅၊ ၄၅၈၊ ၄၅၆၊ ၄၅၇
အုမရ်၊ ၁၆၊ ၈၄၊ ၁၀၇၊ ၁၇၁၊ ၂၀၆၊ ၂၂၃၊ ၂၂၅၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၃၊ ၂၄၆၊ ၂၅၀၊ ၂၅၁၊ ၂၈၆၊ ၂၈၇၊ ၃၀၂၊ ၃၁၁၊ ၃၁၃၊ ၃၄၉
အုမ္မိစလ်မဟ်၊ ၁၈၊ ၂၀၊ ၂၂၊ ၁၄၉
အုမ္မိဟဗီဗဟ်၊ ၂၀၊ ၂၃
အုဟုဒ်(စစ်ပွဲ)၊ ၆၃၊ ၂၀၆၊ ၂၉၁၊ ၃၁၀
အုမ္မရ်အိဝ်နိအဘီစလ်မာ၊ ၂၂
အုဗိုင်ဒဟ်အလ်စလ်မာနီ၊ ၁၆၉
အုဆ်မာန်အိဝ်နိတွာလ်ဟဟ်၊ ၂၂၂၊ ၂၂၃

# အညွှန်း